www.dhammaransi.com

မဟာသတိပဋ္ဌာန် အဖွင့်ကျမ်း

သစ္စဒီပက ကမ္မဋ္ဌာနာစရိယ

ဆရာဦးကြည်

www.dhammaransi.com
၁၀၆ ၁၁

ရန်ကုန်မြို့
သစ္စဒိပက ဝိပဿနာ အဖွဲ့ချုပ်ကြီး၏
ကမ္မဋ္ဌာနာစရိယ
မူလဓမ္မာစရိယ ဆရာ-ဦးကြည်
ပြုစုရေးသားသော

မဟာသတိပဋ္ဌာန်

အဖွင့်ကျမ်း

☆

" မူပိုင် "
ဦးတင်အောင်-ဒေါ်ခင်နု

●

ဖြန့်ချိရေး
ပညာရောင်ခြည် စာပေဌာန၊
ကိုးထပ်ကြီးဘုရား၊ စမ်းချောင်းစာတိုက်၊ ရန်ကုန်မြို့။

၁၃၃၉-ခု၊ ဒုတိယ-ဝါဆိုလ။ ၁၉၇၇-ခု၊

www.dhammaransi.com

မဟာသတိပဋ္ဌာန် အဖွင့်ကျမ်း

★

* ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၉၅၆၅)

* စာပြင်မှူး — ဦးထွန်းသိန်း (ဓမ္မာစရိယ)

* ထုတ်ဝေသူ — ဦးတင်အောင် (မြဲ-၀၇၂၆)
တင်အောင်-စာပေဖြန့်ချီရေး၊
အမှတ်-၆၊ တကောင်းလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။

* ပုံနှိပ်သူ — ဒေါ်အေးမြိုင် (၀၂၂၇၆)
ဒေတ်-စာပုံနှိပ်လုပ်ငန်း၊
အမှတ်-၉၀၊ ကွမ်းခြံတန်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။

* စာအုပ်ရေ — ၂၀၀၀-အုပ်။

* အကြိမ် — ပထမ-အကြိမ်။

* စျေးနှုန်း — တအုပ် ၂၅-ကျပ်။

* ပန်းချီ — စံတိုး။

* မျက်နှာဖုံးရိုက် — ဇွဲ-ပုံနှိပ်တိုက်။

* စာအုပ်ချုပ် — မဟောသဓာ၊ ၃၂-လမ်း။

* ထုတ်ဝေသည့်လ — ၁၉၇၇-ခု၊ ဩဂုတ်လ။

●

www.dhammaransi.com

မာတိကာ

★

အကြောင်းအရာ		စာမျက်နှာ
ကျနုပ်အမြင်	....	ဍ
တောင်းပန်ခြင်းနှင့် ဝန်ခံခြင်း	....	ဓ
ဥယျောဇဉ်	....	ပ
ပဏာမ	....	၁
မဟာသတိပဋ္ဌာနသုတ် နိဒါန်း	....	၃
မဟာသတိပဋ္ဌာနသုတ် ပါဠိတော်	....	၇
အမိပွာယ်ရှင်းချက်(၁)	....	၈
ဥဒ္ဒေသ(အကျဉ်းပြခြင်း)	....	၁၃
အဓိပ္ပာယ်ရှင်းချက်(၂)	—	၁၅
ကောယနုမင်	....	၁၆
၁။ ကိလေသာမှစင်ကြယ်ခြင်း	....	၂၀
၂။ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကိုလွန်ခြင်း	....	၂၁
၃။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ချုပ်ငြိမ်းခြင်း	....	၂၅
မဟာတိဿ		
ကျားစားခံရသော မထေရ်		
သိကြားမင်း		
သုဗြဟ္မာနတ်သား		
ဉာယဿအဓိဂမာယ အရိယာမဂ်ကိုရခြင်း	....	၃၂
သတိပဋ္ဌာန်ဟူသည် အဘယ်နည်း	....	၃၂
စရိုက်နှင့်သတိပဋ္ဌာန်	....	၃၅
တရားအားထုတ်သော ယောဂီဘိက္ခု	....	၃၈
ဖောက်ပြန်မှုအပေါင်းကို အဖန်ဖန်ရှု	....	၄၃
အချို့အကောက်မှားပုံ	....	၄၈

www.dhammaransi.com

အကြောင်းအရာ		စာမျက်နှာ
တရားသဘောကို နားလည်ရမည်	....	၄၉
ပရိယာယသုတ်	....	၅၀
သမ္ဗောဓနော	....	၅၃
လောဘ,ဒေါသကို ဆုံးမခြင်း,ပယ်ခြင်း	....	၅၅
အဘိဇ္ဈာ	....	၅၆
ဒေါမနဿ	....	၅၈
ဝေဒနာ,စိတ္တ,ဓမ္မ,သတိပဋ္ဌာန်	....	၆၁
ကိုယ့်ဘာသာနှင့်ကိုယ်သိ	....	၆၂
ဝေဒနာ	....	၆၃
စိတ္တ	....	၆၅
ဓမ္မ	....	၆၆
နိဒ္ဒေသ(အကျယ်ပြခြင်း)	....	၆၇
၁။ ကာယာနုပဿနာ အာနာပါနပဗ္ဗ၊ ထွက်လေ ဝင်လေ ရှုသောအပိုင်း	....	၆၇
အဓိပ္ပာယ်ရှင်းချက်(၃)	....	၇၁
ထွက်လေ,ဝင်လေစျာန်အခြေ	....	၇၃
ဂဏနာနည်း	....	၇၄
၁။ နှေးနှေးရေတွက်နည်း လုပ်ထုံးပုံစံ	....	၇၅
၂။ မြန်မြန်ရေတွက်နည်း	....	၇၆
အနုဗန္ဓနာနည်း	....	၇၇
ဌပနာနည်း	....	၇၈
သပ္ပာယ ၇-ပါး	....	၇၉
အပ္ပနာကောသလ္လ ၁၀-ပါး	....	၇၉
နိမိတ် ၃-ပါး	....	၈၀
သမာဓိ ၃-ပါး	....	၈၀
ဥပစာရစျာန်	....	၈၁

www.dhammaransi.com

အကြောင်းအရာ		စာမျက်နှာ

ဤအာနာပါနပဗ္ဗသည် ဝိပဿနာလော	....	၈၄
မဟာတိဿ		
ပုဏ္ဏသာတိ		
သမထယာနိက	....	၉၃
ဖြစ်ပျက်မှု	....	၉၄
တဏှာဒိဋ္ဌိမစွဲငြိ	....	၉၈
ကာယာနုပဿနာ ဣရိယာပထပဗ္ဗ	....	၁၀၀
၂။ ကိုယ်အမူအရာဖြစ်ကြောင်းအပိုင်း	....	၁၀၀
အဓိပ္ပာယ်ရှင်းချက်(၄)	....	၁၀၂
သွားနေတာဘယ်သူလဲ	....	၁၀၄
ရုပ်,နာမ်နှစ်ဝ အနတ္တ	....	၁၀၇
ကန်းသူ ကျိုးသူ, ပမာယူ	....	၁၀၉
ရုပ်,နာမ် နှစ်ထွေ လူနှင့်လှေ	....	၁၁၀
ရပ်သောခါတွင် ထိုနည်းပင်	....	၁၁၁
အစိတ်မှသည် အပေါင်းသို့	....	၁၁၃
ကာယာနုပဿနာ သမ္ပဇညပဗ္ဗ	....	၁၂၁
၃။ ပညာနှင့်ဆင်ခြင်၍ ရှုပွားသောအပိုင်း	....	၁၂၁
အဓိပ္ပာယ်ရှင်းချက်(၅)	....	၁၂၂
မဟာဖုဿဒေဝထေရ်		
ဘုရားလောင်းတို့ရောက်ရာဉာဏ်	....	၁၃၄
၄။ အသမ္မောဟသမ္ပဇဉ်	....	၁၃၆
ကြည့်မှုဆိုင်ရာ မှတ်စရာ	....	၁၃၉
ကွေးခြင်း,ဆန့်ခြင်း	....	၁၄၁
သပ္ပာယမဖြစ်လျှင် သမာဓိမရ	....	၁၄၂
ဂေါစရသမ္ပဇဉ်မလွတ်သူ	....	၁၄၆
သင်္ကန်း,သပိတ်ကိုဆောင်ခြင်း	....	၁၄၇
စားခြင်း,သောက်ခြင်း	....	၁၄၇

www.dhammaransi.com

အကြောင်းအရာ		စာမျက်နှာ
ကျင်ကြီး,ကျင်ငယ်စွန့်မှု	....	၁၄၉
သွား,ရပ်,ထိုင်,အိပ်	....	၁၅၀
ဝိပဿနာဆိုင်ရာ သမ္ပဇဉ်	....	၁၅၁
ဝိပဿနာလိုရင်းမှာ	....	၁၅၂
ကာယာနုပဿနာ ပဋိကူလမနသိကာရပဗ္ဗ	....	၁၅၄
၄။ စက်ဆုပ်ရွံရှာဖွယ်ဟုနှလုံးသွင်းရာသောအပိုင်း	....	၁၅၄
အဓိပ္ပာယ်ရှင်းချက်(၆)	....	၁၅၆
သမထလော-ဝိပဿနာလော	....	၁၅၈
မာတိကာ-မာတာ		
ဝင်္ဂီသထေရ်		
သုမေဓာထေရီ		
ကာယာနုပဿနာ ဓာတုမနသိကာရပဗ္ဗ		
၅။ ဓာတ်အားဖြင့် နှလုံးသွင်းရှုရာသောအပိုင်း	....	၁၇၁
အဓိပ္ပာယ်ရှင်းချက်(၇)	....	၁၇၂
နွားသတ်ပုံသွင် ပမာတင်	....	၁၇၅
ရုပ်ဓာတ်,နာမ်ဓာတ်, ပရမတ်	....	၁၇၆
ဓာတ်သည်ရုပ်	....	၁၇၈
ပညာထက်မှ ရှုချက်ရ	....	၁၈၄
ကာယသုံးခုဝိပဿနာရှု	....	၁၈၅
သာဝကမှာအားထားရာ	....	၁၈၇
ကာယာနုပဿနာ နဝသိဝထိကပဗ္ဗ		
၆။ သူသေကောင်ကိုရှုရသောအပိုင်း(အမှတ် ၁-မှ ၉)	....	၁၉၁
နဝသိဝထိကနှင့်အဓိပ္ပာယ်ရှင်းချက်	....	၁၉၆
သံဝေဂဉာဏ်ရှေးဦးမှန်	....	၁၉၈
၂။ ဝေဒနာနုပဿနာ ခံစားမှုကိုရှုသောအခန်း	....	၂၀၃
၁၇-အဓိပ္ပာယ်ရှင်းချက်	....	၂၀၆
ဝေဒနာအရ စီစစ်ရန်	....	၂၀၇

www.dhammaransi.com

အကြောင်းအရာ		စာမျက်နှာ
ဝေဒနာကမ္မဋ္ဌာန်းလည်း တွင်ကျယ်သည်	....	၂၀၉
ရှုအပ်သောဝေဒနာ ၉-မျိုး	....	၂၁၂
ဝေဒနာဟူသည်	....	၂၁၄
ဥပေက္ခာဝေဒနာ	....	၂၁၇
ဝိပဿနာအားထုတ်ရာတွင်လိုအပ်သောဝေဒနာ	....	၂၂၀
ဝိပဿနာ၏ဥပဒေသ	....	၂၂၃
အရှင်ဆန္န၏သာမိသသုခဝေဒနာ	....	၂၂၃
မဟာသိဝ၏နိရာမိသဒေါမနဿ	....	၂၂၄
ဝိပဿနာ၏သဘာဝ	....	၂၂၅
ဥပေက္ခာဝေဒနာအဓိက	....	၂၂၈
ခံစားမှုဟူသည်ပရမတ်	....	၂၂၉
၃။ စိတ္တာနုပဿနာ သိမှုကိုရှုသောအခန်း	....	၂၃၂
၁၈-အမိပ္ပာယ်ရှင်းလင်းချက်	....	၂၃၆
စိတ်	....	၂၃၇
စိတ္တာနုပဿနာ	....	၂၃၈
စိတ်ကိုစိတ်အတိုင်းထား၍မရ	....	၂၃၉
ရာဂဖြစ်သည်ကိုရှု၍ ရဟန္တာဖြစ်ခြင်း	....	၂၄၁
၄။ ဓမ္မာနုပဿနာ သဘောတရားကိုရှုသောအခန်း	....	၂၄၇
၁၉-အမိပ္ပာယ်ရှင်းချက်	....	၂၅၄
ဓမ္မာနုပဿနာ	....	၂၅၆
မဂ်ဖိုလ်မရ နီဝရဏ	....	၂၅၉
ကာမစ္ဆန္ဒနီဝရဏ	....	၂၆၀
ဓမ္မာနုပဿနာ ၂-ခန္ဓပဗ္ဗ	....	၂၆၅
၂၀-အမိပ္ပာယ်ရှင်းချက်	....	၂၆၆
ဝိပဿနာရှုရမည့်တရား	....	၂၇၃
ရှုပုံ-ရှုနည်း	....	၂၇၈
ဆောင်ပုဒ်	....	၂၇၉

www.dhammaransi.com

အကြောင်းအရာ		စာမျက်နှာ
ခံစားမှု ၃-မျိုး	....	၂၀၂
အမှားနယ်မှာသညာ၊ အမှန်နယ်မှာသတိ	....	၂၀၀
သဘာဝကိုစစ်ဆေးရန်	....	၂၉၀
ဓမ္မာနုပဿနာ ၃-အာယတနပဗ္ဗ	....	၂၉၇
၂၁-အစိပ္ပာယ်ရှင်းချက်	....	၃၀၀
မျက်လုံးကိုပင် အလှထင်	....	၃၁၂
ရှုနည်း-ရှုပုံလေ့လာကုန်	....	၃၁၄
ဓမ္မာနုပဿနာ ၄-ဗောဇ္ဈင်္ဂပဗ္ဗ	....	၂၁၀
၂၂-အစိပ္ပာယ်ရှင်းချက်	....	၃၂၂
ဗောဇ္ဈင်အပြား ခုနစ်ပါး	....	၃၂၄
ဓမ္မာနုပဿနာ ၅-သစ္စပဗ္ဗ(ဥဒ္ဒေသ)	....	၃၃၁
ဒုက္ခသစ္စနိဒ္ဒေသအကျယ်	....	၃၃၂
သမ္မသသုတ်	....	၃၅၂
ဇရာပိဒုက္ခာ	....	၃၅၃
မရဏမ္ပိဒုက္ခံ	....	၃၅၇
သောပါးနီး ဒုက္ခကြီး	....	၃၆၂
သောက	....	၃၆၇
အညတြကုဋ္ဌမ္ဗိက		
အပ္ပိယေဟိသမ္ပယောဂဒုက္ခ	....	၃၇၃
ဥဋ္ဌာရဝိမာနဝတ္ထု		
ရဇ္ဇုမာလာဝတ္ထု		
ပိယေဟိဝိပ္ပယောဂေါဒုက္ခော	....	၃၇၀
တယောဇနပဗ္ဗဇိတဝတ္ထု		
ပဥ္စမမဟာလ္လကတ္ထေရဝတ္ထု		
ယံပိစ္ဆံနလဘတိ		
တမ္ပိဒုက္ခံ	....	၃၀၇
သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာဒုက္ခာ	....	၃၉၀

www.dhammaransi.com

အကြောင်းအရာ		စာမျက်နှာ
ခန္ဓာဝန်ထုပ်ဘာရသုတ်		၃၉၁
ဒုက္ခသစ္စာ ဤခန္ဓာ	....	၃၉၄
အဘယ့်ကြောင့် ဒုက္ခသစ္စာဖြစ်သနည်း	....	၃၉၇
ဒုက္ခသစ္စာအနက် ၄-ချက် ဆောင်ပုဒ်	....	၃၉၉
ဒုက္ခသစ္စာသိစရာ	....	၄၀၀
သမုဒယသစ္စနိဒ္ဒေသ	....	၄၀၅
၂၅-အဓိပ္ပာယ်ရှင်းချက်	....	၄၀၉
ဘဝသစ်ဖြစ်ခြင်းအကြောင်းရင်း	....	၄၁၃
အဘယ့်ကြောင့်သမုဒယသစ္စာဖြစ်သနည်း	....	၄၂၂
လောဘတဏှာဝဋ်ဖြစ်ရာ	....	၄၂၅
နိရောဓသစ္စနိဒ္ဒေသ	....	၄၂၀
၂၆-အဓိပ္ပာယ်ရှင်းချက်	....	၄၃၂
ဆင်းရဲချုပ်ပြတ် နိဗ္ဗာန်မှတ်	....	၄၃၃
နာဂသေန ချုပ်ခြင်းပြ		
ဆင်းရဲလွတ်သည်သာ အဓိက	....	၄၄၁
နိဗ္ဗာန်-ငြိမ်းအေးခြင်း		
နိရောဓနက်ဤလေးချက်	....	၄၄၅
ကိလေသာချုပ်မှ နိဗ္ဗာန်ရ	....	၄၄၇
သာမညပုဂ္ဂိုလ်တို့၏ အထင်နိဗ္ဗာန်	....	၄၅၀
ကံချုပ်ရာ နိဗ္ဗာန်	....	၄၅၁
ဗကပြဟ္မာ မသိရှာ		
မဂ္ဂသစ္စနိဒ္ဒေသ	....	၄၅၃
၂၇-အဓိပ္ပာယ်ရှင်းချက်	....	၄၆၀
မဂ္ဂင်စကား အခြင်းပွား		
သာသနာပ မင်မရ		
အကျင့်မြတ်ပင် ဤမဂ္ဂင်		
မဂ္ဂင်ရှစ်တန် အကျင့်မှန်		

www.dhammaransi.com

အကြောင်းအရာ | စာမျက်နှာ

သမ္မာဒိဋ္ဌိ-မှန်သောမြင်မှု(အမှန်မြင်ခြင်း)	....	၄၆၉
သမ္မာဒိဋ္ဌိ နှစ်မျိုးရှိ	....	၄၇၃
ငါတို့ကော ဘာလဲ	....	၄၇၅
ဝိပဿနာရှုဉာဏ်သည် သမ္မာဒိဋ္ဌိ	....	၄၇၇
ဒုက္ခေဉာဏ်	....	၄၇၉
ဒုက္ခသမုဒယေဉာဏ်	....	၄၈၂
ဒုက္ခနိရောဓေဉာဏ်	....	၄၈၂
ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယဉာဏ်	....	၄၈၃
သမ္မာဒိဋ္ဌိ ရှေ့ဆောင်၏	....	၄၈၃
သမ္မာသင်္ကပ္ပ-မှန်စွာကြံခြင်း(အမှန်ကိုကြံခြင်း)	....	၄၈၅
သင်္ကပ္ပ သုံးမျိုး		
စိန္တသုတ်	....	၄၈၇
လောကစိန္တာသုတ်	....	၄၈၉
သမ္မာဝါစာ-မှန်စွာပြောခြင်း(မှန်သောနှုတ်မှု)	....	၄၉၂
သမ္မာကမ္မန္တ-မှန်စွာပြုခြင်း(မှန်သောကိုယ်အမှု)	....	၄၉၃
သမ္မာအာဇီဝ-မှန်သောအသက်မွေးခြင်း (မှန်သောအသက်မွေးမှု)	....	၄၉၄
လူပြော-သူပြော မှန်သလော	....	၄၉၅
အလောင်းတော်၏သမ္မာအာဇီဝ	....	၄၉၇
ဝိရတိသီလ	....	၄၉၉
သမာဒါန ဝိရတိ		
သမ္ပတ္တဝိရတိ		
သမုစ္ဆေဒဝိရတိ		
အာဇီဝဋ္ဌမကသီလ	....	၅၀၄
အရေးအကြီးဆုံးသောသီလ	....	၅၀၇
မတကဘတ္တဆိတ်သတ် ဝတ္ထု		
ကုဟက ဝတ္ထု		

www.dhammaransi.com

အကြောင်းအရာ		စာမျက်နှာ
ဒု၊သု၊နု၊သော ဝတ္ထု		
ကက္ကရုဇာတ်		
မဏ္ဍာရနာဂရာဇဇာတ်		
စိဥ္စမာဏဝိက		

ချောပစ်ဂိုးတိုက်ခြင်း	....	၅၁၄
သူစိလောမသုတ်	....	၅၁၄
ဖရုသဝါစာ	....	၅၁၆
ပုံစံတခုမှာ		
သမ္ဖပ္ပလာပ	....	၅၁၈
အာဇီဝ	....	၅၂၀
ရဟန်း-ယောဂီ သတိထားစရာ	....	၅၂၂
အတုယူစရာ အရှင်သာရိပုတ္တရာ	....	၅၂၄
သမ္မာဝ ယာမ-မှန်စွာလုံ့လပြုခြင်း	....	၅၂၇
အမှန်အတိုင်းမြင်ကြပါ	....	၅၃၀
လူပျင်းသာသနာမဟုတ်	....	၅၃၂
အလောင်းတော်၏ ပညာကင်းသော လုံ့လ	....	၅၃၄
ပစ္စည်းလေးပါး ခွင့်ပြုခြင်းမှာ	....	၅၃၅
အမွေကိုယူတတ်သူ	....	၅၃၇
ကြီးမြတ်သောဘုရား၏တပည့်	....	၅၃၈
မြင့်မြတ်သော အမျိုးဇာတ်	....	၅၃၉
မြတ်သောသီတင်းသုံးဖော်	....	၅၃၉
အလောင်းတော်၏လုံ့လဝီရိယ	....	၅၄၀
ဘုရားရှိခိုးနည်း	....	၅၄၁
လုံ့လဝီရိယထူးချွန်သူများ	....	၅၄၂
မုဒိတထေရ်	....	၅၄၄
သပ္ပဒါသထေရ်	....	၅၄၆
သံသရာဘေးတွေးပါ	....	၅၄၈

www.dhammaransi.com

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
သမ္မာသတိ-မှန်စွာအောက်မေ့ခြင်း၊ ဂရုစိုက်ခြင်း	....	၁၄၉
သတိဆို ပိုသည်မရှိ	....	၁၅၁
မာလုကျပုတ္တသုတ်	....	၁၅၂
သမ္မာသတိ	....	၁၅၃
သမ္ဗုတထေရ်	....	၁၅၄
သမ္မာသမာဓိ-မှန်စွာတည်ငြိမ်မှု	....	၁၅၆
အသိ ၅-မျိုး	....	၁၅၇
သစ္စာသိရန် အကြောင်းခံ	....	၁၅၉
အဓိပ္ပာယ်ရှင်းချက်	....	၁၆၆
သတိပဋ္ဌာန်အကျိုးပြု စကားတော်	....	၁၇၀
၂၇-အဓိပ္ပာယ်ရှင်းချက်	....	၁၇၁
ဗောဓိရာဇကုမာရ	....	၁၇၄
ပဓာနိယတရားငါးပါး	....	၁၇၅
ဗာဟိယဒါရုစီရိယ	....	၁၇၆
နိဂမကထာ-အပြီးသတ်စကား	—	၁၇၇
၂၉-အဓိပ္ပာယ်ရှင်းချက်	....	၁၇၉
ကျမ်းပြီးနိဂုံးသံပေါက်	....	၁၈၀
တောင်းပန်ခြင်းနှင့် ဝန်ခံခြင်း		
မွေးနေ့တွင်ကျမ်းပြီးခြင်း	....	၁၈၁
အာသီသနှင့်အမျှဝေ		

မာတိကာ ပြီး၏။

www.dhammaransi.com

မဟာသတိပဋ္ဌာန် အဖွင့်ကျမ်း-၅
ကျနုပ်အမြင်

☆

ဤကောင်းမှုကို အကြောင်းပြု၍ တောင်းဆုစိတ်ကြံ အစိဋ္ဌာန်ဖြင့် နိဗ္ဗာန်လျှင်စော ရစေသော-ဟု သူရောင်ပါပါ ပတ္တနာ ထပ်တရာ ပြုနေကြသည်၊ ဤသည်ကား ကုသိုလ်ကောင်းမှု ပြုသူများ မှုထားပြည့်တယ် ရည်ရွယ်ချက်သာ ဖြစ်၏၊လုပ်ငန်း-လုပ်ကွက် လုပ်ချက်မပါသေး။

ပေးလေအံ့ ဥပမာ....ရှုစရာ အမှန်တုံ ရန်ကုန်မှ မန္တလေး ကြံတွေးစိတ်ကူး ဘယ်နေ့-ဘယ်ရက် ဘုရားဖူးထွက်မည်၊ ရှေးဦးအကြံ ဖြစ်ခဲ့ပြန်၊ ထိုအကြံ အမှန်အောင်မြင်ဘို့ နောင်တွင်စိတ်ချ စရိတ်စက ကုန်ကျမည့် အတိုင်းအတာ ပိုင်းကာမှုကြောင်း စုဆောင်းရှာဖွေ ရလေသည်။

စရိတ်စက စိတ်ချရတုံ ပြည့်စုံပြန်တော့ သွားပုံ-သွားရေး ကြာမနှေး တခါအေးရအောင် နေရာပေးလက်မှတ် ဆက်စပ်ရာရှု ရက်သတ်ရာယခု ဂရုပြု၍ လိုက်ရပြန်သည်။

စရိတ်လည်းရ လက်မှတ်လည်းရ အားလုံးကိစ္စ စိတ်ချရတော့ မန္တလေးဘုရားဖူး ရည်စူးခရီး တဝက်ပြီးသွားပြီ၊ လုံးဝပြီးသည်ဟု မဆိုနိုင်သေး။

လွန်ခဲ့သောနှစ်က အဖြစ်အပျက်ကလေး တခု ရှုလော ဟုတ်မှန် စပ်လင့်မှတ်သင့်လို့ ထပ်ဆင့်ပြန်အံ့၊ ခေတ်သမယအလိုနဲ့ ချစ်လှစွာဆိုသော မိသားစု ဘုရားဖူးသွားမှု ကြံပြုမြော်တွေး၍ အဝေးပြေးကား လက်မှတ်ယူထားသည်၊ ချိန်းရက် ရောက်တော့ အိမ်ပေါက်နား ကားရောက်လာ လမ်းရိက္ခာတွေတင် ခရီးသည်တွေ စုံလင်လို့ မော်တော်ထွက်၊ မင်္ဂလာဒုံ ဟိုဘက် စက်ပျက်လို့ ရှက်ရှက်နဲ့ပြန်ခဲ့ရသည်။အဖြေမဟပ် မကျေနပ်တာနှင့် နေရပ်ကိုရောက်မပြန် နောက်တဖန် ကားသစ်လဲ အားခဲစောာ့မှ တကာထဲ ပြတ်သား မြတ်ဘုရားဖူးရေး မန္တလေးအထူးလည်၍ ဦးတည်မိတော့သည်။

ထိုအတူ-နိဗ္ဗာန်ခရီးမှာလဲ စိတ်ကြံရုံနဲ့ ဆုတောင်းရုံနဲ့မပြီး လုပ်ငန်းလည်း ပါရသည်။

လုပ်ငန်းက ထုတ်စမ်းဆိုတော့ သတိပဋ္ဌာန် အသိဉာဏ်ဖြစ် အရှိမှန်စစ်မှ စိတ်ကြံပြီးမြောက် နိဗ္ဗာန်ခရီးပေါက်မည်။

www.dhammaransi.com

ယနေ့ကပ္ပါ အတွေ့ရှာ လေ့လာကြည့်၊ ဝိပဿနာ စိတ်ကြိုက်ထွား နိဗ္ဗာန်သွား သယ်ယူစခန်းတွေ မြို့တွေရော နယ်တွေရော တောရွာတွေပါ အများအပြား ဖွင့်ထားကြသည်၊ ဝိပဿနာဦးစီး ဆရာကြီးများက မိမိတို့ ဝိပဿနာ ရှုကွက်ကို ကျမ်းစာကြော်ငြာများ ရေးသား၍ ညွှန်ကြားကြ သည်။

လိုရင်း အချုပ် ထုတ်၍ ကြည့်တော့ နိဗ္ဗာန် ခရီး ရောက်အောင် ပို့ဆောင်မည့် လုပ်ငန်းတွေချည်း ဖြစ်သည်၊ သို့ကစေလည်း သွားပုံသွား နည်း မတူကြပေ။

မန္တလေးမြို့ကြီး ခရီးလှမ်းရာမှာ ပြည်ဘက်မှနေတက်၊ ဆက်၍ တဖန် ပုဂံ,ညောင်ဦး,မိတ္ထီလာ,မန္တလေးသွားသော လမ်းကတလမ်း။

ရန်ကုန်မှ မန္တလေး ရထားဖြင့်သွားသော လမ်းကတလမ်း။

ဝေဟင်မှာ လေယာဉ်စီး၍ သွားသော လမ်းကတလမ်း။

ရန်ကုန် မှ မန္တလေး မီးရထား လမ်းဘေး မြောင်း၍ ပြေးသော မော်တော်ကားလမ်းက တလမ်း။

ဤသို့ ခရီးလမ်း လေးသွယ် ရှိသည်၊ သွားချင်သည့် လမ်းကသွား ရက်များ-ရက်နည်း ကွာသည်၊ မန္တလေးရောက်သည်က အတူတူ။

နိဗ္ဗာန်သွားရာမှာလည်း သူ့နည်းနှင့်သူ သွားကြသည်၊ခရီးအရှည် အတိုက ကွာကြမည်သာ ဖြစ်၏။

ဝိပဿနာ ဦးဆောင်ဆရာတို့ တဆရာနှင့်တဆရာ ပြလာသွင်ကျဲ မျှင်မတွဲ မြင်ကွဲသောအရာလည်း များစွာရှိသည်။

သို့ပေမဲ့ ဒို့တွေ့ရှိအကျိုးရှာ ဘယ်ဝိပဿနာ ဦးဆောင်ဆရာက ရေးရေး သတိပဋ္ဌာန်ကို ဦးစားပေးရသည်၊ ဦးစားပေး ရေးရသော သတိ ပဋ္ဌာန်မှာ အသိညာဏ်ကွာ၍ ဝါဒပြားကြသည်။

အသိမတူ၍ အရှိအယူမပေါက် နောက်ကျန်ရစ်မည်

တောင်ရိုးငါးလုံး ပိတ်ဖုံးကာခို ရာဇဂြိုဟ် မြို့တော်မှာ ထင်ပေါ် မည်မွှေး ဓနသေဋ္ဌိသူဌေးကြီး ရှိသတတ်။

သူ့မှာသမီးကလေးရှိ အနိုးအဝေးသိ လှပါဘိရုပ်သွင် ယဉ်ပါဘိ အမူအယာ ပျူငှာပါဘိနှုတ် မြို့ချုပ်ထိပ်တင် လှရွှေစင်။

www.dhammaransi.com

အရွယ်ရောက်လာ မိဘနှစ်ဖြာက လူပျိုမောင်တွေ မထိကလုပ် ထိကလုပ် နှုတ်နှင့်တတန် အသံနှင့်တချက် မျက်စိနှင့်တဖြာ ပြုမှာစိုးလို့ ခုနစ်ဆင့်ရှိသောပြာသာဒ် အထက်ရပ်မှာ အဆက်ဖြတ်ခါ မပျက်ကြပ်ကာ ထား။

ငြိမ့်ပွေ့တဏှာဟုန် ကိလေသာမုံယစ်လို့ အချစ်ကိုရှာ အညစ်ထိုတဏှာ ကြောင့် မလိုတာနှင့် ပျိုကညာနွှော ကျွန်သောဘာသောတဏှာကြောအိ တခါနွှောမိတော့ ဘာသောညှာသောမသိ စွဲငြိသန္တေ တည်နေလေသော်။

ဗိုက်ကလေးတက် ဂိုက်ရေးပျက် ခက်ပြီပေါ့မောင်ရေ ရှောင်သွေမှ နှောင်အရှေတော်မည်။

မိဘနှစ်ပါး သိသွားရင်တော့ ဗိုင်းတာမ ရိုင်းပါစဆိုပြီး ပိုင်းကာ ချလိမ့်မည်။

တရပ်တကျေး ပြေးထွက်ကာမှ စိတ်အေးရမည်မောင်။

တနေ့မှာ ဝတ်စားတန်ဆာ ရတနာ ထုပ်ကာယူ၍ အိမ်ဂေဟာ အထက်ထပ်မှ ရက်ဖြတ်ကာ မိဘနှင့်ဝေး မသိရအောင် ပြေးကြလေသည်။

သူဌေးသမီးမအဝှာ ကိုယ်ဝန်မှာရင့်ကျက်တော့ ချင့်တွက်ပြန်သည်၊ မိဘနှစ်ဖြာ ဝေးရာဌာန မွေးဖွားရခြင်းသည် ဒုက္ခကြီးသည်၊ ဇနပုဒ် ကျေးရွာ ဆေးဆရာကမရှိ၊ ဝမ်းဆွဲဆရာမက နှုတ်ဆိုမှု မိဘရပ်ထံ ပြန်ကြ ပါစို့လား‌ဓမောင်ရေလို့ လင်သယ်ကို ခင်မယ်က ပူဆာသည်။

ကျွန်လင်က ဆင်ခြင်သည်။

ငါ့ကိုမြင်လျှင် မယားဖခင် သတ်လိမ့်မည်၊ ဟိုနေ့ရွှေ့ ဒီနေ့ရွှေ့ နေ့ရက်တွေသာရွှေ့နေသည်။

တနေ့တော့ သူဌေးသမီးကား...ငါ့လင်လူမိုက်ဟာ သူပြုလိုက်သော အပြစ်က ကြီးလို့ သွားဝံ့ဟန်မတူ၊ မိဘတို့မှုကား မြင့်မိုရ်တောင်ဦး မက ကျူးသည့် ကျေးဇူးရှင်ကြီးများ ဖြစ်ကြသည်၊သူလိုက်လိုက လိုက်၊မလိုက် လိုက နေ၊ငါ-သွားမယ်လေ....ဆိုပြီး လင်က အလုပ်သွား၊ အိမ်နီး ပါးတွေ ပြောပြီး ခရီးထွက်ခဲ့လေသည်။

လင်က အလုပ်မှ ပြန်ရောက်၊ မယားမတွေ့ အိမ်နီးချင်းတွေမေး၊ မိဘအိမ် ပြန်သွား သည်ဟုကြား၊ အမြန် လိုက်လို့သွား၊ ခရီး ကြား မှာ

www.dhammaransi.com

မယားကို မှီသည်၊လင်မှီသည့်နေရာမှာ မယားက ကလေးမွေး၊မယားလေး ချော့မော့ ပြန်ခေါ်၊လမ်းမှာဖွားလို့ သားကလေးကို ပန္ထကလို့ စံပြအမည် မှည့်ခေါ်လေသည်။

ထိုနည်းရင်း ဆက်ပေါင်းပြန်တော့ အကြောင်းကံဖန်လေ၍ သား သနွေ တည်ပြန်သည်၊မိဘရပ်ထံတခါပြန် လမ်းမှာမွေး ပန္ထက ကလေးလို့ မှည့်။

ညီအစ်ကိုနှစ်ယောက် ဖိုး ဖွားထံရောက်၊ကောက်၍မွေး အရွယ်လေး ရောက်လာတော့ စူဠပန်ႆ ဟာပန်၊ သဒ္ဓါသန်ကြည်ညို ညီအစ်ကိုနှစ်ဖော် သာသနာတော်ဝင်ထမ်း ပင်ရေဆန်း သက်န်းဝတ်ကြသည်၊အစ်ကိုမဟာပန် က ရဟန်းခံ၍မကြာ အသိဉာဏ်လျှံဖြာ၍ ရဟန္တာ ဖြစ်သွားသည်၊ ညီငယ် စူဠပန်မှာ လေးလတာ ပေးချစာ တွေးဆပါ ဂါထာတပုဒ် ကြိုးစားကာ အားထုတ်ပေမဲ့ နှုတ်ဝယ်သူမရ။

ဒီတော့ အစ်ကိုမဟာပန်က ညီငယ်စူဠပန်ကို မူမဟန် လူပြန်ထွက် မင်းဉာဏ်က အတင်းအံပေမဲ့ ထွင်းကြံမသက် တဆင့်တက် တက်ခွင့်ရှာ ဘယ်မှာရမလဲ ညီငယ်လို့ ဆို၍ မျက်ရည်ယို ငိုရှာသတဲ့။

အစ်ကိုက လူထွက်ဆိုတော့ ပူချက်ပိုသွားဟန်ထင်ရဲ့၊ညီနောင်နှစ်ဦး ပကတူးက ရွယ်စူးကြံကာ သံသရာ မာန်တဏှာဦးပယ် မြန်စွာကူးမယ်လို့ မြူးကြွယ်စိတ်ထားဖြင့် ဘုရား သာသနာ ဝင်ခဲ့သည်၊ ပျော်လဲပျော်၏၊ တော်လဲတော်၏၊ အသိမကြီးပေမဲ့ ဝိနည်းကိုတော့ လေးစား၏။

ထိုအချိန်မှာ အစ်ကိုမဟာပန်က ဆွမ်းညွှန်ကိုယ်တော်၊ ဆွမ်းစား ကျောင်းတော်မှာ အတည်ကျ၊ တကာဇီဝက က သဒ္ဓါကြည်စွာဖြင့် ဆရာ သမဏထံသွားပြီး ဘုရား၏တပည့်သံဃာ ဤကိုက်တာ သင်္ချာမည်မျှ ရှိပါ သနည်းဟု မေးလျှောက်တော့ ညီတယောက်ကိုချန် ဆွမ်းစားကျောင်း ဘုန်းကြီးမဟာပန်က ဤကျောင်းရာမ်မှာ ရဟန်းငါးရာ ရှိပါသည် တကာ ဇီဝက-ဟု ပြန်ကြားသည်။

ဒီလိုဆိုရင်ဘုရား....မနက်ဖြန် ဘုရားအမှူးထား ငါးရာသောသံဃာ များ တကာ-ဇီဝက၏ အိမ်ဂေဟာ ကြွပြီး ဆွမ်းဘုဉ်းပေးတော် မူကြပါဟု ဖြူလှုစွာဝပ်တွား၍ လျှောက်ကြားမိတ်မန်လေသည်။

www.dhammaransi.com

တကာ ဇီဝကရေ...ဤဌာနမှာ အမှန် ရှိတာက ငါးရာနဲ့ တပါး လက်ခံတာက ငါးရာ၊သိပါမူတဖန် ညီလှစူဠပန် သူမတန်အောင် ဉာဏ်ထိုင်း တရားပိုင်းလဲ မစည်ပင် အရည်အသွင်လဲမဟပ် သူကိုချန်လှပ်လို့ ကြွင်းရပ်သံဃာ ဖိတ်မန္တကို စိတ်မှန်ကာ မြွက်ကြွေး၍ ငါပေးလက်ခံသည်။

တကာတော်-အမှန်သော် ရဟန်းတော်ငါးရာ့တပါး၊ မှုသားမဆို ငါမလို ဒါကိုအမှန်သိ။

ဆွမ်းညွှန်ကိုယ်တော် မိန့်ဖော်စကား စူဠပန်ကြားတော့ နောင်ဘုရား ငါ့အားစိတ်ပျက်ပြီ၊ သာသနာနှင့် ငါမလျော် သင့်တော်သော လူဘဝ အလှူဒါနပေး အသက်မွေးတော့မည်၊ ကြံစည်သော အချက်ဖြင့် နောက်နေ့မနက် စောစောဘက် လူထွက်ရန် စီစဉ်ထားလေသည်။

မုနိငါးပါး ထွင်ရှိထားသခင် ညွှတ်တွားဆင်ရပါတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်-ထွတ်ထိးမမှတာ ဖြိုးမောက်ကြွသည့် မိုးသောက်ထချိန် အခါ ကျိုးရောက်သမျှ အရှိန်အဝါကို အမှန်နော်သိအောင်လို့ အကြံတော် ရှိရှိ ဉာဏ်တော်နှင့်ကြည့်လေသော်........ ဖြစ်ရှိကြောင်းအင် နှောင်းအစဉ် အတိတ်နှင့်တကွ မြင်တော်မူ၍ ရှင်တော်တဆူ မှုတဟန်ဖြင့် စူဠပန် ၏ လာလမ်း တံခါးမုခ်၌ ခေါက်တုံ့ခေါက်ပြန် စင်္ကြံကြွလျက် နေလေသတည်း။

အစ်ကိုကနှင် အလိုကမရှင် ဘဝင်ကမကျ အရှင်စူဠပန္ထကိုယ်တော် သည်လူ့ဘဝကိုမျှော် ထိုရော်အသွား ကိုယ်တော်ဘုရားကိုမြင်လေသော်.... ဩ-ဆရာဘုရားပါကလား၊ ငါ သွား၍ ဝပ်တွားဦးတင် ဖူးမြင်မှတော်မည် ဟု စိတ်ရည်ကာမှတ်ထင် ကပ်ဝင်၍ ရှိခိုးလေသည်။

ရောင်ခြည်မပျိုး မှောင်ရည်စိုး မိုးမှုမလင်း ဝိုးဝင်းမှိန်ပြာ ဤချိန်ခါ ဖော်သဟာမတွဲ တယောက်ထဲ ဘယ်သူလဲ မေးတော့-ဘုရားတပည့် စူဠပန် ပါဘုရား။

ဘယ်လဲ စူဠပန် စောရန်ကောတဲ့။

ဒီတော့ စူဠပန်က - တရားသခင် အမှားစင်ပါတဲ့ အို-ဘုရားရှင် မမှားအစဉ် စကား အတင်ကို နားဆင်တော် မူပါ။ မဟာပန် ဆွမ်းညွှန် ကိုယ်တော် ဘုရာ့နောင်တော်သည် မလျော်သာသနာ မင်းမနေရာဟု

www.dhammaransi.com

တိုက်တာကျောင်းမှ နှင်ထုတ်တော်မူပါသည်၊ နောင် တော်ဆိုတောင်း ထိုအကြောင်းကြောင့် အပေါင်းမခေါ် တပည့်တော်သည် ကျောင်းတော်ကသက် လူထွက်ရန် လာခဲ့ပါသည်ဘုရား ဟု လျှောက်ထားလေသည်။

ဟဲ့စူဠပန်- သင် ရဟန်းခံသည်ကား ဘယ်သူ့ယံမှာလဲ၊

အနုတ္တရ ဗုဒ္ဓထံတော်မှာပါ ဘုရား။

ဟဲ့ စူဠပန်-သင်တမူကား ငါ့ထံမှာ ရဟန်းခံ မဟာပန် နှင်တာနဲ့ ငါ့ထံကိုသင်မလာ အကြောင်းအရာ ဘာမဟုတ်နဲ့ ငါ့ထံ သင်ဆုတ်ခဲ့ အဟုတ်တဲ့အမှန် ဘဲ့ကြောင့်ပြန်မလာသနည်း။

စူဠပန်က သူပြန်မပြော။

မြတ်ဘုရားက လာလောစူဠပန် မူဟန်နုန လူထွက်မှုဖြင့် ယခုသင့်မှာ ဘာပြုရာလိမ့်၊ ငါ့ရိပ်သာ ဆင်ဝင်ခန်း စိတ်ချမ်းသာစွာ သွား၍နေ၊ စက်လက္ခဏာ ဝေဖြာသော ဘုရားရှင်၏လက်ဖဝါးဖြင့် သားတော်၏ဦးကျောင်း ရပ် ပွတ်သပ်ကာခေါ်ငင်၍ ဂန္ဓကုဋိ ဆင်ဝင်မှာ ထားလေသည်။

ငါဘုရား မှာကြားခဲ့မည်စူဠပန်၊ ရှေ့ယံကိုမျက်နှာပြု ရှလော ဤအဝတ် ဖြူဖြူဆွတ်၊ ရွတ်လော့နုတ်သံ ရဇောဟရဏံ၊ သဘောမှန်ထုံးရပ် မနောကံနှုန်းတပ် သုံးသပ်၍ ဤမှာနေ မိန့်ခြွေတော်မူကာ ဖြူစွာသော အဝတ်စ ပေး၍ ထားခဲ့လေသည်။

အချိန်ကျတော့ တကာဇီဝကအိမ်က အထောက်လာ ကြွပါဘုရား၊ ဆွမ်းစားဘို့ ဇီဝကအိမ် အချိန်တော်ပါပြီဘုရား။

မြတ်ဘုရားသည် နောက်ပါးသံဃာ ရှင်ငါးရာဖြင့် တကာဇီဝက အိမ်ဂေဟာသို့ ကြွသွား ပြထားသော ဘုရားရှင်၏နေရာတော်၌ ထိုင်တော်မူလေသည်။

ကျောင်းတိုက်မှာ ပေါင်းသိုက်မပါပဲ ကျန်ခဲ့သော စူဠပန်လည်း သူ့ရကန်ကို မှုမှန်ကြည့် လက်မှာရှိ အဝတ်ဖြူစကို တရွရွနှင့် ရဇောဟရဏံ, ရဇောဟရဏံ ဟု စိတ်ကရွတ်ဖတ် ပွတ်သပ်လျက် ညွတ်တပ် အခိုင်တွေ့၍ ထိုင်နေလေသည်။

www.dhammaransi.com

ဒီတော့ စူဠပန် အကြံဖြစ်သည်၊ ဤအဝတ်ပိုင်းသည် အလွန်ဖြူစင်သည်၊ ဤငါ၏အတ္တဘောကို အမှီပြု၍ ယခုတော့ ညစ်သွားပြီ၊ ကံ,စိတ်,ဥတု,အာဟာရ လေးဝအကြောင်း ပေါင်း၍ပြုပြင် ရုပ်,နာမ် အစဉ်သည် အသွင်မစဲ အမြဲမရှိပါတကား ဟု ရုပ်,နာမ် ဖြစ်ပျက် စိတ်သက်၍ မိတ်ဆက်လေသည်။

မြတ်ဘုရားသည် သားတော်စူဠပန် မှုဟန်မဆိုတ် ဝိပဿနာစိတ် တရိပ်ရိပ်တက်နေသည်ကို သိတော်မူ၍....

သားတော် စူဠပန် မှုဟန်တက်သူ သင် တမူကား ကိုင်ယူလက်မှ ဝတ်ဖြူစကို(ရဇ-ရဇ) မှုပြုခြေမြင့် မနေလင့်၊ အသင့်ကိုယ်တွင်း ဆိုလျှင်း ယူထွေ ရာဂစသောမှုတွေ ရှိပေသေးသည်၊ ထို မှုကို သင် ယူကာယခု ကုန်ပျက်ရှု ပြောမူပုံဆောင် အရောင်လွှတ်၍ ရွှေရုပ်မျက်နှာ ဥပစာ ထိုင် လာစိတ်တွင် တရိပ်ရိပ်ထင်စေပြီး ဂါထာကြီးသုံးပုဒ် မှုအစစ်ကို မှုဆစ်၍ ထုတ်တော့မှ ဟုတ်ပေစွ ယူကမှန် စူဠပန် ရဟန္တာဖြစ်လေသတည်း။

ဤထုံး နှလုံးထား၍ တရားမြင်အောင် ဘုရားရှင်မှပြတတ်သည်၊ ရှေးအတိတ်ကို စိတ်ကထင် မြင်တော်မူသည်၊ဝိပဿနာဆရာတို့ ထိုအရာကို မမြင်ကြ၊ သို့တစေ မယို့လေရအောင် အချိုကဝေ အများစုံ တရားရှု အချက်ဝင်အောင် မပျက်အစဉ် ထွက်သက်ဝင်သက်ကို ပြကြလေသည်။

အားရစရာတရပ် ကြားရပါအမြတ် ပရိသတ်၏ သိမှတ်အထင်လိုက် ဝိပဿနာရှင်တသိုက်ကို ပဋိပတ်အစဉ်ဆိုက်၍ နှစ်ခြိုက်စေသော ဝိပဿနာ သိမှတ်စရာလမ်း ကျမ်းတကျမ်း ပေါ်လာပြန်ပြီ။ တရားအပြ အများက သဘောကျသော ဆရာကြည်၏ တရားရည် ပြည့်လျက် အသားအဆီ ဝေ့တက်သောလက်ရာဖြစ်သည်။

ဆရာကြီးသည် သူ့နည်းသူ့ဟန် သူ့ပုံသဏ္ဍာန်ဖြင့် သိညာဏ်လင်းအောင် ရှင်းရှင်းကျန ပြသနေသော ဝိပဿနာဆရာကြီး ဖြစ်လေသည်၊ ကိုယ်ပိုင်အမြင် ကျင့်စဉ်ကို စာပေတွင် တင်ပြထားလာပြန်ပြီ။

ရှုကွက်ပြရာမှာ ကျနစွာအသေးစိပ်၍ အတွေးရိပ်များကို ထင်စေမြင်စေပေသည်၊ သာဓက လာသမျှ ဘာမကျ ဂန္ထခုံတင် စုံစုံလင်လင်ဖြင့် ပုံသွင်အမျိုးမျိုးပြလျက် စာအထွက်နှင့် ရှုချက်-ရှုကွက် ဝင်စေလေသည်၊

www.dhammaransi.com

သဘောအနက် အပြောသွက်၏၊ ဟောကွက်လွင်၍ ရှုချက်မြင်၏၊ ရှုခဲ့မိသမျှ သတိပဋ္ဌာန်ကျမ်းများတွင် သူကား အပြည့်စုံဆုံးဟု ဆိုသော် ပိုရာကျမည်မဟုတ်ပါ။

ပညတ်တရား မကျော်လွှားလို့ ရှုမှားတွေဖြစ် မယားချစ် သားချစ် တရားမစစ် အသားအနှစ်ထင် စကားအသစ်ဝင်သည်၊ ပရမတ္ထ ဓမ္မစိုက်မှု အလိုက်ရှုလျှင် ကြိုက်မှုလဲပရမတ်၊ ဆိုက်မှုလဲပရမတ် ခေတ်ပင်ခေတ်ချင်းထိ မှတ်ရင်မှတ်ရင်းသိ ကပ်ချဉ်းမိမှ သိဉာဏ်ပို မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ တက်နိုင်သည်။

ပရမတ်မထိ ကပ်မငြိ ရပ်ကြည့်အထင် တတ်သိရင် မြင်ပါလိမ့်၊ အရှင်ဆရာ အမြင်သာ တင်လာအမိန့်ကို ဝင်ရာမှာ ထင်စွာလှိမ့်ထားသည်၊ တရားလက်တွေ့ကျင့် စကားဆက်ရွှေချင့် ခက်ပေ့အဆင့်တွေ ပျက်ရွှေလွင့်ကြွေ သင့်စေကာနားရှင်း၍ မမှားမယွင်း အများတွင်းမှာ တရားရင်း ပေါ်နိုင်လေသည်။

ကျင့်သူကြံသူ ဉာဏ်ယူတိုးတက် စံမှုဖိုးလက် အကျိုးထွက် မြိုးမြက်စေသော ဝိပဿနာဆရာကြည်၏ သတိပဋ္ဌာန် အဖွင့်ကျမ်း သည် အဆင့် အတန်းမြင့်မြင့်နဲ့ အခွင့်အလမ်းသင့်၍ အကျင့်စခန်းအဆင့်မှာ ပွင့်ပန်း တင့်သလို တဝင့်ဝင့်နဲ့ တလွင့်လွင့်ကြွနိုင်လေသည်တမုံ့။

ဒီပိတာ ဓိမတာ ဦးကြည်၊ သတိပဋ္ဌာန ဒီပနီ။
သာဓုပ္ပဝံ ဝိဘာဝေတွိ၊ သာဓုမနော သုတေသယိ။

ဦးထွန်းသိန်း (ဓမ္မာစရိယ)
[၂၄-၇-၇၇]

www.dhammaransi.com

ဤမဟာသတိပဋ္ဌာန် ပါဠိတော်နိဿယ အဖွင့်ကျမ်း ဖြစ်ပေါ်ပုံ

တောင်းပန်ခြင်း နှင့် ဝန်ခံခြင်း

သက္ကရာဇ် ၁၃၃၃-ခု၊ပြာသိုလဆန်း ၁၂-ရက်နေ့တွင် ကျင်းပသည့် သာယာဝတီခရိုင်၊ မင်းလှမြို့၊ သစ္စာဒီပက ဝိပဿနာအဖွဲ့၏ ၅-ရက်တရားဟောရန် ရောက်ရှိနေစဉ် အတွင်းရေးမှူး-ဦးအေးမောင်သည် သတိပဋ္ဌာန် ပါဠိတော်နိဿယကို ဆရာ ညွှန်ပြသော လုပ်ငန်းနှင့် ဟပ်မိ စပ်မိအောင် အဓိပ္ပာယ်ရှင်းချက်နှင့်တကွ ရေးသားစီရင်ပေးပါမည့်အကြောင်း တောင်းပန်ခြင်းကို အရင်းပြု၍—

'မိမိ၏ တရားပြမှု,တရားဟောမှုစသော ပဓာန အလုပ်တို့ များနေသည့်အကြားဝယ် စာရေးမှုကိုတတ်နိုင်သမျှရှောင်ကြဉ်ခဲ့ ပါသော်လည်း သတိပဋ္ဌာန်အလုပ်ကို အားထုတ်ကြရာ၌ ပင်ရင်းဖြစ်သော မြတ်စွာဘုရား၏ ရည်ရွယ်ချက် ဆန္ဒတော်ကို တိုက်ရိုက် သဘောပေါက်နိုင်မှုသည် သာသနာနယ်ပယ်တွင် အထူးပင် အရေးကြီးပေရကား—အချိန်ယူ၍ ရေးသားရန် ဝန်ခံကတိပြုခဲ့လေသည်'။

ဝန်ခံရခြင်းအကြောင်းကား—

ယေသံ ကေသဉ္စိ ဘိက္ခဝေ စတ္တာရော သတိပဋ္ဌာနာ ဝိရဒ္ဓါ၊ ဝိရဒ္ဓေါ တေသံ အရိယော မဂ္ဂေါ သမ္မာဒုက္ခက္ခယဂါမီ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်နှင့်အင်္ဂုတ္တရပါဠိတော်)

ချစ်သားတို့ - အကြင်သူတို့အား သတိပဋ္ဌာန်လေးပါး အလုပ်တရားသည် နည်းလမ်းမမှန် ချွတ်ယွင်းပြန်၏။ ထိုသူတို့အား ကျင့်နည်းမမှန် ချွတ်ယွင်းဟန်ကြောင့် မဂ်ဉာဏ်မရ ဆင်းရဲမှ လည်း မုချမကျွန်သည် သာတည်း။

www.dhammaransi.com

ဟု ဟောတော်မူထားသော ပါဠိတော်အရ သံသရာဝဋ်မှ လွတ်မြောက်ကြောင်း, ဆင်းရဲကုန်ကြောင်း, နိဗ္ဗာန် ရကြောင်း တရားသည် တကြောင်းတည်းသော သတိပဋ္ဌာန်လမ်းကြောင်း ဖြစ်ပါလျက် အလုပ်စခန်းတွင် ချွတ်ယွင်းဖောက်ပြန် လမ်းမမှန်က မိမိတို့လိုအပ်သော ခရီးပန်းတိုင်သို့မရောက်နိုင်ရကား မြတ်စွာဘုရား၏ မဟာသတိပဋ္ဌာန်နည်းလမ်းမှန်ကို မိမိတို့သဘောပေါက် အားထုတ်နေသည့်အတိုင်း သက်ဆိုင်ရာ အဋ္ဌကထာ, ဋီကာစသော လိုအပ်သော အဖွင့်တို့ကိုပါ စိစစ်လျက် မိမိဉာဏ်သက်ရောက်သမျှ, စွမ်းအားရှိသမျှ ဖော်ထုတ်ရေးသားရပါသည်။

ယင်းသို့ရေးသားရာတွင် အလုပ်ဉာဏ်ရောက်မှုကိုသာ ပဓာနထား၍ ရေးသားသည်ဖြစ်သောကြောင့် စာပေအသုံးအနှုန်း နည်းနိုင်သမျှ နည်းစေကာ ခိုင်ခံ့သောအကိုးအကားများကိုကား ပြည့်စုံစွာ ဖော်ပြကိုးကားသွားမည်ဖြစ်ပါ၍ ပရိယတ္တိပညာရှင် ပဋိပတ္တိ ဉာဏ်ရှင် တို့သည် ဝိစာရဏာဉာဏ်ရွှေသွားပြုသဖြင့် ရှုကြည့်တော်မူနိုင်ကြပါစေသော်။

ဦးကြည်
သစ္စာဒီပက–ကမ္မဋ္ဌာနာစရိယ
ရန်ကုန်။

www.dhammaransi.com

ဥယျောဇဉ်

☆

တိုက်တွန်းချက် လောက, သံသရာ နှစ်ဖြာကျိုးကြောင်း ဆိုးအကောင်းကို ပညာဉာဏ်ဖြင့် မြော်ထောက်ချင့်နိုင်ကြကုန်သော ပညာရှိ သူတော်ကောင်းတို့သည် မိမိတို့၏ အရေးကို တွေးတော ကြံဆခဲ့သည်ရှိသော်....

တိဏ္ဏ မညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

ဟူသော (ဓမ္မပဒ)ပါဠိတော်တွင် မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း အရွယ်သုံးပါးတို့တွင် ပဌမအရွယ် ငယ်စဉ်ကပင်လျှင် (ဘောဂသမ္ပတ္တိ) စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်းကို စွန့်လွှတ်ပြီးလျှင် (ဘဝသမ္ပတ္တိ) ဘဝကောင်းနှင့် ပြည့်စုံမှုကို အားထုတ်ကြ လေကုန်သည်။ ပဌမ အရွယ်မှာ မတတ်နိုင်ခဲ့သော် ဒုတိယ အရွယ်တွင် ပြည့်စုံစေအပ်ကုန်သည်။ ဒုတိယ အရွယ်တွင်မှ မတတ်နိုင်ခဲ့ပါမူ တတိယ အရွယ်သို့ အရောက်တွင် ပြည့်စုံအောင် အားထုတ်ကြကုန်ရာသည်။

> **ပဏ္ဍိတော၊ ထောက်တွေးမြော်မြင်ပညာရှင်သည်။ တိဏ္ဏံ၊အရွယ်သုံးပါးတို့တွင်။ အညတရံယာမံ၊ တပါးပါးသော အရွယ်၌။ ပဋိဇဂ္ဂေယျ၊ ဘဝသမ္ပတ္တိ စီးပွားကို အားထုတ်သုတ်သင်ရာ၏။**

ယခုအခါသည် သေလွယ်, ပျောက်လွယ်သော (ဝိပတ္တိ) ကာလဖြစ်ပေ၍ လောကအကျိုးစီးပွားကို စွန့်လွှတ်၍ အဖြစ်ငြိမ်းရာ,ဇာတ်သိမ်းရာကိုသာလျှင် ဗုဒ္ဓုပ္ပါဒ ဒုလ္လဘမို့ ကြိုးစားအားထုတ်သင့်ကြလေသည်။

ထိုကဲ့သို့ အားထုတ်ကြရာ၌ သံသရာဝဋ်ပြတ်ရာ,နိဗ္ဗာန်မျက်မှောက်ပြုရာဖြစ်သော မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို မဝေဖန်, မစိစစ်, မလေ့လာပဲ လုံးဝမပြုလုပ်အပ်ပေ။ အကြောင်းမူ ဝိပဿနာတရားဟူသည် လူသာမန်, နတ်သာမန်တို့၏ ကြံနေကျ, တွေးနေကျ, သိနေကျ ဖြစ်သော သမ္မုတိပညတ်အာရုံမဟုတ်ပါပဲ ပရမတ်အာရုံဖြစ်သောကြောင့် ပေတည်း။ ထိုသို့ အသိခက်လှသော ပရမတ်အာရုံကို အလွယ်တကူ မသိရသဖြင့် စိတ်

www.dhammaransi.com

ပျက်ဝမ်းနည်းစရာကား မဟုတ်ပေ။ မသိလျှင်သိအောင် ကြိုးစားရမည် ဖြစ်သည်။ ဤသို့ မသိ သိအောင်, မရရအောင် အားထုတ်လိုမှု ကိုသာ (သမ္မာဝါယာမ)သမ္မပ္ပဓာန် လုံ့လဝီရိယ ဆိုသည်။

သာသနာ့ဆုတ်ယုတ်သာသော ယခုအချိန်ဝယ် မြတ်စွာဘုရား၏ သာသနာ့အလုပ်အားထုတ်သူသည်'နေ့ခင်ကာဒိုးတွင် စပါးလှန်းသူ'ဖြစ်၍ ခဏခဏမှုပေးမှ ခြောက်သွေ့နိုင်မည် ဖြစ်သောကြောင့် မိမိကိုယ်တွင် မိမိသာ ပဓာနဖြစ်သည်ကို ကောင်းစွာမြော်မြင် ရှုဆင်ခြင်လျက် လုံ့လ မယုတ် ကြိုးအားထုတ်ကြကုန်ရာသည်။

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္တ မတ္တနော။
သာသနံ အနုယုဉ္ဇေယျ၊ ဒိဋ္ဌာ ဗောဓိပဒေသကံ။

တသ္မာဟိ၊ ထိုကြောင့်သာလျှင်။ ပဏ္ဍိတော၊ ပညာရှိသော။ ပေါသော၊ ယောကျ်ားသည်။ အတ္တနော၊ မိမိ၏။ အတ္ထံ၊ သံသရာပြတ်ရေး နိဗ္ဗာန်ရရေးဟူသော အကျိုးကို။ သမ္ပဿံ၊ ကောင်းစွာ မြော်မြင်လျက်။ ဗောဓိပဒေသကံ၊ သုံးဖြာဗောဓိ ဝိဝဋ္ဋမ္မ လိုတိုင်းရသော ဗောဓိပဒေသာ ပင်ကြီးကို။ ဒိဋ္ဌာ၊ ယခုဘဝ တွေ့ကြုံရလျက်။ သာသနံ၊ သဗ္ဗညု မြတ်စွာ သာသနာ့အစစ် အနှစ်ကေန် တကယ်မှန်သော ဗောဓိပက္ခိယတရားများကို။ အနုယုဉ္ဇေယျ၊ အားထုတ်ရာသတည်း။

www.dhammaransi.com

မဟာသတိပဋ္ဌာန် အဖွင့်ကျမ်း

ပဏာမ

နမော သစ္စဒီပကဿ သမ္မာသမ္ဗုဒ္ဓဿ။

သစ္စဒီပကဿ၊ သစ္စာလေးချက် ဓမ္မစက်ကို ဟောမြွက်ဖော်ပြ ဆုံးမတော် မူတတ်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ ဉေယျငါးတန် တရားမှန်ကို သယမ္ဘူဖြစ် ရွှေဉာဏ်စစ်ဖြင့် ကိုယ်တော်တိုင်သိမြင်တော်မူပြီးသောမြတ်စွာဘုရားအား။ (အဟံ၊ သစ္စာလေးတန် စိတ်ရည်သန်၍ သိရန်အားထုတ် အကျွန်ုပ်သည်။)နမော၊ဒုက္ခသစ္စာ ဤခန္ဓာဖြင့် နောင်လာဇာတိ ဖြစ်မရှိရာ နိဗ္ဗူတာသို့ မြန်စွာရောက်မှု အာရုံပြု၍ ဂရုဂါရဝ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏ မြတ်စွာဘုရား။

ဤယခု ရေးသားအံ့သော မဟာသတိပဋ္ဌာနသုတ် နိဿယ အဖွင့်ကျမ်း၌ သုတ်ပါဠိတော်ကို သီးခြားဖော်ပြခြင်းမပြုပဲ အနက်နှင့် တွဲကာ ဖော်ပြပြီးလျှင်၊အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တပါတည်းဆက်၍ ဖွင့်ဆိုရှင်းလင်းသွားကာ အလုပ်သဘောပါတဲ့လျက် ညွှန်ပြရေးသားမည် ဖြစ်ပေသည်။

ယင်းသို့ စီစဉ်လိုက်သဖြင့် ကာယာနုပဿနာပိုင်းတွင်လည်း ၎င်းကာယနှင့်ဆိုင်ရာ လုပ်နည်းသဘောကို တခုစီ အလုပ်ဖြစ်သွားစေနိုင်သည်၊ သို့ဖြစ်၍ မိမိတို့သဘောပေါက်ရာ သတိပဋ္ဌာန်လုပ်နည်း တခုခုကို အလွယ်တကူ ကြည့်ရှုလေ့လာလျက် အားထုတ်နိုင်လေသည်။

www.dhammaransi.com

သတိပြုရန် သတိပဋ္ဌာန်အလုပ် ဝိပဿနာ အားထုတ်သူသည် ရှုဉာဏ် မဂ္ဂင်မှန်အောင် သတိ ထားရသည်၊ ၎င်းနောက် အရှုခံ သတိပဋ္ဌာန် ပရမတ်မှန်ဖို့ ဂရုစိုက်ရသည်၊ "ဝိပဿနာသည် ခန္ဓာမှာမဖြစ် ဉာဏ်မှာ ဖြစ်သည်" ဟူသော ဆောင်ပုဒ်ကို စွဲမြဲသေချာ မှတ်ယူနိုင်ပါမှ မဇ္ဈိမပဋိပဒါ လမ်းကြောင်းသို့ ဝင်မည်ဖြစ်၍ အရှုခံခန္ဓာ၌ ပရမတ် မှန်-မမှန်နှင့် ရှုဉာဏ်မဂ္ဂင်သည် မဇ္ဈိမပဋိပဒါ လမ်းကျ-မကျ ကိုယ်တိုင်စစ်ဆေးနိုင်သော အခြေရှိထားပါမှ မိမိ၏သံသရာပြတ်ရေး မဂ်-ဖိုလ်ရရေးတို့အတွက် စိတ်ချရနိုင်ပေမည်၊ အခြားသူအားကိုးနှင့် မဂ်-ဖိုလ်ကိုယူ၍မရ၊ဆရာသမားဆုံးဖြတ်ပေးရုံနှင့် ကျေနပ်၍မဖြစ်၊ မိမိဉာဏ်တွင် မိမိကိုယ်တိုင် ယုံကြည်မှုရယူရန်၊ ကိုယ့်အားကိုယ်ကိုးရန် အတ္တဒီပသုတ် (ခန္ဓဝဂ္ဂသံယုတ်) ပါဠိတော်တွင် မြတ်စွာဘုရားကိုယ်တော်တိုင် တိုက်တွန်းထားပေသည်။

သာသနာလုပ်ငန်းကြီး တခုလုံးသည် မဟာသတိပဋ္ဌာန်အတွင်းသို့ သာ ဝင်သွားလေသဖြင့် သတိပဋ္ဌာန်မှန်မှ သာသနာမှန်ပြီးလျှင် သတိပဋ္ဌာန် ချို့ယွင်းလျှင် ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာလုပ်ငန်းကြီးတခုလုံး ချို့ယွင်း ပျက်စီးမည် ဖြစ်သောကြောင့် သတိပဋ္ဌာန် မှန်မှန်နှင့် သာသနာပြုစု အားထုတ်နိုင်စေရန် ပင်ရင်းဖြစ်သော သုတ်မဟာဝါ ပါဠိတော်လာ မဟာသတိပဋ္ဌာနသုတ်တော်ကို ထုတ်ဆောင်ပေအံ့။

www.dhammaransi.com



မဟာသတိပဋ္ဌာန် အဖွင့်ကျမ်း

မဟာသတိပဋ္ဌာနသုတ် နိဒါန်း

လဒ္ဓါ ပေါသော သုမဉ္ဇူသံ၊ ရတနာနိဝ နိဒ္ဒဟေ။
ဧဝံ ဒေသေသိ ဂမ္ဘီရံ၊ ဘဂဝါ ကုရုဝါသိနံ။
ကောဝိသတိဋ္ဌာနေသု၊ အရဟတ္တေ သုခေပိယ။
သောကာဒုပဒ္ဒဝဂ္ဃာတံ၊ ဝိသုဒ္ဓိဒ္ဓမာဝဟံ။
ပဏ္ဍုကမ္ဗလဝေဿာဝ၊ သတ္တာဝဏ္ဏံ ပကာသယံ။
စရိတာဒိနုလောမေန၊ စတုဓာ တံ ဘဏာမ ဟေ။

သဓနောပေါသော၊ ပစ္စည်းဥစ္စာ လွန်ချမ်းသာသော အသပြာ နိုင်ဖြိုး သူဌေးကြီးသည်။ မဉ္ဇူသံ၊ ရွှေအတိ ပြီးသော သေတ္တာကြီးကို။ လဒ္ဓါ၊ လက်ကိုင်မုချ ကိုယ်ပိုင်ရ၍။ ဍ္ဍမသုမဉ္ဇူသေ၊ ဤရွှေအတိပြီးသော သေတ္တာကြီးထဲ၌။ ရတနာနိ၊ ရွှေ-ငွေစသား ရတနာခုနစ်ပါးတို့ကို။ နိဒ္ဒဟေယထာ၊ ကောင်းမွန်သေချာ ထည့်သွင်းသိမ်းဆည်း၍ ထားရာသကဲ့သို့။ ဧဝံတထာ၊ ထိုနည်းမခြား အလားတူစွာ။ သဓနပေါသသဒိသော၊ ရွှေ-ငွေစသား ခုနစ်ပါးရတနာ ဥစ္စာရှိပြီး သူဌေးကြီးနှင့် တူသော။ ကုရုဝါသိနံ၊ ကုရုတိုင်းသား ပရိသတ်လေးပါးတို့ကို။ လဒ္ဓါ၊ စိတ်ချ-လက်ချ ရတော်မူ၍ ရတော်မူသော။ ဘဂဝါ၊မြတ်စွာဘုရားသည်။ ပဏ္ဍုကမ္ဗလဝေဿာ၊ရိုးရဲ ရောင်စွေ့ ထွေထွေနီမြန်း လျှပ်ပန်းသဖွယ် လွန်ဆန်းကြယ်သော ကမ္ဗလာ

www.dhammaransi.com

ကုန်သည်သည်။ ဝဏ္ဏ၊ကမ္ဗလာ၏ဖြစ်ရာဌာန ဇာတိစသော ဂုဏ်ထူးဝိသေသကို။ပဟာသယံ႒ဝ၊ချီးကျူး၍ပြဘိသကဲ့သို့။ သတ္တဝဏ္ဏ၊သတ္တာန်ဝိသုဒ္ဓိယာစသည်အပြား ခုနစ်ပါးသော ဂုဏ်ထူးဝိသေသကို။ ပကာသယံ - ပကာသယန္တော၊ ထုတ်ဖော်ချီးမွမ်း ပြည့်နှင်းတော်မူလျက်။ ကေဝိသတိဋ္ဌာနေသု၊ အာနာပါန စသည်အပြား ၂၁-ပါးသောဌာနတို့၌။ ကမ္မဋ္ဌာန်၊ ဘာဝနာ၏ ဖြစ်ရာဌာန အာနာပါန စသော ကမ္မဋ္ဌာန်းတရားကို။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ သုဓေပိယ၊ ကောင်းစွာထည့်သွင်းတော်မူ၍။ သောကာဒုပဒ္ဒဝဂ္ဃာတံ၊စိုးရိမ်ခြင်းတပါး,ငိုကြွေးခြင်းတပါး,ကိုယ်ဆင်းရဲခြင်းတပါး,စိတ်နှလုံး မသာယာခြင်း တပါး အားဖြင့် ဘေးရန်လေးပါး ဥပဒ္ဒဝေါများကို ပယ်ဖျောက်တတ်သော။ ဝိသုဒ္ဓိဒိဋ္ဌမာဝဟံ၊ ကိလေသာညစ်ကျေးစင်ကြယ်မှုတပါး, အရိယမဂ်ကိုရခြင်းတပါး, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းတပါးအားဖြင့် သုံးပါးသောအကျိုးကိုဆောင်တတ်သော။ ဂမ္ဘီရံ၊ ပါဠိ၏နက်နဲခြင်းတပါး,အနက်၏နက်နဲခြင်းတပါး,ဒေသနာ၏ နက်နဲခြင်းတပါး, အသိဉာဏ်၏ နက်နဲခြင်းတပါးအားဖြင့် လေးပါးသော နက်နဲခြင်းတို့ဖြင့် နက်နဲသော။ ရတနသဒိသံ၊ ရွှေ-ငွေစသား ရတနာခုနစ်ပါးနှင့် တူသော။ ယံသတိပဋ္ဌာနသုတ္တံ၊ အကြင် မဟာသတိပဋ္ဌာနသုတ် ဒေသနာတော်ကို။ နိမာနဝသေန၊ ဝေနေယျတို့သန္တာန်၌ ထည့်သွင်း၍ ထားသည်၏ အစွမ်းအားဖြင့်။ စရိတာဒိနိုလောမေန၊ စရိုက်စသည်အားလျော်သော။ စတုဓာ၊ ကာယာနုပဿနာ စသော လေးပါးသော အပြားအားဖြင့်။ ဒေသေသိ၊ ဟောတော်မူလေပြီ။ တံသတိပဋ္ဌာနသုတ္တံ၊ ထိုမဟာသတိပဋ္ဌာနသုတ် ဒေသနာတော်ကို။ ဟေ၊ နိဗ္ဗာန်လိုလား အို....အမျိုးသား-အမျိုးသမီးတို့။ မယံ၊ အကျွန်ုပ်တို့သည်။ ဘဏာမ၊ တိပိဋကဉာဏ်၌ ကုသိုလ်မြတ်ဖြင့် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ဇော မနောဒွါရ်ပျ သောမနဖြင့် ဟဒယရွှန်းစို သဒ္ဓါပို၍ ရွတ်ဆိုပွားများကြပါကုန်အံ့။

ဤ ပြဆိုခဲ့သော မဟာသတိပဋ္ဌာန် နိဒါန်းအရ အနက်ဆိုသော အတိုင်းပင်လျှင် လွယ်ကူစွာ သိမြင်နိုင်ပေသည်၊ သတိပြုရန်မှာ-အမျိုးမှန်သော ကမ္ဗလာကုန်သည်သည် မိမိရောင်းသော ကမ္ဗလာထည်၏ ကောင်းမွန်ပုံ အမျိုးမျိုးကို ရဲရင့်စွာပြောကြား၍ ရေလျှော်ခြင်း , ဆုပ်နယ်ခြင်း စသော စမ်းသပ်မှုတို့ကို ခံနိုင်သကဲ့သို့၊ သံသရာပြတ်လုပ်ငန်းကို အကောင်း

www.dhammaransi.com

ဆုံး ညွှန်ပြဟောကြားတော်မူသော မြတ်စွာဘုရားသည် ထို သတိပဋ္ဌာန် လုပ်ငန်း၏ သတ္တဝါတို့ ကိလေသာမှ စင်ကြယ်ခြင်း စသော အကျိုးထူး ခုနစ်ပါးကိုရဲဝံ့စွာဝန်ခံလျက် အမျိုးမျိုးသောလောကဓံ တိုက်တွေ့မှုကြောင့် ဖြစ်သည့် စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်း စသော ပုထုဇ္ဇန် သတ္တဝါ တို့အား နှိပ်စက်တတ်သော ဘေးအမျိုးမျိုးတို့ကိုလည်း အစမ်းသမ်ခံကာ ဟောပြ ကျေညာတော် မူခဲ့လေသည်၊ ထို သတိပဋ္ဌာန်မြတ် လုပ်ငန်းရပ်ကို သူတော်ကောင်း ဖြစ်ကြကုန်သော အကျွန်ုပ်တို့သည် ရှိသေစွာ နာကြား လေ့လာကြပါကုန်အံ့။

www.dhammaransi.com

မဟာသတိပဋ္ဌာနသုတ်

☆

၁—ပါဠိတော်။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ကုရူသု ဝိဟရတိ ကမ္မာသဓမ္မံ နာမ ကုရူနံ နိဂမော။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ 'ဘိက္ခဝေါ'တိ၊ 'ဘဒန္တေ'တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊ ဘဂဝါ ဧတဒဝေါစ။

[(မဟာသတိပဋ္ဌာနသုတ်ပါဠိတော်-၂၃၁)

၁—အနက်။ ဘန္တေကဿပ၊ အရှင်ဘုရား မဟာကဿပ။ ဣဒံသုတ္တံ၊ ဤ မဟာသတိပဋ္ဌာန သုတ်တော်ကို။ မေ-မယာ၊ အကျွန်ုပ် အာနန္ဒာ သည်။ ဘဂဝတော၊ ရှင်တော်ဘုရား၏။ သမ္မုခါ၊ မျက်မှောက် ထင်ရှားသံတော်ပါးမှ။ ဧဝံ၊ ဤသို့-ဤပုံ။ သုတံ၊ ကြားနာလိုက်ရ ပါ၏။ ဥပလက္ခိတံ၊ ကောင်းစွာသေချာ မှတ်ရပါ၏။ ဧကံသမယံ၊ အခါတပါး၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကုရူသု၊ ကုရုတိုင်း တို့၌။ ကမ္မာသဓမ္မံနာမ၊ ပြောက်ပြောက်ကျားကျား ခြေရှိသော ပေါရိသာဒကို ဆုံးမရာဖြစ်၍ 'ကမ္မာသဓမ္မ'အမည်ရသော။ ကုရူနံ၊ ကုရုတိုင်းသူတို့၏။ နိဂမော၊ ရွာနိဂုံးကြီးသည်။ အတ္ထိ၊ ရှိပါ၏။ တတ္ထ၊ ထိုရွာနိဂုံးကြီး၌။ ဝိဟရတိ၊ နေထိုင်သီတင်းသုံးတော်မူ၏။

တတြခေါ၊ ကမ္မာသဓမ္မ အမည်ရသော ရွာနိဂုံးတွင် နေတော် မူရာ ထိုအခါ၌။ဘဂဝါ၊မြတ်စွာဘုရားသည်။ဘိက္ခူ၊ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ ချစ်သားတို့ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူ၏။ ဘဒန္တေတိ၊ မြတ်စွာဘုရားဟူ၍။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသုံ - ပဋိအဿောသုံ၊ ခွန်းတုံ့သောအား ရိုသေစွာ လျှောက်ကြားကြကုန်၏။ ဘဂဝါ၊ ဘုန်းတော်သခင် ဘုရားရှင်သည်။ ဧတံဝစနံ၊ ဤဟောကြားအပ် လတ္တံ့သော စကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။

www.dhammaransi.com

၁-အဝိပ္ပာယ်ရှင်းချက် လောကသုံးပါး၌ အထွဋ်အထိပ်ဖြစ်တော်မူသော မြတ်စွာဘုရား၏ သာသနာ တရပ်လုံး အတွက် ချမှတ်ဆောင်ရွက် အားထုတ်ရမည့် ဤမဟာသတိပဋ္ဌာန်လုပ်ငန်း တရားတော်ကြီးကို အလွန်လျှင် စည်ကားကြီးကျယ်လှသည့် သာဝတ္ထိရာဇဂြိုဟ် ထိုထို မင်းနေပြည်ကြီးတို့တွင် ဟောကြားတော်မမူပါပဲ၊ ကုရုတိုင်း အဝင် အပါ ပြောက်ကျားသောခြေရှိသည့် လူသားစား ပေါရိသာဒကို ဆုံးမရာ ဖြစ်သော ကမ္မာသဓမ္မ အမည်ရသည့် ရွာကြီး၌ အဘယ့်ကြောင့် ဤမျှ ကြီးကျယ်မွန်မြတ်သည့် တရားတော်ကြီးကို ဟောကြားရပါသနည်း-ဟု စောဒကပုဂ္ဂိုလ် များထိုထိုတို့ မကျေမနပ် စကားကပ်ဖြင့် နှစ်ပမရှိ မေးတုံ ဘိမူ....

ကုရုတိုင်းဟူသည်ကား-နှယ်နှယ်ရရမဟုတ်ပေ၊အလောင်းတော်သည် လွန်လေပြီးသော တခုသောကပ်ကပ္ပါ၌ မန္ဓာတု စကြာမင်းကြီး ဖြစ်ဘူး လေသည်၊ ထိုစဉ်ကာလ၌ အရှေ့, အနောက်, မြောက် ဟူသော ကျွန်းကြီး ၃-ကျွန်းသို့ စကြာရတနာကိုစီးလျက် လှည့်လည်၍ တရားဟောရာ ထို ၃-ကျွန်းနေ သူတို့က ဇမ္ဗူဒီပါ တောင်ကျွန်း သည်ကား သမ္မာသမ္ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, အဂ္ဂသာဝက, မဟာသာဝက, စကြာမင်းတို့ဖြစ်ထွန်းရာ ကျွန်း မြတ်ပေတည်း။ ယောကျ်ားမြတ်တို့ ထွက်ပေါ်ရာ ကျွန်းဖြစ်ပေရကား.... အလွန်ပျော်မွေ့ဖွယ်ရာမွန်ပေသောကြောင့်မိမိတို့လည်းလိုက်ပါလိုကြောင်း ဖြင့် စကြာမင်းကြီးထံ လျှောက်ထားတောင်းပန်ကြရာတွင် စကြာမင်းကြီး က လိုက်ပါလိုကြသော ၃-ကျွန်းသားများစွာတို့ကို စကြာရတနာတန်ခိုး ဖြင့် ယူဆောင်ခဲ့၍၊ အရှေ့ကျွန်း (ပုဗ္ဗဝိဒေဟ) မှ လိုက်လာသော သူတို့ကို ၎င်းတို့အရှေ့ကျွန်း နာမည်မပျောက်စေရန် 'ဝိဒေဟတိုင်း'ဟု တည်ထောင် ပေး၍၊ အနောက်ကျွန်း (အပရဂေါယာန) မှ လိုက်လာသော သူတို့ကို ၎င်းတို့၏ အမည်ထည့်၍ 'အပရန္တဇနပုဒ်' ဟု တည်ထောင် ပေးပြီးလျှင်၊ မြောက်ကျွန်း (ဥတ္တရကုရု)မှ လိုက်လာသောသူတို့ကိုလည်း ၎င်းတို့၏ကျွန်း အမည်ပါစေရန် 'ကုရုတိုင်း'ဟု အမည်တပ်၍ တိုင်းပြည်တည်ပေးကြောင်း မူလပဏ္ဏာသဋ္ဌကထာ(၂၃၀)ကို အမြွက်မျှထည့်သွင်း၍ ဆိုလိုက်သည်။

www.dhammaransi.com

သို့အတွက် ကုရုတိုင်းသည် မြောက်ကျွန်းသားတို့စတင်တည်ထောင်သော တိုင်းပြည်ဖြစ်၍ လူနေမှုစံနစ် အလွန်ကောင်းသောပြည် ဖြစ်သည်၊ ထိုတိုင်း-ထိုပြည်တွင် သီတင်းသုံးနေထိုင်ကြသော ရဟန်း,ဘိက္ခုနီ,တကာ, တကာမ ပရိသတ်လေးဦးစလုံးပင် ရာသီဥတုညီမျှခြင်း,စားဖွယ်သောက်ဖွယ် သန့်ရှင်းလတ်ဆတ်ခြင်းတို့နှင့်ပြည့်စုံသဖြင့် ညီမျှသောဥတု,အစာအာဟာရကိုသာ သုံးဆောင်မှီဝဲကြရကား....ထို တိုင်းသူ-ပြည်သား တို့၏ ကိုယ့်,စိတ်နှစ်ပါးသည် ကျန်းမာကြသည်၊ စိတ်လက်ရွှင်လန်း ချမ်းသာကြသည်။

ယင်းသို့ ကိုယ်-စိတ် မန္ဒမ်း ရွှင်လန်းသူတို့၏ ကိုယ်အား-ဉာဏ်အားသည် တည်တံ့ခိုင်ခံ့လှသည်ဖြစ်၍ ၎င်းတို့သည် မြတ်သော-နက်နဲသောတရားဒေသနာတော်အား ခံယူနိုင်စွမ်းရှိသည်ကို သိတော်မူ - မြင်တော်မူသော မြတ်စွာဘုရားသည်၊ ၂၁-ပါးသော တရားအားထုတ်နိုင်သော ကမ္မဋ္ဌာန်းတို့တွင် အရဟတ္တဖိုလ်တိုင်ရောက်အောင် ထည့်သွင်း၍ ဤမဟာသတိပဋ္ဌာနသုတ်ကို ဟောတော်မူကြောင်း။

ဥပမာ အားဖြင့် ပန်းမျိုးစုံ ထည့်၍ ယူစရာ ရွှေပန်း ကလပ်ကို လက်ဝယ် ရရှိသော ယောကျ်ားသည် ထိုရွှေကလပ်၌ ပန်းမျိုးအစုံကို ထည့်ရာသကဲ့သို့ရင်း၊ ထည့်စရာ ရွှေသေတ္တာကို ရသော ယောကျ်ားသည် ထို ရွှေသေတ္တာ၌ ရတနာခုနစ်ပါး အဘိုးတန်များကိုသာ ထည့်ရာသကဲ့သို့ ၎င်း၊ ထိုနည်းအတူသာလျှင် မြတ်စွာဘုရားသည် ကာယအား-ဉာဏအား တို့နှင့် ပြည့်စုံသဖြင့် ကိုယ်-စိတ် နှစ်ပါး ကြံ့ခိုင်သော ထိုကုရုတိုင်းသား ပရိသတ် ၄-ပါးကို ရတော်မူသည်ဖြစ်၍၊ ဤမဟာသတိပဋ္ဌာနသုတ်ကိုသာမက အခြားနက်နဲကုန်သော ဒီဃနိကာယ-မဟာနိဒါနသုတ်,မဇ္ဈိမနိကာယ-သတိပဋ္ဌာန သုတ်, သာရောပမ သုတ်, ရုက္ခောပမ သုတ်, ရဋ္ဌပါလ သုတ်, မာဂဏ္ဍိယသုတ်, အာနေဉ္ဇသပ္ပါယ စသော သုတ်တို့ကိုလည်း ထို ကုရုတိုင်းတွင်သာ ဟောတော်မူကြောင်း။

တနည်းအားဖြင့်သော်လည်း ထိုကုရုတိုင်း ကမ္မာသဓမ္မ နိဂုံး၌နေသူအားလုံးလူတို့သည် မြတ်စွာဘုရား၏ ဤမဟာသတိပဋ္ဌာန်ပုံစံမချမိ ရှေးအခါကပင်လျှင် သတိမပြတ် ဂရုစိုက်အပ်သော ဘာဝနာကို အဖန်ဖန် အားထုတ်ခြင်း ပွားများခြင်းတို့၌ မှန်သောနှလုံးသွင်းမှု ရှိကြသည်ပင်၊ အယုတ်ဆုံး-အညံ့ဆုံး ဆိုရပါမူ အစေခံ,ကျွန်, အလုပ်သမား, လယ်သမား

www.dhammaransi.com

စသည့်သူများသည်လည်း သတိပဋ္ဌာန်မှအလွတ်ဖြစ်သောစကား၊ ဝါ-သတိပဋ္ဌာန် မဟုတ်သောစကားကို မပြောကြကုန်ဟူ၏။

ရေခပ်ရာရေဆိပ်, ချည်ငင်ရာ, ရက်ကန်းရက်လုပ်ရာ စသော အလုပ်ဌာနတို့တွင်ပင် သတိပဋ္ဌာန်လွတ်သော အချည်းနှီးစကားကို မပြောကြကုန်၊ ဤနေရာတွင် ခရီးလမ်းတွင် ဆုံတွေ့သော အမျိုးသမီး နှစ်ဦး၏ ပြောဆို နှုတ်ဆက်ပုံကိုကြည့်ပါ—

အမ္မ တွံ့ ကတရံ သတိပဋ္ဌာနဘာဝနံ မနသိကရောသိ။

'အမိ-သင်သည် အဘယ်သတိပဋ္ဌာန်ကို နှလုံးသွင်းပါသလဲ'

ယင်းသို့မေးသောအခါ၊ အမေးခံရသောအမျိုးသမီးက....

န ကိဉ္စိ။

'တစုံသောသတိပဋ္ဌာန်မှ နှလုံးမသွင်းမိပါ'

ဟု ဆိုလေသော်၊ မေးသောအမျိုးသမီးက....

ဓိရတ္ထု တဝ ဇီဝိတံ၊ ဇီဝမာနာပိ တွံ မတသဒိသာ။

'သင်၏အသက်ရှင်မှုသည် ရွံစရာကောင်းသည်၊ သင်အသက်ရှင်နေပေမဲ့ လူသေနှင့်တူတူပဲ'

ဟု အပြစ်တင်သည်၊ ကဲ့ရဲ့သည်။ နောက်မှ....

မာ ဒါနိ ပုန ဧဝမကာသိ။

'သင်သည်- နောင်ကို ဤသို့ ပေါ့ပေါ့ လျော့လျော့ မနေပါနှင့်'

ဟု သတိပေးပြီးလျှင် တစုံသော သတိပဋ္ဌာန်ကို သင်ကြားပေးလိုက်လေသည်၊ ထိုသို့ တဦးနှင့်တဦး တွေ့ဆုံသဖြင့်၊ တဦးက....

အဟံ အသုကသတိပဋ္ဌာနံနာမ မနသိကရောမိ။

'အကျွန်ုပ်သည် တစုံသော သတိပဋ္ဌာန်ကို နှလုံးသွင်းပါသည်'

ဟု ပြန်ကြားပြောဆိုငြားအံ့၊ မေးသောသူက သာဓုအနုမောဒနာပြုပြီးလျှင်-

တဝ ဇီဝိတံ သုဇီဝိတံ၊ တွံနာမ မနုဿတ္တံ ပတ္တာ၊ တဝတ္ထာယ သမ္မာသမ္ဗုဒ္ဓေါ ဥပ္ပန္နော။

www.dhammaransi.com

'သင်၏ အသက်ရှင်ခြင်းသည် ကောင်းသော အသက်ရှင်ခြင်းပါ၊ သင် ယခုလူ့အဖြစ်သို့ ရောက်၏၊ သင် တရားရမှု အတွက် ဘုရားပွင့်ခြင်းပါပဲ'

စသော စကားတို့ဖြင့် ချီးမွမ်းပြောဆိုလေသတဲ့။

ဤမျှသာ မဟုတ်သေး၊ ကုရုတိုင်း၌နေသော လူတို့သည်သာလျှင် သတိပဋ္ဌာန်အလုပ်ကို နှလုံးသွင်းကြသည်၊ စိတ်ဝင်စားကြသည် မဟုတ် လူတို့နှင့် မရောမယှက် သက်သက် တိရိစ္ဆာန်တို့သော်မှလည်း လူတို့နှင့် မှီတွယ်နေရသော်၊ ထိုတိရိစ္ဆာန်တို့သည်လည်း သတိပဋ္ဌာန်ကို နှလုံးသွင်း ထတ်မှု ရှိသည်ကို ကြည့်ပါဦး....

ထယောက်သော ကချေသည် ယောကျ်ားသည် ကျေးသားငယ် တကောင်ကို ဖမ်းယူ၍ စကားသင်ကာ သွားလာလှည့်လည်လျက် ဘိက္ခုနီမ များနေသော တောကျောင်းအနီး၌ နေလေသည်၊ တနေ့သောအခါ ကိစ္စ ရှိ၍ အခြားတနေရာသို့ ပြောင်းရွှေ့သွားရာတွင် ၎င်းမွေးထားသော ကျေး ငယ်ကို မေ့လျော့ကာထားခဲ့မိလေသည်၊သာမဏေမတို့သည် အရှင်မရှိတော့ သော ကျေးသားငယ်ကို ကျောင်းသို့ဆောင်ယူလျက် ကျွေးမွေးပြုစုပြီးလျှင် ၎င်း၏အမည်ကိုလည်း 'ဗုဒ္ဓရက္ခိတ'ဟု မှည့်ခေါ်ထားလေသည်။

တနေ့သ၌ သာမဏေမတို့သည် ဗုဒ္ဓရက္ခိတကျေးသားကို ခေါ်၍၊ ဘိက္ခုနီဆရာမကြီးရှေ့သို့ ခေါ်လာပြီးချထားရာ၊ ဆရာမကြီးက—

'ဗုဒ္ဓရက္ခိတ- သင်သည် တစုံတခုသော ဘာဝနာကို နှလုံး သွင်းသလား'

ဟု မေးသောအခါ၊ ဗုဒ္ဓရက္ခိတ ကျေးသားက....

'နှလုံးမသွင်းတတ်ပါ အရှင်မ'

ဟု ဆိုသောအခါ၊ ထေရီမကြီးက....

'ဗုဒ္ဓရက္ခိတ- ရဟန်းတို့၏ အထံ၌ နေသောသူတို့ မည်သည် တရားနှလုံးမသွင်းပဲ ကိုယ်လွတ် – စိတ်လွတ် နေဘို့မသင့်၊ ဘာဝနာ တခုခုကို နှလုံးသွင်းမှပေါ့၊ သင့်အတွက် သင့် လျော်သော ကမ္မဋ္ဌာန်းတခုကို ပေးအံ့ဟု ဆို၍၊ 'အရိုးစု- အရိုးစု'ဟု ပွားများနေပါ'

www.dhammaransi.com

ဟု သင်ပေးလေရာ၊ ဗုဒ္ဓရက္ခိတလည်း ထေရိမကြီး၏ သင်ပေးချက်အတိုင်း 'အရိုးစု-အရိုးစု' ဟူ၍သာ စိးဖြန်းရွတ်ဆိုချိ၍နေလေသည်။

တနေ့သောအခါ နံနက်စောစောတွင် ဗုဒ္ဓရက္ခိတသည် တံခါးတိုင် ထိပ်ဖျား၌နေလျက် နေပူစာလှုံနေရာ သိမ်းငှက်တကောင်သည် ဗုဒ္ဓရက္ခိတ ကျေးသားကို ထိုးသုတ်၍ သွားလေသည်၊ ကျေးသားသည် 'ကိရိ-ကိရိ' ဟူ၍ အော်ဟစ်လေသည်၊ သာမဏေမတို့သည် ဗုဒ္ဓရက္ခိတ၏ အော်သံကို ကြားရသဖြင့် ကျေးသားလွတ်စေခြင်းငှာ စုရုံး၍ ခဲတို့-တုတ်တို့နှင့် ပစ်ခတ် ခြောက်လှန့်ကာ လိုက်ကြလေသဖြင့်၊ သိမ်းငှက် လွှတ်ချထားခဲ့သော ဗုဒ္ဓ ရက္ခိတကို သာမဏေမတို့က ကောက်ယူခဲ့ပြီးသော် ထေရိမကြီး၏ ရှေ့၌ ချထားသောအခါ၊ ထေရိမကြီးက....

'ဗုဒ္ဓရက္ခိတ - သင့်ကို သိမ်းငှက်ချီသွားစဉ်က သင်-ဘာကို နှလုံးသွင်းသလဲ'

ဟု မေးသောအခါ၊ ကျေးသားက....

'အခြားဘာကိုမှ နှလုံးမသွင်းမိပါ၊ အရိုးစုတခုက အရိုးစု တခုကို သုတ်ချီသွားပြီး ဘယ်နေရာမှာ ဖရိုဖရဲ ကြဲဖြန့်ချ မလဲ'

ဟု နှလုံးသွင်းပါသည်ဟု ပြောသောအခါ၊ ထေရိမကြီးက....

'ဗုဒ္ဓရက္ခိတ-ကောင်းပေ၏,ကောင်းပေ၏၊ ဤသို့နှလုံးသွင်း တတ်မှုသည် သင့်အား ဒုတိယ စသော နောင်ကာလတွင် အဖြစ်ငြိမ်းဘို့ အထောက်အပံ့ဖြစ်ပေလတ္တံ့'

ဟု မှတ်ချက်ချ၍ တရားဟောလေသည်။

ယင်းသို့လျှင် ကုရုတိုင်းနေ ရဟန်း,ရှင်,လူ ခပ်သိမ်းသူတို့သာမက တိရိစ္ဆာန်များပင်လျှင် သတိပဋ္ဌာန်နှင့်ရင်နှီးကြောင်း၊ သတိပဋ္ဌာန်ဘာဝနာ နှင့်ကင်း၍ မနေကြကြောင်းစသော ပါရမီဗီဇအခြေရသဖြင့် ယင်းသို့သော ဓနေရာဌာန၌သာ နက်နဲလှသော မဟာသတိပဋ္ဌာန် တရားမျိုးကို ခံယူနိုင် သော ကာယအား-ဉာဏအားရှိခြင်းကြောင့် ထိုအကြောင်းကို ဉာဏ်တော် ဖြင့် သိတော်မူ-မြင်တော်မူသော မြတ်စွာဘုရားသည် ထိုကုရုတိုင်းတွင်သာ ရွေးချယ်၍ ဟောတော်မူကြောင်းကို သတိပဋ္ဌာန် အဋ္ဌကထာ ၃၃၄-၌ ညွှန်ပြဖြေရှင်းထားသည့်အတိုင်း မြန်မာပြန်၍ထည့်လိုက်ပေသည်။

www.dhammaransi.com

ဥဒ္ဒေသ (အကျဉ်းပြခြင်း)

၂- ပါဠိတော်။ ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ ကတမေ စတ္တာရော ။လ။ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

၂—အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ သတ္တာနံ၊ ရုပ်နာမ်နှစ်ဖြာ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ အမျိုးမျိုးသော ကိလေသာ အညစ်အကြေးတို့မှ အထူးသဖြင့် စင်ကြယ်ခြင်းငှာ။ သောကပရိဒေဝါနံ၊ စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်ခြင်းငှာ။ ဒုက္ခဒေါမနဿာနံ၊ ကိုယ်၏ဆင်းရဲခြင်း, စိတ်နှလုံး မသာယာခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်းခြင်းသို့ ရောက်ခြင်းငှာ။ ဉာယဿ၊ အရိယမဂ်ကို။ ဝါ၊ ဝိပဿနာဉာဏ်ကို။ အဓိဂမာယ၊ ရခြင်းငှာ။ နိဗ္ဗာနဿ၊ ကိလေသာ ငြိမ်းခြင်း, ခန္ဓာ ငြိမ်းခြင်းဟု ဆိုအပ်သော နိဗ္ဗာန်ကို။ သစ္ဆိကရိယာယ၊ မျက်မှောက်ပြုခြင်းငှာ။ ပဝတ္တော၊ ဖြစ်သော။ ဧကာယနော၊ မြတ်သော သဗ္ဗညုဘုရား၏ သာလျှင် သွားရာလမ်းဟောင်း တကြောင်းတည်းဖြစ်သော။ အယံ မဂ္ဂေါ၊ နိဗ္ဗာန်ရောက်ရန် လမ်းကြောင်းမှန်သော ဤ မဂ္ဂင်ရှစ်ပါး အကျင့်တရားသည်။ စတ္တာရော၊ လေးပါး ကုန်သော။ ယဒိဒံ- ယေဣမေသတိပဋ္ဌာနာ၊ အကြင်သတိပဋ္ဌာန်လေးပါး တရားတို့ပင်တည်း။

စတ္တာရော၊ **လေးပါးကုန်သော** သတိပဋ္ဌာန်တို့ဟူသည်။ **ကတမေ၊ အဘယ်သည်တို့နည်း။ ဘိက္ခဝေ၊** ချစ်သားတို့။ ဇေတဝန်ကျောင်းတော်ဘုရား၏ အဆုံး**အမ(သာသနာ)တော်၌။ ဘိက္ခု၊** သံသရာကို ဘေးဟု မြင်တတ် **ယောဂီမြတ်သည်။ အာတာပီ၊** ဘုံသုံးပါး၌ ဖြစ်စေတတ် **သော ကိလေသာကို လွန်စွာပူပန်စေတတ်သော** သမ္မပ္ပဓာန်လုံ့လ

www.dhammaransi.com

ဝီရိယ ရှိသည်ဖြစ်၍။ သမ္ပဇာနော၊ အကြောင်းနှင့်တကွ အကျိုး
ရုပ်နာမ်ကို ကောင်းစွာ အစိတ်စိတ် အလီလီ သိတတ်သောပညာ
ရှိသည်ဖြစ်၍။ သတိမာ၊ဖောက်ပြန်မှုအပေါင်းကိုဂရုစိုက်မှု(သတိ)
နှင့်ပြည့်စုံသည်ဖြစ်၍။ လောကေ၊ အစုအလမ်း၏ အာရုံဖြစ်သော
ဖောက်ပြန်သောသဘော၌။ အဘိဇ္ဈာဒေါမနဿံ၊ တစုံတခုသော
ဝတ္ထုအာရုံ၌ တပ်မက်သော အားဖြင့် ရှေးရှု ကြံခြင်း ဟူသော
'လောဘ' ကြံစည်တိုင်းမရခြင်းကြောင့် နှလုံးမသာယာခြင်း ဒေါ
မနဿကို။ ဝိနေယျ၊ ခေတ္တဖြစ်စေ, ကြာကြာဖြစ်စေ ပယ်နိုင်ရန်
ဆုံးမ၍။ ကာယေ၊ (ရူပကာယ)ဟု ဆိုအပ်သော ဖောက်ပြန်မှု
အပေါင်း၌။ ကာယာနုပဿီ၊ ဖောက်ပြန်မှု အပေါင်းဟု အဖန်ဖန်
ရှုလေ့ ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဘိက္ခု၊ ယောဂီသူမြတ်သည်။အာတာပီ၊ကိလေသာကို လွန်စွာ
ပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လဝီရိယ ရှိသည်ဖြစ်၍။ သမ္ပဇာ
နော၊ ခံစားမှုကို ကောင်းစွာ အစိတ်စိတ် အလီလီ သိတတ်သော
ပညာရှိသည်ဖြစ်၍။ သတိမာ၊ ခံစားမှုတို့၌ ဂရုစိုက်မှု (သတိ)နှင့်
ပြည့်စုံသည်ဖြစ်၍။ လောကေ၊အစုအလမ်း၏အာရုံဖြစ်သော ခံစား
တတ်သော သဘောစု၌။ အဘိဇ္ဈာ ဒေါမနဿံ၊ တစုံတခုသော
ဝတ္ထု အာရုံ၌ တပ်မက်သော အားဖြင့် ရှေးရှု ကြံခြင်း ဟူသော
'လောဘ' ကြံစည်တိုင်းမရခြင်းကြောင့် နှလုံးမသာယာခြင်း'ဒေါ
မနဿ'ကို။ ဝိနေယျ၊ ခေတ္တသော်၎င်း, ကြာကြာသော်၎င်း ပယ်
နိုင်ရန်ဆုံးမ၍။ ဝေဒနာသု၊ ခံစားသော သဘောတို့၌။ ဝေဒနာ
နုပဿီ၊ ခံစားမှုတို့ဟူ၍ အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊
နေ၏။

ဘိက္ခု၊ ယောဂီသူမြတ်သည်။ အာတာပီ၊ ကိလေသာကို လွန်
စွာပူပန်စေတတ်သော သမ္မပ္ပဓာန်လုံ့လဝီရိယရှိသည်ဖြစ်၍။ သမ္ပ
ဇာနော၊အာရုံဝတ္ထု တိုက်ဆိုင်မှုကြောင့်ဖြစ်သော အသိကို ကောင်း
စွာ အစိတ်စိတ်အလီလီသိတတ်သော ပညာရှိသည်ဖြစ်၍။သတိမာ၊
သိမှုတို့၌ ဂရုစိုက်မှု(သတိ)နှင့်ပြည့်စုံသည်ဖြစ်၍။ လောကေ၊ အစု
အလမ်း၏ အာရုံဖြစ်သော သိသဘောစု၌။ အဘိဇ္ဈာဒေါမနဿံ၊

www.dhammaransi.com

တစုံတခုသော ဝတ္ထုအာရုံ၌ တပ်မက်သောအားဖြင့် ရှေးရှုကြံခြင်း ဟူသော 'လောဘ' ကြံစည်တိုင်း မရခြင်းကြောင့် နှလုံးမသာယာခြင်း 'ဒေါမနဿ' ကို။ ဝိနေယျ၊ ခေတ္တသော်၎င်း,ကြာကြာသော်၎င်း ပယ်နိုင်ရန်ဆုံးမ၍။ စိတ္တေ၊ ဖြစ်ပေါ်သောအသိ၌။ စိတ္တာနုပဿီ၊ အသိတို့ဟူ၍ အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဘိက္ခု၊ ယောဂီသူမြတ်သည်။ အာတာပီ၊ ကိလေသာကို လွန်စွာပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လဝီရိယရှိသည်ဖြစ်၍။ သမ္ပဇာနော၊ သဘောတရားတို့၌ ကောင်းစွာ အစိတ်စိတ် အလီလီ သိတတ်သော ပညာရှိသည်ဖြစ်၍။ သတိမာ၊ သဘောတရားတို့၌ ဂရုစိုက်မှု(သတိ)နှင့် ပြည့်စုံသည်ဖြစ်၍။ လောကေ၊ အစွဲအလမ်း၏ အာရုံဖြစ်သော သဘောတရားစု၌။ အဘိဇ္ဈာဒေါမနဿံ၊ တစုံတခုသော ဝတ္ထုအာရုံ၌ တပ်မက်သောအားဖြင့် ရှေးရှုကြံခြင်း 'လောဘ' ကြံစည်တိုင်း မရခြင်းကြောင့် နှလုံးမသာယာခြင်း 'ဒေါမနဿ' ကို။ ဝိနေယျ၊ ခေတ္တသော်၎င်း,ကြာကြာသော်၎င်း ပယ်နိုင်ရန်ဆုံးမ၍။ ဓမ္မေသု၊ သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သဘောတရားတို့ကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

၂-အဓိပ္ပာယ်ရှင်းချက်

ချစ်သားတို့-ရုပ်နာမ်နှစ်ဖြာ သတ္တဝါဟု အဖြစ်ရှိလာခဲ့သော် အမျိုးမျိုး အစားစား အားဖြင့် များပြားသော (ကိလေသာ) အညစ်အကြေး အပူ အလောင် တို့သည် ရှိကုန်၏။ ထိုအညစ်အကြေး အပူအလောင်တို့ စင်ကြယ်စေခြင်းငှာ စိုးရိမ်ပူဆွေး, ငိုကြွေး မြည်တမ်းရခြင်း တို့ကိုလည်း လွန်မြောက် စေခြင်းငှာ ရူပကာယ-ရသဖြင့် ကိုယ်ဆင်းရဲရခြင်း,နာမကာယရသဖြင့် စိတ်နှလုံးမသာယာခြင်းတို့ကိုလည်း ချုပ်ငြိမ်းစေခြင်းငှာ အရိယမဂ်ကို ဝိပဿနာဉာဏ်ကို ရခြင်းငှာ ရုပ်,နာမ်ခန္ဓာအဖြစ် ငြိမ်းခြင်း,ဇာတ်သိမ်းခြင်းဟူသော အအေးဓာတ်,အငြိမ်းဓာတ်ကို ရခြင်းငှာ၊ ငါဘုရားစသော အရိယာအပေါင်းတို့၏ သွားကြောင်းမှန်စွာ တကြောင်း တည်းသော လမ်းမဟာသည် ရှိ၏။ ထိုလမ်းကြောင်း အကျင့်တရားသည် ဤ ငါဟောလတ္တံ့သော သတိပဋ္ဌာန်လေးပါးတို့ ပင်တည်း။

www.dhammaransi.com

ထိုလေးပါးသော သတိပဋ္ဌာန်ဟူသည် အဘယ်သည်တို့နည်း ဟူမူ....

မရမနေ-မသိမနေ (ကိလေသာဟူသည့်) အပူအလောင် အညစ်အကြေးကို ကုန်ခန်းသွားအောင် ပယ်သတ်နိုင်အောင် လုံ့လဝီရိယ ပြင်းစွာထားလျက် ထိုထိုရုပ်-နာမ်ဟူသော ကာယ,ဝေဒနာ,စိတ္တ,ဓမ္မတို့ကို အစိတ်စိပ် အလီလီ အပြားအားဖြင့် သိစွမ်းနိုင်သော ပညာဉာဏ်နှင့်ပြည့်စုံသော ယောဂီသူမြတ်သည် ထိုကာယ,ဝေဒနာ,စိတ္တ, ဓမ္မတို့အပေါ်၌ အာရုံဝတ္ထုတိုက်ဆိုမှုကြောင့် ဖြစ်သောတပ်မက်ခြင်း လောဘ၊ ကြံစည်တိုင်းမရသဖြင့် စိတ်နှလုံးမသာယာခြင်း ဒေါမနဿတို့ကို (တဒင်္ဂပဟာန်)ခေတ္တပယ်နိုင်ရန် ဖြစ်စေ, (ဝိက္ခမ္ဘနပဟာန်) ကြာကြာပယ်နိုင်ရန် ဖြစ်စေ၊ မိမိအသိစိတ်ကို ပညာဉာဏ်ဖြင့်ဆုံးမ၍....

၁- အစွဲအလမ်းကြောင့်ဖြစ်သော (ရုပ်) ဖောက်ပြန်မှုအစု၌ ဖောက်ပြန်မှု အစုအပေါင်းတို့ဟူ၍ အဖန်ဖန်ရှုသိလျက်နေ၏။

၂- အစွဲအလမ်းကြောင့်ဖြစ်သော(ဝေဒနာ)ခံစားမှုအပေါင်း၌ ခံစားမှုအပေါင်းတို့ဟူ၍ အဖန်ဖန် ရှုသိလျက်နေ၏။

၃- အစွဲအလမ်းကြောင့်ဖြစ်သော သိမှု၌ သိမှုတို့ဟူ၍ အဖန်ဖန်ရှုသိလျက် နေ၏။

၄- အစွဲအလမ်းကြောင့်ဖြစ်သော သဘောတရားတို့၌ သဘောတရားဟူ၍ အဖန်ဖန်ရှုသိလျက် နေ၏။

ဤကား သတိပဋ္ဌာန်လေးပါးအကျဉ်းပြ (ဥဒ္ဒေသ)တည်း။

ဧကာယနမဂ် ဤ ဧကာယနဟူသော တခုတည်းတကြောင်းတည်းသော ခရီးဟူသည် နိဗ္ဗာန်သို့သွားရာလမ်းသည် ဤနည်းဤလမ်းမှလွဲ၍ အခြားသွားစရာလမ်း မရှိကြောင်းကို အဋ္ဌကထာ၌-

အယံ ဘိက္ခဝေ မဂ္ဂေါ နဒ္ဓိဓာပထဘူတောတိ ဝေမတ္တော ဒဋ္ဌဗ္ဗော’ဟု မိန့်ပြီ။

ဘိက္ခဝေ၊ ချစ်သားတို့။ အယံမဂ္ဂေါ၊ ဤခရီးလမ်းသည်။ နဒ္ဓိဓာပထဘူတော၊ နှစ်ပါးအပြားအားဖြင့်ဖြစ်သော ခရီးဖြစ်၍ ဖြစ်သည် မဟုတ်ခဲ့။

www.dhammaransi.com

ရင်းပြင်....

ကေသို့ အယနေ့ဝတိ ကောဃနော၊ ဣမသို့ယောဝ ဓမ္မဝိနယေ ပဝတ္တတိ၊ န အညတ္ထာတိ ဝုတ္တံ ဟောတိ။

ကေသို့၊ တဏှာအဖော်ကင်း စိတ်တခုချင်း၌။ အယနေ့-ပဝတ္တော၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သောမဂ္ဂေါ၊ ထိုမဂ်သည် ထို ခရီးသည်။ ကောဃနော၊ကောဃနမည်၏။ ဣမသို့ယောဝ ဓမ္မဝိနယေ၊ ဤ သီလ,သမာဓိ,ပညာ တည်းဟူသော'တရားသဖြင့်ဆုံးမရာ ငါဘုရား၏ သာသနာ၌သာလျှင်။ ပဝတ္တတိ၊ ဖြစ်တတ်၏။ အညတ္ထ၊ ငါဘုရား သာသနာတော်မှ တပါးသောတိတ္ထိတို့သည် ကြံဆအပ်သောတရား၌။ နပဝတ္တတိ၊မဖြစ်တတ်။ ဣတိ၊ဤသို့။ဝုတ္တံဝုတ္တော၊ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

ထို့ပြင်လည်း သဗ္ဗညုမြတ်စွာဘုရားတို့သည် သွားရောက်ရာဖြစ်သော ကြောင့်'ကောဃနမဂ်'ဟူရင်း၊ မြတ်သောနိဗ္ဗာန်သို့သွားကြောင်းဖြစ်သော ကြောင့်'ကောဃနမဂ်'ဟူ၍ရင်း(မဟာဝဂ္ဂဋ္ဌကထာ ၃၃၅-၃၃၆တွင်ရင်း၊ မူလပဏ္ဏာသဋ္ဌကထာ ၂၃၄)တွင်ရင်း အကျယ်ယူပါ။

အချုပ်အားဖြင့် နှစ်လမ်းမရှိ နိဗ္ဗာန်ရရန် သံသရာဝဋ်ပြတ်ရန် ဤ တလမ်းသာ ရှိခြင်းကြောင့် သတိပဋ္ဌာန်လေးပါး တရားတော်ကို 'ကော ဃနမဂ်'ဟူ၍သာ အတိုချုပ်မှတ်သားရာ၏၊ တဖန် 'မဂ်'ဟူသော ခရီးလမ်း ကြောင်း ဆိုသည်မှာလည်း....

ဣမသို့ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ။

(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်-၁၂၅)

သုဘဒ္ဒ၊ ချစ်သားသုဘဒ်။ ဣမသို့ခေါ ဣမသို့ဧဝ ဓမ္မဝိနယေ၊ ဤ ငါဘုရား၏ သုတ်အဘိဓမ္မာ,ဝိနည်းဟူသော အဆုံးအမ (သာသနာ)၌ သာလျှင်။အရိယော၊ဖြူစင်မြင့်မြတ်သော။အဋ္ဌင်္ဂိကော၊အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ မဂ္ဂေါ၊ မဂ်ကို ခရီးကို။ ဥပလဗ္ဘတိ၊ ရအပ်၏။

ဤသို့ စသည်ဖြင့် ကောဃနမဂ်ကို ပါဠိ-အဋ္ဌကထာ-ဋီကာ တို့၌ များစွာဖွင့်ပြကြကုန်၏၊ ရင်း၌ သတိပြုရန်မှာ-ကောဃနမဂ် ဟူသည် ဤ သာသနာ၌သာလျှင် ရှိ၏၊ တပါးသောအညတိတ္ထိယတို့၌ မရှိဟု ဆိုသော

www.dhammaransi.com

အတိုင်း ယခုခေတ်အခါတွင် ဗုဒ္ဓဘာသာဝင်တို့မှာ 'ငါတို့မှတပါး တခြားသော ဘာသာများကို အညတိတ္ထိယတို့'ဟူ၍ သဘောထားကြ၏၊ ယူဆပြောဆိုကြ၏။ သို့ရာတွင် ဓမ္မစက္ကပဝတ္တနသုတ်၌ လာသောအရ "မဇ္ဈိမပဋိပဒါ"ကိုသာ ကောဿနမဂ္ဂဟူ၍ ဆိုအပ်ရကား ကာမသုခလ္လိကနှင့် အတ္တကိလမထတို့ ပါရှိနေလျှင်၊ တနည်း- မဇ္ဈိမပဋိပဒါ မကျလျှင် ဓမ္မဋ္ဌာန်အားဖြင့် ကောဿနမဂ် မဖြစ်ပေ၊ အညတိတ္ထိယသို့ စာရင်းဝင် ဖြစ်နေပေလိမ့်မည်။ ဗုဒ္ဓဘာသာတို့သည်လည်း ဤအချက်ကို သတိမူသင့်လေသည်။

(မဇ္ဈိမပဋိပဒါနှင့် ပတ်သက်၍ ဤအကြောင်းမျိုးကို ကျွန်ုပ်တို့ ရေးသားသော မဇ္ဈိမပဋိပဒါရှင်းချက်စာအုပ်နှင့် မဇ္ဈိမဉာဏ် သိဘို့ ရန် စာအုပ်တို့တွင်လည်း ရေးခဲ့ပြီ။)

ထိုဆိုခဲ့သော ကောဿနမဂ်သည် သာမညအားဖြင့် တပါးတည်း ဖြစ်သော်လည်း ဝိသေသအားဖြင့်သော်ကား—

၁။ ဥပ္ပါဒေတာမဂ်၊

၂။ အနုဂါမဂ်၊

ဟူ၍ ၂-ပါးအပြားရှိ၏။

တထာဂတော ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အနုပ္ပန္နဿ မဂ္ဂဿ ဥပ္ပါဒေတာ။လ။မဂ္ဂါနုဂါ စ ဘိက္ခဝေ ဧတရဟိ သာဝကာ ဝိဟရန္တိ၊ ပစ္ဆာ သမန္နာဂတာ။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၅၄။ ဥပရိပဏ္ဏာသပါဠိတော်-၅၉။ မိလိန္ဒပဉှာပါဠိတော်-၂၁၂)

ချစ်သားတို့ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် မှန်ကန်သော ပညာဉာဏ်ဖြင့် အလုံးစုံသောတရားတို့ကို ကိုယ်တော်တိုင် သိမြင်တော်မူပြီးသော မြတ်စွာဘုရားသည်။

၁။ မဖြစ်သေးသော မဂ်လမ်းကို ဖြစ်စေတော်မူ၏၊ ထင်ရှားမဖြစ်သေးသော မဂ်လမ်းကို ထင်ရှားဖြစ်စေတော်မူ၏၊ သူတပါးတို့ မဟောကြားသေးသောမဂ်ကို ဟောကြားတော်မူ၏၊ မဂ်လမ်းကို သိတော်မူ၍ 'မဂ္ဂညူ'မည်တော် မူ၏၊ မဂ်လမ်းကို အထင်အရှား သိတော်မူ၍ 'မဂ္ဂဝိဒူ'မည်တော်မူ၏၊ မဂ်လမ်းကို လိမ္မာကျွမ်းကျင်တော်မူ၍'မဂ္ဂကောဝိဒ'မည်တော်မူ၏။

www.dhammaransi.com

၂။ ယခုအခါ၌ကား တပည့်သာဝကတို့သည် မဂ်လမ်းသို့ အစဉ်လိုက်
ကုန်လျက် နောက်အခါ၌ မဂ်နှင့်ပြည့်စုံ၍ နေကြကုန်၏။
ဟု မိန့်တော်မူရာ....

၁။ မဖြစ်သေးသောမဂ်ကို ဖြစ်စေတော်မူတတ်သော မြတ်စွာဘုရား၏ မဂ်သည် 'ဥပ္ပါဒေတာမဂ်'မည်၏။

၂။ ဖြစ်ပြီးသော မြတ်စွာဘုရား၏ မဂ်သို့ သာဝကတို့က နောက်မှ လိုက်၍ ရယူအပ်သောမဂ်သည် 'အနုဂါမဂ်'မည်၏။

၎င်းအပြင်....

ဧကာယနမဂ္ဂေါ ဝုစ္စတိ ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ္ဂေါ။

ဧကာယနမဂ္ဂေါ၊ မြတ်စွာဘုရား၏ သာလျှင် သွားရာ လမ်းဟောင်း တကြောင်းတည်း ဖြစ်သော ခရီးကို။ ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ္ဂေါ၊ လောကုတ္တရာမဂ်သို့ မဆိုက်ရောက်မီ အစဉ်ပွားများ အားထုတ်ရသော လောကီယသတိပဋ္ဌာနမဂ်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဤသို့ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ လာရှိသောစကားကို နောင်လာ နောက်သားတို့ အငြင်းမပွားစေရန် တိပိဋကစူဠနာဂ မထေရ်သည် အခိုင် အမာ ထုတ်ဆောင်၍ပြကြောင်း မဟာဝဂ္ဂဋ္ဌကထာ၊၃၃၇-နှင့် မူလပဏ္ဏာသ ဋ္ဌကထာ ၂၃၆-တို့တွင် ပြဆိုထားရကား ဧကာယနမည်သော သတိပဋ္ဌာန မဂ်ကို အားထုတ်မှ လောကုတ္တရာမဂ် ရနိုင်လေသည်။ဆိုခဲ့သော သတိပဋ္ဌာန ဧကာယနမဂ်သည် အလုပ်ကိစ္စအားဖြင့်တခုတည်းဖြစ်သော်လည်း ပွားများ အားထုတ်မည့်ပုဂ္ဂိုလ်၏ စရိုက်စသည်၏ အစွမ်းအားဖြင့်....

၁။ **ကာယာနုပဿနာသတိပဋ္ဌာန်၊**

၂။ **ဝေဒနာနုပဿနာသတိပဋ္ဌာန်၊**

၃။ **စိတ္တာနုပဿနာသတိပဋ္ဌာန်၊**

၄။ **ဓမ္မာနုပဿနာသတိပဋ္ဌာန်**

ဟူ၍ ၄-ပါးအပြားရှိလေသည်။ နောက်တွင်ဆိုအံ့၊

www.dhammaransi.com

၁။ ကိလေသာမှစင်ကြယ်ခြင်း

ဤမဟာသတိပဋ္ဌာန်ဟူသောကောယနမဂ်,ပုဗ္ဗဘာဂမဂ်ကိုပွားများအားထုတ်သဖြင့် ရအပ်သောအကျိုးတရား ၇-ပါးတို့အနက် ရှေးဦးစွာသော 'သတ္တာနံဝိသုဒ္ဓိယာ'အရ သတ္တဝါစင်ကြယ်ခြင်းဆိုရာတွင် သတ္တဝါဟု သမုတ်အပ်သော ရုပ်,နာမ်နှစ်ပါး၌ ကိလေသာ ကပ်ရောက်ဖြစ်ပွားရာဖြစ်သော (နာမ်) စိတ်အစဉ်တွင် ရာဂ-စသော အညစ်အကြေး တို့ဖြင့်လည်းကောင်း, အဘိဇ္ဈာ ဝိသမလောဘ အစရှိကုန်သော အညစ်အကြေးတို့ဖြင့် လည်းကောင်း, ပူယန်စေတတ် နှိပ်စက်တတ်သော အပူအလောင် (ကိလေသာ)တို့ဖြင့် လည်းကောင်း၊ထိုထိုသံသရာဝဋ်တွင် ရုပ်-နာမ်သတ္တဝါဖြစ်အောင် ဖန်တီး၍ ထိုသံသရာမှ မလွတ်အောင် နှောင်ဖွဲ့ တတ်သော (သံယောဇဉ်)စသည်တို့သည် သတ္တဝါတို့၏စိတ်ကိုသာ ကပ်ရောက်နှိပ်စက်လေသဖြင့် ထိုကိလေသာတို့ ပူးဝင်နှိပ်စက်ခြင်း ခံရသော သတ္တဝါအား ထိုစိတ်ကို ကောယနမဂ်ဟူသော ဤသတိပဋ္ဌာန်သာလျှင် စင်ကြယ်စေနိုင်ကြောင်း ဟောတော်မူသည်။

ထို့ကြောင့် ဤဘဒ္ဒကပ္ပါမှ နောက်ဆုတ် ရေတွက်သည် ရှိသော် လေးအသင်္ချေနှင့် ကပ္ပါတသိန်းအထက် တခုသောကပ်၌ ပွင့်တော်မူကြကုန်ပြီးသော တဏှင်္ကရာ, မေဓင်္ကရာ,သရဏင်္ကရာ, ဒီပင်္ကရာ အမည်ရှိတော်မူကုန်သော မြတ်စွာဘုရားတို့ကို အစပြု၍၊ သာကီဝင်မင်းသား အကျွန်ုပ်တို့၏ သကျဂေါတမ အဆုံးရှိကုန်သော တပါးမက များပြား လှသော မြတ်စွာဘုရားတို့သည်၎င်း, အရာမက်များပြားလှသောပစ္စေကဗုဒ္ဓါတို့သည်၎င်း မရေမတွက်နိုင်အောင် များပြားကုန်၏။ အရိယာလမ်းသို့ ရောက်ကြကုန်ပြီးသော အရေအတွက် လွန်ကုန်သော အရိယာတို့သည်၎င်း စိတ်၌ဖြစ်သော (ကိလေသာ)အညစ်အကြေးတို့ကို ဤ သတိပဋ္ဌာန်ဟူသော ပုဗ္ဗဘာဂ ကောယနမဂ်ဖြင့်သာလျှင် ဆေးလျှော်၍ စင်ကြယ်သောအဖြစ်သို့ ရောက်ကြကုန်ပြီ။

ယင်းသို့ စင်ကြယ်အောင် ဆေးလျှော်ရာ၌ အသိမရှိသော(ရုပ်) အား ညစ်နွမ်းခြင်း, စင်ကြယ်ခြင်းကို ပညတ်ခြင်းမရှိချေ။ ရုပ်စင်ကြယ်သဖြင့် သတ္တဝါစင်ကြယ်သည်ဟု မဆိုနိုင်။ အကြောင်းမူ ကိလေသာဟူ

www.dhammaransi.com

သော အညစ်အကြေးသည် စိတ်၌သာ စွဲကပ်နေသောကြောင့် စိတ်စင်ကြယ်မှ သတ္တဝါစင်ကြယ်နိုင်ရကား....

မာဏဝ၊ သတ္တဝါတို့သည်။ သံကိလိဋ္ဌေန၊ ညစ်နွမ်းသော။ စိတ္တေန၊ စိတ်ဖြင့်။ သံကိလိဿန္တိ၊ ညစ်နွမ်းကုန်၏။ စိတ္တေ၊ စိတ်သည်။ သုဒ္ဓေ၊ စင်ကြယ်သည်ရှိသော်။ ဝိသုဇ္ဈန္တိ၊ စင်ကြယ်ကုန်၏။ ဣတိ၊ ဤသို့။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

ထို့ကြောင့် မြတ်စွာဘုရားသည်....

စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊ စိတ္တဝေါဒါနာ ဝိသုဇ္ဈန္တိ-ဟု ဟောတော်မူသည်။

ဘိက္ခဝေ၊ ချစ်သားတို့။ စိတ္တသံကိလေသာ၊ စိတ်၏ ညစ်နွမ်းခြင်းကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ သံကိလိဿန္တိ၊ ညစ်နွမ်းကုန်၏။ စိတ္တဝေါဒါနာ၊ စိတ်၏ဖြူစင်ခြင်းကြောင့်။ ဝိသုဇ္ဈန္တိ၊ စင်ကြယ်ကုန်၏။

စိတ်၌ ကိလေသာအညစ်အကြေး အပူအလောင်တို့ စင်ကြယ် ကင်းငြိမ်းစေခြင်းငှာ သတိပဋ္ဌာန်ဟူသော မဂ်သည်သာလျှင် ဆေးလျှော်ရာဖြစ်ကြောင်း သိစေတော်မူလိုသည်ဖြစ်၍....

တံ စိတ္တဝေါဒါနံ၊ ထို စိတ်၏ စင်ကြယ် ခြင်းသည်။ ဣမိနာဝ သတိပဋ္ဌာနမဂ္ဂေန၊ ဤသတိပဋ္ဌာန် မဂ်ဖြင့်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ သတ္တာနံဝိသုဒ္ဓိယာတိ၊ သတ္တာနံဝိသုဒ္ဓိယာဟူ၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူပြီ။

၂။ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကို လွန်ခြင်း

ဤသတိပဋ္ဌာန်ဟူသော ကာယနမဂ်ကို ပွားများအားထုတ်သော ယောဂီအား စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်းစသော ပူလောင်မှုတို့ကိုလည်း လွန်မြောက်စေနိုင်၏။ ရုပ်နာမ်ရှိ သတ္တဝါတိုင်းအား သတိပဋ္ဌာန်မဂ်ဖြင့် မပယ်သတ်ရသေးလျှင် ဗျသနတရား ငါးပါးနှင့် တွေ့ထိခဲ့ပါမူ စိုးရိမ်ခြင်း, ပူဆွေးခြင်း, ငိုကြွေးခြင်း, မြည်တမ်းခြင်းတို့သည် ဖြစ်ကုန်၏။ ဤ သတိပဋ္ဌာန် ပုဗ္ဗဘာဂ မဂ်ကို ပွားသော သန္တာ[illegible] စိုးရိမ်ပူဆွေးခြင်းတို့သည် 'ယံပုဗ္ဗေတံဝိသောဓေဟိ' အစရှိသော [illegible]အလုံးတွင်

www.dhammaransi.com

စိုးရိမ် ပူဆွေးခြင်းကို လွန်မြောက်လျက် ပဋိသမ္ဘိဒါ လေးပါး နှင့်တကွ ရဟန္တာဖြစ်လေသည်။

ပဋာစာရီ အစရှိသည်တို့အားလည်း ငိုကြွေးခြင်း, မြည်တမ်းခြင်းသည် နှိမ်စက်အပ်သည်ဖြစ်၍ စိတ်ဖောက်ပြန်ကာရူးသွပ်နေပါသော်လည်း မြတ်စွာဘုရား၏ ရှေ့တော်မှောက်သို့ ဆိုက်ရောက်၍လာသော ပဋာစာရီ အမျိုးသမီးအား 'န သန္တိ ပုတ္တာ တာဏာယ' ဤသို့စသား ဂါထာ ၂-ပုဒ် ဟောကြားတော်မူရာ ဒေသနာတော်အဆုံး၌ ပဋာစာရီသည် ငိုကြွေးမြည်တမ်းခြင်းလွန်မြောက်ပြီး သောတာပန် ဖြစ်သွားလေသည်။

ဤ၌ ပဋာစာရီအမျိုးသမီး သောတာပန်ဖြစ်ပုံကို ဆင်ခြင် စဉ်းစားလျှင် သတိပဋ္ဌာန်မဂ္ဂင်အလုပ် ထင်ထင်ရှားရှား မတွေ့ရသဖြင့် မကျေမနပ်ရှိတတ်သောပုဂ္ဂိုလ်တို့အား ရည်ရွယ်၍ အဋ္ဌကထာ၌ ဝန်ခံထားသည်မှာ....

> ယသ္မာ ပန ကာယဝေဒနာ စိတ္တဓမ္မေသု ကဉ္စိဓမ္မံ အနာမသိတွာ ဘာဝနာနာမ နတ္ထိ၊ တသ္မာ တေပိ ဣမိနာဝ မဂ္ဂေန သောကပရိဒေဝေ သမတိက္ကန္တာတိ ဝေဒိတဗ္ဗာ။
>
> (မဟာဝဂ္ဂဋ္ဌကထာ-၃၃၉။ မူလပဏ္ဏာသဋ္ဌကထာ-၂၃၇)

ပန၊ ဖြစ်သင့်သည်အတိုင်း ဆိုဦးအံ့။ ယသ္မာ၊ အကြင့်ကြောင့်။ ကာယဝေဒနာ စိတ္တဓမ္မေသု၊ ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ,ဓမ္မာနုပဿနာတို့တွင်။ကဉ္စိဓမ္မံ၊တခုခုသောသတိပဋ္ဌာန်တရားကို။အနာမသိတွာ၊မသုံးသပ် မရှုမှတ်မူ၍။ဘာဝနာနာမ၊ ဘာဝနာဖြစ်သည်မည်သည်။နတ္ထိ၊မရှိခဲ့။တသ္မာ၊ထိုကြောင့်။တေပိပုဂ္ဂလာ၊ထိုသန္တတိအမတ်,ပဋာစာရီဟုဆိုအပ်သောပုဂ္ဂိုလ်တို့သည်လည်း။ဣမိနာဝမဂ္ဂေန၊ ဤသတိပဋ္ဌာန် ပုဗ္ဗဘာဂမဂ်ဖြင့်သာလျှင်။ သောကပရိဒေဝေ၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်းတို့ကို။ သမတိက္ကန္တာ၊ ကောင်းစွာ လွန်မြောက်ကြကုန်ပြီ။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

အဋ္ဌကထာဆရာ၏ဆိုလိုချက်မှာ-မည်သည့်ပုဂ္ဂိုလ်မဆို သတိပဋ္ဌာန်မပါ၊ မဂ္ဂင်အလုပ်မလုပ်က ဘာဝနာမဖြစ်, မဂ်မရဟုဆိုသောစကားသည် မြတ်စွာဘုရား၏ရည်ညွှန်းချက်နှင့်တပုံစံတည်းပင်ဖြစ်လေသည်။ ခံယူသောပုဂ္ဂိုလ်၏ စရိုက်,ဣန္ဒြေ, အနုအရင့်ကွာသဖြင့် အမြန်ရ အနှေးရ စသည်သာ

www.dhammaransi.com

ခြားနားသည်။ ခန္ဓာသို့ ဉာဏ်မရောက်လျှင်ကား မည်သို့မျှ တရားမရနိုင်ချေ။ ယင်းကဲ့သို့အဋ္ဌကထာဆရာ၏ ဝေဖန်ချက်ကိုဘုရားအလိုဆန္ဒတော်နှင့် ကိုက်ညီသဖြင့် ဋီကာဆရာ၏ ထောက်ခံချက်ကို ကြည့်ပါဦး....

ကထံ ပနာယံ သတိပဋ္ဌာန မဂ္ဂဝသေန သောတာပတ္တိဖလေ ပတိဋ္ဌာသီတိ၊ န ဟိ စတုသစ္စကမ္မဋ္ဌာနကထာယ ဝိနာ သာဝကာနံ အရိယမဂ္ဂါဓိဂမော အတ္ထိ၊ ဣမံ ဂါထံ သုတွာ တိ ပန ဣဒံ သောကဝိနောဒနဝသေန ပဝတ္တိတာယ ဂါထာယ ပဌမံ သုတတ္တာ ဝုတ္တံ၊ သာပိ ဟိ သစ္စဒေသနာယ ပရိဝါရဗန္ဓာဝေ အနိစ္စတာ ကထာတိ ကတွာ။

(မဟာဝဂ္ဂဋီကာ-၂၀၂။ မူလပဏ္ဏာသဋီကာ-၃၃၃)

'ပဋာစာရီသည် သတိပဋ္ဌာန်ဟူသော ပုဗ္ဗဘာဂမဂ်၏ အစွမ်းဖြင့် အဘယ်သို့လျှင် သောတာပတ္တိဖိုလ်၌တည်သနည်းဟူမူ' သာဝကယောဂီတို့ မည်သည် အမှန်တရား သစ္စာလေးပါးတရားနှင့်ကင်း၍ အရိယာမဂ်ကိုရဘူးသည် မရှိခဲ့။ ပဋာစာရီသည် 'န သန္တိ ပုတ္တာ တာဏာယ' စသော ပဌမ ဂါထာကိုနာရစဉ်ပင် ၎င်း၏ ပူဆွေးငိုကြွေးမှုတို့ကို ပယ်ပျောက်ငြိမ်းအေးစေသော ဒုက္ခသစ္စာ ရုပ်,နာမ်အပေါ်၌ပျက်တတ်သော(အနိစ္စ)အချက်ကို သိမြင်ရခြင်းသည်ပင်လျှင် သတိပဋ္ဌာန်လုပ်ငန်း သစ္စကထာများ ပါသွားလေသောကြောင့် အရိယာသောတာပန် ဖြစ်ကြောင်း ထောက်ခံလိုက်လေသည်။

ဤ၌ ကျွန်ုပ်တို့သည် သင်ခန်းစာယူဖို့ကောင်းသည်မှာ အဋ္ဌကထာဆရာ၏မှတ်ချက်တွင်....

ယသ္မာ ပန ကာယဝေဒနာ စိတ္တဓမ္မေသု ကဉ္စိဓမ္မံ အနာမသိတွာ ဘာဝနာ နာမ နတ္ထိ။

ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ-သတိပဋ္ဌာန် လုပ်ငန်းတွင် သတိပဋ္ဌာန် တခုခုမှ မရှုမမှတ် အားမထုတ်က ဘာဝနာမဖြစ်, ဝိပဿနာ မဟုတ်-ဟူ၍ ဖြစ်ပြီး ဋီကာဆရာ၏ မှတ်ချက်တွင်....

န ဟိ စတုသစ္စကမ္မဋ္ဌာနကထာယ ဝိနာ သာဝကာနံ အရိယမဂ္ဂါဓိဂမော အတ္ထိ။

www.dhammaransi.com

သာဝကတို့အတွက် သစ္စာလေးပါး ကမ္မဋ္ဌာန်း အလုပ်တရားနှင့် ကင်း၍ အရိယမဂ်ရခြင်းမရှိ ဟူသည်တည်း။

ဤအဋ္ဌကထာဋီကာဆရာတို့သည် အဘယ့်ကြောင့် တရားအလုပ်, သတိပဋ္ဌာန်အလုပ်,သစ္စာသိအလုပ်တို့ကိုမလုပ်ပဲ မပါပဲ ဝိပဿနာဘာဝနာ မဖြစ်၊ မဂ်ကိုမရဟု ဆိုသနည်းဟူမူ....

သစ္စဝိမုတ္တာ ဟိ ဘဂဝံတော ဒေသနာ နတ္ထိ။

(နေတ္တိဋ္ဌကထာ-၅၆)

'မြတ်စွာဘုရား၏ တရားတော်မှန်လျှင် သစ္စာနှင့် လွတ်သည် မရှိ' ဟူ၍ရင်း။

ဘဂဝတော စန် ကောဂါထာမတ္တမ္ပိ သစ္စဝိမုတ္တံ နတ္ထိ။

(နေတ္တိဋ္ဌကထာ-ဂ၁)]

'မြတ်စွာဘုရား၏ စကားတော်သည် ဂါထာ တပုဒ်ပင် ဖြစ်စေ၊ သစ္စာလွတ်သည်မရှိ'

ဟူ၍ ဖြစ်လေသည်။ ဤ ပဋ္ဌာစာရိကိုဟောရာ၌ ၂-ဂါထာဟော သည်။ သို့ရာတွင် မဟာဝဂ္ဂဋီကာက ပထမဂါထာနှင့်ပင် သောတာပန်ဖြစ် သည်ဟူ၍ ဆိုရာ အလွန်မှန်ကန်လေသည်။မြတ်စွာဘုရားသည် သစ္စာဒေသ နာပါသော သတိပဋ္ဌာန်တရားကို အဘယ့်ကြောင့် ဤမျှ ထည့်၍ အရေး တကြီး ဟောရပါသနည်းဟူမူ....

သစ္စဝိမုတ္တဿ နိယျာနဿ အဘာဝတော။

(မဇ္ဈိမပဏ္ဏာသ ဋီကာ ၁၉၇)

သစ္စာလွတ်လျှင် သစ္စာမပါလျှင် ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း မဖြစ်။

ထို့ကြောင့် သစ္စသံယုတ် ကောဋိဂါမသုတ် စသည်တို့တွင် 'သစ္စာ လေးပါး အမှန်တရားကိုမသိက သင်ချစ်သားတို့ကို မဆိုထားဘိ ငါသည် လည်း သံသရာက မထွက်နိုင်'ဟု ဟောတော်မူထားရာ 'သစ္စာသိအောင် မလုပ် သတိပဋ္ဌာန်တရားကိုအားမထုတ်ပဲ နိဗ္ဗာန်ရသည် မဂ်ရသည်'ဆိုသော စကားများမှာ ဗုဒ္ဓမြတ်စွာသာသနာ၏ စကားမဟုတ်သည်ကို မှတ်သား၍ သင်ခန်းစာယူထိုက်သည်။

www.dhammaransi.com

ဤသတိပဋ္ဌာန် ကောယနမဂ် တခုသည်သာ စိုးရိမ်ပူဆွေး, ငိုကြွေး မြည်တမ်းတတ်သော သတ္တဝါများအတွက် အပူငြိမ်းဆေး ဖြစ်ရုံသာမက အပါယ် လေးပါးမှအစ အလုံးစုံသော သံသရာဝဋ္ဋဒုက္ခမှပင် လွတ်ကင်း စေနိုင်သော မြတ်စွာဘုရား၏ အာမခံချက်အတိုင်း သန္တတိ အမတ် နှင့် ပဋာစာရီတို့ ငြိမ်းပုံတည်း။

၃။ ကိုယ်ဆင်းရဲ-စိတ်ဆင်းရဲ ချုပ်ငြိမ်းခြင်း

ဤကောယနမဂ်ကို ပွားများအားထုတ်သော ယောဂီသည် 'ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ' ဟု မြတ်စွာဘုရား၏ အာမခံချက်တွင် ကိုယ် ဆင်းရဲခြင်း(ဒုက္ခ)၊ စိတ်နှလုံးမသာယာခြင်း(ဒေါမနဿ)ဖြစ်ကြကုန်သော သတ္တဝါတို့အား ဤသတိပဋ္ဌာန်ကောယနမဂ်သည် ကိုယ်ဆင်းရဲ-စိတ်ဆင်းရဲ တို့ကို ကင်းပြတ်ချုပ်ငြိမ်းစေနိုင်ကြောင်းကို ထင်ရှားသော သက်သေဖြင့် အဋ္ဌကထာပြုရဝယ်....

မဟာတိဿ သာဝတ္ထိပြည်၌ တိဿ-အမည်ရှိသော သူကြွယ်သားသည် ကုဋေလေးဆယ်သော ရွှေ-ငွေတို့ကိုစွန့်၍ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပြီးလျှင် ရွာမရှိသော တောအရပ်၌ သင်ခမ်း ကျောင်းကလေးဆောက်၍ သီတင်းသုံးနေလေသည်၊ထိုအရှင်တိဿထေရ်၏ ခယ်မ(ညီ၏မယား)သည်'ငါတို့၏နောင်ကြီးတိဿမှာ သာသနာ၌ မပျော် မွေ့ပဲ အကယ်၍လူထွက်လာငြားအံ့၊ပစ္စည်းဥစ္စာတို့ကို ခွဲဝေပေးရတော့မည်' ဟု မစ္စည်း၌ မက်မောမှုဖြစ်၍ တယောက်လျှင် တပည့်ဂိုဏ်းသား တရာစီ ရှိသော လူဆိုးကြီးငါးဦးတို့ကို ခေါ်၍....

> တုမှေ၊ သင်တို့သည်။ ဂစ္ဆထ၊ မဟာတိဿနေသော တောကျောင်း အရပ်သို့ သွားကြ ကုန်လော့။ ဂန္တွာ၊ သွား ရောက် ကြ ပြီး သော်။ တိဿတ္ထေရံ၊ တိဿထေရ်ကို။ ဇီဝိတာ၊ ရုပ်-နာမ်နှစ်ထွေ ဇီဝိတိန္ဒြေမှ။ ဝေါရောပေထ၊ ချကြကုန်လော့၊ ဝါ-သတ်ကြကုန်လော့။

ဟု ကြေးငွေပေး၍စေလွှတ်လိုက်လေသည်၊လူဆိုးတို့လည်း တောသို့ သွားရောက်လျှက် တိဿထေရ်ရှိရာကျောင်းကို ဝိုင်းရံပြီးထိုင်နေကြသော်၊ ထိုင်နေကြသောထိုသူတို့အား တိဿထေရ်က....

www.dhammaransi.com

'တကာတို့ အဘယ့်ကြောင့် ဤဌာနသို့ လာကြကုန်သနည်း'
ဟု မေးလေသော်....

'အရှင်ဘုရားကို သတ်ရန်လာပါသည်ဘုရား'
ဟု လျှောက်ကြသောအခါ၊ မထေရ်က....

'သို့ဖြစ်လျှင် ယုံကြည်လောက်သော အာမခံချက်ကိုယူ၍ ယနေ့ တညတာအတွက် ငါ့အားမသတ်ရန် ဆိုင်းငံ့ထားကြ ကုန်လော့'
ဟု ပြော၏။

'အရှင်ဘုရား ဤနေရာတွင် အဘယ်သူသည် အာမခံလာပေးနိုင်ပါမည်လဲ'
ဟု မေးလျှောက်ကြသောအခါ....

ထေရော၊ တိဿ ထေရ်သည်။ မဟန္တံ၊ ကြီးစွာသော။ ပါသာဏံ၊ ကျောက်တုံးကို။ ဂဟေတွာ၊ သယ်ဆောင်ချီမ၍။ ဒွေ၊ နှစ်ချောင်းကုန်သော။ ဦရုဋ္ဌိနိ၊ ပေါင်ရိုးတို့ကို။ ဘိန္ဒိတွာ၊ အာမခံအတွက် အကြောင်းဆက်အောင် သက်သက်ထုချိုးပြီး၍။ ဥပါသကာ၊ တကာတို့။ မေငါ၏။ ပါဋိဘောဂေါ၊ အာမခံချက်သည်။ ဝဋ္ဋတိ၊ သင့်တော်ပြီလော။ ဣတိ၊ ဤသို့။ အာဟ၊ ဆိုပြီ။

ထိုအခါမှ လူဆိုးတို့လည်း နောက်ဆုတ်ကြပြီးလျှင် စကြံဦး၌ မီးပုံ လျက် အိပ်ကြလေသည်၊ မထေရ်သည်....

ဝေဒနံ ဝိက္ခမ္ဘေတွာ သီလံ ပစ္စဝေက္ခတော။
'ပေါင်ကျိုးခြင်းကြောင့် ဖြစ်သော ဆင်းရဲခံစားမှု (ဒုက္ခဝေဒနာ) ကို ခွါပစ်၍၊ မိမိ၏ ရဟန်းဖြစ်သည်မှ ယနေ့ကျအောင် စောင့်ထိန်းခဲ့ရသော သီလကို ဆင်ခြင်သည်ရှိသော်'

စင်ကြယ်သော သီလရှိသည်ကိုသိ၍ ဝမ်းမြောက် နှစ်သက်ခြင်း ဖြစ်ပြီးမှ....

တတော အနုက္ကမေန ဝိပဿနံ ဝဍ္ဎေန္တော အရဟတ္တံ ပတ္တော။
'ထိုနောက် အစဉ်အတိုင်း မြတ်စွာဘုရားအထံမှသင်ယူခဲ့သော ဝိပဿနာကို ပွားသည်ရှိသော် အရုဏ်တက်ရာ ထိုအခါ၌ အရဟတ္တဖိုလ်သို့ ရောက်လေပြီ'။

www.dhammaransi.com

ဝေါဟံ စိန္တယိတွာန၊ ယထာဘူတံ ဝိပဿိသံ။
သမ္ဗုဒ္ဓော အရဟတ္တမ္ပိ၊ အရဟတ္တမပါပုဏိံ။
(မဟာဝဂ္ဂဋ္ဌကထာ-၃၃၉။ ဒုတိယဂါထာ)

ဧဝံ-ဤသို့။ အဟံ၊ငါသည်။ စိန္တယိတွာန၊ ကြံစည်ပြီး၍။ယထာဘူတံ၊ အကြင်အကြင် မဖောက်မပြန် ဟုတ်မှန်တိုင်းသော ပရမတ်တရားကို။ ဝိပဿိသံ၊ ရှုကြည့်သည်ရှိသော်။ အရဟတ္တမ္ပိ၊ အရဟတ်တက်ချိန်သည်။ သမ္ဗုဒ္ဓော၊ ရောက်လတ်သော်။ အရဟတ္တံ၊ အရဟတ္တဖိုလ်ရဟန္တာအဖြစ်သို့။ အပါပုဏိံ၊ ရောက်ရပေပြီ။

ဟု ဥဒါန်းကျူးရင့်လေသည်။

သတိပြုရန်။ ။ဤမဟာတိဿရဟန္တာဖြစ်ပုံကို မူလပဏ္ဏာသဋ္ဌကထာ ၂၃၀-၌လည်း ဤအတိုင်းဖော်ပြသည်။ ဋီကာ၌လည်း....

ထေရဿ ဟိ သီလံ ပစ္စဝေက္ခတော ပရိသုဒ္ဓိသီလံ နိဿာယ ဥပ္ပန္နာရ ပီတိပါမောဇ္ဇံ ဥပ္ပဇ္ဇမာနံ ဦရုဋ္ဌိဘောဒဇနိတံ ဒုက္ခဝေဒနံ ဝိက္ခမ္ဘေသိ။
(မဟာဝဂ္ဂဋီကာ-၂၀၃။ မူလပဏ္ဏာသဋီကာ-၃၃၃)

ဟိ၊ ဒုက္ခဝေဒနာခွါပုံ ပြောပြဦးအံ့။ ထေရဿ၊မဟာတိဿမထေရ်အား။ သီလံ၊ မိမိ၏ ကာယကံ,ဝစီကံစောင့်ထိန်းမှုကို။ ပစ္စဝေက္ခတော၊ တဖန်ပြန်၍ သုံးသပ်စစ်ဆေးသည်ရှိသော်။ ပရိသုဒ္ဓိသီလံ၊ စင်ကြယ်စွာတည်ရှိလာသောမိမိ၏သီလကို။နိဿာယ၊အားကိုးသမှု အမှီပြု၍။ ဥပ္ပန္နာရ၊ ပြန့်ပြောသော။ ပီတိပါမောဇ္ဇံ၊ နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်းသည်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သည်ရှိသော်။ ဝါ၊ ဖြစ်ခြင်းကြောင့်။ဦရုဋ္ဌိဘောဒဇနိတံ၊ပေါင်ကျိုးခြင်းသည် ဖြစ်စေအပ်သော။ ဒုက္ခဝေဒနံ၊ ဆင်းရဲခံစားမှုကို။ ဝိက္ခမ္ဘေသိ၊ ခွါနိုင်တော့၏။

ဋီကာနှစ်စောင်ကလည်း ဒုက္ခဝေဒနာကို ခွါကြောင်း ခွါပုံနှင့်တကွ ဖော်ပြထားသည်။ ထို့ထက် မဟာဝဂ္ဂဋီကာတွင် ထပ်ဆင့် ဖော်ပြပုံမှာ....

ဝေဒနံ ဝိက္ခမ္ဘေတွာတိ ဦရုဋ္ဌိဘောဒပစ္စယံ ဒုက္ခဝေဒနံ အမနသိကာရေန ဝိနောဒေတွာ-

ဟု ဖော်ပြသည်။

www.dhammaransi.com

ဝေဒနံ ဝိက္ခမ္ဘေတွာတိ၊ ဒုက္ခဝေဒနာကိုခွါပစ်၍ဟူသည်ကား။ သော၊ ထို မဟာတိဿမထေရ်သည်။ ဉိရုဋ္ဌဘေဒပစ္စယံ၊ ပေါင်ကျိုးခြင်း, ပျက်ခြင်းကြောင့်ဖြစ်သော။ ဒုက္ခဝေဒနံ၊ ဆင်းရဲခံစားမှု ဒုက္ခ (ဝေဒနာ) ကို။ အမနသိကာရေန၊ နှလုံးမသွင်း မသုံးသပ်ခြင်းဖြင့်။ ဝိနောဒေတွာ၊ ပယ်ဖျောက်၍-

ဟု ဒုက္ခဝေဒနာကို ခွါပုံအမျိုးမျိုးဖြင့် ညွှန်ပြထားပါလျက်နှင့် တရားအားထုတ်သူ အချို့သာမက တရားပြ ဆရာအချို့ပင် ဒုက္ခဝေဒနာကြီးကိုရှု၍ ရဟန္တာဖြစ်ကြောင်း ဟောပြော ပြသကြသည့်အပြင် စာအုပ်စာတမ်းများပင် ထုတ်ဝေ ဖြန့်ချီထားသေးရကား တရားလိုက်စားသူတို့ တရားမှန်ရရန် ဝေဖန်ယူကြပါလေကုန်။ ၎င်းပြင် အခြားဝေဖန်စရာကိစ္စများ ကျန်သေးသည်။ နောက်တွင် ဆက်ပြဦးအံ့။

(ယခုဤအခဏ်းသည် ဒုက္ခဝေဒနာချုပ်ငြိမ်းပုံ သက်သေပြသော အပိုင်းဖြစ်၍ ၎င်းကိုပင် ပြအံ့။)

ကျားစားခံရသောမထေရ် ရဟန်း သုံးကျိပ်တို့သည် မြတ်စွာဘုရား အထံတော်မှ အ ရဟ တ္တ ဖိုလ် တိုင်အောင် သော ကမ္မဋ္ဌာန်းတရားကို သင်ယူခဲ့၍ တောကျောင်း၌ဝါဆိုကြကာ တရားအားထုတ်နေကြလေသည်။ အချင်းချင်း စကားမပြောပဲ တရားကိုသာ လုံ့လစိုက်၍ နေကြရာ ညအချိန်တွင် ကျားရဲတကောင်သည် တညလျှင် တပါးကျဖြင့် ကိုက်ချီသွားသောကြောင့် ၁၅-ရက်ကြာ၍ ဥပုသ်ပြုသောအခါမှ သံဃာ ၁၅-ပါး မရှိတော့ကြောင်း သိရသဖြင့် စုံစမ်းသောအခါ ကျားချီယူကြောင်း ထင်ရှားသောကြောင့် 'ငါ့ရှင်တို့ နောင်အန္တရာယ်ကြုံလျှင် အော်ကြပါ ပြောကြပါ'ဆို၍သတိထားနေကြစဉ် ကျားရဲသည် အခါတိုင်းကဲ့သို့ ရဟန်းတပါးကို ကိုက်ချီပြန်သည်။ အကိုက်ခံရသော ရဟန်းသည် 'အရှင်ဘုရားတို့-ကျားကိုက်ပါသည်'ဟု အော်သောအခါ ရဟန်းတော်တို့လည်း တုတ်များ ခဲများကိုရင်း, မီးရှူးမီးတုတ်တို့ကိုရင်း ကိုင်ဆောင်၍လိုက်လေသည်။ သို့ရာတွင် ကျားသည် အတင်းချီသွား၍ ရဟန်းများမလိုက်နိုင်သော တောင်ပြတ်တွင် ချထား၍ ကိုက်စားရန်ပြင်ဆင်လေသည်။ ထိုအခါ ရဟန်းတော်များသည် လိုက်၍မရတော့သောအခါ...,

www.dhammaransi.com

သပ္ပုရိသ၊ သူတော်ကောင်း။ ဣဒါနိ၊ ယခုအခါ၌။ အမ္မေဟိ၊ ငါတို့သည်။ ကတ္တဗ္ဗံ၊ ပြုအပ် ပြုသင့် ပြုထိုက်သောကိစ္စသည်။ နတ္ထိ၊ မရှိတော့ချေ။ ဘိက္ခုဝိသေသောနာမ၊ ရဟန်းထူး ရဟန်းမြတ်တို့ မည်သည်။ ဝေဠုပေ၊ ဤသို့ သေပေါက် သေဝ ဖြစ်သော။ ဌာနေ၊ နေရာမျိုး၌။ ပညာယတိ၊ သိသာ ထင်ရှားပေ၏။

သီတင်းသုံးဖော်သံဃာတော်တို့က သတိပေးပြောကြားလိုက်သောအခါ ကျားကိုက်ခံရသော မထေရ်သည်....

ဗျဂ္ဃမုခေ၊ ကျား၏ ခံတွင်း၌။ နိပန္နောဝ၊ လျောင်းလျက်သာလျှင်။ တံဝေဒနံ၊ ထို ကျားကိုက်ခြင်းဟူသော အကြောင်းရှိသော (ဒုက္ခဝေဒနာ) ဆင်းရဲခံစားမှုကို။ ဝိက္ခမ္ဘေတွာ၊ ခွါပစ်၍။ ဝိပဿနံ၊ မြတ်စွာဘုရားထံမှ သင်ကြားယူလာသော ဝိပဿနာကို။ ဝဍ္ဎေန္တော၊ ပွားများသည်ရှိသော်။ ယာဝဂေါပ္ဖကာ၊ ခြေမျက်စိတိုင်အောင်။ ခါဒိတသမယေ၊ ခဲစားအပ်ပြီးရာအခါ၌။ သောတာပန္နော၊ သောတာပန်သည်။ ဟုတွာ၊ ဖြစ်၍။ ယာဝဇဏ္ဏုကာ၊ ပုဆစ်ဒူးဝန်း တိုင်အောင်။ ခါဒိတသမယေ၊ ခဲစားအပ်ပြီးရာအခါ၌။ သကဒါဂါမီ၊ သကဒါဂါမ်သည်။ ဟုတွာ၊ ဖြစ်၍။ ယာဝနာဘိယာ၊ ချက်တိုင်အောင်။ ခါဒိတသမယေ၊ ခဲစားအပ်ပြီးရာအခါ၌။ အနာဂါမီ၊ အနာဂါမ်သည်။ ဟုတွာ၊ ဖြစ်၍။ ဟဒယရူပေ၊ နှလုံးသားကို။ အခါဒိတေယေဝ၊ မစားအပ်မီသာလျှင်။ ပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါ လေးပါးတို့နှင့်။ သဟ၊ တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်၍။

(မဟာဝဂ္ဂဋ္ဌကထာ နှင့် မူလပဏ္ဏာသဋ္ဌကထာ)

ထိုကျားစားခံရသော မထေရ်လည်း ကျားကိုက်ခြင်းကြောင့်ဖြစ်သော ဒုက္ခဝေဒနာကြီးကိုနှလုံးမသွင်း မရှုမှတ်သောအားဖြင့် ပယ်ခွါလိုက်ပြီးလျှင် မြတ်စွာဘုရားအထံတော်မှ ယူလာသော ရှုနေကျတရားကို သတိပဋ္ဌာန် ကောယနမက် မှန်အောင် အားထုတ်နိုင်သဖြင့် ကိုယ်၌ဖြစ်သော (ကာယိကဒုက္ခ)ဆင်းရဲကိုချုပ်ငြိမ်းစေ၍ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုတော်မူကြောင်း။

www.dhammaransi.com

ထိုပြင် 'ပီတမလ္လ'အမည်ရှိသောမထေရ်သည်လည်း ရဟန်းသုံးကျိပ်နှင့်အတူ တောသို့သွား၍ ကျောက်ဖျာပေါ်တွင် စင်္ကြံလျှောက်၍ တရားအားထုတ်သောအခါ အလွန်ပင်ပန်းသဖြင့် ခြေတို့ဖြင့်မသွားနိုင်လေလျှင် လေးဖက်ထောက်၍ တညလုံးစင်္ကြံ တရားအားထုတ်နေရာ ခပ်လှမ်းလှမ်းမှ မုဆိုးတယောက်သည် ကျောက်ဖျာပေါ်တွင် သားသမင်မှတ်၍ လှံပျံနှင့်ပစ်ထိုးသောအခါ မထေရ်သည် လှံကိုနှုတ်၍ လှံထိုးရာအနာကိုမြက်ခြောက်တို့ဖြင့်ဆို့ပိတ်၍ ဝိပဿနာကို ဆက်လက်ရှုသဖြင့် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ကြောင်း ၎င်းအဋ္ဌကထာတို့တွင် ဆက်လက် ပြထားလေသည်။

ဤသည်တို့ကား ကိုယ်၌ဖြစ်သော(ကာယိကဒုက္ခ)တို့ချုပ်ငြိမ်းခြင်းတည်း။

သိကြားမင်း နတ်တို့ကို အစိုးရသော သိကြားမင်းသည် နတ်သက်တထောင် စေ့၍သေအံ့သောအခါ နတ်တို့ထုံးစံအတိုင်း နိမိတ်ငါးပါးပြလေသည်။ ထိုအခါ သိကြားမင်းသည်'ငါ့အား သေဘေးသည် ခြိမ်းခြောက်လျက်ရှိချေပြီ၊ငါ၏အားထားရာသည် အဘယ်ပါနည်း' ဟု ဆင်ခြင်လတ်သော် အားထားရာမရှိသဖြင့်အကြီးအကျယ်စိတ်ဆင်းရဲမှု (ဒေါမနဿ)ဖြစ်လေသည်၊ နောက်မှ မြတ်စွာဘုရားကိုသတိရသော်လည်း ရင်းနှီးမှုမရှိသဖြင့် ဘုရားနှင့်ရင်းနှီးသော 'ပဥ္စသိခ' နတ်သားကို ခေါ်၍ ထိုအခါတွင် မြတ်စွာဘုရားသီတင်းသုံးသော ဣန္ဒသာလလိုဏ်ဂူသို့ သွား၍ မြတ်စွာဘုရားအား ပုစ္ဆာများ မေးမြန်း လျှောက်ထား ပြီးသော အခါ မြတ်စွာဘုရား၏ ဥပေက္ခာဝေဒနာ ဖြေဆိုခြင်း အပြီးတွင် နတ် ပရိသတ် ရှစ်သောင်းနှင့် တကွ သောတာပန် ဖြစ်ပြီးလျှင် ထိုနေရာ၌ပင် စုတေ၍ သောတာပန်သိကြား ချက်ချင်းပြန်ဖြစ်လေသည်ဟု ၎င်းအဋ္ဌကထာများက ဆက်၍ပြသည်။ ၎င်းပြင်....

သုပြဟ္မနတ်သား သုပြဟ္မအမည်ရှိသော နတ်သားသည် နတ်သမီးတထောင် အခြံအရံနှင့် နတ်၌ဖြစ်သော စည်းစိမ်ကို အစွမ်းကုန် ခံစားလေသည်။ တနေ့တွင် နန္ဒဝန်ဥယျာဉ်သို့ နတ်သမီးတထောင်နှင့် ထွက်လာ၍ ငါးရာသောနတ်သမီးတို့က သစ်ပင်ပေါ်မှပန်းများ ခူးချပေးလျက် ကျန်နတ်သမီးငါးရာတို့က ပန်းများကောက်၍ နတ်သားကြီးကို ပန်ဆင်ပေး

www.dhammaransi.com

နေခိုက် ပန်းများကျမလာတော့သောကြောင့် နတ်မျက်စိဖြင့်ကြည့်လေရာ နတ်သမီးငါးရာတို့သည် စုတိလျက် ငရဲသို့ကျရောက်ကုန်ကြောင်းကို တွေ့သိသည်မှနောက်တွင် မိမိ၏အသက်ပိုင်းကို ရှုဆင်ခြင်သောအခါ ၎င်းလည်း နေရမည့်အသက် ကုန်ကြောင်း သေခါနီးအဖြစ်ကိုပါ မြင်လာသိလာရသောသုပြဟ္မနတ်သားသည် ထောက်တည်ရာ မရအောင် စိတ်နှလုံးပူပန်လေရကား အားကိုး အားထား ရှာသော အခါ ဘယ်မှာမှ မရသဖြင့် မြတ်စွာဘုရားထံအမြန်လာရောက်လျက်....

'မြတ်စွာဘုရား ယခုမဖြစ်သေးသော်လည်း နောင်ဖြစ်လတ္တံ့သော ကိစ္စတို့ကြောင့် တပည့်တော်၏စိတ်သည် အမြဲကြောက်လန့်နေပါ၏၊ တုန်လှုပ်နေပါ၏၊ ထိတ်လန့်နေပါ၏၊ ဖြစ်ကုန်ပြီးသော ကိစ္စတို့ကြောင့်လည်း တပည့်တော်၏စိတ်သည် အမြဲပင် ကြောက်လန့်နေပါ၏၊ တုန်လှုပ်နေပါ၏၊ ထိတ်လန့်နေပါ၏၊ အရှင်ဘုရားအား မထိတ်လန့်သောတရား, မကြောက်ကြောင်းဖြစ်သောတရားသည် အကယ်၍ရှိပါမူကား တပည့်တော်အား ဟောကြားတော်မူပါ'

ဟု လျှောက်သောအခါ မြတ်စွာဘုရားက....

ဒေဝပုတ္တ၊နတ်သား။ ဗောဇ္ဈာ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တတ်သော အရိယမဂ်ကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊သတ္တဝါတို့၏။ သောတ္ထိံ၊ ဘေးရန်ကင်းကွာ ချမ်းသာခြင်းကို။ အဟံ၊ငါဘုရားသည်။ နပဿာမိ၊မြင်တော်မမူ။ တပသာ၊ကိလေသာကို ပူပန်စေပယ်တတ်သော သလ္လေခအကျင့်ကို။အညတြ၊ကြဉ်ထား၍။ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ ချမ်းသာခြင်းကို။ နပဿာမိ၊မြင်တော်မမူ။

စသည်ဖြင့် ဟောတော်မူရာ၊ သုပြဟ္မ နတ်သားသည် နတ်သမီးအရံ ငါးရာနှင့် တကွ သောတာပန် ဖြစ်လေသည်၊ ဤသို့ဖြင့် ဤသတိပဋ္ဌာန် ဟူသော ကာယနုမဂ်,ပုဗ္ဗဘာဂမဂ်သည် သိကြား-သုပြဟ္မနတ်သားစသည်တို့၏ စိတ်နှလုံးမသက်မသာ ပူဆာဒုက္ခ ကင်းဝေးရပြီး၊ အရိယာစခန်း အရိယာလမ်းသို့ ရောက်ကြရသဖြင့် 'ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ' ဟူသော အာမခံအတွက် လုံလောက်ပေသည်။

www.dhammaransi.com

ဉာယဿ အဓိဂမာယ–အရိယမဂ်ကိုရခြင်း

ဉာယ-ဟူသည်ကား ကိလေသာ တည်းဟူသော အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော ကိလေသာ တည်းဟူသော ရန်သူအပေါင်းမှ ကင်းကြောင်းဖြစ်သော အင်္ဂါရှစ်ပါးရှိသောမဂ်ကို ဉာယ-ဟူ၍ ဆိုအပ်၏၊ ထိုနိဗ္ဗာန်သို့သွားကြောင်းဖြစ်သောအရိယမဂ်သို့ရောက်ခြင်းငှာ တကြောင်းတည်းသာဖြစ်သောခရီးပေတည်း။ ထိုစကားကိုခဲ့၍ဆိုဦးအံ့၊ လောကုတ္တရာမဂ်၏ ရှေ့အဘို့၌ လောကီဖြစ်သော ဤသတိပဋ္ဌာန်တည်းဟူသောမဂ်သည်၊ ဝါ-မဂ်ကိုပွားများအားထုတ်အပ်သည်ရှိသော် လောကုတ္တရာမဂ်ကို ရခြင်းငှာ ဖြစ်၏။

နိဗ္ဗာန်ကိုရခြင်းဟူသည်မှာလည်း တဏှာဟူသော ဝါနမှ ကင်းသည်ဖြစ်သောကြောင့် ထိုထိုဘဝအဖြစ်, ကိလေသာ အပူအလောင် အဖြစ်တို့ငြိမ်းလျက်, ဝဋ္ဋဇာတ်သိမ်းလျက်, မဖြစ်ငြိမ်း, မဖြစ်အေးခြင်းသည်ပင်လျှင် ထိုနိဗ္ဗာန်ဟူ၍ ရအပ်သော အမည်ရှိသော အို-နာ-သေရေး ဒုက္ခဘေးတို့ ကင်းဝေးချုပ်ငြိမ်းရာကို ကိုယ်တိုင်မျက်မှောက်ပြုရခြင်းသည်လည်း ကောယန-ဟူသော သတိပဋ္ဌာန် ပုဗ္ဗဘာဂမဂ်ကြောင့်သာဖြစ်၍....

> အယံမဂ္ဂေါ၊ဤကောယနအမည်ရသော သတိပဋ္ဌာန်ပုဗ္ဗဘာဂမဂ်သည်၊ ဝါ-ကို။ ဘာဝိတော၊ ပွားများ အားထုတ် အပ်သည်။ သမာနော၊ ဖြစ်သည်ရှိသော်။ အနုပုဗ္ဗေန၊အစဉ်အားဖြင့်၊ဝါ-ဉာဏ်အစဉ်အားဖြင့်။ နိဗ္ဗာနသစ္ဆိကိရိယံ၊ နိဗ္ဗာန်ကို ကိုယ်တိုင်မျက်မှောက်ပြုခြင်းကို။ သာဓေတိ၊ပြီးစေ၏။ တေန၊ ထို့ကြောင့်။ နိဗ္ဗာနဿ သစ္ဆိကိရိယာယာတိ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ-ဟူ၍။ဘဂဝါ၊မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူပြီ။

(မဟာဝဂ္ဂဋ္ဌကထာမှ လုံးဝပြန်ဆိုသည်။)

သတိပဋ္ဌာန်ဟူသည် အဘယ်နည်း

သတိပဋ္ဌာန် ဟူသော အမည်သည် အောက်မေ့မှု, ဂရုစိုက်မှု၏ တည်ရာဌာနဖြစ်သော ကာယ-ဝေဒနာ-စိတ္တ-ဓမ္မဟူသည့် အရှုခံ,အကြည့်ခံ သတိတရား၏ ကျက်စားရာအာရုံသည် သတိပဋ္ဌာန်မည်၏၊ သတိဖြင့် ထားအပ်သောတရား, သတိဖြင့် ဖြစ်စေအပ်သောတရား။

www.dhammaransi.com

ပတိဋ္ဌာတိ အသ္မိန္တိ ပဋ္ဌာနံ။

အသ္မိံ ဂေါစရေ၊ ထိုကျက်စားရာအာရုံ၌။ ပတိဋ္ဌာတိ၊ တည်တတ်၏။ ဣတိတသ္မာ၊ ထိုသို့တည်ရာ၏ အဖြစ်ကြောင့်။ သောဂေါစရော၊ ထို ကျက်စားရာအာရုံသည်။ ပဋ္ဌာနံ၊ ပဋ္ဌာန-မည်၏။

ထို ကျက်စားရာအာရုံ၌ အဘယ်တရားသည် တည်သနည်း ဟူမူ.... သတိတရားသည် တည်ပေ၏၊သတိ၏တည်ရာအာရုံ,တနည်း-သတိသာလျှင် ပြဓာန်းသော အဓိက လိုရင်းဖြစ်သော တည်ရာအရပ်သည်၊ ဝါ-သတိ ဟူသော တရား၏ မြတ်သော ကျက်စားရာ အာရုံဖြစ်သော သတိပဋ္ဌာန် ပရမတ် ရုပ်-နာမ် ဖြစ်သည်။

အကြောင်တရားသဘောသည် ကျက်စားရာအာရုံသို့ကပ်၍-သက်ဝင်၍ တည်တတ်၏၊ ထို့ကြောင့် ပဋ္ဌာန-မည်၏၊ ထို့ကြောင့် ရုပ်-နာမ် ပရမတ် အပေါ်၌ ကျက်စားရာ အာရုံအဖြစ်ဖြင့် ကပ်ရောက်၍, သက်ဝင်၍, ပြေး ဝင်၍,ဖြန့်၍ ဖြစ်ခိုက်-တည်ခိုက်ကို သတိပဋ္ဌာန်ခေါ်သည်။ တနည်း....

သရဏဋ္ဌေန သတိ၊ ဥပဋ္ဌာနဋ္ဌေန ပဋ္ဌာနံ၊ ဣတိ သတိစ သာ ပဋ္ဌာနဥ္စာတိပိ သတိပဋ္ဌာနံ။

သရဏဋ္ဌေန၊ အောက်မေ့ခြင်းဟူသော အနက်သဘော သတ္တိကြောင့်။ သတိ၊ သတိ-မည်၏။ ဥပဋ္ဌာနဋ္ဌေန၊ အာရုံသို့ ကပ်၍ - သက်ဝင်၍ တည်ခြင်းအနက်သဘောသတ္တိကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာန-မည်၏။ ဣတိ တသ္မာ၊ထို့ကြောင့်။ သာဓမ္မဇာတိ၊ထိုတရားသည်။ သတိစ၊အောက်မေ့ ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥပဋ္ဌာနဥ္စ၊ အာရုံသို့ သက်ဝင်၍ တည်ခြင်းသည်လည်း။ ဟောတိ၊ဖြစ်၏။ ဣတိတသ္မာပိ၊ ထိုနှစ်ပါးသော သတ္တိကြောင့်လည်း။ တံဓမ္မဇာတံ၊ထိုတရားသဘောသည်။ သတိပဋ္ဌာနံ၊ သတိပဋ္ဌာန-မည်၏။ ဣဒံ သတိပဋ္ဌာနံ၊ ဤ သတိယေဝ သတိပဋ္ဌာနံ ဟူသော ဆိုအပ်ပြီးသောသတိပဋ္ဌာန်ကို။ ဣဓဣမသ္မိံ သုတ္တေ၊ဤမဟာ သတိပဋ္ဌာန်သုတ်၌။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။

ဆိုလိုသော အဓိပ္ပာယ် အတိုချုပ်မှာ - ဤမဟာသတိပဋ္ဌာနသုတ်၌ ဂရုစိုက်အောက်မေ့အပ်သော သတိသည်သာလျှင် ကျက်စားရာ ရုပ်-နာမ် သို့ ကပ်ရောက်၍ သက်ဝင်၍တည်နေခြင်း သတိပဋ္ဌာန်ဟု ခေါ်ပေသည်၊

www.dhammaransi.com

ယင်းသတိကို အာရုံကိုကပ်ရောက်ရာ၌ အဘယ့်ကြောင့် ၄-မျိုး ၄-ပါး ခွဲခြား၍ ဟောတော်မူထားသနည်း ဆိုသော်-ကျွတ်ထိုက်သော သတ္တဝါ ဝေနေယျတို့၏ ဣန္ဒြေစရိုက်စသည် ကွဲပြားမှုကြောင့် ထိုဝေနေယျတို့၏ အကျိုးစီးပွား အလို့ငှာ, ချမ်းသာခြင်းငှာ ရည်ရွယ်တော်မူ၍ ၄-မျိုး ၄-ပုံ ခွဲခြား၍ ဟောတော်မူရလေသည်။ ထို ၄-မျိုးတို့တွင်....

၁။ ဉာဏ်ပညာနုံ့၍ လောဘတဏှာ သဘောများသော ဝေနေယျ အတွက် 'ကာယာနုပဿနာ'၊

၂။ ဉာဏ်ပညာထက်၍ လောဘတဏှာသဘောများသော ဝေနေယျ အတွက် 'ဝေဒနာနုပဿနာ'၊

၃။ ဉာဏ်ပညာနုံ့၍ ဒိဋ္ဌိအယူမှား အစွဲများသော ဝေနေယျအတွက် 'စိတ္တာနုပဿနာ'၊

၄။ ဉာဏ်ပညာထက်၍ ဒိဋ္ဌိအယူမှားအစွဲများသော ဝေနေယျအတွက် 'ဓမ္မာနုပဿနာ'။

တနည်းလည်း....

၁။ ဉာဏ်ပညာနုံ့၍ သမထစျာန်ယာဉ် ရပြီးသော ဝေနေယျအား 'ကာယာနုပဿနာ'၊

၂။ ဉာဏ်ပညာထက်၍ သမထစျာန်ယာဉ်ရပြီးသော ဝေနေယျအား 'ဝေဒနာနုပဿနာ'၊

၃။ ဉာဏ်ပညာနုံ့၍ ဝိပဿနာယာဉ်ရသော ဝေနေယျအား 'စိတ္တာနုပဿနာ'၊

၄။ ဉာဏ်ပညာထက်၍ ဝိပဿနာယာဉ်ရသော ဝေနေယျအား 'ဓမ္မာနုပဿနာ'။

(ဤကား-အဋ္ဌကထာဆရာတို့ အဆိုဖြစ်သည်။)

www.dhammaransi.com

စရိုက်နှင့် သတိပဋ္ဌာန်

အဋ္ဌကထာ၏ ဤအချက်ကိုယူ၍ အချို့သူတို့သည် မည်သူအား မည်သည့် သတိပဋ္ဌာန်ကို အားမထုတ်အပ်, အားမထုတ်ကောင်းစသည်ဖြင့် ယူဆကြလေသည်၊ သတိပဋ္ဌာန်အခြေခံအနေနှင့် ခွဲခြားကာ စရိုက်ဣန္ဒြေကို သိတော်မူသော မြတ်စွာဘုရား၏ 'အာသယာနုသယ'ဉာဏ်တော်အရာသာ ဖြစ်သည်၊ မိမိတို့ဝေဖန်နေဖို့ မဟုတ်ချေ၊ အဋ္ဌကထာဆရာတို့ခွဲခြားပြထားသည်မှာလည်း မြတ်စွာဘုရား၏ ဟောကြားမှုကိုသာ ပြခြင်း ဖြစ်သည်။

စင်စစ်မှာ ဝိပဿနာဉာဏ်ဖက်သို့ ရောက်က ကာယာနုပဿနာ၏ ပရမတ် လမ်းကြောင်းလည်း ဖြစ်, ပျက်, အနိစ္စ, ဒုက္ခ, အနတ္တ ရှုရသည်၊ ဝေဒနာ, စိတ္တ, ဓမ္မတို့၏ ပရမတ်လမ်းကြောင်းလည်း ဖြစ်, ပျက်, အနိစ္စ, ဒုက္ခ, အနတ္တရှုရသည်ချည်းဖြစ်၍ ကာယဝေဒနာ, စိတ္တ, ဓမ္မမဟူ အခြေခံဖြစ်သော ပရမတ် ရုပ်, နာမ်သာ အဓိကထားဖွယ် လိုသည်၊ မိမိ၏ အသိဉာဏ်ရောက်ရာသည် မိမိအဖို့ သင့်လျော်သောသတိပဋ္ဌာန်ဖြစ်သည်၊ ဝိပဿနာရှုမှုသည် ပရမတ် သဘောတရားအမှန်ကို အမှန်အတိုင်း မသွေ မဖည် ဉာဏ်သက်ရောက်မှုသာ လိုရင်းဖြစ်သည်။ ရှေးအဋ္ဌကထာဆရာတို့သည်လည်း....

> သရဏဝသေန စေဝ ကေတ္တသမောသရဏ ဝသေန စ ကေမေဝ
> သတိပဋ္ဌာနံ၊ အာရမ္မဏဝသေန စတ္တာရောတိ ဝေဒေဝ ဝုတ္တံ။
> (အဋ္ဌကထာ-၃၄၅)၊

သရဏဝသေနစေဝ၊ ကာယ-ဝေဒနာ-စိတ္တ-ဓမ္မဟူသောတရား, ကုသိုလ်အစရှိသော တရားတို့ကို ဆောင်ရွက်မှတ်သား ဂရုစိုက်သောအားဖြင့် သတိထားခြင်း အစွမ်းအားဖြင့် လည်းကောင်း။ ကေတ္တသမောသရဏဝသေနစ၊ တခုတည်းသော သဘောရှိသော နိဗ္ဗာန်၌ ပေါင်းဆုံသက်ရောက်ခြင်း၏ အစွမ်းအားဖြင့် လည်းကောင်း။ ဝါ၊ တခုတည်းသော နိဗ္ဗာန်သို့ဝင်ခြင်း၏အကြောင်းဖြစ်၍ဖြစ်သော တခုတည်းသောပရမတ္ထဓမ္မ သတိပဋ္ဌာန်သဘော၌ ပေါင်းဆုံသက်ရောက်ခြင်း၏အစွမ်းအားဖြင့် လည်းကောင်း။ ကေမေဝ၊တခုတည်းသာလျှင်ဖြစ်သော။ သတိပဋ္ဌာနံ၊ ပရမတ္ထဓမ္မသဘောသို့ရောက်သောသတိပဋ္ဌာန်သည်။ ဟောတိ၊ ဖြစ်၏။ အာရမ္မဏဝသေန၊ ရှုမှတ် ကျက်စားရာအာရုံ၏ အစွမ်းအားဖြင့်။ ဝါ၊ အာရုံခြားသောအားဖြင့်။ စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာ

www.dhammaransi.com

နာ၊ သတိပဋ္ဌာန်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ **တေဒေဝ** ဝစနံ၊ ဤစကားကိုသာလျှင်။ အဋ္ဌကထာစရိယေဟိ၊ ရှေးအဋ္ဌကထာဆရာတို့သည်။ ဝုတ္တံ၊ ဆိုအပ်ပြီ။ ၎င်းပြင်....

တေသမ္ပိ အတ္ထော သရဏေကတ္တသမောသရဏာနိ **သဟေဝ** သတိပဋ္ဌာနေကဘာဝဿ ကာရဏတ္တေန ဝုတ္တာနီတိ ဒဋ္ဌဗ္ဗာနိ။

(မဟာဝဂ္ဂဋီကာ-၂၉၀။ မူလပဏ္ဏာသဋီကာ-၃၄၁)

တေသမ္ပိ အတ္ထော၊ ဤဒုတိယဝိကပ်အနက်၌။ သရဏေကတ္တသမောသရဏာနိ၊ သရဏအနက်, ဧကတ္တသမောသရဏအနက်တို့ကို။ သဟေဝ၊ တကွသာလျှင်။ ဝ ။ တပေါင်းတည်းသာလျှင်။ သတိပဋ္ဌာနေကဘာဝဿ၊ ပရမတ္ထ သတိပဋ္ဌာန် တခုတည်းသော အဖြစ်၏။ ကာရဏတ္တေန၊ အကြောင်း၏ အဖြစ်ဖြင့်။ ဝုတ္တာနိ၊ ဆိုအပ်ကုန်ပြီ။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာနိ၊ ရှုမှတ်အပ်ကုန်၏။

အားလုံးကို ပေါင်းရုံး၍ သဘောတရားကိုလေ့လာခဲ့သော် သမာဓိလုပ်ငန်း သမထလုပ်ငန်းတွင်သာ စရိုက်နှင့်ကမ္မဋ္ဌာန်းကို ရွေးဖို့လိုလိမ့်မည်၊ ဝိပဿနာသည် သမထကဲ့သို့ ပညတ်အာရုံမဟုတ်ခဲ့၊ မြတ်စွာဘုရား၏ ဟောကြားညွှန်ပြအပ်သော တရားပွဲတို့တွင် ဓမ္မပဒအဋ္ဌကထာလာ သိရိမာသေ၍ သုသာန်တွင် ပုပ်ပွနေသောအသုဘတရား၌ ရာဂနှင့်တပ်နှစ်သက်ဖွယ်မရှိပုံ၊ ရဟန်းတပါး အကြောင်းပြု၍ ဝိဇယသုတ်နှင့် တွဲဟော၏၊ ဒေသနာအဆုံးတွင် ထို ရဟန်းနှင့် ရှစ်သောင်းလေးထောင် ပရိသတ်တို့ တရားရကြသည်။ သိရိမာနတ်သမီး အနာဂါမ်ဖြစ်ကြောင်း ထေရီအဋ္ဌကထာမှာလည်းလာ၏၊ ဤအကျွတ်ရသော ပရိသတ်ရှစ်သောင်းလေးထောင်သည် အသုဘ ကမ္မဋ္ဌာန်းနှင့်လျော်သော ရာဂစရိုက် အားကြီးသူတို့ချည်းလော။

၎င်းပြင် ဓမ္မပဒအဋ္ဌကထာမှာပင် အာနန္ဒာသူဌေးကြီးအယူမှားကြောင့် ဒွန်းစဏ္ဍားဖြစ်လာသော တရားပွဲ၌ 'ပုတ္တာမတ္ထိ ဓနမတ္ထိ' စသောဂါထာနှင့် အားကိုးမှား, အယူမှားနှင့် ပတ်သက်၍ ဟော၏၊ ရှစ်သောင်းလေးထောင်ပင် အကျွတ်ရ၏၊ အားလုံး ဒိဋ္ဌိစရိုက်သမားချည်း ဖြစ်သလော။

အခြားကျွတ်တန်းဝင်သောသူ တဦးတယောက်ပင်ဖြစ်စေ၊ ပရိသတ်ပင် ဖြစ်စေ ဟောသောတရားနှင့် လေ့လာကြည့်ပါက စရိုက်သည် အဓိကမဟုတ်ကြောင်းသိရပေမည်၊ ယခုလည်း ရှေး အဋ္ဌကထာဆရာတို့၏ သတိ

www.dhammaransi.com

ပဋ္ဌာန်ဟူသည် ကျက်စားရာ အာရုံအနေဖြင့်သာလျှင် ကာယ,ဝေဒနာ, စိတ္တ,ဓမ္မကဲ့စေကာမူ နိဗ္ဗာန်သို့မျက်မှောက်ပြုဝင်ရောက်ရာ ပရမတ္ထအနေနှင့် ကား 'ဓမ္မ' ဟူသော သဘောတရားတခုသာ ဖြစ်၏ဆိုသည်ကို ဋီကာတို့ ကလည်း ရှင်းလင်းလိုက်ပြီ ဖြစ်သည်။

ကျွန်ုပ်တို့၏ ဝေဖန်ချက်မှာလည်း သဘောတရားတို့ကို လေ့လာ၍ ၎င်း, အဋ္ဌကထာဋီကာတို့၏ဆိုချက်ကို လေ့လာ၍၎င်း၊ တရားအလုပ်,သတိ ပဋ္ဌာန်အလုပ်, ဝိပဿနာအလုပ် အားထုတ်ရာတွင် ပရမတ် လုပ်ငန်းဖြစ် သောကြောင့် မိမိမသိနိုင်သောစရိုက်ကိုရွေးဖို့မလို၊လိုအပ်သည်မှာ အခြေခံ ရုပ်, နာမ် ပရမတ်ကို ပရမတ်ကျကျ သိဖို့သာ လိုသည်၊ အကြောင်းကို ဆိုသော်....

၁။ ကာယာနုပဿနာသတိပဋ္ဌာန်လုပ်ငန်းတွင် အမျိုးမျိုးအဖုံဖုံသော ရုပ်တို့ကို ဝေဖန်ပိုင်းခြား၍ မြတ်စွာဘုရား ဟောတော်မူနေသည် မှာ ထိုထို အမျိုးမျိုးသော ပညတ်အထည် ကိုယ်ကောင်သည် ဘာမျှမဟုတ်၊ သတ္တဝါ-ပုဂ္ဂိုလ်-မိန်းမ-ယောကျ်ား မဟုတ်မူဘဲ သတ္တ - ပုဂ္ဂလ - အတ္တ ဇီဝမှ ကင်းဆိတ်သော ပရမတ္ထ ဓမ္မသို့ ပို့ဆောင်ခြင်း။

၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်တွင် ကောင်းမှု,ဆိုးမှု, ချမ်းသာမှု, ဆင်းရဲမှု စသော ခံစားမှုကိစ္စအားလုံးသည် မည်သည့် သူ-ငါ- မိန်းမယောကျ်ား-ပုဂ္ဂိုလ်-သတ္တဝါတို့၏ခံစားမှုမျိုးမှုမဟုတ်၊ခံစား တတ်သော ပုဂ္ဂိုလ်-သတ္တဝါ မရှိပုံကို အစိတ်စိတ်အလီလီ ခွဲခြမ်း စိတ်ဖြာ ပြပြီးလျှင် လုံးဝ သတ္တဇီဝမှ ကင်းဆိတ်သော ပရမတ္ထ ဓမ္မသို့ ပို့ဆောင်ခြင်း။

၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်တွင် ဝတ္ထုအာရုံ နှစ်ပါးဆုံ၍ဖြစ်ပေါ် သော သိစိတ် အမျိုးမျိုးတို့၌ ငါ သိသည်၊ သူ သိသည် စသော အရင်းခံပရမတ်တို့၏ လုပ်ငန်းကိုမသိမှုကြောင့် အမျိုးမျိုးသော စွဲယူမှု ကိလေသာ သံယောဇဉ်တို့ ဖြစ်နေရာတွင် 'သိ' ဟူသော သဘောသည် ပုဂ္ဂိုလ်-သတ္တဝါ မဟုတ်၊ သက်သက်သော အာရုံ ဝတ္ထု တိုက်ဆုံမှုကြောင့် ဖြစ်သည်ဟု သတ္တဇီဝ ကင်းဆိတ်သော ပရမတ္ထဓမ္မသို့ ပို့ဆောင်ခြင်း။

www.dhammaransi.com

သို့ဖြင့် ကာယ, ဝေဒနာ, စိတ္တတို့ကို ရှုမှတ်ပွားများခြင်းသည် ဓမ္မာနုပဿနာ ပရမတ္ထဓမ္မသို့သာလျှင် ဦးတည်ချက်နှင့် သွားလေသောကြောင့် ဓမ္မာနုပဿနာသည်သာလျှင် ဝိပဿနာယောဂီအတွက်စရိုက်မလိုဘဲ အဓိကရှုရမည့်တရားဟု လေ့လာမိသည်၊ အခြားသော ကာယ-ဝေဒနာ စသည်တို့ကို ရှုနေကြသော ယောဂီတို့လည်း ဓမ္မသို့၊ ဝါ-ဓမ္မာနုပဿနာသို့သာ ဆိုက်ရောက်အောင် ရှုနေကြသဖြင့် တပေါင်းတည်းပင်ဖြစ်သည်။

အတိအကျဆိုရမူ သတိပဋ္ဌာန်ဝိပဿနာအလုပ် အားထုတ်သူသည် စရိုက်အမျိုးမျိုးရှိသူတို့ ရောက်ရှိရမည့်၊ ဝါ- စရိုက်မရွေး ရှုနိုင်သည့် ဓမ္မာနုပဿနာကို အဓိကထား၍ အားထုတ်သင့်လေသည်၊ သိရမည့်ပရမတ် ရုပ်, နာမ်သည် ဓမ္မာနုပဿနာတွင် တိုက်ရိုက်တွေ့သိနိုင်သည်၊ ထိုပရမတ်ဖြစ်သော ရုပ်ဓမ္မ နာမ်ဓမ္မကို မသိက ထိုဓမ္မ၏ သွားရာလမ်းကြောင်းကိုသာ ရှုရမည့် ဖြစ်,ပျက် သဘောကို အဘယ် ပညတ်ပေါ်တင်၍ ရှုမည်နည်း၊ ဤ စကားကိုဆိုခြင်းဖြင့် အခြားသော ကာယ-ဝေဒနာ-စိတ္တတို့ကိုမရှုရဟု လုံးဝမဆိုလို၊ ဆိုလိုသောအဓိပ္ပာယ်လည်း မဟုတ်၊ အပုတ်အမှန်ကား.... ကာယ-ဝေဒနာ-စိတ္တတို့လည်း ဓမ္မသို့သာ သွားရမည့်အတူတူ ဓမ္မကို တိုက်ရိုက်ရှုနိုင်က မိမိတို့လိုသောကိစ္စ အမြန်ရောက်ဖို့သာ ပဓာနထားသဖြင့် အမြန် အကျိုးသက်ရောက်စေလိုသော ဆန္ဒနှင့် တိုက်တွန်းခြင်းပင် ဖြစ်ပေသည်။

တရားအားထုတ်သော ယောဂီဘိက္ခု

ပါဠိတော် 'ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ'ဟူသောပုဒ်၌ 'ဘိက္ခဝေ'ဟူသည်ကား မည်သူနည်း၊ 'ဘိက္ခု'ဟူသည်ကား မည်သူနည်း စသည်ဖြင့် သိအပ်၏၊ ဤအကြောင်းကို ဤနေရာ၌ အနည်းငယ်ရှင်းချင်၏၊ 'ဘိက္ခဝေ' ဟူသောပုဒ်၌....

ဘိက္ခဝေတိ ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂလာလပနမေတံ။

ဘိက္ခဝေတိ ဝေါဝစနံ၊ ဘိက္ခဝေဟူသော ဤစကားသည်။ ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂလာလပနံ၊ သတိပဋ္ဌာန်တရားကို ခံယူတတ်သောပုဂ္ဂိုလ်တို့ကို ခေါ်ဝေါ်ကြောင်းဖြစ်သော သဒ္ဒါတည်း။

www.dhammaransi.com

'ဘိက္ခု'ဟူသောပုဒ်၌လည်း....

ဘိက္ခူတိ ပဋိပတ္တိသမ္ပာဒကပုဂ္ဂလနိဒဿနမေတံ။

ဘိက္ခူတိဝေ၀စနံ၊ ဘိက္ခုဟူသော ဤစကားသည်။ ပဋိပတ္တိသမ္ပာဒက ပုဂ္ဂလနိဒဿနံ၊ အကျင့်ပဋိပတ်ကို ပြီးစေတတ်သော ပုဂ္ဂိုလ်တို့ကိုညွှန်ပြ ကြောင်းဖြစ်သော သဒ္ဒါတည်း။

မြတ်စွာဘုရား တရားဟောရာတွင် ရဟန်းနှင့်တကွ နတ်-လူတို့ရှိပါ သော်လည်း ဟောအပ်သောတရားတော်ကို ခံယူနိုင်သောပုဂ္ဂိုလ်ကို လူ-နတ်-ရဟန်း မခွဲခြားမူ၍ ဘိက္ခဝေ, ဘိက္ခု-စသည်ဖြင့် ခေါ်တော်မူလေ့ ရှိပေသည်၊ တနည်းသော် - တရားနာယူသူတို့တွင် ပုဂ္ဂလဓိဋ္ဌာန် အားဖြင့် ရဟန်းသည် သာမည နတ်-လူ တို့ထက် မြတ်သောကြောင့်၎င်း, မြတ်စွာ ဘုရား၏ တရားတော်ကို အများဆုံး - အနီးကပ်ဆုံး နာကြားနိုင် - ခံယူ နိုင်သော အကြောင်းကြောင့်၎င်း ဘိက္ခဝေ - စသည်ဖြင့် မြတ်စွာဘုရား ခေါ်တော်မူသည် ဟူ၏။

မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာကျင့်ကြံလိုသဖြင့် သား-မယား,ဥစ္စာပစ္စည်းအမျိုးမျိုးတို့ကိုစွန့်လျက် သံသရာလွတ်ကြောင်း မဟာ သတိပဋ္ဌာန်အလုပ်ကို အားထုတ်ကြသောပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ ဘိက္ခဝေ ခေါ်ကြောင်း အဋ္ဌကထာတွင် ရှင်းပြထားသည်။

ယောဟိ ကောစိ ဣမံ ပဋိပတ္တိံ ပဋိပဇ္ဇတိ၊ သော ဘိက္ခု နာမ ဟောတိ။

ယောပုဂ္ဂလော၊ ရဟန်း-ရှင်-လူ ဘယ်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ ဣမံ ပဋိပတ္တိံ၊ ဤသတိပဋ္ဌာန်အကျင့်ကို။ ပဋိပဇ္ဇတိ၊ အားထုတ်၍ကျင့်၏။ သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ ဘိက္ခုနာမ၊ဘိက္ခုမည်သည်။ ဟောတိ၊ ဖြစ်၏။

ဓမ္မာဓိဋ္ဌာန် အားဖြင့် ပုဂ္ဂိုလ်ကို မသတ်မှတ် မူ၍ မည်သူမဆို သတိ ပဋ္ဌာန် လမ်းကြောင်းအမှန်ကိုသာ မြတ်စွာဘုရား ညွှန်ကြားသည့်အတိုင်း အားထုတ်အံ့၊ ထို လူ-ရှင်-ရဟန်းသည် ဘိက္ခုပင်ဖြစ်၏။

ပဋိပန္နကော ဟိ ဒေဝေါ ဝါ ဟောတု၊ မနုဿော ဝါ ဘိက္ခူတိ သင်္ချံ ဂစ္ဆတိယေဝ။

ပဋိပန္နကော၊ ကျင့်တတ်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဒေဝေါ ဝါ၊ နတ်သည်မူလည်း။ ဟောတု၊ဖြစ်ပစေ။ မနုဿော ဝါ၊ လူသည်မူလည်း။

www.dhammaransi.com

ဟောတု၊ ဖြစ်ပစေ။ ဘိက္ခုတိ၊ဘိက္ခုဟူ၍။ သချံ၊ ခေါ်ဝေါ်ပညတ်သမုတ် အပ်သည်၏ အဖြစ်သို့။ ဂစ္ဆတိ ယေဝ၊ ရောက်တော့သည်သာတည်း။

မှန်ကန်သောသံသရာထွက်လမ်း သတိပဋ္ဌာန်အားထုတ်သော ဦးမဲ့ဦးဖြူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည် သံသရာဘေးကြောက်သူ ဘိက္ခု-မည်ပါ၏ ဟူလို။

(ယခုထုတ်ပြခဲ့သောသာဓကတို့ကား မူလပဏ္ဏာသဋ္ဌကထာ-၂၄၆၊ မဟာဝဂ္ဂဋ္ဌကထာ-၃၄၆၊ သမ္မောအဋ္ဌကထာ ၂၀၆-၌ရှိမှယူ၍ ထည့်လိုက်သည်။) ၎င်းပြင်.....

သတ္တန္နံ ဘိက္ခဝေ ဓမ္မာနံ ဘိန္နတ္တာ ဘိက္ခု ဟောတိ။လ။ ကတမေသံ ခေါ ဘိက္ခဝေ သတ္တန္နံ ဓမ္မာနံ ဘိန္နတ္တာ ဘိက္ခု ဟောတိ။

(အင်္ဂုတ္တရပါဠိတော်သတ္တကနိပါတ်-၅၀၈၊စူဠနိဒ္ဒေသပါဠိတော်-၃၉)

ချစ်သားတို့ - တရား ခုနစ်မျိုးတို့ကို ဖျက်ဆီးအပ်ပြီးသူသည် ဘိက္ခု-မည်၏၊ ခုနစ်ပါးတို့ဟူသည် အဘယ်နည်း - သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ရာဂ၊ဒေါသ၊မောဟ၊မာန-ဟူသော ၇ ခုနစ်ပါးသော တရားတို့ကို ဖျက်ဆီးအပ်ပြီးသောသူသည် ဘိက္ခု-မည်၏။ ဟု ဟောတော်မူသည်၊ ၎င်းပြင်....

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။
အသတာစ နသောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။

(ဓမ္မပဒပါဠိတော်-၆၆)

ယဿ၊ အကြင်သူအား။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ နာမရူပသ္မိံ၊ နာမ်,ရုပ်၌။ မမာယိတံ၊ ငါ့ဥစ္စာဟူသော စွဲမက်မှုသည်။ နတ္ထိ၊ မရှိ။ အသတာစ၊ မခိုင်မမြဲ ပျက်စီးပြိုကွဲသဖြင့်လည်း။ နသောစတိ၊မစိုးရိမ်။ သ-သော၊ ထိုပုဂ္ဂိုလ်ကို။ ဝေ၊စင်စစ်။ ဘိက္ခူတိ၊ဘိက္ခု-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ပဥ္စဂ္ဂ ပုဏ္ဏားလင်မယား အနာဂါမ်ဖြစ်အောင် ဘုရားဟောသော ဂါထာ၊ လူ-ရှင်-ရဟန်း မည်သူဟူ၍ မသတ်မှတ်၊ တရားသဖြင့် ခန္ဓာကို မြင်လျှင် တဏှာ-မာန-ဒိဋ္ဌိ အစွဲတို့ပြုတ်၍ ဝဋ္ဋဇာတ်သိမ်းရန် အားထုတ်သူကို ဘိက္ခု-ခေါ်သည်။ ၎င်းနောက်....

www.dhammaransi.com

ယောဓ ပုညဉ္စ ပါပဉ္စ၊ ဗာဟေတွာ ဗြဟ္မစရိယဝါ။
သင်္ခါယ လောကေ စရတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။
(ဓမ္မပဒပါဠိတော်-၅၁)

ဣဓ၊ ဤသာသနာတော်၌။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဗြဟ္မစရိယဝါ၊ မြတ်သောအကျင့်ရှိသည်ဖြစ်၍။ ပုညဉ္စ-ပါပဉ္စ၊ ကောင်းမှု-မကောင်းမှုတို့ကို။ ဗာဟေတွာ၊ ပယ်နှုတ်လျက်။ လောကေ၊ ခန္ဓာငါးပါးဟူသော လောကကို။ သင်္ခါယ၊ ဉာဏ်ဖြင့်ဆင်ခြင်၍။ စရတိ၊ အားထုတ်ကျင့်၏။ သ-သော၊ထိုပုဂ္ဂိုလ်ကို။ ဝေ၊ စင်စစ်။ ဘိက္ခူတိ၊ ဘိက္ခု-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ပုဏ္ဏားတယောက်သည် တိတ္ထိပရိဗိုဇ် အဝတ်ကိုဝတ်လျက် ဆွမ်းခံစားပြီး ဘုရားထံလာ၍ အကျွန်ုပ်လည်း ဆွမ်းခံစားသည်၊ ရှင်ဂေါတမ သာဝကများကဲ့သို့ဖြစ်၍ ကျွန်ုပ်အား 'ဘိက္ခု' ခေါ်ပါဟု ပြောလာသော ကြောင့် ဆွမ်းခံစားတိုင်း ဘိက္ခု မဟုတ်ပုံ ဟောသော ၂-ဂါထာအနက် ဒုတိယဂါထာဖြစ်သည်။ ထို့ပြင်....

သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသောတိ ဣမေတယော ကိလေသာ သောတာပတ္တိမဂ္ဂေန ဘိန္နာ။လ။အဝသေသကိလေသေ ဒသယောတုံ ဘိန္နာသာ ဟောတိ။

(မဟာနိဒ္ဒေသဋ္ဌကထာ-၁၇၃)

'သောတာပတ္တိမဂ်ဖြင့် ကိလေသာသုံးပါးဖျက်ဆီးပုံ၊ သကဒါဂါမိမဂ်, အနာဂါမိမဂ်,အရဟတ္တမဂ်တို့ဖြင့် ကိလေသာအဆင့်ဆင့်ဖျက်ဆီးသော ပုဂ္ဂိုလ်မျိုးကို ဘိက္ခုခေါ်ကြောင်းပြသည်၊ ဤ၌ အရိယမဂ်ရပြီးသော ပုဂ္ဂိုလ်များကိုခေါ်သော ဘိက္ခု-ဖြစ်သည်။ ၎င်းနောက်....

တတ္ထ ယသ္မာ ဘိန္နကိလေသော ပရမတ္ထဘိက္ခု၊ သောစ နိဗ္ဗာနပ္ပတ္တော ဟောတိ။

(သုတ္တနိပါတဋ္ဌကထာ-၁၅၀)

'အကြင် ပုဂ္ဂိုလ်သည် ကိလေသာကို ချိုးဖျက်ပြီးသည်၊ ထိုပုဂ္ဂိုလ်သည် ပရမတ္ထဘိက္ခုဖြစ်၏၊ ထိုဘိက္ခုသည် နိဗ္ဗာန်သို့ ရပြီး-ရောက်ပြီးဖြစ်၏'။

ပရမတ္ထ အရိယာသံဃာ ဖြစ်ပြီး နိဗ္ဗာန်ရပြီးသောသူသည် ဘိက္ခု ဖြစ်၏။ ၎င်းနောက်....

www.dhammaransi.com

သံသာရေ ဘယံ ဣက္ခန္တီတိ ဘိက္ခု။

(နေတ္တိဋ္ဌကထာ-၄၂)

သံသာရေ၊ ရုပ်-နာမ်နှစ်ဖြာ သံသရာ၌။ ဘယံ၊ဘေးကို။ ဣက္ခန္တိ၊ ရှုကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဘိက္ခု၊ ဘိက္ခု-မည်၏။

ရုပ်-နာမ်နှစ်ဖြာ ခန္ဓာငါးပါး၌ ယူစရာ-ရစရာမရှိအောင် အပျက်ကို မြင်နေသော ဝိပဿနာ ယောဂီသည် ဘိက္ခု မည်၏-ဟု ဆိုထားရာ အားလုံး ဘိက္ခုဟူသော မြတ်စွာဘုရား စကားတော်သည် သံသရာလွတ်တရားကို အခေါ်အဝေါ် သုံးစွဲပုံမှစ၍ ကျွတ်လွတ်စေချင်၏၊ ကျွန်ုပ်တို့သည် ဤ ဘိက္ခုမည်ကြောင်းကို ဤမျှ စုံလင်အောင် ထုတ်ပြရသည်မှာ တချို့ တရားအားထုတ်သောပုဂ္ဂိုလ်တို့အား အချို့သောပုဂ္ဂိုလ်များက....

'သတိပဋ္ဌာန် အလုပ်ဆိုတာ - လူအနေနဲ့ လုပ်ကောင်းတာ မဟုတ်ဘူး၊ ဘုရားကဟောတာတောင် ဘိက္ခဝေ-ငါ၏ချစ်သား ရဟန်းများတို့ လို့ ဟောထားတော့ ရဟန်းတို့နဲ့သာ ဆိုင်တယ်၊ လူကိုတခါမှမဟောဘူး၊ ကျင့်ဘို့ကျတော့လဲဘဲ ' ဘိက္ခုကာယေ ကာယာနုပဿီ ဝိဟရတိ ' တဲ့ ရဟန်းကျင့်ရမယ်ပြောတာ၊ လူကျင့်ဘို့ ပါကိုမပါဘူး'

ဟု ပြောသံ,ဆိုသံ,ဖျက်ဆီးသံတွေ အလွန်ကြားနေရသောကြောင့် ဤမဟာသတိပဋ္ဌာနသုတ်ကို နိဿယ-ရေးခွင့်ကြုံလာသဖြင့် မြတ်စွာဘုရား၏ ရည်ညွှန်းသောဘိက္ခုကို ဖော်ထုတ်ရခြင်းဖြစ်ပေသည်၊ မြတ်စွာဘုရား၏ တရားတော်သည် 'သဗ္ဗသာဓာရဏ' နိဗ္ဗာန်ရလိုသူ, ဝဋ်ဆင်းရဲပြတ်လိုသူ အားလုံးနှင့် သက်ဆိုင်ပေသည်။

ကဿစိပိ အဝါရိတော သော ဓမ္မော။

သောဓမ္မော၊ ဤမြတ်စွာဘုရား၏ တရားတော်သည်။ ကဿစိပိ၊ ရဟန်း-ရှင်-လူ မည်သူ တစုံတယောက်ကို မျှလည်း။ အဝါရိတော၊ မတားမြစ်အပ်။

ဟူ၍ (ဓမ္မပဒ ဋ္ဌကထာ) ဖော်ပြထားသည့်အတိုင်း လူ-ရှင်-ရဟန်း နတ်-ဗြဟ္မာ မည်သူမဆို အားထုတ်သောနည်းကျနလျှင် ရမည်သာတည်း။

မြတ်စွာဘုရားလက်ထက်တော်တွင် သမ္မာဒိဋ္ဌိဗုဒ္ဓသာသာဝင်မဟုတ်သူ တိတ္ထိပရိဗိုဇ်များ, နိဂဏ္ဌာများ, အာဇီဝကများ, ၎င်းတို့၏ ဒါယကာ (ဥပါသိကာသို့သော)တကာများ၊ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ သာသနာနှင့်

www.dhammaransi.com

ဆန့်ကျင်ဖက် သာသနာပ ဗာဟိရက အညတိတ္ထိယတို့ပင် မြတ်စွာဘုရား၏ ညွှန်ပြသော သတိပဋ္ဌာန်လုပ်ငန်းမှန်ကန်သည့်အတွက် ရဟန္တာဖြစ်သူလည်း မနည်းလှပေ။

ယခုမူ မိမိတို့သည် သမ္မာဒိဋ္ဌိဗုဒ္ဓဘာသာများ ဖြစ်နေသည့်အတွက် မရစရာအကြောင်းမရှိပေ၊ တခုတော့လိုသည် ၎င်းမှာ သတိပဋ္ဌာန်လုပ်ငန်း စိန်စက်ကျရန်နှင့် ရှုဉာဏ်မဂ္ဂင် မဇ္ဈိမပဋိပဒါကျရန်ကား အထူး လိုပေသည်။ သတိပဋ္ဌာန်အလုပ် လုပ်ရာတွင် သတိပဋ္ဌာန်နည်းကျ,န မှန်ကန်ပါက ဧကာယနမဂ်ဟူသောအတိုင်း လမ်းမကောက်ပဲ နိဗ္ဗာန်သို့ရောက်မည်သာတည်း။

ဖောက်ပြန်မှုအပေါင်းကို အဖန်ဖန်ရှု

ဘိက္ခု၊ သံသရာကိုဘေးဟုမြင်တတ်သော ယောဂီမြတ်သည်။ကာယေ၊ 'ရူပကာယ'ဟု ဆိုအပ်သောဖောက်ပြန်မှုအပေါင်း၌။ ကာယာနုပဿီ၊ ဖောက်ပြန်မှုအပေါင်းဟုအဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ဝိဟရတိ၊နေ၏။ (ပါဠိတော်အနက်)

ဤ ခန္ဓာသည် 'ကာယ'ဟူသော' ဖောက်ပြန်မှု, သိမှု'တို့ ပေါင်းစု ဖွဲ့စည်းထားသော ပရမတ်အစုဖြစ်သော်လည်း ထို ပရမတ်အစုကို ပရမတ် အစုဟု မှန်မှန် ဉာဏ်ဖြင့်သိရန်ခဲယဉ်းလှသည်၊ မလွယ်ကူပေ၊ ရှုရ-သိရမည့် 'ကာယ'ဟူသည်....

> ကာယေတိ ရူပကာယေ၊ ရူပကာယော ဟိ ဣဓ အင်္ဂပစ္စင်္ဂါနံ ကေသာဒီနဉ္စ ဓမ္မာနံ သမူဟဋ္ဌေန ဟတ္ထိကာယ ရထကာယာဒယော ဝိယ ကာယောတိ အဓိပ္ပေတော။
>
> (အဋ္ဌကထာ-၃၄၇)

ကာယ-ဟူသည်ကား ဖောက်ပြန်မှုအပေါင်း၊ တနည်း-ဖောက်ပြန် တတ်သော သဘောအပေါင်းကို 'ကာယ'ဟု ခေါ်သည်၊ ပညတ်အားဖြင့် ဆံပင်-မွေးညှင်း စသော (ရုပ်ဝတ္ထု) စုပေါင်းနေသည်၊ ဥပမာအားဖြင့် ဆင်အများစုရာကို 'ဆင်အပေါင်း' ခေါ်၍၊ ရထားအများစုရာကို 'ရထား အပေါင်း' ခေါ်သကဲ့သို့၊ ဤ ရူပကာယ၌လည်း 'ဖောက်ပြန်မှုတို့ စုထား သည့် 'ဖောက်ပြန်မှုအပေါင်း'ဟူ၍ သိအပ်သော အဓိပ္ပာယ်တည်း။'

www.dhammaransi.com

ထိုဖောက်ပြန်မှုကို 'ဖောက်ပြန်မှုအပေါင်း'ဟူ၍သိအောင် အကြိမ်ကြိမ်ရှု၊ အဖန်ဖန်သိအောင် အားထုတ်မှုပြုသည်ကို 'ဖောက်ပြန်မှုအပေါင်းကို ဖောက်ပြန်မှုအပေါင်း' ဟူ၍ သိအောင် အဖန်ဖန်ရှုနေခြင်း 'ကာယာနုပဿနာ'ခေါ်သည်၊ ကာယ-ဖောက်ပြန်မှု အပေါင်းနှင့် ပတ်သက်သော သိမှု ဖြစ်၏။

ရှုရ-သိရမည့် အရှုခံကာယကို ဖောက်ပြန်မှုအပေါင်းဟူ၍ ရှုရ-သိရမည့်ဉာဏ်သည် စုပေါင်းထားသော 'ဖောက်ပြန်မှုတို့ကို ဖောက်ပြန်မှု'တို့ဟူ၍ မရှုမမြင်ပဲ မိန်းမ-ယောကျ်ားဟူ၍ငင်း, ခေါင်း-ကိုယ်-ခြေ-လက်ဟူ၍ငင်း, ဆံပင်-မွေးညှင်း ဟူ၍ငင်း ပညတ်သဘောအားဖြင့် ရှုနေ, သိနေ, မြင်နေခြင်းသည်'ကာယာနုပဿနာသတိပဋ္ဌာန်'ဆိုင်ရာ၌လိုအပ်သောရှုမြင်ချက် မဟုတ်ပေ၊ ဤ ရှုမြင်ချက်မျိုးသည် ဝိပဿနာနှင့် ဝေးကွာလှသော အန္ဓပုထုဇ္ဇန်တို့၏ သိမှု, မြင်မှု ဖြစ်သောကြောင့် ထို အသိ အမြင်မျိုးဖြင့် သံသရာမှ မလွတ်ကြောင်းကို ရှေးအဋ္ဌကထာဆရာတို့သည်....

ယံ ပဿတိ နတံဒိဋ္ဌံ၊ ယံဒိဋ္ဌံ တံ န ပဿတိ။

အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော န မုစ္စတိ။

(အဋ္ဌကထာ-၃၄၇)

အန္ဓပုထုဇ္ဇနော၊ ပညာမျက်စိကာန်းသော ပုထုဇ္ဇန်သည်။ ယံ၊ အကြင် မိန်းမ-ယောကျ်ား-ခေါင်း-ကိုယ်-ခြေ-လက် စသည်ကို။ ပဿတိ၊ ဉာဏ်ပညာကင်းသော မြင်ခြင်းဖြင့် မြင်၏။ တံ၊ ထို ပညာ မပါသဖြင့် မိန်းမ-ယောကျ်ား စသော ပညတ်အကောင်အထည်ကို မြင်ခြင်းသည်။ နဒိဋ္ဌံ၊အမှန်ပရမတ်ကို ဉာဏ်ဖြင့် အမှန်မြင်ခြင်းမဟုတ်။ အန္ဓဗာလော၊ ပညာမျက်စိကာန်းသော ပုထုဇ္ဇန်သည်။ ယံဒိဋ္ဌံ၊ အကြင် ဖောက်ပြန်မှု အပေါင်း, သိမှုအပေါင်းဟု ဆိုအပ်သော, မြင်အပ်သော အမှန်တရား ပရမတ်ကို။ နပဿတိ၊ ပညာမျက်စိ ကာန်းလေဘိ၍ မသိမမြင်ပေ။

ဣမံအတ္တဘာဝံ၊ ဤ ခန္ဓာကိုယ် အတ္တဘောကို။ ပညာစက္ခုနာ၊ ပညာမျက်စိ ဉာဏ်မျက်စိဖြင့်။ ယထာဘူတံ၊ ပရမတ်အမှန်ကို အမှန်အတိုင်း။ အပဿံ၊ မရှုမမြင်တတ်သော။ မူဠှော၊ တွေဝေမိုက်မဲသော။ ပုထုဇ္ဇနော၊ ပုထုဇ္ဇန်ကို။ ကိလေသဗန္ဓနေန၊ ငါ့ဥစ္စာ, ငါ, ငါ၏အနှစ်သာရ

www.dhammaransi.com

အတ္တဟူသော ကိလေသာအနှောင်အဖွဲ့သည်။ဗဇ္ဈတေ၊နှောင်ဖွဲ့အပ်၏။ ဝါ-အနှောင်အဖွဲ့ ခံရ၏။ ဗဇ္ဈမာနော၊ ကိလေသာ အနှောင်အဖွဲ့ခံရသော။ အန္ဓပုထုဇ္ဇနော၊ ပညာမျက်စိ ကန်းသော ပုထုဇ္ဇန်သည်။ န မုစ္စတိ၊ သံသရာမှ မလွတ်မြောက်နိုင်။

ပရမတ္ထဖြစ်သော ရုပ်, နာမ် သဘောတရားကို အမှန်မြင်ရာမှာ ပညာမျက်စိပါမှ မြင်နိုင်,သိနိုင်မည် ဖြစ်သောကြောင့် ထိုပညာ, ထိုအသိ ရရှိရန် မဂ္ဂင်ရှစ်ပါး မဇ္ဈိမပဋိပဒါလမ်းစဉ်ကျရန်လိုအပ်လေသည်၊ ထိုမဂ္ဂင် ဉာဏ်ရမှုအတွက် မြတ်စွာဘုရားညွှန်ပြရာ၌ 'သတိ'ဟူသော အောက်မေ့မှု, ဂရုစိုက်မှုသည် အလွန်အရေးကြီးပေသည်။ ထို့ကြောင့်....

သတိ 'သတိမာ၊ ဖောက်ပြန်မှုအပေါင်းကို ဂရုစိုက်မှုသတိနှင့်ပြည့်စုံသည် ဖြစ်၍'ဟု အနက်ရေးခဲ့သည်၊ ထို ဂရုစိုက် အောက်မေ့မှု သတိဟူသည်....

ကာယေ ကာယနုပဿနာသတိပဋ္ဌာနံ သာဝေန္တော သတော။
(မဟာနိဒ္ဒေသ ပါဠိတော်-၇)

ကာယဟူသော ဖောက်ပြန်မှုအပေါင်းတို့ကို ဖောက်ပြန်မှုအပေါင်းတို့ ဟူ၍ ရှုပွားသဖြင့် သိအပ်သောသဘောသည် သတိ မည်၏။

သတိမာတိ ကာယ ပရိဂ္ဂါဟိကာယ သတိယာ သမန္နာဂတော။
(မဟာဝဂ္ဂဋ္ဌကထာ-၃၄၉။ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၁၆၃)

သတိမာတိ၊သတိမာဟူသည်ကား။ကာယပရိဂ္ဂါဟိကာယ၊(ရူပကာယ) ဖောက်ပြန်မှုအပေါင်းကို သိမ်းဆည်းတတ်သော။ သတိယာ၊သတိနှင့်၊ ဝါ-ဂရုစိုက်မှုနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။

ဝိပဿနာအားထုတ်ရာတွင် သတိချည်းသက်သက်နှင့် မရချေ၊သတိ မပါလျှင်လည်း လုံးဝမရ၊ သတိကား-ပရမတ်ရုပ်,နာမ်ဟူ၍ ယုံကြည်ချက်ရအောင် သိမ်းဆည်း ပေးရသည်၊ တနည်း-ပရမတ် ရုပ်, နာမ် အခြေခံမှန်အောင် ဂရုစိုက်ပေးရသည်၊ ထိုသတိနှင့် ပရမတ်ရုပ်,နာမ် အခြေခိုင်မှ ပါမှ ထိုပရမတ်ရုပ်,နာမ်အပေါ်တွင် ၎င်းတို့၏သဘောတရားဖြစ်မှု-ပျက်မှုကို ဝိပဿနာဉာဏ်ပညာက ရှုရတော့သည်၊ ပညာဉာဏ်သက်သက်နှင့်လည်း ရှု၍ အနုပဿနာဖြစ်ရိုး ထုံးစံမရှိချေ။ ထို့ကြောင့်....

www.dhammaransi.com

န ဟိ သတိဝိရဟိတဿ အနုပဿနာ နာမ နတ္ထိ။ (အဋ္ဌကထာ)

ဟိယသ္မာ၊ အကြင့်ကြောင့်။ သတိဝိရဟိတဿ၊ သတိမှ ကင်းသော။ ဘိက္ခုနော၊ တရားယောဂီအား။ အနုပဿနာ နာမ၊ အနုပဿနာမည်သည်။ နအတ္ထိ၊ မရှိချေ။

သတိဟူသောတရားဖြင့် ပရမတ်ရုပ်,နာမ်အာရုံကို ယုံကြည်မှုခိုင်မာအောင် သိမ်းဆည်း၍ ပညာဉာဏ်ဖြင့်သာလျှင် ရုပ်,နာမ် တို့၏ ပရမတ်သဘောတရားကို ရှုနိုင်-သိနိုင်သကဲ့သို့၊ ပညာကင်းသောသတိလည်း အားမရှိသောကြောင့် ဤမဟာသတိပဋ္ဌာန်ကို မြတ်စွာဘုရားဟောကြားရာတွင် သတိကိုဦးတည်၍၊ ဝါ-သတိကိုအဓိကအားဖြင့်၊ ဝါ-သတိကိုပြဓာန်းသောအားဖြင့် ဟောတော်မူသည်၊ ထိုထို အာရုံဖြစ်သော ပရမတ် ရုပ်, နာမ်ကို အခြေခံပေးရာတွင် အဓိကကျသောကြောင့် ဖြစ်လေသည်။

အာတာပီ သတိပဋ္ဌာန် လုပ်ငန်းကို 'ကာယအလိုက်, ဝေဒနာအလိုက်, စိတ္တအလိုက်, ဓမ္မအလိုက်' အကောင်အထည် ဖော်ရာတွင် ပရမတ် ရုပ်,နာမ် ဟူသော သတိပဋ္ဌာန်ပုံစံကျစေရန် အောက်မေ့ဂရုစိုက်မှု မှန်စေရန်အတွက် ထက်သန်မှု လုံ့လဝီရိယ လိုသည်၊ လုံ့လဝီရိယ အမှန်ပင် လိုအပ်သည့်အတိုင်း သတိ၏ အပေါင်းပါ ဝီရိယကို သာမန် ဝီရိယမျိုးနှင့် မရသဖြင့် မြတ်စွာဘုရားက 'အာတာပီ' ဟူသော အရည်အချင်းပြည့်ဝီရိယကို ထည့်ပေးထားသည်၊ ၎င်းအာတာပီ၏ သဘောကို လေ့လာကြည့်လျှင် အကြင်အားထုတ်အပ်သော အာတာပမည်သော လုံ့လဝီရိယဟူသည် ဘုံသုံးပါး-ဘဝသုံးပါးတို့၌ ပျံ့နှံ့ဖြစ်ပွားစေတတ်သော အပူအလောင် အညစ်အကြေး(ကိလေသာ)တို့ကို ခြောက်ခန်းအောင် ပြင်းထန်သော ပူလောင်ခြင်းကို ဖြစ်စေတတ်၏၊ ထို့ကြောင့် ပါဠိဘာသာ အားဖြင့် 'အာတာပ'၊ မြန်မာပြန် အားဖြင့် 'ပူလောင်မှု ငြိမ်းအောင် ပြင်းထန်သောဝီရိယမှု ဖြစ်သည်၊ တရားအလုပ်အားထုတ်သောယောဂီသည် မိမိအား ဘုံသုံးပါးတို့သို့ ပို့ဆောင်ပေးသော ဤကိလေသာတို့ကြောင့် ဒုက္ခဖြစ်ရသည်ဟု မြင်ထားသောကြောင့် ထိုကိလေသာရန်သူကို မျိုးပြုတ်အောင် တိုက်ခိုက်ချေမှုန်းလိုသဖြင့် လုံ့လမယုတ် ပြင်းစွာအားထုတ်သူ ယောဂီအား 'အာတာပီ' ဟု ခေါ်လေသည်၊ ထို လုံ့လဝီရိယမျိုး ရှိသူကို ရ၍၊ ထို လုံ့လဝီရိယမျိုးကို သမ္မပ္ပဓာန်လုံ့လဝီရိယ-ဟု ဆိုလေသည်၊ ထို့ကြောင့် သမ္မောဟအဋ္ဌကထာ၌....

www.dhammaransi.com

အာတာပီတိ၊အာတာပီဟူသည်ကား။တတ္ထ၊ထိုမာတိကာပုဒ်၌ပါသော။ အာတာပံ၊ အာတာပဟူသည်။ ကတမံ၊ အဘယ်နည်း။ **စေတသိကော၊** စိတ်၌ဖြစ်သော။ ယောဝီရိယာရမ္ဘော၊အကြြင်ဝီရိယဟူသောအားထုယ် ခြင်းသည်။ လ။ ယောသမ္မာဝါယာမော၊ အကြင်မဖောက်မပြန် ဟုတ် မှန်သော အားထုတ်ကြောင်းဖြစ်သော လုံ့လဝီရိယသည်။ဝါ-အကြြင် သံသရာဝဋ်မှ ထုတ်ဆောင်လျက် သွားတတ်သော လုံ့လဝီရိယသည်။ ဝါ-အမှန်သဘော ပရမတ်ကိုသိကြောင်းဖြစ်သော အားထုတ်မှု လုံ့လ ဝီရိယသည်။ အတ္ထိ၊ရှိ၏။ ဣဒံသဗ္ဗံ၊ဤအလုံးစုံကို။ အာတာပံ၊အာတာပ ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ဣမိနာအာတာပေန၊ဤကိလေသာကို ပြင်းစွာ ပူပန်စေတတ်သော။ ဝါ-ပရမတ်အမှန်ကို မသိ့သိအောင် အားထုတ် လိုသော သမ္မပ္ပဓာန် လုံ့လဝီရိယနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ အာတာပီတိ၊ အာတာပီ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အာတာပ-ဟူသော သဘောသည် 'သမ္မာဝါယာမ' 'သမ္မပ္ပဓာန်' လုံ့လဝီရိယကို ဆိုသည်၊ အမှန်တရားကို အမှန်အတိုင်း သိလိုသဖြင့် ပြုအပ် သော လုံ့လဝီရိယမျိုး၊ ဤသတိပဋ္ဌာန် တရားမှန်ဟူသော ပရမတ်ရုပ်နာမ် ကို ဝိပဿနာဉာဏ်ဖြင့် မသိပါက သံသရာဘဝတွင် ဆင်းရဲခန္ဓာဖြစ်၍သာ ကျင်လည် ရလတ္တံ့ သည်ကို သိသဖြင့် ထို ဒုက္ခသံသရာမှ လွတ်လိုသော ယောဂီသည်....

၁။ ဖြစ်ပြီးသော (အကုသိုလ်) မကောင်းမှုကို ပယ်နိုင်ရန်၊

၂။ မဖြစ်သေးသော မကောင်းမှုကို မဖြစ်စေရန်၊

၃။ ဖြစ်ပြီးသော (ကုသိုလ်) ကောင်းမှုကို တိုးပွားစေရန်၊

၄။ မဖြစ်သေးသော မဂ်ဖိုလ်(ကုသိုလ်)တို့ ဖြစ်ခစေရန်။

ရင်းတို့သည် သမ္မပ္ပဓာန်လုံ့လလေးချက်တို့ဖြစ်၍ ရှုဉာဏ်(သမ္မာဒိဋ္ဌိ) မဂ္ဂင်ကို မရှုချင်မနေရ-မသိချင်မနေရအောင် အားပေးပူဆာသော လုံ့လ ဝီရိယမျိုး ဖြစ်သည်၊ သိအပ်-မြင်အပ်သော အမှန်တရားပရမတ်ကို **အတိ အကျ** သိအောင်-မြင်အောင် အားထုတ်သဖြင့် ဝိပဿနာဉာဏ် ဖြစ်လာ-**ရင့်လာ**ပါက သမ္မပ္ပဓာန် အကျိုးလေးပါးတို့ ရရှိပြည့်စုံသွားလေသည်၊ **သို့**

www.dhammaransi.com

အတွက်အကျိုးတရားတခုစီ,တခုစီရအောင်ပြုလုပ်နေရသည်မရှိ၊ကိလေသာကြောင့် ခန္ဓာဒုက္ခ,သံသရာဒုက္ခ ရရှိခံစားရသောအဖြစ်ကို သံဝေဂဉာဏ်ဖြင့် သိနေသောယောဂီအတွက် မိမိကိုဒုက္ခပေးသောရန်သူအား ဖြစ်သည့်နည်းနှင့် တိုက်ခိုက် မျိုးဖြုတ်လိုသော စိတ်ထားမျိုးနှင့် မသိလျှင်မနေ ရန်သူသေရန်သာ စိတ်စွဲလမ်းနေက ထို ရန်သူမသေမချင်း မအေးသည့်အတွက် ပြင်းထန်စွာတိုက်လိုသော ယောဂီ၏စိတ်သည် သမ္မာဝါယာမ, သမ္မပ္ပဓာန် လုံ့လဝီရိယ အာတာပီ-မည်၏။

အချိုအကောက်မှားပုံ တရားအားထုတ်ရာတွင် အရိုးကြွင်းစေ,အကြောကြွင်းစေ,အသွေးအသားတို့ ခန်းခြောက်စေ,ငါ လုံ့လဝီရိယကို မလျှော့အံ့' ဟူသော ဒေသနာကို အကောက်မှား၍ ခန္ဓာကိုယ်၏ အနတ္တသဘောကိုဆန့်ကျင်ကာ ၃-နာရီ,၄-နာရီ မထတန်းထိုင်သူတို့ကို တွေ့မြင်ကြားသိနေရရာ သံဝေဂဖြစ်ရသည်။ အချိုတို့ကား-'နိဗ္ဗာန်လိုချင်ရင် သေမှာမကြောက်နဲ့'ဟူသော ဆောင်ပုဒ်ကိုပင် အခိုင်အမာပြု၍ အားထုတ်လေရာ သမ္မာဝါယာမ-သမ္မပ္ပဓာန်တို့၏ သဘောနှင့် တခြားစီ ဖြစ်လေသည်။

ခန္ဓာငါးပါး ရုပ်,နာမ်နှစ်ပါးသည် သင်္ခတပရမတ်တို့ဖြစ်ကြသည်၊ ပရမတ်ဆိုသည်မှာ ၎င်းတို့၏ (သဘာဝ) ကိုယ်ပိုင်လက္ခဏာကို မည်သည့်အခါမှ မစွန့်, ပြောင်းလဲမသွား, ပြုပြင်၍ မရသောကြောင့် 'ပဉ္စက္ခန္ဓာ-အနတ္တာ'ဟု မြတ်စွာဘုရား ဟောလေသည်၊ သူတို့ (ခန္ဓာငါးပါး) သည် သူတို့အလုပ် သူတို့ လုပ်နေသည်၊ သူတို့ကိစ္စ သူတို့ ဆောင်ရွက် နေသည်၊ သူတို့ကိစ္စမလုပ်နိုင်အောင်,သူတို့ကိစ္စမဆောင်ရွက်နိုင်အောင်, ပြုလုပ်နိုင်သူ-တားဆီးနိုင်သူ မည်သူမှမရှိပေ၊ ဘုရားလည်း မတားနိုင်ချေ။

၁။ ရူပက္ခန္ဓာ-ဖောက်ပြန်မှုအစုသည် ပျက်နေသည်၊

၂။ ဝေဒနာက္ခန္ဓာ-ခံစားမှုအစုသည် ပျက်နေသည်၊

၃။ သညာက္ခန္ဓာ-မှတ်မှုအစုသည် ပျက်နေသည်၊

၄။ သင်္ခါရက္ခန္ဓာ-ပြုပြင်မှုအစုသည် ပျက်နေသည်၊

၅။ ဝိညာဏက္ခန္ဓာ-သိမှုအစုသည် ပျက်နေသည်။

www.dhammaransi.com

သို့ဖြစ်ရာ သူတို့ကိစ္စ, သူတို့လမ်းစဉ်, သူတို့ထုံးစံကို သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် ဤသည်ကား (ဣတိရူပံ)ဖောက်ပြန်တတ်သည့် သဘောတည်း၊ (ဣတိ ရူပဿ သမုဒယော) ဤသည်ကား ဖောက်ပြန်မှု၏ ဖြစ်ခြင်းတည်း၊ (ဣတိ ရူပဿ အတ္ထင်္ဂမော) ဤသည်ကား ဖောက်ပြန်မှု၏ချုပ်ခြင်းတည်း-ဟု သူတို့ကိုအကဲခပ်နေရန်,လေ့လာနေရန်, စူးစမ်းနေရန်, ရှုမှတ်နေရန်, အမှန်သိနေရန် ဟောတော်မူခဲ့၏၊ ဝိပဿနာ ရှုသည်ဆိုရာတွင် ထိုခန္ဓာငါးပါး သူတို့၏သဘောကို လေ့လာအကဲခပ်ရန် ဖြစ်၍ ၎င်းတို့ကို အသိဉာဏ်သည် မည်သို့မျှ ပြုပြင်ကွပ်ကဲရန် မဟုတ်ချေ၊ ပြုပြင်ကွပ်ကဲ၍လည်း မရချေ၊ ပြုပြင်ကွပ်ကဲရန်လည်း ဘုရား မဟောချေ၊ ကိုယ်တော်တိုင်လည်း မပြုပြင်ခဲ့-မကွပ်ကဲခဲ့ချေ။

တရားသဘောကို နားလည်ရမည်

မြတ်စွာဘုရားသည် တရားတော်ကို ဟောကြားရာ၌ တိုက်ရိုက် ဟောသော (မုချ)၊ သွယ်ဝိုက်၍ဟောသော (ပရိယာယ) ဟူ၍ ရှိလေသည်၊ တိုက်ရိုက် ဟောသော(မုချ)ဓမ္မကို သွယ်ဝိုက်သော(ပရိယာယ)ဓမ္မ ဟု မယူအပ်သကဲ့သို့ ပရိယာယ်နှင့် သွယ်ဝိုက်ဟောသော တရားကိုလည်း တိုက်ရိုက်တရားဟု မယူရချေ၊ ဥပမာ-ကိလေသာအရှုပ်အထွေးကြောင့် သတ္တဝါတို့မစင်ကြယ် သည်ကို 'တောရှင်းမှ စင်ကြယ်မည်'ဟု ဟောရာ ကိလေသာတောမှန်းမသိ သဖြင့် သစ်ပင်တောကို ရှင်းနေသောရဟန်းတို့အား....

ဝနံ ဆိန္ဒထ မာ ရုက္ခံ။

ဝနံ၊ကိလေသာတည်းဟူသောပုလောင်ညစ်ညမ်းသည့်တောကို။ ဆိန္ဒထ၊ ဝိဇ္ဇာဉာဏ်စက် သံလျက်ဖြင့် ပယ်ဖျက် ခုတ်ဖြတ်ကြကုန်လော့။ ရုက္ခံ၊ သစ်ပင် တည်းဟူသော တောကို။ မာဆိန္ဒထ၊ နဂိုမယုတ် အပိုလုပ်ပြီး မခုတ်မဖြတ်ကြလေလင့်။

ဟု ဟောကြားတော်မူရသည်။ ၎င်းပြင်....

မာတရံ ပိတရံ ဟန္တွာ၊ ရာဇာနော ဒွေစ ခတ္တိယေ။
ရဋ္ဌံ သာနုစရံ ဟန္တွာ၊ အနီဃော ယာတိ ဗြာဟ္မဏော။
(ဓမ္မပဒပါဠိတော်-၅၅)

ယင်းဂါထာ၏အဓိပ္ပာယ်ကို တိုက်ရိုက်ပြန်ဆိုသော်'အမိကိုသတ်၍, အဖကိုသတ်၍,မင်းမိဖုရားနှစ်ပါးကိုသတ်၍ အရံမြို့ရွာနှင့်တကွသော တိုင်း

www.dhammaransi.com

ပြည်ကြီးကိုဖျက်ဆီးလျက် ပုဏ္ဏားသည် ဆင်းရဲမရှိသည် ဖြစ်၍ သွား၏'ဟု အဓိပ္ပာယ်ရှိသည်၊ မြတ်စွာဘုရား၏ ဆိုလိုသော အဓိပ္ပာယ်မှာ....

အမိနှင့်တူသောတဏှာကိုင်း,အဖနှင့်တူသောမာနကိုင်း ပယ်သတ်ပြီးလျှင် ရေမြေသခင်ဘုရင်နှင့်မိဖုရားတည်းဟူသော သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိကိုင်းပယ်သတ်လျက် အခွန်ဝန်အမတ်နှင့်တူသောနန္ဒိရာဂကိုလည်း သတ်ပြီးလျှင် အရံမြို့ရွာနှင့် တူသော အာယတန တဆယ့်နှစ်ပါးနှင့် တကွ တိုင်းပြည်တည်းဟူသော ခန္ဓာကြီးကိုဖျက်ဆီးနိုင်သော ရဟန္တာသည် သံသရာခန္ဓာ ဆင်းရဲမရှိသည်ဖြစ်၍ နိဗ္ဗာန်သို့သွား၏။

ဟု ပရိယာယ်ကိုမသိသဖြင့် တွေဝေနေကြသော ရဟန်းများအား လကုဏ္ဍကဘဒ္ဒိယမထေရ် ရဟန္တာကို ပြ၍ ဟောတော်မူသည်။

ပရိယာယသုတ် ဤနေရာတွင် စကားအလျဉ်းသင့်သဖြင့် ပရိယာယသုတ် အမြွက်ကိုထုတ်ဆောင်သင့်ပေသည်၊ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွမည့်ရဟန်းတို့မှာစောနေသေးသောကြောင့် လမ်းအနီး၌ရှိသော တိတ္ထိပရိဗိုဇ် ကျောင်းသို့ ခေတ္တ ဝင်ရောက်ကြရာ ပရိဗိုဇ်တို့က "ငါ့ရှင်တို့- သင်တို့ဆရာ ဘုရားသည် သာဝကတို့အား 'သင်တို့သည် စိတ်ကို ညစ်နွမ်းစေတတ်သော အသိပညာကို အားနည်းစေတတ်သော နီဝရဏ တရား ငါးပါးကို ပယ်စွန့်ကုန်၍ ဗောဇ္ဈင်တရား ခုနစ်ပါးတို့ကို ပွားများကြကုန်လော'ဟုဟောသည်၊ငါတို့လည်းဤအတိုင်းဟောသဖြင့် သင်တို့ဆရာဘုရားတရားနှင့် ငါတို့တရားသည် မည်သို့ ထူးသနည်း၊ မည်သို့ ခြားနားသနည်း၊ မည်သို့အဓိပ္ပာယ်ကွဲလွဲသနည်း"ဟုပြောသောအခါ ရဟန်းတော်များလည်း မည်သို့မျှ ပြောဆိုဆွေးနွေး ပြန်လှန် ငြင်းခုန်မှု မပြုဘဲ 'မြတ်စွာဘုရားထံ ရောက်မှ သိရတော့အံ့'ဟု ကြံ၍ ဆွမ်းခံပြန်ကာ ဆွမ်းစားကြကုန်ပြီးသော် မြတ်စွာဘုရားအား ဤအတိုင်းပင် လျှောက်ကြလေလျှင် မြတ်စွာဘုရားက 'နီဝရဏသည် အကြင်အကြောင်းကိုစွဲ၍ ဆယ်ပါး ဖြစ်ကုန်၏၊ ဗောဇ္ဈင်တို့သည် အကြင်အကြောင်းကိုစွဲ၍တဆယ့်လေးပါးဖြစ်ကုန်၏၊ ထိုအကြောင်းသည် ရှိပါသလော, ဖြစ်နိုင်ပါသလော, ဟု ပြန်၍ မေးဘိုကောင်းသည်၊ ဤသို့ မေးလေသော် တိတ္ထိပရိဗိုဇ်တို့သည် ပြည့်စုံစွာ မဖြေနိုင်ကြကုန်ပဲ ပင်ပန်းဆင်းရဲကြကုန်လတ္တံ့၊ ယင်းသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ- ၎င်းတို့၏အရာ မဟုတ်သောကြောင့်ပေတည်း-ဟု ဟောတော်မူပြီးမှ

www.dhammaransi.com

နီဝရဏတရားသည် မိမိခန္ဓာ၌ ငါးပါးဖြစ်၍ အပြင် အပခန္ဓာ၌ ငါးပါး ဖြစ်ခြင်းကြောင့် နီဝရဏ ဆယ်ပါးဖြစ်ပုံ, ဗောဇ္ဈင် ခုနစ်ပါးသည်လည်း အတွင်းသန္တာနရတရားတို့၌ သတိသမ္ဗောဇ္ဈင်ဖြစ်သကဲ့သို့ အပြင်သန္တာနရတရား တို့၌လည်း သတိသမ္ဗောဇ္ဈင် ဖြစ်လေသည်၊ သို့ဖြစ်၍ ဗောဇ္ဈင် တဆယ့်လေး ပါးဖြစ်ပုံကိုအကျယ်တဝင့်ဟောတော်မူသည်၊ ထိုတွင် ဝီရိယသမ္ဗောဇ္ဈင်ကို ဟောတော်မူရာ၌....

ယဒပိ ဘိက္ခဝေ ကာယိကံ ဝီရိယံ၊ တဒ ပိ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ယဒပိ စေတသိကံ ဝီရိယံ၊ တဒပိ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါတိ ဣတိဟိဒံ ဥဒ္ဒေသံ ဂစ္ဆတိ၊တဒမိနာပေတံ ပရိယာ ယေန ဒွယံ ဟောတိ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်-ပရိယာယသုတ်-၉၇)

ချစ်သားတို့ ကိုယ်၌ဖြစ်သောအားထုတ်မှုသည်လည်း ဝီရိယ သမ္ဗောဇ္ဈင် တည်း၊စိတ်၌ဖြစ်သောအားထုတ်မှုသည်လည်း ဝီရိယသမ္ဗောဇ္ဈင်တည်း၊ ဤသို့လျှင် ဝီရိယ သမ္ဗောဇ္ဈင်သည် ဤအကြောင်း ပရိယာယ်အားဖြင့် လည်း နှစ်ပါးဖြစ်၏။

ဟု ဟောတော်မူသည်၊ ပရိယာယ်အားဖြင့် ဟောသည်ဟု ညွှန်ပြ ထားသည်၊ ၎င်းကို ကွဲပြားအောင် ရှင်းလင်းသည့် အဋ္ဌကထာဆရာက....

'ကာယိကန္တိ - စင်္ကမံ အဓိဋ္ဌဟန္တဿ ဥပ္ပန္နဝီရိယံ၊ စေတသိကန္တိ န တာဝ ဣမံ ပလ္လင်္ကံ ဘိန္ဒိဿာမိ၊ ယာဝမေ အနုပါဒါယ အာ သဝေဟိစိတ္တံဝိမုစ္စိဿတီ'တိ ဧဝံကာယပယောဂံ ဝိနာဥပ္ပန္နဝီရိယံ။

(သံယုတ်အဋ္ဌကထာ-၂၀၆)

'ကာယိက ကိုယ်နှင့်ပြုသော လုံ့လဝီရိယ ဟူသည်ကား စင်္ကြံသွားရန် ဆောက်တည်သောသူ၏ ချီမှု, ကြွမှု, လှမ်းမှုတို့ဖြစ်သော လုံ့လဝီရိယ တည်း။ စေတသိက စိတ်နှင့်ပြုသော လုံ့လဝီရိယဟူသည်ကား'ငါသည် အကြင်မျှလောက် အာသဝတရားတို့မှ စိတ်သည် စွဲလမ်းမှု မရှိသည် ဖြစ်၍ လွတ်လတ္တံ့၊ ထိုမျှလောက် ငါ၏အထိုင်ကို မဖျက်အံ့' ဟူ၍ ဆောက်တည်သောစိတ်သည် ပြုလုပ်သော ကိုယ်အမူအရာမပါမဆိုင်ပဲ စိတ်၌ဖြစ်သော လုံ့လဝီရိယတည်း' ဟု ဖွင့်ဆိုလေသည်၊ လုံ့လဝီရိယနှင့်

www.dhammaransi.com

ပတ်သက်၍ ပရိယာယ်အားဖြင့် (ကာယ) ဟု ဆိုစေကာမူ အားထုတ်အပ်သော လုံ့လဝီရိယဟူသည် သမ္မာဝါယာမ သမ္မပ္ပဓာန်ဟု (မုချ) အားဖြင့် ဟောတော်မူထားရာ ပရိယာယ်ဟော (ကာယ) ကိုယ်ကိုဟု မမှတ်ရာ။

အာတာပီတိ အာတပ္ပံ ဝုစ္စတိ ဝီရိယံ၊ ယော စေတသိကော။

(မဟာနိဒ္ဒေသပါဠိတော်-၂၉၅)

"မဆုတ်မနစ် ပြင်းပြင်းထန်ထန် စိတ်အားသန်လျက် ကိလေသာကို ပူပန်စေတတ်သော အာတာပ-ဟူသည် လုံ့လဝီရိယပေတည်း၊ ယင်းလုံ့လဝီရိယ ဆိုသည်မှာ-စိတ်၌ဖြစ်သော တရားတည်း"ဟု ဟောတော်မူသည်၊ မည်သို့မည်ပုံ စိတ်၌ဖြစ်သည်ကို ဆက်လက်၍ အဋ္ဌကထာဆရာက ရှင်းပြထားသည်မှာ....

စေတသိကောတိ ဣဒံ ဝီရိယဿ နိယမတော စေတသိကဘာဝဒီပနတ္ထံ ဝုတ္တံ၊ ဣဒဉ္ဟိ ဝီရိယံ ။လ။ ဝေမာဒီသု သုတ္တေသု စင်္ကမာဒီနိ ကရောန္တဿ ဥပ္ပဇ္ဇနတော ကာယိကန္တိ ဝုစ္စမာနမ္ပိ ကာယဝိညာဏံ ဝိယ ကာယိကံနာမ နတ္ထိ၊ စေတသိကမေဝ ပနေတန္တိ ဒီပေတုံ စေတသိကောတိ ဝုတ္တံ။

(မဟာနိဒ္ဒေသဋ္ဌကထာ-၃၅၉)

စိတ်၌ဖြစ်သည်ဆိုသည်ကား ဤအာတာပလုံ့လဝီရိယသည် ပရိယာယ် အားဖြင့် 'ကာယ'ဟု ဆိုသေးစေကာမူ မုချအမှန်အားဖြင့် စိတ်၌သာလျှင် ဖြစ်ကြောင်းကို ထင်ရှားပြ၍ဟောတော်မူသည်၊ မှန်၏၊ ဤအာတာပ-ဟူသည် သမ္မာဝါယာမ ဝီရိယပင်တည်း။ လ။ ပရိယာယ ဤသို့ အစရှိသောသုတ်တို့၌ ဟောတော်မူသော စင်္ကြံသွားခြင်း အစရှိသော ကိုယ်၏လှုပ်ရှားမှု အမူအရာကိုပြုခြင်းကြောင့်ဖြစ်သဖြင့်သာ ကာယိက ဝီရိယဟု ဆိုရစေသော်လည်း (ကာယဝိညာဏ်) ကိုယ်သိ ဆိုသကဲ့သို့ ကိုယ်နှင့်သိသည် မဟုတ်ချေ၊ ထိုလုံ့လဝီရိယသည် ကိုယ်ဖြင့် သိသည် လည်း မရှိချေ၊ စိတ်နှင့်သာလျှင် ပြုလုပ်ခြင်းဖြစ်၍ စိတ်နှင့်သာ ဆိုင်ကြောင်း ပြတော်မူလိုသည်ဖြစ်၍ 'စေတသိက' စိတ်နှင့်ဖြစ်သည်ဟူ၍ ဟောတော်မူလေသည်။

www.dhammaransi.com

ဆိုခဲ့သောသဘောအရ ပရိယာယ်ဒေသနာအရသာလျှင် ကာယိက ကိုယ်ဟု ဟောတော်မူစေကာ မူချ အားဖြင့်ကား သမ္မာဝါယာမသည် ဝီရိယစေတသိက်ပင်ဖြစ်ရကား ကာယ(ရုပ်)နှင့် ပတ်သက်သော လှုပ်ရှားမှု ရွေ့ရှားမှု မြှောက်မှု ကြွမှု အစုံသည် အသိ၏ တိုက်တွန်းမှု စေခိုင်းမှုတို့ ကြောင့် ဖြစ်ရကား ကိုယ်နှင့် ပတ်သက်သော လုံ့လဝီရိယ မဟုတ်ချေ၊ လုံ့လဝီရိယသည် အသိ(စိတ်)နှင့် ဆိုင်သဖြင့် အသိစိတ်၏ သံသရာဒုက္ခ ပြတ်လိုမှုကြောင့် မပြတ်ရှုချင်သိချင်သဖြင့် ဤအသိ စိတ်မချရသမျှ "အရိုးကြွင်းစေ၊ အကြောကြွင်းစေ၊ အသွေး အသားခန်းခြောက်စေ၊ ခန္ဓာ သံသရာ ပြတ်ကြောင်းအသိ မသိရသမျှ ကိလေသာ မဖြတ်ရသမျှ လုံ့လဝီရိယကို မလျှော့အံ့" ဟူသည်မှာ - စိတ်ကို တိုက်တွန်းခြင်း ဖြစ်ရာ၊ ကာယ(ရုပ်) ကိုယ်ကြီးကို မလှုပ်ဘဲပေနေရန် မဟုတ်၊ ဤရုပ်ကြီး မလှုပ်ဘဲပေနေလျှင် (အတ္တကိလမထ) ညှဉ်းဆဲရာသို့ မုချရောက်လိမ့်မည်။

အာတာပီနှင့် ပတ်သက်၍ ဣတိဝုတ် ပါဠိတော် အာတာပီသုတ် ၎င်းအဋ္ဌကထာ တို့တွင်လည်း ဤနည်းအတိုင်း ဟောထားပေရာ၊ လုံ့လ ဝီရိယမှာ စိတ်၌ထား၍ မပြတ်သောသတိရှိရမည့်အစား အနတ္တဖြစ်သော ဤရုပ်ခန္ဓာကြီးကို ၎င်း၏ပြုပြင်တတ်သော စေ့ဆော်တတ်သော သင်္ခါ ရက္ခန္ဓာတို့၏ သူ့သဘာဝ အလျောက် ပြုပြင် နေမှုကို အတ္တ သဘောနှင့် အတင်းရပ်ဆိုင်းစေကာ ပေနေမှုသည် အာတာပီမဟုတ်၊ သမ္မာဝါယာမ မဟုတ်၊ သမ္မပ္ပဓာန် လုံ့လဝီရိယမျိုး မဟုတ်သဖြင့် ဤသတိပဋ္ဌာန် တရား အားထုတ်ရာတွင် လိုအပ်သောအာတာပီကို သဘောပေါက် နားလည်စေ ကုန် သတည်း။

သမ္ပဇာနော 'အာရုံဝတ္ထု၊ တိုက်ဆိုံမှုကြောင့်ဖြစ်သောအသိကို ကောင်း စွာ အစိတ်စိတ်အလီလီ သိတတ်သော ပညာရှိသည်ဖြစ်၍' သတိပဋ္ဌာန်လုပ်ငန်းတွင် အဓိကကျ၍ အရေးကြီးသောဉာဏ် ပညာဟူသည် အဘယ်နည်း။

သမ္ပဇာနောတိ တတ္ထကတမံ သမ္ပဇည်၊ ယာပညာ ပဇာနနာ။ လ။ သမ္မာဒိဋ္ဌိ၊ဣဒံဝုစ္စတိသမ္ပဇည်၊ ဣမိနာသမ္ပဇညေန ဥပေတော။လ။ သမန္နာဂတော၊တေန ဝုစ္စတိ သမ္ပဇာနောတိ။

(အဋ္ဌကထာ)

www.dhammaransi.com

သမ္ပဇာနေ့ာတိ-သမ္ပဇာနော ဟူသည်ကား။တတ္ထတသ္မိံ မာတိကာပဒေ၊ ထိုခေါင်းစဉ်မာတိကာပုဒ်၌။ သမ္ပဇညံ၊ သမ္ပဇာနဟူသည်။ ကတမံ၊ အဘယ်နည်း။ ယာပညာ၊ အကြင်ပညာသည်။ ယာပဇာနနာ၊ အကြင် အပြားအားဖြင့် သိတတ်သောသဘောသည်။ ယာသမ္မာဒိဋ္ဌိ၊ အကြင် အမှန်မြင်ခြင်းသည်။ အတ္ထိ၊ရှိ၏။ ဣဒံသဗ္ဗံ၊ဤအလုံးကို။ သမ္ပဇညံ၊သမ္ပ ဇည,သမ္ပဇာနဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ဣမိနာသမ္ပဇညေန၊ဤသမ္ပဇဉ် သမ္မာဒိဋ္ဌိနှင့်။ ဥပေတော၊ ပြည့်စုံသည်။လ။သမန္နာဂတော၊ ထက်ဝန်း ကျင်မှပြည့်စုံသည်။ ဟောတိ၊ဖြစ်၏။တေန၊ထို့ကြောင့်။သမ္ပဇာနေ့ာတိ၊ သမ္ပဇာနဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

အပြားအားဖြင့်သိမှု(ပညာ)၊ အစိတ်စိတ် အလီလီသိမှု(ပဇာနန)၊ အမှန်ကိုသိမြင်မှု(သမ္မာဒိဋ္ဌိ) ရင်းတို့သည် 'သမ္ပဇာန ဟူသော သမ္ပဇဉ်'၏ အမည်တို့တည်း။ သတိနှင့် သမ္ပဇဉ်ပညာသည် မြတ်စွာဘုရား၏ အဆုံးအမ (သာသနာ)ပင်ရင်း ဖြစ်ပေသည်၊ ထို့ကြောင့် သတိ, ပညာ, သာသနာ ဟု ဆိုသည်။ သတိပဋ္ဌာန် လုပ်ငန်း၌ သတိ၏ကိစ္စ, ပညာ၏ ကိစ္စ ဟူ၍ ကိစ္စ ၂-ရပ် ရှိလေသည်။ ထိုကိစ္စ ၂-ရပ်သည် ခွဲခြား၍ အလုပ် လုပ်ရသည် မဟုတ်ချေ၊ ကိုယ့်ကိစ္စ ကိုယ်ဆောင်ရွက်သော်လည်း သတိကင်းလျှင် အနု ပဿနာမဖြစ်နိုင်သကဲ့သို့....

> ပညာဝိပ္ပယုတ္တာ ဟိ သတိ ဒုဗ္ဗလာ ဟောတိ၊သမ္ပယုတ္တာ ဗလ ဝတီ။
>
> (မဇ္ဈိမပဏ္ဏာသဋ္ဌကထာ-၂၁)

ဟိသစ္စံ၊မှန်၏။ ပညာဝိပ္ပယုတ္တာ၊ပညာကင်းသော။ သတိ၊ သတိသည်။ ဒုဗ္ဗလာ၊အားနည်းသည်။ ဟောတိ၊ဖြစ်၏။ သမ္ပယုတ္တာ၊ပညာနှင့်တွဲယှဉ် လျှင်။ဗလဝတီ၊အားရှိသည်။ဟောတိ၊ဖြစ်၏။

သတိနှင့်ပညာသည် သတိပဋ္ဌာန်ဟူသော ရုပ်,နာမ်ခန္ဓာ ပရမတ္ထကို ရှုမှတ်လေ့လာရာ၌ တွဲစပ်ပေါင်းယှဉ်၍ လေ့လာရသည်။ တနည်း-အလုပ် သဘောနှင့် ကြည့်မူ သမ္မာဒိဋ္ဌိပညာသည် ခန္ဓာကို ရှုမှတ် လေ့လာသော အခါ ထိုထိုရုပ်,နာမ် ပရမတ်တို့၏ အမှန်ဖြစ်ရှိနေသော သဘောတရားကို ဖြစ်,ပျက် နေသည်ဟု အသိဉာဏ်ဖြစ်ဆဲတွင် သမ္မာဒိဋ္ဌိ ပညာချည်းသာ မဟုတ်ချေ၊သမ္မာသတိသည် ထိုရုပ်,နာမ်ပရမတ်ကို ပရမတ်အတိုင်း သိမြင်

www.dhammaransi.com

နိုင်ဖို့ ရပ်တည်ပေးသည်။ ယင်းသို့ အခိုင်အမာ ရပ်တည်ပေးမှ ပညာက (အနိစ္စ,ဒုက္ခ,အနတ္တ) အနေရောက်အောင် ရှုသိနိုင်မည်ဖြစ်၍ ပူးတွဲဆောင်ရွက်မှ ဖြစ်နိုင်လေသောကြောင့်....

အယံ ပန ယသ္မာ သတိယာ အာရမ္မဏံ ပရိဂ္ဂဟေတွာ ပညာယ အနုပဿတိ။

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၁၆၃)

ဤသတိသည် ပညာဖြင့် ရှုရမည်၊ ရုပ်,နာမ် အာရုံကို သိမ်းဆည်းတည်တံ့အောင် ပြုလုပ်ပေး၍ ပညာက ဆက်လက်ရှုသွားလေသည်။ သတိသည် အဓိစိတ္တသိက္ခာ သမာဓိအဖွဲ့တွင်ပါ၍ သမ္မာဒိဋ္ဌိပညာသည် အဓိပညာသိက္ခာ ပညာအဖွဲ့တွင် ပါဝင်ရကား အလုပ်လုပ်သောမဂ္ဂင် ၅-လုံး အဖွဲ့အစည်းဝင်များဖြစ်သဖြင့် မကာင်းကောင်းပေ။ဝိပဿနာအလုပ် လုပ်ရာတွင် ပညာကိစ္စတွေချည်း ညွှန်ပြရန် ရှိသောကြောင့် ဤမဟာသတိပဋ္ဌာန်ဥဒ္ဒေသဝါရ အကျဉ်းပြနေရာတွင် ဤမျှဖြင့် ရပ်နား၍ နိဒ္ဒေသဝါရတွင်မှ အကျယ်ညွှန်အံ့။

လောဘ-ဒေါသကို ဆုံးမခြင်း-ပယ်ခြင်း

ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ - ဟူသော ဥဒ္ဒေသ သမာတိကာ၌-

လောကေ၊ အစွဲအလမ်း၏ အာရုံဖြစ်သော ဖောက်ပြန် တတ် သော သဘော၌။အဘိဇ္ဈာဒေါမနဿံ၊တစုံတခုသောဝတ္ထုအာရုံ၌ကိလေသာ တပ်မက်သောအားဖြင့် ရှေးရှုကြံခြင်း ဟူသော လောဘ၊ ကြံစည်တိုင်း မရ မဖြစ်ခြင်းကြောင့် နှလုံးမသာယာခြင်း ဒေါမနဿကို။ ဝိနေယျ၊ ခေတ္တဖြစ်စေ, ကြာကြာဖြစ်စေ ပယ်နိုင်ရန်ဆုံးမ၍....

ဟု နိဿယ၌ ဆိုခဲ့သည်။ ထိုတွင်-

လောက-ဟူသည်ကား အစွဲအလမ်း၏ အာရုံကြောင့် ဖြစ်သော ဖောက်ပြန် တတ်သော သဘော၌ ဆိုသည်ကား-လောကဟူသည် 'ရူပလောက,နာမလောက'ဟူသော ရုပ်,နာမ်လောက ဆိုသည့်အတိုင်း 'လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော' အဖန်ဖန်ပျက်တတ်သောသဘောကို ခေါ်သည်၊ ထို လောကဟုဆိုအပ်သော အပျက်သည် သက်ရှိ-သက်မဲ့ တော, တောင်,

www.dhammaransi.com

ရေ, မြေ, သမုဒ္ဒရာ ပြဟ္မာအကုန် သုံးဆယ့်တဘုံသည် သဘောအားဖြင့် ရုပ်,နာမ် ၂-ပါးသာ ဖြစ်၍ ပရမတ္ထအားဖြင့် ဖောက်ပြန်မှုအပျက်, သိမှု အပျက်သာရှိရကား-လောကဟူ၍ ခေါ်ဆိုအပ်သောသဘောသည် တဏှာ ဥပါဒါန်တို့အစွဲနှင့် ဖြစ်လာရသော ရူပလောက, နာမလောက ဖြစ်ပေ၍ ရုပ်,နာမ် ၂-ပါးကိုသာ ကောက်ယူရ၏၊ သို့ရာတွင် ယခုကာယာနုပဿနာ ရုပ်ကမ္မဋ္ဌာန်းပိုင်းကို ပြသိုရာ ဖြစ်သောကြောင့် လောကေ-'အစွဲအလမ်း ကြောင့်ဖြစ်သော ဖောက်ပြန်တတ်သော သဘော၌'ဟု သီးခြားဆိုရသည်၊ ထို့ကြောင့် အဘိဓမ္မာဝိဘင်းပါဠိတော်၌…

သောဝေကာယော၊ ထိုရူပကာယသည်သာလျှင်။ လောကော၊ အပျက် မည်၏။ ပဉ္စုပါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာပိ၊အစွဲအလမ်း၏ အာရုံ ကြောင့် ဖြစ်သော အစုအပုံ တို့သည်လည်း။ လောကော၊ လောက၊ ဝါ-အပျက်တို့ မည်သည် သာတည်း။ အယံသဗ္ဗော၊ ဤအလုံးစုံကို။ လောကော၊ လောကဟူ၍၊ ဝါ-အပျက်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပာယ်မှာ-လောကဟုဆိုသည်ကား သတိပဋ္ဌာန်တရားဖြစ်သော ပရမတ်ရုပ်,နာမ်သည်(လောက)အပျက်ဖြစ်၍၊ရင်းကို သူ၏ပင်ရင်း ပရမတ် သဘောရောက်အောင် ရှုနိုင်, ကြည့်နိုင်, သိနိုင်ပါမူကား-အဘိဇ္ဈာဟူသော လောဘ၊ စိတ်နှလုံးမသာယာသောဒေါမနဿကို ပယ်ဖျောက်နိုင်ရာ၏။

အဘိဇ္ဈာ အဘိဇ္ဈာဆိုသည်ကား-တစုံတခုသော ဝတ္ထုအာရုံ၌ ကိလေသာ တပ်မက်သောအားဖြင့် ရှေးရှုကြံခြင်းဖြစ်လေသည်၊ ရင်း အဘိဇ္ဈာဟူသော သဘောသည် ထိုထိုသော ဝတ္ထုအာရုံ တိုက်ဆုံသော အခါ၌ အကြင်လိုချင်ခြင်းသဘော, လိုချင်ပုံအခြင်းအရာ, လိုချင်တတ်သူ- စွဲလမ်းတတ်သူ၏အဖြစ်, မက်မောမှုအကုသိုလ်တို့၏ အခြေအမြစ်ဖြစ်သော လိုချင်တပ်မက်မှုသည် ရှိ၏၊ ထိုအခါ၌ မက်မောမှု 'အဘိဇ္ဈာ' ဟူသော သဘော ဖြစ်၏....

ဟု အဘိဓမ္မာ ဓမ္မသင်္ဂဏီ ပါဠိတော်တွင် ဟောတော်မူလေသည်၊ စင်စစ် တရားကိုယ်မှာ လောဘပင်ဖြစ်၍ လောဘ၏သဘောအတိုင်း အမူ အရာ အသွင်ခြားနားလျှင် အမည်အမျိုးမျိုးဖြစ်ကြောင်းတို့ကို ပါဠိတော် တွင် ဟောတော်မူပြီးဖြစ်လေသည်၊သို့ရာတွင် ဤနေရာ၌ အဘိဇ္ဈာဟူသော အမည်နှင့်ဟောထားသောကြောင့်၊ယင်းအဘိဇ္ဈာကို လေ့လာကြည့်သော်-

www.dhammaransi.com

သကာဘင္ဂေ ဆန္ဒရာဂေါ အဘိဇ္ဈာ၊ ပရာဘင္ဂေ ဝိသမလောဘော၊ အထဝါ သကာဘင္ဂေဝါ ပရာဘင္ဂေဝါ ဟောတု၊ ယုတ္တပတ္တဋ္ဌာနေ ဆန္ဒရာဂေါ အဘိဇ္ဈာ။ (မူလပဏ္ဏာသဋ္ဌကထာ-၁၇၃)

မိမိ၏ ပစ္စည်းဥစ္စာအပေါ်၌ သာယာတပ်မက်မှုသည် အဘိဇ္ဈာမည်၏၊ သူတပါး၏ ပစ္စည်းဥစ္စာအပေါ်၌ သာယာ တပ်မက်မှုသည် ဝိသမလောဘ မည်၏၊ တနည်းသော်ကား-မိမိပစ္စည်းဥစ္စာဖြစ်စေ၊သူတပါး၏ ပစ္စည်းဥစ္စာဖြစ်စေ အသင့်ရောက်ရှိသော ပစ္စည်းဥစ္စာ အပေါ်၌ သာယာတပ်မက်မှုဟူသမျှသည် အဘိဇ္ဈာချည်း ဖြစ်လေသည်။

မည်သို့ဆိုစေ၊ သာယာဖွယ်,တပ်မက်နှစ်သက်ဖွယ် အာရုံပေါ်တွင် တပ်မက်သာယာက အဘိဇ္ဈာဟူသောလောဘ ဖြစ်လေသည်။ အဋ္ဌကထာတွင်လည်း အဘိဇ္ဈာ၏သဘောကို အကျယ်ဆိုထားသော်လည်း ၎င်း၏ သဘောမျှကို သိထားဘို့သာ လိုပါသည်။

ဤခန္ဓာ၏သဘောကို သုံးသပ်ရာ၌ သတိပညာမပါခဲ့သော် သာမန်အားဖြင့် နှစ်သက်မှုအဘိဇ္ဈာနှင့် မနှစ်သက်မှုဒေါမနဿတို့ကား တခုမဟုတ်တခုဖြစ်မြဲတည်း၊ ထို့ကြောင့် သတိပညာမပါသော ပုထုဇ္ဇန်တို့၌ လောဘ-ဒေါသ စသော ကိလေသာတို့သည် အမြဲယိုစီးနေကြောင်း ဟောတော်မူခြင်း ဖြစ်ပေသည်။ မြတ်စွာဘုရားသည်လည်း....

သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော အယံ ဝေါ အမှာကံ အနုသာသနီ။

[(သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်-၈၁။မဟာဝဂ္ဂသံယုတ်ပါဠိတော်-၁၅၇),

'ငါဘုရားတို့၏ အဆုံးအမဟူသည် သတိပညာ ဖြစ်သည်၊ သို့အတွက် ချစ်သားတို့သည် ကိလေသာမဝင်အောင် သတိနှင့် စောင့်ရှောက်၍ ပညာဖြင့် ကိလေသာမျိုးပြုတ်အောင် တိုက်ရမည်၊ ဤသည်ကား-သင်ချစ်သားတို့အတွက် ငါဘုရား၏ အဆုံးအမတော်ပင်တည်း'။

ဟု ဟောတော်မူခဲ့သည်၊ မြတ်စွာဘုရားသည် လောဘ-ဒေါသ စသော ကိလေသာသတ်ရန် ဤသာသနာကို ထူထောင် တည်ဆောက်ခဲ့သဖြင့် သတိပဋ္ဌာန် ဟူသည် ကိလေသာသတ်နည်း အလုပ်သင်တန်းကြီး ဖြစ်သည့်အတိုင်း သတိစောင့်ရှောက်မှုရှိလာ၍ ပညာနှင့် သိမြင်အားထုတ်

www.dhammaransi.com

ပါလျှင် ကိလေသာမျိုးပြုတ်မည်ဖြစ်၍ 'ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ'ဟု တိုက်ခိုက်ပုံ ညွှန်ပြတော်မူသည်၊ အကယ်၍ သတိစောင့်ရှောက်မှု လွတ်သွားလျှင် 'ရူပံ ဒိသွာ သတိမုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိကရောတော' စသည်ဖြင့် သဠာယတနသံယုတ် ပါဠိတော်တွင် မာလုကျပုတ္တ ရဟန်းကို ဟောလေသည်။

ချစ်သား မာလုကျပုတ္တ အဆင်းကိုမြင်သော် နှစ်သက်ဖွယ်အာရုံ ဟု နှလုံးသွင်းသောသူအား 'သတိ' လွတ်ကင်းသည် ဖြစ်၍ ပြင်းထန်စွာ စွဲလမ်းသောစိတ်နှင့် ခံစား၏၊ ထို အဆင်းအာရုံ၌လည်း လွှမ်းမိုး၍ တည်၏၊ ထိုသူအား အဆင်းဟူသော အာရုံကြောင့် ဖြစ်ကုန်သော များစွာသောခံစားမှုတို့သည် တိုးပွားကုန်၏၊ သူတပါးစည်းစိမ်ကို ရှေးရှု ကြံစည်မှု အဘိဇ္ဈာသည်၎င်း၊ စိတ်ပင်ပန်းမှု ဒေါမနဿသည်၎င်း၊ ထို သတိလွတ်ကင်းသောသူအား ကပ်၍ညှဉ်းဆဲလေသည်၊ ဤသို့ဆင်းရဲကို ရှာမှီး ဆည်းပူးနေသောသူအား နိဗ္ဗာန်မှ ဝေးကွာလှ၏ဟု ဆိုအပ်၏။

ဤသို့ ဟောတော်မူရာ သတိမလွတ်သောသူအား အပြန်အားဖြင့် အဘိဇ္ဈာ ဒေါမနဿတို့ မဖြစ်သဖြင့် နိဗ္ဗာန်နှင့်နီးကြောင်း ထပ်ဆင့်ဟော တော်မူရာ၊ သတိပညာ တွဲလျက်ပါအောင် အားထုတ်သောယောဂီအတွက် အဘိဇ္ဈာ ဒေါမနဿ စသော ကိလေသာတို့ မဖြစ်ပုံမှာ သဘာဝကျစွာ သိမြင်နိုင်ပေသည်၊ သတိပဋ္ဌာန်လုပ်ငန်းပိုင်းတွင် အရေးအကြီးဆုံး သတိကို ရှေးဦးစွာ ဦးတည်၍ ဟောတော်မူသော သတိပဋ္ဌာန်ဟု မှတ်သားအပ် လေသည်။

ဒေါမနဿ ကိုယ်၌ဖြစ်သော ကိုယ်နှင့်စပ်သောဆင်းရဲသည် 'ဒုက္ခ'ဖြစ်၍ စိတ်၌ဖြစ်သော စိတ်နှင့်စပ်သော ဆင်းရဲသည်'ဒေါမနဿ' ဖြစ်လေသည်။ တရားကိုယ်ကား ဒေါသကိလေသာ ဖြစ်၏။ ကိလေသာ ဟူသော အပူအလောင်အားလုံးတွင် လောဘ, ဒေါသ, မောဟ တရားသည် အရင်းခံဖြစ်၏။ ထိုလောဘ, ဒေါသ စသော ကိလေသာတို့ကို သတိ အစောင့်အရှောက်ကိုမူတည်၍ ပညာပွားများခြင်းဖြင့်သာလျှင် ကွာအောင် သေအောင် သတ်ဖြတ်ဖျက်ဆီးနိုင်သဖြင့် သံသရာခန္ဓာဆင်းရဲမှ လွတ်ကင်း လိုသော ဝေနေယျ သတ္တဝါများအတွက် ဤသတိပဋ္ဌာန် လုပ်ငန်းသည် အလွန်အားထားရသော လုပ်ငန်းရပ်ကြီးဖြစ်လေသည်။

www.dhammaransi.com

တတ္ထ ကတမံ ဒေါမနဿံ၊ ယံစေတသိကံ အသာတံ စေတသိကံ ဒုက္ခံ စေတောသမ္ဖဿဇံ အသာတာ ဒုက္ခာ ဝေဒနာ၊ ဣဒံ ဝုစ္စတိ ဒေါမနဿံ။

(ပဋိစ္စသမုပ္ပါဒ်ဝိဘင်းပါဠိတော်-၂၀၁)

တတ္ထ၊ ထိုမာတိကာပုဒ်၌။ ဒေါမနဿံ၊ ဒေါမနဿဟူသည်။ ကတမံ၊ အဘယ်နည်း။စေတသိကံ၊ စိတ်၌ဖြစ်သော။ ယံအသာတံ၊ အကြင်သာယာဖွယ်မရှိသော ဆင်းရဲခံစားရမှုသည်။ စေတသိကံ၊ စိတ်၌ဖြစ်သော။ ယံဒုက္ခံ၊အကြင်ဆင်းရဲသည်။ စေတောသမ္ဖဿဇာ၊ စိတ်အတွေ့ကြောင့်ဖြစ်သော။အသာတာ၊သာယာဖွယ်မရှိသော။ ဒုက္ခာ၊ဆင်းရဲသော။ယာဝေဒနာ၊ အကြင်ခံစားမှုသည်။ အတ္ထိ၊ ရှိ၏။ ဣဒံသဗ္ဗံ၊ ဤအလုံးစုံကို။ ဒေါမနဿံ၊ဒေါမနဿဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

သတ္တဝါတိုင်းတွင် မကောင်းသော အလိုမရှိအပ် မနှစ်သက်အပ်သော အာရုံတခုခုကို မြင်သည်ဖြစ်စေ၊ကြားသည် ဖြစ်စေ၊နံသည် ဖြစ်စေ၊ လျက်မိသည် ဖြစ်စေ၊ ထိမိသည် ဖြစ်စေ၊သိရသည် ဖြစ်စေ၊ ထိုအာရုံသည် ထိုသတ္တဝါအတွက် ဒေါမနဿ ဒေါသဖြစ်၍ ဆင်းရဲလေသည်။ ထိုမြင်မှု, ကြားမှု စသော အာရုံနှင့်(စက္ခု) မျက်စိစသော ဝတ္ထုတို့ကို တိုက်တွေ့ရာတွင် 'သတိ' အစောင့်အရှောက် ရှိထားပါလျှင် ရှိထားသူကား ထိုမြင်မှုစသော အာရုံသည် မိမိစိတ်ကို ဆင်းရဲစေသော မသာယာဖွယ် အာရုံမဖြစ်တော့ပေ၊ဆင်းရဲခံစားရမှုဟူ၍လည်း မရှိတော့ပေ၊ အဘယ့်ကြောင့်ဟူမူ ထိုအာရုံဝတ္ထုတို့၏ တိုက်ဆုံတွေ့ထိမှုသည် ပရမတ်ရုပ်,နာမ်တို့၏ ကိစ္စဖြစ်သည်ကို သိသောကြောင့် ထိုပရမတ် ရုပ်,နာမ်၏ သဘောကို 'ကာယေ ကာယာနုပဿီ ဝိဟရတိ'အရ-ပရမတ်သဘောကို သိလိုက် သောကြောင့် ဖြစ်လေသည်။

ဝိနေယျ ခေတ္တဖြစ်စေ၊ ကြာကြာဖြစ်စေ ပယ်နိုင်ရန်ဆုံးမ၍-ဟု နိဿယတွင် ဆိုသည်။ဤနေရာတွင် ဤသတိပဋ္ဌာန်ဟူသော ပုဗ္ဗဘာဂ လောကီမဂ်ဖြင့် အဘိဇ္ဈာဟူသောလောဘ၊ စိတ်နှလုံးမသာယာမှုဟူသော ဒေါသတို့သည် သတိပဋ္ဌာန်ဟူသောပရမတ်ရုပ်,နာမ်ကို သိဆဲအခါတွင်သာ သတိ၏အစောင့်အရှောက် အဆုံးအမကြောင့်ဖြစ်ရာ ပယ်နိုင်ခြင်းမရှိသေးချေ။ အဋ္ဌကထာ၌....

www.dhammaransi.com

(ဗဟိဒ္ဓ)ဖြစ်စေ၊ ရှုနေ သိနေသောအခါ မိမိသိထားသောအသိ၊ ဝါ မိမိစိတ်နှင့်မိမိသာ သိရမည့်ကိစ္စဖြစ်သောကြောင့် 'ရုပ်ပဲ့ဝေဒနာပဲ'ဟု ဆရာသမားစသော သူတပါး၏စကားအရ လိုက်မှတ်နေခြင်းသာဖြစ်၍ မိမိရှုနေသော ခဏ္ဍာတွင် 'ရုပ်'ကိုလည်း တွေ့မည်မဟုတ်၊ ဝေဒနာကိုလည်း တွေ့မည်မဟုတ်ချေ၊ တကယ်မိမိအသိတွင်ကား 'ဖောက်ပြန်သဘောတွေ တသုတ်သုတ်နှင့် တွေ့မည်၊ တရှိန်ရှိန်နှင့် တွေ့နေမည်၊ ခံစားသော သဘောတွေ တဖြုတ်ဖြုတ်နှင့်တွေ့မည်၊ တရိပ်ရိပ်နှင့်တွေ့မည်၊ သိမည်သာတည်း' ထိုသို့ မိမိကိုယ်တိုင် တွေ့သိနေရသည်ကတခြား၊ သင်ကြား မှတ်သား ထားသော ရုပ်နာမ်သဘောကတမျိုး ဖြစ်နေလျှင် မည်သည်ကို ရှုမှတ်၍ မည်သည်ကို သိနေသနည်း။

ကိုယ့်ဘာသာနှင့် ကိုယ်သိ မြတ်စွာဘုရား၏ အလိုတော် သိရမည့်ပုဂ္ဂိုလ် နားလည်ဖို့သာ လိုသည်၊ သို့မှ ဉာဏ်ရောက်၍ အလုပ်ဖြစ်မည်။

> ဧဝေဝ ဘဂဝတော ဓမ္မဒေသနာဃောသော ကေသိုဉ္စ ခဏေ ပဝတ္တမာနော နာနာဘာသာနံ သတ္တာနံ အတ္တနောအတ္တနော ဘာသာဝသေန အပုဗ္ဗံအစရိမံ ဂဟဏူပဂေါ ဟောတိ၊ အစိန္တေယျော ဟိ ဗုဒ္ဓါနံ ဗုဒ္ဓါနုဘာဝေါတိ သဗ္ဗသတ္တာနံ သကသကဘာသာနုရူပတော သောတပထံ အာဂစ္ဆတီတိ ဝေဒိတဗ္ဗံ။
>
> (ဥဒါနဋ္ဌကထာ-၁၀။ ဇာတိပုတ္တကဋ္ဌကထာ-၁၉)

ဤဖော်ပြချက်ကို လေ့လာပါ၊ မြတ်စွာဘုရား၏ တရားတပွဲတွင် အများအပြား တရားရကြသည်မှာပါဠိမာဂဓလိုဟောသဖြင့် ပါဠိတတ်သူ လူမျိုးချည်း နားကြား နေရသည်မဟုတ်။ လူမျိုးအားဖြင့်ရင်း, ဇာတ်အားဖြင့်ရင်း မတူသူ လူမျိုးစုံ စကားမျိုးစုံတို့ တရားအဆုံးတွင် တရားရသွားကြရာတွင် မြတ်စွာဘုရား၏ မကြံစည်နိုင်သော တန်ခိုးတော်ကြောင့် ပါဠိလို ဟောစေကာမူ သူတို့နားလည်သော စကားအဖြစ်နှင့် ၎င်းတို့၏ နားအတွင်းသို့ ဘာသာပြန်ပြီးသားရောက်သွား၍ နားလည်သောကြောင့် ကျွတ်ကြသည်၊တရားရကြသည်'ဟု ဆိုထားရာ၊ ယခုအခါ ဘုရားမရှိတော့သော်လည်း မိမိတို့နားလည်သော မြန်မာပြန်များကို လေ့လာ၍ ဖြစ်စေ၊

www.dhammaransi.com

မိမိဘာသာနှင့် သင်ကြားပေးမည့် ဆရာသမားကို ရှာဖွေဆည်းကပ်လျက် ဖြစ်စေ နားမလည်က နားလည်အောင်, မသိက သိအောင် ကြိုးစားရန် ကား မိမိတာဝန်သာ ဖြစ်သည်ကို သတိရပါ၊ သူများက 'ရုပ်'ဆိုတိုင်း မိမိ အသိတွင် ရုပ်ဆိုသည်ကို မတွေ့မသိက စိတ်ကူးသိ,ကြံသိသာ ဖြစ်ပေလိမ့် မည်၊ 'ဝေဒနာ' ဆိုရာ၌လည်း သူများက ဝေဒနာ ဆို၍သာ 'ဝေဒနာ' ဝေဒနာ' နှင့် အတင်းလိုက်နေသည်၊ 'ဝေဒနာဟာ ဘာလဲ' မေးလျှင် ခက်တော့သည်၊ မိမိ နားလည်သော 'ခံစားမှု' ဟု သိလျှင် ဤ အသိသည် သူတပါးပြောမှ သိရသည် မဟုတ်ပဲ ကိုယ်ပိုင်အသိ ဖြစ်သည်၊ သို့ဖြစ်၍ ကျွန်ုပ်တို့သည် မိမိနားလည်သောစကားနှင့်မှ အလုပ်ဖြစ်မည်ကို သဘော ပေါက်ထားသောကြောင့် ဟောပြောညွှန်ပြမှုတို့တွင် မိမိနားလည်သော ဘာသာနှင့်သာ အတတ်နိုင်ဆုံး ညွှန်ပြနေရာ အချို့သူတို့ကား 'တမျိုး တဘာသာ' ဟုပင် ထင်လိုက်ချေသေး၏၊ သို့ရာတွင် ဘာသာပြန်ဖြင့်သာ ညွှန်ပြပေအံ့။

ဝေဒနာ ကာယာ နုပဿနာ အပြီးတွင် ဝေဒနာ နုပဿနာကို မြတ်စွာ ဘုရား ဟောတော်မူရာ၌ 'ဝေဒနာသု-ခံစားသောသဘောတို့တွင်၊ ဝေဒနာနုပဿီ-ခံစားသောသဘောတို့ဟူ၍ အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍။ ဝိဟရတိ၊နေ၏'ဟု ဟောတော်မူသည်၊ ခံစားမှုဟူရာ၌....

၁။ (သုခဝေဒနာ) ချမ်းသာခံစားမှု၊

၂။ (ဒုက္ခဝေဒနာ) ဆင်းရဲခံစားမှု၊

၃။ (အဒုက္ခမသုခါဝေဒနာ) ဆင်းရဲ မဟုတ် ချမ်းသာ မဟုတ် သည်ကို ခံစားမှု၊

ဟူ၍ ၃-မျိုး ရှိလေသည်၊ ထိုတွင် (သုခဝေဒနာ) ချမ်းသာခံစား သည်ဟူရာ၌ ချမ်းသာဆိုသည်မှာ-မိမိအသိနှင့် တွေ့ဆဲသဘောကျမှုအခိုက် (ဌီတိသုခါ) တည်ဆဲအခိုက်တွင်သာ 'ချမ်းသာ'ဟု ထင်ကာမျှ ဖြစ်သည်၊ ထိုချမ်းသာမှ (ဝိပရိဏာမဒုက္ခာ) ပြောင်းလဲသွားသော် ဓမ္မတာအတိုင်း ချုပ်ပျောက်သွားခဲ့သော်'ဆင်းရဲ'လေသည်၊ ထို့ကြောင့် ချမ်းသာမှုဖြစ်စေ ကာမူ ထိုချမ်းသာမှုသည် အစဉ်အမြဲ ခိုင်ခံ့သော ချမ်းသာမျိုးမဟုတ်သည် ကို သိရမည်ဖြစ်၏။

www.dhammaransi.com

(ဒုက္ခဝေဒနာ) ဆင်းရဲခံစားသည်ဆိုရာ၌လည်း ဆင်းရဲဆိုသည်မှာ အာရုံဝတ္ထု တိုက်ဆုံဆဲတွင် သဘောမကျ မနှစ်သက်မှု အခိုက်အတံ့တွင် (ဌိတိဒုက္ခာ)'ဆင်းရဲ'ဟု ထင်ကာမျှဖြစ်သည်၊ ထိုဆင်းရဲသည် ပရမတ်တို့၏ ဓမ္မတာအတိုင်း (ဝိပရိဏာမသုခါ) ပြောင်းလဲ ချုပ်ပျောက်သွားခဲ့သော် 'ချမ်းသာ'ဟု ထင်ပြန်လေသည်၊ ထို့ကြောင့် (ဒုက္ခဝေဒနာ)ဆင်းရဲခံစားမှု ဖြစ်သော်လည်း ထိုဆင်းရဲမှုသည် မတည်တံ့မခိုင်မြဲလေသဖြင့် မြဲခြောင့် သဘောသာဖြစ်၏။

(အဒုက္ခာမသုခါဝေဒနာ) ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို ခံစားရာ၌ ဥပေက္ခာသဘောဖြစ်လေသည်၊ ထိုဆင်းရဲချမ်းသာ မသတ်မှတ်မှု၍ ခံစားခြင်းသည်(ဉာဏသုခါ)ချမ်းသာမဟုတ် ဆင်းရဲမဟုတ်ဟု သိခိုက်တွင် ဉာဏ်ဖြစ်သော်လည်း ခံစားမှုဟူသည် မြဲသောသဘော မဟုတ်ရကား မသိသောအခိုက်တွင်(အဉာဏဒုက္ခာ)ဆင်းရဲလေသည်၊ ထို့ကြောင့်(အဒုက္ခမသုခါဝေဒနာ) ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို ခံစားရာ၌လည်း ပရမတ္ထသဘာဝမှ ပျက်တတ်သော သဘောသာဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် သံယုတ်ပါဠိတော်၌....

> ယော သုခံ ဒုက္ခတော အဒ္ဒ၊ ဒုက္ခ မဒက္ခိ သလ္လတော၊
> အဒုက္ခမသုခံ သန္တံ၊ အဒက္ခိ နံ အနိစ္စတော၊
> သ ဝေ သမ္မဒ္ဒသော ဘိက္ခု၊ ပရိဇာနာတိ ဝေဒနာ။
>
> (သဠာယတနသံယုတ်ပါဠိတော်-၄၀၉)

ယော၊ အကြင် ယောဂီသည်။ သုခံ၊ ချမ်းသာဟု သမုတ်အပ်သော။ ဝေဒနံ၊ ခံစားမှုကို။ ဒုက္ခတော၊ ဆင်းရဲသော သဘော ဟူ၍။ အဒ္ဒ၊ ရှုမြင်ပြီ။ ဒုက္ခံ၊ ဆင်းရဲဖြစ်သော။ ဝေဒနံ၊ ခံစားမှုကို။ သလ္လတော၊ မြှားငြောင့်နှင့်တူ၏ဟူ၍။ အဒက္ခိ၊ ရှုမြင်ပြီ။ အဒုက္ခမသုခံ၊ ဆင်းရဲလည်း မဟုတ်-ချမ်းသာလည်းမဟုတ်သော။ သန္တံ၊ ငြိမ်သက်သော။ နံဝေဒနံ၊ ထို လျစ်လျူခံစားမှုကို။ အနိစ္စတော၊ မမြဲသောအားဖြင့်။ အဒက္ခိ၊ ရှုမြင်ပြီ။ ဝေ၊ စင်စစ်။ သမ္မာ၊ ကောင်းစွာ။ ဒသော၊ ခံစားမှုတို့ကို ရှုမြင်တတ်သော။ သ-သော၊ ထိုယောဂီသည်။ ဝေဒနာ ၊ခံစားမှုတို့၏ သဘောကို။ ပရိဇာနာတိ၊ ပိုင်းခြား၍သိ၏။

www.dhammaransi.com

ဝေဒနာဟူသော ခံစားမှုတို့ကို ဤကား (သုခဝေဒနာ) ချမ်းသာ ခံစားမှု၊ ဤကား(ဒုက္ခဝေဒနာ)ဆင်းရဲခံစားမှု၊ ဤကား (အဒုက္ခမသုခ ဝေဒနာ) ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို ခံစားမှု ဟူ၍ ပညတ် အားဖြင့် ပြားစေကာမူ ပရမတ်သဘောအားဖြင့်ကား....

သဗ္ဗာဝေစေတာ 'ဒုက္ခာတိ'ပိ အနုဿိတဗ္ဗာ၊ ဝုတ္တဉ္ဇေတံ 'ယံကိဉ္စိ ဝေဒယိတံ၊ တံ ဒုက္ခသ္မိံ'တိ ဝဒါမိ'။

(မဟာဝဂ္ဂဋ္ဌကထာ-၃၅၂)

သဗ္ဗာဝေ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ စေတာဝေဒနာ၊ ထိုခံစားမှု တို့ကို။ ဒုက္ခာတိပိ၊သင်္ခါရဒုက္ခတို့ဟူ၍လည်း။ အနုပဿိတဗ္ဗာ၊ အဖန်ဖန် ရှုအပ်ကုန်၏။ ယသ္မာ၊ အကြင်ကြောင့်။ ယံကိဉ္စိ။ လ။ဒုက္ခသ္မိန္တိ-ဟူ၍။ ဧတံသုတ္တံ၊ ထိုရဟောဂတသုတ်ကို။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဝုတ္တံ၊ သဠာယတနသံယုတ်တွင် ဟောတော်မူပြီ။ တသ္မာ၊ ထို့ကြောင့်။ ယံကိဉ္စိ၊ အလုံးစုံသော။ ဝေဒယိတံ၊ ခံစားမှုမှန်သမျှသည်။ အတ္ထိ၊ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံဝေဒယိတံ၊ထိုခံစားမှုဟူသမျှသည်။ ဒုက္ခသ္မိံ၊ သင်္ခါရဒုက္ခသာတည်း။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟော၏။

သဠာယတန သံယုတ်ပါဠိတော် ရဟောဂတသုတ် အရ ပရမတ္ထ အားဖြင့် အလုံးစုံသော ချမ်းသာ, ဆင်းရဲ ခံစားမှု ကိစ္စ အားလုံး သည် 'သင်္ခါရဒုက္ခ'ချည်းသာ ဖြစ်သည်ဟု ဟောတော်မူသောအတိုင်း ဝိပဿနာ ဉာဏ်ဖြင့် ရှုသိရာ၌ ပညတ်ဖြစ်သော 'ချမ်းသာ, ဆင်းရဲ'ကို မမှတ်မူ၍ ၎င်းတို့၏သဘောတရား ဖြစ်,ပျက်ပရမတ်ကိုသာလျှင် သင်္ခါရဒုက္ခအနေနှင့် ရှုမြင်နိုင်ရမည် ဖြစ်လေသည်။

စိတ္တာ အာရုံဝတ္ထု၏ အစွမ်းအားဖြင့်ဖြစ်သော စိတ္တသည် အမျိုးအစား များပြားလှသည်။ထိုများပြားသော ဖြစ်ပေါ်တတ်သော အထူး ထူးသောစိတ်ကို ၎င်း၏သဘောအလျောက် ဖြစ်ပေါ်လာမှုကို သိရမှတ်ရ သောအလုပ်သည် 'စိတ္တာနုပဿနာ'ဖြစ်သည်၊ တနည်း-သတ္တဝါတိုင်းအား ဖြစ်တတ်ပေါ်တတ်သောစိတ်ကို အမှတ်မဲ့မဖြစ်စေဖဲ ဝါ-သတိမလွတ်စေပဲ ဖြစ်ပေါ်သော စိတ်အတိုင်း 'ရာဂစိတ်,ဒေါသစိတ်' စသည်ဖြင့် သိနေရ

www.dhammaransi.com

သော သတိအလုပ်ဖြစ်သည်။ ထိုထိုဖြစ်ပေါ်တိုင်းသော အသိစိတ်ကို အနုပဿနာ ၇-မျိုးဖြင့် ရှုမှတ်အားထုတ်ရလေသည်။ အကျယ်ကို (နိဒ္ဒေသဝါရ)နောက်ပိုင်းတွင် သိရလတ္တံ့။

ဓမ္မ ဓမ္မာနုပဿနာဟူသည်ကား-နိဝရဏစသော ပရမတ်တို့၏ အကောင်အထည် မဟုတ်သော ဓမ္မသဘာဝကို ၎င်းတို့၏ သဘောတရားအနေအချက် အမှန်တရား သစ္စာထိအောင် အသိဉာဏ်သွားသော အားဖြင့် မြတ်ဗုဒ္ဓဘုရား ပင့်ညာဥ်ပြုထားသော အဘိဇ္ဈာဟူသော လောဘ၊ စိတ်နှလုံးပသာယာမှု ဒေါသ၊ တွေဝေမှု မောဟတရားတို့ သမုစ္ဆေဒပဟာနအတိုင်း လုံးဝပယ်သတ်လျက် အရဟတ္တဖိုလ်အထိရောက်အောင်ပို့ဆောင်ထားသော ဓမ္မသဘောကိုသုညတအနတ္တဖြစ်ကြောင်း ဓမ္မာနုပဿနာကိုလည်း အကျယ်ဟော(နိဒ္ဒေသဝါရ)နောက်ပိုင်းတွင်မှ အသေးစိတ် ဖော်ပြလတ္တံ့။

ဤသည်လျှင် မဟာသတိပဋ္ဌာနသုတ်၏
အကျဉ်းပြ ပြီးပြီ။

www.dhammaransi.com

နိဒ္ဒေသ (အကျယ်ပြခြင်း)

(၁) ကာယာနုပဿနာ-အာနာပါနပဗ္ဗ၊ ထွက်လေ,ဝင်လေ ရှုသောအပိုင်း။

ဥ-ပါဠိတော်။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။လ။နစ ကိဉ္စိလောကေ ဥပါဒိယတိ၊ ဧဝမ္ပိခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ဥ-အနက်။ ဘိက္ခဝေ၊ချစ်သားတို့။ ဘိက္ခု၊ သံသရာကို ဘေးဟုမြင်တတ် ယောဂီမြတ်သည်။ ကထဉ္စ၊အဘယ်သို့လျှင်။ ကာယေ၊ ရူပကာယ ဟု ဆိုအပ်သော ဖောက်ပြန်မှု အပေါင်း၌။ ကာယာနုပဿီ၊ ဖောက်ပြန်မှု အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုသည် ဖြစ်၍။ ဝိဟရတိ ပန၊ နေသနည်းဟူမူကား....

ဘိက္ခဝေ၊ နိဗ္ဗာန်လိုလား အိုချစ်သားတို့။ ဣဓ၊ ဤငါဘုရား၏ သာသနာတော်၌။ ဘိက္ခု၊ သံသရာကို ဘေးဟုမြင်တတ် ယောဂီ မြတ်သည်။ အရညဂတောဝါ၊ တောအရပ်သို့ကပ်ရောက်၍သော်ငြင်း။ ရုက္ခမူလဂတောဝါ၊ သစ်ပင်ရင်းသို့ ကပ်ရောက်၍သော်ငြင်း။ သုညာဂါရဂတောဝါ၊ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်၍ သော်ငြင်း။ ပလ္လင်္ကံ အာဘုဇိတွာ၊ ထက်ဝယ်ဖွဲ့နေ တင်ပလ္လင်ခွေ၍။ ဥဇုံကာယံ၊ ကိုယ်၏အထက်ပိုင်းကို ဖြောင့်မတ်စွာ။ ပဏိဓာယ၊ ထား၍။သတိံ၊ သတိကို။ ပရိမုခံ၊ ရှုအပ်သော ထွက်လေဝင်လေ အာနာပါန ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှု။ ဥပဋ္ဌပေတွာ၊ တည်စေ၍။ နိသီဒတိ၊ ငြိမ်သက်သေခွေ ထိုင်လျက်နေ၏။

သောဘိက္ခု၊ထွက်သက်ဝင်သက် ဦးတည်ချက်ဖြင့် မဂ်ဖိုလ်ရည်မှတ် ယောဂီမြတ်သည်။သတောဝ၊မလစ်စေမူ သတိပြု၍သာလျှင်။ အဿသတိ၊ ထွက်သက်ကိုလွှတ်၏။ သတောဝ၊ မလစ်စေမူ သတိပြု၍သာလျှင်။ ပဿသတိ၊ဝင်သက်ကိုရှု၏။

ဒီဃံဝါ၊ ရှည်စွာမူလည်း။ အဿသန္တော၊ ထွက်သက်ကိုလွှတ်သည်ရှိသော်၊ ဝါ-ရှည်ရှည်ရှုထုတ်လတ်သော်။ ဒီဃံ၊ ရှည်စွာ။

အဿသာမီတိ၊ ထွက်သက်ကိုလွှတ်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဒီဃံဝါ၊ရှည်စွာမူလည်း။ ပဿသန္တော၊ဝင်သက်ကိုရှူသည်ရှိသော်၊ ဝါ-ရှည်ရှည် ရှူသွင်းလတ်သော်။ ဒီဃံ၊ရှည်စွာ။ ပဿသာမီတိ၊ ဝင်သက်ကိုရှူသည်ဟူ၍။ ပဇာနာတိ၊သိ၏။

ရဿံဝါအဿသန္တော၊တိုစွာထွက်သက်ကို လွှတ်သည်ရှိသော်။ ရဿံအဿသာမီတိ၊ တိုစွာထွက်သက်ကိုလွှတ်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံဝါပဿသန္တော၊ တိုစွာဝင်သက်ကို ရှူသည်ရှိသော်။ ရဿံပဿသာမီတိ၊ တိုစွာဝင်သက်ကိုရှူ၏ဟူ၍။ ပဇာနာတိ၊သိ၏။

သဗ္ဗကာယပ္ပဋိသံဝေဒီ၊ ထွက်သက်၏ အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းသည်။ ဟုတ္ဝာ၊ ဖြစ်၍။ အဿသိဿာမီတိ၊ ထွက်သက်ကိုလွှတ်ပေအံ့ဟူ၍။ သိက္ခတိ၊အားထုတ်၍ကျင့်၏။ သဗ္ဗကာယပ္ပဋိသံဝေဒီ၊ ဝင်သက်၏ အစ,အလယ်,အဆုံး အကုန်လုံး ထင်လင်းသည်။ ဟုတွာ၊ ဖြစ်၍။ ပဿသိဿာမီတိ၊ ဝင်သက်ကို ရှူပေအံ့ဟူ၍။ သိက္ခတိ၊အားထုတ်၍ကျင့်၏။

ကာယသင်္ခါရံ၊ အရှူပြင်း၍ ရုန့်ရင်းသော ထွက်သက်ကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊အစဉ်အတိုင်းချုပ်ငြိမ်းစေလျက်။ အဿသိဿာမီတိ၊ထွက်သက်ကို လွှတ်ပေအံ့ဟူ၍။ သိက္ခတိ၊အားထုတ်၍ကျင့်၏။ ကာယသင်္ခါရံ၊ အရှိုက်ပြင်း၍ ရုန့်ရင်းသောဝင်သက်ကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက်။ ပဿသိဿာမီတိ၊ ဝင်သက်ကိုရှူပေအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်၍ကျင့်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ သေယျထာပိ၊ ဥပမာသော်ကား။ ဒက္ခော၊လိမ္မာသော။ ဘမကာရောဝါ၊ ပွတ်ဆရာသည်ရင်း။ ဘမကာရန္တေဝါသီဝါ၊ပွတ်ဆရာ၏တပည့်သည်ရင်း။ ဒီဃံဝါ၊ရှည်စွာမူလည်း။ အဉ္ဆန္တော၊ ပွတ်ကြိုးကိုဆွဲငင်သည်ရှိသော်။ ဒီဃံအဉ္ဆာမီတိ၊ ရှည်ရှည်ဆွဲငင်သည် ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံဝါ အဉ္ဆန္တော၊တိုစွာဆွဲငင်လျှင်မူလည်း။ ရဿံအဉ္ဆာမီတိ၊ ပွတ်ကြိုးကို တိုစွာဆွဲငင်သည်ဟူ၍။ ပဇာနာတိ၊သိ၏။

(သဗ္ဗကာယပ္ပဋိသံဝေဒီ၊အလုံးစုံ အစ,အလယ်,အဆုံး ပွတ်လုံးကို ထင်စေလျက်။အဍ္ဎန္တော၊ဆွဲငင်သည်ရှိသော်။ သဗ္ဗကာယပ္ပဋိသံဝေဒီ၊ အလုံးစုံ အစ,အလယ်,အဆုံး ပွတ်လုံးကို ထင်စေလျက်။ အဍ္ဎာမိတိ၊ဆွဲငင်၏ဟူ၍။ပဇာနာတိ၊သိ၏။ဖရုသဍ္ဎံ၊ ရုန့်ရင်းကြမ်းတမ်းသော ဆွဲငင်ခြင်းကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ဖြည်းညှင်းသက်သာစွာ ဆွဲငင်ခြင်းဖြင့် ငြိမ်းစေလျက်။ အဍ္ဎန္တော၊ဆွဲငင်သည်ရှိသော်၊ ဖရုသဍ္ဎံ၊ ရုန့်ရင်း ကြမ်းထမ်းသော ဆွဲငင် ခြင်းကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ ဖြည်းညှင်းသက်သာစွာ ဆွဲငင်ခြင်းဖြင့် ငြိမ်းစေလျက်။ အဍ္ဎာမိတိ၊ ဆွဲငင်၏ဟူ၍။ ပဇာနာတိ၊သိ၏။)

ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝမေဝ၊ ပွတ်ဆွဲသမားနှင့်မခြားနားမူ အလားတူသာလျှင်။ ဘိက္ခု၊ ထွက်သက်ဝင်သက် ဉာဏ်နှစ်ချက်ကို မပျက်ပုံသေ ရှုကာနေတတ်သော ယောဂီမြတ်သည်။ ဒီဃံဝါ အဿသန္တော၊ရှည်စွာထွက်သက်ကိုထုတ်လွှတ်သောအခါ၌လည်း။ ဒီဃံအဿသာမိတိ၊ထွက်သက်ကိုရှည်စွာထုတ်လွှတ်သည်ဟူ၍။ပဇာနာတိ၊သိ၏။ဒီဃံဝါပဿသန္တော၊ရှည်စွာဝင်သက်ကိုရှူသောအခါ၌လည်း။ ဒီဃံပဿသာမိတိ၊ ဝင်သက်ကို ရှည်စွာရှူ၏ဟူ၍။ ပဇာနာတိ၊သိ၏။ရဿံဝါအဿသန္တော၊ တိုစွာထွက်သက်ကိုထုတ်လွှတ်သောအခါ၌လည်း။ ရဿံအဿသာမိတိ၊တိုစွာထွက်သက်ကိုထုတ်လွှတ်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံဝါပဿသန္တော၊ တိုစွာ ဝင်သက်ကို ရှူသောအခါ၌လည်း။ ရဿံပဿသာမိတိ၊ တိုစွာ ဝင်သက်ကို ရှူ၏ဟူ၍။ ပဇာနာတိ၊ သိ၏။

သဗ္ဗကာယပ္ပဋိသံဝေဒီ၊ ထွက်သက်၏ အစ, အလယ်, အဆုံး အကုန်လုံး ထင်လင်းသည်။ ဟုတ္ဍာ၊ ဖြစ်၍။ အဿသိဿာမီတိ၊ ထွက်သက်ကိုလွှတ်ပေအံ့ဟူ၍။ သိက္ခတိ၊အားထုတ်၍ကျင့်၏။ သဗ္ဗကာယပ္ပဋိသံဝေဒီ၊ ဝင်သက်၏ အစ,အလယ်,အဆုံး အကုန်လုံး ထင်လင်းသည်။ ဟုတွာ၊ ဖြစ်၍။ ပဿသိဿာမီတိ၊ ဝင်သက်ကို ရှူပေအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်၍ကျင့်၏။

www.dhammaransi.com

ကာယသင်္ခါရံ၊ အရှုပြင်း၍ ရှန်ရင်းသော ထွက်သက်ကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်း စေလျက်။ အဿသိဿာမိတိ၊ ထွက်သက်ကို လွှတ်ပေအံ့ ဟူ၍။ သိက္ခတိ၊ အားထုတ်၍ကျင့်၏။ ကာယသင်္ခါရံ၊ အရှိုက်ပြင်း၍ ရှန်ရင်းသော ဝင်သက်ကို။ ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ အစဉ်အတိုင်း ချုပ်ငြိမ်း စေလျက်။ ပဿသိဿာမိတိ၊ ဝင်သက်ကို ရှုပေအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်၍ကျင့်၏။

ဣတိဝေ၊ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အဇ္ဈတ္တံဝါ၊မိမိ၏ လည်းဖြစ်သော။ ကာယေ၊ ထွက်သက်ဝင်သက် ဟူသော ဖောက်ပြန်မှုအပေါင်း၌။ ကာယာနုပဿီ၊ ဖောက်ပြန်မှု အပေါင်းတို့ကို အဖန်ဖန် အထပ်ထပ် ရှုလေ့ ရှိသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါဝါ၊ သူတပါး၏လည်းဖြစ်သော။ ကာယေ၊ ထွက်သက်ဝင်သက် ဟူသော ဖောက်ပြန်မှု အပေါင်း၌။ ကာယာနုပဿီ၊ဖောက်ပြန်မှုအပေါင်းတို့ကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည် ဖြစ်၍။ ဝိဟရတိ၊နေ၏။အဇ္ဈတ္တဗဟိဒ္ဓါဝါ၊မိမိသူတပါး၏လည်းဖြစ်သော။ ကာယေ၊ ထွက်သက်ဝင်သက်ဟူသော ဖောက်ပြန်မှု အပေါင်း၌။ ကာယာနုပဿီ၊ထွက်သက်ဝင်သက်ဟူသော ဖောက်ပြန်မှုအပေါင်း တို့ကို အဖန်ဖန်အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ကာယသ္မိံ၊ထွက်သက်ဝင်သက်ဟူသောဖောက်ပြန်မှုအပေါင်း၌။ သမုဒယဓမ္မာနုပဿီဝါ၊ ဖြစ်ပေါ်လာကြောင်း သဘောကို အဖန်ဖန် အထပ်ထပ် ရှုသည် ဖြစ်၍မူလည်း။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ထွက်သက်ဝင်သက်ဟူသော ဖောက်ပြန်မှုအပေါင်း၌။ ဝယဓမ္မာနုပဿီဝါ၊ ချုပ်ခြင်း, ပျက်ခြင်း သဘောကို အဖန်ဖန် အထပ်ထပ် ရှုသည်ဖြစ်၍မူလည်း။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ထွက်သက်ဝင်သက် ဟူသော ဖောက်ပြန်မှုအပေါင်း၌။ သမုဒယ ဝယ ဓမ္မာနုပဿီဝါ၊ ဖြစ်ကြောင်းသဘော ချုပ်ခြင်း,ပျက်ခြင်း သဘောကို အဖန်ဖန် အထပ်ထပ် ရှုသည်ဖြစ်၍မူလည်း၊ ဝိဟရတိ၊ နေ၏။

www.dhammaransi.com

ကာယော၊ထွက်သက်ဝင်သက်ဖောက်ပြန်ချက် အပေါင်းသည် သာလျှင်။ အတ္ထိ၊ရှိ၏။ ဣတိ၊ဤသို့။ အဿ၊ထိုထွက်သက်ဝင်သက် ရှုလျက်နေတတ်သော ယောဂီမြတ်၏။ သတိ၊ သတိသည်။ ဝါပန၊ တနည်းတဖုံ ထင်လာတုံသည်လည်း။ ပစ္စုပဋ္ဌိတာ၊ စိတ်၌ ရှေးရှု ထင်လာမှုသည်။ ဟောတိ၊ ဖြစ်တတ်သေး၏။ သာသတိ၊ထိုထင် လာမှုသတိသည်။ ယာဝဒေဝ၊အကြင်မျှလောက်။ ဉာဏမတ္တာယ၊ ဖောက်ပြန်မှုကို သိခြင်း၏တိုးပွားမှုအလို့ငှာသာတည်း။ ပဋိဿတိ မတ္တာယ၊ ဖောက်ပြန်မှုကို တဖန်ထပ်၍ တိုးပွားစေခြင်း အလို့ငှာ သာတည်း။

သောဘိက္ခု၊ထွက်သက်ဝင်သက် ရှုလျက်နေတတ် ယောဂီမြတ် သည်။အနိဿိတောစ၊ထွက်သက်ဝင်သက်ကို တဏှာဒိဋ္ဌိတို့ဖြင့် မမှီ မှု၍လည်း။ ဝိဟရတိ၊ နေ၏။ လောကေ၊ အစွဲအလမ်း၏ အာရုံ ဖြစ်သော သင်္ခါရမှုအပျက်စု၌။ကိဉ္စိ၊ တစုံတခုသောအစုအပုံကိုမျှ။ နစဉပါဒိယတိ၊ ငါ့, ငါ့ဥစ္စာဟူသော ဒိဋ္ဌိတဏှာ ထိုနှစ်ဖြာတို့ဖြင့် ဖွဲ့ရှာ မြဲမှန်း စွဲလမ်းခြင်း မရှိတော့။ ဘိက္ခဝေ၊ နိဗ္ဗာန် လိုလား အို-ချစ်သားတို့။ ဘိက္ခု၊ သံသရာကို ဘေးဟုမြင်တတ် ယောဂီ မြတ်သည်။ ကာယေ၊ ကာယခေါ်ပြု ဖောက်ပြန်မှု အပေါင်း၌။ ကာယာနုပဿီ၊ ဖောက်ပြန်မှုအပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

၃-အဓိပ္ပာယ်ရှင်းချက် သတိပဋ္ဌာန်တရား လေးပါးတို့တွင် ရှေးဦးစွာ 'ကာယာနုပဿနာ' သတိပဋ္ဌာန်ကို ဟောတော်မူသည်၊ ထိုကာယာနုပဿနာ သတိပဋ္ဌာန်သည်လည်း ၁၄-ပိုင်းခွဲထား၍ ဟောတော်မူသည်၊ ယင်းတွင် 'အာနာပါနပဗ္ဗ' ထွက်လေ ဝင်လေတည်း ဟူသော (ကာယ) ဖောက်ပြန်မှုအပေါင်းကို တနည်းတဖုံ သိစေရန် မှတ် စေရန် 'ကာယ' တခုံအနေနှင့် စတင် ဟောတော်မူခြင်းဖြစ်သည်၊ ၎င်း၏ အဓိပ္ပာယ်မှာ....

၁။ တရားအားမထုတ်ရသေးမီ ရှေးဦးစွာ ဤခန္ဓာ၏သဘောတရားကို မသိရသေးမီ နှာသီးဖျား၌ သော်၎င်း, အထက် နှုတ်ခမ်း ဖျား၌ သော်၎င်း ထွက်သက်-ဝင်သက် တို့၏ ထိမှုခိုက်မှု ထင်ရှားသော

www.dhammaransi.com

တခုခုသော နေရာဌာန၌ စိတ်ကို ခိုင်မြဲစွာစိုက်ထား၍ ထွက်သည် ဝင်သည်ကိုသိအောင် အားထုတ်ရသည်၊ တနာရီ,နှစ်နာရီစသည် ဖြင့် တတ်စွမ်းနိုင်သမျှ ကာလပတ်လုံး ထိုဌာန၌ စိတ်သည် ချည် နှောင်ထားဘိသကဲ့သို့ ခိုင်မြဲစွာနေ၍ ထွက်သမျှဝင်သမျှကို တခုမှ မလွတ် သိမှုပိုင်နိုင်သည်တိုင်အောင် အားထုတ်ရမည်။

၂။ ထိုသို့ သိမှု ပိုင်နိုင်ပြီးနောက် မိမိရှုသော ထွက်သက် ဝင်သက်ကို ရှည်လျှင် ရှည်မှန်းသိစေရမည်၊ တိုလျှင် တိုမှန်းသိစေရမည်၊ တဦး တယောက်၏ ထိုင်မှုတခုအတွင်းမှာပင် ရှည်သည့်အလှည့်,တိုသည့် အလှည့် ရှိ၏၊ ရှည်ရှည်ရှုမှု၊ တိုတိုရှုမှုတို့ကို ထွက်သက် ဝင်သက် နှင့်အမျှ တခုမလွတ် သိအောင် အားထုတ်ရသည်၊ ရှုသောထွက် သက် ဝင်သက် အထွက်,အဝင် နှေးသည်ကို 'အရှည်' ဆိုသည်၊ လျင်မြန်သည်ကို 'အတို'ဆိုသည်၊ နှေးလျှင်နှေးမှု, မြန်လျှင်မြန်မှု ကို သိစေရမည်ဟု ဆိုလိုသည်။

၃။ ဤသို့ အရှည်အတိုသိမှု ပိုင်နိုင်ပြီးနောက် နှာသီးဖျားမှ ချက်တိုင် ကျအောင် ကိုယ်ကာယခန္ဓာအတွင်း၌ ထွက်သက် ဝင်သက်တို့ကို အစ,အလယ်,အဆုံး အကုန်လုံး ထင်လင်းစွာ စိတ်မှာ သိစေရန် အားထုတ်ရသည်။

၄။ ယင်းသို့ ထွက်သက်ဝင်သက်တို့၏ အစကား ချက်တိုင်၊ အလယ် ကား ရင်ချိုင့်၊ အဆုံးကား နှာသီးဖျား။ အစကား နှာသီးဖျား၊ အလယ်ကား ရင်ချိုင့်၊ အဆုံးကား ချက်တိုင်၊ ဤသို့သော နည်း ဖြင့် အားလုံးသော ထွက်သက်ဝင်သက်တို့၏ အစ,အလယ်,အဆုံး သုံးပါးလုံး အကုန် ထင်လင်းစွာ ပိုင်နိုင်ပြီးနောက် ကြမ်းထမ်း ရုန့်ရင်းစွာသော ထွက်သက်ဝင်သက်တို့ကို အဆင့်ဆင့် သိမ်မွေ့၍ သိမ်မွေ့၍ သွားအောင် အားထုတ်ရသည်၊ 'ငါ၌ ထွက်သက် ဝင်သက် ပျောက်၍သွားပြီ'ထင်ရအောင် အားထုတ်ရသည်။

(ဤကား-ကာယာနုပဿနာတွင် အာနာပါနပဗ္ဗ၏ အစီအရင်အကျဉ်း ဖြစ်သည်။)

www.dhammaransi.com

အာနာပါနဟူသော ထွက်သက်ဝင်သက်ကို ရှုစရာ တရားတကွက် အနေနှင့် အပြီးတိုင်ရှုလိုမှု ဥပရိပဏ္ဏာသပါဠိတော်, အာနာပါနဿတိသုတ်, ပဋိသမ္ဘိဒါမဂ်ပါဠိတော် အာနာပါနကထာ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့တွင် အရဟတ္တဖိုလ်ပေါက် အကျယ် ဟောတော်မူထားသည်။ ဤ၌ ပဌမစတုက္က မျှသာ ကာယနှင့်ပတ်သက်သည့်ကိစ္စတွင် 'ကာယ'ခန္ဓာ၌ အကျုံးဝင်သော တရားလုပ်ငန်းတခုအဖြစ် ပြည့်အောင် ထည့်ဟောထားသည် ထင်သည်၊ တနည်းလည်း ယင်းအာနာပါနသည် ခန္ဓာနှင့်ပတ်သက်သော အခြားသတိပဋ္ဌာန်လုပ်ငန်းများတွင် ခန္ဓာ၌ ပဌမဆုံး အခြေခံရစေရန် အခြား ရှုကွက် အာရုံတခုမရှာရပဲ အမြဲရှိနေသော အကောင်ဆုံး ရှုကွက် တခု အနေနှင့် ဟောတော်မူထားခြင်း ဖြစ်ဟန်တူသည်။

ထွက်လေ-ဝင်လေ ရှုနည်းအခြေ

ဤကာယာနုပဿနာ 'ဖောက်ပြန်မှုအပေါင်းအစု'တွင် ပါဝင်သည့် (အာနာပါန)ထွက်လေ-ဝင်လေ ရှုမှုကို လေ့လာရာတွင် ထွက်လေ-ဝင်လေကို မှတ်တော့မည့် ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ တောတောင်ဖြစ်စေ, သစ်ပင်ရင်းဖြစ်စေ, ရှိမြဲခြောင်စသော လူသူကင်းဆိတ်သည့်နေရာကို ရွေးချယ်ပြီးလျှင် စိတ်ကြိုက် တိတ်ဆိတ်သည့်နေရာကိုရပါက မိမိကိုယ်ကို ထက်ပယ်ဖွဲ့ခွေ(တင်ပလ္လင်ခွေ) ၍ ကိုယ်၏အထက်ပိုင်းကို ဖြောင့်မတ်စွာထားပြီးလျှင် မိမိရှုမှတ်တော့မည့် ထွက်လေ-ဝင်လေ ကမ္မဋ္ဌာန်း အာရုံကိုသာ လုံ့ဝရှေးရှု၍ 'ထွက်လေကို ထွက်တယ်, ဝင်လေကိုဝင်တယ်'ဟု သတိမလွတ်စေဘဲ သိနေ-မှတ်နေရပေသည်။ အမှတ်အသိမြဲအောင် အားထုတ်နေရသည်။ ယင်းသို့ အသိမြဲအောင် အားထုတ်ရာတွင် အဋ္ဌကထာ၌ပြသည်ကား....

ဂဏနာ အနုဗန္ဓနာ၊ ဖုသနာ ဌပနာသလ္လက္ခဏာ၊
ဝိဝဋ္ဋနာ ပါရိသုဒ္ဓိ၊ တေသဉ္စ ပဋိပဿနာ၊
(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၉၄၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၇၀)

၁။ (ဂဏနာ) 'ရေတွက်ခြင်း' ဆိုသည်မှာ - ထွက်သက် ဝင်သက်တို့ကို တစ်,နှစ်,သုံး စသည်ဖြင့် ရေတွက်ရသောနည်းဟု ဆိုလိုသည်။

၂။ (အနုဗန္ဓနာ) 'အစဉ်လိုက်ခြင်း' ဆိုသည်မှာ-ထွက်သက်ဝင်သက်သို့ အစဉ်လိုက်ခြင်းအားဖြင့် အသိမြဲစေရန် သတိထားရသော နည်း ဟု ဆိုလိုသည်။

www.dhammaransi.com

၃။ (ဖုသနာ)'ထိပါးခြင်း'ဆိုသည်မှာ-နှာသီးဖျား၊ သို့မဟုတ်နှုတ်ခမ်းကို ထွက်သက် ဝင်သက်တို့ ထိခြင်းကို သိနေရသောနည်း ဟု ဆိုလိုသည်။

၄။ (ဌပနာ)'ထားခြင်း'ဆိုသည်မှာ-စိတ်ကို ကောင်းစွာအာရုံ၌ စျာန်သို့သက်ဝင်အောင် ထားသောနည်းဟု ဆိုလိုသည်။

၅။ (သလ္လက္ခဏာ)'ကောင်းစွာမှတ်ခြင်း' ဆိုသည်မှာ - အနိစ္စ အစရှိသော လက္ခဏာတို့ကို ရှုခြင်းဟု ဆိုလိုသည်။

၆။ (ဝိဝဋ္ဋနာ) 'ကောင်းစွာနစ်ခြင်း' ဆိုသည်မှာ - အရိယမဂ်ကိုဆိုလိုသည်။

၇။ (ပါရိသုဒ္ဓိ) 'ထက်ဝန်းကျင် စင်ကြယ်ခြင်း' ဆိုသည်မှာ - အရိယဖိုလ်ကိုဆိုလိုသည်။

၈။ (ပဋိပဿနာ) 'အသီးသီးရှုခြင်း'ဆိုသည်မှာ-ပစ္စဝေက္ခဏာကိုဆိုလိုသည်။

ယင်း'ဂဏနာ'စသောရှစ်မျိုးတို့တွင် ဤ'အာနာပါနပဗ္ဗ'၌ရှစ်မျိုးစလုံး အသုံးပြု၍မရပေ၊ အကြောင်းမူ စျာန်,မဂ်,ဖိုလ်,ပစ္စဝေက္ခဏာတို့တိုင်အောင် ပါနေသောကြောင့် ဖြစ်၏။ ယင်းတို့ကား အကျိုးတရားတို့ ဖြစ်ကြ၏၊မြတ်စွာဘုရားသည် ကာယနှင့်ပတ်သက်၍ ဟောညွှန်ရာတွင် လုပ်ငန်း(အကြောင်း) တရားကိုသာ လုပ်နည်းလုပ်ဟန် ကျနစေရန်ဟောရကား....

၁။ ဂဏနာ တစ်,နှစ်,သုံး စသော ရေတွက်နည်း၊

၂။ အနုဗန္ဓနာ-အစဉ်လိုက်သောနည်း၊

၃။ ဌပနာ-အခိုင်အမြဲစိတ်ကိုထားနည်း၊

ဟူသော ၃-မျိုးသော နည်းကိုသာလျှင် အလုပ်သဘောအရ အဋ္ဌကထာပြသည့်အတိုင်း ဖော်ပြမည်ဖြစ်ရာ....

ဂဏနာနည်း ရှေးဦးစွာ တရားအားထုတ်မည့် အမျိုးကောင်းသားသည် လက်ဦးအစ၌ ဤရေတွက်နည်းဖြင့် အသိမြဲစေရန် **အား**ထုတ်အပ်၏၊ နှလုံးသွင်းအပ်၏၊ ရေတွက်သောပုဂ္ဂိုလ်သည် အမှတ် ၅-ထက်မလျော့စေရ၊ အမှတ် ၁၀ - ထက်လည်း မကျော်စေရ၊ ရေတွက်ရာတွင်လည်း....

www.dhammaransi.com

၁။ နှေးနှေးရေတွက်နည်း၊

၂။ မြန်မြန်ရေတွက်နည်း-ဟု ရှိပြန်ရာ၊ ထိုနှစ်နည်းတွင်....

၁။ **နှေးနှေးရေတွက်နည်း**-ဟူသည်၊ နှာသီးဖျား၊ သို့မဟုတ်အထက်နှုတ်ခမ်းဖျားနှစ်နေရာတွင် တနေရာရာ၌ အသိ(စိတ်)ကိုထား၍ 'ထွက်လေ, ဝင်လေ' ဟု နှလုံးသွင်းသောအခါ ပဌမအစ၌ အသိ (စိတ်) သည် မငြိမ်မသက် သေးသည့်အတွက် ထွက်သက်, ဝင်သက် တို့သည် အချက်တိုင်းအချက်တိုင်းတွင် ထင်ထင်ရှားရှားပင် မသိသေးရကား ထိုမထင်ရှားသောအချက်တို့ကို မရေမတွက်ပါဘဲ ထင်ရှားသော အချက်တို့ကိုသာ ရေတွက်နေရသောကြောင့် နှေးသောရေတွက်နည်း ဖြစ်လေသည်။

ဥပမာ-စပါးတင်းခြင်သမားသည် တင်းတောင်းကို စပါးအပြည့်ထည့်၍ တစ်တင်း-ဟု ဆို၍ လောင်း၏၊ နောက်တဖန် တစ်တင်းခြင်ပြန်ရာတွင် အမှိုက်ကောက်ရိုးစသည် ပါနေသဖြင့် ၎င်းတို့ကို ဖယ်နေ စွန့်ပစ်နေရသော်လည်း ပါးစပ်မှ 'တစ်တင်း, တစ်တင်း' ဟုသာ ဆိုနေရ၏၊ ဤနည်းအတိုင်း နှစ်တင်း,နှစ်တင်း စသည်ဖြင့် ထပ်ကာထပ်ကာ ပြန်ဆို နေရသကဲ့သို့ ထွက်သက်ဝင်သက်ရှုသော ယောဂီသည်လည်း မထင်ရှားသောအချက်တို့ကို ဖယ်ထား၍ ထင်ရှားသော အချက်ကိုသာ ရေတွက်နေရကား နှေးနှေးရေတွက်နည်းဖြစ်လေသည်။ ပုံစံမှာ....

၁။	တစ်မှ ငါးအထိ	တကြိမ်(တဝါရ)
၂။	တစ်မှ ခြောက်အထိ	။ ။
၃။	တစ်မှ ခုနစ်အထိ	။ ။
၄။	တစ်မှ ရှစ်အထိ	။ ။
၅။	တစ်မှ ကိုးအထိ	။ ။
၆။	တစ်မှ တဆယ်အထိ	၈ကြိမ်(တဝါရ)

ဤသို့အားဖြင့် ၆-ကြိမ် (၆-ဝါရ)တို့ဖြင့် ရေတွက်ရ၏၊ ၎င်း ၆-ကြိမ်ပြီးလျှင် ပဌမဝါရသို့ တဖန်ပြန်၍ ရေတွက်ရပြန်၏။

လုပ်ထုံးပုံစံ ရှေးဦးစွာ အသိ(စိတ်)ကို နှာခေါင်းဝတွင် ကပ်ထား၍ ထွက်သက်ဝင်သက် ၂-ပါးတွင် ထွက်သက်ဖြစ်စေ, ဝင်သက်ဖြစ်စေ ထင်ရှားရာတခုခုကို 'တစ်'ဟု ရေတွက်ပါ၊ ၎င်းနောက် ထွက်သက်ဝင်သက်

၂-ပါးစလုံးပင် ထင်ရှားလာလိမ့်မည်။ ထိုအခါတွင် အစဉ်အတိုင်း 'နှစ်, သုံး, လေး, ငါး' ဟု မှတ်သားရေတွက်ပါ၊ မထင်မရှားလျှင် မထင်ရှားသော အချက်ကို မရေတွက်ပါနှင့်၊ ထင်ရှားသောအချက်မတွေ့သမျှ မိမိမှတ်သား ရေတွက်ထားသည့်နေရာဘွင်သာ ရပ်တန့်၍ 'တစ်, တစ်, တစ်' ဟူ၍ရင်း၊ 'နှစ်, နှစ်, နှစ်' ဟူ၍ရင်း ထပ်သပ်၍သာ ရေတွက်နေရာ၏၊ သို့ဖြင့် 'ငါး' သို့ ရောက်လျှင် 'တစ်' က ပြန်၍ရေတွက်ရ၏။

ဤနည်းအတိုင်း (၁၀-ဝါရ) ဆယ်ကြိမ်တိုင်အောင် (၆-ဝါရ) တို့၌ မထင်ရှားသော ထွက်သက် ဝင်သက် အချက်တို့ကို မရေတွက်ပါဘဲ ထင်ရှားသော ထွက်သက်ဝင်သက် အချက်တို့ကိုသာ ရွေးချယ်၍ ရေတွက် ရသောကြောင့် နှေးသောရေတွက်နည်းဟု ခေါ်သည်။

၂။ မြန်မြန်ရေတွက်နည်း ဟူသည်-ရေတွက်ဘန် များလတ်သော် ထင်ရှားသောအချက်များ၍ လာပေလိမ့်မည်။ 'တစ်, နှစ်' စသော ဂဏန်း အမှတ်လည်း ပြေ၍-ပြေ၍ လာလိမ့်မည်၊ ထွက်သက် ဝင်သက်တို့ ထင်ရှား သည်ချည်း ဖြစ်လာသောအခါ၌၊ 'တစ်, နှစ်' စသော ရေတွက်မှုဂဏန်း အချက်သည်လည်း မြန်၍လာလေသည်၊ တခုကိုမျှ သတိမလွတ်စေရ၊ ထွက်သက် ဝင်သက်အလျှင် ဂဏန်းအစဉ်သည် အခုန် အကျော် အလစ် အလပ်မရှိ အစဉ်မှန်စေရမည်။ တစ်, နှစ် စသော ရေတွက်မှုသည်လည်း နှုတ်ဖြင့်ရွတ်ဆိုရန်မလိုတော့ချေ၊ စိတ်ဖြင့်သာရေတွက်လျှင် ပြီးတော့သည်၊ အချို့လည်း အလေ့အကျင့်ရနေ၍ နှုတ်ဖြင့် ရွတ်ဆိုကြသေးသည်၊ အချို့ သူတို့ကား ၆-ဝါရ အဆုံးအဆုံးတွင် ပုတီးစေ့ တလုံးတလုံးချ၍ တနေ့ တနေ့လျှင် ပုတီးပတ်ပေါင်း မည်မျှစိပ်မည်ဟု ကန့်သတ်၍ စိပ်ကြကုန်၏၊ အာရုံမြန်မြန်ထင်နိုင်သည်သာ ပဓာနတည်း။

ဥပမာ-လိမ္မာသော နွားကျောင်းသားသည် ကျောက်ခဲတို့ကို ခါး ပိုက်ဖြင့်ထည့်၍ နွားတို့ကိုထားရာ နွားခြံသို့ သွားပြီးသော် ခြံတံခါးတိုင် ပေါ်ကထိုင်လျက် နွားတို့ကို မောင်းနှင်ထုတ်ရင်း နွားတို့ကို ကျောက်ခဲဖြင့် ပစ်ခတ်လျက် ရေတွက်လေရာ တညလုံး ခြံအတွင်း၌ပိတ်လှောင်ထားခြင်း ခံရသောနွားတို့သည် တကောင်နှင့် တကောင် တိုးဝှေ့၍ အတင်းထွက်ကြ သောအခါ နွားကျောင်းသားလည်း ပြေးထွက်လာသောနွားတို့ကို ကကောင်မှုမလွတ်စေဘဲ 'သုံး, လေး, ငါး, တဆယ်' ဟု ရေတွက်၏။

www.dhammaransi.com

ဤနည်းအတူ ရှေးနည်းအတိုင်း ရေတွက်သော ဤယောဂီအား ထွက်သက် ဝင်သက်တို့သည် ပိုမို ထင်ရှားလာသည်ဖြစ်၍ လျင်စွာလျင်စွာ ရေတွက်လာရာတွင် အတွင်းသို့ရှိုင်း အပြင်သို့ရှိုင်းမယူမူ၍ နှာခေါင်းဝသို့ ရောက်တိုင်းရောက်တိုင်းသော ထွက်သက် ဝင်သက်ကိုသာလျှင်ယူ၍ 'တစ်, နှစ်,သုံး,လေး,ငါး,ခြောက်'ဟူ၍ရှိုင်း၊ 'တစ်, နှစ်, သုံး, လေး, ငါး,ခြောက်, ခုနစ်,ရှစ်,ကိုး,တဆယ်' ဟူ၍ရှိုင်း လျင်စွာရေတွက်ရ၏။

ထိုးဝါး၏ထောက်ခံခြင်းအစွမ်းကြောင့် ကြမ်းသောရေစီးအယဉ်၌ လှေသည်ရပ်တည်နိုင်ဘိသကဲ့သို့ ဤအတူ လျင်စွာလျင်စွာ ရေတွက်ရေတွက်သော ယောဂီအား ကမ္မဋ္ဌာန်းသည် မပြတ်ဖြစ်သကဲ့သို့ ရေတွက်ခြင်းနှင့်စပ်သော ကမ္မဋ္ဌာန်း၌ ရေတွက်ခြင်း အားဖြင့်သာလျှင် စိတ်သည် တည်ကြည်ငြိမ်သက်၏။ အဘယ်မျှကြာအောင် ထို ထွက်သက် ဝင်သက်ကို ရေတွက်အပ်ပါသနည်းဟူမူ ရေတွက်ခြင်းနှင့် ကင်း၍ ထွက်သက် ဝင်သက် အာရုံ၌ သတိကောင်းစွာ တည်သည့်တိုင်အောင် ရေတွက်အပ်၏။ အဘယ့်ကြောင့်နည်းဟူမူကား-ရေတွက်ခြင်း(ဂဏနာ)မည်သည်-

ဗဟိ ဝိသဋဝိတက္ကဝိစ္ဆေဒံ ကတွာ အဿာသ ပဿာသာရမ္မဏေ သတိသဏ္ဌာပနတ္ထံယေဝ ဟိ ဂဏနာ။

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၉၅။ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၇၁) ဟုမိန့်ပြီ။

ဂဏနာ၊ ရေတွက်ခြင်း မည်သည်။ ဗဟိ၊ မိမိကိုယ်အင်္ဂါမှအပအလွတ်၌။ ဝိသဋဝိတက္ကဝိစ္ဆေဒံ၊ ဘ ၁ အဆက်ဆက် ပျံ့နှံ့ ပြေးသွား၍ နေသော စိတ်ဝိတက်အလျဉ်၏ ပြတ်ခြင်းကို။ ကတွာ၊ ပြု၍။ အဿာသ ပဿာသာရမ္မဏေ၊ မိမိကိုယ်အင်္ဂါမှဖြစ်သော ထွက်သက် ဝင်သက်အာရုံ၌။ သတိသဏ္ဌာပနတ္ထံယေဝ၊ သတိကို ခိုင်မြဲစွာ ထားခြင်းငှာ သာလျှင်။ ဟောတိ၊ ဖြစ်၏။

အနုဗန္ဓနာနည်း

ဤသို့(ဂဏနာ)ရေတွက်ခြင်းနှင့်နှလုံးသွင်းခြင်းကိုပြု၍ အနုဗန္ဓနာနည်းဖြင့် နှလုံးသွင်းခြင်းကိုပြုအပ်၏။ အနုဗန္ဓနာနည်းမည်သည်ကား ရေတွက်ခြင်းတွင် အစဉ်မှန်ခဲ့သည့်အတိုင်း ထိရာဌာနတွင် စိတ်ကိုစိုက်ထား၍ ထွက်မှုဝင်မှု အကြိမ်အစဉ်အတိုင်း တကြိမ်မျှ မလွတ်စေရဘဲ ထွက်မှု,ဝင်မှုအစဉ်,နှလုံးသွင်းမှုအစဉ်ဖွဲ့တွယ်၍လိုက်ခြင်းကို အနုဗန္ဓနာနည်း ခေါ်သည်၊ ရေတွက်မှုမပြုဖါဘဲလျက် ရေတွက်နည်းတွင်

www.dhammaransi.com

သိမှု အစဉ်မှန်ခဲ့သည့်အတိုင်း သိမှုအစဉ်မှန်၍ နေအောင် တဖန်လိုက်စား၊ အားထုတ်မှုဟု ဆိုလိုသည်၊ အဘယ်မျှကာလကြာအောင် အနုဗန္ဓနာနည်း၊ နှင့် အားထုတ်ရသနည်း ဟူမူ ပဋိဘာဂနိမိတ် ဖြစ်ပေါ်၍ လာသည်တိုင် အောင် အားထုတ်ရာ၏။

ပဋိဘာဂနိမိတ်ဟူသည်ကား-ပကတိသော ထွက်သက်ဝင်သက်လေ အတိုင်၊ကိုလွန်၍အဆင်းသဏ္ဍာန် အရောင်အလင်းနှင့်တကွ လဲဝါဂွမ်းအစု ကဲ့သို့, လေအယဉ်ကဲ့သို့, မိုးကြယ်ကဲ့သို့, ပတ္တမြားလုံးကဲ့သို့, ပုလဲလုံးကဲ့သို့, ပုလဲသွယ်ကဲ့သို့ အစရှိသဖြင့် တခုခုထင်ပေါ်ဖြစ်ထွန်း၍ လာသော ပညတ္တိ ဓမ္မအထူးကို ပဋိဘာဂ နိမိတ်ဆိုသည်၊ ထိုပဋိဘာဂနိမိတ် ပညတ်အာရုံ အထူး အထင်အရှား စိတ်အမြင်မှာ နှလုံးသွင်းတိုင်း ဖြစ်ပေါ်ထင်မြင်လာ သောအခါမှ အနုဗန္ဓနာနည်းကို ရုပ်သိမ်းရမည်၊ ဂဏနာနည်း, အနုဗန္ဓနာ နည်း နှစ်ပါးမှာ ထိုရာဌာနကို မလွှတ်ရသေး။

ဌပနာနည်း ပဋိဘာဂနိမိတ် ထင်သည်မှစ၍ ဌပနာနည်းနှင့် အားထုတ် ရာ၏၊ ဌပနာ ဆိုသည်ကား - ပဋိဘာဂနိမိတ် မည်သည် ပညတ်အာရုံအထူးဖြစ်၍ အာရုံအသစ်ကဲ့သို့ဖြစ်ပြန်၏၊ ပရမတ္ထမျိုး,သဘာဝ ဓမ္မမျိုး မဟုတ်သောကြောင့် ကွယ်ပျောက်လည်း ကွယ်ပျောက် လွယ်၏၊ ကွယ်ပျောက်ပြန်လျှင် တဖန်ထင်မြင်ရန် ခက်ခဲ၏၊ ထိုကြောင့် ထင်မြင်လာ သော ထိုပဋိဘာဂနိမိတ်ကို မကွယ်ပျောက်စေမူ၍ တနေ့တခြား ထင်ရှား ပွင့်လင်းသွားအောင် ထိုအာရုံ၌ စူးစူးစိုက်စိုက် အားတိုက်ဖိစီး၍ စိတ်ကို ထားခြင်းသည် ဌပနာနည်းမည်၏၊ ဂဏနာနည်း, အနုဗန္ဓနာနည်း၏အစွမ်း အားဖြင့် နှလုံးသွင်းသကဲ့သို့ ဤဌပနာနည်း၏ အစွမ်းဖြင့် အသီးအခြား နှလုံးသွင်းခြင်းသည် မရှိချေ၊ ထိရာ,ထိရာ အရပ်၌သာလျှင် ရေတွက်သည် ရှိသော် ရေတွက်ခြင်း ဂဏနာဖြင့်၎င်း, ထိခြင်း ဖုသနာဖြင့်၎င်း နှလုံး သွင်းသည် မည်၏၊ ထို ထိရာအရပ်၌ သာလျှင် ရေတွက်ခြင်းကို စုရုံး၍ ထို ထွက်သက်ဝင်သက်တို့ကို သတိဖြင့် မြဲစွာ ဖွဲ့တွယ်သည်ကို၎င်း, အပ္ပနာ၏ အစွမ်းအားဖြင့် စိတ်ကိုထားသည်ကို၎င်း, အနုဗန္ဓနာနည်းဖြင့်၎င်း,ဖုသနာ နည်း, ဌပနာနည်းတို့ဖြင့်၎င်း နှလုံးသွင်းအပ်လေသည်။

ဌပနာနည်းသို့ ရောက်သောအခါ၌မူကား-မလျော့ကပ်တ် မလျော့ ကန့်သော (အသပ္ပာယ)၇-ပါးကို ရှောင်ကြဉ်၍ သပ္ပာယ ၇-ပါးကို မှီဝဲ

www.dhammaransi.com

ရာ၏၊ ချွန်ကပ်ရောက်မှု၌ လိမ္မာကျွမ်းကျင်ကြောင်း(အပ္ပနာကောသလ္လ) ၁၀-ပါးကို ပြည့်စုံစေရာ၏။

အသပ္ပာယ ၇-ပါးဟူသည်....

၁။ ဘာဝနာမှု၌ ဆုတ်ယုတ်ကြောင်းဖြစ်သော နေရာဌာန၊
၂။ ဆွမ်းခံရွာ၊
၃။ စကားများမှု၊
၄။ အပေါင်းအဖော်၊
၅။ ဘောဇဉ်၊
၆။ ဥတု၊
၇။ ဣရိယာပုထ်၊

ဤ ၇-ပါးတည်း။

အပ္ပနာကောသလ္လ ၁၀-ပါး ဟူသည်ကား....

၁။ ကိုယ်အင်္ဂါနှင့်တကွ အသုံးအဆောင်ဝတ္ထုမျိုး သန့်ရှင်းမှု၊
၂။ ဣန္ဒြေငါးပါးကို ညီညွတ်အောင်ပြုမှု၊
၃။ ထက်သက်ဝင်သက် ဟူသော အာရုံနိမိတ်၌ လိမ္မာမှု၊
၄။ တက်ကြွလွန်းသောစိတ်ကို နှိမ်မှု၊
၅။ ဆုတ်နစ်လွန်းသောစိတ်ကို ချီးပင့်မှု၊
၆။ ခြောက်သွေ့လွန်းသောစိတ်ကို ရွှင်စေမှု၊
၇။ ညီညွတ်သောစိတ်ကို လျစ်လျူရှုမှု၊
၈။ သမာဓိမရှိသောပုဂ္ဂိုလ်ကို ကြဉ်ရှောင်မှု၊
၉။ သမာဓိရှိသောပုဂ္ဂိုလ်ကို မှီဝဲမှု၊
၁၀။ အပ္ပနာချွန်ကိုရခြင်းငှာ အမြဲညီညွတ်သောစိတ်ရှိမှု၊

ဤ ၁၀-ပါးတည်း။

မှတ်ထားချက်။ ။ဤ(အာနာပါနပဗ္ဗ)အခဏ်းကိုရေးသားရာတွင် သမထ အခြေပေါ်အောင်၊ တနည်း- သမထအတွက်သာ ဟောတော်မူ ကြောင်း ပေါ်လွင်ထင်ရှားစေရန် ပြည့်စုံစေအပ်သော သဘော တို့ကို စုံလင်ရုံမျှ ဖော်ပြခြင်းဖြစ်၍ ဤအသပ္ပာယ ၇-ပါး၊ အပ္ပနာ ကောသလ္လ ၁၀-ပါးတို့ကို အကျယ်ဖော်ပြလိုသော်လည်းမချဲ့လိုချေ၊

www.dhammaransi.com

အကြောင်းမူ ဈာန်ကိုစွဖြစ်နေသောကြောင့်ပင်၊ အကျယ်ကိုလိုပါလျှင် ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ ပ,အုပ် ၁၂၃၊ သတ္တသပ္ပာယခဏ်း-၁၂၅၊ ဒသဝိဓအပ္ပနာကောသလ္လခဏ်းတို့တွင် ကျေးဇူးပြု၍ သမထဈာန်ကို လိုလားသူများ ရှာဖွေ၍ယူကြပါရန်။

ဤသို့ပြုလုပ်ဖွယ်တို့ကို ပြည့်စုံစွာပြု၍ ထိုပဋိဘာဂနိမိတ်၌ စိတ်ကို အစွဲကြီး စွဲ၍ အမြဲကြီး မြဲလေအောင် နေ့ရှည် လများ ရှုသောအားဖြင့် ပွားများစေရာ၏၊ အဘယ်မျှလောက်ကြာမြင့်အောင် ဤဌပနာနည်းအားဖြင့် ပွားများအားထုတ်ရာသနည်းဟူမူ ရူပါဝစရစတုတ္ထဈာန်တိုင်အောင် ဌပနာခေတ်ပေတည်း။

နိမိတ် ၃-ပါး ဂဏနာနည်း,အနုဗန္ဓနာနည်း,ဌပနာနည်းဟူသော နည်း ၃-ပါးတို့ဖြင့် အစဉ်အတိုင်းပွားများဖြစ်ထွန်း၍သွားရာ၌ နိမိတ်၃-ပါး၊ဘာဝနာသမာဓိ၃-ပါးတို့ဖြင့်ခွဲရာ၏၊နိမိတ်၃-ပါးခွဲရန်ကား-

၁။ ဂဏနာအခဏ်း၌ ထင်မြင်အပ်သော ထွက်သက် ဝင်သက် အာရုံသည် ပရိကမ္မနိမိတ်မည်၏။

၂။ အနုဗန္ဓနာအခဏ်း၌ ထင်မြင်အပ်သော ထို အာရုံသည်ပင်လျှင် ဥဂ္ဂဟနိမိတ်မည်၏။

၃။ ဌပနာအခဏ်း၌ ထင်မြင်အပ်သော ပညတ်အာရုံသည် ပဋိဘာဂနိမိတ်မည်၏။

ဤကား နိမိတ် ၃-ပါး ခြားနားနည်းတည်း။

သမာဓိ ၃-ပါး။ ။ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်အခိုက်၌ ...

၁။ ပွားများအပ်သော ဘာဝနာ သမာဓိသည် ပရိကမ္မ ဘာဝနာ သမာဓိမည်၏။

၂။ ဌပနာခေတ်တွင် အပ္ပနာဈာန်သို့ မရောက်မီအကြား ပဋိဘာဂနိမိတ်ကိုအာရုံပြု၍ ပွားများသောဘာဝနာသမာဓိသည် ဥပစာရဘာဝနာသမာဓိ မည်၏။

၃။ စတုက္ကနည်းအားဖြင့် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်-ဟုဆိုအပ်သော ရူပါဝစရဈာန် လေးပါးသည် အပ္ပနာဘာဝနာသမာဓိ မည်၏။

ဥပစာရစျာန် အာနာပါနအလုပ်ကိုအားထုတ်ရာ၌ ဂဏနာအနုဗန္ဓနာတို့ အခါက်းတွင် ထွက်သက်ဝင်သက်တည်းဟူသော ကမ္မဋ္ဌာန်း အာရုံသည် အဆင့်ဆင့် သိမ်မွေ့၍ သွားသဖြင့် ပျောက်ကွယ်သကဲ့သို့ ဖြစ်တတ်၏။ ထိုအခါ စိတ်ကိုသိရာဌာန၌ ထားမြဲထား၍ အလွန်သိမ်မွေ့လှစွာသော ထိုအာရုံကို ထိုနေရာမှာပင် ရအောင် ယူရာ၏၊ ရအောင် ယူနိုင်၍ ထိုအာရုံထင်ရှား ပေါ်လာပြန်သည့်နောက် မကြာမီ ပဋိဘာဂနိမိတ်ပေါ်လာပေလတ္တံ့၊ ဥပစာရစျာန်သို့ ဆိုက်ရောက် လာလတ္တံ့၊ နီဝရဏတရားငါးပါးကွာပြီးသော ကာမာဝစရဘာဝနာ ဥပစာရသမာဓိကို ဥပစာရစျာန်ဆိုသည်။

ဤကမ္မဋ္ဌာန်းအာရုံ၏ အဆင့်ဆင့်သိမ်မွေ့သွားပြီး ပျောက်ကွယ်မှုမှာ အဋ္ဌကထာနည်း၌ သိမ်မွေ့၍သွားအောင် တမင်အားထုတ်ယူရသည် မဆို၊ သူ့အလိုအလျောက် အဆင့်ဆင့်သိမ်မွေ့သွားကြောင်းကို ပြဆို၏၊ လက်တွေ့လုပ်ကြရာ၌လည်း ဤအာနာပါနအားထုတ်ကြရာ အဆင့်ဆင့်သိမ်မွေ့သွားသဖြင့် အသက်မရှူမိဘဲ ခပ်ကြာကြာပင်နေဘူးသည်ကို ကိုယ်တိုင်မှတ်မိပါသည်၊ ပါဠိတော်၏ ဤပဌမစတုက္ကနောက်ဆုံး ပါဠိကား....

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

ဟု ဟောတော်မူထားသည်။

ဤပါဠိတော် အလိုအားဖြင့် အနုဗန္ဓနာ အခါက်းသို့ ရောက်သော အခါ၌ ထွက်သက်ဝင်သက်တို့ကို အဆင့်ဆင့်သိမ်မွေ့၍ သွားလေအောင် ဆက်လက်၍ အားထုတ်ရမည်ပင် ဖြစ်၏၊ ဤအာရုံ ပျောက်ကွယ်ခါက်းမှာ ကမ္မဋ္ဌာန်းအာရုံ၌ အကြောင်းမရှိ မလိမ္မာသော ယောဂီပုဂ္ဂိုလ်သည် ထွက်သက်ဝင်သက်တို့ ပျောက်ကွယ်၍သွားပေပြီ ဟုသမ်ပြီး လျှင် ကမ္မဋ္ဌာန်းအလုပ်ကို စွန့်ပစ်တတ်၏၊ နားလည်သော ဆရာသမားအား အသုံးခံမ လိုလေသည်။

လုပ်ငန်း သဘော အချုပ်ကား - ထိရာဌာန၌ စိတ်ကို စိုက်ထား၍ ဂဏနာနည်းအားဖြင့် အစဉ်မှန်မှာရေတွက်မှုသည် သတိမြဲအောင်ဆောင်ရွက်ရသော ပဌမကိစ္စဖြစ်သည်၊ ကမ္မဋ္ဌာန်းအလုပ်၌ သို့ဝင်၍နှလုံးသွားရာ၌ အပြင်အာရုံသို့ ခဏ-ခဏ ပြေးယွက်သော စိတ်ဝိတက်ကို ချိုးဖြတ်ခြင်းငှာ

www.dhammaransi.com

ဂဏနာနည်း' ကို ပြုလုပ်သည်ဖြစ်၍ ဂဏနာနည်း၌ အရှည်-အတိုသိမှုကို အားထုတ်ဖွယ်မရှိသေးပေ။

သောသတောဝ အဿသတိ၊ သတောဝ ပဿသတိ။

ဟူသော ပါဠိတော်နှင့် လျော်ညီစွာ အပြင်အပသို့ ခဏခဏထွက်တက်သော စိတ်ဝိတက်ကို ငြိမ်းမှုအတွက်သာ အားထုတ်ရာ၏။

နောက် အနုဗန္ဓနာအခန်းသို့ရောက်သောအခါ....

ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမိတိ ပဇာနာတိ။

အစရှိသော ဒုတိယဝါရပါဠိတော်နှင့်အညီ ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာထားမှုနှင့်တကွ အရှည်အတိုသိမှုကိုလည်း အစဉ်မှန်စွာသိအောင် သတိပြုရာသည်၊ အရှည်အတိုသိမှုကို သတိပြုရာ၌ ထွက်သက်ဝင်သက်တို့ကို အစ, အလယ်, အဆုံး အစဉ်လိုက်၍ တမင်အာရုံပြုရသည်မဟုတ်၊ စိတ်ကို ထိရာဌာန၌ ခိုင်မြဲစွာထားမြဲထား၍ အရှည်အတိုကိုလည်း အစဉ်မှန်စွာသိအောင် ငါသတိပြုမည်ဟု လုံ့လတခုတိုး၍ ပြုရုံမျှသာတည်း၊ ရှည်သော အကြိမ်မှာ ထိရာဌာန၌ တိုးမှု,ထိမှု တာရှည်၏၊ တိုသောအကြိမ်မှာ ထိရာဌာန၌ ထိခိုက်မှုတာတို၏၊ထိခိုက်ချက် တာရှည်မှု,တာတိုမှုကိုသိ၍ အရှည်အတိုကို သိ၏ဟု ဆိုလိုသည်။

စိတ်မည်သည် အလွန်ပျံ့နှံ့နိုင်သော သဘောသတ္တိ ရှိသောကြောင့် ထိရာဌာန၌ပင် စိတ်ကို စိုက်ထားသော်လည်း သတိကပ်ဖန်များလာသော အခါ ထွက်သက်၏ အစ,အလယ်,အဆုံး၊ ဝင်သက်၏ အစ,အလယ်,အဆုံး တို့ကို အလိုလိုပင် ထင်မြင်၍လာသောကြောင့် တတိယဝါရ၌....

သဗ္ဗကာယပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗကာယပ္ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

ဟု ဟောတော်မူသော ပါဠိတော်နှင့်အညီ ထိရာဌာန၌ စိတ်ကို ကပ်ထား၍ အရှည်,အတိုသိမှုနှင့်တကွ ထွက်သက်ကို အစ,အလယ်,အဆုံး အကုန်လုံးထင်လင်းစေမှု၊ ဝင်သက်ကို အစ,အလယ်,အဆုံး အကုန်လုံးထင် လင်းစေမှုကို သတိအထူးထား၍ အားထုတ်ရာ၏၊ထွက်သက်ထုတ်လွှတ်မည် ရှိခဲ့လျှင် အမှတ်မဲ့မလွှတ်မူ၍ ဝမ်းတွင်း၌ဖြစ်ပေါ်သော အစမှစ၍ ထိရာ ဌာနတိုင်အောင် စိတ်ကိုထား၍ လွှတ်ရမည်၊ ဝင်သက်ကိုလည်း ရင်းနည်း ထား၍ ရှူရမည်၊ အမှတ်လွှတ်သွားလျှင် ချက်ချင်းပြန်၍ သတိထားရမည်။

www.dhammaransi.com

အထူးမှာ ထွက်သက်ဝင်သက် ထုတ်မှု ရှုမှုပြုရာတွင် အစ, အလယ်, အဆုံး ဟု ဆိုအပ်သော ချက်တိုင်, ရင်ချိုင့်, နှာသီးဖျားတို့ကို အားလုံး သိအောင်ပြု၍ အားထုတ်ရမည်ဆိုသော်လည်း ထိရာဌာနဌ် စိတ်ကိုခိုင်မြဲစွာထားမြဲထား၍သာ လှုလပြုရမည်၊စိတ်ကိုထိရာဌာနမှလွှတ်၍ မလိုက်ရ။ ထိရာဌာနမှ စိတ်ကိုမလွှတ်စေဘဲ အစ, အလယ်, အဆုံး သိအောင်ပြုမည် ဟူသော စိတ်ဓာတ်ခိုင်ခံ့မှုပြု၍အားထုတ်လျှင် မကြာမီပင် အစ, အလယ်, အဆုံး ၃-ချက်လုံးပင် သိလာလေသည်၊ယင်းသို့ ထွက်သက်ဝင်သက်တို့၏ အစ,အလယ်,အဆုံး ၃-ချက်လုံး ထင်ရှားစွာ သိမြင်လာသောအခါ....

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

ဟူသော စတုတ္ထပါဠိတော်အရ အဆင့်ဆင့်အားဖြင့် ကြမ်းထမ်းရှန့်ရင်းမှုတို့၏ ချုပ်ငြိမ်းခြင်း, အဆင့်ဆင့် သိမ်မွေ့ခြင်း, ကွယ်ပျောက်၍ သွားပြီဟု ထင်ရလောက်အောင် သိမ်မွေ့ခြင်းသို့ ရောက်လေတော့သည်၊ ခန္ဓာကိုယ်ပင်ရှာမတွေ့တော့ နူးညံ့သိမ်မွေ့သောအဖြစ်သို့ ရောက်သူ၊ မိမိနှင့် အားထုတ်ဖက်တို့ ကြုံဘူးကြသည်သာ၊ ယင်း သဘောမျိုးကို အဋ္ဌကထာ တို့၌လည်း....

ဂဏနာဝသေနေဝ ပန မနသိကာရကာလတော ပဘုတိ အနုက္ကမတော ဩဠာရိက အဿာသ ပဿာသ နိရောဓဝသေန ကာယဒရထေ ဝူပသန္တေ ကာယောပိ စိတ္တံပိ လဟုကံ ဟောတိ၊ သရီရံ အာကာသေ လင်္ဃနာကာရပတ္တံဝိယ ဟောတိ။

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၆၉။ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၇၄)

ပန၊ ဖြစ်တတ်ပုံအထူးကိုဆိုဦးအံ့။ ဂဏနာဝသေနေဝ၊ ရေတွက်ခြင်း၏ အစွမ်းဖြင့်သာလျှင်။ မနသိကာရကာလတော၊ သတိမြဲရာနှလုံးသွင်း သောကာလမှ။ ပဘုတိ၊ အစပြု၍။ အနုက္ကမတော၊ အစဉ်အားဖြင့်။ ဩဠာရိကအဿာသပဿာသနိရောဓဝသေန၊ရှန့်ရင်းသော ထွက်သက် ဝင်သက်တို့၏ အဆင့်ဆင့်ချုပ်ငြိမ်းသည်၏အစွမ်းဖြင့်၊၊ ကာယဒရထေ၊ ကိုယ်တွင်းသန္တာန် ပူပန်ချောက်ချားမှုသည်။ ဝူပသန္တေ၊ ငြိမ်းလတ် သော်။ကာယောပိ၊ ရူပကာယတခုလုံးသည်၎င်း။ စိတ္တံပိ၊အသိစိတ်သည်

www.dhammaransi.com

ရင်း။ လဟုကံ၊ ပေါ့ပါးသည်။ ဟောတိ၊ ဖြစ်၏။ သရီရံ၊ကိုယ်ကောင်သည်။အာကာသေ၊ ကောင်းကင်၌။ လင်္ဃနာကာရပတ္တံဝိယ၊ ပျံတက်လွှင့်ပါးတော့မည့် အခြင်းအရာကဲ့သို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။

ထက်ဝယ်ဖွဲ့ခွေ ထိုင်နေရာမှ လက်လေးသစ်လောက် ကွာအောင် ကောင်းကင်သို့ တက်ကြွ၍ နေသူများကို ကြားရဘူးသည်၊ ဤသို့ကွယ်ပျောက်သောအခြင်းအရာသို့ ရောက်သောအခါ ထိုရှဋ္ဌာနန၌ စိတ်ကိုခိုင်မြဲစွာ စိုက်ထား၍ ထိုအာရုံကို အရယူသဖြင့် တဖန်ပေါ်လွှင်ထင်ရှား၍ လာသည်ရှိသော် ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာ၏၊ထိုအခါ ကြောက်ခြင်း,လန့်ခြင်း,အိပ်ခြင်း,ပျင်းရိခြင်းစသောနီဝရဏတရားတို့လွတ်ကွာသဖြင့် ဥပစာရစျာန်ကိုရ၏။

သို့ဖြင့် မိမိ၏ထွက်သက်ဝင်သက်ကို သဘောမိလာသောအခါ မိမိသန္တာန်၌သာ မဟုတ်၊ အသက်ရှူတတ်သော သူတပါးတို့၏သန္တာန်၌လည်း ဤသို့ပင် ဖြစ်သည်ဟု ဆင်ခြင်သဘော ပေါက်နိုင်လေသည်၊ ၎င်းနောက် ဤထွက်သက်ဝင်သက်တို့သည် အကြောင်းနှင့်တကွဖြစ်ပြီးလျှင် အကြောင်းချုပ်ငြိမ်းမှုတို့ကိုလည်း(ရုပ်,နာမ်)သဘောအရ ရှုမြင်တတ်ပါလျှင် 'တဏှာဒိဋ္ဌိ အမှီအတွယ် ကင်းလွတ်လျက် အစွဲအလမ်းပါ လွတ်သွား နိုင်သဖြင့် ထိုထွက်သက်ဝင်သက်အပေါင်း'ကာယ'ကို အကြိမ်ကြိမ်အဖန်ဖန်ရှုခြင်းဖြင့် ကာယာနုပဿနာ သတိပဋ္ဌာန် ဖြစ်လေသည်။

ဤအာနာပါနပဗ္ဗသည် ဝိပဿနာလော

ဤခေါင်းစဉ်ကို တွေ့မြင်ရသော အာနာပါနယောဂီ၌ စိတ်ထွေသွားဖွယ်ရာရှိသည်၊ ဥပရိပဏ္ဏာသပါဠိတော်-အာနာပါနသတိသုတ်သည် ထွက်လေဝင်လေနှင့်ပတ်သက်၍ အလွန်ပြည့်စုံစွာ ဟောကြားသည်၊သမထရော-ဝိပဿနာပါ ရှုနိုင်ရန်အတွက် စတုက္က ၄-မျိုး ၄×၄=၁၆ နည်း ဟောထားပေသည်။

ဤမဟာ သတိပဋ္ဌာနသုတ် ကာယာနုပဿနာ ပိုင်းတွင် ပါသော အာနာပါနအစီအရင်တွင် ပဌမစတုက္ကတခုသာ ဖြစ်၏၊နည်း ၄-မျိုးပါ၏။ ဖော်ပြထားပြီ။

www.dhammaransi.com

၁။ ပဌမ-ထွက်သက် ဝင်သက် တို့၌ သတိမြဲမှု ရှိအောင် အားထုတ်ရသည်။

၂။ ဒုတိယ ထွက်သက်ဝင်သက် တို့၌ ရှည်လျှင်ရှည်သည်ဟု, တိုလျှင် တိုသည်ဟု သိအောင် အားထုတ်ရသည်။

၃။ တတိယ-ထွက်သက်ဝင်သက်တို့ကို အစ,အလယ်,အဆုံး ထင်ရှား အောင် အားထုတ်ရသည်။

၄။ စတုတ္ထ-ရုန့်ရင်းသော ထွက်သက်ဝင်သက် တို့ကို အစဉ်အတိုင်း ချုပ်ငြိမ်းစေလျက် သိမ်မွေ့သွားအောင် အားထုတ်ရသည်။

ဤသည်ပင်လျှင် ဤအပိုင်း၌ လိုရင်းတည်း။

အချို့ဆရာတို့ကမူ 'ဝိပဿနာကို ပဓာနပြု၍ ဟောတော်မူကြောင်း ထင်ရှားလှ၏'ဟု ဆိုတော်မူကြသည်၊ 'မြတ်စွာဘုရား၏ တရားတော်ဟူသမျှ သည် သစ္စာလေးပါးမှ မလွတ်ကြောင်း'အကျွန်ုပ်တို့ အခိုင်အမာ ယုံကြည် ထားကြောင်း၊ သို့ရာတွင် သုတ်တခု-တရားတပုဒ်၌ လုပ်ငန်း လုပ်ကွက်ကို ရှာဖွေဖော်ထုတ်နေသော အကျွန်ုပ်တို့အဘို့ ဤသတိပဋ္ဌာန် အာနာပါန ပဗ္ဗ၌ ရှာမတွေ့ဘဲဖြစ်နေ၍သာ ဆိုရသည်၊ အားလုံးသည် 'သဗ္ဗေ သင်္ခါရာ အနိစ္စာ'ချည်းဟု ဆိုပါကလည်း ပြီးပေသည်၊ မည်သည့် ရုပ်,နာမ် သဘော တရားတခုမဆို လက္ခဏာတင်တတ်က ဝိပဿနာ ဖြစ်သည်'ဟူသော သိမ်း ကျုံးသည့် စကားမျိုးကို ဆွေးနွေးနေသည် မဟုတ်ပေ။

တရားတပုဒ်တွင် လုပ်ကွက်တခု ဝိပဿနာ ရောက်-မရောက်သာ ဝေဖန်ဆွေးနွေးခြင်းဖြစ်ကြောင်း သတိပြုရန်ဖြစ်သည်၊ "အားလုံးဝိပဿနာ တင်ရန် ဖြစ်ထာဘဲဆိုလျှင် မြတ်စွာဘုရားသည် ၂၁-ပါးသောအခြင်းအရာ အားဖြင့် သတိပဋ္ဌာန် ၄-ပါးပင် ဟောရန်မလိုပေ"။

စင်စစ်မှာ အကြောင်းရှိပေသည်၊ ဥပရိပဏ္ဏာသပါဠိတော် အာနာ ပါနဿတိသုတ်, ပဋိသမ္ဘိဒါမဂ်ပါဠိတော် အာနာပါနဿတိကထာ, မဟာ ဝဂ္ဂသံယုတ်ပါဠိတော် အာနာပါနသံယုတ်တို့ကို လုံးဝမဆိုလို၊ ယခု မဟာ သတိပဋ္ဌာနသုတ် ပါဠိတော် အာနာပါနပဗ္ဗ တခုကိုသာ ဝေဖန်နေခြင်း ဖြစ်၍ ၎င်းကိုသာ ဆိုလိုသည်။

www.dhammaransi.com

ဣဒမေဝ စတုက္ကံ အာဒိကမ္မိကဿ ကမ္မဋ္ဌာနဝသေန ဝုတ္တံ၊ ဣတရာနိ ပန တီဏိ စတုက္ကာနိ ဧတ္ထ ပတ္တဇ္ဈာနဿ ဝေဒနာစိတ္တဓမ္မာ နုပဿနာဝသေန ဝုတ္တာနိ။

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၉၃။ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၆၉)

'ဤပဌမစတုက္ကကို အစလက်ဦး အားထုတ်သော ပုဂ္ဂိုလ်၏ သမထ ကမ္မဋ္ဌာန်း၏ အစွမ်းဖြင့် ဟောတော်မူသည်၊ ဤမှတပါးကုန်သော ဒုတိယ, တတိယ,စတုတ္ထ စတုက္က တို့ကိုကား ဤ ပဌမစတုက္က၌ ဈာန်ရပြီးသော ပုဂ္ဂိုလ်၏ ဝေဒနာနုပဿနာ,စိတ္တာနုပဿနာ,ဓမ္မာနုပဿနာ၏ အစွမ်း ဖြင့် ဟောအပ်ကုန်၏'

ဟု အာနာပါနပဗ္ဗလာ ပဌမစတုက္ကသည် သမထကမ္မဋ္ဌာန်းအဖြစ်နှင့် ဟော၍ ကျန်စတုက္က ၃-ပါးတို့ကို ပဌမစတုက္ကကမ္မဋ္ဌာန်းအားထုတ်၍ ဈာန် ရလာသော ပုဂ္ဂိုလ်တို့၏ ဝေဒနာ, စိတ္တ, ဓမ္မ တို့ကို ဝိပဿနာအစွမ်းဖြင့် ရှုနိုင်ကြောင်း ဟောသည်ဖြစ်၍ ထင်ရှားနေပေသည်၊ ထို အဋ္ဌကထာများ ကပင် ဆက်လက်၍....

တသ္မာ ဣဒံ ကမ္မဋ္ဌာနံ ဘာဝေတွာ အာနာပါန စတုတ္ထဇ္ဈာန ပဒဋ္ဌာနာယ ဝိပဿနာယ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိ တုကာမေန။ (အဋ္ဌကထာများ)

တသ္မာ၊ထို့ကြောင့်။ ဣဒံကမ္မဋ္ဌာနံ၊ ဤကာယာနုပဿနာကမ္မဋ္ဌာန်းကို။ ဘာဝေတွာ၊ပွား၍။ အာနာပါနစတုတ္ထဇ္ဈာနပဒဋ္ဌာနာယ၊အာနာပါန စတုတ္ထဈာန်လျှင် နီးသောအကြောင်းရှိသော။ ဝိပဿနာယ၊ဝိပဿနာ ဖြင့်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိတုကာမေန၊ ရောက်ခြင်းငှာ အလိုရှိသော။

ဟု ပြဆိုတော်မူကြရာ၊ ထို အာနာပါန သမထဈာန် အခြေခံ၍ ရဟန္တာဖြစ်အောင်'ဝိပဿနာယ'ဟူ၍ ဝိသေသနပြုထားသည်ကိုထောက်၍ 'သမထဖြစ်ကြောင်း'ပေါ်လွင်နေပေသည်၊သူလို-ငါလို သာမန်ပုဂ္ဂိုလ်များ အနေနှင့်မူ ဤပဌမစတုက္ကအရ ထွက်သက်-ဝင်သက်တို့ သိမ်မွေ့သွားခြင်း၊ ဝါ-မရှုနိုင်တော့သည့် အခြေတွင် ရပ်တန့်သွားပေလိမ့်မည်၊ ဤအပိုင်းပါ ဟောချက်တွင်လည်း ဥပစာရဈာန်ကိုရည်ညွှန်းထားပေရာ၊သမထယာနိက အနေနှင့် ဈာန်အခြေခံယူလျက် ဝိပဿနာသို့ တက်ရှုနိုင်ပုံကိုပြရာ၌....

ဣဒံ ကမ္မဋ္ဌာနံ ပရိဂ္ဂဟေတွာ အာနာပါနစတုတ္ထဇ္ဈာနံ နိဗ္ဗတ္တေတွာ တဒေဝ ဈာနံ ပါဒကံ ကတွာ သင်္ခါရေ သမ္မသိတွာ အဂ္ဂဖလံ အရဟတ္တံ ပါပုဏာတိ။ (သုတ်မဟာဝါအဋ္ဌကထာ-၃၅၄)

ဣဒံကမ္မဋ္ဌာနံ၊ ဤအာနာပါနသတိကမ္မဋ္ဌာန်းကို။ ပရိဂ္ဂဟေတွာ၊ပိုင်နိုင်အောင် ရှုမှတ်သိမ်းဆည်း၍။ အာနာပါနစတုတ္ထဇ္ဈာနံ၊ အာနာပါနစတုတ္ထဈာန်ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ တဒေဝဈာနံ၊ ထိုအာနာပါနစတုတ္ထဈာန်ကိုသာလျှင်။ ပါဒကံကတွာ၊ အခြေခံထား၍။ သင်္ခါရေ၊ ရုပ်,နာမ်နှစ်ဝ သင်္ခါရတို့ကို။ သမ္မသိတွာ၊ ရှုမှတ်သုံးသပ်၍။ အဂ္ဂဖလံ၊ မြတ်သောဖိုလ်ဟုဆိုအပ်သော။ အရဟတ္တံ၊အရဟတ္တဖိုလ်သို့။ပါပုဏာတိ၊ ရောက်ခြင်းငှာ။

ဤအဋ္ဌကထာ ဖော်ပြချက်အရ အာနာပါနသည် သမထဈာန်အဖြစ်နှင့်သာရှိပြီး ဥပစာရဈာန်ကိုရပါမှ ထိုဈာန်ကိုအခြေခံ၍ ရုပ်,နာမ်နှစ်ပါးသင်္ခါရတရားတို့ကို ရှုမှတ်ပွားများလေလျှင် အရဟတ္တဖိုလ်ကိုရသည်ဆိုသောစကားသည် သာသနာ့နယ်ပယ်တွင် အလွန်ရိုးနေသော စကားဖြစ်သည်၊ကျွန်ုပ်တို့ဆိုလိုသည်မှာ 'တိုက်ရိုက်မရောက်'ဟုသာ ဆိုပါသည်။ ဤနည်းအရသာဆိုလျှင်....

မဟာတိဿ

စေတီယတောင်၌ သီတင်းသုံး နေတော်မူသော မဟာတိဿမထေရ်သည်ဆံပင်,မွေးညှင်းစသောဤခန္ဓာ၏(ကောဋ္ဌာသ) အစုကို အစဉ်တစိုက်သုံးသပ်လျက်ရှိရာမှ မိန်းမ,ယောကျ်ားဟူသော(သတ္တသညာ) သတ္တဝါအမှတ် ကွာပြီးသောအခါ ပရမတ္ထ ဖြစ်သော ရုပ်,နာမ် ၂-ပါးကို ဝိပဿနာရှု၍ အရဟတ္တဖိုလ်ရယူနိုင်သောကမ္မဋ္ဌာန်းကို သင်ကြားလေ့ကျင့်ထားလေသည်၊သို့ရာတွင် မိမိအခြေခံထားသော သမထ'ကောဋ္ဌာသ'သည် ဥပစာရဈာန် မရသေးသောကြောင့် ဝိပဿနာတက်၍ မရှုနိုင်ဘဲရှိရာ၊ တနေ့တွင် 'အနုရာဓမြို့သို့ ဆွမ်းခံဝင်အံ့'ဟု ကြွတော်မူလာသော မဟာတိဿမထေရ်အား တောရွာတရွာမှ လင်ယောကျ်ားနှင့်ရန်ဖြစ်၍ မိဘအိမ်ပြန်လာသော အမျိုးသမီးတယောက်က အမှတ်မထင် တောလမ်းခရီးခပ်လှမ်းလှမ်းတွင် တွေ့မြင်လိုက်ရသောအခါ ရာဂဖြင့် ဖောက်ပြန်စိတ်ဖြစ်လျက် ပြင်းစွာအော်၍ ရယ်လိုက်လေသည်၊ မထေရ်လည်း မျက်လွှာချ၍သွားနေရာမှ ရယ်သံကြောင့် မျက်လွှာကိုပင့်၍ကြည့်လိုက်ရာ....

www.dhammaransi.com

တဿာ ဒန္တဋ္ဌိကေ အသုဘသညံ ပဋိလဘိတွာ အရဟတ္တံ ပါပုဏိ။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၀)

တဿာ၊ သွားရိုးပေါ်အောင် အော်ဟစ်ကာ ရယ်လိုက်သောမိန်းမ၏။ ဒန္တဋ္ဌိကေ၊ သွားရိုးကိုမြင်ခြင်းကြောင့်။ အသုဘသညံ၊ မတင့်မတယ် စက်ဆုပ်ဖွယ်ဟူသော အမှတ်သညာကို။ ပဋိလဘိတွာ၊ရ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်ပြီ။

ဟု ပြဆိုထားရာ ဤအဋ္ဌကထာပြစကားကို မှတ်သား၍ ပြောဆိုရလျှင် 'အဋ္ဌိကကမ္မဋ္ဌာန်းအရိုးစုဟုစီးဖြန်းက သာမန်မဂ်တွင်မကအရဟတ္တမဂ် (ရဟန္တာ)ပင် ဖြစ်နိုင်သေးသည်' ဟု ဆိုလျှင် သမထနှင့်ဝိပဿနာ အားလုံး ရောယှက်၍ သာသနာအတွက် ပျက်စီးချေတော့မည်၊ ထို့နောက် တဖန် ဆက်လက်၍....

တဿာ ဒန္တဋ္ဌိကံ ဒိသွာ၊ ပုဗ္ဗသညံ အနုဿရိ။
တတ္ထေဝ သော ဌိတော ထေရော၊ အရဟတ္တံ အပါပုဏိ။
(ရှင်းအဋ္ဌကထာ),

တဿာ၊ အသံထွက်အောင် အော်ဟစ် ရယ်လိုက်သော ထိုမိန်းမ၏။ ဒန္တဋ္ဌိကံ၊ သွားရိုးကို။ ဒိသွာ၊ မြင်ရ၍။ ပုဗ္ဗသညံ၊ ရှေးအခါကပင် လေ့လာရင်းရှိခဲ့သော အရိုးစုအမှတ်ကို။ အနုဿရိ၊ ညာဏ်နှင့်လျှောက်၍ အောက်မေ့ဆင်ခြင်လေပြီ။ သောထေရော၊ ထိုမဟာတိဿမထေရ်သည်။ တတ္ထေဝ၊ ထိုသွားရိုးကို မြင်ရာအရပ်၌ ပင်လျှင်။ ဌိတော၊ ရပ်လျက်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပါပုဏိ၊ ရောက်လေပြီ။

ဤအဋ္ဌကထာ၏အဆိုသည် ထပ်ဆိုလည်း ဝိပဿနာပင် ပါမလာချေ။ သို့သော် ရဟန္တာဖြစ်သည်ဟူသော စကားကိုမူကား အခိုင်အမာဆိုထားချေသည်။ ထိုသို့ဆိုလျှင် ဤသတိပဋ္ဌာန်နိဒါန်း၌ ဘိက္ခုနီမတို့ မွေးထားသော ကျေးသားကလေးလည်း (အဋ္ဌိက-အဋ္ဌိက) 'အရိုးစု,အရိုးစု' ဟု ရွတ်ဆိုစီးဖြန်းတတ်သည်။ မဂ်ရသည်ဟု မပါပါကလားဟုမေးလျှင် 'ကျေးသားက တိရိစ္ဆာန်ဖြစ်လို့' ဟု အဖြေပေးလျှင် သာမညအားဖြင့် မှန်ကန်စေကာမူ အမှန်ကား 'အရိုးစုသမထသည် ရဟန္တာပင်ဖြစ်သည်' ဟူ၍ အခိုင်အမာယူသောအယူဖြင့် အဖြေပေးခြင်းဖြစ်ရကား သာသနာအတွက် ဝမ်းနည်းဖို့ပင် ကောင်းတော့သည်။

www.dhammaransi.com

ဆိုလိုသည်မှာ-သာသနာ့အလုပ်အားထုတ်သူသည် 'ဤကားသမထ, ဤကားဝိပဿနာ' ဟု ကွဲပြားစွာ သိဖို့လိုလေသည်။ အရိုးစုဟု ရှုတ်ဆိုတတ်သော ကျေးသားမဂ်မရသည်မှာ သမထဖြစ်နေ၍ မဂ်မရသကဲ့သို့ မည်သည့်ပုဂ္ဂိုလ်ကပင် အရိုးစုဟုသာ စီးဖြန်းနေက မည်သူမျှ မဂ်မရနိုင်ပေ။ 'ယခုမဟာတိဿ ရဟန္တာဖြစ်သည် မဟုတ်လော' ဟု မေးလျှင် မဟာဋီကာ၏ ဖြေပုံကို ဆက်ကြည့်ပါ။

> အရဟတ္တံ ပါပုဏီတိ ထေရော တဿာ ဟသန္တိယာ ဒန္တဋ္ဌိဒဿနေ နေဝ ပုဗ္ဗဘာဂ ဘာဝနာယ သုဘာဝိတတ္တာ ပဋိဘာဂ နိမိတ္တံ သာတိသယဥ္စ ဥပစာရဇ္ဈာနံ လဘိတွာ ယထာဋ္ဌိတောဝ တတ္ထ ပဌမဇ္ဈာနံ အဓိဂန္တွာ တံပါဒကံ ကတွာ ဝိပဿနံ ဝဍ္ဎေတွာ မဂ္ဂပရမ္ပရာယ အာသဝက္ခယံ ပါပုဏိ။
>
> (ဝိသုဒ္ဓိမဂ် မဟာဋီကာ-၄၉)

အရဟတ္တံပါပုဏီတိ၊ သွားရိုးကိုမြင်ရ၍ရဟန္တာဖြစ်၏ ဟူသည်ကား....။ ထေရော၊ မဟာတိဿ မထေရ်သည်။ ဟသန္တိယာ၊ အော်ဟစ်၍ ရယ်လိုက်သော။ တဿာ၊ ထိုမိန်းမ၏။ ဒန္တဋ္ဌိဒဿနေနေဝ၊ သွားရိုးကို မြင်ရသဖြင့်သာလျှင်။ ပုဗ္ဗဘာဂ ဘာဝနာယ၊ ရှေးအခါက လေ့လာရင်းရှိသော အရိုးစုဟုပွားများမှုကို။ သုဘာဝိတတ္တာ၊ အလွန်အကဲစိတ်မှာမြဲ၍ အထူးဘဲ ပွားများအပ်သည် အဖြစ်ကြောင့်။ ပဋိဘာဂနိမိတ္တဥ္စ၊ ပဋိဘာဂနိမိတ်ကိုရင်း။ သာတိသယံ၊ လွန်ကဲသော။ ဥပစာရဇ္ဈာနဥ္စ၊ ဥပစာရ ဈာန်ကိုရင်း။ လဘိတွာ၊ရ၍။ ယထာဋ္ဌိတောဝ၊ ရပ်လျက်ပင်လျှင်။ တတ္ထ၊ ထိုနေရာအရပ်၌။ ပဌမဇ္ဈာနံ၊ ပဌမဈာန်ကို။ အဓိဂန္တွာ၊ ရ၍။ တံ၊ ထို ပဌမဈာန်ကို။ ပါဒကံကတွာ၊ အခြေပြု၍။ ဝိပဿနံ၊ အရိုးစုဟု ရှုမှတ်သော သမထနှင့် ရလာသော ဈာန်တရား၏ မခိုင်မြဲမှု အနိစ္စ, ဆင်းရဲမှုဒုက္ခ,ငါမဟုတ်မှုအနတ္တတို့ကို ရှုကြည့်ရသော ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွား၍၊ ဝါ-ပွားသည် ရှိသော်။ မဂ္ဂပရမ္ပရာယ၊ မဂ်အဆက်ဆက်အားဖြင့်။ အာသဝက္ခယံ၊ အာသဝေါတရား လေးပါးကုန်သော ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်လေပြီ။

www.dhammaransi.com

စိတ်ကူးနှင့်ရှာလေရာ ပုက္ကုသာတိဘုရင်ထံမှပို့လိုက်သော ကမ္ဗလာတထည်၏ တန်ဖိုးကိုမျှမမှီ၊ ဘုရား-တရား-သံဃာတည်းဟူသော ရတနာသည် ရတနာဟု သမုတ်အပ်သောလောကီပစ္စည်းတို့ထက် လွန်စွာလွန်စွာ အဖိုးထိုက်တန်သည်၊ တက္ကသိုလ်ပြည်တွင်လည်း ဤရတနာမျိုးကို ကြားပင်မကြားဘူးဟု သိရသဖြင့် ဘုရား- တရား- သံဃာ ရတနာ သုံးပါး၏ ဂုဏ်တော်များကို ရွှေပေပြားတွင်ရေး၍ အထူးသဖြင့်....

သောဠသဝိဓံ အာနာပါနဿတိ ကမ္မဋ္ဌာနံ ဝိတ္ထာရေန လိခိတွာ။

အာနာပါနအစီအရင်ကို စတုတ္ထစတုက္ကအထိ ၁၆-မျိုး အပြည့်အစုံကို အစီအစဉ် အကျယ်တဝင့်ရေးသား၍ ပေးပို့လိုက်သည်။

ပုက္ကုသာတိဘုရင်လည်းနန်းတော်အပေါ်ဆုံးအထပ်တွင်တယောက်ထည်းတည်း တံခါးပိတ်၍အားထုတ်လေရာ စတုတ္ထစျာန်ကိုရလေသည်။

သော၊ ထိုပုက္ကုသာတိ ဘုရင်သည်။ စျာနသုခေနေဝ၊ အာနာပါနသမထဖြင့် ရအပ်သော စျာန်ချမ်းသာဖြင့် သာလျှင်။ ဝီတိနာမေသိ၊ အချိန်ကိုကုန်လွန်စေ၏။

နောက်တနေ့တွင် အလုပ်အကျွေးတယောက်ကို သက်န်း, သပိတ်, ပရိက္ခရာကို ဈေးမှဝယ်စေပြီးလျှင် ၁၅-ရက်မျှ စျာန်ချမ်းသာနှင့်နေကာ ပစ္စေကဗုဒ္ဓါတပါး အသွင်ဖြင့် နန်းတော်မှဆင်းပြီး မြတ်စွာဘုရားရှိရာသို့ ရည်မှန်း၍ တပါးတည်းထွက်ကြွလာခဲ့လေသည်၊ တောလမ်း,တောင်လမ်း ခရီးကြမ်းကို မသွားဘူးသောဘုရင်မှာ လှည်းကုန်သည်တို့ကိုအဖော်ပြုလာခဲ့ရာ တနေ့လုံးခရီးပန်းခြင်းကို ညအခါတွင် သစ်ပင်ရင်းတွင်ထိုင်လျက်....

ကုလပုတ္တော၊ပုက္ကုသာတိအမျိုးကောင်းသားသည်။ အာနပါန စတုတ္ထဈာနံ၊အာနာပါနစတုတ္ထစျာန်ကို။သမာပဇ္ဇိတွာ၊ကောင်းစွာဝင်စား၍။ မဂ္ဂဒရထံ ကိလမထပရိဠာဟံ၊ ခရီးကြမ်းကြောင့် ပင်ပန်းခြင်း,ပူလောင်ခြင်းကို။ ဝိက္ခမ္ဘေတွာ၊ခွာပစ်၍။ စျာနရတိယာ၊စျာန်ချမ်းသာကိုခံစားသောမွေ့လျော်ခြင်းဖြင့်။ ဝီတိနာမေတိ၊ ညဉ့်အချိန်ကို ကုန်လွန်စေ၏။

နောက် ရာဇဂြိုဟ်ပြည်သို့ရောက်၍ ညအခါ အိုးလုပ်သမားတို့ အိုးလုပ်ရာ အဆောက်အဦဇရပ်၌လည်း....

www.dhammaransi.com

နိသီဒမာနေ၁ဝ၊ ထိုင်နေလျက်သာလျှင်။ အာနာပါနစတုတ္ထဈာန်၊ အာနာပါနစတုတ္ထဈာန်ကို။ သမာပဇ္ဇိ၊ကောင်းစွာဝင်စား၍နေလေပြီ။

မြတ်စွာဘုရားနှင့်တွေ့ပြီး ခဲတ် ၆-ပါး တရားဟောရာတွင်မှ သောတာပန်,သကဒါဂါမိ,အနာဂါမိ အဆင့်ဆင့် ဖြစ်သွားသည်။

ဤ၌ ဗိမ္ဗိသာရမင်းရေးပို့လိုက်သော အာနာပါန အစီအရင်သည် မပြည့်စုံ၍ မဂ်မရသည်မဟုတ်၊ ဝိပဿနာမပါ၍ အရိယာမဖြစ်သည်မဟုတ်၊ စတုတ္ထစတုက္က ၄×၄=၁၆-ပါး အပြည့်အစုံပင်ဖြစ်ကြောင်း အဋ္ဌကထာ၌ ဖော်ပြထား၏၊ သို့ရာတွင် အာနာပါနအစီအရင်ကို လေ့ကျင့် အားထုတ်သော ပုက္ကုသာတိအတွက် ဉာဏ်စခန်းဉာဏ်အလုပ်ဖြစ်သောဝိပဿနာဖက်တက်၍ မရှုတတ်သောကြောင့် မဂ်မရခြင်း,အရိယာမဖြစ်ခြင်းမှန်လေသည်။

ဝိပဿနာလုပ်ငန်းသည် သမထကဲ့သို့ ပညတ်အထင်အမြင်မျိုးနှင့် ရှုရသောတရားမျိုးမဟုတ်သောကြောင့် သမထဈာန်သာရပြီး အာနာပါန စတုတ္ထစတုက္ကဝိပဿနာသို့ မရောက်၍ အရိယာမဖြစ်ချေ၊ ဝိပဿနာ ရှုအပ်သောပရမတ်သဘောသို့ ရောက်လျှင်ကား မည်သည့် ရုပ်ပိုင်း,နာမ်ပိုင်းဖြစ်စေ၊ ဝိပဿနာဉာဏ်, ဘာဝနာဉာဏ် ဖြစ်သည်သာ။

သမထယာနိက ဤ မဟာသတိပဋ္ဌာန် အာနာပါန ပဗ္ဗလာ ထွက်သက်ဝင်သက်ညွှန်ပြချက်သည် ထို ပဌမ စတုက္ကနှင့်ပဌမဈာန် (တနည်း) ဥပစာရဈာန် ရထားသောပုဂ္ဂိုလ်တို့ ကျန် စတုက္က ၃-မျိုးဖြင့် ရှုသွားနိုင်က အရဟတ္တဖိုလ်အထိဟောထားရာ မိမိတို့အားထုတ်သော လုပ်ငန်း၏ ဈာန်အခြေအနေကိုမရသေးမီကပင် ထွက်လေ,ဝင်လေရှုမှု အာနာပါန စတင်အားထုတ်သည်နှင့် သမထယာနိကလမ်းဟု ပြောသူ ယောဂီတို့လည်းမနည်းလှ၊ အချို့လည်း ထွက်လေ,ဝင်လေတို့ နောက်ဆုံး ငြိမ်းသွားအောင် ရှုရသည်ဆိုသဖြင့် မရှုပဲ အောင့်ထားသူများလည်း ရှိလေသည်။ အချို့လည်း ပြင်းပြင်း ရှုကြပြီးနောက် ဝေဒနာလိုက်သည် ဆိုကြသူများ စသည်အားဖြင့် အမျိုးမျိုးပြုလုပ်နေကြသည်၊ စင်စစ်မှာ ပြုလုပ်ယူရသည် မဟုတ်ပဲ ပင်ကို ရှုနေကျအတိုင်းကိုပင်လျှင် ကြမ်းထမ်းလှ၍ သိမ်မွေ့သော သဘောသို့ရောက်အောင် တမင်သက်သက် လုပ်မယူရကြောင်း....

www.dhammaransi.com

အပရိဂ္ဂဟော ပဝတ္တော ကာယသင်္ခါရော ဩဠာရိကော၊ မဟာဘူတပရိဂ္ဂဟေ သုခုမော၊ သောပိဩဠာရိကော၊ ဥပါဒါရူပပရိဂ္ဂဟေ သုခုမော။ လ။ တတ္ထပုဗ္ဗေ ဝုတ္တနယေနေဝ ပုရိမဿ ပုရိမဿ ပစ္ဆိမေန ပစ္ဆိမေန ပဋိပ္ပဿဒ္ဓိ ဝေဒိတဗ္ဗာ။

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၉၃။ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၆၇)

ထွက်လေ ဝင်လေကို စတင်မရှုမှတ်မီ ပကတိအနေနှင့် အသက်ရှုမှုသည် ကြမ်းထမ်း၏၊ ပထဝီ-တေဇော စသော မဟာဘုတ်ခာတ်ကိုသိမ်းဆည်းရှုမှတ်သောကာလ ထွက်လေ ဝင်လေသည် သိမ်မွေ့၏၊ ထို သိမ်မွေ့သည်ဆိုသော မဟာဘုတ်ဓာတ်ရှုနေမှုထက် စကျွ-သောတစသောဥပါဒါရုပ်ရှုမှုသည် သိမ်မွေ့၏။ လ။ ထိုရှုနည်း၌ ရှေးရှေးသော ကာယသင်္ခါရထွက်လေ ဝင်လေသည် နောက်နောက်ဖြစ်သော ထွက်လေ ဝင်လေဖြင့် ငြိမ်းသည်ကို သိအပ်၏။

ဟု ပြဆိုပေရာ၊ မိမိတို့၏ နဂိုပကတိရှိနေသော ထွက်လေ ဝင်လေထက် တရားအားထုတ်ကာမှ ပို၍ရှုရသည်ကို မည်သည့် အာနာပါနရှုနည်းမှာမှ မပါမရှိချေ၊ တဖြည်းဖြည်း သိမ်မွေ့-သိမ်မွေ့သွားသည်ကိုသာ မြတ်စွာဘုရား ဟောတော်မူသဖြင့် ဘုရားသာသနာတွင် ဘုရားဟောချက်အရသာ ဖြစ်သင့်လေသည်။

ဖြစ်ပျက်မှု ထွက်သက်ဝင်သက်ကို ဈာန်အခြေခံအနေနှင့် ပြပြီး၍၊ ဝါ-ထွက်လေ ဝင်လေဟူသော ပညတ်အမှတ်၊ ရှည်သည် တိုသည်ဟူသောပညတ်အမှတ်၊ အစ အလယ် အဆုံးကို ထင်လင်း မြင်အောင် ရှုရသော ပညတ်အမှတ်၊ ကြမ်းထမ်းသော ထွက်လေဝင်လေအမှတ် ပညတ်မှ သိမ်မွေ့သွားသော အမှတ်ပညတ်ဟူသော အစ-၄ မျိုး (ပဥ္စမ စတုက္က) အနေ ပညတ်သဘောတော့ကို ပြပြီး၍ ထို ထွက်သက် ဝင်သက် ဟူသော လေသည် (ဝါယော) ရုပ်တရား ဖြစ်လေသောကြောင့် ပရမတ်ဖြစ်သော ၎င်း၏သဘောကို ဝိပဿနာဉာဏ်ဖြင့် ရှုမြင်နိုင်စိမ့်သောငှါ....

ကာယသ္မိံ၊ ထွက်သက်ဝင်သက်ဟူသော ဖောက်ပြန်မှုအပေါင်း၌။ သမုဒယဓမ္မာနုပဿီဝါ၊ ဖြစ်ပေါ်လာကြောင်းသဘောကို အဖန်ဖန် အထပ်

www.dhammaransi.com

ထပ် ရှုသည်ဖြစ်၍မူလည်း။ ဝိဟရတိ၊နေ၏။ ကာယသ္မိံ၊ထွက်သက်ဝင်သက်ဟူသော ဖောက်ပြန်မှုအပေါင်း၌။ဝယဓမ္မာနုပဿီဝါ၊ ချုပ်ခြင်း, သဘောကို အဖန်ဖန်အထပ်ထပ် ရှုသည်ဖြစ်၍မူလည်း။ဝိဟရတိ၊နေ၏။ ကာယသ္မိံ၊ ထွက်သက်ဝင်သက် ဟူသော ဖောက်ပြန်မှု အပေါင်း၌။ သမုဒယဝယဓမ္မာနုပဿီဝါ၊ဖြစ်ကြောင်းသဘော, ချုပ်ခြင်း,ပျက်ခြင်း သဘောကို အဖန်ဖန်အထပ်ထပ် ရှုသည်ဖြစ်၍မူလည်း။ ဝိဟရတိ၊နေ၏။ ဟု ကျွန်ုပ်တို့အနက်ဆိုခဲ့သည်။

ထွက်သက်ဝင်သက်ဟူသော သဘောကို အဋ္ဌကထာ၌ ဖားဖိုဥပမာဖြင့် ပြထားသည်၊ ထွက်လေဝင်လေဟူသော မှတ်မှုသာမညသည် ပညတ်ကိုသာ အာရုံပြုခြင်းကြောင့် ပရမတ်အာရုံ ဝိပဿနာမဟုတ်ပေ၊ ထို'လေ' ကိုပင် ပရမတ်အာရုံရှုလိုသော် လေဟူသောပညတ်ကို လုံးဝအာရုံပြု၍မရ၊လေသည်'ရုပ်'ဟူသော(ဝါယော)ရုပ်ဖောက်ပြန်သဘော ဖြစ်သည်၊ ထိုဖောက်ပြန်သဘောသည် ဖားဖို၏လေအိတ်နှုတ်သီး ပြုလုပ်မှုလှုံ့လကြောင့် ထိုလေသည် ဖြစ်သကဲ့သို့ ထွက်သက် ဝင်သက် သည်လည်း အတိတ်,အဝိဇ္ဇာ,ကံ, သင်္ခါရ, ဘဝ,တဏှာ စသော ဖြစ်ကြောင်း တရားရှိ၍သာ ထိုဝါယောဟူသော ဖောက်ပြန်မှုသဘောတရား ဖြစ်လာသည်၊ထိုလေသည် နှာဝသို့ရင်း, အထက်နှုတ်ခမ်းဝသို့ရင်း ထိလျက် ထွက်သည်၊ ထိလျက် ဝင်သည်၊ထွက်သည်ဖြစ်စေ, ဝင်သည်ဖြစ်စေ၊ 'ထိ' သွားခြင်းသည် ထိုလေ ဖြစ်ကြောင်းတည်း၊ ဝါ-ဖောက်ပြန်မှု၏ ဖြစ်ကြောင်းတည်း၊ ဝါ-သမုဒယဓမ္မာတည်း၊ ၎င်းကို သိနေခြင်းသည် 'အနုပဿီ' ဖြစ်၏၊ နှာသီးဝသို့ ဖြစ်စေ၊ အထက်နှုတ်ခမ်းဝသို့ ဖြစ်စေ တိုက်၍, ထိ၍, တိုးခိုက် သိနေခြင်းကို ဆိုလိုသည်၊ ယင်းသို့ 'ထိ' ပြီးလျှင် ထွက်သည် ဖြစ်စေ၊ ဝင်သည် ဖြစ်စေ ပျက်သွားသည်သာတည်း၊ထွက်ဟူ၍ရင်း, ဝင်ဟူ၍ရင်း, လေဟူ၍ရင်း လုံးဝအမှတ်မပြုရ၊ ထိုမှတ်မှုသည် ပညတ်ဖြစ်နေသည်၊ပညတ်အာရုံတွင် ဝိပဿနာမဖြစ်ကြောင်း သိထားလျှင် ဗဟုသုတရှိထားလျှင် ဝိပဿနာရောက်အောင်ရှုနိုင်မှုသည်မခက်ခဲပေ၊ ဝင်လေထွက်လေဟူသော အမှတ်ဖြင့်ရင်း, တရှုးရှုးနှင့်လေကို ဂရုစိုက်၍ ပြင်းပြင်းရှုခြင်းသည်ရင်း, ပညတ်နိမိတ် ပညတ်အာရုံမပျောက်သောမှတ်မှုအားလုံးသည် ဝိပဿနာ မဖြစ်ပေ။

www.dhammaransi.com

ယင်းသို့ 'ထိ'ခိုက်တွင် ဖောက်ပြန်မှု သဘောတရား၏ ဖြစ်ခြင်းကို သိနေခြင်း၊ထိုကိုသိပြီးလျှင် ထိုသဘောတရား၏ အစ,အနမျှ မကျန်အောင် ပျက်သွားသည်ကို သိနေခြင်း၊ထိုဖောက်ပြန်တတ်သော(ဝါယော)သဘော တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းကို သိနေခြင်းသည် ကာယာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာရှုနည်းပင် ဖြစ်ပေသည်။

သာမန်လူတို့ အရာမဟုတ် ယင်းသို့ သိမ်မွေ့လှသော ပရမတ်သဘောကို သူသူငါငါ မည်သူမဆို ထင်မြင်အောင်ရှုနိုင်မှုကား အတော်ပင် ခဲယဉ်းလေသည်၊အဘယ့်ကြောင့်ဟူမူ ဤ'လေ'ဟူသည့်'ထွက်တယ်, ဝင်တယ်'ဟူသောပညတ်ကြီးကို အခွာရခက်လေသောကြောင့်ဖြစ်၏၊အချို့ အာနာပါနအားထုတ်နေကြသော ယောဂီတို့ကမူ 'အာနာပါနဆိုသည်မှာ နှယ်နှယ်ရရမဟုတ် ဘုရားတောင်မှ မစွန့်လို့ မဟာပုရိသဘူမိလို့ ခေါ်တယ်၊ ထို့ကြောင့် အာနာပါနသာလျှင် အားထားထိုက်သောကမ္မဋ္ဌာန်းဖြစ်တယ်'

ဟု ရိုးသားစွာ ယုံကြည်ထားကြလေသည်၊ မှန်၏၊ မြတ်စွာဘုရား ပစ္စေကဗုဒ္ဓါတို့မစွန့်သောတရားဆိုသည်မှာအဘယ့်ကြောင့်နည်း၊ဤအာနာပါနကမ္မဋ္ဌာန်းသည် အခြားသော ကမ္မဋ္ဌာန်း တရားတို့ထက် နူးညံ့သိမ်မွေ့ သောကြောင့် လူတိုင်းအားထုတ်နိုင်သော တရားမဟုတ်ပုံကို....

ယထာ ဟိ အညာနိ ကမ္မဋ္ဌာနာနိ ဥပရူပရိ ဝိဘူတာနိ ဟောန္တိ၊
န တထာ ဣဒံ၊ ဣဒံ ပန ဥပရူပရိ ဘာဝေန္တဿ သုခုမတ္တံ ဂစ္ဆတိ။
(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၉၇။ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၇၅)

ဟိ၊ ထူးသည်ကိုဆိုဦးအံ့။ အညာနိ၊ အာနာပါန ကမ္မဋ္ဌာန်းမှ တပါး ကုန်သော။ ကမ္မဋ္ဌာနာနိ၊ကမ္မဋ္ဌာန်းတို့သည်။ဥပရူပရိ၊အထက်အထက်၌၊ ဝါ-ကြာကြာရှုလေလေ။ ဝိဘူတာနိ၊ ထင်ရှားပေါ်လွင်လေကုန်သည်။ ဟောန္တိယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဣဒံ၊ ဤအာနာပါန ကမ္မဋ္ဌာန်းသည်။ ဝိဘူတံ၊ ထင်ရှားသည်။ န ဟောတိ၊ မဖြစ်။ ပန၊ စင်စစ်သော်ကား။ ဣဒံ၊ ဤ အာနာပါန ကမ္မဋ္ဌာန်းသည်။ ဥပရူပရိ၊ အထက်အထက်၌၊ ဝါ-ကြာကြာရှုလေလေ။ ဘာဝေန္တဿ၊ ပွားများ သောယောဂီအား။ သုခုမတ္တံ၊သိမ်မွေ့သောအဖြစ်သို့။ ဂစ္ဆတိ၊ရောက်၏။

www.dhammaransi.com

ဝိပဿနာရှုရမည့် ပရမတ်သဘောဟူသည်-သမ္မာဒိဋ္ဌိဟူသော ဉာဏ်ပညာဖြင့်သာ ရှေးဦးစွာ တွေ့သိရလျက် သိဖန်များ, ရှုဖန်များသောအခါ အသိဉာဏ်သည်လည်း ရင့်ကျက်, ရင့်ကျက်လာသည့်အခါ ပညတ်အာရုံတို့ ကြာလေပျောက်လေဖြစ်သကဲ့သို့ ပရမတ်အာရုံတို့ ကြာလေ တွေ့လေ ဖြစ်သည်၊ ထို့ကြောင့် မြတ်စွာဘုရားသည်....

သတဉ္စ ဝိဝဋံ ဟောတိ၊ အာလောကော ပဿတာမိဝ။
သန္တိကေ န ဝိဇာနန္တိ၊ မဂါဓမ္မဿ ကောဝိဒါ။
(သုတ္တနိပါတ်ပါဠိတော်-၃၉၇။ သဠာယတနသံယုတ်ပါဠိတော်-၃၄၂)

ဝိပဿနာဉာဏ်ပညာရှိကုန်သော သူတော်ကောင်းတို့သည် ရှုအပ်သော ပရမတ်တရားတို့ကို နေ့အခါတွင် အလင်းရောင်ဖြင့် ထင်ထင်ရှားရှား မြင်ရသကဲ့သို့ဖြစ်၍၊ ဝိပဿနာ ဉာဏ်ပညာ မရှိကုန်သော သူတို့ကား- အနီးဖြစ်လျက် မိမိခန္ဓာမှပရမတ်တို့ကို မသိနိုင်ကြကုန်။

ဝိပဿနာဉာဏ် ရင့်သန်လာသောအခါ ခန္ဓာရှိ ပရမတ်တရားတို့ကို ကြာလေတွေ့လေဖြစ်လေသည်၊ အာနာပါန၏သဘောသည် ရှုန့်ရင်းကြမ်းထမ်းသည်ကို အစတွင် သိနေရာမှ ကြာလေ သိမ်မွေ့လေ ဖြစ်သွားရကား၊ ဤခန္ဓာကို ငြိမ်းငွေ့လောက်အောင်, တပ်မက်ကင်းလောက်အောင် အပြစ်မြင်ဖို့ခဲယဉ်းလေသည်၊ အသိဉာဏ်ပါရမီ ပြည့်လာကြကုန်ပြီးသော, ဘုရားအစရှိသော ယောကျ်ားမြတ်တို့သာလျှင် ရှုခြင်းငှာစွမ်းနိုင်၏ဟုဆိုလိုသည်။

မဟာပုရိသအမည်ခံယူနိုင်လောက်သောပုဂ္ဂိုလ်မဟုတ်လျှင်မိမိသည် ဤအာနာပါနဖြင့် တရား ရနိုင်, မရနိုင်ကို ဉာဏ်ဖြင့် မြင်နိုင်ကြရာသည်။ မဟာပုရိသဘူမိဖြစ်သည်ဆိုတိုင်း မိမိအတွက် အကျိုးရှိ,မရှိ သိနိုင်ရန် အဋ္ဌကထာ၌ ဆက်လက်၍....

ကိဉ္စာပိ ဟိ ယံကိဉ္စိကမ္မဋ္ဌာနံ သတဿ သမ္ပဇာနဿေဝ သမ္ပဇ္ဇတိ၊ ဣတော အညံ ပန မနသိကရောန္တဿ ပါကဋံ ဟောတိ၊ ဣဒံ ပန အာနာပါနဿတိ ကမ္မဋ္ဌာနံ ဂရုကံ ဂရုကဘာဝနံ ဗုဒ္ဓ ပစ္စေက ဗုဒ္ဓ ဗုဒ္ဓပုတ္တာနံ မဟာပုရိသာနံ ယေဝ မနသိကာရဘူမိဘူတံ၊ န စေဝ ဣတ္တရံ၊ န စ ဣတ္တရ သတ္တသမာသေဝိတံ၊ ယထာ ယထာ မနသိ ကရီယတိ၊ တထာ တထာ သန္တဉ္စေဝ ဟောတိ သုခုမဉ္စ၊ တသ္မာ ဧတ္ထ ဗလဝတီသတိစ ပညာစ ဣစ္ဆိတဗ္ဗာ။ (အဋ္ဌကထာများ)

www.dhammaransi.com

အစိပ္ပာယ်ကား-ဤထွက်သက်ဝင်သက် ဟူသော အာနာပါန ကမ္မဋ္ဌာန်းမှ တပါးသော ကမ္မဋ္ဌာန်းများသည် သတိသမ္ပဇဉ်နှင့်ပြည့်စုံသော ယောဂီပုဂ္ဂိုလ်တို့အတွက် ရှုရချက်သည် အလွန်ထင်ရှားပေါ်လွင်လှပါသည်။ "ဣဒံ အာနာပါနဿတိ ကမ္မဋ္ဌာနံပန၊ ဤအာနာပါန ကမ္မဋ္ဌာန်းသည်ကား။ ဂရုကံ၊ ရှုရချက်ခက်ခဲ၏။ ဂရုကဘာဝနံ၊ ခက်ခဲသောဘာဝနာဖြစ်၏။ဗုဒ္ဓပစ္စေကဗုဒ္ဓ ဗုဒ္ဓ ပုတ္တာနံ၊ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရား၏သားတော်ကြီးများ ဖြစ်ကြသော" မဟာပုရိသာနံယေဝ၊ ယောကျ်ားမြတ်တို့၏ သာလျှင်။ မနသိကာရဘူမိဘူတံ၊ နှလုံးသွင်းရာ ဌာနဖြစ်၏။" ပေါ့ပေါ့တန်တန် နှလုံးသွင်းအပ်သော သာမည တရားမျိုး မဟုတ်ခဲ့၊ သာမန်လူသားတို့ နည်းနည်းကျအောင် မှီဝဲနိုင်သည် မဟုတ်၊ အကြင်အကြင်သို့ နှလုံးသွင်း၏၊ ထိုနှလုံးသွင်းသောအတိုင်း ငြိမ်သက်သည်လည်း ဖြစ်၏၊ သိမ်မွေ့သည်လည်း ဖြစ်၏၊ ထို့ကြောင့် ဤအာနာပါန ကမ္မဋ္ဌာန်းကို သတိအားကောင်းသော, ပညာဉာဏ်ကြီးမားသော သူတို့အား သင့်လျော်လျောက်ပတ်လေသည်။

လူသာမညတို့၏ အရာမဟုတ်ပုံကို အဋ္ဌကထာ ရှင်းပြထားသည်၊ 'မဟာပုရိသဘူမိ' ဟု အဋ္ဌကထာဆိုသည်ကား-အာနာပါန အားထုတ်တိုင်း မဟာပုရိသဖြစ်သည်မဟုတ်၊မဟာပုရိသဟူသော သတိပညာအားကြီးသော ပုဂ္ဂိုလ်တို့၏ မှီဝဲရာသာဖြစ်၏ ဟူသော ရည်ညွှန်းချက် ပင်တည်း၊ တနည်း ထွက်သက်ဝင်သက်တို့ ပကတိအနေ ရှုနေရသည်မှ သိမ်မွေ့၍သွားသည်ကို ပင်လျှင် ဝိပဿနာတင်၍ ဖြစ်ပျက်ရှုနိုင်အောင် သတိပညာပြည့်စုံဖို့လိုအပ်ကြောင်း သိစေလိုရင်းဖြစ်၏။

တဏှာဒိဋ္ဌိမစွဲငြိ ယင်းသို့ ပရမတ်ပေါက် ဝိပဿနာ ရောက်အောင် အားထုတ်ရှုတတ် ယောဂီမြတ်သည် စွဲလမ်းစရာပညတ်အာရုံတို့ လွတ်ကွာ နေသောကြောင့် ဤဖောက်ပြန် တတ်သော ထုတ်မှု, ရှုမှု သဘောတရားသည် ငါဟူသောဒိဋ္ဌိအစွဲ, ငါ့ဥစ္စာဟူသောတဏှာ အစွဲတို့ ကပ်စရာ ရောက်စရာ နှလုံးမသွင်းတော့သောကြောင့် ထိုတဏှာဒိဋ္ဌိ တို့မှ သဘာဝအတိုင်း လွတ်သွားလေသည်၊ထို့ကြောင့် ပညတ်ကိုလေသာအာရုံတို့သည် မကပ်မရောက်နိုင်သော ပရမတ်ယောဂီအား လောက ဟူသော သင်္ခါရမှု ဖြစ်ပျက်စုဟုသာ မြင်နေသဖြင့် တစုံတခုသော ရုပ်,နာမ်သင်္ခါရ

www.dhammaransi.com

အပေါ်တွင်မှ ရစရာ,ယူစရာ,စွဲလမ်းစရာမရှိ ကျွတ်လွတ်လေသောကြောင့် ဘုံသုံးပါးတို့သို့ယိုစီးတတ်သော အာသဝေါတရားတို့သည် ထိုယောဂီအား ယိုစီးအောင် မပြုလုပ်နိုင်ခြင်းသည် ပင်လျှင် အရဟတ္တဖိုလ် နိဗ္ဗာန်ပင် ဖြစ်တော့သည်။

သို့အတွက် အာနာပါနသမထနှင့် ဝိပဿနာရောက်အောင် အားထုတ်လိုမူ ဥပစာရချာန်, ပဌမချာန်ရအောင် ရှေးဦးစွာ လေ့ကျင့်ပါ၊ ထိုချာန်ရလျှင် ၎င်းကိုအခြေခံ၍ ပရမတ်ဝိပဿနာရောက်အောင်ရှုပါ၊ သို့မှ ချာန်ရအောင် အားမထုတ်နိုင်လျှင် အာနာပါနမှတပါးသော ကမ္မဋ္ဌာန်းတွေ များစွာရှိသည်၊၎င်းတို့ကို အားထုတ်ပါ၊အာနာပါနကို ခဏမျှအား ထုတ်ဘူးရုံနှင့်တော့ ဟုတ်လှပြီဟု ထင်က မိမိတွင် ရထိုက်သည့် သာသနာ့ ကျေးဇူးကို ခရီးဝေးတာရှည်မသွားရန် ကျန်ရှိသော သတိပဋ္ဌာန်တရား တမျိုးမျိုးကို ကြိုးစားအားထုတ်နိုင်စေရန် စေတနာနှင့် တိုက်တွန်းအပ်ပေသည်။

ထွက်သက်,ဝင်သက်ရှုသော 'အာနာပါနပဗ္ဗ'
အပိုင်း ပြီး၏။

www.dhammaransi.com

ကာယာနုပဿနာ-ဣရိယာပထပဗ္ဗ

(၂) ကိုယ်အမူအရာ ဖြစ်ကြောင်း အပိုင်း

၄-ပါဠိတော်။ ပုနစပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဌိတော ဝါ ဌိတောမှီတိ ပဇာနာတိ၊ နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ၊ သယာနော ဝါ သယာနောမှီတိ ပဇာနာတိ ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ။လ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

၄-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ ပုနစ၊ တဖန်လည်း။ အပရံ၊ တမျိုးတခြား ကာယနှင့်ပတ်သက်သော ရှုပုံကား။ ဘိက္ခု၊ တရားအလုပ်အားထုတ်ပေတတ် ယောဂီမြတ်သည်။ ဂစ္ဆန္တော ဝါ၊ သွားဆဲအခိုက်တွင်မူလည်း။ ဂစ္ဆာမီတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ သိ၏။

ဌိတော ဝါ၊ ရပ်ဆဲအခိုက်တွင်မူလည်း။ ဌိတော၊ ရပ်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

နိသိန္နော ဝါ၊ ထိုင်ဆဲအခိုက်တွင်မူလည်း။ နိသိန္နော၊ ထိုင်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

သယာနော ဝါ၊ လျောင်းဆဲအခိုက်တွင်မူလည်း။ သယာနော၊ လျောင်းသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

ဝါ ပန၊ ဣရိယာပထကို အစိတ်စိတ် သိစေရန် ဟောပြီး၍ အကျဉ်းနည်းရှုပုံကိုဟောပေဦးအံ့။ ယထာယထာ၊ အကြင် သွား, ရပ်, ထိုင်, လျောင်း, လေးပါးသော ဣရိယာပုထ်စသော အခြင်းအရာအားဖြင့်။ အဿ၊ ထို ဣရိယာပုထ် တခုခု ကို ရှုဆဲဖြစ်သော ယောဂီ၏။ ကာယော၊ ထိုရှုဆဲသိဆဲဖြစ်သော ဣရိယာပထကာယသည်။ပဏိဟိတော၊ ရှုသိနိုင်သောအခြေအနေဖြင့်တည်ရှိနေသည်။ ဟောတိ၊ ဖြစ်၏။ တထာတထာ၊ ထို ရှုနိုင် သိ နိုင် သော အနေအထားအတိုင်း။ နံကာယံ၊ ထိုရှုသိနေဆဲဖြစ်သော ဖောက်ပြန်မှုအစုအပေါင်းကို။ ပဇာနာတိ၊ သိ၏။

www.dhammaransi.com

ဣတိ၊ ဤသို့။ အဇ္ဈတ္တံဝါ ကာယေ၊ ဖောက်ပြန်မှု အပေါင်း ဖြစ်သော မိမိ၏ ကာယ၌လည်း။ ကာယာနုပဿီ၊ ဖောက်ပြန်မှု အပေါင်းကို အဖန်ဖန်အထပ်ထပ် ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါဝါကာယေ၊ အပြင်အပဖြစ်သော ဖောက်ပြန်မှု အပေါင်း၌ မူလည်း။ ကာယာနုပဿီ၊ ဖောက်ပြန်မှုအပေါင်းကို အဖန်ဖန် အထပ်ထပ်ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ မိမိ၏ အတွင်းသန္တာန် သူတပါးတို့၏ အပြင် သန္တာန်၌ မူလည်း။ ကာယေ၊ဖောက်ပြန်မှု၌။ ကာယာနုပဿီ၊ ဖောက်ပြန်မှုအပေါင်းကို အဖန်ဖန် အထပ်ထပ်ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ဖောက်ပြန်မှု အပေါင်း၌။ သမုဒယဓမ္မာနုပဿီဝါ၊ ဖြစ်ပေါ်လာကြောင်း သဘောတရားကို အဖန်ဖန် အထပ်ထပ် ရှုသည်ဖြစ်၍ မူလည်း။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ဖောက်ပြန်မှုအပေါင်း၌။ ဝယဓမ္မာနုပဿီဝါ၊ ချုပ်ခြင်း, ပျက်ခြင်း သဘောကို အဖန်ဖန် ရှုသည်ဖြစ်၍မူလည်း။ ဝိဟရတိ၊ နေ၏။

ကာယော၊ ဖောက်ပြန်မှုအပေါင်းသည်သာလျှင်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ဤသို့။အဿ၊ ထိုရှုဆဲယောဂီ၏။ သတိ၊ သတိသည်။ ဝါ ပန၊ တနည်းတဖုံ အားဖြင့်လည်း။ ပစ္စုပဋ္ဌိတာ၊ စိတ်၌ရှေးရှု ထင်လာမှုသည်။ဟောတိ၊ဖြစ်၏။ သာသတိ၊ထိုထင်လာမှုသတိသည်။ ယာဝဒေဝ၊အကြင်မျှလောက်။ ဉာဏမတ္တာယ၊ ဖောက်ပြန်မှုကိုသိခြင်း၏ တိုးပွားမှုအလို့ငှာသာတည်း။ ပဋိဿတိမတ္တာယ၊ ဖောက်ပြန်မှုကို တဖန်ထပ်၍တိုးပွားစေခြင်းအလို့ငှာသာတည်း။

သောဘိက္ခု၊ ဣရိယာပုထ်၏အမူအရာကို ဖောက်ပြန်မှုဟုအမှန် ရှုတတ်သော ယောဂီမြတ်သည်။ အနိဿိတောစ၊ ဣရိယာပထကို တဏှာ ဒိဋ္ဌိတို့ဖြင့်မမှီမူ၍လည်း။ ဝိဟရတိ၊ နေ၏။ လောကေ၊ အစွဲ အလမ်း၏အာရုံဖြစ်သော သင်္ခါရမှုအပျက်စု၌။ကိဉ္စိ၊တစုံတခုသော အစုအပုံကိုမျှ။ နစဥပါဒိယတိ၊ ငါ,ငါ့ဥစ္စာဟူသော ဒိဋ္ဌိတဏှာ ထိုနှစ်ပြာတို့နှင့် ဖွဲ့ရှာမြဲမှန်း စွဲလမ်းခြင်း မရှိတော့။ ဘိက္ခဝေ၊ နိဗ္ဗာန်လိုလား အိုချစ်သားတို့။ဘိက္ခု၊ သံသရာကို ဘေးဟုမြင်တတ် ယောဂီမြတ်သည်။ ကာယေ၊ကာယခေါ်ပြု ဖောက်ပြန်မှုအပေါင်း

www.dhammaransi.com

၌။ ကာယာနုပဿီ၊ ဖောက်ပြန်မှုအပေါင်းကို အဖန်ဖန်အထပ်ထပ် ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

၄-အဓိပ္ပာယ်ရှင်းချက် ကာယာနုပဿနာ အမှတ်-၁၊ အာနာပါန အစီအစဉ် ဟောကြား ညွှန်ပြတော် မူပြီးနောက် အမှတ်-၂၊ ကာယဟူသော ရုပ်ပိုင်းဆိုင်ရာကို တနည်းတဖုံ ဟောကြားညွှန်ပြတော်မူလိုသော မြတ်စွာဘုရားသည် 'ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိပဇာနာတိ' ဟူ၍ အမူအရာ သဘောကို သိစေ, မှတ်စေရန် ဟောတော်မူသည်။ ယောဂီသည်....

၁။ သွားဆဲအခိုက်တွင် သွားသည်ဟု မှန်မှန်သိ၊

၂။ ရပ်ဆဲအခိုက်တွင် ရပ်သည်ဟု မှန်မှန်သိ၊

၃။ ထိုင်ဆဲအခိုက်တွင် ထိုင်သည်ဟု မှန်မှန်သိ၊

၄။ လျောင်းဆဲအခိုက်တွင် လျောင်းသည်ဟု မှန်မှန်သိ။

ဟူ၍ဖြစ်ရာ သာမန်ကြည့်လျှင် 'ဘယ်သတ္တဝါဖြစ်ဖြစ် သိတာပေါ့' ဟု ဆိုကြလိမ့်မည်၊ ဤသဘောကို လုပ်ငန်းရပ်တခုအနေနှင့်ဟောသည်မှာ 'ဘယ်သတ္တဝါဖြစ်ဖြစ် မသိလို့ ဟောနေရခြင်း ဖြစ်သည်' ဆိုလျှင် ငြင်းကြမည်ဖြစ်သည်။ သို့ရာတွင် သွားနေပါလျက် သွားနေသည်ဟု မှန်မှန်မသိသည်မှာ ကျွန်ုပ်တို့ပင်ဖြစ်နေသည်၊ကျွန်ုပ်တို့က အမှန်သိသည်ဟု ထင်သည်၊ တကယ်ကား မသိပါ၊သိဖို့ကြိုးစားနေရသည်၊ မြတ်စွာဘုရား၏ဟောကြားညွှန်ပြချက်သည် အလွန်ရှင်းပြီး သဘာဝကျပေသည်။

'သွားနေသူတိုင်း သွားနေပုံကို မှန်မှန်သိသလား'

သွားနေသူသည် ၎င်း၏သွားဆဲအခိုက်, သွားနေစဉ်, သွားနေတုန်းတွင် 'သိတာပေါ့' ဆိုသူများမှာ 'ငါသွားနေသည်' ဟု သိသည်မှလွဲ၍ပိုမသိနိုင်ပေ၊ဤ'ငါသွားနေသည်'ဟု သိသောအသိသည် မှန်သလားဟု ဆိုလျှင်-

တတ္ထ ကာမံ သောဏသိင်္ဂါလာဒယောပိ ဂစ္ဆန္တာ "ဂစ္ဆာမာ" တိ ဇာနန္တိ၊

ဤသွားသည်ဟူသောစကားရပ်၌ အိမ်ခွေး,တောခွေးစသောတိရစ္ဆာန်တို့သည်ပင်လျှင် သွားသောကာလ၌ 'သွားသည်' ဟု သိကြပေကုန်သည်။

www.dhammaransi.com

န ပနေတံ ဝေရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ။

ဤသို့ အိမ်ခွေး, တောခွေးစသော တိရစ္ဆာန်တို့၏ သိခြင်းမျိုးနှင့်တူသော အသိမျိုးကိုရည်ရွယ်၍ ဟောတော်မူခြင်းမဟုတ်။

ထိုအသိမျိုးကို အဘယ့်ကြောင့် မရည်ညွှန်းပါသနည်း....

ဝေရူပဥ္စ ဇာနနံ သတ္တူပလဒ္ဓိံ နပဇဟတိ၊အတ္တသညံ နဥဂ္ဃာဋေတိ၊

ကမ္မဋ္ဌာနံဝါ သတိပဋ္ဌာနဘာဝနာဝါ န ဟောတိ။

ဤသို့ အိမ်ခွေး, တောခွေး စသော တိရစ္ဆာန်တို့၏ သိခြင်းမျိုးနှင့်တူသော အသိမျိုးဟူသည် သတ္တဝါစသော အယူကိုလည်း မစွန့်နိုင်၊ ငါဟူသော အခိုင်အမာကိုလည်း မခွာနိုင်၊ကမ္မဋ္ဌာန်းသော်ရင်း, သတိပဋ္ဌာန်ဘာဝနာသော်ရင်း မဖြစ်ပေ။

ဣမဿ ပန ဘိက္ခုနော ဇာနနံ သတ္တူပလဒ္ဓိံ ပဇဟတိ၊ အတ္တသညံ ဥဂ္ဃာဋေတိ၊ကမ္မဋ္ဌာနဥ္စေဝ သတိပဋ္ဌာနဘာဝနာစ ဟောတိ။

ဤ မြတ်စွာဘုရား၏ ညွှန်ပြသော နည်းအတိုင်း အားထုတ် နေသည့် ယောဂီ၏ 'သွားသည်' ဟုသိမှုကား ပုဂ္ဂိုလ်, သတ္တဝါစသော အယူကိုလည်းစွန့်နိုင်သည်၊ ငါဟူသော အခိုင်အမာ စွဲယူမှုကိုလည်း ခွာနိုင်သည်၊ကမ္မဋ္ဌာန်းလည်းဖြစ်သည်၊ သတိပဋ္ဌာန်ဘာဝနာလည်း ဖြစ်သည်။

သွားသောအခါ 'သွားသည်' ဟု သိသည့်အသိချင်း တူပါလျက် အဘယ့်ကြောင့် သဘောချင်း မတူပါသနည်းဟူမူ တူပုံမတူပုံကိုအဋ္ဌကထာ စိစစ်ပြထားပုံကား....

'ကော ဂစ္ဆတိ-အဘယ်မည်သောပုဂ္ဂိုလ် သွားသနည်း'

ဟု မေးခဲ့သော်....

'နကောစိ သတ္တောဝါ ပုဂ္ဂလောဝါ နဂစ္ဆတိ - တစုံတယောက်သော သတ္တဝါပုဂ္ဂိုလ်မှတပါး မသွား'ဤသို့ဖြေရာ၏၊ တဖန်....

'ကဿဂမနံ-အဘယ်သတ္တဝါပုဂ္ဂိုလ်၏ သွားခြင်းနည်း'

ဟုမေးပြန်သော်....

'နကဿစိ သတ္တဿဝါ ပုဂ္ဂလဿဝါ ဂမနံ-တစုံတယောက်သော သတ္တဝါပုဂ္ဂိုလ်၏သွားခြင်းမဟုတ်'

ဤသို့ပင် ဖြေရမည်၊ဆက်လက်၍....

www.dhammaransi.com

'ကိံ ကာရဏာ ဂစ္ဆတိ - အဘယ် အကြောင်းကြောင့် သွားနိုင်သနည်း'

ဟု ဆက်၍မေးပါမူ....

စိတ္တကိရိယ ဝါယောဓာတု ဝိပ္ဖာရေန ဂစ္ဆတိ-သွားချင်သောစိတ်သည် စီရင်တိုက်တွန်းအပ်သော, ဝါယောဓာတ်သတ္တိ လွှင့်ကဲသော ဖောက်ပြန်မှုအဖွဲ့အစည်းတို့၏ တုန့်လှုပ်ခြင်းကြောင့် သွားခြင်းအမူအရာသည် ဖြစ်၏။ ဖြစ်ပုံကား....

သွားပည်ဟု ဆုံးဖြတ်ထားပြီးသည့်အတိုင်း သွားလိုသူသည်(မိမိ၏ ခန္ဓာကိုယ်ကို စုံစမ်းကြည့်ပါ၊အကဲခပ်ကြည့်ပါ၊လေ့လာကြည့်ပါ)၊မသွားမီ 'သွားချင်သောစိတ်' ရှေးဦးစွာဖြစ်လာသည်၊ စိတ်က သွားချင်နေ၍လည်း သွားမှုကိစ္စမပြီးသေး, မဖြစ်သေးပေ၊ သွားတတ်သောအမူအရာ ရွေ့ရှားမှု, လှုပ်ရှားမှုလိုသေးသည်ဖြစ်ရာ လှုပ်ရှားတတ်သော ဝါယောရုပ်ကိုစေ့ဆော် ရသည်၊ တိုက်တွန်းရသည်၊ယင်းသို့သွားချင်သောစိတ်က နှိုးဆော်ကာမျှနှင့် ဝါယောရုပ်သည် သွားမှုအမူအရာကို မပြုတတ်၊ လှုပ်ရှားရုံ,ရွေ့ရှားရုံသာ တတ်နိုင်သောကြောင့် သွားခြင်းအမူအရာ ပုံဟန်ကိုပြုလုပ်တတ်သော 'ဝါယောဝိညတ်'ကို တိုက်တွန်းရပြန်သည်၊ဝါယောဝိညတ်ကား သွားမှု,လှမ်းမှု ပုံဟန်ကား ပြုတတ်၏၊ ဤခန္ဓာကိုယ် သယ်ဆောင်မှုကို မပြုတတ်ပြန်သော ကြောင့် သွားချင်သောစိတ်သည် စီရင်တိုက်တွန်းအပ်သောဝါယောဓာတ် သတ္တိလွှင့်ကဲသော ဖောက်ပြန်မှု အဖွဲ့အစည်းတို့၏ တုန့်လှုပ်ခြင်းကြောင့် ဤ ခန္ဓာကိုယ်ကြီးတခုလုံးကို ရှေ့သို့ ယူဆောင်သွားခြင်းကိုပင်လျှင် 'သွားသည်'ဟု ဆိုရပေသည်။

(ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းတို့၌လည်း ဤနည်းအတိုင်းပင် ဖြစ်၏၊ဤကား မဟာဝဂ္ဂသတိပဋ္ဌာန် အဋ္ဌကထာ ၃၅၇-ကို လုံးဝ မြန်မာပြန်ထည့်ထားသည်)။

သွားနေတာ ဘယ်သူလဲ

မြတ်စွာဘုရားသည် ရုပ်,နာမ်လောက၏ လှုပ်ရှားမှုသဘော တရားများကို လေးနက်စွာ စုံစမ်း စိစစ်ရာတွင် ဤ ခန္ဓာ၏ ဣရိယာပုထ် အမူအရာကို တရွေ့ရွေ့ ပြောင်းလဲလှုပ်ရှားပုံကို အသေအချာစိစစ်ပြီးမှ 'သွားခြင်း'၏သဘောသတ္တိ အမူအရာ, ပုံဟန်တို့ကို အသေးစိတ်ပြန်လည်ဟောထားသည်ကို အဋ္ဌကထာက ရှင်းပြသည်။

www.dhammaransi.com

သွားနေသော ကျွန်ုပ်တို့မှာ 'သွားနေတယ်'ဟု ပေါ့ပေါ့သိသည်၊ ဤ သွားနေမှု၌ သတ္တဝါ၊ ပုဂ္ဂိုလ်မပါပဲ ရုပ်၊ နာမ်သဘောတရားတို့ မည်သို့မည်ပုံ ဆက်သွယ်လှုပ်ရှားသဖြင့် သွားခြင်းအမူအရာဖြစ်လာသည်ဟူ၍ကား ကျွန်ုပ်တို့ မသိပေ၊ ယင်းသို့ သွားနေသည်ကို 'ငါသွားသည်'ဟု အောက်မေ့ဖြစ် ကြွေးကြော်ခြင်းမပြုလုပ်စေကာမူ 'သွားသည်'ဟု သိနေသောအသိသည်ပင် လျှင် 'ငါပါသောသွားခြင်း'ပင် ဖြစ်သည်၊ အဘယ့်ကြောင့်ဟူမူ....

ဥပပ္ပန္နာယစ သက္ကာယဒိဋ္ဌိယာ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ၊ တဿ သာ သက္ကာယဒိဋ္ဌိ ထာမဂတာ အပ္ပဋိဝိနီတာ ဩရမ္ဘာဂိယံ သံယောဇနံ။ (မဇ္ဈိမပဏ္ဏာသပါဠိတော်-၉၇)

ဖြစ်ပေါ်လာသော ခန္ဓာငါးပါးအမှန်တရား၌ ငါဟူသောသက္ကာယဒိဋ္ဌိ၏ ထွက်မြောက်ရာ ပရမတ်ကို ဟုတ်မှန်သော, အတိုင်းမသိလေသော အရိယာတို့၏တရားနည်းလမ်း၌ မလိမ္မာ, မယဉ်ကျေး, မနီးစပ်, အားမထုတ်သော သူလို-ငါလို သာမန် ပုထုဇ္ဇန်သည် မိမိ၏ ခန္ဓာကိုယ်၌ 'သက္ကာယဒိဋ္ဌိ'ဟူသော'ငါစွဲမှု'သည် မဂ်ဖြင့် မပယ်ဖျက်နိုင်သည်နှင့်အမျှ အားအစွမ်းရှိသလောက် အောက်သံယောဇဉ်ဖြစ်၏၊

ဟု မြတ်စွာဘုရားဟောတော်မူရာ ထိုအစွဲအလမ်းကြောင့် ရုပ်,နာမ် ခန္ဓာ၏ ပင်ကိုသဘောပရမတ်ကို သိမြင်ပြီးသော အရိယာသူတော်ကောင်း တို့ကိုလည်း တွေ့ဆုံဖူးမြင်မှု မရှိသော အရိယာဖြစ်ကြောင်း မဂ္ဂင်ရှစ်ပါး လုပ်ငန်းတရားတို့ကိုလည်း မကြားမနာ,မလေ့လာ၊ ယဉ်ကျေးမှု,နီးစပ်မှုမရှိ သော ပကတိသော ပုထုဇ္ဇန်သည် အမှန်တရားတို့ကိုလည်း ပရမတ်တို့ဟူ၍ သိတတ်သောသဘောလည်း မရှိသောကြောင့် ဤ ခန္ဓာကို ငါဟုပင် ထင် နေ,သိနေ, စွဲယူနေသည်ကား ရိုးနေလေပြီ၊ ဝါ- လောကတံထွာ ဓမ္မတာ တရားဟုပင်အမှန်အတိုင်း ယူမှတ်ထားလေရကား-၎င်းအယူအစွဲကို (သော တာပတ္တိ) ပဋ္ဌမမဂ်နှင့် သမသတ်ဖြတ် မပယ်ရှားနိုင်သမျှ, မပယ်ရှင်းသေး သမျှ ဤအယူသည် သတ္တဝါတိုင်း၌ကိန်းဝပ်စွဲကပ်နေခြင်းကြောင့် ထိုသူ၏ သွားနေခြင်းမှာ....

'ငါ' သွားနေသည်၊
'ငါ' ထိုင်နေသည်၊

www.dhammaransi.com

'ငါ' ရပ်နေသည်၊
'ငါ' လျှောင်းနေသည်၊

ဟု 'ငါ' သည် နေရာတကာ ပါနေတော့သည်၊ ဤ သတိပဋ္ဌာန် အားထုတ်နေသော ယောဂီ၌ သွားမှုပြုသောအခါ....

သွားချင်နေသည်ကား-	စိတ်	နာမ်တရား
လှုပ်ရှားလာသည်ကား-	ဝါယော	ရုပ်တရား
အမူအရာပုံဟန်ကား-	ဝိညတ်	ရုပ်တရား
ရှေ့သို့ဆောင်သွားသည်ကား-		ရုပ်,နာမ်နှစ်ပါး

ယောဂီ၏ သွားနေသောအမူအရာ ပုံဟန်သည် ငါ, သူ, လူ, နတ်, သတ္တဝါ, ပုဂ္ဂိုလ် မပါသော ရုပ်,နာမ်ပရမတ် သက်သက်သာဟု သိသည်၊ ဤသို့ မသူ ကွဲပြားခြားနားသည့် အတွက် သက္ကာယဒိဋ္ဌိ ပြုတ်,မပြုတ်အထိ ကွာသွားတော့သည်။ စိစစ်နိုင်ရန်ကား- ရှေးဦးစွာဖြစ်သော သွားချင်စိတ်သည်'ငါမဟုတ်'နာမ်တရားသာဖြစ်၍ စိတ်ကသွားချင်တိုင်း သွားခြင်းကိစ္စ မဖြစ်ပေ၊ စိတ်သည် သွားချင်နေသည်သာ ဖြစ်၏၊ သွားမှု, ရွေ့မှုကိစ္စကို မဆောင်ရွက် တတ်သောကြောင့် ၎င်း၏ စွမ်းအားသည် သတ္တိ မရှိချေ၊ မည်သို့မျှခရီးမရောက်၊ လှုပ်ရှားမှုအမူအရာ ပြောင်းလဲမှုများကို အကူအညီ မရက စိတ်သက်သက်ဘာမျှမဆောင်ရွက်တတ်'သွားချင်မှု'တခုသာရှိသည်။

တဖန်လှုပ်ရှားတတ်သော(ဝါယော)ရုပ်ကို ကြည့်ပါဦး၊ ၎င်းလည်း (စိတ်)နာမ်တရားက မနှိုးဆော်မတိုက်တွန်းလျှင် အသေအတိုင်း နေသည်၊ ဘာမျှမပြုလုပ်တတ်၊ မလှုပ်ရှားတတ်၊ အမူအရာ မပြောင်းတတ်၊ သို့ချည်း သက်သက် စွမ်းအားသတ္တိ ဘာမျှမရှိချေ၊ ခိုင်းမှလုပ်တတ်သော သဘော ဖြစ်၍ ခိုင်းမည့်သူကိုသာ စောင့်မျှော်နေသူနှင့် တူ၏၊ ယင်းသို့လျှင် သွားချင်(စိတ်)နာမ်က သွားချင်ကြောင်းနှင့် တိုက်တွန်းနှိုးဆော်သောအားဖြင့် ရုပ်တရားတို့ အဆင့်ဆင့် အကူအညီပေးလိုက်သောအခါ 'သွားမှု'တခု ဖြစ်လာသည်၊ ထိုအခါ သွားနေသောပညတ်ရုပ်ကိုသာအာရုံပြုသောကြောင့် ပညတ်နောက်က ပါလာသော သက္ကာယဒိဋ္ဌိသည် ဝင်ရောက် ပူးကပ်လျက် 'ငါသွားသည်' ဟူသော ပရမတ် ရုပ်, နာမ် တို့၏ ဆောင်ရွက်လာမှုကိစ္စ အရပ်ရပ်ကို ဖုံးကွယ်လိုက်လေ၍ 'ငါ'ဟူသော မတရားဝင်စွဲသောအစွဲသာ ကျန်ရစ်လေတော့သည်။

www.dhammaransi.com

ရုပ်,နာမ်နှစ်ဝ အနတ္တ

ရုပ်,နာမ်နှစ်ပါး ခန္ဓာငါးပါးသည် (အနတ္တ) ငါမဟုတ်၊ သူ့သဘောသာ ဖြစ်သည်ကို အနတ္တလက္ခဏသုတ် စသော သုတ်ပေါင်းများစွာတွင်ဟောထားသည်၊ 'အနတ္တ'ဟူသည် ၎င်း၏ ပင်ကိုစွမ်းအင်သတ္တိမရှိ၊ ဘာမျှမပြုလုပ်တတ်ပေ၊ နာမ်ဟူသော'သိ' သဘောသည် သိမှုကိစ္စမှလွဲ၍ ဘာမျှမစွမ်းဆောင်နိုင်၊ ထို့အတူ ရုပ်ဟူသော 'ဖောက်ပြန်'သဘောသည်လည်း ဖောက်ပြန်တတ်သော ၎င်း၏ကိစ္စကလွဲ၍ ဘာကိုမျှမပြုလုပ်တတ်ပေ၊ (နာမ်)သိသဘော (ရုပ်)ဖောက်ပြန်သဘောတို့ ပေါင်းမိလျှင်ကား၊ ဝါ-ခိုင်းတတ်သူနှင့် ခိုင်းတိုင်း ပြုလုပ်သူတို့ ပေါင်းမိ လျှင်ကား အလုပ်မဖြစ်သည် မဟုတ်၊ ဖြစ်နေသည်သာ၊ ယခု သွားမှုကိစ္စ တခုကိုသာကြည့်ပါ၊ သွားချင်သောနာမ်သည်မသွားတတ်၊ သွားသောအမှု အရာကို ပြုလုပ်တတ်သောရုပ်သည်လည်း နာမ်တရား၏ ဆင့်ကာ ဆင့်ကာ မတိုက်တွန်း မနှိုးဆော်ပေးလျှင် ခြေကြွမှုကိုပင်မပြုတတ်၊ သို့ရာတွင် တိုက် တွန်းမှုနှင့်ပြုလုပ်မှု အချက်ကျကျ လည်ပတ်မှုကြောင့် သွားခြင်းကိစ္စဖြစ်ရာ တွင် ငါသွားသည်ဟု ရုပ်, နာမ်, ပရမတ်တို့၏ ဆောင်ရွက်ချက်ကို သတိ ပဋ္ဌာန်နည်းနှင့် မကြည့်တတ်သော ပုထုဇ္ဇန်တို့အတွက် သက္ကာယဒိဋ္ဌိ၏အခွင့် ကောင်းတရပ်ပင်။

အဋ္ဌကထာ၌- 'စိတ်စေတနာမရှိသောလှေသည် ရွက်တိုက်ထားသောလေ၏ အရှိန်ကြောင့် အရပ်တပါးသို့ သွားနိုင်သကဲ့သို့၎င်း'

'စိတ်စေတနာမရှိသောမြှားသည် လေးကြိုး၏အရှိန်ကြောင့် အရပ်တပါးသို့ သွားနိုင်သကဲ့သို့၎င်း'

'ရုပ်သေးရုပ်သည် ဆွဲသောကြိုး၏ အစွမ်းကြောင့် သွားနိုင်, ရပ်နိုင်,ထိုင်နိုင် သကဲ့သို့၎င်း'

'ဤ ကာယတည်းဟူသော အရုပ်သည် စိတ်တည်းဟူသော ဆွဲဆောင်တတ်သောကြိုး၏အစွမ်းကြောင့် သွား,ရပ်,ထိုင်, လျောင်း လေးပါးသော ဣရိယာပုထ်တို့ကို ပြုတတ်၏'

ယင်းသို့ပြုလုပ်နိုင်ခြင်းသည် ပြုလုပ်တတ်သော ပုဂ္ဂိုလ်,သတ္တဝါရှိ၍ မဟုတ်၊ ပြုလုပ်ရန် အကြောင်း အထောက်ပံ့ အကူ အညီ ကြောင့် သာ ဖြစ် ကြောင်းထင်ရှားစေရန် ...

www.dhammaransi.com

ကောနာမ ဧတ္ထ သောသတ္တော၊ ယော ဝိနာ ဟေတုပစ္စယေ။
အတ္တနော အာနုဘာဝေန၊ တိဋ္ဌေဝါ ယဒိဝါ ဝဇေ။
(အဋ္ဌကထာ-၃၅၈)

ဧတ္ထ တေသို လောကေ၊ ဤလောက၌။ ယောသတ္တော၊ အကြင်သတ္တဝါ သည်။ ဟေတုပစ္စယေ၊ သွားချင်သောစိတ်,ထိုစိတ်ကြောင့် ဖြစ်သော ဝါယော ရုပ်အစရှိသော အကြောင်းအထောက်အပံ့ကို။ ဝိနာ၊ ကြဉ်၍။ အတ္တနော၊ ထိုသတ္တဝါ၏။ အာနုဘာဝေန၊ စွမ်းအင်သတ္တိဖြင့်။ တိဋ္ဌေဝါ၊ ရပ်သော်လည်းရပ်နိုင်ရာ၏။ ယဒိဝါ ဝဇေ၊ သွားသော်လည်း သွားနိုင်ရာ၏။ သောသတ္တော၊ ထိုသတ္တဝါသည်။ ကောနာမ၊ အဘယ်မည်သော သတ္တဝါပေနည်း။ နတ္ထေဝ၊ ဘယ်မှာမှ မရှိသည်သာ။

သွားချင်သောစိတ် ထိုစိတ်၏နှိုးဆော်မှု, စေခိုင်းတိုက်တွန်းမှုကြောင့် သွားမှုဖြစ်နေသော သတ္တဝါတယောက်အား သွားချင်စိတ်နှင့် လှုပ်ရှားတတ်သော ကြွမှု, မမှု, ယူမှု, ချမှုစသော အမှုအရာ အကြောင်းတို့ကို နှုတ်လိုက်ပါက ရပ်ဆိုင်းလိုက်ပါက ထို သွားသော သတ္တဝါသည် ၎င်း၏ တန်ခိုး, ၎င်း၏စွမ်းရည်သတ္တိဖြင့် ရပ်ပြပါ, သွားပြပါဆိုလျှင် ထိုသို့ ရပ်နိုင်, သွားနိုင်သော သတ္တဝါသည် မည်သည့် သတ္တဝါမျိုးဖြစ်မည်နည်း။ စင်စစ်မှာ ထိုသို့သော သတ္တဝါသည် လောကတွင် မရှိချေဟူ၏။ သဘာဝ ကျလှသော အဖြေပင်ဖြစ်သည်။

ထိုစကားမှန်၏၊ လောက၌ အိမ်ဟူ၍, ကျောင်းဟူ၍ ခေါ်တွင်သော အရာဌာနတို့လည်း သစ်သား, သံ, အင်္ဂတေ, သွတ်စသော ပစ္စည်းဝတ္ထုတို့ စုဆောင်း တပ်ဆင် ထား သည်ကို အပေါင်း သမူဟ အထည်ကို သဏ္ဌာနကို ကြည့်၍ ပညတ် တင်ထား သည် သာ ဖြစ်၏၊ အမှန်သဘောမှာမူ....

ပရမတ္ထတော ဂေဟံနာမ နတ္ထိ။
'တကယ်အိမ်ဟူသည် မရှိပေ'

ထိုအတူ လောက၌ သတ္တဝါ, ပုဂ္ဂိုလ်စသည်ဖြင့် သမူဟ, သဏ္ဌာန ပညတ်ကို အကြောင်းပြု၍ ခေါ်ဝေါ်သမုတ်ကြ၏။ စင်စစ် အတွင်း,အပြင် အထက်,အောက် ပြန်လှန်သုံးသပ်စစ်ဆေးလတ်မူ သတ္တဝါ,ပုဂ္ဂိုလ် ခေါ်ဆို

www.dhammaransi.com

စရာသည် လုံးဝမရှိချေ။ လောကအလျောက် အမှတ်အသားပြု၍ ခေါ်ကာမျှ ဖြစ်၏။

ပရမတ္ထတော ပန နာမရူပမတ္တမေဝ အတ္ထိ။ (ဝိသုဒ္ဓိမဂ်)
'တကယ်အမှန်ကား သိသဘော,ဖောက်ပြန်သဘောမျှသာရှိ၏'

ထိုသို့အရင်းခံပရမတ်ကိုမသိလျှင် သွားမှုဖြစ်သောရုပ်နာမ်ကိုလည်း 'ငါသွားသည်'၊ ရပ်သောအခါလည်း'ငါရပ်သည်'၊ထိုင်လျှင်လည်း'ငါထိုင်သည်'၊ လျောင်းလျှင်လည်း 'ငါလျောင်းသည်' ဟူ၍သာ အမူအရာ ပေါ်တွင် ပညတ်တင်၍ သက္ကာယဒိဋ္ဌိအနေနှင့် စွဲယူမှားလေသည်။ အရင်းခံပရမတ်ကိုမသိက ပညတ်ပေါ်တင်လျှင် မှားနိုင်လောက်သော အခြေအနေကြောင့် ဖြစ်လေသည်။ ထို့ကြောင့် အရင်းခံပရမတ်ကို မသိမနေရှာဖွေအပ်၏။

ကန်းသူ,ကျိုးသူ ပမာယူ သွာ-ချင်စိတ် (နာမ်)သည် မိမိသဘော အလိုအတိုင်း သွားမှုကိုစွဆောင်ရွက်ရန် စွမ်းအားမရှိ၊ မစားတတ်, မသောက်တတ်, အမူအရာဟန်ပန် မလုပ်တတ်, ဣရိယာပုထ်ကို မပြုပြင်မပြောင်းလဲတတ်, သွားတတ်သော (ရုပ်)ဖောက်ပြန်မှုသည်လည်း ၎င်း၏ သဘောအလိုအားဖြင့် စားလိုမှု,သောက်လိုမှု,အမူအရာပြုပြင်လိုမှု, ဟန်ပန်လုပ်လိုမှု မပြုတတ်၊ စင်စစ်အားဖြင့်ကား....

နာမံ နိဿာယ ရူပံ ပဝတ္တတိ-နာမ်ကိုမှီ၍ ရုပ်ဖြစ်သည်။
ရူပံ နိဿာယ နာမံ ပဝတ္တတိ-ရုပ်ကိုမှီ၍ နာမ်ဖြစ်သည်။

နာမ်က စားချင်၍ ရုပ်က စားသည်။ နာမ်ကသောက်ချင်၍ ရုပ်က သောက်သည်။ နာမ်ကပြုလုပ်လို၍ ရုပ်ကပြုလုပ်သည်။ နာမ်ကသွားလို၍, ရပ်လို၍, ထိုင်လို၍, လျောင်းလို၍ ရုပ်ကသွားသည်, ရပ်သည်, ထိုင်သည်, လျောင်းသည်၊ နာမ်နှင့်ရုပ် ၂-ခုပေါင်းပါမှ သရုပ်တခု ပေါ်လာသည်။ တနည်း၊သရုပ်တခု ပေါ်ခြင်းသည် နာမ်,ရုပ် ၂-ခု ပေါင်းမိသောကြောင့် ဖြစ်၏။

ပုံစံကား။ မျက်စိကန်းသူနှင့် ခြေကျိုးသောသူ ၂-ယောက် တွေ့ကြရာ မျက်စိကန်းသူက 'အို-အချင်းယောကျာ်း၊ ငါသည် ခြေလက်တို့ကောင်းပါလျက် မျက်စိမမြင်သောကြောင့် ဟိုဟို-သည်သည်ကို မသွားနိုင်၊ ခြေလက်တို့ဖြင့် လုပ်ရသောအလုပ်တို့ကိုကား လုပ်နိုင်ပါလျက် မျက်စိ

www.dhammaransi.com

အတွက်ကြောင့် ငါသည် ဒုက္ခိတဖြစ်၍ ဘယ်မှ မသွားတတ်, မလာတတ်, မပြုလုပ်မဆောင်ရွက်တတ်ပါ' ဟု ပြောလေသည်

မျက်စိမြင်ပြီး ခြေကျိုးသောသူကလည်း 'အချင်း-ဝါသည်လည်း သင်ကဲ့သို့ပင် မျက်စိသာမြင်ပြီး ခြေကျိုးနေသောကြောင့် ဘယ်ကိုမှမသွား တတ်,မလာတတ်,မပြုလုပ်မဆောင်ရွက်တတ်သောဒုက္ခိတသာဖြစ်ပါတယ်' ဟု ပြောသောအခါ ၂-ယောက် စလုံးသည် တယောက်မှ မိမိသဘော အလျောက် ပြုလုပ်နိုင်သော စွမ်းအားမဲ့သူများသာဖြစ်၍ မျက်စိကန်း၍ ခြေလက်ကောင်းသော သူက 'သည်လိုဖြင့် မျက်စိမြင်သောသင်က ခြေ ကောင်းသော ငါ့ပခုံးပေါ်သို့ တက်ပါ၊ချိုင့်ကျင်းရှိသောနေရာကို သင်က ပြောပြလျက် သွားရလျှင် ငါတို့ ၂-ယောက် လိုသောကိစ္စ ဆောင်ရွက် နိုင်မည်ဟု ဆွေးနွေး တိုင်ပင် ပြီးသော် အကန်းက အကျိုးကို ထမ်း၍ သွားကြရာ လိုသော အရပ် သို့လည်း ၂-ယောက်စလုံးပင် ရောက်ကြ၏၊ မရောက်သည်ကား မဟုတ်ပေ၊ တဦးချင်း တယောက်ချင်း အနေကား စွမ်းအားသတ္တိမရှိသော်လည်း ၂-ယောက်ပေါင်းမိသဖြင့် ကိစ္စအထွေထွေ ပြီးစေသောဟူ၏၊ထို့အတူ သဘောတရားတခုစီဖြစ်သော နာမ်နှင့်ရုပ်သည် ၎င်း၏သဘောသတ္တိစွမ်းအားဖြင့် စွမ်းအားမရှိစေကာမူ ၂-ခုပေါင်းမိလျှင် ကား အံ့ဩဖွယ်ကောင်းအောင် စွမ်းအားဖြစ်လာ၍ သက္ကာယဒိဋ္ဌိ စသော အမှားစွဲယူမှုတို့ ဖြစ်လာလေသည်။

နာမ်,ရုပ် ၂-ထွေ
လူနှင့်လှေ

တဖုံ-ထို့ပြင် လှေသည်မြစ်ကို ၎င်းသက်သက်ဖြင့် မကူး နိုင်၊ လှော်တတ် ခတ်တတ်သော လူ၏ လှော်ခတ်မှု ကြောင့် လူနှင့်လှေသည် မြစ်၏ဟိုမှာဘက်ကမ်းသို့ကူး ရောက်နိုင်၏၊ဤနည်းအတူ အသိ(နာမ်)ကို အမှီပြု၍ ဖောက်ပြန်မှု (ရုပ်) အပေါင်းသည် ဖြစ်၏၊တဖန်လူသည်လည်း ၎င်း၏စွမ်းအားဖြင့် မြစ်ပြင်ကို မကူးနိုင်၊ မိမိကို သယ်ဆောင်မည့် လှေကြောင့် မြစ်၏တဖက်ကမ်းသို့ ကူး ရောက်နိုင်၏၊ ဤနည်းအတူ ဖောက်ပြန်မှု(ရုပ်)ကို အမှီပြု၍ အသိ(နာမ်) သည် ဖြစ်၏၊လူသည်လည်း လှေနှင့်ကင်း၍ မြစ်ကိုမကူးနိုင်သကဲ့သို့ လှေ သည်လည်း လူနှင့်ကင်း၍ မြစ်ကိုမကူးနိုင်သော်လည်း လှေနှင့်လူ တဦးကို တဦး အမှီပြု၍ မြစ်တဖက်ကမ်းသို့ ကူးသည်ကား မဖြစ်မဟုတ်၊ ဖြစ်သည် သာတည်း၊လူရောလှေပါ မရောက်မရှိ၊ ရောက်သည်သာတည်း။

www.dhammaransi.com

ထို့ပြင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင် ကျူစည်းဥပမာ - စည်သံ ဥပမာ အားဖြင့် ပြသေးသည်၊ ကျယ်ဝန်းလှပြီဖြစ်၍ ဤမျှသာ အဋ္ဌကထာမှ မြန်မာပြန်၍ ထည့်လိုက်ပေသည်၊ စင်စစ် သွားမှု, ရပ်မှု,ထိုင်မှု, လျောင်းမှု စသော အမူအရာပြောင်းကိစ္စတိုင်းတွင် သက်ရှိသတ္တဝါတိုင်း သိနေသော ငါဟုထင်မြင် ယူစွဲမှုတို့သည် ဤရုပ်,နာမ် ၂-ပါး၏ ဆောက်ရွက်ချက်တို့ ဟူ၍ မသိသောကြောင့် အမှန်အတိုင်းသိစေရန် အဋ္ဌကထာက ရှင်းပြချက် ဖြစ်ပေသည်၊ သို့ဖြစ်၍ 'သွားလျှင် သွား၏'ဟု သိသည်ဆိုရာ၌ အိမ်ခွေး, တောခွေးတို့၏ အသိမျိုးကဲ့သို့မဟုတ်ကြောင်း ဤသတိပဋ္ဌာန်လုပ်ငန်းကျင့် နေသော ယောဂီအတွက် 'သွားလျှင် သွား၏' ဟု သိသည်မှာ 'ငါ-သူ' စသော ဒိဋ္ဌိ၏သွားခြင်းမဟုတ်၊ ပရမတ္ထသဘာဝဖြစ်သော သဘောတရား တို့၏ တခုသည့်တခုအား ကူညီဆောင်ရွက်ချက်ဟု သိလေသောကြောင့် ထိုသိနေသောယောဂီအား....

'သတ္တူပလဒ္ဓိံ ပဇဟတိ-သတ္တဝါဟူသော အယူကိုစွန့်၏'

'အတ္တသညံ ဥဂ္ဃာဋေတိ-ငါကောင်အမှတ်ကိုလည်း ခွာ၏'

'ကမ္မဋ္ဌာနဉ္စေဝ သတိပဋ္ဌာနဘာဝနာစ ဟောတိ-ကမ္မဋ္ဌာန်းလည်းဖြစ် ၏၊ သတိပဋ္ဌာန်ဘာဝနာလည်းဖြစ်၏'

ဟု ပြထားပေရာ 'သွားလျှင် သွား၏' ဟု သာမန် သိခြင်းသည် ဤမျှအမှားယူမှုကြီးဖြစ်၍ အမှန်ကို သိစေလိုသောကြောင့် ဟောဖော် ညွှန်ပြသော မြတ်စွာဘုရား၏ဉာဏ်တော်,ဂုဏ်ကျေးဇူးတော်တို့အား အလွန် ကြည်ညိုစွာ တုံ့ဆပ်လိုကြပေလိမ့်မည်။

ရပ်သောအခါတွင် ထိုနည်းပင်

ရပ်နေသော အခိုက်တွင်လည်း ရပ်ချင်သော စိတ်က ရှေးဦးစွာ ဖြစ်သည်၊စိတ်က ရပ်ချင်ကာမျှနှင့် ရုပ်က မရပ်သေး၊ ထောက်ကန် တတ်သော ဝါယောရုပ်ကို နှိုးဆော် တိုက်တွန်းရသည်၊ ထိုထောက်ကန်ဝါယောမှသည် ကိုယ်ရှိန်ယူ၍ ထောင်မတ်နေအောင် ပြုတတ်သော ကာယဝိညတ်သို့ တိုက်တွန်းလျက် ၎င်းမှတဆင့် ရပ်ချင်သောစိတ်သည် ပြုပြင်စီရင်အပ်သော ထောက်ကန်မှု သတ္တိလွှန်ကဲသောဖောက်ပြန်မှုအပေါင်း၏ တုန်လှုပ်ခြင်းကြောင့် တကိုယ် လုံးကို အောက်အစွန်းဟု ဆိုအပ်သော ခြေဖဝါးအပြင်မှစ၍ မတ်မတ် စိုက်ထောင်ထားခြင်းကို ရပ်သည်ဟု ဆိုအပ်၏။

www.dhammaransi.com

ထိုရုပ်မှုသည်လည်း သူသူငါငါ သိသောသဘောမျိုးမဟုတ်၊ နာမ်၏ ရုပ်ချင်မှု အစေခိုင်းခံရသော ရုပ်၏ ထောင်မတ်ပေးမှု ဟူသော အမှန် သဘောတရားကို မသိသော ပုထုဇ္ဇန်တို့အား ရုပ်ဆဲတွင်လည်း 'ငါရပ် သည်'ဟု အစွဲမကင်းသောပြစ်မှုအရ သက္ကာယဒိဋ္ဌိသည် ဤမှားချက်ကို အကြောင်းပြု၍ ဝင်ရောက်လာလေသည်။

ထိုင်သည် ဆိုရာ၌လည်း ထိုင်ချင်သောစိတ်သည် ရှေးဦးစွာဖြစ်၍ ထိုစိတ်သည် ဝါယောရုပ်ကို နှိုးဆော်တိုက်တွန်း၍ ထိုဝါယောရုပ်မှတဆင့် ဝါယောဝိညတ်ရုပ်သို့ အဆင့်ဆင့် တိုက်တွန်းသွားပြီးလျှင် ထိုင်ချင်သော စိတ်သည် ပြုပြင်စီရင်အပ်သော ထောက်ကန်မှုလွန်ကဲသော ဖောက်ပြန်မှု အပေါင်း၏ တုန်လှုပ်ခြင်းကြောင့် ခါးအောက်တပိုင်းဖြစ်သော ကိုယ်ကို ကွေး၍ အထက်ပိုင်းကိုယ်ကို မတ်မတ်စိုက်ထောင် ထားခြင်းသည် ပင်လျှင် ထိုင်ခြင်းသဘောဖြစ်၏။

ထိုထိုင်မှု၌ မိမိဟူသောသတ္တဝါပုဂ္ဂိုလ်တို့ လုံးဝမပါဘဲ ထိုင်ချင်စိတ် ထိုင်မှုရုပ်တို့ အဆင့်ဆင့်ကူးဆက်ပြုလုပ်သွားသည်ကို ဉာဏ်နှင့်စေ့ငု သေချာ စွာ ရှုကြည့်လျှင် ပရမတ်သဘောတရားတို့၏ ၎င်းတို့ကိစ္စ ၎င်းတို့ဆောင် ရွက်ပုံကို သိလာပေမည်၊ ထိုသိမှုသည် သာမန်သိ မဟုတ်ပေ၊ ပရမတ်သဘော ကိုသိရာ၌ ဉာဏ်ထူးနှင့်သာ သိအပ်သောအတိုင်း အမှန်ကို အမှန်အတိုင်း သိတတ်သော ဝိပဿနာဉာဏ်မှသာ အမှန်အတိုင်း သိလေသောကြောင့် ဝိပဿနာပညာမပါသော ခန္ဓာကိုယ်ကိုသိမှုသည် အဝိဇ္ဇာသိ-သက္ကာယဒိဋ္ဌိ သိ-ပညတ်သိသာ ဖြစ်လေသည်၊ ထိုသိမှုမျိုးကို အမှန်သိဟု မဆိုရ။

လျောင်းသည် ဆိုရာ၌လည်း လျောင်းချင်သောစိတ်သည် ရှေးဦး စွာ ဖြစ်၍ ထိုစိတ်ဖြစ်ကာမျှနှင့် လျောင်းမှုမဖြစ်သေး၊ ထိုလျောင်းချင်စိတ် မှ လှုပ်ရှားတတ်သောဝါယောရုပ်သို့ နှိုးဆော်သည်၊ ထိုဝါယောလှုပ်ရှား မှုမှ အမူအရာပြောင်း ဝါယောဝိညတ်ရုပ်သို့ တိုက်တွန်းလျက် ထိုလျောင်း ချင်သောစိတ်သည် ပြုပြင်စီရင်အပ်သော လှုပ်ရှားမှု လွန်ကဲသောဖောက် ပြန်မှု အပေါင်း၏ တုန်လှုပ်ခြင်းကြောင့် တကိုယ်လုံးကို ဖီလာကန့်လန့် ဆန့်တန်းခြင်းကို လျောင်းသည်ဟု ဆိုကြလေသည်။

www.dhammaransi.com

ယင်းသို့လျှောင်းမှု၌ လျှောင်းချင်သောစိတ်သည် လျှောင်းခြင်းကို ပြုလုပ်တတ်သော သဘောတရားစုကို ပရမတ်တို့၏သဘောအတိုင်း အဆင့်ဆင့် ရှေးရှုအားလျက် သူ့တာဝန်သူထမ်း သဘောဖြင့် ဆောင်ရွက်သွားရာ လျှောင်းချင်သော စိတ်၏ အလိုအတိုင်း ရုပ်ကြီးသည် လဲ၍ဖိလာကန့်လန့် ဖြစ်လျက်နေလေရာ၊ လျှောင်းမှုတခု ဖြစ်နေသောအချိန်တွင် မည်သည့် ပုဂ္ဂိုလ်, သတ္တဝါ ဖန်တီးမှု ပါသလော၊ ပြုလုပ်မှု ပါသလော၊ မည်သည့် အကောင်သဏ္ဍာန် တခု၏စီမံမှုပါသလော၊မပါပေ၊ လုံးဝမပါပေ၊မိမိကိုယ်တိုင် လေ့လာကြည့်ပါ၊အမူအရာပြောင်းတခုခု ပြုလုပ်တော့မည်ဆိုလျှင်ပြုလုပ်လိုစိတ်ကို ဖြည်းဖြည်းအကဲခပ် ကြည့်ပါ၊ မည်သို့သော ပညတ်တရားမျှ မပါဘဲ ပရမတ်တို့၏ ပင်ကိုသဘောကို မလေ့လာမူ၍ ပညတ်ကိုသာလျှင် အမှန်ထင်, အဟုတ် ထင်နေသော ပုထုဇ္ဇန် အတွက် ပရမတ် ရုပ်, နာမ်၏ သဘောကို လေ့လာချက်နှင့် သိလာရချိန်တွင် မိမိတို့ ထင်မှား, သိမှား, စွဲမှားမှုအတွက် သိတော်မူ မြင်တော်မူသည့် အတိုင်း ဟောထားသော မြတ်စွာဘုရားကိုကြည်ညိုမဆုံးဖြစ်ပေလိမ့်မည်၊လွန်ခဲ့သောအခါက ငါတို့၏ အသိသည် မရှိကို အရှိဟူ၍ရင်း, မမှန်ကို အမှန်ဟူ၍ရင်း မှားယွင်းဖောက်ပြန်စွာ စွဲယူခဲ့ပါတကားဟုလည်း တွေးထင်လာပေလိမ့်မည်၊ စင်စစ် ပရမတ် ရုပ်,နာမ်၏သဘောတည်းဟု သိလာက သတိပဋ္ဌာန်လုပ်ငန်း ဖြစ်လေပြီ။

အစိတ်မှသည် အပေါင်းသို့

ပါဠိတော်တွင် 'ယထာယထာဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာတထာ နံ ပဇာနာတိ'ဟု ဟောတော်မူရာ - ဣရိယာပထပဗ္ဗ အမူအရာ ပြောင်း အပိုင်း အခဏ်းကို ပေါင်းရုံး၍ နိဂုံးချုပ်ဟောတော်မူခြင်းဖြစ်ပေသည်၊ အဓိပ္ပာယ်မှာ-တရားအားထုတ်လိုသောယောဂီသည် မိမိ၏ဣရိယာပုထ်အနေအထား အတိုင်း ပြုပြင်မပေးရပဲ,ပြုလုပ်မယူရပဲ, သတ်သတ်ရှာကြံမရှာရပဲ ခန္ဓာ၏ လက်ရှိတည်နေဆဲအခိုက် ဣရိယာပုထ်ကို ရှုနိုင်ကြောင်း,သွားဆဲ ဖြစ်လျှင် သွားခိုက်ကိုရှုနိုင်သည်၊ ရပ်ဆဲဖြစ်လျှင် ရပ်ခိုက်, ထိုင်ဆဲဖြစ်လျှင် ထိုင်ခိုက်, လျှောင်းဆဲဖြစ်လျှင် လျှောင်းခိုက် ပစ္စုပ္ပန်ကျကျ ရှုဖို့လိုသည်၊ သွားဆဲ ယောဂီသည် သွားခိုက်ကိုမရှုပဲ ရပ်မှရှုရမည်၊ ထိုင်မှရှုရမည်၊လျှောင်းသော အခါမှရှုရမည်ဟူသော သဘောမျိုးမဟုတ်ပေ၊ အဋ္ဌကထာ၌....

www.dhammaransi.com

ယထာယထာဝါ။လ။နံ ပဇာနာတီတိ သဗ္ဗသင်္ဂါဟိက ဝစနမေတံ၊ ဣရိယာပထဝိုက္ကာတ်ဟောတိ၊ ယေန ယေန ဝါ အာကာရေနဿ ကာယော ဌိတော ဟောတိ၊ တေန တေန နံ ပဇာနာတိ၊ ဂမနာကာရေန ဌိတံ ဂစ္ဆတီတိ ပဇာနာတိ၊ ဌာနနိသဇ္ဇသယနာကာရေန ဌိတံ သယာနော တိ ပဇာနာတိ။ (သတိပဋ္ဌာန် အဋ္ဌကထာ-၃၅၈)

ယထာယထာဝါ။ လ။ နံ ပဇာနာတီတိတံဝစနံ၊ ယထာယထာဝါ ဤသို့အစရှိသဖြင့် ဟောတော်မူသောဤစကားတော်သည်။ သဗ္ဗသင်္ဂါဟိကဝစနံ၊ အလုံးစုံသောဣရိယာပုထ်လေးပါးကို သိမ်းရုံး၍ အကျဉ်းချုပ် ညွှန်ပြသားသောစကားတော်တည်း။ ဣဒံ၊ဤဆိုအပ်လတ္တံ့သော စကားကို။ ဝုတ္တံ၊ဟောတော်မူအပ်၏။ ကိံ၊ အဘယ်ကဲ့သို့။ ဝုတ္တံ၊ဟော တော်မူအပ်သနည်း။ ယေနယေန ဝါအာကာရေန၊ ထိုင်,လျောင်း,ရပ်, သွား လေးပါးသောဣရိယာပုထ်တို့တွင် အမှတ်မထားတပါးပါးသော ဣရိယပုထ်ဖြင့်သော်လည်း။ အဿ၊ ထိုယောဂီ၏။ ကာယော၊ရူပကာယ သည်။ဌိတော၊တည်ထားသည်၊ ဝါ-တည်ဆဲဖြစ်သည်။ ဟောတိ၊ဖြစ်၏။ တေနတေနအာကာရေန၊ ထိုထိုတည်ထားအပ်သော,တည်ဆဲဖြစ်သော အကြောင်းအခြင်းအရာအနေအထားဖြင့်လည်း။ နံကာယံ၊ထိုရူပကာယကို။ ပဇာနာတိ၊ ထိုတည်သည့်အတိုင်း သိ၏။

အတိုချုပ်မှာ-ဣရိယာပုထ်တို့၏လက်ရှိတည်ဆဲဖြစ်သော ရုပ်,နာမ် ပရမတ်၏သဘောကို လက်ရှိအနေအထားအတိုင်း သိသွားရန် ညွှန်၏။ ဂမနာကာရေန၊သွားမှုကိစ္စ အခြင်းအရာအနေအထားအားဖြင့်။ ဌိတံ၊ တည်ဆဲကို။ အယံကာယော၊ ဤရုပ်,နာမ်အပေါင်းအစုသည်။ ဂစ္ဆတိ၊ သွား၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ဌာနာကာရေန၊ ရပ်သော အခြင်းအရာအားဖြင့်။ နိသဇ္ဇာကာရေန၊ ထိုင်သောအခြင်းအရာ အား ဖြင့်။ သယနာကာရေန၊ လျောင်းသော အခြင်းအရာအားဖြင့်။ ဌိတံ၊ တည်ဆဲဖြစ်သော။ ကာယံ၊ ရုပ်,နာမ်အပေါင်းကို။ သယာနောတိ၊ လျောင်း၏ဟူ၍။ ပဇာနာတိ၊ သိ၏။

ဣရိယာပုထ်တခုစီ,တမျိုးစီ အကျယ်တဝင့်ဟောတော်မူပြီးနောက် အားလုံးကိုပေါင်းရုံး၍ အကျဉ်းအားဖြင့်ချုပ်၍ ဝိပဿနာ အလုပ်, သတိ ပဋ္ဌာန်အလုပ်ဟူသည် ရုပ်, နာမ်, ခန္ဓာ၏ သဘာဝကိစ္စ ဆောင်ရွက်ချက်ကို

www.dhammaransi.com

ဣရိယာပုထ်အလိုက် တည်ဆဲ့, ထားဆဲ့, ဖြစ်ဆဲ အခိုက် ပစ္စုပ္ပန်ရှုရကြောင်း ထင်ရှားစေရန် မည်သည့်ဣရိယာပုထ်ဖြင့် တည်ရှိနေစေကာမူ ထိုတည်ဆဲ အခိုက်သာဟောတော်မူခြင်းဖြစ်သည်ကို အဋ္ဌကထာဆရာရှင်းပြသည်၊ဆိုလို သည်မှာ-သတိပဋ္ဌာန်အလုပ်သည်သဘာဝကိုဆန့်ကျင်ကာ ထွင်လုပ်ရသော ကြံစည်ယူရသောအလုပ်မဟုတ်ကြောင်း၊ကျရာ၌ ကျသလိုရှုနိုင်ပုံကို ညွှန်ပြ သဖြင့် တရားအားထုတ်ရာ၌ ဣရိယာပုထ် ရွေးချယ်၍ ပြုဖွယ်မလိုကြောင်း သိနိုင်သည်၊ပေါင်းရုံးသိမ်းကျုံး၍ယူရန်ဆိုသော်လည်း ခန္ဓာကိုယ်တခုလုံး၏ ကိစ္စအားလုံးကိုဆိုသည်မဟုတ်၊ အခြားသောအပိုင်းအခဏ်းတို့တွင် သူ့ကိစ္စ နှင့်သူ ရှိပြီးဖြစ်သည်၊ဤနေရာတွင် ဆိုသောစကားမှာ- ဤဣရိယာပထနှင့် ဆိုင်ရာသာ ယူသင့်ကြောင်းကို....

> သဗ္ဗသင်္ဂါဟိက ဝစနန္တိ သဗ္ဗေသမ္ပိ စတုန္နံ ဣရိယာပထာနံ ဧကဇ္ဈံ သင်္ဂဏှနဝစနံ၊ ပုဗ္ဗေ ဝိသုံ ဝိသုံ ဣရိယာပထာနံ ဝုတ္တတ္တာ ဣဒံ နေသံ ဧကဇ္ဈံ ဂဟေတွာ ဝစနန္တိ အတ္ထော။ (မဟာဝဂ္ဂဋီကာ-၃၀၆)

သဗ္ဗသင်္ဂါဟိကဝစနန္တိ၊ ဟူသည်ကား။ သဗ္ဗေသမ္ပိ၊ အလုံးစုံလည်းဖြစ် ကုန်သော။ စတုန္နံ၊လေးပါးကုန်သော။ ဣရိယာပထာနံ၊ ဣရိယာပုထ် တို့ကို။ ဧကဇ္ဈံ၊ တပေါင်းတည်း။ သင်္ဂဏှနဝစနံ၊ စုစည်းသိမ်းကျုံး၍ ယူအပ်သောစကားရပ်တည်း။ ပုဗ္ဗေ၊ အစဦးပိုင်း၌။ ဝိသုံဝိသုံ၊ အသီး အသီး၊ဝါ-တကန့်စီတကန့်စီ။ဣရိယာပထာနံ၊ဣရိယာပုတ်၄-ပါးတို့ကို။ ဝုတ္တတ္တာ၊ အကျယ်တဝင့် ညွှန်ပြ ဟောကြားပြီးသည် အဖြစ်ကြောင့်။ ဣဒံ၊ အကျဉ်းမျှသာ ဟောကြားရာဖြစ်သော သခေ်ပ စကားစုသည်။ နေသံ၊ ထို ဣရိယာပုထ် လေးပါးတို့ကို။ ဧကဇ္ဈံ၊ တပေါင်း တည်း။ ဂဟေတွာ၊ ယူ၍။ ဝစနံ၊ ဟောပြအပ်သော စကားတည်း။ ဣတိအယံ အတ္ထော၊ဤသို့သောအနက်အဓိပ္ပာယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဣရိယာပုထ် တခုစီ တခုစီ၏ အလုပ်သဘောကို ဟောပြပြီးနောက် အကျဉ်းသခေ်ပနည်းဖြင့် အကျဉ်းချုပ်အလုပ်သဘောကိုနိဂုံးချုပ်အနေနှင့် ဟောတော်မူလေသည်။ အကြင် အခြင်းအရာအနေအထားအရ ရုပ်,နာမ်, ခန္ဓာသည် တည်ရှိခဲ့၏၊ ထို တည်ဆဲသော ရုပ်,နာမ်,ခန္ဓာ၏ လက်ရှိအခြေ အနေအတိုင်းသာလျှင် သွားလျှင်သွားခိုက် စသည်ဖြင့် ရုပ်,နာမ်, ပရမတ် သဘောသက်ရောက်အောင် ရှုနိုင်ရန် အရေးကြီးပေသည်။

www.dhammaransi.com

ဣရိယာပထ ဖြစ်ပျက်ပြ ရုပ်နာမ်ရှိသတ္တဝါတို့၏ အမူအရာပြောင်းလဲမှုဣရိယာပထ၌ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းစသည်ကိုသတ္တဝါ တိုင်း ပြုလုပ်နေကြသည်၊ သို့ရာတွင် အမှန်ကိုသိ၍ ပြုပြင်နေကြသည်ကား မဟုတ်ကြချေ၊ သတိပဋ္ဌာန်အလုပ် အားထုတ်သော ယောဂီသည်မူကား ထိုပြောင်းလဲသော ဣရိယာပုထ် တည်ဆဲဖြစ်သော ဣရိယာပုထ်တို့၏ ပင်ရင်း ရုပ်နာမ်ပရမတ်ကိုသိအောင် ရှာဖွေနေဆဲဖြစ်၍ ဣရိယာပုထ်ပြောင်းလဲမှုနှင့်ပတ်သက်၍ အမှားယူစွဲမှုမှလွတ်မြောက်လာလေသည်၊ အပြီးအပိုင်ကားမလွတ်သေးပါချေ၊ အဘယ့်ကြောင့်အပြီးမလွတ်သေးပါသနည်း၊ ပရမတ်သဘောကို မပိုင်သေးသည့်အတွက်ကြောင့်ဖြစ်လေသည်၊ ဝါ-ပညတ်တရားမှ လုံးဝစင်ကြယ်အောင် မလွတ်သေး၍ ဖြစ်ပါသည်၊ မြတ်စွာဘုရားသည်လည်း....

ပဌမံ၊ ရှေးဦးစွာ။ သမ္မုတိကထံ၊ ပညတ် သမ္မုတိ သစ္စာတရားကို။ ကထေတွာ၊ဟောတော်မူပြီးမှ။ ပစ္ဆာ၊ ဉာဏ်ရင့်လာရာ နောက်အခါ၌။ ပရမတ္ထကထံ၊ နိဗ္ဗာန်ရရန် အမှန်တရား ပရမတ္ထကထာ စကားကို။ ကထေန္တိ၊ ဟောတော်မူကြကုန်၏။

ဟု သီလက္ခန်အဋ္ဌကထာ မိန့်မှာတော်မူသည်နှင့်အညီ ဣရိယာပထနည်းအားဖြင့် အကျယ်-အကျဉ်း မျိုးစုံအောင် ဟောတော်မူပြီးနောက် ပရမတ်သဘောတရား ပရမတ်ဟူသောသဘောတရားကို ဟောကြားတော်မူလိုသဖြင့်'ဣတိ အဇ္ဈတ္တံ ဝါ ကာယေ' ဤသို့စသောစကားကို ဟောတော်မူသည်။

အဇ္ဈတ္တံဝါ ကာယေ-ဟူသည်ကား မိမိ၏ ဣရိယာပုထ်တခုခု၌ ဖြစ်ပေါ်မှု သွားခြင်းစသည်တွင် ကြွမှု, မမှု, ယူမှု, ချမှုစသော သွားခြင်းကြိယာ တခုအတွင်း၌ အဆင့်ဆင့်သောပြောင်းလဲမှု, ရွေ့ရှားမှု, မငြိမ်သက်မှု, တရွရွ တလှုပ်လှုပ်အားဖြင့် ရုပ်ကလာပ်တို့၏ ပြိုကွဲမှုအထွေထွေကို သိမြင်အောင် စေ့စေ့စပ်စပ် ရှုမှတ်အပ်၏။ မိမိခန္ဓာသွားမှုတွင် ပြောင်းလဲမှု မတည်ငြိမ်သဖြင့် ရွေ့ရှားမှုဖြစ်နေသကဲ့သို့ မိမိမှတပါး သူတပါးတို့၏ သွားနေသော ခန္ဓာအစဉ်၌လည်း ဤနည်းတူပင်ဟု သဘောထားနိုင်ကာ မည်သည့် သွား

www.dhammaransi.com

မှုကိုမဆို သွားသည်ဆိုရာတွင် (ဝေါဟာရမတ္တ)ပညတ်သဘောနှင့်ပြောရုံ သာပင်၊ ဧင်စစ်မှာမူ သွားသည်ဆိုရာ၌ သတ္တဝါ၊ပုဂ္ဂိုလ်ခေါ် ဆိုစရာ သွား တတ်သော သတ္တဝါမရှိပါတကား ဟု ဉာဏ်မြင်လာမည်။

ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းကို ပြုဆဲအခါ ထိုထို ရပ်ဆဲတွင် ရပ်မှုအတွက် ရပ်စေရန် ရပ်ချင်စိတ်, ထောက်ပံ့မှုကိုပြုသော ဝါယော ရုပ်တို့ အဆင့်ဆင့် ပြုပြင်နေရသည်။ ထောက်ကန် ဝါယောသည် ရပ်ဆဲ ကာလအတွင်း ဤခန္ဓာခိုင်မာအောင် အဆင့်ဆင့်တွန်းကန်ပေးထားရသည်။ မိမိ၏ရပ်ဆဲရပ်ခိုက်တွင် ပရမတ်ရုပ်နာမ်တို့ မရပ်မနား ထောက်ပံ့၍ထားရ သည်ကား ပရမတ်တို့၏ ကိစ္စသာဖြစ်၍ ငါ-သူစသော အဘယ်မည်သော ပုဂ္ဂိုလ်,သတ္တဝါ၏ကိစ္စမှ မဟုတ်ကြောင်းကို မိမိ၏ရပ်ခိုက်အတွင်း၌ သိမြင် နိုင်သကဲ့သို့ ဤနည်းတူ မိမိမှ တပါးသောသူ၏ ရပ်မှု တခု တွင်လည်း ဤ သဘောမျိုးသာ ဖြစ်ရကား မည်သူရပ်သည်ဖြစ်စေ၊ ရပ်တတ်သောပုဂ္ဂိုလ် သတ္တဝါမရှိကြောင်း ကောင်းကောင်း သဘောပေါက်လာမည် ဖြစ်သည်။ ထိုင်ခြင်း,လျောင်းခြင်းတို့တွင်လည်း နည်းတူသိအပ်လေသည်၊(အဇ္ဈတ္တံဝါ) မိမိ၏ ဣရိယာပုထ်အတွင်း၌ ရှုမြင်နိုင်သည်မှာ မိမိ၏ ဝိပဿနာ ရှုဉာဏ် ရင့်သန်မှုအတွက်ဖြစ်၍ သူတပါး၏ (ဗဟိဒ္ဓါဝါ) ဣရိယာပုထ်ကိုမြင်သဖြင့် ဤသဘော ဤနည်းပင်ဟု ဉာဏ်ထောက်မှုမှာ ဝိပဿနာဉာဏ်ပင် မဟုတ် သော်လည်း ပရမတ်ရုပ်နာမ်၏ ကိစ္စများသာဟု ပိုမိုယုံကြည်ချက် ဖြစ်လာ ရသဖြင့် ဒိဋ္ဌပစ္စက္ခ ဝိပဿနာဉာဏ်၏ အားကြီးသော အထောက် အကူ ပြု ဉာဏ်ဖြစ်လေသည်။

သမုဒယဓမ္မာနုပဿီဝါ-ဟူရာ၌ ထိုဣရိယာပုထ်ကိုပြုလုပ်တတ်သော ပရမတ် ရုပ်နာမ်တို့၏ ဖြစ်ကြောင်းကို သိအောင် ရှာရာ၌ ဝေးသော အကြောင်းကို မရှာအပ်၊ အနီးကပ်နေသော အကြောင်းတွေရှိ၏။ သွားမှု တခုကိုရှုရာ၌ ဤ ပရမတ် ပိုင်း မရောက် မီ သွားချင်စိတ်၊ ထို စိတ်ကြောင့် ဖြစ်သော ရုပ်အဆင့်ဆင့်တို့ ပြောင်းလဲ နေ မှု ကြောင့် ဤ ခြေ ဟူသော သဏ္ဌာန်သည် တရိပ်ရိပ်နှင့်ကွလာသည်၊ ဤသည်လျှင် သွားဆဲရုပ်,နာမ်၏ အတွင်းသွားခိုက်ရုပ်နာမ်၏ဖြစ်ခြင်း အကြောင်းဖြစ်သည်၊ အဋ္ဌကထာ၌....

www.dhammaransi.com

အဝိဇ္ဇာသမုဒယာ ရူပသမုဒယောတိ အာဒိနာ နယေန ပဉ္စဟာကာရေဟိ ရူပက္ခန္ဓဿ သမုဒယောစ ဝယောစ နီဟရိတဗ္ဗော။

(မဟာဝဂ္ဂဋ္ဌကထာ-၃၅၈)

အဝိဇ္ဇာသမုဒယာ ရူပသမုဒယောတိ အာဒိနာ၊ ဤသို့ အစ ရှိသော။ နယေန၊ နည်းဖြင့်။ ပဉ္စဟာကာရေဟိ၊ အဝိဇ္ဇာ, တဏှာ, ကံ,သင်္ခါရ, ဖောက်ပြန်မှု ဟူသော ငါးပါးသော အကြောင်းအခြင်းအရာတို့ဖြင့်။ ရူပက္ခန္ဓဿ၊ ဖောက်ပြန်မှုအစု၏။ သမုဒယောစ၊ ဖြစ်ရာ ဖြစ်ကြောင်း ဖြစ်ခြင်းကို လည်းကောင်း။ ဝယောစ၊ ပျက်ရာဖြစ်ကြောင်း ပျက်ခြင်း ကိုလည်းကောင်း။ နီဟရိတဗ္ဗော၊ ထုတ်ဆောင်အပ်၏။

ဤ၌ အဋ္ဌကထာဆရာက ရုပ်တခု၏ ဖြစ်ကြောင်းတရားကို ဘုရားဟောအတိုင်း ရသင့်သော ငါးပါးအပြည့် အစုံပင် ထုတ်ပြသည်။ ပျက်ကြောင်းတရားကိုလည်း ငါးပါးပင်ပြသည်။ သို့ရာတွင် ဒိဋ္ဌပစ္စက္ခဝိပဿနာရှုသော ပစ္စုပ္ပန်ယောဂီအတွက် အားလုံးကို မစဉ်းစားရချေ၊ ဖြစ်ကြောင်းရှိ၍သာ ယခု ဖြစ်နေသည်။ ပျက်ကြောင်းရှိ၍သာ ယခု ပျက်သွားသည်။ လက်ငင်း-အဖြစ်, အပျက်ကိုသာ ဒိဋ္ဌဉာဏ်မြင် ရှုအပ်လေသည်။

ကာယ-ဟူသော ဖောက်ပြန်မှု အပေါင်းသည် ပ ရ မ တ္ထ အားဖြင့် ဖြစ်၍ ဓမ္မတာသဘောအရ ပျက်သွားသည်ကိုသာ ယောဂီ၏ဉာဏ်၌ မှန်မှန် မြင်ရန် လိုသည်။ ပရမတ်ဆိုသောသဘောသည် မိမိသူတပါး ပြုလုပ်ယူသူ မရှိ၊ ပြုလုပ်ပေးသူ မရှိ၊ ဖန်ဆင်းသူမရှိ၊ အလိုအလျောက်လည်း ဖြစ်သည် မဟုတ်၊ အဝိဇ္ဇာစသောအကြောင်းတို့ကြောင့် ဖြစ်သည်၊ မှန်၏။ သို့ရာတွင် ဝိပဿနာရှုရာ၌ ဖြစ်ကြောင်းကို မရှုရ၊ အဘယ့်ကြောင့်နည်း၊ ဖြစ်ကြောင်း ဟူသည် သမုဒယသစ္စာဖြစ်သောကြောင့်တည်း။ ဖြစ်သည်ကိုသာ ရှုရသည်။ အဘယ့်ကြောင့်နည်း၊ ဖြစ်ခြင်းသည် ပိုင်းခြားသိအပ်သည့် ဒုက္ခသစ္စာဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ကိုယ် အမူ အ ရာ ပြောင်းလဲမှု ဣရိယာပထ၌ ဖြစ်ခြင်း,ပျက်ခြင်းကို ရှုသည်ဖြစ်၍နေရာ၏ ဟု မြတ်စွာဘုရား ဟောလေသည်။

ကာယော၊ ဖောက်ပြန်မှု အပေါင်းသည် သာလျှင်။ အတ္ထိ၊ ရှိ၏။ ရှုချက်များလာသောယောဂီ၌ ယုံကြည်ချက်ဖြစ်လာပုံ တနည်း ဟောသေး၏။ ကိုယ်အမူအရာ အနေအထား ဣရိယာပုထ်ကို စောင့်၍ ရှုနေသော

www.dhammaransi.com

ယောဂီသည် အမူအရာပြောင်းတိုင်း အတွင်းမှ ရွေ့ရှားတွန်းကန်မှု အဆင့်ဆင့်ပြောင်းလဲမှု ရှိသည်နှင့်အမျှ အပြင်ဖက် ခန္ဓာကိုယ်ကြီးသည် လှုပ်ရှားလာသည်။ ယိမ်းယိုင်လာသည်။ ရပ်မှုစသည် ပြုသောအခါ တောင့်တင်းသော ဝါယောထောက်ကန်မှုအားသည် ပို၍ နေရာယူလာသည်။ ပျော့ညံ့သောလှုပ်ရှားမှုတို့ အဆင့်ဆင့်ချုပ်၍ ထောက်ကန်တွန်းထိုးသော လှုပ်ရှားမှုတို့ဖြစ်လာသည်နှင့် အပြင် ခန္ဓာကိုယ်ကြီးသည် ထောင်ထောင် မတ်မတ် ရပ်လျက် ဖြစ်သွားသည်။ ယင်းသို့လျှင် ထိုင်လျှင်လည်း အဆင့်ဆင့်သော နာမ်တို့, အဆင့်ဆင့်သော ရုပ်တို့ ပြောင်းလဲအုပ်ချုပ် အစားဝင်မှုတွေ ဖြစ်နေသည်ကို ထိုင်သည်ဟူ၍ ခေါ်ပါတကား၊ လျောင်းသည်,အိပ်သည် ဆိုရာ၌လည်း ဣရိယာပထကာယ၌ ဉာဏ်သက်ဝင်နေသော ယောဂီအနေအားဖြင့် ဘာမျှအခက်အခဲမရှိ သိတော့သည်သာ။

စင်စစ်မှာ ဖောက်ပြန်မှုတို့သာရှိ၍ ဖောက်ပြန်မှုတို့သာ အဆင့်ဆင့် အလုပ်ဖြစ်နေပါတကားဟု အသိဉာဏ် ရင့်သန်လာသော ယောဂီ၏စိတ်သည် ရှင်းရှင်းလင်းလင်းပင် ယုံကြည်မှုရနေ၏။

ကာယော၀၊ ဖောက်ပြန်ရွေ့ရှားမှုစသော အပေါင်းအစု သည်သာ။ အတ္ထိ၊ အဟုတ်အမှန်ရှိ၏။ သတ္တော၊ သတ္တဝါဟု ခေါ်အပ်သော အကောင်အထည်သည်။ နတ္ထိ၊ မရှိချေ။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ဟုခေါ်စရာ အကောင်အထည်သည်။ နအတ္ထိ၊ ရှိသည်မဟုတ်။ ဣတ္ထိ၊ မိန်းမဟူသော အကောင်အထည်သည်။ နအတ္ထိ၊ မရှိချေ။ ပုရိသော၊ ယောကျ်ားသတ်မှတ် ခေါ်ပညတ်သော အကောင်အထည်သည်။ နအတ္ထိ၊ ရှိသည် မဟုတ်။ အတ္တာ၊ ငါဟူသော မာနကိုထားရာ အတ္တသဘော သည်။ နအတ္ထိ၊မရှိချေ။ အတ္တနိယံ၊ ငါကောင်နှင့်စပ်သော နှစ်သက်စရာ ဥစ္စာသည်။ နအတ္ထိ၊ မရှိချေ။

စသောအားဖြင့် အဋ္ဌကထာ ပြလေသည်၊ယောဂီ၏ ရှုဉာဏ်အဆင့်အတန်း မြင့်လာသည်နှင့်အမျှ အသိတွေလည်းစင်ကြယ်လာလေသည်၊ ငါ, ငါ့ဥစ္စာဟု စွဲယူမှု၏ဒိဋ္ဌိတဏှာအစွဲကိုလည်း ဖယ်ခွာနိုင်တော့သောကြောင့် အမှီအတွယ် ကင်းသည်'ဟုလည်းဟောတော်မူသည်၊ထိုဣရိယာပုထ်၄-ပါးသည် မည်သို့ပင်ပြောင်းလဲစေကာမူ 'ရုပ်,နာမ်ပရမတ် သဘောတရားတို့၏

www.dhammaransi.com

ကိစ္စသာ’ဟု ခိုင်ခိုင်မာမာ ယုံကြည်ထားနိုင်ရကား ခန္ဓာ ငါးပါး ဥပါဒါန် တရားတို့၌ စွဲလမ်းမှု မှီတွယ်မှုမရှိတော့သော သုညတပရမတ်၏သဘောသို့ ရှုဉာဏ်ချဉ်းကပ်သွားချိန်တွင်....

ပရိစ္စဇန္တိ သင်္ခါရေ၊ ပက္ခန္ဒတိ အသင်္ခတေ။

ပြုပြင် လုပ်ဆောင်ချက် သင်္ခတပရမတ် ရုပ်,နာမ် ဖြစ်ပျက်ကို စွန့်၍ သုညတဖြစ်သွားသောအခါ ရှုဉာဏ်သည် အသင်္ခတပရမတ်သို့ ပြေးဝင်ကြောင်း။

နာမရူပ ပရိစ္ဆေဒ ဋ္ဌကထာ ဖော်ပြသည့် အတိုင်း ‘သင်္ခတမှသည် အသင်္ခတသို့’ပြောင်းကြွပြေးဝင်ပုံကို သိရန်အားထုတ်နေသော ယောဂီတို့ ကြိုးစား၍ ‘ကာယေ ကာယာနုပဿီ’အတိုင်း ရှုကြည့်ကာ နေနိုင်ကြပါ စေသော်။

ကိုယ်အမူအရာပြောင်းရှုမှု (ဣရိယာပထပဗ္ဗ)
အပိုင်း ပြီး၏။

www.dhammaransi.com

ကာယာနုပဿနာ သမ္ပဇညပဗ္ဗ

(၃) ပညာနှင့်ဆင်ခြင်၍ ရှုပွားသောအပိုင်း

၅-ပါဠိတော်။ ပုနစပရံ ဘိက္ခဝေ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ။ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ။ လ။ ဧဝမ္ပိခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

၅-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တမျိုးတခြား ကာယနှင့် ပတ်သက်၍ ရှုပုံကား။ ဘိက္ခု၊ တရားအလုပ်အားထုတ်ပေတတ် ယောဂီမြတ်သည်။ အဘိက္ကန္တေ၊ ရှေ့သို့သွားသည်ရှိသော်။ ပဋိက္ကန္တေ၊ နောက်သို့ဆုတ်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဉာဏ်ဖြင့် ဆင်ခြင်၍ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

အာလောကိတေ၊ တည့်တည့် ကြည့်သည် ရှိသော်။ ဝိလောကိတေ၊ စောင်းငဲ့၍ကြည့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ဉာဏ်ပညာဖြင့် ဆင်ခြင်၍ကြည့်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

သမိဉ္ဇိတေ၊ လက်,ခြေစသော ကိုယ်အင်္ဂါကို ကွေးသည်ရှိသော်။ ပသာရိတေ၊ လက်,ခြေ စသော ကိုယ်အင်္ဂါကို ဆန့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ဉာဏ်ပညာဖြင့်ဆင်ခြင်၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

သံဃာဋိပတ္တစီဝရဓာရဏေ၊ ဒုကုဋ်,သပိတ်, သင်္ကန်းကို ဆောင်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ဉာဏ်ပညာဖြင့်ဆင်ခြင်၍ ဆောင်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

အသိတေ၊ စားသည်ရှိသော်။ ပိတေ၊ သောက်သည်ရှိသော်။ ခါယိတေ၊ ခဲသည်ရှိသော်။ သာယိတေ၊ လျက်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ဉာဏ်ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

www.dhammaransi.com

ဥစ္စာရပဿာဝကမ္မေ၊ ကျင်ကြီး,ကျင်ငယ်စွန့်ခြင်းကို ပြုသည်ရှိသော်။ သမ္ပဇာနကာရီ၊ ဉာဏ်ပညာဖြင့်ဆင်ခြင်၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဂတေ၊ သွားသည်ရှိသော်။ ဌိတေ၊ ရပ်သည်ရှိသော်။ နိသိန္နေ၊ ထိုင်သည်ရှိသော်။ သုတ္တေ၊ အိပ်သည်ရှိသော်။ ဇာဂရိတေ၊ နိုးသည်ရှိသော်။ ဘာသိတေ၊ စကားပြောသည်ရှိသော်။ တုဏှီဘာဝေ၊ ဆိတ်ဆိတ်နေသည်ရှိသော်။ သမ္ပဇာနကာရီ၊ ဉာဏ်ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဣတိ၊ ဤသို့။ အဇ္ဈတ္တံ ဝါ ကာယေ၊ မိမိ၏ဖောက်ပြန်မှုအပေါင်းအစု၌မူလည်း။ ကာယာနုပဿီ၊ ဖောက်ပြန်မှု အပေါင်းတို့ ဟူ၍ အဖန်ဖန်အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ လ။ ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝမ္ပိ၊ ဤသို့လည်း။ ဘိက္ခု၊ တရားအလုပ်အားထုတ်ပေတတ် ယောဂီ မြတ်သည်။ ကာယေ၊ ဖောက်ပြန်မှုအပေါင်းအစု၌။ ကာယာနုပဿီ၊ ဖောက်ပြန်မှု အပေါင်းတို့ ဟူ၍ အဖန်ဖန်အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

၅-အဓိပ္ပာယ်ရှင်းချက် မြတ်စွာဘုရားသည် ကာယနှင့်ပတ်သက်၍ သွား, ရပ်,ထိုင်,လျောင်းအားဖြင့် အမူအရာပြောင်းလဲမှုကို ရှုသိရန် ဣရိယာပုထ်ကြီး ၄-ပါးကို ဟောတော်မူပြီး၍ ကျန်ရှိနေသေးသော ကာယဆိုင်ရာတွင် အမူအရာအသေးစား ပြောင်းလဲမှုကိုလည်း ပညာဉာဏ်ယှဉ်၍ ရှုနိုင်,မှတ်နိုင်ရန် 'သမ္ပဇည'အပိုင်းကို ဟောတော်မူလေသည်၊ဤတွင် 'သမ္ပဇဉ်'ဆိုသည်မှာ ပါဠိစကားကိုထုံးစံအတိုင်း အလွယ်တကူပြောင်းယူအနက်ပြန်သော စကားပင်ဖြစ်၍ အဋ္ဌကထာဋီကာတို့အဆိုအရ မြန်မာဘာသာအနက် စစ်ထုတ်ရာတွင်....

သမ္ပဇညသဒ္ဒါ ဉာဏေန၊
'သမ္ပဇဉ်ဟုဆိုအပ်သောဉာဏ်ဖြင့်'

သမ္ပဇညေန သဗ္ဗကိစ္စကာရီ၊ သမ္ပဇညမေဝ ဝါ ကာရီ။
'သိသောဉာဏ်ဖြင့်ပြုသည်၊ အသိဉာဏ်ကိုပြုသည်'

(မူလပဏ္ဏာသဋ္ဌကထာ၁-၂၅၈)

www.dhammaransi.com

သမ္မာ သမန္တတော သာမဉ္စ ပဇာနန္တော သမ္ပဇာနော။
‘အမှန်ကိုထက်ဝန်းကျင်မှ ကိုယ်တိုင်အပြားအားဖြင့် သိခြင်း’
သမ္မာ ပဇာနနံ သမ္ပဇာနံ။
‘အမှန်ကိုအမှန်အတိုင်း အပြားအားဖြင့် သိခြင်း’

(မူလပဏ္ဏာသဋီကာ-၃၅၄)

သမ္ပဇာနောတိ ကာယပရိဂ္ဂါဟကေန သမ္ပဇညသင်္ခါတေန ဉာဏေန သမန္နာဂတော။
‘သမ္ပဇာန-ဟူသည် ကာယဟူသော အပေါင်းအစု ပါဝင်သော သမ္ပဇဉ်ဟုဆိုအပ်သော ဉာဏ်နှင့် ပြည့်စုံသည်’

(သမ္မောအဋ္ဌကထာ-၂၀၉)

သမန္တတော ပကာရေဟိ, ပကဋ္ဌံ ဝါ သဝိသေသံ ဇာနာတီတိ သမ္ပဇာနော သမ္ပဇာနဿ ဘာဝေါ သမ္ပဇညံ၊ တထာပဝတ္တံ ဉာဏံ။
ထက်ဝန်းကျင်မှ အပြားအားဖြင့် အလွန်ထူးမြတ်သောဉာဏ်ဖြင့်သိတတ်၏၊ ထို့ကြောင့် သမ္ပဇာနမည်သည်၊ ထူးမြတ်သောဉာဏ်ဖြင့် သိတတ်သောအဖြစ်သည် သမ္ပဇဉ်မည်၏၊ ထို ထူးမြတ်သည်၌ဖြစ်သော ဉာဏ်တည်း။

(မဟာဝဂ္ဂဋီကာ-၃၀၉)

သမ္ပဇဉ်ဟူသောစကား၏ အဓိပ္ပာယ်ကို ဖော်လိုက်လျှင် ရုပ်,နာမ်, ခန္ဓာနှင့်ပတ်သက်၍ အမှန်ပရမတ်သဘောကိုအမှန်အတိုင်းထက်ဝန်းကျင်မှ ကိုယ်တိုင်မှန်စွာသိမှုဉာဏ်ဖြစ်လေသည်၊ တနည်းဆိုရသော် အမှန်ကို အမှန်အတိုင်းသိတတ်သော ‘သမ္မာဒိဋ္ဌိ’ ပညာဉာဏ် ဖြစ်လေသည်၊ ယင်းသမ္ပဇဉ်ပညာသည် ၄-မျိုးရှိလေသည်။

၁။ ‘သတ္ထကသမ္ပဇဉ်’ဆိုသည်မှာ-ကိစ္စတခုခုပြုရာ၌ အကျိုး ရှိ,မရှိ ဆင်ခြင်ခြင်း၊

၂။ ‘သပ္ပာယသမ္ပဇဉ်’ဆိုသည်မှာ- သင့်တော်သည် မတော်သည်ကို ဆင်ခြင်ခြင်း၊

၃။ ‘ဂေါစရသမ္ပဇဉ်’ဆိုသည်မှာ- ကျက်စားရာ မကျက်စားရာကို ဆင်ခြင်ခြင်း၊

၄။ ‘အသမ္မောဟသမ္ပဇဉ်’ဆိုသည်မှာ- မတွေ့မဝေ သိမှု မသိမှုကို ဆင်ခြင်ခြင်းအားဖြင့် ၄-ပါးရှိလေသည်၊ထို၄-ပါးတို့တွင်....

www.dhammaransi.com

၁။ သွားမှုတခုသောကိစ္စရှိရာ သာတ္ထကသမ္ပဇဉ်အားဖြင့် အကျိုးရှိ,မရှိ ရှေးဦးစွာဆင်ခြင်ရသည်၊ ဆင်ခြင်ပြီးလျှင် အကျိုးရှိမှသွားခြင်းသည် 'သာတ္ထကသမ္ပဇဉ်'ဖြစ်လေသည်၊ ဒါနသီလမှုပြုရန်, ဘုရားဖူးရန်, တရားနာရန်, တရားဟောရန်, သံဃာ့ထေရ်ကြီးကို ဖူးမြင်ရန်အတွက် သွားလျှင် ကောင်းသောသွားခြင်း, အကျိုးရှိသောသွားခြင်းဖြစ်၍'သာတ္ထကသမ္ပဇဉ်' ကား ဖြစ်လေသည်၊ သို့ရာတွင် 'သပ္ပာယသမ္ပဇဉ်'ပါတွဲမှ တကယ် အကျိုးဖြစ်ထွန်းနိုင်ပေသည်၊ သပ္ပာယ သမ္ပဇဉ်ဆိုသည်မှာ- 'သင့်တော်, မတော်' ဆင်ခြင်ခြင်းဖြစ်ရာ....

မိမိသည် မိမိမွေးရာအရပ်တွင် ပြန်၍ ကျောင်းဆောက်လှူလိုသည်၊ သားရှင်ပြုလိုသည်ဖြစ်၍ သွားမည်ဆိုလျှင် 'သာတ္ထကသမ္ပဇဉ်'အရ အလွန်အကျိုးရှိပါပေသည်၊သို့ရာတွင် သင့်,မသင့်၊တော်,မတော်'သပ္ပာယသမ္ပဇဉ်' ဖြင့် ဆင်ခြင်ရာတွင် ယခုအခါ ထိုအရပ်သည် သောင်းကျန်းသူတို့အနှောင့်အယှက်ပေးနိုင်သောနေရာ ဖြစ်နေလျှင် သင့်တော်မှု သပ္ပာယမဖြစ်ပေ။

ဘုရားဖူးသွားခြင်းသည်ကောင်း၏၊သို့ရာတွင် မိမိ၏ကိုယ်ကို,စိတ်ကို ထိခိုက်လောက်အောင် နှောင့်ယှက်မှုရှိလျှင် ထိုခရီးသည် သင့်တော်သော သပ္ပာယမဖြစ်ပေ။

တရားဟောခြင်း,တရားနာသွားခြင်းသည်ကောင်းသောအမှုမှန်၏၊ သို့ရာတွင် မဟောသင့်သောနေရာ, တရားနာ၍မဖြစ်သောနေရာတို့ ဖြစ်နေပါလျှင် ထို သွားမှုသည် သင့်တော်သောသပ္ပာယ မဖြစ်ပေ။

သံဃာ့ထေရ်ကြီးအား ဆည်းကပ်ခြင်း၊ ဖူးမြင်ရန်သွားက အလွန်ကောင်းပေသည်၊ ထိုသို့ သွားသဖြင့် မထေရ်မြတ်ကြီးထံမှ တရားနာရ၍ အချို့ရဟန္တာဖြစ်ကြသည်၊ငါလည်းမထေရ်ကြီးကိုဖူးမြင်ပြီး တရားနာအံ့ဟု သွားပြီးလျှင် မထေရ်မြတ်၏တရားကိုနာယူ၍အားထုတ်သော အာဂန္တုက ရဟန်းတို့ ရဟန္တာဖြစ်ဖူးကြပြီဟု အဋ္ဌကထာတို့၌ ဆိုလေသည်။

၂။ အမှုကိစ္စတခုဘွင် သင့်,မသင့် တော်,မတော် နှိုင်းချိန်ဆင်ခြင်ခြင်း သပ္ပာယသမ္ပဇဉ်တွဲပါမှ အကျိုးရှိလေသည်။

ရဟန်းငယ်တပါးသည် သာမဏေကိုခေါ်၍ တောအတွင်း၌ တံပူလုပ်ရန် နွယ်ပင်ကိုရှာခြင်းငှာ ထွက်ခဲ့ကြလေသည်။

www.dhammaransi.com

သာမဏေသည် ခဏကြာသော် ကျင်ငယ်စွန့်လို၍ လမ်းမှထွက်ခွာပြီးသော် တောအတွင်းသို့ ဝင်သောအခါ လူသေအလောင်းတခုကို မြင်၍ ဆရာသမားများသင်ကြားထားသည့်အတိုင်း 'အသုဘ' ရှုလေသည်၊ ယင်းသို့ ရှုရာ မကြာမီ ပဌမဈာန်ကိုရသည်နှင့် ထိုဈာန်ကို အခြေခံပြုပြီးလျှင်....

သင်္ခါရေ သမ္မသန္တော တီဏိ ဖလာနိ သစ္ဆိကတွာ။

ရုပ်,နာမ် သင်္ခါရတို့ကို ပရမတ်တို့၏ သဘောတရားအတိုင်း ရှုမှတ်လေရာ အနာဂါမိ ၃-ဖိုလ် ရလေလျှင် 'ဥပရိဝိသေသံ၊ အထက်ဖြစ်သော အရဟတ္တဖိုလ်တရားထူးကို။ နိဗ္ဗတ္တေဿာမိ၊ ရစေအံ့, ဖြစ်စေအံ့'ဟု ရှုနေစဉ် ရဟန်းသည် သာမဏေသွားသည်မှာကြာပြီ၊ မျက်စိလည် လမ်းမှား၍များ သွားလေသလော-ဟု စိုးရိမ်သောစိတ်နှင့် 'အို-သာမဏေ'ဟု အော်ခေါ်လေသောအခါ သာမဏေကစဉ်းစားသည်မှာ 'ငါသည်သာမဏေဖြစ်သည်မှ ယနေ့အထိ ဆရာသမားနှင့် စကား ၂-ခွန်းထပ်ကို တခါမျှမပြောစဖူး၊ ဆရာရဟန်း နောက်တခွန်းမခေါ်မီသွားအံ့၊ နောက်နေ့မှ ဆက်လက်တရားအားထုတ်၍ အရဟတ္တဖိုလ်ကိုရစေတော့အံ့'ဟု နှလုံးသွင်း၍ 'အို-အရှင်ဘုရား'ဟု ပြန်ထူးပြီးလျှင် ကမ္မဋ္ဌာန်းကိုစွန့်ခွာလိုက်စဉ် 'လာခဲ့လေ'ဟူသော ဆရာ၏ စကားဖြင့် ရဟန်းထံသို့ ရောက်သွားသောအခါ သာမဏေက....

> ဘန္တေ၊ အရှင်ဘုရား။ တာဝ၊ ရှေးဦးစွာ။ ဣမိနာမဂ္ဂေန၊တပည့်တော် ပြန်လာသော ဤလမ်းဖြင့်။ ဂန္တွာ၊ သွားပြီးလျှင်။ မယာဌိတကောကာသေ၊ တပည့်တော်ရပ်နေရာအရပ်မှ။ မုဟုတ္တံ၊ ခဏမျှ။ ပုရတ္ထာဘိမုခါ၊ ရှေ့သို့တည့်တည့်မျက်နှာလှည့်၍။ ဩလောကေထ၊ရှုကြည့်တော်မူပါဘုရား။

ဟု ညွှန်လိုက်လေသောအခါ ရဟန်းလည်း သာမဏေဆိုတိုင်းသွားလေသော် အသုဘကောင်ကိုတွေ့၍ ရှုရာတွင် သာမဏေကဲ့သို့ပင် ၃-မဂ်, ၃-ဖိုလ် ရသွားကြောင်း။

(သမ္မောအဋ္ဌကထာ-၃၃၃။ မဟာဝဂ္ဂသံယုတ္တဋ္ဌကထာ-၂၁၉။ မူလပဏ္ဏာသဋ္ဌကထာ-၂၅၉)

ယင်းသို့အသုဘရှုရာ၌ အလွန် ကောင်းပါသော်လည်း ယောကျ်ားအား မိန်းမ၏ အသုဘ သည်၎င်း, မိန်းမအား ယောကျ်ား၏ အသုဘ အလောင်းသည်၎င်း ဝိသဘာဂဖြစ်၍ သင့်တော်သော သပ္ပာယမဖြစ်ချေ။

www.dhammaransi.com

ပန်းချီဆေးရေးရုပ်သဏ္ဌာန် လှပတင့်တယ်သော မိန်းမ,ယောကျာ်း စသည်များကိုအကြောင်းပြု၍ လောဘ-ဒေါသ-မောဟ ဖြစ်ရာ စရိယန္တရာယ် ဇီဝိတန္တရာယ်ဖြစ်ပါမူ ထိုမိန်းမ,ယောကျာ်း စသည်များသည်'အသပ္ပာယ' မည်၏။

မိမိအတွက် ထိုအဆင်း- ထိုအသံ- ထိုအာရုံ- ထိုဝတ္ထုသည် လောဘ သော်၎င်း, ဒေါသသော်၎င်း, မောဟသော်၎င်း, အသက်အန္တရာယ်သော် ၎င်း,မြတ်သောအကျင့်၏အန္တရာယ်သော်၎င်းမဖြစ်ပါမူ ထို အဆင်း, အသံ စသည်သည် 'သပ္ပာယ' မည်၏၊ ယင်းသို့ သင့်,မသင့် တော်,မတော်စသည် ဆင်ခြင်နှလုံးသွင်း၍သင့်တော်သည်ကိုသာပြုလုပ်သဖြင့် ရအပ်သောအကျိုး သည် 'သပ္ပာယသမ္ပဇဉ်' ၏ 'သာတ္ထကသမ္ပဇဉ်'အကျိုးဖြစ်၏။

ထို 'သာတ္ထကသမ္ပဇဉ်, သပ္ပာယသမ္ပဇဉ်' ၂-မျိုးသည် လောကီ- လောကုတ္တရာ ၂-ပါးလုံးနှင့်ဆက်ဆံသည်၊ နေရာတကာတွင်အသုံးဝင်သည်၊ ဝိပဿနာနယ်အတွက်ကား ၎င်းတို့နှင့်ကိစ္စမပြီးနိုင်သေးပေ၊အထောက်အပံ့ ကောင်းကား ဖြစ်လေသည်၊ တနည်းသော်-ဆင်ခြင်ဉာဏ် စိန္တာမယသတ္တိ ကား ရှိသည်၊ ဘာဝနာမယကား မဖြစ်သေးချေ။

၃။ ဝိပဿနာ အားထုတ်လျက်ရှိသော ယောဂီသည် မိမိဉာဏ် ကျက်စားရာ သတိပဋ္ဌာန်တည်းဟူသော ပိုင်နက်အတွင်း၌သာ ကျက်စား ခြင်းသည် 'ဂေါစရသမ္ပဇဉ်'မည်၏၊ယောဂီသည် မိမိကျက်စားရာ သတိ ပဋ္ဌာန် အာရုံမဟုတ်လျှင် ဒုက္ခတွေ့တတ်ကြောင်းကို မြတ်စွာဘုရားသည် သကုဏဂ္ဃိသုတ်၌....

'ချစ်သားတို့ ရှေးအခါက ဖြစ်ဘူးသည်ကား သိမ်းငှက်သည် ဗီလုံး ငှက်ငယ် တကောင်ကို လျင်မြန်သောအဟုန်နှင့် သုတ်ချီယူသွားလေ သည်၊ ထိုအခါ ဗီလုံးငှက်ငယ်သည် 'ငါတို့သာ ဘုန်းကံ နည်းပါး အသရေ ပါးရှားကုန်၏၊ ငါသည် မကျက်စား သင့်သော သူတပါး ပိုင်နက်၌သာ ကျက်စားမိခဲ့၏၊ အကယ်၍ ငါသည် ငါတို့ အဖနေရာ ကျက်စား သင့်ရာ၌ ကျက်စား၍ကား နေခဲ့ငြားအံ့၊ ဤသိမ်းငှက်သည် ငါ့အားမဖမ်းယူနိုင်ရာ၊ တကယ်တော့မူ သူနိုင်-ငါနိုင်စစ်ပြိုင်မှုသာ ဖြစ် လေရာ၏'ဟု ငိုကြွေးမြည်တမ်းလေသည်၊ ထိုအခါ သိမ်းငှက်က 'ဟယ်-

www.dhammaransi.com

ဗိုလုံးငှက် သင်၏ မိဖပိုင်ရာ ကျက်စားရာသည် အဘယ်မှာနည်း' ဟု မေးသော် ဗိုလုံးငှက်က 'လယ်ထွန်ထားသော ထွန်ချေးခဲ ရှိရာ အရပ်သည် ငါတို့၏ ကျက်စားရာ နယ်မြေ'ဟု ဆိုချေသော် သိမ်းငှက်သည် မိမိ၏အစွမ်းသတ္တိကို အားကိုး ယုံကြည်ရင်း ရှိသည့်အတိုင်း ဗိုလုံးငှက်ငယ်အား 'ကဲ-သွားချေ၊ သင့်ကျက်စားရာ နယ်မြေရောက်သော်လည်း သင်သည် ငါ့လက်မှ လွတ်မည်မဟုတ်'ဟု ဆို၍ လွတ်လိုက်လေသည်။

ထိုအခါ ဗိုလုံးငှက်သည် ပုန်းအောင်းရာနေရာကို မှတ်သားပြီးသော် ထွန်ချေးခဲပေါ်သို့ တက်၍ 'သိမ်းငှက် ငါကား ငါ၏ ကျက်စားရာ နယ်မြေသို့ ယခုရောက်ချေပြီ၊ သင်သည် သင်၏အစွမ်းသတ္တိကို ယုံကြည်ပါက လာခဲ့လော့'ဟု ဆိုလိုက်သည်၊ ထိုအခါ သိမ်းငှက်သည် အားအစွမ်းကို အပြည့်အဝသုံးလျက် အတောင်နှစ်ဖက်ကိုရုပ်၍ကောင်းကင်မှ ထိုးစိုက်ချလာလေသည်၊ သိမ်းငှက်လာကြောင်း သိသော ဗိုလုံးငှက်သည် ထွန်ချေးခဲအောက်သို့လျင်မြန်စွာ ဝင်ရောက်ပုန်းလိုက်လေသည်၊ အရှိန်နှင့် ထိုးစိုက်ချလာသော သိမ်းငှက်သည် ထွန်စာချေးခဲနှင့် ပြင်းထန်စွာဆောင့်မိ၍ သေလေသည်၊ ချစ်သားတို့ မကျက်စားသင့်သော သူတပါးပိုင်နက်၌ ကျက်စားမိသဖြင့် မာရ်မင်း၏ နှိပ်စက်ရန် အခွင့်အရေးကိုပေးအပ်သည်နှင့်တူလေသည်။

ချစ်သားတို့-ထို့အတူ သင်ချစ်သားတို့အား မကျက်စားကောင်းသောနေရာ၌ မကျက်စားရာ၊ အကယ်၍ ကျက်စားမိချေက ကိလေသာမာရ်သည် သင်တို့အား နှိပ်စက်ဖို့အခွင့်ကို ရလေရာ၏။မကျက်စားသင့်သော နေရာဟူသည် အာရုံငါးပါး ကာမဂုဏ်တရား ဖြစ်၏၊ ထိုကာမဂုဏ်ငါးပါးသည် သင်ချစ်သားတို့အား မကျက်စားအပ်သော အရပ်တို့ဟုမှတ်အပ်၏၊ကျက်စားအပ်သော မိမိနယ်မြေပိုင်နက်ကား....

ဂေါစရေ ဘိက္ခဝေ စရထ သကေ ပေတ္တိကေ ဝိသယေ၊ဂေါစရေ ဘိက္ခဝေ စရတံ သကေ ပေတ္တိကေ ဝိသယေ နလစ္ဆတိ မာရော ဩတာရံ၊ န လစ္ဆတိ မာရော အာရမ္မဏံ၊ ကောစ ဘိက္ခဝေ ဘိက္ခုနော ဂေါစရော သကော ပေတ္တိကော ဝိသယော၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်-၁၂၈)

ဘိက္ခဝေ၊ချစ်သားတို့။ပေတ္တိကော၊ အဖဥစ္စာဖြစ်သော။သကေဝိသယေ၊ မိမိ၏အမွေအနှစ် ကိုယ်ပိုင်နယ်မြေဖြစ်သော။ ဂေါစရေ၊ စားကျက်အတွင်း၌။ စရထ၊ကျက်စားကြပါကုန်လော့။ ဘိက္ခဝေ၊ချစ်သားတို့။ ပေတ္တိကေ၊ အဖဘုရား၏ဥစ္စာဖြစ်သော။ သကေဝိသယေ၊ မိမိ၏အမွေအနှစ် ကိုယ်ပိုင်နယ်မြေဖြစ်သော။ ဂေါစရေ၊ ကျက်စားရာအာရုံထဲ၌။ စရတံ၊ ကျက်စားနေကြသည် ဖြစ်သော်။ ဝေါ၊ သင်ချစ်သားတို့အား။ မာရော၊ ကိလေသာဟု ဆိုအပ်သော သူသတ် ယောကျ်ားသည်။ ဩတာရံ၊ ဝင်ရောက်နှိပ်စက်နိုင်သောအခွင့်ကို။ နလစ္ဆတိ၊ မရလတ္တံ့။ မာရော၊ကိလေသာဟူ သတ်မည့်သူသည်။အာရမ္မဏံ၊ နှိပ်စက်သတ်ဖြတ်မှု အာရုံကို။နလစ္ဆတိ၊ မရလတ္တံ့။ဘိက္ခဝေ၊ချစ်သားတို့။ ပေတ္တိကော၊ အဖဘုရား၏ ဥစ္စာဖြစ်သော။ သကောဝိသယော၊ မိမိ၏ အမွေအနှစ် ကိုယ်ပိုင်နယ်မြေဖြစ်သော။ ဘိက္ခုနော၊ တရားရှုတတ်ယောဂီမြတ်၏။ ဂေါစရော၊ကျက်စားရာနယ်မြေသည်။ ကော၊အဘယ်ပါနည်း။ယဒိဒံ· ယေဣဒံ စတ္တာရော သတိပဋ္ဌာနာ၊ ဤသတိပဋ္ဌာန် တရား အကြောင်း ၄-ပါးတို့ပေတည်း။

ယင်းသို့ သကုဏဂ္ဃိ သုတ်၌ မြတ်စွာဘုရား ဟောတော်မူသော အတိုင်း သတိပဋ္ဌာန်ဟူသော ကျက်စားရာနယ်မြေမှ မထွက်သော ယောဂီသည်သာ 'ဂေါစရသမ္ပဇဉ်' ဖြစ်လေသည်၊ ကျက်စားရာ သတိပဋ္ဌာန် နယ်မြေမှ ထွက်သောသူသည် ကိလေသာ၏ အနှိပ်စက် အနှောင်အဖွဲ့မှ မလွတ်တော့ပေ၊ ထိုဂေါစရသမ္ပဇဉ်၌ စတုက္က ၄-မျိုးဖြင့် ဝေဖန်ထားသည်ကား 'ရှေ့သို့သွားခြင်းအဘိက္ကန္တနှင့် နောက်သို့ပြန်ခြင်း ပဋိက္ကန္တ တွင် ရဟန်းတို့ ဆွမ်းခံရွာသို့ ဆွမ်းခံကြရာ၌....

၁။ အသွားတွင်ဆောင်၍ အပြန်တွင်မဆောင်ရသော ရဟန်း၊

၂။ အသွားတွင်မဆောင်ဘဲ အပြန်မှဆောင်သော ရဟန်း၊

၃။ အသွားအပြန် ၂-ချိန်စလုံး မဆောင်သော ရဟန်း၊

၄။ အသွားရောအပြန်ပါ ၂-ချိန်စလုံး ဆောင်ရသော ရဟန်း·
ဟု အဋ္ဌကထာတွင် ၄-ပါး ပြလေသည်၊ ထိုတွင်....

www.dhammaransi.com

ပဌမရဟန်းသည် မိမိနေရာတွင် ဣရိယာပုထ် ၄-ပါးတို့ဖြင့် မပြတ်မလပ် အားထုတ်၏၊ ညဥ့်သုံးယာမ်၌လည်း အိပ်ချိန်ကိုပယ်၍ ကျန်အချိန်များတွင် အားထုတ်လျက်သာ နေ၏၊ဆွမ်းခံအသွားတွင်လည်း ကမ္မဋ္ဌာန်းနှင့်သာ သွား၍ အပြန်ခရီးတွင် ရဟန်းငယ်တို့နှင့်ရှင်း, သာမဏေတို့နှင့်ရှင်း စကားပြောလျက် ပြန်လာသောကြောင့် ဤပဌမရဟန်းသည် အသွားတွင်သာ ဆောင်၍ အပြန်တွင် မဆောင်သောရဟန်း ဖြစ်လေသည်။

ဒုတိယရဟန်းကား ပဌမရဟန်းကဲ့သို့ အားထုတ်၍ ဆွမ်းခံအသွားတွင် မဆောင်နိုင်ဘဲ အပြန်မှသာ ဆောင်သော ရဟန်း ဖြစ်၏။

တတိယ ရဟန်းသည်ကား မည်သည့်အချိန်မှ တရားမပေါ်၊ တရားမဆောင်သော ရဟန်းဖြစ်သည်၊ တရားကို အားထုတ်ရသည် ဟူ၍မျှ နှလုံးမသွင်းသည့်ပြင် ဤဘဝတွင် မဂ်ဖိုလ်မရနိုင်ဟု ယူဆထားသူ ဖြစ်လျက် ဘာဝနာလုပ်ငန်း၌ လုံးဝစိတ်ဝင်စားမှုမရှိသောပုဂ္ဂိုလ်မျိုး ဖြစ်သည်၊အချို့တတိယ ရဟန်းမျိုးကား မိမိမယုံကြည်သည်သာမက အခြားယုံကြည်သူများကိုပင် ကိုယ်အမူအရာဖြင့် နှောင့်ယှက်ခြင်း,နှုတ်အမူအရာဖြင့်ဆန့်ကျင်စကား ပြောကြားခြင်း စသော မြတ်စွာဘုရား၌, တရား၌, သံဃာ၌ သံသယစကားများဖြင့် နှောင့်ယှက်သော ရဟန်းမျိုး ဖြစ်လေသည်။

စတုတ္ထရဟန်းကား မိမိနေရာ၌လည်း မပြတ်နှလုံးသွင်းလျက်ရှိရာ ဆွမ်းခံအသွားလည်းဆောင်၍ အပြန်လည်းဆောင်သောကြောင့် ဤသို့သော ဂေါစရသမ္ပဇဉ် မပြတ်သော ရဟန်းတို့သည် သာသနာတော်တလျှောက်လုံးတွင် မဂ်,ဖိုလ်ရကြသောအရေအတွက်တွင် ဤကဲ့သို့သော ရဟန်းမျိုးတို့သာ ဖြစ်လေသည်။

မြတ်စွာဘုရား လက်ထက်တော်နှင့် သာသနာသက် တထောင်ကာလမျှတိုင်အောင် သာသနာတော်၌ ရဟန်းပြုကြသူတို့သည် သံသရာဝဋ်မှလွတ်ရန် တခုသောရည်ရွယ်ချက်ဖြင့်ပြုကြကုန်သောကြောင့် ရဟန်း ၂၀-၃၀ စသည်ဖြင့် တောသို့သွား၍ အားထုတ်ကြရာတွင် ရှေးဦးစွာမထေရ်ကြီးက ငါ့ရှင်တို့သည် ဤသာသနာတော်၌ ရဟန်းပြုကြသည်မှာ....

နဣဏဋ္ဋာ-ကြွေးမြီပူ၍လည်း မဟုတ်ကုန်၊

နဘယဋ္ဋာ-ဘေးဒုက္ခကြောင့်လည်း မဟုတ်ကုန်၊

နဇီဝိကာပကတာ-အသက်မွေးမှုကြပ်တည်း၍လည်း မဟုတ်ကုန်၊

www.dhammaransi.com

အမှန်ကား-ဒုက္ခမုစ္စတုကာမှာ၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်လို၍သာ ရဟန်းပြုကြကုန်သည်၊သို့ရာတွင် ရဟန်းပြုကာမျှဖြင့်လည်း ဝဋ်ဆင်းရဲမှ လွတ်သည် မဟုတ်၊ ကိလေသာဟူသည် ဝဋ်မြစ်ဖြစ်လေသည်။ ဝဋ်ပြတ်လိုသူသည် ဝဋ်မြစ်ဖြစ်သောကိလေသာကို ပယ်ရ,သတ်ရမည်ဖြစ်သောကြောင့် ဖြစ်ရာဌာနတွင် ကိလေသာဖြစ်ခွင့်မပေးပဲ ဆုံးမရန်, သတ်ဖြတ်ရန် အားထုတ်ကြကုန်ရာသည်၊ သွားရင်း ကိလေသာ ဖြစ်လျှင် သွားရင်း သတ်ရသည်၊ ဣရိယာပုထ်တခုမှ တခုသို့ မကူးအောင်သတ်ရာ၌ ဤဂေါစရသမ္ပဇဉ်သည် ခရီးအရောက်ဆုံး ဖြစ်လေသည်။

ရပ်ရင်းကိလေသာဖြစ်လျှင် အခြားဣရိယာပုထ်အားဖြင့် မသွားမီ, မထိုင်မီ,မလျောင်းမီ ငြိမ်းစေရာသည်၊မငြိမ်းက ရပ်မြဲ ရပ်နေရမည်၊မငြိမ်းမချင်း ရပ်နေရမည်၊ သွားရင်းနှင့်ကိလေသာဖြစ်သော် ဆက်လက်မသွားပဲ ရပ်ပြီး၊ထိုလောဘစသော ကိလေသာတို့ငြိမ်းမှု,မဖြစ်ပေါ်မှ ဆက်လက်သွားရမည်၊ ကိလေသာမသတ်မိပဲ သွားမှု၊တနည်း-ခန္ဓာရုပ်,နာမ်အမှတ် သတိလွတ်ပြီး သွားမိလျှင် လွတ်သွားသော နေရာသို့ ပြန်၍ မိမိ၏ကိလေသာ ပယ်သတ်မှု အကြားမရှိအောင် ပြုလုပ်အားထုတ် ကြလေသည်၊ ဤကဲ့သို့ သတိအလွတ်မခံသော ပုဂ္ဂိုလ်တို့၏ ဂေါစရသမ္ပဇဉ်သည် (သိခါပတ္တ) အထွဋ်အထိပ်ဖြစ်၏။

မဟာဖုဿဒေဝ ထေရ် ထိုမထေရ်သည်(၁၉) နှစ်တိုင်တိုင် ခြေလှမ်းတိုင်း သွားတိုင်း တရားမလွတ်အောင် သတိမပြတ်နှလုံးသွင်းနေ၏၊မထေရ်၏ဆွမ်းခံရွာသည် စပါးစိုက်ပျိုးသူ, ဟင်းသီးဟင်းရွက်စိုက်ပျိုးသူတို့၏ စိုက်ခင်းတောင်ယာနားမှ သွားရသည်၊ မထေရ်သည် တောင်ယာလုပ်သူ, စပါးကိစ္စ ဆောင်ရွက်ပြုလုပ်သူတို့၏ အနီးသို့ ရောက်သောအခါ တစုံတခုသော အာရုံကြောင့် သတိလွတ်၍ ခြေလှမ်းများများပင် လှမ်းမိ၏၊ နောက်မှ သတိရလာလေသဖြင့် သတိလွတ်၍ လှမ်းမိသော နေရာသို့ ပြန်လျှောက်လာ၍ သတိဖြင့် ပြန်လျှောက် သွားသော အခါ လူများက ဤမထေရ်သည် ထပ်ကာထပ်ကာ ပြန်လျှောက်လာ၏။

ကိံနုခေါ မဂ္ဂမူဠှော-မျက်စိများလည်နေသလား၊ (သို့မဟုတ်) ကိဉ္စိပမုဋ္ဌော-တခုခုများ မေ့ကျန်ခဲ့လို့လား၊

www.dhammaransi.com

ဟု အချင်းချင်းပြောကြသံကို မထေရ်ကြားသော်လည်း မိမိကိစ္စသာ မိမိဆောင်ရွက်၍ သွားလေသည်၊ မထေရ်သည် နောက်နှစ်၌ ရဟန္တာဖြစ်လေသည်၊ မထေရ်ရဟန္တာဖြစ်သောညတွင် စကြံဦးရှိသစ်ပင်စောင့်နတ်သည် လက်ချောင်းတို့ကို မီးဖြစ်စေ၍ မထေရ်ကို ပူဇော်လေသည်၊ နတ်မင်းကြီး, သိကြား, ဗြဟ္မာတို့လည်း အလင်းရောင်ဖြင့်လာ၍ ပူဇော်လေသည်။

ထိုအရောင်အလင်းကို ခပ်လှမ်းလှမ်းတောတွင်နေသော ဝနဝါသီ မဟာတိဿမထေရ်မြင်လေသည်၊ နောက်နေ့နံနက်တွင် မဟာတိဿမထေရ်က ဖုဿဒေဝမထေရ်အား....

'မနေ့ညက အရှင်ဘုရားနေရာမှ အရောင်အလင်းမြင်ပါသည်၊ မည်သည့်အရောင်ပါနည်း' ဟု မေးလေသော်၊ မဟာဖုဿဒေဝမထေရ်က 'အရှင်ဘုရား - အရောင် အလင်းတို့ မည်သည် ဆီမီးရောင်လည်း ဖြစ်တတ်သည်၊ ပတ္တမြားရောင်လည်းဖြစ်တတ်ပါသည်' ဟုဖြေလေသော် မဟာတိဿမထေရ်က 'အရှင်ဘုရားတို့သည် ဖုံးလွှမ်းကြကုန်၏' ဟု ဆိုလေသည်။ ဤကား....

(သမ္မော အဋ္ဌကထာ-၃၃၆၊ မဟာဝဂ္ဂသံယုတ္တ ဋ္ဌကထာ-၂၂၂၊ မူလပဏ္ဏာသဋ္ဌကထာ-၂၆၂) တို့အရ ဖြစ်သည်။

ၑင်းပြင် 'ကာဋ္ဌဝလ္လိကျောင်းနေ မဟာနာဂထေရ်၊ ကလမ္ဗဆိပ်ကမ်းကျောင်းနေ မထေရ် ၅၀-တို့လည်း တပါးသူတို့နှင့်စကားပြောလျှင် သတိလွတ်မည်စိုးရိမ်သဖြင့် ဆွမ်းခံသွားရာတွင် ရေငုံ၍သွားပြီး အပြန်မှ ထွေးပုံ၊ တပါးသည်တပါးအား စကားမပြောမိစေရန် ကတိကဝတ်ထား၍ တရားအားထုတ်ကြပုံ၊ ဂေါစရသမ္ပဇဉ်စောင့်ရှောက်ပုံများမှာ အလွန် အတုယူဖွယ်ကောင်းလှသည်၊ ထိုအကြောင်းတို့ကိုလည်း ၑင်းအဋ္ဌကထာများတွင်ပင် ဆက်လက်၍ဖော်ပြထားသည်။

ယင်းသို့ တရားကို မပြတ်မလပ် အသွားရောအပြန်ပါ ဆောင်သော ပုဂ္ဂိုလ်တို့မှာ ကျွတ်ခွင့်လွတ်ခွင့် ဥပနိဿယနှင့် ပြည့်စုံပါမူ ပဌမအရွယ်၌ပင် ရဟန္တာဖြစ်နိုင်ပါသည်၊ အကယ်၍ မပြတ်လည်း နှလုံးသွင်းပါလျက် ပဌမအရွယ်၌ ရဟန္တာမဖြစ်မူ ဒုတိယအရွယ်တွင် ဖြစ်နိုင်ပါသည်၊ ဒုတိယအရွယ်တွင်မှ မဖြစ်မူ တတိယအရွယ်တွင် ဖြစ်နိုင်သည်၊ ထို တတိယအရွယ်တွင်မှ မဖြစ်မူ သေကာနီးမှာရဟန္တာဖြစ်နိုင်၏၊ သေကာနီးမှမဖြစ်လျှင် ဒုတိယဘဝ နတ်ပြည်တွင်ဖြစ်နိုင်ပါ၏၊ ထိုသို့မှမဖြစ်သေးလျှင်...

www.dhammaransi.com

အထူးသတိပြုရန် 'ဘုရားမပွင့်သေးလျှင် ပစ္စေကဗုဒ္ဓါဖြစ်နိုင်၏၊အကယ်၍ ပစ္စေကဗုဒ္ဓါမဖြစ်ခဲ့သော် ဘုရားပွင့်သော ကာလတွင် အဂ္ဂသာဝက, မဟာသာဝက,ခိပ္ပာဘိည,မဟာပညာ စသော တေဒဂ်ဘွဲ့ထူး ရသော ရဟန္တာကြီးများဖြစ်နိုင်၏'ဟု....

(သမ္မောအဋ္ဌကထာ-၃၃၈။မဟာဝဂ္ဂသံယုတ္တဋ္ဌကထာ-၂၂၄။မူလ ပဏ္ဏာသဋ္ဌကထာ-၂၆၄)တို့တွင်ဆိုထားသည်၊ ထိုအဋ္ဌကထာတို့သည် အရှင် မဟာဗုဒ္ဓဃောသ တပါးတည်းပြုသော ကျမ်းများဖြစ်လေသည်။

ဤနေရာတွင် ကျွန်ုပ်အနေနှင့်ဆွေးနွေးလိုသည်။

၁။ ပစ္စေကဗုဒ္ဓါသည် နှစ်သင်္ချေနှင့် ကပ္ပာတသိန်း ပါရမီဖြည့်၍ ဆရာမရှိ သစ္စာသိ၍ ဘုရားငယ်(သီးခြားဘုရား)ဖြစ်သည်။

၂။ အရှင်သာရိပုတ္တရာ-အရှင်မောဂ္ဂလ္လာန်ကဲ့သို့ အဂ္ဂသာဝကများ မှာ တစ်သင်္ချေနှင့်ကပ္ပာတသိန်းပါရမီဖြည့်၍ ဘုရား၏လကျာ လက်ဝဲ အထွဋ်အထိပ်ဖြစ်သည်။

၃။ အရှင်မဟာကဿပ စသော မဟာသာဝကကြီးများမှာ ကပ္ပာ တသိန်း ပါရမီဖြည့်၍ မြတ်စွာဘုရားအထံတော်တွင် အခြံအရံ တေဒဂ်ဂုဏ်ထူးဆောင်များ ဖြစ်သည်။

ထို ပုဂ္ဂိုလ်များသည် 'ဗောဓိဝိသေသ' ဆုထူးပန်များ ဖြစ်၍ ယခု ကျွန်ုပ်တို့ခေတ်တွင် ထိုပုဂ္ဂိုလ်မျိုးတို့မရှိနိုင်ဖြစ်သည်၊အဋ္ဌကထာများဆိုတိုင်း ဤပုဂ္ဂိုလ်တို့သည် တရားအားထုတ်ပါလျက်....

သာသနာပမှ ဖြစ်ရမည့် ပစ္စေကဗုဒ္ဓါ၊
နောက် ဘုရားပွင့်မှ လကျာ-လက်ဝဲရံရမည့် အဂ္ဂသာဝက၊
နောက်ဘုရားလက်ထက်မှ တေဒဂ်ဂုဏ်ထူးနှင့် ဘုရားကို ခြံရံရမည့် မဟာသာဝက၊

ရင်းတို့ထက်....

ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ။

ချစ်သားတို့- အကြွင်း အမှတ်မရှိ တစုံတယောက်သော ယောဂီပုဂ္ဂိုလ် သည် ဤ ၄-ပါးသောသတိပဋ္ဌာန်တရားတို့ကို ညွှန်ပြသောနည်းအတိုင်း

www.dhammaransi.com

ကျန်စွာအားထုတ်က(ခုနစ်ရက်၊ တဆယ့်ငါးရက်၊ တလ၊ နှစ်လ၊သုံးလ၊ လေးလ၊ ငါးလ၊ ခြောက်လ၊ ခုနစ်လ၊ တနှစ်၊နှစ်နှစ်၊ သုံးနှစ်၊လေးနှစ်၊ ငါးနှစ်၊ခြောက်နှစ်) ခုနစ်နှစ် ပွားများ အားထုတ်လျှင် ယခုဘဝ၌ပင် အထက် မဂ်-ဖိုလ်ဟုဆိုအပ်သော အရဟတ္တဖိုလ်ရဟန္တာဖြစ်မည်၊အကယ် ၍ အစွဲအလမ်းရှိသေးက အနာဂါမ်ဖြစ်ရမည် ကျိန်းသေတည်း။

ဟု ဟောသော သတိပဋ္ဌာန်အကျိုးပြ အာမခံချက်ကို ထောက် ကြည့်လေလျှင် ဤ သတိပဋ္ဌာန်ကိုအားထုတ်သောပုဂ္ဂိုလ်သည် ဤဘဝတွင် ရလျှင်ရ မရက သေကာနီးရဟန္တာဖြစ်ရမည်၊ မဖြစ်က နတ်ဖြစ်၍ ရဟန္တာ ဖြစ်မည်၊ မဖြစ်က နောက်-နောက်-နောက်....

ပစ္စေကဗုဒ္ဓါဖြစ်ရန် သာသနာပကာလကို ဘဝများစွာ စောင့်ရပေ ဦးမည်၊ တဖန်မဖြစ်ခဲ့သော် နောင် အရိမေတ္တေယျဘုရားအပွင့်ကို စောင့်ရ ဦးမည်၊ နောင် သက်တမ်းတသိန်းမှ ပွင့်မည်ဟု အဆိုရှိသည်၊ ဘဝပေါင်း ရေတွက်၍မရနိုင်အောင်များလှသည်၊သတိပဋ္ဌာန်ပါဠိတော်၏ဘုရားဟော-

'ဒိဋ္ဌေဝဓမ္မေ- ယခုဘဝပစ္စက္ခ၌ပင်လျှင်'

ဟူသောစကားနှင့်အလွန်အလှမ်းကွာလျက်ရှိ၏၊ ယခုဘဝတွင်ဖြစ် လျှင်ဖြစ်, မဖြစ်လျှင် သေကာနီးသောကာလ၌ ရဟန္တာ ဖြစ်ရမည်ကိုကား ဘုရားဟောသုတ်ပေါင်းများစွာအရ ကျွန်ုပ်တို့ ယုံကြည်ထားပြီးဖြစ်သည်၊ အကယ်၍ယခုဘဝသောတာပန်မျှဖြစ်၍ နောင် ခုနစ်ဘဝတွင် အဆုံးသတ် ရဟန္တာဖြစ်မည်ဆိုလျှင်လည်း ပါဠိတော်နှင့် လျော်သည်ပင်၊ သောတာပန် ပင်လျှင် အလွန်ဆုံး ခုနစ်ဘဝတွင် ဝဋ္ဋဒုက္ခအဆုံးသတ်သွားသည်၊ ယခုဘဝ တွင် သောတာပန်-အရိယာမဖြစ်သည်ထားဦး၊ သေကာနီး တရားရှုနိုင်က သောတာပန်ဖြစ်မည်၊ (အင်္ဂုတ္တရ ဆက္ကနိပါတ် ပါဠိတော် ဖဂ္ဂုနသုတ်တွင် အနာဂါမ်အထိ ဖြစ်သည်)ဟု မြတ်စွာဘုရား ဟောထားသည်။

သေကာနီးမှ, သေ၍ ဒုတိယဘဝကျမှ သောတာပန်ဖြစ်သူပင်လျှင် ခုနစ်ဘဝသာ(ဘဝတနုက)ရှိသေးလျှင် ဤ ဂေါစရသမ္မာဒိဋ္ဌိနှင့် ဂတပစ္စာ ဂတဝတ် မပြတ်မလပ် အားထုတ်သော ပုဂ္ဂိုလ်တို့၏ မရေမတွက်နိုင်သော ဘဝများစွာ ကျန်ရှိပုံကား ဘဝငမကျစရာပင်။

www.dhammaransi.com

ဘုရားအလောင်းတို့ ရောက်ရာဉာဏ် တစ်ခုတော့စပ်ဟပ်ဆွေးနွေးလိုသည်၊ သဗ္ဗညုမြတ်စွာ ဘုရား အလောင်းတော်တို့သည် တခါ တရံ ဘုရား တဆူဆူ၏ သာသနာတော်တွင် ရဟန်းဘဝနှင့်နေ၍ တရားအားထုတ်ကြပါသေးသည်၊ သို့ရာတွင်....

အပစ္ဆိမဘဝိကာ ပန ဝိပဿနံ သင်္ခါရုပေက္ခံ ပါပေတွာ ဌပေန္တိ။
(ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ-၂၅၁)

'နောက်ဆုံး ကိုယ်တိုင်ဆရာမရှိ သစ္စာသိရန်မဟုတ်သော ဘဝများတွင် အလောင်းတော်သည် သူတပါးထံမှ နည်းခံအားထုတ်ရသော် သင်္ခါရုပေက္ခာဉာဏ်တွင်သာ ရပ်တန့်နေကြောင်း' ပြထားသည်၊ ၎င်းပြင်....

တတော ပုရိမပုရိမေသု ပန ဘဝေသု သဗ္ဗညုဗောဓိသတ္တာ ဗုဒ္ဓသာသနေ ပဗ္ဗဇိတွာ တိဏ္ဏိ ပိဋကာနိ ဥဂ္ဂဏှိတွာ ဂတပစ္စာဂတဝတ္တံ အာရုယှ ကမ္မဋ္ဌာနံ အနုလောမဂေါတြဘုံ အာဟစ္စ ဌပေန္တိ။
(ပုဂ္ဂလပညတ်အဋ္ဌကထာ-၄၀)

တတော၊ ထိုပစ္ဆိမဘဝိကဘဝမှ။ ပုရိမပုရိမေသု၊ ရှေးရှေး၌ဖြစ်ကုန်သော။ ဘဝေသု၊ ဘဝတို့၌။ သဗ္ဗညုဗောဓိသတ္တာ၊ သဗ္ဗညုဘုရားအလောင်းတို့သည်။ ဗုဒ္ဓသာသနေ၊ တွေ့ကြုံဆဲ မြတ်စွာဘုရား သာသနာတော်၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ တိဏ္ဏိပိဋကာနိ၊ ပိဋကတ်သုံးပုံတို့ကို။ ဥဂ္ဂဏှိတွာ၊ သင်ယူ၍။ ဂတပစ္စာဂတဝတ္တံ၊ အသွားအပြန် ဆင်ခြင်ရသောဝတ်ကို။ အာရုယှ၊ တက်ရောက်၍။ ကမ္မဋ္ဌာနံ၊ ဝိပဿနာ ကမ္မဋ္ဌာန်း ကို။ အနုလောမဂေါတြဘုံ၊ အနုလောမဉာဏ်, ဂေါတြဘူသို့။ အာဟစ္စ၊ ဆိုက်ထိ၍။ ဌပေန္တိ၊ ထားကုန်၏။

ပဏ္ဏာသဋ္ဌကထာ၌လည်း ဤအတိုင်းဆိုပေသည်။ ထို့ပြင်တဝ....

စတုပါရိသုဒ္ဓိသီလေ ပန သုပတိဋ္ဌာယ တေပိဋကံ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိတွာ တေရသ ဓုတင်္ဂါနိ သမာဒါယ အရညံ ပဝိသိတွာ ဂတပစ္စာဂတဝတ္တံ ပူယရမာနာ သမဏဓမ္မံ ကရောန္တာ ဝိပဿနံ ဝဍ္ဎေတွာ ယာဝ အနုလောမဉာဏံ အာဟစ္စ တိဋ္ဌန္တိ မဂ္ဂဖလတ္ထံ ဝါယာမံ နကရောန္တိ။ (မဇ္ဈိမပဏ္ဏာသ ဋ္ဌကထာ-၁၉၅)

www.dhammaransi.com

စတုပါရိသုဒ္ဓိသီလေ၊ စတုပါရိသုဒ္ဓိသီလ၌။ သုပတိဋ္ဌာယ၊ ကောင်းစွာ တည်စေ၍။ တေပိဋကံ၊ပိဋကတ်သုံးပုံ ဟုဆိုအပ်သော။ဗုဒ္ဓဝစနံ၊ဘုရား စကားတော်ကို။ ဥဂ္ဂဏှိတွာ၊ ကောင်းစွာသင်ယူ၍။ တေရသဓုတင်္ဂါနိ၊ တဆယ့်သုံးပါးသော ဓုတင်တို့ကို။ သမာဒါယ၊ ကောင်းစွာ ဆောင် လျက်။ အရညံ၊ တောအရပ်သို့။ ပဝိသိတွာ၊ ဝင်၍။ ဂတပစ္စာဂတဝတ္တံ၊ အသွားအပြန် ဆင်ခြင်ရသော ဝတ်ကို။ ပူရယမာနာ၊ ဖြည့်ကုန်သည် ဖြစ်၍၊ ဝါ-ဖြည့်ကုန်လျက်။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောန္တာ၊ အားထုတ်မှု ပြုကုန်၍။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွားရှ်။ ယာဝအနုလောမဉာဏံ၊ အနုလောမဉာဏ် တိုင်အောင်။ အာဟစ္စ၊ ဆိုက်ထိ၍။ တိဋ္ဌန္တိ၊ တည်ကုန်၏။ မဂ္ဂဖလတ္တံ၊ မဂ်ရခြင်း, ဖိုလ်ရခြင်း အကျိုးငှါ။ ဝါယာမံ၊ လုံ့လကို။ နကရောန္တိ၊ မပြုကြကုန်။

ဟူ၍ ပြသည့်အပြင်....

တာနိ ပန အဋ္ဌဉာဏာနိ တေန ပုဗ္ဗဗုဒ္ဓါနံ သန္တိကေ ပဗ္ဗဇိတွာ ပိဋကတ္တယံ ဥဂ္ဂဟေတွာ ဝိပဿနာမဂ္ဂံ ဩဂါဟေတွာ ပဋိလဒ္ဓါနိ ဘာဝိတာနိ ကုဋိယဗ္ဘန္တရေ ဇလမာနပဒီပံဝိယ ဌိတာနိ အဟေသုံ၊ တသ္မာ ခိပ္ပမေဝ အာဂတာနိ နဝမံ သစ္စာနုလောမိကမေဝ အပ္ပဋိလဒ္ဓပုဗ္ဗံ ဌိတံ။

(ဇိနာလင်္ကာရဋီကာ)

ပန၊ အထူးကိုဆိုဦးအံ့။ တာနိအဋ္ဌဉာဏာနိ၊ ဥဒယဗ္ဗယဉာဏ်မှ သင်္ခါရု ပေက္ခာဉာဏ် ရောက်အောင် ရှစ်ပါးသော ထို ဝိပဿနာဉာဏ် တို့ကို။ တေန၊ ထို ဘုရားအလောင်းတော်သည်။ သဗ္ဗဗုဒ္ဓါနံ၊ အလုံးစုံသော မြတ်စွာဘုရားတို့၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ ပိဋကတ္တယံ၊ သုံးပုံပိဋကတ်ပရိယတ်ကို။ ဥဂ္ဂဟေတွာ၊လေ့လာသင်ကြား ၍။ ဝိပဿနာမဂ္ဂံ၊ ပုဗ္ဗဘာဂသတိပဋ္ဌာန်မဂ်သို့။ ဩဂါဟေတွာ၊ သက် စေ၍။ ပဋိလဒ္ဓါနိ၊ ရအပ်သော သတိပဋ္ဌာန်တရားတို့ကို။ ဘာဝိတာနိ၊ ပွားအပ်ကုန်သည်။ ဟုတ္တွာ၊ဖြစ်၍။ ကုဋိယဗ္ဘန္တရေ၊တိုက်ခန်းအတွင်း၌။ ဇလမာနပဒီပံဝိယ၊ ထွန်းထားအပ်သော ဆီမီးတိုင် ကဲ့သို့။ ဌိတာနိ၊ တည်ကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ခိပ္ပမေဝ၊ လျင်မြန်စွာသာလျှင်။ ဉာဏာနိ၊ ဉာဏ်တို့သည်။ အာဂတာနိ၊ဖြစ်လာ

www.dhammaransi.com

ကုန်၏။ နဝမံ၊ ကိုးခုမြောက်သော။ သစ္စာနုလောမိကမေဝ၊ သစ္စာနုလောမိကဉာဏ် တခုကို သာလျှင်။ အပ္ပဋိလဒ္ဓပုဗ္ဗံ၊ မရစဖူးသည်။ ဟုတွာ၊ ဖြစ်၍။ ဠိတံ၊ တည်၏။

ဤကား ဘုရားအလောင်းတော်တို့ ပါရမီဖြည့်ခဲ့သော ကာလတွင် ပြုလုပ်ခဲ့သော ဝိပဿနာလုပ်ငန်း ဖြစ်၏။ ပစ္စေကဗုဒ္ဓါစသည်တို့၏ ပြုလာသောဝိပဿနာအလုပ်သည် မယ်မျှများ၏။ သို့ရာတွင် ဤမျှ ဝိဇ္ဇာမျိုးစေ့ ကြီးမားအောင်မြင်သော 'ဗောဓိပိသေသ' ဆုထူးပန်များဖြစ်နေသဖြင့် ဤဂေါစရသမ္ပဇဉ်ပြသော အပိုင်းတွင် သီးခြားဆိုလျှင် သင့်ချေမည်။ ဆိုသင့်သည်မှာ....

ဤ သမ္ပဇဉ်အကျင့်နှင့်ပြည့်စုံအောင် အားထုတ်သူသည် ပစ္စေက ဗုဒ္ဓါဆု၊ အဂ္ဂသာဝကဆု၊ မဟာသာဝကဆု၊ ဗောဓိဆုများ ပန်ဆင်ထားသူ မဟုတ်လျှင် ယခုဘဝ ပဌမအရွယ်တွင် ။လ။ သေသည်နှင့် ဒုတိယဘဝတွင် နတ်ပြည်၌ ရဟန္တာဖြစ်နိုင်လေသည်။ ပစ္စေကဗုဒ္ဓါစသော ဗောဓိဆုထူး ပန်ဆင်ထားသူများကား ဘုရားအလောင်းတော်၏ ကျင့်ထုံးကဲ့သို့ အနုလောမဉာဏ်တိုင်အောင် ရောက်၍ ဥပနိဿယ ပါရမီအပိုင်းအခြားပြည့်သောအချိန်တွင် ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့်၎င်း၊ အဂ္ဂသာဝက မဟာသာဝကအဖြစ်ဖြင့်၎င်း၊ တေဒဂ်ဂုဏ်ထူးကိုပန်ဆင်နိုင်သော ရဟန္တာများဖြစ်နိုင်လေသည်။

ဟုဆိုလျှင် ကန့်သတ်ထားသောပါရမီလည်း ပုံစံမပျက် မဟာသတိပဋ္ဌာနသုတ်၏ အကျိုးပြ ယခုဘဝဆိုသည်နှင့်လည်း ကိုက်ညီမည်ဟုယူဆကြောင်း တင်ပြအပ်ပါသည်၊ ပညာရှင်များ လေ့လာ သုံးသပ်တော်မူကြစေလိုပါသတည်း။

၄။ **အသမ္မောဟသမ္ပဇဉ်**-ဟူရာ၌ ဂေါစရသမ္ပဇဉ် ကျက်စားနိုင်လောက်အောင် ပရမတ်ရုပ်နာမ်ကို မတွေမဝေ မှန်မှန်သိခြင်းပေတည်း၊ ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်းစသည်၌ အမှန်သိခြင်း၊ မတွေမဝေ သိခြင်းကို ဆိုပေသည်၊ ဤသတိပဋ္ဌာန်အရာတွင် တွေဝေမှု-အဝိဇ္ဇာမောဟကို တော်လှန်တိုက်ခိုက်ရသော သတိပညာဖြစ်သောကြောင့် မတွေမဝေခြင်း ဝိဇ္ဇာပညာကို အထူးပင်လိုအပ်ပေသည်၊ သတိပဋ္ဌာန်အလုပ် အားထုတ်သော ယောဂီသည် သွားမှု ကိစ္စ တခုကို ရှုမှတ်ရာ၌ ရှေ့သို့ တက်ခြင်း၊

www.dhammaransi.com

နောက်သို့ဆုတ်ခြင်းပြုရာတွင် သတိသမ္ပဇဉ်မရှိသော ပညာဉာဏ်မပါသော အန္ဓပုထုဇ္ဇန်တို့ကဲ့သို့ 'ငါ ရှေ့ကိုသွားသည်၊ငါတို့ ရှေ့ကိုသွားကြသည်' ဟူ၍ ၎င်း၊ 'ကျွန်ုပ် ရှေ့ကို သွားသည်, 'ကျွန်ုပ်တို့ ရှေ့ကို သွားခြင်း ဖြစ်သည်' ဟူ၍၎င်း သတ္တဝါ,ပုဂ္ဂိုလ်၏အမြင်ဖြင့် အမှန်မသိသော တွေ့ဝေခြင်းဖြင့် တွေဝေကြကုန်၏။

သတိသမ္ပဇဉ်ရှိသော ယောဂီ၏သွားခြင်း၌ရှေ့သို့သွားမည် ပြုသော အခါ 'ရှေ့သို့တက်၍ သွားလိုသောစိတ် (နာမ်)' ဟု သိ၍ ထိုစိတ်ကြောင့် လှုပ်ရှားမှု ဝါယော(ရုပ်)တို့သည်၎င်း, အမူအရာဝိညတ် (ရုပ်)တို့သည်၎င်း အဆင့်ဆင့်ကျေးဇူးပြု၍ အပေါင်းအစု (ကာယ)ဟုဆိုအပ်သော ရုပ်,နာမ် (ခန္ဓာ) အစုသည် လှုံ့ဆော်တိုက်တွန်း တတ်သော စိတ်၏ ဆောင်ရာသို့ ရွေ့ရှားလျက် 'ရှေ့သို့တက်ခြင်းကိစ္စ, နောက်သို့ဆုတ်ခြင်းကိစ္စ' ပြုလေသည် ဟု ပညာပါသောသိခြင်းဖြင့်သိရကား ထိုသို့သောအသိကို(အသမ္မောဟ) မတွေ့မဝေသိခြင်း,အမှန်ကျသိခြင်းဟု ဆိုပေသည်။

ထိုထက် အစိတ်စိတ်အားဖြင့် ရှေ့သို့သွားလိုသောစိတ်၏ လှုံ့ဆော်မှုသည် ရှေးဦးစွာ ခြေကြွမှုအတွက် ဖန်တီးသည်၊ သွားလိုသော စိတ်သည် ခြေကြွမှုကို တိုက်တွန်းသည်၊ လှုံ့ဆော်သည်၊ ထိုအခါ ဆိုင်ရာရုပ်တို့က ကြွမှုပြုသည်၊ သွားချင်စိတ်က တိုက်တွန်းပြန်သည်၊ ဆိုင်ရာရုပ်တို့က မ-မှု၊ ယူမှု,ရှေ့သို့လှမ်းမှုစသည်ဖြင့် ကိုယ့်တာဝန်ကိုယ်ယူ၍ ခြေတလှမ်းဖြစ်အောင် ဖန်တီးကြလေသည်။ထိုသို့ ခြေလှမ်းဖြစ်အောင် ဖန်တီးလိုက်သော်လည်း ကြွမှုပြုသော နာမ်,ရုပ်သည် မ-မှုသို့ မရောက်,မ-မှုပြုသော နာမ်,ရုပ်သည် ယူမှု,ဆောင်မှုသို့ မရောက်၊သူ့အကန့်နှင့်သူ၊သူ့ကိစ္စနှင့်သူသာ ဖြစ်၍....

တတ္ထတတ္ထေဝ၊တိုထိုကြွဆဲ မဆဲ,ယူဆဲအခိုက်အတန့်၌သာလျှင်။ပဗ္ဗံပဗ္ဗံ၊ အဆစ်အဆစ်။သန္ဓိသန္ဓိ၊အစပ်အစပ်။ ဩဓိဩဓိ၊အပိုင်းအပိုင်း။ဟုတွာ၊ ဖြစ်၍။ တတ္တကပါလေ၊မီးအပူပေးထားသောအိုးကင်း၌။ပက္ခိတ္တတိလာ ဝိယ၊ ထည့်လိုက်သောနှမ်းကဲ့သို့။ ပဋ္ဋာပဋ္ဋာယန္တာ၊ တဖျတ်ဖျတ်မြည်၍ ပေါက်ကွဲကုန်သကဲ့သို့။ ဘိဇ္ဇန္တိ၊ ပြိုကွဲပျက်စီးကုန်၏။

(မူလပဏ္ဏာသဋ္ဌကထာ ၂၆၅-နှင့် သမ္မောဟအဋ္ဌကထာ)

www.dhammaransi.com

ဤခန္ဓာ၌ ရုပ်ကလာပ်တို့ တသတ်စိ တသတ်စိ သူနေရာတွင် ဖြစ်, သူနေရာတွင် ချုပ်နေကြသဖြင့် ကြွမှုကိုစွပြုနေသော ရုပ်,နာမ်သည် မ-မှု ယူမှုစသော နေရာပုံသို့ မရောက်ပဲ ချုပ်ပျက်လေသောကြောင့် သူနေရာနှင့်သူ ချုပ်ပျက်ကြသော ရုပ်,နာမ်တို့သည် အပိုင်းအပိုင်း အဆစ်အဆစ် အစပ်အစပ် ကျော်ရှုတ် ချုပ်ပျက်ကြသည်မှာ မီးအပူ ပေးထားသော ဒိုးကင်းထဲသို့ လှော်ရန် နှမ်းထည့်လိုက် သကဲ့သို့ ရုပ်,နာမ်တို့ အပျက်ကို သရုပ်ပေါ်အောင် အဋ္ဌကထာပြသည်။

ထိုစကားကိုမှတ်၍ အချို့သော ယောဂီတို့က ခန္ဓာထဲတွင်နှမ်းလှော်သည်ကိုကြားရသလို တကယ်ပင် ရုပ်ပျက်,နာမ်ပျက်တို့ကို ကြားရပါသည်ဟု ဆိုကြသည်၊စင်စစ်မှာ အဋ္ဌကထာဆရာက ဒိုးကင်းထဲသို့ နှမ်းတွေထည့်လိုက်ပါက ရင်းနှမ်းတို့သည်တဖျတ်ဖျတ်တဖြစ်ဖြစ်မြည်၍ ပျက်စီးပေါက်ကွဲကုန်သကဲ့သို့ပေါက်ကွဲပျက်စီးပုံပေါ်အောင်ဥပမာပြခြင်းသာဖြစ်ကြောင်း၊ ယင်းသို့ တကယ်ကြားသည်ဟုဆိုပါကလည်း ပညတ်ဖက်သို့ ရောက်သွားတတ်ကြောင်း ပြောပြရလေသည်။

အဋ္ဌကထာ၌ ကြွမှုသည် ဓာတ်အားဖြင့် ဝါယော-ရုပ်သာဖြစ်၍ ချမှု,နင်းမှုသည် ပထဝီရုပ်ဖြစ်ရကား ဓာတ်အနေနှင့်လည်း ပရမတ်ရုပ်, နာမ်ကိုရောက်က မတွေ့ဝေခြင်း 'အသမ္မောဟသမ္ပဇဉ်'ပင် ဖြစ်လေသည်၊ သိအောင်မပြု၍သာ တွေဝေမှု ဖြစ်နေရသည်၊စင်စစ်မှာ ရှေ့သို့တက်သည်ဖြစ်စေ၊နောက်သို့ဆုတ်သည်ဖြစ်စေ၊ သွားချင်မှု,ကြွချင်မှု,မချင်မှု,ယူချင်မှုစသော စိတ်နာမ်ကို အကဲခတ်နိုင်သကဲ့သို့ ကြွမှု,မမှု,ယူမှုစသည်ကို ပြုနေသည်ကား နိုးဆော် တိုက်တွန်းမှု ပြုလုပ်ပေးတတ်သော ရုပ်ကိုလည်း သဘောပေါက်နိုင်သည်သာ၊ ထိုရုပ်,နာမ် တို့ကိုစွဲကို မတွေဝေသိနေသော ယောဂီအား....

ကော ဧကော အဘိက္ကမတိ။
'ရှေ့သို့ တက်သွားတတ်သော သူတဦး တယောက် အဘယ်မှာ ရှိသနည်း'
ကဿဝါ ဧကဿ အဘိက္ကမနံ။
'အဘယ်သို့သော သူတယောက်၏ ရှေ့သို့တက်ခြင်းဟုတ်မည်နည်း'

www.dhammaransi.com

ပရပတ္တတော ဟိ ဓာတူနံ ယေဝ ဂမနံ။

'အမှန်သဘော ပရမတ်အားဖြင့်မူကား ရုပ်,နာမ်ဓာတ်တို့၏ သွားမှုသာတည်း,

ဓာတူနံ ဌာနံ။

'ရုပ်ဓာတ်,နာမ်ဓာတ်တို့၏ ရပ်မှုသာတည်း'

ဓာတူနံ နိသဇ္ဇနံ။

'ရုပ်ဓာတ်,နာမ်ဓာတ်တို့၏ ထိုင်မှုသာတည်း'

ဓာတူနံ သယနံ။

'ရုပ်ဓာတ်,နာမ်ဓာတ်တို့၏ လျောင်းမှုသာတည်း'

ယောဂီသည် ယင်းကဲ့သို့ ပရမတ်ဖြစ်သောရုပ်ဓာတ်,နာမ်ဓာတ်တို့၌ မဝေမလွဲ သိခြင်းသည်ပင်လျှင်'အဘိက္ကမာဒီသု အသမ္မုယှနံ အသမ္မောဟ သမ္မဇညံနာမ'ဟူ၍ အဋ္ဌကထာပြသည့်အတိုင်း (အသမ္မောဟ)သမ္မဇဉ်ဖြစ်သတည်း။

ကြည့်မှုဆိုင်ရာ မှတ်စရာ ကြည့်မှုတွင်လည်း တည့်တည့်ကြည့်မှု, ဘေးသို့ စောင်းငဲ့ကြည့်မှုဟူ၍ရှိရာတွင် ကြည့်မြင်မှုပြုရာ၌လည်း ကိလေသာသံယောဇဉ် မဖြစ်ရန်အတွက် နည်းမျိုးစုံဖြင့် ဟောထားပေရာ မည်သို့ပင်ကြည့်ကြည့်၊ ပရမတ်သဘောပေါ်အောင် အသမ္မောဟသမ္ပဇဉ်,ဂေါစရသမ္ပဇဉ် အမြင်အသိဖြစ်ရန် လိုသည်၊ မြတ်စွာဘုရားသည် ဗာဟိယဒါရုစီရိယအား 'ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိ' မြင်လျှင်မြင်ကာမျှတွင် ရပ်ထားရန်ဟောသည်မှာ ထိုမြင်တတ်သော'စက္ခု'ပရမတ်နှင့်မြင်အပ်သော အမြင်ခံ'ဝဏ္ဏ'အဆင်းဓာတ် ပရမတ်တို့သည် ၎င်းတို့၏ 'မြင်တတ်, မြင်အပ်'ကိစ္စသာ ဆောင်ရွက်ပြီး ပျက်သွားကြောင်း သိမြင်နိုင်စေရန် ရည်ရွယ်၍ ဟောလေသည်၊ ယင်းပရမတ်တို့ ဘွားကနဲ သူလုပ်သွားရာတွင် အပျက်သဘောသာရှိ၍ ဘာမျှမကျန်သော အနိစ္စသဘော လက္ခဏာတို့ပါ သိမြင်နိုင်သဖြင့် ပညတ်ကိုသာ အကြောင်းပြု၍ ဝင်နှောက်မည့်ကိလေသာသံယောဇဉ်တို့သည် မဝင်နိုင်တော့ရကား ဗာဟိယဒါရုစီရိယ ရဟန္တာဖြစ်လေသည်။

www.dhammaransi.com

မာလုကျပုတ္တ ကြည့်မှုစသော အာရုံ ၆-ပါးနှင့် ပတ်သက်၍ ရှုတတ် သိတတ်ရန်အတွက် သဠာယတနသံယုတ်သည်အပြည့်စုံဆုံး ဖြစ်သည်၊ထိုသံယုတ်တွင် မာလုကျပုတ္တမည်သော ရဟန်းကြီးအား မြတ်စွာဘုရားက....

'မာလုကျပုတ္တ၊ သင်သည် ရှေးအခါကမမြင်ဘူးသေးသော ယခုလည်း မြင်နေဆဲမဟုတ်သော နောင်လည်းမြင်မှု မမြော်လင့်မတောင့်တအပ်သော အဆင်းတခုခု၌ နှစ်သက်မှု၊ သဘောကျမှု၊ လိုချင်မှုသည် သင့်အား ဖြစ်ပါမည်လော-ဟုမေးတော်မူရာ မာလုကျပုတ္တရဟန်းက- 'မဖြစ်ပါအရှင်ဘုရား'ဟု လျှောက်လေသည်။

မှန်၏၊ 'လိုချင်မှု၊ နှစ်သက်မှု၊ တပ်မက်မှုတို့သည် မြင်အပ်သော အဆင်းကို မြင်တတ်သောမျက်စိ အကြောင်းပြုပြီးမှ ဖြစ်ကြောင်း....

သန္တိ ဘိက္ခဝေ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ။

စသည်ဖြင့် သဠာယတန သံယုတ်ပါဠိတော်တွင် အများအပြား ဟောတော်မူထားသည်။

မျက်စိနှင့်အဆင်း တွေ့ဆုံပေါင်းမိရာ၌ နှစ်သက်ဖွယ်၊ သာယာဖွယ်၊ တပ်မက်ဖွယ်တို့သည် ဖြစ်ကြကုန်သည်၊ ရှိကြကုန်သည်။

ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ ဆန္ဒရာဂေါ တံ တတ္ထသံယောဇနံ ဟုလည်း ဟောတော်မူသည်။

မျက်စိနှင့်အဆင်း ၂-ခုတို့ပြင်းခြင်းကို အစွဲပြုဖြစ်သော လိုချင်မှု၊စွဲမက်မှု (ဆန္ဒရာဂ)သည် ထိုမြင်တတ်၊ မြင်အပ်တို့၏ 'သံယောဇဉ်' အနှောင်အဖွဲ့မည်၏။

ဟု ကာမဘူသုတ်စသည်တွင် ဟောသည်။

မာလုကျပုတ္တရဟန်းက မမြင်ရသေးသော အဆင်းတခုခု၌ စွဲမက်မှုစသည်သည် မြင်မှသာဖြစ်တတ်သော သဘောကြောင့် မမြင်ရသေးသည့် မာလုကျပုတ္တက 'မဖြစ်ပါ' ဟု လျှောက်သည်ကား အမှန်ပင် ဖြစ်သည်။ သို့အတွက် ကျန်အာရုံ ၆-ပါးစလုံးမေးသည်။ ၆-ပါးစလုံးလည်း မဖြစ်ပါ ဟုပင် အမှန်အတိုင်း လျှောက်သည်။ ဆက်လက်၍ မြတ်စွာဘုရားက....

www.dhammaransi.com

'သို့ဖြစ်လျှင် မာလုကျပုတ္တ သင်သည် ယခု မျက်စိနှင့်အဆင်းတွေ့ဆုံ၍ မြင်ဆဲ' ဖြစ်သော ယခုအခါ၌လည်း မမြင်ရဖူးသော အဆင်းတခုခု၌ တပ်မက်မှု, စွဲမက်မှုစသည် မဖြစ်ခဲ့သော် တပ်မက် စွဲယူမှုမဖြစ်အောင် 'မြင်ကာမျှ'ဟု ပရမတ်ကိုသဘောပေါက်ခဲ့သော် (အတိုချုပ်အားဖြင့်) သင်သည် ဆင်းရဲဆုံးရာ နိဗ္ဗာန်ကိုရလတ္တံ့။

ဟု ဟောတော်မူရာ မာလုကျပုတ္တသည် မြင်တတ်အောင် လေ့ကျင့်အားထုတ်သဖြင့် ရဟန္တာဖြစ်တော်မူသည်။

ကြည့်မှု,မြင်မှု (အာလောကန-ဝိလောကန)ဆိုင်ရာ အဋ္ဌကထာ၌ ကြည့်ရာတွင် စိတ်အဆင့်ဆင့်စသည်ဖြစ်ပုံကို အကျယ်ပြထားသည်၊ လိုရင်းမှာ ကြည့်ချင်စိတ်နှင့် မျက်စိအကြည် မြင်သိစိတ်တို့ ပေါင်းဆုံမှုမြင်သည်ဖြစ်ရာ၌ ဖြစ်လာပုံကို အကျယ်ချဲ့နေ၍ အလုပ်မဖြစ်နိုင်။ မြင်မှုတခုဖြစ်လာသည်ကစ၍ ပရမတ်ရုပ်, နာမ်တို့ကိစ္စသာဖြစ်ပုံ၊ မြင်ချင်သောစိတ်သည် (ပရမတ်နာမ်)ဖြစ်၍ မြင်မှုသည် မျက်စိအကြည် (ပရမတ်-ရုပ်)ဖြစ်သည်။ နောက်မြင်သည်ဟု သိသော အသိသည် (ပရမတ်-နာမ်) ဖြစ်လေသဖြင့် ပရမတ် ရုပ်,နာမ်တို့၏ ကိစ္စသာဖြစ်သည်။ မြင်ချင်သော 'ငါ'၊ မြင်တတ်သော'ငါ'၊ 'မြင်သိသော'ငါ'မရှိကြောင်း (အသမ္မောဟသမ္ပဇဉ်)အားဖြင့် မတွေမဝေသိခြင်း သတိပဋ္ဌာန်ဖြစ်လေသည်။

ကွေးခြင်း-ဆန့်ခြင်း ပါဠိတော်တွင် 'သမိဉ္ဇိတေ ပသာရိတေ' လက်,ခြေတို့ကို ကွေးမှု, ဆန့်မှု ပြုရာတွင်လည်း သာတ္ထကသမ္ပဇဉ်အရ အကျိုးရှိသော ကွေးမှု, ဆန့်မှုစသည်နှင့် သပ္ပါယသမ္ပဇဉ်အရ သင့်တော်,မတော်အားဖြင့်ဆင်ခြင်အပ်သည့်အပြင် ဤကွေးခြင်း,ဆန့်ခြင်းသည် မကွေးလျှင်-မဆန့်လျှင် မိမိအား ရောဂါအနာတခုခု ကာယိကဒုက္ခစေတသိကဒုက္ခစသော မသက်သာစရာ, မချမ်းသာစရာဟူသော အကျိုးမဲ့မှုဖြစ်နေပါက သာတ္ထကသမ္ပဇဉ်အရ အကျိုးရှိမှုကို ပြုအပ်လေသည်။ အကယ်၍ ကွေးလိုက်,ဆန့်လိုက်ပါကလည်း မိမိအတွက် ချမ်းသာကြောင်းဖြစ်မည်, စိတ်ဆင်းရဲမှု ကင်းမည်ဖြစ်ပါက မိမိအကျိုးအတွက် ပြုအပ်လေသည်။ သပ္ပာယ သမ္ပဇဉ်အတွက်ကား မိမိအကျိုးရှိသည့်တိုင်အောင် သင့်မသင့်၊ တော်မတော် ကြည့်ရသေးသည်။ ဘုရားရှေ့,သံဃာရှေ့, လူကြီးမိဘ, ဆရာသမား, သက်ကြီးဝါကြီးစသော ရိုသေထိုက်သည့်နေရာတို့တွင် ခြေ,

www.dhammaransi.com

လက်ဆန့်တန်း၍နေလျှင် မသင့်လျော်ချေ။ နေရာဌာနတို့လိုက်၍ ဤသမ္ပဇဉ်များကို အသုံးပြုရသည်။

သပ္ပါယမဖြစ်လျှင် သမာဓိမရ မြတ်စွာဘုရားသည် သာတ္ထက,သပ္ပါယသမ္ပဇဉ် ၂-မျိုးကို လောကီလောကုတ် ၂-ဖက်လုံး အသုံးချတတ်စေရန် ဟောထား၏။ သံသရာလွတ်ကြောင်း လောကုတ္တရာ တရားလုပ်ငန်းတွင်လည်း ဤသပ္ပါယ ၂-မျိုးအခြေခံ၍ ဂေါစရသမ္ပဇဉ် အသမ္မောဟသမ္ပဇဉ် ၂-ပါးဖြင့် တရားရရန် ဟောထားသည်။ သတိပဋ္ဌာန် ဤသမ္ပဇဉ်ပိုင်းတွင် ၇-ဌာနဟောတော်မူရာဌာနတိုင်း တရားရမှုဖြစ်လောက်အောင်ဟောထားပေသည်။ မြတ်စွာဘုရားသည် ပရမတ်ရုပ်နာမ်၏သဘာဝကို သဘာဝအတိုင်း မလွန်ဆန့်ဘဲ မျက်မှောက် ပြောင်းလဲ ချက်များကိုသာ ပစ္စုပ္ပန်ကျကျ ရှုတတ်ဖို့, ကိလေသာမဝင်ဖို့ ဟောထားသည်။ ရုပ်, နာမ်တို့၏ ပျက်သဘော, ဆင်းရဲသဘော, အစိုးမရ သည့် သဘောတို့ကို သူတို့သဘောအလိုက်သာ ရှုဖို့,သိဖို့ ဟောသည်ချည်းသာဖြစ်၏။ သဘာဝ ဆန့်ကျင်မှုပြု၍ ဟောသောတရားမျိုးကို ဓမ္မက္ခန္ဓာ ၈၄၀၀၀-တွင် ရှာက တလုံးမှ တွေ့မည်မဟုတ်ပေ။

ဝန်ခံချက် မြတ်စွာဘုရားသည် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်တွင်'ချစ်သားတို့ ငါဘုရားသည် လောကနှင့် မဆန့်ကျင်, မငြင်းခုံ၊ လောကကသာလျှင် ငါဘုရားကို ဆန့်ကျင်သည်,ငြင်းခုံသည်၊ လောက၌ ပညာရှိတို့သည် အကြင်သဘောတရားတခုကို မရှိနိုင်,မဖြစ်နိုင်ဟု ဆိုကြကုန်သည်။ ထိုပညာရှိတို့ စကားအတိုင်း ငါသည်လည်း မရှိဟု, မဖြစ်ဟုပင် ဆိုသည်။ လောက၌ ပညာရှိတို့သည် အကြင်တရားသဘောတခုကို ရှိသည်, ဖြစ်သည်ဟု ဆိုကြကုန်၏။ ထို ပညာရှိတို့စကားအတိုင်း ငါသည်လည်း 'ရှိသည်, ဖြစ်သည်'ဟူ၍ပင်ဆိုသည်။

ဟု လောကနှင့်မဆန့်ကျင်ကြောင်း ကိုယ်တော်တိုင် ဟောတော်မူလျက် ဆက်လက်၍....

> အတ္ထိ ဘိက္ခဝေ လောကေ လောကဓမ္မော တံ တထာဂတော အဘိသမ္ဗုဇ္ဈတိ အဘိသမေတိ အဘိသမ္ဗုဇ္ဈိတွာ အဘိသမေတွာ တံ အာစိက္ခတိ ဒေသေတိ ပညပေတိ ပဋ္ဌပေတိ ဝိဝရတိ ဝိဘဇတိ ဥတ္တာနီကရောတိ။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ပုပ္ဖသုတ် ၁၁၃)

www.dhammaransi.com

ဘိက္ခဝေ၊ ချစ်သားတို့။ လောကေ၊လောက၌။ လောကဓမ္မော၊ပျက်စီးတတ်သော သဘောတရားသည်။ အတ္ထိ၊ရှိ၏။ တံ၊ ထိုပျက်တတ်သော သဘောကို။ တထာဂတော၊ ငါဘုရားသည်။ အဘိသမ္ဗုဇ္ဈတိ၊ ကိုယ်တိုင် ထိုးထွင်း၍သိ၏။ အဘိသမေတိ၊ ကိုယ်တိုင်ဉာဏ်ဖြင့်သိ၏။ အဘိသမ္ဗုဇ္ဈိတွာ၊ ကိုယ်တိုင် ထိုးထွင်းသိပြီးမှ။ အဘိသမေတွာ၊ ကိုယ်တိုင် ဉာဏ်ဖြင့် သိပြီးမှ။ တံ၊ ထိုငါသိအပ်သောတရားကို သိသည့်အတိုင်း။ အာစိက္ခတိ၊ ပြော၏။ ဒေသေတိ၊ ဟော၏။ ပညပေတိ၊ ပညတ်၏။ ပဋ္ဌပေတိ၊တည်ထား၏။ ဝိဝရတိ၊ဖွင့်ပြ၏။ ဝိဘဇတိ၊ဝေဖန်၏။ ဥတ္တာနီကရောတိ၊ ပေါ်လွင်အောင် ပြု၏။

ဤသုတ်ပါဟောတော်မူချက်သည် လောက၏အကြောင်းကို ကုန်စင်အောင် လေ့လာသိရှိတော်မူပြီးသော မြတ်စွာဘုရားသည် ထိုလောက၏ သဘာဝကိုသိတော်မူသည့်အတိုင်း ရုပ်,နာမ်လောကသည်ပျက်၏,ဆင်းရဲ၏, အသုံးမကျ အချည်းနှီးသောသဘော ဖြစ်၏ဟု လောကသဘာဝကို မဆန့်ကျင်ပဲအမှန်အတိုင်းပင်ဟော၏၊ ဤသမ္မောဟဝိနောဒနီဟောတော်မူပုံကိုကြည့်ပါ၊ ရုပ်,နာမ်လောက၏ ပြုမူပုံ, လှုပ်ရှားပုံတို့၏ သဘာဝအတိုင်း ရှုရပုံ မျိုးစုံအောင်ပင် တွေ့ရမည်၊ မည်သည့်လှုပ်ရှားချင်မှု, လှုပ်ရှားမှုစသောသဘော တရားတခုခုအပေါ်တွင်မှ ဆန့်ကျင် ချုတ်ချယ် မထားရပေ။

'ရုပ်ခန္ဓာသည် ဖောက်ပြန်လှုပ်ရှားနေသည်'

'နာမ်ခန္ဓာသည် ဖောက်ပြန်သိနေသည်'

ထိုရုပ်,နာမ်ခန္ဓာ၏ ၎င်းသဘာဝအကျ ဖောက်ပြန်လှုပ်ရှားမှု,သိမှု သဘောတို့၏ ဖြစ်မှု,ပျက်မှုကိုသာလျှင် အလိုက်သင့် ဉာဏ်ဖြင့်သိနေရသည်၊ ဖောက်ပြန်မှုကို မဖောက်ပြန်အောင်, လှုပ်ရှားမှုကို မလှုပ်ရှားရအောင်, သိမှုကို မသိရအောင် သဘာဝဆန့်ကျင်၍ မပြုမလုပ် မရှုရချေ၊ အကယ်၍ ကွေးခြင်း,ဆန့်ခြင်းစသော ရုပ်,နာမ်၏ လှုပ်ရှားမှုတခုခုကို ၎င်း၏သဘာဝ အတိုင်းမဟုတ်ပဲ ချုပ်တည်းလိုက်ပါက....

တတ္ထ၊ထိုကွေးမှုဆန့်မှုသဘော၌။ ဟတ္ထပါဒေ၊လက်,ခြေတို့ကို။ အတိစိရံ၊ ထားသင့်သည်ထက်ပို၍ အလွန်ကြာမြင့်စွာ။ ဝါ-ပင်ကိုဣရိယာပုထ်ကို ဆန့်ကျင်၍ အလွန်ကြာမြင့်စွာ။ သမိဉ္ဇေတွာဝေဝ ဝါ၊ ကွေးထားသော အတိုင်းသော်၎င်း။ ပသာရေတွာဝေဝ ဝါ၊ ဆန့်ထားသောအတိုင်းသော်

www.dhammaransi.com

ရှင်း။ ဌိတဿ၊ တည်ထားသောသူအား။ ခဏေခဏေ၊ ခဏတိုင်း ခဏတိုင်း။ ဝါ-တချိန်ထက်တချိန်။ ဝေဒနာ၊ခံစားမှုဒုက္ခဝေဒနာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ စိတ္တံ၊ အသိစိတ်သည်။ ဧကဂ္ဂံ၊ တည်ငြိမ်မှုကို။ နလဘတိ၊ မရ။ ကမ္မဋ္ဌာနံ၊ မိမိရှုသိနေသောကမ္မဋ္ဌာန်းမှ။ ပရိပတတိ၊ လည်ကျ၏။ ဝါ-ထင်ရှားရာ ဆင်းရဲခံစားမှုဖက်သို့ကျလာ၏။ ဝိသေသံ၊ စိတ်ငြိမ်မှုရအပ်သည့် မဂ်-ဖိုလ်တရားထူးကို။ နာဓိဂစ္ဆတိ၊ မရ။

မိမိဟူသော ယောဂီသည် ရုပ်,နာမ် ခန္ဓာ၏ စိတ်အစဉ် ဖြစ်,ပျက်သဘော, လှုပ်ရှားမှု၏ရုပ်အစဉ် ဖြစ်, ပျက် သဘောတို့ကို ရှုနေ၏၊ အချိန်ကြာမြင့်စွာ သိစရာပရမတ်တို့ကိုရှုသိနေသောယောဂီသည် ကိုယ်သဏ္ဌာန်၌ ဣရိယာပုထ်၏ လှုပ်ရှားပေးရမှုကိုဂရုမပြုမိသော်လည်း(ရူပက္ခန္ဓာ)ရုပ်သည် ၎င်း၏ဖောက်ပြန်မှုလုပ်ငန်းအရ ဖောက်ပြန်နေ၏၊ဝေဒနာက္ခန္ဓာသည် နာမှုကျင်မှု ဒုက္ခဝေဒနာကို ခံစား၏။ သညာက္ခန္ဓာသည် နာကျင်ဆင်းရဲမှုကို ရောက်လာ၏၊သင်္ခါရက္ခန္ဓာသည်ပြုပြင်ပြောင်းလဲလို၏၊ ဝိညာဏက္ခန္ဓာသည် စိတ်ဆင်းရဲမှု ဒေါမနဿနှင့် ယှဉ်၍ ပရမတ်ပေါ်မှ ပညတ်ဒုက္ခဝေဒနာအပေါ်သို့ကျလာ၏၊ မဂ်-ဖိုလ်ရရန် တရားမှန်သည်၊ ဤသို့သောသဘာဝကို ဆန့်ကျင်၍မရကောင်းပေ၊ အကယ်၍ ပရမတ်ရုပ်,နာမ် ဖြစ်,ပျက်ကို သိနေသောဉာဏ်မှ ပညတ်ဒုက္ခဝေဒနာအပေါ်သို့ ကျရောက်သည်ကို သိသော ယောဂီအား သိလျှင်သိချင်း၊ ဝါ-နာမှု,ကျင်မှု ဖြစ်လာလျှင် ဖြစ်လာချင်း၊ ကွေး၍ဖြစ်လျှင် ဆန့်လိုက်ပြီး ရှုနေကျပရမတ်အတိုင်း ရှုသွားပါ၊ ဆန့်နေ၍ ဖြစ်လျှင် ကွေးလိုက်ပြီး ရှုနေကျပရမတ်အတိုင်း ရှုသွားပါ၊ ယင်းသို့ ဒုက္ခဝေဒနာကိုခွာ၍၊ ဝါ-စိတ်မဆင်းရဲရအောင်ထား၍ ရှုနိုင်ပါမှု....

ပန၊ မကွေးမဆန့် မပြုမပြင်ပဲ ဒုက္ခဒေါမနဿအဖြစ်ခံ၍ ပေ ရှုနေခြင်းဖြင့် တရားမရသည်မှတပါး ကွေးမှု,ဆန့်မှုသဘာဝအတိုင်း ရှုနေသဖြင့် ဒုက္ခဒေါမနဿမဖြစ်ရသော ကြောင့် တရားရသည်ကိုဆိုဦးအံ့။ ကာလေသ မိဉ္ဇန္တဿ၊ ကွေးသောကာလ၌ ကွေးသည်ဟု ရှုသောယောဂီအား။ ကာလေပသာရေန္တဿ၊ ဆန့်သောကာလ၌ ဆန့်သည့်အတိုင်း ရှုသော ယောဂီအား။ တာဝေဒနာ၊ မကွေးမဆန့် ပေတေ၍ နေမှုဖြစ်သော ထို ဆင်းရဲခံစားမှုတို့သည်။ နုပ္ပဇ္ဇန္တိ၊ ကွေးဆန့်နေသည်ကို ရှုသော ယောဂီအား မဖြစ်ကုန်။ စိတ္တံ၊ ယောဂီ၏ ဉာဏ်ပါသော ရှုစိတ်သည်။

www.dhammaransi.com

ဧကဂ္ဂံ၊ ဒုက္ခဝေနာ အနှောင့်အယှက် ကင်းသဖြင့် တည်ငြိမ်တော့၏။ ကမ္မဋ္ဌာနံ၊ ပညတ်ဒုက္ခကို မရှုပဲခွာ၍ ပရမတ် ဖြစ်ပျက်သာ ရှုနေသော ကမ္မဋ္ဌာန်းသည်။ ဖာတိ ၊ ပွားများမှု့ပြန့်ပြောမှုသို့။ ဂစ္ဆတိ၊ ရောက်၏။ ဝိသေသံ၊ ပရမတ် ရုပ်,နာမ် ရှုဉာဏ်မှန်၍ မဂ်-ဖိုလ်နိဗ္ဗာန် ကေန်ရည်စူး တရားထူးကို။ အဓိဂစ္ဆတိ၊ ရ၏။

ဤကား(မူလပဏ္ဏာသဋ္ဌကထာ-၂၆၀။ သုတ်သီလက္ခန်အဋ္ဌကထာ-၁၇၆။ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ-၂၂၀။ သမ္မောဟအဋ္ဌကထာ-၃၄၂) တို့တွင် ထင်ရှားစွာလာသည်။

စင်စစ်မှာ ကွေးခြင်း, ဆန့်ခြင်း, လှုပ်ရှားခြင်းသည် အဓိက အကြောင်း မဟုတ်ပေ၊ကွေးချင်သောစိတ်, ဆန့်ချင်သောစိတ်, ကိုယ်အမူ အရာပြုပြင်သောစိတ်၊ထိုစိတ်ကိုကြောင့် ပြုလုပ်လာသော ရုပ်,နာမ်အဆင့် ဆင့် ဖြစ်ပျက်သွားသည်ကိုသာ သိ၍ ရှု၍နေရန် အဓိကအကြောင်းဖြစ်ပေ ရာ၊ အဓိကမဟုတ်သော ကိုယ်သဏ္ဌာန်ကြီးကို ပလှုပ်ရ, မရွေ့ရ, မပြောင်းရ အောင် ဤခန္ဓာ၏'သူသဘောအနတ္တ'ကို အတ္တအနေထား၍ ရှုနေလျှင် ဆင်းရဲနှင့် ဆင်းရဲခံစားရမှုကိုဖြစ်နေပါက အဘယ်သို့အကျိုး သက်ရောက် မည်ကို သဘောပေါက်ကုန်ရာသည်။

ကွေးမှု,ဆန့်မှုစသော ပြုပြင်လှုပ်ရှားမှုတို့၌လည်း သင့်တော်မသင့် တော်ကို ဆင်ခြင်ရသေး၏၊'သပ္ပာယသမ္ပဇဉ်ပေတည်း'၊ မသင့်တော်သော ကွေးမှု,ဆန့်မှုတို့၏ အပြစ်ကိုပြရာ၌....

* သီဟိုဠ်ကျွန်း မဟာစေတီယင်ပြင်တော်တွင် ညအခါ ရဟန်း ယော်များစုဝေး၍ ပိဋကတ်တော်များကို ရွတ်အံသရဇ္ဈာယ်၍ နေကြလေ သည်၊ ကိုယ်တော်တို့၏ နောက်ကျောဖက်တွင် ဘိက္ခုနီမယော် တို့သည် ရွတ်အံသရဇ္ဈာယ်သောတရားသံကို ရိုသေစွာ နာနေကြလေသည်၊ပိဋကတ် တော် ရွတ်နေသော ရဟန်းယော်တို့တွင် ရဟန်းယော်တပါးသည် ညောင်းသ ဖြင့် လက်နောက်ပစ် ဆန့်တန်းလိုက်သောအခါ တရားနာနေသော ဘိက္ခု နီမယော်၏ ရင်ဘတ်ကိုထိမိသဖြင့်(ကာယသံသဂ္ဂ)ဘုံသပ်မိသောထိုအချက် ကြောင့် နှစ်ယောက်စလုံး လူထွက်သွားကြလေသည်၊ ဤအချက်သည် မသင့်လျော်သော လက်ဆန့်မှုဟု အဋ္ဌကထာဆိုသည်။

www.dhammaransi.com

* ရဟန်းတပါးသည် ခြေမဆန့်သင့်သော တောင်ပို့၌ ခြေဆန့်မိသဖြင့် ထိုတောင်ပို့မှ အဆိပ်ပြင်းသောမြွေ ကိုက်သဖြင့် ထိုရဟန်းသေလေသည်။

* ရဟန်းတပါးလည်း ခြေမဆန့်သင့်သော မီးပုံရှိရာ၌ ခြေဆန့်မိသဖြင့် အရိုးထိအောင် မီးလောင်ခံရ၏။

* ရဟန်း တပါး သည်လည်း သင်္ကန်း လုံမ်းသော ဝါးဘန်း၌ လက်ဆန့် မိလေသဖြင့် မြွေစိမ်း အကိုက် ခံရကြောင်းဖြင့် မူလ ပဏ္ဏာသ ဋ္ဌကထာ-၂၆၈ နှင့် သမ္မော့သံယုတ်အဋ္ဌကထာများတွင် ဆိုသည်။

ဂေါစရသမ္ပဇဉ် မလွတ်သူ

ဂေါစရသမ္ပဇဉ်ဆိုသည်မှာ-သတိပဋ္ဌာန်တည်းဟူသော ကျက်စားရာအာရုံကို သတိမလစ်စေဘဲ အမြဲအလေ့အကျင့် လုပ်နေမှုဖြစ်ရကား တချက်လစ်လျှင်တချက် ကိလေသာဝင်မည်ဖြစ်၍ ကိလေသာ မဝင်အောင် အမြဲစောင့်ရှောက်နေသော သတိ ဖြစ်သည်၊ မထေရ်တပါးသည် ခန္ဓာကိုယ်၏ အမူအရာကို ဂေါစရသမ္ပဇဉ်ဖြင့် အမြဲအကဲခပ်နေသောပုဂ္ဂိုလ် ဖြစ်သည်၊ တနေ့သော် နေ့လည်အချိန်တွင် တပည့်ရဟန်းငယ်တို့နှင့်စကားပြောနေရာမှ သတိလွတ်၍ လက်ကို ခပ်မြန်မြန်ကွေးမိသည်၊မထေရ်သည် ခန္ဓာကိုယ်၌ သတိမပြတ်ရှုကြည့်နေသူဖြစ်သည့်အတိုင်း ချက်ချင်းပင် သတိရ၍ ကွေးမိသောလက်ကို ပြန်ဆန့်လိုက်ပြီး သတိနှင့်ဖြည်းဖြည်းပြန်ကွေးသောအခါတပည့်ရဟန်းငယ်တို့က 'အရှင်ဘုရားသည် လက်ကိုမြန်မြန်ကွေးလိုက်ပြီး နောက်တွင် နဂိုနေရာပြန်ထားပြီးမှ တဖန် ဖြည်းဖြည်းပြန်၍ ကွေးသည်မှာ အဘယ့်ကြောင့်ပါနည်း'ဟု လျှောက်ကြသောအခါ မထေရ်က....

'ငါ့ရှင်တို့-အကြင်အခါမှစ၍ ငါသည် တရားအလုပ်အားထုတ်ခဲ့သည်၊ထိုအခါမှစ၍ ငါသည် ကမ္မဋ္ဌာန်းမှလွတ်၍ မကွေးစဖူး၊ ယခုသင်တို့နှင့်စကားပြောနေမိစဉ် သတိလွတ်ပြီးကွေးမိသည်ကို ငါပြန်၍ လက်ကို နဂိုနေရာထားပြီးမှ သတိနှင့်ပြန်ကွေးခြင်းဖြစ်သည်'ဟု ဆိုသောအခါ တပည့်ရဟန်းများက 'ကောင်းပါသည် အရှင်ဘုရား၊ သတိသမ္ပဇဉ် မလွတ်သော ရဟန်းသည် ဤသို့သဘောသာ ရှိပါသည်'ဟု လျှောက်ကြလေသည်။

www.dhammaransi.com

ခန္ဓာကိုယ်သည် ပရမတ်ရုပ်,နာမ်သာရှိ၍ ထိုပရမတ်မှကင်း၍'ကွေးတတ်ဆန့်တတ်သော ပုဂ္ဂိုလ်,သတ္တဝါမရှိကြောင်း၊ ကွေးချင်,ဆန့်ချင်သော စိတ်နှင့် ထိုစိတ်သည် တိုက်တွန်း နှိုးဆော်သဖြင့် ဖြစ်ရသော ရုပ်ပရမတ် အဆင့်ဆင့်တို့၏ ဖြစ်တတ်,ပျက်တတ်သော သဘောမျှသာ'ဟု ဆိုလိုပေသည်။

သင်္ကန်း-သပိတ်ကို ဆောင်ခြင်း

ဒုကုဋ်ဟူသော သင်္ကန်းကြီးနှင့် သပိတ်,သင်္ကန်းစသည်ကိုဆောင်ရာ၌ ဝတ်ရုံရာ၌ အဝတ်သင်္ကန်း ဝတ်ရုံခြင်းသည် သင်္ကန်းကိုဝတ်ချင်သောစိတ် သပိတ်ကို ကိုင်ချင်သောစိတ်၊ထိုစိတ်တို့၏ တိုက်တွန်းနှိုးဆော်ပေးမှုကြောင့် ဖောက်ပြန်သော သဘောတို့က အဆင့်ဆင့်ဝတ်ရုံမှု, ကိုင်တွယ်မှုပြုကြလေသည်၊ သင်္ကန်း, အဝတ်စသည်ကို ဝတ်ချင်သော ပုဂ္ဂိုလ်,သတ္တဝါ ရှိသည်မဟုတ်၊ သင်္ကန်း အဝတ်စသည်ကို ဝတ်တတ်ရုံတတ်သော သတ္တဝါ,ပုဂ္ဂိုလ် ရှိသည်မဟုတ်၊ သပိတ်ကို,အိုး,ခွက်,ပန်းကန်ကိုကိုင်ချင်သောစိတ်နှင့်ကိုင်တွယ်သုံးသပ်သော ရုပ်တို့သာ ရှိ၍ ကိုင်ချင်သော စိတ်,ပရမတ်မှတပါး ကိုင်ချင်သော ပုဂ္ဂိုလ် သတ္တဝါမရှိသကဲ့သို့ သပိတ်,အိုး,ခွက်,ပန်းကန်ကို ကိုင်တွယ်သုံးသပ်သော ပုဂ္ဂိုလ်,သတ္တဝါတို့ မရှိချေ၊ ကိုင်ချင်သောစိတ် (နာမ်)သည် တိုက်တွန်း နှိုးဆော်သည့်အတွက် ဝတ်ရုံ ကိုင်တွယ် သုံးသပ်သော(ရုပ်)အဆင့်ဆင့်သာ ရှိ၍ ရုပ်,နာမ်နှစ်ပါး ပရမတ်တရားတို့၏ကိစ္စသာ-ဟု သိနေရခြင်း၊ သင်္ကန်း, သပိတ်, အိုးခွက်, ပန်းကန်သည် စင်စစ် အသိစေတနာမပါသော(ရုပ်) ဖောက်ပြန်မှုသက်သက်သာတည်း၊ ဝတ်ရုံကိုင်တွယ်သော လက်သည်လည်း အသိစေတနာမရှိသော (ရုပ်) ဖောက်ပြန်မှု သက်သက်ပင် ဖြစ်၏၊ ဓာတ်, ရုပ်တို့သာလျှင်ဖြစ်၏-ဟု အမှန်ပရမတ်သဘောကို မတွေဝေ သိခြင်းသည် 'အသမ္မောဟ သမ္ပဇဉ်' မည်ပေသည်။

စားခြင်း, သောက်ခြင်း

ဆွမ်းဘောဇဉ်,အာဟာရဟု ဆိုအပ်သော အဖတ်ရသာရုံကို မှီဝဲသုံးဆောင်ခြင်းသည် 'အသိတ'မည်၏၊ ယာဂု,ရေ,လဘက်ရည်,နွားနို့,ကျွဲနို့ အဖျော်ရည်'စသော သောက်ဖွယ်သည်'ပီတ' မည်၏၊ မုန့်နီ,မုန့်ဖြူ,သစ်သီး,သစ်ဥစသော ခဲ၍ ကိုက်၍သုံးဆောင်ခြင်းသည် 'ခါယိတ'မည်၏၊ဆီ,ပျား, ထောပတ်, တင်လဲ,ဆား,လျက်ဆားစသည် သည်'သာယိတ'မည်၏၊ ထိုစားဖွယ်,သောက်ဖွယ်, ခဲဖွယ်,လျက်ဖွယ်

www.dhammaransi.com

စသည်တို့သည် တစုံတယောက်သောစားတတ်သောပုဂ္ဂိုလ်, သတ္တဝါစသည် မရှိချေ။ အလုပ်အလွေ့ ဟူသော စားရန်စိမ်ပေးသော အစိုင်အခဲကိုပြုတတ် လုပ်တတ်သော ပုဂ္ဂိုလ်,သတ္တဝါစသည်ကား မရှိချေ။

နာမယ ခါဒိတုကာမတာယ ပိဝိတုကာမတာယ ရူပံ ခါဒတိ၊ ရူပံ ပိဝတိ။

'အသိ(နာမ်)သည် စားချင်သောကြောင့်, သောက်ချင်သောကြောင့် ဖောက်ပြန်(ရုပ်)သည် စားသည်,သောက်သည်'

ဟု ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ ညွှန်ပြသော အတိုင်း စားချင် သောစိတ် သောက်ချင်သောစိတ်သည် တိုက်တွန်းနှိုးဆော်လေသည့်အတိုင်း ခိုင်းသမျှ လုပ်တတ်သောရုပ်သည် စားသည်, သောက်သည်၊ စားမှုကိစ္စ အပြုအမူ အားလုံးကို ဆောင်ရွက်သည်။

ဆောင်ရွက်ကြပုံကား- နာမ်သည် ထမင်း စားချင် သော ကြောင့် ရုပ်နှင့်ပတ်သက်သော ဆိုင်ရာတို့သည် ထမင်းလုပ်ကို ပြုလုပ်သည်။ ထမင်း လုပ်ကို ချီမ,၍ ပို့ရာ ခံတွင်းက အဆင်သင့်ဟသည်။ ထစုံတယောက်သော သူက သံချိတ်ဖြင့်ရင်း၊ စက်ယန္တယား တခုခုဖြင့်ရင်း မေးရိုးကို အတင်းဖွင့် မယူရပေ။ စားချင်သော စိတ်သည် လှုံ့ဆော် တိုက် တွန်း သည့် အ တိုင်း လှုပ်ရှားမှုဝါယောရုပ်သည် ထမင်းလုပ်ကို ပါးစပ်တွင် ထည့် လိုက် သည်။ အပေါ်သွားတို့သည် ထမင်းလုပ်ကို ချေရန် ကျည်ပွေ့ကိစ္စကို ဆောင်ရွက် သည်။ အောက်သွားတို့သည် ဆုံကိစ္စကို ဆောင် ရွက် သည်။ လျှာ သည် ထမင်းလုပ် ကောင်းစွာ ကြေညက်စေရန် အထက်အောက် လှန်လှော မွှေ တတ်သောကိစ္စကို ဆောင်ရွက်သည်။

ထိုသို့ ထမင်းလုပ်တခုကိုချေရာ၌ လျှာအဖျားတွင် တံထွေးအနည်း ငယ်နှင့် လျှာအရင်းတွင် ခွဲတံထွေးများရာသို့ ပို့သည်။ အထက် အောက် သွားတို့ကကြိတ်ချေသည်ကို လျှာမှ တံထွေးအခွဲတို့နှင့်လုံး၍ အပြန်အလှန် ကြိတ်ချေရန် လှည့်ပေးလေသည်။ မည်သူ တဦးတယောက်မျှ မွှေတံနှင့် သော်ရင်း၊ ယောက်မ နှင့် သော် ရင်း မပြုလုပ်ပေးရပေ။ လည်ချောင်း အတွင်းတို့ တွန်းချမပေးရပေ။ ဝါယောရုပ်ကသာလျှင် ဝင်စေ၏။ ဝင်တိုင်း

www.dhammaransi.com

ဝင်တိုင်းသော အလုပ်အလွေ့ကို ကောက်ရိုးအခင်းပြု၍ ခံထားသူ တစုံ တယောက်မျှမပါပဲ ဝါယောရုပ်ကသာလျှင် ခံထား၏။ အစာအိမ်အတွင်း သို့ ရောက်လာတိုင်းသော အာဟာရအလုပ်အလွေ့တို့ကို မည်သည့်ပုဂ္ဂိုလ် တစုံတယောက်ကမျှမီးထည့်၍ချက်ပေးရသည်မဟုတ်ပဲ တေဇောရုပ်ဓာတ် ကသာလျှင်ချက်၏။ ကျက်ပြီးတိုင်း ကျက်ပြီးတိုင်းသောအစာဟောင်းတို့ကို တစုံတယောက်သူကမျှ တုတ်ဖြင့်ဝှင်း၊ တောင်ဝှေးဖြင့်ဝှင်း အပြင်သို့ တွန်း ထုတ်ရသည်မဟုတ်ပဲ ဝါယောရုပ်ဓာတ်ကသာလျှင် အပြင်သို့ထုတ်၏။

ယင်းကဲ့သို့ အစာအာဟာရကို စားချင်သူ, စားတတ်သူ,ပြုလုပ်ပေး သူ, ပုဂ္ဂိုလ်သတ္တဝါမရှိ။ ငါ,သူ,လူ,နတ်, မိန်းမ, ယောကျ်ားလည်းမဟုတ်။ (နိဿတ္တ နိဇ္ဇီဝ) သတ္တဝါမဟုတ်, ပုဂ္ဂိုလ် မဟုတ် သော ပရမတ် ရုပ်,နာမ် တို့၏ ကိစ္စအလုပ်သာဖြစ်၏။ ထို ခန္ဓာငါးပါး ရုပ်,နာမ်တရားက သာလျှင် စားလို,သောက်လိုသော စိတ်အဆင့်ဆင့်ကြောင့် စားမှု, သောက်မှု ရုပ်အ ဆင့်ဆင့်ဖြစ်၍ ခဏခဏဖြစ်ပျက်ရ၏ဟုရုပ်နာမ်ပရမတ်တို့၏ဖြစ်မှု,ပျက်မှုကို မှန်ကန်စွာ မသွေမဝေသိသဖြင့် သိသည့်အတိုင်း အမှန်ရှုမြင်နိုင်မှု, ရှုမြင် နေမှုသည် စားမှု သောက်မှုတို့၌ ဂေါစရသမ္ပဇဉ်, အသမ္မောဟ သမ္ပဇဉ် ဖြစ်၏။

ကျင်ကြီး,ကျင်ငယ်စွန့်မှု စားသောက်သောအခါ ပုဂ္ဂိုလ် သတ္တဝါမပါပဲ ရုပ်ဓာတ်, နာမ်ဓာတ်တို့၏ ကိစ္စကို သိပြီး ဖြစ်၍ စားသောအစာဟောင်းတို့ စွန့်ထုတ်ရာတွင်လည်း သူ့ကိစ္စ သူဆောင်ရွက် နေခြင်းဖြစ်သည်။ ကျင်ကြီး(သို့မဟုတ်) ကျင်ငယ်စွန့်လိုသောစိတ်(နာမ်) တရား၏ တိုက်တွန်းစိတ် အဆင့်ဆင့်ကြောင့် ဝါယောရုပ်၏ တွန်းပေးမှု, ညှစ်ပေးမှုစသည်ပြုသောအခါ စွန့်ချင်သောစိတ်နှင့် စွန့်ထုတ်သော ရုပ်တို့ သည် မည်သည့် တစုံတယောက်သော သတ္တဝါကမျှ ပြုလုပ်ပေး ရသည် မဟုတ်။ သက်သက်သော ပရမတ်ရုပ်,နာမ်တို့၏ ကိစ္စသာ ဖြစ်ကြောင်း။ ရုပ်,နာမ်ပရမတ်တို့၏ အဆင့်ဆင့်တိုက်တွန်းပေးမှု,အဆင့်ဆင့်တွန်းကန်ပေး မှုစသော သဘောသာဖြစ်၍ ဖြစ်တတ်ပျက်တတ်သော သဘောအမှန်ကို အမှန်အတိုင်း သိအောင် မတွေ မဝေ ရုပ်,နာမ် မြင်အောင် အားထုတ်နေ သောယောဂီအတွက် ဉာဏ်သက်ရောက်နေမှုသည် ကျင်ကြီး,ကျင်ငယ် စွန့် ထုတ်ရာ၌ ဂေါစရသမ္ပဇဉ်,အသမ္မောဟသမ္ပဇဉ်ပေတည်း။

www.dhammaransi.com

သွား,ရပ်,ထိုင်,အိပ် ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီဟောတိ-ဟူသောသတ္တမဝါကျ၌ အဓိပ္ပါယ်ကား-သွားခြင်းဟူသည်မှာသွားလိုရာသို့တအောင့်တခဏဖြစ်စေ, အတန်ကြာအောင်ဖြစ်စေ သွားခြင်းသည် 'ဂတ'မည်၏၊ ရပ်လိုရာ၌ တအောင့်တခဏဖြစ်စေ, အတန်ကြာအောင်ဖြစ်စေ, ရပ်ခြင်းသည် 'ဌိတ'မည်၏။ ထိုင်လိုရာ၌ တအောင့်တခဏ ဖြစ်စေ၊ အတန်ကြာအောင်ဖြစ်စေ,ထိုင်ခြင်းသည်'နိသိန္န'မည်၏။ အိပ်လိုရာ၌ တအောင့်တခဏဖြစ်စေ, အတန်ကြာအောင်ဖြစ်စေ, အိပ်ခြင်းသည် 'သုတ္တ'မည်၏။ အိပ်ရာမှနိုးခြင်းသည် 'ဇာဂရိတ'မည်၏။ လည်, အာ, လျှာ, သွား,နှုတ်ခမ်း စကားပြောခြင်းငှာဖြစ်သော သဘောတရားတို့စုပေါင်းသဖြင့် အသံဖြစ်လာခြင်းသည် 'ဘာသိတ'မည်၏။ တိတ်တိတ်နေခြင်းသည် 'တုဏှီဘာဝ'မည်၏။

သွားခြင်း, ရပ်ခြင်း, အိပ်ခြင်း တို့ကား-ဣရိယာပထပဗ္ဗတွင်ပါပြီး ဖြစ်သော်လည်း ဤ၌ ခဏတ္တသွားခြင်း,ခဏတ္တရပ်ခြင်း,ခဏတ္တထိုင်ခြင်း,ခဏတ္တအိပ်ခြင်းစသည်တို့၌ ဖြစ်ဆဲကာလတွင် သိမှတ်နိုင်ရန် တနည်းတဖုံ ဟောခြင်းဖြစ်သည်။ ဂတေ-အရ သွားခြင်းကိုသိရာ၌ သွားဆဲဖြစ်သော ရုပ်,နာမ်သည် ထိုသွားဆဲမှာပင် ချုပ်သွား, ပျက်သွားသည်ကို အသမ္မောဟသမ္ပဇဉ်ဖြင့် သိပါဟု ဆိုလိုသည်။ ထို့အတူ....

ရပ်ဆဲအခါ၌ဖြစ်သော ရုပ်,နာမ် သဘောတရားတို့သည် ၎င်းရပ်ဆဲမှာပင် ပရမတ်သဘောအရ ချုပ်သွား, ပျက်သွားသည်ကို 'အသမ္မောဟသမ္ပဇဉ်'အရ သိရမည်ဖြစ်၏။

ထိုင်ခြင်း,အိပ်ခြင်းတို့၌ ထိုင်ဆဲ, အိပ်ဆဲအခါ၌ ဖြစ်သော ပရမတ်ရုပ်,နာမ်သည် ထို ထိုင်ဆဲ,အိပ်ဆဲတွင်သာ ချုပ်သွား,ပျက်သွားကြောင်းကို 'အသမ္မောဟသမ္ပဇဉ်' အရ သိရမည်။

အိပ်ရာမှ နိုးဆဲအခါတွင် အိပ်သောသဘောတို့ ချုပ်သွားပြီး ယခု နိုးသော ရုပ်,နာမ်သဘောသာဖြစ်နေ၍၊ ၎င်းသည်လည်း ပရမတ္ထ သဘာဝအရ ပျက်သွားကြောင်းကို 'အသမ္မောဟသမ္ပဇဉ်'အရ သိနေရမည်ဖြစ်၏။

စကားပြောခြင်းသည် ပြောချင်သောစိတ်၏ နှိုးဆော် တိုက်တွန်းမှုနှင့်တကွ လည်ချောင်း,လျှာ,အာခေါင်, သွား,နှုတ်ခမ်းတို့ တွဲယှဉ်ပေါင်းစပ်၍ စိတ်ဥတုဟူသောအကြောင်းတို့ကြောင့် စကားပြောသံဖြစ်လာသည်။

www.dhammaransi.com

ရင်းသည်လည်း ချုပ်တတ်ပျက်တတ်သော သဘောဟု 'အသမ္မောဟသမ္ပဇဉ်'အရ သိနေရမည်ဖြစ်၏။

ဆိတ်ဆိတ်နေခြင်းသည် စကားပြောမှု၌ဖြစ်သော ရုပ်ဓာတ်, နာမ်ဓာတ်တို့ ချုပ်ပြတ်ပြီးလျှင် စကားပြောမှုကိစ္စ မဆောင်ရွက်တော့သော ပရမတ်ရုပ်,နာမ်တို့၏ သဘောကိုလည်း 'အသမ္မောဟသမ္ပဇဉ်' အရ သိနေရမည်ပင်ဖြစ်၏။

ဝိပဿနာဆိုင်ရာ သမ္ပဇဉ် ဤသမ္ပဇဉ်ပိုင်းတွင် သာတ္ထကသမ္ပဇဉ်,သပ္ပာယသမ္ပဇဉ်, ဂေါစရသမ္ပဇဉ်, အသမ္မောဟသမ္ပဇဉ် ဟူ၍ ၄-ပါးပြခဲ့သည်။ ယင်း ၄-ပါးတို့တွင် သာတ္ထကသမ္ပဇဉ်မှာ သွားမှုကိစ္စတခုခု ဖြစ်လာခဲ့သော် ထိုကိစ္စသည် အကျိုးရှိသောသွားမှုလား, အကျိုးမရှိသော သွားမှုလားဟု စဉ်းစားဆင်ခြင်၍ အခြားသောကိစ္စသွားမည်ထက် ဘုရားသွား, ကျောင်းသွားကိစ္စ, တရားနာသွားသည့်ကိစ္စက အကျိုးရှိသည်ဟု ဆင်ခြင်တိုင်းထွာမိသော သမ္ပဇဉ်သည် သာတ္ထကသမ္ပဇဉ် ဖြစ်၍ ကောင်းပေသည်။

ဒုတိယ သပ္ပာယသမ္ပဇဉ်မှာ-ထိုသွားမှုကိစ္စသည် ဤအရပ်,ဤနေရာ ဤလမ်းကသွားသော် ဘေးရန်ကင်းမည်စသည်ဖြင့် သင့်မသင့်,တော်မတော် ဆင်ခြင်စဉ်းစား၍ ဘေးရန်လွတ်သောလမ်းမှ သွားရန် ဆုံးဖြတ် ခြင်းမှာလည်း သပ္ပာယသမ္ပဇဉ်ဖြစ်၍ ကောင်းပေသည်၊ ယင်း သမ္ပဇဉ် ၂-မျိုးမှာ စဉ်းစားဆင်ခြင်တတ်သူတို့အတွက် လောကသုံး သမ္ပဇဉ်တို့ ဟူ၍ မှတ်ပါ။ တနည်း - ပညတ်အာရုံပြုသော စိန္တာမယ အသိမျိုးသာဖြစ်၍ ဝိပဿနာ ရှုနိုင်သော ဉာဏ်ပညာပါသော သမ္ပဇဉ်မျိုးမဟုတ်ပေ၊ သို့ရာတွင် ကုသိုလ်ဖြစ်ခြင်း,အန္တရာယ်ကင်းခြင်းစသော လောကကျိုးများကို ခံစားရပေသည်။

တတိယ ဂေါစရသမ္ပဇဉ်မှာ - သတိပဋ္ဌာန် ဟူသော ကျက်စားရာ အာရုံကို သတိမလွတ်စေပဲ ပရမတ်ကိုသိရန် လေ့ကျင့်ခန်း ယူနေသော အလုပ်သင် သမ္ပဇဉ်ဖြစ်သည်၊ သို့ရာတွင် ပရမတ် ရုပ်,နာမ်ကို အခိုင်အမာ ယုံကြည်ချက်ရရန် လေ့ကျင့်နေရဆဲဖြစ်၍ လောကီသမ္ပဇဉ် ၂-မျိုးထက် အဆင့်အတန်းအားဖြင့် မြင့်ပေသည်၊ သို့သော် ပဋိဝေဓဘာဝနာမယဉာဏ် ဖြင့် ရောက်အပ် သိအပ်သော သမ္ပဇဉ်မျိုးကား မဟုတ်သေးသော်လည်း

www.dhammaransi.com

ရုပ်,နာမ်ပရမတ်ကို မတွေ့မဝေ သိနိုင်ရန် အခြေခံသမ္မာဒိဋ္ဌိဖြစ်၏၊ သို့အတွက် ဝိပဿနာဉာဏ်ပညာပါသော သမ္မာဒိဋ္ဌိ ဖြစ်၏။

စတုတ္ထအသမ္မောဟသမ္မာဒိဋ္ဌိမှာ-ခန္ဓာရုပ်,နာမ်၌ရှိသော ရုပ်ပရမတ်, နာမ်ပရမတ်ကို ပရမတ်အစစ်, ပရမတ်အတိုင်း မတွေ့မဝေ သိနေရသော သမ္မာဒိဋ္ဌိဖြစ်၍ ဝိပဿနာ ဘာဝနာမယဉာဏ် ဖြစ်လေသည်၊ ဝိပဿနာရှုရာတွင် မည်သည့်တရားလုပ်ငန်းတွင်မဆို (အဝိဇ္ဇာ)မသိမှု၊ ပရမတ်ကိုသစ္စာကို မသိမှု၊ ၎င်းမသိကိုသိအောင်'အသမ္မောဟသမ္မာဒိဋ္ဌိ'ပါရသည်ချည်း ဖြစ်၏။

သမ္မာဒိဋ္ဌိ ၄-ပါးတွင် ရှေး ၂-ပါးကား ဘာဝနာကိစ္စ ဝိပဿနာရှုပွားရန်ကိစ္စတို့နှင့် ၎င်းတို့၏ သဘာဝမဟုတ်လေသောကြောင့် စိတ်ကူးသိ စိန္တာမယသာဖြစ်၍ ဝိပဿနာတရားအားထုတ်ရာတွင် မသုံးရသော သမ္မာဒိဋ္ဌိ ၂-မျိုးတည်း။

နောက် ၂-ပါးကား ရုပ်, နာမ် ပရမတ်ကို ပရမတ်သဘောရောက်အောင် ကြည့်ရာ၌ တွေ့ဝေမှု, ထိုင်းမှိုင်းမှု မဖြစ်စေရန် သတိမပြတ်ကပ်၍ အားထုတ် နေရ လေသည်၊ အတိတ်,အနာဂတ်ကို စဉ်းစားချိန်ပင် မရ၊ ပစ္စုပ္ပန်ကိုသာရှု၍ အသုံးချရသောကြောင့် ဝိပဿနာ သမ္မာဒိဋ္ဌိ, ဘာဝနာ သမ္မာဒိဋ္ဌိ, ပရမတ်ကိုသိသောသမ္မာဒိဋ္ဌိ ဖြစ်လေသည်။

ဝိပဿနာ လိုရင်းမှာ ဝိပဿနာ၏ လိုရင်းကိစ္စကို လေ့လာကြည့်လျှင် သမ္မာဒိဋ္ဌိဟူသော (အသမ္မောဟ) သမ္မာဒိဋ္ဌိသည် လိုရင်းဖြစ်ပေသည်၊သမ္မာဒိဋ္ဌိဟူသောစကား၌'သမ္မာညာသခါတေန ဉာဏေန' ဟူ၍၎င်း၊ 'သမ္မာပဇာနနံ သမ္မာဒိဋ္ဌိ' ဟူ၍၎င်း မူလပဏ္ဏာသ ဋ္ဌကထာနှင့် ၎င်း ဋီကာတို့အဆိုအရ ဉာဏ်နှင့်ပညာနှင့် အမှန်ကိုအမှန်အတိုင်း သိတတ်သောသဘောကိုရသောကြောင့် မည်သည့်ဝိပဿနာရှုနည်းမဆို ပညာဉာဏ် သမ္မာဒိဋ္ဌိသည် အမြဲမပြတ်ပါနေရမည်သာ ဖြစ်လေသည်၊ ဝိပဿနာရှုရာတွင် ပညာဉာဏ်သည် အဓိကဖြစ်ရာ၊ ဉာဏ်မှန်မှု,ဉာဏ်ထက်မှုကိုလိုက်၍ ဝိပဿနာ ဖြစ်-မဖြစ် အသိရင့်-မရင့်နှင့် နောက်ဆုံး မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာ ဉာဏ်များပင်လျှင် ဝိပဿနာဉာဏ် ရင့်ရာမှ ဖြစ်သွား လေသောကြောင့် ထိုဉာဏ်လေ့ကျင့်မှုပြုရာတွင် ဤသမ္မာဒိဋ္ဌိပိုင်းသည် ဣရိယာပုထ်အငယ်မျိုး တို့ဖြင့် ခန္ဓာ ရုပ်,နာမ်၏ အမူအရာပေါ်တိုင်း ဆင်ခြင်ဉာဏ်ကပ်ပါအောင် လေ့ကျင့်မှုပြုရာ၌....

www.dhammaransi.com

မိမိ၏ အဇ္ဈတ္တခေါ် အတွင်းသန္တာန်တွင် လှုပ်ရှားမှုမျိုးစုံ အမူအရာ အဖုံဖုံကို မတွေ့မဝေ ပရမတ် ရုပ်, နာမ်၏ သဘောကို သိမှတ်ပွားများ ရသည့်နည်းတူ မိမိမှတပါး လှုပ်ရှားမှု အမူအရာရှိသော ဗဟိဒ္ဓခေါ် သူတပါးတို့၏ အပြင်သန္တာန် ခန္ဓာ ရုပ်, နာမ် သည်လည်း ဤသို့ပင် ပရမတ်ရုပ်,နာမ်တို့ အဆက်မပြတ်ဖြစ်ပျက်နေသည်ကို ဉာဏ်လေ့ကျင့်မှု ရလာက မိမိခန္ဓာ၌ ဘာဝနာသမ္ဘာဉ် ဖြစ်အောင် ရှုဉာဏ်မှန်ခြင်းဖြင့် သမ္ပဇညကာယကို လေ့ကျင့်မှု ပြုလေ့ရှိသည်ဖြစ်၍ နေသော ယောဂီ ဖြစ်လေသည်။

ကာယာနုပဿနာ (သမ္ပဇညပဗ္ဗ)
အပိုင်း ပြီး၏။

---

www.dhammaransi.com

ကာယာနုပဿနာ ပဋိကူလမနသိကာရပဗ္ဗ

●

(၄) စက်ဆုပ်ရွံရှာဖွယ်ဟု နှလုံးသွင်းရာသောအပိုင်း

၆-ပါဠိတော်။ ပုနစပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံနာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ၊ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖာသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ၊ မတ္ထလုင်္ဂံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တန္တိ။ လ။ ဧဝမ္ပိခေါ ဘိက္ခဝေ ဘိက္ခု ကာယေကာယာနုပဿီ ဝိဟရတိ။

၆-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ ပုနစ၊ တဖန်လည်း။ အပရံ၊ တမျိုးတခြား ကာယနှင့် ပတ်သက်သော ရှုပုံကား။ ဘိက္ခု၊ တရားအလုပ်အားထုတ်ပေတတ် ယောဂီမြတ်သည်။ ပါဒတလာ၊ ခြေဖဝါးအပြင်မှ။ ဥဒ္ဓံ၊ အထက်ဖြစ်သော။ ကေသမတ္ထကာ၊ ဆံဖျားမှ။ အဓော၊ အောက်ဖြစ်သော။ တစပရိယန္တံ၊ ဖုံးထားသော အပေါ် အရေပြားလျှင် အဆုံးရှိသော။ နာနပ္ပကာရဿ၊ အထူးထူးအပြားပြားရှိသော။ အသုစိနော၊ မစင်ကြယ်သော ဝတ္ထုဖြင့်။ ပူရံ၊ ပြည့်သော။ ဣမမေဝကာယံ၊ ဤဖောက်ပြန်မှု အပေါင်းဖြစ်သော မိမိကိုယ်ကိုသာလျှင်။ ပစ္စဝေက္ခတိ၊ နှလုံးသွင်းဆင်ခြင်၏။ ဣမသ္မိံ ကာယေ၊ ဤ ဖောက်ပြန်မှု အပေါင်းဖြစ်သော မိမိကိုယ်ကိုဌ်။

၁။ ကေသာ၊ ဆံပင်။ လောမာ၊ မွေးညှင်း။ နခါ၊ လက်သည်း, ခြေသည်း။ ဒန္တာ၊ သွား။ တစော၊ အရေပြား။

၂။ မံသံ၊ အသား။ နှာရု၊ အကြော။ အဋ္ဌိ၊ အရိုး။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီ။ ဝက္ကံ၊ အညှို။

www.dhammaransi.com

၃။ ဟာဒယံ၊ နှလုံး။ ယကနံ၊ အသည်း။ ကိလောမကံ၊ အမြှေး။ ပိဟကံ၊ အဖျဉ်း။ ပပ္ဖာသံ၊ အဆုတ်။

၄။ အန္တံ၊ အူမ။ အန္တဂုဏံ၊ အူသိမ်။ ဥဒရိယံ၊ အစာသစ်။ ကရီသံ၊ အစာဟောင်း။ မတ္ထလုင်္ဂံ၊ ဦးနှောက်။

၅။ ပိတ္တံ၊ သည်းခြေ။ သေမှံ၊ သလိပ်။ ပုဗ္ဗော၊ ပြည်။ လောဟိတံ၊ သွေး။ သေဒေါ၊ ချွေး။ မေဒေါ၊ အဆီခဲ။

၆။ အဿု၊ မျက်ရည်။ ဝသာ၊ ဆီကြည်။ ခေဠော၊ တံတွေး။ သိင်္ဃာဏိကာ၊ နှပ်။ လသိကာ၊ အစေး။ မုတ္တံ၊ ကျင်ငယ်။

ဣတိ၊ ဤသို့။ ဣမေဒွတ္တိံသာကာရာ၊ ဤ သုံး ဆယ့် နှစ်ပါး သော အခြင်းအရာတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခတိ၊ နှလုံးသွင်းဆင်ခြင်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ သေယျထာပိ၊ ဥပမာအားဖြင့်။ ဥဘတော မုခါ၊ နှစ်ဘက်တွင် အပေါက်ရှိသော။ ပုတောဠိ၊ အိတ်သည်။ နာနာဝိဟိတဿ၊ အမျိုးအမည် များပြားသော။ ဓညဿ၊ စပါးမျိုးစုံဖြင့်။ ပူရာ၊ ပြည့်သည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤအမျိုးအမည် များပြားသောစပါး မျိုးစုံဖြင့်ပြည့်၏သူသည်။ သေယျထာကတမံ၊ အဘယ်သည်နည်းဟူမူကား၊ သာလီနံ၊ သလေးစပါးတို့ဖြင့်၎င်း။ ဝီ-ကောက်ကြီးတို့ဖြင့်၎င်း။ ဝီဟီနံ၊ ကောက်ယဉ်, ကောက်လတ် တို့ဖြင့်၎င်း။ မုဂ္ဂါနံ၊ ပဲနောက် တို့ဖြင့် ၎င်း။ မာသာနံ၊ ပဲကြီးတို့ဖြင့်၎င်း။ တိလာနံ၊ နှမ်းတို့ဖြင့်၎င်း။ တဏ္ဍုလာနံ၊ ဆန် တို့ဖြင့်၎င်း။ ပူရာ၊ ပြည့်သည်။ ဟောတိ၊ ဖြစ်၏။

တမေနံ၊ ထိုစပါးမျိုးစုံ ထည့်ထားသောအိတ်ကို။ မုဉ္စိတွာ၊ ဖြေ၍။ စက္ခုမာ၊ မျက်စိ အမြင်ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ဣမေ၊ ဤသည်တို့ကား။ သာလီ၊ သလေးစပါးတို့တည်း။ ဝါ၊ ကောက်ကြီးတို့တည်း။ ဣမေ၊ ဤသည်တို့ကား။ ဝီဟီ၊ ကောက်ယဉ်, ကောက်လတ်တို့တည်း။ ဣမေ၊ ဤသည်တို့ကား။ မုဂ္ဂါ၊ ပဲနောက်တို့တည်း။ ဣမေ၊ ဤ သည် တို့ ကား။ မာသာ၊ ပဲကြီးတို့တည်း။ ဣမေ၊ ဤသည်တို့ကား။ တိလာ၊ နှမ်းတို့တည်း။ ဣမေ၊ ဤ သ ည် တို့ကား။ တဏ္ဍုလာ၊ ဆန် တို့ တည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခေယျ၊ ဆင်ခြင်ရာ၏။

www.dhammaransi.com

ဘိက္ခဝေ၊ ချစ်သားတို့။ ခေါ၊ စင်စစ်။ ဝေမေဝ၊ ဤစပါးအမျိုး ခွဲခြားသော အကျသာလျှင်။ ဘိက္ခု၊ ကာယရှုတတ် ယောဂီမြတ် သည်။ ဣမမေဝကာယံ၊ ဤဖောက်ပြန်မှုအပေါင်းဖြစ်သော မိမိကိုယ်ကိုသာလျှင်။ ။လ။ ဣမေ၊ ဤသည်တို့ကား။ ဒွတ္တိံသာကာရာ၊ သုံးဆယ်နှစ်ပါးသော အခြင်းအရာတို့တည်း။ ဣတိ၊ ဤသို့။ အဇ္ဈတ္တံဝါ၊ မိမိ၏သန္တာန်၌လည်း။ ကာယေ၊ ဆံပင်,မွေးညှင်းစသော ဖောက်ပြန်မှုအပေါင်း၌။ ကာယာနုပဿီ၊ ဖောက်ပြန်မှုအပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ လ။ ဘိက္ခဝေ၊ ချစ်သားတို့။ ဘိက္ခု၊ ကာယရှုတတ် ယောဂီမြတ် သည်။ ဝေဝမ္ပိ၊ ဤသို့လည်း။ ကာယေ၊ ဆံပင်အစရှိသော ဖောက်ပြန်မှု အပေါင်း၌။ ကာယာနုပဿီ၊ ဖောက်ပြန်မှုအပေါင်းကို အဖန်ဖန် အထပ် ထပ် ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

၆-အဝိပ္ပါယ်ရှင်းချက် ဤပဋိက္ကူလ စက်ဆုပ် ရွံရှာဖွယ်ဟု ရှုအပ်သော အပိုင်း၌ ကိုယ်ဟူသည်ကား-ခေတ်ကြီးလေးပါး အစုအဝေး အဖွဲ့အစည်း အနေအားဖြင့် ဖောက်ပြန်မှုတို့ စုပေါင်းထားရာ ကာယဟူသည့် ဤကိုယ်ဝယ် အောက်ခြေဖဝါးမှအထက်, ဆံဖျားမှအောက် အရေပြားတို့ဖုံးကုပ်ထားရာ ခန္ဓာတွင် ဆင်ခြင်ဉာဏ်နှင့် သုံးသပ်လေသော် တစုံတယောက်သောသူကမျှ ပုလဲကိုရင်း၊ ပတ္တမြားကိုရင်း၊ ကြောင်မျက်ရွဲ ကိုရင်း၊ အကျော်ကိုရင်း၊ ကုက်မံကိုရင်း၊ ပရုပ်စသော အခိုးအထုံ အမွှေး နံ့သာတို့ကိုရင်း၊ အကျုမြူမျှ စင်ကြယ်သန့်ရှင်း အညစ်အကြေး ကင်းသော သဘောကို မတွေ့မမြင်ရ။ စင်စစ်သော်ကား- လွန်စွာ ပုပ်နံ့လှသဖြင့် မစင် ကြယ်သော အသရေကင်းမဲ့သော ဆံပင်,မွေးညှင်း အစရှိသော မစင်ကြယ် စက်ဆုပ်ဖွယ်ကိုသာလျှင် မြင်ရ,တွေ့ရမည်ဖြစ်၍ ဤကိုယ်၌-

၁။ နှစ်ကုဋေငါးသန်းခန့်သော ဆံပင်၊

၂။ ကိုးသိန်း,ကိုးသောင်းခန့်သော အမွေး၊

၃။ ငါးကြင်းကြေးသဖွယ် နှစ်ဆယ်သော လက်သည်း,ခြေသည်း၊

၄။ သုံးဆယ်နှစ်ချောင်းသော သွား၊

၅။ တကိုယ်လုံးခွာ၍ လုံးလိုက်သည် ရှိသော် ဗီးစေ့ခန့် ရှိသော အရေပြား၊

www.dhammaransi.com

၆။ ကိုးရာခန့်သော အသားတစ်၊
၇။ ခုနစ်သောင်းသော အကြော၊
၈။ သုံးရာသော အရိုး၊
၉။ ဖြူသောအဆင်းရှိသော အရိုးတွင်းရှိ ခြင်ဆီ၊
၁၀။ နှလုံးသားကို ခြံရံ၍တည်သော အသားစိုင်နှစ်ခုဟု ဆိုအပ်သော အညှို၊
၁၁။ တလက်ဖက်မျှလောက်သောနှလုံးသွေး၏တည်ရာ နှလုံးသား၊
၁၂။ ကသစ်ရွက်နှင့်တူသော အသည်း၊
၁၃။ ၂-ခုသော အမြှေး၊
၁၄။ သရက်ရွက်ဟုခေါ်သော အဖျဉ်း၊
၁၅။ အဆုတ်၊
၁၆။ နှစ်ဆယ့်တပတ်ခွေ၍နေသော အူမ၊
၁၇။ အူမကိုရစ်ပတ်၍ ဖွဲ့နေသော အူသိမ်၊
၁၈။ စားပြီးကာစ ခွေးအန်ဖတ်နှင့်တူသော အစာသစ်၊
၁၉။ အစာသစ်အိမ်မှချက်ပြီး၍ ကျလာသော အစာဟောင်း၊
၂၀။ မုန့်ညက်ခဲနှင့်တူသော ဖြူသော ဦးနှောက်၊
၂၁။ သည်းခြေ၊
၂၂။ တကွမ်းစားမျှလောက်သော သလိပ်၊
၂၃။ ပြည်ပုပ်၊
၂၄။ နှစ်မျိုးသော သွေး၊
၂၅။ ဆီကြည်အဆင်းရှိသော ချွေး၊
၂၆။ ဝါသောအဆင်းရှိသော အဆီခဲ၊
၂၇။ ဆီကြည်အဆင်းရှိသော မျက်ရည်၊
၂၈။ အနှံ့းဆီနှင့်တူသော ဆီကြည်၊
၂၉။ တံတွေး၊
၃၀။ ဦးနှောက်မှ ယိုစီးကျလာသော နှပ်၊
၃၁။ ပြစ်ချွဲသော အစေး၊
၃၂။ ကျင်ငယ်။

www.dhammaransi.com

ဤ သုံးဆယ့်နှစ်ပါးသော အခြင်းအရာပြားသော ပစ္စည်းတို့သည် တစုတပုံစီ တွေ့မြင်ရသူအား နှစ်သက်မှုမဖြစ်၊ စက်ဆုပ်ဖွယ်သာ-ဟု နှလုံးသွင်း ဆင်ခြင်အပ်၏၊ ၎င်းတို့သည်....

၁။ ဝဏ္ဏတော-အဆင်းအားဖြင့်၊

၂။ သဏ္ဌာနတော-ပုံပဟန်သဏ္ဌာန်အားဖြင့်၊

၃။ ဂန္ဓတော-အနံ့အားဖြင့်၊

၄။ အာသယတော-ဖြစ်ရာအကြောင်းအားဖြင့်၊

၅။ ဩကာသတော-တည်ရာအရပ်အားဖြင့်၊

(က) အသုစိဘာဝေန-မစင်ကြယ်သည်၏အဖြစ်ဖြင့်၊

(ခ) ဇေဂုစ္ဆဘာဝေန-စက်ဆုပ်ဖွယ်၏အဖြစ်ဖြင့်၊

(ဂ) ပဋိကူလဘာဝေန-ရွံရှာဖွယ်၏အဖြစ်ဖြင့်၊

(ဃ) ဒုဂ္ဂန္ဓဘာဝေန-အနံ့မကောင်းသည်၏အဖြစ်ဖြင့်၊

(င) အသုဘဘာဝေန-မတင့်တယ်သည်၏အဖြစ်ဖြင့်၊

စိတ်၌ မြင်အောင်ဆင်ခြင် နှလုံးသွင်းအပ်ကြောင်း ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာတွင် ပြဆိုထားသည်။

သမထလော ဝိပဿနာလော

ဤမဟာသတိပဋ္ဌာနသုတ်နိဿယမရေးမီ ကျွန်ုပ်တို့အား 'ကာယာနုပဿနာ သတိပဋ္ဌာန်၌ လာသော' ကေသာ-လောမာ စသော ကောဋ္ဌာသသည် **အချို့က** သမထဖြစ်သည်ဟု ဆိုကြ၍၊ အချို့ကား ဝိပဿနာ ဖြစ်သည်ဟု ဆိုကြပါသည်၊ အဘယ်က မှန်ပါသနည်း'ဟု မေးကြလေသည်၊ ထိုအမေးနှင့်စပ်၍ ဆင်ခြင်ရာတွင် ကျွန်ုပ်တို့အနေနှင့် ပြောရပါမူ မည်သည်က သမထ, မည်သည်က ဝိပဿနာဆိုသည်မှာ ရှင်းဖို့အတွက် တခုသော အဖြေမှန်ကား- 'ပညတ်အာရုံသည် သမထ,ပရမတ်အာရုံသည် ဝိပဿနာ'ဟု အတိအကျ မှတ်သားရသည်။

မြတ်စွာဘုရားသည် မဟာသတိပဋ္ဌာန် ကာယာနုပဿနာကို ဟောရာတွင်-(ကာယ) ကိုယ်အပေါင်းအစုနှင့် ပတ်သက်၍ အာနာပါန ပဌမစတုက္ကကဲ့သို့ ဤအပေါင်းအစုဖြစ်သော ကိုယ်ကာယနှင့်ပတ်သက်၍ ပြည့်စုံ

www.dhammaransi.com

အောင် ဟောပြရာတွင် အချို့မှာ သမထအာရုံအနေနှင့်ဟော၍၊ အချို့မှာ ဝိပဿနာအတွက် ဟောတော်မူသည်၊ ၎င်းတို့မှာ'ကာယ'ဟူသော ဤကိုယ် အစုအပေါင်းပေါ်တွင် ဟောထားသည်ချည်းဖြစ်၍ ကျရာအာရုံပေါ်တွင် ကြည့်ပြီး သမထ,ဝိပဿနာ ဝေဖန်အပ်လေသည်။

ဤပြည့်ပရမတ် ရောစပ်လျက် ပြအပ်သည့် ကောဋ္ဌာသအတွင်း ဝင်သော ကမ္မဋ္ဌာန်းကို ဟောပြောရေးသားသူ နေရာမကျလျှင် သမထ ဝိပဿနာ မကွဲပဲဖြစ်နေတတ်သည်ကို သတိပြုရာသည်၊ မြတ်စွာဘုရားသည် အဘယ်ပါဠိတော်,အဘယ်သုတ်တွင် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည့် ပဋိကူလကို ရှုရန် သမထအနေဖြင့်ဟောတော်မူ၍၊ အဘယ်ပါဠိတော်,အဘယ်သုတ်တွင် ပရမတ် ဖြစ်သောဓာတ်ကို အတ္တအယူ ပျောက်၍ အနတ္တ ထင်မြင်အောင် ဟောတော်မူသည်ကိုသိရန် လိုလေသည်ဟူ၍....

> ဣဒဥ္စ မဟာသတိပဋ္ဌာနေ ပဋိက္ကူလဝသေနေဝ ကထိတံ၊ မဟာ ဟတ္ထိပဒေါပမ မဟာရာဟုလောဝါဒ ဓာတုဝိဘင်္ဂေသု ဓာတု ဝသေန ကထိတံ၊ကာယဂတာ သတိသုတ္တေ ပန ယဿ ဝဏ္ဏတော ဥပဋ္ဌာတိ၊ တံ သန္ဓာယ စတ္တာရိ ဈာနာနိ ဝိဘတ္တာနိ၊ တတ္ထ ဓာတု ဝသေန ကထိတံ ဝိပဿနံ ကမ္မဋ္ဌာနံ ဟောတိ၊ ပဋိက္ကူလဝသေန ကထိတံ သမထကမ္မဋ္ဌာနံ။
>
> (ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၃၅။သမ္မောဟဝိနောဒနီအဋ္ဌကထာ-၂၁၆),

ဟိ၊ သမထ - ဝိပဿနာ ကွဲအောင်ပြလိုက်ဦးအံ့။ ဣဒံ၊ ဤ ကေသာ- လောမာ စသော ကောဋ္ဌာသကမ္မဋ္ဌာန်းကို။ မဟာသတိပဋ္ဌာနေ၊ မဟာ သတိပဋ္ဌာနသုတ်ပါဠိတော် ကာယာနုပဿနာပိုင်း၌။ ပဋိက္ကူလ ဝသေ နေဝ၊ ရွံရှာဖွယ်ရာဟု ရှုအပ်သော အသုဘအစွမ်းအားဖြင့် သာလျှင်။ ကထိတံ၊ ဟောတော်မူအပ်၏။ မဟာဟတ္ထိပဒေါပမ မဟာရာဟုလော ဝါဒ ဓာတုဝိဘင်္ဂေသု၊ မဟာဟတ္ထိပဒေါပမသုတ်, မဟာရာဟုလော ဝါဒသုတ်,ဓာတုဝိဘင်သုတ်တို့၌။ ဓာတုဝသေန၊ လက္ခဏာရေးတင်၍ ရှုအပ်သည့် ပရမတ်ဓာတ်၏ အစွမ်းအားဖြင့်။ ကထိတံ၊ ဟောတော်မူ အပ်၏။ကာယဂတာသတိသုတ္တေပန၊ကာယဂတာသတိသုတ်၌မူကား။ ယဿ၊ အကြင်သူအား။ ဝဏ္ဏတော၊ ဆံပင်တို့၏ ညိုသောအဆင်းအား

www.dhammaransi.com

ဖြင့်။ ဥပဋ္ဌာတိ၊ အညီဟူသောပညတ်နိမိတ်ထင်၏။ တံ၊ထိုအညီစသော အဆင်းအနေအားဖြင့်ထင်သူကို။သန္တာယ၊ရည်ရွယ်၍။စတ္တာရိစျာနာနိ၊ လေးပါးသောစျာန်တို့ကို။ ဝိဘတ္တာနိ၊ ဟောကြားဝေဖန်တော် မူအပ် ကုန်၏။ တတ္ထ၊ ထို ကောဋ္ဌာသကမ္မဋ္ဌာန်းကို ဟောကြားရာ ပါဠိတော် တို့တွင်။ ဓာတုဝသေန၊လက္ခဏာရေးတင်၍ ရှုအပ်သည့်ပရမတ်ဓာတ်၏ အစွမ်းအားဖြင့်။ ကထိတံ၊ ဟောအပ်သောပါဠိတော်သည်။ ဝိပဿနာ ကမ္မဋ္ဌာနံ၊ သတ္တဝါ,ငါဟုအထင်ရှိသည့် ဒိဋ္ဌိကိုပျောက်အောင် ရှုကြည့် ရသော ဝိပဿနာကမ္မဋ္ဌာန်းသည်။ဟောတိ၊ဖြစ်၏။ ပဋိက္ကူလဝသေန၊ ဒိဋ္ဌိကွာ၍ သောတာပန်ဖြစ်ပြီး သူတို့မှသာ.အနာဂါမိမဂ်,အရဟတ္တမဂ် သို့တက်ရန် လက္ခဏာရေးတင်၍မရအပ်သည့် ဆံပင်စသောကောဋ္ဌာသ ပညတ်တို့ကို စက်ဆုပ်ဖွယ်ရာ,ရွံဘွယ်ရာ အစုသာဟု ရှုရသော အသုဘ အစွမ်းအားဖြင့်။ ကထိတံ၊ ဟောအပ်သော ပါဠိတော်သည်။ သမထ ကမ္မဋ္ဌာနံ၊ စျာန်ကိုသာ ရနိုင်သည့် သမထကမ္မဋ္ဌာန်းသည်။ ဟောတိ၊ ဖြစ်၏။

ဤယခုဖော်ပြချက်အရ အတော်ရှင်းလောက်ပေပြီ၊ မြတ်စွာဘုရား သည် ဤမဟာသတိပဋ္ဌာနသုတ်လာ'ကေသာ-လောမာ'စသော ပဋိက္ကူလ ကို သမထအနေနှင့် ဟောကြောင်း ထင်ရှားနေပြီး ဖြစ်သည်၊ ဝိပဿနာ အနေ, ဓာတ်အနေနှင့် ဟောတော်မူပုံကား....

> ကတမာစ ဘိက္ခု ပထဝီဓာတု၊ ပထဝီဓာတု သိယာ အဇ္ဈတ္တိကာ၊ သိယာ ဗာဟိရာ၊ ကတမာစ ဘိက္ခု အဇ္ဈတ္တိကာ ပထဝီဓာတု၊ ယံအဇ္ဈတ္တိကံ ပစ္စတ္တံ ကက္ခဠံ ခရိဂတံ ဥပါဒိန္နံ၊ သေယျထိဒံ- ကေသာ လောမာ။လ။ယာစေဝခေါပန အဇ္ဈတ္တိကာ ပထဝီဓာတု၊ ယာစဗာဟိရာ ပထဝီဓာတု၊ ပထဝီဓာတုရေဝေသာ 'နေတံ မမ၊ နေသောဟမသ္မိ၊န မေ သော အတ္တာ' တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

(မူလပဏ္ဏာသပါဠိတော် မဟာဟတ္ထိပဒေါပမသုတ်-၂၄၂။ မဇ္ဈိမ ပဏ္ဏာသပါဠိတော် မဟာရာဟုလောဝါဒသုတ် - ၈၄။ ဥပရိပဏ္ဏာသ ပါဠိတော် ဓာတုဝိဘင်္ဂသုတ်-၂၈၃)။

www.dhammaransi.com

'ချစ်သားရဟန်း-ပထဝီဟူသော ခက်မာသောသဘောဟူသည် အဘယ်နည်း၊ ခက်မာသော ဓာတ်သဘောသည် အတွင်း၌ ခက်မာမှု, အပ၌ ခက်မာမှုဟု ၂-မျိုး ဖြစ်၏။ ချစ်သားရဟန်း-အတွင်းခက်မာမှု ဓာတ်သဘောသည် အဘယ်နည်းဟူမူ-မိမိ၌ စွဲ၍ဖြစ်သော, ကိုယ်ကို စွဲ၍ဖြစ်သော ခက်မာကြမ်းထမ်းခြင်းသို့ ရောက်သော တဏှာ ဒိဋ္ဌိတို့ဖြင့် စွဲယူအပ်သော ဤဖောက်ပြန်မှုဟူသည် အဘယ်နည်း - ဆံပင်, မွေးညှင်း, လက်သည်း, ခြေသည်း, သွား, အရေပြား-စသော ၂၀-သောခက်မာမှုတို့နှင့် အခြားတပါးသော အမှတ်မရှိ အလုံးစုံသောခက်မာမှုမျိုးစုံသည် ပထဝီဓာတ်ပင်တည်း၊ အတွင်း၌ ခက်မာမှုသည်ရင်း, အပ၌ ခက်မာမှုသည်ရင်း 'ပထဝီ'ဟူသော ခက်မာမှုသဘောတရားသာတည်း၊ထိုပထဝီဟူသော ခက်မာမှုသည် 'ငါ့ဥစ္စာမဟုတ်, ငါမဟုတ်, ငါ၏အနှစ်သာရမဟုတ်'ဟု ဤပထဝီဓာတ်ကို ဓာတ်အတိုင်း, ပရမတ်အတိုင်း မှန်မှန်ကန်ကန် ပညာဉာဏ်ဖြင့် ရှုအပ်၏'။

ဆံပင်ပညတ်ကို ဆံပင်ဟု မမြင်တော့ဘဲ 'ခက်မာ သဘော'ဟူ၍ ပထဝီဓာတ် ပရမတ်အနေရောက်အောင် ရှုသွားနိုင်ရန် မြတ်စွာဘုရား ညွှန်ခဲ့သည်၊ သို့မှ-ငါ့ဥစ္စာဟူသောတဏှာ၊ ငါဟူသောမာန၊ ငါ၏အနှစ်သာရထင်သောဒိဋ္ဌိတို့ ပြုတ်မည်ဖြစ်သောကြောင့် ထို ဓာတ်အနေ, ပရမတ်အနေရောက်လျှင် ဝိပဿနာဖြစ်တော့သည်။ ထို့ကြောင့်....

တတ္ထ ဓာတုဝသေန ကထိတံ ဝိပဿနာကမ္မဋ္ဌာနံ ဟောတိ။

ဟု ဆိုလေသည်။

ဥပရိပဏ္ဏာသပါဠိတော် ကာယဂတာသတိသုတ်၌ဟောတော်မူသော ကေသာ - လောမာစသည့် ကောဋ္ဌာသ ဟောချက်တွင်ပင် ဆံပင်ဟူသော ပညတ် မပါသော်လည်း....

'ကေသာဒီနံ ဝဏ္ဏော ဝဝတ္ထပေတဗ္ဗော' ဟု ဆိုသော အတိုင်း ဆံပင်သည် အညိုရောင်ဖြစ်၍ 'အညို' ဟူသော ပညတ်ကသိုဏ်း နိမိတ်ထင်အောင် အားထုတ်လေရကား 'စတ္တာရိ၊ လေးပါး ကုန်သော။ ဈာနာနိ၊ ဈာန်တို့ကို။ ဝိဘတ္တာနိ၊ ဝေဖန်ဟောကြားတော်မူအပ် ကုန်၏' ဟုပြသော အတိုင်း ဤနေရာမျိုး၌ ဟောသော ကေသာ- လောမာ ကောဋ္ဌာသသည် ဈာန်ရတတ်သော သမထဖြစ်လေသည်။

www.dhammaransi.com

ဤ မဟာသတိပဋ္ဌာနသုတ်ပါ ကေသာ- လောမာလည်း စက်ဆုပ်ဖွယ်ဖြစ်သည်၊ ဆံပင်သည် အဆင်းအားဖြင့်လည်း စက်ဆုပ်ဖွယ်ရာ၊ အသွင်သဏ္ဌာန်အားဖြင့်လည်း စက်ဆုပ်ဖွယ်ရာ, အနံ့အားဖြင့်လည်း စက်ဆုပ်ဖွယ်ရာ, မှီရာ အကြောင်း အားဖြင့်လည်း စက်ဆုပ်ဖွယ်ရာ, တည်ရာနေရာအားဖြင့်လည်း စက်ဆုပ်ဖွယ်ရာဖြစ်သောကြောင့် 'ပဋိက္ကူလ' ဟူသောအပိုင်းတွင်ဟောသွားလေရာ ...

ပဋိက္ကူလဝသေန ကထိတံ သမထကမ္မဋ္ဌာနံ။

ပဋိက္ကူလဝသေန၊ စက်ဆုပ်ရွံရှာဖွယ်အနေနှင့်။ ကထိတံ၊ ဟောတော်မူအပ်သောပါဠိတော်သည်။ သမထကမ္မဋ္ဌာနံ၊ သမထကမ္မဋ္ဌာန်းသည်။ ဟောတိ၊ ဖြစ်၏။

ဟု အသေအချာပင် ပြပေးရကား-ဆံပင်,မွေးညှင်းဟူသော ပညတ်အမှတ်နှင့် ရွတ်ဆိုရှုမှတ် ပွားများနေလျှင် သမထကား ဟုတ်ပေသည်။ ဝိပဿနာကား လုံးဝမဟုတ်ချေ။ အဘယ့်ကြောင့်ဟူမူ ဝိပဿနာသည် ပရမတ်ကို အာရုံပြုသောကြောင့် ဖြစ်၏။

ၚင်းပြင် ပရမတ်ကိုသိမြင်ရမည့် ဝိပဿနာဉာဏ်ဟူသည် မည်သည့် ပညတ်နိမိတ် အရိပ်အရောင်ပါ၍မျှ မရလေသည်၌ ဆံပင်စသော ပညတ်အတုံးအခဲမျိုးနှင့်ကား လုံးဝ စပ်ဟပ်၍မရချေ။ ယင်းသို့သော သဘောတို့ကို ရိပ်မိနိုင်ရန် အစတွင် ကျွန်ုပ်တို့၏ သဘောမှာ ပညတ်အာရုံသည် သမထ၊ ပရမတ်အာရုံသည် ဝိပဿနာ ဖြစ်သောကြောင့်....

ကျွန်ုပ်တို့သည်....

အာရုံပညတ်၊ စွဲယူမှတ်၊ ဖြစ်တတ်ကိလေသာ။
ပရမတ်အာရုံ၊ သိခိုက်ကြုံ၊ ပြတ်ကုန်ကိလေသာ။
ဟု ဆိုခဲ့သည်။ ထိုသို့ဆိုရာတွင် အကြောင်းမဲ့ ဆိုသည်မဟုတ်။

အာနာပါနပဗ္ဗံ ပန ပဋိက္ကူလမနသိကာရပဗ္ဗဥ္စ ဣမာနေဝေတ္ထ ဒွေ သမာဓိဝသေန ဝုတ္တာနိ။

(ဝိသုဒ္ဓိမဂ္ဂ ဋ္ဌကထာ-၂၃၂)

ပန၊ ထူးသည်ကိုဆိုဦးအံ့။ အာနာပါနပဗ္ဗံစ၊ ထွက်သက်,ဝင်သက်ကိုရှုသော အပိုင်းကိုၚင်း။ ပဋိက္ကူလမနသိကာရပဗ္ဗဥ္စ၊ စက်ဆုပ်ရွံရှာဖွယ်

www.dhammaransi.com

ဟု နှလုံးသွင်းအပ်သော အပိုင်းကိုရင်း။ ဒွေ၊နှစ်ပိုင်းကုန်သော။ဣမာနိ ဧဝ၊ ဤကမ္မဋ္ဌာန်းတို့ကိုသာလျှင်။ ဧတ္ထ၊ဤသတိပဋ္ဌာန်သုတ်၌။သမာဓိဝသေန၊ သမာဓိအစွမ်းအားဖြင့်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

ထွက်လေ၊ဝင်လေရှုသော အာနာပါနကို သတိပဋ္ဌာန် ပါဠိတော်တွင် ဟောသော ပဌမစတုက္ကအရ သမထကို ရည်ရွယ်၍ ဈာန်အခြေခံဖြစ်ကြောင်း ကျွန်ုပ်တို့ ရှေးခဲ့ပြီ။ ယခု ပဋိက္ကူလ မနသိကာရ လည်း စက်ဆုပ်ရွံရှာဖွယ် သမထသမာဓိအစွမ်းအားဖြင့် ဟောကြောင်းလည်း ဖော်ပြခဲ့ပြီ။ သို့ရာတွင် ယင်း သမထအခြေခံနှင့် ဝိပဿနာကို တက်ယူရန်ကား အမှန်ပင် ကောင်းပေသည်။ 'ကေသာ-လောမာ'စသော ကောဋ္ဌာသအခြေခံပြီး ဝိပဿနာကို တက်၍ရှုက ကျွန်ုပ်တို့၏ လေ့လာချက်အရ ဆိုရမူ သံဝေဂဉာဏ် အားကောင်းစွာ အခြေခံသဖြင့် အမြန်ပင် တရား ရနိုင်လောက်ပေသည်။ သို့သော် ဝိပဿနာ တက်ရောက်ချိန်တွင် ပညတ်အာရုံပါလာ၍မရတော့သောကြောင့် ပရမတ်ဝိပဿနာ ရှုရမည့်အခါတွင် လေ့ကျင့်မှုများလာခဲ့သော် 'ဆံ၊မွေးညှင်း'ပညတ်နိမိတ်တို့က ကာဆီးနေမည်သာ စိုးရလေသည်။

ညွှန်ပြသောပုဂ္ဂိုလ်တို့ကလည်း သူ့အပိုင်းနှင့်သူ ခွဲခြားပြီး ဤကား သမထ၊ ဤကား ဝိပဿနာ ကွဲပြားအောင် သွန်သင်ဖို့လိုလေသည်။ ပါဠိ အဋ္ဌကထာတို့တွင် ကေသာ-လောမာစသော ကောဋ္ဌာသတို့ များစွာဟောထားသည်ကို တွေ့နိုင်ပါသည်။ ထိုဟောချက်တို့အရ မိမိ လို အပ်သော ဝိပဿနာဖြစ်၊မဖြစ် ရောက်၊မရောက် လေ့လာသိရှိနိုင်သည်။

မာတိကာမာတာ

ကောသလမင်းကြီး၏ ပိုင်နက်တောင် ခြေတွင် မာတိကာမည်သော ရွာကြီးတရွာရှိသည်။ ထိုရွာ၏ သူကြီးသည်လည်း မာတိကာမည်၏။ တနေ့သော် ရဟန်း ၆-ကျိပ်တို့သည် တရားအားထုတ်ရန် နေရာရှာပြီး ဆွမ်းခံရွာရှာရန် ထွက်လာကြရာ၊ထိုရွာကြီးသို့ရောက်လေလျှင် ရွာသူကြီး၏မိခင် (မာတိကာမာတာ) သည် သံဃာတော်တို့အား ကြည်ညိုလှသဖြင့် ဆွမ်းများ ကပ်ပြီး သည် နောက် 'အရှင်ဘုရားများ ဤရွာကိုအမှီပြု၍ သီတင်းသုံးနေပါက တပည့်တော်များမှာ ဒါနပဲပြုရ- သီလလဲစောင့်ထိန်းရမှာမို့ သီတင်းသုံးနေထိုင်ရန် ပင့်လျှောက်သည်ကို ကိုယ်တော်များကလည်း သဘောတူလက်ခံပြီး နေထိုင်ကြ လေသည်။

www.dhammaransi.com

ရဟန်းများလည်း ဆွမ်းခံရွာရရှိပြီဖြစ်၍ တရားကိုသာ ကြိုးစား၍ အားထုတ်ကြရန် တပါးနှင့်တပါး စကားပြောမှုဖြင့် အချိန်မကုန်စေဘဲ တပါးချင်းတနေရာစီ အားထုတ်ရန် အညီအညွတ် သဘောတူကြ၍ အားထုတ်နေကြလေသည်။ မာတိကာမာတာ တကာမကြီးသည် တနေ့သောအခါ ထောပတ်, ပျား, သကာ, တင်လဲတို့ကို ယူ၍ အခိုင်းအစေများ အခြံအရံဖြင့် ကျောင်းသို့ ရောက်လာရာ ကျောင်းတွင် ရဟန်းတော် တပါးမျှ မတွေ့ရသောကြောင့် ကပ္ပိယကိုမေးရာ 'တရားအားထုတ် နေကြကြောင်း' ပြောသောအခါ တကာမကြီးက ကိုယ်တော်များကို ဖူးမြင်လိုကြောင်း ပြောသဖြင့် ကပ္ပိယက ကျောက်စည်ခေါင်းလောင်းကို ထိုးလိုက်သောအခါ ကိုယ်တော်များမှာ တနေရာစီမှ တပါးစီ ကြွလာသည်ကို မြင်ရသဖြင့် တကာမကြီးက တပါးတနေရာစီမှ စကားမပြောဘဲ လာကြပုံကြည့်တော့-

ကလဟံ နုခေါ ဘန္တေ ကရိတ္ထ - အရှင်ဘုရားများ ရန်ဖြစ်နေကြပါသလား။

နကရောမ မဟာဥပါသိကေ၊ တကာမကြီး ရန်မဖြစ်ကြပါဘူး။

တကာမကြီးက 'အရှင်ဘုရားများမှာ ရန်မဖြစ်ဟုသာ ဆိုသည်။ စုပေါင်းပျော်ရွှင်စွာ နေကြသည်ကို မတွေ့ရပါ' ဟု လျှောက်သောအခါ 'ရဟန်းတရား အားထုတ်နေကြကြောင်း' အမိန့်ရှိလေလျှင် တကာမကြီးက 'ရဟန်း တရားဆိုတာ ဘယ်လိုများလဲ' ဟု လျှောက်သောအခါ မထေရ်ကြီးက....

ဒွတ္တိံသာကာရေ သဇ္ဈာယံ ကရောမ။
'သုံးဆယ့်နှစ်ကောဋ္ဌာသ စီးဖြန်းနေကြပါတယ်' နောက်ပြီး....

အတ္တဘာဝေစ ခယဝယံ ပဋ္ဌပေမ။
'နောက်တော့ ကိုယ်ထဲမှာ ကုန်တတ်, ပျက်တတ်တဲ့ သဘောကို ရှုနေပါတယ်'
ဟု အမိန့်ရှိသောအခါ တကာမကြီးက....

ကိံ ပန ဘန္တေ ဒွတ္တိံသာကာရေ သဇ္ဈာယံ ကာတုံ အတ္တဘာဝေ ခယဝယံ ပဋ္ဌပေတုံ တုမှာကမေဝ ဝဋ္ဋတိ၊ ဥဒါဟု အမှာကမ္ပိ။

www.dhammaransi.com

သုံးဆယ့်နှစ်ကောဋ္ဌာသစီးဖြန်းခြင်းပြီးနောက်ခန္ဓာကိုယ်မှာ ကုန်တတ်, ပျက်တတ်သည်ကို ရှုခြင်းမှာ အရှင်ဘုရားများသာ အားထုတ်ရပါသလား။ ဒါမှမဟုတ် တပည့်တော်များကော အားမထုတ်ရဘူးလား။

တကာမကြီးက လျှောက်သောအခါ မထေရ်ကြီးက....

ကာဿစိပိ အဝါရိတော ဧသ ဓမ္မော။

မြတ်စွာဘုရား၏ တရားတော်သည် ဘယ်သူ့ကိုမှ မတားပါဘူး တကာမကြီး။

ဒါဖြင့် တပည့်တော်ကို သုံးဆယ့်နှစ်ကောဋ္ဌာသ စီးဖြန်းနည်းလဲ သင်ပေးပါ၊ နောက် ခန္ဓာမှာ ကုန်တတ်,ပျက်တတ်တဲ့ သဘောကိုလဲ ရှုတတ်အောင်သင်ပေးပါ - ဟု လျှောက်သဖြင့် မထေရ်များလည်း သင်ပေးလိုက်လေသည်။

တတော၊ ထိုသင်ပေးပြီးသည်မှ။ ပဋ္ဌာယ၊ စ၍။ သာ၊ ထိုတကာမကြီးသည်။ ဒွတ္တိံသာကာရေ၊ သုံးဆယ့်နှစ်ပါး အခြင်းအရာအားဖြင့်။ သဇ္ဈာယံ၊ စီးဖြန်းခြင်းကို။ ကတွာ၊ ပြုပြီးနောက်။ အတ္တနိ၊ ခန္ဓာကိုယ်၌။ ခယဝယံ၊ ကုန်တတ်,ပျက်တတ်သော သဘောကို။ ပဋ္ဌပေတွာ၊ အားထုတ်ခြင်းကိုဖြစ်စေ၍။ တေဟိဘိက္ခူဟိ၊ ထိုသင်ပေးသောရဟန်း ၆-ကျိပ်တို့၏။ ပုရေတရမေဝ၊ ရှေးဦးစွာကသာလျှင်။ တယောမဂ္ဂေစ၊ သုံးမဂ်တို့သို့ရင်း။ တီဏိဖလာနိစ၊ သုံးဖိုလ်တို့သို့ရင်း။ ပါပုဏိ၊ ရောက်လေပြီ။ (ဓမ္မပဒဋ္ဌကထာ-၁၀၅)

ဤဝတ္ထုတွင် သုံးဆယ့်နှစ်ကောဋ္ဌာသ အားထုတ်၍ တရားရသွားသည်ဟု အလွယ်ပြောကြသူများရှိသဖြင့် ကောဋ္ဌာသသမထကို ဝိပဿနာမဂ်ဖိုလ် အထွန့်တက်ပြောနေသူတို့သည် ကျွန်ုပ်တို့ဖော်ပြပြီးခဲ့သော မဟာတိဿ(အဋ္ဌိက)အရိုးစုရှု၍ ရဟန္တာဖြစ်သည်ဆိုသော ဝိသုဒ္ဓိမဂ်လာ စကားနှင့် အတူတူပင်ဖြစ်သည်၊ ဤဝတ္ထု၌ သတိထားစရာကား....

ဒွတ္တိံသာကာရေ သဇ္ဈာယံ ကရောမ-သုံးဆယ့်နှစ်ကောဋ္ဌာသ စီးဖြန်းပါသည်။

ဤကား သမထသမာဓိဖြစ်သည်၊ ၎င်းနောက်မှ....

www.dhammaransi.com

သော ဒွတ္တိံသာကာရံ သဇ္ဈာယန္တော၀ ဝိပဿနံ ပဋ္ဌပေသိ။
(ထေရဂါထာအဋ္ဌကထာ ၅၀၉-နှင့်ဓမ္မပဒဋ္ဌကထာ-၄၅၁)

သော၊ ထိုဝင်္ဂီသထေရ်သည်။ ဒွတ္တိံသာကာရံ၊ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို။ သဇ္ဈာယန္တော၀၊ သရဇ္ဈာယ်စီးဖြန်းလျက်သာလျှင်။ ဝိပဿနံ၊ဖြစ်ပျက်ဝိပဿနာကို။ပဋ္ဌပေသိ၊အားထုတ်ခြင်းကိုဖြစ်စေ၏။

ဝင်္ဂီသသည် ၂-ရက် ၃-ရက်မျှ ကြာသောအခါ ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ ရဟန္တာဖြစ်လေသည်၊ဤ၌လည်း သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ဝိပဿနာ၏အခြေခံအနေနှင့် အားထုတ်ရပုံ၊ နောက်ရဟန္တာ ဖြစ်အောင် ဝိပဿနာတက်၍ရှုရပုံကို သိသာထင်ရှားအောင် ပြထားသည်၊ သို့ဖြစ်၍ ကေသာ-လောမာစသောပဋိက္ကူလမနသိကာရသည် မဂ်,ဖိုလ်ရစေ တတ်သော ပရမတ်အာရုံမဟုတ်သည်ကို ပရမတ်အာရုံဖြစ်မှ ရအပ်သော 'မဂ်ရနိုင်သည်, ဖိုလ်ရနိုင်သည်, သောတာပန်ဖြစ်နိုင်သည်, ရဟန္တာဖြစ်နိုင် သည်'ဟု ဆိုချေက မိမိတို့မှိုခိုအားထားရာ သာသနာကို သာသနာပတရုး မျိုးဖြစ်အောင် ပြုလုပ်သည်နှင့် တူလေသောကြောင့် ကောင်းစွာ သတိ ပြုအပ်ပေသည်။

သုမေဓာထေရီ ဤနေရာတွင်ထေရီဂါထာပါဠိတော်၌လာသော သုမေဓာ ထေရီ အကြောင်းကိုလည်း သိအပ်လေသည်၊ မန္တာဝတီ မည်သောမြို့ဝယ် ကောဉ္စအမည်ရှိသော ဘုရင်ကြီး၏သမီးတော် သုမေဓာ သည် မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာ အားထုတ် ကြကုန်သော အရိယာတို့၏ သီလ, သမာဓိ, ပညာစသော တရားတို့ကို ပါရမီဓာတ်ခံ ရင့်သန်သည့်အတိုင်း အလွန်ကြည်ညိုလေးစားရကား ဘိက္ခုနီမတို့အထံ၌ မပြတ်မပြတ် တရားနာယူတတ်သဖြင့် အကျင့်သီလနှင့်လည်း ပြည့်စုံ၏၊ ဆန်းဆန်းကြယ်ကြယ် တရားစကားကိုလည်း ပြောဆိုတတ်၏၊ ပရိယတ် အကြားအမြင်လည်းများ၏၊ စောင့်ဆည်းသော ကိုယ်အမူအရာ, နှုတ်အမူ အရာလည်း ရှိ၏။

တနေ့သောအခါ မယ်တော်-ခမည်းတော် ဖြစ်ကြသော ကောဉ္စ ဘုရင်နှင့် မိဖုရားကြီးတို့သည် အနီကရတ္တမင်းသားနှင့် လက်ထပ်ရန် စေ့စပ် ထားကြကြောင်းနှင့် ရအံ့သော စည်းစိမ်ချမ်းသာ အကြောင်းကို ပြောဆို တိုက်တွန်းကြသောအခါ သုမေဓာမင်းသမီးသည် မြတ်စွာဘုရားဟောတော်

www.dhammaransi.com

မှူထားသော ကာမဂုဏ်တို့၏အပြစ်ကို ဖော်ပြပြောကြားလျက် ရဟန်းပြုရန် တောင်းပန်လေသည်။

မယ်တော်-ခမည်းတော်တို့သည် ထို သမီးတော်ကို အနီကရတ္တ မင်းသားအား ပေးအပ်ပြီးဖြစ်၍၊ ထိမ်းမြားလက်ထပ်ရန် မင်းသားရောက်လာသောအခါ သုမေဓာမင်းသမီးသည်....

ကေသေ၊ပိတုန်းရောင်တမျှ မည်းနက်နူးညံ့လှသောဆံပင်တို့ကို။ခဂ္ဂေန၊ သံလျက်ဖြင့်။ ဆိန္ဒိယ၊ ဖြတ်လျက်။ ပါသာဒံ၊ ပြာသာဒ်တံခါးကို။ ပိဒဟိတွာ၊ပိတ်၍။ပဌမဇ္ဈာနံ၊ပဌမစျာန်ကို။သမာပဇ္ဇိ၊ဝင်စားလျက်နေ၏။

(ထေရီဂါထာပါဠိတော်-၄၃၁)

အဋ္ဌကထာ၌ ဖွင့်ဆိုထားပုံကား....

အတ္တနော ကေသေ ပုရတော ဌပေတွာ တတ္ထ ပဋိက္ကူလမနသိကာရံ ပဝတ္တေန္တီ။

မိမိ၏ဖြတ်အပ်သောဆံပင်ကို ရှေ့၌ထား၍၊ ထိုဆံပင်တို့၌ စက်ဆုပ်ရွံရှာဖွယ်ဟု နှလုံးသွင်း ရှုမှတ်ခြင်းကြောင့် ပဌမစျာန်ကို ရကြောင်း ဖော်ပြလျက်....

ဈာနတော ဝုဋ္ဌဟိတွာ ဈာနံ ပါဒကံ ကတွာ ဝိပဿနံ ပဋ္ဌပေတွာ ယံကိဉ္စိ ရူပန္တိ အာဒိနာ အနိစ္စာနုပဿနာ သုဒ္ဓ ဘာဝေတိ။

(ထေရီဂါထာ အဋ္ဌကထာ-၂၉၁)

ဈာနတော၊ရအပ်သောပဌမစျာန်မှ။ ဝုဋ္ဌဟိတွာ၊ထ၍။ ဈာနံ၊စျာန်ကို။ ပါဒကံကတွာ၊ ဝိပဿနာရှုရန် အခြေခံပြု၍။ ယံကိဉ္စိ ရူပန္တိအာဒိနာ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အတွင်း, အပြင်, အကြမ်း, အနု, အယုတ်, အမြတ်, အဝေး,အနီး-စသောအားဖြင့် တစုံတခုသော မည်သည့်(ရုပ်) ဖောက်ပြန်မှု မျိုးမဆို မခိုင်မမြဲ ပျက်စီးခြင်းကို ရှုမြင်ခြင်း စသော။ ဝိပဿနံ၊ဝိပဿနာရှုမှုကို။ပဋ္ဌပေတွာ၊ဆောက်တည်၍။ အနိစ္စာနုပဿနံ၊ မခိုင်မမြဲပျက်စီးခြင်းကိုရှုသော အနိစ္စာနုပဿနာကို။သုဒ္ဓ၊ကောင်းစွာ။ ဘာဝေတိ၊ ပွားများ၏။

သုမေဓာမင်းသမီးသည် ဝိပဿနာတရား အားထုတ်လျက် သာလျှင် ဖြတ်ထားအပ်သော ဆံပင်တို့ကို ပြာသာဒ်ထက်မှ အောက်သို့ ပစ်ချလိုက်လေလျှင် အနီကရတ္တ မင်းသားသည် သုမေဓာ၏ မယ်တော်-ခမည်းတော်

www.dhammaransi.com

တို့အား ရဟန်းပြုခွင့် ပေးလိုက်ကြပါရန် တောင်းပန်သဖြင့် ရဟန်းပြုခွင့် ရသော သုမေဓာမင်းသမီးသည် ဘိက္ခုနီမတို့ကျောင်း၌ သိက္ခမာန် (ယောဂီ) အဖြစ်နှင့် တရားအားထုတ်စဉ်ပင် အဘိညာဏ်ခြောက်ပါးနှင့်တကွ ရဟန္တာ ဖြစ်လေသည်။

ဤ၌ သုမေဓာ မင်းသမီးသည် မိမိ၏ ဆံပင်ကို ကိုယ်ကိုင် ဖြတ်၍ (ပဋိက္ကူလမနသိကာရ) စက်ဆုပ်ရွံရှာဖွယ်ထင်မြင်အောင် ပညတ်နိမိတ်ဖြင့် ရှု၍ ပဌမစျာန်ရကြောင်း ပါဠိတော်နှင့်အဋ္ဌကထာပါ ယထာဓမ္မသဘာဝ အတိုင်း ဖော်ပြလိုက်၍၊ထိုရလာသောပဌမစျာန်ကို ဝိပဿနာရှုရန် အခြေခံ အဖြစ်ထား၍ ဆံပင်စသော ဝေါဟာရ ပညတ်တို့ကို လုံးဝဖယ်ပြီးလျှင် မည်သည့်ရုပ်စသော ဖောက်ပြန်မှုသဘောတရားတို့မှန်လျှင် မခိုင်မမြဲသော (အနိစ္စာနုပဿနာ) အပျက်ရှုချက်ဖြင့် အရဟတ္တဖိုလ် ရောက်ကြောင်း ဖော်ပြထားသည်ကို လေ့လာစိစစ်၍ ယူနိုင်ရန်ဖြစ်သည်။

ယင်းသို့လျှင် ကာယနှင့် ပတ်သက်သော ကာယာနုပဿနာတွင် တစုံတခုသော ကာယအဖြစ် သတ်မှတ်ရာတွင် ကြွင်းကျန်မနေရစ်ရအောင် ပြည့်စုံစွာ ဟောတော်မူထားသော မြတ်စွာဘုရားကို အလွန် အားထား ကြည်ညိုနိုင်လောက်အောင် သမထသက်သက်အနေနှင့်သော်၎င်း၊ဝိပဿနာ သက်သက်အနေနှင့်သော်၎င်း၊ သမထ,ဝိပဿနာ အစုံတွဲ၍သော်၎င်း ရှုနိုင် ရန်,သိမြင်နိုင်စေရန် ဟောတော်မူထားခြင်း ဖြစ်လေသည်။

အခြားသော ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ တို့တွင် ဤသို့ သမထ သမာဓိ ပါဝင်သော စျာန်လုပ်ငန်း မပါမရှိချေ၊ ဝိပဿနာရှုရန် သက်သက်ဖြစ်၏။ဤကာယာနုပဿနာပိုင်းတွင်သာ ဘက်စုံ ပါလေရကား ကာယာနုပဿနာ အားထုတ်သူသည် သမထ, ဝိပဿနာ ကွဲပြားစွာသိရန်ကား အထူးပင်အရေးကြီးသောကြောင့် သမထကို ဝိပဿ နာ ထင်ကာ ရအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန် မှ မဆုတ်မယုတ်ရန် လေ့လေ့ လာလာ အားထုတ်ကြပါကုန်။

ကာယာနုပဿနာ (ပဋိကူလမနသိကာရပဗ္ဗ)
အပိုင်း ပြီး၏။

www.dhammaransi.com

ကာယာနုပဿနာ ဓာတုမနသိကာရပဗ္ဗ

●

(၅) ဓာတ်အားဖြင့် နှလုံးသွင်းရှုရာသောအပိုင်း

၇။ **ပါဠိတော်**။ ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ၊ အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူတိ၊ သေယျထာပိ ဘိက္ခဝေ ဒက္ခော ဂေါဃာတကော ဝါ ဂေါဃာတကန္တေဝါသီ ဝါ ဂါဝိံ ဝဓိတွာ စတုမဟာပထေ ဗိလသော ဝိဘဇိတွာ နိသိန္နော အဿ၊ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ဣမမေဝကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ၊ အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူတိ၊ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ လ။ ဧဝမ္ပိခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

၇။ **အနက်**။ ဘိက္ခဝေ၊ ချစ်သားတို့။ ပုနစ၊ တဖန်လည်း။ အပရံ၊ တမျိုးတခြား ကာယနှင့်ပတ်သက်သော ရှုပုံကား။ ဘိက္ခု၊ တရားအလုပ်အားထုတ်ပေတတ် ယောဂီမြတ်သည်။ ယထာဌိတံ၊ တည်မြဲအတိုင်းသော။ ယထာပဏိဟိတံ၊ ထားမြဲအတိုင်းသော။ ဣမမေဝကာယံ၊ ဤရူပကာယ ခန္ဓာကိုယ်ကို ပင်လျှင်။ ဓာတုသော၊ ဓာတ်ဟူသော အနေအားဖြင့်။ ပစ္စဝေက္ခတိ၊ ဉာဏ်သိစေမှု ဆင်ခြင်ရှု၏။ ဣမသ္မိံ ကာယေ၊ ဤရူပကာယဟု ဆိုအပ်သော ခန္ဓာကိုယ်၌။

၁။ ပထဝီဓာတု၊ ခက်မာခြင်း, နူးညံ့ခြင်း လက္ခဏာ ရှိသော ပထဝီဓာတ်သည်။

၂။ အာပေါဓာတု၊ ယိုစီးခြင်း, ဖွဲ့စည်းခြင်း လက္ခဏာရှိသော အာပေါဓာတ်သည်။

၃။ တေဇောဓာတု၊ ရင့်ကျက်စေခြင်း,ပူအေးခြင်း လက္ခဏာ ရှိသော တေဇောဓာတ်သည်။

www.dhammaransi.com

၄။ ဝါယောဓာတု-လှုပ်ရှားခြင်း,ထောက်ကန်ခြင်းလက္ခဏာ ရှိသော ဝါယောဓာတ်သည်။အတ္ထိ၊ရှိ၏။ ဣတိ၊ဤသို့။ပစ္စဝေက္ခတိ၊ ဉာဏ်သိစေမှု ဆင်ခြင်ရှု၏။

ဘိက္ခဝေ၊ ချစ်သားတို့။ သေယျထာပိ၊ မှတ်သားစရာ ဥပမာ ကား။ ဒက္ခော၊ကျွမ်းကျင်သော။ ဂေါဃာတကောဝါ၊ နွားသတ် ဆရာသည်ရင်း။ ဂေါဃာတန္တေဝါသီဝါ၊နွားသတ်ဆရာ၏ တပည့် သည်ရင်း။ ဂါဝိံ၊နွားကို။ ဝဓိတွာ၊ သတ်ပြီး၍။ စတုမဟာပထေ၊ လမ်းဆုံ့ လမ်းမ့ လမ်းလေးခွ၌။ ဗိလသော၊ အစုအပုံ အားဖြင့်။ ဝိဘဇိတွာ၊ အရိုးအသား ဝေဖန်ခွဲခြားလျက်။ နိသိန္နော၊ရောင်းရန် အခြေ ထိုင်လျက်ရှိနေသည်။ အဿ၊ ဖြစ်ရာ၏။

ဘိက္ခဝေ၊ချစ်သားတို့။ ဧဝမေဝခေါ၊ နွားသတ်သမား မခြား နမူ အလားတူသာလျှင်။ဘိက္ခု၊တရားအလုပ် အားထုတ်တော့မည် စိတ်ကရည်မှတ် ယောဂီမြတ်သည်။ ယထာဌိတံ၊ တည်မြဲအတိုင်း သော။ ယထာပဏိဟိတံ၊ ထားမြဲအတိုင်းသော။ ဣမမေဝကာယံ၊ ဤရူပကာယဟု ဆိုအပ်သော ခန္ဓာကိုယ်ကိုပင်လျှင်။ ဓာတုသော၊ သတ္တဝါ မဟုတ် ဓာတ်သာ ဟုတ်၏ ဟူသော အနေ အားဖြင့်။ ပစ္စဝေက္ခတိ၊ ဉာဏ်သိစေမှု ဆင်ခြင်ရှု၏။

ဣတိ၊ဤသို့။ကာယေ၊ဖောက်ပြန်မှုအပေါင်း၌၊ကာယာနုပဿီ၊ ဓာတ်သဘောအားဖြင့် ဖောက်ပြန်မှုကို အဖန်ဖန်အထပ်ထပ်ရှုလေ့ ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ လ။ ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝမ္ပိခေါ၊ဤသို့လည်း။ ဘိက္ခု၊ တရားအလုပ် အားထုတ်ပေတာတ် ယောဂီမြတ်သည်။ ကာယေ၊ ဖောက်ပြန်မှုအပေါင်း၌။ ကာယာ နုပဿီ၊ဓာတ်သဘောအားဖြင့်ဖောက်ပြန်မှုကို အဖန်ဖန်အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍။ဝိဟရတိ၊နေ၏။

၇-အစိပ္ပာယ်ရှင်းချက် ကာယာ နုပဿနာတွင် ကာယနှင့် ပတ် သက် ၍ အထူးထူး အပြားပြား ဖော်ပြ ဟောကြားတော် မူပြီးနောက် ဓာတ်ဟူသောအမြင်မျိုး,အသိဉာဏ်မျိုး ရရှိစေရန် 'ဓာတုမနသိ ကာရ အပိုင်း' ကိုလည်း ဆက်လက်၍ ဟောတော်မူလေ သည်၊ တရား အားထုတ်မည့် ယောဂီသည်....

www.dhammaransi.com

စတုန္နံ ဣရိယာပထာနံ ယေနကေနစိ အာကာရေန ဌိတတ္တာ ယထာဌိတံ။

ဟု အဋ္ဌကထာတွင်ဆိုသဖြင့်....

ရပ်သော ဣရိယာပုထ်နှင့် တည်ရှိသော ယောဂီသည် ရပ်နေသော အတိုင်း၊

ထိုင်သော ဣရိယာပုထ်နှင့် တည်ရှိသောယောဂီသည် ထိုင်နေသော အတိုင်း၊

လျောင်းသော ဣရိယာပုထ်နှင့် တည်ရှိသော ယောဂီသည် လျောင်းနေသောအတိုင်း, ပင်ကိုတည်နေဆဲသောအတိုင်း မိမိ၏ခန္ဓာကိုယ်ကို ဓာတ်အနေအားဖြင့် သုံးသပ်ရမည်၊ ဓာတ်ဆိုသည်မှာ....

'အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု'

အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောလက္ခဏာကို၊ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဓာတု၊ ဓာတ်မည်၏။

ဓာတ်ဟူ၍ခေါ်ရသည်မှာ သူ့သဘောသူဆောင်သောအနက်ဖြစ်၍ (ရှပ်-ဖောက်ပြန်သဘောဟု မိမိဘာသာစကားမဟုတ်ပဲ 'ရုပ်'ဟု ပါဠိုပျက်ခေါ်သကဲ့သို့) ဓာတု-သူ့သဘောသူဆောင်သည် ဟူသော မိမိတို့ဘာသာစကား နားလည်သောစကားမဟုတ်ပဲ ဓာတု-ဓာတ်ဟူ၍ ပြီးစလွယ် အနက်ပြန်ထားသော စာများမှာ အလုပ်သဘောကိုရောက်အောင် မိမိတို့ဘာသာစကားဖြင့် တော်တော်ကြီး ရှင်းပေးရလိမ့်မည်။

ခန္ဓာမှာရှိလျှင် 'မိမိ သူတပါး မပြု လုပ်သော, မပြု ပြင် သော သူ့သဘောသူဆောင်,သူ့ဟာသူဖြစ်,သူ့ဟာသူပျက်သဘောတို့သည်တကယ်ရှိသည်၊ အမှန်တွေ့မည်၊ သို့ရာတွင် ယောဂီသည် ပထဝီဓာတ်ကို ရှာသည်၊ အာပေါ,တေဇော,ဝါယောဓာတ်ကို ရှာနေသည်၊ဘာကိုတွေ့နေသနည်းဟု မေးလျှင် ဓာတ်ကိုတွေ့နေသည်ဟု ဆိုမည်၊ဓာတ်ဆိုသည်မှာအဘယ်နည်းဟု မေးလျှင် သူ့သဘောသူဆောင်လို့ ဓာတ်ခေါ်သည်ဟုဖြေလျှင် ဤယောဂီသည် စာပေဗဟုသုတနှင့်ဖြေကြောင်းထင်ရှားသည်၊ (ထားဦး၊နောက်ပိုင်းမှ ပြအံ့)ထိုသူ့သဘောသူဆောင်သော သဘောဟူသည့် (ဓာတု)သည်....

www.dhammaransi.com

ပထဝီဓာတု-ခက်မာခြင်းသဘော,နူးညံ့ခြင်းသဘော၊
အာပေါဓာတု-ယိုစီးခြင်း,ဖွဲ့စည်းခြင်းသဘော၊
တေဇောဓာတု-ရင့်ကျက်စေခြင်း,မူအေးခြင်းသဘော၊
ဝါယောဓာတု-လှုပ်ရှားခြင်း,ထောက်ကန်ခြင်းသဘော
အားဖြင့် ၄-ပါးရှိလေသည်။

ထို ၄-ပါးသော သဘောတရားတို့သည် ဤ ကာယ အစုအပေါင်းတွင် သဘောတရားအနေနှင့် 'သူ့သဘောသူဆောင်, သူ့ ကိစ္စ သူ လုပ် နေကြသောသဘောတို့'ဟု ရှုလျက်နေရာ၏။

ယင်းသို့ သဘောတရားကို မြင်အောင် ဉာဏ်ဖြင့် ကြည့်ရမှု, သိရမှုသည် အတော်ပင် ခဲယဉ်းသည်။ အဘယ့်ကြောင့်ဆိုသော် 'ခန္ဓာကိုယ်မှာ တရားရှာတော့ ခက်မာခြင်း, တောင့်တင်းခြင်း, ညှောင်းညာခြင်း စသည် တွေ့ပါသည်။ အဲဒါ ပထဝီဓာတ်ပဲမဟုတ်လား။ ဒါကို ပထဝီဓာတ်လို့ ရှုဒါပါပဲ။ ပူဒါ,အေးဒါတွေ့ရင်လဲ တေဇောဓာတ်လို့ရှုရတာပဲ'ဟူသော အဖြေမျိုးဖြင့် ဓာတ်ကမ္မဋ္ဌာန်းရှုသောယောဂီအတွက် ဟုတ်ပေသည်၊မှန်ပေသည်၊ ပြည့်စုံပြီဟု ဆိုလေသည်။

ဤမျှလောက်လွယ်ပါက....

ဧဝံ တိက္ခပညဿ ဓာတုကမ္မဋ္ဌာနိကဿ ဝသေန မဟာသတိပဋ္ဌာနေ သခ်ေပတော အာဂတံ။ (ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၃၄၃)

ဧဝံ၊ ဤသို့။ တိက္ခပညဿ၊ဉာဏ်ပညာထက်သော။ ဓာတုကမ္မဋ္ဌာနိကဿ၊ ဓာတ်ကမ္မဋ္ဌာန်း ရှုသောယောဂီ၏။ ဝသေန၊ အစွမ်းအားဖြင့်။ မဟာသတိပဋ္ဌာနေ၊ မဟာသတိပဋ္ဌာနသုတ်၌။ သခ်ေပတော၊ အကျဉ်းအားဖြင့်။ အာဂတံ၊ လာ၏။

ဤအဋ္ဌကထာမိန့်ဆိုချက်နှင့် ကျွန်ုပ်တို့ လေ့လာရာတွင် ဓာတ်ဟူသောသဘောသည် သူ့လက္ခဏာကို သူဆောင်သော ပရမတ် အနတ္တကို ရည်ညွှန်းသည်။ ဗမာလူမျိုးအနေနှင့် 'ဓာတ်ပဲ, ရုပ်ပဲ'ဟု မှတ် စ ရာ မလို။ 'ခက်မာမှုသည်သူ့သဘောသူဆောင်သောဖောက်ပြန်မှုတည်း'ဟုသိအောင် နားလည်ဖို့လိုသည်။ 'ပထဝီဓာတ်' အာ ပေါ ဓာတ်, တေဇော ဓာတ်, ဝါယောဓာတ်'ဟူ၍ မှတ်ခြင်းသည် ပါဠိစကားပြောသူတို့ မှတ်သားလျှင်

www.dhammaransi.com

အမှန်ဖြစ်သည့်အတိုင်း မိမိတို့ဗမာလူမျိုးအတွက်ကား-ခန္ဓာထဲတွင်တွေ့ရ, သိရသမျှ ဖောက်ပြန်မှု သူ့သဘောတွေ' ဟုသာ သာမည သိထားပါဦး။ (နောက်ဆက်မည်)။

နွားသတ်ပုံသွင်ပမာတင်

ပါဠိတော်တွင် ဓာတ်လေးပါး ရှုရပုံကို ဥပမာပြရာ၌ ကျွမ်းကျင်သော နွားသတ်ဆရာသည်၎င်း, ထိုဆရာ၏ အခစား တပည့်သည်၎င်း, နွားသားရောင်းရန် အလို့ငှာ ခြံမှထုတ်ယူ၍ သတ်မှတ်ထားသော နွားသတ်ဌာန၌ နွားတို့ကိုသတ်ပြီးလျှင် အသားတပုံ, အရိုးတပုံ, အူအသည်းစသည် အပုံအစုခွဲ၍ လမ်းလေးခွဆုံ ရာတွင် ချ၍ရောင်းလေသည်။

ဤနေရာ၌ နွားသတ်သမားသည် နွားကို အသားများများရစေရန် ကျွေးမွေးစဉ်အခါ၌လည်း နွားကို ကျွေးမွေးသည်ဟု သိ၏။သတ်ရာဌာနသို့ ဆွဲလာရာ၌လည်း နွားကို ဆွဲလာ သည်ဟု သိ၏။ သတ်ရန် ချည်နှောင်ထားသောအခါ၌လည်း နွားကိုချည်ထားသည်ဟု သိ၏။ သတ်နေစဉ်အခါ၌လည်း နွားကိုသတ်နေသည်ဟုသိ၏။ အသား,အရိုး စသောအားဖြင့် အစုအပုံအဖြစ်မရောက်သေးသမျှ နွား-ဟူသောအမှတ်သညာသည် ရှိသည်သာ ဖြစ်၏။

အသား,အရိုးစသည် ခွဲခြမ်းဝေဖန်ပြီး ရောင်းနေသောအခါ၌ကား 'ငါသည် နွားကိုမရောင်း အမဲသားကိုရောင်း၏။ ဝယ်သူတို့လည်း နွားကို မဝယ် အမဲသားကိုဝယ်၏' ဟု သိ၏။

ဤနည်းအတိုင်း တရားအားထုတ်သော ယောဂီသည် ကမ္မဋ္ဌာန်းတရားကို အားမထုတ်ရသေးမီ၊ ရှေးလူဖြစ်သောအခါ၌၎င်း,ရဟန်းပြုသောအခါ၌၎င်း, အန္ဓပုထုဇ္ဇန် အဖြစ်နှင့်နေသော ပုဂ္ဂိုလ်အတွက် ခန္ဓာ၏အဖြစ်မှန် ဓာတ်သဘောအားဖြင့် မရှုမမြင်နိုင် သေးသည့်အတွက် 'ငါ ဟူသော အစွဲ, ပုဂ္ဂိုလ်သတ္တဝါဟူသော အစွဲ'သည် မဂ်ဖြင့် မဖြတ် မပယ် နိုင် သေးသည့်အတွက် မကွယ်မပျောက်သေးသည်မှန်၏။ ယခုကဲ့သို့ ဓာတ်လေးပါး အားဖြင့် ခွဲခြမ်းဝေဖန်နိုင်သော အခြေအနေသို့ ရောက်လာသော ယောဂီ အတွက်မှာမူ သတ္တဝါ,ပုဂ္ဂိုလ် အမှတ်သညာတို့သည် ကွယ်ပျောက်၍ 'သူ့သဘောသာ သူဆောင်သော ဖောက်ပြန်မှု သဘောစုတို့ ဖြစ်သည်' ဟုပင် အမြင်ဉာဏ်ဖြစ်သည့်အတိုင်း ရှုရာ၏။

www.dhammaransi.com

ရုပ်ဓာတ်, နာမ်ဓာတ် ပရမတ်

မြတ်စွာဘုရားသည် သံသရာပြတ်ကြောင်း ဝိပဿနာတရားညွှန်ပြရာတွင် ဓမ္မက္ခန္ဓာတော်၌ နည်းပရိယာယ်ပေါင်း မည်မျှပင် များပြားအောင် ဟောထားစေကာမူ ၎င်းတို့သည် (ရူပဓာတု) ရုပ်ဓာတ်ဟူ၍၎င်း၊ (အရူပဓာတု) နာမ်ဓာတ်ဟူ၍၎င်း၊ ယင်း ၂-မျိုးကိုသာ ပင်ရင်း အဖြစ်ထား၍ ခန္ဓာငါးပါး ဟူ၍၎င်း၊ အာယတန တဆယ့်နှစ်ပါး ဟူ၍၎င်း၊ ဓာတ်လေးပါး, ဓာတ် ၆-ပါး, ဓာတ် တဆယ့်ရှစ်ပါး ဟူ၍၎င်း၊ သစ္စာလေးပါး ဟူ၍၎င်း၊ ဤသို့စသား အမည်များဖြင့် သတ္တဝါစရိုက် နားလည်မှုအလိုက်ဖြင့် ဟောကြားခဲ့လေသည်။ မည်သို့ပင် နည်းပရိယာယ်ဖြင့် ဟောခဲ့စေကာမူ လုပ်ငန်း လုပ်ကွက် အနေနှင့်ကား (ရူပံ,နာမံ)ရုပ်,နာမ် ဟူသော သဘော အနေ ပရမတ်တွေကိုသာ ရှုရလေသည်။

ယခု ဤခန္ဓာသည် 'ပထဝီ, အာပေါ, တေဇော, ဝါယော' ဟူသည့် ဓာတ်သဘောအားဖြင့် ရှုရမည်ဟု ဆိုသည်။ ထိုပထဝီစသောသဘောသည် ဓာတ်အနေနှင့်သာ နေသလော။ သို့မဟုတ် အဘယ်ကို ပြောင်းလဲရသေးသနည်း ဆိုသော်....

> အယံ အတ္ထိဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတူတိ အာဒိနာ နယေန သကသန္တတိယံ စတ္တာရိဘူတာနိ တဒနုသာရေန ဥပါဒါရူပါနိစ ပရိဂ္ဂဟေတွာ အယံ ရူပက္ခန္ဓောတိ ဝဝတ္ထပေတိ၊ တံ ဝဝတ္ထာပယတော ဥပ္ပန္နေ တဒါရမ္မဏေ စိတ္တစေတသိကေ ဓမ္မေ ဣမေစတ္တာရော အရူပက္ခန္ဓာတိ ဝဝတ္ထပေတိ။
>
> (မူလပဏ္ဏာသဋ္ဌကထာ-၇၅)

ဣမသ္မိံကာယေ၊ ဤ ကိုယ်ဟူသော ဖောက်ပြန်မှု အပေါင်း၌။ ပထဝီဓာတု, အာပေါဓာတူတိ အာဒိနာနယေန၊ (ခက်မာသဘော, ယိုစီးသဘော) ပထဝီဓာတ်, အာပေါဓာတ် ဤသို့ အစရှိသော နည်းဖြင့်။ သကသန္တတိယံ၊ မိမိ၏ခန္ဓာအစဉ်၌။ စတ္တာရိဘူတာနိစ၊ ဘူတရုပ်လေးပါး တို့ကို၎င်း။ တဒနုသာရေန၊ ထိုဘူတရုပ်တို့ကို အစဉ်မှီး၍ ဖြစ်သော။ ဥပါဒါရူပါနိစ၊ ဥပါဒါရုပ်တို့ကို၎င်း။ ပရိဂ္ဂဟေတွာ၊ ပေါင်းစုသိမ်းဆည်း၍။ အယံ၊ ဤ ပထဝီဓာတ်, အာပေါဓာတ် စသော ဓာတ်ကြီး

www.dhammaransi.com

လေးပါး,ရုပ်ကြီးလေးပါး၊ အမှီရုပ် ၂၄-ပါးအားဖြင့် ၂၈-ပါးသော ရုပ်ဓာတ်အားလုံးကို။ ရူပက္ခန္ဓောတိ၊ ရူပက္ခန္ဓာဟူ၍။ ဝါ၊ဖောက်ပြန်မှု အစုဟူ၍။ ဝဝတ္ထပေတိ၊ မှတ်၏။

ပထဝီဓာတ်, အာပေါဓာတ် စသော မဟာဘုတ် ဘူတရုပ်တို့သာ မက ထိုမဟာဘုတ်ဓာတ်ကြီးလေးပါးတို့ကိုမှီ၍ဖြစ်သော မိမိခန္ဓာအစဉ်တွင် မပြတ်ရှိနေသော ဥပါဒါရုပ်-၂၄။ အားလုံးပေါင်း ၂၈-ပါးသော ဓာတ် ပရမတ်တို့ကို ပေါင်းရုံးသိမ်းဆည်းလျက် (ရူပက္ခန္ဓာ)ဖောက်ပြန်မှုအစုတစု အနေနှင့် မှတ်ပါဟုဆိုသည်။

တံ၊ ထို ၂၈-ပါးသော သဘောတရားကို။ ဝဝတ္ထာယတော၊ရူပက္ခန္ဓာ ဟု မှတ်ပြီးသည့်နောက်။ ဥပ္ပန္နေ၊ ဖြစ်သော။ ကာဒါရမ္မဏေ၊ ထိုဖောက် ပြန်မှုအစု(ရူပက္ခန္ဓာ)လျှင် အာရုံရှိသော။ စိတ္တစေတသိကေ၊ ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏ်ဟူသည့် စိတ်,စေတသိက် ဖြစ်ကုန်သော။ဓမ္မေ၊ သဘောတရားတို့ကို။ ဣမေ၊ ဤသည်တို့ကား။ စတ္တာရော၊ လေးပါး ကုန်သော။ အရူပက္ခန္ဓာတိ၊ နာမက္ခန္ဓာတို့ဟူ၍။ ဝဝတ္ထပေတိ၊ ပိုင်း ခြားမှတ်သား၏။

ထိုဖောက်ပြန်မှုသဘောတရားစုသာမဟုတ်၊ခံစား၍ သိမှု'ဝေဒနာ'၊ မှတ်သိမှု 'သညာ'၊ပြုပြင်မှု'သင်္ခါရ'၊ တိုက်ဆိုံသိမှု'ဝိညာဏ'ဟူသော စိတ်, စေတသိက်တရား အားလုံးကိုလည်း (နာမက္ခန္ဓာ)အာရုံကိုသိမှု အစုကိုဟူ၍ ပေါင်းရုံး သိမ်းဆည်း၍ ပိုင်းခြားထားပါ-ဟု ဆိုလိုသည်၊ ဆက်လက်၍ မဂ်ရောက်သည်အထိ ပြသွားသည်။

အဓိပ္ပာယ် ဆိုလိုချက်မှာ - ဗာလပုထုဇ္ဇန် ဖြစ်နေသော အခါက မှတ်သည့် ပုဂ္ဂိုလ်,သတ္တဝါ,သူ,ငါစသော အမှားစွဲယူမှုတို့ကို 'တောင့်တင်း ခက်မာသော ပထဝီဓာတ်သာရှိသည်၊ ငါမဟုတ် သူမဟုတ်၊ပူ,အေး,နွေး, ရှိန် ဟူသော တေဇောဓာတ်သာ ရှိသည်၊'ငါမဟုတ် သူမဟုတ်'ဟူ၍ နွားကို သတ်ပြီး အသားအရိုး ခွဲ၍ စုပုံ ထားသောအခါ နွားဟူသော အမှတ် ပျောက်သွားပုံကို ဥပမာတွဲယူပါဟု ဆိုလိုသည်၊ ရှင်းပြင်....

စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ ရူပန္တိ ဝဝတ္ထပေတိ၊ တဒါရမ္မဏာ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ နာမန္တိ ဝေ။ (ဋီကာ၊သုတ္တကမ္ဘကထာ-ဖ၀။၁၈၀)

www.dhammaransi.com

အလားတူပင် ပြပေသည်၊ အလုံးအခဲဒြပ်သဏ္ဌာန် အကောင်အထည် ထင်မှုမှ တဖြစ်လဲ၍ 'ဓာတု' ဓာတ်ဟူသော ၄-စု ၄-ပုံ ခွဲခြား ပြလိုက်သော အားဖြင့် အကောင်အထည် သတ္တဝါ, ပုဂ္ဂိုလ် ထင်မှတ်မှားရာမှ ဩော် ဓာတ်ပါလား'ဟု တဖြစ်လဲ သွားစေလေသည်၊ ယင်း'ဓာတ်ပဲ'ဟု မှတ်က ပြီးပြီလားဟု မေးသော် မပြီးသေး၊ ဓာတ်နှင့် မဂ်ကိုသွား၍ မရပါ၊ (ရုပ်) ဖောက်ပြန်သဘော (သင်္ခတ ပရမတ်) ရောက်အောင် သွားရ ပါဦးမည်၊ ပထဝီဓာတ်-၂၀၊ အာပေါဓာတ်-၁၂၊ တေဇောဓာတ် ၄၊ ဝါယောဓာတ် ၆-အားဖြင့် ၃၂-ကောဋ္ဌာသ, ၄၂-ကောဋ္ဌာသ သရုပ်ခွဲနေရန် မဟုတ် သည့်အပြင် တကယ် လုပ်ငန်း ရောက်အောင် သွား တော့မည် ဆိုလျှင် 'ပထဝီပဲ, အာပေါပဲ, တေဇောပဲ, ဝါယောပဲ' ဟုပင် သရုပ်ခွဲနေ၍ မရ တော့ချေ။

အဋ္ဌကထာက 'သရုပ်တွေ ခွဲမနေပါနှင့်၊ အားလုံးဟာ ဖောက်ပြန် သဘော (ရုပ်)ဟုသာမှတ်ပါ'ဟု ဆိုခဲ့သည်၊ တကယ်လည်း အလုပ်စခန်းနှင့် စမ်းကြည့်ပါ၊ ဓာတ်ကို ဓာတ်အနေနှင့် သဘောထား၍ မပြီး....

> ဓာတုဋ္ဌေနာမ သဘာဝဋ္ဌော၊ သဘာဝဋ္ဌေနာမ သုညတဋ္ဌော၊ သုညတဋ္ဌေနာမ နိဿတ္တဋ္ဌောတိ ဧဝံ သဘာဝ သုညတ နိဿတ္တ ဋ္ဌေန ဓာတု။
>
> (သမ္မောဟအဋ္ဌကထာ-၅၂)

ဓာတ်ဟူသည် သဘောတရား၊ သဘောတရား ဟူသည် သတ္တဝါ, ပုဂ္ဂိုလ်မှ ကင်းဆိတ်ခြင်းတည်း၊ သတ္တဝါ, ပုဂ္ဂိုလ်ကင်းဆိတ်ခြင်းသည် သတ္တ သညာပယ်ခြင်းတည်း၊ ဤသို့ ဓာတ်ဟူသော သဘာဝတရားသည် သတ္တဝါ, ပုဂ္ဂိုလ်ဟူသော သတ္တသညာ အတ္တသညာတို့ ကင်းဆိတ် ပယ်ခွာနိုင်သော ကြောင့် ဓာတ်မည်၏။

ဓာတ်သည်ရုပ် ပထဝီစသောဓာတ်တို့သည် မိမိ, မိမိတို့၏ သဘောလက္ခဏာ ကိုသာ ဆောင်ကုန်သည်၊ တပါးသောဓာတ်၏လက္ခဏာ ကို မဆောင်၊ ၎င်းတို့သည် မိမိတို့၏လက္ခဏာအတွင်း၌သာ ရှိသော်လည်း သင်္ခတ သင်္ခါရ၏သဘောအရ ဖောက်ပြန်တတ်သောသဘောကို လွန်နိုင် ခြင်းမရှိရကား (ရုပ်) 'ရုပ်'ဟူသောအသွင်ကို ဆောင်ရလေသည်။

www.dhammaransi.com

သဗ္ဗာပိ ဓာတုယော ရူပ္ပနလက္ခဏံ အနတိတတ္တာ ရူပါနိ။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၃၆၂)

သဗ္ဗာပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ ဓာတုယော၊ဓာတ်တို့သည်။ရူပ္ပန လက္ခဏံ၊ဖောက်ပြန်တတ်သော ရူပ္ပနသဘောကို။ အနတိတတ္တာ၊မလွန် နိုင်ခြင်းကြောင့်။ ရူပါနိ၊ ရုပ်တို့မည်ကုန်၏။ ဝါ-ဖောက်ပြန်မှုတို့မည် ကုန်၏။

ဓာတ်ကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ယောဂီသည် ဤကား တောင့်တင်းသော ပထဝီဓာတ်စသည်အားဖြင့် ရှုမှတ်နေရုံနှင့်မပြီး။ မဂ်ဖိုလ် အထိ ရှုရပုံတို့ကို (သမ္မောအဋ္ဌကထာ၊ ဓာတုဝိဘင်၊ သုတ္တန္တ ဘာဇနီယ အဖွင့် ၅၃-တွင် အကျယ်ပြထားသည်၊ ၎င်းတွင် ကြည့်ပါ၊ ကျွန်ုပ်အနေ နှင့်ကား လိုရင်းဖြစ်သော ရုပ်, နာမ်ကိုသာ စစ်ဆေး၍ အလုပ်ရောက် အောင် ပြအံ့)။

ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ ၃၄၆၊ ၃၄၇-တွင် ဤကား ခက်မာသဘော ရှိသော ပထဝီဓာတ်တည်း၊ ဤကား ယိုစီးဖွဲ့စည်းတတ်သောသဘောရှိသည့် အာပေါဓာတ်တည်း၊ ဤကား ရင့်ကျက်ခြင်း, ပူအေးခြင်း သဘောရှိသည့် တေဇောဓာတ်တည်း၊ ဤကား လှုပ်ရှားခြင်း, တွန်းကန်ခြင်းသဘောရှိသည့် ဝါယောဓာတ်တည်း၊ ဤကဲ့သို့ အကျဉ်းအားဖြင့် ဓာတ်တို့ကို လက္ခဏာ အားဖြင့်၎င်း၊ ကိစ္စ,ရသအားဖြင့်၎င်း၊ ဉာဏ်ဖြင့်ပိုင်းခြား မှတ်သား သိမ်း ဆည်း၍ ကာလ အရှ,အထောင်မက အကြိမ်ကြိမ်အဖန်ဖန် ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်ဟူ၍ ဓာတ်မျှသာဟု နှလုံးသွင်းလေသောကြောင့် သတ္တဝါမဟုတ်, အသက်ဇီဝ မဟုတ်သော အားဖြင့် အဖန်ဖန် ဆင်ခြင်အပ်၏၊ နှလုံးသွင်းအပ်၏၊ ရှုအပ်၏။

ယင်းသို့ ဓာတ်အနေရောက်အောင် ရှုသော ယောဂီအား မကြာ မြင့်မီပင်လျှင် ပထဝီစသော ဓာတ်တို့၏ သဘောလက္ခဏာ အထူးကို ထွန်း လင်းခြင်းကိစ္စရှိသော ပညာဖြင့် ထက်ဝန်းကျင် သိမ်း ဆည်း အပ် သော သဘာဝဓမ္မလျှင် အာရုံရှိရကား မဟဂ္ဂုတ်အဖြစ်သို့မရောက်သော ဥပစာရ မျှသာဖြစ်သော သမာဓိသည်ဖြစ်၏။ (ဤကား ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ၏ အဆိုတည်း)။

www.dhammaransi.com

ထိုစကားကိုလေ့လာသောအခါ ဥပစာရ သမာဓိမျှ ရသည်ကိုသာ ဖော်ပြပြီးလျှင် အကယ်၍ ဝိပဿနာတက်၍ ရှုလိုလျှင် မူလ ပဏ္ဏာသ ပါဠိတော်၊ မဟာဟတ္ထိ ပဒေါပမသုတ်၊ မဇ္ဈိမ ပဏ္ဏာသပါဠိတော်၊ မဟာရာဟုလောဝါဒသုတ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ဓာတုဝိဘင်္ဂသုတ်တို့တွင် အကျယ်ဟောထားပုံကိုပါ ဖော်ပြသည်။

ဤ မဟာသတိပဋ္ဌာန သုတ်တွင် ဟောသော 'ဓာတုမနသိကာရ' သည် အလွန်ကျဉ်းလွန်းသောကြောင့် ဥပစာရသမာဓိမျှသာရနိုင်ကြောင်း၊ ထို့ကြောင့်....

စံတိက္ခပညဿ ဓာတုကမ္မဋ္ဌာနိကဿ ဝသေန မဟာသတိပဋ္ဌာနေ သခ်ေပတော အာဂတံ။

ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ဆိုခဲ့သည်။ ဝိပဿနာ ရောက် အောင် မြတ်စွာဘုရား ဟောတော် မူထားသည် မှန်၏။ ဓာတ်ရှုသူတို့ ဝိပဿနာ ရောက်ရန်ကား အလွန်ဉာဏ်ထက်ဖို့ လိုသည်ဟူ၏။ အဘယ့်ကြောင့်ဟူမူ-

ဝိပဿနာဟူသည် ပညတ်လွတ်သော, ပညတ်မပါသော, ပရမတ် အမြင်ဖြစ်ရာ ယောဂီသည် ဓာတ်ကမ္မဋ္ဌာန်းရှုရန် ပြင်ဆင်သည်၊ နှလုံးသွင်းသည်၊ အားထုတ်သည်၊ ဘာကိုတွေ့သလဲ ဟု ဆရာက မေးသည်။

ယောဂီက....

'တောင့်နေတာ၊ တင်းနေတာ၊ ညောင်းနေတာ တွေ့ပါတယ်'

'အေး....အဲဒါ ပထဝီဓာတ်လို့ မှတ်နေ၊ ပူဒါ, အေးဒါ တွေ့ရင်လဲ တေဇောဓာတ်လို့ မှတ်ပြီးတော့ လှုပ်တာတို့,ရွတာတို့,ကျင်တာတို့ တွေ့ရင် ဝါယောဓာတ်လို့မှတ်'

ဟု ဆရာက ညွှန်ပြသည်။ ယောဂီသည် ဆရာ ညွှန်သည့် အတိုင်း ပထဝီ,တေဇော,ဝါယောဓာတ်တို့ကို မှတ်တော့သည်။

ဤကား-ကျွန်ုပ်တို့ကြုံဖူးသောဖြစ်ရပ်ပေ။

ယခု ကျွန်ုပ်တို့အမြင်ဖြင့် ဝေဖန်လျှင် ယောဂီ၏ခန္ဓာမှာ တွေ့သိရချက်သည် အမြဲမပြတ် မြစ်ရေစီးသကဲ့သို့ တသွင်သွင် ဖောက်ပြန်ပြောင်းလဲ နေသောပရမတ်တို့ဖြစ်၍ ၎င်းတို့ကို ပရမတ်ဟူ၍မသိသည့်အတွက်'ညောင်းသည်,တောင့်သည်,ပူသည်,အေးသည်' ဟု ပညတ်စကားနှင့်ပြောလေသည်။

www.dhammaransi.com

ထိုအခါ ဆရာလုပ်သူက'အဲဒါတွေဟာ ဖောက်ပြန်ပြောင်းလဲနေတဲ့ ပရမတ်တွေပဲ၊ ပူတယ်, အေးတယ်, ညောင်းတယ်, ကိုက်တယ်လို့ ပညတ်နဲ့ မမှတ်ရဘူး၊ ဝိပဿနာဆိုတာ ပရမတ်ကို ရှုရတာ' ဟု ညွှန်ပြပေးလျှင်ကား ခန္ဓာ၏အတွေ့ပေါ်တွင် ပညတ်အထင်မှ ပရမတ်ဉာဏ်မြင်သို့ ပြောင်းရှုရုံ သာပဲဖြစ်၍ မှန်ပေပြီ။

သို့ရာတွင် ဆရာသည် ဤသို့မညွှန်'အဲဒါတွေကို ပထဝီဓာတ်လို့မှတ်၊ တေဇောဓာတ်လို့ မှတ်၊ ဝါယောဓာတ်လို့ မှတ်'ဟု သင်ပေးတော့သဖြင့် အတော်ပင်ခက်လေပြီ။

'ခက်မာတဲ့သဘောဟာ ပထဝီဓာတ် မဟုတ်ဖူးလား' ဟု မေးအံ့။

'ခက်မာတဲ့သဘောဟာ ပထဝီမဟုတ်ပါ၊ ခက်မာတဲ့ သဘောသာ ဖြစ်တယ်'ဟု ဖြေရမည်။

'ဒါဖြင့် ခက်မာတဲ့သဘောနဲ့ ပထဝီဓာတ်ဟာ မတူဘူးလား' ဟု ထပ်မေးအံ့။

'ခက်မာတဲ့သဘောက ပရမတ်၊ ပထဝီဓာတ်ဆိုတာက ပညတ်ဖြစ်၍ မတူပါ'ဟု ဖြေလေ။

'ခက်မာတဲ့သဘောလဲ ပထဝီပဲလို့ ကျမ်းဂန်မှာရှိတယ်၊ ဘာပြော လိုသလဲ'ဟု မေးလျှင်....

'ခက်မာတဲ့သဘောသည် ပထဝီဓာတ်ဟု ညွှန်ပြတဲ့လက္ခဏာလို့သာ ကျမ်းဂန်မှာ ဆိုပါတယ်'

'ခက်မာတာဟာ ပထဝီဓာတ်လို့ မဆိုပါ၊ သမ္မောဝိသုဒ္ဓိမဂ်တို့ကို ကြည့်ပါ' ဟုဖြေ။

'အမှန်မှာ မိမိလက္ခဏာကို ဆောင်ပြလို့ သိနေရသော ပရမတ်ကို ပါဠိဘာသာ မတတ်ပါပဲ ပထဝီဓာတ်ဟု မှတ်နေခြင်းသည် သက်သက်အပို ကိစ္စတခုသာဖြစ်သည်။ ရှင်းအံ့။ မိမိ၏ အသိဉာဏ်တွင် 'ပထဝီဓာတ်' ဟု ဘယ်နည်းနှင့်မျှမတွေ့၊ တွေ့သည်ကား- 'ခက်မာမှု,တောင့်တင်းမှု,ညောင်း ညာမှု, ကိုက်မှု' စသည်သာ တွေ့ရသည်အမှန်၊ ထို တွေ့သိချက်ကို တွေ့နေ, သိနေသည့် မိမိဘာသာနှင့် သိနေသော အသိအတိုင်း မထားမူ၍ မိမိမသိ

www.dhammaransi.com

သော၊ နားမလည်သော၊ ဉာဏ်မှာမတွေ့သော 'ပထဝီဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်' စသည်မှတ်နေမှုကား- အပို ဉာဏ် အလုပ် ရှုပ် ထွေး မှုသာ ဖြစ်သည်။

လောကဝေါဟာရံ ဂဟေတွာ သညာဝိပလ္လာသေန သဥ္စာနာတီတိ ပထဝီ။ (မူလပဏ္ဏာသဋ္ဌကထာ-၂၆)

လောက၏အပြောအဆို အသုံးအနှုန်းအရ အမှတ်မှားမှုကြောင့် ပထဝီဟု မှတ်၏၊ တောင့်တင်း၊ ကိုက်ခဲဟုမှတ်၏။

လောကသင်္ကေတ အမှတ်အသား အသုံးအနှုန်းအတိုင်း ပထဝီဟု မှတ်နေ၊ ခေါ်နေခြင်း၊ တောင့်တင်းသည်၊ ညောင်းညာသည်၊ ထုံသည်၊ ကျင်သည် စသော မှတ်မှု အားလုံးသည် ပညတ်ကို မှတ် နေ ခြင်းကြောင့် (သညာဝိပလ္လာသ) အမှတ်မှားမှုဖြစ်၏။

မိမိသည် ခန္ဓာမှာ တောင့် တင်း သည် ကို တွေ့၏။ ဘာမျှ မမှတ်မိသေးမီ ပညတ်မဝင်၊ ထိုရာတွင် ပရမတ်ကို ပရမတ်ဟုကား မသိ၊ တောင့်တင်းသည်တော့ သိနေ၏။ မကြာမီ တောင့်တင်းသည် ဟု မှတ်လိုက်၏။ ပညတ်ဖြစ်သွားပြီ၊ ပထဝီဟု မှတ်လိုက်၏။ မသိပညတ်ဖြစ်သည်။

'ပထဝီဓာတ်ဟုမှတ်မှုကား- မိမိနားမလည်သော ပညတ်အမှတ်'။

တောင့်တင်းသည်ဟု မှတ် မှု ကား- မိမိ နား လည် သော ပညတ် အမှတ်'။

'ဝိပဿနာဟူသည်အမှတ်မှာမဖြစ်၊အသိဉာဏ်မှာဖြစ်သည်'ဟူသော ဆောင်ပုဒ်ကို စွဲမြဲထားပါ၊ ထို့ဖြင့် 'ပထဝီဟုမှတ်လဲ ပညတ်၊ တောင့်တင်း မှတ်လဲ ပညတ်ဆိုလျှင် ပရမတ်ဆိုတာ ဘယ်မှာလဲ'ဟုမေးငြားအံ့။ ပရမတ်သည် ပညတ်မတင်မီ၊ နာမည်မတပ်မီ ရှိနေသော သဘောသည် ပရမတ် အစစ်ဖြစ်သည်။ နှလုံးသွင်းပါ၊ ယောဂီသည် တရားအားထုတ်ရန် ထိုင်၍ ခန္ဓာကိုယ်ကို ဉာဏ်ဖြင့်ကပ်ထားစဉ် သိလာသည်ကား၊ ဥပမာ....

'တောင့်တင်းသော လက္ခဏာကို တွေ့ရသည်၊ ဉာဏ်နှင့် သိနေ သည်၊ နာမည်မတပ်လိုက်ပါနှင့်၊ တနည်း- နာမည်မတပ်မီခင် အသိက ဦးနေသည်၊ ထိုအသိသည် အမှန်ကို အမှန်အတိုင်း သိလိုက်က ပရမတ်ကို သိသော အသိဖြစ်၍ (သမ္မာဒိဋ္ဌိ)ဉာဏ် ဖြစ်မည်။

www.dhammaransi.com

ပညတ်ဟူသည် ထိုအမှန်ရှိ ပရမတ်ကို ပရမတ်ဟု မသိသည့်အတွက် မိမိတို့လောကပညတ်နယ် အသုံးအနှုန်းမျိုးဖြင့် နာမည် တပ်လိုက်သည်နှင့် (ဝါ) လောကသုံး အမည် မှတ်လိုက်သည်နှင့် ပညတ်သိ ဖြစ်သွားသည်။ 'ပညတ်သိဖြစ်သွားသည်' ဆိုသဖြင့် နဂိုရှိပြီးပရမတ်သည် ပညတ်ဖြစ်သွားသည်ဟု မမှတ်ပါလေနှင့်၊ဘယ်အခါမှပရမတ်ကပညတ်ဖြစ်ရိုးထုံးစံမရှိချေ။ မိမိအသိမှာသာ အမှတ်မှားသဖြင့် အသိမှား, အစွဲမှား, ဖြစ်သွားခြင်းပေတည်း။ ထိုသို့ဆိုလျှင် ပရမတ်ကို အဘယ်သို့ သိရမည်နည်း ဆိုသော်....

ပရမတ်ဟူသည် 'ရုပ်ပရမတ်, နာမ်ပရမတ်' ဟူ၍ ၂-မျိုး ရှိသည်။ ရုပ်ပရမတ်ဆိုရာ၌ 'ရူပံ'ကို ဆိုလိုသည်။ ရူပံဆိုသည်မှာ....

'ရုပ္ပတီတိ ရူပံ၊ ဖောက်ပြန်တတ်သောသဘော'သည် ပါဠိလို'ရူပံ'၊ ဗမာလို'ဖောက်ပြန်သဘော' ၎င်းကား- ရုပ်ပရမတ်။

နာမ်ပရမတ်ဆိုသည်မှာ 'နာမံ'ကိုဆိုသည်၊ နာမံကား....

'နမတီတိ နာမံ၊ သိစရာ ညွတ်စရာကို သိတတ်သောသဘော' ပါဠိလို 'နာမံ'၊ဗမာလို'သိသဘော'၊ ၎င်းကား-နာမ်ပရမတ်။

ယောဂီသည် ခန္ဓာမှာ 'တောင့်တင်းသောသဘော' ကို သိနေစဉ် ခန္ဓာထဲကဖောက်ပြန်ပြောင်းလဲတတ်သောသဘောတို့ ဖောက်ပြန်နေ၍သာ သိနေရသည်။ ဖောက်ပြန်နေမှုသည် ရုပ်ပရမတ်ဖြစ်သည်။ ၎င်းကို ပရမတ်အတိုင်း 'ဖောက်ပြန်မှု' ဟု အမှန်ကို အမှန်အတိုင်း, အရှိကို အရှိအတိုင်း သိလေက ဖောက်ပြန်ခြင်းသည် 'ရုပ်ပရမတ်'၊ ဖောက်ပြန်မှု ဟု သိနေခြင်းသည် နာမ်ပရမတ်ဖြစ်လေသည်။စင်စစ်မှာ ဤအသိဖြစ်ရန် တစုံတခု မိမိ၏ လုံ့လဝီရိယဖြင့် ပြုလုပ်ဖွယ်မလိုချေ။ ပင်ကိုအရှိကို ပညတ်နာမည်, လောကနာမည်မတပ်ပဲ နဂိုသို့ ရိုးရိုးသိနေက ပရမတ်ကိုသိသောအသိဖြစ်လေသည်။

'သဗ္ဗာပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဓာတုယော၊ ဓာတ်တို့သည်။ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်တတ်သော ရုပ္ပနသဘောကို။ အနတီတတ္တာ၊ မလွန်နိုင်ခြင်းကြောင့်။ ရူပါနိ၊ ဖောက်ပြန်မှုတို့မည်ကုန်၏။ ဝါ၊ ရုပ်တို့မည်ကုန်၏။

ဟု ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ အဆိုအတိုင်း မည်သည့် ဓာတ်မဆို ပရမတ် ဖောက်ပြန်သဘောတို့သာတည်း။

www.dhammaransi.com

ပညာထက်မှ ရှုချက်ရ ခေတ်ဟူသောသဘောမှ အလုပ်ဖြစ်သော ရုပ်ပရမတ်သို့ ရောက်အောင် ရှုရချက်သည်(မန္ဒပညာ)ဉာဏ်ပညာနုံ့သော ပုဂ္ဂိုလ်တို့အတွက် ပညတ်အခြေမခံသဖြင့် အတော်ပင် ရှုရ သိရ ခက်ပေလိမ့်မည်၊ အဋ္ဌကထာ၌လည်း....

ယံထဒ္ဓလက္ခဏံ၊အယံ ပထဝီဓာတူတိအာဒိနာနယေန သခ်ေပတော မနသိကရောတော ကမ္မဋ္ဌာနံ ပါကဋံ့ဟောတိ၊ ဣတရဿ တထာ မနသိကရောတော အန္ဓကာရံ အဝိဘူတံ ဟောတိ။

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၃၄၆)

ယံ ထဒ္ဓလက္ခဏံ၊ အကြင် ခက်မာသော လက္ခဏာသည် ရှိ၏။ အယံ၊ ဤခက်မာသောလက္ခဏာကို။ ပထဝီဓာတူတိအာဒိနာနယေန၊ ပထဝီ ဓာတ်တည်းဟု ဤသို့အစရှိသောနည်းဖြင့်။ သခ်ေပတော၊ အကျဉ်း အားဖြင့်။ မနသိကရောတော၊ နှလုံးသွင်းသော (တိက္ခပညာ)ဉာဏ် ထက်သောယောဂီအား။ ကမ္မဋ္ဌာနံ၊ ရှုအပ်သောဓာတ်ကမ္မဋ္ဌာန်းသည်။ ပါကဋံ၊ ပေါ်လွင်ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ဣတရဿ၊ ဉာဏ် ထက်သောယောဂီမှတပါး ဉာဏ်နုံ့သောယောဂီအား။ တထာ၊ ဉာဏ် ထက်သောယောဂီ နှလုံးသွင်းသောအတိုင်း။ မနသိကရောတော၊နှလုံး သွင်းသော ဉာဏ်နုံ့သော ယောဂီအား။ အန္ဓကာရံ၊ ဉာဏ်ရောင်မလင်း အမိုက်မှောင်တွင်းကဲ့သို့ဖြစ်၏။ အဝိဘူတံ၊ မပေါ်လွင်မထင်ရှားသည်။ ဟောတိ၊ဖြစ်၏။

အဋ္ဌကထာကလည်း ဆိုသည်၊ ကျွန်ုပ်တို့အနေနှင့်လည်း သိဖို့မလွယ် ဟုပင်ဆိုပါသည်၊ အဘယ့်ကြောင့်ဟူမူဉာဏ်နုံ့သောသူများမှာ လောကသုံး ပညတ်နှင့် တွဲစပ်ပါမှ သိသည်၊ ယခုမူ အကောင်အထည် အလုံးအခဲ ဒြပ် သဏ္ဌာန် မရအပ်သော 'ခက်မာမှုသဘောမှ တဆင့်ဖောက်ပြန်သဘောသို့' ခေတ်မှ ရုပ်ပရမတ်သို့တိုက်ရိုက် ပရမတ်သဘောတရားမျှ ရှုသွားရသဖြင့် ပညတ်နယ်ကို ထိုးဖောက်၍ ပရမတ်သဘော ရောက်အောင် ရှုသွားနိုင်ရန် ဝန်လေးဖွယ်ရာဖြစ်သည်။

သို့ရာတွင် ဉာဏ်နုံ့သောသူများ ပရမတ် သဘောတရားကို မရှုနိုင် သေးမီ့သိအောင်ရှုနည်း၊ ခေတ်ကိုမသိသေးမီ (ကေသာ-လောမာ)ဆံပင်

www.dhammaransi.com

မွေးညှင်း စသော ပညတ်ကတည်း၍ ရှုနည်းကို မဟာဟတ္ထိပဒေါပမသုတ်, မဟာရာဟုလောဝါဒသုတ်စသည်တို့ဖြင့် ထိုဉာဏ်နုံ့သူများအတွက်ဟု အဋ္ဌကထာဆရာက ညွှန်ပြထားသည်။

ယခုပြသောနည်းမှာ မိမိခန္ဓာတွင်'ဖောက်ပြန်သောရုပ်ပရမတ်'နှင့် 'သိသဘော နာမ်ပရမတ်'ကို သဘောပေါက် ရှုမှတ် အားထုတ်နိုင်ပါက အခြားသော မိမိမှတပါး အပသန္တာန်၌လည်း ဤသို့သော ပရမတ်ရုပ်,နာမ်တို့ဖောက်ပြန်ပြောင်းလဲနေမှုကို ဉာဏ်အားဖြင့်သဘောပေါက်နိုင်ကြောင်း မြတ်စွာဘုရား ဟောထားလေသည်၊ တဆင့်တက်၍ ထိုပရမတ်ဖြစ်သော 'ဖောက်ပြန်မှု,သိမှု'သဘောတို့သည် ဖြစ်တတ်သောသဘောရှိ၍ ပျက်တတ်သော သဘောလည်း ရှိပေသည်၊ ထို ဖြစ်တတ်,ပျက်တတ်သောသဘောကို ရှုမြင်တတ်သော ယောဂီသည် ခန္ဓာကိုယ်၌ ဓာတ်ဟူသော ကာယကိုလည်း အဖန်ဖန်အထပ်ထပ် ရှုလျက်နေ၏။

ကာယသုံးခု ဝိပဿနာရှု

မြတ်စွာဘုရားသည်ဒုက္ခဟူသော ဆင်းရဲသံသရာပြတ်ကြောင်း နိဗ္ဗာန်မျက်မှောက်ပြုကြောင်း ဖြစ်သော သတိပဋ္ဌာန်တရား လေးပါးကို ဆိုင်ရာရုပ်,နာမ်တို့ ရသင့်သည့်တရားများ ခွဲခြမ်းဝေဖန်တော်မူရာ ကာယ(ရုပ်)နှင့်ပတ်သက်၍တဆယ့်လေးမျိုးဟောထားရာတွင် တဆယ့်လေးမျိုးအားလုံးသည် ဝိပဿနာသို့တိုက်ရိုက်ရောက်ကြသည် မဟုတ်ကုန်၊အချို့မှာဥပစာရသမာဓိရအောင်ဟောထားပြီးနောက် တသုတ်တနေရာတွင်မှ ဝိပဿနာသို့ တက်၍ရှုပုံ ခွဲ၍ဟောထား၏၊ အချို့မှာ ဈာန်အခြေခံရအောင်ဟောထားပြီးတနေရာတွင်မှ ထိုဈာန်အခြေခံနှင့်ဝိပဿနာ ရှုနိုင်ရန် သမထယာနိကအနေနှင့်ဟောထားသည်လည်းရှိသည်၊ အချို့လည်း သံဝေဂဉာဏ်ဖြစ်အောင် ဟောထားသည်ကိုလည်းတွေ့ရပြီး အချို့မှာခန္ဓာ၏ အပြစ်ကို မြင်အောင်ပြပြီး ဉာဏ်အခြေခံကောင်းအောင် ဟောထားသည် လည်းရှိ၍ မျိုးစုံလှသည်။

အဘယ့်ကြောင့် ဝိပဿနာသန့်သန့်ချည်း မဟောပါသနည်းဟူမူ ကာယ(ရုပ်)နှင့်ပတ်သက်၍အကြွင်းအကျန်မရှိကုန်စင်အောင်အဓိကထား၍ ဟောတော်မူခြင်းဖြစ်သည်၊ ကာယတဆယ့်လေးမျိုးတွင် ဝိပဿနာ တိုက်ရိုက် ရှုနိုင်သည်မှာ သုံးမျိုးသာဖြစ်ကြောင်းကို....

www.dhammaransi.com

တတ္ထ ယသ္မာ ဣရိယာပထပဗ္ဗံ စတုသမ္ပဇညပဗ္ဗံ ဓာတုမနသိကာရ
ပဗ္ဗန္တိ ဣမာနိ တီဏိ ဝိပဿနာဝသေန ဝုတ္တာနိ။
(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၃၂)

တတ္ထ၊ ထိုကာယာနုပဿနာသတိပဋ္ဌာန်၌။ ဣရိယာပထပဗ္ဗံ၊ ဣရိယာပထ ခန္ဓာ၏ အမူအရာပြောင်းကို ရှုသောအပိုင်းကိုဒင်း။ စတုသမ္ပဇညပဗ္ဗံ၊ သမ္ပဇဉ်လေးပါး ရှုပွားပုံအပိုင်းကိုဒင်း။ ဓာတုမနသိကာရပဗ္ဗံ၊ ဓာတ်သဘောတို့ကိုရှုရသော အပိုင်းကိုဒင်း။ ဣတိဣမာနိတီဏိ၊ ဤသုံးပါးသော အပိုင်းတို့ကို။ ဝိပဿနာဝသေန၊ ဝိပဿနာကို တိုက်ရိုက်ရှုအပ်သည်၏ အစွမ်းအားဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

ယင်းသို့ အဋ္ဌကထာဖော်ပြထားသဖြင့် လုပ်ငန်း ခွင် သို့ ကိုယ်တိုင် ဝင်ရောက်အားထုတ်သော ယောဂီအတွက် ပို၍ပင် သဘာဝကျစွာ ရှုနိုင်သည်ကို တွေ့ရမည်ဖြစ်သည်။

ဝိပဿနာလုပ်ငန်းသည် ခန္ဓာကိုယ်၏ 'အ တွင်း လှုပ် ရှား မှု' ခေါ် ပရမတ်သဘောတို့ မရပ်မနားသွားလာလှုပ်ရှားနေသည်ကို မြင်တတ်သော ဉာဏ်ဖြင့် သဘာဝကျစွာ လေ့လာအကဲခပ်သော လုပ်ငန်းဖြစ်ပေရာ အပြင်ဖက် သဘောကို သဏ္ဍာန်ဒြပ်ကြည့်ပြီး ရှုရ အကဲခပ်ရသောအလုပ်မဟုတ်ပဲ မည်သည့်ပညတ်နိမိတ်တို့မှပါဝင်၍မရသော ပရမတ်သဘောကို သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း ဣရိယာပုထ်တို့၏ အပြင်မဟုတ်သော အတွင်း လှုပ်ရှားမှုကို အကဲခပ်ရလေသည်၊ ကွေးခြင်း, ဆန့်ခြင်း စသော သမ္ပဇဉ်ပိုင်းတွင်လည်း အတွင်းပရမတ်တို့၏ ရွေ့ရှားပုံတို့ကို ဉာဏ်ဖြင့် တိုက်ရိုက်ရှုနိုင်အောင် ပြထားသကဲ့သို့ ပထဝီ, အာပေါ, တေဇော, ဝါယော ဟု ဆိုအပ်သည့် မဟာဘုတ်ဓာတ်ကြီးလေးပါးတို့ကို ဓာတ်အနေလောက်သာ ရပ်မနေပဲ ဓာတ်ဟူသည် ရုပ်ပွန သဘောကို မလွန်ဆန်နိုင်သဖြင့် ရုပ် အဖြစ် ပရမတ်သို့ပြောင်းရှုပုံကိုလည်းပြထားသည်၊ ဤသို့သောဝိပဿနာရှုနိုင်ချက် ကာယ ဆိုင်ရာ တ ဆယ့် လေး မျိုးတွင် ဝိပဿနာ တိုက်ရိုက် ရှုနိုင်သော သုံးမျိုးကို ကျယ်ဝန်းစွာပြသထားသဖြင့် မိမိသဘောပေါက်သလိုရွေးချယ်နိုင်ကြလေသည်။

www.dhammaransi.com

သာဝကမှာ အားထားရာ

သတိပဋ္ဌာန်ပုဗ္ဗဘာဂမဂ်သည် အားထုတ်သူအား ရအပ်ရောက်အပ်သော မဂ်ဖြင့်ကိလေသာကိုမဂ်အားလျော်စွာ ပယ်သတ်သည်ချည်း ဖြစ်၏၊ မြတ်စွာဘုရား အလောင်းတော်၏တရားအားထုတ်ရာတွင် ရအပ်သော သောတာပတ္တိမဂ်သည် ဒိဋ္ဌိ, ဝိစိကိစ္ဆာဟူသော ကိလေသာ ၂-ပါးကိုသာပယ်သတ်နိုင်၍ သာဝက ဖြစ်သောသုပ္ပဗုဒ္ဓလူနူရသော သောတာပတ္တိမဂ်ကိုလည်း ထိုကိလေသာ ၂-ပါးအောက် လျော့၍ သတ်သည်မရှိ၊ အလောင်းတော်၏ အရဟတ္တမဂ်သည် ကိလေသာဟူ၍ အကြွင်းအကျန် မရှိအောင် ပယ်သတ်သကဲ့သို့ သန္တတိအမတ်ကြီး၏ အရဟတ္တမဂ်သည်လည်း ကိလေသာအားလုံး အကြွင်းအကျန်မရှိအောင် ပယ်သတ်သည်မှာ အထူးအထွေ ကွဲပြားခြားနားခြင်းမရှိချေ၊ ယင်းသို့ပင် ကိလေသာသတ်ရာ၌ မဂ်တူလျှင် ကိလေသာအသေတူသည်သာ ဖြစ်၏။

သို့ရာတွင် မြတ်စွာဘုရားအတွက်ကား....

ဗုဒ္ဓါနံပန၊ မြတ်စွာဘုရားတို့အားကား။ အဏုပ္ပမာဏမ္ပိ၊ အဏုမြူပမာဏမျှလည်း။ သင်္ခါရဂတံ၊ ရုပ်,နာမ် ၂-ပါး သင်္ခါရတရားကို။ ဉာဏေန၊ ဉာဏ်ဖြင့်။ အဒိဋ္ဌံ၊ မမြင်အပ်သည်။ အတုလိတံ၊ မနှိုင်းချိန် နိုင်သည်။ အတီရိတံ၊မလွန်မြောက်နိုင်သည်။ အသစ္ဆိကတံ၊ မျက်မှောက်မပြုနိုင်သည်။ နတ္ထိ၊မရှိချေ။

ဟု မူလပဏ္ဏာသဋ္ဌကထာတွင် ပြသော အတိုင်း ရသော မဂ်နှင့်သေသောကိလေသာတို့ တူပါသော်လည်း တရားတလုံးကို မြတ်စွာဘုရားတို့ သိရာ၌ အကြွင်းအကျန်ဟူ၍ အဏုမြူမျှပင်ဖြစ်သော ရုပ်သင်္ခါရ,နာမ်သင်္ခါရ တစုံတခုတွင်မှ ဉာဏ်မနိုင်သည်,မမြင်အပ်သည်,မနှိုင်းချိန်နိုင်သည်, မလွန်မြောက်နိုင်သည်, မျက်မှောက်မပြုနိုင်သည်ဟူ၍ တစုံတခုမျှ မရှိပေ၊ သိစရာတရားအားလုံးကို အဏုမြူမျှပင် မကြွင်းမကျန်အောင် သိခြင်းဖြစ်၍ မဂ်ပင်မကူသော်လည်း သိတရားကား ကူပေသည်။

ယခုဘဝတွင် တွေ့ကြုံရာ ဘုရားသာသနာနှင့် ကျက်တမ်းဝင်လျှင်ပြီးရောဟူသော ပကတိသာဝကအတွက်ကား ဗောဓိဝိသေသ ဆုထူးပန်များ မဟုတ်၍ နောင်ပွင့်လတ္တံ့သောဘုရားတို့အား စောင့်မျှော်စရာလည်း

www.dhammaransi.com

မလိုပေ၊ ဘုရားအလောင်းတော်တို့ကဲ့သို့ ဒုက္ကရအကျင့်မျိုးကို ဆင်းရဲခံ၍ စမ်းသပ်လုပ်စရာလည်း မလိုပေ၊ သိအပ်သော တရားအနေနှင့်လည်း ရုပ်, နာမ် ၂-ပါးရှိရာတွင် ရုပ်တလုံးကို ပိုင်နိုင်လျှင်လည်း တရားရနိုင်ပြန်သည်။

ရုပ်တလုံး ဆိုသော်လည်း ရုပ်နှင့် ပတ်သက်သော ၂၈-ပါးလုံး သိစရာမလို၊အရင်းခံဓာတ်ကြီးလေးပါးကို ဖြစ်,ပျက်ရှုနိုင်က 'စတုန္နံ မဟာဘူတာနံ သမုဒယဋ္ဌ အတ္ထင်္ဂမဋ္ဌ ယထာဘူတံ ပဇာနာတိ'အရ ကိလေသာ ကုန်နိုင်သည်၊ထိုဓာတ်လေးပါးလုံးသာ မဟုတ်သေး—

> သာဝကာ ဟိ စတုန္နံ ဓာတူနံ ကေဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ။ (မူလပဏ္ဏာသဋ္ဌကထာ-၅၄)

ဟိ၊သာဝကတို့အတွက် နိဗ္ဗာန်ရချက်လွယ်ပုံကို ဆိုဦးအံ့။ သာဝကာ၊ သာဝကတို့သည်။စတုန္နံ၊လေးပါးကုန်သော။ ဓာတူနံ၊ပထဝီ, အာပေါ်, တေဇော,ဝါယောဓာတ်တို့၏။ ကေဒေသမေဝ၊တစိတ်တဒေသကိုသာလျှင်။သမ္မသိတွာ၊ရှုမှတ်အားထုတ်၍။နိဗ္ဗာနံ၊ခန္ဓာဇာတ်သိမ်းငြိမ်းအေးသော နိဗ္ဗာန်သို့။ပါပုဏန္တိ၊ရောက်ကြကုန်၏။

သာဝကတို့အတွက် အလွန့်အားထားစရာကောင်းသော အချက်ဖြစ်သည်။

မိမိတို့သည် ဆုထူးပန်များ မဟုတ်ခဲ့ပါမူ သံသရာမြန်မြန်ပြတ်လျှင် မြန်မြန်အေးသည်ဟု သဘောပေါက်ထားသော တရားအားထုတ်သည့် ယောဂီအတွက် ဓာတ် ၄-ပါးတို့၏ သဘောကို ရှုမှတ်နိုင်မှုမလိုဘဲ ပထဝီဓာတ်တလုံး၏ တစိတ်တဒေသကို သဘောပေါက်အောင် ပရမတ်သိမြင်က တရားရနိုင်ကြောင်း ပြဆိုထားခြင်းဖြစ်သည်။ဥပမာ....

ယောဂီသည် တရားအားထုတ်ရန် ခန္ဓာ၌ ဉာဏ်ကပ်ထားလေပြီ၊ ထိုအခါ ညောင်းသောလက္ခဏာတခုကို တွေ့သည်၊ ထိုညောင်းမှုသည် (ပထဝီ)ခက်မာသဘောအတွင်းက တစိတ်တဒေသ ပထဝီသဘောပင် တည်း၊ပရမတ်သဘောတရား ပြသည့်အတိုင်း'ညောင်းသည်'ဟု မမှတ်သော်လည်း ထိုသဘောကိုသိနေခြင်းကား 'ပရမတ်ပထဝီ၏တစိတ်'ကို သိနေခြင်းပင်ဖြစ်သည်။

www.dhammaransi.com

ပထဝီသည်လည်း ရုပ္ပနဟူသော ဖောက်ပြန်သဘောရှိသည့် ရုပ်ဖြစ်ရကား 'ရုပ်'ဖြစ်လေသည်၊ ထိုသဘောကို 'ဖောက်ပြန်မှု'ဟု သိနေချိန်တွင် ပရမတ်ရုပ်နာမ် ဖြစ်လေပြီ။

သခေ်ပတော၊ အကျဉ်းအားဖြင့်။ နာမဥ္စ၊ သိသဘောသည်ရင်း။ ရူပဥ္စ၊ ဖောက်ပြန် သဘောသည်ရင်း။ ဣတိ၊ ဤသို့။ ဒွေဘာဂါယေဝ၊ ၂-ဖို့ ၂-ပုံတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣမေဓမ္မာ၊ ဤဖောက်ပြန်သဘော, သိသဘောတို့သည်။ ဟုတွာ၊ ပရမတ္ထအားဖြင့် ဖြစ်ကုန်ပြီး၍။ အဘာဝဌေန၊ အကြွင်းအကျန်မရှိအောင် ပျက်စီးလေသောကြောင့်။ အနိစ္စံ၊ အပျက်မည်၏။ ဣတိ၊ ဤသို့။ အနိစ္စလက္ခဏံ၊ အပျက်ကိုသိမြင်တတ်သော လက္ခဏာကို။ အာရောပေတိ၊ တင်၏။ ဥဒယဗ္ဗယပီဠိတတ္တာ၊ ဖြစ်ခြင်း, ပျက်ခြင်းတို့သည် မပြတ်မလပ် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်။ ဒုက္ခာတိ၊ ဆင်းရဲ၏ဟူ၍။ ဒုက္ခလက္ခဏံ၊ ဆင်းရဲကိုသိမြင်တတ်သောလက္ခဏာကို။ အာရောပေတိ၊ တင်၏။ အဝသဝတ္တနတော၊ သတ္တဝါ၏အလိုသို့ မလိုက်မပါ သွားသဘောသာ ဖြစ်ခြင်းကြောင့်။ အနတ္တာတိ၊ ငါမဟုတ် သွားသဘောဟူ၍။ အနတ္တလက္ခဏံ၊ ငါမဟုတ် သွားသဘောကို သိမြင်တတ်သော လက္ခဏာကို။ အာရောပေတိ၊ တင်၏။ ဧဝံ၊ ဤသို့။ တီဏိလက္ခဏာနိ၊ သုံးပါးသောသိကြောင်း,မှတ်ကြောင်းတို့ကို။ အာရောပေတွာ၊ ဉာဏ်ဖြင့်သက်ဝင်တင်လေပြီး၍။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ ဝိပဿနံ၊ ဉာဏ်၅သိရာဝိပဿနာကို။ ပဝတ္တေန္တော၊ ဖြစ်စေသည်ရှိသော်။ သောတာပတ္တိမဂ္ဂံ၊ သောတာပတ္တိမဂ်သို့။ ပါပုဏာတိ၊ ရောက်၏။

(မူလပဏ္ဏာသဋ္ဌကထာ-၇၆)

မည်သည့်ဓာတ်တလုံးကိုမဆို တစိတ်တဒေသအားဖြင့် ရုပ်ပိုင်းဆိုင်ရာ ပရမတ်သို့ရောက်အောင် ရှုပွားနိုင်က ရနိုင်ကြောင်းကို သမ္မော-ဣတိဝုတ်စသော အဋ္ဌကထာတို့ကလည်း လုပ်ငန်းစဉ်ပြ၍ ထောက်ခံလိုက်သေးသည် ဖြစ်၍ အလွန် လွယ်ကူပါသည်၊ သို့ရာတွင် တခုအရေးကြီးသည်ကား- မိမိကိုယ်တိုင်မသိသော 'ဓာတ်ဟူသောအသုံး, ရုပ်ဟူသောအသုံး' များကို မသုံးမမှတ်ပဲမိမိနားလည်နိုင်သော'သွားသဘောသူဆောင်သည့်ဖောက်ပြန်မှု' ဟု ပိုင်နိုင်အောင်, နိုင်နင်းအောင်, သဘောကျေညက်အောင် မိမိကိုယ်နှင့်

www.dhammaransi.com

မိမိတကယ်သဘောပေါက်ပြီး ယုံကြည်မှုရအောင် ပြုလုပ်ဖို့ကား အလွန်ပင် အရေးကြီးပါသည်၊ မိမိ၏ခန္ဓာကိုယ်တခုလုံးသည် 'ဖောက်ပြန်မှု့, သိမှု'တို့ စုပေါင်းဖွဲ့စည်းထားသည့် ပရမတ်သဘောတို့သာ ရှိသည်ဟူသော ယုံကြည်ချက် ခိုင်မာစေရန် သိအပ်သောပရမတ်ကို သိစေရန် အားထုတ်မှု တဆင့်တက်၍ ဝိပဿနာမဂ်ဖြင့် လောကုတ္တရာမဂ်သို့ ကူးပြောင်းရန် အလုပ်ကို ကြိုးစား၍ အားထုတ်နိုင်ကြပါစေကုန်။

ကာယာနုပဿနာ (ဓာတုမနသိကာယပဗ္ဗ)

အပိုင်း ပြီး၏။

www.dhammaransi.com

ကာယာနုပဿနာ နဝသိဝထိကပဗ္ဗ

●

(၆) သူသေကောင်ကို ရှုရာသော အပိုင်း

(အမှတ်-၁)

၈-ပါဠိတော်။ ပုနစပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ ဧကာဟမတံ ဝါ ဒွိဟမတံ ဝါ တီဟမတံ ဝါ ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကဇာတံ၊ သော ဣမမေဝ ကာယံ ဥပသံဟရတိ၊ 'အယမ္ပိခေါ ကာယော ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော'တိ။ ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ လ။ ဧဝမ္ပိခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

၈-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးသောကာယနှင့်ပတ်သက်သောရှုပုံကား။ ဘိက္ခု၊ တရားအလုပ် အားထုတ်ပေတတ်သောယောဂီမြတ်သည်။ သိဝထိကာယ၊ သုသာန်၌။ ဆဍ္ဍိတံ၊ စွန့်ပစ်၍ ထားအပ်သော။ ဧကာဟမတံ ဝါ၊ သေပြီးမှနောက်တရက် လွန်လာပြီးသည်လည်း ဖြစ်သော။ ဒွိဟမတံ ဝါ၊ သေပြီးမှနောက် ၂-ရက် လွန်လာပြီးသည်လည်းဖြစ်သော။ တီဟမတံ ဝါ၊ သေပြီးမှ နောက် ၃-ရက်လွန်လာပြီးသည်လည်းဖြစ်သော။ ဥဒ္ဓုမာတကံ၊ ဖူးဖူး ရောင်သော။ ဝိနီလကံ၊ အဖြူ အနီရောသည်ဖြစ်၍ ညိုသောအဆင်းရှိ သော။ ဝိပုဗ္ဗကဇာတံ၊ ကွဲပျက်လာသည်ဖြစ်၍ သွေးပုပ်ပြည်ပုပ်တို့ ယိုစီးလျက်ရှိသော။ သရီရံ၊ သူသေကောင်ကို။ သေယျထာပိ ပဿေယျ၊ တွေ့မြင်ရာသကဲ့သို့။ သော ဘိက္ခု၊ ထိုယောဂီသည်။ အယမ္ပိခေါ ကာယော၊ ဤငါ၏ခန္ဓာကိုယ်သည်လည်း။ ဧဝံဓမ္မော၊ ဤသူသေ ကောင်အတူ ဖူးဖူးရောင်သောသဘောရှိ၏။ ဧဝံဘာဝီ၊ ဤသူသေ ကောင်အတူ ဖူးဖူးရောင်ခြင်းသည် ကေန် ဖြစ်လတ္တံ့။ ဧဝံ အနတီ တော၊ ဤသူသေကောင်အတူ ဖူးဖူးရောင်ခြင်းကို မလွန်ဆန်နိုင်။ ဣတိ၊ ဤသို့။ ဣမမေဝ ကာယံ၊ ဤခန္ဓာကိုယ်ကိုသာလျှင်။ ဥပသံဟ ရတိ၊ ထပ်တူကပ်၍ဆောင်၏။

www.dhammaransi.com

ဣတိ၊ ဤသို့။ အဇ္ဈတ္တံဝါ၊ အတွင်းဖြစ်သော မိမိသန္တာန်၌လည်း။ ကာယေ၊ ဖောက်ပြန်မှုအပေါင်း ရူပကာယ၌။ ကာယာနုပဿီ၊ ဖောက်ပြန်မှုကို အဖန်ဖန်အထပ်ထပ်ရှုသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။ လ။ဘိက္ခဝေ၊ချစ်သားတို့။ ဧဝမ္ပိခေါ၊ဤသို့လည်း။ ဘိက္ခု၊ယောဂီသည်။ ကာယေ၊ ဖောက်ပြန်မှု အပေါင်း၌။ ကာယာနုပဿီ၊ ဖောက်ပြန်မှုကိုအဖန်ဖန်အထပ်ထပ် ရှုသည်ဖြစ်၍။ဝိဟရတိ၊နေ၏။

(ပါဠိတော်ကို ချန်ထား၍ အနက်ကိုသာ ဆက်ရေးအံ့)

(အမှတ်-၂)

၄-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ ပုန စ၊တဖန်လည်း။ အပရံ၊ တမျိုး တဖုံ ကာယနှင့်ပတ်သက်သောရှုပုံကား။ဘိက္ခု၊တရားအလုပ် အားထုတ်ပေတတ် ယောဂီမြတ်သည်။ သိဝထိကာယ၊သုသာန်၌။ဆဍ္ဍိတံ၊ စွန့်ပစ်၍ ထားအပ်သော။ ကာကေဟိဝါ၊ ကျီးတို့သည် မူလည်း။ ခဇ္ဇမာနံ၊ ခဲစားအပ်သော။ ကုလလေဟိဝါ၊ စွန်ရဲတို့သည်မူလည်း။ ခဇ္ဇမာနံ၊ ခဲစားအပ်သော။ ဂိဇ္ဈေဟိဝါ၊ လင်းတတို့သည် မူလည်း။ ခဇ္ဇမာနံ၊ ခဲစားအပ်သော။ ကင်္ကေဟိဝါ၊ ဘုံမတီးငှက်တို့ သည် မူလည်း။ ခဇ္ဇမာနံ၊ခဲစားအပ်သော။ သုနခေဟိဝါ၊အိမ်ခွေးတို့သည် မူလည်း။ ခဇ္ဇမာနံ၊ ခဲစားအပ်သော။ ဗျဂ္ဃေဟိဝါ၊ ကျားတို့သည် မူလည်း။ ခဇ္ဇမာနံ၊ ခဲစားအပ်သော။ဒီပီဟိဝါ၊ ကျားသစ်တို့သည် မူလည်း။ ခဇ္ဇမာနံ၊ ခဲစားအပ်သော။ သိင်္ဂါလေဟိဝါ၊ မြေခွေး, တောခွေးတို့ သည်မူလည်း။ ခဇ္ဇမာနံ၊ ခဲစားအပ်သော။ ဝိဝိဓေဟိ၊ အထူးထူးအပြားပြား များစွာကုန်သော။ ပါဏကဇာတေဟိဝါ၊ ပိုးလောက်တို့သည်မူလည်း။ ခဇ္ဇမာနံ၊ ခဲစားအပ်သော။ သရီရံ၊ ကိုယ်ကောင်ကို။ သေယျထာပိ ပဿေယျ၊ တွေ့မြင် ရာ သ ကဲ့ သို့။ သောဘိက္ခု၊ ထိုယောဂီသည်။

ဣမမေဝကာယံ၊ဤကိုယ်ကောင်ကိုပင်လျှင်။အယမ္ပိကာယော၊ ဤ ငါ၏ ခန္ဓာ ကို ယ် သ ည် လ ည်း။ ဧဝံဓမ္မော၊ ဤသို့ ကျီး,စွန်ရဲ စသည်တို့ ခဲစားအပ်သည် ဖြစ်လတ္တံ့။ ဧဝံဘာဝီ၊ ဤသို့ ကျီး,စွန်ရဲ စသည်ကောန် ခဲစားအပ်သည် ဖြစ်လတ္တံ့။ ဧဝံ အနတီတော၊ ဤသို့

www.dhammaransi.com

ကျီး,ငှက်ရဲစသည် ခဲစားအပ်သောသဘောကို မလွန်ဆန်နိုင်။ ဣတိ၊ ဤသို့။ ဣမမေဝကာယံ၊ ဤမိမိ၏ခန္ဓာကိုယ်ကိုသာလျှင်။ ဥပသံဟရတိ၊ ထပ်တူကပ်၍ဆောင်၏။

(ဣတိအဇ္ဈတ္တံဝါကစ၍ အားလုံးတူ၍ ခြင်းလိုက်သည်)။

(အမှတ်-၃)

၁၀-အနက်။ ဘိက္ခဝေ၊ချစ်သားတို့။ ပုနစ၊တဖန်လည်း။ အပရံ၊ တမျိုးတဖုံ ကာယနှင့်ပတ်သတ်သောရှုပုံကား။ဘိက္ခု၊တရားအလုပ် အားထုတ်ပေတတ်ယောဂီမြတ်သည်။သိဝထိကာယ၊သုသာန်၌။ဆဍ္ဍိတံ၊စွန့်ပစ်၍ ထားအပ်သော။ သမံသလောဟိတံ၊ အသား, အသွေး အကြွင်း အကျန်တို့နှင့် တကွသော။ နှာရုသမ္ဗန္ဓံ၊ အကြောတို့ဖြင့် ဖွဲ့တွယ်လျက်သာ ရှိသေးသော။ အဋ္ဌိက သခ်လိကံ၊ အရိုးဆက်နေသေးသော။ သရီရံ၊ အရိုးစု သူသေကောင်ကို။ သေယျထာပိ ပဿေယျ၊ တွေ့မြင်ရာသကဲ့သို့။ လ။ ဘိက္ခု၊ ယောဂီသည်။ ဧဝမ္ပိ၊ ဤသို့လည်း။ ကာယေ၊ အရိုးဟူသော ကာယ အစုအပေါင်း၌။ ကာယာနုပဿီ၊ ဖောက်ပြန်မှုကို အဖန်ဖန်အထပ်ထပ်ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

(အမှတ်-၄)

၁၁-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ ပုနစ၊တဖန်လည်း။ အပရံ၊တမျိုးတဖုံ ကာယနှင့် ပတ်သက်သော ရှုပုံကား။ ဘိက္ခု၊ တရားရှုတတ်ယောဂီမြတ်သည်။ သိဝထိကာယ၊သုသာန်၌။ဆဍ္ဍိတံ၊စွန့်ပစ်၍ထားအပ်သော။ နိမံသလောဟိတမက္ခိတံ၊ အသားကင်းလျက် သွေးတို့ဖြင့်သာ လိမ်းကျံအပ်သော။ နှာရုသမ္ဗန္ဓံ၊ အကြောတို့ဖြင့် ဖွဲ့တွယ်လျက်သာ ရှိသေးသော။ အဋ္ဌိက သခ်လိကံ၊ အရိုးအားဖြင့်သာ ဆက်နေသေးသော။ သရီရံ၊ အရိုးစု သူသေကောင်ကို။ သေယျထာပိ ပဿေယျ၊ မြင်ရာသကဲ့သို့။လ။ ကာယေ၊၌။ ကာယာနုပဿီ၊ ဖြစ်၍။ ဝိဟရတိ၊ ၏။

www.dhammaransi.com

(အမှတ်-၅)

၁၂-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ ပုနစ၊ တဖန်လည်း။ အပရံ၊ တမျိုး တဖုံကာယနှင့်ပတ်သတ်သောရှုပုံကား။ ဘိက္ခု၊ ယောဂီမြတ်သည်။ သိထိကာယ၊ သုသာန်၌။ ဆဍ္ဍိတံ၊ စွန့်ပစ်၍ထားအပ်သော။ အပဂတ မံသလောဟိတံ၊ အသား, အသွေး လုံးဝကင်းသော။ နှာရုသမ္ဗန္ဓံ၊ အကြောတို့ဖြင့် ဖွဲ့တွယ်လျက်သာ ရှိသေးသော။ အဋ္ဌိကသင်္ခလိကံ၊ အရိုးအားဖြင့်သာ ဆက်နေသေးသော။ သရီရံ၊ အရိုးစု သူသေ ကောင်ကို။ သေယျထာပိ ပဿေယျ၊ တွေ့မြင်ရာသကဲ့သို့။ လ။ ကာယေ၊ ၌။ ကာယာနုပဿီ၊ ဖြစ်၍။ ဝိဟရတိ၊ ၏။

(အမှတ်-၆)

၁၃-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ ပုနစ၊ တဖန်လည်း။ အပရံ၊ တမျိုး တဖုံ ကာယနှင့်ပတ်သက်သောရှုပုံကား။ ဘိက္ခု၊ ယောဂီမြတ်သည်။ သိဝထိကာယ၊ သုသာန်၌။ ဆဍ္ဍိတံ၊ စွန့်ပစ်၍ထားအပ်သော။ ဒိသာ ဝိဒိသာ၊ တူရူအရပ်, အထောင့်အရပ် မျက်နှာတို့၌။ ဝိက္ခိတ္တာနိ၊ ပစ်ကြဲအပ်ကုန်သော။ အပဂတသမ္ဗန္ဓာနိ၊ အကြောပြတ်၍ တွဲစပ် ခြင်းမရှိကုန်သော။ အဋ္ဌိကာနိ၊ အရိုးဖြစ်ကုန်သော။ သရီရံ၊ အကောင် ကို။ ပဿေယျ၊ တွေ့မြင်ရာ၏။

အညေန၊ အရပ်တပါးဖြင့်။ ဟတ္ထဋ္ဌိကံ၊ လက်ရိုးကို။ အညေန၊ အရပ်တပါးဖြင့်။ ပါဒဋ္ဌိကံ၊ ခြေရိုးကို။ အညေန၊ အရပ်တပါးဖြင့်။ ဂေါပ္ဖကဋ္ဌိကံ၊ ခြေမျက်စိရိုးကို။ အညေန၊ အရပ်တပါးဖြင့်။ ဇင်္ဃဋ္ဌိကံ၊ ခြေသလုံးရိုးကို။ ဦရုဋ္ဌိကံ၊ ပေါင်ရိုးကို။ ကဋိဋ္ဌိကံ၊ ခါးရိုးကို။ ဖာသု ကဋ္ဌိကံ၊ နံရိုးကို။ ပိဋ္ဌိဋ္ဌိကံ၊ ကျောရိုးကို။ ခန္ဓဋ္ဌိကံ၊ ပခုံးရိုးကို။ ဂီဝ ဋ္ဌိကံ၊ လည်ပင်းရိုးကို။ ဟနုကဋ္ဌိကံ၊ မေးရိုးကို။ ဒန္တဋ္ဌိကံ၊ သွားရိုးကို။ အညေန၊ အရပ်တပါးဖြင့်။ သီသကဋာဟံ၊ ခေါင်းခွံရိုးကို။ ဣတိ၊ ဤသို့။ အဋ္ဌိကာနိ၊ ပြန့်ကြဲသော အရိုးရှိသော။ သရီရံ၊ သူသေ အကောင်ကို။ ပဿေယျ၊ မြင်ရာ၏။ လ။ ကာယေ၊ ၌။ ကာယာ နုပဿီ၊ ဖြစ်၍။ ဝိဟရတိ၊ ၏။

www.dhammaransi.com

(အမှတ်-၇)

၁၄-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ ပုနစ၊ တဖန်လည်း။ အပရံ၊ တမျိုး တဖုံကာယနှင့်ပတ်သက်သောရှုပုံကား။ဘိက္ခု၊ယောဂီသူမြတ်သည်၊ သိဝထိကာယ၊ သုသာန်၌။ဆဍ္ဍိတာနိ၊စွန့်ပစ်၍ထားအပ်ကုန်သော။ သေတာနိ၊ ဖြူဆွတ်ကုန်သော။ သင်္ခ ဝဏ္ဏပဋိဘာဂါနိ၊ ခရုသင်း အဆင်းနှင့် တူကုန်သော။ အဋ္ဌိကာနိ၊ အရိုးဖြစ်ကုန်သော။ သရိရံ သရိရာနိ၊ အကောင်တို့ကို။ ပဿေယျ၊ မြင်ရာ၏။ လ။ ကာယေ၊ ၌။ ကာယာနုပဿီ၊ ဖြစ်၍။ ဝိဟရတိ၊ ၏။

(အမှတ်-၈)

၁၅။ အနက်။ ဘိက္ခဝေ၊ချစ်သားတို့။ ပုနစ၊တဖန်လည်း။အပရံ၊တမျိုး တဖုံ ကာယနှင့်ပတ်သက်သောရှုပုံကား။ ဘိက္ခု၊ယောဂီမြတ်သည်။ သိဝထိကာယ၊သုသာန်၌။ ဆဍ္ဍိတာနိ၊စွန့်ပစ်၍ထားအပ်ကုန်သော။ ပုဉ္ဇကိတာနိ၊ အစုလိုက် ပြန့်ကြဲကုန်သော။ တေရောဝဿိကာနိ၊ နှစ်ကျော်ကြာပြီးမိုးရေလည်းစွတ်ကုန်သော။ အဋ္ဌိကာနိ၊အရိုးဆွေး တို့ကို။ ပဿေယျ၊ မြင်ရာ၏။လ။ကာယေ၊ ၌။ ကာယာနုပဿီ၊ ၍။ ဝိဟရတိ၊၏။

(အမှတ် ၉)

၁၆။ အနက်။ ဘိက္ခဝေ၊ချစ်သားတို့။ပုနစ၊တဖန်လည်း။ အပရံ၊တမျိုး တဖုံ ကာယနှင့်ပတ်သက်သော ရှုပုံကား၊ ဘိက္ခု၊ ယောဂီ သူမြတ် သည်။ သိဝထိကာယ၊သုသာန်၌။ ဆဍ္ဍိတာနိ၊စွန့်ပစ်အပ်ကုန်သော။ ပူတီနိ၊ဆွေးမြေ့ကုန်ပြီးသော။ စုဏ္ဏကဇာတာနိ၊ မှုန့်မှုန့်ညက်ညက် ကြဲသည်လည်း ဖြစ်ကုန်သော။ အဋ္ဌိကာနိ၊ အရိုးတို့သာ ဖြစ်ကုန် သော။ သရိရံ-သရိရာနိ၊ အကောင်တို့ကို။ သေယျထာပိပဿေယျ၊ မြင်ရာသကဲ့သို့။

သောဘိက္ခု၊ထိုယောဂီသူမြတ်သည်။ ဣမမေဝကာယံ၊ဤမိမိ၏ ကိုယ်ကိုပင်လျှင်။ အယမ္ပိခေါကာယော၊ ဤ ငါ၏ခန္ဓာကိုယ်လည်း လည်း။ ဧဝံဓမ္မော၊ဤသို့ မှုန့်မှုန့်ညက်ညက်ကြေပျက်သောသဘော ရှိ၏။ ဧဝံဘာဝီ၊ ဤသို့ မှုန့်မှုန့်ညက်ညက်ကြေပျက်ခြင်းသည် ဖြစ်

www.dhammaransi.com

လတ္တံ့။ ဝေ်အနတီတော၊ ဤသို့ မှုန့်မှုန့်ညက်ညက် ကြေပျက်သော သဘောကိုမလွန်ဆန်နိုင်။ ဣတိ၊ ဤသို့။ ဣမမေဝကာယံ၊ ဤ မိမိ၏ ခန္ဓာကိုယ်ကိုပင်လျှင်။ ဥပသံဟရတိ၊ ထပ်တူကပ်၍ဆောင်၏။ လ။ ကာယေ၊ ၌။ ကာယာနုပဿီ၊ ၍။ ဝိဟရတိ၊ ၏။

နဝသိဝထိကပဗ္ဗပြီး၏။

နဝသိဝထိက၌အဓိပ္ပာယ်ရှင်းချက်

၁။ သိဝထိကပဌမပိုင်းသည် သေပြီးစ သူသေကောင်ကို သုသာန်၌ စွန့်ပစ်ထားသောအခါ ၁-ရက်၊ ၂-ရက်၊ ၃-ရက်ရှိလျှင် ဖူးဖူးရောင် ရမ်းကာ အရောင်ညိုမဲ သွေးပြည်တို့စီး၍လျက် ရှိနေသော သူသေ အလောင်းကိုမြင်လျှင် 'ငါ၏ကိုယ်လည်း ဤလိုပင်ဖြစ်ရလိမ့်မည်' ဟု ဆင်ခြင်သောအပိုင်း ဖြစ်သည်။

၂။ သိဝထိက ဒုတိယပိုင်းသည် သုသာန်၌ စွန့်ပစ်ရသဖြင့် ကျီး, စွန်ရဲ, လင်းတ, ဘုံမတ်းငှက်, ခွေး, ကျား, ကျားသစ်, မြေခွေး, ပိုးအမျိုး မျိုးတို့ ကိုက်ခဲစားသောက်အပ်သော သူသေကောင်ကို မြင်လျှင် 'ငါ၏ ကိုယ်သည်လည်း ဤလို ဖြစ်ရလိမ့်မည်'ဟူ၍ ဆင်ခြင်သော အပိုင်းဖြစ်သည်။

၃။ သိဝထိက တတိယပိုင်းသည် အသားအသွေး အနည်းငယ်နှင့်တကွ အကြောများဆိုင်းဖွဲ့လျက် အရိုးဆက် မပြုတ်သေးသော သူသေ ကောင်ကိုမြင်လျှင် 'ငါ၏ ဤခန္ဓာကိုယ်သည်လည်း ဤလို ဖြစ်ရ လိမ့်မည်'ဟု ဆင်ခြင်သောအပိုင်း ဖြစ်သည်။

၄။ သိဝထိကစတုတ္ထပိုင်းသည် ဤ သူသေကောင်၌ အသားမရှိ သွေး ပုပ်တို့လိမ်းကျံလျက် အကြောများဆိုင်းဖွဲ့ကာ အရိုးဆက် မပြုတ် သေးသော သူသေကောင်ကို မြင်လျှင် 'ငါ၏ ကိုယ်သည်လည်း ဤလို ဖြစ်လိမ့်မည်'ဟု ဆင်ခြင်သောအပိုင်း ဖြစ်သည်။

၅။ သိဝထိက ပဉ္စမအပိုင်းသည် အသား အသွေး မူကား မရှိတော့ဘဲ အကြောများဆိုင်းဖွဲ့လျက် အရိုးဆက် မပြုတ်သေးသော သူသေ ကောင်ကိုမြင်လျှင် 'ငါ၏ကိုယ်သည်လည်း ဤလို ဖြစ်လိမ့်မည်'ဟု ဆင်ခြင်သောအပိုင်း ဖြစ်သည်။

www.dhammaransi.com

၆။ သိဝထိကဆဋ္ဌမအပိုင်းသည် အရိုးအဆက်တို့ပြုတ်သဖြင့် လက်ရိုး တခြား, ခြေရိုး တခြား, ဦးခေါင်းရိုး တခြား စသည်အားဖြင့် ဖရိုဖရဲ အရိုးတွေ ပြန့်ကြဲ၍နေသော သူသေကောင်ကို မြင်လျှင် 'ငါ၏ ကိုယ်သည်လည်း ဤလို ဖြစ်လိမ့်မည်' ဟု ဆင်ခြင်သော အပိုင်း ဖြစ်သည်။

၇။ သိဝထိကသတ္တမပိုင်းသည် ခရုသင်းအသွင်ကဲ့သို့ ဖြူဖွေးနေသော အရိုးတို့ကိုသာ မြင်ရလျှင် 'ငါ၏ ကိုယ်သည်လည်း ဤလိုဖြစ်လိမ့် မည်' ဟု ဆင်ခြင်သောအပိုင်း ဖြစ်သည်။

၈။ သိဝထိက အဋ္ဌမအပိုင်းသည် တနှစ်-နှစ်နှစ်ကျော်သဖြင့် ဟောင်း မြင်းဆွေးမြေ့နေသော အရိုးပုံကိုမြင်လျှင် 'ငါ၏ကိုယ်သည်လည်း ဤလို ဖြစ်လိမ့်မည်' ဟု ဆင်ခြင်သောအပိုင်း ဖြစ်သည်။

၉။ သိဝထိက နဝမပိုင်းသည် ကြာရှည်ဟောင်းနွမ်း ဆွေးမြေ့သဖြင့် မှုန့်မှုန့်ညက်ညက်ဖြစ်၍နေသော အရိုးတို့ကိုမြင်လျှင် 'ငါ၏ကိုယ် သည်လည်း ဤလိုဖြစ်လိမ့်မည်' ဟု ဆင်ခြင်သောအပိုင်းဖြစ်သည်။

ဤသို့လျှင် သုသာန်၌စွန့်ပစ်ထားသော သူသေကောင်အား အဆင့် ၉-ဆင့်ဖြင့်မြင်အပ်သောအမြင်၌ဆင်ခြင်ပုံကိုဟောတော်မူသည်၊ ဤကာယ ၉-မျိုး အားလုံးသည် ဝိပဿနာရှုနိုင်သောပရမတ်မျိုးမဟုတ်ကုန်၊ အသုဘ ဆယ်ပါးအပါအဝင် ဆင်ခြင်ရုံသာ ရှိသည်၊ သို့ရာတွင် 'ငါ၏ ကိုယ်သည် လည်း ဤလို ဖြစ်ရလိမ့်မည်' ဟူသည်ကား 'သံဝေဂသဘောသာ ရှိသဖြင့်' ဝိပဿနာရှုရန်အထောက်အကူကားဖြစ်လေသည်။ ထို့ကြောင့်....

သိဝထိကာနံ ပန အာဒီနဝါနုပဿနာဝသေန ဝုတ္တတ္တာ။

(မဟာဝဂ္ဂဋ္ဌကထာ-၃၆၃၊ မူလပဏ္ဏာသဋ္ဌကထာ-၂၇၉)

သိဝထိကာနံပန၊ သုသာန်၌စွန့်ပစ်အပ်သော သူသေကောင် ၉-မျိုးကို ရှုခြင်းသည်ကား။ အာဒီနဝါနုပဿနာဝသေန၊ ဒုက္ခ၏အပြစ်ကိုမြင် သော အနုပဿနာဉာဏ်၏အစွမ်းအားဖြင့်။ ဝုတ္တတ္တာ၊ ဟောတော်မူအပ် သောကြောင့်-ဟု ပြဆိုပြီး....

နဝသိဝထိကပဗ္ဗာနိ ဝိပဿနာဉာဏေသုယေဝ အာဒီနဝါနုပဿနာ ဝသေန ဝုတ္တာနိ။ (ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၃၂)

www.dhammaransi.com

သိဝထိကဟူသော သုသာန်၌စွန့်ပစ်အပ်သော သူသေကောင် ၉-မျိုးကို ရှုသောအပိုင်းတို့သည် ဝိပဿနာဉာဏ်ဟူသည့် ခန္ဓာ၏အပြစ်ကို ရှုမြင်ခြင်း၌ အကျုံးဝင်သောသံဝေဂဉာဏ်အလို့ငှာ ဟောတော်မူသည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၏အဆိုအရ ဝိပဿနာဉာဏ် ဖြစ်နိုင်မှုအတွက် သံသရာခန္ဓာ၏အပြစ်ကို ရှေးဦးစွာမြင်တတ်သော သံဝေဂဉာဏ် ဖြစ်ပါစေခြင်းအလို့ငှာ အထောက်အကူပျဖြစ်စေခြင်းငှာ မြတ်စွာဘုရား ဟောတော်မူကြောင်းကို ပြလေသည်။

သံဝေဂဉာဏ် ရှေးဦးမှန်

တရားအလုပ်အားထုတ်သူသည် ဤခန္ဓာဒုက္ခသံသရာဒုက္ခမှ လွတ်လို၍ ဝိပဿနာအလုပ်ကိုအားထုတ်ပေသည်၊ မိမိခန္ဓာကိုယ်ဟူသော သံသရာမှလွတ်စေရန် ခန္ဓာကိုယ်၏ အမှန်ရှိနေသောအပြစ်ကို အမှန်အတိုင်းသိရန်အားထုတ်ရလေသည်၊ ထို့ကြောင့် ကျွန်ုပ်တို့သည်....

ဝိပဿနာလုပ်ငန်းဟူသည် လုပ်ငန်း သစ် တ ရပ် အနေနှင့် ပြုလုပ်အားထုတ်ရသည် မဟုတ်၊ မိမိ ပုတ်ပွား, သိမ့်ပွား, ရုပ်ပွား ဟူသော အမှားပြင်လုပ်ငန်းဖြစ်သည်။

ဟူသော ဆောင်ပုဒ်ကို လက်သုံးပြုထားသည်၊ ဤ ခန္ဓာသည် ရယူထားသော သတ္တဝါအား အမျိုးမျိုးသော ဒုက္ခအဖုံဖုံ ဘေးမျိုးစုံတို့ဖြင့် နှိပ်စက်ကြောင်း, စား, ဝတ်, နေရေး စသော လောကဒုက္ခ, အို-နာ-သေ စသော သံသရာဒုက္ခ, ခန္ဓာဒုက္ခတို့နှင့် နှိပ်စက်ကြောင်း, အန္တရာယ်မျိုးစုံတို့ ပွေးဖွားရာဌာန ဖြစ်ကြောင်း စသော သံသရာ ခန္ဓာ၏ ဆင်းရဲအဖုံဖုံကို မြတ်စွာဘုရားသည် သံရုပ်ပေါ်အောင် ဟောခဲ့လေသည်။

တရားအားထုတ်သောယောဂီသည် မျက်မြင်ဘဝ၌ ဆင်းရဲအမျိုးမျိုးတို့ဖြင့် တွေ့ကြုံ၍ စားရသော ဘဝ၏အပေါ်တွင် ရှိမှုန်းလာသော သံဝေဂဉာဏ်သည် သံသရာ ခန္ဓာဖြင့် အားထုတ်ရသော တရားအပေါ်၌ ပို၍ အားထားလာသည်၊ အားကိုးလာသည်၊ ရုပ်နာမ် ခန္ဓာရနေ၍သော ဤဆင်းရဲမျိုး တွေ့ရသည်ဟုလည်း အမှန်မြင်လာသည်၊ ထိုကဲ့သို့ သံဝေဂဉာဏ်ဖြင့် ခန္ဓာ၏အပြစ်ကို သေချာစွာ ရှုမှန်းနေသောယောဂီအား တရားအတွေ့မြန်သည်၊ တရား မြန်မြန်ရတတ်သည်ဟု ဥဒါန်းစကား ရှိခဲ့သည်၊ ဤသဘောမျိုးကိုပင် အဋ္ဌကထာ၌....

www.dhammaransi.com

သံသာရေ အာဒီနဝေါ သင်္ခါရာနဉ္စ သဘာဝေါ သုဒိဋ္ဌော။
(အပဒါနဋ္ဌကထာ-၂၉၃)

ဟု ဆိုလေသည်။

သံသာရေ၊ခန္ဓာသံသရာ၌။အာဒီနဝေါ၊အပြစ်ကိုမြင်ခြင်း။ သင်္ခါရာနဉ္စ၊ ရုပ်,နာမ်နှစ်ပါးသင်္ခါရတရားတို့၏လည်း။ သဘာဝေါ၊ ဖြစ်ပျက်တတ်သောသဘောတရားကို။ သုဒိဋ္ဌော၊ ကောင်းစွာ မြင်ခြင်း။

တရားအားထုတ်သူသည်'ဆင်းရဲလေလေသံဝေရရ' ဟူသောစကားကဲ့သို့ လောကဒုက္ခ ဆင်းရဲမျိုးစုံ မျက်မြင် တွေ့ကြုံနေသောအခါ သံဝေဂဉာဏ်ရ၍ ရုပ်,နာမ်နှစ်ပါးကို ထိုသံဝေဂဉာဏ်အခြေခံ၍ရှုရလျှင် ဖြစ်တတ်ပျက်တတ်သော သင်္ခါရကို ကောင်းစွာ ရှုမြင်နိုင်သဖြင့် တရားရလွယ်ခြင်းဖြစ်ကြောင်း မှတ်သားအပ်လေသည်၊ ခန္ဓာကို အပြစ်မမြင် ဘဝဖြစ်မှုကို ခင်တွယ်နေသောပုဂ္ဂိုလ်၏ တရားအားထုတ်မှုသည် ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြစ်ရန်ခဲယဉ်းလေသည်၊ထို့ကြောင့် ရှေးဦးစွာ သံဝေဂဖြစ်ရန် မြတ်စွာဘုရား၏တရားဟောစဉ်တွင်'ဒါနကထာ,သီလကထာ,သဂ္ဂကထာ,ကာမာနံ အာဒီနဝကထာ,မဂ္ဂကထာအားဖြင့် ဟောတော်မူလေသည်။

ဤနဝသိဝထိကအပိုင်းတွင်လည်း အပြစ်ကိုမြင်အောင် ခန္ဓာအဆင့်ဆင့် ပျက်စီးပျောက်ကွယ်သွားပုံကိုဟောတော်မူရာ၌ ဤခန္ဓာသည်သေပြီးနောက် ဘာမျှ ရယူစရာ မရှိပုံကို အင်္ဂုတ္တရပါဠိတော် အဘိဏှသုတ်တွင် ဟောတော်မူသကဲ့သို့ ဆင်ခြင်အောက်မေ့၍ ငြီးငွေ့သောဉာဏ်ဖြစ်ရန် ဟောတော်မူသည်ဟု ကျွန်ုပ်တို့မြင်သည်။ ဝိပဿနာတင်ရှုရန် လုံးဝမဟုတ်ချေ၊ အဘယ့်ကြောင့်ဟူမူ သူသေကောင် ပဋိကူလနိမိတ်သည် ဝိပဿနာ ပရမတ် အာရုံနှင့် တိုက်ရိုက်ဆန့်ကျင်နေသောကြောင့်ပင် ဖြစ်လေသည်။

အဋ္ဌကထာဆရာတို့ကလည်း'အာဒီနဝါနုပဿနာဝသေန ဝုတ္တာနိ' ဟု ဆိုကြသဖြင့် သံဝေဂဉာဏ်ဖြစ်ရန်အတွက် ဟောတော်မူပါသည်ဟုဆိုရာ အလွန်မှန်ကန်ပါသည်၊ အချို့ကမူ...

'ဤ အသုဘအကောင်ကြီး၏ ဖူးဖူးရောင်ခြင်းသည် ရုပ်တရားဖြစ်၍ ထိုရုပ်ကြီးကို သိမြင်နေသော စိတ်သည် နာမ်တရားဖြစ်သည်၊ ထို ရုပ်ကြီး တဖြည်းဖြည်းအသွင်ပြောင်းသွားခြင်းသည် ပျက်ခြင်းပင်ဖြစ်၍ ဝိပဿနာရှုနိုင်သည်ဟု မှတ်ယူရမည်'

www.dhammaransi.com

ဟု ဆိုကြသည်။ ထိုစကားကို ချုပ်၍ကြည့်ရလျှင် 'ပညတ်ကို ကြံဖန်၍ ဝိပဿနာလုပ် ရှုသလို' ဖြစ်နေလေသည်၊သုံးဆယ့်တဘုံ ဩကာသလောက အတွင်းရှိ ရုပ်,နာမ် သတ္တလောကမှန်လျှင် ဖြစ်,ပျက် သင်္ခါရလောကချည်း ပင်ဖြစ်၍ 'ရုပ်တရား,နာမ်တရား' နှစ်ပါးသာ ရှိလေသည်၊ ထို ရုပ်,နာမ်မှ လွတ်သော ရုပ်,နာမ်သဘောတရား အဖွဲ့အစည်းအတွင်း မဝင်သောတရား ဟူ၍ အဏုမြူမျှမရှိပေ။

ဤအဆိုများသည် အာနာပါနပိုင်းတွင် ဖော်ပြခဲ့သည့် 'စေတိယ တောင်နေ မဟာတိဿထေရ် သွားရိုးကိုရှု၍ရဟန္တာဖြစ်ပါသည်'ဟုဖော်ပြ သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ၏ အဆိုမျိုးနှင့် အလားသဏ္ဍာန်တူနေပေ သည်။ ဤသို့ဆိုလျှင် မဟာတိဿ၏အမြင်၌ 'သွားရိုးသည် ရုပ်တရားဖြစ်၍ ထို သွားရိုးရုပ်ကို မြင်သိ သိသော စက္ခုဝိညာဏ်သည် နာမ်ပရမတ်တရား အစစ်ဖြစ်သောကြောင့် ထို ပရမတ်ရုပ်,နာမ်တို့ကို သိနေ,ရှုနေသော မဟာ တိဿသည် ထို့ကြောင့် ရဟန္တာဖြစ်သည်' ဟု ထောက်ခံရာ ရောက်သည်၊ မဟာဋီကာကလည်း ဤကဲ့သို့ ရှင်းလင်းမပေးပေ၊ မဟာဋီကာဆရာ ရှင်း လင်းပေးသည်ကား 'သွားရိုးဟုမှတ်ထင်မှု(အဋ္ဌိကသညာ)သည် ဥပစာရ ဈာန်သာရသောသမထဖြစ်၍ ထိုဈာန်ရပြီးမှ ထိုဈာန်ကိုအခြေပါဒကပြု၍ ဝိပဿနာဆက်ရှုရာတွင် မဂ်အဆင့်ဆင့်တက်၍ ရဟန္တာဖြစ်သွားကြောင်း' ဓမ္မတတ္ထိ ဓမ္မပဝေဏီ ယထာဓမ္မ ယထာသဘာဝအရရှင်းပေးသည်၊မှန်လည်း မှန်ကန်လှသည်။

ကျွန်ုပ်တို့၏ခံယူချက်မှာလည်း 'ဝိပဿနာဟူသည် ခန္ဓာမှာ မဖြစ်၊ ဉာဏ်မှာဖြစ်သည်' ဟူသောဆောင်ပုဒ်အတိုင်း ကျက်စားသော အာရုံ၏ ပညတ်-ပရမတ် အပေါ်တွင် ဉာဏ်ဖြစ်,မဖြစ် ကို ဆုံးဖြတ်နိုင်လေသည်၊ 'ဤ သူသေကောင်ကဲ့သို့ ငါလဲသေရမည်'ဟူသော ဆင်ခြင်နှလုံးသွင်းမှုမျိုး သည် ပကတိမျက်စိဖြင့် မြင်သည်ဖြစ်စေ, သူသေကောင် ဖူးဖူးရောင်သော အသွင် စိတ်၌ထင်သည်ဖြစ်စေ 'အနိမိတ္တသမာဓိ ဘာဝယတော' ဟူသော ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်နှင့်လည်း ဆန့်ကျင်လေသည်၊ ထိုအမြင် ထိုအထင် သည် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်၏ အလုပ်လည်းမဟုတ်။

www.dhammaransi.com

'ထို လူသေကောင်သည် ရုပ်တရား၊ ရှုသောယောဂီ၏ အသိသည် နာမ်တရား မဟုတ်လော'ဟု မေးအံ့ ...။

'ရုပ်တရား,နာမ်တရားကား ဟုတ်ပါ၏၊ ယောဂီ၏အသိသည် ရုပ်, နာမ်ဟု မသိပါ'။

'အဘယ့်ကြောင့် ရုပ်,နာမ်ဟု မသိဆိုသနည်း'။

'အပြောကား ရုပ်, နာမ် ဖြစ်၍ သဘောဉာဏ်၌ သူသေကောင် ပညတ် ဖြစ်နေပါသည်'။

ဝိပဿနာဖြစ်ရမည့်ဉာဏ်သည် နိမိတ်ပညတ်ကင်းသော ပရမတ်ကို သာ အာရုံပြုရမည့်အစား ပညတ်သူသေကောင်ကို ဉာဏ်ပညာ မပါသော မျက်စိ အမြင်, စိတ် အထင်ဖြင့် ဝိပဿနာဖြစ်ရိုးကား မရှိပေ၊ ထို့ကြောင့် ထိုအသိမျိုးသည် ဉာဏ်သိမဟုတ်၊ နာမ်သိသာ ဖြစ်သောကြောင့်....

'နာမ်သိမှဟုတ်၊ ဉာဏ်သိလုပ်၊ ဖွင့်ထုတ်ပိုင်အောင်သိ'။

ဟူ၍ ကျနုပ်တို့ ခွဲခြားထားသည်။

သုံးဆယ့်တဘုံအတွင်းရှိ အားလုံးသော သက်ရှိ, သက်မဲ့သည် ရုပ်, နာမ်သာဖြစ်၍ ဝိပဿနာမှ မလွှတ်ဟု ဆိုငြားအံ့။ အားလုံးသည် 'ရုပ်,နာမ် ပရမတ်တို့သာ'ဟု ကျွန်ုပ်တို့ ယုံကြည်ပြီး ဖြစ်သည်။ သို့ရာတွင် ကျေးဇူး တော်ရှင် လယ်တီဆရာတော် ဆိုသကဲ့သို့ 'ပရမတ်တွေကို နေ့စဉ်မြင်လျက် မတွေ့ကြ။နေ့စဉ်တွေ့လျက် မသိကြ'ဟူ၍ဖြစ်သည်။အားလုံးတို့သည်ပရမတ် အစစ်ကားမှန်သည်။ ပရမတ်ကို ပရမတ်ဟူ၍ မသိကြသောကြောင့်၊ ဝါ- ပညတ်ဟုမှတ်နေသောကြောင့်သာဝိပဿနာမဖြစ်၊ဉာဏ်မဖြစ်ရပေ။လူသေ ကောင်၏ ဖူးဖူးရောင်လျက် ပုပ်ပွသည်ကို မြင်သော ယောဂီအား ပရမတ် ရုပ်တို့၏ သဘောတရားကို မိမိဉာဏ်၌ အဘယ်ပုံသင်မြင်နိုင်သနည်း၊ 'ငါ၏ ခန္ဓာကိုယ်သည်လည်း ဤကဲ့သို့ဖြစ်ပေလိမ့်မည်'ဟုစိတ်၌သင်နေသော ယောဂီ အား အဘယ်ဉာဏ်မျိုးဖြစ်သနည်း။

ပရမတ်ဟူသည်- မျက်စိဖြင့်မြင်ရသော သဘောလည်းမဟုတ်၊ စိတ် နှင့်ထင်ရသော သဘောလည်းမဟုတ်၊ သက်သက် ဉာဏ်အလုပ်, ဉာဏ်ကိစ္စ သာဖြစ်သည်ကို သိထားလျှင် တရုးတပုဒ်,သုတ်တသုတ်ကို လေ့လာမိသည် နှင့်'သီလအတွက်,သမာဓိအတွက်,ပညာအတွက်'ဟု ခွဲခြားသိနိုင်လေသည်။

www.dhammaransi.com

တတ္ထ ယသ္မာ ဣရိယာပထပဗ္ဗံ စတုသမ္ပဇညပဗ္ဗံ ဓာတုမနသိကာရပဗ္ဗန္တိ ဣမာနိ တီဏိ ဝိပဿနာဝသေန ဝုတ္တာနိ။

ဟု ဝိသုဒ္ဓိမဂ် (အနက်နှင့်တကွ ဖော်ပြခဲ့ပြီ) အဋ္ဌကထာက ဆိုပါသည်။ အခြားသော်ကာယဆိုင်ရာ ၁၁-ပိုင်းသည် သမာဓိ၏အစွမ်းအားဖြင့် ဈာန်၏အစွမ်းအားဖြင့် ရှုရာဖွယ်၏အစွမ်းအားဖြင့်, သံဝေဂဉာဏ်၏အစွမ်းအားဖြင့် အသီးသီးခွဲခြမ်း၍ ဟောတော်မူထားရာ သူ့ကိစ္စနှင့် သူ့အကျိုးဖြစ်သည်မှာ အထူးရှင်းနေဖွယ်မလိုပေ။

အဋ္ဌကထာဆရာ၏ ခွဲခြားပေးမှုသည် ကျွန်ုပ်တို့ လေ့လာမိသောသဘောနှင့် ထပ်တူပင်ဖြစ်၏။ သို့ရာတွင် သမာဓိကို အခြေခံ၍သော်၎င်း, ဈာန်ကို အခြေခံ၍သော်၎င်း, စက်ဆုပ်ရှုံ့ရှာဖွယ်ကို အခြေခံ၍ သော်၎င်း, သံဝေဂဉာဏ်ကို အခြေခံ၍သော်၎င်း ပရမတ်ဝိပဿနာကို ရောက်အောင် တက်ရှုနိုင်လျှင်ကား-အလွန် ကောင်းပါပေသည်။

သို့ရာတွင် အထူးသတိထားစရာကား-ပရမတ်ဝိပဿနာကို တက်၍ ရှုပြီဆိုလျှင် မိမိတို့လေ့လာ၍ရရှိလာသော ဈာန်,စက်ဆုပ်ရှုံ့ရှာဖွယ်,သံဝေဂ စသည်တို့ကို အခိုင်အမာပြု၍, စွဲယူလာ၍, ပါလာ၍ကား- မရ၊ လုံးဝမရချေ။ ပညတ်အာရုံသည် ဝိပဿနာနေရာတွင် ရှု၍မရရုံသာမဟုတ်၊ ကြီးစွာသောအနှောင့်အယှက်ဖြစ်သောကြောင့်ပင်။

ဤမျှဖြင့် ကျွန်ုပ်တို့သည် ကာယာနုပဿနာနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်, ဝေဖန်စိစစ်ချက်တို့နှင့် မိမိဉာဏ် သက်ရောက်သမျှ ရေးသားဖော်ပြချက်ကား ပြီးလေပြီ။ ထိုဝေဖန်ရေးသားချက်တို့ကို ပညာဉာဏ်ဖြင့် ထောက်ဆ မြော်မြင်ကြကုန်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည် မြတ်စွာဘုရား၏ ဒေသနာတော်နှင့်အညီ ထပ်မံစိစစ်၍ ယူနိုင်တော်မူကြပါစေကုန်သော။

ကာယာနုပဿနာပိုင်းပြီး၏။

www.dhammaransi.com

(၂) ဝေဒနာနုပဿနာ ခံစားမှုကိုရှုသောအခန်း

၁၇-ပါဠိတော်။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဝေဒနာသု **ဝေဒနာ** နုပဿီ ဝိဟရတိ၊ဣဓ ဘိက္ခဝေ ဘိက္ခု သုခံ ဝါ **ဝေဒနံ** ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာ မီတိ ပဇာနာတိ၊အဒုက္ခမသုခံ ဝါ ဝေဒနံ ဝေဒယမာနော အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

သာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော **သာမိသံ** သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ နိရာမိသံ ဝါ သုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ သုခံ ဝေဒနံ ဝေဒယာ မီတိ ပဇာနာတိ။

သာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော သာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ နိရာမိသံ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ ဒုက္ခံ ဝေဒနံ ဝေဒယာ မီတိ ပဇာနာတိ။

သာမိသံ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော သာမိသံ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ နိရာမိသံ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော နိရာ မိသံ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

ဣတိ အဇ္ဈတ္တံ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟ ရတိ၊ဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ သမုဒယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ ဝယဓမ္မာ နုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ သမုဒယဝယဓမ္မာ နုပ ဿီ ဝါ ဝေဒနာသု ဝိဟရတိ၊အတ္ထိ ဝေဒနာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတော စ ဝိဟရတိ၊ နစ ကိဉ္စိ လောကေ ဥပါဒိယတိ၊ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။

www.dhammaransi.com

၁၇-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ကထဉ္စ၊ အဘယ်သို့လျှင်။ ဘိက္ခု၊ သံသရာကိုဘေးဟုမြင်တတ်ယောဂီမြတ်သည်။ ဝေဒနာသု၊ခံစားမှုတို့၌။ဝေဒနာနုပဿီ၊ခံစားမှုကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိပန၊နေသနည်းဟူမူ....။

ဘိက္ခဝေ၊ချစ်သားတို့။ ဣဓ၊ ဤငါဘုရားအဆုံးအမ၌။ ဘိက္ခု၊ သံသရာကို ဘေးဟုရှုတတ် ယောဂီမြတ်သည်။သုခံဝေဒနံ၊ချမ်းသာ ခံစားမှုကို။ ဝေဒယ မာနော ဝါ၊ ခံစား နေစဉ် မှုလည်း။ သုခံ ဝေဒနံ၊ ချမ်းသာခံစားမှုကို။ ဝေဒယာမီတိ၊ ခံစားသည်,ခံစား၏ ဟူ၍။ပဇာနာတိ၊သိ၏။

ဒုက္ခံဝေဒနံ၊ ဆင်းရဲ ခံစားမှု ကို။ ဝေဒယမာနော ဝါ၊ ခံစား နေစဉ်မှုလည်း။ ဒုက္ခံဝေဒနံ၊ ဆင်းရဲခံစားမှုကို။ ဝေဒယာမီတိ၊ ခံစားသည်,ခံစား၏ဟူ၍။ ပဇာနာတိ၊ သိ၏။

အဒုက္ခမသုခံဝေဒနံ၊ဆင်းရဲမဟုတ်,ချမ်းသာမဟုတ်သောခံစားမှုကို။ဝေဒယမာနော ဝါ၊ခံစားနေစဉ်မှုလည်း။ အဒုက္ခမသုဝေဒနံ၊ ဆင်းရဲမဟုတ်, ချမ်းသာမဟုတ်သော ခံစားမှုကို။ ဝေဒယာ မီတိ၊ ခံစားသည်,ခံစား၏ဟူ၍။ ပဇာနာတိ၊သိ၏။

သာမိသံသုခံဝေဒနံ၊ ကာမဂုဏ်နှင့်စပ်သော ချမ်းသာခံစားမှုကို။ဝေဒယမာနော ဝါ၊ခံစားနေစဉ်မှုလည်း။ သာမိသံသုခံဝေဒနံ၊ ကာမဂုဏ်နှင့် စပ်သော ချမ်းသာခံစားမှုကို။ ဝေဒယာမီတိ၊ခံစားသည်,ခံစား၏ဟူ၍။ပဇာနာတိ၊သိ၏။

နိရာမိသံသုခံဝေဒနံ၊ ကာမဂုဏ်နှင့်မစပ်သော ချမ်းသာခံစားမှုကို။ ဝေဒယမာနော၊ ခံစားနေစဉ်မှုလည်း။ နိရာမိသံသုခံဝေဒနံ၊ ကာမဂုဏ်နှင့်မစပ်သော ချမ်းသာခံစားမှုကို။ ဝေဒယာမီတိ၊ခံစားသည်,ခံစား၏ဟူ၍။ပဇာနာတိ၊ သိ၏။

သာမိသံ ဒုက္ခံ ဝေဒနံ၊ကာမဂုဏ်နှင့်စပ်သော ဆင်းရဲခံစားမှုကို။ ဝေဒယမာ နော ဝါ၊ ခံစားစဉ် မှု လည်း။ သာမိသံ ဒုက္ခံ ဝေဒနံ၊ ကာမဂုဏ်နှင့် စပ်သော ဆင်းရဲခံစားမှုကို။ ဝေဒယာမီတိ၊ ခံစားသည်,ခံစား၏ဟူ၍။ ပဇာနာတိ၊သိ၏။

www.dhammaransi.com

နိရာမိသံဒုက္ခံဝေဒနံ၊ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲခံစားမှုကို။ဝေဒယမာနော ဝါ၊ ခံစားစဉ် မူလည်း။ နိရာမိသံဒုက္ခံဝေဒနံ၊ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲခံစားမှုကို။ ဝေဒယာမိတိ၊ ခံစားသည့်ခံစား၏ဟူ၍။ပဇာနာတိ၊ သိ၏။

• သာမိသံ အဒုက္ခ မသုခံ ဝေဒနံ၊ကာမဂုဏ်နှင့်စပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုကို။ ဝေဒယမာနော ဝါ၊ ခံစားစဉ်မူလည်း။သာမိသံ အဒုက္ခ မသုခံ ဝေဒနံ၊ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲမဟုတ်ချမ်းသာမဟုတ်သော ခံစားမှုကို။ ဝေဒယာမိတိ၊ခံစားသည့်ခံစား၏ဟူ၍။ပဇာနာတိ၊သိ၏။

နိရာမိသံ အဒုက္ခ မသုခံ ဝေဒနံ၊ကာမဂုဏ်နှင့်မစပ်သောဆင်းရဲမဟုတ် ချမ်းသာ မဟုတ်သော ခံစားမှုကို။ ဝေဒယမာနော ဝါ၊ ခံစားစဉ်မူလည်း။ နိရာမိသံ အဒုက္ခ မသုခံ ဝေဒနံ၊ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုကို။ ဝေဒယာမိတိ၊ ခံစားသည့်ခံစား၏ဟူ၍။ ပဇာနာတိ၊သိ၏။

ဣတိ၊ဤသို့။အဇ္ဈတ္တံ ဝါ၊မိမိဟူသောအတွင်းသန္တာန်၌မူလည်း။ ဝေဒနာသု၊ခံစားမှုတို့၌။ဝေဒနာနုပဿီ၊ခံစားမှုကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ဝိဟရတိ၊နေ၏။ဗဟိဒ္ဓါ ဝါ၊သူတပါးဟူသော အပြင်အပ သန္တာန်၌မူလည်း။ ဝေဒနာသု၊ခံစားမှုတို့၌။ ဝေဒနာနုပဿီ၊ ခံစားမှုကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ၊ မိမိဟူသောအတွင်းသန္တာန်, သူတပါးဟူသော အပြင်အပ သန္တာန်၊ ဝါ-တရံတခါ မိမိသန္တာန်, တရံတခါ သူတပါးသန္တာန်၌ မူလည်း။ ဝေဒနာသု၊ ခံစားမှုတို့၌။ ဝေဒနာနုပဿီ၊ ခံစားမှုကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။

ဝေဒနာသု၊ခံစားမှုတို့၌။ သမုဒယဓမ္မာနုပဿီ ဝါ၊ဖြစ်ကြောင်းသဘော ဖြစ်ခြင်းသဘောကို အဖန်ဖန်ရှုလေ့ရှိသည် ဖြစ်၍လည်း။ ဝိဟရတိ၊နေ၏။ ဝယဓမ္မာနုပဿီ ဝါ၊ ပျက်ခြင်းသဘောကိုအဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍လည်း။ ဝိဟရတိ၊နေ၏။ ဝေဒနာသု၊ခံစားမှုတို့၌။ သမုဒယဝယဓမ္မာနုပဿီ ဝါ၊ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍လည်း။ဝိဟရတိ၊နေ၏။

www.dhammaransi.com

ဝေဒနာ၀၊ အာရုံကို ခံစားသော သဘောတရားသည် သာလျှင်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ဤသို့။ အဿ၊ ထိုခံစားမှုကို ရှုသောယောဂီ၏။ သတိ၊ အမှတ်ရမှုသည်။ ၀ါပန၊ တနည်းတဖုံ အားဖြင့်လည်း။ ပစ္စုပဋ္ဌိတာ၊ စိတ်၌ ရှေးရှု ထင်လာမှုသည်။ ဟောတိ၊ ဖြစ်၏။ သာသတိ၊ ထိုထင်လာမှုအမှတ်သတိသည်။ ယာဝဒေဝ၊ အကြင်မျှ လောက်။ ဉာဏမတ္တာယ၊ ခံစားမှုကိုသိခြင်း၏ တိုးပွားမှုအလို့ငှာ သာတည်း။ပဋိဿတိမတ္တာယ၊ခံစားမှုကို တဖန်ထပ်၍ တိုးပွားစေမှု အလို့ငှာသာတည်း။

သောဘိက္ခု၊ ခံစားမှုမျှ သဘာ၀ ဟု ကောင်းစွာ ရှုတတ် ယောဂီ မြတ်သည်။ အနိဿိတောစ၊ ခံစားမှုကို ငါ-ငါ့ဉစ္စာဟု (ဒိဋ္ဌိတဏှာ) ထိုနှစ်ဖြာဖြင့်မမှီမူ၍လည်း။ဝိဟရတိ၊သဘာ၀အတိုင်းလွတ်ကာနေ၏။လောကေ၊ အစွဲအလမ်း၏ အာရုံဖြစ်သော သင်္ခါရမှု အပျက်စု၌။ ကိဉ္စိ၊တစုံတခုသော ခန္ဓာ(အစုအပုံ)ကိုမျှ။ နစဥပါဒိယတိ၊ ငါ-ငါ့ဉစ္စာဟူသော (ဒိဋ္ဌိတဏှာ) ထိုနှစ်ဖြာဖြင့် ဖွေရှာမြဲမှန်းမစွဲလမ်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝမ္ပိ၊ဤသို့ လည်း။ဘိက္ခု၊ဤခန္ဓာကို ဘေးဟုမြင်သော ယောဂီမြတ်သည်။ ဝေဒနာသု၊ အာရုံကို ခံစားခြင်းသဘောတရားတို့၌။ ဝေဒနာနုပဿီ၊ ခံစားမှုကို အဖန် ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရာ၏။

၁၇·အဓိပ္ပာယ် ရှင်းချက်

မြတ်စွာဘုရားသည် ကာယာ နုပဿနာ ဟူသော (ရူပကမ္မဋ္ဌာန) ရုပ်ကမ္မဋ္ဌာန်းကို ဟောတော်မူပြီးသည့်နောက် (နာမကမ္မဋ္ဌာန) နာမ်ကမ္မဋ္ဌာန်းများကို ဆက်လက်၍ ဟောတော်မူလိုရကား-'ကထဉ္စ ဘိက္ခဝေ ဘိက္ခု'စသော နိဒါန်းစကားကို ချီတော်မူသည်။နာမ်ဟူသည် အာရုံကိုညွတ်တတ်,ကိုင်းတတ်,သိတတ်သော သဘောစုများ ပါဝင်လေရာ (စိတ္တံ စေတသိကံ)အားလုံးကို ဆိုပေသည်။ သို့ရာတွင် ဝေဒနာစေတသိက်၏ အရကို ဦးတည်၍ တရားတထုံး, ရှုကွက် တကွက်အနေနှင့် သီးခြားထုတ်၍ 'ဝေဒနာကမ္မဋ္ဌာန်း ဟူ၍ရင်း၊ ဝေဒနာ နုပဿနာဟူ၍ရင်း'ထင်ထင်ရှားရှားဟောထားသည်မှာ-'ဝေဒနာ'ဟူသော ခံစားမှု' မျိုးစုံသည် သတ္တဝါတိုင်း၏ စွဲလမ်းစရာ, ကိလေသာ ဖြစ်စရာ, အနှောင်အဖွဲ့ ဖြစ်စရာစသော သံသရာတွင် ဒုက္ခအများဆုံး ဖြစ်စေတတ်

www.dhammaransi.com

သော ကိလေသာဝင်ပေါက်ကြီးဖြစ်၍ ၎င်းကို ကိလေသာမှန်းသိပြီး ဝင်ပေါက်ကို ပိတ်ဆို့နိုင်ရန်, ဖြတ်တောက်နိုင်ရန် ရည်ရွယ်၍ ဤဝေဒနာနုပဿနာကို ဟောတော်မူလေသည်။

ဝေဒနာအရ စိစစ်ရန်

'ဝေဒနာ'ဟူသောစကားလုံးသည် ပါဠိဘာသာစကားလုံးဖြစ်သည်။ မိမိတို့နားလည်သောစကားနှင့်ဆိုသော် 'ခံစားမှု'ဟု အဓိပ္ပာယ်ထွက်ရှိပေသည်။ နာမှု,ကျင်မှု,မခံသာမှု, ကိုက်မှု, ခဲမှုစသော သဘောတို့သည် ဝေဒနာဟူသော ပါဠိပုဒ်၏ ဆိုင်ရာမဟုတ်ပေ။ ဝေဒနာဟူသည်'ခံစားမှု'ကို ဖော်ပြသောစေတသိက် ပရမတ်သာဖြစ်သည်။'ဒုက္ခ'ဟူသောပညတ်တွဲလာမှ နာမှု,ကျင်မှုစသော ဆင်းရဲကို ဖော်ပြနိုင်ပေသည်။

ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို မြတ်စွာဘုရား ဟောတော်မူရာ၌ 'ခံစားမှု'ဟူသော ရှုကွက်ပရမတ်ကို သိစေတော်မူလိုရင်းဖြစ်လေသည်။ ယခုသာမန် လူတို့တွင်မက အချို့ ကမ္မဋ္ဌာန်း ဌာနများ၌ပင်လျှင် နာမှု, ကျင်မှုစသော မခံသာဖွယ် ပညတ်ဒုက္ခတို့ကို မဆီမဆိုင် ပရမတ်ဝေဒနာအနေနှင့် 'နာတယ်, နားတယ်, အောင့်တယ်, ကျင်တယ်' စသည်ဖြင့်၎င်း၊ 'ဝေဒနာ-ဝေဒနာ'စသည်ဖြင့်၎င်း ရှုနေ,မှတ်နေကြသည်ကား'ခံစားမှုပရမတ်ကို ရှုရာမရောက်ပဲ ပညတ်ဒုက္ခကို ရှုနေသောသဘော ဖြစ်လေသည်'။ ဝေဒနာဟူ၍၎င်း၊ နာတယ်, ဆင်းရဲတယ် ဟူ၍ ၎င်း ရှုမှတ်နေသော ယောဂီ၏ အသိသည်....

(ဝေဒနာ)ခံစားမှုဟု သိနေသလား။

(ဒုက္ခ)ဆင်းရဲဟု သိနေသလား။

ဟု မေးခဲ့သော် အမှန်ကိုသာဖြေဆိုမည့်ယောဂီသည်(အမာယာဝီ) မလိမ်မကောက် ဟန်မဆောင်ရသော ယောဂီ၏စည်းမျဉ်းအရ 'ဆင်းရဲဟု သိနေပါသည်'ဟု ဖြေအံ့ထင်သည်။ အဘယ့်ကြောင့်ဟူမူ 'ဝေဒနာ-ဝေဒနာ'ဟု စိတ်ကပင် မှတ်မှတ်၊ ပါးစပ်ကပင် ရွတ်ရွတ်၊ 'ဝေဒနာ'ဟူသော စကားလုံးကို'ဆင်းရဲ'ဟု သိထား,မှတ်ထားသောကြောင့်ပင် ဖြစ်လေသည်။ ဤသည်လျှင် ပရမတ်သဘောကို ဉာဏ်မရောက်ပဲ အားထုတ်လျက်ရှိသည့် ယောဂီ၏ နစ်နာချက်ပင်ဖြစ်လေသည်။

www.dhammaransi.com

'ဝိပဿနာဟူသည် ခန္ဓာမှာ မဖြစ်၊ ဉာဏ်မှာ ဖြစ်သည်' ဟူသော ဆောင်ပုဒ်ကို ကျွန်ုပ်တို့ ထပ်ကာထပ်ကာဖော်ပြနေသည်။ ဝိပဿနာဖြစ်မည့် ယောဂီ၏ ဉာဏ်သည် ပရမတ်နာမ်ဟူသော (ဝေဒနာ) ခံစားမှု အပေါ် ရောက်သလား၊ ပညတ်(ဒုက္ခ) ဆင်းရဲမှု မခံသာမှုဟူ၍ သိနေသလား၊ မိမိကိုယ် မိမိစစ်ဆေးလျှင် အမှန်ဆုံးအဖြေရမည်။

'ဆင်းရဲဒုက္ခဟာလဲ ဝေဒနာပဲ၊ ဒါဟာ ခံစားနေလို့သိတာပေါ့'ဟု ဖြေသောယောဂီစကားတတ်များအတွက် ကျွန်ုပ်တို့ဆက်လက်၍ မပြောလိုတော့ပေ၊ အဘယ့်ကြောင့်ဆိုသော် ပရမတ်ရုပ်နာမ်အပေါ်သို့ ဉာဏ်ရောက်ဆဲပစ္စုပ္ပန် အခိုက်အတန့်မျှသာ၊ ဝိပဿနာသည် ခဏိကအနေနှင့် သိကာမျှဖြစ်ရာ ထိုသိဆဲအခိုက်တွင် 'နာမှု၊ မခံသာမှု' ကိုသာ ဝေဒနာ ဟု ရောနှော သိမ်းကျုံးမှတ်နေကျ ယောဂီတို့မှာ 'ဒီဆင်းရဲဒုက္ခဟာလဲ ဝေဒနာပဲ၊ ဒါဟာ ခံစားနေတာပဲ' ဟု ရှည်လျားစွာ ဆင်ခြေတက်ချိန် မရပါပဲလျက် စကားတုပြိုင်အနိုင်ရအောင် ငြင်းခုံသောစကားမျိုးသာ ဖြစ်သောကြောင့် ကျွန်ုပ်တို့ မပြောလိုခြင်းဖြစ်ပေသည်။

ကျွန်ုပ်တို့အနေနှင့် ပြောရပါမူ ဤသာသနာတော်တွင် ထင်ရှားကျော်ကြား လူသိများသော ကြည်ညိုဖွယ်ရာ တရားပြ ဆရာကြီး၊ ဆရာတော်ကြီးများပင်လျှင် ဝေဒနာ ဟူသော ပုဒ်ကို အညွှန်းအနေထား၍ ယောဂီ သိမှတ်နိုင်မည့် မိမိ ဘာသာ စကား နှင့် ညွှန်ပြလျက် 'ခံစားမှု' ဟု သီးသန့် စွဲမှတ်အောင် မဖော်ညွှန်းပါပဲ အတတ်နိုင်ဆုံး ဖော်ညွှန်း ချက် အနေနှင့် 'ဝေဒနာခံစားတယ်' ဟုသာ တွေ့နေရခြင်းမှာ ကျွန်ုပ်တို့အတွက် ဘဝင်မကျစရာ, ဝမ်းနည်းစရာ ဖြစ်ရပေသည်။ အဘယ့်ကြောင့် ဆိုသော် 'ဝေဒနာခံစား'တယ်ဟူသော စကားမှာ 'အပြင်းအထန်ရောဂါဖြစ်၍သေလုမြောပါး လူမမာတယောက်ကို တွေ့ကြရာတွင် ဤစကားမျိုးကို သုံးတတ်နေကြသဖြင့် မရှုနိုင်, မကယ်နိုင်၊ နာကျင်ခံခက် နှိပ်စက် ခံနေရချိန်မျိုးကဲ့သို့ မိမိခန္ဓာတွင် မခံသာသမျှ'ဝေဒနာခံစားတယ်' ဟုသာမှတ်ထင်ရှုမြင်နေလျှင် ဝိပဿနာဉာဏ်သည် မည်သည့် လမ်းကြောင်းသို့ ဝင်မည်နည်း။ ပရမတ်ဟူသော သဘောလမ်းကြောင်းပေါ်တွင် အစဉ် လျှောက်ရမည့် ဉာဏ်သည်'မခံသာမှု,နာမှု,ဆင်းရဲမှု' ဟူသော ပညတ်အပေါ်တွင် မည်သို့သောအသိသည် ပရမတ်ကိုသိသော ဝိပဿနာဉာဏ်ဖြစ်မည်နည်း။

www.dhammaransi.com

ဝေဒနာကမ္မဋ္ဌာန်းလည်း တွင်ကျယ်သည်

ဝိပဿနာ သာသနာ လောကတွင် အာနာပါန အလုပ်သည် အရာကျယ်သကဲ့သို့ ဝေဒနာ ကမ္မဋ္ဌာန်း ဝေဒနာ အသုံးအနှုံးသည်လည်း သူမပါလျှင် ကမ္မဋ္ဌာန်းတရား ဝိပဿနာတရား မဖြစ်သလို့မဟုတ်သလို တွင်ကျယ်လှသည်၊ 'ရုပ်,နာမ်ခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာမှန် မြတ်နိဗ္ဗာန်' ကို မျက် မှောက် ပြု စကားပြောရာ၌လည်း ယင်း ဝေဒနာ ချုပ်မှုမပါက ဝေဒနာတွေချုပ်သွားသည်ဟူသောစကားလုံးမပါကထိုနိဗ္ဗာန်မျက်မှောက်ပြုရမှုသည် ဟုတ်ပါမည်လားဟုပင် သံသယ ဝင်ရလောက်အောင် တွင်ကျယ်လှသော'ဝေဒနာ'၊ တရားအားထုတ်သည်ဆိုရာ၌ ဝေဒနာကိုမရှုက, ဝေဒနာကိုမတွေ့က တရားမဟုတ်သလိုလို အခြားသော ကာယ, စိတ္တ, ဓမ္မတို့ကို လုံးဝ သတိမမူနိုင်လောက်အောင် ထင်မှားစေသော 'ဝေဒနာ'၊ ထို ဝေဒနာစကားပြောသောယောဂီတို့-မိမိတို့အနေနှင့်သိသွားသောအသိကိုထား၍ မူယင်းသတိပဋ္ဌာန်ပါဠိတော် ဟောဖော်ချက်တို့ကို နှိုးနှောဆွေးနွေးနိုင်ရန် ဖော်ပြအပ်ပါ၏။

(ဝေဒနာ)ဟူသောစကားလုံးသည်'ခံစားသောသဘော'ဟုရှေးဦးစွာ သိထားပါ၊ နေရာတကာတိုင်း 'ဝေဒနာ'ဟု အမှတ်မဲ့မသုံးမိရန် သတိထားပါ၊ ထိုခံစားသောသဘောသည် ...

၁။ ချမ်းသာကိုခံစားခိုက်'ချမ်းသာကိုခံစားနေသည်'ဟု သိထားပါ၊ သိနေပါ။

၂။ ဆင်းရဲကိုခံစားခိုက် 'ဆင်းရဲကိုခံစားနေသည်' ဟု သိထားပါ၊ သိနေပါ။

၃။ ဆင်းရဲ မဟုတ် ချမ်း သာ မဟုတ်သည်ကို ခံစားခိုက်' ဆင်းရဲ မဟုတ် ချမ်းသာမဟုတ်သည်ကိုခံစားနေသည်'ဟု သိထားပါ၊ သိနေပါ။

ဤကား မြတ်စွာဘုရားဟောတော်မူသောသတိပဋ္ဌာန်ပါဠိတော်ကို 'ဗမာစကား စစ်စစ်' နှင့် ဗမာနားလည်အောင် ဘာသာပြန်လိုက်ခြင်းဖြစ်သည်။

www.dhammaransi.com

၁။ ချမ်းသာတမျိုးမျိုးကို မျက်စိနှင့်ဖြစ်စေ, နားနှင့်ဖြစ်စေ, နှာခေါင်းနှင့်ဖြစ်စေ,လျှာနှင့်ဖြစ်စေ,ကိုယ်နှင့်ဖြစ်စေ, စိတ်နှင့်ဖြစ်စေ ချမ်းသာဟု မိမိစိတ်နှင့် ကျေနပ် လက်ခံထားသော ကောင်းသော ကြည့်စရာ,နားထောင်စရာ,မွှေးစရာ,အရသာ, အတွေ့ အထိ, စိတ်ကူးအာရုံတခုခုကို တိုက်ဆိုင်သည့်အခါတွင် 'ကောင်းသည်, နှစ်သက်သည်, သဘောကျသည်, ကျေနပ်သည်,လက်ခံသည်'ကို 'ချမ်းသာ'ဟု သိနေရန်ဖြစ်သည်။

ဤလိုဆိုလျှင် ဘာမျှသိတတ်မှု,နားလည်မှုမရှိသေးသော မွေးကာစကလေးငယ်သည် ပက်လက်အိပ်တတ်ကာမျှ ဖြစ်သည်၊ သို့ရာတွင် နို့ဆာလောင်သောအခါ မိခင်၏နို့ တိုက်လေလျှင် ဆာလောင်မှု ပျောက်ကင်း၍ သဘောကျ ကျေနပ်သော အနေနှင့် ချမ်းသာသွားသည်ကို မပြောတတ်သော်လည်း'ချမ်း သာ သည်'ဟု သိသည်သာ ဖြစ်၍ တရား အားထုတ်သူယောဂီတို့၏ ချမ်းသာစရာနှင့်တွေ့က ချမ်းသာတယ်ဟု သိရမည်ဆိုသည်မှာ မွေးစကလေးအသိနှင့်မခြား အတူတူသာဖြစ်သည်ဟု ဆိုလေအံ့၊သတိပဋ္ဌာန် အဋ္ဌကထာဆရာက....

နံ ပနေတံ ဧဝရူပံ ဇာနနံ သန္တာယ ဝုတ္တံ။

'ဤ မွေးစကလေးသိမျိုးကို ရည်ရွယ်၍ မြတ်စွာဘုရား ဟောသည် မဟုတ်'။

ဘာ့ကြောင့်နည်း....

'ဤကလေးသိဟူသောအသိမျိုးဖြင့် သတ္တဝါဟူသောအယူကိုလည်း မစွန့်နိုင်၊ ငါ,ဟူသောအမှတ် အတ္တဒိဋ္ဌိကိုလည်း မခွာနိုင်၊ ကမ္မဋ္ဌာန်းလည်း မဖြစ်၊ သတိပဋ္ဌာန်ဘာဝနာလည်းမဖြစ်ပေသောကြောင့်ဖြစ်သည်'ဟု အဋ္ဌကထာဆရာ အဖြေပေးသည်၊ ဤမျှသာမဟုတ်၊ ဝိပဿနာဉာဏ် မရောက်သောကလေးသာမက ရဟန်း,ရှင်,လူ မည်သူမဆိုအရိယာဖြစ်စေတတ်သော လမ်းကြောင်းသို့ မဝင်သူ, မရောက်သူ (အသုတဝါပုထုဇ္ဇနော) မှန်လျှင် သက္ကာယဒိဋ္ဌိ မခွာနိုင်ပုံ၊ ငါ ထင်မှတ်မှု အတ္တဒိဋ္ဌိ မပြုတ်ပုံ၊ သတိပဋ္ဌာန် ဘာဝနာသိ မသိပုံကား ထို ကလေးသိနှင့် အတူတူသာ ဖြစ်လေသည်။

www.dhammaransi.com

ဝိပဿနာ အသိပညာ လေ့ကျင့်မှုရနေသော, အရိယာဖြစ်စေတတ်သောလမ်းကြောင်းသို့ ဝင်ရောက်သော (သုတဝါ အရိယသာဝကောဖြစ်သည့်) ရဟန်း,ရှင်,လူ မည်သူမဆို အကြင်ယောဂီပုဂ္ဂိုလ်၏ အသိကား....

သတ္တူပလဒ္ဓိံ ဇဟတိ၊အတ္တသညံ့ ဥဂ္ဃာဋေတိ၊ ကမ္မဋ္ဌာနဉ္စေဝ သတိပဋ္ဌာနဘာဝနာစ ဟောတိ။

ပုဂ္ဂိုလ်-သတ္တဝါ ဟူသော အယူကိုလည်းစွန့်၏၊ ငါ ဟု မှတ်ထင်သော အထင်ကိုလည်းပယ်ခွာ၏၊ ကမ္မဋ္ဌာန်းလည်းဖြစ်သည်၊ သတိပဋ္ဌာန် ဘာဝနာလည်းဖြစ်သည်။

ဟု အဋ္ဌကထာဆရာကဖြေသည်။ ယင်းသို့ဖြစ်ရသည်မှာ အသိချင်း မည်သို့မည်ပုံ ခြားနားသောကြောင့် ဖြစ်ပါသနည်း-ဟု သံသယဟိတ် ယုံမှားစိတ်ဖြင့် ကြိတ်၍တဖန် စစ်မေးပြန်က အသိဉာဏ် ဖြစ်ပုံ - မဖြစ်ပုံကို အဋ္ဌကထာ ရှင်းပြသည်မှာ....

'ကော ဝေဒယတိ' အဘယ်သူ ခံစားသလဲ။

'နကောစိ သတ္တောဝါ ပုဂ္ဂလောဝါ ဝေဒယတိ' ခံစားတတ်သော ပုဂ္ဂိုလ်-သတ္တဝါဟူ၍ တစုံတယောက်မျှ မဟုတ်ပါ။

'ကဿ ဝေဒနာ' သို့ဖြင့် ဘယ်သူ၏ ခံစားမှုလဲ။

'နကဿစိ သတ္တဿဝါ ပုဂ္ဂလဿဝါဝေဒနာ'တစုံတယောက်သော မည်သည့်သတ္တဝါ၏ ပုဂ္ဂိုလ်၏ ခံစားမှုမှ မဟုတ်ပါ။

'ကိံ ကာရဏာဝေဒနာ'သို့ဆိုလျှင် ဘာ့ကြောင့်ခံစားသလဲ။

'ဝတ္ထုအာရမ္မဏာဝ ပနဿဝေဒနာ' ခံစားမှု၏ တည်ရာ ဖြစ်၍ ဖြစ်သော အာရုံကြောင့်သာလျှင် ခံစားမှုဖြစ်သည်။

ဟု ဖြေရာတွင် (ခံစားမှုကို)သဘောမပေါက် ဉာဏ်မရောက်သဖြင့် စွဲယူထားသော စေဒကပုဂ္ဂိုလ်က ပုဂ္ဂိုလ်-သတ္တဝါ မရှိဘဲ အဘယ်ကဲ့သို့ ခံစားမှုဖြစ်လေသနည်း ဟု မေးရာတွင်....

သုခါဒီနံ၊ ချမ်းသာအစရှိသည်တို့၏။ တံတံ့ဿုံ၊ ထိုထို အဆင်း,အသံ ရှိသော မှီရာ,တည်ရာဝတ္ထုကို။ အာရမ္မဏံကတွာ၊ တိုက်တွေ့သမှု အာရုံပြု၍။ဝေဒနာဝ၊ ခံစားတတ်သောသဘောသည်သာလျှင်။ ဝေဒယတိ၊ ခံစား၏။

www.dhammaransi.com

ခံစားသည်ဆိုရာ၌ ချမ်းသာကို ဖြစ်စေ, ဆင်းရဲကို ဖြစ်စေ မျက်စိစသော အခံဝတ္ထုနှင့် အဆင်းစသော အတိုက်အာရုံတို့ တိုက်ဆိုင်တွေ့ထိဆဲ အသိဖြစ်ကာမျှ ခံစားခြင်းဟုဆိုသည်။ ရုပ်,နာမ်တို့ကိစ္စသာဖြစ်သည်၊ ထို စားရန် ဖန်တီးတတ်သော ပုဂ္ဂိုလ်-သတ္တဝါ မရှိသည့်အပြင် ခံစားတတ်သောပုဂ္ဂိုလ်-သတ္တဝါလည်း လုံးဝမရှိချေ။

သို့ ပုဂ္ဂိုလ် - သတ္တဝါ ခံစားတတ်သူ မရှိပါပဲ 'ငါ ခံစားတယ်'ဟု အဘယ့်ကြောင့် ပြောကြပါသနည်းဟု မေးပြန်သော်....

ပန၊ ခံစားတတ်သော ပရမတ်တရားသာရှိ၍ ပုဂ္ဂိုလ်-သတ္တဝါ ပညတ်မပါသည် မှန်သော်လည်း။ ဝေဒနာယ၊ ဝတ္ထုအာရုံ အကြောင်းဆုံမှုကြောင့်ဖြစ်သော ခံစားမှု၏။ တံပဝတ္တိံ၊ ထိုဖြစ်ပုံကို။ ဥပါဒါယ၊ စွဲမှီသမှု အကြောင်းပြု၍။ 'အဟံ၊ငါသည်။ ဝေဒနံ၊ ခံစားစရာကို။ ဝေဒယာမိ၊ခံစား၏'။ ဣတိ၊ဤသို့။ ဝေါဟာရမတ္တံ၊ခေါ်ဝေါ်သမုတ်အင်သော ပညတ်စကားမျှသည်။ ဟောတိ၊ဖြစ်၏။

ရုပ်,နာမ် ၂-ပါးတို့၏ လှုပ်ရှားမှု,ရွေ့ရှားမှုကို 'ငါသွားသည်, သူသွားသည်'ဟု ထင်သကဲ့သို့တည်း၊ ခံစားမှုပရမတ်သဘောကို မျက်ခြေပြတ်မခံသော ဝိပဿနာယောဂီသည် ထိုထိုဝတ္ထုအာရုံ နှစ်ပါးဆုံ၍ ဖြစ်ပေါ်လာသော ခံစားမှုသဘောတရားကို သိမှတ်လျက်ရှိရကား 'ချမ်းသာ'ဟု သမုတ်ထားသော ဝတ္ထုအာရုံ ပေါင်းဆုံ၍ဖြစ်လာမှုကို 'ချမ်းသာကိုခံစားနေတယ်'ဟု သိမှုမှာ ပုဂ္ဂိုလ် -သတ္တဝါ မပါသော အသိဖြစ်ကြောင်းမှာ ရှင်းနေပေသည်။

ရှုအပ်သော ဝေဒနာ ၉-မျိုး ဝေဒနာဟူသောခံစားမှုသည် ခန္ဓာအစဉ်တွင်လှည့်လည်၍ ဖြစ်ပျက်နေလေရာ ထိုထိုဖြစ်ပေါ်လာသော ခံစားမှုမျိုးကို အာရုံဝတ္ထုကွဲပြားမှုအလိုက် ၉-မျိုးကွဲပြားသွားလေသည်။ ၎င်းတို့ကား....

၁။ အလိုရှိအပ် နှစ်သက်အပ်သော ချမ်းသာကို ခံစားသည်ရှိသော် 'ငါ ချမ်းသာကိုခံစားသည်'ဟု သိ၏။ (သုခဝေဒနာ)

၂။ အလိုမရှိအပ် မနှစ်သက်အပ်သော ဆင်းရဲကို ခံစားသည် ရှိသော် 'ငါ ဆင်းရဲကို ခံစားသည်'ဟုသိ၏။ (ဒုက္ခဝေဒနာ)

www.dhammaransi.com

၃။ အလိုရှိအပ်သောအာရုံ အလိုမရှိအပ်သောအာရုံဟူ၍ နှလုံးမသွင်း မသိမှတ်ပါပဲ ချမ်းသာဟု ဆင်းရဲဟု ဂရုမထားသောသဘောကို ခံစားသည်ရှိသော် 'ငါ ချမ်းသာမဟုတ် ဆင်းရဲမဟုတ် သည်ကို ခံစား၏'ဟု သိ၏၊ (ဥပေက္ခာဝေဒနာ)

၄။ အာရုံငါးပါး ကာမဂုဏ်နှင့်စပ်၍ နှစ်သက်ကျေနပ်သောခံစားမှုကို 'ကာမဂုဏ်နှင့်စပ်သော ချမ်းသာကို ခံစား၏'ဟု သိ၏။ (သာမိသသုခဝေဒနာ)

၅။ အာရုံငါးပါး ကာမဂုဏ်နှင့်မစပ်သော နှစ်သက်မှု, ချမ်းသာမှုကို ခံစား ရသောအခါ 'အာရုံငါးပါး ကာမဂုဏ်နှင့် မစပ်သော ချမ်းသာကို ခံစား၏'ဟု သိ၏။ (နိရာမိသသုခဝေဒနာ)

၆။ အာရုံငါးပါး ကာမဂုဏ်တရားနှင့်စပ်၍ စိတ်ဆင်းရဲမှုကို ခံစားရသောအခါ 'ထိုကာမဂုဏ်နှင့်စပ်၍ ဆင်းရဲကိုခံစား၏'ဟု သိ၏။ (သာမိသဒုက္ခဝေဒနာ)

၇။ အာရုံငါးပါးကာမဂုဏ်နှင့် မစပ်သော မပတ်သက်သောဆင်းရဲကို ခံစားသောအခါ 'ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲကို ခံစား၏' ဟု သိ၏။ (နိရာမိသဒုက္ခဝေဒနာ)

၈။ ကာမဂုဏ်နှင့် စပ်သော ချမ်းသာ, ဆင်းရဲမဟုတ်သည်ကို ခံစားရသောအခါ 'ကာမဂုဏ်နှင့်မစပ်သော ချမ်းသာ, ဆင်းရဲမဟုတ် ခံစား၏'ဟု သိ၏။ (သာမိသဥပေက္ခာဝေဒနာ)

၉။ ကာမဂုဏ်နှင့်မစပ်သော ချမ်းသာ,ဆင်းရဲမဟုတ်သည်ကို ခံစားရသောအခါ 'ကာမဂုဏ်နှင့် စပ်သော ချမ်းသာ,ဆင်းရဲမဟုတ်ကို ကို ခံစား၏'ဟု သိ၏။ (နိရာမိသဥပေက္ခာဝေဒနာ)

ဤသို့ဖြင့် (ဝေဒနာ) ခံစားမှုနှင့်ပတ်သက်၍ ၉-မျိုးရှုနိုင်သည်ကို ဟောထားသည်၊ မြတ်စွာဘုရားသည် ခံစားမှုနှင့်ပတ်သက်၍ ရသင့်သော ဝေဒနာပေါင်း (၁၀၈)မျိုးထိအောင် ဟောသော်လည်း အလုပ်သဘော သက်ရောက်သည့် ဝေဒနာမှာ သုခ,ဒုက္ခ,ဥပေက္ခာ အားဖြင့် သုံးပါးသာ ရှိပေသည်။

www.dhammaransi.com

ဝေဒနာဟူသည် ဝေဒနာဟူသောစကားရပ်၌ 'ခံစားမှု'ဟူသော သဘော ကို နားလည်ထားလျှင် ခံစားမှု၏ ပင်ကိုသဘာဝသည် ခံစားတတ်သော သဘောမျှသာဖြစ်၍ ချမ်းသာ, ဆင်းရဲဟူသော ပညတ် မတွဲမိ (ဝါ)ချမ်းသာ,ဆင်းရဲ ကိုလေသာမတွဲမိ ခံစားတတ်သောသဘော သည် နာမ်ပရမတ်သက်သက်ဖြစ်သည်၊ ထိုနာမ်ပရမတ်သည် ဤခန္ဓာကိုယ် ၏ ဝေဒနာစေတသိက်, ဝေဒနာက္ခန္ဓာ, သင်္ခတပရမတ်ဖြစ်သော ပင်ကို သဘာဝဖြစ်၍ ၎င်းပင်ကို သဘာဝကိုသာ ဝိပဿနာ ရှုရလေသည်၊ သို့မှ ၎င်းသည် အမှန်တရား အရှိတရားဖြစ်၍ အမှန်ကို အမှန်အတိုင်း အရှိကို အရှိအတိုင်း သိသည်မည်၏၊သို့အတွက် မြတ်စွာဘုရားသည်....

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ,သုတေ သုတမတ္တံ, မုတေ မုတမတ္တံ, ဝိညာတေ ဝိညာတမတ္တံ။

ဟု ဟောတော်မူလေသည်။

မျက်စိနှင့်အဆင်းတိုက်တွေ့လျှင် မြင်သိဖြစ်လာသည်၊ ယင်းမြင်သိ တွင် အမှန်တရားသဘောစုတို့ (ပရမတ်သဘော)ဟူ၍ လေ့ကျင့်ထားမှုမရှိ လျှင် 'ချမ်းသာသည်, ကောင်းသည်, နှစ်သက်သည်, သဘောကျသည်, ကျေနပ်သည်'ဟု နှလုံးသွင်းမှုားက လိုချင်မှု, ရချင်မှု (လောဘ တဏှာ) ဖြစ်လာ၍ ပဋိစ္စသမုပ္ပါဒ်သံသရာစက် လက်ျာပတ်လမ်းအတိုင်း သွားလေ သည်။

ထိုမြင်သိကို ပင်လျှင် 'ဆင်းရဲသည်,စိတ်ညစ်သည်,စိတ်ပျက်သည်, မကြည့်ချင်ဖြစ်သည်, မနှစ်သက်, သဘောမကျ, မကျေနပ်'ဟု နှလုံးသွင်း မမှန်ကလည်း မရချင်,မလိုချင်သည့်(ဒေါသ,ဒေါမနဿ)အဖြစ်ဖြင့် ပဋိစ္စ သမုပ္ပါဒ်သံသရာစက် လက်ဝဲပတ် လမ်းအတိုင်း သွားတော့မည် ဖြစ်သည်။

ဤ လက်ျာ,လက်ဝဲ လမ်းနှစ်သွယ်မှာ ခံစားမှု (ဝေဒနာ)မှလမ်းခွဲ များပင် ဖြစ်လေရာ ၎င်းတို့မှာ (သုခဝေဒနာနှင့်ဒုက္ခဝေဒနာ) ချမ်းသာ ဟူသောခံစားမှုနှင့် ဆင်းရဲဟူသော ခံစားမှုတို့ဖြစ်၍ မဇ္ဈိမပဏ္ဏာသပါဠိတော် တွင် 'ကာမသုခလ္လိက တစွန်းနှင့် အတ္တကိလမထ အစွန်း' တို့ပင် ဖြစ်ပေ ရကား - (နသေဝိတဗ္ဗာ) မကပ်ရောက် မမှီဝဲလေနှင့်ဟု မြတ်စွာဘုရား သတိပေးထားပြီး ဖြစ်လေသည်။

www.dhammaransi.com

ထိုသို့ မြင်သိ,သိရာ၌ နှလုံးသွင်းမှန်စွာ ကြည့်နိုင်လျှင် (တနည်း) မြင်ခိုက်တွင်မြင်၍ သိရုံသိပါလျှင် ချမ်းသာ,ဆင်းရဲ မပါတော့ပေ၊ချမ်းသာ ဟူ၍ ဆင်းရဲဟူ၍ နှလုံးမသွင်းတော့ပေ၊ ချမ်းသာ,ဆင်းရဲသို့ ရောက်သွား လျှင်လည်း....

ဣဓာနန္ဒ ဘိက္ခုနော စက္ခုနာ ရူပံ ဒိသွာ ဥပ္ပဇ္ဇတိ မနာပံ၊ ဥပ္ပဇ္ဇတိ အမနာပံ၊ဥပ္ပဇ္ဇတိ မနာပါ မနာပံ။လ။အယံဝုစ္စတာနန္ဒ အရိယဿ ဝိနယေ အနုတ္တရာ ဣန္ဒြိယဘာဝနာ။

(ဥပရိပဏ္ဏာသပါဠိတော် ၃၄၈)

ချစ်သား အာနန္ဒာ-ကိလေသာ မဖြစ်အောင် သတ်ဖြတ်လိုသော ယောဂီသည် မျက်စိဖြင့်အဆင်းကိုမြင်၏၊ ထိုအခါ နှစ်သက်ခြင်းသော် ၎င်း,မနှစ်သက်ခြင်း သော်၎င်း တမျိုးမျိုး ဖြစ်တတ်၏၊ထိုသို့ဖြစ်သော အခါ နှလုံးသွင်းရမည်ကား ဤယခု မျက်စိဖြင့် အဆင်းကို မြင်ရာ၌ ငါ့အားနှစ်သက်မှု မနှစ်သက်မှု ဖြစ်လေပြီ၊ထိုနှစ်သက်မှု မနှစ်သက်မှု ဟူသော သဘောသည် အကြောင်းတရားတို့ ပြုပြင်အပ်သော သဘော ရှိ၏၊ ကိလေသာဖြစ်၍လည်း ကြမ်းထမ်း၏၊ အကြောင်းကို စွဲ၍ ဖြစ် သော အကျိုးတရား ပဋိစ္စသမုပ္ပါဒ်မျိုး ဖြစ်၏၊ထိုသဘောတို့သို့မလိုက် ပဲ (ဝါ)ထိုကိလေသာတို့ အဖြစ်မခံပဲ ၎င်းတို့၏ သဘောအမှန်ကိုသာ သိနေရသော 'ဥပေက္ခာသည်'(ဝါ)ပရမတ်ကိုသာ ပရမတ်ဟု သိရုံသာ သိနေရသော 'ဥပေက္ခာ'သည် ငြိမ်သက်၏၊ မြတ်၏၊ မကြမ်းထမ်း၊ သို့အတွက် သိစရာရှိသည်ကိုသာ သိနေမည်'ဟု နှလုံးသွင်း၍ကိလေသာ တို့ကို လျစ်လျူရှုသော ယောဂီအား နှစ်သက်(လောဘ) မနှစ်သက် (ဒေါသ)စသော ကိလေသာတို့သည် ထိုခဏ၌ပင် ချုပ်၍ 'ဥပေက္ခာ' မျက်စိမှိတ်ရာမှ ဖွင့်သကဲ့သို့ ဖွင့်ရာမှ မှိတ်သကဲ့သို့သော အချိန်ပိုင်း အတွင်း တည်လာလေသည်၊အာနန္ဒာ-ဤဟောပြချက်သည် အရိယာ တို့၏ အဆုံးအမ သာသနာ၌ မျက်စိတံခါးပေါက်မှ ဝင်လာသော ကိလေသာတို့ကို ပိတ်ဆို့ရှုမှတ်ခြင်း၌ အတုမရှိကောင်းသော ဣန္ဒြေ ပွားခြင်းပေတည်း။

www.dhammaransi.com

ဟု ဟောတော်မူလေရာ စိတ်တို့၏သဘောအရ အလွန်လျင်မြန်သည့်အတွက်'ချမ်းသာ,သို့မဟုတ်ဆင်းရဲ'သည့်သဘောသို့ရောက်သွားလျှင်လည်း ဤနည်းဖြင့် ဥပေက္ခာဝေဒနာ သဘောဖြစ်အောင် ဖြစ်,ပျက်မြင်အောင် ရှုရလေသည်၊ ထို့ကြောင့် ကျွန်ုပ်တို့၏ မဇ္ဈိမပဋိပဒါ လမ်းစဉ်ဆောင်ပုဒ်တွင်လည်း....

ချမ်းသာတွေ့မြင်၊ ဖြစ်ပျက်ပင်၊ ရှုလျှင်လမ်းမှန်သည်။
ဖြစ်,ပျက်မမြင်၊ချမ်းသာထင်၊စွဲလျှင်ရာဂမည်။
ဆန္ဒရာဂ၊တဏှာပြု၊မှုချလမ်းမှားပြီ။
ဆင်းရဲတွေ့လဲ၊ ဖြစ်ပျက်ပဲ၊ မလွဲရှုရမည်။
ဖြစ်ပျက်မရှု၊ ဆင်းရဲဟု၊ စွဲမှုမှားပြန်သည်။
ဝေဒနာသံယုတ်၊ အကျဉ်းချုပ်၊ ဖွင့်ထုတ်ဟောခဲ့သည်။
စသည်ဖြင့် စပ်ဆိုထားလေသည်။ တဖန် ...

တဿ စေ ဘိက္ခဝေ ဘိက္ခုနော ဧဝံ သတဿ သမ္ပဇာနဿ။ လ။ ယော ကာယေစ သုခါယစ ဝေဒနာယ ရာဂါနုသယော၊ သော ပဟီယတိ။ (သဠာယတနသံယုတ် ပါဠိတော်-၄၁၂)

အကယ်၍ ချမ်းသာခံစားမှု (သုခဝေဒနာ) ဖြစ်ပေါ်လာခဲ့မူ ယောဂီသည် 'ငါ့အား ချမ်းသာခံစားမှု (သုခဝေဒနာ) ဖြစ်ပေါ်လာပြီ၊ ထိုချမ်းသာခံစားမှုသည် အကြောင်းတရားစုကို အစွဲပြု၍သာ ဖြစ်ပေါ်ခဲ့၏။ အကြောင်းကင်း၍ ဖြစ်ပေါ်လာသည်မဟုတ်၊ အဘယ်ကို အစွဲပြု၍ ဖြစ်ပေါ်လာသနည်း။ ဤခန္ဓာကိုယ်ကိုပင် အစွဲပြု၍ ဖြစ်ပေါ်လာပေသည်။ ဤခန္ဓာကိုယ်သည်ကား မမြဲသောသဘော, ပြုပြင်အပ်သောသဘော,အကြောင်းကိုအစွဲပြု၍ဖြစ်ပေါ်လာသောသဘောရှိ၏။ ထိုသို့သောခန္ဓာကိုယ်ကို စွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာ ခံစားမှု (သုခဝေဒနာ) သည် အဘယ်မှာ မြဲပါလိမ့်မည်နည်း' ဟု သိ၏။ ထိုယောဂီသည် ခန္ဓာကိုယ်ကိုရင်း၊ စွဲမှီ၍ ဖြစ်ပေါ်သော ချမ်းသာခံစားမှုကိုရင်း မမြဲခြင်းသဘော၊ ပျက်ခြင်းသဘောကို မပြတ်ရှုလျက်နေ၏။

(အကျယ်ကို ထိုပါဠိတော်တွင် ယူပါ)။

www.dhammaransi.com

ဥပေက္ခာဝေဒနာ ဖော်ပြခဲ့သော ပါဠိတော်များသည် အာရုံ ဝတ္ထု တိုက်ဆိုမှုကြောင့် နှလုံးသွင်းမမှန်သောအခါ (သုခဝေဒနာ,ဒုက္ခဝေဒနာ)ဖြစ်သဖြင့်ရာဂဒေါသကိလေသာဖြစ်တတ်ကြောင်း၊ ကိလေသာမဖြစ်အောင်, ပြတ်အောင် အားထုတ်လိုသူသည် အထူးမလုပ်ရကြောင်း ကိလေသာမဖြစ်အောင်,ပြတ်အောင် အားထုတ်လိုသူသည် အထူးမလုပ်ရကြောင်း၊ကိလေသာဖြစ်တတ်သည့် ချမ်းသာခံစားမှု, ဆင်းရဲခံစားမှု (သုခဝေဒနာ၊ဒုက္ခဝေဒနာ မဖြစ်အောင်၊ ဖြစ်လာသော ချမ်းသာခံစားမှု, ဆင်းရဲခံစားမှုတို့သည် ကိလေသာဟုသိ၍ ၎င်းတို့ကို မစွဲမယူပဲ ဖြစ်တတ်, ပျက်တတ်သော သဘောတို့ဟူ၍ ရှုနိုင်က ဥပေက္ခာဝေဒနာ အလိုလိုရှိပြီး ဖြစ်လေသည်။

ဤနေရာ၌ တရားအားထုတ်သူ ယောဂီသည် မည်သည့်ကိလေသာ ဝင်ပေါက်ကမှ ဝင်ခွင့်မပေးခြင်း, မဝင်နိုင်စေရန် ပိတ်ဆို့ခြင်းကို တရားအားထုတ်ခြင်း၊ ကိလေသာ မဖြစ်အောင် ဆုံးမခြင်းဖြစ်ပေရာ ထိုင်ရှုမှ, စင်္ကြံလျှောက်ရှုမှ တရားအားထုတ်ရာရောက်သည် မဟုတ်၊ မည်သည့် ဣရိယာပုထ်တခုခုဖြင့် တည်ရှိနေစေကာမူ မျက်စိ, နား,နှာ,လျှာ,ကိုယ်,စိတ် တခုခုသော(ဒွါရ)တံခါးပေါက်ကမှ ကိလေသာမဝင်အောင် ပိတ်ဆို့နိုင်ရမည် ဟူ၍....

ယထာ ယထာ ပါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊
တထာ တထာ နံ ပဇာနာတိ။

တရားအလုပ်အားထုတ်သော ထိုယောဂီ၏အရှုံခံဖြပ်သောပရမတ်ရုပ်, နာမ်အပေါင်းအစု(ကာယ)သည် အသွင်ပုံစံတမျိုး(ဣရိယာပုထ်တမျိုးမျိုး)ဖြင့် တည်ရှိနေ၏၊ ထိုတည်ရှိနေဘိုင်းသော အသွင်ပုံစံ အမူအရာ အတိုင်းသာ သိနေရမည်။

ဟု ပါဠိတော်တွင် မြတ်စွာဘုရား ညွှန်ပြထားသည်။

ဆိုလိုချက်သဘောမှာ (ကိလေသာ) အညစ်အကြေးကို သတ်ဖြတ် ပိတ်ဆို့ဆုံးမလိုသော ယောဂီသည် သတိပဋ္ဌာန်းလုပ်ငန်း ဖြစ်သည့်အား လျော်စွာ သတိမပြတ် စောင့်ရှောက်ရိမ်၏။ ကိလေသာ ဝင်တတ်,ဖြစ်တတ်သော မျက်စိစသည့်တံခါးပေါက်တို့ကို ဉာဏ်နှင့်စောင့်ရှောက် ပိတ်ဆို့ရာ၌ (ဣရိယာပုထ် ၄-ပါး၊ အာရုံ ၆-ပါးဟူသော)မူလကမ္မဋ္ဌာန်းရှုနိုင်ရာတို့တွင်

www.dhammaransi.com

မည်သည့်ဌာနက ကိလေသာဝင်ဝင် ရှုမှတ်ခြင်းဖြင့် ဆုံးမ ပိတ်ဆို့နိုင်ရန် အရေးကြီးလေသည်။

တရားအားထုတ်သည်ဆို၍ ထိုင်ကြရာ၌လည်း 'ကာယ' ဟူသော တံခါးပေါက်က ကိလေသာမဝင်နိုင်ရန် သတိဖြင့် စောင့်ကြည့်သော သဘောဖြစ်သည်။ ယင်းသို့စောင့်ကြည့်ရာတွင် သတိဖြင့်စောင့်ကြည့်သော ယောဂီသည်ကာယနှင့်ဖောဋ္ဌဗ္ဗတို့တိုက်တွေ့သောကြောင့်(ကာယဝိညာဏ်) ကိုယ်သိ·သိရာ၌ ထိုအသိဉာဏ်သည် (သုခဝေဒနာ)ချမ်းသာခံစားမှု,(ဒုက္ခဝေဒနာ)ဆင်းရဲခံစားမှု တခုခုတွေ့လေကုံထိုတွေ့သောချမ်းသာ၊ သို့မဟုတ် ဆင်းရဲဟု ရှုသိလိုက်လေလျှင် ထိုအသိဖြင့် ကိလေသာကို ဝင်ခွင့်ပေးလိုက်ခြင်းပင် ဖြစ်လေသည်။ အဘယ့်ကြောင့်ဟူမူ ချမ်းသာဟုငင်း၊ ဆင်းရဲဟုငင်း သိမှတ်မှုသည် မူလခန္ဓာပရမတ်၏ အမှန်သဘော မဟုတ်ပဲ ပညတ်သဘောအရ သမုတိသစ္စာ၏ လုပ်ကြံမှုဖြစ်သောကြောင့်ပေတည်း။

ယင်းသို့ ဆိုချေက မြတ်စွာဘုရားသည် ဤ(ဝေဒနာနုပဿနာ) သတိပဋ္ဌာန်ပါဠိတော်၌....

ချမ်းသာကို ခံစားခိုက် ချမ်းသာကို ခံစားနေတယ်။

ဆင်းရဲကိုခံစားခိုက် ဆင်းရဲကို ခံစားနေတယ်။

ဟု ရှုရန် ဟောတော်မူသည်မဟုတ်လော ဟူငြားအံ့....။

မှန်ပါသည်၊ ထိုချမ်းသာဟု,ဆင်းရဲဟုမှတ်ရမည့်အချိန်ကား-ဝေဒနာနုပဿနာ သတိပဋ္ဌာန်အစဟောရာ၌ 'ခံစားမှုဟူသည် ပရမတ်သဘော တရားသာဖြစ်ကြောင်း၊မည်သည့် ပုဂ္ဂိုလ်,သတ္တဝါဟူသောပညတ်မှ မဟုတ်ကြောင်း၊ အာရုံ၌နှစ်သက်မှုဖြစ်လာလျှင် ချမ်းသာထင်၍ မနှစ်သက်မှုဖြစ်လာလျှင်ဆင်းရဲထင်ကြောင်း၊ ထိုထင်ချက်သည် (သညာဝိပလ္လာသ)အမှတ်ဖောက်ပြန်မှုကြောင့်သာ ဖြစ်ကြောင်း'ကို ကွဲပြားစွာသိစေလိုခြင်း၊ငင်းပြင် ချမ်းသာဟု ထင်ဆဲအခိုက် တွင်လည်း ဆင်းရဲထင်ချက်နှင့်မတူ ခြားနားကြောင်း၊ဆင်းရဲထင်ခိုက် တွင်လည်း ချမ်းသာဟူသောအထင်မရှိ ခြားနားသောကွဲပြားချက်ကို သိစေလိုခြင်း စသည်အားဖြင့် ပုထုဇ္ဇန်တို့၏ ပညတ်ခလေ့အစွဲမပျောက်မီ မှတ်နေရသော သတိထူထောင်ကာစ အခါမျိုးဖြစ်ပုံကို အဋ္ဌကထာပြရာ၌....

www.dhammaransi.com

သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတီတိ သုခ ဝေဒနာက္ခဏေ ဒုက္ခာယ ဝေဒနာယ အဘာဝတော သုခံ ဝေဒနံ ဝေဒယမာနော 'သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

(သတိပဋ္ဌာန်အဋ္ဌကထာ ၃၆၅။ မူလပဏ္ဏာသဋ္ဌကထာ-၂၀၂)

သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတီတိ ကား။ သုခဝေဒနာက္ခဏေ၊ ချမ်းသာကိုခံစားသောခဏ၌။ ဒုက္ခာယ-ဝေဒနာယ၊ ဆင်းရဲခံစားမှု၏။ အဘာဝတော၊ မရှိခြင်း, မဖြစ်ခြင်းကြောင့်။ သုခံ၊ ချမ်းသာသော။ ဝေဒနံ၊ခံစားမှုကို။ဝေဒယမာနော၊ခံစားသည်ရှိသော်။အဟံ၊ငါသည်။ သုခံ၊ ချမ်းသာသော။ ဝေဒနံယေဝ၊ ခံစားမှုကိုသာလျှင်။ ဝေဒယာမိ၊ ခံစား၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

ဆိုလိုချက်မှာ 'ချမ်းသာကိုခံစားခိုက် ချမ်းသာကိုခံစားသည်' ဟု သိသည်ဆိုရာ၌ ထိုခံစားမှုသည် 'ဆင်းရဲ ခံစားသည် မဟုတ်၊ ဆင်းရဲခံစား သည်ဟု မသိ' ဟူသော အသိမျိုးသာဖြစ်ရာ ခံစားမှု တခုကို သိမှတ်ရာ၌ 'ချမ်းသာ'ဟူ၍၎င်း၊ ဆင်းရဲ ဟူ၍၎င်း၊ ချမ်းသာ မဟုတ်, ဆင်းရဲ မဟုတ် ဟူ၍၎င်း၊ သုံးမျိုးရှိရာတွင် တစုံတခုသော, ကမျိုးမျိုးသော ခံစားမှုတွင် အခြား ခံစားမှုတမျိုးသည် မရောမပါ၊ တမျိုးချုပ်မှ တမျိုး ပေါ်သော သဘောကိုလည်း မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူရာ၌....

ယသ္မိံ အဂ္ဂိဝေဿန သမယေ သုခံ ဝေဒနံ ဝေဒေတိ၊နေဝ တသ္မိံ သမယေ ဒုက္ခံ ဝေဒနံ ဝေဒေတိ၊ န အဒုက္ခမသုခံ ဝေဒနံ ဝေဒေတိ။ (မဇ္ဈိမပဏ္ဏာသပါဠိတော်-၁၆၀)

အဂ္ဂိဝေဿန၊ ဒီဃနခပရိဗိုဇ်။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ သုခံ ဝေဒနံ၊ ချမ်းသာခံစားမှုကို။ ဝေဒေတိ၊ ခံစား၏။ တသ္မိံ သမယေ၊ ထိုချမ်းသာခံစားသောအခါ၌။ ဒုက္ခံဝေဒနံ၊ ဆင်းရဲခံစားမှုကို။ နေဝ ဝေဒေတိ၊ မခံစား။ အဒုက္ခမသုခံဝေဒနံ၊ ဆင်းရဲမဟုတ်, ချမ်းသာ မဟုတ်သောခံစားမှုကို။ နဝေဒေတိ၊ မခံစား။

ဟူ၍ ဟောတော်မူထားရာ 'ချမ်းသာဟု ခံစားဆဲ, သိဆဲ အခိုက်တွင် ဆင်းရဲမရှိ၊ မဖြစ်၊ ဥပေက္ခာလည်းမရှိ၊ မဖြစ်၊ ထို့အတူ ဆင်းရဲဟု ခံစားဆဲ သိဆဲအခိုက်ခဏတွင် ချမ်းသာမရှိ၊မဖြစ်၊ ဥပေက္ခာလည်းမရှိ၊မဖြစ်၊ ဆင်းရဲ

မဟုတ်, ချမ်းသာမဟုတ်သော (ဥပေက္ခာ) ခံစားမှုသည်လည်း ချမ်းသာမရှိ၊ မဖြစ်၊ ဆင်းရဲမရှိ၊ မဖြစ်' ဟု ဟောတော်မူလေသည်။

အထူးမှတ်ရန်။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို မြတ်စွာဘုရားသည် ခံစားမှုနှင့် ပတ်သက်၍ ၉-မျိုး ဟောတော်မူထားသည်။ ထိုတွင် (သုခ,ဒုက္ခ,ဥပေက္ခာ) ၃-မျိုးကိုမူတည်၍ အာရုံငါးပါးကာမဂုဏ်တရားနှင့်စပ်၍ ချမ်းသာခံစားမှု, ဆင်းရဲခံစားမှု, ဆင်းရဲချမ်းသာမဟုတ်သည်ကိုခံစားမှုဟူ၍ ၃-မျိုး၊ အာရုံငါးပါး ကာမဂုဏ်တရားမှ ထွက်မြောက်ရာနှင့်စပ်၍ ၃-မျိုး၊ အားလုံးပေါင်း ရသင့်သော ခံစားမှု ၉-မျိုးကိုဟောထားပါသော်လည်း ကျွန်ုပ်တို့ကား ပင်ရင်း ၃-မျိုးကိုသာ အဓိကထားသည်။ ထို ၃-မျိုးတွင်လည်း ကိလေသာနှင့်ပတ်သက်သော (သုခ,ဒုက္ခ)ချမ်းသာ,ဆင်းရဲ ခံစားမှုတို့ကို ပရမတ်ဥပေက္ခာသို့သွင်းလျက် ရှုပွားရပုံကို ဉာဏ်တွေ့အနေရောက်အောင် ထုတ်ဖော်ရေးသားမည်ဖြစ်၍ အဓိကဖြစ်သော ဥပေက္ခာ ရှုနည်းကိုသာ ဆက်လက်ဖော်ပြအံ့။

ဝိပဿနာအားထုတ်ရာတွင် လိုအပ်သော ဥပေက္ခာ

အသိနှင့်ပတ်သက်၍ နာမ်ကမ္မဋ္ဌာန်းရှုရာတွင် (ဝေဒနာ)ခံစားမှုဟူသော နာမ်သည် အထင်ရှားဆုံး ဖြစ်သည်။ ထို ခံစားမှု သည် လည်း 'ချမ်းသာ-ဆင်းရဲ'စသော ခံစားမှုမျိုးပေါင်း (၁၀၈)မျိုးမျှ ဟောတော်မူထားသည်။ ၎င်းတို့အားလုံးအား ဝိပဿနာရှုရန်မဟုတ်ပေ။ ဝိပဿနာရှုရာတွင် ပင်ရင်း ၃-မျိုးကိုမူထား၍ (ဥပေက္ခာဝေဒနာ)ရုပ်,နာမ်,သင်္ခါရ အားလုံးကို လျစ်လျူပြုရာမှ ပယ်ခွာစွန့်ပစ်နိုင်သည်အထိ ရှုရမည် ဖြစ်ရာ ဥပေက္ခာမပါပဲ၊ ဥပေက္ခာသဘောရောက်အောင် မရှုမှတ် အားမထုတ်နိုင်ပဲ မည်သည့်ပုဂ္ဂိုလ်မှ အရိယာမဖြစ်နိုင်ပေ။

သတိပဋ္ဌာန် ပါဠိတော်တွင် ဆိုင်ရာဆိုင်ရာ ကာယ ဝေဒနာစသည်တို့ စုံလင်အောင် ပြည့်စုံအောင်သာ ဟောတော်မူထား၍ သံယုတ်စသော အခြားပါဠိတော်တွင် သက်ဆိုင်ရာသို့ ကောက်ယူတာဝင့် ဟောတော်မူထားရကား ဝိပဿနာအလုပ်အားထုတ်သော အလုပ်စခန်းတွင် ပြည့်စုံစေရန် စုပေါင်းညှိနှိုင်းစိစစ်အပ်ပေသည်။

www.dhammaransi.com

မျက်စိနှင့်အဆင်းဖြစ်စေ, နားနှင့်အသံဖြစ်စေ အာရုံဝတ္ထု တိုက်ဆိုမှု တခုခု ဖြစ်ရာတွင် ခံစားချက်တခုခုသည် ဖြစ်မြဲတည်း၊ ထိုအခါတွင် ကိလေသာမဝင်အောင် တားဆီးပိတ်ဆို့ရေးအလုပ်ကို သတိကပ်၍ ပြုလုပ်အားထုတ် နေသော ယောဂီသည် ထိုခံစားရချက်အပေါ် မည်သို့သဘောထားမည်နည်း၊ ကိလေသာဟူသည် တိုက်တွေ့ခံစားရမှုအပေါ်၌....

ချမ်းသာ ဟူ၍ရင်း, ကောင်းသည်ဟူ၍ရင်း သဘောကျ ကျေနပ်နှစ်သက်လက်ခံပါက လောဘ, မောဟကိလေသာ၊

ဆင်းဟူ၍ရင်း, မကောင်းဟူ၍ရင်း မဘောမကျ မကျေနပ် မနှစ်သက် လက်မခံပါက ဒေါသ, မောဟကိလေသာ၊

ဖြစ်လျှင် ထိုကိလေသာတို့ မဖြစ်စေရန် ထိုခံစားမှုအပေါ်တွင်....

တဒင်္ဂဘယံ၊ ထိုချမ်းသာ, ဆင်းရဲ, ဝမ်းသာ, ဝမ်းနည်း ခြင်းဖြင့် လောဘ, ဒေါသ ဖြစ်စေတတ်သော် ကိလေသာ ၂-မျိုးကို။ အဘိနိဝေဇ္ဇေတွာ၊ ကြည်ဖယ်ရှောင်ရှား ဝေးအောင်ခွာထား၍။ ဝိဟရိတုကာမော၊ ရှုကာ နေလိုသော ယောဂီသည်။ ကိံ ကရေယျ၊ အဘယ်သို့ ရှုရမည်နည်း ဆိုသော်....

ရှုပုံ- ဣဋ္ဌာနိဋ္ဌေသု၊ ကောင်းသော နှစ်သက်စရာ ချမ်းသာအာရုံ, မကောင်းသော မနှစ် သက်စရာ ဆင်းရဲအာရုံတို့၌။ အာပါထ ဂတေသု၊ ဖြစ်ပေါ်လာလင်လာခဲ့သည်ရှိသော်။ နေဝသောမနဿိကော၊ ဝမ်းသာ, ဝမ်းမြောက်မဖြစ် မနှစ်သက်ပါလေနှင့်။ နဒေါမနဿိကော၊ စိတ်ပျက်ဝမ်းနည်းမရှိလိုက်ပါနှင့်။ ဥပေက္ခကော ဝိဟရေယျ၊ လျစ်လျူရှုကာသာ နေလိုက်ပါ ဟူ၏။

(ဥပရိပဏ္ဏာသဋ္ဌကထာ ၂၅၁)

အဋ္ဌကထာ၏ ဆိုလိုချက်မှာ - အာရုံဝတ္ထု တိုက်ဆုံမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ခံစားမှု တခုခုကြောင့် ချမ်း သာ တွေ့ လျှင် လည်း ဝမ်းမြောက်မှု လောဘ မဖြစ်အောင် ဆင်းရဲ တွေ့လျှင်လည်း ဝမ်းနည်း စိတ်ပျက် ဒေါသမဖြစ်အောင် ထိုသို့လာဖြစ်လာသော ကိလေသာသဘော တို့ကို အာရုံမပြု ဂရုမစိုက်ပါပဲ မိမိသိစရာ ဖြစ်သော ရုပ်, နာမ် အာရုံကို သိနေကာမျှနှင့်ပင် ဥပေက္ခာ ဖြစ်နိုင်လေသည်။

www.dhammaransi.com

အလုပ်သဘော အားဖြင့်ဆိုမူ တရားအားထုတ်မည့် ယောဂီသည် ခန္ဓာတွင် အသိဉာဏ်ကပ်ရောက်ထားစဉ် အာရုံဝတ္ထုတို့ တိုက်တွေ့မှုကြောင့် မိမိ၏ခန္ဓာတွင် တရွရွ,တလှုပ်လှုပ်, တသုတ်သုတ်, တဖြုတ်ဖြုတ်နှင့် တွေ့လာမည်၊ ၎င်းတို့သည် ပရမတ်ဖြစ်သော ရုပ်,နာမ်ကိစ္စများပင် ဖြစ်၍ မိမိက ပညတ်သမုတိသဘောနှင့် အမည်မတပ်လိုက်ပါနှင့်၊ အမှန်သဘော ပရမတ်တို့သည် သူတို့ကိစ္စ သူတို့လုပ်ဆောင်နေကြသည်ကို မိမိက,သိရုံသိပေးနေမှုမှ တပါး အမည်တပ်၍ ပညတ်ဖက်သို့ ယူမသွားပါနှင့်၊ အဓိပ္ပာယ်မှာ ပရမတ် ရုပ်,နာမ်တို့၏ သဘောသည် ဖောက်ပြန် ဖြစ်,ပျက်လျက် ရှိနေသည်ကို 'ပူတယ်, အေးတယ်, ချမ်းသာတယ်, ဆင်းရဲတယ်' စသည်ဖြင့် မှတ်ပါက ပရမတ်အမှန်တရားကို မမှန်မကန်သော ပညတ်ဖက်သို့ အတင်းပို့ဆောင်သည်နှင့်တူလေသည်၊ထိုစကား မှန်သည်၊လောကတွင် 'ပူသည်,အေးသည်, ချမ်းသာသည်, ဆင်းရဲသည်'ဟူသော အမှတ်အသား အယူအစွဲများသည် ပညတ်ကိလေသာ၏ အာရုံဖြစ်သောကြောင့် ထိုခံစားရမှုမျိုးကို 'ရုပ်,နာမ် ပရမတ် သဘောတို့၏ ဖောက်ပြန် ဖြစ်,ပျက်မှု'ဟု သိသောအသိဖြင့်(ဝါ) ချမ်းသာ,ဆင်းရဲဟူသော ကိလေသာကိုဥာဏ်ရှုသော ဥပေက္ခာရှုချက်ဖြင့်သာ ဝိပဿနာဉာဏ် ဖြစ်ရလေသည်၊တို့ကြောင့် အဋ္ဌကထာတွင်....

> ဣတိ အယံ ဘိက္ခု စက္ခုဒွါရေ ရူပါရမ္မဏမှိ ဣဋ္ဌေ အာရမ္မဏေ မနာပံ၊ အနိဋ္ဌေအမနာပံ၊ မဇ္ဈတ္တေ မနာပါမနာပဥ္စစိတ္တံ၊ တဿ ရဇ္ဇိတုံဝါ ဒုဿိတုံဝါ မုယှိတုံဝါ အဒတွာဝ ပရိဂ္ဂဟေတွာ ဝိပဿနံ မဇ္ဈတ္တေ ဌပေတိ။ (ဥပရိပဏ္ဏာသဋ္ဌကထာ-၂၅၁)

ဝိပဿနာ ရှုမည့် ယောဂီသည် မျက်စိနှင့် အဆင်း တွေ့ဆုံရာ၌ ကောင်းသော အာရုံတွေ့လျှင်လည်း သာယာ တပ်မက် သဘောကျ နှစ်သက်ခွင့်ကို မပေးပဲ မကောင်းသောအာရုံတွေ့လျှင်သည်း ပြစ်မှား ဖျက်ဆီးခြင်း ဝမ်းနည်းစိတ်ပျက်ခြင်း အခွင့်ကို မပေးပဲ ကောင်း မကောင်း မဟုတ်သော အာရုံတွေ့လျှင်လည်း နှစ်သက်,မနှစ်သက်မဖြစ်စေပဲ ရုပ်,နာမ်တို့၏ ပရမတ်သဘောဖြစ်သော ဖောက်ပြန်,ဖြစ်,ပျက်ကို သိမ်းဆည်း၍ ထိုအသိဖြစ်သော ဝိပဿနာဉာဏ်ကို ကိလေသာလွတ်သော အလယ်လမ်းကြောင်း မဇ္ဈိမပဋိပဒါ ဥပေက္ခာ၌ ထား၏။

www.dhammaransi.com

ဝိပဿနာ၏ ဥပဒေသ

ဤအဋ္ဌကထာသည် ဣန္ဒြိယဘာဝနာသုတ်ကို ဖွင့်သော အဋ္ဌကထာဖြစ်၍ 'ထိုသုတ်၏အဖွင့်သာ' ဟု မယူဆအပ်ပေ၊ မြတ်စွာဘုရား၏ ပဋိပတ္တိ သာသနာ တလျှောက် လုံးနှင့် သက်ဆိုင်လေသည်၊ သို့ဖြစ်၍ ဤဝေဒနာနုပဿနာ သတိပဋ္ဌာန် ပိုင်းတွင် ဥပေက္ခာတခုကိုသာ တွင်တွင်တိုက်တွန်း ရေးသားနေခြင်း၏ အဓိပ္ပာယ်သည် ပေါ်လွင်သင့်ပေသည်၊ ဥပေက္ခာဟူသည် ဝေဒနာတခု အတွက်သာ မဟုတ်၊ တသာသနာလုံးအတွက် တခုတည်းသော မဇ္ဈိမပဋိပဒါလမ်းစဉ် ဖြစ်သောကြောင့် အလယ်လမ်းကြောင်းသို့ သက်ဝင်လွယ်စေခြင်းငှာ ရေးသားနေခြင်းဖြစ်သည်။

စင်စစ် ဝိပဿနာရှုသည် ဆိုရာ၌ 'ဥပေက္ခာသဘော သက်ရောက်အောင် ရှုသွားရသည်ချည်းပင်' ဖြစ်သည်၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, သာမိသသုခဝေဒနာ, နိရာမိသသုခဝေဒနာ, သာမိသဒုက္ခဝေဒနာ, နိရာမိသဒုက္ခဝေဒနာ စသည်အားဖြင့် ရသင့်, ဖြစ်သင့်သော ဝေဒနာမျိုးစုံအောင် ဉာဏ်တော်ကျယ်ဝန်းလှသော မြတ်စွာဘုရား၏ ဟောတော်မူချက်သည် သတ္တဝါတို့တွင်ဖြစ်တတ်သော သဘောများအမှန်ပင် ဖြစ်သည်၊ ၎င်းတို့ကို တိုက်ရိုက်ရှုနိုင်သည်ကား မဟုတ်ပေ၊ အဘယ့်ကြောင့်ဟူမူ ပရမတ် ရုပ်,နာမ်ကို တိုက်ရိုက်မရောက်သောကြောင့် ဖြစ်သည်။

အရှင် ဆန္န၏ သာမိသသုခဝေဒနာ

ကျွန်ုပ်တို့ရေးသားထားသော 'မဇ္ဈိမဉာဏ် သိဘို့ရန်' စာအုပ် (ပထမအကြိမ်ရိုက် နံပါတ် ၁၃၇) တွင် ပီတိသောမနဿ - လောဘ ဖြစ်နေသော မြတ်စွာဘုရား၏ ဖွားဖက်တော် အရှင်ဆန္နသည် ဘုရားစသော ရတနာ ၃-ပါး၌ မတရားသဖြင့် ချစ်ခင် နှစ်သက်သော (ဂေဟသိတ-သာမိသ) သုခဝေဒနာကြောင့် တရားမရပုံကို ဖော်ပြရာ၌ အဋ္ဌကထာက ..

အမှာကံ ဗုဒ္ဓေါ အမှာကံ ဓမ္မော အမှာကံ သံဃောတိ အာဒိနာ နယေန အာယသ္မတော ဆန္နဿ ဥပ္ပန္နသဒ္ဓံ ဂေဟသိတံ ပီတိ သောမနဿံ အဘိပ္ပဝတ္တံ၊ ဗုဒ္ဓဥ ဈာနာဒိ ပဋိလာဘာယ အန္တရာယ ကရံ ဟောတိ။ (သီလက္ခန္ဓဝဂ္ဂ ဋ္ဌကထာ-၅၄)

အရှင်ဆန္နသည် ဘုရား, တရား, သံဃာ၌ ချစ်ခင် တွယ်တာသော (ဂေဟသိတ သာမိသ) သုခဝေဒနာဖြင့် လောဘကိလေသာဖြစ်လေ

www.dhammaransi.com

သောကြောင့် စျာန်မဂ်အန္တရာယ်ဖြစ်ပေရကား မဂ်မရပေ။ ထိုလောဘ ကိလေသာ အစွဲအလမ်းရှိလျက် တရားအားထုတ်စေကာမူအားထုတ်ရာ မရောက်။ ပရမတ်,ရုပ်,နာမ်ကို မသိမမြင်လေသဖြင့် ကောသမ္ဗီပြည်နေ အရှင်အာနန္ဒာထံသွား၍ ထိုဂေဟဿိတ ပီတိသောမနဿကို စွန့်ခွာ၍ 'ကစ္စာနဂေါတ္တသုတ်'နှင့် တရားပြကာမှ ရဟန္တာဖြစ်လေသည်။

အဓိပ္ပာယ်မှာ-နှစ်သက် သဘောကျမှုကို ဖြစ်စေတတ်သော (သုခ ဝေဒနာ)ချမ်းသာခံစားမှုသည် မည်သည့်အတွက်နှင့် နှစ်သက်သဘောကျ စေကာမူ ကိလေသာပါသဖြင့် လောဘဖြစ်ပေရကား- တရားမရနိုင်ပေ။ ပုံစံတခုကို ဆက်၍ရှုပါဦး.. ။

မဟာသိဝ၏ နိုရာမိသ ဒေါမနဿ

မဟာသိဝ မထေရ်ကြီးသည် တပည့်ပေါင်း သုံး သောင်းမျှ တရားရအောင် ပြနိုင်စွမ်း ရှိသဖြင့် 'ငါတရားအားထုတ်လိုက်လျှင် ၂-ရက်၊ ၃-ရက် နှင့်ပင် ကိစ္စပြီးလိမ့်မည်'ဟု အထင်ရှိသဖြင့် တောထွက်ကာ ကျောက်လိုဏ်ဂူ တခု၌ နေရာယူပြီးလျှင် ၂-ရက်၊ ၃-ရက်မျှနှင့် ကိစ္စပြီးမည့်ငါသည် ခြေကို လည်းမဆေးအံ့၊ညောင်စောင်းအခင်းကိုလည်း မခင်း၊ကျောကိုလည်းမဆန့် အံ့'ဟု ဆောက်တည်လျက် တရား အား ထုတ်လေရာ နှစ်ပေါင်း ဘုံးဆယ် ကြာသွားသဖြင့် 'မှန်းချက်နှင့်နှမ်းထွက် မကိုက်လေရကား' ပဝါရဏာနေ့ တိုင်း မျက်ရည်ယိုစီး ငိုညည်း၍သာ နေလေသည်။ နှစ်ပေါင်းသုံးဆယ်ဖြစ် သော တည၌ 'ငါတော့ဤဘဝတွင် တရားရတော့မည်မဟုတ်'ဟု ငိုယိုလေ သော်-မနီးမဝေးရှိ နတ်သမီးတယောက်၏ ပြောင်လှောင်ငိုပြမှုကြောင့် သတိ သံဝေဂရ၍ အားထုတ်ရာတွင်မှ ရဟန္တာဖြစ်တော်မူကြောင်း။ ထိုမဟာသိဝ မထေရ်ကြီး၏ စိတ်ပျက်,ဝမ်းနည်း, ငိုညည်းခြင်းသည်အာရုံငါးပါး ကာမ ဂုဏ်တရားနှင့် မစပ်ဟပ် မပတ်သက်သော (နိရာမိသဒေါမနဿ၊ တနည်း၊ နေက္ခမ္မသိတ)ဒေါမနဿ ဖြစ်သောကြောင့်ဟု အဋ္ဌကထာက....

ဂါမန္တ ပဗ္ဘာရဝါသိ မဟာသိဝတ္ထေရဿ ဝိယ အဿုဓာရာ ပဝတ္တန ဝသေန ဉပ္ပန္နဒေါမနဿာနိ သနေက္ခမ္မသိတ ဒေါမနဿာနိတိ ဝေဒိ တဗ္ဗာနိ။ (ဥပရိပဏ္ဏာသဋ္ဌကထာ-၁၀၇)

မဟာသိဝမထေရ်ကြီး၏ ငိုကြွေးမှုသည် ကာမဂုဏ်တရားမှ ထွက် မြောက်သော ငိုကြွေးမှုဖြစ်သော်လည်း ယင်းသို့ စိတ်ပျက် ဝမ်းနည်းဖြစ်ရ

www.dhammaransi.com

သမျှသည် ဒေါသဒေါမနဿ ကိလေသာမကင်းပေရကား- မဂ်၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့် တရားမရဖြစ်လေသည်။ လောဘကိလေသာဟူသည် ကာမဂုဏ်နှင့်စပ်သော လောဘဖြစ်စေ၊ ကာမဂုဏ်နှင့်မစပ်သော လောဘဖြစ်စေ၊ လောဘကား- လောဘပင်ဖြစ်၍ ကိလေသာဟူသော အညစ်အကြေးဖြစ်သကဲ့သို့ ဒေါမနဿသည်လည်း ကာမဂုဏ်နှင့်စပ်သော ဒေါသဖြစ်စေ၊ ကာမဂုဏ်နှင့်မစပ်သော ဒေါသဖြစ်စေ၊ ဒေါသကား- ဒေါသပင်ဖြစ်၍ ကိလေသာ ဟူသော အညစ်အကြေးကြောင့် မဂ် မရ သည်ကား အမှန်ပင် ဖြစ်လေသည်။

ဝိပဿနာ၏သဘာဝ မြတ်စွာဘုရားသည် ကိလေသာလွတ်သောနိဗ္ဗာန်ကို ညွှန်ပြရာ၌ ရာဂကုန်ရာ, ဒေါသကုန်ရာ, မောဟကုန်ရာသည် နိဗ္ဗာန်ဟု ဟောတော်မူထားရကား - နိဗ္ဗာန်ရလို၍ တရားအားထုတ်သောယောဂီအား အကြပ်အကျင့်လမ်းစဉ်သည် ရာဂ, ဒေါသ, မောဟကွာသည်ဖြစ်လျှင် ထိုလမ်းစဉ် ထိုအကျင့်သည် မှန်ကန်လေသည်။ ရာဂ, ဒေါသ, မောဟကုန်လျှင် လမ်းဆုံးသည်၊ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်းလမ်းသည် ရာဂ, ဒေါသ, မောဟ စသော ကိလေသာတို့ကို ပယ်နိုင်ရန် ဆုံးမဖို့, ပိတ်ဆို့ဖို့ ဖြစ်ခွင့်မရအောင် တားဆီးဖို့ လုပ်အပ်သောအလုပ်ဟူ၍ နားလည်ထားရလေသည်။

မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော လောကုတ္တရာတရားသည် လောကီပညတ်ဖြစ်သော ရာဂ, ဒေါသ, မောဟကိလေသာတို့ကို မည်သည့်နေရာက ဖြစ်ဖြစ် လက်မခံပေ၊ ဤသည်လျှင် ဝိပဿနာ၏ သဘာဝဖြစ်လေသည်။ ပုံစံကား....

သုတ်သီလက္ခန် ပါဠိတော်တွင် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုသည်ကို ကြားရသော ရဟန်းတို့၏ စိတ်တက်ကြွမှု, ဝမ်းမြောက်မှု, ကျေနပ်နှစ်သက်မှုများကို မြတ်စွာဘုရား ကြားသိတော်မူသောအခါ....

တုမှံယေဝဿ တေန အန္တရာယော။

ယင်းသို့-သင်ချစ်သားတို့က ဝမ်းမြောက်ခြင်းကြောင့် သင်တို့အား သာလျှင် ဈာန်, မဂ်အန္တရာယ် ဖြစ်ရာ၏။

www.dhammaransi.com

ဟု ဆိုးမတော်မူရာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ကဲ့ရဲ့ပြစ်တင် ပြောဆိုသည်ကို ကြားရသောရဟန်းတို့အား စိတ်ပျက်မှု ဝမ်းနည်းမှု နှလုံး မသာ မကျေနပ်မှုကို ကြားသိရသော မြတ်စွာဘုရားသည်....

တုမှ္မေယဝဿ တေန အန္တရာယော။

ယင်းသို့ - သင် ချစ်သားတို့က စိတ်ပျက် ဝမ်းနည်း ခြင်းကြောင့် သင်တို့အားသာလျှင် စျာန်,မဂ် အန္တရာယ်ဖြစ်ရာ၏။

ဟု ဆိုးမတော်မူရာ ရတနာသုံးပါးနှင့် စပ်၍ ဖြစ်သော နှစ်သက် ကျေနပ်မှုသည် လောဘပင်ဖြစ်၍ ကိလေသာ စာရင်းဝင် သွားရကား 'ကာမဂုဏ်နှင့် မစပ်ဆိုင်သောကြောင့် နိရာမိသသုခဝေဒနာ'ပင် ဖြစ်လေ သည်၊တနည်း ကာမဂုဏ်မှထွက်မြောက်သော ချမ်းသာခံစားမှုဖြစ်၍လည်း 'နေက္ခမ္မသိတသောမနဿဝေဒနာ' ဖြစ်လေသည်၊ထိုခံစားမှု ကိုပင်လျှင်....

တုမှ္မေယဝဿ တေန အန္တရာယောတိ တေန ဥပ္ပိလာဝိတတ္တေန တုမှာကံယေဝ ပဌမဇ္ဈာနာဒီနံ အန္တရာယော ဘဝေယျာတိ အတ္ထော ဝေဒိတဗ္ဗော။ (သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ-၅၂)

ယင်းသို့ စိတ်တက်ကြွမှု, ဝမ်းသာမှုများ ဖြစ်ခြင်းကြောင့် ထိုနှစ်သက် ဝမ်းသာသော သင်တို့အား သာလျှင် ပဌမစျာန် စသော အန္တရာယ် သည် ဖြစ်ရာ၏ဟူသော ဤအနက်ကို မှတ်ပါ။

ဟု အဋ္ဌကထာဆရာက ထောက်ပြရှင်းလင်းထားသည်၊ စိတ်ပျက် ဝမ်းနည်းဖြစ်ရာ၌လည်း ၎င်းနည်း အတူပင်၊ စျာန်,မဂ်၏ အန္တရာယ်ဖြစ် ကြောင်း စျာန်တရား မဂ်ဖိုလ်တရားတို့ မရနိုင်ကြောင်းကို ဖော်ပြထား လေသည်။

ကျွန်ုပ်တို့ ဤနေရာတွင် အဘယ့်ကြောင့် ဤမျှပြောဆိုရေးသား နေသနည်းဟူမူ မြတ်စွာဘုရား၏ မဇ္ဈိမပဋိပဒါ သာသနာတော် မှသည် ကာယ,ဝေဒနာ,စိတ္တ,ဓမ္မဟူ၍ လမ်း ၄-သွယ် ရှိစေကာမူ ထိုလမ်းတို့သည် ကိလေသာသတ် လမ်းချည်းဖြစ်ကြောင်း သဘောပေါက်ထား၏၊ သို့ဆို လျှင် အဘယ့်ကြောင့် ၄-မျိုးရှိရသနည်း၊ တမျိုးတည်းထားလျှင် မဖြစ် သလောဟု စောဒကတက်ငြားအံ့၊ အားထုတ်မည့် သတ္တဝါတို့၏ စရိုက် ဣန္ဒြေအနုအရင့် မည်သူမဆို အားထုတ်မှုမှန်က မရမရှိ, မသိမရှိအောင် ဉာဏ်တော်ကျယ်ဝန်းသလောက် ဖေဖန်ထားတော်မူခြင်း ဖြစ်သည်။

www.dhammaransi.com

သို့ဖြစ်၍ ဤဝေဒနာနုပဿနာတွင် ၉-မျိုး ဟောထားရာ၌လည်း ၉-မျိုးလုံး အားထုတ်ရသည်ကား မဟုတ်ပေ။ ရာဂ, ဒေါသ, မောဟ ကိလေသာ သတ်သောတရားများဖြစ်၍ မိမိရှုမှတ်အားထုတ်သော ရှုနည်း ဉာဏ်အမြင်သည် ရာဂ,ဒေါသ,မောဟ မဖြစ်ကြောင်း မိမိကိုယ်တိုင်သိလေ လျှင် မှန်ပြီ၊ဆက်လက်၍ အားထုတ်ရန် တိုက်တွန်းလိုသည်။

သို့ရာတွင် ကြမ်းထမ်းသော ရာဂ,ဒေါသ,မောဟတို့ကား သိလွယ် သောကြောင့် ဖြစ်သည်, မဖြစ်သည်ကို ဆုံးဖြတ်နိုင်သော်လည်း သိမ်မွေ့၍ အသိခက်သော ရာဂ,ဒေါသ,မောဟတို့ ဖြစ်နေလျှင် ကိလေသာ ဝင်နေ သည်ကိုပင် ကိလေသာမှန်း မသိသဖြင့် 'အဓိမာန' ဖြစ်ကြသော ရဟန်း များ မြတ်စွာဘုရား လက်ထက်တော်ကပင် များစွာ ဖြစ်ဘူးကြ လေသည်၊ ယင်းသို့ သိမ်မွေ့သော ကိလေသာဝင်ပုံ ပုံစံကား....

အဒုက္ခ မသုခံ သန္တံ၊ဘူရိပညေန ဒေသိတံ။
တဉ္စာပိ အဘိနန္ဒတိ၊နေဝ ဒုက္ခာ ပမုစ္စတိ။

(သဠာယတနသံယုတ်ပါဠိတော်-၄၀၈)

အဒုက္ခ မသုခံ၊ ချမ်းသာ, ဆင်းရဲ ခံစားမှုကို မရှုပဲ ချမ်းသာမဟုတ် ဆင်းရဲမဟုတ် ဖြစ်,ပျက်ဟု သိနေရုံရှုသော ဥပေက္ခာကို၊သန္တံ၊ငြိမ်သက် ၏။ဣတိ၊ဤသို့။ဘူရိပညေန၊ မြေကြီးအထုနှင့်တူသော ပညာရှိတော် မူသော မြတ်စွာဘုရားသည်။ ဒေသိတံ၊ဟောတော်မူအပ်၏။ တဉ္စာပိ၊ ထိုဖြစ်,ပျက်ကို သိရုံရှုရသော ဥပေက္ခာရှုချက်ကိုသော်လည်း။ အဘိ နန္ဒတိ၊ ရှုကောင်းချက်ဖြင့် နှစ်သက်သေး၏။ သော၊ ထိုဖြစ်,ပျက်ကို နှစ်သက်စွာရှုနေသော ယောဂီသည်။ ဒုက္ခာ၊ဆင်းရဲသံသရာမှ။ နေဝ ပမုစ္စတိ၊မလွတ်။

ဤကား ဝိပဿနာ၏ သဘာဝပင်၊ ကိလေသာသတ် တရားသည် မည်သည့်နေရာက မည်သည့်နည်းနှင့်မျှ ကိလေသာအဖြစ်ကို လက်မခံပေ၊ ဤပါဠိတော် ဟောချက်တွင် ကိလေသာ ဖြစ်စေသော ချမ်းသာ ထင်မှု, ဆင်းရဲမှတ်မှုတို့မပါပဲလျစ်လျူရှုထား၍ 'ဖြစ်,ပျက်သာ'ဟု ဥပေက္ခာရှုချက် နှင့် ရှုနေခြင်းသည် ငြိမ်သက်၏၊ မြတ်၏၊ အတုမရှိကောင်းသော ဣန္ဒြိယ ဘာဝနာဖြစ်၏ဟု ကြီးမြတ်သော ဉာဏ်ပညာရှိတော်မူသော မြတ်စွာဘုရား သည် ချီးမွမ်း၍ဟောတော်မူသည်။

www.dhammaransi.com

သို့ရာတွင် ထိုဖြစ်,ပျက်ကိုရှုနေသော ယောဂီအား 'ငါသည် ဤခန္ဓာတွင် အဓိကဖြစ်သော ပရမတ်ရုပ်,နာမ်တို့ကို သိမြင်လျက်နေသောကြောင့် မိမိရှုချက်ကိုပင် သဘောကျသည်,နှစ်သက်သည်'ဖြစ်လျှင် ၎င်းသဘောကျနှစ်သက်မှုသည် 'လောဘ'ပင် ဖြစ်ရကား မဂ်အန္တရာယ် ဖြစ်ချေပြီ။

'ကိလေသာဟူသည် ကြမ်းထမ်းသော သဘောမျှ'ဟု မမှတ်ယူရာ၊ မိမိ၏ စိတ်ဖြူစင်မှု အပေါ်တွင် တနည်းနည်းနှင့် ကသိကအောင့် ဖြစ်မှု, ကြည်လင်မှု စသောအားဖြင့် နူးညံ့သော ကိလေသာတို့ ဖြစ်လာက မိမိက ကိလေသာဟူ၍ မသိလိုက်ရပဲ သူက အန္တရာယ် ဖြစ်စေလေတော့သည်။

ဥပေက္ခာဝေဒနာ အဓိက

ဤဝေဒနာနုပဿနာတွင်ပါဝင်သော (ဝေဒနာ)ခံစားမှုများမှာ ၉-မျိုးဖြစ်၍ ၎င်းတို့အားလုံးအား ဥပေက္ခာဝေဒနာ အဖြစ်သို့ ရောက်အောင် ရှုမှ မှန်လေသည်၊ အဘယ့်ကြောင့်ဆိုသော် ချမ်းသာ,ဆင်းရဲသော ကိလေသာကို ခွာနိုင်မှု လျစ်လျူရှုနိုင်မှုသည် 'ဥပေက္ခာ'ဖြစ်သောကြောင့်ပေတည်း၊သို့ရာတွင် သုခဝေဒနာ ဖြစ်စေ,ဒုက္ခဝေဒနာ ဖြစ်စေ၊မည်သည့်(ဝေဒနာ)ခံစားမှုကို မဆို၊ ဖြစ်,ပျက် ပရမတ် သဘော ရောက်အောင် ရှုနိုင်က ဥပေက္ခာ သဘောသို့ ရောက်လေသည်၊ ဆိုလိုသည်မှာ ဝိပဿနာဉာဏ်သည် ပရမတ်သဘောကို သဘောပေါက်ထားသော ယောဂီအတွက် မည်သည့်(ဝေဒနာ) ခံစားမှု ၉-မျိုးလုံးကိုမဆို ရှုနိုင်လေသည်၊ယင်းသို့ရှုနိုင်လောက်အောင် ဉာဏ်ရောက်သူများအတွက် ဝေဒနာနုပဿနာတွင် ၉-မျိုးပိုင်းခြား၍ ဟောတော်မူလေသည်။

ဤကဲ့သို့ မိမိခန္ဓာ၏အတွင်းသန္တာန်၌လည်း (သုခ,ဒုက္ခ)ချမ်းသာဆင်းရဲ ပညတ်ဖြင့် မမှတ်အပ်သော ခံစားမှုတို့ ဟူ၍ အဖန်ဖန်ရှုရမည်ဟု ဟောတော်မူသည်၊အပသန္တာန်ဟူသော မိမိမှတပါးအားလုံးသောသတ္တဝါ သခါရတိုင်းသည်လည်း ခန္ဓာ၌ဖြစ်သော ခံစားမှုတို့သာဟု အဖန်ဖန်ရှုရမည်ဟု အဖန်ဖန် ရှုလျက် မိမိ သူတပါး သုံးဆယ့်တဘုံသား သတ္တဝါမှန်သမျှ ခံစားမှုတို့သာ-ဟု အဖန်ဖန် ရှုရမည်ဟု ဟောတော်မူလေရာ သတိပဋ္ဌာန်ဟူသော သတိနောက်တွင် ပညာဝင်လာသောအခါ ဖြစ်,ပျက် ပရမတ်တို့သာ ရှုစရာရှိတော့ရကား....

www.dhammaransi.com

သတိနောက်တွင်၊ပညာဝင်၊တွေ့မြင်ပရမတ်။

ဟု ကျွန်ုပ်တို့ဆိုခဲ့သည်။

(သုခဝေဒနာ) ချမ်းသာခံစားသည်၊ (ဒုက္ခဝေဒနာ)ဆင်းရဲခံစားသည်ဟု ဝေဒနာနုပဿနာ သတိပဋ္ဌာန်အစပိုင်းတွင် သတိ၏ပညတ်ဘောင်အတွင်း၌ မှတ်လာသိလာရမှုသည် ဘာဝနာပညာပိုင်း ရောက်သောအခါ (သုခ-ဒုက္ခ) ချမ်းသာ,ဆင်းရဲ ပညတ်မတွဲတော့ပဲ (ဝေဒနာ) ဟူသော 'ခံစားမှု'ပရမတ်သဘောသက်သက်သာ တရားဝင် ရှုရမည်ဟူ၍....

ဝေဒနာသု၊ခံစားမှုသဘောတို့၌။သမုဒယဓမ္မာနုပဿီဝါ၊ဖြစ်ကြောင်းသဘော, ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍လည်း။ ဝိဟရတိ၊နေ၏။ ဝယဓမ္မာနုပဿီဝါ၊ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ဝေဒနာသု၊ ခံစားမှုသဘောတို့၌။သမုဒယဝယဓမ္မာနုပဿီဝါ၊ဖြစ်ခြင်းသဘော, ပျက်ခြင်းသဘောကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍လည်း။ ဝိဟရတိ၊နေ၏။

(သတိပဋ္ဌာန်ပါဠိတော်အနက်)

မည်သည့် ချမ်းသာ, ဆင်းရဲပါသော သတိလုပ်ငန်း စတင်တည်ထောင်စေကာမူ ပရမတ်သဘောသို့ ရောက်လာလျှင် 'ဝေဒနာဟူသော ခံစားမှုပရမတ်ကိုသာ 'ဖြစ်တတ်ပျက်တတ်သောသဘော'ဟု ရှုရလေသည်၊ မိမိတို့၏လုပ်ငန်းသည် 'ပညတ်ဖယ်၍ရှုရသော ပရမတ်လုပ်ငန်း'ဟု သိထားလျှင် ယုံမှားစရာ မရှိပေ၊အဓိပ္ပာယ်မှာ-ချမ်းသာ,ဆင်းရဲဟု ပညတ်သိမှုကို ဖယ်၍ 'ခံစားမှု'ဟု ပရမတ်သိမှုသာ အလုပ်ဖြစ်၍ ဉာဏ်ရောက်လေသည်၊ မြတ်စွာဘုရားသည် ထိုတခုခုသောခံစားမှုကိုတွေ့က ၎င်းတို့သည် ဖြစ်တတ်သောသဘော, ပျက်တတ်သောသဘောတို့ ဖြစ်၍ 'ဖြစ်,ပျက်'ဟု ရှုမှတ်ရမည်ကို ဟောတော်မူထားခြင်း ဖြစ်လေသည်။

(မိမိတို့ နားမလည်သော ဝေဒနာ ဝေဒနာဟု ပါဠိလို မမှတ်ဖို့ အရေးကြီးသည်။)

ခံစားမှုဟူသည် ပရမတ်

မြတ်စွာဘုရားသည် သတိပဋ္ဌာန်တရားလေးပါးကို ပရမတ်သဘောဉာဏ် ရောက်စေရန် အနည်းနည်း အဖုံဖုံ ဟောထားသည်၊ ပရမတ်သဘောသို့ တိုက်ရိုက်ဉာဏ် မသက်နိုင်သေးသော ယောဂီတို့အတွက် ပညတ်တွဲ၍ ဟောတော်မူပြီးမှ ဉာဏ်ရင့်

www.dhammaransi.com

လာ သော အချိန် တွင် တွဲလာသော ပညတ်ကိုခွာ၍ အမှန်ရှိ ပရမတ်ကို ဟောတော်မူလေသည်။

ယခုဝေဒနာနုပဿနာတွင် 'ဝေဒနာ' ဟူသော ခံစားမှုပရမတ်ကို ဟောလိုသည်။သို့ရာတွင် ပရမတ်နှင့် မရင်းနှီး,မနီးစပ်ကြသေးသည့်အတွက် သတ္တဝါတိုင်း ရင်းနှီး,နီးစပ်သော သိနေကျ'သုခ,ဒုက္ခ'ဟူသော ချမ်းသာ, ဆင်းရဲ ပညတ်တွဲပေးကာ 'သုခဝေဒနာ-ချမ်းသာခံစားမှု၊ ဒုက္ခဝေဒနာ-ဆင်းရဲခံစားမှု'ဟူ၍ ပညတ်နှင့်ပရမတ် တွဲဟောရလေသည်။ နောင် ဉာဏ် ရင့်လာသောအခါ ချမ်းသာ,ဆင်းရဲဆိုသည်ကား ပညတ်ဖြစ်၍ ဖယ်ထား ပြီးလျှင် ခံစားမှုဟူသော ပရမတ်ကိုသာ ၎င်း၏ သဘော တရား အတိုင်း ရှုသွားရလေသည်။ ထို့ကြောင့်....

ဝေဒနာဝ၊ အာရုံကို ခံစားတတ်သော သဘောတရားသည် သာလျှင် အတ္ထိ၊ တကယ်ရှိ၏။

သတ္တော၊ ခံစားတတ်သော သတ္တဝါသည်။ နအတ္ထိ၊ ရှိသည်မဟုတ်။

န ပုဂ္ဂလော၊ ခံစားတတ်သော ပုဂ္ဂိုလ်ရှိသည်မဟုတ်။

န ဣတ္ထိ၊ ခံစားတတ်သော မိန်းမရှိသည်မဟုတ်။

န ပုရိသော၊ ခံစားတတ်သော ယောကျ်ားရှိသည်မဟုတ်။

န အတ္တာ၊ ခံစားတတ်သော အမာခံရှိသည်မဟုတ်။

န အတ္တနိယံ၊ ခံစားတတ်သော ငါပိုင်ဥစ္စာရှိသည်မဟုတ်။

နာဟံ၊ ခံစားတတ်သော ငါရှိသည်မဟုတ်။

န မမ၊ ခံစားတတ်သော ငါ၏ဥစ္စာရှိသည်မဟုတ်။

န ကောစိ၊ ခံစားတတ်သော တစုံတယောက်ရှိသည်မဟုတ်။

န ကဿစိ၊ ခံစားတတ်သော တစုံတယောက်၏ဥစ္စာရှိသည်မဟုတ်။

ဣတိဝေ၊ဤသို့။ အဿ၊ထိုခံစားမှုကို ဖြစ်,ပျက်မြင်အောင် ရှုသော ယောဂီအား။ သတိ၊ အောက်မေ့ဂရုစိုက်မှုသည်။ပစ္စုပဋ္ဌိတာ၊အာရုံသို့ ရှေးရှုဉာဏ်ကပ်၍ တည်သည်။ ဟောတိ၊ ဖြစ်၏။

(သတိပဋ္ဌာန်အဋ္ဌကထာ ၃၆၆။ မူလပဏ္ဏာသဋ္ဌကထာ-၂၀၄)

www.dhammaransi.com

အဋ္ဌကထာဖော်ပြချက်ကိုကြည့်ပါ။ ဝိပဿနာဉာဏ်သည် ပညာပိုင်းရောက်လာလျှင် (သုခ, ဒုက္ခ) ချမ်းသာ, ဆင်းရဲမမှတ်ရတော့ပဲ လိုအပ်သော (ဝေဒနာ) ခံစားမှုပရမတ်ကိုသာရှုရလေသောကြောင့် 'ဝေဒနာနုပဿနာ' ဟု မြတ်စွာဘုရားဟောလေသည်။

ထိုခံစားမှုဟူသော ပရမတ်သည် ဖြစ်ချည်, ပျက်ချည် အတည်မမြဲပြောင်းလဲနိုပ်စက်တတ်သော သဘောကြောင့် ဆင်းရဲအမှန် (ဒုက္ခသစ္စာ) ဖြစ်လေသည်။

ထိုဒုက္ခသစ္စာ (ရုပ်, နာမ်) ရရန် ဆည်းပူးရှာဖွေ ပြုလုပ်ခဲ့ရသော လိုချင်, ရချင်မှု တဏှာသည် ဆင်းရဲဖြစ်ကြောင်းအမှန် (သမုဒယသစ္စာ) ဖြစ်လေသည်။

ထို ခံစားမှုဒုက္ခ၊ ရုပ်, နာမ်, ခန္ဓာ ရချင်လိုချင်၍ပြုလုပ်ခဲ့မှု သမုဒယ၊ ထင်း ၂-ခုတို့၏ ချုပ်ရာအမှန်(နိရောဓသစ္စာ) ဖြစ်လေသည်။

ထို ဒုက္ခ, သမုဒယ ၂-ခုတို့၏ ချုပ်ရာ ချုပ်ကြောင်း လမ်းကောင်းအမှန် ဝေဒနာနုပဿနာသတိပဋ္ဌာန်မဂ်သည် (မဂ္ဂသစ္စာ)ဖြစ်လေသည်-ဟု သစ္စာအမှန်ကိုသိတတ်သောဉာဏ်ဖြင့် ဝဋ်မှထွက်ရာ လမ်းမြတ်ဖြစ်ပေသည်။

ဤမျှဖြင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်၌ အဓိပ္ပာယ် ဖွင့်ဆိုချက်, စိစစ်ချက်တို့နှင့် မိမိဉာဏ် သက်ရောက်သမျှ ရေးသားဖော်ပြ၍ ပြီးချေပြီ။ ထိုဖော်ပြချက်တို့ကို ဉာဏ်သက်၍ လေ့လာကြကုန်သော ပညာရှင်တို့သည် အလုပ်သဘောနှင့်တွဲ၍ ရှုကြည့်ဝေဖန်နိုင်ကြပါစေ ကုန်သတည်း။

ဝေဒနာနုပဿနာပိုင်း ပြီး၏။

www.dhammaransi.com

(၃) စိတ္တာနုဿနာ သိမှုကိုရှုသော အခန်း

၁၈-ပါဠိတော်။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊ ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ၊ သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ၊ ဝီတဒေါသံ ဝါ စိတ္တံ ဝီတဒေါသံ စိတ္တန္တိ ပဇာနာတိ၊ သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ၊ ဝီတမောဟံ ဝါ စိတ္တံ ဝီတမောဟံ စိတ္တန္တိ ပဇာနာတိ။

သံခိတ္တံ ဝါ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ၊ ဝိက္ခိတ္တံ ဝါ စိတ္တံ ဝိက္ခိတ္တံ စိတ္တန္တိ ပဇာနာတိ၊ မဟဂ္ဂတံ ဝါ စိတ္တံ မဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ၊ အမဟဂ္ဂတံ ဝါ စိတ္တံ အမဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ၊ သဥတ္တရံ ဝါ စိတ္တံ သဥတ္တရံ စိတ္တန္တိ ပဇာနာတိ၊ အနုတ္တရံ ဝါ စိတ္တံ အနုတ္တရံ စိတ္တန္တိ ပဇာနာတိ။

သမာဟိတံ ဝါ စိတ္တံ သမာဟိတံ စိတ္တန္တိ ပဇာနာတိ၊ အသမာဟိတံ ဝါ စိတ္တံ အသမာဟိတံ စိတ္တန္တိ ပဇာနာတိ၊ ဝိမုတ္တံ ဝါ စိတ္တံ ဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ၊ အဝိမုတ္တံ ဝါ စိတ္တံ အဝိမုတ္တံ စိတ္တန္တိ ပဇာနာတိ။

ဣတိ အဇ္ဈတ္တံ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တ ဗဟိဒ္ဓါ ဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ သမုဒယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ။

အတ္ထိ စိတ္တန္တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ၊ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။

စိတ္တာနုပဿနာ နိဋ္ဌိတာ။

www.dhammaransi.com

၉၇-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဘိက္ခု၊ သံသရာကို ဘေးဟုမြင်တတ် ယောဂီမြတ်သည်။ စိတ္တေ၊ အာရုံကို သိမှု၌။ စိတ္တာနုပဿီ၊ အာရုံကိုသိမှု၌ အဖန်ဖန်ရှုလေ့ရှိသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ကထံဝိဟရတိပန၊ အဘယ်သို့ နေသနည်းဟူမူ....

(က) ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤ ငါဘုရား အဆုံးအမ၌။ ဘိက္ခု၊ သံသရာကိုဘေးဟုရှုတတ် ယောဂီမြတ်သည်။ သရာဂံဝါစိတ္တံ၊ တပ်မက်မှုနှင့်တကွ ဖြစ်သော သိမှုကိုလည်း။ သရာဂံစိတ္တန္တိ၊ တပ်မက်မှုနှင့် တကွ ဖြစ်သော သိမှုဟူ၍။ ပဇာနာတိ၊ သိ၏။

(ခ) ဝီတရာဂံဝါစိတ္တံ၊ တပ်မက်မှုကင်းသော သိမှုကိုလည်း။ ဝီတရာဂံစိတ္တန္တိ၊ တပ်မက်မှုကင်းသောသိမှုဟူ၍။ ပဇာနာတိ၊ သိ၏။

(ဂ) သဒေါသံဝါစိတ္တံ၊ ပြစ်မှားမှု ဖျက်ဆီးမှုနှင့် တကွဖြစ်သော သိမှုကိုလည်း။ သဒေါသံစိတ္တန္တိ၊ ပြစ်မှားမှု ဖျက်ဆီးမှုနှင့် တကွဖြစ်သော သိမှုဟူ၍။ ပဇာနာတိ၊ သိ၏။

(ဃ) ဝီတဒေါသံဝါစိတ္တံ၊ ပြစ်မှားမှု ဖျက်ဆီးမှုကင်းသော သိမှုကိုလည်း။ ဝီတဒေါသံစိတ္တန္တိ၊ ပြစ်မှားမှု ဖျက်ဆီးမှုကင်းသော သိမှုဟူ၍။ ပဇာနာတိ၊ သိ၏။

(င) သမောဟံဝါစိတ္တံ၊ တွေဝေမှုနှင့် တကွ ဖြစ်သော သိမှုကိုလည်း။ သမောဟံစိတ္တန္တိ၊ တွေဝေမှုနှင့်တကွဖြစ်သောသိမှုဟူ၍။ ပဇာနာတိ၊ သိ၏။

(စ) ဝီတမောဟံဝါစိတ္တံ၊ တွေဝေမှုကင်းသော သိမှုကိုလည်း။ ဝီတမောဟံစိတ္တန္တိ၊ တွေဝေမှုကင်းသော သိမှုဟူ၍။ ပဇာနာတိ၊ သိ၏။

(ဆ) သံခိတ္တံဝါစိတ္တံ၊ တွန့်တိုဆုတ်နစ်သော သိမှုကိုလည်း။ သံခိတ္တံစိတ္တန္တိ၊ တွန့်တိုဆုတ်နစ်သောသိမှုဟူ၍။ ပဇာနာတိ၊ သိ၏။

www.dhammaransi.com

(ဇ) ဝိက္ခိတ္တံဝါ စိတ္တံ၊ ပျံ့လွင့် ပြေးသွား သော သိမှု ကိုလည်း။ ဝိက္ခိတ္တံစိတ္တန္တိ၊ပျံ့လွင့်ပြေးသွားသောသိမှုဟူ၍။ပဇာနာတိ၊ သိ၏။

(ဈ) မဟဂ္ဂတံဝါ စိတ္တံ၊ရူပ,အရူပဈာန်နှင့်ပတ်သက်သော သိမှုကို လည်း။ မဟဂ္ဂတံစိတ္တန္တိ၊ ရူပ,အရူပဈာန်နှင့်ပတ်သက်သော သိမှုဟူ၍။ ပဇာနာတိ၊သိ၏။

(ည) အမဟဂ္ဂတံဝါ စိတ္တံ၊ရူပ,အရူပဈာန်နှင့်မပတ်သက်သောသိမှု ကိုလည်း။ အမဟဂ္ဂတံစိတ္တန္တိ၊ရူပ,အရူပဈာန်နှင့်မပတ်သက် သော သိမှုဟူ၍။ ပဇာနာတိ၊ သိ၏။

(ဋ) သဥတ္တရံဝါ စိတ္တံ၊ မိမိထက် လွန်မြတ်သော, တရားရှိသော သိမှုကိုလည်း။ သဥတ္တရံစိတ္တန္တိ၊ မိမိထက် လွန်မြတ်သော, တရားရှိသော သိမှုဟူ၍။ ပဇာနာတိ၊သိ၏။

(ဌ) အနုတ္တရံဝါ စိတ္တံ၊ လောကီဖြစ်သော,လွန်မြတ်သောသိမှုကို လည်း။ အနုတ္တရံစိတ္တန္တိ၊လောကီဖြစ်သော, လွန်မြတ်သော သိမှုဟူ၍။ ပဇာနာတိ၊သိ၏။

(ဍ) သမာဟိတံဝါ စိတ္တံ၊ ဥပစာရသမာဓိ,အပ္ပနာသမာဓိတို့ဖြင့် တည်ငြိမ်သောသိမှုကိုလည်း။ သမာဟိတံစိတ္တန္တိ၊ ဥပစာရ သမာဓိ,အပ္ပနာသမာဓိဖြင့် တည်ငြိမ်သောသိမှုဟူ၍။ ပဇာ နာတိ၊ သိ၏။

(ဎ) အသမာဟိတံဝါ စိတ္တံ၊ ဥပစာရ, အပ္ပနာ သမာဓိအားဖြင့် မတည်ငြိမ်သော သိမှုကိုလည်း။ အသမာဟိတံစိတ္တန္တိ၊ ဥပ စာရ,အပ္ပနာ သမာဓိအားဖြင့် မတည်ငြိမ်သော သိမှုဟူ၍။ ပဇာနာတိ၊ သိ၏။

(ဏ) ဝိမုတ္တံဝါ စိတ္တံ၊ တဒင် ဝိက္ခမ္ဘနအားဖြင့် ကိလေသာမှ ခေတ္တ လွတ်ဆဲသိမှုကိုလည်း။ဝိမုတ္တံစိတ္တန္တိ၊တဒင် ဝိက္ခမ္ဘနအားဖြင့် ကိလေသာမှ ခေတ္တလွတ်ဆဲ သိမှုဟူ၍။ ပဇာနာတိ၊သိ၏။

(တ) အဝိမုတ္တံဝါ စိတ္တံ၊ တဒင် ဝိက္ခမ္ဘနအားဖြင့် ကိလေသာမှ မလွတ်သော သိမှုကိုလည်း။ အဝိမုတ္တံစိတ္တန္တိ၊တဒင် ဝိက္ခမ္ဘန

www.dhammaransi.com

အားဖြင့် ကိလေသာမှမလွတ်သောသိမှုဟူ၍။ ပဇာနာတိ၊ သိ၏။

ဣတိ၊ဤသို့။ အဇ္ဈတ္တံဝါ၊ မိမိဟူသောအသွင်သဏ္ဌာန်၌မှုလည်း။ စိတ္တေ၊ သိမှု၌။စိတ္တာနုပဿီ၊အာရုံကိုသိမှုစသည်၌ အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။ ဗဟိဒ္ဓါဝါ၊ သူတပါးဟူသော အပြင်အပသဏ္ဌာန်၌မှု လည်း။ စိတ္တေ၊သိမှု၌။ စိတ္တာနုပဿီ၊ အာရုံကိုသိမှုစသည်၌ အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ မိမိဟူသော အတွင်းသဏ္ဌာန်, သူတပါး ဟူသော အပသဏ္ဌာန်၊ ဝါ-တရံတခါ မိမိ သဏ္ဌာန်, တရံတခါ သူတပါးသဏ္ဌာန်၌မှုလည်း။ စိတ္တေ၊သိမှု၌။ စိတ္တာ နုပဿီ၊ အာရုံကိုသိမှုစသည်၌ အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

စိတ္တသ္မိံ၊သိမှု၌။သမုဒယဓမ္မာနုပဿီဝါ၊ဖြစ်ကြောင်းသဘော,ဖြစ်ခြင်း သဘောကို အဖန်ဖန်ရှုလေ့ ရှိသည်ဖြစ်၍မှုလည်း။ ဝိဟရတိ၊ နေ၏။ စိတ္တသ္မိံ၊ သိမှု၌။ ဝယဓမ္မာနုပဿီဝါ၊ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုလေ့ ရှိ သည် ဖြစ်၍မှုလည်း။ ဝိဟရတိ၊ နေ၏။ စိတ္တသ္မိံ၊ သိမှု၌။ သမုဒယဝယဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်းသဘော, ပျက်ခြင်း သဘောကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍မှုလည်း။ ဝိဟရတိ၊ နေ၏။

စိတ္တသ္မိံ၊ အာရုံကိုသိခြင်းသဘောတရားသာလျှင်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုသိမှုကိုရှုသောယောဂီ၏။ သတိ၊ အမှတ်ရမှုသည်။ ဝါပန၊ တနည်းတဖုံအားဖြင့်လည်း၊ ပစ္စုပဋ္ဌိတာ၊ စိတ်၌ရှေးရှုထင်လာ မှုသည်။ဟောတိ၊ဖြစ်၏။ သာသတိ၊ ထို ထင်လာမှု အမှတ်သတိသည်။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ အာရုံကို သိမှု၏ တိုးပွားမှု အလို့ငှာသာတည်း။ ပဋိဿတိမတ္တာယ၊ သိမှုကိုတဖန်ထပ်၍ တိုးပွားစေမှု အလို့ငှာသာတည်း။

သောဘိက္ခု၊ ကြံသိမှုပျ သဘာဝ ဟု ကောင်းစွာ ရှုတတ် ယောဂီ မြတ်သည်။ အနိဿိတောစ၊ ကြံသိမှုကို ငါ-ငါ့ဥစ္စာဟု (ဒိဋ္ဌိတဏှာ) ထိုနှစ်ဖြာဖြင့် မမှီမှု၍လည်း။ ဝိဟရတိ၊သဘာဝအတိုင်းလွတ်ကာနေ၏။ လောကေ၊ အစွဲအလမ်း၏အာရုံဖြစ်သော သင်္ခါရမှု အပျက်စု၌။ ကိဉ္စိ၊

www.dhammaransi.com

တစုံတခုသောခန္ဓာ (အစုအပုံ)ကိုမျှ။ နုစဉပါဒိယတိ၊ ငါ-ငါ့ဥစ္စာ ဟူသော(ဒိဋ္ဌိတဏှာ)ထိုနှစ်ဖြာဖြင့် ဖွေရှာမြဲမှန်း မစွဲလမ်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝမ္ပိ၊ ဤသို့လည်း။ ဘိက္ခု၊ ဤခန္ဓာကို ဘေးဟု မြင်တတ်ယောဂီမြတ်သည်။ စိတ္တသ္မိံ၊ အာရုံကိုသိသောသဘော၌။ စိတ္တာနုပဿီ၊ အာရုံကိုသိမှုစသည်၌ အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

၁၈-အဓိပ္ပာယ်ရှင်းချက် ဤစိတ္တာနုပဿနာသတိပဋ္ဌာန်တွင် ပါဠိတော်၏ အဖွင့်အဋ္ဌကထာပြရာ၌ လုပ်ငန်းလုပ်ကွက်အနေအားဖြင့် သတိပဋ္ဌာန်အဋ္ဌကထာသည်ရင်း, မူလပဏ္ဏာသဋ္ဌကထာသည်ရင်း မည်သို့မျှ ဖော်ပြခြင်းမရှိပဲ "သရာဂန္တိ အဋ္ဌဝိဓံ လောဘသဟဂတံ" (ရာဂဟူသော တပ်မက်မှုနှင့်တကွဖြစ်သော စိတ်,ဆိုသည်မှာ ရှစ်ပါး အပြားရှိသော လောဘသဟဂုတ်စိတ်တည်း) စသော သရုပ်ခွဲပုံကိုသာ ဖော်ပြလေသည်၊ အလုပ်မျက်စိနှင့်ကြည့်၍ မရချေ၊ ဋီကာတွင်လည်း ၎င်းအတိုင်းပင် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် အလုပ်ကို အလုပ်အနေသာသိဖို့ လိုသည်၊ မြတ်စွာဘုရားသည်အလုပ်သတိပဋ္ဌာန်ကိုဟောတော်မူရာ၌ သဘောပရမတ်ရောက်မှုသာ ရည်ရွယ်၍ ဟောတော်မူသည်၊ အဘိဓမ္မာ, ဓမ္မသင်္ဂဏီ, ဝိဘင်း စသော ပါဠိတော်တို့တွင်ကား သိစရာအနေနှင့်ဟောတော်မူရကား သရုပ်သကန်ကို ဉာဏ်တော် ကျယ်ဝန်းသလောက် ဟောတော်မူသည်ကို အလုပ်နေရာတွင် ဝင်သုံးနေက ခရီးမတွင့်ရုံတွင်မက အချို့ယောဂီတို့မှာ သရုပ်မကွဲပဲ တရားရှုလို့မရ' ဟုပင် အစွဲမှားကြလေသည်၊ သို့အတွက် အလုပ်သဘောကိုသာ အားထုတ်သူတို့ လေ့လာအပ်ပေသည်။

ဝိပဿနာလုပ်ငန်းဆိုသည်မှာ - ရုပ်,နာမ်တို့၏ ပင်ကိုသဘာဝကို ၎င်းတို့၏ လက္ခဏာအခြေအနေကို ပင်ရင်းအတိုင်း, သူ့ သဘာဝအတိုင်း သိရှိရန် လေ့လာ အကဲခပ်သော အလုပ်ဖြစ်ပေရာ ဖောက်ပြန်မှုကို ဖောက်ပြန်မှုအတိုင်း(ကာယာနုပဿနာ)အကဲခပ်ရခြင်း,ခံစားမှုကိုခံစားမှုအတိုင်း (ဝေဒနာနုပဿနာ) အကဲခပ်ရခြင်း စသောအားဖြင့် ယခုသိမှုကိုလည်း သိမှု၏ပင်ရင်းသဘောအတိုင်း (စိတ္တာနုပဿနာ ဖြင့် အကဲခပ်ရမည်ဖြစ်ရာ ရှေးဦးစွာ 'စိတ်' ဟူသောတလုံးကို သိထားရန် လိုပေသည်။

www.dhammaransi.com

'စိတ်' လောကနယ်တွင် ပြောနေကြသော 'စိတ်'ဆိုသည့်စကားလုံးသည် အဘယ်ကို ခေါ်သနည်း၊ မြန်မာ့ ဝေါဟာရလော၊ မဟုတ်ပေ၊ သို့ဖြင့် မည်သည့်စကား မည်သည့် ဝေါဟာရနည်း၊ မည်သည့်ဝေါဟာရမှ မဟုတ်သော'ပါဠိပျက်'ဝေါဟာရဖြစ်သည်၊ 'ယင်းစိတ်ဟူသောဝေါဟာရ သည် မြန်မာစကား, မြန်မာဝေါဟာရ မဟုတ်စေကာမူ မြန်မာ နားလည် လျှင်ပြီးတာပဲ'ဟုအချို့ဆိုကြသည်၊ လောကပညတ်နယ်တွင် ပါဠိသုံးစကား လုံးဖြစ်စေ, သက္ကတသုံးစကားလုံးဖြစ်စေ, ကုလားသုံး စကားလုံး ဖြစ်စေ, နိုင်ငံခြားသုံးစကားလုံးဖြစ်စေ၊သုံးသူနားလည်လျှင်ပြီးသည်၊မှန်၏။ ကျွန်ုပ် တို့ယခုစဉ်က သဂြိုဟ်သင်ခဲ့၏၊ အစပိုင်းတွင် 'စိတ္တံ-စိတ်ရင်း၊ စေတသိကံ စေတသိက်ရင်း၊ရူပံရုပ်ရင်း၊နိဗ္ဗာနံ-နိဗ္ဗာန်ရင်း' ရင်းတို့ကားပါဠိပျက်အနက် တို့ဖြစ်၍ မြန်မာအနက်မှန် မဟုတ်ခဲ့ပေ၊ သို့ရာတွင် စိတ္တံ - စိတ်ရင်းနှင့်ပင် ကျွန်ုပ်တို့စာမေးပွဲ အောင်ခဲ့ကြသည်၊ အောင်လျက်ပင် ရှိကြသည်၊ နောင် လည်း အောင်ကြလိမ့်ဦးမည်၊ အနက်မှန်ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ် စေ ပညတ်နယ်ကား ဝိုင်းဝန်းသတ်မှတ် သမုတ်ကြလျှင် အမှန်ဟူ၍လက်ခံ ကြသည်။

ယခု ကျွန်ုပ်တို့ စိစစ်နေသောနယ်ပယ်သည် ပညတ်နယ် မဟုတ်၍ သမုတ်ရုံနှင့် သတ်မှတ်ရုံနှင့်မရချေ၊ ပရမတ်နယ် သဘာဝနယ် ဖြစ်သည်ကို မမေ့အပ်ပေ၊ သဘာဝဟူသည် အမည်ပညတ်မဟုတ်၊ ရင်း၏အရည်အချင်း ပင်ကိုမူပင် ဖြစ်သည်။

'စိတ္တံ-စိတ်ရင်း'ဟူသည်မှာ-စိတ္တဟူသော ပါဠိစကားလုံးကို မြန်မာ စကားလုံးအဖြစ် အမည်ပညတ် သမုတ်အပ်သော(ပြီးစလွယ်)အနက်ဖြစ်၍ အရည်အချင်းသဘာဝ မဟုတ်ပေ၊ ထို သဘာဝအရည်အချင်းသို့ မဆိုက် မထိ မသိသောအနက်မျိုးဖြင့် ဝိပဿနာရှု၍ ရမည်မဟုတ်ပေ။

ဝိပဿနာအလုပ်သည် ပရမတ္ထ သဘာဝတရားတို့ကို သဘာဝသိရုံ လုပ်ရသောအလုပ်ဖြစ်၍ အမည်သိအောင် ပညတ်တပ်ရသောအလုပ်မဟုတ် ချေ၊ မြတ်စွာဘုရား ဟောတော်မူအပ်သော ပါဠိတော်(မာဂဓ)ကို မိမိတို့ နားလည်သဘောပေါက်သော ဘာသာစကားနှင့် နားလည်ရမည် ဟူ၍ ဥဒါန်းအဋ္ဌကထာ, ဍူတိဝုတ်အဋ္ဌကထာတို့တွင် ဖော်ပြထားပြီးဖြစ်၍ မိမိတို့ ဘာသာအတိုင်းသာ သိဖို့လိုပေသည်။

www.dhammaransi.com

စိတ္တံ-ဟူသောပါဠိကို ပြီးစလွယ်'စိတ်'ဟု အနက်ပြန်ရမည့်အစား....

စိန္တေတီတိ စိတ္တံ၊ အာရမ္မဏံ ဝိဇာနာတီတိ အတ္ထော။

(ဋီကာကျော် ၆၁)

ယောဓမ္မသဘာဝေါ၊ အကြင်သဘောတရားသည်။ စိန္တေတိ၊ ကြံတတ် သိတတ်၏။ဣတိ၊ထို့ကြောင့်။ သော်ဓမ္မသဘာဝေါ၊ ထိုသဘောတရား သည်။ စိတ္တံ၊ စိတ်မည်၏။ အာရမ္မဏံ၊ သိစရာအာရုံကို။ ဝိဇာနာတိ၊ သိတတ်၏။ ဣတိအယံ၊ ဤ သိတတ်သော သဘော ဟူသည်ကား။ အတ္ထော၊ စိတ္တံဟူသောပါဠိပုဒ်၏ သိအပ်သောအနက်တည်း။

စိတ္တံ ဟူသော ပါဠိ၏အနက်သည် အာရုံကိုသိတတ်သော သဘော တရားဖြစ်သည်ဟု အနက်ဖွင့်ထားကြသည်ကား အထင်အရှားပင် ရှိသော် လည်း ကျွန်ုပ်တို့ကား'စိတ်'ဆိုမှ မှန်သည်ထင်သည်၊အဓိပ္ပာယ်ကား စိတ်ဟု ပြောကြသောသူ ရာခိုင်နှုန်း ကိုး ဆယ် က စိတ်၏ မြန်မာဘာသာပြန်ကို သိသောသူတို့ မဟုတ်ပေ၊ တရားအားထုတ်ရာတွင် ပင်ရင်း သဘာဝမှန်ကို သိမှသာ အလုပ်ဖြစ်မည်ကြောင့်—

'စိတ္တံ-သိသဘော'

အဓိပ္ပာယ်မှာ 'သိစရာအာရုံကို သိတတ်သော သဘော' သာလျှင် ဖြစ်ပေသည်။

ဖောက်ပြန်မှုသဘော၌ ကိလေသာမဝင်အောင်စောင့်ရှောက်ထိန်း သိမ်း အကဲခပ်နေရသည်ကို ကာယာနုပဿနာသတိပဋ္ဌာန် ခေါ်ရသကဲ့သို့ ခံစားမှုသဘော၌ ကိလေသာမဖြစ်အောင် စောင့်ရှောက် ထိန်းသိမ်း အကဲ ခပ်နေရသည့်နည်းတူ အာရုံကို သိတတ်သောသဘော၌ ကိလေသာ မဖြစ် အောင် စောင့်ရှောက်ထိန်းသိမ်းအကဲခပ်ရမည့် စိတ္တာနုပဿနာ ရှုပုံကား....

စိတ္တာနုပဿနာ စိတ္တာနုပဿနာ-ဟူသည် အာရုံဟူသော သိစရာ တခုခု တိုက်ဆုံ၍ သိတတ်သောသဘော ဖြစ်ပေါ်လာလျှင် ထို ဖြစ်ပေါ်လာသော 'သိသဘော'ကို ၎င်း၏လက္ခဏာအတိုင်း သိနေရုံ သိနေပါ၊ မိမိသဘောအခြ မည်သို့မျှ ပြုပြင်မပေးရ၊ သဘာဝတရားဟူသည် ပြုပြင်ရကောင်းသောတရား မဟုတ်ချေ၊ အကုသိုလ်စိတ်ဖြစ်စေ၊ကိလေသာ စိတ်ဖြစ်စေ၊မည်သို့ဖြစ်စေကာမူ(အကုသိုလ်စိတ်ပဲ)မကောင်းကိုသိနေတယ်၊ (ကိလေသာစိတ်ပဲ)ပူလောင်စရာ, ညစ်နွမ်းစရာကို သိနေတယ်ဟု သိလိုက် ပါက ရှေ့သို့ဆက်၍မဖြစ်တော့ပေ၊ သို့ကြောင့် မြတ်စွာဘုရားက....

www.dhammaransi.com

'ရာဂစိတ် 'တပ်မက် ငြိကပ်' ဖြစ်နေလျှင် တပ်မက်မှု, ကပ်ငြိမှုကို သိနေပါ' ဒေါသဟူသော ပြစ်မှားဖျက်ဆီးမှုဖြစ်နေလျှင် ပြစ်မှားမှု, ဖျက်ဆီးမှုဟု သိနေပါ။

ဤသို့ စသောအားဖြင့် တဆယ့်ခြောက်ပါးခွဲခြားဟောလေသည်၊ မည်သို့ဆိုစေ ကိုယ့်အသိ ကိုယ်အကဲခပ်သောသူသည် ကိုယ့်ဟာ ကိုယ်သိသည်၊ မိမိ(စိတ်)အသိဖြစ်သည်ကို ထိုသိသည့်အတိုင်းသာ ရှုရမှတ်ရသည်၊ ထို့ကြောင့်....

ယသ္မိံ ယသ္မိံ ခဏေ ယံ ယံ စိတ္တံ ပဝတ္တတိ၊ တံတံ သလ္လက္ခေန္တော စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။

(သတိပဋ္ဌာန်အဋ္ဌကထာ-၃၆၇။မူလပဏ္ဏာသဋ္ဌကထာ-၂၀၅)

ယသ္မိံယသ္မိံခဏေ၊ အကြင်အကြင်ခဏ၌။ ယံယံစိတ္တံ၊ အကြင်အကြင် သိမှုသည်။ ပဝတ္တတိ၊ ဖြစ်၏။ တံတံစိတ္တံ၊ ထို ထို သိမှု သဘောကို။ သလ္လက္ခေန္တော၊မှတ်သော။ဘိက္ခု၊ယောဂီသည်။ စိတ္တေ၊သိမှုသဘော၌။ စိတ္တာနုပဿီ၊သိမှုသဘောကို အဖန်ဖန်ရှုလေ့ ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

သိတတ်သောသဘောသည် သိအပ်သော သိစရာအာရုံ ဖြစ်ပေါ်တိုင်း သိနေရမည်ဟု ဆိုလိုသည်။

ယင်းသိစရာအာရုံသည်'ရာဂဖြစ်စေ, ဒေါသဖြစ်စေ,မောဟဖြစ်စေ' အကုသိုလ်ကိလေသာ မည်သည့်အာရုံပေါ်ပေါ် သိစရာဖြစ်သောထိုအာရုံပေါ်သို့သာ အသိဉာဏ်ကို ကပ်ထားဖို့လိုသည်၊ ရာဂ-ဒေါသ-မောဟဖြစ်၍ မသိပဲနေက ထိုကိလေသာတို့ကို လက်ခံလိုက်သလိုဖြစ်၍ သိနေက ထိုအာရုံကို အသိတို့ဆက်လက်၍ ကိလေသာ မဖြစ်နိုင်တော့ပေ။

စိတ်ကို-စိတ်အတိုင်း ထား၍မရ

အချို့သော တက္ကိသမားတို့က 'စိတ်ဟူသည် သိစရာအာရုံနှင့်မတွဲက ရာဂ-ဒေါသ-မောဟတို့ ဖြစ်စရာမရှိပေ၊သို့အတွက် နဂိုစင်ကြယ်ပြီးသား စိတ်ကို သား, မယား, ပစ္စည်းဥစ္စာ စသော ကိလေသာအာရုံတို့နှင့် မတွဲစေပဲ 'စိတ်ကို စိတ်အတိုင်းထားက ကိလေသာအာရုံ ဖြစ်စရာမရှိ၍ ကိလေသာ ငြိမ်းနေသည်၊ နိဗ္ဗာန်ရသည်'ဟု ကျယ်ကျယ်ပြန့်ပြန့် ဟောပြောရေးသားနေကြရာ မိမိတို့၏ အသိ(စိတ်)နှင့် သိစရာ(အာရုံ)တို့ မတွေ့စေရ၊ 'စိတ်ကို စိတ်အတိုင်း

www.dhammaransi.com

ထားရမည်’ဟု ဆိုပေရာ၊ မြတ်စွာဘုရား၏ ဤစိတ္တာနုပဿနာ သတိပဋ္ဌာန် ဟောတော်မူချက်တွင်....

သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ။

တပ်မက်မှုနှင့်တကွဖြစ်သော သိမှုကိုလည်း တပ်မက်မှုနှင့်တကွဖြစ်သော သိမှုဟူ၍ သိ၏။

အကုသိုလ်ကိလေသာဖြစ်လျှင် အကုသိုလ်ကိလေသာဟု သိလိုက်ပါ၊ သိနေပါ-ဟု ဟောတော်မူသည်၊ အာရုံဝတ္ထု တိုက်ဆိုမှုဖြစ်လာလျှင် မရှောင်ရ၊ ဖြစ်ပေါ်သောအာရုံကိုသာ သိနေရမည်ဟု ဟောသည်၊ ထိုဆရာတို့ကား အာရုံမပါရ စိတ်အတိုင်းသာ ထားရမည်ဟု ဆိုရာ မြတ်စွာဘုရား နှင့် ဆန့်ကျင်နေသည်။

သိတတ်သော သဘောတရား (စိတ်)ကို သိအောင် မလုပ် မပွား များက အမှန်အကန်သိအောင် အားမထုတ်က အသိ(စိတ်)ကို ပွားများမှု မရှိသော ပုထုဇ္ဇန်ဟု ငါဆို၏ဟူ၍....

တံ အဿုတဝါ ပုထုဇ္ဇနော ယထာဘူတံ နပ္ပဇာနာတိ၊ တသ္မာ အဿုတဝတော ပုထုဇ္ဇနဿ စိတ္တဘာဝနာ နတ္ထီတိ ဝဒါမိ။

(ကေဂုတ္တရပါဠိတော်-၉)

အရိယာတို့၏ ပရမတ်တရား သစ္စာတရားတို့၌ အကြားအမြင် မရှိသော ပုထုဇ္ဇန်သည် ထိုအရိယာတို့၏တရားကို ဟုတ်မှန်သောအတိုင်း ပရမတ် ဟူ၍ မသိချေ၊ ထို့ကြောင့် ‘အရိယာဖြစ်စေ တတ်သော တရားတို့၌ အကြားအမြင်မရှိသော ပုထုဇ္ဇန်အား (စိတ်)အသိကို ရှုမှတ်ပွားများ ခြင်း မရှိသောသူ’ဟူ၍ ငါဆို၏။

ဟု ဟောတော်မူသည်။

၎င်း၏ပြန်ဖက်ဖြစ်သော ‘ပရမတ်တရား သစ္စာတရားတို့၌ အကြား အမြင်ရှိသော အရိယာသာဝကအား ‘ရုပ်, နာမ်’ ဟူသော ပရမတ်ကို သစ္စာကို ဟုတ်မှန်သောအတိုင်း သိအောင် အားထုတ် ပွားများသော အားဖြင့်သိ၏၊ ထို့ကြောင့် အကြားအမြင်ရှိသော အရိယာသာဝကအား အသိ(စိတ်)ကို ပွားများခြင်း (စိတ္တဘာဝနာ) ရှိသောသူ’ဟု ငါဆို၏ ဟု တဆက်တည်း ဟောတော်မူသည်။

www.dhammaransi.com

ရုပ်,နာမ်ပရမတ်ဟူ၍ရှိရာတွင် ဤနေရာ၌ 'နာမ်ပရမတ်' ဟူသော အသိ(စိတ်)ကို သဘာဝဖြစ်ရပ်အတိုင်း အာရုံဝတ္ထု တိုက်ဆိုမှုတွင် သတိမပြတ် ပြုလုပ်အပ်သော သတိပဋ္ဌာန်လုပ်ငန်းအတိုင်း အသိဖြစ်ရာ ဖြစ်ရာကိုသာ တရားသဖြင့် သိမ်းဆည်းခြင်း,ရှုခြင်း,မှတ်ခြင်း,အကဲခပ် လေ့လာနေခြင်း(စိတ္တာဘာဝနာ)ဖြင့် ကိလေသာမဝင်နိုင်အောင် တားဆီးနိုင်မည်ဖြစ်ရာ အာရုံဝတ္ထုတို့ တိုက်ဆိုမှုမပေးပဲ သက်ရှိလောကတွင် နေ၍ရမည်မဟုတ်ပေ၊ဘုရား, ရဟန္တာတို့သော်မှလည်း အာရုံဝတ္ထုတိုက်ဆိုမှု ဖြစ်သည်သာ၊သို့ဖြစ်စေကာ ဣဋ္ဌာရုံတွေ့သော်လည်း ...

နေဝသုမနော၊ ဝမ်းမြောက်မှု ကိလေသာ မဖြစ်၊ အနိဋ္ဌာရုံ တွေ့သော်လည်း။ 'နဒုမ္မနော၊ နှလုံးမသာယာမှု မဖြစ်, ကောင်းမကောင်း အာရုံမည်သို့ကြုံကြုံ။ ဥပေက္ခကော ဝိဟရတိ၊ အာရုံ ဖြစ်,ပျက်သိ၍ သိရုံသာသိသည်၊ ကိလေသာဖြစ်လောက်အောင် လွန်၍မသွားချေ၊ ကိလေသာမဖြစ်အောင် ထိန်းသိမ်းမှု သိမ်းဆည်းမှု (စိတ္တာဘာဝနာ) လေ့ကျင့်ပြီးဖြစ်လေသည်။

ထို့ကြောင့် သဘာဝအတိုင်း မြင်မှု,ကြားမှု,နံမှုစသော ပရမတ်သဘောတို့ကို ၎င်းတို့၏ သဘာဝ လမ်းကြောင်းသို့ သွားနေပုံ ကိုသာ သိအောင် ပြုရသော, လေ့လာရသော, အကဲခပ်ရသော ဤသည့် သတိပဋ္ဌာန်လုပ်ငန်း ကျနစေရန်....

စိတ္တဘာဝနာ အတ္ထိတိ စိတ္တဋ္ဌိတိ စိတ္တပရိဂ္ဂဟော အတ္ထိ။

(ဓောဂ်တ္တရဋ္ဌကထာ ၄၀)

အသိ(စိတ်)ကိုပွားများမှုရှိသည်ဆိုရာ၌ အသိ(စိတ်) တည်ငြိမ်မှု, အသိ(စိတ်)ကိုထိန်းချုပ်သိမ်းဆည်းမှု ရှိသည်၊ လေ့ကျင့်မှုရှိသည်၊ ပွားများမှုရှိသည်-ဟု ဆို၏။

ရာဂဖြစ်သည်ကို ရှု၍ ရဟန္တာဖြစ်ခြင်း

ပါဠိတော်တွင် 'တပ်မက်မှုဖြစ်က တပ်မက်မှုကိုသိနေသည်'ဟု အဖွင့်ပြ ရှုရမည်ဟု ဟောလေသည်၊ တပ်မက်မှု(ရာဂ)ဟူသည် အာရုံနှင့်အသိတို့ပေါင်း၍ ပေါ်လာ,ဖြစ်လာသည်ကို နှလုံးသွင်းမှားသောကြောင့် တပ်မက်မှု,နှစ်သက်မှု,လိုချင်မှုစသည်ဖြစ်၏၊မသာယာမပျော်လက်မခံထိုက်သော ထိုကိလေသာ၏ ဖြစ်မှုကို မိမိသည် သတိချပ်ကျော်တက်သော ပုထုဇ္ဇန်တို့၏ ထုံးစံလေ့အတိုင်း ပညတ်အာရုံကို နှစ်သက်ဖွယ်ဟု ထင်မှတ်မှားမှုဖြစ်၏၊ ထိုအခါ

www.dhammaransi.com

သတိဖြင့် သိမ်းဆည်းလျက် 'ဤတပ်မက်မှုဟူသည် ပညတ်အာရုံကို နှလုံးသွင်းယူမှားမှုကြောင့် ဖြစ်၏၊ထိုအသိစိတ်သည် ကိလေသာဖြစ်၍ ကြမ်းထမ်း၏၊ဂင်းသည် ပရမတ်တရား ဖြစ်၏၊ဖြစ်တတ်,ပျက်တတ်သော သဘောရှိ၏-ဟုသတိကပ်၍အသ်(စိတ်)ကို ပြင်လိုက်ခြင်းသည်ရှေ့သို့ဆက်၍ ကိလေသာဖြစ်ခွင့်မရသော စိတ္တာဘာဝနာ,စိတ္တာနုပဿနာ ဖြစ်၏။

စိတ္တလတောင်၌ သီတင်းသုံးနေသော ဝါတော် ၆၀-ရမထေရ်ကြီး တပါး ရှိလေသည်၊ ထိုမထေရ်ကြီးအထံသို့ ဝါဌဂ်ရတောင်၌ သီတင်းသုံးနေထိုင်သော ဓမ္မဒိန္နရဟန္တာ မထေရ်တပါးသည် ကြွရောက်တော်မူလာ၍ ရှိခိုးနှုတ်ဆက်ကာ ရသိတော်မူအပ်သော လောကုတ္တရာ မဂ်,ဖိုလ်တရားကို မေးလျှောက်တော်မူသောအခါ....

မထေရ်ကြီးက....

'ငါ့ရှင် ဓမ္မဒိန္န-ငါရဟန်းကိစ္စ ပြီးခဲ့သည်မှာ နှစ်ပေါင်း ၆၀-ပင် ကျော်ခဲ့ပြီ'ဟု ဆိုသောအခါ....

ဓမ္မဒိန္နမထေရ်က....

'အရှင်ဘုရား-တန်ခိုး ဖန်ဆင်း နိုင်သော အဘိညာဏ် များလည်း ရပါသလားဘုရား'ဟု လျှောက်လေလျှင်

မထေရ်ကြီးက....

'ငါ့အား တန်ခိုးဖန်ဆင်းခြင်းသည် ခဲယဉ်းသော ကိစ္စမဟုတ်ပါ' ဟု ဆိုလေလျှင်

ဓမ္မဒိန္နမထေရ်က....

'ဤသို့ဖြစ်လျှင် အရှင်ဘုရားသည် တင့်တယ်သောပဒုမ္မာကြာကန်ကြီး တခု၌ လှပသော အမျိုးသမီးတယောက် သာယာသောအသံဖြင့် သီချင်းဆိုနေသည်ကို တစိန်းစိန်း အဖန်တလဲလဲ ကြည့်ရှုတော်မူပါ'ဟု လျှောက်သောအခါ....

မထေရ်ကြီးလည်း ဣဒ္ဓိဝိဓအဘိညာဏ်ဖြင့် ချက်ချင်း ဖန်ဆင်းပြီးလျှင် တစိန်းစိန်းရှုကြည့်တော်မူသောအခါ....

ထေရဿ၊ မထေရ်ကြီးအား။ သဋ္ဌိဝဿာနိ၊ နှစ်ပေါင်း ၆၀-တို့ကာလ ပတ်လုံး။ဝိက္ခမ္ဘိတကိလေသာ၊ချွန်ဖြင့်ပယ်ခွာထားခဲ့သော ကိလေသာ တို့သည်။စလိံသု၊လှုပ်ရှားထကြွလာကြကုန်၏။

www.dhammaransi.com

မထေရ်ကြီးသည် စျာန်အဘိညာဏ်ဖြင့်မထကြွပဲ ငြိမ်ဝပ်နေခဲ့သော ကိလေသာတို့သည် ဆန့်ကျင်ဖက် ဝိသဘာဂ အာရုံနှင့် တွေ့သောအခါ ခဏချင်းဖြင့် ထကြွလာသော အခါမှ 'ငါ-ကိလေသာ မကုန်သေးပါ တကား'ဟု သိလျက် ဓမ္မဒိန္နမထေရ်၏ ခြေရင်း၌ထိုင်လျက်....

ပတိဋ္ဌာ မေ ဟောတိ အာဝုသော။

'ငါ့ရှင် ဓမ္မဒိန္န-သင်သည် ငါ၏မှီခိုအားထားရာ ဖြစ်ပါလော့'ဟု တောင်းပန်တော်မူသောအခါ....

ဓမ္မဒိန္နမထေရ်က....

မာ ဘန္တေ သောစိ၊ မာ အနုတ္တမနော အဟောသိ၊ ကာရကာနံ ယေဝ အဓိမာနော ဥပ္ပဇ္ဇတိ။

'အရှင်ဘုရား-မစိုးရိမ်ပါနှင့်၊နှလုံးမသာမယာ မဖြစ်ပါနှင့်၊တရားလက်ရှိ အားထုတ်နေသော ပုဂ္ဂိုလ်များသာ အဓိမာန-ဖြစ်တတ် ပါသည်၊ ထို မကုန်သေး ကိလေသာအာရုံတို့ကိုသာ ဆက်၍အားထုတ်တော်မူပါ'။

ဟုလျှောက်၍ 'အမျိုးသမီးတည်းဟူသော ပညတ်အာရုံအပေါ်တွင် မိန်းမဟူသော အမှားနှလုံးသွင်းမှုကြောင့် တပ်မက်မှုရာဂဖြစ်လာသည်ဟု သိသောအရှင်ဘုရားအား ထိုရာဂ၏ သမုဒယဟူသော ဖြစ်ကြောင်းတရား, ဝယဟူသော ပျက်ကြောင်းတရားတို့ ဟူ၍....

စိတ္တော၊ထိုရာဂ၏ဖြစ်မှု,ပျက်မှု၌။ စိတ္တာနုပဿီ၊ တပ်မက်မှု အသိစိတ်ကို အဖန်ဖန်ရှုလျက်။ဝိဟရာဟိ၊နေပါလော့'

ဟု ညွှန်ပြသည့်အတိုင်း ရှုလေရာတွင် ရဟန္တာဖြစ်တော်မူကြောင်း မူလပဏ္ဏာသဋ္ဌကထာ ၁၇၇-တွင်ပြဆိုထားသည်။

သတိပြုရန် ဤ စိတ္တာနုပဿနာ ရှုရာတွင် ဝေဒနာနုပဿနာ၌ကဲ့သို့(သုခ, ဒုက္ခ) ချမ်းသာ,ဆင်းရဲဟု သိနေခိုက်တွင် သတိပဋ္ဌာန်သာ ဖြစ်၍ ခံစားမှု(ဝေဒနာ)တို့၏ ဖြစ်,ပျက်ကို မြင်အောင်ရှုသောအခါတွင်မှ 'သတိပဋ္ဌာန် ဘာဝနာ ပညာဘာဝနာ' ဖြစ်သည့် နည်းတူ (ရာဂစိတ်) တပ်မက်မှုဟု သိသောအသိ ဖြစ်ခိုက်တွင် သတိပဋ္ဌာန်ဖြစ်၍ ထိုသိမှု(စိတ်) တို့၏ ဖြစ်,ပျက်ကို မြင်အောင် ရှုဉာဏ်ဖြစ်သောအခါတွင်မှ 'သတိပဋ္ဌာန် ဘာဝနာ-ပညာဘာဝနာ' ဖြစ်လေသည်၊ မဟာနိဒ္ဒေသပါဠိတော်တွင်....

www.dhammaransi.com

စိတ္တေ စိတ္တာနုပဿနာသတိပဋ္ဌာနံ ဘာဝေန္တော သတော။

ဟု မိန့်ဆိုတော်မူထားသောအတိုင်း 'ရာဂစိတ်ပဲ, ဒေါသစိတ်ပဲ, မောဟစိတ်ပဲ' သိနေကာမျှနှင့် စိတ္တာနုပဿနာ ဘာဝနာမဖြစ်သေးပဲမည်သည့်အသိ(စိတ်)ဖြစ်ဖြစ်၊ဖြစ်ပြီးပျက်သွားသောသဘောကိုဉာဏ်နှင့်,ပညာနှင့်သိမြင်ပါမှ စိတ္တာနုပဿနာ ဘာဝနာဖြစ်နိုင်လေသည်။ အလုပ်သဘောတွင်'စိတ်ကျရာကိုမှတ်'ဟုပေးသည်။စိတ်ဟူသောအသိသည်မွေ့ရာရှိဟူသောသိစရာတခုခုပေါ်ကျသည်နှင့် (မနောဝိညာဏ)ကြံသိတခု ဖြစ်လာသည်။ ၎င်း (မနောဝိညာဏ်)ကြံသိသည် အာရုံဝတ္ထုတိုက်ဆုံမှုကြောင့် 'တိမ်တိုက်နှစ်ခုတို့တိုက်မှုကြောင့် လျှပ်စီးလက်မှု ဖြစ်လာသကဲ့သို့' အထူး သိမှုတခုဖြစ်လာသည်။ ထိုသိမှုဖြစ်ခိုက်တွင် ပရမတ်, ရုပ်, နာမ်စုံတို့သာ ဖြစ်လျက်၎င်းတို့ကို ပညတ်အသိဝင်၍ နူးညံ့ သွင်းမှား သော အခါ နှစ်သက်ဖွယ်, တပ်မက်ဖွယ်ဟုထင်သောအခါ(ရာဂစိတ်)တပ်မက်သိဖြစ်၍မနှစ်သက်ဖွယ်, မသာယာဖွယ်ဟု ထင်သောအခါ (ဒေါသစိတ်)ပြစ်မှားသိ ဖြစ်လေသည်။ နှစ်သက်ဖွယ်,မနှစ်သက်ဖွယ်ဟု အာရုံမပြု တွေဝေသောအခါ(မောဟစိတ်) တွေဝေသိ ဖြစ်လေသည်။

ထို ပညတ်အာရုံကြောင့် ဖြစ်ပေါ်လာသော ကိလေသာစိတ်တို့ကို ဆက်လက်ဖြစ်ခွင့်မပေးပဲ ဖြစ်သောနေရာတွင်ရပ်ဆိုင်းချုပ်ငြိမ်းသွားစေရန် အတွက်....

> ဝိညာတေ ဝိညာတမတ္တန္တိ ဧတ္ထ ပန ဝိညာတံနာမ မနောဒွါရာဝဇ္ဇနေန ဝိညာတာရမ္မဏံ၊ တသ္မိံ ဝိညာတေ ဝိညာတမတ္တန္တိ အာဝဇ္ဇနပ္ပမာဏံ၊ယထာ အာဝဇ္ဇနံ န ရဇ္ဇတိ၊ န ဒုဿတိ နမုယှတိ၊ ဧဝံ ရဇ္ဇနာဒိဝသေနစ ဥပ္ပဇ္ဇိတုံ အဒတွာ အာဝဇ္ဇနပ္ပမာဏေနေဝ စိတ္တံ ဌပေဿာမိတိ အယမေတ္ထအတ္ထော။ (ဥဒါနဋ္ဌကထာ-၇၂)

ဗာဟိယသုတ် ဥဒါန်းအဋ္ဌကထာတွင် မျက်စိနှင့်အဆင်း၊ နားနှင့် အသံ စသည် တွေ့ဆုံရာ၌ မြင်ကာမျှ, ကြားကာမျှ, နံကာမျှသာ ပရမတ် သဘောတရားကို ပရမတ်သဘောမျှထား၍ ရာဂ, ဒေါသစသော ကိလေသာတို့ ဆက်လက်၍မဖြစ်အောင် သိမှုအတွက် ညွှန်ပြထားသည်။ ကိလေသာဟူသည် မျက်စိတံခါးပေါက်က ဖြစ်စေ, နားတံခါးပေါက်က ဖြစ်စေ, ဒွါရ ၆-ပါး၊ တံခါး ၆-ပေါက်မှ ဝင်သမျှ, ဖြစ်သမျှသော ကိလေသာ

www.dhammaransi.com

မှန်သမျှ မည်သည့်နေရာ, မည်သည့် တံခါးပေါက်က ဝင်ဝင် ဆုံးမရမည်၊ ခွာချစ်ရမည်၊ ပယ်သတ်ရမည်သာ ဖြစ်သည်။

ယခုအသိ(စိတ်)မနောတံခါးပေါက်မှ ဝင်သည့်, ဖြစ်သည့် ကိလေသာမှန်သမျှ စိတ္တဘာဝနာ,စိတ္တာနုပဿနာဖြင့် သီးသန့်ကိလေသာသတ်ရန် ဟောတော်မူ ထားသည့်အတိုင်း ပုထုဇ္ဇန် သတ္တဝါတို့မှာ ၎င်းတို့အလိုက် ဖြစ်သော အသိ (စိတ်) တခုခု ဖြစ်ပေါ်လာသည်နှင့် ဖြစ်ပေါ်ခိုက်တွင် သတိရှိရှိနှင့် အသိကပ်ဖို့ လိုလေသည်။

ဥပမာ- လိုချင်မှုအသိတခု ဖြစ်လာက 'လိုချင်နေတယ်, လိုချင်နေတယ်'ဟု သတိရှိရှိသိနေပါ။ စားချင်မှုအသိတခု ဖြစ်လာလျှင်လည်း 'စားချင်တယ်, စားချင်တယ်'စသည်ဖြင့် သိပါ၊ မိမိ(စိတ်) အသိတခု ဖြစ်တိုင်း ပေါ်တိုင်း သတိလိုက်နိုင်လျှင် ထို လိုချင်,စားချင်သော ကိလေသာသည် သိနေ,မှတ်နေသောအချိန်တွင် ရပ်ဆိုင်းနေသည်၊ ဖြစ်ခွင့်မရပေ။ သို့နှင့် ကြာကြာသိမှတ်နေက စိတ္တဘာဝနာဖြစ်ရန် အခြေရပြီ။

နောက်အခါတွင် ဖြစ်လာပေါ်လာသော အသိ(စိတ်) ကို အထူးမှတ်မနေရတော့ဘဲ စိတ်ဟူသော အသိ သဘော တ ရား ၏ ဖြစ်မှု, ပျက်မှု စသော လိုအပ်သော ပရမတ်တို့သာ ဉာဏ်ရောက်လေတော့သဖြင့် စိတ္တဘာဝနာဖြစ်လေသည်။ မိမိတို့ အခြေအနေအရ ဖြစ်ပေါ်သော မည်သည့် အသိကိုမဆို သတိရှိရှိ သိမှတ်မိဖို့လိုသည်။ သတ္တဝါ အထွေထွေ အတွက် စုပေါင်း၍ဟောထားသော ၁၆-မျိုးသော စိတ္တာနုပဿနာ တပိုင်းလုံးကို ရှုနေရမည်မဟုတ်ပေ။

မိမိတို့သန္တာန်တွင် မိမိတို့နှင့်လျော်သော စိတ်(အသိ)ကို သာလျှင် ရှုနိုင်,သိနိုင်ဖို့လိုသည်။ သို့အတွက်'အဇ္ဈတ္တံဝါ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ' ဟု ဟောတော်မူသည်။ သတ္တဝါဟူသော မိမိသန္တာန်ဘှင် ဤအသိ(စိတ်) တို့သည် ဖြစ်လိုက်,ပျက်လိုက်နှင့်နေသည်ကို ဉာဏ်မြင်ချက်အတိုင်း သဘောပေါက်ပါက 'ဗဟိဒ္ဓါဝါ' အရ ရုပ်,နာမ်ရှိခန္ဓာ သတ္တဝါတို့ သန္တာန်တွင်လည်း အသိ(စိတ်)တို့သည် ဤသို့လျှင် ဖြစ်,ပျက် နေကြပေမည်ဟူ၍ မိမိသန္တာန်ထောက်ဆကာ ရှုနိုင်ရမည်။

သိတတ်သောသဘောပရမတ်သည် သခ်တဖြစ်သည်အားလျော်စွာ ဖြစ်ခြင်း, ပျက်ခြင်း ထင်ရှားသည်ဖြစ်၍ ငါ-ဟူသော ဒိဋ္ဌိ အားဖြင့်လည်း

www.dhammaransi.com

မစွဲလမ်း၊ငါဥစ္စာဟူသော တဏှာအားဖြင့်လည်း မစွဲမယူသည်ဖြစ်၍ အသိ (စိတ်)ကို ပရမတ်အနေနှင့် စိတ္တာနုပဿနာ သတိပဋ္ဌာန် အားထုတ်သော ယောဂီအား သိတတ်သောသဘောသည် ငါ,သူ,လူ,နတ်,ပုဂ္ဂိုလ်,သတ္တဝါ မိန်းမ,ယောကျ်ားမှ ကင်းဆိတ်သောသဘောဖြစ်၍ စင်စစ်အားဖြင့်....

ဝိညာဏံ အတ္တေနဝါ အတ္တနိယေနဝါ သုညံ။

ဟူသော ပါဠိတော်အရ 'သိတတ်သော သဘောသည် ငါမှုရင်း၊ ငါ့ဥစ္စာမှုရင်း၊သက်သက်မရှိဆိတ်သုဉ်း၏'ဟူ၍ သိပရမတ်၏အမှန် ဖြစ်ပျက် နေသည်ကို အမှန်ဉာဏ်သက်ရောက်နေသော ယောဂီအတွက် 'ရာဂစိတ်ပဲ၊ ဒေါသစိတ်ပဲ'မှတ်စရာမလိုပေ။ထိုအသိ(စိတ်)သည် ပရမတ်ဖြစ်၍ ဖြစ်ပျက် နေသည်ဟု တိုက်ရိုက်ပင် ရှုနိုင်လေသည်။ သို့ဖြစ်၍....

ကာယဟူသော 'ရုပ်' သည်လည်း 'ဖြစ်-ပျက်' ပရမတ်သဘော။
ဝေဒနာဟူသော 'နာမ်'သည်လည်း 'ဖြစ်-ပျက်' ပရမတ်သဘော။
စိတ္တဟူသော 'နာမ်' သည်လည်း 'ဖြစ်-ပျက်' ပရမတ်သဘော။

တို့သာလျှင် ဖြစ်ရကား-မည်သည့် သတိပဋ္ဌာန်ဘာဝနာမဆို 'ဖြစ်, ပျက်'မသိက ဖြစ်,ပျက်ကို မိမိရရ ဉာဏ်နှင့် မတွေ့ မသိက လောကုတ္တရာ မဂ်ဖိုလ်ရဖို့ ခဲယဉ်းလေသည်။ သိတတ်သောသဘောကို ဖြစ်,ပျက်ရှုရာ၌ ထို သိသဘောလည်း နာမ်ပရမတ် ဖြစ်သောကြောင့် ဂရုစိုက်ရလေသည်။

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။
(ဓမ္မပဒပါဠိတော်-၁၈)

သုဒုဒ္ဒသံ၊ အလွန် မြင်နိုင်ခဲစွာထသော။ သုနိပုဏံ၊ အလွန် သိမ်မွေ့စွာ ထသော။ ယတ္ထကာမနိပါတိနံ၊ အမှတ်မရှိသောကာမဂုဏ်၌ ကျရောက် လေ့ရှိထသော။ စိတ္တံ၊သိတတ်သောသဘောကို။ မေဓာဝီ၊ကျိုးကြောင်း မြင်သိ ပညာရှိသည်။ ရက္ခေထ၊ ကိလေသာ ညစ် မ ဝ င် ဖြ စ် အောင် တားမြစ် စောင့်ရှောက် ရာ၏။ ဂုတ္တံ၊ သတိပဋ္ဌာန် စောင့်နည်းမှန်၍ ကေန်မုချ လုံခြုံမှုရသော။ စိတ္တံ၊ ကိလေမကပ် အသိမြတ်သည်။ သုခါ ဝဟံ၊ခန္ဓာဇာတ်သိမ်း ဒုက္ခငြိမ်း၍ ပူကိန်းလွတ်ကာ ချမ်းသာကို ဆောင် တတ်ပါပေ၏။

စိတ္တာနုပဿနာ ပြီး၏။

www.dhammaransi.com

(၄) ဓမ္မာနုပဿနာ သဘောတရားကိုရှုသော အခန်း

၁-နီဝရဏ ပဗ္ဗ

၁၉-ပါဠိတော်။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဣဓ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ပဉ္စသု နီဝရဏေသု၊ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု၊ ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ။ အသန္တံ ဝါ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ ပဟာနံ ဟောတိ၊တဉ္စ ပဇာနာတိ၊ယထာ စ ပဟီနဿ ကာမစ္ဆန္ဒဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။လ။ ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ သမုဒယ ဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ အတ္ထိ ဓမ္မာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေဝ ဉာဏ မတ္တာယ ပဋိဿတိမတ္တာယ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ၊ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နီဝရဏေသု။

(နီဝရဏပဗ္ဗံ နိဋ္ဌိတံ)

၁၉-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ ကထဉ္စ၊အဘယ်သို့လျှင်။ ဘိက္ခု၊ သံသရာကို ဘေးဟုမြင်တတ် ယောဂီမြတ်သည်။ ဓမ္မေသု၊ ပရမတ္ထ သဘောတရားတို့၌။ဓမ္မာနုပဿီ၊ပရမတ်သဘောတရားကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိပန၊ နေသနည်းဟူမူ....

www.dhammaransi.com

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ဤဘုရား အဆုံးအမ၌။ ဘိက္ခု၊ သံသရာကို ဘေးဟုရှုတတ် ယောဂီမြတ်သည်။ ပဥ္စသု၊ ငါးပါးကုန်သော။ နီဝရဏေသု၊မဂ်တရားကို ပိတ်ပင်တားမြစ်တတ်ကုန်သော။ ဓမ္မေသု၊သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သဘာ်ဝရသဘောတရားကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ဝိဟရတိ၊နေ၏။

ဘိက္ခဝေ၊ချစ်သားတို့။ကထဉ္စ၊အဘယ်သို့လျှင်။ ဘိက္ခု၊သံသရာကို ဘေးဟုရှုတတ် ယောဂီမြတ်သည်။ ပဥ္စသု၊ ငါးပါးကုန်သော။ နီဝရဏေသု၊ မဂ်တရားကိုပိတ်ပင်တ းမြစ်တတ်ကုန်သော။ဓမ္မေသု၊ သဘောတရားတို့၌။ဓမ္မာနုပဿီ၊သဘာ်ဝရသဘောတရားကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိပန၊ နေသနည်းဟူမူ....

ဘိက္ခဝေ၊ ချစ်သားတို့။ဣဓ၊ ဤငါဘုရားအဆုံးအမ၌။ ဘိက္ခု၊ သံသရာကိုဘေးဟုရှုတတ် ယောဂီမြတ်သည်။အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ သန္တံဝါ၊ ထင်ရှားရှိသည်မူလည်းဖြစ်သော။ ကာမစ္ဆန္ဒံ၊ လိုချင်မှုကာမတရား၌ တပ်မက်တတ်သော လောဘကိုလည်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊အတွင်းသန္တာန်၌။ ကာမစ္ဆန္ဒော၊ကာမတို့၌လိုချင်မှုကာမစ္ဆန္ဒသည်။အတ္ထိ၊ရှိ၏။ ဣတိ၊ဤသို့။ပဇာနာတိ၊သိ၏။အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ အသန္တံဝါ၊ ထင်ရှား မရှိသည် မူလည်းဖြစ်သော။ ကာမစ္ဆန္ဒံ၊ လိုချင်မှုကာမတရား၌ တပ်မက်သောလောဘကို။ မေ၊ ငါ၏။အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ကာမစ္ဆန္ဒော၊ကာမတို့၌လိုချင်မှုကာမစ္ဆန္ဒသည်။နတ္ထိ၊မရှိ။ဣတိ၊ဤသို့။ပဇာနာတိ၊သိ၏။

စ၊ထိုမှတပါးလည်း။ အနုပ္ပန္နဿ၊ဖြစ်မှုသို့ မရောက်သေးသော။ ကာမစ္ဆန္ဒဿ၊ ကာမတို့၌ လိုချင်မှုကာမစ္ဆန္ဒ၏။ ဥပ္ပါဒေါ၊ ယခုဖြစ်ပေါ်လာမှုသည်။ ယထာ၊မသင့်သောပညတ်အာရုံ နှလုံးသွင်းမိခြင်း ဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ ပညတ်အာရုံကို နှလုံးသွင်းမှားခြင်း ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထိုမှတပါးလည်း။ အနုပ္ပန္နဿ၊ ယခု ဖြစ်ပေါ်လာသော။ ကာမစ္ဆန္ဒဿ၊ ကာမတို့၌လိုချင်မှု ကာမစ္ဆန္ဒကို။ ပဟာနံ၊ တခဏ ပယ်ခြင်း, ခပ်ကြာကြာ ပယ်ခွာနိုင်ခြင်းသည်။ ယထာ၊ သင့်သော

www.dhammaransi.com

ပရမတ်အာရုံနှလုံးသွင်းခြင်းဟူသော အကြောင်းအကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ပရမတ်အာရုံကို နှလုံးသွင်းခြင်း ထို အကြောင်းကိုလည်း။ ပဇာနာတိ၊သိ၏။

စ၊ထိုမှတပါးလည်း။ ပဟီနဿ၊ပယ်အပ်ပြီးသော။ကာမစ္ဆန္ဒဿ၊ ကာမတို့၌ လိုချင်မှုကာမစ္ဆန္ဒ၏။ အာယတိံ၊နောင်အခါ၌။အနုပ္ပါ ဒေါ၊ တဖန်ထပ်၍ မဖြစ် ပေါ်ခြင်း သည်။ ယထာ၊ အရိယာမဂ် ဟူသော အကြောင်း အကြောင်း ကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရိယာမဂ်ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ မိမိ၏ အတွင်းသန္တာန်၌။ သန္တံဝါ၊ ထင်ရှားရှိသည် မှုလည်းဖြစ်သော။ဗျာပါဒံ၊ဒေါသဗျာပါဒကို။ မေဝေါ်၏။အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဗျာပါဒေါ၊ ဒေါသဗျာပါဒသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ဤသို့။ ပဇာနာတိ၊သိ၏။ အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ အသန္တံ ဝါ၊ ထင်ရှားမရှိသည်မှုလည်းဖြစ်သော။ ဗျာပါဒံ၊ ဒေါသ ဗျာပါဒကို။ မေဝေါ်၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဗျာပါဒေါ၊ ဒေါသဗျာပါဒသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ဤသို့။ ပဇာနာတိ၊သိ၏။

စ၊ထိုမှတပါးလည်း။ အနုပ္ပန္နဿ၊ ဖြစ်မှုသို့မရောက်သေးသော။ ဗျာပါဒဿ၊ ဒေါသဗျာပါဒ၏။ ဥပ္ပါဒေါ၊ ယခု ဖြစ်ပေါ်လာမှု သည်။ယထာ၊မသင့်သောပညတ်အာရုံကိုနှလုံးသွင်းမှုခြင်းဟူသော အကြောင်းအကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ မသင့်သော ပညတ်အာရုံကို နှလုံးသွင်းမှားခြင်း ထိုအကြောင်းကိုလည်း။ ပဇာ နာတိ၊ သိ၏။

စ၊ထိုမှတပါးလည်း။ ဥပ္ပန္နဿ၊ယခုဖြစ်ပေါ်လာသော။ ဗျာပါ ဒဿ၊ ဒေါသဗျာပါဒကို။ ပဟာနံ၊ တခဏပယ်ခြင်း,ခပ်ကြာကြာ ပယ်ခွာနိုင်ခြင်းသည်၊ ယထာ၊ သင့်သောပရမတ် အာရုံကို နှလုံး သွင်းခြင်းဟူသော အကြောင်းအကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ပရမတ်အာရုံ နှလုံးသွင်းခြင်း ထိုအကြောင်းကိုလည်း။ ပဇာ နာတိ၊ သိ၏။

စ၊ထိုမှတပါးလည်း။ ပဟီနဿ၊ပယ်အပ်ပြီးသော။ဗျာပါဒဿ၊ ဒေါသဗျာပါဒ၏။ အာယတိံ၊နောင်အခါ၌။ အနုပ္ပါဒေါ၊ တဖန်

www.dhammaransi.com

ထပ်၍ မဖြစ်ပေါ်ခြင်းသည်။ ယထာ၊ အရိယာမဂ်ဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရိယာမဂ်ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ မိမိ၏ အတွင်းသန္တာန်၌။ သန္တံဝါ၊ ထင်ရှားရှိသည် မူလည်းဖြစ်သော။ ထိနမိဒ္ဓံ၊ အိပ်ခြင်း, ငိုက်မြည်းခြင်းကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ထိနမိဒ္ဓံ၊ အိပ်ခြင်း, ငိုက်မြည်းခြင်းသည်။အတ္ထိ၊ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ မိမိ၏ အတွင်းသန္တာန်၌။ အသန္တံဝါ၊ ထင်ရှား မရှိသည် မူလည်း ဖြစ်သော။ ထိနမိဒ္ဓံ၊ အိပ်ခြင်း, ငိုက်မြည်းခြင်းကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ထိနမိဒ္ဓံ၊ အိပ်ခြင်း, ငိုက်မြည်း ခြင်း သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

စ၊ထိုမှတပါးလည်း။ အနုပ္ပန္နဿ၊ ဖြစ်မှုသို့မရောက်သေးသော။ ထိနမိဒ္ဓဿ၊ အိပ်ခြင်း,ငိုက်မြည်းခြင်း၏။ ဥပ္ပါဒေါ၊ ယခုဖြစ်ပေါ် လာမှုသည်။ယထာ၊မသင့်သောပညတ်အာရုံကို နှလုံးသွင်းမှားခြင်း အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ မသင့်သော ပညတ်အာရုံ နှလုံးသွင်း မှားခြင်း ထို အကြောင်း ကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ထိုမှတပါးလည်း။ ဥပ္ပန္နဿ၊ ယခုဖြစ်ပေါ်လာသော။ ထိနမိဒ္ဓဿ၊ အိပ်ခြင်း, ငိုက်မြည်းခြင်းကို။ ပဟာနံ၊ တခဏပယ်ခြင်း, ခပ်ကြာကြာ ပယ်ခွာနိုင်ခြင်းသည်။ ယထာ၊ သင့်သော ပရမတ် အာရုံကို နှလုံးသွင်းခြင်း အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။တဉ္စ၊ပရမတ်အာရုံ နှလုံးသွင်းခြင်း ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ထိုမှတပါးလည်း။ ပဟီနဿ၊ ပယ်အပ်ပြီးသော။ထိနမိဒ္ဓဿ၊ အိပ်ခြင်း,ငိုက်မြည်းခြင်း၏။အာယတိံ၊နောင်အခါ၌။အနုပ္ပါဒေါ၊ တဖန်ထပ်၍ မဖြစ်ပေါ်ခြင်းသည်။ ယထာ၊ အရိယာမဂ် ဟူသော အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရိယာမဂ် ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

www.dhammaransi.com

အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ သန္တံ ဝါ၊ ထင်ရှားရှိသည် မှုလည်းဖြစ်သော။ ဥဒ္ဓစ္စကုက္ကုစ္စံ၊ စိတ်ပျံ့လွင့်ခြင်း, နောင်တပူပန် ခြင်းကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်း သန္တာန်၌။ ဥဒ္ဓစ္စကုက္ကုစ္စံ၊ စိတ်ပျံ့လွင့်ခြင်း,နောင်တပူပန်ခြင်းသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊သိ၏။ အဇ္ဈတ္တံ၊ မိမိ၏ အတွင်းသန္တာန်၌။ အသန္တံ ဝါ၊ ထင်ရှားမရှိသည်မှုလည်းဖြစ်သော။ ဥဒ္ဓစ္စကုက္ကုစ္စံ၊ စိတ်ပျံ့လွင့်ခြင်း, နောင်တပူပန်ခြင်းကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဥဒ္ဓစ္စ ကုက္ကုစ္စံ၊ စိတ်ပျံ့လွင့်ခြင်း,နောင်တပူပန်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

စ၊ ထိုမှတပါးလည်း။ အနုပ္ပန္နဿ၊ ဖြစ်မှုသို့မရောက်သေးသော။ ဥဒ္ဓစ္စကုက္ကုစ္စဿ၊ စိတ်ပျံ့လွင့်ခြင်း, နောင်တပူပန်ခြင်း၏။ ဥပ္ပါဒေါ၊ ယခုဖြစ်ပေါ်လာမှုသည်။ ယထာ၊ မသင့်သောပညတ်အာရုံ နှလုံး သွင်း မှား ခြင်း အကြင်အကြောင်း ကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ မသင့်သောပညတ်အာရုံ နှလုံးသွင်းမှားခြင်း ထိုအကြောင်း ကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထိုမှတပါးလည်း။ ဥပ္ပန္နဿ၊ ယခုဖြစ်ပေါ်လာသော။ ဥဒ္ဓစ္စ ကုက္ကုစ္စဿ၊ စိတ် ပျံ့လွင့်ခြင်း, နောင်တ ပူပန်ခြင်းကို။ ပဟာနံ၊ တခဏပယ်ခြင်း, ခပ်ကြာကြာ ပယ် ခွာ နိုင်ခြင်း သည်။ ယထာ၊ သင့်သောပရမတ်အာရုံနှလုံးသွင်းခြင်းအကြင်အကြောင်းကြောင့်။ ဟောတိ၊ဖြစ်၏။ တဉ္စ၊ သင့် သော ပရမတ် အာရုံ နှလုံးသွင်းခြင်း ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထိုမှတပါးလည်း။ ပဟီနဿ၊ ပယ် အပ် ပြီး သော။ ဥဒ္ဓစ္စ ကုက္ကုစ္စဿ၊ စိတ်ပျံ့လွင့်ခြင်း, နောင်တ ပူပန်ခြင်း၏။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒေါ၊ တဖန်ထပ်၍ မဖြစ်ပေါ် ခြင်း သည်။ ယထာ၊ အရိယာမဂ်ဟူသောအကြင်အကြောင်းကြောင့်။ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရိယာမဂ်ဟူသော ထိုအကြောင်းကိုလည်း။ ပဇာ နာတိ၊ သိ၏။

အဇ္ဈတ္တံ၊ မိမိ၏ အတွင်းသန္တာန်၌။ သန္တံ ဝါ၊ ထင်ရှားရှိသည် မှုလည်းဖြစ်သော။ ဝိစိကိစ္ဆံ၊ ယုံမှားခြင်းကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊

www.dhammaransi.com

အတွင်းသန္တာန်၌။ ဝိစိကိစ္ဆာ၊ ယုံမှားခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ အသန္တံဝါ၊ ထင်ရှားမရှိသည်မှုလည်းဖြစ်သော။ ဝိစိကိစ္ဆံ၊ ယုံမှားခြင်းကို။ ဝေါ၊ ငါ၏။ အဇ္ဈတ္တံ၊အတွင်းသန္တာန်၌။ ဝိစိကိစ္ဆာ၊ ယုံမှားခြင်းသည်။ နတ္ထိ၊မရှိ။ ဣတိ၊ဤသို့။ ပဇာနာတိ၊ သိ၏။

စ၊ထိုမှတပါးလည်း။ အနုပ္ပန္နာယ၊ဖြစ်မှုသို့မရောက်သေးသော။ ဝိစိကိစ္ဆာယ၊ ယုံမှားခြင်း၏။ ဥပ္ပါဒေါ၊ ယခုဖြစ်ပေါ်လာမှုသည်။ ယထာစ၊ မသင့်သော ပညတ်အာရုံ နှလုံးသွင်းမှားခြင်း အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ မသင့်သောပညတ်အာရုံ နှလုံးသွင်းမှားခြင်း ထို အကြောင်း ကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထိုမှတပါးလည်း။ ဥပ္ပန္နာယ၊ ယခုဖြစ်ပေါ်လာသော။ ဝိစိကိစ္ဆာယ၊ ယုံမှားခြင်းကို။ ပဟာနံ၊ တခဏပယ်ခြင်း,ခပ်ကြာကြာပယ်ခွာနိုင်ခြင်းသည်။ ယထာ၊ သင့်သော ပရမတ်အာရုံ နှလုံးသွင်းခြင်းအကြင်အကြောင်းကြောင့်။ ဟောတိ၊ဖြစ်၏။ တဉ္စ၊ သင့်သော ပရမတ်အာရုံ နှလုံးသွင်းခြင်း ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ထိုမှတပါးလည်း။ပဟီနာယ၊ပယ်အပ်ပြီးသော။ဝိစိကိစ္ဆာယ၊ ယုံမှားခြင်း၏။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒေါ၊ တဖန်ထပ်၍မဖြစ်ပေါ်ခြင်းသည်။ ယထာ၊ အရိယာမဂ်ဟူသော အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရိယာမဂ်ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ဣတိ၊ ဤသို့။ အဇ္ဈတ္တံဝါ၊ မိမိ၏ အတွင်းသန္တာန်၌မူလည်း။ ဓမ္မေသု၊နီဝရဏ တရားတို့၌။ ဓမ္မာနုပဿီ၊ နီဝရဏသဘောတရားတို့ဟူ၍ အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။ ဗဟိဒ္ဓါဝါ၊ သူတပါးဟူသော အပြင်အပသန္တာန်၌မူလည်း။ ဓမ္မေသု၊ နီဝရဏတရားတို့၌၊ ဓမ္မာနုပဿီ၊ နီဝရဏသဘောတရားတို့ဟူ၍ အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ မိမိဟူသော အတွင်းသန္တာန်, သူတပါးဟူသော အပသန္တာန်။ ဝါ-

www.dhammaransi.com

တရံတခါ မိမိသန္တာန်, တရံတခါ သူတပါး သန္တာန်၌ မူလည်း။ ဓမ္မေသု၊ နီဝရဏတရားတို့၌။ ဓမ္မာနုပဿီ၊ နီဝရဏသဘောတရားတို့ဟူ၍ အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဓမ္မေသု၊ နီဝရဏတရားတို့၌။ သမုဒယဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်းသဘောကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍မူလည်း။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ နီဝရဏသဘောတရားတို့၌။ ဝယဓမ္မာနုပဿီဝါ၊ ပျက်ခြင်းသဘောကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍မူလည်း။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ နီဝရဏတရားတို့၌။ သမုဒယဝယဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍မူလည်း။ ဝိဟရတိ၊ နေ၏။

ဓမ္မာ၊ နီဝရဏတရားတို့သည်သာလျှင်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ အဿ၊ သဘောတရားကိုရှုသော ထိုယောဂီ၏။ သတိ၊ အမှတ်ရမှုသည်။ ဝါပန၊ တနည်းတဖုံအားဖြင့်လည်း။ ပစ္စုပဋ္ဌိတာ၊ ဉာဏ်၌ ရှေးရှုထင်လာမှုသည်။ ဟောတိ၊ ဖြစ်၏။ သာသတိ၊ ထိုတင်လာမှုသတိသည်။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ အာရုံကိုသိခြင်း၏ တိုးပွားမှု အလို့ငှာ သာတည်း။ ပဋိဿတိမတ္တာယ၊ သဘောတရားကို တဖန်ထပ်၍ တိုးပွားစေမှုအလို့ငှာသာတည်း။

သောဘိက္ခု၊ ဖြစ်ပျက်ကာမျှ သဘာဝဟု ဓမ္မရှုတတ် ယောဂီမြတ်သည်။ အနိဿိတောစ၊ ဖြစ်မှု, ပျက်မှု သဘောတရားစုကို ငါ, ငါ့ဥစ္စာဟု(ဒိဋ္ဌိတဏှာ)ထိုနှစ်ဖြာဖြင့် မမှီမူ၍လည်း။ ဝိဟရတိ၊ နေ၏။ လောကေ၊ အစွဲအလမ်း၏အာရုံဖြစ်သော သင်္ခါရမှုအပျက်စုံ၌။ ကိဉ္စိ၊ တစုံတခုသောခန္ဓာ(အစုအပုံ)ကိုမျှ။ နစ ဥပါဒိယတိ၊ ငါ, ငါ့ဥစ္စာဟူသော(ဒိဋ္ဌိတဏှာ)ထိုနှစ်ဖြာဖြင့် ဖွဲ့ရှာမြဲမှန်း မစွဲလမ်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝမ္ပိ၊ ဤသို့လည်း။ ဘိက္ခု၊ ဤနေ့ခါကိုဘေးဟုရှုတတ် ယောဂီမြတ်သည်။ ဓမ္မေသု၊ နီဝရဏ သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သဘောတရားတို့ဟူ၍ အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

(နီဝရဏပဗ္ဗံ၊ နီဝရဏတို့ကို ရှုပုံအပိုင်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။)

www.dhammaransi.com

၁၉-အဓိပ္ပာယ်ရှင်းချက် မြတ်စွာဘုရားသည် တဆယ့် ခြောက်ပါးသော အသိစိတ်တို့၏ သဘောနှင့်ရှုပွားရသော စိတ္တာနုပဿနာကို ဟောတော်မူပြီး၍ ပရမတ္ထဖြစ်သော သဘာဝ တရားတို့ကို သိမြင် ရှုပွားနိုင်စေရန် ဓမ္မာနုပဿနာကို ညွှန်ပြ ဟောကြားတော်မူလိုရကား 'ကထံ စ ပန ဘိက္ခဝေ' အစရှိသောဒေသနာတော်ကို ဟောတော်မူလေသည်။ (တနည်း) မြတ်စွာဘုရားသည်....

၁။ ကာယာနုပဿနာ-ဖြင့်နာမ်မဖက်သောရုပ်သက်သက်ကိုင်း၊

၂။ ဝေဒနာနုပဿနာ-ဖြင့်ရုပ်မဖက်သောနာမ်သက်သက်ကိုင်း၊

၃။ စိတ္တာနုပဿနာ-ဖြင့် ရုပ်မဖက်သော နာမ်သက်သက်ကိုင်း၊

ဟောတော်မူပြီး၍ ယခုအခါ၌(ရူပါ ရူပ မိဿက ပရိဂ္ဂဟ) ခန္ဓာ, အာယတန,ဒုက္ခသစ္စာတို့၏ အစွမ်းအားဖြင့်ရောနှောသော ရုပ်,နာမ်နှစ်ပါး သိမ်းဆည်းသောတရားကို ဟောတော်မူလိုသောကြောင့် 'ကထံ စ ပန ဘိက္ခဝေ' ဤသို့အစရှိသော ဓမ္မာနုပဿနာကို ဟောတော်မူလေသည်။

ယခုကျွန်ုပ်တို့၏မျက်မှောက်သာသနာခေတ်တွင်ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန် အားဖြင့် တရားဟောခြင်း, တရားဒါနဖွင့်၍ ပြသခြင်းများ ရှိခဲ့ကြလျက် ဓမ္မာ နုပဿနာ သတိပဋ္ဌာန်ကိုကား ဟောပြောခြင်း, ပြသခြင်းများမှာ ကျွန်ုပ်တို့'သစ္စာဒီပကဝိပဿနာအဖွဲ့'မှလွဲ၍ ဟောပြော,ပြသသည်ကိုမတွေ့ရပေ၊ အဘယ့်ကြောင့်ဟူမူ ဓမ္မာနုပဿနာ၏ပရမတ္ထသဘာဝသည် အလွန် သိမ်မွေ့လှရကား သိနိုင်,မြင်နိုင်ခဲသောကြောင့်ဟု ဆိုကြသည်။

အမှန်မှာ ဝိပဿနာရှုရာတွင် အခြေပြုသော ကာယ-ဝေဒနာ-စိတ္တ မည်သည့်အပိုင်းကို အခြေခံ လာစေကာ ဓမ္မတို့၏ သဘော တရား ပရမတ်ကိုမရောက်လျှင်,မသိလျှင်,မရှုလျှင် မည်သူမျှ လောကုတ္တရာ မဂ်သို့ မရောက်နိုင်ပေ။

ကျွန်ုပ်တို့၏လေ့လာချက် ကျွန်ုပ်တို့သည် သတိပဋ္ဌာန်တရားကို အားထုတ်ရန် လေ့လာသောအခါ သတိပဋ္ဌာန်တမျိုးမျိုး၏ အဆုံးတွင် မြတ်စွာဘုရားသည် ထိုထိုသတိပဋ္ဌာန်ဟူသည့်ရုပ်,နာမ်တရားတို့ (သမုဒယ,ဝယ) ဖြစ်ပျက်နေကြပုံကို တပုံစံတည်း, တမူတည်းချ၍ (ဒုက္ခ သစ္စာ) ဆင်းရဲအမှန်ဖြစ်ပုံတို့သာ ဟောထားသည်ကို တွေ့ရသည်။

www.dhammaransi.com

သဋ္ဌာယတနသံယုတ် ကိ'သုကောပမသုတ်တွင်လည်း အခါအား လျော်စွာ ပေါက်ပင်၏ အသွင်သဏ္ဍာန်ပြောင်းလဲနေစေကာမူ ရသ-ဂုဏ်-သတ္တိကားတမျိုးတည်းသာဖြစ်၍ ထိုရသ-ဂုဏ်-သတ္တိသာ လိုရင်းအသုံးပြုရမည်ဖြစ်ရကား၊ ပေါက်ပင်၏ ပွင့်ရာ,သီးရာ,အရွက်တို့ပြည့်ရာ, မီးလောင်ငုတ် ဖြစ်ရာအသွင်အပြင်သည် အဓိကလိုအပ်ချက်မဟုတ်၊ဆေးပြုလုပ်ရမည့် အလိုရှိအပ်သောရသ-ဂုဏ်-သတ္တိသည်သာ လိုအပ်ချက်ဖြစ်သကဲ့သို့ ကာယ-ဝေဒနာ-စိတ္တ သတိပဋ္ဌာန်တို့သည် ဓမ္မဟူသောပရမတ်သဘောသို့ သက်ဝင်မှသာလျှင် မြတ်စွာဘုရား၏ သတိပဋ္ဌာန် ဟောရသော လိုအပ် ချက်သို့ ရောက်မည်ဖြစ်ရကား ဓမ္မာနုပဿနာ ပရမတ်သဘောကို သိနိုင်ခဲ့,မြင်နိုင်ခဲ့သဖြင့် အားလျော့လက်မြှောက်လုပ်နေလျှင် မိမိတို့အလိုရှိသော နိဗ္ဗာန်နှင့် ဝေးမည်သာတည်း။

ဓမ္မာနုပဿနာကိုသာ ရှုရမည်ဟု ဆိုသောစကား မဟုတ်၊ ကာယ-ဝေဒနာ-စိတ္တ မည်သည့် သတိပဋ္ဌာန်နှင့် အားထုတ်နေသည် ဖြစ်စေ၊ ရင့်သောဉာဏ်သည် ထိုရုပ်,နာမ်တို့၏ သဘာဝလမ်းကြောင်းသို့ရောက်လာလျှင်ကား ပရမတ္ထဓမ္မသို့ တက်ရောက်ကာ မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ပို့ဆောင်မည်ဖြစ်၍ ကာယ-ဝေဒနာ-စိတ္တရှုသော ယောဂီသည် ဓမ္မဟူသော သဘောတရားသို့ဝင်လျက် သစ္စာလေးပါး အမှန်တရားတို့ကို ပဋိဝေဓဂါစ္စနှင့် ထိုးထွင်းသိမြင်ပြီးလျှင် မဂ်,ဖိုလ်ကိစ္စ ဆောင်ရွက်သွားလိမ့်မည်၊ သို့အတွက် သတိပဋ္ဌာန်အလုပ် အားထုတ်သော ယောဂီသည် မဂ်,ဖိုလ်ကိစ္စသို့ ပို့မည့် ပရမတ္ထဓမ္မကို သိနိုင်ခဲ့,မြင်နိုင်ခဲ့သည်ဟု (ဓုရနိက္ခေပ) လက်လျှော့ထားရန် မဟုတ်၊မသိသေးလျှင် သိအောင်တိုးတက် ကြိုးစားရမည်သာ ဖြစ်သည်။

ကျွန်ုပ်တို့သည် ရုပ်သက်သက်ကိုဟောသော ကာယာနုပဿနာကို အာနာပါနပဗ္ဗမှစ၍ လေ့လာကြည့်၏၊ အစတွင် ကာယ(ရုပ်)နှင့်ပတ်သက်သော ရသင့်သည့်သဘောအားလုံးကို သဗ္ဗညုတဉာဏ်တော်နှင့် သတ္တဝါတို့၏ ပညတ်အသိနှင့်တွဲကာ မကြွင်းမကျန်အောင် ဖော်ထုတ် ဟောကြားတော်မူလျက် ပုဂ္ဂိုလ်,သတ္တဝါ အကောင်အထည် မဟုတ်ကြောင်း ဉာဏ်သက်ဝင်အောင် သိစေမှတ်စေတော်မူပြီး၍ အသိဉာဏ်ရင့်ကျက်ကာမှ....

www.dhammaransi.com

'ကာယသ္မိံ'၊ ဖောက်ပြန်မှု(ရုပ်)၌။ သမုဒယဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်းသဘောမျှကိုသာရှုလေ့ရှိသည်ဖြစ်၍လည်း။ ဝါ၊ဖောက်ပြန်မှုတို့ဖြစ်နေသည်ဟု ရှု၍လည်း။ ဝယဓမ္မာနုပဿီဝါ၊ ပျက်ခြင်းသဘောမျှကိုသာရှုလေ့ရှိသည် ဖြစ်၍လည်း။ ဝါ၊ ဖောက်ပြန်မှုတို့ ပျက်နေသည်ဟုရှု၍လည်း။ သမုဒယ ဝယဓမ္မာ နုပဿီဝါ၊ ဖောက်ပြန် မှုတို့ ဖြစ် ခြင်း, ပျက်ခြင်းသဘောမျှကိုသာ ရှုလေ့ရှိသည်ဖြစ်၍လည်း။ ဝါ၊ဖောက်ပြန်မှုတို့ ဖြစ်,ပျက်နေသည်ဟု ရှု၍လည်း။ ဝိဟရတိ၊နေ၏။

ဤကား - ကာယာနုပဿနာ ရှုသော ယောဂီတို့ ဉာဏ်ရင့်လာက ပရမတ္ထဓမ္မသို့ ရောက်ရပုံကို မြတ်စွာဘုရားဟောတော်မူထားသည်၊ အခြားသော ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ တို့တွင်လည်း ဤနည်းအတိုင်း ဟောထားသည်ကို ဆိုင်ရာအပိုင်းတို့ကို ပြန်၍လေ့လာကြည့်ရှုပါ။

ယင်းသို့ ကာယသည်ရှင်း, ဝေဒနာသည်ရှင်း, စိတ္တသည်ရှင်း ဓမ္မဟူသော ပရမတ္ထ သဘာဝ ဆိုက်ရောက်အောင် ရှုမှတ် အားထုတ် ရသည် ဖြစ်သောကြောင့် လိုအပ်သော ဓမ္မကိုသိအောင် နားလည်အောင် လေ့လာခြင်း, စိစစ်ခြင်းသည်သာ သတိပဋ္ဌာန် လုပ်ငန်း၏ အနှစ်သာရ ဖြစ်သောကြောင့် သတိပဋ္ဌာန်အားထုတ်သူတိုင်း လေ့လာဖို့လိုကြောင်း သတိပြုအပ်ပေသည်။

ဓမ္မာနုပဿနာ ဓမ္မာနုပဿနာတွင် သဒ္ဒါနည်းနှင့် ပုဒ်ဖြတ်ကြည့်လျှင် ဓမ္မ+အနုပဿနာဟုနှစ်ပုဒ်ထွက်လာသည်၊ယင်းနှစ်ပုဒ်တွင် 'ဓမ္မ'ဆိုသည်ကား....ရုပ်ဓမ္မ,နာမ်ဓမ္မအားလုံးဆိုင်သည်၊'အနုပဿနာ' ဆိုသည်ကား....ရှုတတ် သိတတ်သော သတိ ပညာကို ဆိုသည်၊ 'ဓမ္မာနုပဿနာ'ဆိုသည်ကား ပရတ်ဖြစ်သော ရုပ်ဓမ္မ,နာမ်ဓမ္မ သဘာဝတရားတို့ကို ၎င်းတို့၏ သဘာဝတရားအတိုင်း သတိ၊ သို့မဟုတ် ပညာနှင့်သိခြင်း။

ယင်းသို့ ဝိပဿနာရှုရမည့် မလွဲမရှောင်ရသော ရုပ်ဓမ္မ, နာမ်ဓမ္မသည် ပရမတ်ချည်းသာ ဖြစ်၍ ဓမ္မာနုပဿနာ ရှုရာတွင် စေတသိက်နာမ်ဖြစ်သော 'သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ'ကိုသာ ရှုရသည်၊ ဓမ္မာနုပဿနာကို အရကောက်လျှင်'သညာ-သင်္ခါရ'ကိုသာ ကောက်ရသည်ဟု အချို့ဆရာတို့ ယူဆဟောပြော ရေးသားကြသည်ကို တွေ့ရသည်။

www.dhammaransi.com

အမှန်ကို ရှာဖွေစိစစ်ကြည့်လျှင် ဓမ္မာနုပဿနာတွင်....

၁။ နီဝရဏပဗ္ဗ-စေတသိက်နာမ်တို့ကို ရှုရပုံ တွေ့မည်၊

၂။ ခန္ဓပဗ္ဗ-ရုပ်,နာမ် ၂-ပါးလုံးကို ရှုရပုံ တွေ့မည်၊

၃။ အာယတနပဗ္ဗ-ရုပ်ရှုရပုံကို တွေ့မည်။

၄။ ဗောဇ္ဈင်ပဗ္ဗ-နာမ်ရှုရပုံကို တွေ့မည်၊

၅။ သစ္စပဗ္ဗ-ရုပ်,နာမ်အားလုံးရှုရပုံကို တွေ့မည်။

ကျွန်ုပ်တို့သည် ကာယ-ဝေဒနာ-စိတ္တတည်းဟူသော ရုပ်,နာမ်တရားအားလုံး၏ ပရမတ္ထ ဓမ္မကိုသာ ပရမတ်တိုက်ရိုက်ရှုရသည့် ဓမ္မာနုပဿနာဟု ဆိုခဲ့သည်၊ အဓိပ္ပာယ်မှာ ကာယ-ဝေဒနာ-စိတ္တ တို့ကဲ့သို့ ပညတ်အာရုံကို အခြေမခံမူ၍ ၎င်းသတိပဋ္ဌာန်ဖြစ်သော ရုပ်,နာမ်တို့၏ အဓိကလိုအပ်သော ပရမတ်ကို ပညတ်အာရုံမပါပဲ တိုက်ရိုက်ရှုရသည်သာ ဖြစ်သောကြောင့် မည်သည့် ရုပ်,နာမ်ကိုမျှ ချန်ထားလို့မရ၊ ဓမ္မပဒဋ္ဌကထာတွင် 'သဗ္ဗေ ဓမ္မာ အနတ္တာတိ' ဂါထာအဖွင့်၌ အနတ္တဖြစ်သော'ဓမ္မ'အရ....

သဗ္ဗေဓမ္မာတိ ပဉ္စက္ခန္ဓာ ဧဝ အဓိပ္ပေတာ။

ဟု ဖွင့်ပြထားသည်။

သဗ္ဗေဓမ္မာတိ၊ သဗ္ဗေဓမ္မာ ဟူသည်ကား။ ပဉ္စက္ခန္ဓာဧဝ၊ ခန္ဓာငါးပါး ရုပ်,နာမ် နှစ်ပါးတို့ကိုသာလျှင်။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။

ဟု ဖော်ပြထားရာ အနတ္တဖြစ်သော အလုံးစုံသော သဘောတရားသည် ခန္ဓာငါးပါးသာလျှင် ဖြစ်၍ အနတ္တအနေနှင့် ရှုရမည့်ပရမတ်သည် ရုပ်,နာမ်နှစ်ပါးဖြစ်၍ ဓမ္မာနုပဿနာ ဖြစ်အောင် ရှုရသည်ချည်း ဖြစ်လေသည်။

အဋ္ဌကထာအဆို— အချို့ဆရာတို့သည် အကိုးအကားပြုသောအချက်မှာ....

ကာယာနုပဿနာယဝ ရူပက္ခန္ဓပရိဂ္ဂဟော၀ ကထိတော၊ ဝေဒနာနုပဿနာယ ဝေဒနာက္ခန္ဓပရိဂ္ဂဟော၀၊ စိတ္တာ နုပဿနာယ ဝိညာဏက္ခန္ဓပရိဂ္ဂဟော၀ါတိ ဣဒါနိ သညာသင်္ခါရက္ခန္ဓပရိဂ္ဂဟမ္ပိ ကထေတုံ။

(မဟာဝဂ္ဂဋ္ဌကထာ-၃၆၇၊ မူလပဏ္ဏာသဋ္ဌကထာ-၂၇၅)

ဘ၇၀၁၊မြတ်စွာဘုရားသည်။ ကာယာနုပဿနာယ၊ ကာယာနုပဿနာ ဖြင့်။ ရူပက္ခန္ဓပရိဂ္ဂဟော၀၊ ရူပက္ခန္ဓာကို သိမ်းဆည်းခြင်းကို သာလျှင်။

www.dhammaransi.com

ကထိတော၊ ဟောတော်မူအပ်ပြီ။ ဝေဒနာနုပဿနာယ၊ ဝေဒနာနုပဿနာဖြင့်။ ဝေဒနာက္ခန္ဓပရိဂ္ဂဟော စ၊ ဝေဒနာက္ခန္ဓာကိုသိမ်းဆည်းခြင်းကိုသာလျှင်။ ကထိတော၊ဟောတော်မူအပ်ပြီ။စိတ္တာနုပဿနာယ၊ စိတ္တာနုပဿနာဖြင့်။ ဝိညာဏက္ခန္ဓပရိဂ္ဂဟော စ၊ဝိညာဏက္ခန္ဓာကို သိမ်းဆည်းခြင်းကို သာလျှင်။ ကထိတော၊ ဟောတော်မူအပ်ပြီ။ ဣဒါနိ၊ ဓမ္မာနုပဿနာ ဟောရာ ယခုအခါ၌။ သညာသင်္ခါရက္ခန္ဓပရိဂ္ဂဟမ္ပိ၊ သညာက္ခန္ဓာ - သင်္ခါရက္ခန္ဓာကို သိမ်းဆည်းခြင်းကိုလည်း။ ကထေတုံ၊ ဟောတော်မူခြင်းငှာ' ဟူ၍ရင်း....

တသ္မာ ဣဒါနိ သမ္ပယုတ္တဓမ္မသီသေန သညာ-သင်္ခါရက္ခန္ဓပရိဂ္ဂဟမ္ပိ ကထေတုံ ဓမ္မာနုပဿနံ ဒဿေန္တော။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ-၂၅၆)

တသ္မာ၊ ထို့ကြောင့်။ ဣဒါနိ၊ ဓမ္မာနုပဿနာ ဟောရာ ယခုအခါ၌။ သမ္ပယုတ္တဓမ္မသီသေန၊ အတူတကွဖြစ်သောတရားတို့ကို ဦးတည်သောအားဖြင့်။ သညာသင်္ခါရက္ခန္ဓပရိဂ္ဂဟမ္ပိ၊ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာကို သိမ်းဆည်းခြင်းကိုလည်း။ ကထေတုံ၊ ဟောတော်မူခြင်းငှာ။ ဓမ္မာနုပဿနံ၊ ဓမ္မာနုပဿနာကို။ ဒဿေန္တော၊ ပြတော်မူလိုသည်ဖြစ်၍' ဟု ဖော်ပြထားလေသည်။

ဤ၌ အဋ္ဌကထာ သုံးစောင်-ဟု ဆိုသော်လည်း 'အရှင်မဟာဗုဒ္ဓဃောသ' တပါးတည်းရေးသော အဋ္ဌကထာများဖြစ်၍ အာဘော်တခုတည်းသာဖြစ်သည်။ အဋ္ဌကထာတို့အလိုအားဖြင့် သတိပဋ္ဌာန်တရားလေးပါးကို ခန္ဓာငါးပါး ဖြင့် ဝေဖန်ရာတွင် ကာယ-ဝေဒနာ -စိတ္တ တို့တွင် ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ ပါသွားကုန်ပြီဖြစ်၍ ကြွင်းကျန်သော ဓမ္မာနုပဿနာအတွက် ကျန်သော သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာတို့ကို ပေါင်းထည့်လိုက်ခြင်း ဖြစ်ဟန်တူသည်။

စင်စစ် ပရမတ္ထဓမ္မမှာ ခန္ဓာငါးပါး ရုပ်,နာမ်နှစ်ပါးစလုံး အကျုံးဝင်သောတရားဖြစ်၍ ခန္ဓာအားဖြင့် ဝေဖန်ခြင်းသည် မသင့်ပေ၊ အဘယ့်ကြောင့်ဟူမူ ဓမ္မာနုပဿနာကို မြတ်စွာဘုရားသရုပ်ခွဲ၍ 'နီဝရဏ, ခန္ဓ, အာယတန, ဗောဇ္ဈင်္ဂ, သစ္စာ' ငါးပိုင်းဟောရာတွင် ရုပ်,နာမ်နှစ်ပါးစလုံး, ခန္ဓာ ငါးပါး စလုံး ပါနေသောကြောင့် ဖြစ်၏၊ သို့ ပါနေသဖြင့်လည်း အဋ္ဌကထာတွင်....

www.dhammaransi.com

ဣဓ ဒါနိ ရူပါရူပမိဿက ပရိဂ္ဂဟံ ကထေတုံ။

ဟု မဟာဝဂ္ဂဋ္ဌကထာ, မူလပဏ္ဏာသဋ္ဌကထာ ဂုဏ်နှံပါတ်တို့မှာပင် ပြထားလေသည်။

ဣဓ ဒါနိ၊ဓမ္မာနုပဿနာကိုဟောရာ ယခုအခါ၌။ ရူပါရူပမိဿကပရိဂ္ဂဟံ၊ ခန္ဓာ, အာယတန, ဒုက္ခသစ္စာ၏ အစွမ်းအားဖြင့် ရောနှောသော ရုပ်, နာမ်ကိုသိမ်းဆည်းခြင်းကို။ ကထေတုံ၊ ဟောတော်မူခြင်းငှာ-

ဟု ဆိုထားလေရာ ဓမ္မာနုပဿနာ ရှုရာတွင် (ရူပါရူပမိဿက) ရုပ်,နာမ်တို့ ရောနှော၍၊ ဝါ-ရုပ်ရော,နာမ်ရော ရှုရမည်ကိုဆိုပြီးမှ ခန္ဓာ ငါးပါးဖြင့်ထပ်၍ ဝေဖန်သရုပ်ခွဲခြင်းသည် စင်စစ် မတော်မှန်ချေ။

ထိုအဋ္ဌကထာတို့အဆိုကိုအခိုင်အမာယူ၍ ပြောဟော,ရေးသားကြသော ပုဂ္ဂိုလ်များအတွက် ရုပ်,နာမ်နှစ်ပါး ဘုရားဟောသောခန္ဓာငါးပါးလုံးကိုပင်မယူတော့သည့်အတွက် သာသနာ့လုပ်ငန်းတွင် အနှောင့်အယှက်ကြီးတခု ဖြစ်နေလေသည်၊ ထို ဓမ္မာနုပဿနာတွင် ရှေးဦးစွာဟောသော နီဝရဏပဗ္ဗကို ဖော်ပြပေအံ့။

မဂ်-ဖိုလ်မရ နီဝရဏ

'မဂ်-ဖိုလ်-နိဗ္ဗာန်ကို သော်၎င်း, မဂ်-ဖိုလ်-နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကိုသော်၎င်း တားဆီးတတ်, ပိတ်ပင်တတ်သောတရားကိုနီဝရဏဟုပါဠိကဆိုလေသည်၊အမှန်မှာ တားမြစ်ပိတ်ပင်တတ်သည်ဟုဆိုရာတွင် ကုသိုလ်တရားဟူသမျှကိုလည်းတားမြစ်ပိတ်ပင်လေသေးသည်၊ယင်းနီဝရဏဟူသည့်တရားမျိုးသည် အကုသိုလ်အစုတို့ ဖြစ်၍ သဘောတရားကိုသာ ရှုကြည့်ရသည့် ဓမ္မာနုပဿနာသည် ထို အကုသိုလ် အစုဖြစ်သော နီဝရဏတို့ကို ပယ်နိုင်, ဖြတ်နိုင်ရန် ရှေးဦးစွာ လုပ်ငန်းတရပ်အနေနှင့် သတ်မှတ်ဟောကြားလေသည်။

အကုသလရာသီတိ ဘိက္ခဝေ ဝဒမာနော ပဉ္စနီဝရဏေ သမ္မာဝဒမာနော ဝဒေယျ၊ ကေဝလောဟာယံ ဘိက္ခဝေ အကုသလရာသိ ယဒိဒံ ပဉ္စ နီဝရဏာ။ (အင်္ဂုတ္တရပါဠိတော် အကုသလရာသိသုတ်-၅၇)

'ချစ်သားတို့- အကုသိုလ်အစုဟု ပြောလိုသောသူသည် အမန်အတိုင်း ပြောဆိုလိုမူ နီဝရဏငါးမျိုးကိုပြောဆိုက အမှန်ကို ကောင်းစွာ ပြောခြင်းဖြစ်ပေသည်။'

www.dhammaransi.com

အလုံးစုံသော အကုသိုလ်စု မကောင်းမှုတို့ဖြစ်၍ ထိုတရားတို့ ဖြစ်လာလျှင် ဖြစ်ပေါ်လာသော သဘောတရားတို့ကို စောင့်၍ရှုရမည့်(ဓမ္မာနုပဿီ)ယောဂီသည် ထိုသဘောတရားတို့ ဖြစ်ပျက်နေသည်ကို ဉာဏ်ဖြင့် သိနေလိုက်ရသည်၊ ဤသည်ကို မဂ္ဂင်အလုပ်, သတိပဋ္ဌာန် အလုပ်ဟု ဆိုလေသည်။

၁။ **ကာမစ္ဆန္ဒနီဝရဏ**- အာရုံငါးပါးကာမဂုဏ်တရားကို လိုလားနှစ်သက်မှုဟူသော ပိတ်ဆို့တားမြစ်တတ်သော တရား။

၂။ ဗျာပါဒနီဝရဏ- ပျက်စီးစေလိုမှုဟူသော ပိတ်ဆို့တားမြစ်သော တရား။

၃။ ထိနမိဒ္ဓနီဝရဏ- အိပ်ခြင်း, ငိုက်မြည်းခြင်းဟု ဆိုအပ်သော လေးလံထိုင်းမှိုင်းမှုဟူသည့် ပိတ်ဆို့တားမြစ်တတ်သော တရား။

၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ- ပျံ့လွင့်ခြင်း, နောင်တပူပန်ခြင်း ဟူသော ပိတ်ဆို့ တားမြစ်တတ်သော တရား။

၅။ ဝိစိကိစ္ဆာနီဝရဏ-ယုံမှားခြင်း ဟူသော ပိတ်ဆို့ တားမြစ်တတ်သောတရား။

ဤငါးပါးသောတရားတို့သည် မကောင်းမှုအစုတို့ဖြစ်၍ ၎င်းတို့ကို ပယ်နိုင်ရန်အတွက် ထိုတရားတို့ကို လေ့လာကြည့်လျှင်....

ကာမစ္ဆန္ဒ နီဝရဏ - ဟူသည် အာရုံငါးပါး ကာမဂုဏ် တရားကို လိုလားနှစ်သက် တပ်မက်မှုဖြစ်သည်၊ယင်းသို့ တပ်မက်ရာတွင် အဋ္ဌကထာ၌ (အယောနိသော မနသိကာရ) နှလုံးသွင်း မှားသောကြောင့်ဟု ဆိုသည်၊ အဘယ့်ကြောင့် နှလုံးသွင်းမှားရသနည်း၊ကျွန်ုပ်တို့အမြင်တွင် အာရုံနိမိတ်ပါ မှားသောကြောင့် နှလုံးသွင်း မှားသည်၊ အသုဘနိမိတ်ကို သုဘနိမိတ်ဟု ယူသော ကုလ္လထေရ်သည် ထို သုဘနိမိတ်ဟု ထင်လာသောကြောင့် နှလုံးသွင်းမှားပုံကို ထေရအဋ္ဌကထာပြရာ၌....

'ထို ကုလ္လထေရ်သည် ကာမ ရာဂတို့ ပွားစီး သည်ဟု သိတော်မူသော မြတ်စွာဘုရားသည် သုသာန်သို့ အသုဘ ရှုရန် လွှတ်လိုက်လေသည်၊ သုသာန်တွင် အသုဘရှုရာမှပြန်လာသော ကုလ္လထေရ်အား ကာမရာဂ

www.dhammaransi.com

တရားတို့သည် ထပ်၍တဖန်ဖြစ်လာပြန်သော် တနေ့သ၌ မြတ်စွာဘုရားသည် ကုလ္လထေရ်ကိုခေါ်၍ သုသာန်သို့သွားရောက်ပြီးလျှင် မကြာမီကမှ သေ၍ အရေအဆင်း မပျက်စီးမချွတ်ယွင်းသေးသော မိန်းမငယ်အလောင်းတခုကို ဖန်ဆင်း၍ အသုဘရှုစေရာတွင်....

တဿ တံ ဒိဋ္ဌမတ္တဿ ဇီဝမာနဝိသဘာဂဝတ္ထုသ္မိံ ဝိယ သဟသာ ရာဂေါ ဥပ္ပဇ္ဇတိ။ (ထေရဂါထာ အဋ္ဌကထာ-၉၁)

တဿ၊ ထိုကုလ္လထေရ်အား။ တံ၊ မကြာမီက သေလေသော ထိုမိန်းမငယ်၏ ရုပ် အဆင်းကို။ ဒိဋ္ဌမတ္တဿ၊ မြင်ဆဲကာလ ခဏ၌။ ဇီဝမာနဝိသဘာဂဝတ္ထုသ္မိံ ဝိယ၊ အသက်ရှင်လျက်နေသောချစ်စရာမိန်းမပျို၌ကဲ့သို့။ သဟသာရာဂေါ၊ လျင်မြန်စွာသောတပ်မက်မှုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤတွင် အာရုံနိမိတ် မှားသည်က ရှေးဦးစွာ၊ နှလုံးသွင်း မှားမှုက နောက်မှဖြစ်လေသည်၊ လူသေကို အသက်ရှိနေသော မိန်းမပျိုဟု အာရုံနိမိတ်မှားပြီးမှ ထို အာရုံနိမိတ်ကို အကြောင်းပြု၍ ချစ်စရာ, ခင်စရာ စသော တဏှာရာဂ ကိလေသာကာမ ဖြစ်လေသည်၊ ထို့ကြောင့် မြတ်စွာဘုရားသည်လည်း....

သုဘနိမိတ္တံ ဘိက္ခဝေ အယောနိသော မနသိကရောတော အနုပ္ပန္နောစေဝ ကာမစ္ဆန္ဒော ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နောစ ကာမစ္ဆန္ဒော ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တတိ။

ဟု ဟောတော်မူသည်။

(အင်္ဂုတ္တရပါဠိတော်၊ ဧကနိပါတ်၊ နီဝရဏပဟာနဝဂ်-၂)

ဘိက္ခဝေ၊ချစ်သားတို့။ သုဘနိမိတ္တံ၊တင့်တယ်သည်ဟုထင်သော အာရုံနိမိတ်မှားကို။ အယောနိသော မနသိကရောတော၊ ဖောက်ပြန် မှားယွင်းစွာ မသင့်မတော်သော နှလုံးသွင်းမှားသူအား။ အနုပ္ပန္နာစေဝ၊ မဖြစ်ပေါ်သေးသည်သာလျှင် ဖြစ်သော။ ကာမစ္ဆန္ဒော၊ ကာမတရား၌ လိုလား နှစ်သက်မှုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥပ္ပန္နောစ၊ ဖြစ်ပေါ်လျက်ရှိသည်သာလျှင်ဖြစ်သော။ ကာမစ္ဆန္ဒော၊ ကာမတရား၌လိုလားနှစ်သက်မှုသည်။ ဘိယျောဘာဝါယ၊ လွန်စွာပွားများခြင်းငှာ။ ဝေပုလ္လာယ၊ ပြန့်ပြောခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

www.dhammaransi.com

သို့ဖြစ်၍ အာရုံနိမိတ်လည်းမှား၊ နှလုံးသွင်းလည်းမမှန်က ကာမစ္ဆန္ဒ သာမက ကိလေသာအားလုံးပင် ဖြစ်ကြောင်း ဗျာပါဒနီဝရဏ စသော မင်္ဂ-ဖိုလ်-နိဗ္ဗာန် ကုသိုလ်တရားတို့ကို ပိတ်ပင်တားမြစ်တတ်သော နီဝရဏ ဟူသည့်တရားတို့ ဖြစ်လာ၊ ပေါ်လာသည်ရှိသော် မြတ်စွာဘုရားက....

ဣမေသံ ခေါ ဘိက္ခဝေ ပဉ္စန္နံ နီဝရဏာနံ အဘိညာယ ပရိညာယ ပရိက္ခယာယ ပဟာနာယ အယံ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဘာဝေတဗ္ဗော။ (မဟာဝဂ္ဂသံယုတ်ပါဠိတော် နီဝရဏသုတ်-၅၆)

ဘိက္ခဝေ၊ချစ်သားတို့။ ခေါ၊ စင်စစ်။ပဉ္စန္နံ၊ငါးပါးကုန်သော။ဣမေသံ နီဝရဏာနံ၊ ဤ နီဝရဏတို့ကို။ အဘိညာယ၊ထူးဖြင့်သိခြင်းငှာ။ ပရိညာယ၊ပိုင်းပိုင်းသိခြင်းငှာ။ ပရိက္ခယာယ၊ကုန်ခန်းချုပ်ငြိမ်း ရုပ်သိမ်း ခြင်းငှာ။ ပဟာနာယ၊ အမြစ်ပြတ် ပယ်ခြင်းငှာ။ အဋ္ဌင်္ဂိကော၊ အင်္ဂါ ရှစ်ပါးရှိသော။ အရိယော၊မြင့်မြတ်ဖြူစင်သော။ အယံမဂ္ဂေါ၊ဤမဂ္ဂင် ရှစ်ပါး အသိတရားကို။ ဘာဝေတဗ္ဗော၊ပွားများအပ်၏။ ဟူ၍၎င်း....

ဣမေသံ ခေါ ဘိက္ခဝေ ပဉ္စန္နံ နီဝရဏာနံ ပဟာနာယ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။ (အင်္ဂုတ္တရပါဠိတော်၊ နီဝရဏသုတ်-၂၅၀)

ဘိက္ခဝေ၊ချစ်သားတို့။ ခေါ၊စင်စစ်။ ပဉ္စန္နံ၊ငါးပါးကုန်သော။ ဣမေသံ နီဝရဏာနံ၊ ဤနီဝရဏတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တရားတို့ကို။ ဘာဝေ တဗ္ဗာ၊ ပွားများအားထုတ်အပ်ကုန်၏။

(နီဝရဏနှင့်ပတ်သက်၍ ပွားကြောင်း၊နီဝရဏခွာကြောင်းတရားတို့ကို မဟာဝဂ္ဂသံယုတ်ပါဠိတော်, ဣတိဝုတ်ပါဠိတော်, ပေဋကောပဒေသ ပါဠိတော် စသည်တို့တွင် အများအပြားပင် လာသည်၊ အထူးသဖြင့် သုတ်သီလက္ခန်ပါဠိတော်နှင့် မူလပဏ္ဏာသဋ္ဌကထာတို့ဟှာင် နီဝရဏပယ် သဖြင့် မည်သို့-မည်ပုံ အကျိုးထူးတရားတို့ရရှိကြောင်း ဥပမာများနှင့် လာသည်၊ ဖော်ပြလိုပါသော်လည်း ကျယ်ဝန်းပြီး လုပ်ငန်းမတွင်ရှိမည် ကြောင့် မဖော်ပြလိုက်ပါ၊ အလိုရှိသောပုဂ္ဂိုလ်များ ထိုထို ပါဠိတော် အဋ္ဌကထာတို့တွင် ယူတော်မူကြပါရန်။)

www.dhammaransi.com

နီဝရဏတရား ငါးပါးတို့ကို ဓမ္မာနုပဿနာပရမတ် သဘောရှုရန် မြတ်စွာဘုရား ဟောတော်မူသည်မှာ 'မဂ္ဂင်နည်း, သတိပဋ္ဌာန်နည်း'နှင့် ပယ်ရန်ဖြစ်သည်၊ အလုံးစုံသော အကုသိုလ် ကိလေသာတို့ ဖြစ်ရသည်မှာ 'ပညတ်အာရုံပေါ်တွင် နှလုံးသွင်းမှု မှားသောကြောင့်'ဟု ကျွန်ုပ်တို့အခိုင် အမာဆိုထားသည်၊ ယခု ကာမစ္ဆန္ဒ နီဝရဏဖြစ်သော အာရုံငါးပါးတွင် တပါးပါး၌ တပ်မက်မှုဖြစ်သည်ကစ၍ 'တံ တတ္ထ သံယောဇနံ'ဟူသကဲ့သို့ အမြင်အာရုံ(ရူပါရုံ)ကို ပညတ်အနေအားဖြင့် ယောကျ်ားဟူ၍ရင်း,မိန်းမ ဟူ၍ရင်း၊အသွင်အပြင်အမူအရာလက္ခဏာအားဖြင့်ပြုံးဟန်,ရယ်ဟန်စသည် အားဖြင့်ရင်း ထိုထို ပညတ်ကိုအာရုံပြုလာလျှင် ချစ်ခင် နှစ်သက်ဖွယ်ရာ, တပ်မက်တွယ်တာဖွယ်ရာ (နှလုံးသွင်းမှားချိန်တွင်) ကာမရာဂ, ကာမစ္ဆန္ဒ ဖြစ်လေသည်၊ ထိုအခါတွင်....

အတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒော။

'ငါ့မှာ-ငါ၏ကိုယ်ထဲမှာ လိုချင်တပ်မက်မှု ဖြစ်နေတယ်,ရှိနေတယ်' ဟု သိရမည်၊ ကာမရာဂ, ကာမစ္ဆန္ဒတို့ မရှိသောအခါ,မဖြစ်သောအခါ၌ လည်း...

နတ္ထိ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒော။

'ငါ့မှာ-ငါ၏ကိုယ်ထဲမှာ လိုချင်တပ်မက်မှု မရှိပါလား, မဖြစ်ပါ လား'ဟု သိရမည်။

ဤသို့ အစရှိသောနည်းများဖြင့် နီဝရဏတရား, ကိလေသာတရား တို့ကို မပယ်နိုင်သေးသော ပုဂ္ဂိုလ်များအတွက် ပညတ် အာရုံပေါ်တွင် နှလုံးသွင်းမှားမှုကြောင့် ဖြစ်သင့်သော နီဝရဏတို့ အကြောင်းအားလျော် စွာ ဖြစ်ကြပုံကိုသိတော်မူသော,မြင်တော်မူသော သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားသည် သရုပ်အနေအားဖြင့် ငါးပါးဖြစ်ကြောင်းဟောတော် မူသည်။

မည်သို့ဆိုစေ တရားအားထုတ်သော ယောဂီအနေနှင့်မူ ဤအမည် တို့ကိုရင်း, ဤ သရုပ်တို့ကိုရင်း ကွဲပြားစွာ နားလည်ထားရန်, သို့မဟုတ် ကျက်မှတ်ထားရန်မလိုပေ၊လိုအပ်သည်မှာကား တရားအားထုတ်သူယောဂီ သည် ဖောက်ပြန်မှု(ရုပ်)တရားနှင့်သိမှု(နာမ်)တရားတို့ကိုသာ ရေလည်စွာ သဘောပေါက်ထားရန် လိုအပ်သည်။

www.dhammaransi.com

ဖောက်ပြန်တတ်သော သဘောတရား တို့သည် ပျက်သွားသည်၊ သိတတ်သော သဘောတရားတို့လည်း ပျက်သွားသည်ဟု ရှုတတ်နေလျှင် အာရုံဝတ္ထု တိုက်ဆိုင်မှုကြောင့်ဖြစ်ပေါ်လာရသော သဘောတရားတို့သည် 'ပျက်သည်ချည်းသာ'ဟူ၍ရှုနေက ဖြစ်ပေါ်လာသောအာရုံ၌ တပ်မက်မှု, သာယာမှု, ကပ်ငြိမှုတို့ကိုလည်း ရှုပြီးသား ဖြစ်သွားသည်၊ ထို့ကြောင့် မြတ်စွာဘုရားသည်....

သမုဒယ ဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။

ဖြစ်ပေါ်လာသော နီဝရဏတရားတို့၌ ၎င်းတို့၏ ဖြစ်ခြင်းသဘော ကို ရှုနေသည်။

ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။

ဖြစ်ပေါ်သောသဘောတရားတို့၌ ပျက်ခြင်းသဘောကိုရှုနေသည်။

သမုဒယ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။

ထို သဘောတရားတို့၏ ဖြစ်ခြင်း,ပျက်ခြင်းသဘောကို ရှုနေသည်။

ဝိပဿနာပရမတ်နယ်၏ထုံးစံအတိုင်း အာရုံဝတ္ထု တိုက်ဆိုင်မှုတခုခု ကြောင့် ဖြစ်လာ ပေါ်လာသော သဘောတရားမှန်သမျှတို့၏ မိမိဉာဏ်၌ ဖြစ်,ပျက်သဘောတခုကိုသာစွဲမြဲထားပါက မသိနိုင်စရာအကြောင်းမရှိပေ၊ ရှုကွက်သည် ပရမတ်ရုပ်,နာမ်တခုခုဖြစ်သည်၊ရှုသိသောဉာဏ်က ထိုပရမတ် ရုပ်,နာမ်ပေါ်မှာ နှလုံးသွင်းမှန်မှန်နှင့် ဉာဏ်ကျရောက်နေဖို့သာ အရေး ကြီးသည်။

ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ။

အလုံးစုံဖြစ်သဘောမှန်သမျှအားလုံးသည် ပျက်နေ,ချုပ်နေသည်။

ဤပါဠိသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်၏ဆောင်ပုဒ်ဖြစ်လေသည်၊ ဝိပဿနာရှုရာတွင် ပရမတ်ကို သဘောပေါက်ထားလျှင် ကာယ,ဝေဒနာ, စိတ္တ,ဓမ္မ မည်သည့် သတိပဋ္ဌာန်မဆို ရှုတတ်လေသည်၊ ပရမတ်ကို သဘော မပေါက်လျှင် ရုပ်,နာမ်ပင် ကွဲမည်မဟုတ်၊ ပရမတ်ဖြစ်သော ဖောက်ပြန်မှု သဘောတရား, သိမှုသဘောတရား တို့ကို မိမိကိုယ်၌ ယုံကြည်မှု, ရနေမှု 'ကာမစ္ဆန္ဒ,ဗျာပါဒ,ထိနမိဒ္ဓ,ဥဒ္ဓစ္စကုက္ကုစ္စ,ဝိစိကိစ္ဆာ'ဟူသော နီဝရဏတို့ကို သရုပ်လက္ခဏာအနေနှင့်မသိစေကာမူ ဖြစ်လာ,သိလာသမျှ အပျက်ချည်း သာ ရှုနေက ဓမ္မာနုပဿနာ(သဘောတရား)ရှုနည်းပင် ဖြစ်ပေသတည်း။

နီဝရဏပဗ္ဗအခန်း ပြီး၏။

ဓမ္မာနုပဿနာ

●

၂–ခန္ဓပဗ္ဗ

၂၀–ပါဠိတော်။ ပုနစ ပရံ ဘိက္ခဝေ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ ဣဓ ဘိက္ခဝေ ဘိက္ခု ဣတိရူပံ၊ဣတိရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော။ လ ။နစ ကိဉ္စိ လောကေ ဥပါဒိယတိ၊ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။

၂၀–အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ ပုနစ၊ တဖန်လည်း။ အပရံ၊ တမျိုးတဖုံ ရှုရပုံကား။ ဘိက္ခု၊ သံသရာကိုဘေးဟုမြင်တတ် ယောဂီ မြတ်သည်။ ပဉ္စသု၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ အစွဲ အလမ်း၏ အာရုံဖြစ်ကုန်သော။ ဓမ္မေသု၊ ပရမတ် သဘောတရား တို့၌။ ဓမ္မာနုပဿီ၊ ပရမတ်သဘောတရားတို့ကို အဖန်ဖန် ရှုလေ့ ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဘိက္ခဝေ၊ ချစ်သားတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဘိက္ခု၊ သံသရာကို ဘေးဟုမြင်တတ် ယောဂီမြတ်သည်။ ပဉ္စသု၊ ငါးပါး ကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ အစွဲအလမ်း၏အာရုံဖြစ်ကုန်သော။ ဓမ္မေသု၊ ရုပ်,နာမ်နှစ်ပါးသဘောတရားတို့၌။ ဓမ္မာနုပဿီ၊ ပရမတ် သဘောတရားကို အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍။ ဝိဟရတိ ပန၊ နေသနည်းဟူမူ....။

ဘိက္ခဝေ၊ချစ်သားတို့။ ဣဓ၊ ဤဘုရား အဆုံးအမ၌။ ဘိက္ခု၊ သံသရာကို ဘေးဟုမြင်တတ် ယောဂီမြတ်သည်။ "ဣတိ၊ဤသည် **ကား။ ရူပံ၊ဖောက်ပြန်သော**သဘောတည်း။ ဣတိ၊ဤသည်**ကား။** ရူပဿ၊ **ဖောက်ပြန်မှု၏။** သမုဒယော၊ ဖြစ်ခြင်းတည်း။ ဣတိ၊ ဤသည်**ကား။ ရူပဿ၊ ဖောက်**ပြန်မှု၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်း တည်း**။ ဣတိ၊ ဤသည်ကား။ ဝေဒနာ၊ ခံစားသော်သဘောတည်း။**

www.dhammaransi.com

ဣတိ၊ ဤသည်ကား။ ဝေဒနာယ၊ ခံစားသော သဘော၏။ သမုဒယော၊ ဖြစ်ခြင်းတည်း။ ဣတိ၊ ဤသည်ကား။ ဝေဒနာယ၊ ခံစားသောသဘော၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းတည်း။ ဣတိ၊ ဤသည်ကား။ သညာ၊ မှတ်သောသဘောတည်း။ ဣတိ၊ ဤသည်ကား။ သညာယ၊ မှတ်သောသဘော၏။ သမုဒယော၊ ဖြစ်ခြင်းတည်း။ ဣတိ၊ ဤသည်ကား။ သညာယ၊ မှတ်သောသဘော၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းတည်း။ ဣတိ၊ ဤသည်ကား။ သင်္ခါရာ၊ ပြုပြင်မှုတို့တည်း။ ဣတိ၊ ဤသည်ကား။ သင်္ခါရာနံ၊ ပြုပြင်မှုသဘောတို့၏။ သမုဒယော၊ ဖြစ်ခြင်းတည်း။ ဣတိ၊ ဤသည်ကား။ သင်္ခါရာနံ၊ ပြုပြင်မှုသဘောတို့၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းတည်း။ ဣတိ၊ ဤသည်ကား။ ဝိညာဏံ၊ သိသဘောတည်း။ ဣတိ၊ ဤသည်ကား။ ဝိညာဏဿ၊ သိသဘော၏။ သမုဒယော၊ ဖြစ်ခြင်းတည်း။ ဣတိ၊ ဤသည်ကား။ ဝိညာဏဿ၊ သိသဘော၏။ အတ္ထင်္ဂမော၊ ချုပ်ခြင်းတည်း။

ဣတိ၊ ဤသို့။ အဇ္ဈတ္တံဝါ၊ မိမိ၏ အတွင်းသန္တာန်၌မူလည်း။ ဓမ္မေသု၊ ခန္ဓာသဘောတရားတို့၌။ ဓမ္မာနုပဿီ၊ ပရမတ်သဘောတရားတို့ကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါ ဝါ၊ သူတပါးဟူသောအပြင်အပသန္တာန်၌မူလည်း။ ဓမ္မေသု၊ ခန္ဓာသဘောတရားတို့၌။ ဓမ္မာနုပဿီ၊ ပရမတ် သဘောတရားတို့ကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ (ရှေးသို့-နီဝရဏ ပိုင်းနှင့် တူပြီ၊ ဓမ္မေသု-နေရာတွင် အစွဲအလမ်း၏ အာရုံဖြစ်သော ရုပ်,နာမ် သဘောတရားဟု ပြင်ရန်သာလိုသည်)။

၂၀-အဓိပ္ပာယ် ရှင်းချက် မြတ်စွာဘုရားသည် ပရမတ္ထသဘာဝကို တိုက်ရိုက်ရှုနိုင်သည်ဟူသော ဓမ္မာနုပဿနာသတိပဋ္ဌာန်တွင် ရှေးဦးစွာ နီဝရဏပဗ္ဗကို ဟောတော်မူပြီး သည့်နောက် (ခန္ဓပဗ္ဗ) ခန္ဓာ ငါးပါးကို ရှုရန်အပိုင်းကို ဆက်လက်၍ ဟောတော်မူလေသည်၊ ဓမ္မာနုပဿနာဟူသည် အရင်းခံအရှိဖြစ်သော သဘောတရားတို့ကို ၎င်းတို့၏ အရှိသဘာဝအတိုင်း ဉာဏ်ဖြင့်သိရသောအလုပ် ဖြစ်လေသည်၊ ဤ(ကာယ) ဟု ဆိုအပ်သောကိုယ်တွင်....

www.dhammaransi.com

'ရူပက္ခန္ဓာ'-ဖောက်ပြန်မှုအစု၊
'ဝေဒနာက္ခန္ဓာ'-ခံစားမှုအစု၊
'သညာက္ခန္ဓာ'-မှတ်မှုအစု၊
'သင်္ခါရက္ခန္ဓာ'-ပြုပြင်မှုအစု၊
'ဝိညာဏက္ခန္ဓာ'-သိမှုအစု၊

ဤငါးခုသည် ခန္ဓာဟူသော(ကာယ)ကိုယ်တွင်ရှိ အဖွဲ့အစည်းများပင် ဖြစ်လေသည်၊ ဤခန္ဓာဟူသော အစုတို့၏ အရှိသဘောကို အဘယ်သို့ အဖန်ဖန်ရှုနေရမည်နည်းဆိုသော် ရှေးဦးစွာအရှိသဘာဝ ဖြစ်သော တရားတို့ကို လေ့လာကြည့်ပါ။

'ရူပက္ခန္ဓာ' ဟူသည် ဗမာလို 'ဖောက်ပြန် တတ်သော သဘော ဖြစ်သည်'၊ ၎င်း၏ကိစ္စသည် ဖောက်ပြန်မှုဖြစ်၍ ဖောက်ပြန်မှုမှတပါးသော (ဝေဒနာက္ခန္ဓာ)ခံစားမှုကိစ္စကို သူမဆောင်ရွက်၊ သူ့ကိစ္စဖောက်ပြန်မှုကိုသာ ဆောင်ရွက် နေသည်၊ သူ့ အကြောင်းကို သိတော်မူ မြင်တော် မူသော မြတ်စွာဘုရားသည် 'ရူပံ ဘိက္ခဝေ အနတ္တာ' ချစ်သားတို့ ဖောက်ပြန်သောသဘောတရားစုကို မိမိတို့သဘောနှင့်ဖောက်ပြန်မှုတို့ ရပ်သွားအောင်၊ မဖောက်ပြန်အောင် လုပ်၍မရ၊တားမြစ် ကန့်ကွက်လို့ မရ၊ သူ့ကိစ္စ၊ သူ့အလုပ်မှ သွေဖည်သွားအောင် ပြုလုပ်၍ တားမြစ်၍ အမိန့်ပေး၍ မရလေသော ကြောင့် အစိုးမရသော 'သူ့သဘော'သာ ဖြစ်သည်ဟုဟောထားလေသည်။

'ဝေဒနာက္ခန္ဓာ' ဟူသည် ဗမာလို 'ခံစား တတ်သော သဘော ဖြစ်သည်၊ ၎င်း၏ကိစ္စသည်လည်း ခံစားမှုသာဖြစ်၍ ခံစားမှုမှတပါးသော (ရူပက္ခန္ဓာ-သညာက္ခန္ဓာ-သင်္ခါရက္ခန္ဓာ-ဝိညာဏက္ခန္ဓာ)မှတ်မှု၊ ပြုပြင်မှု၊ သိမှု၊ ဖောက်ပြန်မှုတို့ကို မဆောင်ရွက်ချေ၊ သူ့ကိစ္စ ခံစားမှုကိုသာ ခံစားခြင်းဖြင့် သူ့ကိစ္စအတွက် သူလုပ်နေသည်၊ ထိုခံစားမှု (ဝေဒနာ)၏ အကြောင်းကို သိမြင်တော်မူသော မြတ်စွာဘုရားသည် 'ဝေဒနာ အနတ္တာ' ချစ်သားတို့ ခံစားတတ်သော သဘောတရားစုကို မိမိတို့သဘောနှင့်ခံစားမှုတို့ ရပ်သွားအောင်၊ မဖောက်ပြန်အောင် လုပ်၍မရ၊ တားမြစ်ကန့်ကွက်လို့ မရ၊ သူ့ကိစ္စ သူ့အလုပ်မှ သွေဖည်သွားအောင် ပြုလုပ်၍ တားမြစ်၍ အမိန့်ပေး၍ မရလေသောကြောင့် အစိုးမရသော'သူ့သဘော'သာ ဖြစ်သည်ဟု ဟောတော်မူထားသည်။

www.dhammaransi.com

'သညာက္ခန္ဓာ' ဟူသည် ဗမာလို'မှတ်တတ်သောသဘောဖြစ်သည်' ၎င်း၏ကိစ္စသည်လည်း မှတ်မှုသာဖြစ်၍ မှတ်မှုမှတပါးသော (ရူပက္ခန္ဓာ-ဝေဒနာက္ခန္ဓာ-သင်္ခါရက္ခန္ဓာ-ဝိညာဏက္ခန္ဓာ)ဖောက်ပြန်မှု,ခံစားမှု,ပြုပြင်မှု, သိမှုတို့ကို မဆောင်ရွက်ချေ၊ သူ့ကိစ္စဖြစ်သော မှတ်မှုကိုသာ ဆောင်ရွက်လုပ်ကိုင်နေသည်၊ထိုမှတ်တတ်သော သဘောတရားကို သိမြင်တော်မူသော မြတ်စွာဘုရားသည် 'သညာ အနတ္တာ' ချစ်သားတို့ မှတ်တတ်သော သဘောတရားစုကို မိမိတို့သဘောနှင့်ရပ်သွားအောင်, မဖောက်ပြန်အောင် လုပ်၍မရ၊ တားမြစ်ကန့်ကွက်လို့ မရ၊ သူ့ကိစ္စ သူ့အလုပ်မှ သွေဖည်သွားအောင် ပြုလုပ်၍,တားမြစ်၍, အမိန့်ပေး၍မရလေသောကြောင့် အစိုးမရသော 'သူ့သဘော'သာ ဖြစ်သည်ဟု ဟောတော်မူထားလေသည်။

'သင်္ခါရက္ခန္ဓာ' ဟူသည် ဗမာလို 'ပြုပြင်တတ်သော သဘောဖြစ်သည်'၊ ၎င်း၏ကိစ္စသည်လည်း ပြုပြင်မှုသာဖြစ်၍ ပြုပြင်မှုမှတပါးသော (ရူပက္ခန္ဓာ - ဝေဒနာက္ခန္ဓာ - သညာက္ခန္ဓာ - ဝိညာဏက္ခန္ဓာ) ဖောက်ပြန်မှု, ခံစားမှု,မှတ်မှု,သိမှုတို့ကို မဆောင်ရွက်ချေ၊သူ့ကိစ္စဖြစ်သော ပြုပြင်မှုကိုသာ ဆောင်ရွက်လုပ်ကိုင်နေသည်၊ ထိုပြုပြင်တတ်သော သဘောတရားကို သိမြင်တော်မူသော မြတ်စွာဘုရားသည် 'သင်္ခါရာ အနတ္တာ'၊ ချစ်သားတို့ ပြုပြင်တတ်သောသဘောတရားစုကို မိမိတို့သဘောနှင့် ရပ်သွားအောင်,မဖောက်ပြန်အောင် လုပ်၍မရ၊တားမြစ်ကန့်ကွက်လို့မရ၊သူ့ကိစ္စ သူ့အလုပ်မှသွေဖည်သွားအောင် ပြုလုပ်၍, အမိန့်ပေး၍, တားမြစ်၍ မရလေသောကြောင့် အစိုးရမသော 'သူ့သဘော'ဖြစ်သည်ဟု ဟောတော်မူထားလေသည်။

'ဝိညာဏက္ခန္ဓာ' ဟူသည် ဗမာလို'သိတတ်သောသဘောဖြစ်သည်'၊ ၎င်း၏ ကိစ္စ သည်လည်း သိမှုသာဖြစ်၍ သိမှုမှတပါးသော (ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ-သညာက္ခန္ဓာ-သင်္ခါရက္ခန္ဓာ) ဖောက်ပြန်မှု,ခံစားမှု,မှတ်မှု, ပြုပြင်မှုတို့ကို မဆောင်ရွက်ချေ၊ သူ့ကိစ္စဖြစ်သော သိမှုကိုသာ ဆောင်ရွက်လုပ်ကိုင်နေသည်၊ ထိုသိတတ်သော သဘောတရားကို သိမြင်တော်မူသော မြတ်စွာဘုရားသည် 'ဝိညာဏံ အနတ္တာ'၊ ချစ်သားတို့ သိတတ်သော သဘောတရားစုကို မိမိတို့သဘောနှင့်ရပ်သွားအောင်, မဖောက်ပြန်အောင် လုပ်၍မရ၊ တားမြစ်ကန့်ကွက်လို့ မရ၊ သူ့ကိစ္စ သူ့အလုပ်မှ သွေဖည်

www.dhammaransi.com

သွားအောင် ပြုလုပ်၍,အမိန့်ပေး၍,တားမြစ်၍ မရလေသောကြောင့် အစိုး မရသော ‘သူသဘော’ဖြစ်သည်ဟု ဟောတော်မူထားလေသည်။

‘ပဥ္စက္ခန္ဓာ အနတ္တာ’ ဗမာလိုပြန်သော်‘အစုငါးခုသည်သူ့သဘော’ ဤအချက်ကို သဘောပေါက်ထားက ခန္ဓာပိုင်းကို ဓမ္မာနုပဿနာ ရှုရာတွင် နေရာကျမည်၊ အကြောင်းကိုဆိုသော် ဖော်ပြထားသော (ခန္ဓ)အစုအပုံ ငါးခုသည် မိမိ၏ကိုယ်ပိုင် မိမိပိုင်ဖြစ်သည်ဟု ယုံကြည်ထားသူတို့ မည်သည့် ခန္ဓာတပါးပါးကိုမျှ မိမိတို့သဘောနှင့် ပြုပြင်၍ တားဖြစ်၍ မရလေသော ကြောင့် မိမိတို့အလိုမရှိသော အိုမှု,နာမှု,သေမှုတို့ ဆုံတွေ့ နေရလေပြီ၊ မိမိ သည် ငါဘဲ, ငါ့ကိုယ်ဘဲ စသည်ဖြင့်(ပရမတ်,အနတ္တ ဖြစ်သော ခန္ဓာကို) စွဲယူထားသည်၊တွယ်တာထားသည်၊ အခိုင်အမာဟုယူစွဲထားသည်၊ခန္ဓာ၏ ပင်ကိုသဘောသည် မည်သူက မည်သို့စွဲယူ တွယ်တာသည်ကိုမျှ ဂရုမစိုက် အမှုမထား၊ သူ၏သွားရာလမ်းကြောင်းဖြစ်သော ဖြစ်မှု,ပျက်မှုသဘောကို သာ ပြု၍ ချပ်ပြတ်နေသည်၊ အိုခြင်းကို ပြုသည်၊ နာခြင်းကို ပြုသည်၊

[redacted]

www.dhammaransi.com

ဟု အနက်ပြန်ဆိုခဲ့ရာ အလုပ်သဘောသို့ သက်ရောက်ပေပြီ၊ အချို့ အနက်ပြန်ကြရာတွင် သဘောတရားသို့ရောက်သော အလုပ်ဖြစ်သည့်အနေ မရောက်ပဲ အဋ္ဌကထာတို့ သရုပ်ခွဲပြသည့်အတိုင်းပြန်ဆိုထားသဖြင့် အလုပ် မဖြစ်ပေ၊(တနည်း)သရုပ်မကွဲပဲတရားအားမထုတ်နိုင်ဟူသော အစွဲအလမ်း ဖြစ်သွားလေသည်၊ အဋ္ဌကထာအဖွင့်တွင်....

ဣတိရူပန္တိ ဣဒံ ရူပံ, ဧတ္တကံရူပံ,န ဣတော ပရံ ရူပံ အတ္ထီတိ သဘာဝတော ရူပံ ပဇာနာတိ။

(မဟာဝဂ္ဂဋ္ဌကထာ-၃၇၃၊ မူလပဏ္ဏာသဋ္ဌကထာ-၂၉၁)

အနက်။ ဣတိရူပန္တိ၊ ဣတိရူပံဟူသည်ကား။ ဝါ၊ ဤကား ဖောက်ပြန်မှု တည်း ဟူသည်ကား။ ဣဒံ၊ ဤအစဉ်မတူ ပြောင်းလဲမှုသည်။ ရူပံ၊ ဖောက်ပြန်သော သဘောတည်း။ ဧတ္တကံ၊ ဤမျှ မငြိမ်မသက် ပြောင်းလဲချက်သည်။ ရူပံ၊ ဖောက်ပြန်သော သဘောတည်း။ ဣတော၊ ဤသို့မငြိမ်မသက်ပြောင်းလဲချက်မှ။ ပရံ၊ အခြားတပါး သော။ ရူပံ၊ ဖောက်ပြန်မှုဟု ခေါ်စရာတမျိုးသည်။ နအတ္ထိ၊ မရှိ တော့ချေ။ ဣတိ၊ဤသို့။သဘာဝတော၊ရုပ္ပနလက္ခဏာဖောက်ပြန် တတ်သောသဘောအားဖြင့်။ ရူပံ၊ဖောက်ပြန်မှုကို။ ပဇာနာတိ၊ သိ၏။

ဤသို့ အနက်ပေးခြင်းဖြင့် ဝိပဿနာရှုအပ်သော ပရမတ်သဘော ဖောက်ပြန်မှုကို ၎င်း၏သဘာဝအတိုင်း သိနေရသဖြင့် ဉာဏ်အလုပ် ဖြစ် လေပြီ။ ၎င်းပြင်....

ဘူတန္တိ ခန္ဓပဉ္စကံ၊ တံ ဟိ ပစ္စယသမ္ဘူတတ္တာ ပရမတ္ထတော ဝိဇ္ဇ မာနတ္တာ စ ဘူတန္တိ ဝုစ္စတိ။ ဘူတတော အဝိပရီတသဘာဝတော သလက္ခဏတော သာမညလက္ခဏတောစ ပဿတိ။

(ဇာတိဝုတ္တကဋ္ဌကထာ-၁၇၀)

ဘူတန္တိ၊ ဘူတံဟူသည်ကား။ ခန္ဓပဉ္စကံ၊ ခန္ဓာငါးပါး အပေါင်းတည်း။ ဟိသစ္စံ၊မှန်၏။တံ၊ထိုခန္ဓာငါးပါးသည်။ပစ္စယသမ္ဘူတတ္တာ၊အကြောင်း နှင့် တကွဖြစ်သည်၏ အဖြစ်ကြောင့်၎င်း။ ပရမတ္ထတော၊ အမှန်သဘော အားဖြင့်။ ဝိဇ္ဇမာနတ္တာစ၊ ထင်ရှားရှိသည်အဖြစ်ကြောင့်၎င်း။ ဘူတန္တိ၊ ဘူတံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘူတတော၊ ဟုတ်မှန်သော အတိုင်း။

www.dhammaransi.com

အဝိပရီတ သဘာဝတော၊ မပြောင်း မလဲသော သဘော အတိုင်း။ သလက္ခဏတော၊ ကိုယ်ပိုင် လက္ခဏာအတိုင်း။ သာမညလက္ခဏတော၊ အများနှင့်ဆိုင်သောလက္ခဏာအတိုင်း။ ပဿတိ၊ ရှု၏။

ခန္ဓာငါးပါး၏သဘာဝကို ဉာဏ်ဖြင့်အကဲခပ် ရှုမှတ်ရာ၌ ထို ခန္ဓာ ရုပ်,နာမ်၏ မူလ ပင် ကို သဘောသည် အကြောင်း ပစ္စည်း မကင်းသော သဘောလည်း ရှိသည်။ အမှန်သဘောလည်း ထင်ရှားရှိသည်၊ သို့ကြောင့် ဘူတဟုဆိုအပ်၏၊ထို့ကြောင့် မူလပဏ္ဏာသပါဠိတော်တွင်(ဘူတမိဒံဘိက္ခဝေ သမနုပဿထ)ဟု မြတ်စွာဘုရား ဟောတော်မူလေသည်။

ဘိက္ခဝေ၊ချစ်သားတို့။ ဣဒံဘူတံ၊ ဤခန္ဓာငါးပါး သဘောတရားကို။ သမနုပဿထ၊' ရှုကြကုန်လော့။

ဟု ဟောထားသည်၊ ထို ဘူတဟူသော သဘောကို ရှုသိနေသော ဉာဏ်သည် ဟုတ်မှန်သောသဘောအတိုင်းရင်း, မပြောင်းမလဲ မသွေမဖည် သော သဘောအတိုင်းရင်း, မိမိတို့၏ ကိုယ်ပိုင် လက္ခဏာ 'ဖောက်ပြန်မှု, ခံစားမှု, မှတ်မှု, ပြုပြင်မှု, သိမှု' ဟူသော သဘောအတိုင်းရင်း, အများနှင့် ဆိုင်သော သဘောအတိုင်းရင်း ရှုသည်ကို ပြ၏။

ဤ အဆိုများအရ ပါဠိတော်နှင့်အဋ္ဌကထာတို့တွင် ပရမတ်ရောက် အောင် အလုပ်ကိုညွှန်ပြပါလျက် နိဿျအနက် ညွှန်ပြချက်မှာ တမျိုးစီဖြစ် နေသောကြောင့် အလုပ်တွင် အံမဝင်ဂွင်မကျဖြစ်နေလေသည်၊ပုံစံပြရလျှင် အထက်ပါ အဋ္ဌကထာ၌....

ဣတိရူပန္တိ ဣဒံ ရူပံ၊ ဧတ္တကံ ရူပံ,န ဣတော ပရံ ရူပံ အတ္ထိ။

ရင်းအဋ္ဌကထာပါဌ်ကို ကျွန်ုပ်တို့ မြန်မာနိုင်ငံမှ အနက်ပေးပုံကို ကြည့်ပါ၊ လေ့လာပါ။

အနက်ကား။ ဣတိရူပန္တိ၊ ဣတိရူပံ ဟူသည်ကား။ ဣဒံ၊ ဤ ဘူတရုပ်, ဥပါဒါရုပ်၊ ဝါ-ဤမျှလောက် ၂၈-ပါး အတိုင်းအရှည် ရှိသော ဘူတရုပ်,ဥပါဒါရုပ်သည်သာလျှင်။ရူပံ၊ ရုပ်မည်၏။ ဧတ္တကံ၊ဤမျှ လောက် ၂၈-ပါးအတိုင်းအရှည်ရှိသော ဘူတရုပ်,ဥပါဒါရုပ်သည် သာလျှင်။ ရူပံ၊ရုပ်မည်၏။ ဣတော၊ဤ ၂၈-ပါးသော ဘူတရုပ်, ဥပါဒါရုပ်မှ။ ပရံ၊တပါးသော။ ဝါ၊ပိုလွန်သော။ ရူပံ၊ ရုပ်သည်။ န အတ္ထိ၊ မရှိတော့ချေ။

www.dhammaransi.com

ဤသို့ အနက် ပေးလိုက်သဖြင့် ရုပ် ရှုမည့်ယောဂီသည် ထို သရုပ် ၂၈-ပါးကွဲအောင် သင်္ဂြိုဟ်ကိုသင်ရချေဦးမည် ၊သင်ပြီးနောက် ထိုရုပ်ကို ခန္ဓာမှာ ရှာရပေဦးမည်။ ၎င်းပြင် နိုင်ငံကျော် ဝိပဿနာကျမ်းကြီး ပြုစု ရေးသားသည့် ဆရာတော်ကမူ ၎င်းကျမ်းကြီးတွင် ဓမ္မာနုပဿနာ ခန္ဓာ အကြောင်း ဖော်ပြရာ၌....

'ဣတိရူပံအရ ဘူတရုပ်,ဥပါဒါရုပ်စသောအမည်အားဖြင့်၎င်း,အတိတ် ရုပ်,အနာဂတ်ရုပ်စသော ၁၁-မျိုးအားဖြင့်၎င်း ဝိဘင်းပါဠိတော်လာ အတိုင်း(တနည်း)ဝိသုဒ္ဓိမဂ် ခန္ဓနိဒ္ဒေသလာအတိုင်း အမည်နှင့်သရုပ်တို့ ကို သိထားရန် ဦးစွာလေ့လာရာ၏'။

ထို့နောက် ထို ဖော်ပြသမျှရုပ်တို့၏ လက္ခဏသဘော, ရသ သဘော, ပစ္စုပဋ္ဌာန သဘောအားဖြင့် သိရှိရန် လေ့လာရာ၏၊'

ဟူ၍ ဖော်ပြလေရာ သရုပ်ကွဲရုံတွင်မက လက္ခဏ, ရသ, ပစ္စုပဋ္ဌာန် တို့ကိုပင် သိအောင် လေ့လာထားရမည်ဆိုသောကြောင့် တရားအားထုတ် သော ယောဂီသည် စာမတတ်လျှင်သော်၎င်း, သရုပ်မကွဲလျှင်သော်၎င်း, လက္ခဏ,ရသစသည် မသိလျှင်သော်၎င်း တရားမရ၊ အားမထုတ်လေနှင့်ဟု ဆိုရာရောက်ပေသည်၊ နောက် ထိုဆရာတော်၏ နိဂုံးချုပ် ဖော်ပြပုံမှာ....

ဤ ခန္ဓာ၅ပါးအတွက် ဓမ္မာနုပဿနာ နည်းဖြင့် ရှုပွားရန်မှာ ရှေးပြ ခဲ့ပြီးများထက်ပို၍ နက်နဲသိမ်မွေ့လှသဖြင့်"လူအများစုနှင့် မပတ်သက် တော့ပဲ (ကစ္စာန မထေရ် နှင့် သာရိပုတ္တမထေရ်) စသော ပညာဓာတ် အထူးရင့်သန်,ထက်မြက်လှသူတို့သာ ရှုပွားနိုင်သော လုပ်ငန်းတရပ်ဖြစ် နေ၍" (ပွားများနိုင်သူ အထူးရှားပါးလှသဖြင့်)အကျယ်ဆက်၍ မချဲ့ လိုတော့ပဲ ဤမျှဖြင့်ပင် ခန္ဓာအတွက် (ဓမ္မာနုပဿနာ ရှုပွားရေးကို) ပြီးဆုံးစေရတော့သည်'။

ဟု နိဂုံးချုပ်လေသည်၊ ဆိုလိုချက်မှာ.... ဤ ခန္ဓာကိုယ်ကို ဓမ္မာ နုပဿနာနည်းဖြင့် ရှုပွားရမည်ဆိုလျှင် ပရမတ်ကို ရှုရမည့်အလုပ်ဖြစ်နေ၍ အလွန်ပင် နက်နဲသိမ်မွေ့သောကြောင့် သာမန်လူများစုတို့ ရှုပွားရန်မဟုတ် မပတ်သက်ပဲ အလွန်ပညာဓာတ်ခံ ရင့်သန်ဘော် မူကြသည့် အ ရှင် မဟာ ကစ္စည်းမထေရ်, အရှင်သာရိပုတ္တရာတို့သာ ရှုနိုင်သောလုပ်ငန်းကြီး ဖြစ်ပေ သောကြောင့် ယခုလူတို့နှင့်မတန်၊ မရှုပွားနိုင်မည့်အတူတူဖြစ်၍ အကျယ် တဝင့် မရေးမည္ဃန်တော့ပဲ ဤမျှနှင့် ရပ်ဆိုင်းလိုက်သည်ဟူ၏။

www.dhammaransi.com

ဝိပဿနာရှုရမည့် တရား

ကျွန်ုပ်တို့သည် သတိပဋ္ဌာန်လေးပါး ဝိပဿနာ အသီးသီး ရှုရပုံတို့ကို ဖော်ပြခဲ့လေပြီ၊ ဝိပဿနာဉာဏ်ဖြစ်ရာ၌ 'ဓမ္မ' ဟူသော ပရမတ် သဘောတရားပေါ် ရောက်မှ ဝိပဿနာဖြစ်သည်ကို ကာယာနုပဿနာပိုင်းတွင်၎င်း, ဝေဒနာနုပဿနာ ပိုင်းတွင်၎င်း,စိတ္တာနုပဿနာပိုင်းတွင်၎င်း၊ ၎င်းတို့၏ဖြစ်မှု,ပျက်မှု သဘော တရားမျှကိုသာ (သမုဒယ ဝယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ, ဝေဒနာသု ဝိဟရတိ, စိတ္တသ္မိံ ဝိဟရတိ) ဟု ဟောတော်မူသည့် နည်းတူ 'ဓမ္မေသုဝိဟရတိ' ဟု ဓမ္မာနုပဿနာရှုပုံကိုလည်း ဟောထားပေရာ ပရမတ္ထ ဓမ္မသို့ ကာယ-ဝေဒနာ-စိတ္တ-ဓမ္မဟူ ပရမတ္ထဓမ္မဖြစ်သော ရုပ်-နာမ်တို့၏ သဘောတရား (ဖြစ်,ပျက်)ကို ရောက်အောင် သိအောင် ရှုရသည်ချည်း ဖြစ်သည်၊ ဓမ္မာနုပဿနာကား သိမ်မွေ့သည် ဟူရာ၌ အစတည်ရာတွင် ကာယ-ဝေဒနာ-စိတ္တတို့ကဲ့သို့ သူသိငါသိပညတ်နှင့် မတွဲဘဲ ပရမတ်သက်သက်ကို တိုက်ရိုက်ရှုရသဖြင့်သာ မိမိတို့မရင်းနှီးသေးသော ပရမတ်ဖြစ်၍ အသိခက်သည် မှန်၏၊ နောင်ရှုဖန် များလတ်သော် ထင်မြင်လွယ်သဖြင့် ပညတ်တွဲသော ကာယ-ဝေဒနာ-စိတ္တတို့ကိုပင် ပညတ်ကိုခွာရန် အပိုမလုပ် တော့ဘဲ သဘောတရားဓမ္မကိုပင် ရှုချင်ကြ၏။

မည်သည့် ကာယ-ဝေဒနာ-စိတ္တတို့ကဲ့သို့ ပညတ်တွဲ၍ ရှုခဲ့စေကာမူ ဝိပဿနာရှုရမည့် ပညာပိုင်းသို့ ရောက်လာလျှင်ကား သိမ်မွေ့နက်နဲပါသည် ဆိုသော ပရမတ္ထဓမ္မသို့(ဓမ္မာနုပဿနာအနေ)မရောက်လျှင် မဂ်သို့တက်မည် မဟုတ်တော့ပေ၊ဝိပဿနာရှုရာတွင် ဉာဏ်ကောင်း,ဉာဏ်မကောင်း မလိုချေ၊ လုံ့လကြိုးကုတ် အားထုတ်ဖို့သာ လိုသည်၊ဝိပဿနာဉာဏ်ဟူသည် အားထုတ် သောသူအားသာလျှင် ဖြစ်ကြောင်း....

ယောဂါ ဝေ ဇာယတေ ဘူရိ။

ဟု ဓမ္မပဒတွင် မြတ်စွာဘုရားသည် အရှင်ပေါဋ္ဌိလ မထေရ်ကြီး အား တိုက်တွန်းထားသည်။

ဘိက္ခု၊ ချစ်သားပေါဋ္ဌိလရဟန်း။ ယောဂါ၊ အားထုတ်ခြင်းကြောင့်။ ဘူရိ၊အသိပညာသည်။ဇာယတေ၊ဖြစ်၏။

ဟူ၍ ဟောတော်မူရာ တရား အားမထုတ်မီက ဘုရားသုံးဆူ တိုင်အောင် ပရိယတ္တိကို ဆောင်လာသော အရှင်ပေါဋ္ဌိလ၏ ဉာဏ်သည်

www.dhammaransi.com

သာမညတရားမပြက ပရမတ်ကိုသိသောဉာဏ် ဖြစ်မလာပေ၊ သာမည တရားပြသဖြင့် အားထုတ်လိုက်ကာမှ ပရမတ်ကို, မဂ်ကို,ဖိုလ်ကို သိလာရ သောကြောင့် မြတ်စွာဘုရားက ဤသို့ ညွှန်ပြတော်မူခြင်း ဖြစ်သည်....ကို သဘောပေါက်ပါက နည်းလမ်းကျနစွာ အားထုတ်လျှင် အရှင်မဟာ ကစ္စာယန, အရှင်သာရိပုတ္တရာတို့ကဲ့သို့ ပဋိသမ္ဘိဒါဉာဏ်ပင် မရသော်လည်း ရဟန္တာရိုးရိုးဖြစ်မှာ သေချာသည်။

ဤ ယခုဓမ္မာပဿနာခန္ဓာပိုင်းကို အဓိပ္ပာယ်ယူပြရာ၌ ရုပ်ဟူသော ပုဒ်အရကို သရုပ်သကန်ထုတ်ဖော်ရန်မလိုပဲ သဘောတရားမှန်ကိုသာအလုပ် သဘောသက်ရောက်ရန် အထူးလိုအပ်ကြောင်း သတိပြုရသည်၊ ခန္ဓာ၏ ပရမတ် သဘောကို ရှုမြင်နေသော ယောဂီ၏ အသိဉာဏ်တွင် 'ပထဝီ, အာပေါ'စသည်ဖြင့် သရုပ်ခွဲနေက တရားမရပဲ စိတ်ကူး ဝင်နေမည် ဖြစ်၍ သိရမည့်သဘောကိုသာ အဋ္ဌကထာတို့ ညွှန်ပြခြင်းဖြစ်သည်၊ ပါဠိတော်တွင် လည်း သဘောတရားကိုသာ ရည်ညွှန်းကြောင်းသိရန်....

> တတ္ထ ကတမော ရူပက္ခန္ဓော၊ ယံကိဉ္စိ ရူပံ အတီတာ နာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံ ဒူရေ သန္တိကေဝါ၊တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသင်္ခိပိတွာ အယံ ဝုစ္စတိ ရူပက္ခန္ဓော။
>
> (အဘိဓမ္မာဝိဘင်ပါဠိတော်-၁)

အနက်။ တတ္ထ၊ထိုခန္ဓာငါးပါးတို့တွင်။ရူပက္ခန္ဓော၊ဖောက်ပြန်မှုအစုသည်။ ကတမော၊အဘယ်နည်း။အတီတာ နာဂတပစ္စုပ္ပန္နံ၊အတိတ်,အနာဂတ်, ပစ္စုပ္ပန်လည်းဖြစ်သော။ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ၊ အတွင်းအပြင်လည်း ဖြစ်သော။ ဩဠာရိကံဝါ သုခုမံဝါ၊ ကြမ်းသည်, နူးညံ့ သည်လည်း ဖြစ်သော။ ဟီနံဝါ ပဏီတံဝါ၊ယုတ်သည်, မြတ်သည်လည်း ဖြစ်သော။ ယံဒူရေ သန္တိကေဝါ၊ ဝေးသည်,နီးသည်လည်းဖြစ်သော။ ယံကိဉ္စိရူပံ၊ အလုံးစုံသော ဖောက်ပြန်မှု အားလုံးသည်။ အတ္ထိ၊ ရှိ၏။ တံရူပံ၊ ထို ဖောက်ပြန်မှု မျိုးစုံကို။ ဧကဇ္ဈံ၊ တပေါင်းတည်း။ အဘိသညူဟိတွာ၊ ပေါင်းစု၍။ အဘိသင်္ခိပိတွာ၊ချုံး၍ ချဉ်း၍။ ဝုစ္စတိ၊ဆိုအပ်၏။အယံ၊ ဤသို့ သဘော တရားသို့ရောက်အောင် ပေါင်းစည်း၍ ယူခြင်းကို။ ရူပက္ခန္ဓောတိ၊ ဖောက်ပြန်မှုအစုဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

www.dhammaransi.com

ပါဠိတော်၌ အတိတ်, အနာဂတ် စသော တဆယ့်တပါးသော အခြင်းအရာအားဖြင့်မကြွင်းမကျန်အောင် မြတ်စွာဘုရား၏ဉာဏ်တော်အရ ဖော်ပြပြောကြားစေကာမူ ၎င်းတို့၏သိကြောင်း မှတ်ကြောင်း လက္ခဏာ အားဖြင့် 'ဖောက်ပြန်တတ်သောသဘောစု'ဟူ၍သာပေါင်းစု၍ သိရ,မှတ်ရ သော (ရူပက္ခန္ဓာ)ဖောက်ပြန်မှုအစုဟူ၍ ဟောတော်မူသည်ကို....

တတော ပရံ သဗ္ဗမ္ပေတံ ကောဒသသု ပဒေသေသု ပရိယာဒိယိတွာ ဒဿိတံ ရူပံ ဧကတော ပိဏ္ဍံ ကတွာ ဒဿေတုံ တဒေကဇ္ဈန္တိအာဒိ ဝုတ္တံ။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ-၆)

အနက်။ တတောပရံ၊ ထိုမှနောက်၌။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဧတံ၊ ထိုဖောက်ပြန်မှုအစုကို။ ကောဒသသု၊ တဆယ့်တပါးကုန်သော။ ပဒေသေသု၊ ညွှန်ပြ အပ်သော အကြောင်း တို့၌။ ပရိယာဒိယိတွာ၊ သိမ်းကျုံးစုယူ၍။ ဒဿိတံ၊ပြအပ်သော။ ရူပံ၊ဖောက်ပြန်သဘောကို။ ဧကတော၊ တပေါင်းတည်း။ ပိဏ္ဍံကတွာ၊ စုရုံးခြင်းကိုပြု၍။ ဒဿေတုံ၊ ပြတော်မူခြင်းငှာ။ တဒေကဇ္ဈန္တိ အာဒိ၊ တဒေကဇ္ဈံ-ဤသို့အစရှိသော စကားကို။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

၎င်းပြင်....

တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသင်္ခိပိတွာတိ တံ အတီတာ ဒီဟိ ပဒေဟိ ဝိသုံ ဝိသုံ နိဒ္ဒိဋ္ဌံ ရူပံ သဗ္ဗံ ရုပ္ပနလက္ခဏသင်္ခါတေ ဧကဝိဓဘာဝေ ပညာယ ရာသိံ ကတွာ ရူပက္ခန္ဓောတိ ဝုစ္စတိ။ (ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၃-၁၀၄)

အနက်။ တံ ထိုဖောက်ပြန်မှုအားလုံးကို။ ဧကဇ္ဈံ၊ တပေါင်းတည်းပြု၍။ အဘိသညူဟိတွာ၊ပေါင်းစု၍။အဘိသင်္ခိပိတွာတိ၊စုရုံး၍ ချုံး၍ ဆိုသည် ကား။ တံအတီတာဒီဟိ၊ထိုအတိတ်အစကုန်သော။ ပဒေဟိ၊ပုဒ်တို့ဖြင့်။ ဝိသုံဝိသုံ၊အသီးအသီး။ နိဒ္ဒိဋ္ဌံ၊ညွှန်းပြအပ်သော။ သဗ္ဗံရူပံ၊အလုံးစုံသော ရှိသမျှဖောက်ပြန်မှုကို၊ ရုပ္ပနလက္ခဏသင်္ခါတေ၊ ဖောက်ပြန်မှု (ရုပ္ပန) လက္ခဏာဟုဆိုအပ်သော။ ဧကဝိဓဘာဝေ၊ တခုတည်းသောအဖြစ်၌။ ပညာယရာသိံ ကတွာ၊ ပညာဖြင့်အစုပြု၍။ ရူပက္ခန္ဓောတိ၊ဖောက်ပြန်မှု အစုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

www.dhammaransi.com

သရုပ်အနေအားဖြင့် မည်မျှပြားစေကာမူ သဘောတရားကိုသာ ဝိပဿနာရှုရမည်ဖြစ်၍ မြတ်စွာဘုရား၏ အလိုတော်အရ သဘောတရား အနေ အားဖြင့် (ရုပ္ပနလက္ခဏာ) ဖောက်ပြန် တတ်သော သဘောစုဟု ယောဂီသိရန် ညွှန်ပြထားကြသည်မှာ အာဂမ-သဘာဝ နှစ်ပါး လုံးပင် သဘာဝကျလှပေသည်၊ ၎င်းပြင်....

သကသန္တတိယံ စတ္တာရိဘူတာနိ တဒနုသာရေန ဥပါဒါရူပါနိစ ပရိဂ္ဂဟေတွာ အယံ ရူပက္ခန္ဓောတိ ဝဝတ္ထပေတိ။

(မူလပဏ္ဏာသဋ္ဌကထာ -၇၅)

အနက်။ သကသန္တတိယံ၊ မိမိ၏ ခန္ဓာအစဉ်၌။ စတ္တာရိ၊ လေးပါးကုန်သော။ ဘူတာနိစ၊ ဘူတရုပ်တို့ကိုၸင်း။ တဒနုသာရေန၊ ထိုဘူတရုပ်အားလျော်သော။ဥပါဒါရူပါနိစ၊ ဥပါဒါရုပ်တို့ကိုၸင်း။ပရိဂ္ဂဟေတွာ၊ ပေါင်းစည်းယူ၍။ အယံ၊ ဤဖောက်ပြန်မှု မျိုးစုံကို။ ရူပက္ခန္ဓောတိ၊ ဖောက်ပြန်မှုအစုဟူ၍။ ဝဝတ္ထပေတိ၊ပိုင်းခြားမှတ်သား၏။

မည်သည့် ဖောက်ပြန်မှုမျိုးကိုမဆို ယောဂီ၏ မိမိခန္ဓာအစဉ်တွင် သိနိုင် မှတ်နိုင် လောက်သော သဘော တွေ့ရှိက ဤ သဘော တို့ သည် ဖောက်ပြန်မှုသဘောစုတို့ဟူ၍ သိပါဟု ဆိုလိုသည်။

ဤသို့အားဖြင့် ရုပ်သည်၎င်း, ရူပက္ခန္ဓာ သည်၎င်း 'ဖောက်ပြန်မှု သဘော'ဟူ၍သာ သိအပ်,မှတ်အပ်သကဲ့သို့ ဝေဒနာက္ခန္ဓာကိုလည်း 'ခံစားမှုသဘော'ဟုသာ သိရ,မှတ်ရ လေသည်၊ ဤိုအတူ သညာက္ခန္ဓာ ကိုလည်း 'မှတ်မှုသဘော'ဟုသိ၍ သင်္ခါရက္ခန္ဓာကိုလည်း 'ပြုပြင်မှုသဘော'ဟု သိရပြီးလျှင် ဝိညာဏက္ခန္ဓာကို 'သိမှုသဘော' ဟု သိနိုင်,မှတ်နိုင်က ခန္ဓာ ငါးပါး၏လက္ခဏာ ပင်ရင်းသဘာဝကို သိရောက်ပေသည်။

ကျွန်ုပ်တို့သည် ဤမဟာသတိပဋ္ဌာန်သုတ်ကိုမြန်မာပြန်ရာ၌ အလုပ်သဘောကိုဟောသော မြတ်စွာဘုရား၏ အလိုတော်အတိုင်း စွမ်းနိုင်သမျှ အလုပ်သဘောရောက်အောင် ပြန်ဆိုလာသည့်အတိုင်း 'ဣတိရူပံ' ဟူသော ပါဠိတော်ကို 'ဤကား-ဖောက်ပြန်မှုသဘော'ဟု မြန်မာပြန်ပြီးလျှင်အလုပ် အနေအားဖြင့် ယောဂီ၏ ခန္ဓာကိုယ်တွင် သူ့လက္ခဏာ သူဆောင်လျက် ပြောင်းလဲနေကြသော မငြိမ်မသက်မှု,မခိုင်မမြဲမှု တရွရွတလှုပ်လှုပ် စသော ရွေ့ရှားမှုစသည်မျိုးစုံ အဖုံဖုံသော ပြောင်းလဲမှုတို့ကို ၎င်းတို့၏ 'ကောဝိခ

www.dhammaransi.com

သဘာဝ'အားဖြင့်'ဖောက်ပြန်နေတယ်'ဟုသိ,သိသွားပါဟူလို၊ ၎င်းသဘောတို့သည် သူ့ကိစ္စ သူဆောင်ရွက်သော အားဖြင့် ဖောက် ပြန် နေ ခြင်း ဖြစ်ကြောင်း သဘောကျအောင် ဉာဏ်ကပ်၍သိနေဖို့ လိုသည်၊ ထိုသဘောတရား ပဒမတ်ကို သိပါမှ ဓမ္မာနုပဿနာ ရှုရာရောက်သည်။

'ဣတိ ရူပဿ သမုဒယော' 'ဤကား ဖောက်ပြန်မှု၏ ဖြစ်ခြင်းတည်း' အနက် ပြန်ခဲ့သည့် အတိုင်း ထိုဖောက်ပြန်မှုသည် 'အဝိဇ္ဇာ,တဏှာ, ဥပါဒါန်,ကံ ဟူသော ဟေတုအကြောင်း 'အာဟာရ' ဟူသော ပစ္စယအကြောင်းတို့ကြောင့် ဖြစ်သည်'ဟု အကြောင်းကို ဖော်သည်၊ ဤနေရာတွင် ဤ'ဖောက်ပြန်မှု'ကို ရှုနေသောယောဂီအား 'ဟေတု အကြောင်း ၄-ပါး၊ပစ္စယအကြောင်း ၁-ပါး၊ ပေါင်း ၅-ပါးတို့ကြောင့် ဖောက်ပြန်နေပါကလား'ဟု ရှုချိန်မရပေ၊ ရသည်ဆိုလျှင်လည်း စိတ်ကူးနယ်ကျယ်သွားမည်၊ဆင်ခြင်စဉ်းစားသောသဘောသို့ ရောက်ပေတော့မည်၊သို့အတွက် မည်သို့ ရှုမည်နည်း။

ဝိပဿနာရှုရာတွင် ပစ္စုပ္ပန်ကိုသာ ရှုရကြောင်း အားလုံးသိကြသည်၊ ပစ္စုပ္ပန်ဟူသည် လက်ငင်း တိုက်ဆဲ,တွေ့ဆဲ,ဖြစ်ဆဲသော သဘောတရားကို အသိနှင့်ကပ်လိုက်ကာ သိ,သိသွားရသော လုပ်ငန်းဖြစ်ရာ ထိုရုပ်တရားတို့၏ အဝိဇ္ဇာ အစရှိသော ဟေတု, ပစ္စယ အကြောင်းတွေကို တွေးတောနေပါက ပစ္စုပ္ပန်မကျတော့ပေ။

စင်စစ်မှာ ဤ ရုပ်,နာမ်သည် အကြောင်း တရား ကင်း၍ ဖြစ်သည် မဟုတ်ကြောင်းသိရန် ဟောထားချက်ဖြစ်၍ အောက်ပိုင်း(ပစ္စယ ပရိဂ္ဂဟ) အခြေခံတွင်ပင် ယုံကြည်မှုရထားပြီးဖြစ်ဖို့ လိုသည်၊ ယောဂီ၏ အသိဉာဏ်တွင် ထိုသဘောတရားတို့ 'ဖြစ်လာသည်-ဖြစ်နေသည်' ကိုသာ သိရန်လိုသည်၊ဖြစ်ရှိနေသော ဖောက်ပြန်မှုတခုသည် အကြောင်း အထောက်အပံ့ကြောင့်သာ ဖြစ်လာသည်၊ အကြောင်းကို လိုက်လံရှာဖွေစရာ မလိုချေ၊ လက်ငင်းဖြစ်နေမှုကို သိသောအနေနှင့် 'ဖောက်ပြန်နေတယ်-ဖောက်ပြန်နေတယ်'ဟု သိနေခြင်းသည် (ဣတိရူပဿ သမုဒယော) ဖောက်ပြန်မှုတို့ဖြစ်နေသည်ဟု သိခြင်းပင် ဖြစ်လေသည်၊ဖြစ်လာပုံ-ဖြစ်နေပုံကို တွေးမနေပါနှင့်၊ယောဂီ၏ကိစ္စ မဟုတ်ချေ၊ယောဂီသည် လက်ငင်း တွေ့ရှိနေသော သဘောတရားများကိုသာ တွေ့ရှိဆဲ,တွေ့ရှိခိုက် သိရုံသိဖို့ လိုသည်။

www.dhammaransi.com

'ဣတိ ရူပဿ အတ္ထင်္ဂမော' 'ဤကား ဖောက်ပြန်မှု၏ ချုပ်ခြင်း တည်း'ဟု အနက်ပြန်ခဲ့သည့်အတိုင်း ထိုဖောက်ပြန်မှု၏ချုပ်ခြင်းသည်လည်း ဖြစ်ကြောင်းတရား ငါးပါးတို့၏ ချုပ်ခြင်းမှာအမှန်ပင် ဖြစ်သည်၊ သို့ရာတွင် ထိုဖောက်ပြန်မှု၏ ချုပ်ခြင်းကိုသိအောင် ပစ္စုပ္ပန်ကျကျရှုရမည့်ယောဂီအဖို့ ယင်းအကြောင်းတရားတို့ကို စဉ်းစားရှာဖွေချိန် ရမည်မဟုတ်၊ ယောဂီ၏ ကိစ္စလည်း မဟုတ်သဖြင့် ယောဂီ၏ကိစ္စဖြစ်သော 'ဖောက်ပြန်မှုတို့ ပျက် နေတယ်'ဟု သိနေခြင်းသည်သာ ယောဂီကိစ္စ ဖြစ်သည်၊ ခန္ဓာကိုယ်၌ ရွရွ မွမွ ရှိန်ရှိန် သုတ်သုတ် စသော ဖောက်ပြန်မှုတို့ ဖြစ်နေသည်ကို ထပ်ကာ ထပ်ကာ သိနေရာမှ ထိုသဘောတရားတို့သည် ရိပ်ကနဲ ရှိန်ကနဲ ဖြစ်လျက် မရှိသော ပျက်သဘောသို့ ရောက်၍ ကုန်သွား ပျောက်သွား သည်ကို 'ပျက်နေတယ်'ဟု သိသိ နေခြင်း သည်ပင် လျှင် (ရူပဿ အတ္ထင်္ဂမော) ဖောက်ပြန်မှုတို့ ချုပ်ခြင်းကို သိနေသည်မည်၏။

ရှုပုံ-ရှုနည်း ဓမ္မာနုပဿနာတရား အားထုတ်မည့် ယောဂီသည် မိမိ၏ခန္ဓာ ငါးပါးအပေါင်းဖြစ်သော ကိုယ်၌ အသိစိတ်ကိုကပ်ထားပါ၊ ဆိုလိုသည်မှာ မိမိကိုယ်မှလွဲ၍ အပြင်ဖက်သို့စိတ်မသွားအောင် သတိနှင့် စောင့်ရှောက်ထားပါ၊ 'ဤခန္ဓာတွင်ရှိသော အမှန်သဘောတို့ကို အမှန် သိမည်'ဟု သဘောထား၍ အသိကပ်ထားသောအခါ ဤခန္ဓာ၏သဘော သည် နေရာမရွေး, အချိန်မရွေး, ဣရိယာပုထ်မရွေး(နဒီသောတော ဝိယ) မြစ်တွင် ရေစီးနေသလို တသွင်သွင်(ဒီပဇာလာဝိယ)ဆီမီးလျှံများ တက်နေ သလို တရှိန်ရှိန်နှင့် မပြတ်မပြတ် ဖောက်ပြန်နေသည်၊ ပြောင်းလဲနေသည်၊ ထိခိုက်နေသည်၊ နှိပ်စက်နေသည်၊ ပြိုကွဲနေသည်၊ ၎င်းတို့သည် မိမိက သော်၎င်း, သူတပါးကသော်၎င်း မည်သူက မည်သို့မျှ ပြုပြင်-ပြုလုပ်ပေး သည် မဟုတ်ပဲ ၎င်းတို့၏ သဘောအရသာ ဖောက်ပြန် ပြောင်းလဲ နေကြ သည်မို့(အနတ္တာ) 'သူ့သဘောသာဖြစ်ကြောင်း သေသေချာချာ ဉာဏ်နှင့် လေ့လာပါ။

ယင်းသို့ သူ့သဘောအတိုင်း ဖောက်ပြန်နေသည်, ပြောင်းလဲနေ သည်ကို အကဲခပ် လေ့လာနေသော မိမိ၏ အသိသည် အမှန် အတိုင်း 'ဖောက်ပြန်နေတယ်' ဟူ၍၎င်း 'ပြောင်းလဲနေတယ်'ဟူ၍၎င်း သိနေရမည် သာ ဖြစ်သည်၊ ဤသို့သိနေလျှင် ဤသို့ ဉာဏ်မြင်နေလျှင် ထိုယောဂီ၏

www.dhammaransi.com

အသိဉာဏ်သည် (ယထာဘူတဉာဏ်) အမှန် သဘောကို အမှန်အတိုင်း သိသောဉာဏ် ဖြစ်လေသည်။

ပါဠိကား....'ဘူတံ ဘူတတော ပဿတိ'။

မြန်မာပြန်....'အမှန်ကို အမှန်အတိုင်း ရှုမြင်၏'။

ဆောင်ပုဒ်။ ။'ရုပ်,နာမ်နှစ်ဝ၊ အနတ္တ၊ ဘူတဖြစ်လေသည်'။
'ဘူတဆိုရာ၊ ရုပ်,နာမ်မှာ၊ ဖြစ်ကာပျက်ဆုံးသည်'။
'ရုပ်,နာမ် လမ်းစဉ်၊ ဖြစ်ပျက်ပင်၊ တွင်တွင်သွားလေသည်'။
'ရုပ်,နာမ်သွားရာ၊ လမ်းကြောင်းသာ၊ ဉာဏ်ဟာ လိုက်ရမည်'။
'လိုက်ဉာဏ်သဘော၊ ဘူတတော၊ မိန့်ဟောခဲ့လေသည်'။
'ဣတိဝုတ္တံ၊ ပါဠိမှန်၊ ဗုဒ္ဓံဟောချက်ညီ'။

ဝိပဿနာ အားထုတ်သော ယောဂီသည် ခန္ဓာ၏ ပရမတ်အမှန်သဘောကို မသိ သိအောင် ထက်သန်သော သမ္မပ္ပဓာန် လုံ့လ ဝီရိယမျိုး ထားရမည်ဖြစ်သည်၊ သို့ရာတွင် ခန္ဓာ၏ ပရမတ်ကိုသိဖို့ အားထုတ်သော အသိသည် သက်သက်သာသာ ကြည်ကြည်လင်လင်ရှိဖို့ လိုသည်၊ လုံ့လ ဝီရိယထား၍ ရှုရမည်ဆို၍ တနာရီ-နှစ်နာရီ မထတန်း, ဣရိယာပုထ်မပြောင်းတန်း, မရွေ့တန်း, မပြောင်းတန်း ထားရမည်ကား မဟုတ်ပေ၊ လုံးဝ မဟုတ်ပေ၊ ထိုသို့ဣရိယာပုထ်ကို မပြောင်း မရွှေ့ပဲနေက ထိုယောဂီ၏ အသိစိတ်သည် မုချ မကြည်လင်နိုင်တော့ပေ၊ ခန္ဓာကိုယ်သည်လည်း သက်သက်သာသာ မရှိတော့ပေ၊ ထိုသို့သောအခါမျိုးတွင်....

ဒုက္ခာ ဝေဒနာ ဥပ္ပဇ္ဇန္တိ-ဆင်းရဲခံစားမှုတို့ ဖြစ်ကုန်ပြီ။
စိတ္တံ ကော္ဂ နလဘတိ-စိတ်တည်ငြိမ်မှုမရ။
ကမ္မဋ္ဌာနံ ပတိပတတိ-ကမ္မဋ္ဌာန်းအာရုံမှ လည်းကျ၏။
ဝိသေသံ နာဓိဂစ္ဆတိ-မဂ်,ဖိုလ်တရားထူးကိုမရ။

ဤသို့ အဋ္ဌကထာတို့ပြကြသည်မှာ အရင်းခံဖြစ်သော'ယထာဘူတဉာဏ်'မမှန်သဖြင့် ချွတ်ယွင်းသည်ကို ပြခြင်းဖြစ်သည်။

www.dhammaransi.com

ဝိပဿနာယောဂီသည် ခန္ဓာ၏ ပရမတ်သဘောမှန်ကို မဂ္ဂင်ဉာဏ် (သမ္မာဒိဋ္ဌိ)အကူအညီဖြင့် သိအောင် အကဲခပ်နေသည်၊ လေ့လာနေသည်၊ ရှုမှတ်နေသည်။ ပရမတ်တို့ဟူသည်-

ပဋိသောတဂါမိံ နိပုဏံ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။

ရာဂရတ္တာ န ဒက္ခန္တိ၊ တမောခန္ဓေန အာဝုဋာ။

ခိုင်ခြင်း,မြဲခြင်းတို့၏ ဆန့်ကျင်ဖက်-မခိုင်မမြဲသောသဘော၊သိမ်မွေ့နူးညံ့သောသဘော, နက်နဲသောသဘော, သိမြင်နိုင်ခဲသော သဘော, ပရမာဏုမျှမျှ သဘောဖြစ်သောပရမတ်ကို ရာဂ-ဒေါသစသောကိလေသာ မျက်စိမျိုးနှင့် မမြင်နိုင်၊ အဝိဇ္ဇာ မဖယ်ခွာသူတို့ မသိနိုင်သော တရားဖြစ်လေသည်။

ဤမျှ နူးညံ့သိမ်မွေ့သောတရားကို ကြမ်းထမ်းသောကိလေသာစိတ်မျိုးနှင့်မသိနိုင်,မမြင်နိုင်ရကား ထိုပရမတ်အမှန်တရားကိုသိလိုမြင်လို၍ လေ့လာအကဲခပ်မည့်ယောဂီသည် ထိုကိလေသာအကြမ်းသမားတို့မပါအောင် ခွာထားပြီးမှ ကြည်လင်သော အသိဉာဏ်ဖြင့် ကပ်၍ သိနေ သော အခါ ထိုထို ပရမတ်ဖြစ်သောသဘောတရားတို့သည် သူ့သဘောသူဆောင်လျက် ဖောက်ပြန်ပြောင်းလဲနေသည်ကိုရင်း,ပြိုကွဲပျက်စီးနေသည်ကိုရင်း မိမိတို့၏ လုံ့လပယောဂမပါပဲ ကြံစည်စိတ်ကူးသဘောမစွက်ပဲ သူ့သဘောအရသာ သိနေရလေသည်။

ထိုသို့သိနေ,လေ့လာနေသော အသိဉာဏ်သည် ထပ်ကာ-ထပ်ကာ သိနေရသဖြင့် အသိ ပိုလာသောအခါ 'ဖောက်ပြန်မှု ဟူသည် တ ရှေ့ရှေ့ တရိပ်ရိပ်နှင့် ကုန်တတ်,ပျက်တတ်သည့် သဘောတို့ပါတကား၊ ပျက်နေတဲ့ သဘောတွေပဲ'ဟုအပျက်သဘောကို သိလာမည်။ဤသို့ အပျက်ကို သိမည်ဆိုရာ၌ ပျက်သည်ကို မိမိကိုယ်တိုင် သဘောပေါက် သိမြင်ခြင်း မဟုတ်ပဲ သူတပါးပြောသည်ကို မှတ်၍ 'ပျက် နေ တယ်' ဟု ပြောခြင်းသည် ဉာဏ်ရောက်သော အသိမှန် မဟုတ်ချေ။

အသိမှန်ကား....ခန္ဓာ၏ဖောက်ပြန်မှုသဘောတရားတခုကို ယောဂီသည် ဉာဏ်နှင့်ကပ်၍ လေ့လာနေသည်၊ ထိုအချိန်တွင် ဖောက်ပြန်သဘောတို့လည်း သူ့ကိစ္စ သူဆောင်သောအားဖြင့် သူ၏သွားမြဲလမ်းကို မရပ်မနား သွားနေသည်၊ယောဂီကလည်း 'ဖောက်ပြန်နေတယ်-ဖောက်ပြန်နေတယ်,

www.dhammaransi.com

ဟုသာသိနေသည်၊ ထပ်ကာ-ထပ်ကာပင် သိနေသည်၊ ယင်းသို့ အသိပို့လာများလာသောအခါဖောက်ပြန်မှုသဘောကိုကပ်၍လိုက်နေသောယောဂီ၏ အသိသည် ထိုဖောက်ပြန်သဘော၏ သွားရာလမ်းကြောင်း 'ပျက်မှုကိုပါ သိလေတော့သည်၊ အသိဉာဏ်၏လေ့လာချက်ကြောင့် အပျက်ကိုတွေ့လာသောအခါ တိုက်ဆဲ့တွေ့ဆဲ ပစ္စုပ္ပန်ရှုသောယောဂီအတွက် သူ့ အသိဉာဏ်နှင့်သူ(အဘိညာယ)ဉာဏ်ထူးနှင့်သိလေတော့သည်၊ဤသည်သာ ယောဂီ၏ ဉာဏ်ရောက်သော အသိမှန် ဖြစ်လေသည်။

နာမက္ခန္ဓာ လေးပါး ရူပက္ခန္ဓာဟူသော ဖောက်ပြန်မှုအစုကို အဓိပ္ပာယ်နှင့်တကွ ရှုပုံရှုနည်းအလုပ်သဘောပါပြလိုက်သဖြင့် ကြွင်းသော နာမ်ခန္ဓာလေးပါးတို့ကိုလည်း ဤနည်းကိုမှီ၍ သိနိုင်လေသည်၊ဤအပိုင်းသည် (ဣတိရူပံ၊ဣတိရူပဿ သမုဒယော၊ ဣတိရူပဿအတ္ထင်္ဂမော)ဖောက်ပြန်သဘောတို့ ဖြစ်ပုံ-ပျက်ပုံကို သိရန် ဟောသောအပိုင်းဖြစ်၍ ဝေဒနာစသော နာမ်တရားတို့၏ ဖြစ်ပုံ-ပျက်ပုံကိုလည်း သိသာရုံပြပေအံ့။

'ဣတိဝေဒနာ' 'ဤကား ခံစားသော သဘောတည်း'ဟု အနက်ပြန်သောအတိုင်း သိ့သဘော နာမ်ရှိသော သတ္တဝါတိုင်းသည် 'ခံစားမှု' ရှိသည်သာဖြစ်၏၊ ခံစားမှုဟူသည် အာရုံနှင့်ဝတ္ထု တိုက်ဆုံမှု ဖြစ်လာလျှင် ခံစားမှုပါလာသည်၊ ထိုခံစားမှုဟူသည် အဘယ်နည်း၊ ပုဂ္ဂိုလ်-သတ္တဝါ-အကောင်အထည် မဟုတ်သော (ဝေဒယိတလက္ခဏာ) ခံစားကာမျှ ဖြစ်သော ပရမတ်သဘောတရားသာ ဖြစ်လေသည်၊ ထို့ကြောင့်....

> တံ တံ သုခါဒီနံ ဝတ္ထုံ အာရမ္မဏံ ကတွာ ဝေဒနာဝ ဝေဒယတိ၊ တံ ပန ဝေဒနာယ ပဝတ္တိံ ဥပါဒါယ အဟံ ဝေဒယာမီတိ ဝေါဟာရမတ္တံ ဟောတိ။ (မဟာဝဂ္ဂဋ္ဌကထာ ၃၆၄)]

သုခါဒီနံ၊ ချမ်းသာအစရှိသည်တို့၏။ တံတံဝတ္ထုံ၊ ထိုထိုဘဏ္ဍာကို။ ဝါ၊ ထိုထိုတည်ရာဖြစ်သော အဆင်း၊ အသံ စသောဝတ္ထုကို။ အာရမ္မဏံကတွာ၊အာရုံပြု၍။ ဝေဒနာဝ၊ ခံစားတတ်သော သဘောတရားသည်သာလျှင်။ ဝေဒယတိ၊ခံစား၏။ ပန၊ဆိုသို့ပင်ခံစားတတ်သောသဘောတရားက ခံစားပါသော်လည်း။ ဝေဒနာယ၊ ခံစားမှု၏။ တံပဝတ္တိံ၊ ထိုဖြစ်ခြင်းကို။ ဥပါဒါယ၊ စွဲမှီသမှု အကြောင်းပြု၍။အဟံ၊ငါသည်။

www.dhammaransi.com

ဝေဒယာမိ၊ ခံစား၏။ ဣတိ၊ ဤသို့။ ဝေါဟာရမတ္တံ၊ ခေါ် ဝေါ် ပညတ် သမုတ်ကာမျှသည်။ ဟောတိ၊ ဖြစ်၏။

'ဝေဒနာ'ဟူသည်ပါဠိစကား၊ မြန်မာလို'ခံစားသည်'ဟုအဓိပ္ပာယ်ရသည်၊ ထို(ဝေဒနာ)ခံစားမှုသည်(သုခဝေဒနာ)ချမ်းသာခံစားမှု၊ (ဒုက္ခဝေဒနာ)ဆင်းရဲခံစားမှု၊ (အဒုက္ခ မသုခဝေဒနာ)ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကို ခံစားမှုဟူ၍ အကျဉ်းအားဖြင့် သုံးမျိုးဖြစ်ကြောင်း မှတ်ထားရာ၏၊ထိုခံစားမှုဟူသည် မျက်စိနှင့်အဆင်းတွေ့ရာ၌'ကောင်းမကောင်း ကြိုက်-မကြိုက်,သဘောကျ-မကျ'စသောအားဖြင့် အာရုံနှင့်ဝတ္ထုတိုက်တွေ့မှုမှစ၍ ခံစားခြင်းတမျိုးမျိုး ဖြစ်လာတတ်လေသည်။

ထိုဖြစ်ပေါ်လာသောခံစားမှုသည် ယောကျ်ား,မိန်းမ, သူက-ငါက ခံစားသည်ဟု ထင်ခဲ့ကြသည်မဟုတ်ပေ၊ အဘယ့်ကြောင့် မဟုတ်သနည်းဟူမူ မျက်စိနှင့်အဆင်း တိုက်တွေ့မှုတွင် လှလှပပ သဘောကျစရာတွေ့က ကောင်းသည်၊ ချမ်းသာသည်၊ နှစ်သက်သည်ဟူသော (သုခဝေဒနာ)ချမ်းသာခံစားမှု ပေါ်လာသည်၊ မျက်စိနှင့် လှပသောအဆင်းတို့ မတွေ့ဆုံပေးပါက သဘောကျနှစ်သက်တတ်သော (သုခဝေဒနာ) ချမ်းသာခံစားမှု ပေါ်လာမည် မဟုတ်ပေ၊ မည်သည့် ယောကျ်ား, မိန်းမမျှ ခံစားနိုင်မည် မဟုတ်သောကြောင့် 'ခံစားမှု' ဟူသည် ပုဂ္ဂိုလ်-သတ္တဝါ-မိန်း-ယောကျ်ား မဟုတ်ဟု သိထားရာ၏၊ မျက်စိနှင့် ရန်သူဖြစ်သောအဆင်းနှင့် တွေ့ဆုံရာ၌လည်း ထိုအာရုံကိုမနှစ်သက် မကြိုက်သော,မတွေ့ချင်သော(ဒုက္ခဝေဒနာ) ဆင်းရဲခံစားမှု ပေါ်လာလေသည်၊ မည်သည့် ပုဂ္ဂိုလ်-သတ္တဝါအနေနှင့်မျှ ခံစားသည်မဟုတ်ချေ၊ အာရုံနှင့်ဝတ္ထုတိုက်ဆုံမှုကြောင့်ဖြစ်သော ပရမတ်သဘောတရား သက်သက်သာတည်း။

ခံစားမှု ၃-မျိုး (ဝေဒနာ)ဟူသောခံစားမှုသည် ၃-မျိုးရှိသည်၊ ၎င်းတို့မှာ (သုခဝေဒနာ)ချမ်းသာဟုခံစားမှု၊ (ဒုက္ခဝေဒနာ)ဆင်းရဲဟု ခံစားမှု၊ (အဒုက္ခ မသုခဝေဒနာ) ဆင်းရဲမဟုတ် - ချမ်းသာမဟုတ် ဟု ခံစားမှုဟူ၍ အကျဉ်းအားဖြင့် ၃-ပါး ပြားလေသည်၊ ထို ၃-ပါးတို့တွင် ဝတ္ထု နှင့် အာရုံ တိုက်ဆုံကာမှ ပေါ်လာသော ခံစားမှုတခုခုကို ပရမတ်သဘောတရားဟု မမြင်ပဲ,မသိပဲ ပုဂ္ဂိုလ်-သတ္တဝါ-သူ-ငါဟူသော ပညတ်နှင့်တွဲက ကိလေသာ အနုသယဖြစ်လေသည်။

www.dhammaransi.com

ဥပမာ-အလိုရှိအပ်,နှစ်သက်အပ်သော သဘောကျစရာ ကြိုက်စရာ အာရုံတခုခုကိုမြင်တွေ့ပါက ပရမတ်သဘောတရားတို့ ဖြစ်လာပုံ,ပျက်သွားပုံကို မသိမမြင်က—

သုခံ ဝေဒယမာနဿ၊ ဝေဒနံ အပ္ပဇာနတော။
သော ရာဂါနုသယော ဟောတိ၊ အနိဿရဏ ဒဿိနော။
(သဠာယတန ဝေဒနာသံယုတ်ပါဠိတော်-ပဟာနသုတ်-၄၀၀)

မြန်မာပြန် 'ခံစားမှုသည် ပုဂ္ဂိုလ်-သတ္တဝါ-မိန်းမ-ယောကျ်ားမဟုတ်သော အမှန်တရားပရမတ်ဟု မသိသည်ဖြစ်၍ ချမ်းသာကိုခံစားသော သူအား ထိုပရမတ်သဘောတို့၏ထွက်မြောက်ရာလမ်းကိုမမြင်သောကြောင့် စွဲမက်နှစ်သက်သော 'ရာဂါနုသယ'သည် ဖြစ်၏' ဟု ဟောတော်မူရကား- သဘောကျနှစ်သက်သောသူသည်'ငါပဲ,ငါနှစ်သက်မှုပဲ'စသည်ဖြင့် ပညတ် အာရုံပြုလေသဖြင့် (ရာဂါနုသယ)တပ်မက်မှုကိလေသာ ဖြစ်လေသည်။

မိမိတို့အလိုမရှိအပ်, မနှစ်သက်မလိုလားအပ်သော,မကောင်းသော အာရုံတခုခုကို ရှုမြင်ရာ၌လည်း စိတ်မကျေနပ်မှု,စိတ်ညစ်မှုစသော ကိလေသာအနုသယ ဖြစ်လေသည်။

ဒုက္ခံ ဝေဒယမာနဿ၊ ဝေဒနံ အပ္ပဇာနတော။
ပဋိဃာနုသယော ဟောတိ၊ အနိဿရဏ ဒဿိနော။
(၎င်းပါဠိတော်)

မြန်မာပြန် 'ခံစားမှုကို ပရမတ်သဘောတရားဟုမသိသည်ဖြစ်၍ ဆင်းရဲကို ခံစားသောသူအား ထိုပရမတ်သဘောတို့၏ ထွက်မြောက်ရာ လမ်းကို မမြင်သောကြောင့် အမျက်ထွက်မှုဖြစ်သော'ပဋိဃာနုသယ'သည် ဖြစ်၏။'

ဟူ၍ ဟောတော်မူထားပေရာ၊ ထို ဆင်းရဲခံစားမှုသည် ပုဂ္ဂိုလ်-သတ္တဝါ-မိန်းမ-ယောကျ်ား ပညတ်မဟုတ်ပါပဲ ဖြစ်တတ်,ပျက်တတ်သော ပရမတ်သဘောဟူ၍ အမှန်ကိုအမှန်အတိုင်းမသိလေသောကြောင့် အမျက်ထွက်မှု, စိတ်ဆင်းရဲမှု, မကျေနပ်မှု ဟူသော ကိလေသာအနုသယ ဖြစ်လေသည်။

www.dhammaransi.com

အကယ်၍ ဆင်းရဲခံစားမှုကို တွေ့ငြားအံ့၊ ထိုခံစားရမှုသည် ဝတ္ထုအ ရုံ အကြောင်းဆုံသဖြင့် ဖြစ်ပေါ်လာသော ပရမတ်သဘောတရားဖြစ်သည်၊ ငါမဟုတ်-သူမဟုတ်-ပုဂ္ဂိုလ်-သတ္တဝါ မဟုတ်ဟု ခံစားမှု ဆင်းရဲကို ခွဲထုတ်နိုင်လျှင် တရားရကြောင်း 'တိဿ မထေရ်, ကျားစား ခံရသော မထေရ်' တို့အကြောင်း အောက်က ဖော်ပြခဲ့ပြီးဖြစ်သည်။

ပုဂ္ဂိုလ်ခွာတတ်သော မထေရ်

'မထေရ်ကြီး တပါးသည် လေရောဂါ ဖြစ်သဖြင့် ဆင်းရဲခံစားမှု (ဒုက္ခဝေဒနာ)သည် ပြင်းထန်လွန်းရကား ဘယ်ပြောင်းညာပြန် အတန်တန် လူးလည်းလျက် အသံထွက်အောင် ညည်းတွားလေသောအခါ ရဟန်းငယ်တပါးရောက်လာပြီး....

'အရှင်ဘုရား - အဘယ်နေရာ အဘယ်သူက နာပါသနည်း ' ဟု လျှောက်လေသော်....

မထေရ်ကြီးက- 'ငါ့ရှင်-နာကျင်ခြင်းဆိုသည်မှာ ဘယ်နေရာက,ဘယ်သူက ရယ်လို့ သီးခြားရှိသည်တော့ မဟုတ်ပါ၊ စင်စစ်မှာ အာရုံ ဝတ္ထု တိုက်ဆုံမှုကြောင့် ခံစားတတ်သော ပရမတ်သဘော သာဖြစ်ပါသည်'ဟု ဖြေလေသော်-

ရဟန်းငယ်က- အရှင်ဘုရား - သည်လိုဖြင့် မိမိဟူသော ပုဂ္ဂိုလ်-သတ္တဝါမှ နာကျင်သည်မဟုတ်ပါပဲ သည်းခံပြီးရှုနေလျှင် မသင့်ပါ လားဘုရား ဟုလျှောက်ထားရာ....

မထေရ်ကြီးက- 'ငါ့ရှင်-ငါသည်းခံပြီး ရှုပါတော့မည်'ဟု မိန့်တော်မူလေ သောအခါ....

ရဟန်းငယ်က- 'အရှင်ဘုရား-သည်းခံပြီးရှုလျှင်မြတ်ပါသည်'ဟုလျှောက် ထားသောအတိုင်းမထေရ်ကြီးသည်ညည်းတွားမှုမပြုတော့ ပဲ ထိုဆင်းရဲ ခံစားမှု၏ ဖြစ်တတ်,ပျက်တတ်သော ပရမတ် သဘောကို ပုဂ္ဂိုလ်-သတ္တဝါနှင့် မတွဲပဲ ရှုလေတော့ရာ....

ဝါတော၊ မထေရ်အား ထိုးကျင်နေသော လေသည်။ ယာဝဟဒယာ၊ နှလုံးသားတိုင်အောင်။ ဖာလေတိ၊ ကွဲစေ၏။ မဉ္စကေ၊ အိပ်ရာညောင် စောင်း၌။ အန္တာနိ၊ အူမတို့သည်။ ရာသိကတာနိ၊ အစုအပုံတို့သည်။ ဝါ-အစုလိုက်အပုံလိုက်ထွက်ကျနေသည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

www.dhammaransi.com

ထိုအခါတွင် မထေရ်ကြီးက ရဟန်းငယ်အား 'ငါ့ရှင်-ဤမျှသည်းခံ လျှင် တော်လောက်ပြီလား' ဟု မေးလေရာ ရဟန်းငယ်က ဆိတ်ဆိတ်ပင် နေသောအခါ မထေရ်ကြီးသည် ဆက်လက်၍....

'ဝီရိယသမတံ၊ဝီရိယနှင့်ပညာညီမျှသည်၏အဖြစ်ကို။ ယောဇေတွာ၊ယှဉ် စေ၍။ ပဋိသမ္ဘိဒါဟိ၊ပဋိသမ္ဘိဒါလေးပါးနှင့်။ သဟ၊တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိတွာ၊ ရောက်၍။ သမသီသိ၊ ခန္ဓာဦးခေါင်း, အဝိဇ္ဇာဦးခေါင်း နှစ်ပါးပေါင်းတို့တပြိုင်နက်ပြတ်သောရဟန္တာသည်။ ဟုတွာ၊ ဖြစ်၍။ ပရိနိဗ္ဗာယိ၊ခန္ဓာဇာတ်သိမ်း ငြိမ်းတော်မူပြီ'။

(မဟာဝဂ္ဂဋ္ဌကထာ-၃၆၄ ကို အလုပ်သဘောအဖြစ် မြန်မာပြန် သည်။)

ဤမထေရ်ကြီးသည် ပရမတ်,ပညတ်မခွဲမီကခံစားသဘော ပရမတ် ကို ပုဂ္ဂိုလ်-သတ္တဝါနှင့် တွဲ၍ 'ငါနာကျင်သည်'ဟု ယူလျက် ညည်းတွား သည်၊ လူးလည်သည်၊ ရဟန်းငယ်က သတိပေးလျှောက်သောအခါတွင်မှ

'ပညာရှိသတိဖြစ်ခဲ'ဟူဘိသို့ သတိရသောအခါတွင် နာကျင်တတ် သော ပုဂ္ဂိုလ်-သတ္တဝါပညတ်ကိုဖယ်၍'ခံစားသဘော'ပရမတ်ကို ရှုသော ကာလ ရဟန္တာ ဖြစ်သည်ကို ထောက်လျှင် (ဝေဒနာ) ခံစားမှု ဟူသည် ချမ်းသာ,ဆင်းရဲ မဟူ ပရမတ်သဘောချည်းဖြစ်၍ 'ချမ်းသာ-ဆင်းရဲ'ဟု သတ်မှတ်ချက်သည် ပုဂ္ဂိုလ်-သတ္တဝါ၏အလိုပညတ်ဖြစ်လေသည်၊ထိုပညတ် သဘောကို ဝိပဿနာရှုသော ယောဂီသည် လုံးဝ ဖယ် ခွာရန် လိုသည်၊ ထို့ကြောင့် ကျွန်ုပ်တို့၏ 'မဇ္ဈိမပဋိပဒါလမ်းစဉ်'ဆောင်ပုဒ်တွင်....

'ဆင်းရဲချမ်းသာ၊ ဆိုသည်မှာ၊ဝင့်သာဖြစ်လေသည်'။
'ချမ်းသာတွေ့မြင်၊ဖြစ်,ပျက်ပင်၊ ရှုလျှင်လမ်းမှန်သည်'။
'ဖြစ်,ပျက်မမြင်၊ ချမ်းသာဆင်၊ စွဲလျှင်ရာဂမည်'။
'ဆန္ဒရာဂ၊ တဏှာပြ၊ မုချလမ်းမှားပြီ'။
'ဆင်းရဲတွေ့လဲ၊ ဖြစ်ပျက်ပဲ၊ မလွဲရှုရမည်'။
'ဖြစ်,ပျက်မရှု၊ ဆင်းရဲဟု၊ စွဲမှုမှားပြန်သည်'။
'ဝေဒနာသံယုတ်၊ အကျဉ်းချုပ်၊ ဖွင့်ထုတ်ဟောခဲ့သည်'။
ဟု ဆိုထားလေသည်။

www.dhammaransi.com

'ဣတိ ဝေဒနာယ သမုဒယော' 'ဤကား ခံစားတတ်သောသဘော၏ ဖြစ်ခြင်း'ဟု အနက်ပေးခဲ့သည်၊ ခံစားမှုမည်သည် (အဝိဇ္ဇာ၊ တဏှာ-ကံ-ဖဿ-နိဗ္ဗတ္တိ)ဟူသော အကြောင်းငါးပါး သရုပ်အားဖြင့် ပြ၍၊ ကျွန်ုပ်တို့ မျက်မှောက်ပစ္စုပ္ပန်ရောက်လာသော ခံစားမှုသည် ဖြစ်ကြောင်းရှိ၍ ဖြစ်လာရသည်ကား အမှန်ပင်၊ ယောဂီသည် အတိတ်ဖြစ်ခဲ့သောအကြောင်းတွေကို လိုက်ရှု၍မရ၊ မြင်လည်း မမြင်နိုင်၊ ယခုသိနေသော ခံစားမှု 'ဖြစ်ခြင်း'ကို သာလျှင် ပစ္စုပ္ပန်ကျကျ 'ခံစားနေတယ်'ဟု ရှုရသည်၊ မိမိသဘောဉာဏ်နှင့် တကယ်မသိသော'ဝေဒနာ, ဝေဒနာ'ဟု သွားမရှုလေနှင့်၊ ဝိပဿနာအလုပ်ဟူသည် 'ကိုယ့်ဉာဏ်နှင့် ကိုယ်သိ'မှ ဖြစ်သည်ဟု ကျိန်းသေ မှတ်ထားရမည်၊ ခံစားမှု၏ ဖြစ်ခြင်းဆိုသည်မှာ ခံစားစရာတခုခု (ချမ်းသာဖြစ်စေ, ဆင်းရဲဖြစ်စေ)သိဖို့သာလျှင် ထိုဖြစ်လာသောသဘောကို သိရုံသာ သိနေလိုက်ပါ၊ 'ချမ်းသာတယ်, ဆင်းရဲတယ်, ပူတယ်, အေးတယ်, ဝေဒနာပဲ'စသော ပညတ်အမှတ်မျိုးကို လုံးဝ မမှတ်ရ၊ ဖြစ်ပေါ် လာသော, ဖြစ်ပေါ် နေသော သဘောကို သိရုံသာ သိဖို့လိုသည်။

'ဣတိ ဝေဒနာယ အတ္ထင်္ဂမော' 'ဤကား ခံစားတတ်သော သဘော၏ ချုပ်ခြင်း'ဟု အနက်ပေးသည်၊ ၎င်းချုပ်ခြင်းဟူသည်မှာလည်း ပြခဲ့ပြီးသော အကြောင်းတရား ငါးပါးတို့၏ ချုပ်ခြင်းမှာ အမှန်ပင်ဖြစ်သည်၊ ဝိပဿနာရှုသော ယောဂီ၏ဉာဏ်ဝတွင် ရောက်လာသော ပရမတ္ထသဘာဝကား ဖြစ်ပေါ်လာသော ခံစားမှုတို့၏ ချုပ်ခြင်း မရှိတော့ခြင်းသည်သာ ရှုသော ယောဂီ သိလိုက်ရ၏၊ သိနေ၏၊ 'ဖြစ်လာ သမျှသည် ပျက်သည်ချည်း'ဟု သိနေလေသည်၊ ဤသည့်လျှင် ခံစားမှုကို သီးခြားရှုသောယောဂီ၏ မရှိတော့ခြင်း၊ ပျက်ခြင်းဟုသိသဖြင့် ဣတိ ဝေဒနာယ အတ္ထင်္ဂမောပင် ဖြစ်လေသည်။

'ဣတိ သညာ' 'ဤကား မှတ်သော သဘောတည်း'ဟု အနက်ပြန်၏၊မှတ်သောသဘော ဟူသည် အနီဟု မှတ်သည်၊အဖြူဟု မှတ်သည်၊ အညို,အရွေစသည်ဖြင့် မှတ်တတ်သောသဘောတရားကို (သညာ) အမှတ်ဟု ခေါ် သည်၊ ၎င်းသည်လည်း မှတ်သိဖြင့် သိအပ်သော နာမ်တရား တမျိုးပင်။

www.dhammaransi.com

ဥပမာ-အလွန်ချစ်ခင်သော သူငယ်ချင်းတယောက်အား နှစ်ပေါင်းများစွာ ကွဲကွာနေပြီးမှ တနေ့သောအခါ တနေရာ၌ လုံးဝမမြှော်လင့်ပဲ ရင်ဆိုင်တွေ့လိုက်ရသောအခါ 'ဒါ-မောင်လှပဲ'ဟု မှတ်မိ၍ ဝမ်းသာအားရ နှုတ်ဆက်သည်၊ စကားပြောသည်။

ဤဥပမာ၌ ရုတ်တရက် တွေ့လိုက်ရ၍ 'ဒါ-မောင်လှပဲ'ဟု မှတ်မိခြင်းကား 'သညာ' ဖြစ်လေသည်၊ မောင်လှအမှန်ဖြစ်၍ ဝမ်းသာအားရဖြစ်သည်ကား ခံစားမှု'ဝေဒနာ'ဖြစ်လေသည်၊ 'ဝေဒနာ'ဟူသော ခံစားမှုသည် (သညာ)အမှတ်ပြုပြီးကာမှ ခံစားရသည်၊ ခံစားမှုမဖြစ်မီ မှတ်မှုအရင်ဖြစ်သည်၊ ထိုအမှတ် မှားယွင်း ဖောက်ပြန်လျှင် ခံစားမှုတို့ပါ အားလုံးမှားကုန်သောကြောင့် သံသရာတခွင်တွင် ဒုက္ခပင်လယ်ဝေတော့သည်။

သတ္တဝါတိုင်းအား ဝဋ်ဆင်းရဲဘွင်းသို့ပို့ဆောင်နေသော 'သက္ကာယဒိဋ္ဌိ'သည် အမှတ်မှားမှု(သညာဝိပလ္လာသ)မှ စလေသည်။

'ရူပံ အတ္တတော သမနုပဿတိ'။

ဖောက်ပြန်သော ပရမတ်ကို ငါဟူသော ပညတ် အမှတ်မှားဖြင့် ရှုမြင်၏။

(သညာ ဝိပလ္လာသ) အမှတ် မှားသောကြောင့် (စိတ္တ ဝိပလ္လာသ) အသိမှား၍ (ဒိဋ္ဌိ ဝိပလ္လာသ) အစွဲ မှားလေတော့သည်၊ အမှတ် မှားခြင်းဟူသည် လောကသမ္မုတိ ပညတ်နယ်၏ သတ်မှတ်ချက်ကို အဟုတ်အမှန်ဟု သဘော ထားမှုကြောင့် တောင့်သည်၊ တင်းသည်၊ ပူသည်၊ အေးသည်က စ၍ ပညတ်ကို မလွတ်တမ်းစွဲယူသည့်အတွက်....

'လောက ဝေါဟာရံ ဂဟေတွာ သညာဝိပလ္လာသေန သဥ္ဇာနာတိ ပထဝီ'စသည်ဖြင့် မူလပဏ္ဏာသဋ္ဌကထာတွင် ဆိုလေသည်။

ပရမတ်နယ်-အမှန်နယ်ကျွင် လောကအမှတ်အသား အသုံးအစွဲအပြုအမူ အားလုံးကို 'ဟုတ်သည်-မှန်သည်'ဟု ရှေးဦးစွာ မှတ်သည်၊ နောက် သိနေသည်၊ နောက်တွင် အခိုင်အမာစွဲယူတော့ရာ သက္ကာယဒိဋ္ဌိမှစ၍ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ၊ သုံးပါးသော နိယတ မိစ္ဆာဒိဋ္ဌိ တို့သို့ ရောက်၍ သံသရာ့ သစ်ငုတ် ဖြစ်လေတော့သည်။

www.dhammaransi.com

သို့ကြောင့် ဝိပဿနာအလုပ် ပရမတ်အလုပ်သည် ထိုမှားမှုမျိုး ဆက်မသွားအောင် ရှေးဦးစွာ အဆက်ဖြတ်၍ နောက်အမှားများကို တခု ပြီးတခု သုတ်သင်ဖယ်ရှားခြင်းဖြင့် အမှန်တကာ့ အမှန်ဆုံးဖြစ်သော နိဗ္ဗာန် သို့ ရောက်ရှိခြင်း ဖြစ်လေသည်။

အမှားနယ်မှာ သညာ အမှန်နယ်မှာသတိ

ကျွန်ုပ်တို့သည် အဖြူ, အနီ စသည်ဖြင့် မှတ်သည်၊ အပူ,အအေးစသည်ဖြင့် မှတ်သည်၊ ခေါင်း, ကိုယ်, ခြေ,လက်စသည်ဖြင့် မှတ်သည်၊ယောက်ျား,မိန်းမ စသည်ဖြင့် မှတ်သည်၊လူ,နတ်,ဗြဟ္မာ,သတ္တဝါဟု မှတ်သည်၊တော,တောင်, ရေ,မြေ,သမုဒ္ဒရာဟု မှတ်သည်၊မှတ်ပြီးလျှင် အခိုင်အမာဟု စွဲလမ်းယုံကြည် သည်၊တဏှာဂါဟ,မာနဂါဟ,ဒိဋ္ဌိဂါဟတို့ဖြင့် စွဲကိုင်ဖမ်းယူသည်၊သံသရာ လည်ခြင်း၏ အစသည် အမှတ်မှားမှုပင် ဖြစ်သည်၊ သံသရာ အလည်ရပ် အောင်, သံသရာပြတ်အောင် အားထုတ်သူသည် ပထမဦးဆုံး အမှတ်မှန် အောင် သတိကဝင်ပြီး စောင့်ကြည့်ရသည်၊ ပရမတ်သဘော အမှန်ကို ပညတ်က ဖြူ,နီ ကြောင်ကျား မှတ်နေသမျှ သတိက ပရမတ်သဘောကို အသိပြောင်းပေးလေသည်။

ထို့ကြောင့် တရားအားထုတ်သောရိပ်သာဌာနတို့တွင် 'ကွေးတယ်-ယူတယ်-မတယ် လှမ်းတယ် သွားတယ်' စသော ပုဂ္ဂိုလ်,သတ္တဝါ, ခေါင်း, ကိုယ်,ခြေ,လက် စသည်ဖြင့် အမှတ်ထားသော (သညာ)နေရာတွင် သတိ ပဋ္ဌာန်မှ သတိစတင် ဝင်ရောက်အစားထိုးရခြင်း ဖြစ်သည်၊ ၎င်းသတိသည် ၎င်း၏တာဝန်အရ ဆောင်ရွက်ခြင်းဖြစ်၍ ပညတ်ကား လုံးဝမလွတ်သေး ပေ၊အဘယ့်ကြောင့်ဟူမူ ပရမတ်စစ်စစ်ကိုသိမြင်သော ဉာဏ်,ပညာအဆင့် သို့ မရောက်သေးသောကြောင့် ဖြစ်ပေသည်။

'ဗ္ဗတိ သညာယ သမုဒယော' 'ဤကား မှတ်တတ်သောသဘော၏ ဖြစ်ခြင်းတည်း' ဟု အနက်ပေးသည်၊ အာရုံဝတ္ထု တိုက်တွေ့ရာ၌ ဖြူ,နီ ကြောင်ကျားစသော အမှတ်ကို မှတ်မိသည်နှင့် မှတ်တတ်သော သဘော တခု ဖြစ်လာသည်၊ အမှတ်ရလာသည်၊ ထိုဖြစ်လာသောအမှတ်ကို ပရမတ် သဘောသို့ရောက်အောင် သတိကကပ်၍ ဆွဲသွားရသည်၊အမှတ်နေရာတွင် ကြာကြာနေလျှင် ပညတ်ဖက်သို့ ဝိပလ္လာသက ခေါ်ဆောင် သွားပေလိမ့် မည်၊သို့အတွက် သတိနှင့်ကပ်၍ သိရှုံသိနေပါ။

www.dhammaransi.com

'ဣတိ သညာယ အတ္ထင်္ဂမော' 'ဤကား မှတ်တတ်သောသဘော၏ ချုပ်ခြင်းတည်း'ဟု အနက်ဆိုခဲ့သည်၊ ပရမတ်တို့မည်သည် ကောင်းကင်တွင် လျှပ်စီးလက်သကဲ့သို့ 'ဝင်းကနဲ'ဖြစ်လည်း ဖြစ်သည်၊ချက်ချင်းပင် ပျောက်လည်းပျောက်သည်၊ ပရမတ်တရားတို့သည်လည်း 'မှတ်သဘော'ဖြစ်လည်း ဖြစ်၍ ပျက်လည်းပျက်နေသည်ကိုသိခြင်းကား ဣတိသညာယ အတ္ထင်္ဂမော ပင် ဖြစ်လေသည်။

'ဣတိ သင်္ခါရာ' 'ဤကား ပြုပြင်မှုတို့တည်း'ဟု အနက်ပေးသည်၊ သင်္ခါရက္ခန္ဓာတွင် အကျုံးဝင်သော တရားများကား (စေတသိက်-၅၀) လုပ်သား ၅၀-ပါဝင်သော အပေါင်းအစု ဖြစ်သည်၊ ၎င်းအပေါင်းအစု တွင် လုပ်ငန်းအမျိုးမျိုး ရှိသည်၊ ပြုပြင်ခြင်း၊ ပြုလုပ်ခြင်း၊ တိုက်တွန်းခြင်း၊ စေ့ဆော်ခြင်းစသောလုပ်သား ၅၀-သည် သူတို့၏ဆိုင်ရာဆိုင်ရာကိစ္စတို့ကို ဆောင်ရွက်လျက် နေကြသည်၊ ၎င်းတို့သည် 'စေတသိက် ပရမတ်များ' ဖြစ်ကြ၍ မည်သူကမျှ တားမြစ်ကန့်ကွက်မ‌ရသော သူ့သဘော (အနတ္တ) တို့သာ ဖြစ်ကုန်၏။

မိမိသည် ပြောချင် ဆိုချင် လုပ်ချင် ကိုင်ချင် စားချင် သွားချင် စသော ကိစ္စတို့ကို မိမိဟူသော ပုဂ္ဂိုလ်, သတ္တဝါက ပြောချင်၍သာ ပြောသည်၊ လုပ်ချင်၍သာ လုပ်သည်၊ စားချင်၍သာ စားသည်၊ သွားချင် ၍သာ သွားသည်ဟု မှတ်ထင်ကြ၏၊ ဤသည်လျှင် သံသရာလည်ကြောင်း (သညာဝိပလ္လာသ)နှင့်စတင်၍ အမှတ်မှားခြင်း ဖြစ်လေသည်။

နာမယ၊သိသဘော(နာမ်)၏။ ခါဒိတုကာမတာယ၊ ခဲလိုသည်၏အဖြစ် သည်။သတိ၊ရှိသော်။ရူပံ၊ဖောက်ပြန်သဘော(ရုပ်)သည်။ခါဒတိ၊ခဲ၏။ နာမယ၊သိသဘော(နာမ်)၏။ ပိဝိတုကာမတာယ၊သောက်လိုသည်၏ အဖြစ်သည်။ သတိ၊ ရှိသော်။ ရူပံ၊ ဖောက်ပြန်သဘော(ရုပ်)သည်။ ပိဝတိ၊သောက်၏။ နာမယ၊သိသဘော(နာမ်)၏။ ဗျာဟရိတုကာမ တာယ၊ စကားပြောလိုသည်၏ အဖြစ်သည်။ သတိ၊ ရှိသော်။ ရူပံ၊ ဖောက်ပြန်သဘော(ရုပ်)သည်။ ဗျာဟရတိ၊ စကားပြော၏။ နာမယ၊ သိသဘော(နာမ်)၏။ ဣရိယာပထံကပ္ပေတုကာမတာယ၊ ဣရိယာပုထ် ကို ပြုပြင်လိုသည်၏ အဖြစ်သည်။ သတိ၊ ရှိသော်။ ရူပံ၊ ဖောက်ပြန် သဘော(ရုပ်)သည်။ ဣရိယာပထံ၊ဣရိယာပုထ်ကို။ကပ္ပေတိ၊ပြုပြင်၏။

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၃-၂၃၁)

www.dhammaransi.com

အားလုံးသော ပြုပြင်မှု ပြုလုပ်စေ့ဆော်မှု ကိစ္စမှန်သမျှသည် မိမိ ဟူသော ပုဂ္ဂိုလ်,သတ္တဝါ၏ ကိစ္စမဟုတ်၊ ရုပ်,နာမ်ကိစ္စသာ ဖြစ်ကြောင်း ဖော်ပြထားသည်၊ ၎င်းတို့သည် ပြုပြင်မှုဆိုင်ရာ နာမ်တရား၏ စေ့ဆော် တိုက်တွန်းမှုကြောင့် ရုပ်တရားတို့ လှုပ်ရှားဆောင်ရွက်နေသည့် ပရမတ်ကို မသိမမြင်လေသောကြောင့် ပုဂ္ဂိုလ်,သတ္တဝါ၏ ကိစ္စများဟု ထင်မှတ်မှား လေသည်။

'နာမ်' ဟူသော သိသဘောသည် လှုပ်ရှား ပြုပြင်လို၏၊ ထိုနာမ် တရား၏ စေ့ဆော် တိုက်တွန်းချက်ကို ဆိုင်ရာ လှုပ်ရှားပြုပြင်မှု ဝါယော ပရမတ်သည် စီမံ ဆောင်ရွက်ချက် အရ ရုပ်တို့၏ လှုပ်ရှားမှု, ပြုပြင်မှုတို့ ဖြစ်လာရ၏၊ (ထိုအကြောင်းတို့ကို ကာယာနုပဿနာ ဣရိယာပထပဗ္ဗတွင် ပြန်ကြည့်နိုင်၏၊) သာမန်ပုဂ္ဂိုလ်တို့ ပရမတ်ကို မသိမှုကြောင့် ငါလုပ်သည်၊ ငါပြုပြင်သည်ဟုထင်သည်မှာ(ဝိပလ္လာသ)အမှားများကြသည်မှိုထားပါဦး။

ပရမတ်ရုပ်,နာမ်တို့၏ သဘောကိုသိအောင် အကဲခပ်လေ့လာနေ သော တရားအားထုတ်ဆဲ ယောဂီအချို့တို့သည် မိမိသည် ထိုရုပ်,နာမ်တို့၏ ပရမတ်အမှန်သဘောတို့ကို လေ့လာနေသူ,အကဲခပ်နေသူဟူသော သဘော ကိုပင် မေ့ပျောက်လျက် ပြုပြင်တတ်သော သင်္ခါရ အရှုခံ တရားကိုပင် ပြုပြင်ခွင့်မပေးပဲ ဣရိယာပုထ်မလှုပ်မရှားနိုင်မှာစွာထားလျက်တေပေလျက် အောင့်လျက် အချိန်များစွာကြာအောင် ထိုင်နေကြလေသည်။

သဘာဝကို စစ်ဆေးရန် ထိုသို့ မလှုပ်မပြင်ထိုင်နေခြင်းသည် အရှုခံဖြစ်သော ပြုပြင်လို သည့် သူ့ကိစ္စသူဆောင်ရွက်မည့်အနတ္တဖြစ်သော သူ့သဘော သင်္ခါရကို ၎င်း၏အလုပ် (အနတ္တ)ကို ဘားမြစ်ကန့်ကွက်ရာ ရောက်သည့်အပြင် သူ့ကိစ္စသူဆောင်ရွက်သည့် အနတ္တကို အတ္တ ငါ့ သဘော အနေရောက်အောင် ဖန်တီးထားသဖြင့်လည်း ဝိပဿနာဉာဏ် မဖြစ်ချေ။

မြတ်စွာဘုရားသည် 'သဗ္ဗေ သင်္ခါရာ အနိစ္စာ,သဗ္ဗေ သင်္ခါရာဒုက္ခာ, သဗ္ဗေ ဓမ္မာ အနတ္တာ'ဟု ဟောတော်မူသည့် သဘောမှာ ပျက်နေသည့် ဆင်းရဲနေသည့် အလုံးစုံသော သင်္ခါရသဘောတရားမှန်သမျှသည် အနတ္တ ဟူသော သူ့တို့သဘောသာ ဖြစ်သည်၊ သင်္ခါရတရား ဖြစ်သော ရုပ်,နာမ် သည် 'သင်္ခါရာ အနတ္တာ' ဖြစ်၍ မိမိဟူသောပုဂ္ဂိုလ်,သတ္တဝါတို့၏ ဆိုင်ရာ

www.dhammaransi.com

မဟုတ်သည်ကို အတ္တ အနေနှင့် ဆိုင်ရာ ပိုင်ရာ လုပ်ခြင်းသည် သဘာဝ မကျချေ။

ဤခန္ဓာသည် ဒုက္ခ ခန္ဓာ ဖြစ်၍ အလျောက် ဘာသာ နေ၍ မရ၊ လှုပ်ရှား နေရသည်၊ ပြောင်းလဲ နေရသည်၊ ပြုပြင် နေရသည်၊ မလှုပ်မရှား မပြောင်းမလဲ မပြုမပြင်ပဲနေလျှင် ခိုင်မာတောင့်တင်း ကွေးကောက်ကာ ဒုက္ခ ဖြစ်သွားမည်၊ ယင်းသို့ ဒုက္ခမဖြစ်အောင် ပြုပြင်တတ်, စေ့ဆော်တတ် သော သင်္ခါရတို့ ပါဝင်တည်ဆောက်ထားသော သဘာဝတရား ဖြစ်လေ သည်၊သို့အတွက် လှုပ်ရှားပေးနေရသည်၊ ပြုပြင်ပေးနေရသည်၊ ပြောင်းလဲ ပေးနေရသည်၊စင်စစ်မှာ သင်္ခါရတို့က ၎င်းတို့၏ ကိစ္စကို ၎င်းတို့ဆောင်ရွက် ပိုင်ခွင့်အရ ဆောင်ရွက်နေကြခြင်းသာ ဖြစ်လေသည်။

မိမိသည် တရားအားထုတ်သည်၊ တရားသဖြင့် ရှိနေသော အမှန် သဘောပရမတ်တို့ကို တရားသဖြင့် ဉာဏ်နှင့်ရှုကြည့် လေ့လာ နေပါလျက် မိမိနှင့်မဆိုင်သော (တနည်း) ဉာဏ်၏ဆိုင်ရာ မဟုတ်သော တရားသဖြင့် ဆောင်ရွက်နေသည့် ပြုပြင်မှုသင်္ခါရတို့ကို ၎င်းတို့၏ကိစ္စများအား ဆောင် ရွက်ခွင့်မပေးပဲ အတင်းအကြပ် မတရားပြုလုပ်မှုသည် ယထာဘူတလည်း မကျပေ၊ အမိန့်ကို မနာခံသူအား အမိန့်ပေးခြင်းသည် မိမိမှာသာ ဒုက္ခ တွေ့ရတတ်လေသည်။

ဤသင်္ခါရသည် အနတ္တဖြစ်သော ခန္ဓာငါးပါးတို့တွင် တပါးအပါ အဝင် ဖြစ်လေသည်၊သင်္ခါရဟူသော သင်္ခါရက္ခန္ဓာကို အမိန့်ပေး တားမြစ် တတ်လျှင် ရူပက္ခန္ဓာ၏ ဖောက်ပြန်မှုကိုင်း, ဝေဒနာက္ခန္ဓာ၏ ခံစားမှု ကိုင်း, သညာက္ခန္ဓာ၏ မှတ်မှုကိုင်း, ဝိညာဏက္ခန္ဓာ၏ သိမှုကိုင်း အမိန့် ပေး တားမြစ်နိုင်လျှင် ကျွန်ုပ်တို့ ဝိပဿနာရှုရန် ခန္ဓာငါးပါး ရှိတော့မည် မဟုတ်ချေ၊ ခန္ဓာငါးပါးသည် ဆည်းမရ, တားမနိုင်သော (ပဉ္စက္ခန္ဓာ အနတ္တာ)ဟူ၍ ဘုရားဟောစရာလည်း လိုတော့မည်မဟုတ်ပေ၊သို့ဖြစ်လျှင်-

အနတ္တလက္ခဏာ ဝိနာ ဗုဒ္ဓုပ္ပါဒါ နပညာယတိ။

အနတ္တလက္ခဏာနှင့် ကင်း၍ ဘုရားမဖြစ်ဆိုသောကြောင့် ဘုရားပွင့်ရန် လည်း လိုတော့မည် မဟုတ်ပေ၊ လောကဓာတ် တခုလုံး 'အတ္တ ဒိဋ္ဌိ' သမားချည်း ဖြစ်ကြလတ္တံ့။

www.dhammaransi.com

သို့ကြောင့် အရှုခံသင်္ခါရသည် ရှုဉာဏ်မဟုတ်သည်ကို သတိထားရလေသည်၊ အချုပ်သဘောမှာ သင်္ခါရက္ခန္ဓာကိုသာ မဟုတ်၊ မည်သည့် ခန္ဓာအစုဝင် တခုခုကိုမျှ တားမြစ် ကန့်ကွက် မလုပ်နိုင်ချေ၊ မိမိသည် ထိုခန္ဓာငါးပါး(ရုပ်,နာမ်နှစ်ပါး)ရင်းတို့၏သဘာဝကို မိမိ၏လုံ့လပယောဂမပါပဲ စိတ်ကူးကြံစည်ချက်မပါပဲ လက်ပိုက်ကြည့်ကာ လေ့လာအကဲခပ်နေရသည်ကို သတိထားပါ၊'ဣတိ သင်္ခါရာနံ သမုဒယော' 'ဤကား ပြုပြင်မှုတို့၏ဖြစ်ခြင်းတည်း'ဟု အနက်ပေးသည်၊ပြုပြင်မှု စေ့ဆော်တိုက်တွန်းမှု တို့သည်ကေန်သူသဘောအတိုင်း ရှိနေသည်၊ ဖြစ်နေသည့်အတွက် ပြုပြင်နေသည်၊စေ့ဆော်နေသည်၊ တိုက်တွန်းနေသည်၊ဤသည်လျှင် ပြုပြင်မှုတို့၏ ဖြစ်ခြင်းတည်း၊ (အဝိဇ္ဇာ-ကံ-တဏှာ-ဖဿ-နိဗ္ဗတ္တိ)ဟူသော ဖြစ်ကြောင်း တရားတို့ကား ရှိသည်ပင်၊ သို့ရာတွင် 'ဝိပဿနာရှုရာ၌ ဖြစ်ကြောင်းကို မရှု၊ ဖြစ်ခြင်းကိုသာ ရှုသည်'၊ အဘယ့်ကြောင့်ဟူမူ 'ဖြစ်ကြောင်းသည် သမုဒယသစ္စာဖြစ်၍ ဖြစ်ခြင်းသည် 'ဒုက္ခသစ္စာ'ဖြစ်သောကြောင့်တည်း။

'ဣတိ သင်္ခါရာနံ အတ္ထင်္ဂမော' ဤကား ပြုပြင်မှုတို့၏ ချုပ်ခြင်းတည်းဟု အနက်ပေးသည်၊ ပြုပြင် စေ့ဆော် တိုက်တွန်း စသော သဘောတရားတို့ဟူသည် ပရမတ်တို့ ဖြစ်၍ ပရမတ်တို့၏ သွားရာ လမ်းကြောင်းအတိုင်း ပျက်သွားသည်ချည်း မှန်သောကြောင့် ခန္ဓာတွင် တခုခုသောသင်္ခါရတို့ ဖြစ်လာခဲ့သော် အပျက်သဘောသည် ပါမြဲဖြစ်သောကြောင့် ဤသဘော တို့သည် ပျက်တတ်သော သဘော တို့ဟု သိနေ ရခြင်း သည်ပင်လျှင် ဣတိ သင်္ခါရာနံ အတ္ထင်္ဂမော ဖြစ်လေသည်။

'ဣတိ ဝိညာဏံ' 'ဤကား သိသဘောတည်း'ဟု အနက်ပြန်ခဲ့သည်၊ 'ဝိညာဏ်'ဟူသည် ပါဠိဘာသာမှ ဆင်းသက်လာခဲ့သော ပါဠိပျက်စကားလုံး ဖြစ်သည်၊ မြန်မာစကားစစ်စစ်မှာ 'သိသဘော' ဖြစ်သည်၊ ထိုသိသဘောမှာ အာရုံနှင့်ဝတ္ထု တိုက်ဆိုမှုဖြစ်မှ သိသဘော ပေါ်လာသည်၊ ဥပမာအားဖြင့် ခတ်မီးခြစ်သဘောမျိုးကဲ့သို့ ဘီးနှင့်ကျောက်တို့ ထိခိုက်ပွတ်တိုက်မှုကြောင့် မီးဖွား ပေါ်လာ သည့် နည်း တူ ယင်း သိ သ ဘော ဖြစ်ပေါ်လာသည်။

www.dhammaransi.com

မျက်စိ+အဆင်း=မြင်သိ။ ထိုသိသဘောသည် ဖြူ,နီကြောင်ကျားဟူ၍လည်း သိသည်၊ချို,ချဉ်,ဖန်,ခါး,အငန်ကိုလည်း သိသည်၊ 'မာယူပမဉ္စ ဝိညာဏံ'ဟု ဟောတော်မူရကား မျက်လှည့်နှင့်တူသည် ဟူ၏၊မျက်လှည့်ပြတတ်သော ဆရာသည် မြေစိုင်ခဲကို ကြည့်ရှုသူတို့ ရွှေဟု ထင်အောင်လှည့်ပတ် တတ်သည်၊ ထို့အတူ 'သိသဘော'သည်လည်း အဆင်းကိုမြင်ပါလျက် မိန်းမဟု,ယောက်ျား,ဟု လှသော,မလှသောဟု ကိလေသာဖက်ရောက်အောင် သိသည်၊အမြင် မှားစေသည်၊ အမြင်မှား,အသိမှားဟူသည် 'စိတ္တဝိပလ္လာသ'ဖြစ်၍ ဒိဋ္ဌိဝိပလ္လာသဖက်ရောက်အောင် ပို့ဆောင်လေသည်။

ကျွန်ုပ်တို့သည် ငါးပါးအာရုံ ကာမဂုဏ်၌ ခုံတမင်မင် ခင်တမြားမြားနှင့် ဒုက္ခပွားနေရသည်မှာလည်း အသိမှားသောကြောင့် ဖြစ်ရသည်၊ ထိုအသိ ဆက်တိုက်မှားပါက သံသရာတခွင်တွင် လွတ်မြောက်ရန် လမ်းမရှိတော့ပေ၊ ဝိညာဏ်၏ ပင်ကိုသဘောသည် 'သိ'ရုံမျှသာ ရှိသည်၊ ထိုသိဟူသော သဘောကိုမှီ၍ ရာဂ,ဒေါသ,မောဟ တရားတို့က ညစ်ညူးအောင် နှိပ်စက် ထားသည်မှာ အချိန်ကြာလှလေပြီ၊ ထို့ကြောင့် 'သိ'သဘော၏ ပင်ရင်းကို သုံးသပ်ရမည်၊ အကဲခပ် တတ်ရမည်ဟု ဟောတော် မူခဲ့သော ပါဠိတော်ကိုကြည့်ပါ။

> တသ္မာ တိဟ ဘိက္ခဝေ အဘိက္ခဏံ သကံ စိတ္တံ ပစ္စဝေက္ခိတဗ္ဗံ၊
> ဒီဃရတ္တမိဒံ စိတ္တံ သံကိလိဋ္ဌံ ရာဂေန ဒေါသေန မောဟေနာတိ။
>
> (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၁၂၃)

ဘိက္ခဝေ၊ချစ်သားတို့။ တသ္မာ ဤသို့ဖြစ်လေသောကြောင့်။ သကံစိတ္တံ၊ မိမိအသိကို။ အဘိက္ခဏံ၊ မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင် သုံးသပ်အပ်၏။ ဣဒံစိတ္တံ၊ ဤအသိကို။ ရာဂေန၊ တွယ်တာမှုဖြင့်။ ဒေါသေန၊ အမျက်ထွက်မှုဖြင့်။ မောဟေန၊ တွေဝေမှုဖြင့်။ သံကိလိဋ္ဌံ၊ ညစ်နွမ်းအောင်ပြုခဲ့သည်မှာ၊ ဒီဃရတ္တံ၊ အချိန်ကြာမြင့်လှလေပြီ။

မှန်လှသည်၊ သတ္တဝါတယောက်ဖြစ်သော သာမန်ပုထုဇ္ဇန်၏ အသိစိတ်တွင် မဂ်တခုခုဖြင့် မပယ်ရသေးသမျှ ရာဂ - ဒေါသ - မောဟ စသော ကိလေသာတို့သည် အမြဲခိုအောင်းကာ ထိုကိလေသာတို့ကို လက်ခံထားသော သတ္တဝါအား နှိပ်စက်လေသည်၊ ပူလောင်စေသည်၊ပင်ပန်းစေသည်၊

www.dhammaransi.com

ထို ကိလေသာ အပူအလောင်သည် လက်ခံထားသောသတ္တဝါအား ညစ်နွမ်းစေသဖြင့် သံသရာမှ ထွက်ခွင့်မရပေ။

သံရာထွက်ကြောင်း တခုတည်းသောလမ်းကောင်းမှာ သတိပဋ္ဌာန်ဟူသော ကောယနမဂ်ပင်ဖြစ်ဆေသည်၊ ထိုမဂ်လမ်းကြောင်းသွားသူသည်-

သတ္တာနံ ဝိသုဒ္ဓိယာ။

'သတ္တဝါစင်ကြယ်ခြင်း' ဝါ-စင်ကြယ်သောသတ္တဝါဖြစ်ခြင်း။

ဟူသော ပထမအကျိုးကို ရလေသည်၊ 'ဤ သတိပဋ္ဌာန်မဂ်အလုပ်အားထုတ်မှ ထို သတ္တဝါစင်ကြယ်မည်'ဖြစ်လျှင် သတိပဋ္ဌာန်အားမထုတ်သော ပုဂ္ဂိုလ်-သတ္တဝါသည် စင်ကြယ်သည် မဟုတ်ပေ၊ အကြောင်းသော်ကား သတ္တဝါစင်ကြယ်သည် ဆိုရာ၌ ရုပ်,နာမ် နှစ်ပါးတွင် 'ရုပ်ကိုလော, စိတ်ကိုလော' ဆိုခဲ့သော်....

စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊ စိတ္တဝေါဒါနာ သတ္တာ ဝိသုဇ္ဈန္တိ။ (ၡင်းပါဠိတော်)

ဘိက္ခဝေ၊ချစ်သားတို့။စိတ္တသံကိလေသာ၊ အသိညစ်နွမ်းခြင်းကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ သံကိလိဿန္တိ၊ ညစ်နွမ်းကုန်၏။ စိတ္တဝေါဒါနာ၊ အသိဖြူစင်ခြင်းကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ဝိသုဇ္ဈန္တိ၊ စင်ကြယ်ကုန်၏။

သတ္တဝါတို့ ညစ်နွမ်းသည်ဟုဆိုရာ၌ အသိ (စိတ်) ညစ်နွမ်းသည်ကို ဆိုခြင်းကြောင့် ထို အသိ(စိတ်)တွင် ရာဂ-ဒေါသ-မောဟစသော ကိလေသာတို့ရှိနေလျှင် ထိုသတ္တဝါ ညစ်နွမ်းလေသည်၊ စင်ကြယ်သော သတ္တဝါဖြစ်စေရန် ထိုအသိ(စိတ်)တွင် ရာဂစသောကိလေသာတို့ မကပ်နိုင်စေရန် ပယ်သတ်နိုင်ရန် ဤ သတိပဋ္ဌာန်အလုပ်ကို ညွှန်ပြတော်မူလေသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် 'ချစ်သားတို့-မိမိ၏ အသိ (စိတ်) ကို မပြတ် အကဲခပ်ပါ၊ သုံးသပ်ပါ၊ စောင့်ကြည့်ပါ၊ အဘယ့်ကြောင့်ဆိုသော် သံသရာနှင့်အမျှထိုအသိ(စိတ်)ကို ရာဂစသောကိလေသာတို့ပူးဝင်နှိပ်စက် ဒုက္ခပေးခဲ့သည်မှာ ကြာလှလေပြီ'ဟု သတိပေးတော်မူသည်။

www.dhammaransi.com

'ဉ္ဇတိ ဝိညာဏဿ သမုဒယော' 'ဤကား သိ,သဘော၏ဖြစ်ခြင်း တည်း'ဟု အနက်ပေးခဲ့သည်၊ စိတ္တဟူသော ဝိညာဏ သိ,သဘောဟူသည် ပရမတ်တရားမျိုးဖြစ်၍ ပရမတ်တို့၏ သဘောလက္ခဏာအတိုင်း မျက်စိနှင့် အဆင်းတွေ့ရာတွင် (စက္ခုဝိညာဏ)မြင်သိဖြစ်၍၊ နားနှင့် အသံတိုက်တွေ့ ရာတွင် (သောတဝိညာဏ) ကြားသိဖြစ်ရလေသည်၊ ထို့အတူ အာရုံဒွါရ၊ တနည်း ဝတ္ထုနှင့်အာရုံပေါင်းဆုံလာလျှင် ထိုဝတ္ထုအာရုံအားလျော်သော (ဝိညာဏ)သိမှုတို့ ဖြစ်ကြသည်ချည်းပင်၊ အမြဲဖြစ်ရှိနေသောတရားမဟုတ် ချေ၊ ထို ဝတ္ထုအာရုံတို့ အကြောင်းမဆုံက မည်သည့် (ဝိညာဏ)အသိမှ ဖြစ်မည်မဟုတ်ပေ၊ သို့အတွက် မြတ်စွာဘုရားသည်....

'မာလုကျပုတ္တ-သင်သည် မမြင်ဘူးကုန်သော, ယခု မြင်ဆဲလည်းမဟုတ် ကုန်သော, နောင်လည်း မြင်ရလိမ့်မည်ဟု မမြော်လင့်အပ်ကုန်သော မြင်လျှင် သိအပ်သော အဆင်းတို့သည် ရှိကုန်၏၊ ထို အဆင်း တို့၌ သင်သည် လိုချင်မှု (ဆန္ဒ)သော်ငြား၊ တပ်မက်မှု (ရာဂ) သော်ငြား၊ ချစ်ခင်မှု(ပေမ)သော်ငြား ဖြစ်ပါမည်လော'ဟုမေးတော်မူသည်။

ထိုအခါ အရှင် မာလုကျပုတ္တ က 'မဖြစ်ပါ အရှင်ဘုရား' ဟု လျှောက်သည်။

မှန်၏၊ မိမိ မမြင်ဘူး,မကြားဘူး,မနံဘူး,မစားဘူး,မထိဘူး,မသိဘူး သေးသောအာရုံတို့သည်ရှိသည်၊ထိုအာရုံတို့မဖြစ်လျှင်မိမိသည်မြင်သိ,မသိ၊ ကြားသိ,မသိ၊လျက်သိ,မသိ၊ဘာသိ ဘာဝိညာဏ်မှမဖြစ်လေသောကြောင့် 'ဆန္ဒ,ရာဂ,ပေမ'ကိလေသာတို့ ဖြစ်စရာမရှိပေ။

ထို(ဝိညာဏ်)အသိသည် ဝတ္ထုအာရုံပေါင်းဆုံမိမှ ပေါ်လာသော တရားဖြစ်၍ ထိုအသိကို ဝိပဿနာရှုသော ယောဂီသည် ပေါ်လာသော အသိကို ဖြစ်မှန်းသိလျက် ဖြစ်သည်ကို သိနေရမည်၊ထိုအသိ 'ဖြစ်လာသည်, ဖြစ်နေသည်'ဟု သိအောင် သတိကပ်ထားသဖြင့် သိနေခြင်းသည် ဉ္ဇတိ ဝိညာဏဿ သမုဒယော ဖြစ်လေသည်။

'ဉ္ဇတိ ဝိညာဏဿ အတ္ထင်္ဂမော' 'ဤသည်ကား သိ, သဘော၏ ချုပ်ခြင်းတည်း'ဟုအနက်ပေးသည်၊(ဝိညာဏ်)သိ,သဘောသည် သူလည်း ပရမတ်သဘောဖြစ်၍ ဖြစ်ပြီးလျှင် ပြီးချင်း ကုန်ဆုံး ချုပ်ပျက်တတ်သော

www.dhammaransi.com

သဘာဝအတိုင်း ချုပ်ပျောက်သွားသည်၊ ထိုအသိကို စောင့်ကြည့်လျက် အကဲခပ် ရှုမှတ်လေ့လာနေသော ယောဂီသည် ယင်းအသိ၏ ဖြစ်ပေါ်ပြီး မရှိတော့သည့် သဘာဝတရားကို ဉာဏ်ဖြင့် သိရှိနေသည်၊ မိမိက ဖြစ်စေသည်လည်း မဟုတ်ပဲ ဖြစ်ပေါ်သည်၊ ဖြစ်ပေါ်ပြီးလျှင်လည်း 'ဟုတွာ အဘာဝေန္တေ အနိစ္စံ' ဆိုသောအတိုင်း အတိုအစအမှုန်အမွှား တစုံတရာမှ ကျန်မနေပဲ ပျက်သွားသည်၊ သို့အတွက် သိ့သဘော ဆိုသည်မှာလည်း 'ပျက်နေသော သဘော' ပါလားဟု သိနေခြင်းသည် ဣတိဝိညာဏသ အတွက်မောကို သိခြင်းပင်ဖြစ်လေသည်။

ဤသို့လျှင် ခန္ဓာငါးပါး ပရမတ်တရားသဘောတို့၏ အကြောင်းမကင်းပဲ ဖြစ်ပုံ ချုပ်ပုံတို့ကို ဉာဏ်သိဖြင့် မိမိ၏ အတွင်းသန္တာန်၌ရင်း၊ သူတပါးဟူသော အပြင်အပသန္တာန်၌ရင်း ထိုပရမတ်သဘောတရားတို့၏ ဖြစ်ပေါ်ပြီးလျှင် ချုပ်ပျောက်တတ်သော သဘောတရားတို့ဟူ၍ ပညတ် မဖက် သက်သက်သောပရမတ်သဘောတရားတို့ကို အဖန်ဖန်ရှုသိနေရာ၏။

ရင်းပြင် ထိုခန္ဓာငါးပါးပရမတ်သဘောတရားတို့သည် ဖြစ်လည်း ဖြစ်သည်ဟူ၍ရင်း၊ ပျက်လည်း ပျက်သည်ဟူ၍ရင်း၊ ဖြစ်လည်းဖြစ်, ပျက်လည်းပျက်သော သဘောတရားတို့ဟူ၍ အဖန်ဖန် ရှုသိနေရာ၏။

ဓမ္မာနုပဿနာနည်းဖြင့် သဘောတရားတို့ကို တိုက်ရိုက်ရှုနေသော ယောဂီအဖို့ ဤခန္ဓာတွင် ဖြစ်တတ်,ပျက်တတ်သော သဘောတရားမှ လွဲ၍ အခြား ဘာမှမရှိဟူသော အသိဉာဏ်တိုးတက်မှု ဖြစ်လာသည်၊ ထိုဉာဏ်ရင့်သန် တိုးပွားလာမှုသည် သဘောတရားပရမတ်တို့၏ အမှန်သဘောကို အမှန်မသိသဖြင့် ငါ,ငါ့ဥစ္စာဟု တဏှာဒိဋ္ဌိ နှစ်ပါးတို့ဖြင့်လည်း မတပ်မက်, မစွဲလမ်းတော့ပေ၊ အားလုံးသောရုပ်,နာမ်တို့ဟူသည် ဖြစ်တတ်,ပျက်တတ်သော ပရမတ်သဘောတရားတို့သာဟု သိသဖြင့် အားလုံးသော သင်္ခါရမှု အစုစုတို့တွင် တစုံတခုသော မည်သည့်သင်္ခါရကိုမှ ဒိဋ္ဌိတဏှာ ထိုနှစ်ဖြာဖြင့် မစွဲလမ်းရကား သံသရာမှ လွတ်မြောက်တော့သည်။

ခန္ဓပဗ္ဗ အခန်း ပြီး၏။

www.dhammaransi.com

ဓမ္မာ နုပဿနာ

၃-အာယတန ပဗ္ဗ

၂၁-ပါဠိတော်။ ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟာ ရတိ ဆသု အဇ္ဈတ္တိကဗာဟိရေသု အာယတနေသု။ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဆသု အဇ္ဈတ္တိကဗာဟိရေသု အာယတနေသု၊ ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုဉ္စ ပဇာနာတိ၊ ရူပေစ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊တဉ္စ ပဇာနာတိ၊ယထာစ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာစ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ၊တဉ္စ ပဇာနာတိ၊ ယထာစ ပဟီနဿ သံယော ဇနဿ အာယတိံ အနုပ္ပါဒေါ ဟောတိ၊တဉ္စ ပဇာနာတိ။ လ။ နစ ကိဉ္စိ လောကေ ဥပါဒိယတိ၊ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဆသု အဇ္ဈတ္တိက ဗာဟိရေသု အာယတနေသု။

၂၁-အနက်။ ဘိက္ခဝေ၊ချစ်သားတို့။ ပုနစ၊တဖန်လည်း။ အပရံ၊ တမျိုး တဖုံရှုရပုံကား....။ဘိက္ခု၊သံသရာကို ဘေးဟုမြင်တတ် ယောဂီမြတ် သည်။ ဆသု၊ ခြောက်ပါး ကုန်သော။ အဇ္ဈတ္တိက ဗာဟိရေသု၊ အတွင်းသန္တာန် အပသန္တာန်၌ ဖြစ်ကုန်သော။ အာယတနေသု၊ သံသရာကို ချဲ့တတ်ထွင်တတ်ကုန်သော။ ဓမ္မေသု၊ သဘောတရား တို့၌။ ဓမ္မာနုပဿီ၊ သံသရာချဲ့တရားတို့ကို အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဘိက္ခဝေ၊ချစ်သားတို့။ ကထဉ္စ၊အဘယ်သို့လျှင်။ ဘိက္ခု၊သံသရာ ကို ဘေးဟုမြင်တတ် ယောဂီမြတ်သည်။ ဆသု၊ ခြောက်ပါးကုန် သော။ အဇ္ဈတ္တိကဗာဟိရေသု၊ အတွင်းသန္တာန် အပသန္တာန်၌ဖြစ် ကုန်သော။အာယတနေသု၊သံသရာကိုချဲ့တတ်ထွင်တတ်ကုန်သော။ ဓမ္မေသု၊ သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သံသရာချဲ့ တရားတို့ကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ဝိဟရတိ ပန၊နေသနည်း၊ဣမှ....။

www.dhammaransi.com

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤငါ့ဘုရားအဆုံးအမ၌။ ဘိက္ခု၊ သံသရာကို ဘေးဟုမြင်တတ် ယောဂီဖြစ်သည်။ စက္ခုဉ္စ၊ မြင်တတ်သော သဘောကိုလည်း။ ပဇာနာတိ၊ သိ၏။ ရူပေစ၊ မြင်အပ်သော သဘောကိုလည်း။ ပဇာနာတိ၊ သိ၏။ တဒုဘယံ၊ မြင်တတ်မြင်အပ် ထိုနှစ်ရပ်ကို။ ပဋိစ္စ၊ အစွဲပြု၍။ ယဉ္စသံယောဇနံ၊ အကြင် ကာမရာဂ စသော ဆယ်ပါးသော အနှောင်အဖွဲ့သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဉ္စ၊ ထိုဆယ်ပါးသော အနှောင်အဖွဲ့ကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထိုမှတပါးလည်း။ အနုပ္ပန္နဿ၊ ဖြစ်မှုသို့ မရောက်သေးသော။ သံယောဇနဿ၊ ကာမရာဂစသော အနှောင်အဖွဲ့၏။ ဥပ္ပါဒေါ၊ ယခု ဖြစ်ပေါ်လာမှုသည်။ ယထာ၊ မသင့်သော ပညတ်အာရုံကို နှလုံးသွင်းမိခြင်းဟူသော အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ပညတ်အာရုံကို နှလုံးသွင်းမှားခြင်း ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထို မှ တပါးလည်း။ ဥပ္ပန္နဿ၊ ယခု ဖြစ်ပေါ် လာသော။ သံယောဇနဿ၊ ကာမ ရာဂ စသော အနှောင်အဖွဲ့ကို။ ပဟာနံ၊ တခဏ ပယ်ခြင်း, ခပ်ကြာကြာ ပယ်ခွာ နိုင်ခြင်းသည်။ ယထာ၊ သင့်သောပရမတ်အာရုံနှလုံးသွင်းခြင်းဟူသော အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ပရမတ်အာရုံ နှလုံးသွင်းခြင်း ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထိုမှတပါးလည်း။ ပဟီနဿ၊ ပယ်အပ်ပြီးသော။ သံယောဇနဿ၊ ကာမရာဂ စသော အနှောင်အဖွဲ့၏။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒေါ၊ တဖန်ထပ်၍ မဖြစ်ပေါ်ခြင်းသည်။ ယထာ၊ အရိယာမဂ်ဟူသော အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ အရိယမဂ်ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

သောတဉ္စ၊ ကြားတတ်သော သဘောကိုလည်း။ ပဇာနာတိ၊ သိ၏။ သဒ္ဒေစ၊ ကြားအပ်သောသဘောကိုလည်း။ ပဇာနာတိ၊ သိ၏။ တဒုဘယံ၊ ကြားတတ်ကြားအပ် ထိုနှစ်ရပ်ကို။ ပဋိစ္စ၊ အစွဲပြု၍။ ယဉ္စ သံယောဇနံ၊ အကြင် ကာမရာဂစသော ဆယ်ပါးသော အနှောင်

www.dhammaransi.com

အဖွဲ့သည်လည်း။ ဥပ္ပန္နတိ၊ဖြစ်၏။ တဉ္စ၊ထိုဆယ်ပါးသော အနှောင်အဖွဲ့ကိုလည်း။ ပဇာနာ၊သိ၏။

စ၊ ထိုမှတပါးလည်း။အနုပ္ပန္နဿ၊ ဖြစ်မှုသို့မရောက်သေးသော။ သံယောဇနဿ၊ ကာမရာဂစသော အနှောင်အဖွဲ့၏။ ဥပ္ပါဒေါ၊ယခု ဖြစ်ပေါ်လာမှုသည်။ ယထာ၊ မသင့်သော ပညတ်အာရုံကို နှလုံးသွင်းမိခြင်း အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ပညတ်အာရုံကို နှလုံးသွင်းမှားခြင်း ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊သိ၏။

စ၊ ထိုမှတပါးလည်း။ဥပ္ပန္နဿ၊ယခုဖြစ်ပေါ်လာသော။သံယောဇနဿ၊ ကာမရာဂ စသော အနှောင်အဖွဲ့ကို။ ပဟာနံ၊ တခဏပယ်ခြင်း, ခပ်ကြာကြာ ပယ်ခွာ နိုင်ခြင်းသည်။ ယထာ၊ သင့်သော ပရမတ်အာရုံ နှလုံးသွင်းခြင်းဟူသော အကြင်အကြောင်းကြောင့်။ ဟောတိ၊ဖြစ်၏။ တဉ္စ၊ပရမတ်အာရုံနှလုံးသွင်းခြင်း ထိုအကြောင်းကိုလည်း။ပဇာနာတိ၊သိ၏။

စ၊ ထိုမှတပါးလည်း။ ပဟီနဿ၊ ပယ်အပ်ပြီးသော။ သံယောဇနဿ၊ ကာမရာဂ စသော အနှောင်အဖွဲ့၏။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒေါ၊တဖန်ထပ်၍ မဖြစ်ပေါ်ခြင်းသည်။ ယထာ၊ အရိယာမဂ်ဟူသော အကြင်အကြောင်းကြောင့်။ ဟောတိ၊ဖြစ်၏။ တဉ္စ၊ ပရမတ် အာရုံ နှလုံး သွင်းခြင်း ထိုအကြောင်း ကိုလည်း။ ပဇာနာတိ၊ သိ၏။

* (ဃာန-ဇိဝှာ-ကာယ တို့ကိုလည်း ထို့အတူဆိုပါလေ။)

မနဉ္စ၊သိတတ်သောသဘော,ညွှတ်တတ်သောသဘောကိုလည်း။ ပဇာနာတိ၊သိ၏။ ဓမ္မေစ၊ညွှတ်အပ် သိအပ်သောသဘော(ဓမ္မာရုံ) ကိုလည်း။ ပဇာနာတိ၊သိ၏။ တဒုဘယံ၊ ညွှတ်တတ်ညွှတ်အပ် ထိုနှစ်ရပ်ကို။ ပဋိစ္စ၊ အစွဲပြု၍။ ယဉ္စသံယောဇနံ၊ အကြင် ကာမရာဂ စသော ဆယ်ပါးသော အနှောင်အဖွဲ့သည်လည်း။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ တဉ္စ၊ထိုဆယ်ပါးသော အနှောင်အဖွဲ့ကိုလည်း။ ပဇာနာတိ၊ သိ၏။

www.dhammaransi.com

စ၊ ထိုမှ တပါးလည်း။ အနုပ္ပန္နဿ၊ ဖြစ်မှုသို့ မရောက်သေးသော။ သံယောဇနဿ၊ ကာမရာဂ စသော အနှောင်အဖွဲ့၏။ ဥပ္ပါဒေါ၊ ယခုဖြစ်ပေါ်လာမှုသည်။ ယထာ၊မသင့်သော ပညတ်အာရုံကို နှလုံးသွင်းမိခြင်း အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ပညတ်အာရုံကို နှလုံးသွင်းမှားခြင်း ထိုအကြောင်းကိုလည်း။ပဇာနာတိ၊သိ၏။

စ၊ ထိုမှ တပါးလည်း။ ဥပ္ပန္နဿ၊ ယခု ဖြစ်ပေါ် လာသော။ သံယောဇနဿ၊ကာမရာဂစသောအနှောင်အဖွဲ့ကို။ပဟာနံ၊တခဏပယ်ခြင်း, ခပ်ကြာကြာ ပယ်ခွာနိုင်ခြင်းသည်။ ယထာ၊သင့်သော ပရမတ်အာရုံ နှလုံးသွင်းခြင်းဟူသော အကြင်အကြောင်းကြောင့်။ ဟောတိ၊ဖြစ်၏။တဥ္စ၊ပရမတ်အာရုံ နှလုံးသွင်းခြင်း ထိုအကြောင်းကိုလည်း။ပဇာနာတိ၊ သိ၏။

စ၊ ထိုမှတပါးလည်း။ ပဟီနဿ၊ ပယ်အပ်ပြီးသော။ သံယောဇနဿ၊ ကာမရာဂ စသော အနှောင်အဖွဲ့၏။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒေါ၊ တဖန်ထပ်၍ မဖြစ်ပေါ်ခြင်းသည်။ ယထာ၊ အရိယာမဂ်ဟူသော အကြင် အကြောင်းကြောင့်။ဟောတိ၊ဖြစ်၏။ တဥ္စ၊ အရိယာမဂ်ဟူသော ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ဣတိ၊ဤသို့။ (အဇ္ဈတ္တံဝါ-မှစ၍ နိဂုံးပိုင်းအတိုင်း ဆိုလေ၊ နိဂုံးနေရာတွင် အာယတနပြင်ထည့်ရန်သာ လိုသည်။)

၂၁-အဓိပ္ပာယ်ရှင်းချက် ဓမ္မာနုပဿနာ သတိပဋ္ဌာန်၌ ခန္ဓာနှင့်ပတ်သက်သော ပရမတ္ထဓမ္မကို ဟောတော်မူပြီးနောက် သံသရာခရီးတွင် ရှည်လျားစေတတ်သော ဓမ္မတမျိုးကိုဟောတော်မူလိုသော မြတ်စွာဘုရားသည် 'ပုနစပရံ' စသည်ဖြင့် ဟောတော်မူလေသည်၊ အစမထင်သော သံသရာတခွင်တွင် ရှည်လျား အောင် ပြုလုပ်တတ်, မဆုံးအောင် ဆောင်ယူတတ်သော, စက္ခုစသော သဘောတရားမျိုးကို 'အာယတန'ဟု ခေါ်သည်၊ ၎င်းပြင်....

www.dhammaransi.com

အပိစ နိဝါသဋ္ဌာနဋ္ဌေန အာကာရဋ္ဌေန သမောသရဏဋ္ဌာနဋ္ဌေန
သဉ္ဇာတိဒေသဋ္ဌေန ကာရဏဋ္ဌေနစ အာယတနံ ဝေဒိတဗ္ဗံ။
(သမ္မောဟဝိနောဒနီ-၄၂၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁၁၂)

တမျိုးတဖုံကား....နေရာ ဌာနဟူသော အနက်ကြောင့်၎င်း, ပွမ်းရာ
တည်ရာဟူသော အနက်ကြောင့်၎င်း, စုဝေးရာအရပ်ဟူသော အနက်
ကြောင့်၎င်း, ဖြစ်ရာဒေသဟူသောအနက်ကြောင့်၎င်း, အကြောင်းဟူ
သောအနက်ကြောင့်၎င်း အာယတနမည်၏ဟူ၍ သိအပ်၏။

စင်စစ် အာယတန၏သဘောမှာ သံသရာကိုကျယ်အောင်,ရှည်ကြာ
အောင် ပြုလုပ်ဖန်တီးသော သဘောဖြစ်လေသည်၊ထိုသဘောတရားတို့မှာ-

၁။ (အဇ္ဈတ္တိကာ-ယတန)အတွင်းခွဲတရား ၆-ပါး၊
၂။ (ဗာဟိရာ-ယတန)အပြင်ခွဲတရား ၆-ပါး၊

ဟူ၍ ၂-မျိုးခွဲထားလေသည်၊ ထို ၂-မျိုးတို့တွင် အတွင်းခွဲတရား
၆-မျိုးမှာ....

၁။ (စက္ခာ-ယတန)မြင်တတ်သော အကြည်ဓာတ်၊
၂။ (သောတာ-ယတန) ကြားတတ်သော အကြည်ဓာတ်၊
၃။ (ဃာနာ-ယတန)နံတတ်သော အကြည်ဓာတ်၊
၄။ (ဇိဝှာ-ယတန)လျက်တတ်သော အကြည်ဓာတ်၊
၅။ (ကာယာ-ယတန)ထိကတ်သော အကြည်ဓာတ်၊
၆။ (မနာ-ယတန)သိတတ်သော အကြည်ဓာတ်၊

ဟူ၍ ၆-မျိုးပြားလေသည်၊ အပြင်ခွဲတရား ၆-မျိုးမှာ....

၁။ (ရူပါ-ယတန)မြင်အပ်သော အဆင်းဓာတ်၊
၂။ (သဒ္ဒါ-ယတန)ကြားအပ်သော အသံဓာတ်၊
၃။ (ဂန္ဓာ-ယတန)နံအပ်သော အနံ့ဓာတ်၊
၄။ (ရသာ-ယတန)လျက်အပ်သော အရသာဓာတ်၊
၅။ (ဖောဋ္ဌဗ္ဗာ-ယတန)ထိအပ်သော အတွေ့ဓာတ်၊
၆။ (ဓမ္မာ-ယတန)သိအပ်သော ဓမ္မဓာတ်၊

ဟူ၍ ၆-မျိုးရှိလေသည်။

၎င်းအတွင်း အပြင် အတွဲအားဖြင့် ၂-မျိုး တစုံ၊ ပေါင်း ၆-စုံ
ဖြစ်လေသည်။

www.dhammaransi.com

မြင်တတ်သော သဘောသည် မြင်အပ်သော အဆင်းနှင့် ထိတွေ့သောအခါ ပညတ်ကို အာရုံပြု၍ မသင့်မတင့် မမှန်မကန် နှလုံးသွင်းမိသောအခါ ကာမရာဂစသော (သံယောဇဉ်) အနှောင်အဖွဲ့ ဖြစ်လာလေသည်၊ ယင်းသည်ပင်လျှင် သံသရာချဲ့တရား ဖြစ်သွားတော့သည်။

မြတ်စွာဘုရားသည် ပရမတ္ထဓမ္မကို ကာမရာဂ ဖြစ်လောက်စရာ ဘာမျှ မရှိပါပဲလျက်၊ ဝါ-မြင်တတ်သော သဘောသည် မြင်ပျက်လျက် အမြင်ခံရသောအဆင်းသည် ပျက်လျက် နေပါသော်လည်း ထိုသဘောတရားကို တရားအတိုင်းမသိပဲ'ကောင်းသည်-လှပသည်-ယောကျ်ား-မိန်းမ' စသောနှလုံးသွင်းမှားမှုကြောင့် ကာမရာဂစသော(သံယောဇဉ်)အနှောင်အဖွဲ့ခံရသည်ဟု မြင်တော်မူသည်။

စင်စစ်မှာ မြင်တတ်သောသဘောရှိသောမျက်စိသည် ငှင်း၌'ငါ'ဟု ထင်ရလောက်သော အခိုင်အမာ ဘာမျှမရှိ၊ 'ငါ့ဥစ္စာ-ငါ့ပစ္စည်း'ဟု ယူရလောက်သော နှစ်သက် တွယ်တာစရာလည်း ဘာမျှမရှိ၊ သက်သက် သူ့သဘော(အနတ္တ)သာဖြစ်သည်၊ အတ္တ,ဇီဝ,ပုဂ္ဂလ,သတ္တမှ လုံးဝဆိတ်သုဉ်းသော(သုည)သဘောရှိကြောင်း ဟောတော်မူသည်။

စက္ခုံ ခေါ အာနန္ဒ သုညံ အတ္တေနဝါ အတ္တနိယေနဝါ၊ ရူပါ သုညာ အတ္တေနဝါ အတ္တနိယေနဝါ။

(သဠာယတနသံယုတ်ပါဠိတော်-၂၀၀)

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ခေါ၊ စင်စစ်အားဖြင့်။ စက္ခုံ၊ မြင်တတ်သောသဘောသည်။ အတ္တေနဝါ၊ ငါဟူသော ဒိဋ္ဌိအစွဲမှငှင်း။ အတ္တနိယေနဝါ၊ ငါ့ဥစ္စာဟူသော တဏှာအစွဲမှငှင်း။ သုညံ၊ သက်သက်မရှိ ဆိတ်သုဉ်း၏။ ရူပါ၊မြင်အပ်သောအဆင်းသဘောသည်။ အတ္တေနဝါ၊ ငါဟူသော ဒိဋ္ဌိအစွဲမှငှင်း။ အတ္တနိယေနဝါ၊ ငါ့ဥစ္စာဟူသော တဏှာအစွဲမှငှင်း။ သုညာ၊ သက်သက်မရှိ ဆိတ်သုဉ်း၏။

ဤနည်းဖြင့်(သောတ)ကြားတတ်သောသဘောသည်ငှင်း၊(သဒ္ဒ) ကြားအပ်သော အသံသည်ငှင်း၊ (ဃာန)နံတတ်သော သဘောသည်ငှင်း၊ (ဂန္ဓ)နံအပ်သောအနံ့သည်ငှင်း၊ (ဇိဝှာ) လျက်တတ်သော သဘောသည်ငှင်း၊ (ရသ) လျက်အပ်သောအရသာသည်ငှင်း၊ (ကာယ) ထိတတ်သော သဘောသည်ငှင်း၊ (ဖောဋ္ဌဗ္ဗ)ထိအပ်သောအတွေ့သည်ငှင်း၊ (မန)သိတတ်

www.dhammaransi.com

သောသဘောသည်ရှင်း၊ (ဓမ္မ) သိအပ်သောဓမ္မသည်ရှင်း အားလုံးသော အာယတနတို့သည်'ငါဟု ယူစရာ,ဥစ္စာဟု တပ်မက်စရာ' လုံးဝမရှိကြောင်း ဟောတော်မူထားသည့်ပြင်....

သုညော ဂါမောတိ ခေါ ဘိက္ခဝေ ဆန္နေတံ အဇ္ဈတ္တိကာနံ
အာယတနာနံ အဓိဝစနံ။ (အာသီဝိသောပမသုတ်-၃၀၃)

ဘိက္ခဝေ၊ချစ်သားတို့။ သုညောဂါမောတိ၊ လူသူကင်းဆိတ်သောရွာ ဟူသော။ ဧတံ၊ ဤအမည်သည်။ ခေါ၊ စင်စစ်။ ဆန္နံ၊ ခြောက်ပါး ကုန်သော။ အဇ္ဈတ္တိကာနံ၊ အတွင်း၌ဖြစ်ကုန်သော။ အာယတနာနံ၊ စက္ခုစသော အာယတနတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ် ဟူသော အတွင်းတရား ၆-ပါး တို့သည် လူသူကင်းမဲ့လျက်, ငြိမ်သက်လျက်ရှိသော ရွာပျက်ကြီးနှင့်တူ၏။ ထိုရွာသို့ ဝင်သောသူသည် လူ သူမရှိသဖြင့် တိတ်ဆိတ်လျက် ရှိနေသော အိမ်သို့ဝင်လေပြီးသော် စားစရာ-ယူစရာတို့ကို တွေ့လိုတွေ့ငြားရှာဖွေသော အခါ ဘာမျှမရှိသော အိုးခွက်တို့ကိုသာ တွေ့မြင်လေရာ၏၊ စားစရာလည်း အစာမရှိ၊ သောက်စရာလည်းရေမရှိ၊ ယူစရာလည်းဘာပစ္စည်းမှမရှိသည်ကို တွေ့မြင်ရာ၏။

ထိုအတူ မြင်တတ်သောမျက်စိသည် မြင်တတ်သောသဘောမှလွဲ၍ လိုချင်စရာ, ရချင်စရာ,နှစ်သက်တွယ်တာစရာ, ငါ-ငါ့ဥစ္စာဟူ၍ သိမ်းပိုက် စရာ ဘာမျှ မရှိချေ၊ နား, နှာခေါင်း စသည်တို့လည်း ဤနည်းတူပင်၊ ယင်းသို့ အတွင်းတရား ၆-ပါးသည်သာလျှင် အချည်းနှီး သုည ဖြစ်သည် မဟုတ်၊ အပြင်တရား ၆-ပါးတို့သည်လည်း....

စောရာ ဂါမဃာတကာတိခေါ ဘိက္ခဝေ ဆန္နေတံ ဗာဟိရာနံ
အာယတနာနံ အဓိဝစနံ။ (ဤငါးပါဠိတော်)

ဘိက္ခဝေ၊ချစ်သားတို့။ စောရာဂါမဃာတကာတိ၊ ရွာကိုနှိပ်စက်ဖျက် ဆီးသော ခိုးသူဟူသော။ ဧတံ၊ဤအမည်သည်။ ခေါ၊ စင်စစ်။ ဆန္နံ၊ ၆-ပါးကုန်သော။ ဗာဟိရာနံ၊ အပြင်၌ဖြစ်ကုန်သော။ အာယတနာနံ၊ ရူပါစသော အာယတနတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

ဟု ဟောတော်မူရာ ရူပ,သဒ္ဒ စသော အပြင်အာယတန ၆-ပါး တို့သည် မျက်စိ,နားစသော အတွင်း ရွာပျက်ကြီးကို လုယက် တိုက်ခိုက်

www.dhammaransi.com

ဖျက်ဆီးသော ခိုးသူကြီးနှင့် တူကုန်၏ ဟူ၍ ဟောတော်မူသည်၊ အတွင်းအာယတနသည် အတိုက်ခံရသော ရွာပျက်ကြီးဖြစ်သည်၊ အပြင်အာယတနသည် ထိုရွာကို ဝင်တိုက်သော ရွာဖျက် လူဆိုးတို့ဖြစ်သည်။

ပုံစံမှာ....မြင်တတ်သောသဘော(မျက်စိ)ကို မြင်အပ်သောအဆင်း (ရူပါရုံ)က ဝင်တိုက်သည်၊ အတိုက်ခံရသော မြင်တတ်သည့် သဘောမှာလည်း ရွာပျက်ကဲ့သို့ ရစရာ, ယူစရာ, လိုချင်စရာ ဘာမှမရှိ၊ သက်သက်သုညတ၊ ငါ,ငါ့ဥစ္စာဟု စွဲလမ်း၍မရ၊ အချည်းနှီးတည်း၊ ဝင်တိုက်သော အဆင်းမှာလည်း အခိုင်အမာ နှစ်သက်စရာမရှိသော ရွာဖျက် လူဆိုးသူခိုးဖြစ်၍ အချည်းနှီး သုညပင်တည်း။

ဤနည်းဖြင့်အတွင်းအာယတနတို့ကအတိုက်ခံရသောရွာပျက်ကြီး, အပြင်အာယတနတို့က ထိုရွာပျက်ကြီးကို ဝင်တိုက်သော လူဆိုးတို့ဖြစ်ကြပြီး၊အတွင်းအပြင် ၂-ဌာနစလုံးသည် အချည်းနှီး သုညတဖြစ်ကြောင်းကို ဟောတော်မူလေသည်၊ ထို အတိုက်ခံတတ်နှင့် အခံခံတတ်တို့ ၂-ရပ်ကြောင့် ဖြစ်လာသောအပြစ်မှာ ကာမရာဂစသော (သံယောဇဉ်) အနှောင်အဖွဲ့တို့ဖြစ်၍ သံသရာဒုက္ခဖြစ်ကြောင်း ဟောထားချက်တို့သည် အလွန်များလေသည်၊ ထိုအထဲတွင် မှတ်သားစရာကောင်းသော တချက်မှာ....

သန္တိ ဘိက္ခဝေ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူ ပသံဟိတာ ရဇနီယာ၊ တဉ္စေ ဘိက္ခု အဘိနန္ဒတိ၊ အဘိဝဒတိ၊ အဇ္ဈောသာယ တိဋ္ဌတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု ဂိလိတဗာဠိသော မာရဿ၊ အနယံ အာပန္နော၊ ဗျသနံ အာပန္နော ယထာ ကာမကရဏီယော ပါပိမတော။

(သဠာယတနသံယုတ်ပါဠိတော် ဗာဠိသိကောပမသုတ်-၃၆၇)

ချစ်သားတို့-အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကိုပွားစေတတ် ချစ်ခင်ဘွယ်သဘော ရှိကုန်သော, ကာမနှင့် စပ်ယှဉ်ကုန်သော, စွဲမက်အပ်ကုန်သော, စက္ခုဝိညာဏ်ဖြင့် မြင်သိအပ်ကုန်သော အဆင်းတို့သည် ရှိကုန်၏၊ ထိုအဆင်းကို ရဟန်းသည် အလွန် နှစ်သက်ခဲ့မူ, စွဲလမ်းခဲ့မူ, လွှမ်းမိုး၍တည်ခဲ့မူ၊ ချစ်သားတို့-ဤရဟန်းကို မာရ်နတ်၏ငါးများချိတ်ကို မျိုမိသည်ဖြစ်၍ အကျိုးမဲ့သို့ ရောက်သူ, ပျက်စီးခြင်းသို့ရောက်သူ, မာရ်မင်း၏အလိုရှိတိုင်း အပြုခံရသူဟု ဆိုအပ်၏။

www.dhammaransi.com

မြတ်စွာဘုရားသည် ရူပ,သဒ္ဒစသောအာရုံငါးပါးတို့သည်မာရ်မင်း ထောင်ထားသော ငါးမျှားချိတ်နှင့် တူကြောင်း၊ ထို ငါးမျှားချိတ်တွင် ပါသော 'အဿာဒ' သာယာဖွယ် ထင်မှတ်သော ငါးစာကြောင့် စက္ခု, သောတစသည်ဖြင့် မျိုမိ,ဟပ်မိသော သတ္တဝါမှာ အကျိုးမဲ့ခြင်း,ပျက်စီး ခြင်း,မာရ်မင်း၏ အလိုရှိတိုင်းပြုမူခြင်းကိုခံရသူ ဟူ၍ တံငါငါးမျှားချိတ်နှင့် ဥပမာပြု၍ ဟောတော်မူသည်။

သို့အတွက် ဓမ္မာနုပဿနာ ၌ အာယတနပိုင်းကို ဟောတော်မူရာ တွင် ကိလေသာသတ်မှု,သံယောဇဉ်ပြတ်မှုတို့အတွက် ကိလေသာ သံယော ဇဉ်တို့ဖြစ်ရာကို သိတော်မူထားပြီးဖြစ်သော မြတ်စွာဘုရားသည် ပြတ်မှုကို ရည်ရွယ်၍....

၁။ 'စက္ခုဉ္စ ပဇာနာတိ'-မြင်တတ်သော သဘောကိုသိပါ၊

၂။ 'ရူပေစ ပဇာနာတိ'-မြင်အပ်သော သဘောကိုသိပါ၊

၃။ 'ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ'- မြင်တတ်-မြင်အပ် ထို နှစ်ရပ်ကိုအစွဲပြု၍ ကာမ ရာဂစသော ဆယ်ပါးသော အကြောင်အနှောင်အဖွဲ့သည်ဖြစ်၏၊ ထိုသံယော ဇဉ်အနှောင်အဖွဲ့ကို သိပါ။

မြင်တတ်သော သဘောသည် (စက္ခုပသာဒ)ပရမတ်ဖြစ်ကြောင်း မသိသည့်အတွက်ငါ'ဟူသောပညတ်အာရုံပြုပြီးလျှင်မြင်အပ်သောအဆင်း (ရူပါရုံ) ပရမတ်ကိုလည်း ပရမတ်ဟူ၍ မသိသည့်အတွက် ပညတ်အာရုံ ယူပြီးလျှင် ထို ဝတ္ထုအာရုံ နှစ်ပါးဆုံမှုကြောင့် နှလုံးသွင်းမှားလေသော ကြောင့် ချစ်ခင်နှစ်သက် သာယာတွယ်တာတတ်သော (ကိလေသာ သံ ယောဇဉ်) အနှောင်အဖွဲ့တို့ ဖြစ်ရလေသဖြင့် အရင်းခံသဘောကို အမှန် သိ စေလိုသောကြောင့်....

၁။ 'မြင်တတ်သော သဘောကို သိပါ' ဟူရာ၌ 'စက္ခုပသာဒံ ယာထာဝသရသလက္ခဏဝသေန ပဇာနာတိ'ဟု အဋ္ဌကထာ၌ ညွှန်ပြသည့်အတိုင်း....

စက္ခုပသာဒံ၊ မြင်တတ်သော အကြည်ဓာတ်ကို။ ယာထာဝသရသ လက္ခဏဝသေန၊ မဖောက်မပြန် ဟုတ်မှန်သော မိမိ၏ဝိသေသသဘော သာမညလက္ခဏာ၏ အစွမ်းအားဖြင့်။ ပဇာနာတိ၊ သိ၏။

www.dhammaransi.com

မြင်တတ်သောသဘော၏ ပင်ရင်းသည် ‘ဖောက်ပြန်သဘော(ရုပ်) ဖြစ်သည်၊ ထို ဖောက်ပြန်သဘောသည် အမှန်တရားပရမတ်ဖြစ်၏၊ပရမတ် ဟူသည် ‘မြင်’ဟူသော သဘော ဖြစ်ပြီးသည်နှင့် ချုပ်၏၊ပျက်၏၊ ငါ-ဟူ၍ စွဲယူစရာ, ငါ့ဥစ္စာ ဟူ၍ သိမ်းပိုက်စရာ လုံး ၀ အချိန် မရပေ၊ အပျက်မှာ အလွန်ပင်မြန်သည်၊ထိုသို့ပင်ရင်းဖြစ်သောမြင်တတ်သည့်(စက္ခု)ပရမတ်ကို အမှန်အတိုင်းမသိသည့်အတွက် ‘ငါမြင်သည်’စသော ကိလေသာသံယော ဇဉ်တို့ဖြစ်ကုန်သည်။

ယခု တရားညွှန်ပြလိုသော မြတ်စွာဘုရားက ‘မြင်တတ်သဘောကို သိပါ’ဆိုသည်မှာ ထို မြင်မှုသည် ‘ငါ’မဟုတ်၊ ‘မြင်တတ်သော ပရမတ်ကို သိပါ’ဟု ဆိုလိုသည်၊ (တနည်း) ဘာမျှမရှိသော ရွှေပျက်ကြီး၌ ဘာမျှမရှိ သည့် သဘောကိုသိပါ-ဟု ဆိုလိုသည်၊နောက် ထိုမြင်တတ်သောသဘော၏ အတွဲကိုလည်း....

၂။ ‘မြင်အပ်သော သဘောကိုသိပါ’ဟူရာ၌‘ဗဟိဒ္ဓါ စတုသမုဋ္ဌာ နိက ရူပဥ္စ ယာထာဝသရသလက္ခဏဝသေန ပဇာနာတိ’ ဟု အဋ္ဌကထာ ညွှန်ပြချက်အတိုင်း....

ဗဟိဒ္ဓါ၊ အပြင်အပ ဗာဟိဒ္ဓသန္တာန်၌ဖြစ်သော။ စတုသမုဋ္ဌာနိကရူပဥ္စ၊ လေးပါးသောအကြောင်းကြောင့်ဖြစ်သော သဘောတရားကိုလည်း။ ယာထာဝသရသလက္ခဏဝသေန၊ မဖောက်မပြန်ဟုတ်မှန်သော မိမိ၏ မြင်, သိ အာရုံ၏ အဖြစ်ဟူသော ကိစ္စလက္ခဏာ၏ အစွမ်း အားဖြင့်။ ပဇာနာတိ၊ သိ၏။

မြင်အပ်သော သဘော (အဆင်း) ၏ ပင်ရင်းသည် ‘ဖောက်ပြန် သဘော’ (ရုပ်)ပင် ဖြစ်သည်၊ ထို ဖောက်ပြန်သဘော သည် အမှန်တရား ပရမတ်ဖြစ်၏၊ပရမတ်တို့၏သဘောသည်လည်းဖြစ်ပြီးသည်နှင့်ချုပ်ပျက်၏၊ ထို ဖြစ်ပျက်နေသောသဘောကို ငါ-ဟူ၍ စွဲယူစရာ,ငါ့ဥစ္စာဟူ၍ သိမ်းပိုက် စရာအချိန်မရအောင် အပျက်မြန်လှသည်၊ ထို အဆင်းပရမတ်ကို ပရမတ် ဟူ၍ အမှန်အတိုင်းမသိသည့်အတွက် ‘ငါမြင်သည်, အဆင်းသည် ငါ့ဥစ္စာ’ စသော ကိလေသာသံယောဇဉ်တို့ဖြစ်ကုန်သည်၊ မြတ်စွာဘုရားက ‘မြင်အပ် သောသဘောကို သိပါ’ဟု ဆိုသည်မှာ ထို မြင်အပ်သော အဆင်းဟူသည် (ရူပါယတန, ဝဏ္ဏာယတန) ဖောက်ပြန်သော သဘောဖြစ်၍ ‘ငါမဟုတ်

www.dhammaransi.com

မြင်အပ်သော ဖောက်ပြန်မှု သဘောသာဖြစ်သည်’ကို သိပါဟုဆိုလိုသည် (တနည်း) ဘာမျှ အနှစ်သာရမရှိသောရွာကို ဖျက်ဆီးလုယက်တတ်သော လူဆိုးဟူသည့် သဘောကို သိပါ-ဟု ဆိုလိုသည်။

၃။ မြင်တတ်မြင်အပ် ထို နှစ်ရပ်ကို အစွဲပြု၍ ကာမရာဂ စသော ဆယ်ပါးသောအကြင်အနှောင်အဖွဲ့သည် ဖြစ်၏၊ထို(သံယော ဇဉ်)အနှောင်အဖွဲ့ကိုသိပါ ဟူရာ၌ ယဉ္စ တံ စက္ခုဉ္စ ဝ ရူပေ စ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ယထာဝ သရသလက္ခဏဝသေန ပဇာနာတိ- ဟု အဋ္ဌကထာပြသောအတိုင်း....

စက္ခုဉ္စ ဝ၊မြင်တတ်သော အကြည်ဓာတ်ကိုင်း၊ ရူပေစ၊မြင်အပ်သော အဆင်းဓာတ်ကိုင်း၊ဣတိ၊ဤသို့။ တံဥဘယံ၊ထိုနှစ်ပါးစုံကို။ ပဋိစ္စ၊အစွဲပြု၍။ ကာမရာဂသံယောဇနံ၊ ကာမတို့၌ တပ်မက်သော အနှောင်အဖွဲ့ ၎င်း။ပဋိဃသံယောဇနံ၊ထိပါးချုပ်ချယ်တတ်သောအနှောင်အဖွဲ့၎င်း။ မာနသံယောဇနံ၊တက်ကြွသောအနှောင်အဖွဲ့၎င်း။ ဒိဋ္ဌိသံယောဇနံ၊အစွဲ မှားသောအနှောင်အဖွဲ့၎င်း။ ဝိစိကိစ္ဆာသံယောဇနံ၊ တွေးတောယုံမှား သော အနှောင်အဖွဲ့၎င်း။ သီလဗ္ဗတပရာမာသ သံယောဇနံ၊ အလေ့ အကျင့်ကို မှားယွင်းစွာ သုံးသပ်တတ်သော အနှောင်အဖွဲ့၎င်း။ ဘဝ ရာဂ သံယောဇနံ၊ အဖြစ်ဟူသော ဘဝ၌တပ်မက်သော အနှောင်အဖွဲ့ ၎င်း။ဣဿာသံယောဇနံ၊ငြူစူစောင်းမြောင်းတတ်သော အနှောင်အဖွဲ့ ၎င်း။ မစ္ဆရိယသံယောဇနံ၊ နှမြောဝန်တို မပေးမလှူလိုသော အနှောင် အဖွဲ့၎င်း။အဝိဇ္ဇာသံယောဇနံ၊ အမှန်တရား သစ္စာကိုမသိသောအနှောင် အဖွဲ့၎င်း။ ဣတိ၊ ဤသို့။ ဒသဝိဓံ၊ဆယ်ပါးအပြားရှိသော။ ယံသံယော ဇနံ၊ အကြင် အနှောင်အဖွဲ့သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဉ္စသံယောဇနံ၊ ထိုအနှောင်အဖွဲ့ကိုလည်း။ ယထာဝ သရသလက္ခဏဝသေန၊ မဖောက် မပြန် ဟုတ်မှန်သော မိမိ၏သတ္တာ ဝါတို့ကို နှောင်ဖွဲ့တတ်သည်၏ အဖြစ် ဟူသော လက္ခဏာ၏ အစွမ်းအားဖြင့်။ ပဇာနာတိ၊ သိ၏။

မျက်စိဖြင့် အဆင်းကိုမြင်ရာ၌ ထိုနှစ်ပါးကို အစွဲပြု၍ (တနည်း) အာရုံနှင့်ဝတ္ထု ကိုက်ခဲမှုကြောင့် ပညတ်ကို နှလုံးသွင်း မှားသောသူမှာ ကောင်းသော မြင်ခြင်း, သဘောကျစရာ ရှုခြင်း, နှစ်သက်စရာ အမြင်ဟု

www.dhammaransi.com

သဘောကျ လက်ခံလိုက်လျှင် ကာမ ရာဂ ဟူသော လောဘ ကိလေသာ ဖြစ်လေသည်။

၁။ ကောင်းသည်ဟုထင်မှုကြောင့် လောဘ အနှောင်အဖွဲ့ (သံယောဇဉ်)

၂။ မကောင်းဟု ထင်မှုကြောင့် (ပဋိဃ) ဒေါသ အနှောင် အဖွဲ့ (သံယောဇဉ်)

၃။ ငါ-မျက်စိ ကောင်း၍ ဟု ထင်မှုကြောင့် မာန အနှောင် အဖွဲ့ (သံယောဇဉ်)

၄။ ငါမြင်သည်ဟု ထင်မှုကြောင့် ဒိဋ္ဌိအနှောင်အဖွဲ့။ (သံယောဇဉ်)

၅။ ဤမြင်ခြင်းသည် ငါမြင်သလား၊တန်ခိုးရှင်ကြောင့်လားဟု ထင်မှုကြောင့် ဝိစိကိစ္ဆာ အနှောင်အဖွဲ့ (သံယောဇဉ်)

၆။ အဖြစ် ဟူသော ဘဝတခုကို တောင့်တသော ဘဝရာဂအနှောင် အဖွဲ့ (သံယောဇဉ်)

၇။ ဤလိုအဖြစ်မျိုးရအောင် သီလဖြင့်၎င်း, အကျင့်ဖြင့်၎င်း ရမည်ဟု ယူသော သီလဗ္ဗတပရာမာသ အနှောင်အဖွဲ့ (သံယောဇဉ်)

၈။ ငါမြင်သလို ငါဖြစ်သလို မဖြစ်စေလိုသော ဣဿာ အနှောင်အဖွဲ့ (သံယောဇဉ်)

၉။ မိမိအမြင်ကိုသူတပါးအားမမြင်စေလိုသောမစ္ဆရိယ အနှောင်အဖွဲ့ (သံယောဇဉ်)

၁၀။ ဆိုခဲ့ပြီးသော အနှောင်အဖွဲ့တို့ ဖြစ်သည်ကိုမျှ မသိသော အဝိဇ္ဇာ အနှောင်အဖွဲ့ (သံယောဇဉ်)

မျက်စိဖြင့် အဆင်းကိုမြင်ရာ၌ အနှောင်အဖွဲ့ ၁၀-မျိုး ဖြစ်သည်၊ ထို့အတူ နားနှင့်အသံ စသည်တို့၌လည်း ဤနည်းအတိုင်း ဖြစ်လေသည်၊ ယင်းသို့ ကိလေသာ,သံယောဇဉ်တို့ဖြစ်ရသည်ကို စိစစ်ကြည့်လျှင်မြင်မှုတွင် နှလုံးသွင်းမှားသောကြောင့် ကြားမှုတွင်, နံမှုတွင်, လျက်မှုတွင်, ထိမှုတွင်, သိမှုတွင် နှလုံးသွင်းမမှန်သောကြောင့် ဖြစ်ရသည်ချည်း။

www.dhammaransi.com

ဘာကို နှလုံးသွင်းမှားသနည်း၊ ပရမတ်အာရုံအမှန်ကို ပညတ်နှင့်မှား၍ နှလုံးသွင်းမှုပင်။

ပုံစံကား....

ရူပံ ဒိသွာ သတိမုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ။

(မာလုကျပုတ္တသုတ်-၂၉၆)

အဆင်းဟူသော မြင်အပ်သော သဘောတရား ပရမတ်ကို မြင်ပါတတ်သောသဘောက မြင်သည်ရှိသော် ချစ်ခင်ဖွယ် နှစ်သက်ဖွယ်ဟု ပညတ်နှင့် နှလုံးသွင်းနေသော သူအား သတိလွတ်ကင်း မေ့ပျောက်ခြင်းကြောင့် ပူဆာထန်ပြင်း စွဲလမ်းခြင်းရှိသည်ဖြစ်၍ စိတ်၌ ဆင်းရဲသော ခံစားမှု ဖြစ်၏၊ ထိုပညတ်အာရုံကိုလည်း လွန်ကဲလွှမ်းမိုး၍ တည်၏။

ယင်းသည် သာမန် သတ္တဝါတို့၏ အဆင်းကိုမြင်မှု၌ ဖြစ်ကြရသော ဓမ္မတာလမ်းရိုး ဖြစ်၏၊သတိပဋ္ဌာန် လုပ်ငန်းအားဖြင့် ခန္ဓာ၏အတွင်းအပြင်တွင် ဒလစပ်ဖြစ်ရှိနေသော ပရမတ် သဘောတို့၏ ပင်ရင်းကို (သမ္မာဒိဋ္ဌိ) ဟူသော အမှန်ကို အမှန်အတိုင်း သိမြင်ရန် သတိအလုပ်ကို ဦးစားပေးပြီး ဆောင်ရွက်ရသည့်လုပ်ငန်း ဖြစ်လာသောအခါမှ ဤသို့သော ကိလေသာဖြစ်မှု သံယောဇဉ်ဖြစ်မှု စသည်တို့သည် သတိလွတ်၍(ဝါ)ပရမတ်ကိုသတိမကပ်၍ ပညတ်နယ်သားတို့ ထုံးစံအတိုင်း ဖြစ်သွားသည်ကို သိရလေသည်။

ထို့ကြောင့် မြတ်စွာဘုရားသည်....

၁။ ဖောက်ပြန်မှုတို့ကို သတိကပ်ရသော 'ကာယာ နုပဿနာ သတိပဋ္ဌာန်'။
၂။ ခံစားမှုတို့ကိုသတိကပ်ရသော 'ဝေဒနာနုပဿနာသတိပဋ္ဌာန်'။
၃။ သိမှုတို့ကို သတိကပ်ရသော 'စိတ္တာနုပဿနာသတိပဋ္ဌာန်'။
၄။ ဖြစ်ပေါ်လာသော သဘောတရားတို့ကို သတိကပ်ရသော 'ဓမ္မာနုပဿနာ သတိပဋ္ဌာန်'။

၄-မျိုး ၄-စား ခွဲခြားဟောထားလေသည်၊ မည်သည့်တရားမဆို ရှေးဦးစွာ သတိကပ်ရသော သတိလုပ်ငန်းကို အဓိကထား၍ ဟောတော်မူသည်။

www.dhammaransi.com

ဆိုခဲ့သောဂါထာ၌ 'သတိလွတ်သဖြင့် ကိလေသာ သံယောဇဉ်တို့ ဖြစ်သည်'ကို ဟောပြီး၍ 'သတိရှိလျှင် ကိလေသာ သံယောဇဉ်တို့' မဖြစ် ကြောင်းကို....

န သော ရဇ္ဇတိ ရူပေသု၊ ရူပံ ဒိသွာ ပဋိဿတော။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နဇ္ဈောသ တိဋ္ဌတိ။

ထိုသူသည် သတိအစောင့်အရှောက်ရှိလျက် ပရမတ်ဖြစ်သော အဆင်း ကို မြင်သော် ပရမတ်ဖြစ်သော ထိုအဆင်း တို့၌ စွဲလမ်း တပ်မက်မှု ကင်းသောစိတ်နှင့် ခံစားမှုဖြစ်၏၊ ထိုသူအား ထိုအဆင်းသည် လွှမ်းကဲ လွှမ်းမိုး၍ မတည်နိုင်။

ဤအချက်သည် ကိလေသာ သံယောဇဉ်တို့ မဖြစ်ရာ၌ သတိ အစောင့်အရှောက်သည် မည်မျှအရေးကြီးကြောင်း ထုတ်ဖော်ဟောကြား သောတရား ဖြစ်၏၊ ရှင်းပြင် သဠာယတနသံယုတ်ပါဠိတော် ဘာရဒွါဇ သုတ်တွင် အရှင်ပိဏ္ဍောလဘာရဒွါဇအား ဥတေနမင်း လျှောက်ရာ၌....

အရှင်ဘာရဒွါဇ-တပည့်တော်သည် ကိုယ်ကိုစောင့်ထိန်းလျက် နှုတ်ကို စောင့်ထိန်းလျက် စိတ်ကို စောင့်ထိန်း လျက် သတိ တရား အစောင့် အရှောက် ထားအပ်သော ဣန္ဒြေတို့ဖြင့် နန်းတွင်းသို့ ဝင်သောအခါ ချစ်ခင်မှု တပ်မက်မှုစသော ကိလေသာတရားတို့သည် တပည့်တော်ကို မနှိပ်စက်နိုင်ပါ အရှင်ဘုရား။

ဟု လျှောက်ထား လေသည်၊ မှန်လှပေသည်၊ သတိပဋ္ဌာန်သည် ကိလေ သာ သတ်ရန် လုပ်ရသော အလုပ်ဖြစ်သောကြောင့် ကိလေသာ ဝင်နိုင် ဖြစ်နိုင်သော တံခါးပေါက်အဝတွင် သတိကပ်ထားလိုက်ပါက ထိုကိလေ သာတို့ ဝင်ခွင့် ဖြစ်ခွင့်မရသည်မှစ၍ ပညာဝင်လာသော နောက်ပိုင်းတွင် ကိလေသာ တို့ကို (အာယတိံ အနုပ္ပါဒ) အားဖြင့် ပြန်လမ်း မရှိသော သတ်ဖြတ်ဖျက်ဆီးခြင်းဖြင့် ဖျက်ဆီးနိုင်လေသည်။

မြတ်စွာဘုရားသည် မြင်တတ်သော (စက္ခု)သဘောကို 'မြင်တတ် သောသဘော'ဟု အမှန်အတိုင်းသိရန် ဟောတော်မူသည်၊ အမှန်အတိုင်း သိရလျှင် အပျက်သဘောသာတွေ့ရမည်ဖြစ်၍ ထိုအပျက်သဘောကို အမှန် အတိုင်းသိမှု 'သမ္မာဒိဋ္ဌိ' ဖြစ်ကြောင်း (တနည်း) ပရမတ် သဘောမှန်ကို ပရမတ်ဟုမြင်မှုသိမှု'သမ္မာဒိဋ္ဌိ'ဖြစ်ကြောင်း ဟောတော်မူထားသည်။

www.dhammaransi.com

အနိစ္စံ ယော ဘိက္ခဝေ ဘိက္ခု စက္ခုံ အနိစ္စန္တိ ပဿတိ၊ သာဿ ဟောတိ သမ္မာဒိဋ္ဌိ၊ သမ္မာ ပဿံ နိဗ္ဗိန္ဒတိ။

(သဠာယတနသံယုတ်ပါဠိတော် အဇ္ဈတ္တနန္ဒိက္ခယသုတ်-၃၅၄)

ချစ်သားတို့-သံသရာကို ဘေးဟုမြင်တတ် ယောဂီမြတ်သည် ပျက်သည် သာလျှင်ဖြစ်သော မြင်မှုသဘောကို အမှန်အတိုင်း'ပျက်သည်'ဟုရှု၏၊ ထို ယောဂီ၏အပျက်ကိုရှုမြင်ခြင်းသည် အမှန်ကိုအမှန်အတိုင်းမြင်သော 'သမ္မာဒိဋ္ဌိ' ဖြစ်၏၊ အမှန်အတိုင်း သိမြင်သူသည် ထို မြင်တတ်သော သဘော၌ ငြီးငွေ့၏။

ရုပ်,နာမ်ခန္ဓာကိုဝိပဿနာနည်းနှင့်လေ့လာရာ၌အမှန်ဖြစ်ရှိနေသော ပရမတ်သဘောကို အမှန်အတိုင်းသိစေရန် တခုတည်းသော လမ်းကြောင်း ဖြစ်သည်၊ ပရမတ်၏အမှန်သဘောသည် 'ပျက်'နေသည်ဖြစ်၍ ပညတ်အား ဖြင့် မျက်စိခေါ်သော ဝတ္ထုသည် မြင်တတ်သောသဘော ပရမတ်ဖြစ်၏၊ ပရမတ်မှန်လျှင် ကြားတတ်သောသဘော, နံတတ်သောသဘော, လျက် တတ်သော သဘော စသည်အားဖြင့် သရုပ်သကန် မည်မျှ ပြားစေကာမူ ပျက်သည်သာတည်း။

ထိုအတူ ဧွှတသုတ်(ဗာဟိရနန္ဒိက္ခယသုတ်)တွင်လည်း အဆင်းဟူ သော မြင်အပ်သော သဘောပရမတ်ကိုလည်း'ပျက်နေသည်'ဟု သိငြားအံ့၊ အမှန်ကိုအမှန်မြင်ခြင်းပင်၊ယင်းအမှန်သဘောကိုအမှန်သိခြင်းသည်ပင်လျှင် သမ္မာဒိဋ္ဌိဖြစ်ခြင်းကြောင့် ကိလေသာသံယောဇဉ်တို့ ဖြစ်ခွင့်မရတော့ပေ။

ထိုသို့မဟုတ်မူပဲ မြင်တတ်သော ပရမတ်သဘောကိုပင် ပရမတ်ကို မမြင် မသိမှုကြောင့် 'ငါမြင်သည်' ဟု ထင်မှတ်စွဲယူမိပါက ဤမြင်မှုကို အကြောင်းပြု၍ သံသရာဆင်းရဲကို နှစ်သက် ရှာ ဖွေ ယူ သ ကဲ့ သို့ ဖြစ်သော ကြောင့် ထိုသူသည် ဆင်းရဲသံသရာမှ မလွတ်တော့ပုံကို....

ယော ဘိက္ခဝေ စက္ခုံ အဘိနန္ဒတိ၊ ဒုက္ခံသော အဘိနန္ဒတိ၊ ယော ဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။

(သဠာယတနဝဂ္ဂပါဠိတော် ပဌမာဘိနန္ဒသုတ်-၂၄၆)

ဘိက္ခဝေ၊ ချစ်သားတို့။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ စက္ခုံ၊ မြင်တတ် သောသဘောကို။ အဘိနန္ဒတိ၊ နှစ်သက်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဒုက္ခံ၊ ဆင်းရဲကို။ အဘိနန္ဒတိ၊ နှစ်သက်သည်မည်၏။ ယော၊ အကြင်

www.dhammaransi.com

အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခံ၊ဆင်းရဲကို။ အဘိနန္ဒတိ၊နှစ်သက်၏။ သော၊ ထိုပုဂ္ဂိုလ်ကို။ ဒုက္ခသ္မာ၊ ဆင်းရဲသံသရာမှ။ အပရိမုတ္တောတိ၊ မလွတ် သောသူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟော၏။

မြင်တတ်သော သဘော (မျက်စိ)ကို ငါ့မျက်စိ ဟု (တေ မမ) ငါ့ပစ္စည်း-ငါ့ဥစ္စာအနေနှင့်နှစ်သက်၏၊ ထိုနှစ်သက်မှုသည် ပရမတ်သဘော တရားဖြစ်သည့် ပျက်၍ ဆင်းရဲနေသော ဒုက္ခကို နှစ်သက်ခြင်းမည်၏၊ ထိုဆင်းရဲ ထိုဒုက္ခကိုမှ နှစ်သက် သဘောကျသူသည် ဆင်းရဲ သံသရာမှ မလွတ်ပုံကို ဟောတော်မူသည်။

မျက်လုံးကိုပင် အလှူထင်

ဇိဝကဥယျာဉ်တွင်နေသော ပုဏ္ဏားအမျိုးသမီးဘဝမှရဟန်း ပြုလာသော သုဘာအမည်ရှိသည့် ဘိက္ခုနီမကလေးသည် အရှင်မ မိထွေးတော်ဂေါတမီ ထံတွင် ဝိပဿနာ တရား အားထုတ်လေရာ အနာဂါမ်အဖြစ်သို့ရောက်လေသည်၊ တနေ့သောအခါ ဥယျာဉ်သို့ ရွှေရှုသွားနေသော သုဘာထေရီအား အရက်သမား သူဌေး သား လူရမ်းကားတယောက်သည် လမ်းသွား၍ မရအောင် ရှေ့မှ ကာဆီး ပိတ်ဆို့၍ ကာမဂုဏ်၌ တပ်မက်အောင် အမျိုးမျိုးလှည့်ဖြားသွေးဆောင် ကာ လူပျိုစကားပြောလေသည်၊ သုဘာထေရီသည် အမျိုးမျိုးတောင်းပန် သော်လည်း ဇွတ်အတင်းပင် ပြောမြဲ ပြောလေသောကြောင့် နောက်ဆုံး တွင် သုဘာထေရီက 'သင် တပ်မက်ပါသည်, သင် ချစ်ခင်ပါသည်ဆိုသော အရာသည် အပုပ်တို့ဖြင့် ပြည့်နေသော ငါ၏ကိုယ်၌ရှိလျှင် သင် ပြောကြား ပါလော့'ဟု ဆိုသည်တွင်....

'နှမ-သမင်မယ်၏ မျက်လုံးတို့ကဲ့သို့ရင်း၊ ကိန္နရီမ၏ မျက်လုံးတို့ကဲ့သို့ ရင်း တင့်တယ်လှပကုန်သောသင်၏ မျက်လုံးတို့ကိုမြင်ရ၍ အတိုင်းထက် အလွန် ငါ၏ကာမဂုဏ်၌ မွေ့လျော်လိုမှု တိုးပွား၏။'

'နှမ-အညစ်အကြေးမရှိသော ရွှေရုပ်၏မျက်နှာနှင့်တူသော သင်နှမ၏ မျက်နှာပြင်၌ ကြာနီပွင့်ချပ်ဖျားနှင့် တူကုန်သော, မျက်တောင်ရှိကုန် သော သင့်မျက်လုံးတို့ကို မြင်ရ၍ အတိုင်းထက်အလွန် ငါ့အား ကာမ ဂုဏ်၌ မွေ့လျော်လိုမှု တိုးပွားရပါ၏။'

www.dhammaransi.com

စသည်ဖြင့် မျက်လုံးအလှကြောင့် သူ့မှာကာမဂုဏ်အာရုံတို့အတိုင်း ထက်အလွန် တားမရ, ဆီးမရ တိုးပွားလှပါသဖြင့် မရမနေ ကြိုးပမ်းရ ကြောင်းပြောလေတော့ရာ သုဘာထေရီသည် ထိုခဏ၌ပင်လျှင်ရှုချင်စဖွယ် တင့်တယ်သောအမြင်ရှိသော သုဘာထေရီ ဘိက္ခုနီမသည် တစုံတခုသော အာရုံတွင်မှ ငြိတွယ်သောစိတ်မရှိသည်ဖြစ်၍ 'အမောင်-သင် အလိုရှိသော ဤ ငါ့မျက်လုံးကို ယူလော့၊ ယူပြီးလျှင် လိုရာအရပ်သို့ ဆောင်သွားပါ လေလော့'ဟု ပြောဆိုပြီးလျှင် မျက်လုံးကို မျက်လုံးအိမ်မှ ဆွဲထုတ်ပြီးလျှင် ထိုအရက်သမား လူရမ်းကားအားပေးလေသည်၊ ထိုသုဘာထေရီ ဘိက္ခုနီမ သည် ထိုမျက်လုံး၌ တွယ်တာကပ်ငြိမှု မရှိပေ။

ထို သူမိုက်သည် သုဘာထေရီ ထုတ်ပေးလိုက်သော ထို မျက်လုံး၌ တပ်မက်မှု ကင်းလေသည်၊ ထို နောက် သုဘာထေရီအား ကန်တော့၍ 'မြတ်သောအကျင့်ရှိသော အရှင်မ အရှင်မအားအနာကင်းလျက်ချမ်းသာ ခြင်းဖြစ်ပါစေသတည်း၊ အကျွန်ုပ်သည်လည်း နောက်ထပ် ဤသို့သော မကောင်းမှုများကို မပြုပါလတ္တံ့၊ အကျွန်ုပ်အား အပြစ်မှ သည်းခံတော် မူပါ-ဟု လျှောက်သည်။

သုဘာထေရီအရှင်မသည် မြတ်စွာဘုရားထံတော်မှောက် ရောက်၍ ဖူးမျှော်လေလျှင် မျက်လုံးတို့သည် ပြကတေ့ ရှေးကကဲ့သို့ အသစ်တဖန် ပြန်ဖြစ်လေသည်။

(ဤကား ထေရီဂါထာအဋ္ဌကထာ ၂၅၃-ကို မြန်မာပြန်ချက်တည်း)

မြတ်စွာဘုရားသည် 'မြင်တတ်သော သဘောကို သိပါ' ဟူရာ၌ ငါ့မျက်လုံး-ငါ့အမြင်စသော တဏှာ,မာန, ဒိဋ္ဌိ အမြင်မျိုးမပါသောအပျက် ကိုသိသော ပရမတ်သိမျိုးကို ဆိုသည်၊ ငါ၏ ခေါင်း, ကိုယ်, ခြေ, လက်, နားရွက်, မျက်စိစသည်သည် မလိုအပ်သော ပညတ်အမှတ် ပညတ်အသိတို့ ဖြစ်သောကြောင့်....

စက္ခု အနိစ္စံ၊ တတြ ဝေါ ဆန္ဒရာဂေါ ပဟာတဗ္ဗော။
ရူပါ ဘိက္ခဝေ အနိစ္စာ၊ တတြ ဝေါ ဆန္ဒရာဂေါ ပဟာတဗ္ဗော။

(သဠာယတနဝဂ္ဂပါဠိတော်ဆန္ဒရာဂသုတ်များ-၃၆၀)

ဘိက္ခဝေ၊ချစ်သားတို့။ စက္ခု၊မြင်တတ်သောသဘောသည်။ အနိစ္စံ၊မမြဲ သဖြင့် ပျက်နေသည်။ တတြ၊ထိုမြင်မှု၌။ဆန္ဒရာဂေါ၊ လိုချင်တပ်မက်မှု

www.dhammaransi.com

ကို။ပဟာတဗ္ဗာ၊ပယ်ရမည်။ဘိက္ခဝေ၊ချစ်သားတို့။ရူပါ၊မြင်အပ်သော အဆင်းသည်။ အနိစ္စာ၊မမြဲသဖြင့်ပျက်နေသည်။တတြ၊ထိုမြင်အပ်သော အဆင်း၌။ဆန္ဒရာဂေါ၊လိုချင်တပ်မက်မှုကို။ ပဟာတဗ္ဗာ၊ပယ်ရမည်။

ပရမတ် ဖြစ်သော ပျက်မှုသဘောကို ဉာဏ်နှင့်တွေ့က 'ဆန္ဒမဖြစ်, ရာဂမဖြစ်, ဆန္ဒ,ရာဂ'တို့ မဖြစ်ကြောင်း သုတ် ပေါင်း များစွာ ဆက်၍ ဟောထားလေသည်၊ အာယတနနှင့် ပတ်သက်၍ သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်၌ များစွာဟောထားသည်၊ ကိုးကားဖော်ပြ နေသဖြင့် အလွန် ကျယ်ဝန်း လှပြီ ဖြစ်သောကြောင့် တရား ရှုနိုင်သော သဘော ကို သာ ဆက်လက်ပြပေအံ့။

ရှုနည်း ရှုပုံ လေ့လာကုန်

သံသရာပြတ်ကြောင်း တရားအလုပ် အားထုတ် လိုသော ယောဂီသည် 'မျက်စိဖြင့် အဆင်းကို မြင်ရ၍ ကာမရာဂ စသည်' ဖြစ်၏ဟု သတိကင်းလွတ်သော ပုဂ္ဂိုလ်ကိုဆိုသော်လည်း ဓမ္မာနုပဿနာနည်းဖြင့် ပရမတ်ကိုရှုမြင်သော ယောဂီအား သတိ ရှိသည်ဖြစ်၍....

၁။ 'မြင်တတ်သောသဘော'သည် မြင်ပြီးလျှင် ပျက်သွားသည်။

၂။ 'မြင်အပ်သောသဘော'သည် သူ့ဟာသူမင် ပျက်နေသည်။

၃။ 'မြင်တတ်,မြင်အပ် နှစ်ရပ်ကြောင့်ဖြစ်ပေါ်လာသော ဆန္ဒ,ရာဂ' စသည်သည် ပျက်နေသည်။

ဤသည်တို့ကား ထိုပရမတ်တို့၏အရင်းခံသဘောတရားတို့ ဖြစ်ကုန်၏၊ယင်းသဘောတရားကို ရှုသောယောဂီသည် 'မြင်တတ်သော သဘောက မြင်အပ်သော အဆင်းကို မြင်လျှင် (ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ) မြင်ကာမျှ, မြင်ရုံ, မြင်သည်ကို သိရုံသဘောထား၍ 'မြင်တတ်ဘဲ့သဘော'ဟု သိနေပါ၊ဆက်၍ သိနေပါ၊ ထပ်ကာထပ်ကာ သိနေပါ၊ထိုသို့ 'မြင်'သဘောကို ထပ်ထပ်သိ သော အားဖြင့် ထိုမြင်တတ်သောသဘောသည် တရိပ်ရိပ်နှင့် ပျောက်ပျက် သွားသည်ကို ယောဂီ၏ဉာဏ်၌ တွေ့လာလိမ့်မည်၊ ထိုအခါတွင် မြင်တတ် သော သဘောတွင်မက မြင်တတ်သော ရုပ်း၏ တွဲဖက်အဆင်း ဟူသော မြင်အပ်သည့်သဘောတို့၏ ပျောက်ပျက်နေသည်ကိုလည်း သိလာလိမ့်မည်၊ ဤအသိကိုရည်ရွယ်၍ မြတ်စွာဘုရားသည်....

www.dhammaransi.com

'စက္ခုဉ္စ ပဇာနာတိ' မြင်တတ်သောသဘောကိုသိပါ။
'ရူပေစ ပဇာနာတိ' မြင်အပ်သောသဘောကိုသိပါ။
ဟု ဟောညွှန်တော်မူသည်။

ထိုမြင်တတ်,မြင်အပ် နှစ်ရပ်ကြောင့် 'မြင်မှု' တခု ဖြစ်ရာ၌ ပညတ်ဟူသော အာရုံကောင်းလျှင် ကာမရာဂ သံယောဇဉ်၊ ပညတ်ဟူသော အာရုံမကောင်းလျှင် ပဋိဃသံယောဇဉ် စသည်အားဖြင့် ပညတ်ပေါ်တွင် နှလုံးသွင်းမှားသောကြောင့် ဖြစ်လာသော ကိလေသာ, အနှောင်အဖွဲ့ ဖြစ်လာလျှင် ဖြစ်မှန်းသိသိ ဉာဏ်မိဖို့လိုလေသည်၊ ယင်းကိလေသာ သံယောဇဉ်တို့သည်လည်း အာရုံဝတ္ထု တိုက်တွေ့မှုကြောင့်ဖြစ်ရသော'နာမ်'တရားတို့သာ ဖြစ်သည်၊၎င်းသည်လည်း ပရမတ်တရားတို့ဖြစ်၍ ၎င်းတို့၏ သဘောတရားအတိုင်း 'ပျက်နေသည်'။

ရှုသောယောဂီ၏ ဉာဏ်၌ ယင်း ကိလေသာ, သံယောဇဉ် တို့သည် အကြောင်းမဲ့ပေါ်လာကြသည် မဟုတ်၊ဝတ္ထုအာရုံတို့ကြောင့် ဖြစ်ရကား ကုန်တတ် ပျက်တတ်သောသဘောသာ ဖြစ်သည်၊သို့ကြောင့် ပျက်နေသော သဘောသာ ဖြစ်သည်ဟု သိနေလျှင်....

တဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ။
မြင်တတ်, မြင်အပ် နှစ်ရပ်ကြောင့် အနှောင်အဖွဲ့ (သံယောဇဉ်) ဖြစ်သည်၊ ထိုအဖြစ်ကို သိပါ။

ဟု ဘုရားညွှန်ပြသည်ကို သိသည်ဟု ဆိုရပြီ။

၎င်းပြင် ဤ ကိလေသာ, သံယောဇဉ်တို့သည် ပဌမ၌ ငါ၌ မဖြစ်ပေါ်၊ ဖြစ်မှုသို့ မရောက်မရှိသေးပါပဲလျက် ယခုမှ ဖြစ်ပေါ် လာမှုသည် ပညတ်အာရုံတွင်'နှလုံးသွင်းမှားမှုကြောင့်သာ ဖြစ်လာရသည်ဟု သိရမည်-ဆိုထားရာ!...

ကိလေသာ,သံယောဇဉ်ဟူသည် 'ယောကျ်ား,မိန်းမ, ခေါင်း,ကိုယ်ခြေ,လက်'စသော 'နိမိတ်အသွင် အပြင်သဏ္ဌာန်ဒြပ်' စသော ပညတ်အာရုံကြောင့်သာ ဖြစ်ရကား ထိုပညတ်ကို အာရုံပြုခြင်း သည်ပင် နှလုံးသွင်းမှားခြင်း ဖြစ်လေသည်၊မိမိသည် မြင်တတ်သောသဘော, မြင်အပ်သောသဘောတို့၌ ပရမတ်တို့၏ ဖောက်ပြန်မှု,သိမှုစသော သဘောတရားတို့ကို

www.dhammaransi.com

သာလျှင် အမှန် ဖြစ်,ပျက်နေသော (ပရမတ်)သဘောတရားတို့ဟူ၍ ရှုနေ, သိနေငြားအံ့၊ ထိုကိလေသာ,သံယောဇဉ်တို့ ဖြစ်ရန်အခွင့် မရှိပေ၊ ယောဂီသည် ဤသို့လည်း သိသည်၊ ယခု ပညတ်အာရုံဟူသော နှလုံးသွင်း မှားမှုကြောင့် ဟုလည်း သိသည်၊ ဤသို့ သိခြင်းသည်ပင်လျှင် ထိုကိလေသာ, သံယောဇဉ်တို့၏ ဖြစ်ကြောင်းအမှန်ကို သိခြင်း ဖြစ်လေသည်။

ရင်းပြင် ဖောက်ပြန်တတ်သော သဘောကို အမှန်တရား ပရမတ်ဟူ၍ ဖြစ်ပေါ်လာသော အနှောင်အဖွဲ့ကိုလည်း အနှောင်အဖွဲ့ဟူ၍သိခြင်းသည် ပရမတ်အာရုံ ဟူသော နှလုံးသွင်း မှန်မှုကြောင့် ဖြစ်သည်ကိုလည်း လေ့ကျင့်သားရသောဉာဏ်သည် ကောင်းစွာသိ၏။

ယင်းသို့ ထပ်ကာထပ်ကာ သိနေသော ရှုဉာဏ်သည် ထိုကိလေသာ သံယောဇဉ်ဟူသော အနှောင်အဖွဲ့တို့သည် နှလုံးသွင်းမှား၍သာ ဖြစ်သည်၊ ယခုပရမတ် အာရုံဖြစ်၍ သံယောဇဉ်,အနှောင်အဖွဲ့တို့ ထပ်၍တဖန် မဖြစ်တော့သည်ကို သိသဖြင့် ထိုအနှောင်အဖွဲ့တို့ လုံးဝမပေါ်ခြင်းသည် ကိလေသာ,သံယောဇဉ်တို့ကို ဖြတ်တတ်သောမဂ်ကြောင့်ဟု သိသည်။

ဤသို့လျှင် မျက်စိနှင့်အဆင်းတို့ တွေ့ဆုံရာတွင် ပညတ်အာရုံ နှလုံးသွင်း မှားလေသဖြင့် (သံယောဇဉ်) အနှောင်အဖွဲ့တို့ ဖြစ်သည်ကို ရှုသည့်နည်းအတိုင်း....

သောတ နှင့် သဒ္ဒ

ဃာန နှင့် ဂန္ဓ

ဇိဝှာ နှင့် ရသ

ကာယ နှင့် ဖောဋ္ဌဗ္ဗ

မနော နှင့် ဓမ္မ

ဤ အာယတနအတွဲတို့ကိုလည်း ညွှန်ပြခဲ့သောနည်းအတိုင်း ရှုပွားရသည်။

ဤသို့လျှင် မိမိ၏ အတွင်းသန္တာန်၌လည်း ဖြစ်ပေါ်သော အာယတနဓမ္မတရားတို့၌လည်း သဘောတရားပရမတ်(ဖြစ်,ပျက်)ကို အကြိမ်ကြိမ်အဖန်ဖန် ရှုလျက် နေရာ၏၊အပြင်အပသန္တာန်၌လည်း ဖြစ်ပေါ် နေသော အာယတနဓမ္မတရားတို့ကို သဘောတရားပရမတ်(ဖြစ်,ပျက်)တို့ဟူ၍ အဖန်ဖန် အထပ်ထပ်ရှုလျက် နေရာ၏။

www.dhammaransi.com

ထိုပရမတ် ဖြစ်သော သဘော တရားတို့ ဖြစ်မှု သဘော ကိုင်း, ကုန်တတ် ပျက်တတ်သော ပျက်မှုသဘောကိုင်း ထိုသဘောတရားတို့၏ ဖြစ်မှု,ပျက်မှုသဘောကိုင်း အကြိမ်ကြိမ်ရှုလျက်နေရာ၏။

ဤအာယတနဟူသည် သံသရာခရီး၌ တရားဖြစ်၍ မျက်စိ, နား, နှာ, လျှာ,ကိုယ်,စိတ်ဟူသော ခန္ဓာ၏ ကိလေသာ,သံယောဇဉ်တို့ ဝင်ရာ ဖြစ်ရာ တံခါး ၆-ပေါက် ဖြစ်၍ ဒွါရအားဖြင့် ၆-ပါးဟု သိကြသည်၊ ထိုတံခါး တို့မှဝင်သော ကိလေသာ, သံယောဇဉ်တို့ မဝင်နိုင်ရန်အလို့ငှာ မြတ်စွာ ဘုရားသည်'စက္ခုနာ သံဝရော သာဓု'စသည်အားဖြင့် အမြင်ကိုဘောင်ခပ် သည်၊ကြားမှုကို နံမှုကို စသည်အားဖြင့် ဘောင်ခပ်သည်၊ ဥပရိပဏ္ဏာသ ပါဠိတော်-ဣန္ဒြိယဘာဝနာသုတ် သည်လည်း မျက်စိ စသော ဣန္ဒြေတို့မှ စ၍ ကိလေသာ သံယောဇဉ်တို့ မဖြစ်စေပဲ မြင်ရုံ-ကြားရုံ-နံရုံ-လျက်ရုံ-ထိရုံ- သိရုံအားဖြင့် ကိလေသာအဖြစ်မခံပဲ ချမ်းသာ,ဆင်းရဲ ကောင်း, မကောင်း အစွန်းမပါသော ဥပေက္ခာလမ်းကြောင်းဖြင့် ရှုရပုံမှာလည်း ဤအာယ တန ပရမတ်ရှုနည်းအတိုင်းသာတည်း။

အာယတနအခန်း ပြီး၏။

www.dhammaransi.com

ဓမ္မာနုပဿနာ

၄-ဗောဇ္ဈင်္ဂပဗ္ဗ

၂၂-ပါဠိတော်။ ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု၊ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု၊ ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ နတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ။

ယထာ စ အနုပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။ လ ။ နစ ကိဉ္စိ လောကေ ဥပါဒိယတိ၊ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု။

၂၂-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ ပုန စ၊ ထပ်မံလည်း။ အပရံ၊ တပါးတမျိုး တဖုံရှုရပုံကား။ ဘိက္ခု၊ သံသရာကိုဘေးဟုမြင်တတ် ယောဂီမြတ် သည်။ သတ္တသု၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေသု၊ ဗောဇ္ဈင်ဟု ဆိုအပ်ကုန်သော။ ဓမ္မေသု၊ သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သဘောတရားတို့ကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဘိက္ခဝေ၊ ချစ်သားတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဘိက္ခု၊ သံသရာကိုဘေးဟုမြင်တတ် ယောဂီမြတ်သည်။ သတ္တသု၊ ခုနစ်ပါး ကုန်သော။ ဗောဇ္ဈင်္ဂေသု၊ ဗောဇ္ဈင်ဟု ဆိုအပ်ကုန်သော။ ဓမ္မေသု၊ သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သဘောတရားတို့ကို အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိပန၊ နေသနည်းဟူမူ....။

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤငါဘုရားအဆုံးအမ၌။ ဘိက္ခု၊ သံသရာကို ဘေးဟုမြင်တတ် ယောဂီမြတ်သည်။ အဇ္ဈတ္တံ၊ မိမိ၏

www.dhammaransi.com

အတွင်းသန္တာန်၌။ သန္တံ ဝါ၊ လက်ငင်းထင်ရှားရှိသည်လည်း ဖြစ်သော။ သတိသမ္ဗောဇ္ဈင်္ဂံ ၊ ဂရုစိုက် အောက်မေ့မှုဟူသော သတိသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ အသန္တံ ဝါ၊ လက်ငင်း ထင်ရှားမရှိသည်လည်း ဖြစ်သော။ သတိသမ္ဗောဇ္ဈင်္ဂံ၊ သတိသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

စ၊ ထိုမှတပါးလည်း။ အနုပ္ပန္နဿ၊ ဖြစ်မှုသို့မရောက်သေးသော။ သတိသမ္ဗောဇ္ဈင်္ဂဿ၊ သတိသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒေါ၊ ယခုဖြစ်ပေါ်လာမှုသည်။ ယထာ၊ မသင့်သော ပညတ်အာရုံကို နှလုံးသွင်းခြင်း အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ပညတ်အာရုံ နှလုံးသွင်းမှားခြင်း ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

စ၊ ထိုမှတပါးလည်း။ ဥပ္ပန္နဿ၊ ယခုဖြစ်ပေါ်လာသော။ သတိသမ္ဗောဇ္ဈင်္ဂဿ၊ သတိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားခြင်း၏။ ပါရိပူရီ၊ ပြည့်စုံခြင်းသည်။ ယထာ၊ သင့်သော ပရမတ်အာရုံကို နှလုံးသွင်းခြင်း အကြင်အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ သင့်သောပရမတ်အာရုံ နှလုံးသွင်းခြင်း ထိုအကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ သန္တံ ဝါ၊ လက်ငင်းထင်ရှားရှိသည်လည်းဖြစ်သော။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ ကိုယ်အတွင်းသန္တာန်၌။ အသန္တံ ဝါ၊ လက်ငင်းထင်ရှား မရှိသည်လည်းဖြစ်သော။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

www.dhammaransi.com

*(ယထာစ အနုပ္ပန္နဿ-စသော နောက်ဆက် ၂-ပိုဒ်တို့၌ ဆင်ခြင်အပ်သော သဘောသည် သတိသမ္ဗောဇ္ဈင်၏ နောက်ဆက်ပုဒ်အတိုင်း သဘောအားဖြင့် တူသည်ဖြစ်၍ အမည်သာ ပြောင်းလဲပေးရုံရှိရကား ချုံးလိုက်ပါအံ့)။

အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ သန္တံဝါ၊ လက်ငင်းထင်ရှားရှိသည်လည်းဖြစ်သော။ ဝီရိယသမ္ဗောဇ္ဈင်္ဂံ၊ ဝီရိယသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယသမ္ဗောဇ္ဈင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ အသန္တံဝါ၊ လက်ငင်းထင်ရှားမရှိသည်လည်းဖြစ်သော။ ဝီရိယသမ္ဗောဇ္ဈင်္ဂံ၊ ဝီရိယသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယသမ္ဗောဇ္ဈင်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

*ယထာစ အနုပ္ပန္နဿ-ကိုထည့်ပါ။

အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ သန္တံဝါ၊ လက်ငင်းထင်ရှားရှိသည်လည်း ဖြစ်သော။ ပီတိသမ္ဗောဇ္ဈင်္ဂံ၊ ပီတိသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိသမ္ဗောဇ္ဈင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ မိမိ၏ အတွင်းသန္တာန်၌။ အသန္တံဝါ၊ ထင်ရှား လက်ငင်းမရှိသည်လည်း ဖြစ်သော။ ပီတိ သမ္ဗောဇ္ဈင်္ဂံ၊ ပီတိ သမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိသမ္ဗောဇ္ဈင်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

*ယထာစ အနုပ္ပန္နဿ-ကိုထည့်ပါ။

အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ သန္တံဝါ၊ လက်ငင်းထင်ရှားရှိသည်လည်းဖြစ်သော။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ အသန္တံဝါ၊ လက်ငင်းထင်ရှား မရှိသည်

www.dhammaransi.com

လည်း ဖြစ်သော။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂံ၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်သည်။ နတ္ထိ၊မရှိ။ ဣတိ၊ဤသို့။ပဇာနာတိ၊သိ၏။

*ယထာစအနုပ္ပန္နဿ-ကိုထည့်ပါ။

အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ သန္တံဝါ၊ လက်ငင်း ထင်ရှားရှိသည်လည်းဖြစ်သော။ သမာဓိသမ္ဗောဇ္ဈင်္ဂံ၊သမာဓိသမ္ဗောဇ္ဈင်ကို။ မေ၊ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ သမာဓိ သမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိသမ္ဗောဇ္ဈင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ဤသို့။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊အတွင်းသန္တာန်၌။ အသန္တံဝါ၊ လက်ငင်းထင်ရှား မရှိသည်လည်းဖြစ်သော။ သမာဓိသမ္ဗောဇ္ဈင်္ဂံ၊ သမာဓိသမ္ဗောဇ္ဈင်ကို။ မေ၊ငါ၏။ အဇ္ဈတ္တံ၊အတွင်းသန္တာန်၌။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိသမ္ဗောဇ္ဈင်သည်။နတ္ထိ၊မရှိ။ ဣတိ၊ဤသို့။ပဇာနာတိ၊သိ၏။

*ယထာစ အနုပ္ပန္နဿ-ကိုထည့်ပါ။

အဇ္ဈတ္တံ၊ မိမိ၏အတွင်းသန္တာန်၌။ သန္တံဝါ၊ လက်ငင်းထင်ရှားရှိသည်လည်းဖြစ်သော။ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂံ၊ဥပေက္ခာသမ္ဗောဇ္ဈင်ကို။မေ၊ငါ၏။အဇ္ဈတ္တံ၊အတွင်းသန္တာန်၌။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်သည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ဤသို့။ ပဇာနာတိ၊ သိ၏၊ အဇ္ဈတ္တံ၊ မိမိ၏ အတွင်းသန္တာန်၌။ အသန္တံဝါ၊ လက်ငင်း ထင်ရှား မရှိသည် သာလျှင် ဖြစ်သော။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂံ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်သည်။နတ္ထိ၊မရှိ။ဣတိ၊ ဤသို့။ပဇာနာတိ၊သိ၏။

စ၊ထိုမှတပါးလည်း။ အနုပ္ပန္နဿ၊ ဖြစ်ဆဲသို့မရောက်သေးသော။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ၊ ဥပေက္ခာသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒေါ၊ ယခု ဖြစ်ပေါ်လာမှုသည်။ယထာ၊မသင့်သောပညာက်အာရုံကိုနှလုံးသွင်းခြင်း အကြင် အကြောင်းကြောင့်။ ဟောတိ၊ဖြစ်၏။ တဉ္စ၊ပညတ် အာရုံ နှလုံးသွင်းမှုားခြင်း ထိုအကြောင်း ကိုလည်း။ ပဇာနာတိ၊ သိ၏။

www.dhammaransi.com

စ၊ ထိုမှတပါးလည်း။ ဥပ္ပန္နဿ၊ ယခုဖြစ်ပေါ်လာသော။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂဿ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားခြင်း၏။ ပါရိပူရိ၊ပြည့်စုံခြင်းသည်။ ယထာ၊သင့်သော ပရမတ် အာရုံ နှလုံးသွင်းခြင်း အကြင် အကြောင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊သင့်သောပရမတ်အာရုံနှလုံးသွင်းခြင်း ထိုအကြောင်း ကိုလည်း။ပဇာနာတိ၊သိ၏။

ဣတိ၊ဤသို့။(အဇ္ဈတ္တံဝါ-မှစ၍ နိဝရဏအပိုင်းအတိုင်း ဆိုလေ။)

၂၂-အဓိပ္ပာယ် ရှင်းချက်

ဗောဇ္ဈင် ဟူသော စကားသည် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ဟောသော 'ဗောဓိ' သဒ္ဒါမှ လာသော စကားဖြစ်၍ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို ရ၏၊ဗောဇ္ဈင်္ဂ၌ အင်္ဂသဒ္ဒါပါပြန်ရာ အကြောင်းအရာ အစိတ်အပိုင်း ဟောသောကြောင့် 'အဋ္ဌကထာ၌ ဗုဇ္ဈနက သတ္တဿအင်္ဂေသူတိ ဗောဇ္ဈင်္ဂေသု' ဟု ဆိုသည်။

ဗုဇ္ဈနကသတ္တဿ၊ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးလတ္တံ့သော သတ္တဝါ၏၊ ဝါ-သစ္စာလေးပါး မဂ်,ဖိုလ်ရကြောင်း တရားတို့ကို သိလတ္တံ့သော သတ္တဝါ၏။အင်္ဂေသု၊ အကြောင်းဖြစ်ကုန်သော။ ဝါ၊ အစိတ်အပိုင်း ဖြစ်ကုန်သော တရားတို့တည်း။ ဣတိ၊ ထို့ကြောင့်။ ဗောဇ္ဈင်္ဂေသု၊ ဗောဇ္ဈင်္ဂတို့ မည်ကုန်၏။

ဗောဇ္ဈင်ဟူသည် မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို ရစေနိုင်သော သစ္စာ ၄-ပါး တရားတို့ကို သိရာသိကြောင်းအလုပ်ကို ဆိုသည်၊တနည်းလည်း ကိလေသာ အာရုံတို့၌ မေ့လျော့ယစ်မူး အအိပ်ကြူးရာမှ နိုးကြားထကြွလာသောသူဟု ဆိုလိုသည်၊ပါဠိတော်၌လည်း....

ဗောဇ္ဈင်္ဂါ ဗောဇ္ဈင်္ဂါတိ ဘန္တေ ဝုစ္စန္တိ၊ ကိတ္တာဝတာနုခေါ ဘန္တေ ဗောဇ္ဈင်္ဂါတိ ဝုစ္စန္တီတိ၊ ဗောဓာယ သံဝတ္တန္တီတိ ခေါ ဘိက္ခု၊ တသ္မာ ဗောဇ္ဈင်္ဂါတိ ဝုစ္စန္တိ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်-၇၅)

ဘန္တေ၊မြတ်စွာဘုရား။ ဗောဇ္ဈင်္ဂါ ဗောဇ္ဈင်္ဂါတိ၊ဗောဇ္ဈင်,ဗောဇ္ဈင်ဟူ၍။ ဝုစ္စန္တိ၊ ခေါ်ဝေါ် ပြောဆို ကြပါကုန်၏။ ဘန္တေ၊ မြတ်စွာဘုရား။ ကိတ္တာဝတာနုခေါ၊အဘယ်သို့သောအကြောင်းကြောင့်လျှင်။ဗောဇ္ဈင်္ဂါတိ၊ဗောဇ္ဈင်ဟူ၍။ ဝုစ္စန္တိ၊ခေါ်ဝေါ်ပြောဆိုကြပါကုန်သနည်း။ ဣတိ၊

www.dhammaransi.com

ဤသို့လျှောက်၏။ ဘိက္ခု၊ချစ်သားရဟန်း။ ယသ္မာ၊ အကြင်ကြောင့်။ ဗောဓာယ၊ သစ္စာသိခြင်း, နိဗ္ဗာန်ကိုသိခြင်း အကျိုးငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဗောဇ္ဈင်္ဂါတိ၊ ဗောဇ္ဈင်ဟူ၍။ ဝုစ္စန္တိ၊ ခေါ်ဝေါ်ပြောဆိုကြကုန်၏။

ဗောဇ္ဈင်ဟူသောစကားကို ရဟန်းတပါးကလျှောက်သဖြင့် မြတ်စွာဘုရားက ဤသုတ်ကိုဟောတော်မူ၏၊ ဗောဓိပက္ခိယတရားထဲ အပါအဝင်ဖြစ်သော ဗောဇ္ဈင်သည် 'ဗောဓိ'ဟူသော သစ္စာသိရေး, မဂ်, ဖိုလ်ရရေးတို့တွင် အကြောင်းအင်္ဂါ တခုအဖြစ် ပါဝင်လေသည်၊ ၎င်းပြင် ဤအပိုင်း၌ မြတ်စွာဘုရားသည်'သံ'တလုံးထည့်၍ 'သမ္ဗောဇ္ဈင်'ဟု ဟောတော်မူသည်။

'သံ'သဒ္ဒါက ကောင်းခြင်း, ပြည့်စုံခြင်း, မြင့်မြတ်ခြင်း ဟူသော အနက်များရှိ၏၊သို့အတွက် 'သမ္ဗောဇ္ဈင်' ၏အနက်မှာ ကောင်းမြတ် ပြည့်စုံစွာ သစ္စာသိနိုင်သောတရား ဟူ၍ မှတ်ရာ၏၊ဝိဂ္ဂဟ်ဝစနတ်နှင့် အဋ္ဌကထာ ပြဟန်ကား....

> ဧတ္ထ ဟိ သမ္ဗုဇ္ဈတိ အာရဒ္ဓဝိပဿကေတော ပဋ္ဌာယ ယောဂါဝစရောတိ သမ္ဗောဓိ၊ယာယ ဝါ သော သတိအာဒိကာယ သတ္တဓမ္မသာမဂ္ဂိယာ သမ္ဗုဇ္ဈတိ ကိလေသနိဒ္ဒါတော ဥဋ္ဌာတိ၊ သစ္စာနိ ဝါ ပဋိဝိဇ္ဈတိ၊သာ ဓမ္မသာမဂ္ဂီသမ္ဗောဓိ၊ တဿ သမ္ဗောဓိဿ တဿာ ဝါ သမ္ဗောဓိယာ အင်္ဂန္တိ သမ္ဗောဇ္ဈင်္ဂံ။
>
> (သုတ်မဟာဝါ အဋ္ဌကထာ -၃၇၅)

ဟိ-ဝိတ္ထာရရေမိ၊ ချဲ့၍ ဆိုဦးအံ့။ ဧတ္ထ၊ သမ္ဗောဇ္ဈင်္ဂ ဟူသော ပါဌ်၌။ ဝစနတ္ထော၊ဝိဂ္ဂဟ်ကို။ ဧဝံ၊ဤသို့ဆိုအပ်သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အာရဒ္ဓဝိပဿကတော၊ အားထုတ်အပ်သော ဝိပဿနာ ရှိသောယောဂီမှ။ ပဋ္ဌာယ၊ စ၍။ ယော-ယောဂါဝစရော၊ အကြင် ဝိပဿနာအားထုတ်သော ယောဂီသည်။ သမ္ဗုဇ္ဈတိ၊ ကိလေသာတွင်း အိပ်ပျော်ခြင်းမှ နိုးတတ်၏၊ ဝါ-သစ္စာ လေးပါး တို့ကို သိတတ်၏။ ဣတိ တသ္မာ၊ ထို ကြောင့်။ သော ယောဂါဝစရော၊ ထို ဝိပဿနာ အားထုတ်သော ယောဂီသည်။ သမ္ဗောဓိ၊ သမ္ဗောဓိ မည်၏။ ဝါ၊ တနည်းကား။ သော ယောဂါဝစရော၊ ထိုဝိပဿနာ အားထုတ်သော ယောဂီသည်။ သတိအာဒိကာယ၊အစရှိသော။ ယာယ သတ္တဓမ္မသာမဂ္ဂိ

www.dhammaransi.com

ယာ၊ အကြင် ခုနစ်ပါးသော တရားတို့၏ ညီညွတ်သည်၏ အဖြစ်ဖြင့်။ သမ္ပဝတ္တတိ၊ ကိလေသာတွင်းအိပ်ပျော်ခြင်းမှနိုးတတ်၏။ ကိလေသနိဒ္ဒါ တော၊ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ။ဥဋ္ဌာတိ၊ထတတ်၏။ ဝါ၊တနည်းကား။ သစ္စာနိ၊ သစ္စာလေးပါး အမှန်တပါးတို့ကို။ ပဋိ ဝိဇ္ဈတိ၊ထိုးထွင်း၍ သိတတ်၏။ သာမဂ္ဂီ၊ ထိုတရားခုနစ်ပါးတို့၏ ညီညွတ်ခြင်းသည်။ သမ္ဗောဓိ၊သမ္ဗောဓိမည်၏။တာယ သမ္ဗောဓိယာ၊ ထို ကိလေသာ တည်းဟူသော အိပ်ပျော်ခြင်းမှ နိုးတတ်သော ယောဂီ ပုဂ္ဂိုလ်၏၊ ဝါ-ထိုလေးပါးသော သစ္စာတို့ကို သိတတ်သော ယောဂီ ပုဂ္ဂိုလ်၏။ အင်္ဂံ၊ အကြောင်းတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ သမ္ဗောဇ္ဈင်္ဂံ၊သမ္ဗောဇ္ဈင် မည်၏။

အဋ္ဌကထာအရ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးသူ (တနည်း)သစ္စာလေးပါးတို့ကို သိကြောင်းသဘောတရာတို့၏ အကြောင်း အင်္ဂါနှင့်ကောင်းစွာပြည့်စုံသူဟု ဆိုလေသည်။

ဗောဇ္ဈင်အပြား ခုနစ်ပါး သစ္စာသိရန် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရရန် အကြောင်းတရား ဟူသော ဗောဇ္ဈင်သည် ၇-ပါး အပြား ရှိလေသည်၊ ထို ၇-ပါး၏ သရုပ်အရေအတွက်မှာ....

၁။ သတိ သမ္ဗောဇ္ဈင် -ကောင်းမြတ် ပြည့်စုံသော အထိန်း အစောင့် တရား။

၂။ ဓမ္မ သမ္ဗောဇ္ဈင် -ကောင်းမြတ် ပြည့်စုံသောသဘောတရားတို့ကို စုံစမ်းဆင်ခြင်တတ်သော ပညာတရား။

၃။ ဝီရိယ သမ္ဗောဇ္ဈင်-ကောင်းမြတ် ပြည့်စုံသော လုံ့လတရား။

၄။ ပီတိ သမ္ဗောဇ္ဈင် -ကောင်းမြတ် ပြည့်စုံသော နှစ်သက်မှုတရား။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်-ကောင်းမြတ် ပြည့်စုံသော ငြိမ်းအေးမှုတရား၊

၆။ သမာဓိသမ္ဗောဇ္ဈင်-ကောင်းမြတ်ပြည့်စုံသော တည်ကြည်တရား။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်-ကောင်းမြတ် ပြည့်စုံသော လျစ်လျူ ရှုမှု တရား။

ဟူ၍ ၇-မျိုးပြားလေသည်။

www.dhammaransi.com

အထူး သတိပြုရန်မှာ- ဤ ဗောဇ္ဈင်ပိုင်းသည် ပွားများအပ်သော ဘာဝနာအလုပ်တခုအတွက် အင်္ဂါအစိတ်အပိုင်းတခု၊ အထောက်အကူပြု တခုအနေသာ ဖြစ်၍ အလုပ်သဘောတိုက်ရိုက်ကား မပါပေ၊ သို့ရာတွင် သတိပဋ္ဌာန်တရား လေးပါးစလုံးတွင် 'သတိ'သည် အချုပ်ဖြစ်၍ ထို သတိ ပါဝင်ပါက ကျန်ဗောဇ္ဈင်တို့ပါ ပြည့်စုံသည်ဟူ၍....

စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။ (ဥပရိပဏ္ဏာသပါဠိတော်-၁၂၄)

စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့ကို။ ဘာဝိတာ၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော်။ သတ္တဗောဇ္ဈင်္ဂေ၊ ခုနစ်ပါးသော ဗောဇ္ဈင် တို့ကို။ ပရိပူရေန္တိ၊ ပြည့်စုံစေနိုင်၏။

ဤ ဗောဇ္ဈင်သည်လည်း မဂ်ဉာဏ်ရရန် စုပေါင်းတိုက်ရာတွင် အဖွဲ့ ဝင်ဖြစ်၍'ဗောဓိပက္ခိယ'ဖြစ်ရကား သတိပဋ္ဌာန်လေးပါးအလုပ် အားထုတ် ရာတွင် သိသည်ဖြစ်စေ,မသိသည်ဖြစ်စေ ပါဝင်သည်သာဖြစ်၏၊ ဝိပဿနာ အလုပ် အားထုတ်ရာတွင် 'သတိ'သည် အရင်းခံ ပဓာနဖြစ်၍ အရေးကြီး သကဲ့သို့ ရှုဉာဏ် ဖဏ္ဍိမပဋိပဒါအရ မဂ္ဂင်ရှစ်ပါးအဖွဲ့တွင်လည်း'သမ္မာသတိ' ဟူသော အဖွဲ့ဝင်ဖြစ်လေသည်။ကိလေသာကိုတိုက်ခိုက်၍ မဂ်ဉာဏ်ကို အရ ယူရာတွင်လည်း တိုက်ရေးခိုက်ရေး၌ ကျွမ်းကျင်လှသဖြင့် စစ်ဦးစီးအဖွဲ့တွင် လည်း 'သတိဗိုလ်'အဖြစ် နာမည်ရသည့်နည်းတူ အခြားသော သမ္ပယုတ် တရား လက်အောက်ငယ်သားတို့ကိုအုပ်ချုပ်ရာ၌လည်း အစိုးတရအုပ်ချုပ် နိုင်သောကြောင့်,အုပ်ချုပ်ရေးအဖွဲ့တွင်လည်း 'သတိန္ဒြေ' အမည်နှင့် အုပ် ချုပ်လေသည်၊ သို့ဖြစ်၍ နောက်ဆုံးပန်းတိုင် အနေနှင့် ဗောဓိ ဟူသော ကောင်းမွန်ပြည့်စုံစွာ ဓာတ်သိ လိမ္မာ ရှိရာ၌လည်း 'သတိ သမ္ဗောဇ္ဈင်' ဟု သမုတ်ခံရလေသည်။

သတိတရား အချုပ်ထား

'ကုသိုလ် တရား တို့၏ အချုပ်သည် သတိတရားပင် ဖြစ်၍ ထိုသတိကို မမေ့အပ်သောတရား, မမေ့ကောင်းသောတရား, မမေ့မှသာလျှင် နိဗ္ဗာန်ရသည့် အကြောင်းဖြစ်သောကြောင့် 'အပ္ပမာဒေါ အမတံ ပဒံ'ဟု ဟောတော်မူလေသည်၊ နိဗ္ဗာန်ဟူသည် မမေ့

www.dhammaransi.com

သော သတိရှိသောပုဂ္ဂိုလ်တို့၏ သွားရာလမ်းကြောင်းဖြစ်သည်ဟု ဆိုသည်၊ ထို့ကြောင့်....

သတိံ စ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်-၁၉၀)

ဘိက္ခဝေ၊ချစ်သားတို့။ သတိံ စ၊သတိကိုကား။ ခေါ၊စင်စစ်။သဗ္ဗတ္ထိကံ၊ အလုံးစုံတို့အတွက် အလိုရှိအပ်ပေ၏ဟု။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဆို၏။

ဟု ဟောတော်မူသည်၊ မြတ်စွာဘုရား၏သာသနာတော်တရပ်လုံးသည် သတိဦးဆောင်သော ပညာသာသနာဖြစ်သည်၊ ဤ ဗောဇ္ဈင်အရာ၌လည်း အခြားသောဗောဇ္ဈင် ၆-ပါးတို့သည် သတိသမ္ဗောဇ္ဈင်ကိုသာ အမှီပြုရသောကြောင့် ကျေးဇူးများသည်ဖြစ်၍ သတိသမ္ဗောဇ္ဈင်ကို ရှေးဦးစွာ ဟောကြောင်း အဋ္ဌကထာတို့၌....

သဗ္ဗေသံ ဗောဇ္ဈင်္ဂါနံ ဥပကာရကတ္တာ သတိသမ္ဗောဇ္ဈင်္ဂေါ ပဌမံ ဝုတ္တော။

ဟု ဖွင့်ပြကြလေသည်။

သဗ္ဗေသံဗောဇ္ဈင်္ဂါနံ၊ အလုံးစုံသောဗောဇ္ဈင်တို့အား။ ဥပကာရကတ္တာ၊ ကျေးဇူး များသည်၏ အဖြစ်ကြောင့်။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်ကို။ ပဌမံ၊ ရှေးဦးစွာ။ ဝုတ္တော၊ ဟောတော်မူအပ်၏။

အလုံးစုံသောတရားတို့တွင် သတိဦးဆောင်သည်ဟု ဆိုသော်လည်း 'သတိသည် ဦးမဆောင် မပါဝင်သော် မဖြစ်သလော'ဟု စောဒနာခဲ့သော် 'မဖြစ်'ဟု ဆိုရလောက်အောင် အရာလည်းကျယ်ပေသည်၊ အဋ္ဌကထာများတွင် သတိကို....

တသ္မာ သာ လောဏဓူပနံဝိယ သဗ္ဗဗျဉ္ဇနေသု သဗ္ဗကမ္မိက အမစ္စောဝိယစ သဗ္ဗရာဇကိစ္စေသု သဗ္ဗတ္ထ ဣစ္ဆိတဗ္ဗာ၊ တေနာဟ 'သတိံစ ပန သဗ္ဗတ္ထိကာ ဝုတ္တာ ဘဂဝတာ။

(သုတ်မဟာဝါအဋ္ဌကထာ ၃၇၀-နှင့် သမ္မော,သံယုတ်,ပဏ္ဏာသ ဋ္ဌကထာများ)

တသ္မာ၊ထို့ကြောင့်။သာသတိ၊ထိုသတိကို။ လောဏဓူပနံ၊ ဆားထည့်၍ ခပ်ခြင်းကို။ သဗ္ဗဗျဉ္ဇနေသု၊ အလုံးစုံသော ဟင်းလျာတို့၌။ ဣစ္ဆိတဗ္ဗံ ဝိယစ၊ အလိုရှိအပ်သကဲ့သို့ရင်း။ သဗ္ဗကမ္မိကအမစ္စော၊ အလုံးစုံသော

www.dhammaransi.com

မင်း၏ကိစ္စ၌ ယှဉ်သော အမတ်ကို။ သဗ္ဗရာဇကိစ္စေသု၊ အလုံးစုံသော မင်း၏ကိစ္စတို့၌။ ဣစ္ဆိတဗ္ဗောဝိယ၊ အလိုရှိအပ်သကဲ့သို့ရင်း။ တေန၊ ထိုကြောင့်။ သတိံစ ပန သဗ္ဗတ္ထိကာ၊ သတိကို သာလျှင် အလုံးစုံတို့အတွက် အလိုရှိအပ်၏ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူပြီ။

အဋ္ဌကထာတို့အဆိုအရ အလုံးစုံသော ဟင်းလျာတိုင်းတွင် ဆား မထည့်က မဖြစ်သကဲ့သို့ရင်း၊တိုင်းပြည်အုပ်ချုပ်သောမင်းတို့သည် ၎င်းတို့၏ ကိစ္စအဝဝကို အမတ်ချုပ်,အတွင်းဝန်ချုပ်ကသာဆောင်ရွက်ရသကဲ့သို့ရင်း တရားအားလုံးတို့ကို မမေ့မလျော့ခြင်း 'အပ္ပမာဒ' မည်သော သတိက သာလျှင် ဦးဆောင်ပါဝင်ရသည်ကို ထောက်ပြတော်မူကြလေသည်။

နှလုံး သွင်းမှု သတိရ

သာသနာတော်အတွက် ဤမျှ ထိုမျှ - အရေးကြီးသော သတိကို ဖြစ်ပေါ်လာအောင် ပြုလုပ်ဆောင်ရွက်မှုသည်လည်း အရေးကြီးလှပေသည်၊သတိဟူသည် နေရာတကာ တိုင်းတွင် အလိုအလျောက် သော်၎င်း, ထားချင်သလို ထား၍ သော်၎င်း ဖြစ်မည်မဟုတ်ပေ၊ မှန်ကန်သော 'သမ္မာသတိ' ပြည့်စုံစေအပ်သော 'သတိ သမ္ဗောဇ္ဈင်'တို့ဖြစ်ပါကလည်း အားထုတ်ပွားများအပ်သော ဘာဝနာ၏ ပြည့်စုံခြင်း ဖြစ်ရလောက်အောင် အကျိုးရှိလုပ်ငန်း ဖြစ်ပေသောကြောင့် သတိ၏တည်ရာသည် မှန်ကန်စွာနှလုံးသွင်းမှု လိုအပ်ပေသည်၊ နှလုံးသွင်း မှုန်သဖြင့်ဖြစ်လာသော သတိသမ္ဗောဇ္ဈင်သည် ကျန်သောဗောဇ္ဈင် ၆-ပါး ကို ပြည်စုံစေသည် သာမက ဘာဝနာ၏ ပြည့်စုံ ခြင်းဖြင့် မဂ်, ဖိုလ်,နိဗ္ဗာန် ကိုပင် ရစေနိုင်လေသည်။

ယောနိသောစ သော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နော စေဝ သတိသမ္ဗောဇ္ဈင်္ဂေါ ဥပ္ပဇ္ဇတိ၊ဥပ္ပန္နောစ သတိသမ္ဗောဇ္ဈင်္ဂေါ ဘာဝနာပါရိပူရိံ ဂစ္ဆတိ။ (မဟာဝဂ္ဂသံယုတ် ပါဠိတော်-၈၄)

ချစ်သားတို့-မှန်ကန်သော နှလုံးသွင်းမှုရှိသောသူအား မဖြစ်သေးသော သတိ သမ္ဗောဇ္ဈင်သည်လည်းဖြစ်၏၊ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်သည် လည်း ပွားများပြည့်စုံခြင်းသို့ရောက်၏။

နှလုံးသွင်း မှန်ကန်မှု ရှိသူအား သတိသမ္ဗောဇ္ဈင် ဖြစ်သည်ဟူသော ဦးဆောင်သော သတိနေရာတွင် ဟောသော်လည်း ကျန်သော ဗောဇ္ဈင်

www.dhammaransi.com

တို့ကိုလည်း နှလုံးသွင်းမမှန်က ရမည်မဟုတ်ပေ၊အဘယ့်ကြောင့်ဟူမူ နှလုံးသွင်းမှန်ခြင်း ဆိုသည်မှာ ဧကန်အားဖြင့် အမှန်ကို နှလုံး သွင်းခြင်း ကို ဆိုသည်၊အမှန်တရားဟူသည် 'ရုပ်,နာမ်ပရမတ်'ဖြစ်သည်၊ရုပ်,နာမ် ပရမတ်ဟူ၍ မပြတ်နှလုံးသွင်းနေမှု သိနေမှုသည် နှလုံးသွင်း မှန် သော ကြောင့် သတိက 'ရုပ်,နာမ်'ဟု သိနေသည်၊ထို့အတူ 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' ဖြစ်ရာ၌လည်း ,ဓမ္မ'ဟူသည် ပရမတ် ရုပ်,နာမ်၊ 'ဝိစယ' ဟူသည် စူးစမ်း, စိစစ်, စစ်ဆေးခြင်းဖြစ်၍ သတိသမ္ဗောဇ္ဈင်က သိပေးထားသော ပရမတ်ရုပ်,နာမ်ကို စိစစ်လျက် စစ်ဆေးစုံစမ်းလျက် ထိုပရမတ် ရုပ်,နာမ်တို့၏ သဘောသည် 'ဖြစ်,ပျက်'နေသည်ဟု ပိုင်းခြားပိုင်နိုင်စွာ သိသောပညာ ဖြစ်သည်၊ သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် အတူတူပင် (မဂ္ဂင်ပိုင်းကျမှ အကျယ်ဆိုအံ့)။

ဝီရိယ သမ္ဗောဇ္ဈင်-တပါးပါးသော သတိပဋ္ဌာန်ကိုရှုရာ၌ လိုအပ်သော လုံ့လ ဝီရိယမျိုး ဖြစ်၍ သမ္မပ္ပဓာန် ၄-မျိုးပါအောင် ပြည့်စုံ ရမည် ဖြစ်သောကြောင့် နောက်ပိုင်း'သမ္မာဝါယာမ မဂ္ဂင်'နေရာတွင်မှ အကျယ်ပြဆိုပါမည်။

ပီတိသမ္ဗောဇ္ဈင်-ဝိပဿနာ ယောဂီသည် မိမိ ရည်မှန်း ထားသော ရှုကွက် ပရမတ် ရုပ်,နာမ်ကို ဉာဏ်ဖြင့် တွေ့သိရသောအခါ ကျေနပ်ခြင်း, နှစ်သက်သဘောကျခြင်းစသော'ပီတိ'သဘောတို့ ဖြစ်ပေါ်လာတတ်သည်၊ ထိုပီတိမျိုးသည် ဝိပဿနာရှုအားသန်သော အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်တို့၌ တွေ့ရှိတတ်သည်၊သို့ရာတွင် ဝိပဿနာဉာဏ်သည် ထိုပီတိကို သဘောကျနေစရာ မဟုတ်ပေ၊စွဲလမ်းကပ်ငြိနေဖွယ်ရာ မဟုတ်ချေ၊ထိုပီတိကို လွန်မြောက်အောင် ရှုရလေသည်၊ လွန်မြောက်အောင် မရှုနိုင်ချေက 'ဝိပဿနုပက္ကိလေသာ'ဝိပဿနာ၏အန္တရာယ် ဖြစ်သောကြောင့်ပေတည်း။

ပဿဒ္ဓိသမ္ဗောဇ္ဈင်-တရား အားထုတ်သော ယောဂီအား ရုပ်,နာမ်တို့၏ ဖြစ်မှု,ပျက်မှုတို့ကို ပရမတ္ထသဘောအတိုင်း တဖြည်းဖြည်းနူးညံ့သိမ်မွေ့သည်ကို ဉာဏ်ဖြင့် သိနေရာမှ ရှုဉာဏ်သည်လည်း သိမ်မွေ့လာလျက် ကိုယ်စိတ်ငြိမ်းအေးမှု တွေ့သောအခါ ထိုယောဂီအား ကိုယ်စိတ်တို့သည် ပူပန်ခြင်း မဖြစ်ကုန်၊ လေးလံခြင်းလည်း မဖြစ်၊ ကျင်နာခြင်းလည်းမဖြစ်၊ စင်စစ် ထိုယောဂီ၏ ကိုယ်စိတ်နှစ်ပါးတို့သည် ငြိမ်းကုန်၏၊ပေါ့ကုန်၏၊နူးညံ့ကုန်၏၊ အလွန်သန့်ရှင်း စင်ကြယ် ကုန်၏၊ အလွန်ဖြောင့်မတ် ကုန်၏၊ ယောဂီသည်

www.dhammaransi.com

ပဿဒ္ဓိအစရှိသည်တို့ဖြင့် ချီးမြှောက်အပ်သော ကိုယ်စိတ်ရှိသည်ဖြစ်၍ ထို ပဿဒ္ဓိဖြစ်ရာ ဥဒယဗ္ဗယဉာဏ်ဖြစ်သောကာလ၌ လူတို့ခံစားရသော 'ကာမ သုခရတိ'ကို လွန်၍ 'အမာနုသီ'မည်သော မွေ့လျော်ခြင်းကို ခံစားရ၏၊ထို အမာနုသီရတိကိုရည်ရွယ်၍ မြတ်စွာဘုရားသည်....

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊သမ္မာ ဓမ္မံ ဝိပဿတော။
ယတော ယတော သမ္မသတိ၊ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ ပီတိပါမောဇ္ဇံ၊အမတံ တံ ဝိဇာနတံ။

(ဓမ္မပဒပါဠိတော်-၆၇)

ဆိတ်ငြိမ်သော ကျောင်းသို့ ဝင်ပြီး၍ စိတ်၏ အလွန် ငြိမ်သက်သဖြင့် နာမ်,ရုပ် တရားကို ဖြစ်ခြင်း,ပျက်ခြင်း ရှုသော အစွမ်းအားဖြင့် သင့်လျော်အောင် ကောင်းစွာ ရှုသော ယောဂီအား ဝိပဿနာနှင့် ဝေးကွာ လှသော သူတို့၏ အရာမဟုတ်သောကြောင့် 'အမာနုသီ' မည်သော ဝိပဿနာနှင့်ယှဉ်သော ပီတိသုခဟူမှတ်အပ်သော မွေ့လျော် ခြင်းသည် ဖြစ်၏၊ အကြင် အကြင် ဖောက်ပြန်မှု အားဖြင့်၎င်း, သိမ်မှု အားဖြင့်၎င်း ခန္ဓာတို့၏ဖြစ်ခြင်း,ပျက်ခြင်းကို ရှုမှတ်၏၊ထိုထို ရုပ်,နာမ် ပရမတ်တရားကို သိမြင်ကုန်သော အရိယာတို့၏ အမြိုက်နိဗ္ဗာန် အဆုံး ရှိသော ပီတိပါမောဇ္ဇကို ဤယောဂီသည် သိ၏,ရ၏။

ဟု ဟောတော်မူသည်။

ယင်းသည်လည်း ဝိပဿနာကို အားထုတ်သန်သော ယောဂီတို့သာ သမာဓိ၏ အစွမ်းအားကြောင့် သိနိုင်,ရနိုင်,တွေ့နိုင်လေရာ ၎င်းကိုစွဲလမ်း တပ်မက်မှုမဖြစ်ရန် လိုသည်၊ ၎င်းကို တပ်မက်မိ,သဘောကျ နှစ်သက်မိ ပါက ဝိပဿနာ၏အန္တရာယ် ဖြစ်နိုင်ပေသည်၊ တရားအားထုတ်သော မိမိ သည် ထိုဝိပဿနာ၏ အညစ်အကြေးတို့ကို အညစ်အကြေးဟူ၍ မသိမှု ကြောင့် စွဲလမ်းငြိကပ်မိပါက အန္တရာယ်ဖြစ်၍ ဉာဏ်မတက်တော့ပေ။

သမာဓိသမ္ဗောဇ္ဈင်-ပရမတ်ရုပ်,နာမ်ကို ဝိပဿနာရှုရာ၌ 'သမာဓိ' ဟူသော ငြိမ်သက်မှုသည် အလွန် အရေးကြီးလေသည်၊ 'ဝီရိယ, သတိ, သမာဓိ' ဤ ၃-လုံးသည် အထူးအရေးကြီးသော 'အဓိစိတ္တ'သိက္ခာဆိုင်ရာ တို့ ဖြစ်၏၊(အလုပ်မဂ္ဂင်ဆိုင်ရာ သမ္မာသမာဓိမဂ္ဂင်ပိုင်းကျမှအကျယ်ပြအံ့)။

www.dhammaransi.com

ဥပေက္ခာသမ္ဗောဇ္ဈင်-ကာယ,ဝေဒနာ,စိတ္တ,ဓမ္မဟူသောသတိပဋ္ဌာန် ရုပ်,နာမ်ကို ပရမတ်ကျအောင် ရှုရာ၌ ဥပေက္ခာသည် အထူး လိုအပ်၏၊ မြတ်စွာဘုရား၏ မဇ္ဈိမ ပဋိပဒါ လမ်းစဉ် ဟူသည် ဥပေက္ခာ သဘော ကို ဟောထားခြင်းဖြစ်လေသည်၊သဿတအစွန်း ဥစ္ဆေဒအစွန်း ကာမသုခလ္လိက အစွန်း အတ္တကိလမထအစွန်း စသော အစွန်းတရားနှစ်ပါး မကပ်မရောက် စေပဲ အလယ်လမ်းကြောင်း အကျင့်ဆိုသည်မှာ ဥပေက္ခာပင် ဖြစ်၏၊ထို ဥပေက္ခာသဘောကို ကျွန်ုပ်တို့သည် ဝိပဿနာတရား ဟောကြားတိုင်းတွင် ၎င်း, တရားအားထုတ်ရာ ညွှန်ပြတိုင်းတွင်၎င်း, စာအုပ်စာတမ်း ရေးသား ပြုစုတိုင်းတွင်၎င်း ဤဥပေက္ခာ နည်းလမ်းကို သာလျှင် အရင်းခံ ထား၍ ညွှန်ကြား ပြသသည်ဖြစ်၍ ဤနေရာတွင် အထူးဖော်ပြရန် လိုမည်မဟုတ် ပေ၊စင်စစ်မှာ မြတ်စွာဘုရား၏ သာသနာတရပ်လုံးသည် အချုပ်အားဖြင့် ဥပေက္ခာ အနုတ္တသာသနာ ဖြစ်ကြောင်း လေ့လာသိရှိနိုင်ကြ ပါစေကုန်။

ထို ဗောဇ္ဈင် ခုနစ်ပါး တို့သည် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရရန်အတွက် ပြည့်စုံရမည့် တရားမှန်သော်လည်း သတိပဋ္ဌာန် သမ္မပ္ပဓာန်မှစ၍ မဂ္ဂင်ကျ အောင် ဗောဇ္ဈင် ခုနစ်ပါးတို့ဆိုင်ရာဆိုင်ရာ အလုပ်သဘောတွင် ပါဝင်ပြီး ဖြစ်နေသဖြင့် အထူးရှုမှတ် ပွားများရသော သဘောများ မပါပေ၊သို့ရာတွင် ကာယ,ဝေဒနာ,စိတ္တ,ဓမ္မ သတိပဋ္ဌာန်တို့ကို မဂ္ဂင်ရှစ်ပါးနှင့် မဇ္ဈိမပဋိပဒါ ကျကျ အားထုတ်ရာ၌ကား ၎င်းတို့ပြည့်စုံစွာ ပါဝင်ပြီး ဖြစ်နေသည်မှာ အမှန်ပင်။

ကောင်းမြတ်ပြည့်စုံသော သတိစသော ဗောဇ္ဈင်တရားတို့သည် မိမိ ဟူသော အတွင်းသန္တာန် ၌လည်း ရှုလျက်နေရာ၏၊ သူတပါး ဟူသော အပြင်အပ သန္တာန်၌လည်း ရှုလျက်နေရာ၏၊ မိမိဟူသော အတွင်းသန္တာန်, သူတပါးဟူသော အပြင်အပသန္တာန်၌လည်း ထိုဓမ္မဟူသော သဘောတရား တို့ကို အကြိမ်ကြိမ်အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍ နေရာ၏။

ထိုဗောဇ္ဈင်ဟူသော သဘောတရားတို့သည် ဖြစ်ခြင်းသဘော ရှိ၏ ဟုလည်း အဖန်ဖန်ရှုလျက် နေရာ၏၊ပျက်ခြင်းသဘောရှိ၏ဟုလည်း အဖန် ဖန် ရှုလျက် နေရာ၏၊ ဖြစ်ခြင်း,ပျက်ခြင်းရှိ၏ ဟုလည်း အဖန်ဖန် ရှုလျက် နေရာ၏၊(နောက်အကျန်ကိုဆက်ဆိုလေ)။

ဗောဇ္ဈင်အခန်းပြီး၏။

www.dhammaransi.com

ဓမ္မာ နုပဿနာ

●

၅-သစ္စပဗ္ဗ (ဥဒ္ဒေသ)

၂၃-ပါဠိတော်။ ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု၊ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု၊ ဣဓ ဘိက္ခဝေ ဘိက္ခု ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ၊ အယံ ဒုက္ခသမုဒယောတိ ယထာဘူတံ ပဇာနာတိ၊ အယံ ဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ၊ အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။

၂၃-အနက်။ ဘိက္ခဝေ၊ချစ်သားတို့။ ပုနစ၊တဖန်လည်း။ အပရံ၊တမျိုးတဖုံ ရှုရပုံကား။ ဘိက္ခု၊သံသရာကို ဘေးဟုမြင်တတ် ယောဂီမြတ်သည်။ စတူသု၊ လေးပါးကုန်သော။ အရိယသစ္စေသု၊ အရိယသစ္စာမည်ကုန်သော။ ဓမ္မေသု၊တရားတို့၌။ ဓမ္မာနုပဿီ၊ သစ္စာဟူသော အမှန်တရားကို အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ချစ်သားတို့။ ကထဉ္စ၊အဘယ်သို့လျှင်။ ဘိက္ခု၊ သံသရာကို ဘေးဟုမြင်တတ် ယောဂီမြတ်သည်။ စတူသု၊ လေးပါးကုန်သော။ အရိယသစ္စေသု၊ အရိယသစ္စာ မည်ကုန်သော။ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ သစ္စာဟူသော အမှန်တရားကို အဖန်ဖန်ရှုလေ့ရှိသည် ဖြစ်၍၊ဝိဟရတိ ပန၊နေသနည်းဟူမူ-။

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ငါဘုရားအဆုံးအမ၌။ ဘိက္ခု၊ သံသရာကိုဘေးဟုမြင်တတ် ယောဂီမြတ်သည်....။

၁။ ဣဒံ၊ဖောက်ပြန်မှု,သိမှုဖြစ်သော ဤရုပ်,နာမ်တရားသည်။ ဒုက္ခန္တိ၊ ဆင်းရဲပင်တည်းဟူ၍။ ယထာဘူတံ၊မဖောက်မပြန် အမှန်အတိုင်း။ ပဇာနာတိ၊သိ၏။

၂။ အယံ၊လိုချင်တပ်မက်တတ်သော ဤတဏှာသည်။ဒုက္ခသမုဒယောတိ၊ဆင်းရဲ၏ဖြစ်ရာအကြောင်းတည်းဟူ၍။ယထာဘူတံ၊မဖောက်မပြန် အမှန်အတိုင်း။ ပဇာနာတိ၊သိ၏။

www.dhammaransi.com

၃။ အယံ၊ဖြစ်,ပျက်ကင်းရာ ဤနိဗ္ဗာန်သည်။ဒုက္ခနိရောဓောတိ၊ ဆင်းရဲချုပ်ရာတည်းဟူ၍။ ယထာဘူတံ၊ မဖောက်မပြန် အမှန်အတိုင်း။ ပဇာနာတိ၊သိ၏။

၄။ အယံ၊မဂ္ဂင်ရှစ်ပါး ဤတရားသည်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါတိ၊ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းတည်း ဟူ၍။ ယထာဘူတံ၊ မဖောက်မပြန် အမှန်အတိုင်း။ ပဇာနာတိ၊ သိ၏။

သစ္စပဗ္ဗ(ဥဒ္ဒေသ) ပြီး၏။

ဒုက္ခသစ္စ နိဒ္ဒေသ အကျယ်

၂၄-ပါဠိတော်။ ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏံပိ ဒုက္ခံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါပိ ဒုက္ခော၊ပိယေဟိ ဝိပ္ပယောဂေါပိ ဒုက္ခော၊ယံ ပိစ္ဆံ နလဘတိ၊တမ္ပိ ဒုက္ခံ၊သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ကတမာစ ဘိက္ခဝေ ဇာတိ။လ။အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ။

ကတမာစ ဘိက္ခဝေ ဇရာ။လ။အယံ ဝုစ္စတိ ဘိက္ခဝေ ဇရာ။

ကတမဉ္စ ဘိက္ခဝေ မရဏံ။လ။ဣဒံ ဝုစ္စတိ ဘိက္ခဝေ မရဏံ။

ကတမောစ ဘိက္ခဝေ သောကော။ လ။ အယံ ဝုစ္စတိ ဘိက္ခဝေ သောကော။

ကတမောစ ဘိက္ခဝေ ပရိဒေဝေါ။ လ။ အယံ ဝုစ္စတိ ဘိက္ခဝေ ပရိဒေဝေါ။

ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ။လ။ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ။

ကတမဉ္စ ဘိက္ခဝေ ဒေါမနဿံ။ လ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒေါမနဿံ။

ကတမောစ ဘိက္ခဝေ ဥပါယာသော။လ။ အယံ ဝုစ္စတိ ဘိက္ခဝေ ဥပါယာသော။

www.dhammaransi.com

ကတမော စ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။ လ။ အယံ ဝုစ္စတိ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။

ကတမော စ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။လ။အယံ ဝုစ္စတိ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။

ကတမဉ္စ ဘိက္ခဝေ ယံ ပိစ္ဆံ နလဘတိ၊တမ္ပိ ဒုက္ခံ။ လ။ ဣဒမ္ပိ ယံ ပိစ္ဆံ နလဘတိ၊တမ္ပိ ဒုက္ခံ။

ကတမေ စ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ လ။ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

(ဒုက္ခသစ္စ နိဒ္ဒေသ)

၂၄-အနက်။ ဘိက္ခဝေ၊ချစ်သားတို့။ဒုက္ခံ၊ဆင်းရဲဟူသော။ အရိယသစ္စံ၊ အရိယာတို့သာ သိအပ်သော အမှန်တရားသည်။ ကတမဉ္စ၊ အဘယ် သည်နည်းဟူမူ....။

ဇာတိပိ၊ ဘဝအသစ် ဖြစ်ခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဇရာပိ၊ ရင့်ရော်ယိုယွင်း အိုမင်းခြင်းသည်လည်း။ ဒုက္ခာ၊ဆင်းရဲ၏။ မရဏံပိ၊စုတေပြတ်ကြွေ သေရခြင်းသည်လည်း။ဒုက္ခံ၊ဆင်းရဲ၏။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာပိ၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးမြည်တမ်းခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်မချမ်းသာခြင်း, ပြင်းစွာ ပင်ပန်းခြင်းတို့ သည်လည်း။ ဒုက္ခာ၊ဆင်းရဲ၏။ အပ္ပိယေဟိ သမ္ပယောဂေါပိ၊မချစ်မနှစ်သက်အပ်သော အာရုံ,သတ္တဝါ,သင်္ခါရ တို့နှင့်တွေ့ဆုံပေါင်းသင်း ဆက်ဆံရခြင်းသည်လည်း။ဒုက္ခော၊ဆင်းရဲ၏။ ပိယေဟိဝိပ္ပယောဂေါပိ၊ ချစ်ခင်နှစ်သက် အပ်သော အာရုံ, သတ္တဝါ,သင်္ခါရတို့နှင့် ကွဲကွာကွေကွင်းရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ယမ္ပိ၊အကြင်အလိုရှိအပ်သည်လည်းဖြစ်သော။ဣစ္ဆံ၊အလို ရှိပါလျက်။ နလဘတိ၊မရ။ တမ္ပိ၊ထိုအလိုရှိအပ်သော အလိုဆန္ဒကို မရခြင်းသည်လည်း။ ဒုက္ခံ၊ဆင်းရဲ၏။ သံခိတ္တေန၊အကျဉ်းချုပ်အားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာ၊ ငါးပါးကုန်သော အစွဲအလမ်းကြောင့် ဖြစ်သော ခန္ဓာတို့သည်။ဒုက္ခာ၊ဆင်းရဲကုန်၏။

www.dhammaransi.com

ဘိက္ခဝေ၊ ချစ်သားတို့။ ကတမာစ၊ အဘယ်တရားသည်ကား။ ဇာတိ၊ဖြစ်ခြင်းမည်သနည်း။ တေသံတေသံသတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမှိတမှိသတ္တနိကာယေ၊ ထိုထိုသတ္တဝါတို့၏ အဖွဲ့အစည်း၌။ ယာဇာတိ၊ အကြောင်ရှေးဦးစွာဖြစ်ခြင်းသည်။ ယာသဉ္ဇာတိ၊အကြောင်ပြည့်စုံစွာ ဖြစ်ခြင်းသည်။ ယာဩက္ကန္တိ၊ ဥခွံတွင်း အမိဝမ်းတွင်းသို့ အကြောင် သက်ဝင် ခြင်းသည်။ ယာအဘိနိဗ္ဗတ္တိ၊ အကြောင်ဘဝသစ်၌ ကိုယ်ထင်ရှား ဖြစ်ခြင်းသည်။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ယောပါတုဘာဝေါ၊ တပါး,လေးပါး,ငါးပါး အားဖြင့် အကြောင် ထင် ရှား ဖြစ်ခြင်းသည်။ အာယတနာနံ၊ မျက်စိစသော အာယတနတို့ကို။ ယောပဋိလာဘော၊ အကြောင် တဖန် ရခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော သဘောကို။ ဇာတိ၊ဖြစ်ခြင်းဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ ကတမာစ၊ အဘယ်တရားသည်ကား။ ဇရာ၊ ရင့်ရော်ယိုယွင်း အိုမင်းခြင်း မည်သနည်း။ တေသံ တေသံ သတ္တာနံ၊ ထိုထို သတ္တဝါတို့၏။ တမှိတမိ သတ္တနိကာယေ၊ ထိုထို သတ္တဝါတို့၏အဖွဲ့အစည်း၌။ယာဇရာ၊အကြောင်ရင့်ခြင်းသည်။ ယာဇီရဏတာ၊အကြောင်ရင့်ရော်ခြင်း အခြင်းအရာသည်။ ယံခဏ္ဍိစ္စံ၊အကြောင် သွားကျိုးခြင်းသည်။ ယံ ပါလိစ္စံ၊ အကြောင် ဆံဖြူခြင်းသည်။ ယာ ဝလိတ္တစတာ၊အကြောင်အရေတွန့်ခြင်းသည်။ အာယုနော၊ ဇီဝိတိန္ဒြေ၏။ယာသံဟာနိ၊ အကြောင်ဆုတ်ယုတ်ခြင်းသည်။ ဣန္ဒြိယာနံ၊ မျက်စိ အစရှိသော ဣန္ဒြေတို့၏။ ယောပရိပါကော၊ အကြောင်ရင့်ကျက်ခြင်း သည်။အတ္ထိ၊ရှိ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤဆိုအပ်ခဲ့ပြီး သော သဘောကို။ ဇရာ၊ ရင့်ရော် ယိုယွင်း အိုမင်းခြင်း ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ ကတမဉ္စ၊ အဘယ်တရားသည်ကား။ မရဏံ၊ စုတေပြတ်ကြွေ သေရခြင်း မည်သနည်း။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမှာတမှာ သတ္တနိကာယာ၊ ထိုထို သတ္တဝါတို့၏အဖွဲ့အစည်းမှ။ယာစုတိ၊အကြောင်ရွေ့လျောခြင်းသည်။ ယာစဝနတာ၊ အကြောင်ရွေ့လျောသော အခြင်းအရာသည်။ ယော

www.dhammaransi.com

ဘေဒေါ၊ အကြောင် ခန္ဓာပျက်ခြင်းသည်။ ယံအန္တရဓာနံ၊ အကြောင် ခန္ဓာကွယ်ပျောက်ခြင်းသည်။ ယံမစ္စုမရဏံ၊အကြောင်သေခြင်းသည်။ ယာကာလံကိရိယာ၊ အကြောင် သေခြင်းကို ပြုခြင်းသည်။ခန္ဓာနံ၊ခန္ဓာတို့၏။ ယောဘေဒေါ၊ အကြောင် ပျက်ခြင်းသည်။ ကဠေဝရဿ၊ ကိုယ်ကောင်ကို။ ယောနိက္ခေပေါ၊ အကြောင် ပစ်ချခြင်းသည်။ ဇီဝိတိန္ဒြိယဿ၊ ဇီဝိတိန္ဒြေ၏။ ယောဥပစ္ဆေဒေါ၊ အကြောင် ချုပ်ပြတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣဒံ၊ဤဆိုအပ်ခဲ့ပြီးသော သဘောကို။ မရဏံ၊ စုတေပြတ်ကြွေ သေရခြင်း ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဘိက္ခဝေ၊ချစ်သားတို့။ ကတမော စ၊ အဘယ်တရားသည်ကား။ သောကော၊စိုးရိမ်ပူဆွေးခြင်းမည်သနည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ အညတရညတရေန၊ တပါးပါးသော။ ဗျသနေန၊ ဆွေမျိုး ပျက်စီးခြင်း, ဥစ္စာပစ္စည်းပျက်စီးခြင်း, အနာရောဂါနှိပ်စက်၍ ပျက်စီးခြင်း, ကိုယ်ကျင့်တရားပျက်စီးခြင်း, အယူအစွဲပျက်စီးခြင်းဟူသော ပျက်စီးမှုနှင့်။ သမန္နာဂတဿ၊ ပြည့်စုံသောသူ၏၎င်း။ အညတရညတရေန၊တပါးပါးသော။ ဒုက္ခဓမ္မေန၊ ဆင်းရဲကြောင်း တရားနှင့်။ ဖုဋ္ဌဿ၊ တွေ့ထိ နှိပ်စက်အပ်သော သူ၏၎င်း။ ယောသောကော၊ အကြောင်စိုးရိမ်ပူဆွေးခြင်းသည်။ယာသောစနာ၊အကြောင်စိုးရိမ်ပူဆွေးခြင်းအမှုအရာသည်။ ယံသောစိတတ္တံ၊ အကြောင်စိုးရိမ်ပူဆွေးသည်၏အဖြစ်သည်။ ယောအန္တောသောကော၊ အကြောင်အတွင်းဆွေးဆွေးခြင်းသည်။ ယော အန္တောပရိသောကော၊ အကြောင် အတွင်း၌ လှိုက်လှိုက်လှဲ့လှဲ့ပူဆွေးခြင်းသည်။ အတ္ထိ၊ရှိ၏။ ဘိက္ခဝေ၊ချစ်သားတို့။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော သဘောကို။ သောကော၊ စိုးရိမ်ပူဆွေးခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ ကတမော စ၊ အဘယ်တရားသည်ကား။ ပရိဒေဝေါ၊ ငိုကြွေးမြည်တမ်းခြင်းမည်သနည်း။ ဘိက္ခဝေ၊ချစ်သားတို့။ အညတရညတရေန၊ တပါးပါးသော။ ဗျသနေန၊ ဆွေမျိုး ပျက်စီးခြင်း, ဥစ္စာပစ္စည်း ပျက်စီးခြင်း, အနာရောဂါ နှိပ်စက်၍ ပျက်စီးခြင်း, ကိုယ်ကျင့်တရားပျက်စီးခြင်း, အယူအစွဲ ပျက်စီးခြင်း

www.dhammaransi.com

ဟူသော ပျက်စီးမှုနှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော သူ၏ရင်း။ အညတရညတရေန၊တပါးပါးသော။ ဒုက္ခဓမ္မေန၊ ဆင်းရဲကြောင်း တရားနှင့်။ ဖုဋ္ဌဿ၊ တွေ့ထိ နှိပ်စက် အပ်သော သူ၏ရင်း။ ယော အာဒေဝေါ၊ အကြင် ဆိုငို ယောင်ယမ်း မြည်တမ်း ခြင်းသည်။ ယာ အာဒေဝနာ၊ အကြင်မြည်တမ်းသည်၏ အမူအရာသည်။ ယာ ပရိဒေဝနာ၊ အကြင် ပြောဆို မြည်တမ်းခြင်း အမူအရာသည်။ ယံအာဒေဝိတတ္တံ၊ အကြင် မြည်တမ်းသည်၏ အဖြစ်သည်။ ယံ ပရိဒေဝိတတ္တံ၊ အကြင် ပြောဆိုမြည်တမ်းသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ချစ်သားတို့။ အယံ၊ဤဆိုအပ်ခဲ့ပြီးသောသဘောကို။ ပရိဒေဝေါ၊ ငိုကြွေးမြည်တမ်းခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ချစ်အားတို့။ ဒုက္ခံ၊ ဆင်းရဲသည်။ ကတမဥ္စ၊အဘယ် နည်း ဟူမူကား။ ဘိက္ခဝေ၊ချစ်သားတို့။ယံကာယိကံ၊အကြင်ကိုယ်၌ ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲသည်။ ယံကာယိကံ၊ အကြင် ကိုယ်၌ဖြစ် သော။ အသာတံ၊ မသာယာဖွယ်သည်။ ယံကာယသမ္ဖဿဇံ၊ အကြင် ကိုယ်အတွေ့ကြောင့်ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲသည်။ ယံအသာတံ၊ အကြင်သာယာဖွယ်မဟုတ်သော။ ဝေဒယိတံ၊ ခံစားမှုသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ချစ်သားတို့။ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသောသဘောကို။ ဒုက္ခံ၊ ကိုယ်၌ဖြစ်သောဆင်းရဲဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ ဒေါမနဿံ၊ စိတ်မချမ်းသာခြင်းသည်။ ကတမဉ္စ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ ချစ်သားတို့။ ယံစေတသိကံ၊ အကြင်စိတ်၌ဖြစ်သော။ ဒုက္ခံ၊ဆင်းရဲသည်။ ယံစေတသိကံ၊ အကြင်စိတ်၌ဖြစ်သော။ အသာတံ၊ မသာယာဖွယ်သည်။ ယံမနောသမ္ဖဿဇံ၊ အကြင်စိတ်အတွေ့ကြောင့်ဖြစ်သော။ ဒုက္ခံ၊ဆင်းရဲသည်။ ယံအသာတံ၊ အကြင်သာယာဖွယ်မဟုတ်သော။ ဝေဒယိတံ၊ ခံစားမှုသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣဒံ၊ ဤ ဆိုအပ်ခဲ့ပြီးသော သဘောကို။ ဒေါမနဿံ၊ စိတ်၌ ဖြစ်သော ဆင်းရဲဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ ဥပါယာသော၊ ပြင်းစွာ ပူလောင် ပင်ပန်းခြင်းသည်။ ကတမော စ၊ အဘယ်နည်း ဟူမူကား။ ဘိက္ခဝေ၊

ချစ်သားတို့။ အညတရညတရေန၊ တပါးပါးသော။ ဗျသနေန၊ ဆွေမျိုးပျက်စီးခြင်း, ဥစ္စာ ပစ္စည်း ပျက် စီး ခြင်း, အနာရောဂါ နှိပ်စက်၍ ပျက်စီးခြင်း, ကိုယ်ကျင့်တရား ပျက်စီးခြင်း, အယူအစွဲ ပျက်စီးခြင်းဟူသော ပျက်စီးမှုနှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော သူ၏ရင်း။ အညတရညာတရေန၊ တပါးပါးသော။ ဒုက္ခဓမ္မေန၊ ဆင်းရဲကြောင်းတရားနှင့်။ ဖုဋ္ဌဿ၊ တွေ့ထိ နှိပ်စက် အပ်သော သူ၏ရင်း။ ယောအာယာသော၊ အကြင်ပူလောင်ပင်ပန်းခြင်းသည်။ ယောဥပါယာသော၊ အကြင်ပြင်းစွာပူလောင်ပင်ပန်းခြင်းသည်။ ယံအာယာသိတတ္တံ၊ အကြင် ပူလောင်ပင်ပန်းသည်၏အဖြစ်သည်။ ယံဥပါယာသိတတ္တံ၊ အကြင် ပြင်းစွာ ပူလောင် ပင်ပန်းသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော သဘောကို။ ဥပါယာသော၊ ပြင်းစွာပူလောင်ပင်ပန်းခြင်း ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ အပ္ပိယေဟိ၊ မချစ်မနှစ်သက်အပ်ကုန်သော အာရုံ, သတ္တဝါ, သင်္ခါရတို့နှင့်။ သမ္ပယောဂေါ၊ တွေ့ဆုံပေါင်းသင်းဆက်ဆံရခြင်းကြောင့်ဖြစ်သော။ ဒုက္ခော၊ ဆင်းရဲခြင်းသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။ ဣဓ၊ ဤလောက၌။ ယေရူပါ-သဒ္ဒါ, ဂန္ဓာ, ရသာ, ဖောဋ္ဌဗ္ဗာ, ဓမ္မာ၊ အကြင် အဆင်း, အသံ,အနံ့,အရသာ,အတွေ့,အသိအာရုံတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုအာရုံ ၆-ပါးတို့သည်။ အဿ၊ အာရုံကိုခံစားသောထိုသူ၏။ အနိဋ္ဌာ၊ အလိုမရှိအပ်သော။ အကန္တာ၊ မနှစ်သက် အပ်သော။ အမနာပါ၊ နှလုံးကိုမပွားစေတတ်သော အာရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ယေဝါပန၊ အကြင်သတ္တဝါတို့သည်မူလည်း။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုသတ္တဝါတို့သည်။ အဿ၊ ထိုသူ၏။ အနတ္ထကာမော၊ အကျိုးမဲ့ကိုအလိုရှိကုန်သည်။ အဟိတကာမာ၊ အစီးအပွားမဲ့ကို အလိုရှိထုန်သည်။ အဖာသုကကာမာ၊ မချမ်းသာခြင်းကို အလိုရှိကုန် သည်။ အယောဂက္ခေမကာမာ၊ ဘေးမကင်းခြင်းကို အလို ရှိကုန် သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေဟိ၊ ထိုမချစ်အပ်ကုန်သော အာရုံသတ္တဝါ

www.dhammaransi.com

တို့နှင့်။ သဒ္ဓိံ၊အတူတကွ။ ယာသင်္ဂတိ၊ အကြင်ပေါင်းသင်းရခြင်း သည်။ ယောသမာဂမော၊ အကြင်ဆုံစည်းရခြင်းသည်။ ယံသမော ဓာနံ၊ အကြင် ပေါင်းဖော် ရခြင်းသည်။ ယော မိဿီ ဘာ ဝေါ၊ အကြင်ရောနှောခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသောသဘောကို။ အပ္ပိယေဟိသမ္ပယောဂေါ ဒုက္ခော၊ မချစ် မနှစ်သက် အပ်သော အာရုံသတ္တဝါ, သင်္ခါရတို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်း ဆင်းရဲဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ချစ်သားတို့။ ပိယေဟိ၊ချစ်ခင်နှစ်သက်အပ်ကုန်သော အာရုံ, သတ္တဝါ,သင်္ခါရတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွဲကွာ ကွေကွင်း ခြင်းကြောင့်ဖြစ်သော။ဒုက္ခော၊ ဆင်းရဲသည်။ကတမောစ၊ အဘယ် နည်းဟူမူကား။ ဣဓ၊ဤလောက၌။ ယေ ရူပါ-သဒ္ဒါ-ဂန္ဓာ-ရသာ-ဖောဋ္ဌဗ္ဗာ-ဓမ္မာ၊ အ ကြင် အ ဆင်း, အသံ, အနံ့, အရသာ, အတွေ့ သဘော အာရုံတို့သည်။ သန္တိ၊ရှိကုန်၏။ တေ၊ ထိုအာရုံ ၆-ပါးတို့ သည်။ အဿ၊ ထိုအာရုံကို ခံစားသောသူ၏။ ဣဋ္ဌာ၊ အလိုရှိအပ် သော။ ကန္တာ၊နှစ်သက်အပ်သော။ မနာပါ၊ နှလုံးကိုပွားစေတတ် သော အာရုံတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

ယေဝါပန၊အကြင် သတ္တဝါတို့သည်မူလည်း။ သန္တိ၊ရှိကုန်၏။ တေ၊ထိုသတ္တဝါတို့သည်။ အဿ၊ထိုသူ၏။ အတ္ထကာမာ၊အကျိုးကို လိုလားကုန်သည်။ ဟိတကာမာ၊ အစီးအပွားကို အလိုရှိကုန်သည်။ ဖာသုကကာမာ၊ ချမ်းသာခြင်းကိုအလိုရှိကုန်သည်။ ယောဂက္ခေမ ကာမာ၊ဘေးကင်းခြင်းကို အလိုရှိကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ မာတာဝါ၊ အမိသည်သော်၎င်း။ ပိတာဝါ၊ အဖသည်သော်၎င်း၊ ဘာတာဝါ၊ ညီ, အကိုသည်သော်၎င်း။ ဘဂိနီဝါ၊ အမ, နှမသည် သော်၎င်း။မိတ္တာဝါ၊အဆွေခင်ပွန်းတို့သည်သော်၎င်း။အမစ္စာဝါ၊ အပေါင်း အဖော် တို့သည်သော်၎င်း။ ဉာတိသာလောဟိတာဝါ၊ ဆွေမျိုးသားချင်း တို့သည်သော်၎င်း။ဟောန္တိ၊ဖြစ်ကုန်၏။ တေဟိ၊ ထိုချစ်အပ်,နှစ်သက်အပ်သော အာရုံ,သတ္တဝါတို့နှင့်။သဒ္ဓိံ၊ အတူ တကွ။ ယာအသင်္ဂတိ၊ အကြင် မပေါင်းသင်းရခြင်းသည်။ ယော အသမာဂမော၊ အကြင်မဆုံစည်းရခြင်းသည်။ ယံအသမောဓာနံ၊

www.dhammaransi.com

အကြောင် မပေါင်း ဖော် ရခြင်း သည်။ ယော အမိဿိ ဘာဝေါ၊ အကြောင် မရောနှောရခြင်းသည်။အတ္ထိ၊ရှိ၏။ ဘိက္ခဝေ၊ချစ်သားတို့။ အယံ၊ ဤ ဆိုအပ်ခဲ့ပြီးသော သဘောကို။ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ချစ်အပ်,နှစ်သက်အပ်သော အာရုံ,သတ္တဝါ,သင်္ခါရတို့နှင့် ကွဲကွာကွေကွင်းရခြင်း ဆင်းရဲဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဘိက္ခဝေ၊ချစ်သားတို့။ယံပိစ္ဆံ၊အကြောင်တဏှာဖြင့်အလိုရှိပါလျက်။ နလဘတိ၊မရခဲ့။ တမ္ပိ၊ထိုမရခြင်းသည်။ဒုက္ခံ၊ဆင်းရဲသည်။ကတမဥ္စ၊ အဘယ်နည်း ဟူမူကား။ ဘိက္ခဝေ၊ ချစ်သားတို့။ ဇာတိဓမ္မာနံ၊ ရုပ်,နာမ်ဖြစ်ခြင်း သဘောရှိကုန်သော။သတ္တာနံ၊ သတ္တဝါတို့အား။ 'မယံ၊ငါတို့သည်။ ဇာတိဓမ္မာ၊ ရုပ်,နာမ်ဖြစ်ခြင်းသည်။နအဿာမ၊ မဖြစ်ပါမူကား။ အဟောဝတ၊ ဩော်-ကောင်းလေစွ။ ဇာတိစ၊ ရုပ်,နာမ် ဖြစ်ခြင်း သဘောသည်လည်း။ နော၊ ငါတို့အထံသို့။ န အာဂစ္ဆေယျ၊မလာမကပ်ပါမူကား။အဟောဝတ၊ ဩော်-ကောင်း လေစွ'။ ဣတိဧဝံ၊ဤသို့။ဣစ္ဆာ၊အလိုရှိခြင်းသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ပန၊ ထိုသို့ပင်တောင့်တပါသော်လည်း။ ဧတံ၊ ဤရုပ်,နာမ်အသစ် မဖြစ်ခြင်းကို။ဣစ္ဆာယ၊လိုလားတောင့်တနေရုံမျှဖြင့်။ နခေါ ပတ္တဗ္ဗံ၊ မရောက်နိုင် မရနိုင်သည်သာတည်း။ ဣဒမ္ပိ၊ ဤဆိုအပ်ခဲ့ ပြီးသော သဘောသည်လည်း။ ယံပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ၊အကြောင် တဏှာဖြင့် လိုချင် ပါသော်လည်း မရ၊ ထိုမရ နိုင် သည်ကို လိုချင်ခြင်း သည် ဆင်းရဲမည်၏။

ဘိက္ခဝေ၊ချစ်သားတို့။ ဇရာဓမ္မာနံ၊ အိုခြင်းသဘော ရှိကြကုန် သော။ သတ္တာနံ၊သတ္တဝါတို့အား။ 'မယံ၊ ငါတို့သည်။ ဇရာဓမ္မာ၊ အိုမင်းခြင်း သဘောရှိ ကုန်သည်။ နအဿာမ၊ မဖြစ်ပါမူကား။ အဟောဝတ၊ ဩော်-ကောင်းလေစွ။ဇရာစ၊ အိုမင်းခြင်း သဘော သည်လည်း။ နော၊ငါတို့အထံသို့။ နအာဂစ္ဆေယျ၊ မလာမကပ်ပါ မူကား။ အဟောဝတ၊ ဩော်-ကောင်းလေစွ'။ ဣတိဧဝံ၊ ဤသို့။ ဣစ္ဆာ၊အလိုရှိခြင်းသည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ပန၊ထိုသို့ပင်တောင့်တပါ သော်လည်း။ဧဝံ၊ဤမအိုခြင်းကို။ ဣစ္ဆာယ၊လိုလားတောင့်တနေရုံ မျှဖြင့်။ နခေါပတ္တဗ္ဗံ၊မရနိုင် မရောက်နိုင်သည်သာတည်း။ ဣဒမ္ပိ၊ဤ

www.dhammaransi.com

ဆိုအပ်ခဲ့ပြီးသော သဘောသည်လည်း။ ယံပိစ္ဆံ န လဘတိ တမ္ပိဒုက္ခံ၊ အကြင်တဏှာဖြင့် လိုချင်ပါသော်လည်းမရ၊ ထိုမရနိုင် သည်ကို လိုချင်ခြင်းသည် ဆင်းရဲမည်၏။

ဘိက္ခဝေ၊ချစ်သားတို့။ဗျာဓိဓမ္မာနံ၊ အနာနှိပ်စက်ခြင်းသဘော ရှိကုန်သော။ သတ္တာနံ၊သတ္တဝါတို့အား။ 'မယံ၊ငါတို့သည်။ဗျာဓိဓမ္မာ၊ အနာနှိပ်စက်ခြင်း သဘောရှိသည်။ နအဿာမ၊ မဖြစ်ပါမူကား။အဟောဝတ၊ဩော်-ကောင်းလေစွ။ ဗျာဓိစ၊အနာနှိပ်စက်ခြင်းသည်လည်း။ နော၊ငါတို့၏အထံသို့။ နအာဂစ္ဆေယျ၊ မလာ မကပ်ပါမူကား။ အဟောဝတ၊ ဩော်-ကောင်းလေစွ'။ ဣတိဧဝံ၊ ဤသို့။ ဣစ္ဆာ၊အလိုရှိခြင်းသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ပန၊ ထိုသို့ပင် တောင့်တ ပါသော်လည်း။ ဧတံ၊ ဤအနာ မနှိပ်စက်ခြင်း ကို။ ဣစ္ဆာယ၊ လိုလားတောင့်တ နေရုံမျှဖြင့်။ နခေါပတ္တဗ္ဗံ၊ မရနိုင် မရောက်နိုင်သည် သာတည်း။ ဣဒမ္ပိ၊ဤဆိုအပ်ခဲ့ပြီးသော သဘော သည်လည်း။ ယံပိစ္ဆံ န လဘတိ တမ္ပိဒုက္ခံ၊အကြင်တဏှာဖြင့် လိုချင် ပါသော်လည်း မရ၊ ထိုမရနိုင်သည်ကို လိုချင်ခြင်းသည် ဆင်းရဲ မည်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ မရဏဓမ္မာနံ၊ သေခြင်းသဘောရှိကုန် သော။ သတ္တာနံ၊သတ္တဝါတို့အား။'မယံ၊ငါတို့သည်။ မရဏဓမ္မာ၊ သေခြင်းသဘောရှိကုန်သည်။ နအဿာမ၊မဖြစ်ပါမူကား။အဟော ဝတ၊ဩော်-ကောင်းလေစွ။ မရဏံစ၊ သေခြင်းသည်လည်း။ နော၊ ငါတို့၏အထံသို့၊ နအာဂစ္ဆေယျ၊ မလာမကပ်ပါမူကား။ အဟော ဝတ၊ ဩော်-ကောင်းလေစွ'။ ဣတိဧဝံ၊ဤသို့။ ဣစ္ဆာ၊ အလိုရှိခြင်း သည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ပန၊ထိုသို့ပင်တောင့်တပါသော်လည်း။ဧတံ၊ ဤမသေခြင်းကို။ ဣစ္ဆာယ၊ လိုလားတောင့်တနေရုံမျှဖြင့်။ နခေါ ပတ္တဗ္ဗံ၊ မရနိုင် မရောက်နိုင်သည်သာတည်း။ ဣဒမ္ပိ၊ ဤဆိုအပ်ခဲ့ပြီး သော သဘောသည်လည်း။ ယံပိစ္ဆံ န လဘတိ တမ္ပိဒုက္ခံ၊ အကြင် တဏှာဖြင့်လိုချင်ပါသော်လည်း မရ၊ ထိုမရနိုင်သည်ကို လိုချင်ခြင်း သည် ဆင်းရဲမည်၏။

www.dhammaransi.com

ဘိက္ခဝေ၊ ချစ်သားတို့။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသသ ဓမ္မာနံ၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးမြည်တမ်းခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်နှလုံး မချမ်းသာခြင်း, လွန်စွာ စိတ်ပင်ပန်းခြင်း သဘောရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ 'မယံ၊ ငါတို့သည်။သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသ ဓမ္မာ၊ စိုးရိမ်ပူဆွေးရခြင်း, ငိုကြွေးမြည်တမ်း ရခြင်း, ကိုယ်ဆင်းရဲရခြင်း, စိတ်နှလုံးမချမ်းသာခြင်း,လွန်စွာစိတ်ပင်ပန်းခြင်း သဘောရှိကုန်သည်။ နအဿာမ၊ မဖြစ်ပါမူကား။ အဟောဝတ၊ဩော်-ကောင်းလေစွ။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာစ၊စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးမြည်တမ်းခြင်း,ကိုယ်ဆင်းရဲခြင်း, စိတ်နှလုံးမချမ်းသာခြင်း, လွန်စွာ စိတ်ပင်ပန်းခြင်း တို့သည်လည်း။ နော၊ ငါတို့၏အထံသို့။ နအာဂစ္ဆေယျုံ၊ မလာမကပ်ပါမူကား။ အဟောဝတ၊ ဩော်-ကောင်းလေစွ'။ဣတိဝေံ၊ဤသို့။ ဣစ္ဆာ၊အလိုရှိခြင်းသည်။ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ပန,ထိုသို့ပင်တောင့်တ ပါသော်လည်း။တံ၊ ဤမစိုးရိမ် မပူဆွေးရခြင်း,မငိုကြွေးမမြည်တမ်းရခြင်း, ကိုယ်ဆင်းရဲ မဖြစ်ရခြင်း, စိတ်နှလုံး မချမ်းသာ မရှိခြင်း, လွန်စွာ စိတ်ပင်ပန်း မရှိ ခြင်းကို။ ဣစ္ဆာယ၊ လိုလားတောင့်တ နေရုံမျှဖြင့်။ နခေါပနေတံ ပတ္တဗ္ဗံ၊ မရနိုင်မရောက်နိုင်သည် သာတည်း။ ဣဒမ္ပိ၊ဤဆိုအပ်ခဲ့ပြီးသော သဘောသည်လည်း။ယံပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ၊အကြင်တဏှာဖြင့်လိုချင်ပါသော်လည်းမရ၊ ထိုမရနိုင်သည်ကို လိုချင်ခြင်းသည် ဆင်းရဲမည်၏။

ဘိက္ခဝေ၊ချစ်သားတို့။ သံခိတ္တေန၊အကျဉ်းအားဖြင့်။ပဉ္စုပါဒါနက္ခန္ဓာ၊ အစွဲအလမ်း၏အာရုံဖြစ်သော ငါးပါးကုန်သော ခန္ဓာဟုဆိုအပ်ကုန်သော။ဒုက္ခာ၊ ဆင်းရဲတို့သည်။ ကတမေစ၊ အဘယ်သည်တို့နည်း ဟူမူကား။ ဣဒံ၊ ဤငါးပါးကုန်သော ခန္ဓာတို့သည်။ သေယျထာဣဒံ၊ အဘယ်သည်တို့နည်း။ ရူပုပါဒါနက္ခန္ဓော၊ ဖောက်ပြန် တတ်သော အစွဲအလမ်း၏ ခန္ဓာ ရင်း။ ဝေဒနုပါဒါနက္ခန္ဓော၊ ခံစားတတ်သော အစွဲအလမ်း၏ ခန္ဓာရင်း။ သညုပါဒါနက္ခန္ဓော၊ မှတ်တတ်သော အစွဲအလမ်း၏ ခန္ဓာရင်း။ သင်္ခါရုပါဒါနက္ခန္ဓော၊ ပြုပြင်တတ်သော အစွဲအလမ်း၏ ခန္ဓာရင်း။ ဝိညာဏု

www.dhammaransi.com

ပါဒါနုက္ခန္ဓော၊ သိတတ်သော အစွဲအလမ်း၏ခန္ဓာဂုင်း။ ဣတိဣမေ၊ ဤသည်တို့တည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣမေ၊ဤငါးပါးသော တရားတို့ကို။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာ၊ ငါးပါးကုန်သော အစွဲအလမ်း၏အာရုံဖြစ်ကုန်သော။ ဒုက္ခာ၊ဆင်းရဲတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဒံ၊ ဤ ဇာတိအစ,ဉပါဒါနက္ခန္ဓာ အဆုံးရှိသောတရားအပေါင်းကို။ ဒုက္ခံ၊ ဆင်းရဲသော။ အရိယသစ္စံ၊ အရိယာတို့သိအပ်သောအမှန်တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဒုက္ခသစ္စာ အကျယ်ပြီး၏။

၂၄-အစိပ္ပာယ် ရှင်းချက်

မြတ်စွာဘုရားသည် ဓမ္မာနုပဿနာ ၅-ပိုင်းတို့ကို အစဉ်အတိုင်း ဟောတော်မူလာခဲ့ရာ ယခုအခါတွင် အပြီးသတ် ၅-ပိုင်းမြောက် သစ္စာပိုင်းကို ဟောတော် မူလိုရကား ပုနစပရံ - အစရှိသော သစ္စပဗ္ဗ ဒေသနာတော်ကို အားထုတ်၍ ပြတော်မူသည်။ မည်သည့် ပုဂ္ဂိုလ်, မည်သည့် ကထာ, မည်သည့် ဒေသနာမျိုး ဟောတော်မူစေကာမူ နောက်ဆုံးတွင် သစ္စာကို ပြတော်မူသည်။ မြတ်စွာဘုရားဟောတော်မူအပ်သော တရားတော်မှန်လျှင် သစ္စာလေးပါး မလွတ်ချေ။ အယုတ်ဆုံးအားဖြင့် ၄-ပါဒ ဂါထာ ဖြစ်စေကာမူ သစ္စာမလွတ်ပုံကို....

သစ္စဝိနိမုတ္တာ ဟိ ဘဂဝတော ဒေသနာ နတ္ထိ။

(နေတ္တိအဋ္ဌကထာ-၅၆)

မြတ်စွာဘုရား၏ တရားဒေသနာ သစ္စာ ၄-ပါးလွတ်သော မည်သည် မရှိဟု ဖော်ပြတော်မူကြသည်။ ဤမျှသာမကသေး၊ ထိုအဋ္ဌကထာ ၈၄ တွင်လည်း....

ဘဂဝတော ဝစနံ ဂေဂါထာမတ္တမ္ပိ သစ္စဝိမုတ္တံ နတ္ထိ။

ဟူ၍လာပြန်သည်။ 'မြတ်စွာဘုရား၏ တရားစကား ပြောဟောရာတွင် ဂါထာတပုဒ်မျှပင် ရွတ်စေကာမူ သစ္စာလေးပါး မလွတ်' ဟူ၍ ထောက်ပြတော်မူကြသည်။ အဘယ့်ကြောင့် သစ္စာကို ဒေသနာတော်တိုင်း ထည့်၍ ဟောတော်မူရသနည်းဟူသော အမေးမျိုးကို....

www.dhammaransi.com

သစ္စဝိမုတ္တော နိယျာနသော အဘာဝတော။

ဟူ၍ (မဇ္ဈိမပဏ္ဏာသဋီကာ-၁၉၇) က ဖြေကြားလိုက်ပေသည်။

အဓိပ္ပာယ်မှာ-'သစ္စာမပါဘဲလွတ်ခဲ့လျှင် ဝဋ်ဆင်းရဲမှထွက်မြောက်ခြင်းမဖြစ်ပါသောကြောင့်' ဟုဖြေသည်။

မှန်လှ၏။ ကျွတ်လွတ်ရန် ပါရမီရှိသူများအတွက် တာဝန်ယူထားသော မြတ်စွာဘုရားသည် ထိုသတ္တဝါဝေနေယျတို့၏ ကျွတ်လွတ်စေမှု သစ္စာကို ပြရချေမည်။ သို့အတွက် သစ္စာမပါလျှင် မည်သည့် သတ္တဝါမှ မကျွတ်မလွတ်လေသောကြောင့် ကျွတ်လွတ်စေရန် သစ္စာကိုဟောကြောင်း ကိုယ်တော်တိုင်ပင် ကျွတ်လွတ်မှုဆိုင်ရာတွင် သစ္စာမသိက မဖြစ်ပုံကို....

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝ
မိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

(သစ္စသံယုတ်ပါဠိတော် ကောဋိဂါမသုတ်-၃၇၇)

ချစ်သားတို့ - အရိယာတို့သည် သိအပ်သော (သစ္စာ) အမှန်တရားလေးပါးတို့ကို ဖြောင့်မှန်စွာ မသိခြင်း, ထိုးထိုးထွင်းထွင်း မသိခြင်းကြောင့် ငါဘုရားသည်၎င်း,သင်ချစ်သားသည်၎င်း, ဤမျှရှည်လျားလှစွာသော သံသရာကာလပတ်လုံး တပြောင်းပြန်ပြန်ပြေးသွားကျင်လည်ခဲ့ရလှလေပြီ။

ဟု ဟောတော်မူ ပုံကိုအကဲခပ်လျှင် 'သတ္တဝါတို့ သံသရာက ထွက်ကြသည်မှာ သစ္စာသိလို့'ဟု တိုက်ရိုက်အဖြေထွက်လာသည်။ သို့ကြောင့်-မြတ်စွာဘုရားသည် သစ္စာကိုအရေးတယူ ဟောတော်မူပုံကိုလည်း သဘောပေါက်လောက်ပေသည်။

ယင်းအချက်ကို ဗုဒ္ဓမတညူ အဋ္ဌကထာ ဆရာတို့ကလည်း သစ္စာသိစေရန် ထပ်ဆင့်တိုက်တွန်းကြသည့်အနက် အထူးခြားဆုံးမှာ....

ဧဝံ ယသ္မိံ သုတ္တေ စတ္တာရိ သစ္စာနိ သရူပတော န အာဂတာနိ၊ တတ္ထ ယထာရုတဝသေန၊ ယတ္ထ ပန သုတ္တေ စတ္တာရိ သစ္စာနိ သရူပတော န အာဂတာနိ၊ တတ္ထ အတ္ထတော စတ္တာရိ သစ္စာနိ ဥဒ္ဓရိတွာ တေသံ ဝသေန အဿာဒါဒယော နိဒ္ဒါရေတဗ္ဗာ၊ယတ္ထစ

www.dhammaransi.com

အဿာဒါဒယော သရူပတော အာဂတာ၊ တတ္ထ ဝတ္တဗ္ဗမေဝ နတ္ထိ၊ ယတ္ထ ပန နအာဂတာ၊တတ္ထ အတ္ထတော ဥဒ္ဓရိတွာ တေသံ ဝသေန စတ္တာရိ သစ္စာနိ နိဒ္ဒါရေတဗ္ဗာနိ။ (နေတ္တိအဋ္ဌကထာ-၅၆)

ဤသို့လျှင် အကြင်သုတ်၌ (သစ္စာ)အမှန်တရား လေး ပါးတို့ကို သရုပ်အားဖြင့် ဟောကြားပါရှိခဲ့သော် ထိုဟောကြားသည့်အတိုင်းယူရာ၏။ အကြင်သုတ်၌ သစ္စာလေးပါး အမှန်တရား တို့သည် သရုပ်သဘာဝအားဖြင့် မပါမရှိခဲ့သော် အနက်အဓိပ္ပာယ်တို့ကိုကြည့်၍ သစ္စာလေးပါးတို့ကို ထုတ်ဖော်ယူပြီးလျှင် ထိုသစ္စာလေးပါးတို့ကို သိရာသိကြောင်းဖြစ်သော 'သာယာဖွယ်, အပြစ်, ထွက်မြောက်ရာ' တို့ကို ထုတ်ဆောင်ယူရမည်။အကြင်သုတ်၌ အဿာဒစသော သစ္စာသိကြောင်းတရားတို့ သရုပ်သဘောနှင့်တကွလာရှိလျှင် ပြောဖွယ်ရာမလို၊ ထိုအတိုင်း ယူအပ်သိအပ်၏။ အကြင်သုတ်၌ကား အဿာဒ စသော သစ္စာ သိကြောင်းတရားတို့ မထုတ်ဖော်မပါရှိခဲ့လျှင် ထို အဿာဒ စသော အနက်အဓိပ္ပာယ်သဘောသရုပ်တို့ကို ထုတ်ဆောင်၍ ထို'သာယာဖွယ်,အပြစ်, ထွက်မြောက်ရာ'တို့၏ အစွမ်းအားဖြင့် သံသရာ ဝဋ်မှ ထွက်မြောက်စေတတ်သော သစ္စာလေးပါး အမှန်တရားတို့ကို ထုတ်ဖော်ယူအပ်ကုန်၏။

ဟု အဋ္ဌကထာဆရာ ညွှန်ကြားလေသည်။ ဤသည်ကား 'သစ္စာလေးပါး အမှန်တရားကို အမှန်အတိုင်း မသိကြသည့်အတွက် ထိုးထိုးထွင်းထွင်းမသိကြသည့်အတွက် မသိခဲ့သူငါသည်၎င်း၊ သင်ချစ်သားတို့သည်၎င်း ဤရွေ့ဤမျှ မရေမတွက်နိုင်သော ဒုက္ခသံသရာ ဘဝ များစွာမှ မထွက်မြောက်နိုင်ခဲ့ကြောင်း'ကို ဟောတော်မူသည်မှာမည်မျှအရေးကြီးကြောင်း သိမြင်တော်မူသော နေတ္တိအဋ္ဌကထာဆရာ အရှင်ဓမ္မပါလသည် 'သစ္စာတိုက်ရိုက်ဟောလျှင် ဟောသည့်အတိုင်းယူ၊ သစ္စာတိုက်ရိုက်မပါလျှင်ထုတ်ဆောင်ယူ'ဟု အသေအချာ တိုက်တွန်းထားသော အထက်ပါ စကားများကို ထောက်လျှင် 'သစ္စာသိမှုလုပ်ငန်းသည် မြတ်စွာဘုရား၏ အဓိကလုပ်ငန်းရပ်'ဟု သဘောပေါက်နိုင်လေသည်။ သို့အတွက် ဤမဟာသတိပဋ္ဌာန်သုတ်ဒေသနာတွင်လည်း သစ္စာကို လုပ်ငန်းတရပ် အနေနှင့် အဆုံးသတ်ဟောတော်မူလေသည်။

www.dhammaransi.com

ပါဠိတော်တွင် 'ချစ်သားတို့-သင် ချစ်သားတို့သည် သံသရာဝဋ်ကို ဘေးဟု,အပြစ်ဟု ကောန်းမြင်တတ်သဖြင့် ထိုသံသရာဘေးမှ လွတ်မြောက်ငြိမ်းအေးလိုလျှင် သဘောတရား အမှန်ဖြစ်သော တရားတို့ကို 'ဤကား ဆင်းရဲ ပေတည်း၊ဤကား ဆင်းရဲဖြစ်ကြောင်း ပေတည်း၊ဤကား ဆင်းရဲ ချုပ်ရာပေတည်း၊ဤကား ဆင်းရဲချုပ်ကြောင်း လမ်းကောင်းပေတည်း'ဟု အမှန်အကန် ဉာဏ်ဖြင့် သိအောင် ရှုနေကြရာ၏'ဟု အကျဉ်း (ဥဒ္ဒေသ) ဟောပြီးမှ အကျယ်တဝင့် အလုပ်ဖြစ်စေရန် (နိဒ္ဒေသ)ကို ဆက်၍ ဟောတော်မူသည်။

အကျဉ်း ဟောရာတွင် သရုပ်အားဖြင့် ၄-ပါး ဟောတော်မူ၍ ၎င်း ၄-ပါးတွင် တပါးစီ တပါးစီ သရုပ်ထုတ်၍ ရှင်းပြရာ၌....

ဤကား (ဒုက္ခ သစ္စာ)ဆင်းရဲအမှန် ဟူသည်ကား....

(ဇာတိပိ ဒုက္ခာ)ဘဝ အဖြစ်တခုဖြစ်ခြင်း,ရခြင်းသည်ဆင်းရဲအမှန်-

(ဇရာပိ ဒုက္ခာ)ရင့်ရော်ယိုယွင်း အိုမင်းရခြင်း သည်လည်း ဆင်းရဲ အမှန်-

(မရဏံပိ ဒုက္ခံ)စုတေပြတ်ကြွေသေရခြင်းသည်လည်း ဆင်းရဲအမှန်-

(သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာပိ ဒုက္ခာ)စိုးရိမ်ပူဆွေး ငိုကြွေး မြည်တမ်းခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်မချမ်းသာခြင်း, ပြင်းစွာပင်ပန်းခြင်းတို့သည်လည်း ဆင်းရဲအမှန်-

(အပ္ပိယေဟိ သမ္ပယောဂေါပိ ဒုက္ခော)မချစ်မနှစ်သက်အပ်သော အာရုံ,သတ္တဝါ,သင်္ခါရတို့နှင့် တွေ့ဆုံပေါင်းသင်း ဆက်ဆံရခြင်း သည်လည်း ဆင်းရဲအမှန်-

(ပိယေဟိ ဝိပ္ပယောဂေါပိ ဒုက္ခော) ချစ်ခင် နှစ်သက် အပ်သော အာရုံ, သတ္တဝါ, သင်္ခါရတို့နှင့် ကွဲကွာကွေကွင်း ရခြင်း သည်လည်း ဆင်းရဲအမှန်-

(ယံပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ) အကြင် အလိုရှိအပ်သော လိုချင်မှု, တောင့်တမှုသည် အလိုရှိသည်အတိုင်း မရ၊ထိုမရခြင်း သည်လည်း ဆင်းရဲအမှန်-

www.dhammaransi.com

(သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ)အကျဉ်းချုပ် အားဖြင့် အစွဲ အလမ်း၏အာရုံဖြစ်သော ဤခန္ဓာရခြင်းသည်လည်း ဆင်းရဲအမှန်-

ဟု (ဒုက္ခ သစ္စာ) ဆင်းရဲအမှန်တွင် အကျုံး ဝင်သော ၈-ချက် သရုပ်ကို ဖော်ထုတ်လျက် ဟောတော်မူသည် ထို ၈-ချက်တွင်...

ဇာတိပိ ဒုက္ခာ ဘဝများစွာ သံသရာဝယ် သူသူငါငါ၊ ခေါ်ရာပညတ် သမုတ်အပ်သည့် နာမ်,ရုပ် နှစ်ဖြာ ခန္ဓာငါးပါး ဤတရား တို့သည် ဘဝဟူသောအဖြစ် အဖန်ဖန်အထပ်ထပ် မရပ်မနား ဆီဆုံတွင် လှည့်သည့် နွားကဲ့သို့ တဖွားဖွား တသုတ်သုတ် တဖြုတ်ဖြုတ် တရှိန်ရှိန်နှင့် အသစ်အသစ် ချုပ်ပျက်လေတိုင်း မဆိုင်းလက်ငင်း ဖြစ်ပေါ်ခြင်းဟူသော ဇာတိသဘောသည် ဝဋ္ဋမူလသံသရာတွင် အခိုင်အမာ ဒုက္ခဖြစ်စေရန်ပန္နက် အဖြစ် စိုက်ထူလိုက်ရကား ထိုအဖြစ် ဟူသော ဇာတိသည် ဒုက္ခ စင်စစ် ဆင်းရဲဖြစ်၏'ဟု ဟောတော်မူသည်၊ ဤဒွ'ဇာတိ'ဟူသော ပါဠိဘာသာကို မြန်မာဘာသာဖြင့် ဟောအပ်သောအနက်တို့သည်....

နိကာယေ သန္ဓိသာမညာ-ပ္ပသူတိသု ကုလေ ဘဝေ။
ဝိသေသျေသုမနာယဋ္ဌ၊ဇာတိသခ်တလက္ခဏေ။

ဟူသော အဘိဓာန အနေကတ္ထဝဂ်လာ ဂါထာအမှတ် (၇၉၂) အရ....

ဇာတိ၊ဇာတိသဒ္ဒါသည်။ နိကာယေ၊အကျင့်တူသူတို့၏အပေါင်း၌ရင်း။ သန္ဓိသာမညပ္ပသူတိသု၊ပဋိသန္ဓေ,သာမန်သားဖွားခြင်းတို့၌ရင်း။ကုလေ၊ အမျိုး၌ရင်း။ ဝိသေသျေ၊ နွား၏အဖြစ် စသော ဝိသေသျဇာတ်၌ရင်း။ သုမနာယံ၊ မြတ်လေးပန်း၌ရင်း။ သခ်တလက္ခဏေ၊ သခ်တတရားတို့၏ လက္ခဏာဟူသော ဥပါဒ်ခဏ၌ရင်း။ ဘဝေ၊ဖြစ်၏။

ထိုသရုပ်သဘောနှင့်အလားတူ....

ဘဝေါ ကုလံ နိကာယောစ၊ သီလံ ပညတ္တိလက္ခဏံ။
ပသူတိသန္ဓိစေဝ ါတိ၊ ဇာတိအတ္ထာ ပဝေဒိတာ။

ဟူသော (ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၁၃၂။ မဟာနိဒ္ဒေသ ဠကထာ-၅၉) တို့ အရ အားဖြင့်ရင်း ဇာတိ ဟောနိုင်သော အနက် တို့ကို ဖော်ပြ သော်လည်း....

www.dhammaransi.com

သွာယမိဓ ဂဗ္ဘသေယျကာနံ ပဋိသန္ဓိတော ပဋ္ဌာယ။ လ။ တေသံ တေသံ ပဌမ ပါတုဘာဝေါ ဇာတိနာမ။

ဟူသော (ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ- ၁၂၉)အရ....

ဤဇာတိသဒ္ဒါသည် ဤသစ္စနိဒ္ဒေသ၌ အမိဝမ်းလျှောင်ကိန်းဝပ်ရာရှိသော သတ္တဝါတို့၏ ပဋိသန္ဓေ တည်နေသည်မှ စ၍ မွေးဖွားသော ကာလတိုင်အောင် ဖြစ်ကုန်သော ခန္ဓာတို့၌ ဖြစ်သင့်၏၊ အဏ္ဍဇ ဇလာဗုဇမှ တပါးကုန်သော သံသေဒဇ,ဩပပါတိက တို့အား ပဋိသန္ဓေခန္ဓာတို့၌ သာလျှင် ဖြစ်သင့်၏ဟူ၍ မှတ်အပ်၏။ 'ဤပဋိသန္ဓေ ခန္ဓာတို့၌သာလျှင်' ဟု ဆိုသောစကားသည်လည်း ပရိယာယ်စကားသာလျှင် ဖြစ်၏။မှချ အမှန်ဆိုရလျှင်ကား ထိုထိုဘဝ၌ဖြစ်ကုန်သော သတ္တဝါတို့အား အကြင် အကြင် ဓာတုဝေါကာရစသော ခန္ဓာတို့၏ လက်မှန်အစ ပဌမဖြစ်ခြင်းသည် 'ဇာတိ'မည်၏။

ဟု ဖွင့်ပြလေသည်။

ပရမတ္ထဓမ္မဖြစ်သော 'ရုပ်-နာမ်'ဟူသည့် သဘောတရားတို့ဖြစ်ခြင်း, ရခြင်းသည် ဇာတိ၏ ဖြစ်ခြင်း, ရခြင်းဖြစ်သောကြောင့် စင်စစ် အားဖြင့် ရုပ်,နာမ်တို့၏ သဘောတရား ဖြစ်လာသည်ကစ၍ ဇာတိဟူ၍ ခေါ်ဆိုကြောင်း၊ ထိုဇာတိစ၍ ဖြစ်လျှင် 'ဒုက္ခ, ဝင်လာပြီ'ဟု ဘုရား ဟောသည်၊ အားလုံးသော လောကဒုက္ခမျိုးစုံ ရင်ဆိုင်ကိုယ်တွေ့ကြုံဖို့ ဇာတိက ဖြစ်ပေး ရသည်၊ဇာတိဖြစ်လာပုံကို ကြည့်ပါ၊ပါဠိတော်၌....

(ဇာတိ)	-ရှေးဦးစွာ ဖြစ်ခြင်း၊
(သဉ္ဇာတိ)	-ပြည့်စုံစွာ ဖြစ်ခြင်း၊
(ဩက္ကန္တိ)	-အမိဝမ်းတွင်းဝင်သကဲ့သို့ဖြစ်ခြင်း၊
(အဘိနိဗ္ဗတ္တိ)	-ဘဝအသစ်၌ကိုယ်ကောင်ထင်ရှား ဖြစ်ခြင်း၊
(ခန္ဓာနံ ပါတုဘာဝေါ)	-ခန္ဓာတပါး, ခန္ဓာလေးပါး, ခန္ဓာ ငါးပါးတို့ ထင်ရှားဖြစ်ခြင်း၊
(အာယတနာနံ ပဋိလာဘော)	-မျက်စိအကြည်စသောအာယတန တို့ တဖန်ရခြင်း။

www.dhammaransi.com

စသည်ဖြင့် ဇာတိပုဒ်ကို အသေးအချာ ဟောတော်မူသည်၊ ဇာတိ၏ အဖြစ်သည် ဆင်းရဲလှသော သဘောပေတည်း။

ပဋိသန္ဓေ အနေ ဆင်းရဲ

ထိုဇာတိသည် အဘယ့်ကြောင့် (ဒုက္ခ)ဆင်းရဲမည်သနည်း ဆိုသော်၊ များစွာ ကုန်သော ဆင်းရဲတို့၏တည်ရာ အဖြစ်ကြောင့် ဆင်းရဲမည်၏၊ ထို(ဇာတိ)အဖြစ် ရသည့်ရှိသော် ရင့်ခြင်း, အိုခြင်း, နာခြင်း, သေခြင်း လောကတွင် ရှိသမျှ ဆင်းရဲတို့သည် ထိုဇာတိအဖြစ်ရှိသော သတ္တဝါအား သာလျှင် တွေ့ရ၏၊ ကြုံရ၏၊ ဆုံရ၏၊ ခံစားရ၏၊ ဇာတိပဋိသန္ဓေ နေရသည် မှာလည်း ချမ်းသာသည် မဟုတ်၊ အလွန်ကြောက်လန့်ဖွယ်ရာကောင်းကြောင်းကို(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁၃၀။ သမ္မောဟဝိနောဒနီအဋ္ဌကထာ-၉၀)တို့၌ လာသောအတိုင်း ပြန်ဆိုဖော်ပြရသော်....

လူ့ဘဝ ဇာတိ ရလာ သော သတ္တဝါသည် အမိဝမ်း၌ ဖြစ်သည်ရှိသော် ကြာဖူး,ကြာနီ,ကြာပုဏ္ဍရိက်စသော ကြာတိုက်တွင်းမှာ ဖြစ်လာနေလာရသည်မဟုတ်။ တကယ်စင်စစ် အဟုတ်အမှန်ကား- အစာသစ်အိမ်၏အောက် အစာဟောင်းအိမ်၏ အထက်အဖို့ဖြစ်သော ဝမ်းလွှာကျောက်ဆူးရိုးတို့၏ အလယ်ဖြစ်သော အလွန်ကျဉ်းမြောင်းစွာ သော အလွန်တူထပ်သည့် အမိုက်မှောင်တိုက် ဖြစ်သော သည်းခြေ, သလိပ်, ပြည်, သွေး, အစာသစ်, အစာဟောင်းစသော အထူးထူးသော အပုပ်တို့၏ မကောင်းသော အနံ့တို့ဖြင့် ကြာမြင့်စွာ ထုံအပ်သော လွန်စွာ မကောင်း သော အနံ့ ရှိသော ဝမ်း,လေ တို့၏ သွားလာရာ ဖြစ်သော ကာလကြာမြင့်စွာသုံးထားသော ရေအိမ်(အိမ်သာ)ပမာ လွန်မင်းစွာ စက်ဆုပ်ဖွယ်ရှိသော အမိ၏ ဝမ်းခေါင်း အရပ်၌ ငါးပုပ်,မုယောမှုံ့ပုပ်, ထမင်းပုပ်, ဟင်းပုပ်, ငါးပိပုပ်, အပုပ်ပြည့်လှိုင် တံစီးအိုင် စသည်တို့၌ ပိုးလောက်ဖြစ်သကဲ့သို့ ဖြစ်၏။

ထိုအမိဝမ်းဟိုက်၌ (ဇာတိ) ဖြစ် လာ သော သူငယ်သည် ဆယ်လတိုင်တိုင် အမိဝမ်း၌ဖြစ်သော တောဇောမာတ် ငွေ့ဖြင့် ချက်ပြုတ်အပ်သော ဟင်းအပေါင်းတို့ အတူ ကဲ့သို့ ကျက် သည် ဖြစ်၍ ပေါင်းတင်အပ်သော မှုန်ညက်ကို,မှုန်ညက်ခဲ့ရာ ပေါင်းတင် ထားသကဲ့သို့ဖြစ်၍ ကွေးခြင်း, ဆန့်ခြင်း စသည်မှ ကင်း၍ အလွန် ပြင်း ထန် သော ဆင်းရဲကို

www.dhammaransi.com

ခံရရှာ၏။ ဤဆိုခဲ့ပြီးသောဆင်းရဲ(ဒုက္ခ)သည် ရှေးဦးစွာ အမိဝမ်းသို့ သက်ဝင်သဖြင့် ထိုဇာတိလျှင် အရင်းရှိသော ဆင်းရဲပေတည်း။

ထိုအမိဝမ်း၌ ဖြစ်ရှိကိန်းဝပ်သော သတ္တဝါသည် အမိ၏ အလျင် အမြန်ချော်လဲခြင်း, ကမန်းကတန်း, ကတိုက်ကရိုက်သွားခြင်း, ထိုင်ခြင်း, ထခြင်း, လူးသည်းပြန်လှန်ခြင်း စသည်တို့၌ အရက်သမား၏ လက်တွင်း သို့ရောက်သော ဆိတ်သူငယ်ကဲ့သို့၎င်း၊ အလမ္ပာယ်လက်သို့ရောက်သော မြွေငယ်ကဲ့သို့၎င်း၊ ရှေ့ရှုဆွဲငင်ခြင်း, ထက်ဝန်းကျင်အဖို့အားဖြင့် ဆွဲငင် ခြင်း, အောက်သို့ခါခြင်း, ဒေါက်ခါခြင်း စသည်နှင့်တူသော ပယောဂ ဖြင့် အလွန်ပြင်းထန်သော ဆင်းရဲခြင်းကို ခံစားရပေ၏။

အမိ၏ အလွန်အေးမြလှသော ရေကို သောက်သောအခါ၌ အလွန် အေးသော လောကန္တရိက်ငရဲ၌ ဖြစ်သကဲ့သို့၎င်း၊ ယာဂုပူ, ထမင်းပူ, စသည်ကို မျိုသောအခါ၌ မီးကျီးမိုးဖြင့် ရွာသကဲ့သို့ အငန်, အချဉ်, အစပ် စသော အစာကို စားမျိုသောအခါ၌ ပဲကပ်ဖြင့်ရွေ၍အငန်ရေ ပက်ဖျန်းခြင်းစသောကံကြမ္မာသို့ရောက်သကဲ့သို့ အလွန်ထက်မြက်သော ဆင်းရဲကိုလည်း ခံစားရရှာ၏။ ဤဆိုခဲ့ပြီးသောဆင်းရဲသည် ကိုယ်ဝန် ဆောင်ခြင်း အရင်းရှိသော [illegible]ဒုက္ခတည်း။

ထိုသူငယ်အား အစြောင့်အမှန်မသွား၊ လမ်းမှားသော ကိုယ်ဝန် ရှိသောမိခင်၏ အဆွေခင်ပွန်း, ကိစ္စကြီးငယ်၌ အတတ်တကူ ပြုဖက်ဖြစ် သောသူ, နှလုံး အကျွမ်းဝင်သော သူ စသည်တို့ပင် လျှင် ကြည့်ရှု၍ မကောင်းသော ဆင်းရဲဖြစ်ရာ[illegible] ဖြတ်ခြင်း, ခွဲခြင်း စသည်တို့ဖြင့် ဆင်းရဲသည်ဖြစ်၏။ ဤဆိုအပ်ခဲ့ပြီးသော ဒုက္ခသည် ကိုယ်ဝန်ပျက်ခြင်း လျှင် အရင်းရှိသော ဆင်းရဲသည်။ ထိုဆင်းရဲသည် ပဋိသန္ဓေ(ဇာတိ) ဖြစ်သူ ခံရချက်တည်း။

သားဖွားသောအမိ၏ [illegible]ဖြစ်သော (ကမ္မဇ) လေတို့သည် ထိုကိုယ်ဝန်သားငယ်ကို ဦးခေါင်း[illegible], ခြေမိုး မျှော်အားဖြင့် ပြန်လှန်၍ နရက်ချောက်တွင်းကျသောကဲ့သို့ အလွန် ကြောက်မက်ဖွယ် ရှိသော အမိ၏ယောနိဝသို့ [illegible]၍ အလွန်ကျဉ်းမြောင်း သော အမိ၏ယောနိဝဖြင့် [illegible]သော သူငယ်အား ကြီးစွာ

www.dhammaransi.com

သော ဆင်းရဲသည်ဖြစ်၏။ ဥပမာကား- အလွန် ကျဉ်း စွာ သော သံကောက်ပေါက်ဖြင့် ငင်ထုတ်အပ်သောဆင်ပြောင်ကြီးအား ဆင်းရဲခြင်း ဖြစ်သကဲ့သို့ရင်း၊ တောင်ကြီးတို့ဖြင့် ကြိတ်သောကြောင့် မှုန့်မှုန့်ညက်ညက်ကြေသော ငရဲသားသတ္တဝါအား အလွန်ဆင်းရဲခြင်း ဖြစ်သကဲ့သို့ရင်း၊ ဤ ဆိုခဲ့ပြီးသောဆင်းရဲသည် မွေးဖွားခြင်းလျှင် အရင်းရှိသော ဇာတိဒုက္ခတည်း။

မွေးဖွားကာစဖြစ်၍ အသားနုတက်ကာစ အနာနှင့်တူသော အလွန် သိမ်မွေ့ နူးညံ့သော ကိုယ်ရှိသော သူငယ်ကို လက်ဖြင့် ကိုင်တွယ် ခြင်း, ရေချိုးခြင်း, လက်,ခြေစသည်ကို ဆေးကြောခြင်း, အညစ်အကြေးကို အနှီးဖြင့်သုတ်ခြင်း စသောကာလ၌ အပ်ဖျား, သင်တုန်း သွား တို့ဖြင့် ထိုးဆွ, ခွဲမွမ်းသည်နှင့် တူသော ဆင်းရဲသည်ဖြစ်၏။ ဤဆိုခဲ့ပြီးသော ဆင်းရဲသည် အမိဝမ်းမှ မွေး ဖွား ခြင်း လျှင် အရင်း ရှိသော ဇာတိ ဒုက္ခတည်း။

ထိုမွေးဖွားပြီးမှနောက် ဇာတိပဋိသန္ဓေနေလာသောသတ္တဝါဖြစ်၍ ကြီးပြင်းလာသောအခါ လောက၌ဖြစ်ရှိသမျှသော ကြုံရမည့်,ဆုံရမည့် လောကဆင်းရဲတို့က ဇာတိရလာသော သတ္တဝါအား လက်လှမ်း၍ ကြိုဆို၏။ ဤနည်းဖြင့် 'ဇာတိ' ဟူသော အဖြစ်သည် အလုံး စုံ သော (ဒုက္ခ)ဆင်းရဲမှန်သမျှ၏ အကြောင်းရင်းသာဖြစ်၏။ ထို့ကြောင့်....

ဇာယေထ နော စေ နရကေသု သတ္တော၊
ဒုက္ခာတိ သဗ္ဗပဌမံ ဣမမာဟ ဇာတိံ။

အဆုံးရှိသော ၆-၇ ဂါထာတို့ကို ဟောလေသည်။

မြန်မာအဓိပ္ပာယ်ကား....

၁။ သတ္တဝါသည် ငရဲဘုံတို့၌အကယ်၍မဖြစ်ငြားအံ့။ ဤသို့မဖြစ်သည်ရှိသော် ထိုအပါယ်ငရဲ၌ ငရဲမီးလောင်ခြင်း စသည် တို့ ကြောင့် ဖြစ်သော သည်းမခံနိုင်သောဒုက္ခသည် အဘယ်မှာဖြစ်နိုင်အံ့နည်း။ ပဋိသန္ဓေနေခြင်း (ဇာတိ)နှင့်ကင်း၍ ထိုဆင်းရဲ၏ တည်ရာသည် မရှိ။ ထို့ကြောင့် ဤလောက၌ ဘုရား ရှင်တော် ဘုရား သည် ပဋိသန္ဓေနေခြင်း, ဇာတိရခြင်းကို ဆင်း ရဲ ခြင်း ၏ အကြောင်းရင်း ဆင်းရဲခြင်း၏တည်ရာဟူ၍ ဟောတော် မူလေသည်။

www.dhammaransi.com

၂။ တိရစ္ဆာန်ဘုံ၌ ကြိမ်လုံးနှင်တံတုတ်တို့ဖြင့် ပုတ်ခတ်ခြင်း, ရိုက်နှက်ခြင်းစသည်တို့ကြောင့် ဖြစ်သော များစွာသော ဒုက္ခသည် ရှိ၏။ ထိုတိရစ္ဆာန်ဘုံ၌ ပဋိသန္ဓေနေခြင်း ဇာတိကိုကြောင့်၍ ထိုဒုက္ခသည် အဘယ်မှာ ဖြစ်လေတော့အံ့နည်း။ သို့ကြောင့်လည်း ပဋိသန္ဓေနေခြင်း, ဇာတိဖြစ်ရခြင်းကို ဆင်းရဲခြင်းဟူ၍ ဟောတော်မူသည်။

၃။ ပြိတ္တာဘုံ၌ အစာမွတ်ခြင်း၊ ရေဆာလောင်ခြင်း၊ လေ, နေပူစသည်တို့ကြောင့်ဖြစ်သော များစွာသောဒုက္ခသည်ရှိ၏။ ၎င်းပြင် အထူးထူးအထွေထွေဆန်းကြယ်၍ အံ့ဘွယ်သရဲဖြစ်သော ဆင်းရဲခြင်းသည် ထိုပြိတ္တာဘုံ၌ ပဋိသန္ဓေ ဇာတိ မဖြစ်သော သတ္တဝါအား မရှိသည်သာတည်း။ သို့ကြောင့်လည်း မြတ်စွာဘုရားသည် ပဋိသန္ဓေဇာတိရခြင်းကို ဆင်းရဲခြင်းဟူ၍ ဟောတော်မူသည်။

၄။ လ, နေ, ပတ္တမြားရောင်၊ မီးရောင်(စသော) အရောင်မရှိခြင်းကြောင့် အသွန်ထူထပ်သောအမိုက်မှောင် အတိဖြစ်သော သည်းမခံနိုင်အောင် ကြောက်စရာချမ်းအေးလှစွာသော လောကန္တရိက်၌၎င်း၊ အသုရကာယ်တို့၌၎င်း အမျိုးမျိုးသော ဆင်းရဲဒုက္ခသည်ရှိ၏။ ထိုလောကန္တရိက် အသုရကာယ်ဘုံတို့၌ အကာယ်၍ပဋိသန္ဓေဇာတိ မဖြစ်အံ့၊ ထိုဒုက္ခသည်မဖြစ်ရာ၊ သို့ကြောင့်လည်း ဤဇာတိသည် ဒုက္ခမည်၏။

၅။ ဘင်ပုပ်ရေ၌ ကြာမြင့်စွာနေရသကဲ့သို့ အမိဝမ်းတိုက်၌ ကြာမြင့်စွာ နေရသည်လည်းဖြစ်သော ထိုအမိဝမ်းတိုက်မှပြင်ပသို့ထွက်ရသည်လည်းဖြစ်သော သတ္တဝါသည် အလွန်ပြင်းပြ ကြမ်းကြုတ်သော ဆင်းရဲခြင်းသို့လည်းရောက်၏၊ ဤဒုက္ခသည်လည်း ဇာတိကိုကင်း၍ မဖြစ်၊ ထို့ကြောင့်လည်း ဤဇာတိသည် ဒုက္ခမည်၏။

၆။ စကားများစွာ အကျယ်အပွားကို ဆိုနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဤလောကဝယ် အမှတ်မရှိသော အရပ်၌ ရှိရှိသမျှ အလုံးစုံသော ဆင်းရဲအပေါင်းသည်သည်း ပဋိသန္ဓေ နေခြင်းကင်းလတ်သော် တရံတဆစ်မျှ တစုံတရာမရှိရာသည်မဟုတ်လော၊ ထို့ကြောင့် မြတ်စွာဘုရားသည် အလုံးစုံသော(ဒုက္ခ)ဆင်းရဲတို့၏ ရှေးဦးစွာ ဤဇာတိကို(ဒုက္ခ)ဆင်းရဲဟူ၍ ဟောတော်မူပြီ။

www.dhammaransi.com

သမ္မသသုတ် အခါတပါး၌ မြတ်စွာဘုရားသည် ကမ္မာသဒမ္မအမည်ရှိသော ကုရုတိုင်း၏ ရွာကြီး၌ သီတင်းသုံး နေတော်မူစဉ် ရဟန်းအများတို့အား 'ချစ်သားတို့-သင်တို့သည် အတွင်း၌ သုံးသပ်ခြင်းအလုပ်ကို ပြုလုပ်ကြကုန်၏လော-ဟု မေးတော်မူသောအခါ ရဟန်းတပါးက 'တပည့်တော်သည် အတွင်းသုံးသပ်ခြင်းကို သုံးသပ်ပါ၏ဘုရား'ဟု လျှောက်သောအခါ မြတ်စွာဘုရားက 'ချစ်သားရဟန်း - သင်သည် အဘယ်သို့ အတွင်းသုံးသပ်သနည်း'ဟု မေးလေလျှင် ရဟန်းသည် 'ကေသာ-လောမာစသော ၃၂-ကောဋ္ဌာသကို သုံးသပ်ကြောင်း' လျှောက်ထားသောအခါ မြတ်စွာဘုရား သဘောကျ ကျေနပ်မှုမရသည်ကို သိသော အရှင်အာနန္ဒာက....

မြတ်စွာဘုရားသည် ထိုတရားတော်ကို ဟောအပ်သော အခါပါတည်း၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား-ထိုတရားတော်ကို ဟောအပ်သောအခါပါတည်း၊ မြတ်စွာဘုရား ဟောကြားတော် မူပါလျှင် သာဝကတို့သည် အတွင်းသုံးသပ်မှုကို ကြားနာကြပြီး ကောင်းစွာဆောင်ကြပါကုန်လတ္တံ့-ဟု လျှောက်၏။

ယင်းသို့ လျှောက်ထားသောအခါ မြတ်စွာဘုရားသည် 'ချစ်သားတို့ - ကောင်းစွာ နာကြကုန်'ဟု မိန့်တော်မူပြီးလျှင် တရားတော်ကို ဤသို့ ဟောကြားတော်မူလေသည်။

ချစ်သားတို့-အတွင်းသုံးသပ်သောရဟန်းသည် လောက၌အထူးထူး အပြားပြားအားဖြင့် များစွာသော အိုမှု,သေမှုဟူသော ဤဆင်းရဲသည် ဖြစ်၏၊ ယင်းဆင်းရဲသည် အဘယ်တရားလျှင် အကြောင်းရင်း ရှိသနည်း၊ အဘယ် တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း၊ အဘယ်တရားကြောင့် ဖြစ်သနည်း၊ အဘယ်တရားလျှင် အမွန်အစရှိသနည်း၊အဘယ်တရားရှိသော် ဇရာ-မရဏ ရှိသနည်း၊ အဘယ်တရားမရှိသော် ဇရာ-မရဏ မရှိသနည်း-ဟု အတွင်း၌သုံးသပ်ခြင်းကို ပြုအပ်၏။

ယင်းသို့ သုံးသပ်သောရဟန်းသည် အထူးထူးအပြားပြား အားဖြင့် များစွာသော အိုမှု,သေမှုဟူသော ဤဆင်းရဲသည် (ဇာတိဟူသော)ဥပဓိကြောင့် ဖြစ်၏၊ ဇာတိဟူသော ခန္ဓာဖြစ်မှုဥပဓိလျှင် အကြောင်းရင်းရှိ၏။ ဥပဓိလျှင် အမွန်အစ ဖြစ်၏၊ ခန္ဓာဇာတိဟူသော ဥပဓိရှိလျှင် ဇရာ,မရဏ (ဒုက္ခ)ရှိ၏။ ခန္ဓာဇာတိ ဟူသော ဥပဓိမရှိလျှင် ဇရာ,မရဏ (ဒုက္ခ) မရှိဟု

www.dhammaransi.com

သိ၏၊ ထိုရဟန်းသည် ဇရာ,မရဏ ဟူသော အိမ္မုဒုက္ခ, သေမှုဒုက္ခကိုလည်း သိသည်၊ ထိုအိမ္မုဒုက္ခ,သေမှုဒုက္ခတို့အကြောင်းကိုလည်း သိသည်၊ အိမ္မုဒုက္ခ, သေမှုဒုက္ခတို့၏ ချုပ်ရာကိုလည်း သိသည်၊ အိမ္မုဒုက္ခ,သေမှုဒုက္ခတို့၏ ချုပ်ရာသို့ ရောက်ခြင်းငှာ လျောက်ပတ်သော အကျင့်ကိုလည်း သိသည်၊ထိုသို့ သိသော အတိုင်းလည်း ကျင့်၏၊ တရားသို့ အစဉ်လိုက်၍ ကျင့်လေ့ရှိ၏၊ ရဟန်းတို့-ဤသို့ ကျင့်သော ပုဂ္ဂိုလ်ကို အိုခြင်း, သေခြင်းတို့ ချုပ်ခြင်းငှာ ဝင့်ဆင်းရဲကုန်ခြင်းငှာ ကောင်းစွာကျင့်သူဟုဆိုအပ်၏' ဟု မိန့်တော်မူသည်။

ဤ၌ ပဋိသန္ဓေ ဟူသော ဇာတိသည် သံသရာ၏ အရင်းအမြစ်, အမှန်အစဖြစ်သဖြင့် သံသရာဒုက္ခ,ခန္ဓာဒုက္ခဖြစ်ရာ ပေါက်ပွားရာ ဖြစ်သော ကြောင့် သစ္စာခန်းကို ဟောတော်မူရာတွင် အရင်းအကျဆုံး ထား၍ ဟောတော်မူသည်မှာ သံသရာဒုက္ခ ကြီးလေသမျှ သူအစပင်တည်း။

ဇရာပိ ဒုက္ခာ ဇာတိဟူသောအဖြစ် ရလာပြီးသော် ရရှိခဲ့သည့်ခန္ဓာငါးပါး ရုပ်နာမ်တရားသည် ထင်ထင်ရှားရှားသော်ရင်း,မထင်မရှား သော်ရင်း နှစ်ပါးသောအခြင်းအရာအားဖြင့် တခါနိ်ထက်တခါနိ် ပျက်ပြား ယိုယွင်း၍ ကိုယ်တွင်း ကိုယ်ပြင် တို့တွင် အဆင်း သဏ္ဌာန် တို့မှာ ယိုယွင်း ရင့်ရော် ခဏနေ၍မစဲ တလဲ့လဲ့တရက်ရက် ဟာလှပ်လှပ်တရွရွဖြင့် ရုပ်၏ဇရာ, နာမ်၏ဇရာဟု နှစ်ဖြာရင့်ကျက် ဖောက်ပြန်လျက်မှ သေဖက်ရောက်အောင် ပို့ဆောင် ဆက်သွင်း အိုခြင်း၏ လက်တွင်းသို့ သက်ဆင်း၍ နေရသော ဤရုပ်,နာမ်,ခန္ဓာသည် 'ဣန္ဒြိယာနံ ပရိပါကော' ဘုရားဟောအ,ရ ဒုက္ခ သစ္စာ ဆင်းရဲစွာသည် သူသာစင်စစ် ဖြစ်ချေ၏။

ရင့်ရော်အိုမင်းခြင်း ဇရာတရားဟူသည် ဘဝအဖြစ်တခုရလာသော ထိုထိုသတ္တဝါ အဖွဲ့အစည်းအစုအပေါင်းတွင်....

(ဇရာ)	-ရင့်ခြင်း၊
(ဇီရဏတာ)	-ရင့်ရော်ခြင်းအခြင်းအရာ၊
(ခဏ္ဍိစ္စံ)	-သွားကျိုးခြင်း၊
(ပါလိစ္စံ)	-ခေါင်းဖြူခြင်း၊
(ဝလိတ္တစတာ)	-အရေတွန့်ခြင်း-

www.dhammaransi.com

(အာယုနော သံဟာနိ) -ဇီဝိတိန္ဒြေ (အသက်)၏ ဆုတ်ယုတ်ခြင်း၊

(ဣန္ဒြိယာနံ ပရိပါကော) -မျက်စိ စသော ဣန္ဒြေတို့ ရင့်ခြင်း၊

စသည်အားဖြင့် ရင့်ရော်ယိုယွင်း အိုမင်းခြင်း၏သရုပ်ကို ဖော်ထုတ်ပြောကြားတော်မူသည်၊ ရင့်ကျက်စေတတ်သော ဇရာတရား နှိပ်စက်သည်ရှိသော်....

ဒဟရကာလေ၊ငယ်စဉ်အခါ၌။ ဒန္တာ၊သွားတို့သည်။သမသေတာ၊ အညီအမျှဖြူကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ ဒန္တာ၊ ထိုသွားတို့သည်။ ဝယေ၊အရွယ်သည်။ပရိပစ္စန္တေ၊ကြီးရင့်သည်ရှိသော်။အနုက္ကမေန၊အစဉ်အားဖြင့်။ ဝဏ္ဏဝိကာရံ၊ အဆင်း၏ ဖောက်ပြန်ခြင်းသို့။ အာပဇ္ဇိတွာ၊ ရောက်ကုန်၍။ တသ္မိံ ဌာနေ၊ထိုထိုအရပ်ဌာန၌။ ပတန္တိ၊ပြုတ်ကြကုန်၏။

ဟူသော မဟာဝဂ္ဂဋ္ဌကထာ လာသည့်အတိုင်းမွေးသည်မှ တဖြည်းဖြည်း ရင့်ကျက် ရင့်ကျက်နေသော ရုပ်,နာမ် တရားတို့၏ မခိုင်မမြဲသော ပြောင်းလဲမှုတို့ကို ပကတိမျက်စိဖြင့် အမှန်မြင်သည် မဟုတ်၊ရုပ်,နာမ်ပရမတ်သဘောတရားဟူသည် ပကတိမျက်စိဖြင့် မြင်ရသည် မဟုတ်၊ဉာဏ်နှင့်သာ သိရမည့် အလုပ်ဖြစ်သောကြောင့်....

န ဟိ ဇရာ စက္ခုဝိညေယျာ ဟောတိ။

(မဟာဝဂ္ဂဋ္ဌကထာ-၃၇)

ဇရာ၊ ရင့်ခြင်း သဘောကို။ စက္ခုဝိညေယျာ၊ မျက်စိဖြင့် သိနိုင်သည်။ နဟောတိ၊မဖြစ်၊ ဟူ၍ ဆိုသောကြောင့် ရုပ်တို့၏ရင့်မှု, နာမ်တို့၏ရင့်မှုကား မျက်စိဖြင့် မြင်ရသည် မဟုတ်၊ဉာဏ်ဖြင့် ကြည့်မှ ဉာဏ်ဖြင့်ရှုမှ သဘောတရား ပရမတ် တို့သည် သူ့ဟာသူ သူ့လမ်းကြောင်း သူသွားနေကြခြင်းသာဖြစ်သည်ကို ယုံကြည်စွာဉာဏ်နှင့်သိနေရသော သဘောတရားသာ ဖြစ်လေသည်။

ထိုရင့်ရော်ခြင်း, ယိုယွင်းခြင်း, အိုမင်းခြင်း, သွားကျိုးခြင်း, ဆံဖြူခြင်း,အရေတွန့်ခြင်း ကျန်ရှိတော့သည်၊ အသက်ဆုတ်ယုတ်လာခြင်း,မျက်စိစသော ဣန္ဒြေတို့ ရင့်ကျက်လာခြင်း စသော သဘောတို့သည် ခန္ဓာဇာတိရရှိလာသော သတ္တဝါအား ထိုခန္ဓာကိုယ်ကို ဖွဲ့စည်းတည်ထောင်လာသော ရုပ်တရား, နာမ်တရားတို့၏ ပရမတ္ထ သဒ်တလက္ခဏာ အားဖြင့် အတွင်းတွင်

www.dhammaransi.com

ပြောင်းလဲဖောက်ပြန်၍ ဖြစ်ပျက်, ဖြစ်ပျက် သဘောတို့၏ နှိပ်စက်ချက်ကြောင့်....

'ဥဒယဗ္ဗယပဋိပီဠိတတ္တာ ဒုက္ခာတိ ဒုက္ခလက္ခဏံ အာရောပေတိ' ဟူသော မူလပဏ္ဏာသဋ္ဌကထာတို့ မိန့်ဆိုတော်မူကြသောအတိုင်း ဖြစ်ခြင်း, ပျက်ခြင်းတို့သည် မပြတ်မလပ် အတွင်းကပ်၍ နှိပ်စက်ခံနေရသော သဘောကြောင့် ဒုက္ခ - ဟူသော ဆင်းရဲသည် အမှန်ပင် ဖြစ်လေသည်၊ ခန္ဓာကိုယ်အတွင်းတွင် မျက်စိဖြင့်မမြင်ရသော သင်္ခတပရမတ်သဘောတို့၏ မရပ်မစဲ အမြဲမပြတ် နှိပ်စက်အပ်၏ဟူသည် ပကတိမျက်စိဖြင့်မြင်ရသော အရာမဟုတ်ပဲ (သမ္မာဒိဋ္ဌိ)ပရမတ်အမှန်ကို အမှန်အတိုင်း မြင်တတ်သော ဉာဏ်မျက်စိ၏ အရာသာ ဖြစ်ပေသောကြောင့် ထိုရင့်ရော်ပြောင်းလဲ ဖြစ်ပျက်နေသော သဘောကို ဝိပဿနာရှုရလေသည်၊အပြင်ပကတိ မျက်စိနှင့် မြင်နေရသော 'သွားကျိုးခြင်း, ဆံပင်ဖြူခြင်း, အရေတွန့်ခြင်း, မျက်စိမှုန်ခြင်း စသည်တို့ကိုကား ပညတ်ဖြစ်၍ ဝိပဿနာမရှုရပေ။

ဇာတိသည်လည်း ၎င်းနည်း၊ ဇာတိနိဒ္ဒေသ၌ဟောသော အချက်အလက်တို့တွင်လည်း ဇာတိဟူသည် ပဋိသန္ဓေနေခြင်း သာမညအားဖြင့်သိနေလျှင် ဝိပဿနာရှု၍ မရပေ၊ မြတ်စွာဘုရားသည် 'ပညတ်-ပရမတ်' (တနည်း) 'သမ္မုတိကထာ-ပရမတ္ထကထာ' အားဖြင့် အတွဲလိုက် အစုံလိုက်ဟောသည်တွင်....

ဇာတိ,သဉ္ဇာတိ,ဩက္ကန္တိ,အဘိနိဗ္ဗတ္တိ-ဣတိအယံ စတုဗ္ဗိဓာပိ သမ္မုတိကထာနာမ။ (သုတ်မဟာဝါ အဋ္ဌကထာ-၃၈၆)

ဇာတိ၊ ရှေးဦးစွာဖြစ်ခြင်း။ သဉ္ဇာတိ၊ပြည့်စုံစွာဖြစ်ခြင်း။ ဩက္ကန္တိ၊ အမိဝမ်းတွင်းဝင်သကဲ့သို့ဖြစ်ခြင်း။ အဘိနိဗ္ဗတ္တိ၊ ဘဝအသစ်၌ ကိုယ်ကောင်ထင်ရှားဖြစ်ခြင်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓာပိ၊ လေးပါးအပြား ရှိသည်လည်း ဖြစ်သော။ အယံကထာ၊ ဤကထာသည်။ သမ္မုတိကထာနာမ၊ ပညတ်နှင့်ဟောသော သမ္မုတိကထာ မည်၏။

၎င်းပြင်....'အယံဘာဝ သမ္မုတိကထာ' ဟူ၍လည်း 'သမ္မောအဋ္ဌကထာ'က ထောက်ခံလိုက်သေး၏၊ ထိုလေးမျိုးတို့သည် သမ္မုတိကထာဟူသော ပညတ်ဟော ဖြစ်သောကြောင့် ပရမတ်ကို အာရုံမပြုနိုင်ရကား ဝိပဿနာရှု၍ မရပေ၊ဝိပဿနာရှုရသော ဇာတိကား....

www.dhammaransi.com

ခန္ဓာနံ ပါတုဘာဝေါတိ အယံ ပန ပရမတ္ထကထာ၊ ကေဝေါကာရ ဘဝါဒီသု ဧကစတု ပဉ္စဘေဒါနံ ခန္ဓာနံယေဝ ပါတုဘာဝေါ၊ န ပုဂ္ဂလဿ။ (သုတ်မဟာဝါအဋ္ဌကထာ-၃၇၆)

ခန္ဓာနံပါတုဘာဝေါတိ၊ ခန္ဓာနံပါတုဘာဝေါ အာယတနာနံ ပဋိလာဘော ဟူသော။ အယံကထာ၊ ဤကထာသည်။ ပရမတ္ထကထာ၊ ပရမတ် အာရုံဖြစ်၍ ဝိပဿနာရှုအပ်သော ပရမတ္ထကထာမည်၏၊ ဝါ-မဖောက် မပြန် ဟုတ်မှန်သော သဘောတရားကို ဆိုရာဆိုကြောင်း ဖြစ်သော စကားတည်း။ ဧကဝေါကာရ ဘဝါဒီသု၊ ဧကဝေါကာရဘဝ အစ ရှိသည်တို့၌။ ဧကစတု ပဉ္စဘေဒါနံ၊ တပါးသောအပြား၊ လေးပါးသော အပြား၊ ငါးပါးသောအပြား ရှိကုန်သော။ ခန္ဓာနံယေဝ၊ ခန္ဓာတို့၏ သာလျှင်။ ပါတုဘာဝေါ၊ ထင်ရှားဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၏။ ပါတုဘာဝေါ၊ ထင်ရှားဖြစ်ခြင်းသည်။ နအတ္ထိ၊ ရှိသည်မဟုတ်။

ခန္ဓာတပါး၊ ခန္ဓာလေးပါး၊ ခန္ဓာငါးပါး၊ အာယတန စသည်များ၏ ဖြစ်ခြင်းသည် ပရမတ် သဘော တရားသာ ဖြစ်၍ ပုဂ္ဂိုလ်၊ သတ္တဝါ စသော ပညတ်အာရုံမဟုတ်သောကြောင့် ဝိပဿနာ ရှုရသည်၊ ထိုအဆိုနည်းတူ....

ဣဓါနိ ပရမတ္ထကထာ ဟောတိ၊ ခန္ဓာဝေ ဟိ ပရမတ္ထတော ပါတုဘဝန္တိ၊ န သတ္တာ။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ-၁၀၀)

ခန္ဓာတပါး၊ လေးပါး၊ ငါးပါးသည်သာလျှင် ပရမတ်တို့ ထင်ရှား ဖြစ်ကြသည်။ သတ္တဝါ၊ ပုဂ္ဂိုလ်မဟုတ်လျှင် ဤစကားသည် ပရမတ္ထကထာ ဖြစ်သည်ဟု ဆိုသောကြောင့် ခန္ဓာငါးပါးဖြစ်ခြင်း ဇာတိ၊ အာယတန တဆယ့်နှစ်ပါးဖြစ်ခြင်း ဇာတိတို့ကိုသာ ပရမတ်အာရုံ ဖြစ်သောကြောင့် ဝိပဿနာရှုရသည်။ ဇာတိပဋိသန္ဓေဆိုတိုင်း ဝိပဿနာ ရှုကြရသည်မဟုတ်။

ဝင်းအတိုင်းပင် ဇရာနိဒ္ဒေသ၌လည်း ဆံဖြူ၊ သွားကျိုး၊ အသားအရေ တွန့်လိပ်သော အိုမင်းမှုမျိုးသည် ပကတိမျက်စိနှင့် မြင်နေရသော ပညတ် ဖြစ်၍ ပရမတ်အာရုံမဟုတ်ရကား ဝိပဿနာမရှုရပဲ ဖြစ်ခြင်း၊ ပျက်ခြင်းတို့ အတွင်းမှ မရပ်မစဲအမြဲမပြတ် နိုပ်စက်အပ်သော သဘောသည်သာ ပညတ် မဖက် သက်သက်သော ပရမတ်အာရုံ ဖြစ်ပေသော ကြောင့် ထိုအတွင်း

www.dhammaransi.com

သဘောတို့ တရွေ့ရွေ့ တရိပ်ရိပ် ရင့်လာ, ပျက်လာသည့် သဘောကိုသာ ဝိပဿနာရှုရကြောင်း သန္နိဋ္ဌာန်ကျ မှတ်အပ်လေသည်။

ဤသည်တို့သည် ဇာတိဖြစ်သော ရုပ်,နာမ်ခန္ဓာအား (ဒုက္ခသစ္စာ) ဆင်းရဲအမှန်ဖြစ်ကြောင်း အင်္ဂါအချက်အလက်များပင် ဖြစ်လေသည်။ မြတ်စွာဘုရားသည်....

ဇရာဓမ္မော မှိ၊ ဇရံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ဟု အဘိဏှသုတ်တွင် ဟောဖော်ထားသည်။

ဇရာဓမ္မော၊ ရင့် ရော် ယို ယွင်း အိုမင်းခြင်း သ ဘော သည်။ အမှိ၊မုချ မသွေ ငါ ဒြ်ဖြစ်ရချေ၏။ ဇရံ၊ ထို အိုခြင်း သဘော တ ရား ကို။ အနတီ တောတိ၊ ဘယ် နည်း နှင့် မျှ မလွန် မြောက် နိုင် ချေ ဟူ ၍။ အဘိဏှံ၊ နေ့,ရောညပါ ဘယ်ခါမပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ နဖူးလက်တင် ဆင်ခြင် သုံးသပ် အောက်မေ့အပ်၏။

မိမိကိုယ်ကို ဤသို့နှလုံးသွင်း ဆင်ခြင်နေခဲ့သော် 'သံဝေဂ'ဖြစ်လာမည်။ သံဝေဂဖြစ်၍ ထိတ်လန့်လာမှ ထိုအိုခြင်း တရားမှ လွတ်ချင်လာမည်။ လွတ်ချင်လာက လွတ်လမ်းရှာ၍ ထွက်မည်ဖြစ်ရကား ဤထွက်လမ်းသည် ပညတ်ဖက်က သံဝေဂ အခြေခံလာသော ဝေးသောအကြောင်း ဖြစ်လေသည်။

တိုက်ရိုက်အားဖြင့် နီးသောအကြောင်းကား အတွင်းရင့်မှုသဘော တရားပရမတ်ကို ပရမတ်အာရုံ ဖြစ်,ပျက်မြင်ပြီး ရှုနေက ပရမတ်အာရုံဖြစ်၍ နီးသောအကြောင်း ဖြစ်လေသည်။ သို့ဖြစ်၍ ထိုထို ရုပ်,နာမ်တို့၏ ဖောက်ပြန် ဖြစ်,ပျက် နေသည်တို့ကို သိနေသောအားဖြင့် ယို ရုပ်,နာမ်တို့၏ ဖြစ်မှု, ပျက်မှုအပေါ်၌ ထိတ်လန့်မှု 'သံဝေဂ' မဖြစ်တော့ဘဲ ပရမတ်အာရုံဖြစ်၍ 'နိဗ္ဗိန္ဒ'ဖြစ်ပြီးလျှင် မဂ်ဝင်နိုင်လေသည်။ သို့အတွက် ရင့်ရော်ယိုယွင်းအိုမင်းခြင်းသည် ခန္ဓာရုပ်,နာမ်အား ဆင်းရဲစင်စစ်အမှန်ဖြစ်သော အင်္ဂါလက္ခဏာကြောင့် 'ဒုက္ခသစ္စာ' ဖြစ်လေသည်။

မရဏံပိ ဒုက္ခံ ရုပ်,နာမ် ဇာတိအဖြစ် ရရှိခဲ့သော ဤခန္ဓာသည် ဇာတိ၏ ပြုပေးသမျှအားလုံးကို ဖျက်ဆီးပစ်ရန်မှာ ၎င်း၏ဓမ္မတာ တရားဖြစ်၍ သေခြင်း, ပျောက်ခြင်း, ပျက်စီးခြင်း မရဏတရားသာ မြဲပေ

www.dhammaransi.com

သည်။ ဇာတိအဖြစ်ဟူသည် ဖြစ်ကြောင်းရှိမှ ဖြစ်ရ၏။ မရဏအပျက်ကား ဖြစ်ပေါ်ပေးမှုမှန်သမျှအား ဖျက်ဆီးပစ်ရန် တာဝန်မလစ်ဟင်းပေ။အဖြစ် ဇာတိကို သင်္ခါရအမျိုးမျိုးဖြင့်ကြံဆောင်၍ ရှာဖွေခြင်းကိုပင်လျှင် ဘုရားရှင်၏ အမြင်အရ'မရဏ-အသေကိုရှာဖွေခြင်းဖြစ်သည်'ဟု မိန့်တော်မူသည် တချက်....

ဇာတဿ အမရဏံနာမ နတ္ထိ။

ပါဠ်အရိုဖြင့် 'ဖြစ်လာရမှု မပျက်ဟူ၍ ဘယ်သူမရှိ' ဉာဏ်သတိနှင့် အသိတိုးပွား အမှန်တရားကို နှလုံးထား၍ ဉာဏ်အားနှင့်ဆင်ခြင်ရန်အတွက် ဆက်၍တဖန်....

ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေ ဝသတိ မာဏဝေါ။

အဗ္ဘုဋ္ဌိတောဝ သော ယာတိ၊ သ ဂစ္ဆံ န နိဝတ္တတိ။

ပါဠိအရ အကြင်ညဉ့် မိခင်ဝမ်းဗိုက် သန္ဓေတိုက်တွင် ကြုံကြိုက် သတ္တဝါ ဖြစ်သောခါမှ အာဒိစ၍ မရဏမင်း သွားလက်တွင်းသို့ မရောက် မချင်း ခရီးပြင်းလျက် အလျဉ်းနောက်မဆုတ် သုတ်သုတ်လျှင်စွာ အသေနိဂုံးသို့ ရောက်ရသည့်ဓမ္မတာမို့။

ကဋ္ဌေဝရဿ နိက္ခေပေါ။

ဥတုဇရုပ် အကောင်ပုပ်သာကြွင်းလျက်....

ဇီဝိတိန္ဒြိယဿ ပစ္ဆေဒေါ။

ဇီဝိန်ပြတ်ကြွေ အသေမှုချ ဇာတိစခဲ့သမျှ ဘာဝတခုမှ ရှုစရာမကျန်သဖြင့် ဤရုပ်,နာမ် ခန္ဓာရမှုသည် (မရဏ) သေဖို့ရန် ကေန်စင်စစ် အမှန်ဖြစ်ပေရကား (ဒုက္ခသစ္စာ)ဆင်းရဲစွာသော သဘောတရားဖြစ်လေသည်။

မရဏနိဒ္ဒေသ၌—

(စုတိ) ....ရွေ့လျောခြင်း။

(စဝနတာ) ....ရွေ့လျောခြင်းအခြင်းအရာ။

(ဘေဒေါ) ....ခန္ဓာပျက်ခြင်း။

(အန္တရဓာနံ) ....ခန္ဓာကွယ်ပျောက်ခြင်း။

(မစ္စုမရဏံ) ....သေခြင်း။

(ကာလံကိရိယာ) ....သေခြင်းကိုပြုခြင်း။

www.dhammaransi.com

ဤ ခြောက်မျိုးတို့သည် 'ဇတ္တာဝတာ သမ္မုတိယာ မရဏံ ဒီပိတံ ဟောတိ' ဟု သမ္မောအဋ္ဌကထာတွင် ဆိုသောကြောင့် 'သမ္မုတိမရဏ' တို့ ဖြစ်ကုန်၏။ လောက လူတို့ ပြောဆိုသုံးနှုန်းကြသော လောကဝေါဟာရ သေခြင်းမျိုးဖြစ်လေသည်။

ခန္ဓာနံ ဘေဒေါ ဟူသောပုဒ်ကား—

ပရမတ္ထေန ဟိ ခန္ဓာယေဝ ဘိဇ္ဇန္တိ၊ န သတ္တောနာမ ကောစိ မရတိ၊ ခန္ဓေသု ပန ဘိဇ္ဇမာနေသု သတ္တော မရတိ၊ ဘိန္နေသု မတောတိ ဝေါဟာရော ဟောတိ။ (သမ္မောအဋ္ဌကထာ-၉၄)

ဟိသစ္စံ၊ မှန်၏။ ပရမတ္ထေန၊ အမှန်သဘော ပရမတ် အားဖြင့်။ ခန္ဓာယေဝ၊ ခန္ဓာ ငါးပါးတို့သည်သာလျှင်။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ ကောစိ၊ တစုံတယောက်သော။ သတ္တောနာမ၊ သတ္တဝါမည်သည်။ နမရတိ၊ သေသည်မဟုတ်။ ပန၊ စင်စစ်သော်ကား။ ခန္ဓေသု၊ ရုပ်,နာမ် ခန္ဓာတို့သည်။ ဘိဇ္ဇမာနေသု၊ ပြိုကွဲကုန်လတ်သော်။ သတ္တော၊ သတ္တဝါသည်။ မရတိ၊ သေ၏။ ခန္ဓေသု၊ ရုပ်,နာမ်ခန္ဓာတို့သည်။ ဘိန္နေသု၊ ပြိုကွဲပျက်စီးကုန်သည်ရှိသော်။ မတောတိ၊ သေ၏ဟူ၍။ ဝေါဟာရော၊ ခေါ်ဝေါ် ပြောဆို သမုတ်ပညတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ပရမတ္ထအမှန်အားဖြင့်ကား သေခြင်းဆိုသည်မှာ- ခန္ဓာငါးပါးတို့ ပြိုကွဲ ပျက်စီးခြင်းသာ ဖြစ်၍ တစုံတယောက်သော ပုဂ္ဂိုလ်,သတ္တဝါမှ သေသည် မဟုတ်ပေ။ အဟုတ်အမှန်အတိုင်း ပြောရသော် ရုပ်,နာမ် ခန္ဓာတို့ ပြိုကွဲပျက်စီးသည်ကို သတ္တဝါသေသည် စသည်အားဖြင့် လောကလူတို့ ပညတ်သမုတ်သော စကားမျှသာဖြစ်သည်။ ရုပ်,နာမ်ခန္ဓာ ပြိုကွဲသည်ဆိုရာ၌လည်း ခန္ဓာလေးပါးရှိသော စတုဝေါကာရ အရူပဘုံနှင့် ပဉ္စဝေါကာရ ခန္ဓာငါးပါးရှိသောဘုံတို့ရှိ သတ္တဝါတို့သာလျှင် (ခန္ဓာနံ ဘေဒေါ) ခန္ဓာ ပျက်ခြင်းဖြစ်သည်။ ခန္ဓာတပါးသာရှိသောအသညသတ်ပြဟ္မာအား (ကဠေဝရဿ နိက္ခေပေါ)အကောင်ပုပ်သာ ကြွင်းသည် ဟု ဆိုသည်။ (တနည်း) ခန္ဓာလေးပါးရှိသော အရူပပြဟ္မာအား (ခန္ဓာနံ ဘေဒေါ) ခန္ဓာပျက်ခြင်း ဖြစ်၍ ကြွင်းသောခန္ဓာတပါးရှိသည့် ဧကဝေါကာရ, ခန္ဓာငါးပါး ရှိသည့် ပဉ္စဝေါကာရ သတ္တဝါတို့မှာ(ကဠေဝရဿ နိက္ခေပေါ)အကောင်ပုပ်ကြွင်း သည်ဟု သမ္မောအဋ္ဌကထာတွင် ဆက်၍ဆိုသည်။

www.dhammaransi.com

ဇီဝိတိန္ဒြိယသုပဋ္ဌဒေါ ဟူသောပုဒ်၌ ဇီဝိတိန္ဒြေပြတ်ခြင်းဟူသည် မှာ ရုပ်နာမ်နှစ်ပါး အပေါင်းဖြစ်သော သတ္တဝါတို့နှင့်သာဆိုင်၍ ရုပ်သက် သက်ဖြစ်သော သစ်ပင်၊ တော၊ တောင် စသည်တို့နှင့် မဆိုင်ပေ။ ဥပမာ- 'စပါးပင်သေသည်၊ သစ်ပင်သေသွားသည်' ဟူရာ၌ ခန္ဓာငါးပါးသတ္တဝါကဲ့သို့ ပြတ်စရာဇီဝိတိန္ဒြေ (အသက်) မရှိသောကြောင့် ဖြစ်သည်။ သို့ရာတွင်....

ဣဒံ ပန ဝေါဟာရမတ္တမေဝ၊ အတ္ထတော ပန ဧဝရူပါနိ ဝစနာနိ သဿာဒီနံ ခယဝယ ဘာဝမေဝ ဒီပေန္တိ။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ ၉၅)

ဤကဲ့သို့သော 'စပါးပင် သေသည်၊ သစ်ပင် သေသည်' ဟူသော စကားမျိုးသည် ပြောရုံ၊ ခေါ်ရုံ၊ သိရုံသုံးစွဲသော လောကသုံး စကား ခေါ်ရုံမျှသာဖြစ်သည်။ အမှန်တကယ် သိအပ်သည်မှာကား ဤသို့သော စကားအသုံးအနှုန်းတို့သည် ကောက်စပါးပင်စသည်တို့ ပျက်စီးခြင်းအဖြစ် မှန်ကို သိစေရန် ဖော်ပြသောစကားဖြစ်သည်။

ပြိုကွဲခြင်း၊ ပျက်စီးခြင်းကို 'သေခြင်း'ဟူသော မြန်မာစကားတလုံး တည်းဖြင့် သုံးထားသောကြောင့် အသက်ရှိ၊ အသက်မဲ့ (ဇီဝိန္ဒြိယဗဒ္ဓ၊ အနိန္ဒြိယ ဗဒ္ဓ)မခွဲခြားတော့ပဲ ဦးဘ သေသည်၊ ဒေါ်မြသေသည်၊ စပါးပင်သေသည်၊ သစ်ပင်သေသည်၊ ရေ သေသည်၊ မီးတောင် သေသည်၊ သေသေလုံးကိုသာ သုံးစွဲကြလေသည်။ ပရမတ္ထ သဘောအားဖြင့်ကား ခန္ဓာရုပ်နာမ်တို့ ပြိုကွဲ ပျက်စီးခြင်းကို မရဏခေါ်သည်။ ယင်း သေခြင်း၊ ပျက် စီး ခြင်း မရဏ သည်လည်း ၃-မျိုးရှိလေသည်။

၁။ (ခဏိက မရဏ) -ရုပ်၊နာမ်တို့၏ ဖြစ်ပျက် မရဏ။

၂။ (သမ္မုတိ မရဏ) -ဦးဘ သေသည်၊ ဒေါ်မြ သေသည် ဟူသော အပြော မရဏ။

၃။ (သမုစ္ဆေဒမရဏ) -တဖန် ပဋိသန္ဓေအဖြစ်မယူသောအပြီး သေခြင်း မရဏ။

ဟူ၍ ၃-မျိုးရှိရာတွင် ဤနေရာ၌ သုံးစွဲ ယူအပ်သော မရဏ သည် 'သမ္မုတိမရဏ'ဟူသော လောကသုံးပြောဆိုကြသော (မရဏ) အသေမျိုးကို ရည်မှန်း၍ ဟောသည်ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာက ဆိုလေသည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင်ကား--

www.dhammaransi.com

စေတဘာဝ ပရိယာပန္နံ ဇီဝိတိန္ဒြိယပ္ပဗန္ဓဝိစ္ဆေဒေါ စ ယံသန္တာနဝုတ္တံ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-၁၃၃)

တခုသောဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေ၏ အစဉ်ပြတ်ခြင်းရှင်း၊ ဤဇီဝိတိန္ဒြေ၏ အစဉ်ပြတ်ခြင်း ထင်ရှားသော မရဏကို ရည်ရွယ်၍ မြတ်စွာဘုရားဟောသည်ဟုဆိုသည်၊ မှန်၏။

ဖလာနမိဝ ပက္ကာနံ၊ ပါတော ပတနတော ဘယံ။
ဧဝံ ဇာတာန မစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။
ယထာပိ ကုမ္ဘကာရဿ၊ ကတာမတ္တိက ဘာဇနာ။
သဗ္ဗေ ဘေဒန ပရိယန္တာ၊ ဧဝံ မစ္စာန ဇီဝိတံ။
ဒဟာရာစ မဟန္တာစ၊ ယေဗာလာ ယေစ ပဏ္ဍိတာ။
သဗ္ဗေ မစ္စုဝသံ ယန္တိ၊ သဗ္ဗေ မစ္စုပရာယဏာ။
(သုတ္တနိပါတ်ပါဠိတော် သလ္လသုတ်-၃၇၀)

ပက္ကာနံ၊ရင့်ကုန်,မှည့်ကုန်သော။ ဖလာနံ၊ သစ်သီးတို့အား။ ပါတော၊ နံနက်အချိန်၌။ ပတနတော၊ကြွေကျချခြင်းကြောင့်။ဘယံ၊ဘေးသည်။ ဟောတိဣဝ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဇာတာနံ၊ ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာကြကုန်သော။ မစ္စာနံ၊ သတ္တဝါတို့အား။ မရဏတော၊ သေရခြင်းကြောင့်။နိစ္စံ၊အမြဲ။ ဘယံ၊ဘေးသည်။ဟောတိ၊ဖြစ်၏။

ယထာပိ၊ ဥပမာ မည်သည်ကား။ ကုမ္ဘကာရဿ၊ အိုးထိန်းသည်၏။ ကတာ၊ ပြုလုပ်အပ်ကုန်သော။ သဗ္ဗေ၊ အလုံးစုံ ကုန်သော။ မတ္တိက ဘာဇနာ၊မြေအိုး,ခွက်တို့သည်။ ဘေဒနပရိယန္တာ၊ကွဲပျက်ခြင်းလျှင် အဆုံးရှိကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ မစ္စာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်သည်။ ဘေဒနပရိယန္တာ၊ပြိုကွဲပျက်စီးခြင်းလျှင် အဆုံးရှိကုန်၏။

ဒဟာရာစ၊ ငယ်သူတို့သည်ရှင်း။ မဟန္တာစ၊ ကြီးသူတို့ သည်ရှင်း။ ယေ ဗာလာ၊အကြင်လူမိုက်တို့သည်ရှင်း။ ယေစပဏ္ဍိတာ၊အကြင်ပညာရှိတို့ သည်ရှင်း။ သဗ္ဗေ၊ အလုံးစုံကုန်သောသူတို့သည်။ မစ္စုဝသံ၊ သေမင်း၏ အလိုနိုင်ငံသို့။ယန္တိ၊လိုက်ပါကြကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သောသူတို့ သည်။မစ္စုပရာယဏာ၊ သေမင်းအထံသို့ လဲလျောင်း ဆိုက်ရောက်ကြရ ကုန်၏။

www.dhammaransi.com

သစ်သီးမှည့်တို့အား နံနက်အခါ၌ ကြွေကျရခြင်းကြောင့် ဘေးဖြစ်ရသကဲ့သို့ ဇာတိ, ပဋိသန္ဓေ, ဘဝ ဟူသော အဖြစ်တခုခု ရရှိထားသော သတ္တဝါအား အမြဲပင် သေရခြင်းဟူသော ဘေး(ဒုက္ခ)သည်ခြိမ်းခြောက်လျက်ရှိ၏၊ 'ရခြင်း, ဖြစ်ခြင်းသည် သေဖို့,ပျက်ဖို့သာ ဖြစ်သည်' ဟူသော ဆောင်ပုဒ်ကို လက်ကိုင်သုံးစွဲသောသူအား သံဝေဂဉာဏ်ဖြစ်သည်။

အိုးလုပ်သမားသည်ပြုလုပ်အပ်သော သေးသေး,ကြီးကြီး,စိမ်းစိမ်း, ကျက်ကျက် အားလုံးသော မြေအိုး,မြေခွက်တို့သည် နောက်ဆုံးတွင်ကွဲခြင်း ပျက်ခြင်းသာ အမှန်ဖြစ်ရသည်သို့၊ ဇာတိအဖြစ်ရသော သတ္တဝါတိုင်းအား 'အသက်'ဟူသော ဇီဝိတိန္ဒြေသည်မုချကွဲရပျက်ရမည်သာတည်း။ငယ်ရွယ်သူဖြစ်စေ,ကြီးသူဖြစ်စေ, မိုက်သူဖြစ်စေ, ပညာရှိဖြစ်စေ အသက်ထင်ရှားရှိသူ မှန်သမျှ အားလုံးသည် သေမင်း၏အလို, သေခြင်း၏ဩဇာခံ, သေမင်း၏ အမိန့်ကိုသာလျှင် စောင့်ကြိုနာခံနေကြရကုန်၏၊ သက်ရှိ အားလုံးတို့သည် သေမင်း၏ရှေ့မှောက်သို့သာလျှင် ဝပ်စင်း ဆိုက်ရောက်ကြရကုန်၏၊ မည်သို့ပင် ဖြစ်စေ ယခု (ဇာတိ) အဖြစ်သာခု ရထားသော မိမိသည် သေမင်းထံ သွားရန် ပြင်ဆင်နေဆဲ ဖြစ်၏၊ယင်းသို့ သွားရာတွင်....

ဇာတိ ဟူသော အကြောင်းရှိ၍ သေရခြင်းငှင်း, လှုံ့လ ပယောဂ ကြောင့် သေရခြင်းငှင်း, မိမိသဘောအားဖြင့် သေခြင်းငှင်း,အသက်ကုန်၍ သေခြင်းငှင်း,ဘုန်းကံကုန်၍သေခြင်းငှင်း၊ယင်းသို့ အမည်အမျိုးမျိုးရှိသော်လည်း သေခြင်းဟူသော(အသက်)ဇီဝိတိန္ဒြေပြတ်မှုတခုသာ ဖြစ်သည်။

သေဝပါးနိုး ဒုက္ခကြီး သက်ရှိဖြစ်သော သတ္တဝါသည် တခုသော နောက်တချိန်တွင် သက်မဲ့ဟူသော မရဏသို့ မုချရောက်ရမည် ဖြစ်သည်၊ ယင်းသက်မဲ့အဖြစ်သို့ ရောက်ရန်ကိစ္စသည်လည်း သက်သာလှသည် မဟုတ်၊အဖေသဟူသော 'မရဏ'၏ နောက်ပိုင်းတွင် သောက ပရိဒေဝ စသော အပူတွေ ဆက်လျက် ပါလာလေသည်၊ သေကာနီးတွင်ပင် အလွန်လျှင် ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းကို ခံစားလိုက်ရသေးကြောင်း။

www.dhammaransi.com

မရဏန္တိကာပိ ဟိ သာရီရိကာ။ပ။ဒုက္ခတ္တိ ဝေဒိတဗ္ဗံ။
(သမ္မောဟဝိနောဒနီ–၉၅)

သောကာနီးသို့ရောက်သော သတ္တဝါ၏ ခန္ဓာကိုယ်သည် ဆင်းရဲခံစားမှုတို့ ပြင်းထန်လာသောကြောင့် လေညာသို့ ပြေးယူသွားသော မြက်ခြောက်မီးရှူးတုတ်သည် မြက်ခြောက်ကိုလောင်ပြီး ၎င်းမှ လက်သို့ကူးလောင်လျက် ၎င်းမှကိုယ်သို့ကူးစက်လောင်ကျွမ်းသကဲ့သို့ကိုယ်သည် ပြင်းထန်စွာကာယိကဒုက္ခဖြစ်၍ အကုသိုလ်ကမ္မနိမိတ်ကလည်း ငရဲသား, ငရဲထိန်း, ငရဲအိုး, မီးလျှံ စသည် တို့ကို စိတ်ဖြင့် မြင်သော အခါတွင် အားကြီးသော စိတ်ဆင်းရဲမှု စေတသိကဒေါမနဿသည်ဖြစ်၏၊ ဤသို့ ဖြင့် သောကာနီးကာလ၌ ကိုယ်၏ဆင်းရဲခြင်းဒုက္ခ၊ ငရဲနိမိတ် စသည် မြင်၍ စိတ်၏ဆင်းရဲခြင်း ဒေါမနဿ ၂-မျိုးတို့ တွေ့ကြုံရလေသော ကြောင့် ဒုက္ခအစစ် ကေန်ဖြစ်၏။

အကယ်စင်စစ်မှာ ဇာတိ, ဇရာ, မရဏ ဟူသည်မှာ- ဤ ရုပ်, နာမ် ရသော သတ္တဝါအား ရန်သူဖြစ်သော သူသတ်သမား ၃-ဦးနှင့် တူလှပေသည်၊ရန်သူတို့သည် ထိုသူကိုသတ်ရန်အတွက် အခွင့်အခါကို ရှာဖွေ၍သာ နေကြလေသည်၊ ၎င်းနောက် လူသတ်သမား ရန်သူ ၃-ယောက် တို့သည် တနေရာ၌ ဆုံမိကြသောအခါ ထိုသူကို သတ်ရန်အတွက် စည်းဝေးတိုင်ပင်ကြပြီးနောက် တာဝန်ခွဲဝေ၍ ယူကြရာတွင် ပဌမတဦးက 'ငါသည် ထိုသူကို တော,တောင်၏သာယာဖွယ်ကိုချီးမွမ်းပြောဆို၍တောထဲသို့ရောက်အောင် သွေးဆောင် ခေါ်ငင်လာမည်၊ ဤကိစ္စ အတွက် ငါ့မှာ အခက်အခဲ မရှိ ဆောင်ရွက်မည်ဟု ပြောလေသည်။

ဒုတိယ လူသတ်သမားတဦး ကမူ 'ငါကား-သင် ခေါ်ဆောင်၍ တောထဲသို့သာ ရောက်လာပါစေ၊ တောထဲရောက်လျှင် အမျိုးမျိုးသော နှိပ်စက်နည်းတို့ဖြင့် ရိုက်နှက်နှိပ်စက်၍ မထနိုင်အောင် ပြုဖို့ကိစ္စကား ငါ့-တာဝန်ထားပါ'ဟု ဆိုလေသည်။

တတိယသူသတ်သမားတဦးသည်ကား 'သင်က ထုထောင်းရိုက်နှက် နှိပ်စက်ထား၍ မထနိုင်အောင် အားမရှိသောထိုသူကို ထက်လှစွာသော ဒါး, သံလျက်ဖြင့် ဦးခေါင်းကိုဖြတ်၍သတ်ရန် ငါက တာဝန်ယူသည်'ဟု ပြောလေသည်။

www.dhammaransi.com

ပဥ္စမတာဝန်ယူသောလူသတ်သမား၏ကိစ္စမှာတော့ တောင်ချီးမွမ်းခဏ်း ဖွင့်၍ရင်းအိမ်မှတောထဲသို့ရောက်အောင် သွေးဆောင်ခဲ့သည့်နည်းတူ ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်း မိတ်ဆွေ အမျိုးအဆွေ အဝန်းအဝိုင်း အကြားမှ ထုတ်နုတ်ခေါ်ဆောင်၍အကြင်အမှတ်မရှိတစုံတခုသောဘဝသို့ ဖြစ်ရန် ဇာတိ ဖြစ်လာသည်နှင့် တူ၏၊လူ့ဘဝ ကောင်းသည်, နတ်ဘဝ ကောင်းသည်ဟူသော တော့တောင်ချီးမွမ်းခဏ်းကို ယုံကြည်၍ လိုက်လာသဖြင့် တောထဲရောက်လာသည်အား ဤဘဝ ဇာတိရသူပင်တည်း။ လူဖြစ်လာသူသည် ရန်သူ သူသတ်သမား ပဥ္စမလူ၏ လက်ချက်ဟု မှတ်လေပါ။

ပဥ္စမလူသတ်သမား၏ တာဝန်အရ လူ့ဘဝတည်းဟူသော တောထဲသို့ ရောက်လာသောသူအား ဒုတိယလူသတ်သမားသည် သူ့တာဝန် အရ အားနည်းအောင် ချိနဲ့အောင် ထောင်းထုနှိပ်စက်ပုံမှာ ဆံဖြူခြင်း, သွားကျိုးခြင်း, အရေတွန့်ခြင်း, မျက်စိမှုန်ခြင်း, ခါးကိုင်း, နားထိုင်းခြင်း စသော ရင့်ရော်မှု ယိုယွင်းအိုမင်းမှုတို့ကို ဖြစ်အောင် ဒုတိယလူသတ်သမား 'ဇရာ' က နှိပ်စက်လေသည်။

ထို့ကြောင့် ဥပရိပဏ္ဏာသဋ္ဌကထာ-၁၆၅-တွင်....

တော၊ အိုအချင်းတို့။ မံ၊ ငါ့ကို။ ပဿထ၊ ကြည့်ကြရှုကြပါကုန်လော့။ အဟံပိ၊ ငါသည်လည်း။ တုမှေဝိယ၊ သင်တို့ကဲ့သို့။ ဦရုဗလ ဗာဟုဗလဇဝနသမ္ပန္နော၊ ပေါင်အား, လက်မောင်းအားတို့ လျင်မြန်ဖြတ်လတ်ခြင်းနှင့် ပြည့်စုံသည်။ အဟောသိ၊ ဖြစ်ဘူးခဲ့ပြီ။ တဿမေ၊ ထိုကဲ့သို့ အားကောင်း မောင်းသန်ဖြစ်ခဲ့သောငါ့အား။ တာဗလဇဝနသမ္ပတ္တိယော၊ ထိုအားနှင့် လျင်မြန်ခြင်းနှင့် ပြည့်စုံမှုတို့သည်။ (ဣဒါနိ၊ သင်တို့မြင်ရာ ယခုအခါ၌) အန္တရဟိတော၊ ကွယ်ခဲ့ပျောက်ခဲ့ ရလေပြီ။ မေ၊ ငါ၏။ ဟတ္ထပါဒါ၊ လက်,ခြေ တို့သည်။ ဝိဇ္ဇမာနာပိ၊ သင်တို့အမြင် ထင်ထင်ရှားရှား ရှိပါငြားလည်း။ ဟတ္ထပါဒကိစ္စံ၊ လက်နှင့် လုပ်အပ်သောအလုပ်, ခြေနှင့်လုပ်အပ်သော အလုပ်ကို။ နကရောန္တိ၊ မလုပ်နိုင် မပြုနိုင် ကြတော့ကုန်။ ဇရာယ၊ ရင့်ရော်အိုမင်းခြင်းမှ။ အပရိမုတ္တတာယ၊ မလွတ်နိုင်သည်ဖြစ်သောကြောင့်။ ဒေဝိသော၊ ဤအိုမှု၏ နှိပ်စက်ကို ခံရခြင်းသည်။ ဇာတော၊ ဖြစ်၏။

www.dhammaransi.com

ဟု ဖွင့်ဆိုထားခဲ့ပေသည်၊ရင့်ရော်အိုမင်းရခြင်းသည် ဒုတိယလူသတ်သမား၏ နှိပ်စက်ချက်ဟူ၍ မြင်သာအောင် ပြထားသည်။

တတိယလူသတ်သမား၏ တာဝန်ကား- ဒုတိယ လူသတ်သမားက သူ့တာဝန်အရ အားနည်း၍ မထနိုင်အောင် နှိပ်စက်ထားသော သူ၏ ဦးခေါင်းကိုဖြတ်၍ အသေသတ်ရန် တာဝန်ဖြစ်သည်။ သို့အတွက် ဒုတိယ လူသတ်သမား(ဇရာ)၏ အနှိပ်စက် ခံထားရပြီးသူသည် တတိယ လူသတ်သမား၏ ဒါးအောက်တွင် ဦးခေါင်းစင်းပေးရုံသာ ကျန်တော့သည်။

ကျွန်ုပ်တို့၏ ဤအဖြစ်,ဤအခြေအနေသည် အလွန် ကြောက်လန့် သံဝေဂရစရာ ကောင်းပေသည်။ ဤ ခန္ဓာ ဇာ တိ ရလာ အောင် ရှာဖွေ ထူထောင်မိသည့်အတွက် ခန္ဓာနှင့်စပ်သော ဒုက္ခတွေ များစွာတွေ့ကြုံခံစားရလေသည်။ ကျွန်ုပ်တို့သည် ကိုယ့်အဖြစ်ကိုယ်မေ့နေသောသူတို့ ဖြစ်ကြ၏။ ကိုယ့်အဖြစ်သည် တနေ့ထက် တနေ့ အိုဖက်သို့, နာဖက်သို့, သေဖက်သို့, ရွှေ့ရွှေ့သွားနေသည်။ ဤသဘောသည် စာကိုရေးနေသည် မဟုတ်၊ ကိုယ့်အဖြစ်ကိုယ် သတိရကြည့်ပါ။ 'ဤဘဝ ဖြစ်လာသည်၊ ငါ ဘယ်လဲ' ဟု မေးကြည့်ပါ။

'ငါဘယ်လဲ' ကိုယ့်အဖြေကို ကိုယ်မကြောက်ပဲ အမှန်ကို ရဲရဲပြောလိုလျှင် 'အသေဆီကို'ဟု ဖြေလျှင်, ဖြေနိုင်လျှင် အမှန်ကို သင်ပြောရဲသည်ဟု ပဌမအကြိမ်ဆိုမည်။ အသေဆီကို သွားနေကြောင်း ကိုယ်ပိုင်ဉာဏ်နှင့် သေသေချာချာတွေ့လျှင် အသေလွတ်ရန် အားကိုးတခုရပေပြီ။ ဝိပဿနာ ရှုသည်ဆိုရာတွင် 'မိမိခန္ဓာ၏ အသေသို့ ရွှေ့ရှား ချီတက် နေသည်ကိုသိရန်' ဖြစ်သည်။ ဤရုပ်,နာမ်တို့သည် ဘာလုပ်နေသနည်း၊ ဘာဖြစ်နေသနည်း။

ဣမေသံ သတ္တာနံ၊ ဤ သတ္တဝါ တို့အား။ ဇာတိ အာ ဒ ယော နာမ၊ ဖြစ်ခြင်း, အိုခြင်း, နာခြင်း, သေခြင်း မည် သည် ကား။ ဒဏ္ဍဟတ္ထက ဂေါပါလကသဒိသာ၊ တုတ်ကိုစွဲကိုင်ထားသော နွားကျောင်းသားနှင့် တူ၏။ ဇာတိ၊ ဖြစ်ခြင်းသည်။ဇရာယသန္တိကံ၊ အိုခြင်း၏ထံသို့။ ဇရာ၊ အိုခြင်းသည်။ ဗျာဓိသန္တိကံ၊ အနာနှိပ်စက်ခြင်းဆီသို့။ ဗျာဓိ၊အနာနှိပ်စက်ခြင်းသည်။ မရဏဿ၊ သေခြင်း၏။ သန္တိကံ၊ အထံသို့။ ပေသေတွာ၊ တွန်းပို့၍။ မရဏံ၊ အသေသည်။ ကုဌာရိယာ၊ ထက်စွာသောဒါးဖြင့်။

www.dhammaransi.com

ဆိန္နန္တာဝိယ၊ ပိုင်းဖြတ်ချလိုက်သကဲ့သို့။ ဇီဝိတံ၊ အသက်ကို။ ဆိန္ဒတိ၊ ဖြတ်၏။ ဧဝံသန္တေပိ၊ ဤသို့ဖြစ်လာသောသတ္တဝါအား အို, နာ, သေ, လမ်းသို့ ပို့ဆောင် နေရပါသော်လည်း။ ဝိဝဋ္ဋံ၊ အို, နာ, သေ, ဝဋ်မှ လွတ်ကင်းရာ နိဗ္ဗာန်ကို။ ပဋ္ဌေန္တာနာမ၊ တောင့်တခြင်း မည် သည်။ နတ္ထိ၊ မရှိလေ။

ဟု မြတ်စွာဘုရားဟောတော်မူ၍ တဆက်ထည်းမှာပင်....

ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာစ မစ္စုစ၊ အာယုံ ပါဇေန္တိ ပါဏိနံ။

(ဓမ္မပဒပါဠိတော်-၃၃)

ဂေါပါလော၊ နွားကျောင်းသားသည်။ ဒဏ္ဍေန၊ နွားမောင်းတုတ်ဖြင့်၊ ဂါဝေါ၊ နွားတို့ကို။ ဂေါစရံ၊ နွားကျက်စားရာစားကျက်သို့။ ပါဇေတိ ယထာ၊ မောင်းနှင်လေဘိသကဲ့သို့။ ဧဝံတထာ၊ ဤအတူ။ ဇရာစ၊ အိုမင်း ရင့်ရော်ခြင်းသည်၎င်း။ မစ္စုစ၊ သေခြင်းသည်၎င်း။ ပါဏိနံ၊ သတ္တဝါတို့၏။ အာယုံ၊ အသက်ကို။ ပါဇေန္တိ၊ မောင်းနှင်ကုန်၏။

ဥပုသ်သည်ငါးရာကိုအကြောင်းပြု၍ ဟောသောဂါထာဖြစ်သည်။ ဇာတိ-သတ္တဝါအဖြစ်ရလာပြီးလျှင် အိုခြင်းသို့၊ အိုမှ,နာသို့၊ နာမှ,သေသို့၊ နွားကျောင်းသားသည် သူကျောင်းရမည့်နွားတို့ကို တုတ်နှင့် စားကျက်သို့ အရောက် မောင်း နှင် သ ကဲ့ သို့ မရောက် မချင်း မောင်းသည်။ အသေသို့ ရောက်လျှင် ဤဘဝအတွက် နိဂုံးချုပ်သည်၊ ဘဝတခုခုတွင်(ဇာတိ)အဖြစ် တခုခုရဦးမည်။ သတ္တဝါတခုခု ဖြစ်လာလျှင် အို, နာ, သေ ဆက်မောင်း ဦးမည်။

အဓိပ္ပာယ်မှာ- သတ္တဝါတမျိုးမျိုး ဖြစ်လျှင် ဇာတိရမည်။ ဇာတိ ရလျှင် ရှေ့သို့ မည်သည့်နည်းနှင့်မျှ ရပ်နေမည်မဟုတ်။ (မရဏ)အသေသို့ မရောက်မချင်း ချီတက်မည်ဖြစ်သည်။ လက်ငင်းရရှိထားသော ယခုဘဝကို ကျော်ခိုင်း၍သွားရမည်ကို သတ္တဝါတိုင်းကြောက်ရွံ့ကြသည်။ ထို့ကြောင့်-

သဗ္ဗေ ဘာယန္တိ မစ္စုနော၊ အလုံး စုံသော သတ္တ ဝါ တို့ သည် သေ ခြင်းမှ ကြောက်ကြကုန်၏။

ဟု မြတ်စွာဘုရား ဟောတော်မူသည်။ ယင်းသို့ကြောက်ကြရသော ကြောင့်ဆင်းရဲစင်စစ် ကေန်ဖြစ်သော ဒုက္ခသစ္စာဟုဟောတော်မူလေသည်။

www.dhammaransi.com

သောက သောကဟူသည် စိုးရိမ်ခြင်း, ပူဆွေးခြင်းသဘောရှိသောဆင်းရဲတမျိုးဖြစ်၏။ ဆွေမျိုးသားချင်းတို့ပျက်စီးခြင်းကြောင့် စိုးရိမ်ပူဆွေးရခြင်း, မိမိ၏ ရှာဖွေစုဆောင်းထားသော ဥစ္စာပစ္စည်းများ တနည်းနည်းနှင့် ပျက်စီးသဖြင့် စိုးရိမ်ပူဆွေးရခြင်း, မိမိကို အနာရောဂါကြီးကြီးကျယ်ကျယ် ကပ်ရောက်သဖြင့် စိုးရိမ်ပူဆွေးရခြင်း, မိမိ စောင့်ထိန်းထားသော ကိုယ်ကျင့်တရား အဖျက်အဆီးခံရသဖြင့် စိုးရိမ် ပူဆွေးရခြင်း, မိမိယုံကြည်ချက်နှင့်စွဲယူထားသောအယူအဆပျက်စီးသဖြင့် စိုးရိမ်ပူဆွေးရခြင်း, အမှတ်မရှိ တပါးပါးသော ဆင်းရဲဖြစ်ကြောင်း **တရား**တခုခုနှင့် တွေ့ကြုံရသော် စိုးရိမ်ပူဆွေးရခြင်း ဖြစ်လေသည်။

ယင်းသို့ စိုးရိမ်ခြင်း ပူဆွေးရခြင်းတို့သည် ဇာတိဟူသောအဖြစ် မရှိခဲ့သော် ဇရာ, မရဏမည်သော အိုခြင်း သေခြင်းသည်၎င်း၊ စိုးရိမ်ပူဆွေးခြင်းမည်သော သောကစသော တရားတို့သည်၎င်း မရှိကုန်၊ မဖြစ်ကုန်၊ အမှန်အားဖြင့်ကား- ဇာတိဖြစ်ရှိခဲ့၍သာ ဇရာ, မရဏတရားသည်၎င်း၊ သောကပရိဒေဝစသော တရားတို့သည်၎င်းဖြစ်ကုန်၏။ ထို့ကြောင့် ဇာတိဟူသော 'ဖြစ်'တရားသည် အိုမှု, သေမှု, အား၎င်း၊ စိုးရိမ်ပူဆွေး, ငိုကြွေး ပင်ပန်းမှုစသော တရားတို့အား၎င်း ကျေးဇူးပြုတတ်ပေသည်။ **အဝိဇ္ဇာကြောင့် သောကဖြစ်သည်၊** သောက, ဒေါမနဿ, ဥပါယာသ တို့သည် အဝိဇ္ဇာနှင့် မကွေမကွာ ယှဉ်ကုန်၏။ ပရိဒေဝသည်လည်း မောဟ (အဝိဇ္ဇာ) လွန်ကဲ မိုက်မဲတွေဝေသောသူအားဖြစ်၏။ ထို့ကြောင့် ထိုသောကစသည်တို့သည် လက်ဦးပြီးကုန်သည်ရှိသော် အဝိဇ္ဇာသည် ပြီး၏။

တနည်း 'အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော' အာသဝ၏ဖြစ်ပွားခြင်းကြောင့် အဝိဇ္ဇာ၏ ဖြစ်ပွားခြင်းသည် ဖြစ်၏ ဟု မြတ်စွာဘုရား ဟောတော်မူသည်။ ယင်း အာသဝ ဖြစ်ပွားခြင်းကြောင့် သောကစသည်တို့သည် ဖြစ်ကုန်၏။

ကို အာသဝပဟာရေး လေးပါးတို့သည် အဝိဇ္ဇာအာသဝကြောင့် သောကစသည်ဖြစ်ပုံကား အလွန်များလှသည်။ နေရာတကာတွင် သောကဟူသော စိုးရိမ်ပူဆွေးမှုမှန်လျှင် အဝိဇ္ဇာဟူသော (အမှန်ပရမတ်ကို) အမှန်မသိသည့်အတွက် ပညာတ်အာရုံကြောင့် ကိလေသာဖြစ်၍ စိုးရိမ်ပူဆွေးရလေတော့သည်။

www.dhammaransi.com

'ကာမာသဝ'ကြောင့် ဖြစ်ပုံကား....

တဿ စေ ကာမယမာနဿ၊ ဆန္ဒဇာတဿ ဇန္တုနော။
တေ ကာမာ ပရိဟာယန္တိ၊ သလ္လဝိဒ္ဓေါဝ ရုပ္ပတိ။
(သုတ္တနိပါတ်ပါဠိတော် ကာမသုတ်-၃၉၉)

အာရုံငါးပါး အလိုရှိအပ်သော ကာမကို လိုချင်နေသော လိုလား တောင့်တမှုဖြစ်ပေါ်နေသော ထိုသတ္တဝါအား ရှာဖွေရရှိထားသော ကာမတို့ ဆုတ်ယုတ်ကုန်မူ မြှားစူးခံရသောသူကဲ့သို့ ဖောက်ပြန်လေ တော့၏။

မိမိအလိုရှိသဖြင့် ရှာဖွေစုဆောင်းအပ်သော အာရုံငါးပါး ကာမ တရားတို့ကို မပျောက်မပျက် ရန်သူတို့ မဖျက်ဆီးနိုင်စေရန် ပင်ပန်းဆင်းရဲ ခံ၍ စောင့်ရှောက်ပါငြားလည်း၊ အနည်းနည်းနှင့် ပျက်စီးလေသော် မြှားစူးခံရသောသူကဲ့သို့ ပရမ်းပတာ ဖောက်ပြန်ခြင်း သောကဒုက္ခ စသည် ဖြစ်ရလေတော့သည်၊ ဤကား 'ကာမာသဝ'ကြောင့် ဖြစ်ရသည့် သောက ပင်တည်း။

အညတြကုဋုမ္ဗိက မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံးနေတော်မူသောအခါ သားသေ၍ စိုးရိမ်ပူဆွေးနေသော သူကြွယ်၏ သောတာပန်ဖြစ်ကြောင်း အထောက် အပံ့ကောင်းကို ဉာဏ်တော်ဖြင့် ကောင်းစွာ ရှုမြင်တော်မူသည်ဖြစ်၍ ထို သူကြွယ်၏အိမ်သို့ဆွမ်းခံကြွဝင်တော်မူလေသော် သူကြွယ်သည် ကောင်း စွာ ဆွမ်းဝတ်ပြုလျက် မြတ်စွာဘုရားကို ရှိခိုးလျက်နေလေရာ-

မြတ်စွာဘုရား က 'တကာ - မျက်နှာ မသာ မယာ ပါလား' ဟု မေးတော်မူလေလျှင်....

တကာက'တပည့်တော် **သားသေ၍ သောက** ဖြစ်ရပါသည်ဘုရား' ဟု လျှောက်သောအခါ....

မြတ်စွာဘုရားက'တကာ-မစိုးရိမ်နှင့်၊သေခြင်းဆိုသည်မှာ ဤနေရာ ၌သာ ဖြစ်သည်မဟုတ်, ဤ သင့်သားတယောက်သာ သေသည် မဟုတ်၊ အကြင်မျှလောက် ဘဝဟူသောအဖြစ်ကို ရရှိကြ၏၊ ထိုမျှလောက် ဘဝ အဖြစ်ရရှိသူဟိုင်းသေကြရသည်၊တခုသောသင်္ခါရတရားမှ ခိုင်သည်မြဲသည် မရှိကောင်းပေ၊ ထို့ကြောင့် 'သေခြင်းတရားမို့ သေသည်,ပျက်ခြင်းတရားမို့

www.dhammaransi.com

ပျက်သည်’ဟူ၍ အမှန်ကိုသာ နှလုံးသွင်းပါ၊ ရှေးကပညာရှိတို့သည် ဤသို့ သွားသေသောအခါ၌‘သေတတ်သောသဘောမှုသေသည်,ပျက်တတ်သော သဘောမှု ပျက်သည်’ဟု နှလုံးသွင်းကြသဖြင့် စိုးရိမ်ပူဆွေးခြင်းမဖြစ်ကြပဲ မရဏာဿတိကိုပင် ပွားများကြဘူးလေပြီ’ဟု ပဉ္စကနိပါတ် ၃၇၀၊ဇာတ်ကို ဟောတော်မူလျက်....

‘မေ၊ ငါ၏။ ပိယပုတ္တော၊ ချစ်အပ်သောသားသည်။ ကာလက်တော်တိ၊ သေလေပြီဟူ၍။မာဝစိန္တယိ၊မကြံလေနှင့်။ ဟိသစ္စံ၊မှန်၏။ ဥပ္ပဇ္ဇမာနေ၊ ဖြစ်ရသည်ရှိသော်။ သောကောဝ ါ၊ စိုးရိမ်ခြင်းသည်ငှင်း။ ဘယံဝ ါ၊ ဘေးသည်ငှင်း။ ပိယမေဝ၊ ချစ်ခင်အပ်သော ကာမကို သာလျှင်။ နိဿာယ၊ အစွဲပြု၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏’ ဟုဟောတော်မူပြီးလျှင်....

ပိယတော ဇာယတီ သောကော၊ ပိယတော ဇာယတီ ဘယံ။
ပိယတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ပိယတော၊ ကာမဂုဏ်ကိုမြတ်နိုးခြင်းကြောင့်။ သောကော၊ စိုးရိမ်ခြင်း သည်။ ဇာယတိ၊ ဖြစ်၏။ ပိယတော၊ ချစ်ခင်နှစ်သက်သော ကာမဂုဏ် ကြောင့်။ ဘယံ၊ ကြောက်ရသောဘေးသည်။ ဇာယတိ၊ ဖြစ်၏။ ပိယ တော၊ ချစ်ဖွယ်ထင်သော ကာမဂုဏ်မှ။ ဝိပ္ပမုတ္တဿ၊ ကင်းလွတ်သော ပုဂ္ဂိုလ်အား။ သောကော၊ စိုးရိမ်ပူဆွေးမှုသည်။ နတ္ထိ၊ မရှိ။ ဘယံ၊ ကြောက်ရသောဘေးသည်။ကုတောအတ္ထိ၊အဘယ်မှာရှိတော့အံ့နည်း။

ဤအကြောင်းဝတ္ထု၌ ကာမာသဝကြောင့် သောကဖြစ်ရပုံ အကျဉ်းချုပ်တည်း။

* မြေးသေ၍ ငိုကြွေးသော ဝိသာခါကို အကြောင်းပြု၍ ဟော သော ဝတ္ထု၊
* ဝေသာလီပြည်၌ ပြည့်တန်ဆာမကို အကြောင်းပြု၍ လိစ္ဆဝီ မင်းသားတို့ ဒုက္ခရောက်ရခြင်းသည် ပျော်မွေ့လိုသော ကာမ ကြောင့် ဟု ဟောသောဝတ္ထု၊
* သာဝတ္ထိပြည်၌ သူဌေးသား အနိတ္ထိဂန္ဓသည် ၎င်း၏ဇနီးသေ၍ အလွန် စိုးရိမ်ပူဆွေးနေသည်ကို ကာမကြောင့် ဖြစ်ရသော သောကဟု ဟောသောဝတ္ထု၊

www.dhammaransi.com

* စပါးလိုချင်၍ မြစ်ကမ်းနား၌ လယ်လုပ်သော မိစ္ဆာဒိဋ္ဌိပုဏ္ဏား အား စပါးများ ရေလွှမ်း၍ ပျက်သွားသဖြင့် ပူဆွေးနေရာ တဏှာတည်းဟူသော ကာမကြောင့် သောကဖြစ်ရပုံကို ဟော သော၀တ္ထု-စသောအားဖြင့် မမ္မပဒဋ္ဌကထာ ပိဃ၀င် ၁၇၀-မှ ၁၀၆-အထိ လေ့လာသူတို့အကျယ်တဝင် ရှုနိုင်ကြပါသည်။ ဤ ဖော်ပြချက် အားလုံးတို့သည် လိုချင်ဖွယ်, နှစ်သက်ဖွယ်, တပ်မက်ဖွယ်, သာယာဖွယ်, မြတ်နိုးဖွယ်, ပျော်မွေ့ဖွယ် ဟု ထင်သောကာမကြောင့် (သောက) စိုးရိမ်ပူဆွေးမှု၊ (ဘယ) ကြောက်ရသောဘေးတို့ ဖြစ်ရပုံများတည်း။

ဒိဋ္ဌာသဝ ကြောင့်လည်း (သောက)စိုးရိမ်ပူဆွေးမှု ဖြစ်တတ်သေး သည်၊ ပုံစံမှာ-

အဟံ ရူပံ၊ မမ ရူပန္တိ ပရိယုဋ္ဌဋ္ဌာယီ ဟောတိ၊ တဿ အဟံ ရူပံ၊ မမ ရူပန္တိ ပရိယုဋ္ဌဋ္ဌာယိနော တံ ရူပံ ဝိပရိဏမတိ၊ အညထာ ဟောတိ၊ တဿ ရူပဝိပရိဏာမညထာဘာဝါ ဉပ္ပဇ္ဇန္တိ သောက ပရိဒေဝဒုက္ခဒေါမနဿုပါယာသာ။

(ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်-၃)

ငါသည် ဖောက်ပြန်၏၊ ဖောက်ပြန်မှုသည် ငါ့ဉစ္စာတည်း ဟု ထကြွ လွှမ်းမိုးသောအားဖြင့် တည်၏၊ ငါသည် ဖောက်ပြန်၏၊ ဖောက်ပြန်မှု သည် ငါ့ဉစ္စာတည်း ဟု ထကြွ လွှမ်းမိုး၍ တည်သော ထိုသူ အား ထိုဖောက်ပြန်မှုသည် ပြောင်းလဲ၏၊ တမျိုးတဖုံဖြစ်၏၊ ထိုသို့ ပြောင်း လဲမှု, တမျိုးတဖုံ ဖြစ်မှုကြောင့် စိုးရိမ်မှု,ငိုကြွေးမှု, ကိုယ်ဆင်းရဲမှု, စိတ် ဆင်းရဲမှု, ပြင်းစွာပင်ပန်းမှုတို့သည် ဖြစ်ကုန်၏။

ဤကား-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် နကုလပိတုသုတ်ကိုဖော်ပြချက် ဖြစ်၏၊ ဖြစ်ပုံမှာ - နကုလပိတာ သူကြွယ်တကာကြီးအား အရှင် သာရိ ပုတ္တရာက(အဿုတဝါပုထုဇ္ဇနော)ဖြစ်သော သာမန်ပုထုဇ္ဇန်သည် ခန္ဓာ၏ ပင်ရင်းဖြစ်သော ပရမတ် ရုပ်,နာမ်ကို မသိမလိမ္မာ မနာမကြားရသော ကြောင့် အရိယာဖြစ်စေတတ်သော ပရမတ်တရားတို့ဟူ၍ မသိလေရကား ဤခန္ဓာကို ငါထင်သည်, ငါ့ဉစ္စာမှတ်သည်၊ ငါဟူ၍ ထောင်လွှားသည်, အခိုင်အမာဟူ၍ အားကိုးသည်၊ မည်သို့ဆိုစေ ပရမတ်ဖြစ်သော ဤ ရုပ်,

www.dhammaransi.com

နာမ်တို့ကား ဖြစ်လျက်, ပျက်လျက်နေရာမှ ပြောင်းလဲပျက်စီး တမျိုးတဖုံ ဖြစ်သွားသောအခါ 'ငါတော့ ဒုက္ခပဲ၊ သေမယ်ထင်ပါရဲ့၊ ကယ်ကြပါ ကူကြပါ'နှင့် သောကပရိဒေဝဖြစ်ရသည်မှာ ဤခန္ဓာ၏ ပင်ရင်း သဘောတရားမှန်ကို အမှန်အတိုင်းသိအောင် မလေ့လာ မဆည်းပူးခဲ့သဖြင့် အဖြစ်မှန်ကိုမသိပဲ ငါထင်မှု ဒိဋ္ဌိသဝကြောင့် သောကစသည် ဖြစ်ရပုံတည်း။

ဘဝါသဝ ကြောင့်လည်း (သောက) စိုးရိမ်ပူဆွေးမှု ဖြစ်တတ်ပုံ ကိုလည်း သိသင့်သည်၊ ပုံစံမှာ-

ယေပိ တေ ဘိက္ခဝေ ဒေဝါ ဒီဃာယုကာ ဝဏ္ဏဝန္တော သုခဗဟုလာ ဥစ္စေသု ဝိမာနေသု စိရဋ္ဌိတိကာ၊ တေပိ တထာဂတဿ ဓမ္မဒေသနံ သုတ္ဝာ ယေဘုယျေန ဘယံ သံဝေဂံ သန္တာသံ အာပဇ္ဇန္တိ။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-သီဟသုတ်-၇၀)

ချစ်သားတို့ - ထိုအခါ အသက်ရှည်ကုန်သော, အဆင်းလှကုန်သော, ချမ်းသာများကုန်သော, မြင့်သော ဗိမာန် တို့၌ ကြာမြင့်စွာတည်ကုန်သော နတ်တို့သော်မှလည်း မြတ်စွာဘုရား၏ တရားတော်သံကို ကြားနာကြရ၍ 'အချင်းတို့-ငါတို့သည် မမြဲသူတို့သာ ဖြစ်ကုန်လျက် မြဲကုန်၏ဟုထင်မိကြလေကုန်၏၊ ငါတို့သည် မခိုင်ခံ့သူတို့သာဖြစ်ကုန်လျက် ခိုင်ခံ့ကုန်၏ဟု ထင်ခဲ့မိကြလေကုန်၏၊ ငါတို့သည် မတည်တံ့သူတို့သာ ဖြစ်ကြကုန်လျက် တည်တံ့ကုန်၏ဟု ထင်မိခဲ့ကြလေကုန်၏၊ အချင်းတို့-ငါတို့သည် မမြဲကြ, မခိုင်ကြ, မတည်တံ့ကြကုန်ဘူးတဲ့ သက္ကာယ၌ အကျုံးဝင်ကြသတဲ့'ဟူ၍ များသောအားဖြင့် ကြောက်ခြင်း,ထိတ်လန့်ခြင်းသို့ ရောက်ကုန်၏။

ဤသည်လည်း ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် သီဟသုတ်ကို ထုတ်ဖော်ပြခြင်းဖြစ်၏၊ ထိုသုတ်တွင်မြတ်စွာဘုရားသည် သားတို့သနင်း ခြင်္သေ့မင်းကို ဥပမာထား၍ ချစ်သားတို့ သားတို့သနင်း ခြင်္သေ့မင်းသည် ညချမ်းအခါ ကိန်းအောင်းရာမှ ထွက်၍ ကိုယ်,လက်တို့ကို စမွယ်ပြီးလျှင် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့ကို ကြည့်ရှု၍ ခြင်္သေ့ဟောက်သံကို သုံးကြိမ်ဟောက်လျက် မိမိကျက်စားရာအရပ်သို့ တွက်သွား၏၊ ချစ်သားတို့-ခြင်္သေ့မင်း၏ ဟောက်သံကို ကြားရကုန်သော တိရစ္ဆာန်, သတ္တဝါတို့သည် များသော အားဖြင့် ကြောက်ခြင်း ထိတ်လန့်ခြင်းသို့ ရောက်ကြကုန်လျက် တွင်းနေ

www.dhammaransi.com

သတ္တဝါတို့သည်လည်း တွင်းထဲသို့ ဝင်ကြကုန်၏၊ ရေနေ သတ္တဝါတို့သည်လည်း ရေသို့ ဆင်းကြကုန်၏၊ ငှက်တို့သည်လည်း ကောင်းကင်သို့ ပျံကြကုန်၏၊ တောသတ္တဝါတို့သည်လည်း တောထဲသို့ ဝင်ကြကုန်၏၊ ချစ်သားတို့-ဤသို့လျှင် သားတို့သနင်း ခြင်္သေ့မင်းသည် တိရစ္ဆာန်သတ္တဝါတို့တွင် ဤသို့ တန်ခိုးကြီး၏၊ ဤသို့ အစိုးရ၏၊ ဤသို့ အာနုဘော်ကြီး၏။

ထို့အတူ လောကသုံးပါး၌ ပူဇော်အထူးကို ခံတော်မူထိုက်သော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူလာ၏၊ ထိုမြတ်စွာဘုရားသည်....

ဤကား-ဖောက်ပြန်မှုသဘောတည်း၊ ဤကား-ဖောက်ပြန်မှု၏ ဖြစ်ခြင်းတည်း၊ ဤကား-ဖောက်ပြန်မှု၏ ချုပ်ခြင်းတည်း၊ ဤကား-ခံစားမှု၏ မှတ်မှု၊ ဤကား-ပြုပြင်မှု၊ ဤကား-သိမှု သဘောတည်း၊ ဤကား-သိမှု၏ ဖြစ်ခြင်းတည်း၊ ဤကား-သိမှု၏ ချုပ်ခြင်းတည်း။

ဟူသော သုံးဆယ့်တဘုံသို့ မိမိ၏ဝါဒကို ကျေညာတော် မူလိုက်သောအခါ မြင့်သောနတ်ဘုံတို့၌ အသက်ရှည်စွာ စည်းစိမ်ခံစားနေသော နတ်တို့သည် ထိုအကြောင်းကို ကြားကြကုန်၍ မိမိတို့ထင်သလို ဤခန္ဓာသည် မြဲမြံ ခိုင်ခံ့သည် မဟုတ်ဘဲ သက္ကာယ ဟူသော ရုပ်,နာမ် နှစ်ပါး ဖြစ်,ပျက်တရား၌ အကျုံးဝင်သည်ဟု သိရသောအခါ များသောအားဖြင့် တုန်လှုပ်ခြောက်ရွံ့ကြကာ သောကဒုက္ခဖြစ်ကြောင်း၊ ဤကား မိမိတို့၏ ဘုံဘဝ၌ တပ်မက်မောသော ဘဝတဏှာ - ဘဝါသဝကြောင့် သောက ဖြစ်ရပုံကို ဖော်ပြပေသည်။

'အဝိဇ္ဇာသဝ'ကြောင့်လည်း....

သ ခေါ သော ဘိက္ခဝေ ဗာလော တိဝိဓံ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ။ (ဥပရိပဏ္ဏာသပါဠိတော်-၂၀၂)

ချစ်သားတို့-စင်စစ်အားဖြင့် ပညာမဲ့သော ထိုသူမိုက်သည် မျက်မှောက်သော ကိုယ်၏အဖြစ်၌ပင်လျှင် သောက-ပရိဒေဝ-ဒုက္ခ သုံးပါးကိုရင်း၊ နှလုံးမသာယာခြင်း ဒေါမနဿကိုရင်း ခံစားရ၏။

ဟု ဟောတော်မူသည်၊ ဤသို့ ပြခဲ့ပြီးသောနည်းဖြင့် အာသဝ၏ ဖြစ်ပွား ခြင်းကြောင့် ထိုသောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿ-ဥပါယာသ တရားတို့သည် ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုသောကစသည်တို့သည် ပြီးကုန်

www.dhammaransi.com

သည်ရှိသော် အဝိဇ္ဇာ၏အကြောင်းဖြစ်၍ ဖြစ်ကုန်သော အာသဝေါတို့ကို ပြီးစေတတ်ကုန်၏။

ထိုကြောင့် အာသဝေါတရား အရင်းခံကြောင့် စိုးရိမ်ပူဆွေးခြင်း (သောက)၊ငိုကြွေးမြည်တမ်းခြင်း(ပရိဒေဝ)၊ ကိုယ်ဆင်းရဲခြင်း(ဒုက္ခ)၊စိတ်နှလုံးမသာယာခြင်း(ဒေါမနဿ)၊ ပြင်းစွာပူပန်ခြင်း(ဥပါယာသ)၊တို့သည် ဖြစ်ကုန်၏။

ယင်းသို့သော ခန္ဓာဇာတိ၏ အကျိုးဆက် ဖြစ်သော သောက-ပရိဒေဝစသော တရားတို့သည် ဒုက္ခသစ္စာ ခန္ဓာရခြင်း၏ နောက်ဆက်တွဲ ဒုက္ခများ ဖြစ်သောကြောင့် ပေါင်း၍ပြခဲ့သည်၊ အနှစ်သာရ တရားကိုယ် အားဖြင့် ဒေါသတခုတည်းသာဖြစ်၍ အကျယ်မချဲ့သာပြီ၊ သဘောတရား တခုကို နည်းမှီးပြီးလျှင် 'ခန္ဓာရမှု-ဆင်းရဲစု' သဘောသို့ ဉာဏ်သက်ရောက် အောင် လေ့လာပွားများနိုင်ကြပါစေကုန်။

သောက စသည် ပြီး၏။

အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခ

မချစ် မနှစ်သက်သော အာရုံ, သတ္တဝါ, သင်္ခါရ တို့နှင့် ပေါင်းဖော် ယှဉ်တွဲ နေထိုင် ရခြင်းသည် ဆင်းရဲ၏ ဟု ဖော်ပြသော ပညတ်နက်ကို ပရမတ်သဘောသို့ ရောက်၍ ဒုက္ခသစ္စာမြင်နိုင်ရန် အနည်းငယ် ဖွင့်ဆိုအံ့၊ ဤသဘောကို ပြရာ၌....

၁။ မချစ်မနှစ်သက်အပ်သော အာရုံ, သတ္တဝါ, သင်္ခါရတို့နှင့် ပေါင်းသင်းရခြင်း လက္ခဏာရှိ၏၊

၂။ စိတ်၏ ပင်ပန်းခြင်းကို ပြုခြင်းကိစ္စရှိ၏၊

၃။ အကျိုးမဲ့ဖြစ်ခြင်းသည်သာ အကျိုးရှိ၏၊

ထိုမချစ်မနှစ်သက်အပ်သော အာရုံ,သတ္တဝါ,သင်္ခါရတို့နှင့် ပေါင်းသင်းဆက်ဆံကြရကုန်သော သူတို့သည်....

၁။ စိတ်ဆင်းရဲရခြင်း 'စေတသိကဒုက္ခ'၊

၂။ ကိုယ်ဆင်းရဲရခြင်း 'ကာယိကဒုက္ခ'၊

ဟူသော ၂-ပါးသော ဆင်းရဲခြင်း(ဒုက္ခ)၏ အကြောင်းဖြစ်သော ကြောင့် ရုပ်,နာမ် ၂-ပါး၏သာလျှင် ထိုဆင်းရဲတို့ကို ခံစားရပေသဖြင့်

www.dhammaransi.com

ဒုက္ခသစ္စာ၌ ထည့်သွင်း၍ ဟောတော်မူသည်၊ ထို့ကြောင့် ဤလောက၌ မချစ်မနှစ်သက် အပ်သော အာရုံ, သတ္တဝါ, သင်္ခါရ တို့နှင့် ပေါင်းသင်းဆက်ဆံကြရသောသူတို့မှာ တဦးနှင့်တဦး မာန်,မာန,ဒေါသတို့ လွန်ကျူးလျက် ခိုက်ရန် ငြင်းခုန် ရိုက်နှက် သတ်ဖြတ် ကြရ သည်ကား ရှေးဦးစွာ စိတ်ဆင်းရဲမှုမှစ၍ ကိုယ်ဆင်းရဲခြင်း ဖြစ်ပြန်ရသောကြောင့်....

ဒိသွာဝ အပ္ပိယေ ဒုက္ခံ၊ ပဌမံ ဟောတိ စေတသိ။
တဒုပက္ကမ သမ္ဘူတ၊ မထကာယေ ယတော ဣဓ။
တတောဒုက္ခဒ္ဒယယောဂါပိ၊ ဝတ္ထုတော သော မဟေသိနာ။
ဒုက္ခော ဝုတ္တောတိ ဝိညေယျော၊ အပ္ပိယေဟိ သမာဂမော။
(သမ္မောဟဝိနောဒနီအဋ္ဌကထာ-၁၀၁။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ-၁၃၆။ ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ ၁၃၇)

အပ္ပိယေ၊ မချစ်မနှစ်သက်သဖြင့် ရန်သူဖြစ်သောသူတို့ကို။ ဒိသွာဝ၊ တွေ့ရမြင်ရ၍သာလျှင်။ တဒုပက္ကမသမ္ဘူတံ၊ ထိုရန်သူ၌ လှုံ့လပြုခြင်းကြောင့်ဖြစ်သော။ စေတသိ၊ စိတ်၌။ ဒုက္ခံ၊ ဆင်းရဲသည်။ ပဌမံ၊ ရှေးဦးစွာ။ ယတော၊ အကြင့်ကြောင့်။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုနောက်မှ။ ကာယေ၊ ကိုယ်၌။ ဒုက္ခံ၊ ဆင်းရဲသည်။ ဟောတိ၊ ဖြစ်၏။

တတော၊ ထို့ကြောင့်။ ဣဓ၊ ဤဒုက္ခသစ္စာနိဒ္ဒေသ၌။ ဒုက္ခဒ္ဒယယောဂါပိ၊ ဆင်းရဲနှစ်ပါး အပေါင်း၏လည်း။ ဝတ္ထုတော၊ အကြောင်းဖြစ်သည် အဖြစ်ကြောင့်။ အပ္ပိယေဟိ၊ မချစ်မနှစ်သက်သဖြင့် ရန်သူဖြစ်ကုန်သောသူတို့နှင့်။ သော သမာဂမော၊ ထိုသို့ပေါင်းသင်းနေရခြင်းကို။ ဒုက္ခောတိ၊ ဆင်းရဲ၏ဟူ၍။ မဟေသိနာ၊ သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓ စသော ဂုဏ်ထူး ဝိသေသ ရှိတော်မူသော မြတ်စွာဘုရား သည်။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝိညေယျော၊ သိအပ်၏။

ဤလောက၌ တဦးတယောက်သောသူသည် မိမိ၏စိတ်၌ မချစ်ခင်မနှစ်သက်အပ်သော အာရုံ,သတ္တဝါ,သင်္ခါရတခုခုကို တွေ့ရ,မြင်ရ,ကြားသိရသည်ရှိသော် ထိုမြင်မှု,ကြားမှု စသည်ကြောင့် ဖြစ်သော (ဒေါမနဿ) စိတ်နှလုံးမသာယာမှုသည် စိတ်၌ရှေးဦးစွာ ဖြစ်ပေါ်လာ၏၊ ထိုနောက်မှ စိတ်ဆင်းရဲခြင်းကြောင့် ဖြစ်သော (ဒုက္ခ) ကိုယ်ဆင်းရဲမှု ခိုက်ရန်ငြင်းခုန်မှု ပုတ်ပန်းမှု စသည်တို့သည် ဖြစ်ပေါ်၍ လာကုန်၏၊ ထို့ကြောင့် ထိုမချစ်မနှစ်

www.dhammaransi.com

သက်အပ်သော အာရုံ,သတ္တဝါ,သင်္ခါရ တို့နှင့် အတူတကွ တွေ့ဆုံယှဉ်တွဲ မှီဝဲဆက်ဆံရခြင်းသည် ထိုနာမ်ကိုရင်း, ထိုရုပ်ကိုရင်း ဆင်းရဲစင်စစ် ဖြစ်စေသည်၏အဖြစ်ကြောင့်(ဒုက္ခသစ္စာ)ဆင်းရဲအမှန်ဟု ဟောတော်မူသည်။

ယင်းသို့ ဟောတော်မူအပ်သော အရင်းခံရုပ်,နာမ် ပရမတ္ထသဘောကိုပင်လျှင် ပညတ်သို့တင်၍ မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ် သတ္တဝါ အနေအားဖြင့် ဟောထားအပ်သော်လည်း ထိုပုဂ္ဂိုလ်,သတ္တဝါဟူသည် ရုပ်,နာမ် ဓာတ် ဖန်လာရှိသည့် သမ္မုတိအခေါ်သာဖြစ်သည်။ ထိုထိုသမ္မုတိ ပညတ်တို့ဖြင့် ထိခိုက်ဘေးရန် တွေ့ကြုံပြန်သော် 'စိတ်,နာမ်ဆင်းရဲ၊ရုပ်ဆင်းရဲတည့်' သို့ ဖြစ်ဘိကြောင့် ပရမတ်သဘော ဆင်းရဲအမှန်ဟု ဒုက္ခသစ္စာကို ဟောလေသည်။

ဥဋ္ဌာရ ဝိမာန ဝတ္ထု၊ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်မဟာမောဂ္ဂလ္လာန်၏ အလုပ်အကျွေးမျိုး၌ အမျိုးသမီး တယောက်သည် လှူဒါန်းမှုတို့၌ အလွန် ဝါသနာပါလေသည်။ မိဘတို့ကလည်း လှူဒါန်းနိုင်ရန် ပြုလုပ်စီမံပေးထားလေရာ အတိုင်းထက်အလွန် ပျော်မွေ့လေသည်။ လှူဒါန်းရာ၌ သံဃာတော်တွင်မက သူတောင်းစားများပါမကျန် ပေးကမ်းစွန့်ကြဲဘတ်လေသည်။

ထိုအမျိုးသမီး အချိန်အရွယ်ရောက်လျှင် မိဘတို့သည် ထိုမြို့က အမျိုးသား တယောက်နှင့် လက်ထပ်ထိမ်းမြား ပေးသောကြောင့် လင်ယောကျ်ားအိမ်သို့ လိုက်ပါသွားရလေသောအခါ ၎င်း၏ယောက္ခမများမှာ မိစ္ဆာဒိဋ္ဌိအယူ ရှိသူများဖြစ်၍ မလှူမဒါန်းရသောကြောင့် အလွန်ပင် စိတ်ဆင်းရဲလေသည်။

တနေ့သောအခါ အရှင်မဟာ မောဂ္ဂလ္လာန်သည် သူတို့၏အိမ်ရှေ့၌ ဆွမ်းရပ်လေရာ အမျိုးသမီး မြင်သောအခါ 'ပဝိသထ ဘန္တေ' အတွင်းကို ဝင်တော်မူပါဘုရား-ဟု ပင့်လျှောက်ပြီးလျှင် ယောက္ခမအတွက်ထားသော မုံ့ကိုယူ၍ 'နောက်မှ ပြောပြပြီး အနုမောဒနာပြုအံ့' ဟု ကြံလျက် မထေရ်မြတ်အား ပေးလှူလေသည်။ မထေရ်မြတ်လည်း အနုမောဒနာပြု၍ ကြွသွားလေသောအခါ သူ့ယောက္ခမအား 'အရှင်မဟာ မောဂ္ဂလ္လာန်အား မုံ့လှူမိကြောင်း'ကို ဝမ်းသာဘို့ပြောသည်တွင် ယောက္ခမက....

www.dhammaransi.com

(ကိန္နာမိဒံ ပါဂဗ္ဗိယံ)'ဘယ့်နှယ် မင်းဟာ အလှူရဲလှချည့်လား'၊
(အယံ မမ သန္တကံ) 'ဒီမှံ့ဟာ ငါ့ပစ္စည်း,ငါ့မှံ့ဘဲ'၊
(အနာပုစ္ဆိတ္ဗာဝ သမဏာ အဒါသိ) ငါ့ကိုလဲ ကြို တင် ပြောဆို ပန်ကြားခြင်းမရှိဘဲနဲ့ ရဟန်းကို မင်းလှူတယ်'။

ဟု ဆဲဆိုကြိမ်းမောင်းပြီးလျှင် ဒေါသအမျက် ပြင်းစွာထွက်လျက် နှုတ်မှလည်း တဖြစ်တောက်တောက် ပြောဆိုကာ ရှေ့တွင်ရှိနေသော စပါး ထောင်းသည့် ကျည်ပွေ့နှင့် ပခုံးရိုးကိုရိုက်လိုက်ရာ နူးညံ့သိမ်မွေ့သောအမျိုး သမီးသည် ကြီးစွာသော ဒုက္ခဝေဒနာကို ခံစားရပြီးလျှင် ၂-ရက်၊ ၃-ရက် အကြာတွင်သေ၍ တာဝတိံသာနတ်ပြည်တွင် နတ်သမီး သွားဖြစ်ကြောင်း ဝိမာနဝတ္ထု အဋ္ဌကထာ ၁၀၉-ကို အကျဉ်းချုပ်၍ မြန်မာပြန်လိုက်သည်။

ဤဝတ္ထုတွင် အလှူအဒါန်းဝါသနာပါသော အမျိုးသမီးမှာ မိစ္ဆာ ဒိဋ္ဌိယောက္ခမတို့နှင့် နေရလေသောအခါ မလှူရ,မဒါန်းရသဖြင့် မနှစ်သက် အပ်သော သတ္တဝါ, သင်္ခါရ တို့ကြောင့် စိတ်ဆင်းရဲ ရလေသည်။ (ပဌမံ ဟောတိ စေတသိ)ရှေးဦးစွာစိတ်ဆင်းရဲမှုဖြစ်ရသည်။ နောက် အရှင်မဟာ မောဂ္ဂလ္လာန်ကို မှံ့လှူမိရာတွင်လည်း ဆဲဆို ကြိမ်း မောင်း မြည်တွန်သဖြင့် ပဌမစိတ်ဒုက္ခတွေ့ရပြီး ကျည်ပွေ့နှင့် အရိုက်ခံရသောကြောင့် ကြီးစွာသော ကိုယ်ဆင်းရဲမှုဖြစ်ကာ သေဆုံး သွားရသည်ကား (အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော) မချစ်မနှစ်သက်အပ်သော အာရုံ,သတ္တဝါ သင်္ခါရကြောင့် ရှေးဦးစွာ (စေတသိက ဒုက္ခ)စိတ်ဆင်းရဲပြီးနောက်(ကာယိက ဒုက္ခ)ကိုယ် ဆင်းရဲရသည်မှာ ထင်ရှားလှသောကြောင့် ဤသည်လည်း ဒုက္ခသစ္စာဟု ဟောတော်မူသည်။ တဖန်....

ရဇ္ဇုမာလာဝတ္ထု မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ သီတင်းသုံး နေတော်မူ သော အခါ ဂယာ အမည်ရှိသော ပုဏ္ဏားရွာတွင် မထင်မရှားသော ပုဏ္ဏားအိမ်တွင် ကျွန်မ တယောက်ရှိလေသည်။ ထိုကျွန်မသည် သခင်ဖြစ်သော ပုဏ္ဏားတို့နှင့် တမိ ဝမ်းတွင်း အတူဆင်းသကဲ့သို့ ခင်မင်ရင်းနှီးစွာဖြင့် နှစ်ကာလ အတော်ပင် ကြာသွားလေပြီ။ တနေ့သောအခါဘှင် ပုဏ္ဏားကြီး၏ သားသည် အခြား သောပုဏ္ဏေးမ သမီးပျိုတယောက်အား မိဘများ သဘောတူညီ ချက်ဖြင့် ပေးစားထိမ်းမြားသဖြင့် သူ့အိမ်သို့ခေါ်ခဲ့လေသည်။

www.dhammaransi.com

ထို ပုဏ္ဏေးမ အိမ်သို့ရောက်၍ ကျွန်မကို တွေ့မြင်သည့် အချိန်မှစ၍ အလိုလို ဒေါသထွက်လျက် ဆဲဆိုခြင်း, တဖွဖွရေရွတ်ခြင်း, အကြောင်းမဲ့ ရိုက်ခြင်း, ခြေနှင့်ကန်ခြင်း, အယုတ်ဆုံးအားဖြင့် တွေ့ကရာနှင့် ကောက်ရိုက်ခြင်းတို့ကို ပြုလုပ်လေသည်။ ဆံပင်ကိုလည်း ဆွဲ၍ မကြာခဏ ရိုက်နှက်ညှဉ်းဆဲခံရသဖြင့် ကျွန်မမှာ အခါတိုင်းကဲ့သို့ စိတ်အေးချမ်းသာစွာ မနေနိုင်တော့ပဲ (အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခ)ဖြစ်၍ နေလေသည်။

တနေ့သောအခါ ကျွန်မသည် မြစ်ဆိပ်သို့ ရေခပ်ရန် သွားသော အခါ ခေါင်းရိတ်သူတို့ကိုတွေ့သဖြင့်ဆံပင်ဆွဲ၍မရိုက်နိုင်စေရန် သူ့ဦးခေါင်းကို ကတုံးရိတ်ခဲ့လေသည်။အိမ်ပြန်ရောက်သောအခါ ပုဏ္ဏေးမက ကျွန်မ၏ ဦးခေါင်းတွင်ဆွဲ၍ရိုက်ရန် ဆံပင်မရှိတော့သောကြောင့်....

ကိံ ဇေ ဒုဌဒါသီ မုဏ္ဍာနမတ္တေန တဝ ဝိပ္ပမောက္ခော။

'ကျွန်အယုတ်မ၊ ငါကတုံးရိတ်ထားရုံနဲ့ လွတ်မယ်မျှားထင်သလား' လို့ ဆိုပြီး ကြိုးတချောင်းယူကာ ကျွန်းမ၏ ဦး ခေါင်း ကို ရစ် ပတ် ဖွဲ့ချည်လျက် ကြိုးစကိုဆွဲပြီးရိုက်ပြန်တော့သည်။ ထိုအခါမှစ၍ ခေါင်းတွင် ကြိုးပန်းကြိုးပန်ထားသလို ဖြစ်နေသောကြောင့်(ရဇ္ဇုမာလာ)ဟု ခေါ်ကြလေသည်။

သို့ဖြင့် ကျွန်မ ရဇ္ဇုမာလာသည် ရှေးကနှင့်မတူ မချစ်မနှစ်သက်အပ်သောသူနှင့် အတူတကွ နေထိုင်ရသဖြင့် လွန်စွာ စိတ်ဆင်းရဲသောကြောင့် 'တောထဲသွားပြီး ကြိုးဆွဲချသေတာက ကောင်းမယ်' ဟု ဆုံးဖြတ်လျက် ရေသွားခပ်မည့်ဟန်နှင့် အိုးကိုရွက်၍ အိုးထဲဘွင် ခိုင်ခံ့သော ကြိုးတချောင်းကိုထည့်ယူကာ တောထဲသို့ထွက်ခဲ့လေသည်။

ထိုအချိန်တွင် အချိန်ဖြစ်ခဲ့မည့် ပုဂ္ဂိုလ်တို့အတွက် တာဝန်ရှိသော မြတ်စွာဘုရားသည် သေတော့မည့်ဖြစ်မည့် ရဇ္ဇုမာလာကို တွေ့ရန် သစ်ပင်တပင်အရင်းတွင် ရောက်နှင့်နေသပြီ၊ ရဇ္ဇုမာလာလည်း သစ်ပင်တပင် ပေါ်တက်၍ သစ်ကိုင်းတကိုင်းတွင် ကြိုးကိုခိုင်အောင်ချည်ပြီး ကြိုးတဖက် တွင် ဦးခေါင်းစွပ်ရရန်ကွင်းလုပ်လျက် လည်ပင်းတွင်စွပ်ပြီးလျှင် အောက် သို့ခုန်ချတော့မည့်ဆဲဆဲ မြတ်စွာဘုရား၏ ရောင်ခြည်တော်ကြောင့် ခုန်မ ဆင်းဖြစ်ဘဲ ကြိုးကိုဖြုတ်၍ဆင်းလာပြီးလျှင် မြတ်စွာဘုရားကိုဖူးမျှော်လျက် သစ္စာတရားနာလေရာ သောတာပန်ဖြစ်၍ အိမ်ပြန်လေသည်။

www.dhammaransi.com

ဤဦလည်း ပုဏ္ဏားချေးမအမျိုးသို့ ဤအိမ်ကို မရောက်မီက ရဇ္ဇုမာလာသည် ကျွန်ပင်ဖြစ်သော်လည်း မိသားစုကဲ့သို့ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ကြလေသည်။ သို့ရာတွင် ပုဏ္ဏေးမအိမ်ကို ရောက်လာကာမှ ရှေးဝိပါက်ကြောင့်(အပ္ပိယေဟိ သမ္ပယောဂဒုက္ခ) မချစ်မနှစ်သက်သော သူနှင့် အတူနေရတော့ရာရဇ္ဇုမာလာမှာ(ပဋ္ဌမံ ဟောတိ စေတသိ)အရှေးဦးစွာ စိတ်ဆင်းရဲရသည်။ နောက်အရိုက်အနှက်အထောင်းအထုခံရပြီး ကိုယ်ဆင်းရဲ ကြုံတွေ့ရသည်မှ သေကြောင်းကြံသည်အထိဖြစ်ရသည်။

ဤဘဝ သောတာပန် အရိယာဖြစ်ရမည့်သူမို့ မြတ်စွာဘုရားက စောင့်ကြို၍ တရားဟောသောကြောင့် အသက်မသေဖြစ်ရုံတွင်မက သောတာပန်အရိယာပင်ဖြစ်၍ အိမ်ပြန်ပြီးမြတ်စွာဘုရားကိုပင့်လျက်တရားနာကြမှုကြောင့် ရှေးဝိပါက်တွေကျေပျက်လျက် ပုဏ္ဏေးမနှင့် ညီအမကဲ့သို့ချစ်ခင်သွားကြကြောင်း ဝိမာနဝတ္ထုအဋ္ဌကထာ ၁၉၀-အရ မြန်မာပြန်၍ ဖော်ပြရပေသည်။

ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော မိမိတို့ နှစ်သက်အပ် သာယာတပ်မက် အပ်သော အာရုံငါးပါး ကာမဂုဏ်တရား တို့နှင့် မိမိအကျိုးလိုလားသောသတ္တဝါ မိမိအကျိုးရှိ လုပ်ငန်းတို့ကို အထောက်အကူဖြစ်စေသော သင်္ခါရဝတ္ထု အစုစုတို့ကို မိမိသည် တွယ်တာခင်မက် နှစ်သက်မြတ်နိုးပါလျက် ယင်းအာရုံ,သတ္တဝါ,သင်္ခါရတို့နှင့် အတူတကွ ယှဉ်တွဲပေါင်းဖော်၍ မနေရပဲ ကွဲကွာကွေကွင်း ရခြင်းသည် စင်စစ် ဒုက္ခသစ္စာ ဆင်းရဲစွာ၏။

၁။ ချစ်ခင်နှစ်သက်အပ်သော အာရုံ,သတ္တဝါ,သင်္ခါရ တို့နှင့် ကွဲကွာရခြင်း လက္ခဏာရှိ၏၊

၂။ စိုးရိမ်ပူဆွေး စိတ်လက်မအေးခြင်းကိစ္စ ရှိ၏၊

၃။ ပျက်စီးခြင်းလျှင် ထင်သောအခြင်းအရာ ရှိ၏၊

ယင်းသို့ ချစ်ခင်နှစ်သက်အပ်သော အာရုံ,သတ္တဝါ,သင်္ခါရ တို့နှင့် ကွဲကွာနေရသော သူတို့သည်....

www.dhammaransi.com

၁။ စိတ်၏ဆင်းရဲခြင်း 'စေတသိကဒုက္ခ'၊

၂။ ကိုယ်၏ဆင်းရဲခြင်း 'ကာယိကဒုက္ခ'၊

ဟူသော ဆင်းရဲတရား ဤနှစ်ပါးသည် ဆင်းရဲ၏ အကြောင်းရင်းတို့သာ ဖြစ်သောကြောင့် 'ဒုက္ခသစ္စာ'ဟု ဟောတော်မူသည်။

ဤ၌ ချစ်ခင်နှစ်သက်အပ်သော သတ္တဝါ, သင်္ခါရတို့ဟူသည်ပျက်စီး ချွတ်ယွင်း ကွေကွင်းတတ်စွာ ဓမ္မတာတရားဖြစ်သည်နှင့် အညီ၊ ပျက်စီးခြင်း, သေပျောက် ကွေကွင်းခြင်း ဖြစ်သည် ရှိသော် ထိုအဖြစ်မျိုးနှင့် တိုက်ဆိုကိုယ်တွေ့ကြုံသောသူအား 'ငါ၌ ဤသူတို့သည်၎င်း,ဤပစ္စည်းဥစ္စာတို့သည်၎င်း ရှေးအခါ၌ရှိခဲ့ဘူး၏၊ရဘူး၏၊ယခုဤသူ ဤပစ္စည်းတို့သည် ငါ့အားမရှိတော့'ဟု စိုးရိမ်ပူပန်သော 'သောကသလ္လ' ငြောင့်သည် စူးဝင် တော့၏၊ စိတ်ဆင်းရဲ၏မူလ ပဏ္ဏာသပါဠိတော် မဟာဒုက္ခက္ခန္ဓ သုတ်တော်၌လည်း မြတ်စွာဘုရားက....

ရဟန်းတို့-အာရုံငါးပါး ကာမဂုဏ်တရားတို့အတွက် ပစ္စည်း ဥစ္စာကို ရှာဖွေသော အမျိုးသားသည် ထကြွလုံ့လဝီရိယကြောင့် အလိုရှိတိုင်း ရ၏၊ထိုအခါ ငါ၏ရရှိထားသော ဥစ္စာပစ္စည်းတို့ကို မင်းတို့သည်၎င်း, ခိုးသူတို့သည်၎င်း မယူနိုင်အောင် မီးတို့သည်မလောင်နိုင်အောင် ရေတို့သို့လည်း မမြုပ်မမျောအောင် မချစ်မနှစ်သက်သော သူတို့သည်လည်း မဖျက်ဆီးနိုင်အောင် အဘယ်သို့ ထိန်းသိမ်း စောင့်ရှောက် ရပါမည်နည်းဟု စိုးရိမ်လျက်, ပင်ပန်းလျက်, ကြောင့်ကြလျက်, ပူပန်လျက် နေပါသော်လည်း မင်းတို့သည်လည်း သိမ်းယူအံ့၊ ခိုးသူတို့ကသော်လည်း ခိုးယူအံ့၊ မီးသော်လည်း လောင်အံ့၊ရေသော်လည်းမြုပ်အံ့၊မချစ်မနှစ်သက်သူတို့ သော်လည်း ဖျက်ဆီးအံ့၊ ထိုအမျိုးသားသည် 'ငါ့အား ရှာဖွေ စုဆောင်း ထားသော ဥစ္စာပစ္စည်းတို့သည် မရှိတော့ပါတကား'ဟု ငိုကြွေး၏၊ ပင်ပန်း၏၊ ရင်ဖတ်စည်တီး မြည်တမ်း၏၊ တွေဝေ၏။

ဟု ဟောတော်မူသည်၊ ယင်းသို့ အလိုရှိအပ် နှစ်သက် သာယာအပ်သော အာရုံ, သတ္တဝါ, သင်္ခါရတို့နှင့် ခွဲခွာ ကွေကွင်းရသဖြင့် ပဌမ စိတ်ဆင်းရဲလျက် နောက်တွင် စိတ်ဆင်းရဲမှု အကြောင်းပြု၍ ကိုယ်လက် ပိန်ချုံး ချိနဲ့လာခြင်း အသားအရေ ဖြော့တော့၍ မစားနိုင် မအိပ်နိုင်နှင့် ကိုယ်ဆင်းရဲခြင်းသည် ထပ်ဆင့်၍ ဖြစ်လာလေသည်၊ ထို့ကြောင့်....

www.dhammaransi.com

ဉာတိဓနာဒိဝိယောဂ ါ၊သောကသရသမပ္ပိတာ ဝိတုဇ္ဇန္တိ။
ဗာလာ ယတော တတောယံ၊ဒုက္ခောတိ မတော ပိယဝိပ္ပယောဂေ ါ။
(သမ္မော အဋ္ဌကထာ–၁၁၁၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁၃၆။ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၁၃၈)

ဉာတိဓနာဒိဝိယောဂ ါ၊ဆွေမျိုး,ပစ္စည်း,ဥစ္စာ အစရှိသည်တို့၏ ပျက်စီးခြင်းကြောင့်။ သောက သရသမပ္ပိတာ၊ စိုးရိမ် ခြင်း တည်း ဟူသော မြားသည်နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ဗာလာ၊လူမိုက်တို့သည်။ယတော၊ အကြင့်ကြောင့်။ ဝိတုဇ္ဇန္တိ၊ကျင်နာကုန်၏။တတော၊ထိုကြောင့်။ အယံ ပိယဝိပ္ပယောဂေ ါ၊ ဤချစ်အပ် နှစ်သက်အပ်သော အာရုံ,သတ္တဝါ, သင်္ခါရ တို့နှင့် ကွဲကွာ ကွေကွင်း နေရ ခြင်းသည်။ ဝ ါ-နေရခြင်းကို။ ဒုက္ခောတိ၊ဆင်းရဲကြောင်း စင်စစ်မှန်၏ဟူ၍။မတော၊သိအပ်၏။

ဤလောက၌ ဆွေမျိုး, ပစ္စည်း, ဥစ္စာ စသည် တို့၏ ပျက်စီးခြင်းကြောင့် စိတ်၌ စိုးရိမ်ခြင်းသောက တည်းဟူသော မြားသည် စူးဝင်နှိပ်စက်သောကြောင့် ကိုယ်၌ နာကျင်ကုန်၏၊ပင်ပန်းကုန်၏၊ထို့ကြောင့် ဤချစ်ခင်နှစ်သက်အပ်သော ဥစ္စာပစ္စည်း,သတ္တဝါ,သင်္ခါရတို့နှင့်တနည်းတဖုံ ကွဲကွာကွေကွင်း ရခြင်းကို ဆင်းရဲအမှန် ဖြစ်သော 'ဒုက္ခ သစ္စာ' ဖြစ် သည် ဟု ဟောတော်မူသည်။

ဤနေရာ၌လည်း ပရမတ္ထ ဓမ္မ ဖြစ်သော ခန္ဓာ ငါးပါး, ရုပ်,နာမ် နှစ်ပါးကိုပင် သတ္တဝါ, ပုဂ္ဂိုလ်အနေ ပညတ် တင်၍ ဟောတော် မူသည်၊ ထို့ကြောင့် ခန္ဓာငါးပါး,ရုပ်,နာမ်တရားတို့၏ အပေါင်းအစုမျှသာဖြစ်သော ဤသတ္တဝါ, ပုဂ္ဂိုလ်တို့သည် မိမိတို့၏ရုပ်,နာမ်အချင်းချင်း ပေါင်းသင်းကြရာ၌ ဤအရာဝတ္ထုတို့သည်ကား 'ချစ်အပ်,နှစ်သက် အပ်သော သင်္ခါရတို့မည်ကုန်၏'ဟူ၍ လောဘတဏှာ ရှေ့သွားပြုလျက် မှတ်ယူကြကုန်သည်။

သို့အတွက် ပရမတ္ထဓမ္မသို့ မဆိုက်မထိ နှလုံးမသွင်းပဲ ပညတ္တိ ဓမ္မ ဟူသည့် ပုဂ္ဂိုလ်, သတ္တဝါ ယူမှတ်နေမှုကြောင့် ထိုသူတို့အတွက် ဆင်းရဲ အမှန် ဒုက္ခသစ္စာ ဖြစ်လေသည်၊ စင်စစ်မှာ ပညတ်အာရုံကို နှလုံးသွင်း မှားသည့်အတွက် ကိလေသာအဆင့်ဆင့် ဖြစ်ကြလေသည်၊ပုံစံကား....

www.dhammaransi.com

တ ယော ဇ န ပဗ္ဗဇိတ ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ သာဝတ္ထိပြည်တွင် တခုသောအမျိုး အိမ်၌ မိဘနှစ်ဦးတို့တွင် အလွန်ချစ်ခင်တွယ်တာအပ်သော သားတယောက် ရှိလေသည်၊ တနေ့သ၌ ၎င်းတို့၏အိမ်တွင် ဆွမ်းခံသော ရဟန်းတပါးအား ဆွမ်းကပ်ပြီးလျှင် အနုမောဒနာ တရားကို နာကြလေ သည်၊ထိုတရား၌ သဘောကျသောကြောင့် သူတို့၏ သားသည် ထိုအခါမှ စ၍ ရဟန်းပြုရန် စိတ်ထက်သန်သဖြင့် မိဘထံတွင် ခွင့်ပန်လေသည်၊ မိဘတို့ ကလည်း ခွင့်မပြုကြကုန်၊ နောက်တွင် သူတို့၏ သားသည် တနေ့နေ့တွင် ထွက်ပြေး၍ ရဟန်းပြုလိမ့်မည်ဟု စိတ်ပူကြသောကြောင့် အမိနှင့်အဖ နှစ်ဦး သည် တဦးတယောက်ကကိစ္စရှိ၍အပြင်ထွက်လျှင် ကျန်သောသူအား....

ဣမံ ရက္ခေယျာသိ 'ဒီသားကို စောင့်နေပါ'။

ဟု ကျန်သောသူကို အစောင့်ထားခဲ့လေ့ ရှိလေသည်၊ တနေ့သော အခါ အဖသည် အပြင်သွားရန် ရှိသဖြင့် အမိအား မှာကြား အစောင့် ထားခဲ့လေသည်၊ မိခင်လည်း 'ပုတ္တံ၊ သားကို။ ဂေါ္ပယာမိ၊ စောင့်အံ့'ဟု တံခါးပေါက်တခြမ်းပိတ်၍ အပေါက်မှပိတ်ဆို့ပြီးလျှင် ရက်ကန်းယက်ရန် ချည်ငင်နေလေသည်။

သားသည်လည်း(ဣမံ ဝဉ္စေတွာ ဂမိဿာမိ) 'အမေ့ကို လှည့်ပတ် ပြီး ငါသွားရမယ်'ဟု ကြံပြီး 'အမ္မ၊မိခင်။ ထောကံ၊အနည်းငယ်။ အပေဟိ၊ ဖယ်လိုက်စမ်းပါ။ သရီရဝလဉ္ဇံ၊ကိုယ်လက်သုတ်သင် အိမ်သာဝင်ဖို့ကိစ္စကို။ ကရိဿာမိ၊ပြုပါအံ့'၊ ဝါ-'အိမ်သာ သွားချင်လို့' ဟု ပြောသဖြင့် မိခင်က အဟုတ်မှတ်ပြီး အပေါက်မှဖယ်ပေးလိုက်ရာ သားလည်း ထွက်၍နောက်ဖေး သို့ သွားပြီး ကျောင်းသို့ တချိုးထဲ ပြေးတော့သည်။

ဖခင်သည် အပြင်မှ ပြန်လာသောအခါ သားကိုမတွေ့၍ မေးလေ လျှင် မိခင်က နောက်ဖေးအိမ်သာ သွားကြောင်း ပြောလေသည်၊ အတန် ကြာသော်လည်း ပြန်မလာသဖြင့် ဖခင်က နောက်ဖေးဖက် သွားကြည့်ရာ မတွေ့သောကြောင့် 'ဝိဟာရံ ဂတော ဘဝိဿတိ' 'ဒီကောင် ကျောင်းသွား တာ ဖြစ်ရမယ်'ဟု တွေးပြီး ကျောင်းလိုက်သွားသောအခါ သင်္ကန်းဝတ် ထားသည်ကိုတွေ့၍ ငိုယိုလျက်....

www.dhammaransi.com

သား-ငါတို့ကိုမဖျက်ဆီးပါနှင့်။ 'မမပုတ္တော၊ငါ့သားသည်။ ပဗ္ဗဇိတော၊ ရဟန်းပြုသည်ရှိသော်။ ဣဒါနိ၊ ယခုအခါ၌။ အဟံ၊ ငါသည်။ ဂေဟေ၊ အိမ်၌။ ဝါ၊ အိမ်ပြန်လို့။ ကိံကရိဿတိ၊ဘာလုပ်တော့မည်နည်း။ ငါမပြန် တော့ဘူး ဆို၍ ရဟန်းတော်များ အထံတွင် ရဟန်းခံလေသည်။

သို့နှင့် အိမ်တွင်ကျန်ရစ်သောမိခင်ကလည်း သူတို့သားအဖ နောက် ဖေးဖက်ဝင်တာကြာပြီဟု ကြံပြီး နောက်ဖေးဖက်သွားကြည့်လေရာ မတွေ့ တော့သောကြောင့် ကေန် ကျောင်းသို့သွားကြမည်ဟု ယုံကြည် ချက် နှင့် ကျောင်းသို့ လိုက်လေရာတွင် သားအဖ နှစ်ဦးစလုံး ရဟန်းဖြစ် နေသည်ကို တွေ့၍ 'ငါလည်း အိမ်မပြန်တော့ဘဲ ရ ဟန်း ပြု ပေ တော့ အံ့' ဟု ဘိက္ခုနီ များထံတွင် ရဟန်းပြုလေသည်။

ရဟန်းနှင့် ဘိက္ခုနီမပြု၍ နေ ကြ သော် လည်း ၎င်းတို့ သားအမိ, သားအဖသုံးဦးတို့သည် ခွဲခွါ၍ မနေဘူး ကြ သော ကြောင့် ကျောင်းခွဲ၍ မနေဘဲ တကျောင်းတည်း အတူနေကြလေသည်။ ယင်းသို့ အတူနေ, အတူ စား,အတူသွား,အတူလာနှင့် လူဝတ်နှင့် အိမ်တွင် နေကြသကဲ့သို့ ပျော်ရွှင် ရယ်မော တသောသောနှင့် အချိန်ကုန်ကြလေသည်။

ထိုသုံးဦးသားတို့သည် ဝိနည်းပညတ်ချက်က ခွင့်မလွှတ်သောနေမှု, ထိုင်မှုစသည်တို့အတွက် မသင့်မလျော်ကြောင်းကို ရဟန်းများက ပြောဆို သော်လည်း မနာယူ၊မပြုပြင်ကြသဖြင့် မြတ်စွာဘုရားထံ လျှောက်ထားကြ လေသည်။

မြတ်စွာဘုရားသည် ထိုသုံးဦးတို့ကိုခေါ်စေပြီးလျှင်....

သစ္စံ ကိရ တုမှေ ဧဝံ ကရောထ 'သင်တို့ ဤနည်း, ဤပုံ နေထိုင် ကြသည် မှန်သလား'

ဟု မေးတော်မူလေလျှင်....

သစ္စံ 'မှန်ပါသည်' ဟု လျှောက်ကြသောအခါ....

မြတ်စွာဘုရားက....

'သင်တို့သည် အဘယ့်ကြောင့် ဤသို့ ပြုမူနေထိုင်ကြကုန် သနည်း၊ ဤသို့နေထိုင်ပြုမူခြင်းသည် ရဟန်းတို့၏ အနေအထိုင်,အပြုအမူမျိုးမဟုတ်' ဟု မိန့်တော်မူလေလျှင်....,

www.dhammaransi.com

ဘန္တေ ဝိနာ ဘဝိတုံ နသက္ကောမ 'တပည့်တော်တို့ ခွဲခွါ မနေနိုင်ကြပါ'ဟု လျှောက်သောအခါ....

မြတ်စွာဘုရားက....

ပဗ္ဗဇိတ ကာလတော၊ ရဟန်းပြုသောအခါကာလမှ။ ပဋ္ဌာယ၊ စ၍။ စေံကရဏံ၊ ဤသို့ ပြုမူခြင်းသည်။ အယုတ္တံ၊ မသင့်လျော်ပေ။ ဟိသစ္စံ၊ မှန်၏။ ပိယာနံ၊ ချစ်ခင်နှစ်သက်သောသူတို့အား။ အဒဿနံစ၊ မမြင်ရခြင်းသည်ရင်း။ အပ္ပိယာနံ၊ မချစ်ခင် မနှစ်သက်သော သူတို့ အား။ ဒဿနဉ္စ၊ မြင်တွေ့ရခြင်းသည်ရင်း။ ဒုက္ခမေဝ၊ ဆင်းရဲသည်သာတည်း။ တသ္မာ၊ ထိုကြောင့်။ သတ္တေသုစ၊ သတ္တဝါတို့၌ရင်း။ သင်္ခါရေသုစ၊ သင်္ခါရမှုပစ္စည်းဝတ္ထု အစုစုတို့၌ရင်း။ ကဉ္စိ၊ တစုံတခုကိုမျှ။ ပိယံဝါ၊ ချစ်အပ်, ခင်အပ်, သာယာအပ်သည်ဟူ၍ရင်း။ အပ္ပိယံဝါ၊ မချစ်အပ်, မခင်အပ်, မသာယာအပ်သည် ဟူ၍ရင်း။ ကာတုံ၊ ပြုခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်, မသင့်, မတော်။

ဟု ဟောတော်မူပြီး ဆက်လက်၍ (အယောဂေ ယုဉ္ဇမတ္တာနံ) စသော ၃-ဂါထာဟောလေသည်။ ဟောတော်မူပြီးသောအဆုံး၌ အများအပြား သောတာပန်ဖြစ်ကြလေသည်။ သူတို့သုံးဦးကမူ....

မယံ ဝိနာ ဘဝိတုံ နသက္ကောမ 'တပည့်တော်တို့ ခွဲမနေနိုင်ကြပါ'။

ဟု လျှောက်ထားပြီးလျှင် လူထွက်၍ ပြန်ကြလေသတည်း။

(ဓမ္မပဒဋ္ဌကထာ ၁၇၈-ကို သင့်သလို မြန်မာပြန်သည်)

ဤဝတ္ထု၌ ရင်းတို့မိသားစုသုံးဦးတို့သည် စောစောပိုင်းက ရဟန်းပြုလိုကြသည့်အတွက် တဦးစီ အိမ်မှထွက်ပြေးကြလျက် ရဟန်း သွားပြုကြသည်မှာ သူတို့၏ပါရမီကိုချီးကျူးရမည်ဖြစ်သော်လည်း 'ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော' ဟူသည့် ချစ်ခင်တွယ်တာအပ်သော သတ္တဝါ အချင်းချင်း ကွဲကွာကွေကွင်း၍ မနေနိုင်ကြသည်မှာ(ဝိနည်း)ဘုရားအဆုံးအမ အာဏာတော်ကိုပင်ကျူးလွန်ကျော်နင်းလျက် ရဟန်းဘိက္ခုနီမတို့နှင့် မလျော်သော နေထိုင်နည်းနှင့် နေထိုင်ပြုမူကြသဖြင့် မသင့်မလျော်ကြောင်း မြတ်စွာဘုရားကိုယ်တော်တိုင် တရားသဖြင့် ဟောတော်မူ၍မှ မရသော ဤတဏှာသမုဒယအတွက် သတ္တဝါတို့ သံသရာတွင် အလွန် ဆင်းရဲလှသဖြင့် 'ဒုက္ခသစ္စာ'ဟု မြတ်စွာဘုရား ဟောတော်မူခြင်းဖြစ်လေသည်။

www.dhammaransi.com

ပဥ္စမဟာလ္လကတ္ထေရ ဝတ္ထု

မြတ်စွာဘုရား ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သာဝတ္ထိပြည်သား ပစ္စည်း ဥစ္စာ ကြွယ်ဝကြသော သူဌေးကြီး ငါးဦးတို့သည် အသက်အရွယ် ကြီးရင့်သောအခါ 'ငါတို့သည် အသက်အရွယ် အလွန်ကြီးကြပြီ၊ လူ့ဘဝ တွင်နေ၍ အကျိုး မရှိတော့သောကြောင့် ရဟန်း ပြုကြမည်' ဟု တိုင်ပင် ညီညွတ်ကြပြီးလျှင် မြတ်စွာဘုရား အထံတော်တွင် ရဟန်းပြုကြကာ ပရိယတ္တိဓမ္မကို သင်ကြားရန်လည်း အသက်ကြီးကြ၍ မသင်မကြား နိုင်ကြဘဲ သင်္ခမ်းကျောင်းတခုဆောက်ပြီးလျှင် အားလုံးစုပေါင်း၍ နေကြလေသည်။

ဆွမ်းခံသွားသောအခါ၌လည်း များသောအားဖြင့် ၎င်းတို့၏ သားမယားအိမ်တို့မှာသာ ဆွမ်းခံလျက် သူဌေး ကတော် ကြီး တဦး ဖြစ်သော 'မဓုရပါစိကာ' အမည်ရှိသော ၎င်းတို့၏ တကာမ အိမ်၌သာ ဆွမ်းစား၍ ပြီးမှ ကျောင်းသို့ ပြန်လေ့ ရှိကြပေသည်။ တကာမကြီးကလည်း ထိုတောထွက်ကိုယ်တော်ကြီးတို့ကို ဝတ်ကြီး, ဝတ်ငယ် ပြုရာ၌ ကျေပွန် လှသောကြောင့် ကိုယ်တော်ကြီးတို့ အလွန်အားထားရာဖြစ်ခဲ့၏။

တနေ့သောအခါ မဓုရပါစိကာ တကာမကြီး မှာ ရောဂါတခု ကြောင့် သေလေသည်။ ထိုအခါ ကိုယ်တော်ကြီးတို့မှာ ကျောင်းတွင်စုရုံး ကြပြီး တဦး၏လည်ပင်းကို တဦးဖက်ကြလျက် ဝိုင်း၍ ငိုကြ လေရာ ရဟန်း များမြင်ကြသောအခါ 'အဘယ့်ကြောင့်ငိုကြပါသနည်း' ဟု မေးလေသော် ကိုယ်တော်ကြီးတို့က....

ဘန္တေ၊အရှင်ဘုရားတို့။ နော၊ တပည့်တော် တို့၏။ သဟာယကာ၊ အဆွေခင်ပွန်းဖြစ်သော။ပုရာဏ ဒုတိယိကာ၊ဇနီးဟောင်းမဓုရပါစိကာ သည်။ ကာလကတာ၊ သေခဲ့ပြီ။ သာ၊ ထိုတကာမသည်။ အမှာကံ၊ တပည့်တော်တို့အား။ အတိဝိယ၊ အလွန်လျှင်။ ဥပကာရိကာ၊ကျေးဇူး များလှပါပေ၏။ ဣဒါနိ၊ ယခုအခါ၌။ ကုတော၊အဘယ်မှာ။ တထာ ရူပိံ၊ ထိုသို့သောတကာမကို။ လဘိဿာမ၊ ရကြပါတော့မလဲ။ ဣတိ-ဣမိနာကာရဏေန၊ ဤသို့နှောင်ရေး တပည့်တော်တို့ တွေး၍ ပူရတဲ့ အကြောင်းကြောင့်။ ရောဒါမ၊ငိုယိုကြပါကုန်၏။

ဟု ပြန်ကြားပြောဆိုကြလေသည်။

www.dhammaransi.com

ထိုနောက် ရဟန်းတော်များလည်းတရားတော်နာယူကြရန် တရားဟောဓမ္မာရုံ၌စုဝေးမိကြသောအခါ မြတ်စွာဘုရားကြွမလာမီ ထိုထိုဤဤ အလီလီသောစကား ပြောကြားကြရင်း ရဟန်းအို တောထွက် ကြီးတို့၏ အကြောင်း ဆွေးနွေးနေကြစဉ် မြတ်စွာဘုရားကြွတော်မူလာ၍ 'ချစ်သားတို့- ယခုအခါ အဘယ်စကားများ ပြောဆိုနေကြသနည်း' ဟု မေးတော်မူလတ်သော် ဤတောထွက်ရဟန်းအိုကြီးတို့၏ တကာမ သေသောကြောင့် ငိုညည်းကြပုံ အကြောင်းစုံကို လျှောက်ထားကြသောအခါ မြတ်စွာဘုရားက....

(န ဘိက္ခဝေ ဣဒါနေဝ) 'ချစ်သားတို့- သူတို့သည် ယခုအခါမှသာ ဤလိုဖြစ်ကြသည်မဟုတ်သေး။(ပုဗ္ဗေပိ ကာကယောနိယံ နိဗ္ဗတ္တိတွာ) 'ဟိုရှေးရှေး ကျေးဘဝက [ကျီးကန်း] ဖြစ်ကြစဉ်ကလည်း ဤသို့ဖြစ်၍ ကျီးမတကောင် သမုဒ္ဒရာကမ်းနား၌ကျက်စားစဉ် ရေလှိုင်းရိုက်ခတ်ယူငင်၍ သေလေသောကြောင့် ကျီးအပေါင်းတို့ ငိုင်းအုံငိုယို အော်ဟစ်ကြပြီးလျှင် ရေအောက်ရောက်၍ သေလေသော ကျီးမကို ပြန်ရလေအောင် ကျီးအပေါင်းတို့စုရုံးပြီး သမုဒ္ဒရာရေကို နှုတ်သီး ဖြင့် ငုံယူ၍ ထွေးကြသဖြင့် ပင်ပန်းခဲ့ကြဘူးပြီ'ဟု 'ကာကဇာတက'ကို ဟောတော်မူသည်။ ပြီးမှ....

ဘိက္ခဝေ၊ချစ်သားတို့။ရာဂ,ဒေါသ,မောဟဝန်၊ချစ်ခင်အပ်မြတ်နိုးအပ်သည်ဟု ထင်မှတ်မှားသဖြင့် ဖြစ်သော ရာဂ,ဒေါသ,မောဟ တည်းဟူသော ကိလေသာတောကို။နိဿာယ၊အားကိုးသမှု အမှီပြု၍။တုမှေဟိ၊သင်တို့သည်။ ဣဒံဒုက္ခံ၊ ပိယဟိဝိပ္ပယောဂဒုက္ခဟူသော ချစ်ခင်သူနှင့်ကွေကွင်းရသဖြင့် ငိုယိုရသည့် စိတ်ဆင်းရဲခြင်းသို့။ပတ္တာ၊ရောက်ကြရပြီ။ တံဝနံ၊ထိုချစ်သူခင်သူဟု နှလုံးသွင်းမှားသဖြင့်ဖြစ်ရသော ကိလေသာတောကို။ဆိန္ဒိတုံ၊မင်္ဂနှင့်ဖြတ်၍ သတ်ခြင်းငှာ။ဝဋ္ဋတိ၊သင့်တော်၏။ဧဝံ၊ ဤသို့ ကိလေသာ မဖြစ်အောင် သတ်နိုင်သည်ရှိသော်။ တုမှေ၊သင်တို့သည်။ နိဒ္ဒုက္ခာ၊ဆင်းရဲခြင်းမရှိ ချမ်းသာစွာ။ဘဝိဿထ၊ဖြစ်ကြကုန်လော့။

ဟု ဟောတော်မူပြီးလျှင်(ဝနံ ဆိန္ဒထ မာ ရုက္ခံ)စသော ၂-ဂါထာဆက်၍ဟောတော်မူပြီး သစ္စာလေးပါးပြတော်မူသည်၏အဆုံး၌တောထွက်ကိုယ်တော်ကြီးငါးပါး သောတာပန်ဖြစ်ကြလေသည်။(ဤဝတ္ထုကို ဓမ္မပဒဋ္ဌကထာ ဒု ၂၆၄-မှ ဘာသာပြန်သည်)။

www.dhammaransi.com

တောထွက်ကိုယ်တော်ကြီးတို့မှာ အသက်အရွယ် ကြီးလာကြသော ပုဂ္ဂိုလ်တို့ဓမ္မတာ ဝတ်ကြီးဝတ်ငယ်ပြုရန် ဆေးပေးမီးယူ ပြုပေးမည့်သူတို့ လိုနေရာ အရာရာဝတ်တရားပြုစုပေးသူ သေလေသောအခါ အားကိုးမဲ့ သကဲ့သို့ ဖြစ်ရပြီးလျှင် ယူကျုံးမရ ငိုကြရသည်ကား အမှန်ပင် ဖြစ်သည်၊ သို့ရာတွင် ရုပ်,နာမ် ၂-ပါးတွဲ၍ ဤခန္ဓာရယူလာရာ၌ နဂိုကပင် အားကိုး မရသော အနတ္တခန္ဓာဟု မသိခဲ့မှုကြောင့် အားကိုးသည်၊ အားကိုးရအောင် ရှာသည်။

ယင်းသို့ရှာရာမှ ချစ်ခင်ဖွယ်, တပ်မက်ဖွယ်, မြတ်နိုးဖွယ် ဟူသော ပညတ်အာရုံပြုသည့် ကိလေသာ ဖြစ်လာသောအခါ မခွဲချင်, မခွာချင်ဖြစ် လာတော့သည်၊ မိမိမှာ အတ္တအနေ,ပညတ်အနေ နှလုံးသွင်းမမှန်သည့်အနေ နှင့်သာ မခွဲမခွာတမ်းဟု သစ္စာ နှံနေသော်လည်း ဤရုပ်,နာမ် ပရမတ်၏ သဘောလမ်းကြောင်းသည် ဘယ်သောအခါမှ ရပ်တည်၍ သူမနေ၊ အစဉ် ရွေ့ရှား အပျက်သဘောသို့ ရွေ့ရှုသွားနေလေသဖြင့် အိုမှု, သေမှု, ကုန်မှု, ပျက်မှုတို့ သူ့ဓမ္မတာအလျောက် ဖြစ်လာသောအခါ 'ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော' 'ငါနှင့် ငါ့ချစ်သူ ငါ့ပစ္စည်းတွေနှင့်ခွဲရတော့မည်'ဟု စိုးရိမ် ပူဆွေး ငိုကြွေးမြည်တမ်းရခြင်းသည်လည်း မြတ်စွာဘုရားဟောကြားတော် မူသော....

> တသ္မာ၊ ထို့ကြောင့်။ သတ္တေသု စ၊ သတ္တဝါတို့၌၎င်း။ သင်္ခါရေသု စ၊ ပစ္စည်း ဝတ္ထုသင်္ခါရစုတို့၌၎င်း။ ကဥ္စိ၊ တစုံတခုကိုမျှ။ ပိယံ ဝါ၊ ချစ်ခင်တွယ်တာ တပ်မက်အပ်သည်ဟူ၍၎င်း။ အပိယံ ဝါ၊ မချစ်ခင် မတွယ်တာမတပ်မက် အပ်သည်ဟူ၍၎င်း။ ကာတုံ၊ ပြုခြင်းငှာ။ ဝါ-ချစ်သည်,မုန်းသည်ဟူသော အသုံးမျိုး စိတ်မျိုးဖြစ်ခြင်းငှာ။ န ဝဋ္ဋတိ၊ မသင့်မတော်။

ဟု ဆုံးမတော်မူသည်၊ ဤကဲ့သို့ မဟုတ်ပါပဲ သတ္တဝါ သင်္ခါရတို့အပေါ် တွင် ပညတ်ကိုသာအာရုံပြုက ချစ်သည်,မုန်းသည် ကိလေသာဖြစ်နိုင်သော 'ချစ်သောသူနှင့် သတ္တဝါ, သင်္ခါရနှင့် ကွဲကွာရခြင်း'ကို စိတ်ဆင်းရဲ,ကိုယ် ဆင်းရဲရသော 'ဆင်းရဲအစစ်'ဟု ဟောတော်မူခြင်း ဖြစ်လေသည်။

www.dhammaransi.com

ယံ ပိစ္ဆံ နလဘတိ၊ တမ္ပိ ဒုက္ခံ အကြင် အလိုရှိအပ်သော ဝတ္ထုကို မရအပ်၊ ထိုမရခြင်းသည် ထိုသူအား ဆင်းရဲဖြစ်၏၊ ဆင်းရဲပေတည်း၊ ဤ၌ သမ္မောအဋ္ဌကထာဖွင့်ပြပုံအတိုင်း ရှင်းရသော် သတ္တဝါတို့၌ လိုချင်မှု(အလို) ဟူသော သဘောမှာ မိမိတို့သည် (ဇာတိ) ပဋိသန္ဓေ နေရခြင်းကြောင့် အိုခြင်း, နာခြင်း, သေခြင်းတို့ ဖြစ်ရသည်၊ မှန်၏၊ ယင်း အို-နာ-သေကို သတ္တဝါတိုင်းမကြိုက်, မလိုချင်, မနှစ်သက်, အလိုမရှိပေ၊ ထိုအလိုမရှိ မနှစ်သက်အပ်သော အိုမှု-နာမှု-သေမှုတို့ မဖြစ်စေလို တောင့်တဆိုလည်း ထိုအလိုရှိတိုင်း တောင့်တတိုင်း ရကောင်းသည် ကား မဟုတ်၊ ယင်းမရသင့် မရကောင်းသော(အလဗ္ဘနီယ)ဝတ္ထုမျိုးကိုတောင့်တ ရှာမှီးသောသူသည် တောင့်တတိုင်း ရှာကြံတိုင်းမရ မဖြစ် သောကြောင့် စိတ်၌ဆင်းရဲခြင်း(စေတသိကဒုက္ခ)ဖြစ်လေသည်၊ နောက်တွင် 'စိတ်ထောင်း ကိုယ်ကြေ' ဟူသော အတိုင်း ကိုယ်ဆင်းရဲခြင်း (ကာယိကဒုက္ခ) ဖြစ်လေရာ ကိုယ်စိတ်နှစ်ပါးလုံး ဆင်းရဲရသော ကိစ္စဖြစ်သောကြောင့် 'ဒုက္ခသစ္စာ' ဟု ဟောတော်မူလေသည်။

၁။ မရကောင်းသော အရာဝတ္ထုကို တောင့်တခြင်းလက္ခဏာ ရှိ၏၊

၂။ မရထိုက်သော ဝတ္ထုကို လိုချင်ခြင်းကိစ္စ ရှိ၏၊

၃။ ထိုတောင့်တအပ်သော ဝတ္ထုတို့သို့ မရောက်ခြင်း, မရခြင်းလျှင် အခြင်းအရာ ရှိ၏၊

ဤနေရာ၌ အင်္ဂုတ္တရပါဠိတော်ကို ထုတ်ဆောင်အပ်၏။

အလဗ္ဘနီယဌာနသုတ် ချစ်သားတို့ - ရဟန်းဖြစ်စေ, ပုဏ္ဏားဖြစ်စေ, နတ်ဖြစ်စေ, မာရ်နတ်ဖြစ်စေ, ဗြဟ္မာဖြစ်စေ လောက၌ မည်သူမဆို တောင့်တ၍ အလိုရှိသည့် အတိုင်း မရထိုက်, မရကောင်းသော အရာတို့သည် ၅ ပါးမျိုးရှိ၏၊ အဘယ်သည်တို့နည်းဟူမူ....

၁။ (ဇရာဓမ္မံ မာဇီရိ) အိုတတ်သော သဘောတရားကို 'မအိုပါ နှင့်' ဟု-

၂။ (ဗျာဓိဓမ္မံ မာဗျာဓီယိ) နာတတ်သော သဘောတရားကို 'မနာပါ စေနှင့်' ဟု-

www.dhammaransi.com

၃။ (မရဏဓမ္မံ မာဓိယိ) သေတတ်သောသဘောတရားကို 'မသေပါစေနှင့်'ဟု-

၄။ (ခယဓမ္မံ မာခီယိ) ကုန်တတ်သော သဘောတရားကို 'မကုန်ပါစေနှင့်'ဟု-

၅။ (နဿနဓမ္မံ မာနဿိ) ပျက်စီး တတ်သော သဘော တရား ကို 'မပျက်စီးပါစေနှင့်'

ဟု - ရဟန်းဖြစ်စေ, ပုဏ္ဏားဖြစ်စေ, နတ်ဖြစ်စေ, မာရ်နတ်ဖြစ်စေ, ဗြဟ္မာဖြစ်စေ လောက၌ မည်သူမဆို တောင့်တ၍ အလိုရှိသည့် အတိုင်း မရထိုက် မရကောင်းသော အရာတို့သည် ဤငါးပါးတို့တည်း။

ချစ်သားတို့-ပရမတ်သဘောတို့၌ အကြားအမြင်မရှိသော ပုထုဇ္ဇန်အား အိုတတ်သောသဘောတရားသည် အိုနဲ့၏၊ယင်းသို့ဖြစ်သော် 'အိုတတ်သော သဘောတရားသည် ငါတယောက်တည်းသာ ဖြစ်သည် မဟုတ်၊ စင်စစ်မှာမူ ဤဘုံဘဝသို့လာခြင်း, အခြားသောဘုံဘဝသို့သွားခြင်း, စုတေခြင်း, ပဋိသန္ဓေ ဖြစ်ခြင်း ရှိသည့် အဖြစ်ရှိသော သတ္တဝါ အားလုံးအား အိုတတ်သော သဘောတရားသည် အို၏၊ယင်းကို သူ့သဘာဝအလျောက် အိုသောသဘောတရားက အိုသည်ရှိသော် ငါသည် စိုးရိမ်ခြင်း,ပူဆွေးခြင်း ဖြစ်ခဲ့ပါမူ ပင်ပန်းဆင်းရဲပါမူ ငိုကြွေးမြည်တမ်း ရင်ဘတ်စည်တီးဖြစ်ခဲ့ပါမူ တွေဝေမိန်းမောခဲ့ပါမူ ငါသည် အစာကိုလည်း မစားရာ၊ ခန္ဓာကိုယ်သည်လည်း အဆင်းမလှခြင်းသို့ ရောက်လေရာ၏၊ အလုပ်အကိုင် တို့လည်း ပျက်လေရာ၏၊ ရန်သူတို့လည်း ဝမ်းမြောက် ကုန်ရာ၏၊ မိတ်ဆွေ တို့လည်း ဝမ်းနည်းကုန်ရာ၏။

ဟု ပုထုဇ္ဇန်သည် ပရမတ်သဘောတရားတို့၏ ဖြစ်ရပ်ကို မသိသဖြင့် ဤကဲ့သို့ မဆင်ခြင်နိုင် နှလုံးမသွင်းနိုင်။

သို့အတွက် ပုထုဇ္ဇန်သည် အိုတတ်သောသဘော နာတတ်သော သဘော သေတတ်သောသဘော ကုန်တတ်သော သဘော ပျက်စီးတတ်သောသဘောတို့ ဖြစ်သည်ရှိသော် စိုးရိမ်ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ မြည်တမ်း၏၊ ရင်ဘတ် စည်တီးဖြစ်၏၊ တွေဝေမိန်းမော၏၊ ချစ်သားတို့-ဤပုထုဇ္ဇန်ကို အဆိပ်ရှိသော သောကဟု တည်းဟူသော မြှောင့်သည် စူးဝင်သည်ဖြစ်၍ မိမိကိုယ်ကိုပင်လျှင် ပူပန်စေတတ်သူဟု ဆိုအပ်၏။

www.dhammaransi.com

(အပြန်အားဖြင့် ပရမတ် 'ရုပ်,နာမ်' တရားတို့၌ အကြားအမြင်ရှိထားသော အရိယာ သာဝကများကား အိုတတ်, နာတတ်, သေတတ်, ကုန်တတ်, ပျက်စီးတတ်သော သဘောတရားတို့ ဖြစ်လာသည် ဆိုသော အထက်ပါ သဘော အတိုင်း ဆင်ခြင် နှလုံးသွင်းကြောင်း - အင်္ဂုတ္တရ ပါဠိတော် ပဉ္စကနိပါတ်-အလဗ္ဘနီယဌာနသုတ် ၄၇-ကို မြန်မာပြန်သည်)။

ထို အကြောင်း များကြောင့် မိမိတို့ တောင့်တသော အရာသည် စင်စစ် ရကောင်းသော သဘောတရား မဟုတ်သည်ကို မသိပဲ တောင့်တသော သူအား....

တံတံ ပတ္ထယမာနာနံ၊ တဿတဿ အလာဘတော။
ယံ ဝိဃာတမယံ ဒုက္ခံ၊ သတ္တာနံ ဥပဇာယတိ။
အလဗ္ဘနေယျဝတ္ထူနံ၊ပတ္ထနာ တဿ ကာရဏံ။
ယသ္မာ တသ္မာ ဇိနော ဒုက္ခံ ဣစ္ဆိတာလာဘမဗြဝိ။

(သမ္မော-ဝိသုဒ္ဓိမဂ်-ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာများ)

ဣမလောကေ၊ ဤလောက၌။ တံတံ၊ထိုထို အလိုရှိအပ်, တောင့်တအပ်သော မဖြစ်, မအို, မနာ, မသေသော သဘောကို။ ပတ္ထယမာနာနံ၊ တောင့်တလင့်ဆို အလို ရှိကြ ပါကုန်သော။ သတ္တာနံ၊ သူ သူငါငါ သတ္တဝါအများတို့အား။ တဿတဿ၊ထိုထိုအလိုရှိအပ် တောင့်တအပ်သော ဝတ္ထုကို။ အလာဘတော၊ မဂ္ဂဘာဝနာ အားထုတ်မှုကင်းကွာသဖြင့် မရခြင်းကြောင့်။ဝိဃာတမယံ၊စိတ်နှလုံး၏ မရွှင်ညှိုးနွမ်း ပင်ပန်းခြင်းသည် ပြုအပ်သော။ယံဒုက္ခံ၊အကြင်ဆင်းရဲသည်။ ဥပဇာယတိ၊ဖြစ်၏။ တဿ၊ ထိုအလိုရှိအပ်သော ဝတ္ထုကို အလိုရှိတိုင်းမရသဖြင့် ဖြစ်သော ဆင်းရဲ၏။ အလဗ္ဘနေယျဝတ္ထူနံ၊မရသင့် မရကောင်းသော ထိုဝတ္ထုတို့ကို။ ပတ္ထနာ၊ တောင့်တခြင်း, လိုချင်ခြင်းသည်။ ကာရဏံ၊ ပင်ရင်းဇစ်မြစ် အကြောင်းရင်းအစစ်သည်။ ယသ္မာ၊အကြင့်ကြောင့်။ဟောတိ၊ဖြစ်၏။ တသ္မာ၊ထို့ကြောင့်။ဇိနော၊ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ ဣစ္ဆိတာလာဘံ၊ တောင့်တတိုင်းသော ဝတ္ထုအား မရခြင်းကို။ ဒုက္ခံ၊ ကိုယ်စိတ်နှစ်ဖြာ ပူဆာထန်ပြင်း ဆင်းရဲခြင်းဟူ၍။ အဗြဝိ၊ဟောတော်မူပြီ။

ဤ၌ခန္ဓာငါးပါး ရုပ်,နာမ်တရား အစုဖြစ်သော သတ္တဝါ,ပုဂ္ဂိုလ်ထိုထိုသို့သော သူသည်ပရမတ္ထ သဘာဝတို့၏ သွား ရာ လမ်း ကြောင်း ဖြစ်

www.dhammaransi.com

သော ဖြစ်မှု,ပျက်မှုကို သိတတ်မြင်တတ်သော မဂ္ဂဘာဝနာ ပညာသတိ ကင်းလွတ်သည့်အတွက် ဖြစ်ရှိလာသော ဇာတိ-ဇရာ-ဗျာဓိ-မရဏတို့ကိုသာ ပညတ္တိဓမ္မအနေနှင့် တွေ့မြင်သောအခါ....

အဟော ဝတ မယံ န ဇာတိဓမ္မာ အဿာမ။

'ဤ အို,နာ,သေ,ရေး ဒုက္ခဘေးတို့သည် ငါ၏ ထံမှောက်သို့ မရောက် မလာ ကြပါကုန် မူကား- အဟော ဝတ ဩော်....ကောင်း လေ စွ' ဟု တောင့်တလင့်ဆို အလိုရှိတိုင်း ကြံစည်ကြပါကုန်သော်လည်း ရုပ်တရား တို့၏ သဘော လက္ခဏာ, နာမ်တရားတို့၏ သဘော လက္ခဏာသည် သွားမြဲလမ်းကြောင်း'အနတ္တ'-

ဟူသော သူ့သဘောမှ မည်သို့မျှ မသွေဖည်ကောင်းရကား-မရပ်မစဲ တသဲသဲ တလှုပ်လှုပ် တသုတ်သုတ် တရွရွ ဖြစ်မြဲတိုင်း ဖြစ်၍ ပျက်မြဲတိုင်း ပျက်နေသောကြောင့် မိမိတို့ တောင့်တတိုင်း, အလိုရှိတိုင်းဖြစ်၍ မလာဘဲ၊ မအိုချင်ပဲလျက် အိုရ,မနာချင်ပဲလျက် နာရ,မသေချင်ပဲလျက် သေရသည် ကို တွေ့မြင်ကြငြား သတ္တဝါအများသည် ကိုယ်စိတ်နှစ်ဖြာ ပူဆာညှိုးနွမ်း ပင်ပန်းဆင်းရဲ ဒုက္ခပဲဟု တောင့်တတိုင်း မပြည့်စုံသည့် အဖြစ်သည် ဒုက္ခ သစ္စာ ဆင်းရဲစွာသော တရားပေတည်း။

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ

လောကဌ် ဖြစ်ရှိနေသော ဒုက္ခကြုံးခြုံ ဆင်းရဲပုံကို အကုန်ဝေဖန်လတ်သော် အလွန်တရာ ကျယ်ပြန့် များပြားလှရကား-ဆင်းရဲဒုက္ခကို အကျဉ်းချုံး၍ မရ၊ထိုဒုက္ခဝတ္ထု ဆင်းရဲစု၏ အထုအထယ် ရောနယ်ကား ငါးပါးသော အစွဲအလမ်းကြောင့်ဖြစ်သည့် ဤခန္ဓာငါးခု အစုအပုံတို့သာတည်း၊ဤခန္ဓာ သည် ဆင်းရဲလုံးစုံ ဒုက္ခဘုံ သာတည်း၊ဆင်းရဲပင်ရင်း အမှန်ဖြစ်၏၊မည်သည့် ဆင်းရဲတခုမျှ ခန္ဓာအစုမှ လွတ်သည်ဟူ၍ မရှိ၊ခန္ဓာအစုမှ လွတ်၍မဖြစ်၊ လောကဌ် မည်သူအမျိုးမြွတ်၍ တန်ခိုးဣဒ္ဓိပါရှိစေကာမူ ၎င်း၏ရုပ်,နာမ် ခန္ဓာကား သင်္ခါရမှု အစုစုတို့၏ မပြတ်မလပ် ဒလစပ်နှိပ်စက်ညှဉ်းပန်းမှုကို ခံနေရသဖြင့် တဖြုတ်ဖြုတ် တသုတ်သုတ် တလှုပ်လှုပ် တရွရွ တမွမွ တသဲသဲ မမြဲအနိစ္စ ဒုက္ခဆင်းရဲ အိုပွဲ,နာပွဲ,သေပွဲများမြောင် မဆုံးအောင် တွေ့ရမည် မှာ လွန်သေချာသဖြင့် ခန္ဓာငါးခု ဖြစ်ရှိမှုသည် သက်သာရာမရ, ချမ်းသာ ဟု မရှိသဖြင့် 'စင်စစ်ဒုက္ခသစ္စာသာတည်း'ဟု ဘုရားဟောလေသည်။

www.dhammaransi.com

ထို့ကြောင့် ဆင်းရဲ၏ ပင်ရင်း ဒုက္ခသစ္စာ အစစ်ဖြစ်သော အစွဲအလမ်း၏ အာရုံဖြစ်သော ဤခန္ဓာငါးပါးကို သယ်ဆောင်ထားရခြင်းသည် 'ဒုက္ခအထုပ်, ဒုက္ခဝန်'ဟု ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်တွင် မြတ်စွာဘုရား ဟောတော်မူထားသည့်ကို အလျဉ်းသင့်သဖြင့် ဖော်ပြဦးအံ့။

ခန္ဓာဝန်ထုပ် ဘာရသုတ်

မြတ်စွာဘုရားသည် ရဟန်းတို့အား 'ချစ်သားတို့- ထမ်းဆောင်အပ်သောဝန်ထုပ်ကိုရင်း, ဝန်ထုပ်ထမ်းဆောင်သူကိုရင်း, ဝန်ထုပ်ကို ထမ်းဆောင် ယူငင်ခြင်းကိုရင်း, ဝန်ထုပ်ကို ပစ်ချသည့်အရပ်ကိုရင်း ဟောကြားပေအံ့။

၁။ ကတမောစ ဘိက္ခဝေ ဘာရော၊ပဉ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ။

ချစ်သားတို့ - ဝန်ထုပ်ဟူသည် အဘယ်နည်းဟူမူ - အစွဲအလမ်း၏ အာရုံဖြစ်သော....

ဖောက်ပြန်မှုဟူသော		ဥပါဒါနက္ခန္ဓာ၊	
ခံစားမှု	။	။	
မှတ်မှု	။	။	
ပြုပြင်မှု	။	။	
သိမှု	။	။	ငါးပါးတို့တည်း။

ရင်းခန္ဓာခေါ်ပြု အစုငါးခုတို့သည် ဆင်းရဲ၏ပင်ရင်း ဒုက္ခစင်းစင်း ဖြစ်သောကြောင့် ဒုက္ခသစ္စာဖြစ်သော စွဲလမ်းမှု၏အာရုံ'ဝန်ထုပ်'ပေတည်း။

၂။ ကတမောစ ဘိက္ခဝေ ဘာရဟာရော၊ ပုဂ္ဂလောတိဿ ဝစနီယံ။

ချစ်သားတို့ - ဝန်ထုပ်ကို ထမ်းဆောင်သူသည် အဘယ်နည်းဆိုသော် မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ်, သတ္တဝါဟူ၍ ခေါ်ဆိုသုံးစွဲ အပ်သော အမည်နာမ ဝေါဟာရပညတ်ရှိသော သတ္တဝါသည် ဝန်ထုပ်ကို ထမ်းထောင်သူမည်၏။

ဤခန္ဓာတည်းဟူသော ဒုက္ခဝန်ထုပ်ဝန်ပိုးကြီးကို တဘဝမှ တဘဝသို့ ငါငါ-သူသူ လူလူ-နတ်နတ်တို့သည် မိမိတို့ဖြစ်လို ရောက်လိုသော ဘုံဘဝသို့ ဖြစ်စေ၊ ရောက်စေခြင်းငှာ ရောက်ရာရောက်ကြောင်း ကုသိုလ်ကံတို့ဖြင့် ရောက်ရာဘဝ၌ ခန္ဓာ(ဒုက္ခသစ္စာ) ဝန်ထုပ်ကို ထမ်းဆောင်ရပြန်ကုန်၏၊ မိမိကိုယ်တိုင်ဖြစ်လိုရောက်လိုသဖြင့် ဒုက္ခခန္ဓာဝန်ကို မိမိသည် ထမ်းဆောင်လိုသောကြောင့် ထမ်းဆောင်ရခြင်း ဖြစ်လေသည်။

www.dhammaransi.com

၃။ ကတမာ စ ဘိက္ခဝေ ဘာရာဒါနံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ။လ။ ကာမတဏှာ-ဘဝတဏှာ-ဝိဘဝတဏှာ။

ချစ်သားတို့-အဘယ်တရား သည်လျှင် ဝန်ထုပ်ကို ထမ်းဆောင် ယူငင်ခြင်း မည်သနည်းဟူမူ-ဘဝသစ်၌ ခန္ဓာဝန်ကို အသစ်တဖန် ပြန်လည်ဖြစ်စေတတ်သော နှစ်သက်-စွဲလမ်းမှုနှင့် တကွ ဖြစ်သော ထိုထို ဖြစ်ရာ အာရုံတို့ကို နှစ်သက်တတ်သော....

၁။ ကာမအာရုံတို့၌ တပ်မက်နှစ်သက်သော 'ကာမတဏှာ'၊

၂။ သဿတဒိဋ္ဌိအယူနှင့် တကွဖြစ်သော 'ဘဝတဏှာ'၊

၃။ ဥစ္ဆေဒဒိဋ္ဌိအယူနှင့် တကွဖြစ်သော 'ဝိဘဝတဏှာ'၊

ဤတဏှာသုံးပါး မလောဘတရားသည် ဝန်ထုပ်ကို ထမ်းဆောင်ယူငင်ခြင်း မည်၏။

ဤဒုက္ခသစ္စာခန္ဓာဝန်ကို တဘဝမှ တဘဝသို့ ထမ်းပိုးသယ်ဆောင်သွားရမှုသည် 'တဏှာ'၏ ကိစ္စပင်ဖြစ်သည်။ ကာမနှင့်ပတ်သက်၍ လိုချင်တပ်မက်မှုတဏှာသည် ထိုကာမတည်းဟူသော ဝန်ထုပ်ကို ထမ်းယူ၏။

ဘဝနှင့်ပတ်သက်၍ လူဖြစ်ချင်မှု, နတ်ဖြစ်ချင်မှု တဏှာသည် ထိုဖြစ်ချင်မှုနှင့် ထိုထိုဘဝတို့၏ဝန်ထုပ်ကို ထမ်းယူ၏။

ဘဝပြတ်မှုနှင့် ပတ်သက်၍ဖြစ်သောတဏှာသည် ၎င်းနှင့်ပတ်သက်သော ဝန်ထုပ်ကို ထမ်းယူ၏။ ဝန်ထုပ် ဟူသော ဒုက္ခခန္ဓာ ငါးပါးကို ပုဂ္ဂိုလ်,သတ္တဝါဟူသော ဝန်ထမ်းသမားသည် တဏှာတမျိုးမျိုးနှင့်ထမ်း၍ သံသရာကို လှည့်လေသည်။

၄။ ကတမဉ္စ ဘိက္ခဝေ ဘာရနိက္ခေပနံ။လ။ မုတ္တိ အနာလယော။

ချစ်သားတို့- အဘယ်တရားသည်လျှင် ခန္ဓာငါးပါး ဟူသော ဒုက္ခဝန်ထုပ်ကို ပစ်ချရာမည်သနည်းဟူမူ ထိုဝန်ထုပ်ကို ထမ်းခြင်းဟုဆိုအပ်သော လိုချင်တပ်မက်သည့် တဏှာ၏သာလျှင်....

၁။ အကြွင်းမဲ့ ကင်းပြတ်ချုပ်ငြိမ်းခြင်း၊

၂။ အကြွင်စွန့်လွှတ်ခြင်း၊

၃။ အကြွင်မကပ်ငြိခြင်း၊

www.dhammaransi.com

၄။ အကြောင်လွှတ်ခြင်း၊

၅။ အကြောင်မတွယ်တာခြင်းသည်-

ဝန်ထုပ်ကို ပစ်ချရာ နိဗ္ဗာန်ပင်တည်း ဟု ဟောတော်မူသည်။

ဒုက္ခသစ္စာဟူသော ခန္ဓာငါးပါး ဝန်ထုပ်ကို ထမ်းပိုး၍ သံသရာကို လှည့်လည်သွားလာနေသော သံသရာခရီးသွား ပုထုဇ္ဇန်သည် နိဗ္ဗာန်သွားရာလမ်းကို မြင်တတ်သော သဒ္ဓာမျက်စိကို အဝိဇ္ဇာသည်ပိတ်ဖုံးလျက် ခန္ဓာဝန်ထုပ်ကိုလည်း ဖြေမကြည့်ဝံ့ဘဲ တဘဝမှ တဘဝသို့ တဏှာတင်ပေးချက်နှင့် ထမ်းလာရာ ဘုရားသာသနာနှင့် တွေ့ကြုံသော အခါတွင် မြတ်စွာဘုရား တည်းဟူသော ပညာရှိက 'ထမ်းလာရသော သင်၏ ဝန်ထုပ်သည် လေးလံလှချေတကား၊ အတွင်း၌လည်း အနှစ်သာရဟူ၍ဘာမျှမရှိ၊ ဆင်းရဲအတိသာဖြစ်၏။ မနှစ်သက်ဖွယ်သာ ဖြစ်၏။ စက်ဆုပ်ဖွယ်သာ ဖြစ်၏။ သင်၏အမှန်ကို မြင်တတ်သော, သိတတ်သော, ပညာမျက်စိ, သစ္စာမျက်စိသည် ပိတ်လျက်နေသဖြင့်သာ အမှန်ကိုအမှန်ဟု မမြင်ရသောကြောင့် ဤဝန်ထုပ်ကို အကောင်းအမွန် အဖိုးတန်ပစ္စည်းထင်၍ သင် ထမ်းခဲ့ပြီ။ ယခုငါသည် သင်၏ပိတ်လျက်ရှိသော မျက်စိကို ဖွင့်ပေးအံ့။ ဤဝန်ထုပ်ကို ဖြေကြည့်လော့ဟု ဆိုပြီး ပညာမျက်စိ, သစ္စာမျက်စိကို ဖွင့်ပေးသဖြင့် အထုပ်ကို ဖြေကြည့်ရာဘွင် ဆင်းရဲဒုက္ခဘေးနှင့်သာ ပြည့်လျက် လိုချင်နှစ်သက်ဖွယ် ဘာမျှမရှိသော 'မစင်ထုပ်'ဖြစ်နေသည်ကို မြင်ရမှ ထိုဝန်ထုပ်ကို တွယ်တာမှုကင်းစွာဖြင့် စွန့်လွှတ်ခြင်း, မငြိကပ်တော့ခြင်း, ပြန်လှည့်၍ မကြည့်ချင်အောင် စွန့်ခွာခြင်းစသည်ဖြင့် ဒုက္ခဝန်ကင်းရာ နိဗ္ဗာန်ချမ်းသာကို ရခြင်းသည် ဒုက္ခဝန်ထုပ်ကို စွန့်ပစ်ခြင်းပင် ဖြစ်သည်ဟူလို။ ထို့ကြောင့် မြတ်စွာဘုရားသည်....

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရောစ ပုဂ္ဂလော။
ဘာရာဒါနံ ဒုခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။
နိက္ခိပိတွာ ဂရုံ ဘာရံ၊ အညံ ဘာရံ အနာဒိယ။
သမူလံ တဏှမဗ္ဗုယှ၊ နိစ္ဆာတော ပရိနိဗ္ဗုတော။

ဘိက္ခဝေ၊ ချစ်သားတို့။ လောကေ၊ လောက၌။ ဟဝေ၊ စင်စစ်။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးတို့သည်။ ဘာရာ၊ လေးလံသှစွာ ထမ်းဆောင်ရသောဝန်ထုပ်မည်၏။ ပုဂ္ဂလော၊ မည်သူ မည်ဝါ သညာခေါ်ထိုပုဂ္ဂိုလ်

www.dhammaransi.com

သတ္တဝါသည်။ ဘာရဟာရောစ၊ ခန္ဓာငါးပါးတည်းဟူသော ဝန်ထုပ်ကို ထမ်းဆောင်သောသူ မည်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒုခံ၊ ခန္ဓာငါးပါး ရုပ်,နာမ်နှစ်ပါးတို့၏ အသစ်တဖန် ပြန်လည်ဖြစ်ရခြင်း ဆင်းရဲသည်။ ဘာရာဒါနံ၊ ခန္ဓာဝန်ကို ယူခြင်းမည်၏။ သုခံ၊ ရုပ်,နာမ်ခပ်သိမ်းကင်းငြိမ်းရာမှန် နိဗ္ဗာန်ဟူသော ချမ်းသာသည်။ ဘာရနိက္ခေပနံ၊ ခန္ဓာဝန်ထုပ်ကို ချထားခြင်းမည်၏။

ဂရုံ၊ လေးလံလှစွာသော။ ဘာရံ၊ ခန္ဓာငါးပါး တည်းဟူသော ဝန်ထုပ်ကို။ နိက္ခိပိတွာ၊ ချထား၍။ အညံ၊ တပါးသော။ ဘာရံ၊ ဘဝသစ်၌ ဖြစ်ရလတ္တံ့သော ခန္ဓာငါးပါးတည်းဟူသော ဝန်ထုပ်ကို။ အနာဒိယ၊ မယူမူ၍။ သမူလံ၊ အဝိဇ္ဇာဟူသော သံသရာဝဋ်မြစ်နှင့်တကွသော။ တဏှံ၊ လိုချင်မှုကို။ အဗ္ဗုယှ၊ အရဟတ္တမဂ်ဉာဏ်သံလျက်ဖြင့် ပယ်ဖျက်နုတ်ပစ်၍။ နိစ္ဆာတော၊ တဏှာကင်းသည်ဖြစ်၍။ ပရိနိဗ္ဗုတော၊ ခန္ဓာဝန်ဇာတ်သိမ်း၍ အေးငြိမ်းရလေသတည်း။

ဒုက္ခသစ္စာ ဤခန္ဓာ မီးသည် လောင်စာကို နှိပ်စက်သကဲ့သို့ရင်း၊ လက်နက်သည် ပစ်ကွင်းကိုနှိပ်စက်သကဲ့သို့ရင်း၊ မှက်,ခြင်စသည်တို့သည် နွားအပေါင်းကို နှိပ်စက်သကဲ့သို့ရင်း၊ ကောက်ရိတ်သောသူသည် ကောက်ပင်ကို နှိပ်စက်သကဲ့ကိုရင်း၊ ခိုးသူတို့သည် မြို့,ရွာကို နှိပ်စက် သကဲ့သို့ရင်း၊ ဇာတိစသောတရားတို့သည် ဥပါဒါနက္ခန္ဓာငါးပါးတို့ကိုသာလျှင် အထူးထူးအပြားပြားတို့ဖြင့် နှိပ်စက်ကုန်သည်ဖြစ်၍....

မြက်နွယ်စသည်တို့သည် မြေ၌ ဖြစ်ကုန် သကဲ့ သို့ရင်း၊ အပွင့်အသီးအညွန့်တို့သည် သစ်ပင်တို့၌ဖြစ်ကုန်သကဲ့သို့ရင်း၊ ဇာတိ,ဇရာ,မရဏတို့သည် ဥပါဒါနက္ခန္ဓာတို့၌သာလျှင် ဖြစ်ကုန်၏။

ဘဝ၌ဖြစ်ခြင်းဇာတိသည် ဥပါဒါနက္ခန္ဓာတို့၏ အစဆင်းရဲတည်း။
ရင့်ခြင်း,အိုခြင်းသည် ဥပါဒါနက္ခန္ဓာတို့၏ အလယ်ဆင်းရဲတည်း။
သေခြင်း,ပျက်ခြင်းသည် ဥပါဒါနက္ခန္ဓာတို့၏ အဆုံးဆင်းရဲတည်း။

သေကာနီး၌ဖြစ်သော ဆင်းရဲသည် အလွန် နှိပ်စက် ခြင်းကြောင့် စိုးရိမ်ပူဆွေးခြင်းသည် 'သောက' မည်၏။ ထိုသောဝပါးနီး အားကြီးသော ဆင်းရဲကို သည်းမခံနိုင်ခြင်းကြောင့် အမျိုးမျိုးယောင်ရမ်း မြည်တမ်းခြင်း ဟူသော ဆင်းရဲသည်ကား 'ပရိဒေဝ' မည်၏။ ထိုပရိဒေဝထက် အလွန်

www.dhammaransi.com

ခန္ဓာကိုယ်၌ အမျိုးမျိုး, အဖုံဖုံ ဆင်းရဲပေါင်းစုံတို့ တိုက်တွေ့နှိပ်စက်ခြင်းဖြင့် ကိုယ်၏ နာကျင်ခြင်းဆင်းရဲသည် 'ဒုက္ခ'မည်၏။ ထို ကိုယ်ဆင်းရဲခြင်းသည် နှိပ်စက်အပ်ကုန်သော ပုထုဇ္ဇန်တို့အား ထိုကာယိကဒုက္ခ၌ စိတ် ဆင်းရဲမှုကြောင့်စိတ်၏နာကျင်ခြင်းဒုက္ခသည် 'ဒေါမနဿ'မည်၏။ သောကစသော တရားတို့သည် ပြင်းထန်စွာနာကျင်ကုန်သောသူတို့၏ခန္ဓာအတွင်း၌ပြင်းစွာ ပူပန်ခြင်းဆင်းရဲသည် 'ဥပါယာသ'မည်၏။

စိတ်အလိုမပြည့်ကုန်သော သူတို့အား မိမိတို့အလိုရှိအပ်သော ဆန္ဒ မပြည့်ခြင်းကြောင့်ဖြစ်သော ဆင်းရဲသည် 'ဣစ္ဆိတာလာဘ'မည်၏။ ဤသို့ အထူးထူး, အပြားပြား အားဖြင့် ဉာဏ်နှင့် စူးစမ်းဆင်ခြင် အပ်ကုန်သည် ရှိသော် အားလုံးသော ဆင်းရဲတို့၏ အရင်းခံ, အခြေခံ ဖြစ်သော ဥပါဒါ နက္ခန္ဓာတို့သည်သာလျှင် 'ဒုက္ခ'ဆင်းရဲအစစ် ပင်ရင်းဖြစ်၏ ဟု မှတ်အပ်၏။

အကြင်အကြင်ဒုက္ခကို တပါးစီ, တခုစီပြ၍ ဟောတော်မူအပ်သည် ရှိသော် များစွာသော ကမ္ဘာ ကပ်တို့ ပတ်လုံး အကြွင်းအကျန် မရှိသော အားဖြင့် ဟောပြခြင်းငှာမတတ်ကောင်းပေ။ ထို့ကြောင့် အလုံးစုံရှိရှိသမျှ ဆင်းရဲအပေါင်းကို ပင်လယ်သမုဒ္ဒရာရေ တစက်တပေါက်၌ အလုံးစုံသော သမုဒ္ဒရာရေ၏ ငန်သောအရသာကို ချုံး၍ပြသကဲ့သို့ အကြင် အမှတ်မရှိသော ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ 'အလုံးစုံသော ဒုက္ခသည်လည်း ဤသို့ သဘောရှိသည်သာလျှင်တည်း'ဟု အကျဉ်းချုံးကာ စုရုံး၍ပြခြင်းငှာ 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ' ဟူ၍ မြတ်စွာ ဘုရား ဟောကြားတော်မူလေပြီ။

(ဤကား သမ္မော - ဝိသုဒ္ဓိမဂ် - ပဋိသမ္ဘိဒါမဂ် တို့၌ လာသော အဓိပ္ပာယ်တည်း။)

နတ္ထိ ခန္ဓသမာ ဒုက္ခာ-ဟု ဟောတော်မူသော ပါဠိအရ၊ ဤခန္ဓာ ငါးပါးနှင့်တူသော ဆင်းရဲသည် မရှိဟူ၍ရင်း 'ပုဗ္ဗေစာဟံ အနုရာဓ ဧတရဟိစ ဒုက္ခဉ္စေဝ ပညာပေမိ၊ဒုက္ခဿစ နိရောဓံ'ဟု ခန္ဓဝဂ္ဂ'သံယုတ် ပါဠိ တော်တွင် အနုရာဓရဟန်းအား ခန္ဓာငါးပါး၌ သတ္တဝါ,ပုဂ္ဂိုလ် မရအပ်ပုံ မရှိပုံကို သရုပ်နှင့်တကွ ခွဲခြားပြီးဟောတော်မူလျက် 'ငါသည် ခန္ဓာငါးပါး တို့ကို ဆင်းရဲသာရှိ၍ ဆင်းရဲသာ ချုပ်၏-ဟူ၍ ရှေးကလည်း ဟောခဲ့ပြီ၊ ယခုလည်း ဤအတိုင်းပင် ဟောသည်'ဟု ညွှန်ပြတော်မူသည်။ရင်းပြင်...,

www.dhammaransi.com

ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ။

ဟု နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ကစ္စာနဂေါတ္တသုတ်တွင် 'ဖြစ်သည်ဆိုရာ၌ ဖြစ်ခွင့်ရှိ၍ ဖြစ်ရလျှင် ဆင်းရဲသာ ဖြစ်၍ ချုပ်ခွင့်ရှိ၍ ချုပ်ရလျှင် ဆင်းရဲသာချုပ်ကြောင်း' ဟောတော်မူလျက် ရှိသည်၊ သံသရာတွင် ခန္ဓာငါးပါးတို့ အဆက်မပြတ် ဖြစ်နေခြင်းသည် - ဒုက္ခ သံသရာ ဖြစ် နေ ခြင်း လည်နေခြင်းဖြစ်သည်ကိုဟောတော်မူထားသည်။ ဘို့အပြင်....

ယော ဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ။

ဟု ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော် အဘိနန္ဒနသုတ်တွင် 'ချစ်သားတို့-အကြင်သူသည်ရူပက္ခန္ဓာကို(ခန္ဓာငါးပါးကို)နှစ်သက်၏၊ ထိုသူသည်(ဒုက္ခ) ဆင်းရဲကို နှစ်သက်သည် မည်၏၊ ဝါ-ဆင်းရဲကို နှစ်သက်သော သူပင်တည်း' ဟု ဟောတော်မူသည်၊ သို့ဖြင့် ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်တွင် သုတ်ပေါင်း (၇၀၀) ကျော်သည် ခန္ဓာငါးပါးနှင့်စပ်သော ခန္ဓာငါးပါး၏ ဒုက္ခဖြစ်၍ လွတ်မြောက်သော တွက်လမ်းများကို ဟောထား၏၊ အခြားသော ပါဠိတော်များတွင်လည်း သံသရာဒုက္ခ၏ အရင်းခံလက်သည်ကို ညွှန်ပြဟော ကြားလျှင် ခန္ဓာငါးပါးကို မညွှန်၍ မဖြစ်ပေ၊ သံသရာ ခန္ဓာဒုက္ခကိုပြတ် အောင် တရားအားထုတ်ပြီ ဆိုလျှင် ဦးဟည်၍ ရှေးဦးစွာ တိုက်ရသည်မှာ သက္ကာယဒိဋ္ဌိဖြစ်သည်၊ သူသည် ဘယ်မှာဖြစ်သနည်း။

ရူပံ အတ္တတော သမနုပဿတိ။

ရုပ်စသောခန္ဓာငါးပါးကို ငါဟူ၍ ဗုဂ္ဂိုလ်,သတ္တဝါ,ဟူ၍ မတရား ယူစွဲမှုဖြစ်၏၊ ထိုယူစွဲမှုသည်မမှန်၊ အမှန်ကခန္ဓာငါးပါးသာဖြစ်သည်ဟုရှုမြင်မှ သက္ကာယဒိဋ္ဌိမှလွတ်သည်၊ သက္ကာယဒိဋ္ဌိပြုတ်မှ သံသရာက စ၍ထွက်သည်၊ သို့အတွက် အစွဲအလမ်း၏ အာရုံကြောင့်ဖြစ်သော ဤ ခန္ဓာငါးပါးသည် ဆင်းရဲခင်စစ်ပင် ....င်း ဖြစ်သည်၊ ခန္ဓာရခြင်း၏အပြစ်ကို နည်းနည်းမြင်လျှင် သံသရာမှ နည်းနည်းလွတ်သည်၊ များများမြင်လျှင် များများလွတ်သည်၊ ဤခန္ဓာ၏ပေးတတ်သောဒုက္ခ ဖြစ်တတ်သောဆင်းရဲကို အကြွင်းမရှိသိတော် မူကြသောအရိယာရဟန္တာကြီးများမှာ ဤခန္ဓာ၏အပြစ်ကိုကုန်စင်အောင် သိသွားသောကြောင့် ဤခန္ဓာနှင့်ပတ်သက်၍ဖြစ်နှန် တကာယ်ပင်ကြောက်ရွံ့ ကြလေသည်၊ ကြောက်သည့်အတိုင်းလည်း လွတ်မြောက်ပြီး ဖြစ်ပေသည်၊ ရဟန္တာများ ဤခန္ဓာအပေါ် သဘောထားပုံမှာ....

www.dhammaransi.com

ဒုယျမာနော တီဟဂ္ဂီဟိ၊ ဘဝေသု သံသရိံ အဟံ။
ဘာရိတော ဘဝဘာရေန၊ ဂိရိံ ဥဒ္ဓရိတော ယထာ။
(အပဒါနပါဠိတော်-ပ-၃၂)

ဤဂါထာသည် အရှင်သာရိပုတ္တရာ၏ ညည်းညူသံ ဖြစ်လေသည်၊ 'ငါသည် ရာဂ, ဒေါသ, မောဟဟုဆိုအပ်သော မီးသုံးပါးတို့ဖြင့် အမြဲမပြတ် လောင်ကျွမ်း နှိပ်စက်အပ်သော ဤခန္ဓာဖြင့် ရှည်လျားလှစွာသော သံသရာ ဘဝ အမျိုးမျိုးတွင် တပြောင်းပြန်ပြန် ကျင်လည် ခဲ့ရလေပြီ၊ ငါသည် ဘဝအဖြစ် ဟူသော ဤခန္ဓာကို သယ်ဆောင် ထမ်းပိုးရသည်မှာ မြင်းမိုရ် တောင်ကို ထမ်းရွက်ရသည်နှင့်အတူပင်ဖြစ်သည်'၊ တနည်း မြင်းမိုရ်တောင် ကို ထမ်းထားရသကဲ့သို့ ဤခန္ဓာရသည်ဟု ဆိုသည်။ ယင်းကဲ့သို့ အစမထင် သော သံသရာကာလမှ နိဗ္ဗာန်မရမချင်း မဆုံးနိုင်သောဆင်းရဲသည် ဤအစွဲ အလမ်းကြောင့်ဖြစ်သော ရသော ခန္ဓာဝါး ပါးပင်တည်းဟု (ဒုက္ခက္ခန္ဓဿ) ဆင်းရဲအစုဖြစ်သော ဤသည့်ခန္ဓာကို 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ' ဟု မြတ်စွာဘုရား ဟောတော်မူခြင်းဖြစ်လေသည်။

အဘယ့်ကြောင့် ဒုက္ခသစ္စာ ဖြစ်သနည်း

အကြင်တရားသဘောသည် လက္ခဏာ ၄-ချက်၊ အနက် ၄-ပါးနှင့် ပြည့်စုံ၏၊ ထိုတရားသဘောသည် ဒုက္ခသစ္စာ ဖြစ်လေသည်၊ အဘယ်သို့သော လက္ခဏာ, အနက်တို့နည်း ဟူမူ-ဒုက္ခ သစ္စာ ဟူသော ရုပ်, နာမ် ၂-ပါး အပေါင်းသည်....

၁။ (ပီဠနဋ္ဌ) ရုပ်, နာမ် ခန္ဓာ ရ သော-ရှိသော - ဖြစ် သော သတ္တဝါ တို့ကပ်၍ မပြတ်နှိပ်စက်တတ်, နှိပ်စက် အပ်, နှိပ်စက်ခြင်းဟူသော အနက်သဘော၊

၂။ (သင်္ခတဋ္ဌ) အကြောင်း တ ရား လေးပါး တို့သည် အ ညီ အညွတ် ပေါင်း၍ ပြုပြင်တတ်, ပြုပြင်အပ်, ပြုပြင် ခြင်းဟူသော အနက်သဘော၊

၃။ (သန္တာပဋ္ဌ) ကိလေသာမီးပွားမှုကြောင့် ပူပန်စေတတ်, ပူပန် စေအပ်, ပူပန်ခြင်းဟူသော အနက်သဘော၊

www.dhammaransi.com

၄။ (ဝိပရိဏာမဋ္ဌ) ရင့်ခြင်းဇရာ-ပျက်ဆုံးခြင်းမရဏဟူသော ၂-ပါးသော အပြားတို့ဖြင့် ဖောက်ပြန် တတ်သော အနက်သဘော၊

ဤသို့လျှင် ဒုက္ခသစ္စာဟူသော ရုပ်,နာမ်တရား ၂-ပါး၏ အနက်သဘော ၄-ပါးတို့သည်....

'တထာ' မှန်ကန်ကုန်၏၊

'အဝိတထာ' မချွတ်မယွင်းကုန်၊

'အနညထာ' နှိပ်စက်တတ်, နှိပ်စက်အပ်, နှိပ်စက်ခြင်း ဟူသော 'ပီဠနဋ္ဌ'သဘောမှတပါး၊ မနှိပ်စက်တတ်, မနှိပ်စက်အပ်,မနှိပ်စက်ခြင်းဟူသော သဘောမှ ကင်းကုန်၏။

ထိုလေးပါးသော အနက် သဘောတို့တွင် 'ပီဠနဋ္ဌ' နှိပ်စက်ခြင်းဟူသော အနက်သဘောသည် ဒုက္ခသစ္စာဟူသော ရုပ်,နာမ် ၂-ပါး၌ အမြဲမပြတ်ပူးကပ်ပါရှိသော ပင်ရင်းအနက်သဘောဖြစ်၍ ထို'ပီဠနဋ္ဌ' နှိပ်စက်ခြင်း အနက်သဘောသည် ဒုက္ခသစ္စာ၏မူလအနက်သဘောမည်၏။

'သင်္ခတဋ္ဌ' ပြုပြင်ခြင်းအနက်သဘော၊ 'သန္တာပဋ္ဌ' ပူပန်ခြင်းအနက်သဘော၊'ဝိပရိဏာမဋ္ဌ' ဖောက်ပြန်ခြင်းဟူသော အနက်သဘော၊ဤသုံးပါးသော အနက်သဘောသည် ဒုက္ခသစ္စာဟူသော ရုပ်,နာမ်ခန္ဓာ၏ နှိပ်စက်ညှဉ်းပန်းမှု ပြုပုံကိုပြသော အနက်သဘောဖြစ်၍ အခြင်းအရာ အနက်မည်၏။

ဤခန္ဓာငါးပါး ရုပ်,နာမ်တရားတို့သည် 'ပီဠနဋ္ဌ' အနက်သဘောအားဖြင့် ကပ်၍မပြတ် နှိပ်စက်တတ်သောကြောင့် ဤမူလပင်ရင်း အနက်အရသာလျှင် (ဒုက္ခသစ္စာ)ဆင်းရဲအစစ် အမှန်ဖြစ်၏၊အဘယ်ကဲ့သို့နှိပ်စက်တတ်သည်ကို ထင်ရှားပေါ်လွင်စေရန် ...

'သင်္ခတဋ္ဌ' သဘောအားဖြင့် ဖြစ်ပျက်,ဖြစ်ပျက် ပြုပြင်ချက်နှင့် အမြဲမပြတ် နှိပ်စက်တတ်၏၊

'သန္တာပဋ္ဌ' သဘောအားဖြင့် ဤရုပ်,နာမ်အတွက် အမျိုးမျိုး အဖုံဖုံ ကြောင့်ကြရမှု အစုံတို့ဖြင့်လည်း နှိပ်စက်တတ်၏။

www.dhammaransi.com

'ဝိပရိဏာမဋ္ဌ' သဘောအားဖြင့် ရင့်ရော် အိုမင်းခြင်း,ပျက်စီးသေပျောက်ခြင်း စသော ဖောက်ပြန်ချက် ဖြင့်လည်း နှိပ်စက်၏။

ဤခန္ဓာငါးပါး ရုပ်,နာမ်တရားတို့ ရလာ ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် နှိပ်စက်တတ်သော သဘော, ပူပန် စိုးရိမ် ကြောင့်ကြ ရသော သဘော, အို-နာ-သေရေး ဒုက္ခဘေးဟုဆိုအပ်သော သဘောတို့သည် အမြဲတစေ ကပ်၍မပြတ် နှိပ်စက်တတ်ရကား ဤ ရုပ်,နာမ် ခန္ဓာ ရခြင်းသည် ဆင်းရဲအစစ်အမှန် ဖြစ်လေသည်၊ ထိုသဘောတို့၏ အမှန်အတိုင်း ဖြစ်ရှိနေသည်ကို အမှန် အကန် သိနေ မှုကား အရိယ သစ္စ ဉာဏ် ဖြစ် လေ သည်၊ ထို့ကြောင့် မြတ်စွာဘုရားသည်....

'ဣဒံ ခေါ်ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ' ဟု ဟောတော် မူလေသည်။

ဒုက္ခသစ္စာအနက်-၄ ချက်ဆောင်ပုဒ်

ထို့ကြောင့် ကျွန်ုပ်တို့သည်ခန္ဓာငါးပါး ရုပ်,နာမ် ၂-ပါးတို့ကိုပိုင်နိုင်စွာ (ပရိညာဖြင့်) ရှုနိုင် သိနိုင်ရန် ရည်ရွယ်၍ ဆောင်ပုဒ်ဖြင့် ညွှန်ပြလိုသောကြောင့်....

ဒုက္ခသစ္စာ၊နက်လေးဖြာ၊ခန္ဓာ ဖြစ်ရသည်။
နှိပ်စက်ပူပင်၊ပြောင်းလဲအင်၊ပြုပြင် ဖြစ်,ပျက်သည်။
ပီဠနဋ္ဌ၊နှိပ်စက်ပြ၊မူလ အနက်မည်။
ခန္ဓာရချင်၊ရုပ်,နာမ်လျှင်၊အစဉ်နှိပ်စက်သည်။
မည်သို့မည်ပုံ၊နှိပ်စက်တုံ၊လုံးစုံ သိရမည်။
သန္တာပဋ္ဌ၊ပူပင်ကြ၊ဖြစ်ရ ဆင်းရဲသည်။
ခေါင်း,ကိုယ်,ခြေ,လက်၊ရှိသည့်တွက်၊ကွဲပျက် ပူပန်သည်။
စား,ဝတ်,နေမှု၊ဆင်းရဲစု၊ပူမှု ပွေရသည်။
ဆွေပျက်,မျိုးပျက်၊ပစ္စည်းပျက်၊ပူချက် မှန်လေသည်။
ကျင့်သီလပျက်၊နာနှိပ်စက်၊ယူပျက် ပူလေသည်။
ဝိပရိဏာမ၊ပြောင်းလဲရ၊ဒုက္ခ ခန္ဓာသည်။
ဇာတိဒုက္ခ၊ဖြစ်သည်မှ၊ရင့်ရ ဇရာမည်။

www.dhammaransi.com

ဇရာရင့်ပြီး၊နာဖို့နီး၊အပြီး ပို့ဆောင်သည်။
နာပြီးသေရန်၊သူ့ပို့ပြန်၊ဖြစ်ဟန် ဆင်းရဲသည်။
သခ်ာတဋ္ဌာ၊နက်သဘော၊ခွဲပြော လိုသေးသည်။
ဖြစ်ခြင်း,ပျက်ခြင်း၊ဖောက်ပြန်ခြင်း၊မကင်း ခန္ဓာသည်။
ဖြစ်ပြန်,ပျက်ပြန်၊ဆင်းရဲဟန်၊ကောန်ဒုက္ခမည်။
ဖောက်ပြန်ဖြစ်,ပျက်၊သိဖြစ်,ပျက်၊သို့တွက် ဆင်းရဲသည်။
သစ္စာအနက်၊ဤလေးချက်၊မပျက်သိရမည်။
ဟူ၍ သဘောပေါက်အောင် သိထားရမည်ဖြစ်သည်။

ဒုက္ခသစ္စာ သိစရာ မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရတောင်ယံတွင် နေသော (အတိတ် ဘဝပေါင်းများစွာက အမိ,အဖ အကြိမ်များစွာ တော်စပ်ဖူးသော) 'နကုလပိတာ, နကုလမာတာ' အမည်ရှိသည့် သူကြွယ်လင်မယား အဖိုးကြီး အဖွားကြီးတို့ထံသို့ ကြွရောက်တော်မူလာလေသည်။ ထိုအခါ 'နကုလပိတာ' အဖိုးကြီးက ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြုရင်း 'သားတော်ကြီး ကြွလာပေလို့ ခမည်းတော်များ ဖူးမြင်ရပါပေသည်။ ခမည်းတော်,မယ်တော်များမှာ အသက်အရွယ်အလွန်ကြီးရင့်နေကြပါသောကြောင့် ဤခန္ဓာကိုယ်သည် အထိုင်အထမှစ၍ အလွန်လေးလံပြီး နာကျင်ခံခက် အလွန်ထိုင်းမှိုင်းလျက် ရှိပါကြောင်း' နှင့် လျှောက်သောအခါ မြတ်စွာဘုရားက....

'မှန်ပေသည်-သူကြွယ် ဒါယကာကြီး-ဤရုပ်,နာမ်ခန္ဓာကို လွန်ခဲ့သော အတိတ်ဘဝမှ သယ်ဆောင်ယူငင်လာသော သတ္တဝါတိုင်းမှာ ကြီးသည်,ငယ်သည်မဟူ မည်သည့်ခန္ဓာကိုယ်မျိုးမှ မကောင်းပေ။ ဤရုပ်,နာမ်ခန္ဓာသည် အခုကဲ့သို့မခိုင်မမြဲချေ။ အရေပါးတို့ဖြင့် ဖုံးယှက်ထားသဖြင့်လည်း လုံခြုံမှုမရ။ နာကျင်ခြင်းဖြင့် အမြဲတစေ အနှိပ်စက်ခံနေရ၏။ ဤကဲ့သို့ ဆင်းရဲဖြစ်သောခန္ဓာကိုယ်ကို ရနေပါလျက် ခဏလေးပင်ဖြစ်စေ 'ငါ့အနာကင်းသည်၊ ငါ့ရောဂါကင်းနေသည်' ဟု ထင်မှတ်ပြောဆိုနေသူသည် ပညာမဲ့သော သူတို့၏ ပြောခြင်း, ထင်ခြင်းသာဖြစ်သည်။ ပညာဉာဏ်ရှိသူသည် ဤသို့မထင်, ဤသို့မမြင်၊ ဤခန္ဓာ၏ အမှန်ဆင်းရဲ(ဒုက္ခသစ္စာ)သာ မြင်သည်'။

ဟု မိန့်တော်မူသောအခါ သူကြွယ်အဖိုးကြီးက....

www.dhammaransi.com

'သည်လိုဖြင့် သားတော်ကြီး အရှင်ဘုရားက ဒါယကာ ခမည်းတော်များအတွက် ကြာမြင့်စွာချမ်းသာခြင်းကို ရစေနိုင်သော တရားအကျဉ်းချုပ်တပုဒ်လောက် ချီးမြှင့်တော်မူပါဘုရား'။

ဟု လျှောက်သောကြောင့် မြတ်စွာဘုရားက 'ဒါဖြင့် ဒါယကာကြီး ဤလိုကျင့်ပါ'။

အာတုရကာယဿ မေ သတော စိတ္တံအနာတုရံ ဘဝိဿတိ။

ငါ၏ ခန္ဓာကိုယ်သည် အမြဲတစေ နာကျင်ခံခက် နှိပ်စက်နေသည်။ ထိုခန္ဓာကိုယ်၏နာကျင်ခံခက်ဆင်းရဲလျက်နေသကဲ့သို့စိတ်သည်နာကျင်ခြင်း မဖြစ်စေနှင့်'။

ဟု ဟောကြားတော်မူလေသည်။

ဤတရားမှာ အလွန်ဘိုလွန်း, ကျဉ်းလွန်းသောတရား ဖြစ်သည်နှင့် အဓိပ္ပါယ် လုပ်ငန်းခွင်၍အားထုတ်ရာ၌ အလွန်အရေးကြီးကြောင်း နောက်ပိုင်းတွင် တွေ့ရလတ္တံ့။ ယခု ဤနေရာတွင်ကား- ဒုက္ခသစ္စာ ပေါ်လွင်အောင် ဖော်ရဦးမည်ဖြစ်သည်။ ဤနေရာတွင် အဋ္ဌကထာဆရာ၏ ရှင်းလင်းချက်ကို ကြားနာကြည့်ရလျှင် ပို၍သဘောပေါက်လာမည်။

မြတ်စွာဘုရားက 'ဤ ခန္ဓာ ကိုယ် သည် အခုကဲ့သို့ မခိုင်မမြဲချေ။ အရေပါးတို့ဖြင့် ဖွဲ့သုက်ထား သဖြင့်လည်း လုံခြုံမှုမရ၊ နာကျင်ခြင်းဖြင့် အမြဲတစေအနှိပ်စက်ခံနေရ၏'ဟု ဟောတော်မူရာဝယ်**အမြဲနာကျင်နေခြင်း** ဟူသည်ကား....

အာတုရကာယောတိ ဂိလာနကာယော၊ ဋ္ဌဒဠ္ဌ သရီရံ သုဝဏ္ဏဝဏ္ဏံပိ နိစ္စပဃရဏဋ္ဌေန အာတုရံ ယေဝနာမ၊ အဘိက္ခဏာ တကော်တိ အဘိဏှရောဂေါ နိရန္တရရောဂေါ။

အမြဲနာကျင်ခြင်းဖြင့် နှိပ်စက်နေ၏ ဟူသည်ကား- ဤ ရုပ်,နာမ် ခန္ဓာကိုယ်သည် လူမမာ၏ ခန္ဓာ ကိုယ် မျိုး သာ ဖြစ် သည်၊ မှန်ပါသည်။ ဤကိုယ်သည် ရွှေအဆင်းကဲ့သို့ လှလှပပ ကြည့်မဝ,ရှုမဝဖြစ်စေကာမူ ဤခန္ဓာကိုယ်မှ အမြဲမပြတ် ယိုစီး၍ ထွက်ကျအပ်သော အညစ်အကြေးတို့ကို မိမိကိုယ်ကို မိမိသည်ပင်လျှင်လူမမာကို ပြုစုနေရသူအတိုင်း အမြဲသုတ်သင်၍ စင်ကြယ်အောင် လုပ်ပေးနေရသည်။ မပြုစုပေးဘဲ မနေ၍မရ၊ တချက်လစ်ဟင်းလျှင် လူကြားထဲသို့, ပရိသတ်အတွင်းသို့ ဝင်

www.dhammaransi.com

ရောက်ဆက်ဆံ၍ မဖြစ်တော့ပေ။ ထို့ကြောင့် ဤခန္ဓာသည် အမြဲမပြတ် ရောဂါကပ်ရောက်နေသူ လူမမာကဲ့သို့ဖြစ်၏။

ဟု ရှင်းပြသည်။

တဖန်- **အခုကဲ့သို့မခိုင်မမြဲ** ဟု ဟောတော်မူရာဝယ် အဋ္ဌကထာက·

အဗ္ဗုဘူတောတိ အခုံ ဝိယ ဘူတော ဒုဗ္ဗလော။လ။အဗ္ဗုဘူတော။

'ကြက်ဥ, ငှက်ဥ, ဒေါင်းဥ စသော အဥများမှာ အားနည်း လှသည်၊ အုန္ဒဲ, ကျောက်ခဲစသည်တို့ကဲ့သို့ ပစ်ခတ်ကစား၍ မရချေ။ ပစ်လိုက်လျှင် ထိုခဏ၌ပင် ကွဲပျက်လေသကဲ့သို့ ဤခန္ဓာကိုယ် သည်လည်း အားနည်းလှသည်။ ဆူး-ကျောက်စရစ်ခဲ စသည်တို့ စူးမိ, ခိုက်မိ, တိုက်မိသည်က စ၍ ရှောင်နေရသည်။ မရှောင်မိဘဲ စူးမိ,ခိုက်မိ,ယှမိက နာကျင်သည်။ ဆင်းရဲ ဒုက္ခဖြစ်ရသည့်အတွက် မခိုင်မမြဲ' ဟု ဖော်ပြသည်။

ရှင်းပြပြင် **အရေပါးတို့ဖြင့် ဖွဲ့ယှက်ထားသည်** ကို ဖော်ပြရာ၌....

ပရိယောနဒ္ဓေါတိ သုခုမေန ဆဝိမတ္တေန ပရိယောနဒ္ဓေါ။ လ။ **ဆဝိယာ** ပရိယောနဒ္ဓေါ။

ဤခန္ဓာကိုယ်ကို သိမ်မွေ့ ပါးလွှာသော **အရေပါး**မျှဖြင့် ဖုံးလွှမ်း မြွေးယှက်ထားသည်ဖြစ်၍ အထိအခိုက်မခံသော သဘောဖြစ်၏။ ဆိုခဲ့ ပြီးသော ကြက်ဥ,ဘဲဥစသော ဥတို့မှာ အပြင်ဖက်က မာကြောသော ဥခွံကာကွယ်ထားမှုကြောင့် ခြင်,ယင်,ပိုးကောင် စသည်တို့သည် ထိုဥခွံ ကိုဖောက်ခွဲ၍ အတွင်းမှ အရည်အစေး စသည်တို့ကို ဖောက်ထုတ်စုပ် ယူခြင်းငှာ မတတ်နိုင်ကြကုန်။ ဤခန္ဓာကား- ထိုဥများ လောက်မျှ အမာခံမရှိပေ။ ခြင်, ယင်, စသည်တို့သည် ဤပါးလွှာသော အရေ ပါးကို ထိုးဖောက်၍ အတွင်းမှသွေးစသည်တို့ကို အလိုရှိသည်အတိုင်း ထုတ်ယူစားသောက် နိုင်ကြကုန်သည်။ သို့ဖြစ်၍ ဤရုပ်,နာမ် ခန္ဓာကို ခြင်,ယင်စသော ပိုးမွှားမှစ၍ အအေး, အပူ ဥတုဒဏ်ချက်, အစား အသောက် မှားမှု၊ အာဟာရဒဏ်ချက် အမျိုးမျိုးတို့မှ အစောင့် အရှောက် အကာအကွယ် အမျိုးမျိုး ပေးနေရသည်မှာ လုံခြုံမှုမရှိ ကြောင်း ထင်ရှားသောကြောင့် ဒုက္ခသစ္စာ ဆင်းရဲလှစွာ၏။

(ဤကား- ခန္ဓဝဂ္ဂသံယုတ် နကုလပိတုသုတ် အဋ္ဌကထာ ၂၂၉-မှ ဘာသာပြန်ချက် ဖြစ်သည်)။

www.dhammaransi.com

ဒုက္ခသစ္စာဟူသောစကားရပ်၌ ဒုက္ခသစ္စာဖြစ်ရကား 'ဒုက္ခ'ဟူသည် ဆင်းရဲဖြစ်၍ 'သစ္စာ'ဟူသည် အမှန်ဖြစ်သောကြောင့် နှစ်ပုဒ် ပေါင်းသော အခါ (ဒုက္ခသစ္စာ-ဆင်းရဲအမှန်) ဖြစ်လေသည်။ ထို ဒုက္ခသစ္စာ ဖြစ်သော ဆင်းရဲအမှန်တို့သည် အဘယ်သည်တို့နည်းဟုဆိုသော်....

(နတ္ထိ ခန္ဓသမာ ဒုက္ခာ) 'ခန္ဓာနှင့်တူသော ဆင်းရဲသည်မရှိ' ဟု ဆိုသောကြောင့်....

ခန္ဓာငါးပါးသည် (ဒုက္ခသစ္စာ)ဆင်းရဲအမှန်ဖြစ်ပုံကား....

၁။ 'ရူပက္ခန္ဓာ' ဖောက်ပြန်မှု အစုသည် ရွှေနောက်အစဉ် ပြောင်းလဲလျက် ဖြစ်,ပျက် သဘောအားဖြင့် မတည်မငြိမ် လှုပ်ရှားရွှေရှားနေသည်။

၂။ 'ဝေဒနက္ခန္ဓာ' ခံစားမှု သဘောစုသည်လည်း ၎င်း၏ လက္ခဏာ သဘာဝအတိုင်း တရှုရှုနှင့်ဖြစ်၍ တသုတ်သုတ်နှင့် ပျက်နေသည်။

၃။ 'သညာက္ခန္ဓာ' မှတ်မှု သဘော အစု သည် လည်း ၎င်း လက္ခဏာ သဘာဝအတိုင်း တရိပ်ရိပ်နှင့်ဖြစ်၍ တရှိန်ရှိန်နှင့် ပျက်နေသည်။

၄။ 'သင်္ခါရက္ခန္ဓာ' ပြုပြင်စေ့ဆော်မှု သဘောအစုသည် ၎င်း၏ လက္ခဏာသဘာဝအတိုင်းတလှုပ်လှုပ်နှင့်ဖြစ်၍ တသုတ်သုတ်နှင့် ပျက်နေသည်။

၅။ ဝိညာဏက္ခန္ဓာ' သိမှုသဘောအစုသည် ၎င်း၏ လက္ခဏာသဘာဝ အတိုင်း တမ္ဗမ္ဗနှင့်ဖြစ်၍ တရှုရှုနှင့် ပျက်နေသည်။

ဤသည်တို့မှာ ခန္ဓာငါးပါး ရုပ်, နာမ် နှစ်ပါး၏ သဘာဝပင်ကို သဘောကို ဖော်ပြချက်ဖြစ်သည်။ သိမှု,မသိမှုကား ခန္ဓာနှင့်မဆိုင်။ ဉာဏ် နှင့်သာဆိုင်သည်။ဤခန္ဓာနာမ်,ရုပ်သည် ၎င်း၏သဘာဝကိုသိသည်ဖြစ်စေ, မသိသည်ဖြစ်စေ ၎င်း၏ 'ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စံ' ဆိုသော အတိုင်း သူ့လမ်းသူသွား၍ သူ့ကိစ္စသူလုပ်၊သူ့ဟာသူ ဖြစ်,ပျက်လျက်သာ နေသည်။

www.dhammaransi.com

မဂ္ဂသစ္စာဘာဝနာနှင့် ထိုရုပ်,နာမ် ဒုက္ခသစ္စာ၏ သဘာဝလမ်းကြောင်းသွားနေပုံကို သိနေသော ပုဂ္ဂိုလ်အား ဝိပဿနာ ရှုနေသော ယောဂီဟုခေါ်သည်။ ဝိပဿနာယောဂီသည် ဤခန္ဓာ၏ ဒုက္ခ ဖြစ်နေပုံကို အမှန်အတိုင်း သိဖို့သာ ကြိုးစားရသည်။ ရုပ်,နာမ်ခန္ဓာကား- သူ့ရဲ့ဆင်းရဲနေပုံ,ဒုက္ခဖြစ်နေပုံကို သိလောက်အောင် ပြနေသည်။ လာပါ၊ ကြည့်ပါ၊ ရှုလှည့်ပါဟု 'ဧဟိပဿိက' ဂုဏ်အရ ဝတ္တရားဆောင်ရွက်နေသည်။ ကျွန်ုပ်တို့၏ အသိဉာဏ်သည် ခန္ဓာပြသည့် ဒုက္ခသစ္စာကို ဒုက္ခသစ္စာဘဲ၊ ဆင်းရဲအမှန်ဘဲဟူ၍သာ မှန်မှန်သိနေရန်ထက် ကျော်လွန်၍မသွားအပ်ပေ။ (ဤအကြောင်းတို့ကို မဂ္ဂသစ္စာပိုင်းတွင်ကြည့်ပါ)။

ဒုက္ခသစ္စာ ပြီး၏။

www.dhammaransi.com

သမုဒယသစ္စ နိဒ္ဒေသ

●

၂၅-ပါဠိတော်။ ကတမဉ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြ တတြာဘိ နန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

သာခေါ ပနေသာ ဘိက္ခဝေ တဏှာ ကတ္ထ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ ။လ။ ရူပဝိစာရော လောကေ၊ သဒ္ဒ ဝိစာရော လောကေ၊ ဂန္ဓဝိစာရောလောကေ၊ ရသဝိစာရောလောကေ၊ ဖောဋ္ဌဗ္ဗဝိစာရော လောကေ၊ ဓမ္မဝိစာရော လောကေ၊ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခ သမုဒယံ အရိယသစ္စံ။

(သမုဒယသစ္စနိဒ္ဒေသ)

၂၅-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ဒုက္ခသမုဒယံ၊ဆင်းရဲ၏အကြောင်း ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သာ သိအပ်သောအမှန်တရား သည်။ ကတမဉ္စ၊ အဘယ်သည်နည်းဟူမူ။ ယာယံတဏှာ၊ အကြင် လိုချင်မှုသဘောသည်။ ပေါနောဗ္ဘဝိကာ၊တဖန်ဘဝသစ်ကို ဖြစ်စေ တတ်၏။ နန္ဒီရာဂသဟဂတာ၊ နှစ်သက်တပ်မက်သောသဘောလည်း ဖြစ်၏။ တတြတတြ၊ ထိုထို ဖြစ်ခွင့်ရှိသောအာရုံ၌ လွန်စွာတပ်မက် နှစ်သက်တတ်၏။ ဣဒံသောတဏှာ၊ ဤ လိုချင်မှု သဘောသည်။ သေယျထာကတမာ၊ အဘယ်နည်းဟူမူကား။ ကာမတဏှာ၊ အာရုံ ငါးပါး၌ လိုချင်တပ်မက်သော တဏှာရင်း။ ဘဝတဏှာ၊ ဘဝ၌ လိုချင်တပ်မက်သော တဏှာရင်း။ ဝိဘဝတဏှာ၊ ဘဝပြတ်ခြင်း၌ လိုချင်တပ်မက်သောတဏှာရင်း။ အယံ၊ ဤသုံးပါးပေတည်း။

ဘိက္ခဝေ၊ ချစ်သားတို့။ သာခေါပနေသာတဏှာ၊ ထို သုံးပါး သောတဏှာသည်။ ကတ္ထ၊ အဘယ်အာရုံ၌။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်လို သော်။ ဥပ္ပဇ္ဇတိ၊ဖြစ်သနည်း။ ကတ္ထ၊အဘယ်အာရုံ၌။နိဝိသမာနာ၊

www.dhammaransi.com

သက်ဝင်၍တည်လိုသော်။ နိဝိသတိ၊ သက်ဝင်၍ တည်သနည်း။ လောကေ၊ ဖြစ်တတ်ပျက်တတ်သောလောက၌။ယံပိယရူပံ၊အကြင်ချစ်အပ်သောသဘောအာရုံသည်။ ယံသာတရူပံ၊ အကြင်သာယာအပ်သော သဘောအာရုံသည်။ အတ္ထိ၊ ရှိ၏။ ဧတ္ထ၊ ဤ ချစ်အပ်သာယာအပ်သောသဘောအာရုံ၌။ သောတဏှာ၊ဤတဏှာသုံးပါးသည်။ ဥပ္ပဇ္ဇမာနာ၊ဖြစ်လိုသော်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ဤချစ်အပ်သာယာအပ်သော သဘောအာရုံ၌။ နိဝိသမာနာ၊ သက်ဝင်၍တည်လိုသော်။ နိဝိသတိ၊ သက်ဝင်၍တည်၏။

လောကေ၊ ဖြစ်တတ်ပျက်တတ်သော လောက၌။ ပိယရူပံ၊ ချစ်အပ်သော သဘောအာရုံသည်။ သာတရူပံ၊ သာယာအပ်သောသဘောအာရုံသည်။ ကိဉ္စ၊ အဘယ်နည်း။ လောကေ၊ ဖြစ်တတ်ပျက်တတ်သော လောက၌။ စက္ခု၊ မြင်တတ်သောသဘောသည်။ ပိယရူပံ၊ ချစ်အပ်သောသဘောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောအာရုံတည်း။ ဧတ္ထ၊ ဤ ချစ်အပ် သာယာအပ်သော သဘောအာရုံ၌။ သောတဏှာ၊ ဤ တဏှာသုံးပါးသည်။ ဥပ္ပဇ္ဇမာနာ၊ဖြစ်လိုသော်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။နိဝိသမာနာ၊သက်ဝင်၍တည်လိုသော်။ နိဝိသတိ၊ သက်ဝင်၍တည်၏။

(လောကေ၊ ဖြစ်တတ် ပျက်တတ်သော လောက၌။ သောတံ၊ ကြားတတ်သောသဘောသည်။ ဃာနံ၊နံတတ်သောသဘောသည်။ ဇိဝှါ၊ လျက်တတ်သောသဘောသည်။ ကာယော၊ ထိတတ်သော သဘောသည်။ မနော၊ သိတတ်သောသဘောသည်။အတူဆို)

လောကေ၊ ဖြစ်တတ်ပျက်တတ်သောသဘော၌။ ရူပါ၊မြင်အပ်သော သဘောတို့သည်။ သဒ္ဒါ၊ ကြားအပ်သောသဘောတို့သည်။ ဂန္ဓာ၊ နံအပ်သော သဘောတို့သည်။ ရသာ၊ လျက်အပ်သော သဘောတို့သည်။ ဖောဋ္ဌဗ္ဗာ၊ ထိအပ်သောသဘောတို့သည်။ ဓမ္မာ၊ သိအပ်သော သဘောတို့သည်။ ပိယရူပံ၊ ချစ်အပ်သော သဘောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသဘောအာရုံတည်း။ ဧတ္ထ၊ဤချစ်အပ်သာယာအပ်သောသဘောအာရုံ၌။ သောတဏှာ၊ ဤတဏှာသုံးပါးသည်။ဥပ္ပဇ္ဇမာနာ၊ဖြစ်လိုသော်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။

www.dhammaransi.com

တွေ၊ ဤချစ်အပ်သာယာအပ်သောသဘောအာရုံ၌။ နိဝိသမာနာ၊ သက်ဝင်၍တည်လိုသော်။ နိဝိသတိ၊ သက်ဝင်၍တည်၏။

လောကေ၊ လောက၌။ စက္ခုဝိညာဏံ၊ မြင်သိသဘောသည်။ သောတဝိညာဏံ၊ ကြားသိသဘောသည်။ ဃာနဝိညာဏံ၊ နံသိသဘောသည်။ ဇိဝှါဝိညာဏံ၊ လျက်သိသဘောသည်။ ကာယဝိညာဏံ၊ထိသိသဘောသည်။ မနောဝိညာဏံ၊ကြံသိသဘောသည်။ ပိယရူပံ၊ ချစ်အပ်သောသဘောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသဘော အာရုံတည်း။ တွေ၊ ဤ ချစ်အပ် သာယာအပ်သော သဘောအာရုံ၌။ သောတဏှာ၊ ဤတဏှာ သုံးပါးသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်လိုသော်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တွေ၊ ဤ ချစ်အပ် သာယာအပ်သော သဘော အာရုံ၌။ နိဝိသမာနာ၊ သက်ဝင်၍ တည်လိုသော်။ နိဝိသတိ၊ သက်ဝင်၍တည်၏။

လောကေ၊လောက၌။ စက္ခုသမ္ဖဿော၊မြင်တွေ့သဘောသည်။ သောတသမ္ဖဿော၊ ကြားတွေ့သဘောသည်။ ဃာနသမ္ဖဿော၊ နံတွေ့သဘောသည်။ ဇိဝှာသမ္ဖဿော၊ လျက်တွေ့သဘောသည်။ ကာယသမ္ဖဿော၊ထိတွေ့သဘောသည်။ မနောသမ္ဖဿော၊ကြံတွေ့သဘောသည်........။

လောကေ၊လောက၌။စက္ခုသမ္ဖဿဇာဝေဒနာ၊မြင်တွေ့သဘောကြောင့် ဖြစ်သော ခံစားမှုသည်။ သောတ သမ္ဖဿဇာ ဝေဒနာ၊ ကြားတွေ့သဘောကြောင့်ဖြစ်သောခံစားမှုသည်။ ဃာနသမ္ဖဿဇာ ဝေဒနာ၊ နံတွေ့သဘောကြောင့် ဖြစ်သောခံစားမှုသည်။ ကာယသမ္ဖဿဇာဝေဒနာ၊ထိတွေ့သဘောကြောင့်ဖြစ်သောခံစားမှုသည်။ မနောသမ္ဖဿဇာဝေဒနာ၊ ကြံတွေ့ သဘောကြောင့် ဖြစ်သော ခံစားမှုသည်........။

လောကေ၊ လောက၌။ ရူပသညာ၊ မြင်အပ်သော သဘော၌ မှတ်သားမှုသည်။ သဒ္ဒသညာ ကြားအပ်သောသဘော၌ မှတ်သားမှုသည်။ ဂန္ဓသညာ၊ နံအပ်သော သဘော၌ မှတ်သား မှုသည်။ ရသသညာ၊ လျက်အပ်သောသဘော၌ မှတ်သားမှုသည်။ ဖောဋ္ဌဗ္ဗ

www.dhammaransi.com

သညာ၊ ထိအပ်သော သဘော၌ မှတ်သားမှုသည်။ ဓမ္မသညာ၊ သိအပ်သောသဘော၌ မှတ်သားမှုသည်........။

လောကေ၊လောက၌။ ရူပသဉ္စေတနာ၊မြင်အပ်သောသဘော၌ စေ့ဆော် မှုသည်။ သဒ္ဒသဉ္စေတနာ၊ ကြားအပ်သော သဘော၌ စေ့ဆော်မှုသည်။ ဂန္ဓသဉ္စေတနာ၊ နံအပ်သောသဘော၌ စေ့ဆော် မှုသည်။ ရသသဉ္စေတနာ၊ လျက်အပ်သောသဘော၌ စေ့ဆော်မှု သည်။ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ ထိအပ်သော သဘော၌ စေ့ဆော်မှု သည်။ ဓမ္မသဉ္စေတနာ၊သိအပ်သောသဘော၌ စေ့ဆော်မှုသည်....။

လောကေ၊ လောက၌။ ရူပတဏှာ၊ မြင်အပ်သော သဘော၌ လိုချင်မှုသည်။ သဒ္ဒတဏှာ၊ ကြားအပ်သောသဘော၌ လိုချင်မှု သည်။ဂန္ဓတဏှာ၊နံအပ်သောသဘော၌လိုချင်မှုသည်။ ရသတဏှာ၊ လျက်အပ်သောသဘော၌ လိုချင်မှုသည်။ ဖောဋ္ဌဗ္ဗတဏှာ၊ ထိအပ် သောသဘော၌ လိုချင်မှုသည်။ ဓမ္မတဏှာ၊ သိအပ်သောသဘော၌ လိုချင်မှုသည်........။

လောကေ၊လောက၌။ ရူပဝိတက္ကော၊ မြင်အပ်သောသဘော၌ ကြံခြင်းသည်။ သဒ္ဒဝိတက္ကော၊ ကြားအပ်သောသဘော၌ ကြံခြင်း သည်။ ဂန္ဓဝိတက္ကော၊ နံအပ်သောသဘော၌ ကြံခြင်းသည်။ ရသ ဝိတက္ကော၊ လျက်အပ်သော သဘော၌ ကြံခြင်းသည်။ ဖောဋ္ဌဗ္ဗ ဝိတက္ကော၊ ထိအပ်သောသဘော၌ ကြံခြင်းသည်။ ဓမ္မဝိတက္ကော၊ သိအပ်သောသဘော၌ကြံခြင်းသည်........။

လောကေ၊ လောက၌။ ရူပဝိစာရော၊ မြင်အပ်သောသဘော၌ သုံးသပ်ခြင်းသည်။သဒ္ဒဝိစာရော၊ကြားအပ်သောသဘော၌သုံးသပ် ခြင်းသည်။ ဂန္ဓဝိစာရော၊နံအပ်သောသဘော၌သုံးသပ်ခြင်းသည်။ ရသဝိစာရော၊လျက်အပ်သောသဘော၌သုံးသပ်ခြင်းသည်။ဖောဋ္ဌဗ္ဗ ဝိစာရော၊ ထိအပ်သောသဘော၌သုံးသပ်ခြင်းသည်။ ဓမ္မဝိစာရော၊ သိအပ်သောသဘော၌သုံးသပ်ခြင်းသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သော သဘော, သုံးသပ်မှုသဘောအာရုံ၌။ သော တဏှာ၊ ဤ တဏှာသုံးပါးသည်။

www.dhammaransi.com

ဥပ္ပဇ္ဇမာနာ၊ ဖြစ်လိုသော်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တတ္ထ၊ ဤ ချစ်အပ် သာယာအပ်သောသုံးသပ်မှုသဘောအာရုံ၌။ နိဝိသမာနာ၊ သက်ဝင် ၍တည်လိုသော်။ နိဝိသတိ၊ သက်ဝင်၍တည်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသောတဏှာကို။ ဒုက္ခ သမုဒယံ၊ ဆင်းရဲ၏ အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာ တို့သာ သိအပ်သော အမှန်တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သမုဒယသစ္စာ၏ နိဒ္ဒေသအနက် ပြီး၏။

၂၅-အဓိပ္ပာယ်ရှင်းချက်။ သမုဒယသစ္စာ နိဒ္ဒေသ ကို မြတ်စွာဘုရား ဟောတော်မူရာ၌ အရင်းခံဖြစ်သော တဏှာ သုံးပါးကို အခြေခံ၍-

၁။ ဒွါရ ၆-ပါး၊
၂။ အာရုံ ၆-ပါး၊
၃။ ဝိညာဏ် ၆-ပါး၊
၄။ ဖဿ ၆-ပါး၊
၅။ ဝေဒနာ ၆-ပါး၊
၆။ သညာ ၆-ပါး၊
၇။ စေတနာ ၆-ပါး
၈။ တဏှာ ၆-ပါး၊
၉။ ဝိတက် ၆-ပါး၊
၁၀။ ဝိစာရ ၆-ပါး-

အားဖြင့် ၆-ပါးစု ၁၀-မျိုးနှင့် တဏှာသမုဒယ၊(တနည်း)ဆင်းရဲ ဖြစ်ကြောင်း ၁၈၀-ဖြစ်လာသည်၊ ထိုတွင်မြင်တတ်သောသဘော-စသော အမှတ် ၁-အစုဝင် ၆-ပါးတွင် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာတို့ ဖြစ်ပုံကို စတင်၍ဟောတော်မူသည်၊ ထို့အတူ မြင်တတ် နှင့် မြင်အပ်သော အာရုံ-စသော အမှတ် ၂-စသည်တို့တွင်လည်း အာရုံဝဏ္ဏတိုက် ဆိုမှုကြောင့် တဏှာသမုဒယ အဆင့်ဆင့်ဖြစ်ပုံ သရုပ် ၁၈၀-ထိအောင်ဟောထားသည်။

ယခု ဓမ္မာနုပဿနာသမုဒယသစ္စာပိုင်းဆိုင်ရာ လိုအပ်သောသဘော တရားမှာ တဏှာသုံးပါးပင်ဖြစ်၍ ၎င်းတို့သည် အဘယ့်ကြောင့်(သမုဒယ) ဆင်းရဲဖြစ်ကြောင်းတရားများ ဖြစ်လေသနည်း၊ ထို တဏှာသမုဒယသည်-

www.dhammaransi.com

၁။ ပုနဗ္ဘဝကရဏံ ပုနောဗ္ဘဝေါ၊ ပုနောဗ္ဘဝေါ သီလံအဿာတိ ပေါနောဗ္ဘဝိကာ။

ပုနဗ္ဘဝကရဏံ၊ တဖန် ဘဝ အသစ် ဖြစ်ခြင်းသည်။ ပုနောဗ္ဘဝေါ၊ ပုနောဗ္ဘဝမည်၏။ တဿာတဏှာယ၊ ထိုတဏှာအား။ ပုနောဗ္ဘဝေါ၊ တဖန်ဘဝအသစ် ဖြစ်ခြင်းဟူသော။ သီလံ၊ အလေ့သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သာတဏှာ၊ ထိုတဏှာသည်။ ပေါနောဗ္ဘဝိကာ၊ ပေါနောဗ္ဘဝိကာမည်၏။

ဒုက္ခသစ္စာဟူသော,ဆင်းရဲဖြစ်သော ရုပ်,နာမ်ခန္ဓာ တခုခုရအောင်, ဖြစ်အောင် ဖန်တီးပြုလုပ်ပေးတတ်သော အလေ့ရှိသည်၊ ဆင်းရဲဖြစ်အောင် အားထုတ်ပြုလုပ်တတ်သောသဘော ဖြစ်လေသည်။

၂။ နန္ဒိရာဂေန သဟဂတာတိ နန္ဒိရာဂသဟဂတာ။

ရင်းပြင်-ယာတဏှာ၊ အကြင်တဏှာသည်။ နန္ဒိရာဂေန၊ နန္ဒိရာဂနှင့်။ သဟ၊အတူတကွ။ အတ္ထတော၊ အနက်အားဖြင့်။ ဧကတ္တံ၊ တခုတည်း၏ အဖြစ်သို့။ဝါ-တူသည်၏အဖြစ်သို့။ ဂတာ၊ရောက်ပြီ။ ဣတိ၊ထို့ကြောင့်။ သာတဏှာ၊ထိုတဏှာသည်။ နန္ဒိရာဂသဟဂတာ၊ နန္ဒိရာဂသဟဂတာ မည်၏။

ထို တဏှာဟူသော လောဘသည် အာရုံကို တပ်မက်နှစ်သက်တတ် သော'နန္ဒိရာဂ'နှင့်လည်းတူသည်၊တစုတပေါင်းတည်းလည်းဖြစ်၍ အာရုံကို တပ်မက်နှစ်သက်ပုံချင်း အတူဖြစ်သော သဘောရှိကြောင်းကို ပြလေသည်။

၃။ တတြတတြာဘိနန္ဒိနီတိ ယတြယတြအတ္တဘာဝေါ၊ တတြတတြ အဘိနန္ဒိနီ၊ ရူပါဒီသုဝါ အာရမ္မဏေသုတတြတတြာဘိနန္ဒိနီ။

တတြတတြာဘိနန္ဒိနီတိ၊ဟူသည်ကား။ ယတြယတြယသ္မိံ ယသ္မိံ ဘဝေ၊ အကြင်ကြင်ဖြစ်ရာ၌။ အတ္တဘာဝေါ၊ ခန္ဓာအတ္တဘောသည်။နိဗ္ဗတ္တတိ၊ ဖြစ်၏။ တတြတတြ တသ္မိံ တသ္မိံ ဘဝေ၊ ထိုထိုဖြစ်ရာ၌။ အဘိနန္ဒိနီ၊ နှစ်သက်တတ်သော။ ယာယံတဏှာ၊ အကြင်တဏှာသည်။ အတ္ထိ၊ ရှိ၏။ ဝါ-တနည်းကား၊ ရူပါဒီသု၊ ရူပါရုံအစရှိကုန်သော။ အာရမ္မဏေသု၊ အာရုံတို့တွင်။ တတြတတြတသ္မိံတသ္မိံအာရမ္မဏေ၊ ထိုထို အာရုံ၌။ အဘိနန္ဒိနီ၊ နှစ်သက်တတ်သော တဏှာတည်း။

www.dhammaransi.com

ဖြစ်ရာဘဝအမျိုးမျိုး ကျရောက်ရာအာရုံ အထွေထွေကို တပ်မက်သော, နှစ်သက်သော, တွယ်တာသော, ကပ်ငြိသော, လိုချင်တတ်သော သဘောအားလုံးကို တဏှာဟူ၍ ခေါ်လေသည်။

ယင်းသို့ သုံးမျိုးသော အရည်အချင်းရှိသော တဏှာသည်-

၁။ ရူပါရုံစသောဝတ္ထုကာမကိုနှစ်သက်တတ်သော 'ကာမတဏှာ'၊

၂။ သဿတဒိဋ္ဌိနှင့် တကွဖြစ်သော 'ဘဝတဏှာ'၊

၃။ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော 'ဝိဘဝတဏှာ'၊

အားဖြင့် ၃-ပါး အပြားရှိသော ဤတဏှာတရားသည် ဆင်းရဲဖြစ်ကြောင်း အရင်းခံသဘောအားဖြင့် အရိယာတို့သည် သိအပ်သော အမှန်တရား(သစ္စာ)မည်၏။

ဤ သမုဒယသစ္စာကို မြတ်စွာဘုရား ညွှန်ပြရာ၌ 'သမုဒယ'ဟူသည် 'လောဘ' စေတသိက်ကိုပင်လျှင် အရာဌာနအားလျော်စွာ 'လောဘ' ဟူ၍ရင်း၊ 'တဏှာ'ဟူ၍ရင်း၊ 'ဥပါဒါန်'ဟူ၍ရင်း၊ 'ရာဂ'ဟူ၍ရင်း၊ ပရိယာယ်ပုဒ်အမျိုးမျိုးနှင့်ဟောတော်မူသည်၊ စင်စစ်မှာမူ ဝတ္ထုအာရုံတို့၌ ခိုတမင်မင်ခင်တမြားမြား တပ်မက်နှစ်သက်ခြင်းရှိသော 'လောဘစေတသိက်' တခုတည်းသာတည်း။

ထို လောဘသည် (သမုဒယ - အကြောင်းရင်း၊ သစ္စာ - အမှန်) အကြောင်းရင်းအမှန်ဖြစ်၏ ဟု ဆိုလိုပေသည်။ အဘယ်၏ အကြောင်းရင်းအမှန်ဖြစ်သနည်း၊ (ဒုက္ခ)ဆင်းရဲ၏ အကြောင်းရင်းဖြစ်သောကြောင့် 'ဒုက္ခသမုဒယ သစ္စာ' ဟုမြတ်စွာဘုရားဟောတော်မူသည်၊ ဆိုလိုရင်းအတိအကျမှာ (ဒုက္ခသမုဒယသစ္စာ) 'ဆင်းရဲဖြစ်ကြောင်းအမှန်' ဖြစ်လေသည်။

(ဒုက္ခ) ဆင်းရဲဖြစ်စေရန် စီမံပြုလုပ် ဖန်တီးသမျှ အားလုံးသည် ဒုက္ခ သမုဒယသစ္စာချည်းတည်း၊ ထို့ကြောင့်-

တဏှာ ဒုက္ခဿ မူလံ။

လိုချင်တပ်မက်မှု(သမုဒယ)တဏှာသည် ဆင်းရဲခြင်း၏အကြောင်းတည်း၊ ဟူ၍ရင်း....

www.dhammaransi.com

ဒုက္ခသစ္စံ ဘိက္ခဝေ သမုဒယနိဒါနံ။

ချစ်သားတို့-ဆင်းရဲအမှန်ဖြစ်ရခြင်းသည်ဖြစ်ကြောင်းသမုဒယလျှင် အရင်းခံရှိ၏။

ဟူ၍ရင်း၊ ဟောကြားတော်မူသည်။

ဒုက္ခသစ္စာဖွဲ့ဆိုရာတွင် ဖော်ပြခဲ့ပြီးသောခန္ဓာငါးပါးရုပ်,နာမ်တရားဟူသောအကျိုးတို့၏ဘဝအသစ်၌တဖန်ဖြစ်စေရန်အတွက် အကြောင်းရင်းကေန် စင်စစ်ဟုတ်မှန်သောကြောင့် 'သမုဒယသစ္စာ' သည် ဆင်းရဲဖြစ်ကြောင်း အမှန်ဟု မှတ်သားအပ်၏။

ထိုစကား မှန်လှ၏၊ လောဘသည် သတ္တဝါအနန္တတို့၌ မိမိဖြစ်နေရသောဘဝမှ ခန္ဓာပြတ်ကြွေ သေလွန်ခဲ့သော် ဒုတိယအကြိမ် ခန္ဓာငါးပါးဟူသောအိမ်ကို အသစ်တဖန် ပြန်လည်ဖြစ်စေတတ်သော အလေ့ဖြစ်သောကြောင့် 'ပေါနောဗ္ဘဝိကာ'ဟု ဟောတော်မူသည်။

ထိုအခါ ပျက်စီးခဲ့ပြီးဖြစ်သော ခန္ဓာအိမ်ကို အတိတ်ဘဝ အတိတ်ခန္ဓာ ခေါ်၍ မိမိဖြစ်နေဆဲ, ရနေဆဲသော လက်ရှိဘဝခန္ဓာကို ပစ္စုပ္ပန်ခန္ဓာဟုခေါ်သည်၊ ဤဘဝ ဤခန္ဓာပြတ်၍ နောက်ထပ်ရလတ္တံ့သော,ဖြစ်လတ္တံ့သော ဘဝခန္ဓာကို အနာဂတ်ဘဝ အနာဂတ်ခန္ဓာဟု ခေါ်ပြန်သည်။

ဤသို့အားဖြင့် ပစ္စုပ္ပန်ဘဝခန္ဓာလက်ရှိဖြစ်သော ပုထုဇ္ဇန်သတ္တဝါတို့သည် အနာဂတ်ဘဝခန္ဓာငါးပါး ရလတ္တံ့,ဖြစ်လတ္တံ့သည်ကို မြော်လင့်ကြပြန်၏၊ ထိုအခါ၌ လိုချင်မှု, ရချင်မှု(လောဘ)သည် ကုသိုလ်ကံ၌ရင်း, အကုသိုလ်ကံ၌ရင်း ယှဉ်မှီးဆက်သွယ်၍ ထိုကံအား လွမ်းမိုးအုပ်ချုပ်လျက်လမ်းပြသောအနေဖြင့် ကံဖြစ်ကြောင်း သင်္ခါရမှုတို့ကို ပြုစေ၏၊ ထိုအခါ၌ ထိုကံသည်'ကမ္မဝဋ်'အကြောင်းဖြစ်၍ ခန္ဓာဟူသော'ဝိပါကဝဋ်'ဘဝဇာတိအသစ်တဖန်ဖြစ်ပေါ်လာ၏၊ ဤသို့ ဖြစ်ပုံဖြစ်နည်းကိုပင်'ပေါနောဗ္ဘဝိကာ' ဘဝအသစ်ကို တဖန်ဖြစ်စေတတ်သော အလေ့ ရှိ၏ဟု ပြောဆိုရ၏။

ကမ္မာ ဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ။

ကမ္မာ ပုနဗ္ဘဝေါ ဟောတိ၊ ဧဝံ လောကော ပဝတ္တတိ။

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ ဒု-၂၃၇)

'ကံဟူသော ကောင်း,မကောင်း ပြုလုပ်မှုကြောင့် အကျိုးဝိပါက်ခန္ဓာတို့သည် ဖြစ်ကုန်၏၊အကျိုးဝိပါက်ခန္ဓာနာမ်,ရုပ်သည် ကောင်း,မကောင်း

www.dhammaransi.com

ပြုလုပ်မှု ကံဟူသောဖြစ်ကြောင်း ရှိ၏၊ ထို ကံဟူသော ပြုလုပ်မှုကြောင့် ခန္ဓာနာမ်,ရုပ်ဟူသော ဘဝသစ်သည် ဖြစ်၏။ ဤသို့အားဖြင့် ရုပ်,နာမ် လောကသည် အဆင့်ဆင့်ဖြစ်၏။'

ဘဝသစ်ဖြစ်ခြင်းအကြောင်းရင်း

ဘဝသစ်ဖြစ်မှုနှင့် ပတ်သက်၍ သိစရာ,မှတ်စရာတရပ်ကို ဖော်ထုတ်ရသော် - မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်ပဋိသမ္ဘိဒါဉာဏ်အရာတွင်ဧတဒဂ်(ထူးချွန်ဘွဲ့)ရသော အရှင် မဟာကောဋ္ဌိကသည် လက်ျာတော်ရံ အဂ္ဂသာဝက တရားစစ်သူကြီး အရှင်သာရိပုတ္တရာထံချဉ်းကပ်၍ မေးခွန်းပုစ္ဆာအမျိုးမျိုးတို့ကိုမေးလျှောက်၏၊ ထို မေးခွန်းအများအပြားပါဝင်သော 'မူလပဏ္ဏာသပါဠိတော် မဟာဝေဒလ္လသုတ်'တွင် မေးခွန်းတခုအဖြစ်ပါဝင်သော 'ဘဝအသစ်ဖြစ်ခြင်း၏ အကြောင်း'ကို မေးလျှောက်ရာ၌—

ကထံ ပနာဝုသော အာယတိံ ပုနဗ္ဘဝါဘိ နိဗ္ဗတ္တိ ဟောတိ။

'ငါ့ရှင် သာရိပုတ္တရာ-အဘယ်သို့သော အကြောင်းဖြင့် နောင်အခါ၌ တဖန်ဘဝအသစ် ဖြစ်ပါသနည်း'

ဟု မေးလျှောက်ထားရာ ရှင်သာရိပုတ္တရာက....

အဝိဇ္ဇာနီဝရဏာနံ ခေါ အာဝုသော သတ္တာနံ တဏှာသံယောဇနာနံ တတြတတြာဘိနန္ဒနာ ဧဝံအာယတိံ ပုနဗ္ဘဝါဘိ နိဗ္ဗတ္တိ ဟောတိ။

'ငါ့ရှင်ကောဋ္ဌိက-စင်စစ် ဟုတ်မှန်သော သဘောသည်ကား ပရမတ်ကို သစ္စာကို မသိမှု(အဝိဇ္ဇာ)တရားသည် မြှေးယှက်အပ်ကုန်သော လိုချင်မှု (တဏှာ)အနှောင်အဖွဲ့နှင့် ယှဉ်ကုန်သော သတ္တဝါတို့အား ထိုထိုရူပါရုံ သဒ္ဒါရုံအစရှိသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို နှစ်သက်ခြင်း, တပ်မက်ခြင်းသဘောသည်ဖြစ်၏၊ဤသို့ဖြစ်ခြင်းကြောင့် နောင်အခါ၌ တဖန်ဘဝသစ်သည် ဖြစ်ရပေ၏'။

ဖြေတော်မူသည်။

အာရုံငါးပါးကာမဂုဏ်တရားတို့၌ သာယာခင်မက် နှစ်သက်မြတ်နိုးတတ်သော (တဏှာ)လောဘသည် နောင်ဘဝအသစ်ကို ဖန်တီးနိုင်သော အင်အားဖြစ်၏၊ဘဝအသစ်တခုကိုမြှော်လင့်ရာ၌ ရူပါရုံအားဖြင့်သော်၎င်း,

www.dhammaransi.com

သဒ္ဒါရုံအားဖြင့်သော်၎င်း, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ အားဖြင့်သော်၎င်း တခုခုသော အာရုံနှင့် တွေ့ထိ၍ စိတ်ကြိုက်လာလျှင် ထိုအာရုံတို့ကိုစွဲလမ်းချက်နှင့်တကွ 'ကိလေသဝဋ်'ဖြစ်ကာ 'ကမ္မဘဝ-သင်္ခါရ'ဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်သဘောသို့သက်ရောက်လျက် 'ကမ္မဝဋ်'ကို မဖြစ်မနေ ပြုလုပ်လေသည်၊ ထိုကမ္မဝဋ်ပြုလုပ်ချက်သည်'ဝိပါကဝဋ်' ရုပ်,နာမ် ဇာတိဖြစ်မှု, ဘဝသစ် ပေါ်ရတော့သည် ဖြစ်ရာ၊ ဘဝအသစ် ဖြစ်အောင် ဖန်တီးမှု လက်သည်သည် ထိုထို အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခင်မင်နှစ်သက်တတ်သည့်တဏှာသမုဒယပင်ဖြစ်လေသည်၊ဆက်လက်၍မဟာကောဋ္ဌိက-က

ကထံ ပနာဝုသော အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ န ဟောတိ။

'ငါ့ရှင် သာရိပုတ္တရာ – အဘယ်သို့သော အကြောင်းဖြင့် နောင်အခါ၌ တဖန်ဘဝအသစ် မဖြစ်ပါသနည်း။'

ဟု မေးလျှောက်ပြန်ရာ အရှင်သာရိပုတ္တရာက....

အဝိဇ္ဇာဝိရာဂါ ခေါ အာဝုသော ဝိဇ္ဇုပ္ပါဒါ တဏှာနိရောဓာ အာယတိံ ပုနဗ္ဘဝါဘိ နိဗ္ဗတ္တိ နဟောတိ။

'ငါ့ရှင်ကောဋ္ဌိက- စင်စစ် ဟုတ်မှန်သောအကြောင်းမှုကား- ပရမတ်ကို သစ္စာကို မသိသော(အဝိဇ္ဇာ)ဟူသော ကိလေသဝဋ် မရှိခြင်းကြောင့် အရဟတ္တမဂ်ဟူသော သစ္စာသိသော (ဝိဇ္ဇာ)၏ ဖြစ်ခြင်းကြောင့် ဖြစ်ချင်မှု(တဏှာ)၏ချုပ်ခြင်းသည်ဖြစ်၏၊ ဤသို့တဏှာချုပ်ခြင်းကြောင့် နောင်အခါ တဖန်ဘဝသစ် မဖြစ်တော့ပေ' ဟု ဖြေတော်မူသည်။

(မူလပဏ္ဏာသပါဠိတော် မဟာဝေဒလ္လသုတ်-၃၆၈)

အမှန်တရားပရမတ်ကိုသစ္စာကိုမသိမှု(အဝိဇ္ဇာ)နှင့်လိုချင်,ဖြစ်ချင်မှု (တဏှာ) ပူးပေါင်းလိုက်ခဲ့လျှင် ဘဝသစ်တွင် သတ္တဝါတခုဖြစ်ရန်သေချာသွားပြီ၊ မည်သည့်သတ္တဝါမဆို အတိတ်ဘဝက အဝိဇ္ဇာ နှင့် တဏှာသည် ပါလာသည်ချည်းဖြစ်၏၊ အဝိဇ္ဇာနှင့် တဏှာက ပုဂ္ဂိုလ်အလိုက်,ဘုံအလိုက် ဖြစ်ခွင့် ပေးသည့်အတိုင်း ဖြစ်ကြရသည်၊ မဖြစ်လိုတော့လျှင် အဝိဇ္ဇာကို ဖြုတ်လိုက်က ကိစ္စပြီးသည်၊ အဝိဇ္ဇာပြုတ်လျှင် တွဲဖက်တဏှာပါ အပြုတ်ထဲ ပါသွားသည်၊ အယုတ်ဆုံးအားဖြင့်'သောတာပတ္တိမဂ်'သည် အဝိဇ္ဇာ တစိတ်သာ ဖြုတ်လိုက်သည်၊ အပါယ်ဘုံတွင် ဖြစ်စေတတ်သော တဏှာပါ ပြုတ်သွားသဖြင့် အပါယ်လေးဘုံတွင်တဖန်ဘဝသစ်(ပုနဗ္ဘဝေါ)မဖြစ်တော့ပေ။

www.dhammaransi.com

ယံ မယာ ပကတံ ကမ္မံ၊ အပ္ပံဝါ ယဒိဝါ ဗဟုံ။
သဗ္ဗမေတံ ပရိက္ခီဏံ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။
(ထေရဂါထာ ပါဠိတော်-၂၃၇)

'ငါသည် အနည်းအများဖြစ်သော ကိုယ်,နှုတ်,စိတ်တို့ဖြင့် ပြုအပ်သော အကြင်မကောင်းမှု, ကောင်းမှုစသော ပြုဖွယ်, လုပ်ဖွယ်တို့ကို ဘဝရှည်ကြာ သံသရာကာလပတ်လုံး ပြုခဲ့လုပ်ခဲ့ဘူးလေပြီ၊ ထိုထိုပြုလုပ်ခဲ့မှု(ကံ)ကြောင့် တဖန်ဘဝသစ် ဝိပါကဝဋ် ရုပ်,နာမ် ခန္ဓာကို ရခဲ့ဘူးလေပြီ၊ ယခုအခါ၌ကား- ထိုငါသည် ပြုလုပ်အပ်ခဲ့သည့် ကံတို့ကို အရဟတ္တမဂ် ဉာဏ်သံလျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် အောင်မြင်ခဲ့လေသောကြောင့် ထိုကံတို့ကုန်လေသဖြင့် ငါ့အားတဖန်ဘဝအသစ်သည်ဖြစ်ခြင်းမရှိတော့။'

ဟု ဥဂ္ဂမည်သော မထေရ်သည် ဥဒါန်းကျူးလေသည်။

မိမိပြုလုပ်သော ကံသည် မိမိအား ထို ပြုလုပ်မှုကံအားလျော်သော ဝိပါကဝဋ်အကျိုးကိုပေးမြဲဖြစ်သည့်အတိုင်း ဒုက္ခသစ္စာဖြစ်သော ရုပ်,နာမ် ခန္ဓာ(ဝိပါကဝဋ်)ကို ဆင်းရဲဟု မြင်သောသူသည် ထို ရုပ်,နာမ် ဒုက္ခသစ္စာ အကျိုးပေးတတ်သည့် ကံဟူသော 'သမုဒယ'ကို မုချပယ်ရမည် ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်သဘောအရ ထို ကံသည်လည်း စင်စစ် အရင်းခံတရားမဟုတ်သေးချေ၊ ထိုကံကို ပြုလုပ်စေရန် တိုက်တွန်းတတ်သည့် 'ကိလေသဝဋ်'ကို မဖြစ်အောင် အားထုတ်နိုင်ပါမှ ကမ္မဝဋ် ပြတ်မည်၊ သို့မှ ဝိပါကဝဋ်(ဒုက္ခသစ္စာ)ရုပ်,နာမ် ခန္ဓာတို့ မဖြစ်တော့ကြောင်းကို ၎င်းအဋ္ဌကထာ၌....

ကိလေသဝဋ္ဋပ္ပဟာနေန ဟိ ကမ္မဝဋ္ဋံ ပဟီနမေဝ ဟောတိ၊ ဝိပါကဝဋ္ဋဿ အနုပ္ပါဒနတော၊ တေနာဟ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။
(ထေရဂါထာ အဋ္ဌကထာ-၂၂၀)

အမှန်တရားသစ္စာကို မသိမှု(အဝိဇ္ဇာ)၊ ဖြစ်ချင်,လိုချင်မှု(တဏှာ)၊ ဖြစ်ချင်အားကြီး စွဲလမ်းမှု (ဥပါဒါန်) တည်းဟူသော 'ကိလေသဝဋ်' တို့ တိုက်တွန်း၍မရအောင် ပယ်ဖျက်ထားပြီးသော သူအား ပြုလုပ် အားထုတ်ကြိုးပမ်းမှု 'ဘဝ, သင်္ခါရ' တည်းဟူသော (ကမ္မဝဋ်)မပြုမလုပ်တော့ပေ၊ ထိုကမ္မဝဋ်မပြုမလုပ်တော့သော ရဟန္တာအား ဒုက္ခသစ္စာ ရုပ်,နာမ်ခန္ဓာရမှုသည် လုံးဝ ဖြစ်ဖွယ်ရာ မရှိတော့သောကြောင့် 'မယှံ-ငါ့အား၊ ပုန-တဖန်၊ အာယတိံ-နောင်အခါ၌၊ ဘဝါဘိနိဗ္ဗတ္တိ-ဘဝအသစ်တခု ဖြစ်ခြင်းသည်။

www.dhammaransi.com

နတ္ထိ-မရှိ’ဟု ဝဋ်ပြတ်ကြောင်း ကျေညာတော်မူနိုင်ကြခြင်း ဖြစ်လေသည်။ ဤ နမူနာအတိုင်း ထေရ-ထေရီ အပဒါန်ပါဠိတော်များမှာ များစွာလာရှိပေသည်။

မဂ်လေးပါးတို့သည် ၎င်းနှင့်ဆိုင်ရာ အဝိဇ္ဇာကိုဦးတည်၍ ဖြတ်လိုက်သဖြင့် ၎င်း၏တွဲဖက် တဏှာသည် အဆင့်ဆင့် ပေါ်မလာတော့ပဲ ဘဝအသစ်တို့ ပြတ်၍ပြတ်၍လာရာ နောက်ဆုံး (အရဟတ္တ)မဂ်တွင် အဝိဇ္ဇာလုံးဝမရှိတော့သဖြင့် တွဲဖက်တဏှာသည် ဘဝအသစ်တဖန် တည်ဆောက်စရာ မကျန်တော့ရကား ‘နတ္ထိ ဒါနိ ပုနဗ္ဘဝေါ’ နောက်တဖန် ဘဝအသစ်မဖြစ်တော့ ဟူ၍ ဥဒါန်းကျူးတော်မူနိုင်ကြကုန်သည်။

‘နန္ဒိရာဂသဟဂတာ နှင့် တတြတတြာဘိနန္ဒိ’ ဟူသော ၂-ပုဒ်မှာလည်း လောဘတဏှာသာ ဖြစ်၍ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို အမျိုးမျိုးအဖုံဖုံ နှစ်သက်တွယ်တာမှုကို ပြသည်၊ စင်စစ်မှာမူ ‘ပေါနောဗ္ဘဝိကာ’ ဟူသောနောင်အခါဘဝအသစ်တခုခု ဖြစ်စေရန်အကူအညီပေးသော သဘောများပင် ဖြစ်ရကား ၎င်းတို့ကို အကျယ်ဖော်ပြထားသောအားဖြင့် အကြောင်းမထူးတော့ပြီ၊ ထို သမုဒယသစ္စာဟောသော လောဘတဏှာသည် အဘယ်သည်တို့နည်းဆိုသော်—

၁။ ကာမတဏှာ၊

၂။ ဘဝတဏှာ၊

၃။ ဝိဘဝတဏှာ၊

ဟူ၍ ၃-မျိုးရှိသည်၊ ၎င်းတို့တွင်....

၁။ ‘ကာမတဏှာ’ ဆိုသည်မှာ ကာမ နှင့် ပတ်သက်သော အာရုံလိုချင်မှုနှင့်ပတ်သက်၍ ဝတ္ထုကာမတို့အပေါ်တွင် ကိလေသာကာမအားဖြင့် တပ်မက်နှစ်သက်သော တဏှာပေတည်း။

၎င်းသည်....

ပဉ္စကာမဂုဏိကရာဂဿေတံ နာမံ။

ဟု အဋ္ဌကထာ ဆိုလေသည်။

ဧတံနာမံ၊ဤကာမတဏှာဟူသောအမည်သည်။ပဉ္စကာမဂုဏိကရာဂဿ၊ ငါးပါးသောကာမဂုဏ်၌ ယှဉ်သောရာဂ၏။ နာမံ၊ အမည်တည်း။

www.dhammaransi.com

ထို တဏှာဟူသောရာဂသည် ရူပါရုံ,သဒ္ဒါရုံစသော အာရုံငါးပါး ဝတ္ထုကာမတို့ အပေါ်တွင် တပ်မက်စွဲလမ်းသော အားဖြင့် ထိုစွဲလမ်းစိတ်သည် ဆန္ဒရာဂ ကိလေသာကာမ ဖြစ်လေသည်၊ ထိုကိလေသာကာမသည် ကာမတဏှာဖြစ်လေသည်။ ထိုကာမတို့၌ စွဲလမ်းတပ်မက်သဖြင့်ဖြစ်သော တဏှာသည် စင်စစ်အားဖြင့် ရုပ်,နာမ်ဒုက္ခသစ္စာ အကျိုးဝိပါက်ကို ဖန်တီးနိုင်ရကား (ဒုက္ခသမုဒယံ) ဆင်းရဲဖြစ်ကြောင်းအမှန် ဖြစ်လေတော့သည်။

၂။ 'ဘဝတဏှာ' ဆိုသည်မှာ- ဘဝဟူသော ဖြစ်ရာနှင့်ပတ်သက်၍ လိုချင်မှုဖြစ်သည်၊ ယင်းဘဝနှင့်ပတ်သက်၍ လိုချင်မှုသည် သာမညလိုချင် ကာမတဏှာ မဟုတ်ပေ၊ ၎င်းသည်-

> ဘဝေ တဏှာ ဘဝတဏှာ၊ ဘဝပတ္ထနာဝသေန ဥပ္ပန္နဿ သဿတ ဒိဋ္ဌိသဟဂတဿ ရူပါရူပ ဘဝရာဂဿစ ဈာနနိကန္တိယာ စေတံ အဓိဝစနံ။ (မဟာဝဂ္ဂဋ္ဌကထာ-၃၀၉)

ဘဝေ၊ရူပဘဝ အရူပဘဝ၌။ပဝတ္တာ၊ဖြစ်သော။ တဏှာ၊တပ်မက်သော တဏှာသည်။ဘဝတဏှာ၊ ရူပဘဝ အရူပဘဝ၌ တပ်တတ်သောတဏှာ။ ဧတံဝစနံ၊ ဤဘဝတဏှာ ဟူသောစကားသည်။ ဘဝပတ္ထနာဝသေန၊ ဘဝကိုတောင့်တခြင်း၏အစွမ်းအားဖြင့်။ ဥပ္ပန္နဿ၊ဖြစ်သော။ သဿတ ဒိဋ္ဌိသဟဂတဿ၊သဿတဒိဋ္ဌိနှင့်တကွဖြစ်သော။ရူပါရူပဘဝရာဂဿစ၊ ရူပဘဝအရူပဘဝ၌ တပ်တတ်သောရာဂကိုလည်းကောင်း။ဈာနနိကန္တိယာစ၊ ဈာန်၌ နှစ်သက်တတ်သော ရာဂကိုလည်းကောင်း။ အဓိဝစနံ၊ ဟောတတ်သောသဒ္ဒါတည်း။

၎င်းဘဝတဏှာသည် 'ဤရုပ်,နာမ်,ခန္ဓာကား မြဲ၏၊ခိုင်၏၊ တည်တံ့၏၊ မပျက်စီးနိုင်၊မပြိုကွဲနိုင်' ဟုအယူရှိ၍ ဤဘဝမှာလည်း ခိုင်မြဲအောင် စောင့်ရှောက် ပြုလုပ်သည်။ တမလွန် နောင်ဘဝအတွက်လည်း 'လူ, နတ်, ဗြဟ္မာစသည်သည် ခိုင်မြဲသည်' ဟု အထင်အမှတ်ရှိ၍ ထိုထိုဘဝတို့သို့ ရရာ,ရောက်ရာပြုလုပ်မှုကံကို အားကိုးတကြီးဖြင့် ကြိုးပမ်းသည်။ ဘဝ ပြတ်ကြောင်း သံသရာပြတ်ကြောင်း,တရားမျိုးကို မနာလို, မကြားလို, စိတ်ဘွင်မထားလို မစွဲမြဲလိုပဲ ဘဝထဲတွင်နေစ်၍ 'ဤဘဝ၌ ဖြစ်သော မိမိသည်ပင် နောင်ဘဝ အသစ် တခုခုတွင် မိမိပင်သွားဖြစ်ရမည်' ဟု စွဲမြဲလျက် မိမိနှင့်ကံကို တဆက်

www.dhammaransi.com

တည်း,တတွဲတည်းပြု၍ရှင်း၊ကံပြုလုပ်သောမိမိနှင့် နောင်ဘဝ အကျိုးရမည့် မိမိသည် တဦးတယောက်တည်း ပြု၍ရှင်း၊ ကြိုးစားဆောင်ရွက်မှု မှန်သမျှသည် သဿတဒိဋ္ဌိခေါင်းဆောင်သော 'ဘဝတဏှာ'ဖြစ်လေသည်။

သဿတဒိဋ္ဌိဦးစီး၍ ဘဝ တဏှာ ဖြစ်ရာတွင် မိမိတို့သည် ရောက်ရာဖြစ်ရာဘုံဘဝတခုကို အလွန်နှစ်သက်သည်၊အလွန်လည်းစွဲလမ်းသည်၊ဖြစ်ရာရှိရာဘဝ၌သာ တွယ်ကပ်နေလိုသဖြင့်မိမိကိုယ်ကိုလည်းအလွန်စောင့်ရှောက်သည်၊ ပြုပြင်သည်၊ ခိုင်မြဲအောင်ပင် ပြုလုပ်သည်၊ နောင်လူသော်ရှင်း၊ နတ်သော်ရှင်း ဖြစ်လျှင်လည်း ခိုင်မြဲသော လူ အဖြစ်, နတ် အဖြစ် ရည်ရွယ်၍ ကုသိုလ်ကောင်းမှုတို့ကို ဝါသနာ ပါသည်။ ဤ သို့ ဖြစ် ခြင်း သည် အဖြစ်ဟူသော ဘဝတခုကိုရလိုသည်။ ထိုဘဝမှာလည်း ခိုင်မြဲအောင်ပြု၍ ထိုဘဝ၌သာ ပုန်းအောင်း တွယ်ကပ် နေလိုသည်။ ဘဝ ချုပ်ကြောင်း, ဝဋ်ပြတ်ကြောင်းဖြစ်သော ဝိပဿနာတရား, ပရမတ်တရားတို့ကို ဟောလျှင်ပြောလျှင် မနှာမယူလို။ အားမထုတ်ချင်သော 'သဿတဒိဋ္ဌိ'ဟူသည့် ဘဝအဖြစ်တွင် ပုန်းအောင်းသည့် ဘဝတဏှာပင်တည်း။ ထို့ကြောင့် မြတ်စွာဘုရားသည်-

ကထဉ္စ ဘိက္ခဝေ ဩလီယန္တိ ဧကေ၊ ဘဝါရာမာ ဘိက္ခဝေ။ လ။
ဧဝံ ခေါ ဘိက္ခဝေ ဩလီယန္တိ ဧကေ။

(ဣတိဝုတ်ပါဠိတော်-၂၂၄)

ဘိက္ခဝေ၊ ချစ်သားတို့။ ကထံ၊ အဘယ်သို့လျှင်။ ဧကေ၊ အချို့သောသူတို့သည်။ ဩလီယန္တိ၊ တွန့်တိုဆုတ်နစ်ကုန်သနည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဒေဝမနုဿာ၊နတ်,လူတို့သည်။ ဘဝါရာမာ၊ဘဝလျှင်မွေ့လျော်ရာရှိကုန်၏။ ဘဝရတာ၊ ဘဝ၌ မွေ့လျော်တတ်ကုန်၏။ ဘဝသမ္မုဒိတာ၊ ဘဝ၌နှစ်သက်တတ်ကုန်၏။ တေသံ၊ ထိုသူတို့အား။ ဘဝနိရောဓာယ၊ ဘဝ ချုပ်ရန်အလို့ငှာ။ ဓမ္မေ၊တရားကို။ ဒေသိယမာနေ၊ ဟောပြောသည်ရှိသော်။ စိတ္တံ၊ စိတ်သည်။ နပက္ခန္ဒတိ၊ မသက်ဝင်။ နပသီဒတိ၊ မကြည်လင်။ နသန္တိဋ္ဌတိ၊ကောင်းစွာမတည်။ နာဓိမုစ္စတိ၊ နှလုံးမသွင်း။ ဘိက္ခဝေ၊ချစ်သားတို့။ ဧဝံခေါ၊ ဤသို့လျှင်။ ဧကေ၊ အချို့သောသူတို့သည်။ ဩလီယန္တိ၊ တွန့်တိုဆုတ်နစ်ကုန်၏။

www.dhammaransi.com

ဣတိဝုတ်အဋ္ဌကထာ-၁၆၉။ ဥဒါန်းဋ္ဌကထာ-၃၂၁-တို့တွင် ဖွင့်ဆိုထားချက်များအတွက် ထည့်ရန် အလွန် ရှည်လျားနေသည်။ ပါဠိတော်၏ဆိုလိုရင်းမှာလည်း ရှင်းလင်း နေသောကြောင့် အဋ္ဌကထာတို့ စကားကို မထည့်လိုက်တော့ပေ။

ကျွန်ုပ်တို့၏ မျက်မှောက်တွင် ထိုပုဂ္ဂိုလ်များအလွန်များသည်။ ကံကံ၏အကျိုးကို ယုံကြည်လာလျှင် ထိုဘဝတဏှာ သဿတဒိဋ္ဌိ အစွဲဝင်လာတတ်သည်။ လူ့နတ်ဖြစ်ဖို့၊ ဘဝကူးကောင်းဖို့စကား အလွန် ပြောသည်။ သံသရာလွတ်ကြောင်း ဝိပဿနာတရားကို မနာမယူ။အချို့နာသည်၊တရားဆို၍သာ ဝိပဿနာတရားသည် ဘဝပြတ်သည်ဆိုလျှင် ထိုတရားကို နောက်တခါလာ၍ မနာတော့ပေ။ မိမိတို့ပြုလုပ်ထားသော ဒါန,သီလအကျိုးပေးတို့ကို ရယူလိုသည်။ ခံစားလိုသည်။ ဝိပဿနာ ဝဋ္ဋပြတ်တရားကို အတတ်နိုင်ဆုံးရှောင်သည်။ ဘုံဘဝဖြစ်ကြောင်း တရားမျိုးကို အလွန် နှစ် သက်သောကြောင့် သဿတဒိဋ္ဌိအစွဲနှင့် ဖြစ်ရသော ထိုတဏှာကို 'ဘဝတဏှာ' ဟု ခေါ်လေသည်။

၃။ 'ဝိဘဝတဏှာ'ဆိုသည်မှာ-ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော ဥစ္ဆေဒဒိဋ္ဌိဦးစီးသော တဏှာဖြစ်သည်။ထို ဝိဘဝတဏှာသည် 'ရုပ်,နာမ် ခန္ဓာတို့ကား သေလျှင် မြေကြီးဖြစ်သည်။ သေလျှင်ပြီးသည်။ ပြတ်တောက်သည်။ ဖြစ်ပေါ်မှုမရှိ။ ဖြစ်ပေါ်မှုကိုမလိုချင်'၊ ထို မလိုချင်ခြင်း၊ မဖြစ် ချင် ခြင်း၊ ပြတ်တောက်ခြင်းကို လိုချင်သောလောဘသည်ဥစ္ဆေဒဒိဋ္ဌိဦးစီးသော'ဝိဘဝတဏှာ' ဖြစ်လေသည်။

> ဝိဘဝေ တဏှာ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိသဟဂတ ရာဂဿေတံ အဓိဝစနံ။ (မဟာဝဂ္ဂဋ္ဌကထာ-၃၀၉)

ဝိဘဝေ၊ ဘဝ၏ကင်းပြတ်ခြင်း၌။ ပဝတ္တာ၊ ဖြစ်သော။ တဏှာ၊ လိုချင်မှုတည်း။ ဝိဘဝတဏှာ၊ဘဝ၏ကင်းပြတ်ခြင်း ပျက်စီး၏ဟူ၍ဖြစ်သော ဥစ္ဆေဒအယူ၌ ဖြစ်သောတဏှာ။ ဧတံ၊ ဝိဘဝ ဟူသော ဤသဒ္ဒါသည်။ ဥစ္ဆေဒဒိဋ္ဌိသဟဂတရာဂဿ၊ ဥစ္ဆေဒ ဒိဋ္ဌိနှင့် တကွဖြစ်သော ရာဂကို။ အဓိဝစနံ၊ ဟောတတ်သောသဒ္ဒါတည်း။

www.dhammaransi.com

ဧင်း ဝိဘဝ တဏှာသည် ဘဝတဏှာကဲ့သို့ ဘုံဘဝတို့၌ မပျော်၊ ပုန်းအောင်းလိုစိတ် မရှိ။ မိမိနှင့်တကွ အခြားသောသူများ၏ အိုမှု, နာမှု, သေမှု အမျိုးမျိုး အထွေထွေသော ဆင်းရဲတို့ကို တွေ့ရသောအခါ ရုပ်, နာမ်, ခန္ဓာရခြင်းကို, လူဖြစ်ရခြင်းကို အလွန်စက်ဆုပ်သည်။ အခြားသော ဘဝ, အခြား အဖြစ်ကို ဘာမျှမလိုချင် သေလျှင်ပြီး၏ ပြတ်၏ ဆိုသည်ကို အလွန်သဘောကျသည်။ ထို ပုဂ္ဂိုလ်မျိုးသည် လွန်ပြေးသော ပုဂ္ဂိုလ်မျိုး ဖြစ်ကြောင်းကို မြတ်စွာဘုရားသည်....

ကထဉ္စ ဘိက္ခဝေ အတိဓာဝန္တိ ဧကေ။ လ။ ဧဝံခေါ ဘိက္ခဝေ အတိဓာဝန္တိ ဧကေ။ (ဣတိဝုတ်ပါဠိတော်-၂၂၄)

ဘိက္ခဝေ၊ ချစ်သားတို့။ ကထံ၊ အဘယ်သို့လျှင်။ ဧကေ၊ အချို့သောသူတို့သည်။ အတိဓာဝန္တိ၊ လွန်၍ ပြေး သွား ကုန် သ နည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဧကေ၊ အချို့သောသူတို့သည်။ ဘဝေနေဝ၊ ဘဝအဖြစ် ဖြင့်ပင်လျှင်။ အဋ္ဋိယမာနာ၊ ငြီးငွေ့ကုန်သည်ဖြစ်၍။ ဟရာယမာနာ၊ ရှက်နိုးကုန်သည်ဖြစ်၍။ ဇိဂုစ္ဆမာနာ၊ စက်ဆုပ်ကုန်သည်ဖြစ်၍။ ဝိဘဝံ၊ ဘဝမဖြစ်ကင်းပြတ်ခြင်းကို။ အဘိနန္ဒန္တိ၊ ကျေနပ်နှစ်သက်ကြ ကုန်၏။ ဘော-အိုအချင်းတို့။ ယတော၊ အကြင့်ကြောင့်။ အယံအတ္တာ၊ ဤ ကိုယ်သည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်စီးသည်မှ။ ပရံ မရဏာ၊ သေပြီးနောက်၌။ ဥစ္ဆိဇ္ဇတိ၊ ပြတ်၏။ ဝိနဿတိ၊ ပျက်၏။ ပရံ မရဏာ၊ သေပြီးနောက်၌။ ဥစ္ဆိဇ္ဇတိ၊ ပြတ်၏။ ဝိနဿတိ၊ ပျက်၏။ ပရံ မရဏာ၊ သေပြီးနောက်၌။ န ဟောတိ၊ မ ဖြစ်တော့ချေ။ ဧတံ၊ ဤ သေပြီးမဖြစ် ပြတ်၏ဟူသော ဤ အယူသည်။ သန္တံ၊ စိတ်ငြိမ်သက်၍ အေးချမ်း၏။ ဧတံ၊ ဤအယူသည်။ ပဏီတံ၊ မွန်မြတ်၏။ ဧတံ၊ ဤအယူ သည်။ ယာထာဝံ၊ မဖောက်မပြန် မှန်ကန်သော သဘောရှိ၏။ ဣတိ၊ ဤသို့ယူ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝံခေါ၊ ဤသို့လျှင်။ ဧကေ၊ အချို့သော သူတို့သည်။ အတိဓာဝန္တိ၊ လွန်၍ပြေးသွားကုန်၏။

အဋ္ဌကထာတို့ ဖွင့်ပြချက်လည်း ရှိသေး၏။ သို့ရာတွင် ယခုကာလ လူငယ်လူရွယ်များ၌ ဤအယူအစွဲမျိုးရှိတတ်လေသည်။ 'သေရင်ပြီးတာဘဲ' ဘာမှဖြစ်စရာမလို၊ ရစရာမလို၊ တမလွန်ဘဝဟူသည်ကို လက်မခံလိုသူတို့ ဖြစ်ကြသည်။

www.dhammaransi.com

ဤဝိဘဝတဏှာဟူသော အယူမျိုးသည် သံသရာဘဝပြတ်ရန်အား ထုတ်ကြသော ယောဂီတို့၏ အသိမျိုးနှင့် လုံးဝ ခြားနားလေသည်။ ဤဝိဘဝတဏှာဟူသောအယူမျိုးသည် လူ့ဘဝမျက်မှောက်တွင် အိုသူ,နာသူ, သေသူတို့ကိုတွေ့၍ ဤအဖြစ်မျိုးကို ရွံ၍, ရှက်၍, ကြောက်၍ဖြစ်ရသော သဘောရှိသဖြင့် ခန္ဓာသံသရာ၌ သံဝေဂဉာဏ် အရင်းမခံပေ။ ၎င်းပြင်ထို ကင်းခြင်း, ပြတ်ခြင်းကိုပင် လိုချင်သောကြောင့် 'တဏှာ'အမည်တပ်ထားသည်။ အာရုံကလည်း ပညတ်ကို အာရုံပြုလေသည်။

သံသရာဝဋ်ပြတ်ရန် တရားအားထုတ်ကြသော ယောဂီတို့၏သဘောထားမှာ ရှေးဦးစွာ....

သံသာရေ အာဒီနဝေါ။

ရုပ်,နာမ်,ခန္ဓာသံသရာ၏ အိုမှု,နာမှု,သေမှုသည် ခန္ဓာရသောသူတိုင်း၏ ကိစ္စဖြစ်သည်၊ ဤခန္ဓာရသော မိမိသည် ဤခန္ဓာအတွက် အပြစ်မြင်၍ သံဝေဂဉာဏ် ဖြစ်နေလေသည်။

သင်္ခါရာနဉ္စ သဘာဝေါ သုဒိဋ္ဌော။

ရုပ်,နာမ် ခန္ဓာ၏ သဘာဝ ဖြစ်,ပျက်ကိုလည်း ဉာဏ်ဖြင့် ကောင်းစွာမြင်သည်။

(အပဒါနဋ္ဌကထာ-၂၉၃)

တရားအားထုတ်သူ ယောဂီသည် မိမိ၏လက်ရှိ ခန္ဓာကိုသာ တရားသဖြင့် ဉာဏ်အသိနှင့်သိနေရသည်၊မည်သို့မည်ပုံ စိတ်ကူးဉာဏ်ကူး စဉ်းစားကြံစည်ခြင်းလုံးဝမပြုရ၊လက်ငင်းသိစရာ ခန္ဓာပရမက်ကိုသာ ပရမတ်အနေ အမှန်တရားအနေနှင့် သိနေရသည်၊ ယင်းသို့ သိဖန်များလာသော် ခန္ဓာ, ရုပ်,နာမ်၏ ပင်ကိုသဘောသည် လုံးဝလိုချင်ရလောက်သော ဝတ္ထုပစ္စည်းလည်း မဟုတ်၊ အကောင်အထည် အနှစ်သာရဟူ၍လည်း လုံးဝမရှိ၊ဖြစ်ပြီးက ခဏချက်ချင်း ပျက်,ပျက်နေသော သဘောဟု အသိဉာဏ်ကြီးမားလာသည်နှင့်အမျှ လိုချင်စရာ ရချင်စရာ မရှိသော ခန္ဓာမှန်း သိသော ဉာဏ်က ဤအပျက်ခန္ဓာကို စွန့်ခွာလိုက်သောအချိန်တွင် ဖြစ်ခြင်းမရှိရာကို ဉာဏ်က မျက်မှောက်ပြုလိုက်ခြင်းပင် ဖြစ်လေသည်။

www.dhammaransi.com

၁။ လိုချင်မှုနှင့်တောင့်တနေသည်လည်းမဟုတ်၊

၂။ ပရမတ်အာရုံနှင့် ဖြစ်,ပျက်ကို သိမြင်ခြင်း၊

၃။ ရုပ်,နာမ်ခန္ဓာ ဖြစ်ရခြင်းအားလုံးအပေါ် သံဝေဂဉာဏ်ဖြစ်ခြင်း တို့သည် ဘဝကင်းပြတ်လိုသော 'ဝိဘဝတဏှာ' ဥစ္ဆေဒသမား တို့နှင့် ခြားနားချက်ပင် ဖြစ်လေသည်။

ဝိဘဝတဏှာသမားသည် ဘဝပြတ်သွားကင်းသွားသည်ကို လိုချင်သည်၊ဝိပဿနာရှုသော ယောဂီသည် ဤကဲ့သို့ လိုချင်မှု တခုခုမျှ လက်ခံထား၍ မရ၊တရားသဖြင့် ခန္ဓာကိုယ်၏ သဘောတရားဖြစ်,ပျက်ကို သိနေရသော အလုပ်သည် မလိုချင်စရာ ကောင်းသည်၊ သို့ရာတွင် ယောဂီကား လိုချင်မှုမဖြစ်သလို မလိုချင်ဟုလည်း သဘောမထားရ၊ မလိုချင် ဖြစ်လာလျှင်-'ဒေါသကိလေသာ' ဝင်မည်ဖြစ်၍ 'မဇ္ဈိမပဋိပဒါ'ကျရန် အထူးဂရုစိုက်ရလေသည်။

အထက်ဖော်ပြပါလိုချင်မှု,ရချင်မှု,ဖြစ်ချင်မှုစသောတဏှာသုံးပါးသည် လိုချင်-ရချင်-ဖြစ်ချင် တတ်သော သဘော ဖြစ်အောင် ဖန်တီးမည့် သဘော အဖြစ်ဟူသောဒုက္ခကို နည်းအထွေထွေနှင့် ရချင်-လိုချင်-ဖြစ်ချင်သော ဒုက္ခဖြစ်ကြောင်းများဖြစ်၍ 'သမုဒယသစ္စာ' ခေါ်လေသည်၊ ထိုဖြစ်ကြောင်းသည်(ဒုက္ခ) ဆင်းရဲဖြစ်ကြောင်း မှန်သောကြောင့် 'ဒုက္ခ သမုဒယသစ္စာ'ဟု မြတ်စွာဘုရား ဟောသည်။

အဘယ့်ကြောင့် သမုဒယသစ္စာ ဖြစ်သနည်း။

အကြင်တရားသဘောသည် လက္ခဏာ ၄-ပါး၊အနက် ၄-ချက်နှင့် ပြည့်စုံ၏၊ ထိုတရားသဘောသည် 'သမုဒယသစ္စာ' ဖြစ်လေသည်၊ အဘယ်လက္ခဏာ အနက်သဘောတို့ နည်းဟူမူ....

၁။ အာယူဟနဋ္ဌ - ဒုက္ခသစ္စာဟူသောရုပ်,နာမ်တရား ၂-ပါးကိုဖြစ်ပွားအောင် အားထုတ်ခြင်း အနက် သဘော၊

၂။ နိဒါနဋ္ဌ - ဒုက္ခသစ္စာ ဟူသော ရုပ်,နာမ်တရား ၂-ပါး၏ ဖြစ်ပွား ပေါ်ပေါက်လာရန် အကြောင်းရင်း ဟူသော အနက်သဘော၊

www.dhammaransi.com

၃။ သံယောဇဂန္ထ - ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဟု ဆိုအပ်သော ဝဋ်သုံးပါး၌ အမြဲယှဉ်ခြင်း အနက်သဘော၊

၄။ ပလိဗောဓဋ္ဌ - ဝဋ်သုံးပါးမှ မလွတ်မြောက် စေခြင်းငှာ နှောင့်ယှက်ပိတ်ပင်ခြင်း အနက်သဘော၊

ဤသို့လျှင် လောဘဟူသော သမုဒယသစ္စာ၏ အနက်သဘော ၄-ချက်တို့သည်....

'တထာ' - မှန်ကုန်၏၊

'အဝိတထာ'- မချွတ်မယွင်းကုန်၊

'အနညထာ'- ဒုက္ခသစ္စာဟူသော ရုပ်၊နာမ်တရားကို ဖြစ်ပွားစေနိုင်ရန် အားထုတ်ခြင်းဟု ဆိုအပ်သော 'အာယူဟနဋ္ဌ' သဘောမှတပါး အားမထုတ်ခြင်း ဟူသော အခြင်းအရာ မရှိပေ။

ထိုအနက် ၄-ချက်တို့တွင် 'အာယူဟနဋ္ဌ' အားထုတ်ခြင်း ဟူသော အနက် သဘောသည် သမုဒယသစ္စာ ဟူသော လောဘ၏ အမြဲမပြတ် ထက်ကြပ်ပါရှိသော အနက်သဘောဖြစ်၍ ထိုအာယူဟန အနက် သဘောသည် သမုဒယသစ္စာ၏ မူလပဓာန အနက် မည်၏။

အားထုတ်ခြင်းဟူသည် အဘယ်နည်း....။

'အာယူဟနန္တိ သင်္ခါရာနံ အတ္ထာယ ပယောဂကရဏံ' ဟူသော အဋ္ဌကထာလာသည်နှင့်အညီ အကျိုးဒုက္ခသစ္စာရစေရန်၊ဖြစ်စေရန် ကုသိုလ်ကံ အားဖြင့်ရှင်း၊အကုသိုလ်ကံ အားဖြင့်ရှင်း စေတနာကံ မြောက်အောင် အားထုတ်ပြုလုပ်အပ်သော သင်္ခါရကံတို့ ပြုလုပ်ဖြစ်စေရန် လိုလိုချင်ချင် စွဲစွဲလမ်းလမ်းဖြင့် မရမနေအားထုတ်ခြင်း၊ ပြုလုပ်ခြင်း၊ကြိုးပမ်းခြင်း၊ ဒုက္ခဝဋ္ဋ ဖြစ်စေမှု အတွက် ကာယ-ဝစီ-စိတ္တတို့နှင့် ပြုလုပ်သမျှ သင်္ခါရသည် အားထုတ်ခြင်း(အာယူဟန)ပင် ဖြစ်၏၊ထိုအားထုတ်ခြင်း ဒုက္ခဖြစ်စေခြင်းသည်ပင်လျှင် သမုဒယသစ္စာ၏ ပင်ရင်းလုပ်ငန်း ပဓာနလုပ်ငန်း မူလလုပ်ငန်း အဓိကလုပ်ငန်းပင် ဖြစ်လေသည်။

www.dhammaransi.com

(ရူပ,သဒ္ဒ) အဆင်း,အသံစသော အာရုံငါးပါးကာမဂုဏ် တရားတို့၌လိုချင်တပ်မက်နှစ်သက်စွဲလမ်းခြင်းသဘောရှိသော လောဘစေတသိက်သည် 'တဏှာ' ပင်တည်း၊ တဏှာသည် 'ဒုက္ခ' ဟူသော ရုပ်,နာမ် တရား ၂-ပါး၏ လာမည့်ဘဝအသစ်၌ တဖန်ဖြစ်ပေါ်စေရန် အကြောင်းရင်း စင်စစ် ဖြစ်၏၊ဘုံသုံးပါးတွင် ဖြစ်ဖြစ်သမျှ သတ္တဝါအနန္တတို့သည်တဘဝမှ တဘဝသို့ တဘုံမှတဘုံသို့ စုန်ဆန်လူးလာ အထက်နှင့်အောက် တပြောင်းပြန်ပြန် ကျင်လည်ကြရန်အတွက် ဒုက္ခမျိုးစုံအဖုံဖုံကို အကုန်ဖြစ်စေ၊ ရစေသော ပင်ရင်းတရားသည် ထို သတ္တဝါ၏ ပြုလုပ် အားထုတ် အပ်သော သင်္ခါရမှုတခုခုကို မပြုပြုအောင် လိုချင်မှု ရချင်မှု နှစ်သက်စွဲလမ်းမှုစသည်တို့နှင့် ဖြားယောင်း၍ ဒုက္ခအစု ဆင်းရဲမှုကို ပေးသည်ကား ဘာဒုသုတ်အရ လောဘတဏှာ သမုဒယသစ္စာပင်တည်း။

ထိုလောဘတဏှာသည် ရုပ်,နာမ် ဒုက္ခသစ္စာ ဖြစ်စေသည်သာ မကသေး၊ဖြစ်ရာ ဘဝ ဘုံဌာန တွင်လည်း စိုးရိမ်မအေး ပူဆွေး ငိုကြွေး ရခြင်းစသော မချမ်းသာဖွယ် အနိဋ္ဌာရုံအသွယ်သွယ် သို့လည်း တကယ်ပင် ရစေသေးသည့်အတွက် မြတ်စွာဘုရားသည်....

> တဏှာယ ဇာယတီ သောကော၊ တဏှာယ ဇာယတီ ဘယံ။
> တဏှာယ ဝိပ္ပမုတ္တဿ နတ္ထိ၊သောကော ကုတော ဘယံ။
> ဟု ဓမ္မပဒပါဠိတော် အညတြပြာဟ္မဏဝတ္ထုတွင် ဆိုခဲ့ပြီ။

လိုချင်,ရချင်မှု(တဏှာ)သည် စိုးရိမ်ပူပန်ခြင်းကိုဖြစ်စေသည်၊ထိုလိုချင်ရချင်မှုကြောင့် ဘေးအတန်တန် ရန်အသွယ်သွယ်လည်း ဖြစ်ရ၏၊ ထိုလိုချင်မှု, ရချင်မှု, ဖြစ်ချင်မှုမရှိသော သူအား၊ ဝါ-မလိုချင်, မရချင် မဖြစ်ချင်သောသူအား စိုးရိမ်,ပူဆွေး, ငိုကြွေးရခြင်းသည် မရှိတော့ပေ၊ ဘေးရန်အန္တရာယ်ဟူသည် အဘယ်မှာ ဖြစ်တော့ မည်နည်း။

ထိုနည်းအတူ 'တဏှာဝဂ်' တခုလုံး တွင်လည်း လိုချင်မှုကြောင့် ရအပ်သောဆင်းရဲမျိုးစုံကို နည်းအထွေထွေနှင့် ဟောဖော်ထားသည်၊ ခန္ဓဝဂ္ဂ,သဠာယတနဝဂ္ဂ,နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်များ တွင်လည်း အများအပြား ဟောတော်မူ၏။

www.dhammaransi.com

ကျွန်ုပ်တို့သည် လွန်ခဲ့သော အတိတ်ဘဝမှ တဏှာအဖော်ကြောင့် သာ ဤဘဝတွင် သတ္တဝါတခု လာဖြစ်နေရ၏၊ ရုပ်,နာမ်ခန္ဓာ ဒုက္ခရလာ ဖြစ်လာရ၏၊လောကဒုက္ခပေါင်းစုံကို ရင်ဆိုင်ရ၏၊စိုးရိမ်ပူဆွေး စိတ်မအေး မှု ငိုကြွေးရမှု အစုစုကိုလည်း ခံယူထားရ၏၊ ကံဘေး-မှဲ့ဘေး -နာဘေး- သေဘေးအစရှိသော ဘေးအသွယ်သွယ်အန္တရာယ်အဖုံဖုံကိုလည်း အကုန်ပင် စုပြုံ၍ လက်ခံထားရ၏၊ မသေမချင်း တာဝန်ယူထားရ၏၊ သေပြီးနောက် လည်း နောက်ဆက်တွဲအဖြစ် ဆင်းရဲအနှစ် အသစ်ဖြစ်သော ဒုက္ခဝန်ထုပ် ကို ထပ်မံထမ်းပိုးရန် ရှာဖွေပြန်၏၊ ကျွန်ုပ်တို့၏ ဖြစ်ပုံဖြစ်ရပ်သည် အလွန် ကြောက်ဖွယ် ဖြစ်နေ၏။

အဘယ့်ကြောင့် ဤ မျှဒုက္ခဆင်းရဲ ကြီးကျယ်စွာရအောင် မည်သူ မည်မျှ ကြိုးစားခဲ့သနည်းဟု ပြန်လှေ့လာကြည့်လျှင် အတိတ် ဟူသော လွန်ခဲ့သောဘဝက ကျွန်ုပ်တို့၏ လိုချင်,ရချင်,ဖြစ်ချင်သော တဏှာကိုသာ တွေ့ရပေလိမ့်မည်၊လိုချင်သော လောဘတဏှာမှာ စေတသိက်မျှသာဖြစ်၍ အားမကြီးလှပေ၊သို့ရာတွင် ထိုတဏှာလောဘ ကာင်ပေးလိုက်သောဝန်ထုပ် ကား ကြီးမားလှပါဘိ၊ ဆင်းရဲချည်းသက်သက်၊'ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော' ပေတကား။

ဤသည်ကို မြတ်စွာဘုရား မြင်တော်မူသည်၊သာမည လိုချင်မှုသည် ကြီးကျယ်သော ဆင်းရဲကို ဖြစ်စေသည်ဟု သိတော်မူ, မြင်တော်မူသော ကြောင့် ဤသမုဒယတဏှာကို(ပဟာတဗ္ဗ)'ပယ်ရမည့်တရား,မလိုချင်ရမည့် တရား'ဟု ဟောတော်မူသည်၊ထိုရချင်, လိုချင်မှုတဏှာကို ပယ်လိုက်သဖြင့် ရချင်,လိုချင်သော တဏှာမှလွတ်သောပုဂ္ဂိုလ်များအတွက် ခန္ဓာသံသရာနှင့် ပတ်သက်၍သော်ငြင်း၊လောကဒုက္ခနှင့် ပတ်သက်၍သော်ငြင်း စိုးရိမ်ပူဆွေး ငိုကြွေးခြင်းစသည့် အပူမျိုး၊ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ် ဘေးဆိုး အမျိုးမျိုးတို့ လုံးဝမရှိ ငြိမ်းအေးဘိသည်ဟု ဟောတော်မူခဲ့လေ သည်၊ အကယ်၍ ယင်းလိုချင်, ရချင်မှု လောဘတဏှာကို မဖြုတ်မပယ် နိုင်ခဲ့သော်....

လောဘတဏှာ ဝဋ်ဖြစ်ရာ

လောဘဘဏှာဟူသော 'သမုဒယ'သည် ဝဋ်သုံးပါးကို ဖြစ်စေတတ်သော ကံ၏ ဖြစ်ပေါ်လာခြင်းအကြောင်း ရင်းဖြစ်ကြောင်း ထိုလိုချင်မှုကြောင့် ပြုလုပ်အပ်သော ကံရှိနေသမျှ ဒုက္ခသံသရာ ဝဋ်မြစ်သာဖြစ်ကြောင်းကို....

www.dhammaransi.com

ယံ ဘိက္ခဝေ လောဘပကတံ ကမ္မံ လောဘဇံ လောဘနိဒါနံ၊ လောဘသမုဒယံ၊ တံကမ္မံ အကုသလံ၊ တံကမ္မံ သာဝဇ္ဇံ၊ တံ ကမ္မံ ဒုက္ခဝိပါကံ၊ တံ ကမ္မံ ကမ္မသမုဒယာယ သံဝတ္တတိ၊ န တံ ကမ္မံ ကမ္မနိရောဓာယ သံဝတ္တတိ။

(အင်္ဂုတ္တရပါဠိတော်-တိကနိပါတ် ပဌမနိဒါနသုတ်—၂၆၆)

ချစ်သားတို့- လောဘတဏှာသလျှင် အကြောင်းရင်းဖြစ်သော လောဘတဏှာသည် တိုက်တွန်းအပ်သော လောဘတဏှာ ရှိသူသည် ပြုအပ်သော အကြင်ကံသည် ပြုလုပ်မှုသည်ရှိ၏။ ထို လောဘ တဏှာ အရင်းခံ၍ ပြုလုပ်အပ်သောအမှုသည် မကောင်းသဖြင့် ပြုအပ်သော အမှု (အကုသိုလ်ကံ) မည်၏။ ထိုကံသည် အပြစ်နှင့်တကွဖြစ်၏။ ထို လောဘသာလျှင် ဦးဆောင်ချက်နှင့် ပြုအပ်သောကံသည် ဆင်းရဲသော ရုပ်,နာမ် အကျိုး ကို ပေး ၏။ ထိုမကောင်းကံသည် သံသရာဝဋ်တွင် တခုခုသော ဝဋ်သို့ရောက်ကြောင်းကံ၏ နောက်ဆက်၍ ဒုက္ခတဖန်ဖြစ် အောင်ပြု၏။ ထိုလောဘတဏှာအကြောင်းခံ၍ ပြုအပ်သောမကောင်း မှုသည် ကံအဆက်ဆက်, ဝဋ်အဆက်ဆက် ကင်း ပျောက် ချုပ်ငြိမ်း ခြင်းငှာ မဖြစ်နိုင်ပေ။

ဟု ဟောတော်မူပေရာ သာမညလိုချင်မှုကလေးတခုသည် သံသရာ တွင် ဒုက္ခကြီးများနှင့် တွေ့နေရရုံတွင်မက ထို သံသရာဘဝ ဝဋ်ဒုက္ခမှ လွတ်ခွင့်လည်းမရ ဟု ဟောတော်မူရကား- သမုဒယသစ္စာ ထိုတဏှာကို ပယ်ခွာစွန့်ပစ်နိုင်စေရန် အရေးကြီးပေသည်။ ထိုသမုဒယဟူသည်....

၁။ ရုပ်,နာမ်,ဒုက္ခသစ္စာ ခန္ဓာရရန် အကြောင်းရင်းဖြစ်ခြင်း၊
၂။ ဝဋ်သုံးပါး၌ အမြဲယှဉ်ခြင်း၊
၃။ ဝဋ်သုံးပါးမှ မထွက်မြောက်စေခြင်းငှာ တားဆီးပိတ်ပင်ခြင်း, နှောင့်ယှက်ခြင်း ဟူသော အနက်သဘောတို့သည် လောဘ တဏှာတရား၌ အမြဲအစွဲ ခွဲခွာ၍မရစကောင်းသော သဘော လက္ခဏာတို့ဖြစ်၏။

ထိုသို့ဖြစ်ပေါ်နေခြင်းကိုပင် လောဘသည်'အာယူဟနဋ္ဌ' ရုပ်,နာမ် ခန္ဓာအသစ်ဖြစ်ပေါ်စေရန် အားထုတ်ပြုလုပ်ခြင်း သဘောရှိ၏။ ရုပ်,နာမ်, ခန္ဓာအသစ် ပေါ်လာစေရန် အကြောင်းရင်း ဖြစ်၏။ ထို့ကြောင့် ယင်း.

www.dhammaransi.com

လောဘတဏှာခေါ်သော သမုဒယ၏အပြစ်ကိုမြင်၍ ထိုတဏှာသမုဒယမှ လွတ်မြောက်ရန် အားထုတ်စေရန် မြတ်စွာဘုရား၏ တိုက်တွန်းချက်ကား-

တဏှာဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသရံ။
ဣတ္ထဘာဝညထာဘာဝံ၊ သံသာရံ နာတိဝတ္တတိ။

တဏှာဒုတိယော၊ ငါးစုအာရုံ ကာမဂုဏ်၌ ခုံတမင်မင် ခင်တမြားမြား စွဲငြားလွန်ကဲ တဏှာလျှင် အဖော်သဟဲရှိသော။ ပုရိသော၊ ဗြဟ္မာ, လူ, နတ် အချပ်ရပ်နှင့် ပညတ်ငါ,သူ မဟူစသား သတ္တဝါများသည်။ ဒီဃံ၊ အစမထင် သံသာခွင်၌ အစဉ်များရာ ရှည်လျားစွာသော။ အဒ္ဓါနံ၊ တွက်ရေမရ သဲလုံးပမာဏ ကာလပတ်လုံး။ သံသရံ၊ ထိုဤမနား ပြေးသွားကျင်လည် ရသည်ဖြစ်၍။ ဣတ္ထဘာဝညထာဘာဝံ၊ ဤဘဝမှ သည် အတည်မကျ တပါးဘဝဖြစ်သော။ သံသာရံ၊ခန္ဓာဝဋ်ထုပ် ရပ်မဆုတ်သည့် ဖြစ်ချုပ်ဖန်ခါ သံသရာကို။ နာတိဝတ္တတိ၊ တဏှာတွဲဖက် အခွဲခက်၍ လှဲ့ထွက်လွန်မြောက်ခြင်းငှာ မတတ်သာ ပေ။

ဧတမာဒီနဝံ ဉတွာ၊ တဏှာ ဒုက္ခဿ သမ္ဘဝံ။
ဝီတတဏှော အာနာဒါနော၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

(သုတ္တနိပါတ် ပါဠိတော် ဒွယတာနုပဿနာသုတ်-၃၉၄)

တဏှာ၊တွယ်တာမက်မော လောဘဇောသည်။ဒုက္ခဿ၊ရုပ်,နာမ်နှစ်ဖြာ ခန္ဓာငါးခု ဆင်းရဲအစု၏။ သမ္ဘဝံ၊အသစ်လောင်း၍ ဖြစ်ကြောင်းမှန်စွာ စင်စစ်သာတည်း။ ဣတိ၊ ဤသို့ဟောရာ ဒေသနာပါဠိ ရှိသည်ဖြစ်၍။ ဧတံအာဒီနဝံ၊ သံသရာဝယ် ဖန်ခါမပြတ် ခန္ဓာဇာတ်၏ ထပ်ထပ်မလစ် ဖြစ်ရခြင်း၏ ထိုအပြစ်ကို။ ဉတွာ၊ ကိုယ်တွေ့, ဉာဏ်တွေ့, ပညာတွေ့ဖြင့် စေ့စေ့စုံစုံ အကုန် သိမြင် သည် ဖြစ်၍။ ဝီတတဏှော၊ လိုချင်ပယ်ရှင်း တဏှာကင်းကြကုန်သည်ဖြစ်၍။ အနာဒါနော၊ ငါငါ, သူသူ, လူလူ, နတ်နတ် အစွဲမကပ်ကြ ကုန်သည် ဖြစ်၍။ သတော၊ ခန္ဓာ ကိုယ် တွင် ဉာဏ်နှင့်ယှဉ်၍ ဆင်ခြင်သတိ ဂရုစိုက်မှုရှိသော။ ဘိက္ခု၊ သံသရာဘေး အဖြစ်အေးဖို့ ကြံတွေး ကြောက်ညောင်း သူတော်ကောင်း သည်။ ပရိဗ္ဗဇေ၊သမ္မပ္ပဓာန် လေးတန်ဝီရိယ မဂ္ဂင်ကျအောင် စွမ်းဆောင်မယုတ် အားထုတ်နိုင်ကြကုန်ရာသတည်း။

သမုဒယသစ္စ နိဒ္ဒေသ ပြီး၏။

www.dhammaransi.com

နိရောဓသစ္စ နိဒ္ဒေသ

●

၂၆-ပါဠိတော်။ ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော၊ စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။ သာ ခေါ ပနေသာ ဘိက္ခဝေ တဏှာ ကတ္ထ ပဟီယမာနာ ပဟီယတိ ကတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ၊ ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ကိဉ္စ လောကေ ပိယရူပံ သာတရူပံ။

စက္ခုလောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ သောတံ လောကေ။ ဃာနံ လောကေ။ ဇိဝှာ လောကေ။ ကာယော လောကေ။ မနော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

ရူပါ လောကေ ပိယရူပံ သာတရူပံ။ သဒ္ဒါ လောကေ။ ဂန္ဓာ လောကေ။ ရသာ လောကေ။ ဖောဋ္ဌဗ္ဗာ လောကေ။ ဓမ္မာ လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ။ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ လ။

ရူပဝိစာရော လောကေ။ သဒ္ဒဝိစာရော လောကေ။ ဂန္ဓဝိစာရော လောကေ။ ရသ ဝိစာရော လောကေ။ ဖောဋ္ဌဗ္ဗ ဝိစာရော လောကေ။ ဓမ္မ ဝိစာရော လောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ။ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။

နိရောဓသစ္စ နိဒ္ဒေသပါဠိ ပြီး၏။

www.dhammaransi.com

၂၆-အနက်။ ဘိက္ခဝေ၊ချစ်သားတို့။ ဒုက္ခနိရောဓံ၊ ဆင်းရဲ၏ချုပ်ငြိမ်းရာဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သာ သိအပ်သောအမှန်တရားသည်။ ကတမဥ္စ၊ အဘယ်သည်နည်းဟူမူ။ တဿာယေဝတဏှာယ၊ သမုဒယသစ္စာဖြစ်သော ထိုတဏှာ၏သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြွင်း အကြွင်း မဲ့ ချုပ် ခြင်း သဘောသည်။ ယောစာဂေါ၊ အကြွင်စွန့်ခြင်းသဘောသည်။ ယောပဋိနိဿဂ္ဂေါ၊ အကြွင်လွှတ်ခြင်းသဘောသည်။ ယာမုတ္တိ၊ အကြွင်လွတ်ရာသဘောသည်။ ယောအနာလယော၊ အကြွင်မငြိမကပ် မတွယ်မတာခြင်းသဘောသည်။ အတ္ထိ၊ ရှိ၏။

ဘိက္ခဝေ၊ ချစ်သားတို့။ သာခေါပနေသာတဏှာ၊ ထိုတဏှာသည်။ ကတ္ထ၊ အဘယ်အာရုံ၌။ ပဟီယမာနာ၊ ပယ်လိုသော်။ ပဟီယတိ၊ ပယ်သနည်း။ ကတ္ထ၊ အဘယ်အာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ်လိုသော်။ နိရုဇ္ဈတိ၊ ချုပ်သနည်း။ လောကေ၊ ဖြစ်တတ်, ပျက်တတ်သော လောက၌။ ယံပိယရူပံ၊ အကြွင် ချစ်အပ်သော သဘောအာရုံသည်။ ယံသာတရူပံ၊ အကြွင် သာယာ အပ်သော သဘောအာရုံသည်။ အတ္ထိ၊ရှိ၏၊ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သောသဘောအာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်လိုသော်။ ပဟီယတိ၊ပယ်၏။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော အာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ်လိုသော်။ နိရုဇ္ဈတိ၊ ချုပ်၏။

လောကေ၊ဖြစ်တတ်ပျက်တတ်သောလောက၌။ပိယရူပံ၊ချစ်အပ်သော သဘောအာရုံသည်။ သာတရူပံ၊ သာယာအပ်သောသဘောအာရုံသည်။ ကိဉ္စ၊ အဘယ်နည်း။ လောကေ၊ လောက၌။ စက္ခု၊ မြင်တတ်သောသဘောသည်။ သောတံ၊ ကြားတတ်သောသဘောသည်။ ဃာနံ၊ နံတတ်သောသဘောသည်။ ဇိဝှာ၊လျက်တတ်သောသဘောသည်။ ကာယော၊ ထိတတ်သောသဘောသည်။ မနော၊ သိတတ်သောသဘောသည်။ ပိယရူပံ၊ ချစ်အပ်သောသဘောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသဘောအာရုံတည်း။ ဧတ္ထ၊ ဤ ချစ်အပ် သာယာအပ်သော သဘောအာရုံ၌။ ဧသာတဏှာ၊

www.dhammaransi.com

ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်လိုသော်။ ပဟီယတိ၊ ပယ်၏။ ဧတ္ထ၊ ဤချစ်အပ်သာယာအပ်သော သဘောအာရုံ၌၊ နိရုဇ္ဈမာနာ၊ ချုပ်လိုသော်။ နိရုဇ္ဈတိ၊ ချုပ်၏။

လောကေ၊ ဖြစ်တတ်ပျက်တတ်သောလောက၌။ ရူပါ၊ မြင်အပ်သော သဘောတို့သည်။ သဒ္ဒါ၊ ကြားအပ်သော သဘောတို့သည်။ ဂန္ဓာ၊ နံအပ်သော သဘောတို့သည်။ ရသာ၊ လျက်အပ်သောသဘောတို့သည်။ ဖောဋ္ဌဗ္ဗာ၊ ထိအပ်သောသဘောတို့သည်။ ဓမ္မာ၊ သိအပ်သော သဘောတို့သည်။ ပိယရူပံ၊ ချစ်အပ်သော သဘောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသဘောအာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သော သဘောအာရုံ၌။ သောတဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်လိုသော်။ ပဟီယတိ၊ ပယ်၏။ ဧတ္ထ၊ ဤချစ်အပ်သာယာအပ်သော သဘောအာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ်လိုသော်။ နိရုဇ္ဈတိ၊ ချုပ်၏။

လောကေ၊ ဖြစ်တတ်ပျက်တတ်သောလောက၌။ စက္ခုဝိညာဏံ၊ မြင်သိ သဘောသည်။ သောတဝိညာဏံ၊ ကြားသိသဘောသည်။ ဃာနဝိညာဏံ၊ နံသိသဘောသည်။ ဇိဝှာဝိညာဏံ၊ လျက်သိသဘောသည်။ ကာယဝိညာဏံ၊ ထိသိ သဘောသည်။ မနောဝိညာဏံ၊ ကြံသိ သဘောသည်။....

လောကေ၊ ဖြစ်တတ်ပျက်တတ်သောလောက၌။ စက္ခုသမ္ဖဿော၊ မြင်တွေ့ သဘောသည်။ သောတသမ္ဖဿော၊ ကြားတွေ့ သဘောသည်။ ဃာနသမ္ဖဿော၊ နံတွေ့ သဘောသည်။ ဇိဝှာသမ္ဖဿော၊ လျက်တွေ့သဘောသည်။ ကာယသမ္ဖဿော၊ ထိတွေ့သဘောသည်။ မနောသမ္ဖဿော၊ ကြံတွေ့သဘောသည်။....

လောကေ၊ ဖြစ်တတ်ပျက်တတ်သောလောက၌။ စက္ခုသမ္ဖဿဇာဝေဒနာ၊ မြင်တွေ့သောသဘောကြောင့်ဖြစ်သော ခံစားမှုသည်။ သောတသမ္ဖဿဇာဝေဒနာ၊ ကြားတွေ့သဘောကြောင့် ဖြစ်သော ခံစားမှုသည်။ ဃာနသမ္ဖဿဇာဝေဒနာ၊ နံတွေ့ သဘောကြောင့် ဖြစ်သောခံစားမှုသည်။ ဇိဝှာသမ္ဖဿဇာဝေဒနာ၊ လျက်တွေ့သဘော

www.dhammaransi.com

ကြောင့်ဖြစ်သော ခံစားမှုသည်။ကာယသမ္ဖဿဇာဝေဒနာ၊ထိတွေ့သဘောကြောင့်ဖြစ်သောခံစားမှုသည်။မနောသမ္ဖဿဇာဝေဒနာ၊ ကြံတွေ့သဘောကြောင့်ဖြစ်သော ခံစားမှုသည်။....

လောကေ၊ဖြစ်တတ်ပျက်တတ်သောလောက၌။ ရူပသညာ၊မြင်အပ်သောသဘော၌ မှတ်သားမှုသည်။ သဒ္ဒသညာ၊ကြားအပ်သော သဘော၌ မှတ်သားမှုသည်။ ဂန္ဓသညာ၊ နံအပ်သော သဘော၌ မှတ်သားမှုသည်။ ရသသညာ၊ လျက်အပ်သောသဘော၌မှတ်သားမှုသည်။ ဖောဋ္ဌဗ္ဗသညာ၊ ထိအပ်သောသဘော၌မှတ်သားမှုသည်။ ဓမ္မသညာ၊ သိအပ်သောသဘော၌ မှတ်သားမှုသည်။....

လောကေ၊ဖြစ်တတ်ပျက်တတ်သောလောက၌။ရူပသဉ္စေတနာ၊ မြင်အပ်သောသဘော၌ စေ့ဆော်မှုသည်။ သဒ္ဒသဉ္စေတနာ၊ ကြားအပ်သောသဘော၌စေ့ဆော်မှုသည်။ဂန္ဓသဉ္စေတနာ၊နံတတ်သော သဘော၌ စေ့ဆော်မှုသည်။ ရသသဉ္စေတနာ၊ လျက်အပ်သော သဘော၌ စေ့ဆော်မှုသည်။ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ ထိအပ်သော သဘော၌စေ့ဆော်မှုသည်။ ဓမ္မသဉ္စေတနာ၊သိအပ်သောသဘော၌ စေ့ဆော်မှုသဘောသည်။....

လောကေ၊ ဖြစ်တတ်ပျက်တတ်သော လောက၌။ ရူပတဏှာ၊ မြင်အပ်သောသဘော၌ လိုချင်မှုသည်။ သဒ္ဒတဏှာ၊ ကြားအပ်သောသဘော၌ လိုချင်မှုသည်။ ဂန္ဓတဏှာ၊ နံအပ်သောသဘော၌ လိုချင်မှုသည်။ ရသတဏှာ၊ လျက်အပ်သောသဘော၌ လိုချင်မှုသည်။ ဖောဋ္ဌဗ္ဗတဏှာ၊ ထိအပ်သောသဘော၌ လိုချင်မှုသည်။ ဓမ္မတဏှာ၊ သိအပ်သောသဘော၌ လိုချင်မှုသည်။....

လောကေ၊ဖြစ်တတ်ပျက်တတ်သောလောက၌။ ရူပဝိတက္ကော၊ မြင်အပ်သော သဘော၌ကြံခြင်းသည်။ သဒ္ဒဝိတက္ကော၊ ကြားအပ်သောသဘော၌ ကြံခြင်းသည်။ ဂန္ဓဝိတက္ကော၊နံအပ်သောသဘော၌ ကြံခြင်းသည်။ရသဝိတက္ကော၊လျက်အပ်သောသဘော၌ ကြံခြင်းသည်။ဖောဋ္ဌဗ္ဗဝိတက္ကော၊ထိအပ်သောသဘော၌ ကြံခြင်းသည်။ဓမ္မဝိတက္ကော၊ သိအပ်သောသဘော၌ ကြံခြင်းသည်။....

www.dhammaransi.com

ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်လိုသော်။ ပဟီယတိ၊ ပယ်၏။ ဧတ္ထ၊ ဤချစ်အပ်သာယာအပ်သော သဘောအာရုံ၌၊ နိရုဇ္ဈမာနာ၊ ချုပ်လိုသော်။ နိရုဇ္ဈတိ၊ ချုပ်၏။

လောကေ၊ ဖြစ်တတ်ပျက်တတ်သောလောက၌။ ရူပါ၊ မြင်အပ်သော သဘောတို့သည်၊ သဒ္ဒါ၊ ကြားအပ်သော သဘောတို့သည်။ ဂန္ဓာ၊ နံအပ်သော သဘောတို့သည်။ ရသာ၊ လျက်အပ်သောသဘောတို့သည်။ ဖောဋ္ဌဗ္ဗာ၊ ထိအပ်သောသဘောတို့သည်။ ဓမ္မာ၊ သိအပ်သော သဘောတို့သည်။ ပိယရူပံ၊ ချစ်အပ်သော သဘောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသဘောအာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သော သဘောအာရုံ၌။ သောတဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်လိုသော်။ ပဟီယတိ၊ ပယ်၏။ ဧတ္ထ၊ ဤချစ်အပ်သာယာအပ်သော သဘောအာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ်လိုသော်။ နိရုဇ္ဈတိ၊ ချုပ်၏။

လောကေ၊ ဖြစ်တတ်ပျက်တတ်သောလောက၌။ စက္ခုဝိညာဏံ၊ မြင်သိ သဘောသည်။ သောတဝိညာဏံ၊ ကြားသိသဘောသည်။ ဃာနဝိညာဏံ၊ နံသိသဘောသည်။ ဇိဝှာဝိညာဏံ၊ လျက်သိသဘောသည်။ ကာယဝိညာဏံ၊ ထိသိ သဘောသည်။ မနောဝိညာဏံ၊ ကြံသိ သဘောသည်။....

လောကေ၊ ဖြစ်တတ်ပျက်တတ်သောလောက၌။ စက္ခုသမ္ဖဿော၊ မြင်တွေ့ သဘောသည်။ သောတသမ္ဖဿော၊ ကြားတွေ့ သဘောသည်။ ဃာနသမ္ဖဿော၊ နံတွေ့ သဘောသည်။ ဇိဝှာသမ္ဖဿော၊ လျက်တွေ့သဘောသည်။ ကာယသမ္ဖဿော၊ ထိတွေ့သဘောသည်။ မနောသမ္ဖဿော၊ ကြံတွေ့သဘောသည်။....

လောကေ၊ ဖြစ်တတ်ပျက်တတ်သောလောက၌။ စက္ခုသမ္ဖဿဇာဝေဒနာ၊ မြင်တွေ့သောသဘောကြောင့်ဖြစ်သော ခံစားမှုသည်။ သောတသမ္ဖဿဇာဝေဒနာ၊ ကြားတွေ့သဘောကြောင့် ဖြစ်သော ခံစားမှုသည်။ ဃာနသမ္ဖဿဇာဝေဒနာ၊ နံတွေ့ သဘောကြောင့် ဖြစ်သောခံစားမှုသည်။ ဇိဝှာသမ္ဖဿဇာဝေဒနာ၊ လျက်တွေ့သဘော

www.dhammaransi.com

ကြောင့်ဖြစ်သော ခံစားမှုသည်။ကာယသမ္ဖဿဇာဝေဒနာ၊ထိတွေ့သဘောကြောင့်ဖြစ်သောခံစားမှုသည်။မနောသမ္ဖဿဇာဝေဒနာ၊ကြံတွေ့သဘောကြောင့်ဖြစ်သော ခံစားမှုသည်။....

လောကေ၊ဖြစ်တတ်ပျက်တတ်သောလောက၌။ ရူပသညာ၊မြင်အပ်သောသဘော၌ မှတ်သားမှုသည်။ သဒ္ဒသညာ၊ကြားအပ်သောသဘော၌ မှတ်သားမှုသည်။ ဂန္ဓသညာ၊ နံအပ်သော သဘော၌ မှတ်သားမှုသည်။ ရသသညာ၊ လျက်အပ်သောသဘော၌မှတ်သားမှုသည်။ ဖောဋ္ဌဗ္ဗသညာ၊ ထိအပ်သောသဘော၌မှတ်သားမှုသည်။ ဓမ္မသညာ၊ သိအပ်သောသဘော၌ မှတ်သားမှုသည်။....

လောကေ၊ဖြစ်တတ်ပျက်တတ်သောလောက၌။ရူပသဉ္စေတနာ၊မြင်အပ်သောသဘော၌ စေ့ဆော်မှုသည်။ သဒ္ဒသဉ္စေတနာ၊ ကြားအပ်သော သဘော၌စေ့ဆော်မှုသည်။ဂန္ဓသဉ္စေတနာ၊နံတတ်သောသဘော၌ စေ့ဆော်မှုသည်။ ရသသဉ္စေတနာ၊ လျက်အပ်သောသဘော၌ စေ့ဆော်မှုသည်။ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ ထိအပ်သောသဘော၌စေ့ဆော်မှုသည်။ ဓမ္မသဉ္စေတနာ၊သိအပ်သောသဘော၌ စေ့ဆော်မှုသဘောသည်။....

လောကေ၊ ဖြစ်တတ်ပျက်တတ်သော လောက၌။ ရူပတဏှာ၊ မြင်အပ်သောသဘော၌ လိုချင်မှုသည်။ သဒ္ဒတဏှာ၊ ကြားအပ်သောသဘော၌ လိုချင်မှုသည်။ ဂန္ဓတဏှာ၊ နံအပ်သောသဘော၌ လိုချင်မှုသည်။ ရသတဏှာ၊ လျက်အပ်သောသဘော၌ လိုချင်မှုသည်။ ဖောဋ္ဌဗ္ဗတဏှာ၊ ထိအပ်သောသဘော၌ လိုချင်မှုသည်။ ဓမ္မတဏှာ၊ သိအပ်သောသဘော၌ လိုချင်မှုသည်။....

လောကေ၊ဖြစ်တတ်ပျက်တတ်သောလောက၌။ ရူပဝိတက္ကော၊ မြင်အပ်သော သဘော၌ကြံခြင်းသည်။ သဒ္ဒဝိတက္ကော၊ ကြားအပ်သောသဘော၌ ကြံခြင်းသည်။ ဂန္ဓဝိတက္ကော၊နံအပ်သောသဘော၌ ကြံခြင်းသည်။ရသဝိတက္ကော၊လျက်အပ်သောသဘော၌ ကြံခြင်းသည်။ဖောဋ္ဌဗ္ဗဝိတက္ကော၊ထိအပ်သောသဘော၌ ကြံခြင်းသည်။ဓမ္မဝိတက္ကော၊ သိအပ်သောသဘော၌ ကြံခြင်းသည်။....

www.dhammaransi.com

လောကေ၊ ဖြစ်တတ်ပျက်တတ်သော လောကၥ၌။ ရူပဝိစာရော၊ မြင်အပ်သော သဘော၌ သုံးသပ်ခြင်းသည်။ သဒ္ဒဝိစာရော၊ ကြားအပ်သောသဘော၌ သုံးသပ်ခြင်းသည်။ ဂန္ဓဝိစာရော၊ နံ့အပ်သော သဘော၌ သုံးသပ်ခြင်းသည်။ ရသဝိစာရော၊ လျက်အပ်သော သဘော၌ သုံးသပ်ခြင်းသည်။ ဖောဋ္ဌဗ္ဗဝိစာရော၊ ထိအပ်သော သဘော၌ သုံးသပ်ခြင်းသည်။ ဓမ္မဝိစာရော၊ သိအပ်သောသဘော၌ သုံးသပ်ခြင်းသည်။ ပိယရူပံ၊ ချစ်အပ်သော သဘော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သော သဘောအာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်လိုသော်။ ပဟီယတိ၊ ပယ်၏။ ဧတ္ထ၊ ဤချစ်အပ် သာယာ အပ်သော သဘော အာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ်လိုသော်။ နိရုဇ္ဈတိ၊ ချုပ်၏၊

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသော တဏှာ၏ ချုပ်ရာနိဗ္ဗာန်ကို။ ဒုက္ခနိရောဓံ၊ ဆင်းရဲ၏ ချုပ်ငြိမ်းရာ ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သာ သိအပ်သောအမှန်တရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

နိရောဓသစ္စ နိဒ္ဒေသအနက်ပြီး၏။

၂၆-အဓိပ္ပာယ် ရှင်းချက် မြတ်စွာဘုရားသည် နိရောဓသစ္စ နိဒ္ဒေသ၌ အောက်အခြေခံ ဖြစ်သော လောဘတဏှာ သမုဒယ သစ္စာကို ဟောတော်မူပြီးသည်နောက် တဆက်တည်း နိရောဓ သစ္စာကို ဟောတော်မူရာ အနီးကပ်လျက်ရှိသော 'ဒုက္ခ သမုဒယ' ဆင်းရဲဖြစ်ကြောင်း တဏှာလောဘကို ညွှန်ပြတော်မူပြီးလျှင်....

ချစ်သားတို့ - ထို(သမုဒယသစ္စာ)ဆင်းရဲဖြစ်ကြောင်း အမှန်သည် ဆင်းရဲ (ခန္ဓာ) ရအောင် ဖန်တီးလိုက်သဖြင့် ၃၁-ဘုံ ဩကာသ လောကဓာတ်တွင် ဆင်းရဲအမျိုးမျိုး, ခန္ဓာကိုယ်အမျိုးမျိုးတို့နှင့် ဖြစ်၍နေကြရသည် သံသရာတွင် အဆင်းရဲကြီး ဆင်းရဲနေကြရသည်၊ ထိုဆင်းရဲတို့ မဖြစ်အောင် ချုပ်အောင်လုပ်ရန်ကား ယင်းဆင်းရဲတို့ ဖြစ်အောင်, ရအောင် အားထုတ်ခဲ့သော (သမုဒယသစ္စာ) ဤတဏှာလောဘကို အကြွင်းအကျန်မရှိအောင်

www.dhammaransi.com

ချုပ်ငြိမ်းအောင်,ကင်းငြိမ်းအောင် ပြုလုပ်ခြင်း 'နိရောဓသစ္စာ' သာလျှင် အေးငြိမ်းကြောင်း ဝဋ်ဆင်းရဲပြတ်ကြောင်း အမှန်တရား'ဟု ဟောတော်မူသည်။

နိရောဓသစ္စာဟူရာ၌....'နိ' သဒ္ဒါသည် မရှိခြင်းအနက်ကိုဟောသည်၊ 'ရောဓ' သဒ္ဒါသည် သံသရာနှောင်အိမ်,လှောင်အိမ်ဟူသော အနက်ကို ပြ၏၊ ထိုသို့'နိ'သဒ္ဒါ၏ မရှိခြင်းအနက်ကို 'ရောဓ'သဒ္ဒါ၏ နှောင်အိမ်,လှောင်အိမ် ဟူသောအနက်ကို ပြသောကြောင့် ဤအသင်္ခတဓာတ်သဘော၌ 'သံသရာ နှောင်အိမ်ဟူသော ဆင်းရဲအနှောင်အဖွဲ့၏ မရှိသောအဖြစ်သည် အလုံးစုံ သော ဂတိငါးပါးမှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့် 'နိရောဓသစ္စာ' မည်၏။

တနည်းကား....ထိုနိရောဓ(နိဗ္ဗာန်)ကို ရသည်ရှိသော် ထိုအသင်္ခတ ဓာတ်ကိုရပြီးသော ပုဂ္ဂိုလ်အား သံသရာနှောင်အိမ်ဟုဆိုအပ်သော ဆင်းရဲ အနှောင်အဖွဲ့၏ မရှိခြင်းသည် ဖြစ်၏၊အကယ့်ကြောင့်နည်းဟူမူ ထိုသံသရာ ဖြစ်သော နှောင်အိမ်၏ဆန့်ကျင်ဖက်ဖြစ်သော နိဗ္ဗာန်ကို သိသည်၏အဖြစ် ကြောင့်တည်း၊ ဤသို့သော အနက်ကြောင့်လည်း 'ဒုက္ခနိရောဓ'ဟူ၍ ဆို အပ်၏။

တနည်းကား—ဝဋ်ဆင်းရဲ၏ တဖန် ဖြစ်ပြန်ခြင်း တည်းဟူသော အနုပ္ပါဒနိရောဓ၏ အကြောင်းအဖြစ်ကြောင့် 'ဒုက္ခနိရောဓ'ဟု ဆိုအပ်၏၊ မဖြစ်ခြင်း ချုပ်ခြင်းဟူသော စကားသည် (ဒုက္ခ)ဆင်းရဲ၏ ချုပ်ခြင်းသာ ဖြစ်လေသည်။

ဆင်းရဲချုပ်ပြတ်-နိဗ္ဗာန်မှတ်

နိဗ္ဗာန်-ဟူသော စကားကို 'သဘောတရား' ဟု မသိပဲ ဘုံဘဝ အကောင်အထည်အနေနှင့် ဗုဒ္ဓဘာသာ ရာခိုင်နှုန်း အများဆုံးက မှတ်ယူ ထားကြသည်၊နိဗ္ဗာန်ဟူသည် နိရောဓသစ္စာဟူသော သံသရာဒုက္ခတို့ လုံးဝ ချုပ်ငြိမ်း ရုပ်သိမ်းသော သဘောတရားဟု ခံယူသူ နည်းလှသေးသည်။

'နိရောဓ' ဟူသော သဘောတရားမှ 'နိဗ္ဗာန်'ဟူသော အကောင် အထည်မှသည် ဘုံဘဝတိုင်အောင် သိကြ, မှတ်ကြ, ပြောဆို ယူဆကြလေ သည်၊ 'နိရောဓ'ဟူသည် သဘောတရားပရမတ်၊ 'နိဗ္ဗာန်'ဟူသည် ဘုံဘဝ

www.dhammaransi.com

သက်ရောက်သဖြင့် ပညတ်၊ဤသို့လည်း မှတ်သားအပ်လေသည်၊ မည်သို့ပင် ထင်မှတ်ယူဆစေကာမူ နိရောဓကား ဒုက္ခတို့-ဒုက္ခဖြစ်ကြောင်းတို့ ချုပ်ပုံကို ပြရာ၌—

ယသ္မာ ပန ဒုက္ခဿ သမုဒယောစ ဠာဒိ ဌာနံ ပတွာ နိရုဇ္ဈန္တိ၊ နပ္ပဝတ္တန္တိ၊ တသ္မာ ယဒိဒံ နိဗ္ဗာနံ နာမ။

(မူလပဏ္ဏာသဋ္ဌကထာ ၇၅)

ယသ္မာပန၊ အကြင်ကြောင့်ကား။ ဠာဒိဌာနံ၊ ဤ ချုပ်ငြိမ်းရာ နိရောဓ ဌာနသို့။ ပတွာ၊ ရောက်သည်ရှိသော်။ ဒုက္ခဿ၊ ဆင်းရဲသည်လည်း။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဒုက္ခသမုဒယောစ၊ ဆင်းရဲဖြစ်ကြောင်းသည် လည်း။ နပ္ပဝတ္တန္တိ၊ မဖြစ်တော့ကုန်။ တသ္မာ၊ ထို့ကြောင့်။ ယဒိဒံ၊ အကြင်ဆင်းရဲချုပ်ခြင်း, ဆင်းရဲဖြစ်ကြောင်းတို့မဖြစ်ခြင်းသည်။ နိဗ္ဗာနံ နာမ၊ နိဗ္ဗာန်မည်၏။

သံသရာတွင် ဆင်းရဲဖြစ်သမျှ, ဆင်းရဲဖြစ်ကြောင်းမှန်သမျှ ဆင်းရဲ (ဒုက္ခ)တို့ လုံးဝ မကင်းခြင်း, ချုပ်ခြင်း, မဖြစ်ခြင်းသည်သာ 'နိဗ္ဗာန်' ဟူသော'နိရောဓ'၏ သဘောမှန် ဖြစ်လေသည်။

နာဂသေန-ချုပ်ခြင်းပြ

မိလိန္ဒမင်းကြီးသည် နိဗ္ဗာန်ဟူသောစကားတလုံး၌ပါရှိသော ချုပ်မှု ငြိမ်းမှုဆိုသည်ကို သဘောမကျနိုင်သဖြင့် အရှင်နာဂသေနအား....

ဘန္တေ နာဂသေန နိရောဓော နိဗ္ဗာနံ။

'အရှင်ဘုရားနာဂသေန-ချုပ်ခြင်းသည် နိဗ္ဗာန်လား'

ဟု မေးရာ အရှင်နာဂသေနက....

အာမ မဟာရာဇ နိရောဓော နိဗ္ဗာနံ။

'မင်းကြီး-မှန်သည် ချုပ်ခြင်းသည် နိဗ္ဗာန်ပဲ'

ဟု ဖြေလေသော်—

မိလိန္ဒမင်းကြီးက....

ကထံ ဘန္တေ နာဂသေန နိရောဓော နိဗ္ဗာနံ။

'အရှင်ဘုရား နာဂသေန - ဘယ် တရားတို့ ချုပ်ခြင်းသည် နိဗ္ဗာန် ပါလဲ'ဟု လျှောက်သောအခါ....

www.dhammaransi.com

အရှင်နာဂသေနက-

မင်းကြီး-ပုထုဇ္ဇန်မှန်သမျှ အားလုံးတို့သည် မျက်စိစသော အတွင်း အာယတန,အဆင်းစသောအပြင်အာယတနတို့ကို အလွန်လျှင်နှစ်သက် ကုန်၏၊ အလွန်လျှင် နှစ်သက်သည့်အတိုင်း စွဲလမ်း ပြောဆိုကြကုန်၏။ အစအဆုံး စွဲမှတ်သက်ဝင်၍တည်ကုန်၏၊ စွဲမှတ်သက်ဝင်သဖြင့် တဏှာ တည်းဟူသော ရေအယဉ်သို့မျောပါကုန်၏၊ဖြစ်ခြင်း,အိုခြင်း,သေခြင်း, စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ် ဆင်းရဲခြင်း, စိတ် ဆင်းရဲခြင်း, ပြင်းစွာပင်ပန်းခြင်းဘေးတို့မှ မလွတ်ကြကုန်၊ ဆင်းရဲသံသရာမှ မလွတ် ကုန်ဟု ငါဆို၏၊အရိယာနှင့်အရိယာ၏တရားတို့၌အကြားအမြင်ရှိသော အရိယာသာဝကတို့သည်ကား အတွင်း,အပြင် အာယတနတို့၌ အလွန် နှစ်သက်မှု မရှိသည်ဖြစ်၍ အလွန်စွဲလမ်း ပြောဆိုခြင်းလည်း မရှိရကား စွဲမှတ်သက်ဝင်၍လည်း မတည်ကုန်သဖြင့် တဏှာ ရေယဉ်ဖြင့်လည်း မမျောကုန်သောကြောင့် တပ်မက်မှု တဏှာ ချုပ်၏၊ တဏှာချုပ်ခြင်း ကြောင့် ပြင်းစွာစွဲလမ်းမှု ဥပါဒါန် ချုပ်လေသည်၊ ဥပါဒါန်ချုပ်ခြင်း ကြောင့် ပြုလုပ်မှုကမ္မဘဝ ချုပ်၏၊ ကမ္မဘဝချုပ်ခြင်းကြောင့် ဥပပတ္တိ ဘဝ ဇာတိအဖြစ် ချုပ်၏၊ ဇာတိချုပ်ခြင်းကြောင့် အိုခြင်း,သေခြင်း သည်ရင်း, စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း,ကိုယ်ဆင်းရဲခြင်း,စိတ်ဆင်းရဲ ခြင်း,ပြင်းစွာပင်ပန်းခြင်းတို့လည်းချုပ်ကုန်၏၊ ဤသို့အားဖြင့် အလုံးစုံ သော ဆင်းရဲအစု ဆင်းရဲသံသရာ ချုပ်၏၊ မင်းကြီး-ဤသို့လျှင် ချုပ် ခြင်းသည် 'နိဗ္ဗာန်'မည်၏။'

ဟု မိန့်တော်မူသည်။ (မိလိန္ဒပဉှာသုတ်ပါဠိတော်-၇၀)

သို့ဖြစ်၍ နိဗ္ဗာန်ဆိုသည်မှာ ဘုံဘဝမျိုး, သဏ္ဌာန်ဒြဗ်မျိုး မဟုတ်၊ ကင်းပြတ်ချုပ်ငြိမ်းသော သဘောတရားပရမတ္ထသစ္စာဖြစ်သည်ကိုနားလည် ရန်လိုသည်၊ပြုပြင်ခြင်းမရှိသော'အသင်္ခတသဘောတရား'ဟု တကယ်အမှန် ဉာဏ်နှင့်သဘောပေါက်လာလျှင် 'နိဗ္ဗာန်ကိုရပါလို၏' ဟူသော ဆုတောင်း မျိုးတို့ ပပျောက် သွား ပေလိမ့် မည်၊ နိဗ္ဗာန်တရား ဟူသည် ဖြစ်နေသော ဒုက္ခ ဖြစ်အောင် လုပ်ပေးသော သမုဒယတို့ အမြစ်အရင်းက ဖြုတ် ပယ် ခြင်းသဘောဟုနားလည်သဘောပေါက်ဖို့လိုသည်၊ ဤသို့သဘောပေါက်မှ

www.dhammaransi.com

ထို ဒုက္ခသမုဒယတို့ ပြုတ်ရာပြုတ်ကြောင်း မဂ္ဂသစ္စာ ဘာဝနာ အလုပ်အားထုတ်ရကြောင်း သိမည်ဖြစ်၏။

မူလပဏ္ဏာသ ဋ္ဌကထာအရ နိုရောဓဟူသော သဘောတရားသည် အနှစ်သာရအားဖြင့် ဒုက္ခဟူသော ဆင်းရဲချုပ်ခြင်း, ဒုက္ခသမုဒယဟူသော သမုဒယဖြစ်ကြောင်းတို့မဖြစ်ပဲ ချုပ်ခြင်းကိုဟောခဲ့ရာ၊ ပါဠိတော်၌ 'ယော တဿာယေဝ တဏှာယ' ဟု ထိုတဏှာသမုဒယ တခုသာ ချုပ်ခြင်းကို ဟောတော်မူသည် မဟုတ်လောဟု ဆိုငြားအံ့။

အကြင်တရားသဘောသည် အကြောင်းနှင့်ကင်း၍မဖြစ်၊အကြောင်းကြောင့်ဖြစ်၏။ ထိုသဘောတရားသည် အကြောင်းချုပ်သည် ရှိသော်-အကျိုးတရားသည်ချုပ်ရ၏။ သမုဒယသစ္စာဖြစ်သော လောဘတဏှာသည် ဒုက္ခခန္ဓာ ဖြစ်ကြောင်း မှန်၏။ ထို့ကြောင့် ထိုခန္ဓာချုပ်ငြိမ်းစေရန် (သမုဒယ)ဖြစ်ကြောင်းတရားကိုသတ်ရ၏။ ဒုက္ခချုပ်ရန် သမုဒယကို ချုပ်အောင် လုပ်ရ၏။ အခြားသောနည်းလမ်းနှင့် ပြု၍မရပေ။

> ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊
> ဆိန္နောပိ ရုက္ခော ပုနဒေဝ ရူဟတိ။
> ဧဝမ္ပိ တဏှာနုသယေ အနူဟတေ၊
> နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။

ဟူ၍ ဓမ္မပဒပါဠိတော် တဏှာဝဂ် သူကရပေါတိကာ ဝတ္ထုတွင် မြတ်စွာဘုရား ဟောတော်မူသည်။

မူလေ၊ရေသောက်မြစ်သည်။ အနုပဒ္ဒဝေ၊ တစုံတရာ မနုတ်မပယ်မဖျက်မဆီးပဲ။ ဒဠှေ၊ မြဲမြံ ခိုင်ခံ့နေသည် ရှိသော်။ ဆိန္နောပိ၊ အကိုင်းအခက်တို့ကိုဖြတ်အပ်သည်လည်းဖြစ်သော။ ရုက္ခော၊ သစ်ပင်သည်။ ပုနဒေဝ၊ တဖန်သာလျှင်။ ရူဟတိယထာ၊ ကိုင်းခက်ဝေဆာ စည်ကားလာပြန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ တဏှာနုသယေ၊ ကိန်းဝပ်နေသော တဏှာကို။ အနူဟတေ၊ မပယ်, မဖြုတ်, မဖျက်ဆီးနိုင် သေးသည်ရှိသော်။ ဣဒံဒုက္ခံ၊ ဤအဖြစ် (ဇာတိ) စသော ဆင်းရဲသည်။ ပုနပ္ပုနံ၊ ထပ်ကာထပ်ကာ။ နိဗ္ဗတ္တတိ၊ ဖြစ်၏။

www.dhammaransi.com

ယင်းသို့ဒုက္ခဖြစ်ကြောင်း သမုဒယချုပ်ခြင်းကြောင့်သာလျှင် ဒုက္ခသည်ချုပ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဒုက္ခ၏ ချုပ်ခြင်းကို ဟောတော်မူသည်ရှိသော်- သမုဒယ(အကြောင်း) ချုပ်ခြင်းကိုသာလျှင် ဟောတော်မူ၏။ ထိုစကား အမှန်ပင်ဖြစ်၏။ မြတ်စွာဘုရားတို့မည်သည်-

သီဟသမာန ဝုတ္တိနော ဟိ တထာဂတာ။

'ကေသရာဇာ ခြင်္သေ့မင်းနှင့်တူသော အကျင့်ရှိကုန်၏။'

ထိုခြင်္သေ့အသွင် ဘုရားရှင်သည် ဒုက္ခကို ချုပ်စေကုန်သော်ငြား, ဒုက္ခ၏ချုပ်ခြင်းကိုဟောတော်မူကုန်သော်ငြား အကြောင်း၌သာ ကျင့်တော်မူကုန်၏။

အဓိပ္ပာယ်မှာ- ဒုက္ခကိုချုပ်စေခြင်းငှာ ဒုက္ခဖြစ်ခြင်း အကြောင်း, သမုဒယကိုသာသတ်ကြောင်း, ဒုက္ခချုပ်သောနိဗ္ဗာန်ကို ဟောတော်မူသော အခါ ချုပ်ကြောင်း,မဂ္ဂသစ္စာဘာဝနာအလုပ်ကိုသာဟောတော်မူကြောင်း (အကျိုးအတွက် အကြောင်းကို အဓိကထားပုံ) ဖြစ်သည်။ အကျိုးအတွက် ကျင့်သည်မဟုတ်ကြောင်း။

သုဝါန ဝုတ္တိနော ပန တိတ္ထိယာ။

'တိတ္ထိတို့သည်ကား ခွေးနှင့်တူသော အကျင့်ရှိကုန်၏။

ထိုခွေးနှင့်တူဘိ တိတ္ထိတို့သည် ဒုက္ခကိုချုပ်စေကုန်သော်ငြား, ဒုက္ခ၏ ချုပ်ခြင်းကို ဟောပြောကုန်သော်ငြား'အတ္တကိလမထာနုယောဂဒေသနာ' စသည်တို့ဖြင့် အကျိုးခန္ဓာ၌သာ ကျင့်ကုန်၏၊ အကြောင်း၌ မကျင့်ကုန်။

(နိဂဏ္ဌတိတ္ထိတို့ ဒုက္ခကုန်ခန်း ချုပ်ငြိမ်းရန် အတ္တကိလမထအကျင့်ဖြင့် အကျိုးဖြစ်သော ခန္ဓာကိုယ်ကို နှိပ်စက်၍ ကျင့်ပုံ မူလပဏ္ဏာသ ပါဠိတော် စူဠဒုက္ခက္ခန္ဓသုတ် ၁၃၀-တွင် အကျယ်ကို ကြည့်နိုင်ကြသည်)။

ဤသို့သောနည်းဖြင့် ရှေးဦးစွာဒုက္ခ၏ချုပ်ခြင်းကို ဒုက္ခဖြစ်ကြောင်း (သမုဒယ) ချုပ်သည်၏ အစွမ်းအားဖြင့် ဟောတော်မူခြင်း၏ အကျိုးကို သိအပ်၏။

ပါဠိတော်၌ 'တဏှာယေဝ တဏှာယ' ဆိုသည်ကား - 'ထို တဖန်ဘဝသစ်ကို ဖြစ်စေတတ်သော' ဟု ဆိုပြီး၍ 'ကာမတဏှာ' စသည်တို့၏ အစွမ်းအားဖြင့် ဝေဖန်အပ်သောတဏှာ၏'ဟု ဆိုလိုသည်။

www.dhammaransi.com

'မဂ်'ကို 'ဝိရာဂ'ဟု ဆိုသည်၊ ထိုစကား မှန်၏၊ သမုဒယ တဏှာ၏ ပြတ်ကြောင်း ဖြစ်သော အရိယမဂ်ကြောင့် ဒုက္ခ အပေါင်းမှ လွတ်သည့် 'ဝိမုတ္တိ'မည်သော 'ဖိုလ်'ဖြစ်၏၊ ၎င်းကို 'ဝိရာဂါဝိမုစ္စတိ' ဟု ဟောတော်မူသည်၊ ဝိရာဂဟူသော အရိယမဂ်ဖြင့် ချုပ်ခြင်းသည် 'ဝိရာဂနိရောဓ'မည်၏၊ အနုသယကို အကြွင်းမဲ့ ဖြတ်ခြင်းကြောင့် အလုံးစုံအကြွင်းအကျန်မရှိသော မဂ်ဖြင့် ချုပ်ခြင်းသည် 'အသေသဝိရာဂနိရောဓ'မည်၏၊ ပယ်ခြင်းကို 'ဝိရာဂ' ဟူ၍ဆိုအပ်၏၊ ထိုသို့ 'ဝိရာဂ'သဒ္ဒါ 'နိရောဓ'သဒ္ဒါတို့၏ ပယ်ခြင်း 'ပဟာန' ဟော ပရိယာယ်ချင်း တူသောကြောင့် ၎င်းတို့၏ သဘောတူ 'ဝိရာဂေါ, နိရောဓော, စာဂေါ, ပဋိနိဿဂ္ဂေါ, မုတ္တိ, အနာလယော'ဟူသော ပုဒ်တို့သည် နိဗ္ဗာန်၏ ပရိယာယ်တို့ချည်း ဖြစ်လေသည်။

ပရမတ္ထအားဖြင့် နိဗ္ဗာန်ကို 'ဒုက္ခနိရောဓ အရိယသစ္စာ'ဟု ဆိုအပ်၏၊ ဆင်းရဲ၏ချုပ်ခြင်းတခုသာ မဟုတ်။ ထိုနိဗ္ဗာန်ကို အာရုံပြုသော အား ဖြင့် ရောက်၍ တဏှာသည် အရိယမဂ်၏ အစွမ်းအားဖြင့် ကုန်ခြင်း, ကင်းခြင်း, တဖန်မဖြစ်ခြင်း, ချုပ်ခြင်းကိုဆိုအပ်၏။

ထိုနိဗ္ဗာန်သည် အလုံးစုံသောဝဋ်ဆင်းရဲဟူသမျှကိုငြိမ်းအေးစေခြင်း လက္ခဏာရှိ၏။ မသေရှားခြင်းဟူသော ဂုဏ်ရှိ၏။ တနည်း- သံသရာဒုက္ခမှ ငြီးငွေ့သောသူအား သက်သာခြင်းကိုပြုခြင်းကိစ္စရှိ၏။ ခန္ဓာငါးပါးဟူသော နိမိတ်မှ ကင်းဆိတ်သည်အဖြစ်ကြောင့် ကိုယ်, အထည်, ဒြပ်, အလုံး, အခဲ မရကောင်းသည်၏ အဖြစ်လျှင် ရှေးရှုထင်၏။ တနည်း- သံသရာဒုက္ခ အစ မဆုံးအောင် ချဲ့ထွင် ကျယ်ပွားစေတတ်သော တဏှာ, မာန, ဒိဋ္ဌိ ဟူသော ပပဉ္စတရားကင်းသည်၏ အဖြစ်ကို ဖြစ်စေတတ်၏။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-၁၃၈)

နိဗ္ဗာန်သည် ဒုက္ခခန္ဓာသံသရာ၏ဖြစ်ကြောင်း သမုဒယကို ပယ်ခြင်း ဖြတ်ခြင်းဖြစ်၍ အနက်သာရအားဖြင့် အမည်တမျိုးသာ ဖြစ်သင့်ပါလျက်-

'အသေသဝိရာဂေါ' ....အကြွင်းမဲ့တပ်ခြင်းကင်းရာဖြစ်သော နိဗ္ဗာန်၊
'အသေသနိရောဓော' ....အကြွင်းမဲ့ချုပ်ရာဖြစ်သောနိဗ္ဗာန်၊
'စာဂေါ' ....မငဲ့မကွက်စွန့်ရာဖြစ်သောနိဗ္ဗာန်၊
'ပဋိနိဿဂ္ဂေါ' ....နောင်တဖန် ပစ်ချခြင်း၏ အစွမ်း အား ဖြင့် စွန့်ရာဖြစ်သောနိဗ္ဗာန်၊

www.dhammaransi.com

'မုတ္တိ' ....အနှောင်အဖွဲ့မှ လွတ်ရာဖြစ်သောနိဗ္ဗာန်၊
'အနာလယော' ....မညစ်မနွမ်းသဖြင့် ကပ်ငြိရာမဟုတ်သော နိဗ္ဗာန်၊
'ရာဂက္ခယော' ....ရာဂ၏ကုန်ရာဖြစ်သော နိဗ္ဗာန်၊
'ဒေါသက္ခယော' ....ဒေါသ၏ကုန်ရာဖြစ်သောနိဗ္ဗာန်၊
'မောဟက္ခယော' ....မောဟ၏ကုန်ရာဖြစ်သောနိဗ္ဗာန်၊
'တဏှာက္ခယော' ....တဏှာ၏ကုန်ရာဖြစ်သောနိဗ္ဗာန်၊
'အနုပ္ပါဒေါ' ....အစဖြစ်ရာမရှိသောနိဗ္ဗာန်၊
'အပ္ပဝတ္တံ' ....ဝဋ်မဖြစ်ရာနိဗ္ဗာန်၊
'အနိမိတ္တံ' ....ရာဂစသော နိမိတ်မရှိရာဖြစ်သောနိဗ္ဗာန်၊
'အပ္ပဏိဟိတံ' ....တဏှာတောင့်တမှုမရှိရာဖြစ်သောနိဗ္ဗာန်၊
'အနာယူဟနံ' ....အားထုတ်တတ်သောသမုဒယမရှိရာဖြစ်သော နိဗ္ဗာန်၊
'အပ္ပဋိသန္ဓိ' ....ပဋိသန္ဓေနေရာမဟုတ်သော နိဗ္ဗာန်၊
'အနုပပတ္တိ' ....ကပ်၍ဖြစ်ခြင်းရှိရာမဟုတ်သောနိဗ္ဗာန်၊
'အဂတိ' ....ငါးပါးသော ဂတိတို့ လားရာမဟုတ်သော နိဗ္ဗာန်၊
'အဇာတံ' ....ဖြစ်ခြင်းမရှိရာနိဗ္ဗာန်၊
'အဇရံ' ....အိုခြင်းမရှိရာနိဗ္ဗာန်၊
'အဗျာဓိ' ....အနာမရှိရာနိဗ္ဗာန်၊
'အမတံ' ....မသေရာဖြစ်သောနိဗ္ဗာန်၊
'အသောကံ' ....စိုးရိမ်ပူဆွေးခြင်းမရှိရာနိဗ္ဗာန်၊
'အပရိဒေဝံ' ....ငိုကြွေးမြည်တမ်းခြင်းမရှိရာနိဗ္ဗာန်၊
'အနုပါယာသံ' ....ပြင်းစွာပင်ပန်းခြင်းမရှိရာနိဗ္ဗာန်၊
'အသံကိလိဋ္ဌံ' ....ကိလေသာတို့မနှိပ်စက်ရာနိဗ္ဗာန်၊

စသော အမျိုးအမည်အထူးထူးအပြားပြားများစွာ မြတ်စွာဘုရားသည် အဘယ့်ကြောင့် ဟောပါသနည်းဟူမူ....

www.dhammaransi.com

ကေမေဝ ဟိ နိဗ္ဗာနံ၊ နာမာနိ ပနဿ သဗ္ဗသင်္ခတာနံ နာမပဋိပက္ခ ဝသေန အနေကာနိ ဟောန္တိ။ (မဟာဝဂ္ဂဋ္ဌကထာ-၃၉၀)

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဧကမေဝ၊ သံသရာ ခန္ဓာငြိမ်းခြင်းဟူသော တခုတည်းသော အနှစ်သာရသည်။ ကိဥ္စာပိဟောတိ၊ အကယ်၍ကားဖြစ်ပါပေ၏။ ပန၊ ထိုသို့ပင် ဖြစ်ပါသော်လည်း။ ယသ္မာ၊ အကြင့်ကြောင့်။ အဿနိဗ္ဗာနဿ၊ ထိုနိဗ္ဗာန်၏။ နာမာနိ၊ အထူးထူးအပြားပြား များလှစွာသော အမည်တို့သည်။ သဗ္ဗသင်္ခတာနံ၊ အလုံးစုံသော သင်္ခတတရားတို့၏။ နာမပဋိပက္ခဝသေန၊ အမည်၏ဆန့်ကျင်ဖက်၏အစွမ်းအားဖြင့်။ အနေကာနိ၊ တပါးမက များချင်တိုင်း များ ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဋ္ဌကထာ၏ အဆိုအမိန့်အရ နိဗ္ဗာန်၏အနှစ်သာရ ပရမတ္ထ အားဖြင့် 'ဒုက္ခနိရောဓ' တမျိုးသာ အမှန်ဖြစ်သည်။ အမည်နာမ များနေသည်ကား- လောကပညတ် အမှုတိကိစ္စအားဖြင့် သင်္ခတတရား များသည်နှင့် အမျှ ထို သင်္ခတဒုက္ခတို့ ချုပ်ရာ, ငြိမ်းရာကို လိုက်၍ အမည်တပ် ရသော ကြောင့် များရသည် ဟု ဆိုသည်၊ မှန်၏။ ထို သင်္ခတ ဖြစ် သော တရားတို့ အထူးထူးအထွေထွေပွားစီးနေသော ၃၁-ဘုံနယ် ကျယ်ချင်တိုင်းကျယ်စေကာမူ အရင်းခံတရားသည် 'ရုပ်-နာမ်' တရားသာဖြစ်သည်။ ထို ရုပ်,နာမ် တရားတို့ သတ္တဝါအနေဖြင့် သာဏ္ဍာန်ပုံဟန် ကွဲပြား ခြား နား စေ ကာမူ ထိုတရားတို့၏ ဖြစ်ကြောင်းသည် 'တဏှာသမုဒယ' သာ ဖြစ်၍ ၎င်းအရင်း အမြစ်ကို မြင်တော်မူသောမြတ်စွာဘုရားသည်....

ပုရိသော၊ လယ်ရှင်ယောကျ်ားသည်။ ခေတ္တေ၊လယ်ထဲ၌။ ဇာတံ၊ ပေါက်နေသော။ တိတ္တအလာဗုဝလ္လိံ၊ ဗူး ခါး နွယ် ပင် ကို။ ဒိသွာ၊ မြင်ရသည်ရှိသော်။ အဂ္ဂတော၊ အညွန့်အဖျားမှ။ ပဋ္ဌာယ၊ စ၍။ မူလံ၊ အမြစ်အရင်းကို။ ပရိယေသိတွာ၊ ရှာမှီး၍။ ဆိန္ဒေယျ၊ ဖြတ်လိုက်ရာ၏။ သာတိတ္တအလာဗုဝလ္လိ၊ ထိုဗူးခါးနွယ်ပင်သည်။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ မိလာယိတွာ၊ညှိုးနွမ်း၍။ အပည္ဏတ္တိံ၊ ဗူးခါးပင်ဟုခေါ်စရာ မကျန်သည်၏အဖြစ်သို့။ ဂစ္ဆေယျ၊ ရောက်ရာ၏။ ဧဝမေဝ၊ ထိုသို့ပညတ် အားဖြင့် အမည်ခေါ်စရာမကျန်သည်၏ အဖြစ်သို့ရောက်ခြင်းကြောင့်။ တသ္မိံ ခေတ္တေ၊ ထိုလယ်၌။ တိတ္တအလာဗု၊ ဗူးခါးနွယ်သည်။ နိရုဒ္ဓါ၊

www.dhammaransi.com

ချုပ်ပြီ။ ပဟီနာ၊ ပယ်အပ်ပြီ။ ဣတိ၊ ဤသို့။ ဝုစ္စေယျယထာ၊ ဆိုအပ်ရာသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ခေတ္တော၊လယ်၌။တိတ္တအလာဗုံ၊ ဗူးခါးနွယ်ကို။ ဝေဒိတဗ္ဗာဝိယ၊ သိအပ်သကဲ့သို့။ တထာ၊ ထိုအတူ။ စက္ခာဒီသု၊ စက္ခုအစရှိသည်တို့၌။ တဏှာ၊ လိုချင်မှုသမုဒယကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ အရိယမဂ္ဂေန၊အရိယမဂ်ဖြင့်။ မူလစ္ဆိန္နာ၊ဖြတ်အပ်သောအမြစ်ရှိသော။ သာတဏှာ၊ ထိုသမုဒယသည်။ နိဗ္ဗာနံ၊ ချုပ်ငြိမ်းခြင်းသို့။အာဂမ္မ၊ ရောက်ခြင်းကြောင့်။ အပ္ပဝတ္တိ ၊ တဖန်မဖြစ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

မဟာဝဂ္ဂ သတိပဋ္ဌာန်အဋ္ဌကထာဖော်ပြသည့်အတိုင်း ဗူးခါးနွယ်၏ အမြစ်အရင်းကို ဖြတ်လိုက်သဖြင့် ထိုအပင်၏ အသီးကို, အပွင့်ကို, အညွန့်ကို, အရွက်ကို, ပင်စည်ကို, ဖြတ်သည့်ပင် မည်၏။ ဝိပဿနာအလုပ် အားထုတ်ခြင်းသည် ထို ဗူးခါးနွယ်နှင့်တူသော ဒုက္ခဖြစ်ကြောင်းတရား(သမုဒယ)ကို ဖြတ်နေသည် မည်၏။ သို့အတွက် ထို ဗူးခါးနွယ်ပင် ပြတ်ရန်သာ အဓိက ထား၍ အားထုတ်အပ်သည်။ နိဗ္ဗာန်ကို ရောက်စရာ,ရစရာ တခုခုအားနနှင့် တနည်း-ရလိုသောတဏှာသဘောနှင့် မရှာမဖွေအပ်, အားမထုတ်အပ်ပေ။

ဆင်းရဲလွတ်သည်သာ အဓိက

ဗုဒ္ဓဘာသာဝင် များစွာသော သူတို့၏ အသိအမှတ်တွင် နိဗ္ဗာန်ကို (ဒုက္ခနိရောဓ) ဆင်းရဲချုပ်သော, ဆင်းရဲလွတ်သော သဘောဟု နက်နဲစွာ မသိပါပဲ နတ်,ဗြဟ္မာတို့ကဲ့သို့ ဘုံနှင့်နန်းနှင့်ဟုထင်မှတ်ကာ ထိုဘုံ,ထိုနန်းသို့ စည်းစိမ်ခံစားရန် ရောက်ရှိမည် ဟု သဘောမျိုးထား၍ 'နိဗ္ဗာန်ရကြောင်း ဆုတောင်းအလုပ်ကို လုပ်ကြပေသည်'။ ယင်းသို့ ဘုံ-နန်း မှတ် ၍ ၎င်း၊ စည်းစိမ်ခံစားရန် မြှော်လင့်၍၎င်း ဆုတောင်းသမျှသည် နိဗ္ဗာန်နှင့် ဆန့်ကျင်သော 'ဘဝတဏှာ,သမုဒယသစ္စာ'ကိစ္စသာ ဖြစ်ချေသည်။

နိဗ္ဗာန-ငြိမ်းအေးခြင်း

ကိလေသ-နိဗ္ဗာန၊	ခန္ဓ-နိဗ္ဗာန၊
(အပူငြိမ်းအေးခြင်း)	(အဖြစ်ငြိမ်းအေးခြင်း)
'သမုဒယောစ နပဝတ္တန္တိ'	'ဒုက္ခဥ္စ နိရုဇ္ဈန္တိ'
ခေတ်—၅၆	

www.dhammaransi.com

ဤပုံစံအရ 'ကိလေသနိဗ္ဗာန' ခန္ဓာဖြစ်ရန် ပူပူဆာဆာ တိုက်တွန်း ပြုလုပ်သော ကိလေသာအပူ ငြိမ်းရန်သာ လိုသည်၊ (တနည်း) သမုဒယ အကြောင်းငြိမ်းရန်သာ လိုသည်၊ ကိလေသာ အကြောင်းငြိမ်းက အကျိုး ခန္ဓာသည် မည်သို့မျှရပ်တည်နိုင်တော့မည် မဟုတ်ချေ၊ဖော်ပြခဲ့သော ဗူးခါး ပင်၏အရင်းအမြစ်ဖြတ်ရန်သာ လိုသည်၊ အမြစ်ပြတ်က တပင်လုံး ရပ်တည် မနေနိုင်သကဲ့သို့ ဖြစ်၏၊ ထိုကဲ့သို့ အရင်းအမြစ်ဖြစ်သော သမုဒယတဏှာကို အရိယမဂ်ဖြင့် ပယ်သတ် နိုင်ခဲ့လျှင် 'ခန္ဓနိဗ္ဗာန' ခန္ဓာအဖြစ် ငြိမ်းအောင်၊ သို့မဟုတ် နိဗ္ဗာန်ရအောင်, နိဗ္ဗာန်ဖြစ်အောင် မလုပ်ရတော့ပေ၊ (ကိလေ သာ)အပူငြိမ်းသော(ခန္ဓာ)အဖြစ်ငြိမ်းသောသဘောမှ လွဲ၍ ရစရာ,ရောက် စရာနိဗ္ဗာန်သည်မရှိပေ၊လုံးဝမရှိပေ၊ ဤနေရာ၌မိလိန္ဒမင်းကြီးမေးလျှောက် သေ၁ကြောင့် အရှင်နာဂသေန ဖြေပုံကို လေ့လာပါ။

မိလိန္ဒမင်းကြီးက-

ကထံ ပန တံ နိဗ္ဗာနံ ဒဋ္ဌဗ္ဗံ။

'ထိုနိဗ္ဗာန်ကို ဘယ်လိုသိရပါ့မလဲ ဘုရား'

ဟု လျှောက်သောအခါ၊

အရှင်နာဂသေနက....

မင်းကြီး-ဥပမာအားဖြင့် ထင်းများစွာ စုပုံပြီး မီးတိုက်ထားသော မီးပုံကြီးအတွင်းသို့ ရောက်ရှိနေသော ယောကျ်ားသည် ထိုမီးမှလွတ်ရန် ယှံ့လ အစွမ်းကုန်ထုတ်၍ ရုန်းထွက်ပြီးလျှင် မီးလွတ်ရာ နေရာသို့ ရောက် သည်ရှိသော် ထို နေရာ၌ မီး အပူ အလောင် မရှိသည်ဖြစ်၍ မီးအပူ ဆင်းရဲမှလွတ်သောချမ်းသာကို ရရာ၏၊ မီးမပူသောချမ်းသာ ဖြစ်ရာ၏၊ မင်းကြီး - ဤ ဥပမာ အတူသာလျှင် မဂ္ဂင် ရှစ် ရပ် အကျင့်မြတ်ဖြင့် ကောင်းစွာကျင့်သောသူသည် မှန်ကန်သော နှလုံးသွင်းဖြင့် ကာမ-ရူပ- အရူပဟု ဘုံသုံးပါးမီးအပူမှ သမ္မာဝါယာမဖြင့် ကောင်းစွာရုန်းထွက်၍ ဘုံသုံးပါး မီးများမှ လွတ်၍ မီးမပူသော ချမ်းသာနိဗ္ဗာန်ကို ရရာ၏၊ ဝါ-မီးလွတ်ရာ၏၊ ယင်းကဲ့သို့ မဂ္ဂင်အကျင့်ကို ကျင့်သဖြင့် မီးသုံးပါးမှ လွတ်ခြင်းသည် 'ဧဝံ နိဗ္ဗာနံ ဒဋ္ဌဗ္ဗံ' မီးလွတ်ရာ နိဗ္ဗာန်ဟု မှတ်။

www.dhammaransi.com

မင်းကြီး-ဥပမာတမျိုးကားမြွေကောင်ပုပ်၊ ခွေးကောင်ပုပ်၊ လူကောင်ပုပ် အညစ်အကြေးမျိုးစုံ စုပုံနေရာသို့ ယောကျ်ားတယောက် ဝင်ရောက်နေရာ ထိုယောကျ်ားသည် ယင်း အပုပ်နံ့တို့ကို လွန်စွာ ကြောက်လန့်နှလုံးနာလှ ရကား ၎င်း၏ အားအစွမ်း လုံ့လဝီရိယ အားကုန်ထုတ်၍ လွတ်မြောက်ရန် ရုန်းထွက်လေရာ၊ ထို အပုပ်တို့လွတ်ရာ အနံ့ အသက်မရှိရာအရပ်သို့ ရောက်သော ထိုယောကျ်ားအား အလွန် ကြောက်လန့်နှလုံးနာစရာ တို့မှ ကင်းဝေးရသဖြင့် အပုပ်နံ့တို့ မနှိပ်စက်နိုင်သော ချမ်းသာမှုဖြစ်ရာ၏၊ မင်းကြီး-ထို့အတူ မဂ္ဂင်ရှစ်ပါး အကျင့်တရားဖြင့် မှန်ကန်စွာ နှလုံးသွင်း အားထုတ်နေသော ယောဂီသည် လုံ့လဝီရိယထား၍ အားထုတ်ခြင်းဖြင့် ကိလေသာအကောင်ပုပ်မျိုးစုံမှလွတ်သော အပူအပုပ်ကင်းသော အေးငြိမ်းမှုချမ်းသာကို ရရာ၏၊ ဝါ-ကိလေသာငြိမ်းသော နိဗ္ဗာန်ကို ရရာ၏၊ ယင်းကဲ့သို့ အကောင်ပုပ်နှင့် တူသော ကာမဂုဏ် ကိလေသာတို့မှ လွတ်အောင် မဂ္ဂင်အလုပ် အားထုတ်သော ယောကျ်ားသည် မိမိလုံ့လအားလျော်စွာအကောင်ပုပ်မှလွတ်ခြင်းသည် 'ဧဝံ နိဗ္ဗာနံ ဒဋ္ဌဗ္ဗံ' ၎င်းသည် နိဗ္ဗာန်။

၎င်းပြင် ဘေးအန္တရာယ်အဝိုင်းခံနေရသောယောကျ်ားဥပမာ နွံပုပ်ရှုံ့ပုပ်အတွင်း ကျရောက်နေသော ယောကျ်ားဥပမာများကိုလည်း ဆက်၍ ဖြေဆိုဟောကြားသေးသည်၊ သဘောကား အတူတူပင်ဖြစ်၍ ခြွင်းခဲ့သည်။

ဤ အဓိပ္ပာယ်တို့မှာ အလွန်ထင်ရှားပါသည်။ ပဉ္စမ မီးပုံအတွင်းသို့ ရောက်နေသောယောကျ်ားဥပမာ၌ ထိုယောကျ်ားသည် မီးပူလောင်သော် သေရလိမ့်မည်ဟုသိသဖြင့် အားကုန်ထုတ်၍ ထိုမီးကို ကြောက်သော အသိအမြင်ကြောင့် ရုန်းထွက်သည်၊ မီးအပူအလောင်အရှိန်အဝါတို့ မရောက်ရာ ကင်းရာနေရာကို ရောက်သော် ရပ်လျက် 'အော်-ငါဖြင့်မီး အပူအလောင်မှ လွတ်၍အေးပေပြီ' ဟု စိတ်တွင် ချမ်းသာသွားသည်၊ ထိုသူ ချမ်းသာခြင်းသည် မီးအပူဆင်းရဲမှ လွတ်သွားသည်သာဖြစ်၍ အခြားသောချမ်းသာတစုံတရာမျှ ရသည်မဟုတ်။

ထို့အတူ ကာမ-ရူပ-အရူပ ဟူသော ဘုံသုံးပါး မီးပုံအတွင်းသို့ ကျွန်ုပ်တို့သည် သတ္တဝါတခု ဖြစ်၍ ယခု ကာမမီးအတွင်းသို့ ရောက်နေ၏၊ မိမိရောက်နေသောသတ္တဝါအဖြစ်သည် အလွန်ပူလောင်သော ဆင်းရဲခန္ဓာ

www.dhammaransi.com

ပါတကားဟု သိမြင်သဖြင့် ထိုမီးအပူမှလွတ်ရန်,ကင်းဝေးရန် သတိပဋ္ဌာန် အလုပ်, မဂ္ဂင်အလုပ်ဖြင့် ကျွန်ုပ်တို့ရုန်းထွက်လျက်ရှိသည်၊ ရုန်းထွက်ရာတွင် မီးအပူ လွတ်ကင်းရန်မှလွဲ၍ အခြားဘာမျှ စိတ်မကူးနိုင်၊ မမြော်လင့်နိုင်၊ ယင်းသို့ သမ္မာဝါယာမနှင့် လုံ့လထုတ်၍ လွတ်အောင် ရုန်းနိုင်,ထွက်နိုင်က မိမိအတွက်မီးဘေးမှကင်းဝေးမည်၊ ဤသည်ကိုပင်(ဝေံ နိဗ္ဗာနံ ဒဋ္ဌဗ္ဗံ)'အဲဒါ နိဗ္ဗာန်ပါ' ဟူ၏။

ဆိုလိုရင်းမှာ အလွန် ရှင်းသည်၊ မီး လွတ်သည့်အပြင် ကျွန်ုပ်တို့ 'ဘာလိုသေးသနည်း' ထို မီးလွတ်ရန်လည်း ဆုတောင်း၍ ရသည်မဟုတ်၊ နိဗ္ဗာန်ဆုတောင်းရုံ တောင်းသူသည် မီးပုံအတွင်းရောက်ရှိ၍ အပူအလောင် ကိုခံနေရပါလျက် မရုန်းထွက်ပဲ 'ငါ-မီးလွတ်ရင် ကောင်းမှာပဲ'ဟု ဆုသာ တောင်းနေက မီးလောင်သေ၍ ပြာကျသွားမည်၊ မရုန်းမထွက်ပဲ မီးလွတ် မည်မဟုတ်သည်ကို သတိထားစရာ။

နောက် ခွေးကောင်ပုပ်, မြွေကောင်ပုပ်, လူကောင်ပုပ် အတွင်း ရောက်နေသော ယောကျ်ား၏ဥပမာ စသည်တို့ကိုလည်း ဤဥပမာအတိုင်း သိရမှတ်ရသည်၊နိဗ္ဗာန်စကားမှာ နိရောဓသစ္စာဟူသောအနှစ်သာရကို ဖော် ညွှန်းထားသော ပညတ်ဝေါဟာရသာ ဖြစ်၍ စိတ်ဝင်စားစရာ မလိုချေ၊

(မိလိန္ဒပဉှာ-နိဗ္ဗာနသစ္ဆိကရဏ ပဉှာ-၃၀၉)

ပါဠိတော်တွင်'စက္ခုလောကေ ပိယရူပံ သာတရူပံ။ရူပါလောကေ။ စက္ခုဝိညာဏံ လောကေ'စသည်ဖြင့် မြင်တတ်သောသဘော,မြင်အပ်သော အဆင်း, မြင်သိသဘောစသည်သည် နှလုံးသွင်းမှားသောသူအား ချစ်အပ် သာယာအပ်သော ဆန္ဒရာဂ တဏှာဖြစ်ရာတွင် ထိုတဏှာသမုဒယကို ပရမတ် အသိအားဖြင့် နှလုံးသွင်းမှန်သော အသိက ပယ်ပုံ၊ သို့အတွက် ထို တဏှာ ချုပ်ငြိမ်းသွားသဖြင့် 'ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော'ဟု ညွှန်ပြထားသောအတိုင်း တဏှာသမုဒယ ချုပ်ပုံကို ဟော ထားတော်မူသည်၊ စင်စစ် ခန္ဓာ ပ ရ မတ်ကို (တနည်း) မြင်တတ်သော သဘောကို 'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ အဒရ' ပင်ရင်းအရှိကို အရှိအတိုင်း မှန်မှန်သိ နေလျှင်····

www.dhammaransi.com

န တတ္ထ ကိဉ္စိ သုခံ သာတံ ပဿတိ အာဒိတောပိ မဇ္ဈတောပိ ပရိယောသာနတောပိ။ (မိလိန္ဒပဥှာသုတ်ပါဠိတော်-၃၁၀)

တတ္ထ၊ ရုပ်,နာမ်နှစ်ပါး စက္ခုစသော ပရမတ်တရား၌။ အာဒိတောပိ၊ အစမှရင်း။ မဇ္ဈတောပိ၊အလယ်မှရင်း။ ပရိယောသာနတောပိ၊အဆုံးမှ ရင်း။ ကိဉ္စိ၊ တစုံတခုသော။ သုခံသာတံ၊ချမ်းသာဖွယ်,သာယာဖွယ်ကို။ နပဿတိ၊ မမြင်။

ဟု ဟောတားပေရာ အာရုံနှင့် ဝတ္ထု တိုက်တွေ့မှုဖြစ်က နှလုံးသွင်း မှား၍ ပညတ်အာရုံယူမိလျှင်'ရာဂပုတ္တံ ဝိဇာယတိ' ဆန္ဒရာဂဖြစ်လာသည်၊ ထိုဆန္ဒရာဂအဖြစ်မခံပဲ ဝတ္ထုနှင့် အာရုံ တိုက်တွေ့မှုဖြစ်သောအခါ နှလုံး သွင်းမှန်စွာ ပရမတ်အာရုံ ဖြစ်လေက ဥပမာအားဖြင့် 'မျက်စိနှင့် အဆင်း မြင်က' 'မြင်တတ်သော သဘောတို့ မြင်ပြီးပျက်နေသည်၊ မြင်အပ်သော သဘောလည်း ဖြစ်ပြီးပျက်နေသည်' ကို စာသဘော အပြောတွင်မထားပဲ ဉာဏ်သိဖြစ်အောင် ရှုကြည့်က 'ထိုမြင်တတ်, မြင်အပ် နှစ်ရပ်သောသဘော တရားသည် ဖြစ်,ပျက်ဟူ၍သာသိနေသောအခါ' ထို သိမှုတလျှောက်လုံး၌ အစမှရင်း, အလယ်မှရင်း, အဆုံးမှရင်း ချစ်ဖွယ်, ခင်ဖွယ်, သာယာဖွယ်, တပ်မက်ဖွယ် စသည် ဘာမျှဖြစ်မလာတော့ပဲ (ဟောနဲ့ပယ်သောသဘော သို့ရင်း၊ (နိရောဓ) ချုပ်သော သဘောသို့ရင်း ရောက်တော့သည်သာ၊ သို့အတွက် မြတ်စွာဘုရားသည်....

ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

ဟု ပါဠိတော်တွင် ဟောတော်မူသည်၊ ဤသို့ဖြင့် အရင်းခံတဏှာ သမုဒယကို ပယ်နိုင်,ချုပ်နိုင်က အကျိုးဒုက္ခသစ္စာဝဋ်ခြာပါချုပ်ငြိမ်းကြောင်း ဟောတော်မူခြင်းဖြစ်လေသည်။

နိရောဓနက်-ဤလေးချက်

နိရောဓ သစ္စာတရား၏ အမှန်ရှိသည့် လက္ခဏာ သဘောတို့သည် ၎င်းတို့၏ တာဝန်အရဖြင့် ဤသို့သိပါ....

၁။ နိဿရဏဋ္ဌ- နိရောဓဟူသော သဘောသည် ဝဋ် သုံးပါးမှ ထွက်မြောက်ရာဖြစ်၍ ရုပ်,နာမ်တရားအသစ်တို့ တဖန် မဖြစ်ပြန်ခြင်းသဘောဖြင့် ချုပ်ငြိမ်းရာ ဖြစ်၏။

www.dhammaransi.com

၂။ ဝိဝေကဋ္ဌ- နိရောဓဟူသော သဘောသည် ဝဋ္ဋ သုံးပါးနှင့် မစပ်ယှဉ်သဖြင့် ရုပ်,နာမ် တရား အသစ် ဖြစ်ရခြင်းမှ ကင်းဆိတ်ခြင်းသဘောဖြင့် ချုပ်ငြိမ်းရာဖြစ်၏။

၃။ အသင်္ခတဋ္ဌ- နိရောဓဟူသော သဘောသည် ကံ-စိတ်-ဥတု-အာဟာရ ဟူသောအကြောင်းတရားလေးပါးတို့တွင် မည်သည့်အကြောင်းတရားတပါးပါးမှ မပြုပြင်ရသဖြင့် ရုပ်,နာမ်တရားအသစ် ဖြစ်ပွားဖို့ရာမပြုမပြင်ရခြင်းကြောင့်ချုပ်ငြိမ်းရာဖြစ်၏။

၄။ အမတဋ္ဌ- နိရောဓဟူသောသဘောသည် အိုခြင်း,သေခြင်းဟူသော ဖောက်ပြန်တတ်သော ရုပ်,နာမ်တရားတို့၏ မရှိခြင်းကြောင့် အိုမှု, သေမှု မရှိခြင်းသဘောဖြင့် ချုပ်ငြိမ်းရာဖြစ်၏။

ဤသို့ပြဆိုအပ်ခဲ့ပြီးသော 'ဝိဝေကဋ္ဌ,အသင်္ခတဋ္ဌ,အမတဋ္ဌ'ဟူသော သုံးပါးသောအနက်တို့သည် အသင်္ခတဓာတ် နိဗ္ဗာန်ဟူသော တရားမြတ်၌ အမြဲအစွဲခွဲခွာ၍မရကောင်းသော သဘောရင်း လက္ခဏာတို့ဖြစ်၍ ထိုသို့ဖြစ်ခြင်းကိုပင် နိဗ္ဗာနဓာတ်သည် (နိဿရဏဋ္ဌ) ဝဋ္ဋသုံးပါးမှ ထွက်မြောက်ရာဖြစ်၏။ (ဒုက္ခနိရောဓ)ရုပ်,နာမ်တရားဟူသော ဆင်းရဲ၏ချုပ်ရာဖြစ်၏။

အကြင်တရားသဘောသည် ပြဆိုခဲ့သော အနက်လေးပါးနှင့်ပြည့်စုံ၏။ ထိုတရားသဘောသည် (နိရောဓသစ္စာ) ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရာစင်စစ်မှန်၏။ထို့ကြောင့် တေဘူမကဟူသော သင်္ခါရဝဋ္ဋတွင်းမှ လွတ်ကင်းရာဖြစ်သည့် အသင်္ခတဟူသော ဤ(နိရောဓ) သစ္စာတရားသည် အမှန်လေးချက်, အနက်လေးပါးနှင့် ပြည့်စုံသည်ဖြစ်ရကား ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းရာ'နိဗ္ဗာန'ဟူသော လောကုတ္တရာဓမ္မ အစစ်ပေတည်း။

'နိဗ္ဗာနံ မဂ္ဂဖလာနမာလမ္ဗဏဘူတော အသင်္ခတဓမ္မော'ဟူသည်နှင့် အညီ ပရမ, သုခုမ, သန္တိသုခသဘောရှိ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ် တို့ဖြင့်သာ အာရုံပြုရာဖြစ်သော နိဗ္ဗာန်ဖြစ်၍ အာသဝပြောထူ ကိလေမှု တင်းကြမ်းနှင့် ပုထုဇ္ဇန်တို့အား အရိယာတို့ပြောအပ်သောစကားကို မြော်မှန်းရော်ရမ်းရုံမျှတပါး ကိုယ်တိုင်မသိနိုင်ပေ။

www.dhammaransi.com

လောကုတ္တရာဘုံသားဖြစ်သော အရိယာပုဂ္ဂိုလ်တို့မှာကား- လောကုတ္တရာမဂ်စိတ်၏ အခြားမဲ့၌ သက်ဆိုင်ရာဖိုလ်တို့၏ ဖလသမာပတ်နိရောဓသမာပတ်အခိုက်အတန့်တွင် နိဗ္ဗာန်ကို အတိအကျ အာရုံပြုနိုင်ကြကုန်သည်ဖြစ်၍ ပြန်လည် ဟောကြားတော်မူနိုင်ရကား....။

ကိလေသာချုပ်မှု နိဗ္ဗာန

မြတ်စွာဘုရားရှင်လက်ထက်တော်အခါက အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် မဂဓတိုင်း အပါအဝင်ဖြစ်သော 'နာကလ'မည်သော ရွာငယ်၌ ခေတ္တမျှ သီတင်းသုံးနေတော်မူသောအခါ 'ဇမ္ဗုခါဒက'မည်သော ပရိဗိုဇ်တဦးသည် အရှင်သာရိပုတ္တရာအထံသို့ ချဉ်းကပ်လျက် နှုတ်ဆက်စကား ပြောဆိုပြီးနောက် ပုစ္ဆာပြဿနာများ မေးလျှောက်ခွင့် တောင်းပြီးလျှင်....

နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ၊ ကတမံ နုခေါ သာရိပုတ္တ နိဗ္ဗာနံ။

အာဝုသောသာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ နိဗ္ဗာနံနိဗ္ဗာနန္တိ၊ ကိလေသာအပူဘေးမှကင်းဝေးရာ နိဗ္ဗာန်-နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ လူရှင်အများပါးစပ်ဖျား၌ လေးစားမပြတ် ပြောဆိုအပ်ပါ၏။ အာဝုသော၊ ငါ့ရှင် သာရိပုတ္တရာ။ ကတမံနုခေါ၊ အဘယ်မည်သောတရားသည်။ နိဗ္ဗာနံ၊ ကိလေသာကင်းဝေးသည့် နိဗ္ဗာန်မည်ပါသနည်း။

ဟု မေးလျှောက်သောအခါ အရှင်သာရိပုတ္တရာက....။

ယော ခေါ အာဝုသော ရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယော၊ ဣဒံဝုစ္စတိနိဗ္ဗာနံ။ (သဠာယတနသံယုတ် ပါဠိတော်-၄၄၇)

အာဝုသော၊ ငါ့ရှင်ဇမ္ဗုခါဒက။ယောရာဂက္ခယော၊ အကြင်လောဘ၏ကုန်ရာသည်ရှိ၏။ ယောဒေါသက္ခယော၊ အကြင်ဒေါသ၏ ကုန်ရာသည်ရှိ၏။ ယောမောဟက္ခယော၊ အကြင်မောဟ၏ကုန်ရာသည်ရှိ၏။ အတ္ထိ၊ တကယ်တိတိ အမှန်ရှိ၏။ ဣဒံ၊ ဤ ရာဂ,ဒေါသ,မောဟတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော ပရမတ္ထသဘာဝတရားသည်။ နိဗ္ဗာနန္တိ၊ ကိလေသာအပူဘေးတို့ ကင်းဝေးသည့် နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ကိန်းသေသတ်မှတ် ခေါ်ဆိုအပ်၏။

ဟု အရှင်သာရိပုတ္တရာ ဖြေတော်မူသည်။

www.dhammaransi.com

ဤ၌ နိဗ္ဗာန်ဟူသည် 'ကိလေသနိဗ္ဗာန်,ခန္ဓနိဗ္ဗာန်'ဟူ၍ နှစ်မျိုးရှိရာ တွင် ကိလေသာအပူအလောင် အညစ်အကြေးတို့ ချုပ်ငြိမ်း၍ နောက်ထပ် တဖန် မပြန်မပေါ်ဘဲ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ချုပ်ငြိမ်း ရုပ်သိမ်း ခြင်းသည် ကိလေသ နိဗ္ဗာန်ဖြစ်၏။ ဥပသမာယလည်း မည်၏။ ထိုကိလေ သာတို့ အားလုံး ချုပ်ငြိမ်းပြီးသော ရဟန္တာ ပုဂ္ဂိုလ်အား ပရိနိဗ္ဗာန်ပြုမှ သာလျှင် ခန္ဓနိဗ္ဗာန်မည်သည်။ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြစ်သွားသည်။ ပရိနိဗ္ဗာန်ပြုပြီးနောက် ရစရာ, ရောက်စရာ, တည်ရာ, မှီရာ ဘုံဘဝတခုခုမျှ မရှိတော့ပဲ ၃၁-ဘုံ ဒုက္ခသံသရာထဲတွင် မျိုးပြတ်၍ စာရင်းပျောက် သွား သည်ကို 'ခန္ဓပရိနိဗ္ဗာန်'ပြုသည်ဟု ခေါ်သည်။

ဇမ္ဗုခါဒက ပရိဗိုဇ်အမေး၌ သေဆုံး ချုပ်ပျောက်ပြီးသော မသိရ, မမြင်ရတော့သည့် ခန္ဓနိဗ္ဗာန်ကို ရည်ရွယ်၍ မေးသည်မဟုတ်၊ (သဉပါဒိ သေသ) မျက်မှောက်ပစ္စက္ခတွင် သံဒိဋ္ဌကဖြစ်၍ ထူးခြားလှသည့် ဗုဒ္ဓ၏ သာဝကတို့တွင်မှ ကြား,နာရသော အေးငြိမ်းမှု သဘောကို ရည်ရွယ်၍ မေးသောကြောင့် အရှင်သာရိပုတ္တရာက ကိလေသာဟူသော ရာဂ,ဒေါသ, မောဟ အပူအလောင်တို့ ကင်းဝေးနေသော အရိယာတို့သည်သာလျှင် ၎င်းတို့၏ မဂ်အားလျော်စွာ ရအပ်သောဖိုလ်ဖြင့် အာရုံပြုရာ နိဗ္ဗာန်ကို ဖြေပြဟောကြားတော်မူလေသည်။

၎င်းပြင် ရုပ်,နာမ်,ခန္ဓာသည် 'စိတ်,စေတသိက်,ရုပ်'တည်းဟူသော သင်္ခတပရမတ်တို့ စုပေါင်းထားသောတရားဖြစ်၍ 'ကံ,စိတ်,ဥတု,အာဟာရ' အကြောင်းတို့မကင်းပေ။ အကြောင်းမကင်း၍ ပြုပြင်နေရသမျှသည် ဒုက္ခ သစ္စာချည်းဖြစ်သည်။ နိဗ္ဗာန်ဟူသည် ထိုဒုက္ခတို့ ချုပ်ငြိမ်း ခြင်း ကြောင့် အကြောင်းတရားတို့ ပြုပြင်ပေးရမှု မရှိသည့်အတွက် 'အသင်္ခတ ဓမ္မော' ပရမတ္ထသဘာဝအစစ်သာ ဖြစ်သည်။ ထို သင်္ခတပရမတ် သဘောကိုလည်း-

> ကတမဉ္စ ဘိက္ခဝေ အသင်္ခတံ၊ ယော ဘိက္ခဝေ ရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယော၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတံ။
>
> (သဠာယတနသံယုတ်ပါဠိတော်-ပဋ္ဌမဝဂ် ၅၃၅)

ဘိက္ခဝေ၊ ချစ်သားတို့။ အသင်္ခတံ၊ အကြောင်းတရား လေးပါးတို့သည် မပြုပြင်အပ်သော မြတ်သော နိဗ္ဗာန်ဟူသည်။ ကတမံ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ယောရာဂက္ခယော၊ အကြင်ရာဂ၏ ကုန်ရာ

www.dhammaransi.com

ကုန်ကြောင်း သဘောသည့်ရင်း။ ယောဒေါသက္ခယော၊အကြင်ဒေါသ၏ ကုန်ရာကုန်ကြောင်း သဘောသည့်ရင်း။ ယောမောဟက္ခယော၊ အကြင်မောဟ၏ ကုန်ရာကုန်ကြောင်းသဘောသည့်ရင်း။အတ္ထိ၊ စင်စစ်ကောန်ရှိသည်မှန်၏။ ဣဒံ၊ ဤရာဂကုန်ရာ,ဒေါသကုန်ရာ,မောဟကုန်ရာတရားသဘောကို။ အသင်္ခတန္တိ၊ အကြောင်းတရားတို့ မပြုပြင်သဖြင့် စင်စစ် မြတ်သောသဘောဟူ၍။ ဝုစ္စတိ၊ မုချတပ်အပ် ပြောဆိုအပ်၏။

နိဗ္ဗာန်ဟူသော စကားလုံးကို မြတ်စွာဘုရား၏ အလိုတော်အရ သုံးနှုံးဟောကြားပုံကိုကြည့်လျှင် ‘သေပြီးမှ ရယူအပ်သော သဘောလုံးဝ မပါမရှိပေ’ ‘နိဗ္ဗာန်’ ဟူသောပုဒ်သည်ပင်လျှင်အေးငြိမ်းခြင်းသဘော၊ဝါ- မဖြစ်အေး, မဖြစ်ငြိမ်းသဘောတရား ပရမတ်သာဖြစ်၍ အရိယာဖြစ်သော ပုဂ္ဂိုလ်တို့သည် မသေမီ က ကိလေသာ အပူမီးတို့ ငြိမ်းအေးပြီး ဖြစ်သောကြောင့် ချမ်းသာကြ၏ ရဟန္တာတို့ ပရိနိဗ္ဗာန်ပြုလျှင် ကိလေသာတို့ ခိုအောင်းရာ ဒုက္ခသစ္စာခန္ဓာအိမ်ပါ ချုပ်ဆုံးကွယ်ပျောက်သွားသောကြောင့် အလုံးစုံချမ်းသာသွားသည်။ဆင်းရဲအမှန်ဟု သတ်မှတ်ထားသော ဒုက္ခခန္ဓာ ပျက်စီး ချုပ်ပျောက် ခြင်းသည် (ဒုက္ခ)ဆင်းရဲ ဇာတ်သိမ်းသွားခြင်းဖြစ်၍ နောင်တဖန် ဤဒုက္ခခန္ဓာအိမ်မျိုး မပြန်မဖြစ်တော့ရကား-ဒုက္ခမရှိတော့၍ ဒုက္ခငြိမ်းသွားခြင်းကို ချမ်းသာသည်ဟု ဆိုသည်။ သေပျောက်ပြီးမှ ရရာ, ရောက်ရာ, ခံစားရာနိဗ္ဗာန်ကား-လုံးဝမရှိဟူ၍ မှတ်ရန်ဖြစ်သည်။

ရှေးဦးစွာ ‘ဥပသမာယ’အားဖြင့် ရာဂ,ဒေါသ, မောဟတို့ ငြိမ်း၍ ကိလေသာအပူဘေးတို့ ကင်းဝေးသော နိဗ္ဗာန်ကို ရသည်။ ထိုအရိယာကို ၎င်း၏မဂ်က ပယ်လိုက်ပြီးသော ကိလေသာသည် နောက်ထပ်တဖန် မည်သို့မျှ ဒုက္ခမပေးနိုင်တော့ပေ။သက်ဆိုင်ရာမဂ်၏ သတ်ဖြတ်ခြင်းကို ခံရသော ကိလေသာသည် ထိုအရိယာအား နောက်ထပ် အပူအလောင် မဖြစ်စေနိုင်တော့သဖြင့် ထိုအပူတို့ မရှိသောကြောင့် အေးသည်, ငြိမ်းသည်, အပူမရှိတော့ပေ။ ၎င်းကို (သဉပါဒိသေသ)ခန္ဓာကြွင်းရှိသော ခန္ဓာကိုယ်ရှိလျက် ကိလေသာ အပူငြိမ်းသော ‘နိဗ္ဗာန်’ ဟု ခေါ်သည်။ ထို အပူဘေးကင်းဝေးရန် ပူပန်စေတတ် နှိပ်စက်တတ်သော ထိုကိလေသာတို့ကို တဆင့်ထက်တဆင့် သတ်ဖြတ်ဖျက်ဆီးနိုင်သူသည် အသင်္ခတသဘောဖြစ်ကြောင်းပြုပြင် လုပ်ဆောင်ရခြင်းမရှိပဲ အေးငြိမ်းကြောင်း ဟောတော်မူသည်။

www.dhammaransi.com

သာမန်ပုဂ္ဂိုလ်တို့၏ အထင်နိဗ္ဗာန်

ဤနိရောဓသစ္စ နိဒ္ဒေသကို ဟောရာအခါ၌ 'ဒုက္ခနိရောဓံ အရိယသစ္စံ'ဟု အပြည့်အစုံ ဟောထားလေသည်။ ဤသဘောတရားသည် 'ဒုက္ခ' ဟူသော ပုဒ်အရ ဆင်းရဲမှုဖြစ်၍ 'နိရောဓ' ဟူသော ပုဒ်အရ ထို ခန္ဓာဒုက္ခ, သံသရာဒုက္ခ ချုပ်ငြိမ်းကြောင်းကို ပြလေသည်။ 'အရိယသစ္စံ' ဟူသော ပုဒ်အရ ထို နိရောဓအမည်ရသော ဆင်းရဲချုပ်ရာ နိဗ္ဗာန်ကို အရိယာဖြစ်သောပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်အရ သိအပ်,မြင်အပ်သောအမှန်တရားဖြစ်၍ ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုသော အရိယာတို့သည် (ဒုက္ခသစ္စာ) ဆင်းရဲအမှန် ဤ ရုပ်,နာမ်လည်း ချုပ်ငြိမ်းလျက် ထိုဒုက္ခဖြစ်ကြောင်း (သမုဒယသစ္စာ) လောဘတဏှာလည်း ဆက်၍မဖြစ်သောအချိန်တွင် (မဂ္ဂသစ္စာ) ဘာဝနာပွားလျက် သိအပ်သော (နိရောဓသစ္စာ) နိဗ္ဗာန်ကို မျက်မှောက်ပြုသွားကြောင်း (မူလ ပဏ္ဏာသ စသော အဋ္ဌကထာ)တို့ ဖော်ပြထားပုံကို အောက်တွင်ပြန်ကြည့်နိုင်သည်၊ ဤကား-လောကုတ္တရာ အသခ်တနိဗ္ဗာန်ကို လောကုတ္တရာမဂ်က ကိလေသာသတ်၍ လောကုတ္တရာ ဖိုလ်က အေးငြိမ်းသောသဘော ရသွားပုံကို သဘာဝကျစွာ အဋ္ဌကထာတို့ ဖော်ပြ ထားလေသည်။

ကျွန်ုပ်တို့ဗုဒ္ဓဘာသာ နယ်ပယ်တွင် ခန္ဓာသံသရာကိုမကြည့်မရှု ခန္ဓာသံသရာ၌ဖြစ်သော ကိလေသာသတ်တတ်သည့် မဂ်အလုပ် မဂ္ဂင်အလုပ်ကို မပြုမလုပ် အားမထုတ်ပဲ ထို ခန္ဓာ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို ခံစားစရာဘုံတခု အနေနှင့် တောင့်တ ရှာမှီးနေကြသည်ကား 'နိဗ္ဗာန်သည် အလွန်ချမ်းသာသည်' ဟူသောစကားတလုံးကို မှတ်ယူ၍ အချောင်ရချင်သော လောဘ တဏှာ ဦးစီးချက်ထားသည့် သူလည်း အလွန်များလေသည်။

အချို့လည်း ကိလေသာခန္ဓာ ချုပ်ငြိမ်းသည့် ဒုက္ခ သမုဒယပြတ် တောက်သော ဝိပဿနာအလုပ်,မဂ္ဂသစ္စာဘာဝနာအလုပ်ကို မိမိတို့အနေနှင့် အားမထုတ်ချင် အပျင်းဝင်သောကြောင့် ဤဒုက္ခသမုဒယ ခန္ဓာတန်းလန်း နှင့် 'နိဗ္ဗာန်ကိုအာရုံပြုနေသည်' ဟု ကျမ်းဂန်လွတ်, ဓမ္မက္ခန္ဓာလွတ်, သတိ ပဋ္ဌာန်လွတ်, အားလုံး လွတ်သည့်အပြင် ဝိပဿနာအလုပ် အားထုတ်သူတို့ ကိုပင် ပုတ်ခတ်စွပ်စွဲသူတို့လည်း မနည်းလှပေ။

www.dhammaransi.com

မြတ်စွာဘုရား၏ 'ဒုက္ခနိရောဓ'သဘောသည်ကား 'ယော တဿာ ယေဝ'ပုဒ်အရ ခန္ဓာငါးပါး အကျိုးရုပ်,နာမ်တို့ကို ဖြစ်ပွားစေတတ်သော တရားမှာ 'တဏှာလောဘ'ဖြစ်၍ ထို တဏှာလောဘနှင့် ထို အကြောင်းကြောင့်ဖြစ်သော အကျိုးရုပ်,နာမ် ဒုက္ခချုပ်ရာသည် (ဒုက္ခနိရောဓ)ဆင်းရဲချုပ်ရာ နိဗ္ဗာန်မည်၏။

ကံချုပ်ရာ-နိဗ္ဗာန်

တဖန် ကံဖြစ်ခြင်းကြောင့် ရုပ်,နာမ်(သတ္တဝါ) ဖြစ်၏၊ ကံ၏ချုပ်ခြင်းကြောင့် (ဒုက္ခ)ဟူသော ရုပ်,နာမ် (သတ္တဝါ)ချုပ်၏ဟု ဟောတော်မူပုံကား....

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ အာရမ္ဘ ပစ္စယာ။
အာရမ္ဘာနံ နိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။
(သုတ္တနိပါတ်ပါဠိတော်-ဒွယတာနုပဿနာသုတ်-၃၉၄)

အာရမ္ဘပစ္စယာတိ ကမ္မသမ္ပယုတ္တဝီရိယပစ္စယာ။
(သုတ္တနိပါတ် အဋ္ဌကထာ-၂၂၄)

ကံ ဟူသောအကြောင်းကြောင့်အမှတ်အသားအပိုင်းအခြားမရှိ အလုံးစုံ ရုပ်,နာမ်ဟူသော ဒုက္ခတရားသည် ဖြစ်၏၊ ကံ တို့၏ ချုပ်ခြင်းကြောင့် ရုပ်,နာမ်ဟူသော ဒုက္ခတရားသည် မဖြစ်တော့ပေ။

ဟု ဟောတော်မူသည်၊ ဤသည်လျှင်'နိဗ္ဗာန်'၏ပရိယာယ်ကို ဟောတော်မူခြင်းတည်း။

လောကီဖြစ်သော 'ပုည,အပုည,အာနဉ္ဇ'စေတနာ ၂၉-ပါးသည် ကံဖြစ်၏၊ထိုကံဟူသောသမုဒယသစ္စာကြောင့်ဒုက္ခသစ္စာရုပ်,နာမ်(သတ္တဝါ) ဖြစ်သည်၊ ထို ကံသခါရ သမုဒယသစ္စာကြောင့်ဖြစ်သော (ဇာတိ)ရုပ်,နာမ် ဒုက္ခသစ္စာ ၂-ခုစလုံးပင် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းသည် (ဒုက္ခနိရောဓ)နိဗ္ဗာန်ဖြစ်သတည်း။

ထို ဒုက္ခနိရောဓအရ'နိဗ္ဗာန်'သည် အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့် အမှန်အကန် သိအပ် မြင်အပ်သောကြောင့် 'ဒုက္ခနိရောဓံ အရိယသစ္စံ' ဟု ဟောတော်မူသည်။

ဗကဗြဟ္မာ မသိရှာ

'သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဗြဟ္မသံယုတ် 'ဗကဗြဟ္မာသုတ်'၌ လာရှိသော ရူပါဝစရ ပဉ္စမစျာန်ဘုံသား 'ဗက'အမည်ရှိသော မဟာဗြဟ္မာကြီးသည် အတိတ်ဘဝကမိမိအားထုတ်ခဲ့ဘူးသော စျာန်၏အရှိန်အဝါကြောင့် ရောက်ရှိနေသော မိမိ၏ပဉ္စမစျာန်ဘုံကိုပင် 'ငါ့ယခု ရောက်ရှိတည်နေရသော နေရာသည် အိုခြင်း, နာခြင်း, သေခြင်း ကင်းသော သန္တိသုခ နိဗ္ဗာနဓာတ်တည်း၊ ငါ၏ တည် နေရာမှ အထက် အိုခြင်း,နာခြင်း,သေခြင်းကင်းရာဌာနသည်မရှိတော့'ဟု (သဿတ ဒိဋ္ဌိ) အယူစွဲထားလေသည်။

ထို ဘုံကို အရိယာတို့ ဉာဏ်မျက်စိနှင့်ထောက်ရှုကြည့်လျှင် ရုပ်,နာမ် ဒုက္ခတရား၏တည်ရာ ဘဝတခုသာဖြစ်လေသည်၊ ထို ဗကဗြဟ္မာသည် အမှန် ရုပ်,နာမ်ဒုက္ခတရား၏ ဖြစ်ပျက်နေသောဒုက္ခသစ္စာကို ဆင်းရဲအမှန်ဟု မသိ လေသောကြောင့် 'ငါ့နေရာသည်ခိုင်မြဲ၏၊ အခြားသောနေရာသည်မခိုင်မြဲ၊ ငါ့နေရာထက်ခိုင်မြဲသောနေရာသည် မရှိတော့'ဟု(တဏှာမာနဒိဋ္ဌိ)ဟူသော ဂါဟတရားအစွဲများလေသည်။

ဒုက္ခနိရောဓကား-အမှန်အကန်ကိုသိတတ်သောအရိယာတို့၏ ဉာဏ်မျက်စိဖြင့် သိအပ်မြင်အပ်သော ပရမတ္ထဓမ္မကို တဏှာမာနဒိဋ္ဌိ အစွန်း အငြိ ရှိသူ ပုထုဇ္ဇန်ဟူသမျှတို့၏ သာမန်အသိဉာဏ်မျိုးနှင့် သိနိုင်သော သဘော မရှိသဖြင့် ရှေးဦးစွာ ရုပ်,နာမ်ဟူသော သင်္ခတပရမတ်ကို ဉာဏ်နှင့် သဘော ပေါက်ပြီးပါမှ ထိုသင်္ခတရုပ်,နာမ်တို့၏ ပြုပြင်ဆောင်ရွက်မှုတို့အပေါ် အမှန် အကန် အကဲ ခပ်နိုင်သော အခါ ဉာဏ်ရည် တဆင့်ထက်တဆင့် တက်၍ သင်္ခတပရမတ်၏ ဖြစ်တတ်, ပျက်ပြတ်သော ဒုက္ခသစ္စာဟု ပိုင်ပိုင်နိုင်နိုင် သသော 'ကိစ္စဉာဏ်'သည် ဒုက္ခသစ္စာ ရုပ်,နာမ်ကို (ဒုက္ခနိရောဓအရိယ) သစ္စာအဖြစ် ထိုးထွင်း၍ ကိုယ်တိုင် သိမြင်နိုင်ပါလိမ့်မည်တည်း။

ဒုက္ခနိရောဓ အရိယသစ္စာ အကျယ်ပြီး၏။

မဂ္ဂသစ္စ နိဒ္ဒေသ

၂၇-ပါဠိတော်။ ကတမဉ္စ ဘိက္ခဝေ ဒုက္ခရောဓဂါမိနီပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ။

ကတမာစ ဘိက္ခဝေ သမ္မာဒိဋ္ဌိ၊ ယံခေါ ဘိက္ခဝေ ဒုက္ခေ ဉာဏံ, ဒုက္ခသမုဒယေ ဉာဏံ, ဒုက္ခနိရောဓေ ဉာဏံ, ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။

ကတမောစ ဘိက္ခဝေ သမ္မာ သင်္ကပ္ပေါ၊ နေက္ခမ္မသင်္ကပ္ပေါ, အဗျာပါဒသင်္ကပ္ပေါ, အဝိဟိံသာသင်္ကပ္ပေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။

ကတမာစ ဘိက္ခဝေ သမ္မာဝါစာ၊ မုသာဝါဒါ ဝေရမဏီ, ပိသုဏာယ ဝါစာယ ဝေရမဏီ, ဖရုသာယ ဝါစာယ ဝေရမဏီ, သမ္ဖပ္ပလာပါ ဝေရမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါစာ။

ကတမောစ ဘိက္ခဝေ သမ္မာကမ္မန္တော၊ ပါဏာတိပါတာ ဝေရမဏီ, အဒိန္နာဒါနာ ဝေရမဏီ, ကာမေသုမိစ္ဆာစာရာ ဝေရာမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာကမ္မန္တော။

ကတမောစ ဘိက္ခဝေ သမ္မာအာဇီဝေါ၊ ဣဓ ဘိက္ခဝေ အရိယသာဝကော မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာအာဇီဝေါ။

ကတမောစ ဘိက္ခဝေ သမ္မာဝါယာမော၊ ဣဓ ဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ, ဝါယမတိ, ဝီရိယံ အာရဘတိ, စိတ္တံ

www.dhammaransi.com

ပဂ္ဂဏှာတိ, ပဒဟတိ၊ ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ, ဝါယမတိ, ဝီရိယံအာရဘတိ, စိတ္တံပဂ္ဂဏှာတိ, ပဒဟတိ၊ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဌိတိယာ အသမ္မောသာယ, ဘိယျောဘာဝါယ, ဝေပုလ္လာယ, ဘာဝနာယ ပါရိပူရိယာ ဆန္ဒံဇနေတိ, ဝါယမတိ, ဝီရိယံ အာရဘတိ, စိတ္တံပဂ္ဂဏှာတိ, ပဒဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါယာမော။

ကတမာ စ ဘိက္ခဝေ သမ္မာသတိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။ လ။ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသတိ။

ကတမာ စ ဘိက္ခဝေ သမ္မာသမာဓိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ လ။ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသမာဓိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ။

(မဂ္ဂသစ္စ နိဒ္ဒေသ)

၂၇-အနက်။ ဘိက္ခဝေ၊ချစ်သားတို့။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဆင်းရဲချုပ်ငြိမ်းရာလမ်းကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊အရိယာတို့သာ သိအပ်သောအမှန်တရားသည်။ကတမံ၊အဘယ်သည်နည်းဟူမူ။ အရိယော၊ စင်ကြယ်မြင့်မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ အယမေဝမဂ္ဂေါ၊ ဤလမ်းစဉ်ပေတည်း။ သေယျထိဒံ၊ဤမဂ်တို့သည် အဘယ်နည်းဟူမူ....

၁။ 'သမ္မာဒိဋ္ဌိ' မှန်စွာမြင်ခြင်း၊

၂။ 'သမ္မာသင်္ကပ္ပေါ' မှန်စွာကြံစည်ခြင်း၊

www.dhammaransi.com

၃။ 'သမ္မာဝါစာ' မှန်စွာပြောဆိုခြင်း၊
၄။ 'သမ္မာကမ္မန္တော' မှန်စွာပြုလုပ်ခြင်း၊
၅။ 'သမ္မာအာဇီဝေါ' မှန်စွာအသက်မွေးခြင်း၊
၆။ 'သမ္မာဝါယာမော' မှန်စွာအားထုတ်ခြင်း၊
၇။ 'သမ္မာသတိ' မှန်စွာအောက်မေ့ခြင်း၊ (ဂရုစိုက်ခြင်း)
၈။ 'သမ္မာသမာဓိ' မှန်စွာတည်ငြိမ်ခြင်း။

အယမေဝ၊ ဤသည်တို့သာတည်း။

ဘိက္ခဝေ၊ချစ်သားတို့။ သမ္မာဒိဋ္ဌိ၊ မှန်သော မြင်ခြင်းဟူသည်။ ကတမာစ၊အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ချစ်သားတို့။ ဒုက္ခေ၊ ဆင်းရဲအမှန်(ဒုက္ခသစ္စာ)၌။ ယံခေါဉာဏံ၊ အကြင် သိတတ်သော သဘောသည်ရှင်း။ ဒုက္ခသမုဒယေ၊ ဆင်းရဲဖြစ်ကြောင်း(သမုဒယ သစ္စာ)၌၊ ယံခေါဉာဏံ၊အကြင် သိတတ်သော သဘောသည်ရှင်း။ ဒုက္ခနိရောဓေ၊ ဆင်းရဲချုပ်ရာ (နိရောဓသစ္စာ)၌။ ယံခေါဉာဏံ၊ အကြင် သိတတ်သော သဘောသည်ရှင်း။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဆင်းရဲချုပ်ရာ လမ်းကြောင်းအကျင့် (မဂ္ဂသစ္စာ)၌။ ယံခေါဉာဏံ၊ အကြင် သိတတ်သော သဘော သည်ရှင်း။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ချစ်သားတို့။ အယံ၊ ဤသိတတ်သော သဘောကို။ သမ္မာဒိဋ္ဌိ၊မှန်သောမြင်ခြင်းဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဘိက္ခဝေ၊ချစ်သားတို့။ သမ္မာသင်္ကပ္ပေါ၊ မှန်သောကြံစည်ခြင်း ဟူသည်။ ကတမောစ၊ အဘယ်နည်းဟူမူကား။ နေက္ခမ္မသင်္ကပ္ပေါ၊ ကာမဂုဏ်မှ ထွက်မြောက်သော ကြံစည်မှုသည်ရှင်း။ အဗျာပါဒ သင်္ကပ္ပေါ၊ မပျက်စီးစေလိုသော ကြံစည်မှုသည်ရှင်း။ အဝိဟိံသာ သင်္ကပ္ပေါ၊ မညှဉ်းဆဲလိုသော ကြံစည်မှုသည်ရှင်း။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤကြံစည်မှု သုံးမျိုးကို။ သမ္မာ သင်္ကပ္ပေါ၊မှန်သောကြံစည်ခြင်းဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာဝါစာ၊ မှန်စွာ ပြောဆိုခြင်း ဟူသည်။ ကတမာစ၊ အဘယ်နည်းဟူမူကား။ မုသာဝါဒါ၊ မမှန်

www.dhammaransi.com

မကာန် ချွတ်ယွင်းသောစကားကို ဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်းသည်ရှင်း။ ပိသုဏာယဝါစာယ၊ ချောပစ်ကုံးတိုက်သောစကားမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်းသည်ရှင်း။ ဖရုသာယ ဝါစာယ၊ ကြမ်းထမ်းစွာ ဆဲဆိုရေရွတ်သောစကားမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်းသည်ရှင်း။ သမ္ဖပ္ပလာပါ၊ မဂ်ဖိုလ်မှ ဖီလာဖြစ်သော ပြိန်ဖျင်းသောစကားပြောဆိုခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်းသည်ရှင်း။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤလေးပါးသောရှောင်ကြဉ်မှုကို။ သမ္မာဝါစာ၊ မှန်စွာပြောဆိုခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ချစ်သားတို့၊ သမ္မာကမ္မန္တော၊ မှန်စွာပြုလုပ်ခြင်းဟူသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။ ပါဏာတိပါတာ၊ သတ္တဝါ၏အသက်ကိုသတ်ခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်းသည်ရှင်း။ အဒိန္နာဒါနာ၊ ပိုင်ရှင်သည် မပေးအပ်သော ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်းသည်ရှင်း။ ကာမေသုမိစ္ဆာစာရာ၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ လွန်ကျူး၍ ကျင့်ခြင်းမှ။ ဝေရမဏီ၊ ရှောင်ကြဉ်ခြင်းသည်ရှင်း။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤသုံးပါးသော ရှောင်ကြဉ်မှုကို။ သမ္မာကမ္မန္တော၊ မှန်စွာပြုလုပ်ခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာအာဇီဝေါ၊ မှန်စွာအသက်မွေးခြင်းဟူသည်။ ကတမော စ၊ အဘယ်နည်းဟူမူ။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤမြတ်စွာဘုရား အဆုံးအမတော်၌။ အရိယသာဝကော၊ အရိယာ၏ တပည့်သည်။ မိစ္ဆာအာဇီဝံ၊ ကာယဒုစ္စရိုက်-ဝစီဒုစ္စရိုက်စသော လွဲမှားသော အသက်မွေးမှုကို။ ပဟာယ၊ ပယ်၍။ သမ္မာအာဇီဝေန၊ ကာယသုစရိုက်-ဝစီသုစရိုက်စသော။ ဝါ၊ ကာယ-ဝစီဒုစရိုက်မှကြဉ်၍ ကောင်းမြတ်မှန်ကန်သော အသက်မွေးခြင်းဖြင့်။ ဇီဝိတံ၊ အသက်မွေးမှုကို။ ကပ္ပေတိ၊ ပြု၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤကာယ-ဝစီဒုစ္စရိုက်ကိုကြဉ်၍ ကောင်းမြတ်မှန်ကန်သော အသက်မွေးခြင်းကို။ သမ္မာအာဇီဝေါ၊ မှန်စွာ အသက်မွေးခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

www.dhammaransi.com

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာဝါယာမော၊ မှန်စွာအားထုတ်ခြင်းဟူသည်။ ကတမော စ၊ အဘယ်နည်း ဟူမူကား။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤမြတ်စွာဘုရားအဆုံးအမ၌။ ဘိက္ခု၊ သံသရာကိုဘေးဟုမြင်တတ် ယောဂီမြတ်သည်။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ပါပကာနံ၊ ယုတ်မာကုန်သော။ အကုသလာနံ၊ မကောင်းသဖြင့် ပြုအပ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ အနုပ္ပါဒါယ၊ မဖြစ်စေခြင်းငှာ။ ဆန္ဒံ၊ အလိုဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ အားထုတ်၏။ ဝီရိယံ၊ လုံ့လကို။ အာရဘတိ၊ ဖြစ်စေ၏။ စိတ္တံ၊ အသိ (စိတ်)ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟတိ၊ ကြိုးစား၏။

ဥပ္ပန္နာနံ၊ ဖြစ်ပြီးကုန်သော။ ပါပကာနံ၊ ယုတ်မာ ကုန်သော။ အကုသလာနံ၊ မကောင်းသဖြင့် ပြုအပ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ ဆန္ဒံ၊ အလိုဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ အားထုတ်၏။ ဝီရိယံ၊ လုံ့လကို။ အာရဘတိ၊ ဖြစ်စေ၏။ စိတ္တံ၊ အသိ (စိတ်) ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟတိ၊ ကြိုးစား၏။

အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ကုသလာနံ၊ ကောင်းသဖြင့် ပြုအပ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှာ။ ဆန္ဒံ၊ အလိုဆန္ဒကို။ လ။ ပဒဟတိ၊ ကြိုးစား၏။

ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ကုသလာနံ၊ ကောင်းသဖြင့်ပြုအပ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ဌိတိယာ၊ တည်တံ့စေခြင်းငှာ။ အသမ္မောသာယ၊ မပျက် မစီး စေခြင်းငှာ။ ဘိယျောဘာဝါယ၊ လွန်စွာ ပွားများ စေခြင်းငှာ။ ဝေပုလ္လာယ၊ ပြန့်ပွားစေခြင်းငှာ။ ဘာဝနာယ၊ ပွားများခြင်း၏။ ပါရိပူရိယာ၊ ပြည့်စုံစေခြင်းငှာ။ ဆန္ဒံ၊ အလိုဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ အားထုတ်၏။ ဝီရိယံ၊ လုံ့လကို။ အာရဘတိ၊ ဖြစ်စေ၏။ စိတ္တံ၊ အသိ(စိတ်)ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟတိ၊ ကြိုးစား၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤလေးပါးသောအားထုတ်မှုကို။ သမ္မာဝါယာမော၊ မှန်စွာအားထုတ်ခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

www.dhammaransi.com

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာသတိ၊ မှန်စွာအောက်မေ့ခြင်း, ဂရုစိုက်ခြင်းဟူသည်။ ကတမာစ၊ အဘယ်နည်းဟူမူ။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤမြတ်စွာဘုရားအဆုံးအမ၌။ ဘိက္ခု၊ သံသရာကို ဘေးဟုမြင်တတ် ယောဂီမြတ်သည်။ အာတာပီ၊ ဘုံသုံးပါး၌ ဖြစ်စေတတ်သော ကိလေသာကို လွန်စွာ ပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လဝီရိယရှိသည်ဖြစ်၍။ သမ္ပဇာနော၊ အကြောင်းနှင့် တကွ အကျိုးရုပ်,နာမ်ကိုကောင်းစွာ အစိတ်စိတ်အလီလီ သိတတ်သောပညာရှိသည်ဖြစ်၍။ သတိမာ၊ ဖောက်ပြန်မှုအပေါင်းကို ဂရုစိုက်မှု(သတိ) နှင့် ပြည့်စုံသည်ဖြစ်၍။ လောကေ၊ အစွဲအလမ်း၏ အာရုံဖြစ်သော ဖောက်ပြန်တတ်သော သဘော၌။ အဘိဇ္ဈာဒေါမနဿံ၊ တစုံတခုသော ဝတ္ထုအာရုံ၌ ကိလေသာ တပ်မက်သော အားဖြင့် ရှေးရှုကြံခြင်း ဟူသောလောဘ၊ ကြံစည်တိုင်း မရခြင်းကြောင့် နှလုံးမသာယာခြင်း ဒေါမနဿကို။ ဝိနေယျ၊ ခေတ္တဖြစ်စေ,ကြာကြာဖြစ်စေ ပယ်နိုင်ရန်ဆုံးမ၍။ ကာယေ၊ ရူပကာယဟု ဆိုအပ်သောဖောက်ပြန်မှုအပေါင်း၌။ ကာယာနုပဿီ၊ ဖောက်ပြန်မှုအပေါင်းဟု အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

(ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အတူဆို) ဓမ္မေသု၊ သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သဘောတရားတို့ကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤလေးပါးသော အောက်မေ့ခြင်း, ဂရုစိုက်ခြင်းကို။ သမ္မာသတိ၊ မှန်စွာအောက်မေ့ခြင်း, ဂရုစိုက်ခြင်း ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာသမာဓိ၊ မှန်စွာတည်ငြိမ်ခြင်း ဟူသည်။ ကတမောစ၊ အဘယ်နည်းဟူမူ။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤ မြတ်စွာဘုရားအဆုံးအမ၌၊ ဘိက္ခု၊ သံသရာကို ဘေးဟု မြင်တတ်ယောဂီမြတ်သည်။ ကာမေဟိ၊ ဝတ္ထုကာမ,ကိလေသာကာမ တို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ အကုသလေဟိ၊ မကောင်း သဖြင့်ပြုအပ်ကုန်သော။ ဓမ္မေဟိ၊ တရားတို့မှ။ ဝိဝိစ္စ၊ ကင်းဆိတ် သည်ဖြစ်၍သာလျှင်။ သဝိတက္ကံ၊ ဝိတက်ဟူသော ကြံစည်မှုနှင့်

www.dhammaransi.com

တက္ကသော။ သဝိစာရံ၊ စဉ်းစားစီစစ်မှုနှင့်တကွသော။ ဝိဝေကဇံ၊ နီဝရဏတို့ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော။ ပီတိသုခံ၊ နှစ်သက်မှု, ချမ်းသာမှုနှင့် တကွသော။ ပဌမံဈာနံ၊ ပဌမဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေလျက်။ ဝိဟရတိ၊ နေ၏။

ဝိတက္ကဝိစာရာနံ၊ ကြံစည်မှု, စဉ်းစား စီစစ်မှုတို့၏။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်။ အဇ္ဈတ္တံ၊ မိမိ၏ အတွင်းသန္တာန်၌ ဖြစ်သော။ သမ္ပသာဒနံ၊ ကြည်လင်စေတတ်သော။ စေတသော၊ စိတ်၏။ ဧကောဒိဘာဝံ၊ တခုတည်းသော သမာဓိကို ပွားစေတတ်သော။ အဝိတက္ကအဝိစာရံ၊ ကြံစည်မှု, စဉ်းစားမှုမရှိကင်းသော။ သမာဓိဇံ၊ တည်ငြိမ်မှုကြောင့်ဖြစ်သော။ ပီတိသုခံ၊ နှစ်သက်မှု, ချမ်းသာမှုနှင့် တကွသော။ ဒုတိယဈာနံ၊ ဒုတိယဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေလျက်။ ဝိဟရတိ၊ နေ၏။

ပီတိယာ၊ နှစ်သက်မှု၏။ ဝိရာဂါ စ၊ ကင်းကွာခြင်းကြောင့်လည်း။ ဥပေက္ခကော စ၊ လျစ်လျူရှုသည် ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ သတော စ၊ အောက်မေ့ခြင်း, ဂရုစိုက်ခြင်းနှင့် ပြည့်စုံသည် ဖြစ်၍လည်း။ သမ္ပဇာနော စ၊ ဉာဏ်ပညာနှင့် ပြည့်စုံသည် ဖြစ်၍လည်း။ သုခဉ္စ၊ ချမ်းသာခံစားမှုကိုလည်း။ ကာယေန၊ သိမှုအပေါင်းဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ ယံတတိယဈာနဟေတု၊ အကြင် တတိယဈာန်ကိုရခြင်းဟူသောအကြောင်းကြောင့်။ တံတတိယဈာနသမင်္ဂိပုဂ္ဂလံ၊ ထိုတတိယဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို။ အရိယာ၊ ဘုရားစသော အရိယာသူမြတ်တို့သည်။ ဥပေက္ခကော၊ လျစ်လျူရှုတတ်သော ပုဂ္ဂိုလ်။ သတိမာ၊ အောက်မေ့ ဂရုစိုက်မှုရှိသော ပုဂ္ဂိုလ်။ သုခဝိဟာရီ၊ ချမ်းသာစွာ နေနိုင်သောပုဂ္ဂိုလ် ဟူ၍။ အာစိက္ခန္တိ၊ ချီးမွမ်း ပြောဆိုကြကုန်၏။ တံတတိယံဈာနံ၊ ထိုတတိယဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေလျက်။ ဝိဟရတိ၊ နေ၏။

သုခဿစ၊ ချမ်းသာကိုလည်း။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ ဒုက္ခဿစ၊ ဆင်းရဲကိုလည်း။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ ပုဗ္ဗေဝ၊ ရှေးမဆွကပင်လျှင်။ သောမနဿ ဒေါမနဿာနံ၊ စိတ်ချမ်းသာမှု, စိတ်ဆင်းရဲမှုတို့၏။ အတ္ထင်္ဂမာ၊ ကင်းချုပ်ခြင်းကြောင့်။ အဒုက္ခ

www.dhammaransi.com

မသုခံ၊ ချမ်းသာ ဆင်းရဲမဟုတ်သော။ ဥပေက္ခာသတိ ပါရိသုဒ္ဓိံ၊ လျစ်လျူရှုတတ်ခြင်းကြောင့် သတိ၏ လုံး၀ စင်ကြယ်မှု ရှိသော။ စတုတ္ထံဈာနံ၊ စတုတ္ထဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေလျက်။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤ လေးပါးသော ဈာန်သမာဓိကို။ သမ္မာသမာဓိ၊ မှန်စွာ တည်ငြိမ်မှုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ချစ်သားတို့။ ဣဒံ၊ဤပြဆိုခဲ့သော မဂ္ဂင်ရှစ်ပါးတရား အပေါင်းကို။ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ဆင်းရဲ၏ ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့သည် အမှန်သိအပ်သော အရိယသစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

မဂ္ဂသစ္စာ နိဒ္ဒေသ ပြီး၏။

၂၇-အဓိပ္ပာယ် ရှင်းချက် ဓမ္မာနုပဿနာသတိပဋ္ဌာန်၏ နောက်ဆုံး အပိုင်း ကဏ္ဍ ဖြစ်သော 'သစ္စပဗ္ဗ'တွင် အပြီးသတ် မဂ္ဂသစ္စနိဒ္ဒေသကို အားထုတ်အပ်သော လုပ်ငန်းလုပ်ကွက်တွင် အရေးကြီးပါသောကြောင့် ရှေးဦးစွာအကျဉ်းပြ (ဥဒ္ဒေသ)နှင့်နောက်အကျယ်ပြ (နိဒ္ဒေသ)ကို ခွဲ၍ဟောတော်မူရာ၊ ယခုအဓိပ္ပာယ်ဖော်ပြချက်တွင် အကျဉ်း အကျယ် ခွဲခြားဖွယ်မလိုတော့ပဲ သဘောကိုသာ ဖော်ထုတ်ရန် ဖြစ်သည့် အတိုင်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ်အကျင့်သည် အရိယာတို့ သိအပ်သော အမှန်တရားဖြစ်သောကြောင့် 'မဂ္ဂသစ္စာ'ဟု ခေါ်လေသည်။

'မဂ္ဂ'ဟူသောစကား၏ ဟောနိုင်သောအနက်တို့သည်....

မဂ္ဂေါ ပန္ထော ပထော ပဇ္ဇော၊ အဉ္ဇသံ ဝဋုမာ ယနံ။
နာဠိ ဥတ္တရသောတုစ၊ ကုလ္လော စ ဘိသိ သင်္ကမော။
(စူဠနိဒ္ဒေသပါဠိတော် ၂၀၁ နှင့် သတိပဋ္ဌာန်အဋ္ဌကထာများ)

'မဂ္ဂေါ-ခရီး။ ပန္ထော-ခရီး။ ပထော-ခရီး။ ပဇ္ဇော-ခရီး။ အဉ္ဇသံ-ခရီး။ ဝဋုမံ-ခရီး။ အယနံ-ခရီး။ နာဠိ-ခရီး။ ဥတ္တရသောတု-ခရီး။ ကုလ္လော-ခရီး။ ဘိသိ-ခရီး။ သင်္ကမော-ခရီး။

ဟူ၍ လမ်းကြောင်းခရီးကိုသာ ဟောလေသည်။ ရင်းပြင်—

www.dhammaransi.com

မဂ္ဂေါ ပန္ထော ပထောအဒ္ဓါ၊ အဉ္ဇသံ ဝဋုမံ တထာ။

ဟု အဘိဓာန်ဂါထာအမှတ် ၁၉၀-တွင် ခရီးဟောပြသည့်အပြင်-

မဂ္ဂေါ တွရိယ မဂ္ဂေစ၊ သမ္မာဒိဋ္ဌာဒိကေ ပထေ။

ဟူသော အဘိဓာနဂါထာအမှတ် ၉၂၁-တွင်လည်း-

မဂ္ဂေါ၊ မဂ္ဂဟူသောသဒ္ဒါသည်။ သမ္မာ ဒိဋ္ဌာဒိကေ၊ သမ္မာဒိဋ္ဌိ-အစရှိသော။ အရိယမဂ္ဂေ၊ အရိယမဂ်၌၎င်း။ ပထေ၊ လမ်းခရီး၌၎င်း။ သိယာ၊ ဖြစ်ရာ၏။

ဟူ၍ မဂ္ဂသဒ္ဒါသည် သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးကို၎င်း၊ လမ်းခရီးဟူသောအနက်ကို၎င်း ဟောသောကြောင့် အမှန်အားဖြင့် မဂ်ဟူ၍ မှတ်သားပြောဆိုနေကြရာတွင် 'ခရီး'ဟူသော 'လမ်းကြောင်း'ဟူသော စကားကို ပါဠိဖျက်၍'မဂ်'ဟု သုံးနေကြခြင်း ဖြစ်လေသည်၊ ထိုမဂ်ဟူသောခရီးအသီးသီးတွင်လည်း အင်္ဂါရှစ်ပါး ရှိသော (အဋ္ဌင်္ဂိကမဂ်)သည် သာလျှင် ဒုက္ခခပ်သိမ်းကင်းငြိမ်း ချုပ်ပြတ်ငြိမ်းရာ ဖြစ်ကြောင်းကို....

မဂ္ဂင်စကား အငြင်းပွား

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်ဇနပုဒ်မှလာကြသောရဟန်းငါးရာတို့သည် ဓမ္မာရုံ၌ စုဝေးပေါင်းဆုံမိကြသောအခါ'ဤရွာမှ ထိုရွာသို့သွားသော ခရီးလမ်းသည် ကောင်း၏၊ ထို အရပ်မှ ဤအရပ်သို့ လာရသော ခရီးလမ်းသည် မကောင်း' စသော ရပ်ရွာလမ်းကြောင်း ကောင်း, မကောင်းတို့ကို ပြောဆိုနေကြရာသို့ ဘုရားမြတ်စွာ ကြွလာတော်မူပြီးလျှင် 'ချစ်သားတို့-ယခုအခါ အဘယ်စကားများပြောဆိုငြင်းခုန်ကြသနည်း'ဟု မေးတော်မူရာ ရဟန်းများစွာတို့က 'ဤကဲ့သို့သော ခရီးလမ်းမဂ္ဂစကား အငြင်းပွားနေကြကြောင်း' ပြန်ပြောင်းလျှောက်ထားကြသောအခါ မြတ်စွာဘုရားက....

'ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ သင်တို့ပြောကြား ဤ ခရီးလမ်းများသည်။ ဗာဟိရကမဂ္ဂေါ၊ ငါဘုရား၏ သာသနာပြင်ပ အချည်းနှီးသောလမ်း သာ တည်း။ ဘိက္ခုနောနာမ၊ ဝဋ်မှ ထွက်မည် စိတ်က ရည်၍ရှုသည်တရား ယောဂီတို့ မည်သည်ကား။ အရိယမဂ္ဂေ၊ အရိယာဖြစ်ကြောင်း လမ်းခရီးကောင်း၌။ ကမ္မံ၊ ပြုဖွယ်မယုတ်သွားခြင်းအလုပ်ကို။ ကာတုံ၊ပြုခြင်းငှာ။ ဝဋ္ဋတိ၊သင့်တင့်လျောက်ပတ် လွန်ကောင်းမြတ်၏။

www.dhammaransi.com

ဟိသစ္စံ၊မှန်၏။ ဧဝံ ဤသို့။ ဂစ္ဆန္တော၊ ဝဋ်ပြတ်လမ်းမြတ် ရွေးချယ်၍ သွားတတ်သော။ ဘိက္ခု၊သံသရာကို ဘေးဟုရှုတတ် ယောဂီမြတ်သည်။ သဗ္ဗဒုက္ခာ၊ အလုံးစုံသောဆင်းရဲသံသရာမှ။ပမုစ္စတိ၊ ကျွတ်လွတ် ထွက်မြောက်ရတော့၏။'

ဟု ဆုံးမတော်မူပြီးလျှင် ဆက်လက်၍ဟောတော်မူသော ဂါထာ တို့ကား....

မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော၊ သစ္စာနံ စတုရော ပဒါ။
ဝိရာဂေါ သေဋ္ဌောဓမ္မာနံ၊ ဒွိပဒါနဉ္စ စက္ခုမာ။
ဧသောဝ မဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ။
ဧတဉှိ တုမှေ ပဋိပဇ္ဇထ၊ မာရဿေတံ ပမောဟနံ။
ဧတဉှိ တုမှေ ပဋိပန္နာ၊ ဒုက္ခဿန္တံ ကရိဿထ။
အက္ခာတော ဝေါ မယာ မဂ္ဂေါ၊ အညာယ သလ္လကန္တနံ။
တုမှေဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။

(ဓမ္မပဒပါဠိတော် မဂ္ဂဝဂ်-၅၂)

မဂ္ဂါနံ၊ မဂ်အသီးသီး ခရီးအမျိုးမျိုးတို့တွင်။ အဋ္ဌင်္ဂိကော၊အင်္ဂါရှစ်ပါး ရှိသော မဂ်ခရီးသည်သာ။ သေဋ္ဌော၊ အထူးသဖြင့် မြတ်၏။ သစ္စာ၊ အမှန်တရားသစ္စာတို့တွင်။ စတုရောပဒါ၊ လေးပုဒ်ရှိသော အရိယသစ္စာ တို့သည်။ သေဋ္ဌော၊မြတ်ကုန်၏။ ဓမ္မာနံ၊သင်္ခတ အသင်္ခတသဘောတရား အားလုံးတို့တွင်။ ဝိရာဂေါ၊တပ်မက်ကင်းရာနိဗ္ဗာန်သည်သာ၊ သေဋ္ဌော၊ မြတ်၏။ ဒွိပဒါနဉ္စ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါအားလုံးတို့တွင် လည်း။စက္ခုမာ၊မျက်စိငါးပါးရှိတော်မူသော မြတ်စွာဘုရားသည်သာ။ သေဋ္ဌော၊ မြတ်၏။

ဒဿနဿ၊ နိဗ္ဗာန်ကို မြင်တတ်သောမဂ်ဉာဏ်၏။ ဝိသုဒ္ဓိယာ၊သန့်ရှင်း စင်ကြယ်ခြင်းငှာ။ ဧသောဝ-ဧသောဧဝ၊ ဤမဂ္ဂင်ရှစ်ပါး အကျင့်တရား သည်သာလျှင်။ မဂ္ဂေါ၊ ခရီးမည်၏။ အညော၊ အင်္ဂါကမင်မှတပါး သော။ မဂ္ဂေါ၊နိဗ္ဗာန်သွားကြောင်း ခရီးကောင်းသည်။နတ္ထိ၊ဘယ်မှာမှ မရှိချေ။ ဟိ၊ ထင်စွာပြောဆိုအံ့။ တုမှေ၊ သင် ချစ်သားတို့သည်။ မာရဿေတံပမောဟနံ၊ မာရ်မင်း နှင့် စစ်သည် အပေါင်းကို လှည့်မိုး

www.dhammaransi.com

နှိမ်နင်းနိုင်သော။ ဧတံအဋ္ဌင်္ဂိကံမဂ္ဂံ၊ ထို အင်္ဂါရှစ်ပါးရှိသော အဋ္ဌင်္ဂိက မဂ်ခရီးကို။ ပဋိပဇ္ဇထ၊ သွားကြကုန်လော့။

ဟိ၊ အကျိုးရှိရာ ညွှန်ပြပါဦးအံ့။ ဧတံအဋ္ဌင်္ဂိကံမဂ္ဂံ၊ ထို အင်္ဂါရှစ်ပါး ရှိသော မဂ်ခရီးသို့။ ပဋိပန္နာ၊ သွားကြကုန်သော။ တုမှေ၊ သင်ချစ်သား တို့သည်။ ဒုက္ခဿ၊ တေဘူမကဝဋ္ဋဒုက္ခ၏။ အန္တံ၊ အဆုံးဖြစ်သောနိဗ္ဗာန် ကို။ ကရိဿထ၊ မျက်မှောက်ပြုရကုန်လိမ့်လတ္တံ့။ မယာ၊ ငါဘုရားသည်။ သလ္လကန္တနံ၊ ရာဂစသော ဆူးငြောင့်တို့မရှိရာ နိဗ္ဗာန်ကို။ အညာယ၊ သိ၍။ မဂ္ဂေါ၊ အရိယာမဂ်ဟူသောခရီးကို။ ဝေါတုမှာကံ၊ သင်ချစ်သား တို့အား။ အက္ခာတော၊ ဟောကြား ညွှန်ပြအပ်လေပြီ။

တုမှေ၊ သင်ချစ်သားတို့သည်။ အာတပ္ပံ၊ လုံ့လမယုတ်အားထုတ်ခြင်းကို။ ကိစ္စံ၊ ပြုအပ်၏။ တထာဂတာ၊ ဘုရားရှင်တို့သည်။ အက္ခာတာရော၊ ညွှန်ကြားရုံမျှ ဟောကြားတော်မူကြကုန်၏။ ဈာယိနော၊ ကိလေသာကို ရှို့မြှိက်ကြကုန်သည်ဖြစ်၍။ ပဋိပန္နာ၊ ကျင့်ကြကုန်သောသူတို့သည်သာ။ မာရဗန္ဓနာ၊ မာရ်မင်း၏ အနှောင်အဖွဲ့မှ။ ပမောက္ခန္တိ၊ လွတ်ကုန်၏။

မဂ္ဂင်ရှစ်ပါးကျဲ့တရားသည်နိဗ္ဗာန်သို့သွားရာလမ်းကောင်းလမ်းမြတ် ဖြစ်၏။အင်္ဂါရှစ်ပါးရှိသော ဤမဂ်ဤခရီးမှတပါး ဉာဏ်အမြင်စင်ကြယ်၍ နိဗ္ဗာန်ကို သိမြင်တတ်သောမဂ်သည် ခရီးလမ်းသည် မရှိချေ၊ သို့ကြောင့် သင်ချစ်သားတို့သည် ထိုလမ်းခရီး ထိုမဂ်ဖြင့်သွားကြကုန်လော့၊ထိုမဂ်သည် မာရ်မင်းနှင့်တကွ သူ၏စစ်ဘပ်ကိုပင် လွှမ်းမိုးနှိမ်နင်းနိုင်ကြောင်းလမ်းညွှန် သည်၊ သင်ချစ်သားတို့သည် ပူပန်ခြင်းဘတ် နှိပ်စက်တတ်သော ကိလေသာ တို့ကို အနိုင်တိုက်ရန် လုံ့လမယုတ် လွန်စွာပင် အားထုတ်ကြ ကုန်လော့၊ မိမိသန္တာန်၌ဖြစ်သော ကိလေသာတို့ကို တိုက်ထုတ်ရန် ကြိုးစားဖို့ မိမိတို့၏ တာဝန်သာဖြစ်သည်၊ ငါဘုရားတို့သည် လမ်းညွှန်ရုံသာဖြစ်ပြီး ကိလေသာ ကို ရှို့မြှိက်လို၍ မဂ္ဂင်အလုပ် မဂ်အလုပ်ကို ကျင့်ကြကုန်သောသူတို့သည်သာ ငါဘုရားညွှန်ပြချက်အရ မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်ကြပေကုန်၏ဟု မိန့်တော်မူသော မြတ်စွာဘုရား၏ သတိပေး တရားကြောင့် ရဟန်းငါးရာ တို့သည်သံဝေဂဉာဏ်ဖြစ်ကြလျက် ဆက်လက်၍မဂ်ခရီးဟုတ်သောတရားကို ပွားများကြလေသဖြင့် အားလုံး ရဟန္တာဖြစ်ကြလေသည်။

www.dhammaransi.com

သာသနာ့ပ မဂ်မရ

မြတ်စွာဘုရား၏အဓိကသာသနာ့လုပ်ငန်းသည် 'သီလ-သမာဓိ-ပညာ' ဖြစ်ကြောင်း၊ ထို သိက္ခာသုံးပါးသည် မဂ္ဂင်ရှစ်ပါးဖြစ်ကြောင်း၊ ထို မဂ္ဂင်ရှစ်ပါး သာသနာသုံးရပ်ကို ဆည်းပူး ဖြည့်ကျင့်မှသာလျှင် မြတ်စွာဘုရားသာသနာဟု ဆိုနိုင်ကြောင်း၊ ထို သာသနာ ထို မဂ္ဂင်မရှိလျှင် သာသနာ့ပသာ ဖြစ်ကြောင်းကိုလည်း....

'ချစ်သား သုဘဒ်-ငါ့ဘုရားသာသနာမှ တပါး တခြားသောသာသနာတို့၌သော်၎င်း၊ သာသနာ့ပ၌သော်၎င်း မဂ္ဂင်တရား ဤရှစ်ပါးကို မရလေသောကြောင့် ထိုမဂ္ဂင်အလုပ်မှ ရအပ်သော သောတာပန်ဟူသော ပဌမသမဏကို မရအပ်၊သကဒါဂါမ် ဟူသော ဒုတိယသမဏကိုလည်း မရအပ်၊ အနာဂါမ်ဟူသော တတိယသမဏကိုလည်းမရအပ်၊ ရဟန္တာဟူသော စတုတ္ထသမဏကိုလည်း မရအပ်ချေ။

ချစ်သားသုဘဒ်-စင်စစ်သော်ကား ငါ့ဘုရား၏ ဓမ္မဝိနယ အဆုံးအမ သာသနာ၌သာလျှင် မဂ္ဂင်တရား ဤရှစ်ပါးကို ရအပ်လေသောကြောင့် ထိုမဂ္ဂင်အလုပ် အားထုတ်မှရအပ်သော, သောတာပန်ဟူသော ပဌမသမဏကိုလည်း ရအပ်၏၊ သကဒါဂါမ်ဟူသောဒုတိယသမဏကိုလည်း ရအပ်၏၊ အနာဂါမ်ဟူသော တတိယသမဏကိုလည်းရအပ်၏၊ ရဟန္တာဟူသော စတုတ္ထသမဏကိုလည်း ရအပ်၏။

စသည်ဖြင့်- (မဟာဝဂ္ဂသုတ်ပါဠိတော် မဟာပရိနိဗ္ဗာနသုတ်-၁၂၄) တွင် သုဘဒ္ဒပရိဗိုဇ်ကို ဟောတော်မူလေရာ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်,ရဟန္တာ ဟူသော အရိယာ ပရမတ္ထသာဝက သံဃာတော်တို့မှာ မဂ္ဂင်တရား ဤရှစ်ပါးသောအကျင့်တရားကြောင့်ဖြစ်ပေရကား ထိုအရိယာဖြစ်၍ သံသရာဝဋ်မှ ပြတ်စေသောတရားသည် မဂ္ဂင်အလုပ် မဂ္ဂင်တရားသာ သာသနာတော်၏ ပင်ရင်းတရား, အဓိကကျသောတရား မှန်ပေသည်။

ထိုတရား,ထို မဂ္ဂင်တို့ မရမရှိသော တိတ္ထိတို့၏အဆုံးအမ သာသနာတွင် အရိယာသာဝကများမရှိသည်က သက်သေထူလျက်ရှိသည်၊ ထို့အပြင် သာသနာ့ပ ကာလ၌လည်း မဂ္ဂင်အလုပ်မရှိသဖြင့် အရိယာတို့ မရှိမဖြစ်ပုံကို 'သမဏာ နတ္ထိ ဗာဟိရေ' ဟု ဟောကြား ညွှန်ပြထားတော် မူသည်၊ သို့ကြောင့် မြတ်စွာဘုရား၏ သာသနာ အလုပ် မယ်မယ်ရရ ဖြစ်စေရန် မဂ္ဂင်အလုပ်ကိုသာ တိတိကျကျ အားထုတ်သင့်လှသည်။

www.dhammaransi.com

အကျင့်မြတ်ပင် ဤမဂ္ဂင်

အားထုတ်အပ်,ကျင့်အပ်သော တရားတို့တွင် ဤအင်္ဂါရှစ်ပါးရှိသော မဂ်အကျင့်သည် အမြတ်ဆုံးဖြစ်ကြောင်း ဟောတော်မူသည်၊ အကြောင်းကား-ရဟန်းတပါးသည် မြတ်စွာဘုရား၏ထံတော်ပါးသို့ ချဉ်းကပ်လျက် တခုသောနေရာ၌ ထိုင်နေပြီးသော်....

မြတ်စွာဘုရား – မြတ်သောအကျင့်-မြတ်သောအကျင့် ဟူ၍ လူ,နတ်, ဗြဟ္မာ,သတ္တဝါတို့ တောင့်တမပြတ် ပြောဆိုအပ်ပါ၏၊ မြတ်စွာဘုရား- ထိုအကျင့်မြတ်ဟူသည် အဘယ်ပါနည်း။

ဟု လျှောက်၏၊ ထိုအခါ မြတ်စွာဘုရားက....

'ချစ်သား ရဟန်း – အင်္ဂါရှစ်ပါး ရှိသော ဤ အရိယာ မဂ်သည်သာ အကျင့်မြတ်ပေတည်း၊ ထို ရှစ်ပါးတို့ဟူသည် အဘယ်နည်း၊ မှန်သော မြင်မှု, မှန်သောကြံစည်မှု။လ။ မှန်သော တည်ကြည်မှုတို့ပေတည်း'

ဟု ဟောတော်မူသည်။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်-၇)

ဤ မဂ်အကျင့်သည် ယုတ်ညံ့သော အကုသိုလ်တို့၏ အကျိုးပေးရာ နယ်ပယ်ဖြစ်သော အပါယ်လေးပါးမှ လုံးဝ လွတ်သော သောတာပန် အရိယာမှအစ ဘုံသုံးပါးတို့၏ အထွဋ်အမြတ်သဗ္ဗညုတမြတ်စွာဘုရားအဖြစ် သို့ပင် ရောက်အောင် ပို့ဆောင်တတ်သောကြောင့် အရိယာ ဖြစ်အောင် ပြုတတ်သော (အရိယကရဓမ္မ) တရားဖြစ်ပေရကား မြတ်စွာဘုရားသည် 'မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော' 'အမျိုးမျိုးသော ဈာန်မဂ်,သကဒ္ဒမဂ်,မိစ္ဆာမဂ် အစရှိသောမဂ်တို့တွင် အဋ္ဌင်္ဂိကမည်သော ဤ အရိယမဂ်သည်သာ အမြတ်ဆုံး'ဟုဟောတော်မူထားရကား ထိုမဂ်တရားသည်'မဂ္ဂင်ရှစ်ပါးမြတ်တရား မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်'ဟူ၍ ဆိုကြလေသည်။

သည်သာမကသေး၊ မဂ္ဂင်ဟူသောမြတ်တရားကို ကောင်းစွာကျင့်၍ အကျင့်မြတ်ရှိသောပုဂ္ဂိုလ်ကို(ပရမတ္ထသံဃာ)မြတ်သောပုဂ္ဂိုလ်ဟု ခေါ်၍ ထို သံဃာတို့သည် (ဒက္ခိဏေယျ) မြတ်သောအလှူကိုပင် ခံယူထိုက်ရကား ဤမဂ်အကျင့်သည် အမြင့်ဆုံး အမြတ်ဆုံးသို့ ပို့ဆောင်သော တရားမြတ်ဖြစ်ပေသည်။

ခေတ်—၅၉

www.dhammaransi.com

မဂ္ဂင်ရှစ်တန် အကျင့်မှန်

မြတ်စွာဘုရားသည် အကျင့်ဆိုရှိ ကျင့်သည် ဆိုတိုင်း ချီးမွမ်းသည်မဟုတ်ကြောင်း၊ ယထာဘူတ ကျနမှန်ကန်၍ မိမိ-သူတပါးအကျိုး၊(တနည်း)လောကသံသရာ အကျိုးရှိသော မှန်ကန်သော အကျင့်မျိုးကိုသာ ချီးမွမ်းတော်မူကြောင်း၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော်တို့၌ရင်း၊ သဠာယတန သံယုတ်ပါဠိတော် တို့၌ရင်း ဟောဖော်ထားသည့်အပြင်....

'ချစ်သားတို့ - လူက ကျင့်သည်ဖြစ်စေ၊ ရဟန်းက ကျင့်သည် ဖြစ်စေ၊ မှန်သောအကျင့်ကိုသာ ငါဘုရားချီးမွမ်းသည်၊ ချစ်သားတို့-လူဖြစ်စေ, ရဟန်းဖြစ်စေ ကောင်းစွာကျင့်သည်ရှိသော် ယင်းသို့ ကောင်းစွာကျင့်ခြင်း အကြောင်းရင်းကြောင့် ထိုအကျင့်အားလျော်သော အရိယမဂ် ကုသိုလ်တရားကို ပြီးစေနိုင်၏၊ ချစ်သားတို့-မှန်သောအကျင့်ဟူသည် အဘယ်နည်း ဆိုသော် 'မှန်သောအမြင်။ လ။ မှန်သောတည်ကြည်မှု'တို့ ပေတည်း၊ ချစ်သားတို့-ဤသည်ကို မှန်သောအကျင့်ဟုဆိုအပ်၏'

ဟု (မဟာဝဂ္ဂသံယုတ် ပါဠိတော်-၁၅)တွင်ဟောတော်မူသည်။

ခန္ဓာဇာတ်သိမ်း မငြိမ်းသေးသော သတ္တဝါမှန်သမျှ 'ဤဘဝမှသည် ထိုဘဝ၊ ထိုဘဝမှသည် ဤဘဝ' အားဖြင့် ကျင်လည်ပြေးသွားခဲ့ရသော ဇာတိအဖြစ်ရသော သတ္တဝါတိုင်း မိမိတို့၏ လက်ရှိရထားသော ဘဝတွင် အားထားရာ, အားကိုးရာ ရှာမြဲဓမ္မတာပင် ဖြစ်၏။

သို့ရာတွင် မှန်မှန်ကန်ကန် အကျင့်ကို ဟောကြား ညွှန်ပြ လိုက်နာ အားထုတ်ခဲ့ရသော ဘုရားသာသနာနှင့် တွေ့ကြုံရသည့်ဘဝ အလွန် နည်းကြောင်း ဒေသနာတော်တွင် များစွာတွေ့နိုင်၏၊ ဘုရားမှား - ဆရာမှား- တရားမှား-အကျင့်မှားတို့နှင့်သာ ဘဝကိုမြှုပ်နှံခဲ့ရသည်က များလေသော ကြောင့် သံသရာတွင် မည်မျှမည်မျှ ဆင်းရဲခဲ့ရကြောင်းကို ယခုဘဝ ယခု အခြေအနေက သက်သေခံလျက်ရှိ၏၊ သို့ကြောင့် ဤဘဝ ဤအခြေအနေ တွင် ကျွန်ုပ်တို့သည် မြတ်စွာဘုရား၏သာသနာနောက်ပိုင်းတွင်မှ ဆုံရကြုံရ သဖြင့် အားကိုးအားထား ရှာရာတွင် အကျင့်တရား အမှားမခံနိုင်တော့ ပေ၊ သာသနာ့အလုပ်,မဂ္ဂင်အလုပ်ကို လေ့လာ၍,ဝေဖန်၍,စိစစ်၍,သုံးသပ် ၍ ယထာဘူတကျအောင် ကြိုးစားအားထုတ်ရမည်သာ ဖြစ်လေသည်။

www.dhammaransi.com

ရှာချင်းရှာလျှင် ဤမဂ္ဂင်

မြတ်စွာဘုရားသည် 'ကာမဂုဏ်ကို ရှာမှီးခြင်း, ရလိုရောက်လိုသော အဖြစ်ဘဝကို ရှာမှီးခြင်း, အကျင့်မြတ်ရှာမှီးခြင်း'ဟူ၍ ရှာမှီးခြင်းနှင့်ပတ်သက်သော 'သေနာသုတ်'ပေါင်းများစွာ ရှိသည့်အနက်····

'ချစ်သားတို့-သတ္တဝါတိုင်းသည် မိမိတို့အလိုရှိအပ်, တောင့်တအပ်သော သဘောကြောင့် အထူးထူးအထွေထွေ ရှာမှီးကြ၏၊ ထို ရှာမှီးခြင်းတို့သည် သုံးပါးတို့ပေတည်း၊ ထို သုံးပါးဟူသည် အဘယ်နည်းဟူမူ- အာရုံငါးပါး ကာမဂုဏ်တရားဟူသော အသုံးအဆောင်ကိုရှာမှီးခြင်း (ကာမေသနာ)၊ မိမိဖြစ်လို ရောက်လိုသော တမလွန်ကောင်းစားရေးအတွက် ရှာမှီးခြင်း (ဘဝေသနာ)၊ ဘဝဇာတ်သိမ်း ငြိမ်းမှုအတွက် ရှာမှီးခြင်း (ဗြဟ္မစရိယေသနာ)ဟူ၍ သုံးပါးတို့ပေတည်း။

ချစ်သားတို့- ဤ ရှာမှီးခြင်း သုံးပါးတို့ကို ဉာဏ်အထူးဖြင့် သိခြင်းငှာ၊ ဝါ-ရှာမှီးခြင်းတို့၏ ကောင်း, မကောင်း ဝေဖန် သုံးသပ်သည့် ဉာဏ်အထူးကိုရခြင်းငှာ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကိုပွားများအပ်၏၊ အဘယ်သို့လျှင် အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ပွားများအပ်သနည်းဟူမူ- ချစ်သားတို့-ဤငါဘုရားအဆုံးအမ(သာသနာ)၌ တည်သော ယောဂီသည် တပ်မက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု'ဒေါသ'ကိုပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင်အဆုံးရှိသော'မှန်ကန်သော အမြင်။ပ။မှန်ကန်သော]တည်ငြိမ်မှု'ကို ပွားများအပ်၏၊ ချစ်သားတို့-ဤသည်လျှင် မဂ်ကိုပွားသောကြောင့် ရှာမှီးခြင်းတို့ကို ဉာဏ်အထူးဖြင့် သိနိုင်ခြင်းတည်း၊ ဝါ-ရှာမှီးခြင်းသုံးမျိုးတို့ကို ဉာဏ်အထူးဖြင့်သိခြင်းငှာ အရိယာမဂ်ကို ပွားများအပ်၏။'

ဟု (မဟာဝဂ္ဂ ၅၀-၁) ဟောတော်မူသည်။

ရုပ်,နာမ်ခန္ဓာရသောသတ္တဝါတိုင်းသည် မိမိတို့လက်ရှိ ပစ္စုပ္ပန်ခန္ဓာအတွက်သော်၎င်း,တမလွန်ရုပ်,နာမ်ခန္ဓာအတွက်သော်၎င်း တပ်မက် တွယ်တာသောအားဖြင့် ချမ်းသာစေရန်,ဆင်းရဲစေရန် အားကိုးရာ,အားထားရာ ရှာမြဲဖြစ်လေသည်၊ လောက လက်ရှိခန္ဓာအတွက် (ကာမေသနာ)စား,ဝတ်, နေရေးအတွက် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ရသည့်နည်းနှင့် ရှာမှီး

www.dhammaransi.com

ကြလေသည်၊ ဉာဏ်ပညာ အသင့်အတန် ရှိသောသူတို့ကလည်း ဒါန-သီလ-သမထဟူသော(ကမ္မဘဝ) သင်္ခါရကံတို့ကို ပြုလုပ်၍ တမလွန်ဘဝအတွက် (ဘဝေသနာ)ရှာမှီးကြလေသည်၊ဉာဏ်ပါရမီကြီးရင့်သူတို့ကလည်း ကာမေသနာအားဖြင့် အာရုံငါးပါး ကာမဂုဏ်တရားကို ရှာမှီးခြင်း,တမလွန်ဘဝကောင်းစား သာယာရေးအတွက် ဘဝေသနာအားဖြင့် ဘဝရှာမှီးခြင်းတို့သည် စင်စစ်အားဖြင့် ခန္ဓာရခြင်းဆင်းရဲ, သံသရာဖြစ်ခြင်း ဆင်းရဲတို့သာဖြစ်၏ဟုသိမြင်ကြသဖြင့် ထို ခန္ဓာ,သံသရာမှ ကျွတ်လွတ်ထွက်မြောက်သော (ဗြဟ္မစရိယေသနာ)အားဖြင့် အကျင့်မြတ်ကို ရှာမှီးရသော် ကောင်း၏ဟု ရှာမှီးခြင်း အမျိုးမျိုးတို့၏ အကျိုးအပြစ်တို့ကို ခွဲခြားဝေဖန် ထူးသော ဉာဏ်ဖြင့် ပိုင်းခြားသိမြင်နိုင်ရန် ဤ မဂ္ဂင်အကျင့်ကို ကျင့်ရကြောင်း ဟောတော်မူသည်။

လောကတွင် သတ္တဝါဖြစ်လာပါက မိမိ၏ ဘဝလမ်းကြောင်းအရ စားရေး,ဝတ်ရေး,နေရေးစသော ကာမအာရုံ ကာမဂုဏ်ကို မိမိတို့၏ဘဝအခြေအနေအလျောက် ရှာမှီးရသည်ချည်းဖြစ်သကဲ့သို့ တမလွန် နောင်ရေးအတွက်လည်း ဘဝကောင်းစားရေးရှာမှီးရသေးသည်၊ယင်းသို့ကာမအတွက်ရှာသည်ဖြစ်စေ, ဘဝအတွက် ရှာသည်ဖြစ်စေ, မူလပဏ္ဏာသ ပါဠိတော် မဟာဒုက္ခက္ခန္ဓသုတ် (ကျွန်ုပ်တို့ စာအုပ်ထုတ်ပြီး) တော်အရ ဆင်းရဲကိုသာ ရှာမှီးသည်ဟု ကြီးရင့်သောဉာဏ်ဖြင့် သိမြင်ပြီးသူတို့သာ ထို ကာမ,ဘဝအတွက်ဒုက္ခငြိမ်းဖို့ (ဗြဟ္မစရိယ)မြတ်သောအကျင့်ကို ရှာရသည်၊ ထို မြတ်သောအကျင့်ဟူသည်အင်္ဂါရှစ်ပါးရှိသောအရိယမဂ်ဖြစ်၍ ရှာရမည့်အတူတူ ဘဝဒုက္ခကင်းငြိမ်းသော မြတ်သောအကျင့်ကိုသာရှာမှီးသင့်ကြလေသည်။

(ဤသို့ဖြင့် 'မဂ္ဂသစ္စာ' ဘာဝနာကို အားကိုးအားထား ပြုထိုက်ပုံ၊ မချွတ်ယွင်းစေရပုံ စသော သိသင့်သည့်ကိစ္စတို့ကို တခုစီ, တသုတ်စီ ဟောတော်မူထားသော မဟာဝဂ္ဂသံယုတ် ပါဠိတော် မဂ္ဂသံယုတ်တွင် အကျယ်အပွား ဟောထားသည်ကို လေ့လာတော်မူကြရန်)။

ဤ မဂ္ဂင်ရှစ်ပါး အကျင့်ဟူသည် ဆင်းရဲ(ဒုက္ခ)၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့သည် ဉာဏ်ဖြင့် သိအပ်မြင်အပ်သော (ဒုက္ခနိရောဓဂါမိနီပဋိပဒါ) ဟူသော အမှန်တရား ဖြစ်၏၊ ဤ မဂ္ဂသစ္စာဟူသော အကျင့်တရားသည် ဗုဒ္ဓသာသနာတော်တရပ်

www.dhammaransi.com

လုံးတွင် အရေးကြီးသော ကျင့်စဉ်လမ်းကြီး ဖြစ်သည်၊ ဓမ္မက္ခန္ဓာတော် ရှစ်သောင်းလေးထောင်တွင် ဗုဒ္ဓမြတ်စွာ သာသနာတရပ်လုံး၏ အသည်း နှလုံးနှင့်တူသော အကျင့်လမ်းသည် ဤ မဂ္ဂင်ရှစ်ရပ်မှလွဲ၍ အခြားမရှိချေ။

ထိုကျင့်စဉ်လမ်း မှန်ပါမှ ဗုဒ္ဓသာသနာ၏ ရည်မှန်းချက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်၊ ထိုလုပ်ငန်းမဂ္ဂင်သည် လမ်းလွဲ လမ်းချော် နေရာ မကျပါက လိုအပ်သောကိစ္စ မပြီးနိုင်ချေ၊ သို့အတွက် **'နိဗ္ဗာန်ရအောင် အားထုတ်ရမည့် လမ်းစဉ်သည် နိဗ္ဗာန်ရမှုထက် အရေးကြီးရကား'** အရေး ကြီးသည့် အလုပ်စခန်း လုပ်ငန်းဖြစ်သော မဂ္ဂင်ကို ပါဠိတော်၏ အဘော် အကျ တခုစီဖော်ပြ၍ အဋ္ဌကထာတို့၏ ရှင်းချက်ကိုပါ သက်ဆိုင်သလို ထည့်သွင်း၍ ဖော်ပြမည်ဖြစ်ပေသည်။

သမ္မာဒိဋ္ဌိ-မှန်သောမြင်မှု(အမှန်မြင်ခြင်း)

မှန်သောမြင်မှု, အမှန်မြင်မှုဟူသည် အမှန်ကိုအမှန်အတိုင်းမြင်မှုပင် ဖြစ်သည်၊ အမှန်ကိုအမှန်အတိုင်း သိတတ်,မြင်တတ်သော ပညာ,အမောဟ, ဝိဇ္ဇာဖြစ်သည်၊ ဉာဏ်ကို ခေါ်သည်၊ ပညာကို ခေါ်သည်၊ ၎င်းကို မြတ်စွာ ဘုရား ဟောကြားရာ၌....

> ကတမာစ ဘိက္ခဝေ သမ္မာဒိဋ္ဌိ၊ ယံခေါ ဘိက္ခဝေ ဒုက္ခေ ဉာဏံ ဒုက္ခသမုဒယေဉာဏံ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။
>
> (မဟာဝဂ္ဂပါဠိတော် မဂ္ဂသစ္စနိဒ္ဒေသ-၂၄၉)

အဓိပ္ပာယ်မှာ-'ချစ်သားတို့-အဘယ်မည်သောတရားသည်၊(တနည်း) အဘယ်ကဲ့သို့မြင်သောအမြင်သည် အမှန်ကို မြင်ခြင်းဖြစ်သနည်း။

၁။ ဒုက္ခသစ္စာဟူသော ဆင်းရဲအမှန်ကို 'ဆင်းရဲအမှန်' ဟု ပိုင်း ခြားထင်ထင် သိမြင်ခြင်း၊

၂။ ဆင်းရဲဖြစ်ကြောင်း သမုဒယသစ္စာကို 'ဆင်းရဲဖြစ်ကြောင်း အမှန်'ဟု ပိုင်းခြားထင်ထင် သိမြင်ခြင်း၊

၃။ ဆင်းရဲချုပ်ရာ နိရောဓသစ္စာကို 'ဆင်းရဲချုပ်ရာအမှန်' ဟု ပိုင်းခြားထင်ထင် သိမြင်ခြင်း၊

www.dhammaransi.com

၄။ ဆင်းရဲချုပ်ကြောင်းလမ်းမဂ္ဂသစ္စာကို'ဆင်းရဲချုပ်ကြောင်း
အမှန်'ဟု ပိုင်းခြားထင်ထင် သိမြင်ခြင်း။

ယင်းသို့ သစ္စာလေးပါးအမှန်တရားတို့ကို အမှန်အတိုင်း ပိုင်းခြားထင်ထင် သိမြင်တတ်သော ဉာဏ်ပညာကို (သမ္မာဒိဋ္ဌိ) မှန်သောမြင်မှု, (တနည်း) အမှန်ကိုအမှန်အတိုင်း မြင်မှုဟု ခေါ်ဆိုအပ်၏။

ဤမဂ္ဂသစ္စာတွင် ခေါင်းဆောင်ဖြစ်သော သမ္မာဒိဋ္ဌိသည် အခြားသော သမ္မာဒိဋ္ဌိအမည့်တို့နှင့် မတူကြောင်းကို အထူးပင် သတိထားအပ်ပေသည်။ ဤနေရာတွင် အခြားသောသမ္မာဒိဋ္ဌိအမည်တူများကို အနည်းငယ် ဖော်ပြလိုပေသည်။ သမ္မာဒိဋ္ဌိအမည်ရှိသော တရားအပေါင်းသည်....

'သမ္မာဒိဋ္ဌီတိ ပဉ္စဝိဓာယပိ သမ္မာဒိဋ္ဌိယာ ဧတံ အဓိဝစနံ'ဟူသော အင်္ဂုတ္တရဋ္ဌကထာ ပ-၃၆၇ တွင် ဖော်ပြသောအတိုင်း....

၁။ ကမ္မဿကတ သမ္မာဒိဋ္ဌိ၊
၂။ ဈာန သမ္မာဒိဋ္ဌိ၊
၃။ ဝိပဿနာ သမ္မာဒိဋ္ဌိ၊
၄။ မဂ္ဂ သမ္မာဒိဋ္ဌိ၊
၅။ ဖလ သမ္မာဒိဋ္ဌိ၊

ဟူ၍ ၅-မျိုးရှိလေသည်။ ထို ၅-မျိုးတို့တွင်....

၁။ **'ကမ္မဿကတသမ္မာဒိဋ္ဌိ'**ဟူသည်ကား- ကုသိုလ်ကံ, အကုသိုလ်ကံ ၂-ပါးတို့၏ အကျိုးအကြောင်းကိုယုံကြည်၍ ထိုယုံကြည်ချက်အတိုင်း ဒုစ္စရိုက်အကုသိုလ်တို့ကို ရှောင်ကြဉ်၍ သုစရိုက်ကုသိုလ်တို့ကို အားထုတ်ပြုလုပ်သော ကံနှင့် ထိုကံ၏အကျိုးကို ယုံကြည်ခြင်းသည် ကမ္မဿကတ သမ္မာဒိဋ္ဌိ ဖြစ်လေသည်။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာအများစု ယုံကြည်မှုမျိုး ဖြစ်သည်။ ထိုကမ္မဿကတသမ္မာဒိဋ္ဌိ၏ ရအပ်သောအကျိုးသည်....

ကမ္မဿကတ သမ္မာဒိဋ္ဌိ သမ္ပတ္တိဘဝံ အာကဍ္ဎတိ။
(အင်္ဂုတ္တရဋ္ဌကထာ-၃၆၉)

ကမ္မဿကတသမ္မာဒိဋ္ဌိ၊ ကာမာဝစရကုသိုလ်ကံတခုကိုသာ ကောင်းစွာ ယုံကြည်လျက် ပြုအပ်သောသမ္မာဒိဋ္ဌိသည်။ သမ္ပတ္တိဘဝံ၊ လူကောင်း, နတ်ကောင်း, ဖြစ်ရခြင်းဟူသော ဘဝသမ္ပတ္တိ၊ စည်းစိမ်ဥစ္စာ ရတနာ ရွှေ,ငွေ,ဆန်,ရေ,စပါး စသည်တို့နှင့် ပြည့်စုံမှုဟူသော ဘောဂသမ္ပတ္တိအကျိုးကို။ အာကဍ္ဎတိ၊ ရအောင်,ရောက်အောင် ဆွဲငင်နိုင်၏။

www.dhammaransi.com

ကံနှင့် ကံ၏အကျိုးကို ယုံကြည်၍ ပြုအပ်သော ကုသိုလ်မျိုးသည် (ဘဝသမ္ပတ္တိဟူသော)လူ့ဘဝ,နတ်ဘဝ၊ (ဘောဂသမ္ပတ္တိဟူသော)ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော အဖြစ်မျိုးကို အကျိုးပေးရန် ဆွဲငင်နိုင်၏။ ထိုထက်ပို၍မဆွဲငင်နိုင်၊ ထိုထက်ပို၍ အကျိုးမပေးဟူလို။

၂။ 'ဈာနသမ္မာဒိဋ္ဌိ' ဟူသည်ကား- ဤ ကာမာဝစရ ကုသိုလ်ကံ၏ အကျိုးပေးမှုနှင့် အားမရတင်းမတိမ်သေး၍ သမထဟူသော မဟဂ္ဂုတ်ကံ တိုင်အောင်, ဈာန်လမ်းတိုင်အောင်, အမှန်မြင်သိသော သမ္မာဒိဋ္ဌိ အကျိုးသည် ရူပါဝစရဈာန်ဖြစ်လျှင် ရူပတဆယ့်ခြောက်ဘုံ တိုင်အောင် ပြဟ္မာ အဖြစ် အကျိုးပေးနိုင်၏။ အရူပါဝစရ ဈာန်ဖြစ်လျှင် အရူပလေးဘုံ တိုင်အောင် ပြဟ္မာအဖြစ်နှင့် အကျိုးပေးနိုင်၏။ ၎င်းထက်ပို၍ အကျိုးမပေးနိုင်ချေ။

ဈာနသမ္မာဒိဋ္ဌိ ရူပါရူပဘဝေ ပဋိသန္ဓိ ဒေတိ။ (၎င်းအဋ္ဌကထာ)

ဈာနသမ္မာဒိဋ္ဌိ၊ ကာမကုသိုလ်တွင်မက ဈာန်လမ်းကျအောင် အမှန်ကို မြင်သိသော ဈာနသမ္မာဒိဋ္ဌိကုသိုလ်သည်။ ရူပါရူပဘဝေ၊ ရူပတဆယ့်ခြောက်ဘုံ,အရူပလေးဘုံ၌။ ပဋိသန္ဓိ၊ ပဋိသန္ဓေအကျိုးကို။ ဒေတိ၊ ပေးနိုင်၏။

၃။ 'မဂ္ဂသမ္မာဒိဋ္ဌိ'ဟူသည်ကား-ကာမဘုံကိုအကျိုးပေးသော ကမ္မဿကတသမ္မာဒိဋ္ဌိ၊ ရူပ, အရူပ ဘုံတို့ကို အကျိုး ပေး သော ဈာနသမ္မာဒိဋ္ဌိ တို့ဖြင့် တင်းမတိမ် နိုင်ဘဲ မဂ်ဉာဏ်တိုင်အောင် မြင်နိုင်, သိနိုင်သော မဂ္ဂသမ္မာဒိဋ္ဌိအကျိုးသည် ဝဋ်သုံးပါးတွင် လည်စေတတ်သော သံသရာစက်ကို ချိုးဖြတ်ဖျက်ဆီးနိုင်၏။ ထို့ကြောင့်....

မဂ္ဂသမ္မာဒိဋ္ဌိ ဝဋ္ဋံ ဝိဒ္ဓံသေတိ။ (၎င်းအဋ္ဌကထာ)

မဂ္ဂသမ္မာဒိဋ္ဌိ၊ မဂ်စိတ်လေးခု၌ပါရှိသော ပညိန္ဒြေ စေတသိက် ဟူသော မဂ်ဉာဏ်တိုင်မြင်သိသော မဂ္ဂသမ္မာဒိဋ္ဌိအကျိုးသည်။ ဝဋ္ဋံ၊ သံသရာဝဋ်ကိလေသကို။ ဝိဒ္ဓံသေတိ၊ ချိုးဖြတ်ဖျက်ဆီးနိုင်၏။

၄။ 'ဖလသမ္မာဒိဋ္ဌိ'ဟူသည်ကား- ကမ္မဿကတ, ဈာန်, မဂ္ဂသမ္မာဒိဋ္ဌိ တို့ထက် လွန်ကဲထူးမြတ် ဖိုလ်လေးပါးတိုင်အောင် သိမြင်တတ်သော ဖလသမ္မာဒိဋ္ဌိသည် တဖန် အသစ်ဘဝ၌ ဖြစ်ခြင်းများကို ဖျက်ဆီး တားမြစ်နိုင်ကြောင်းကို....

www.dhammaransi.com

ဖလသမ္မာဒိဋ္ဌိ ဘဝံ ပဋိဗာဟတိ။ (ၡင်းအဋ္ဌကထာ)

ဖလသမ္မာဒိဋ္ဌိ၊ ဖိုလ်လေးပါးတိုင်အောင် မြင်သိသော ဖလသမ္မာဒိဋ္ဌိ အကျိုးသည်။ ဘဝံ၊ တဖန်အသစ်ဘဝ၌ဖြစ်ခြင်းများကို။ ပဋိဗာဟတိ၊ တားမြစ်နိုင်၏။

၅။ **'ဝိပဿနာသမ္မာဒိဋ္ဌိ'**ဟူသည်ကား- အခြားသောသမ္မာဒိဋ္ဌိများ၏ အကျိုးပေးခြင်းမျိုးမဟုတ်ပဲ တနည်းတဖုံ အကျိုးပေးပုံကား- ဝိပဿနာ သမ္မာဒိဋ္ဌိသည် ၡင်းလည်း ပဋိသန္ဓေအကျိုးကို မခွဲင်နိုင်တော့ပြီ။ သို့ရာတွင် ပိဋကတ်သုံးပုံဆောင်(တိပိဋက စူဠာဘယ)မထေရ်ကို တပည့်ချဟန်းများက ဝိပဿနာသမ္မာဒိဋ္ဌိအကျိုးကို မေးလျှောက်ကြရာတွင် မထေရ်က 'ငါ့ရှင်တို့- ရုပ်,နာမ်ခန္ဓာ ပရမတ်သဘောတွင် ငါ,ငါ့ဥစ္စာ မပါမရှိအောင် ဉာဏ်ဖြင့် ပိုင်းခြားရှုပွားနေသော ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်သည် ဤဘဝ၌ပင် ဒိဋ္ဌိ တဏှာ နှစ်ဖြာကင်းပြတ်ဝဋ္ဋဇာတ်သိမ်း၍ ငြိမ်းအေးမှုရသောအရဟတ္တဖိုလ် တိုင်ရောက်အောင် ရှုနိုင်ကြမှု အလွန် ကောင်းလှပေ၏။ အရဟတ္တဖိုလ်တိုင် ရောက်အောင် မရှုစွမ်းနိုင်ပါက ခုနစ်ဘဝတိုင် အကျိုး ပေးနိုင်သေးသည်၊ ငါ့ရှင်တို့'ဟု မထေရ်က မြွက်ဆိုကြောင်း....

ဝိပဿနာသမ္မာဒိဋ္ဌိ ကိံ ကရောတီတိ၊ သာပိ ပဋိသန္ဓိံ နာကရောတိ၊ တိပိဋက စူဠာဘယတ္ထေရော ပနာဟ၊ သစေ ဝိပဿနာ သမ္မာဒိဋ္ဌိ ဘာဝိတာ ဒိဋ္ဌေဝ ဓမ္မေ အရဟတ္တံ ပါပေတုံ သက္ကောတိ၊ ဣစ္စေတံ ကုသလံ၊ သစေ န သက္ကောတိ၊ သတ္တဘဝေ ဒေတိ အာဝုသော။

(အင်္ဂုတ္တရဋ္ဌကထာ ၃၆၉)

အဓိပ္ပာယ်ကား- ဝိပဿနာ သမ္မာဒိဋ္ဌိအကျိုးသည် အရဟတ္တမဂ်တိုင် အောင် ရှုနိုင်,အားထုတ်နိုင်က တစုံတခုသော အကျိုးကိုမျှ မပေးပြီ။ အနာဂါမိမဂ် တိုင်အောင် ရှုနိုင်, အားထုတ်နိုင်က လူ့ဘဝ, နတ်ဘဝ ဟူသော ကာမဘုံ၌ အကျိုးမပေးတော့ချေ။သုဒ္ဓါဝါသဘုံသို့သာသွား ရလေတော့သည်။သကဒါဂါမိမဂ် ရောက်အောင် ရှုနိုင်က ကာမဘုံသို့ တကြိမ်တခါမျှလာရန်ရှိတော့သည်။ သောတာပတ္တိမဂ်ရောက်ရုံမျှသာ ရှုပွားအားထုတ်ငြားအံ့။ အပါယ်အကျိုးပေးနိုင်သော ပဋိသန္ဓေသည် အကုန်ချုပ်ငြိမ်းလေပြီ။ အပါယ်ဘုံသို့မကျမရောက်ရတော့ပြီ။ အဖျင်း ဆုံး,အညံ့ဆုံး ဖြစ်သော သတ္တက္ခတ္တုပရမ သောတာပန်သည် ခုနစ်ကြိမ် ထက်ပို၍ ရှစ်ကြိမ်ပဋိသန္ဓေ မနေရတော့ပြီ ဟု ဆိုလိုသည်။

www.dhammaransi.com

ဤမဂ္ဂသစ္စ နိဒ္ဒေသတွင်လာသောသမ္မာဒိဋ္ဌိကား-ဝိပဿနာသမ္မာဒိဋ္ဌိ ပင်ဖြစ်၏။ အခြားသော သမ္မာဒိဋ္ဌိတို့သည် ဤနေရာအတွက် မလိုအပ်ချေ။ ဝိပဿနာသမ္မာဒိဋ္ဌိ၏အကျိုးကား- အခြားသော သမ္မာဒိဋ္ဌိများကဲ့သို့ ကန့်သတ်ထားသောအကျိုးပေးခြင်းမျိုးမဟုတ်။ ဉာဏ်အားလျော်စွာ အရဟတ္တဖိုလ် နိဗ္ဗာန်တိုင်အောင် အကျိုးပေး အဆင့်ဆင့်ရှိသွားပုံကို ပြလေသည်။

သမ္မာဒိဋ္ဌိ ၂-မျိုးရှိ တနည်းအားဖြင့် သမ္မာဒိဋ္ဌိသည် 'လောကီသမ္မာဒိဋ္ဌိ, လောကုတ္တရာသမ္မာဒိဋ္ဌိ'ဟူ၍ နှစ်မျိုးခွဲနိုင်ပြန်သည်၊ ထိုနှစ်မျိုးတို့တွင် နောက်ကပြခဲ့သည့် ကမ္မဿကတာဉာဏ်ပညာနှင့် အရိယသစ္စာလေးပါးအားလျော်သော ဉာဏ်ပညာမျိုးသည် လောကီသမ္မာဒိဋ္ဌိ မည်၏၊ (တနည်း)အကျဉ်းအားဖြင့် 'ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ'ဟူသောအာသဝေါတရား လေးပါးနှင့်တကွ ဖြစ်သော အာသဝေါတရားလေးပါးနှင့်ယှဉ်သောပညာသည် လောကီသမ္မာဒိဋ္ဌိမည်၏၊ အရိယမဂ် ၄-ပါး၊ အရိယာဖိုလ် ၄-ပါးနှင့်ယှဉ်သော ပညာသည် လောကုတ္တရာသမ္မာဒိဋ္ဌိမည်ကြောင်း(မူလပဏ္ဏာသဋ္ဌကထာ ၂၀၀-တွင်)ပြထားသည်။

ထိုသမ္မာဒိဋ္ဌိ ၂-မျိုးတို့ကိုမြင်သိသော ပုဂ္ဂိုလ်မျိုးသည်လည်း—

၁။ ပုထုဇ္ဇန်၊

၂။ သေက္ခ၊

၃။ အသေက္ခ-ဟူ၍ ၃-မျိုးရှိပြန်၏။

ထိုပုဂ္ဂိုလ် ၃-မျိုးတို့တွင် ပုထုဇ္ဇန်သည်လည်း-

၁။ သာသနာပပုထုဇ္ဇန်၊

၂။ သာသနာတွင်းပုထုဇ္ဇန်၊

ဟု ၂-မျိုးရှိပြန်၏။

ထို ၂-မျိုးတို့တွင် သာသနာပ(ကမ္မဝါဒီ)ကံကိုသာ ယုံကြည်သော ပုထုဇ္ဇန်သည် 'ကမ္မဿကတာသမ္မာဒိဋ္ဌိ'တခုသာ ရနိုင်လေသည်၊ သည့်ထက်ပို၍ သစ္စာလေးပါးအားလျော်သော(သစ္စာနုလောမိက) သမ္မာဒိဋ္ဌိမျိုးကို မရနိုင်ပေ၊ အဘယ့်ကြောင့်ဟူမူ ရုပ်,နာမ် ခန္ဓာ၌ ငါ,ငါဟူသော အမှားမြင်,အမှားထင်သည့် အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိ,အတ္တဝါဒုပါဒါန်,ဒိဋ္ဌုပါဒါန် တရားတို့ကို မှားယွင်းစွာ သုံးသပ်ယူမှတ်ထားမှု ရှိသောကြောင့်ပေတည်း။

www.dhammaransi.com

သာသနာတွင်း ပုထုဇ္ဇန်သည် 'ကမ္မဿကတသမ္မာဒိဋ္ဌိ၊ သစ္စာနုလောမိကသမ္မာဒိဋ္ဌိ' ၂-ပါးကိုပင် ရနိုင်သည်၊ ထို့ကြောင့်....

တတ္ထ ပုထုဇ္ဇနော ဒုဝိဓော ဟောတိ ဗာဟိရကော သာသနိကော စ. တတ္ထ ဗာဟိရကော ကမ္မဝါဒီ ကမ္မဿကတာဒိဋ္ဌိယာ သမ္မာဒိဋ္ဌိ ဟောတိ၊ နော သစ္စာနုလောမိကာယ အတ္တဒိဋ္ဌိ ပရာမာသကတ္တာ။ သာသနိကော ဒွီဟိပိ။ (မူလပဏ္ဏာသဋ္ဌကထာ-၂၀၄)

တတ္ထ၊ ထိုပုဂ္ဂိုလ်သုံးမျိုးတို့တွင်။ ပုထုဇ္ဇနော၊ ပုထုဇ္ဇန်ပုဂ္ဂိုလ်သည်။ ဗာဟိရကော စ၊ သာသနာပပုထုဇ္ဇန်ရှင်း။ သာသနိကော စ၊ သာသနာတွင်း ပုထုဇ္ဇန်ရှင်း။ ဒုဝိဓော၊ နှစ်မျိုးနှစ်စားရှိပြန်သည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုပုထုဇ္ဇန် နှစ်မျိုးတို့တွင်။ ကမ္မဝါဒီ၊ ကံကိုယုံကြည်မှုရှိသော။ ဗာဟိရကော၊ သာသနာပပုထုဇ္ဇန်သည်။ ကမ္မဿကတာဒိဋ္ဌိယာ၊ ကံသာလျှင် မိမိဥစ္စာရှိ၏ဟု မြင်သိသော အယူကြောင့်။ သမ္မာဒိဋ္ဌိ၊ နတ္ထိက, အဟေတုက, အကြိယဟူသော နိယတမိစ္ဆာဒိဋ္ဌိကြီးတို့နှင့် နှိုင်းစာမူ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်ကောင်းဖြစ်ပါသေး၏။ နော စ သစ္စာနုလောမိကာယ၊ သစ္စာလေးပါးနှင့်လျော်သောအကျင့်ရှိ၍ သမ္မာဒိဋ္ဌိအမြင်မှန်ရှိသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုရသည်ကား မဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူ။ အတ္တဒိဋ္ဌိပရာမာသကတ္တာ၊ မဂ်လမ်း, ဖိုလ်လမ်း, နိဗ္ဗာန်လမ်းကို ပိတ်ကာထားသည့် သက္ကာယဒိဋ္ဌိ၏ရေသောက်မြစ်ဖြစ်သော အတ္တ, ဇီဝ, အသက်, ဝိညာဉ်, ပုဂ္ဂိုလ်, သတ္တဝါ အယူမှားကို သုံးသပ်လျက်ထားသောကြောင့်တည်း။ သာသနိကော၊ သာသနာတွင်းပုထုဇ္ဇန်သည်။ ဒွီဟိပိ၊ ကမ္မဿကတသမ္မာဒိဋ္ဌိ, သစ္စာနုလောမိကသမ္မာဒိဋ္ဌိ နှစ်မျိုးတို့ဖြင့်လည်း။ သမ္မာဒိဋ္ဌိ၊ ကောင်းသော ဉာဏ်အမြင်သည်။ ဟောတိ၊ ဝိပဿနာအားထုတ်ဘူးက အဟုတ်ပင်ဖြစ်နိုင်တော့၏။

ပုဂ္ဂိုလ် ၃-မျိုးနှင့် ဝေဖန်ရာတွင် သေက္ခပုဂ္ဂိုလ်နှင့်အသေက္ခပုဂ္ဂိုလ်တို့မှာ မဂ္ဂသမ္မာဒိဋ္ဌိ, ဖလသမ္မာဒိဋ္ဌိတို့နှင့်ပင် ပြည့်စုံနေကြပြီဖြစ်၍ ဤနေရာ၌ မလိုအပ်ပေ၊ စင်စစ်လိုအပ်သည်မှာ ပုထုဇ္ဇန်ပုဂ္ဂိုလ်သာဖြစ်လေသည်၊ ပုထုဇ္ဇန်တွင်လည်း သာသနာပ ပုထုဇ္ဇန်, သာသနာတွင်း ပုထုဇ္ဇန်ဟုနှစ်မျိုးရှိပြန်ရာ၊ သာသနာပပုထုဇ္ဇန်မှာ မည်မျှပင် ဉာဏ်အမြင်ရှိစေကာမူ ကံသာလျှင် မိမိဥစ္စာဟု မှတ်ယူသော ကံ, ကံ၏အကျိုးကို ယုံကြည်သူ 'ကမ္မဝါဒီ' အနေနှင့်

www.dhammaransi.com

'ကမ္မဿကတသမ္မာဒိဋ္ဌိ' တမျိုးတည်းသာ ရနိုင်လေသည်၊ သစ္စာနှင့်လျော်သော ပရမတ်မြင်သိသည့် သမ္မာဒိဋ္ဌိမျိုးမရရှာပေ၊သို့ရာတွင် ကံကိုပင်မယုံကြည်သော 'နတ္ထိကဒိဋ္ဌိ,အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိ,ဟူသည့် နိယတမိစ္ဆာဒိဋ္ဌိကြီးတို့နှင့်နှိုင်းစာလျှင်ကား သမ္မာဒိဋ္ဌိအယူရှိသောပုဂ္ဂိုလ်ဟု ခေါ်ဆိုနိုင်ပါသေး၏၊သမ္မာဒိဋ္ဌိပုဂ္ဂိုလ် ဆိုသဖြင့် သစ္စာပရမတ်အမြင်ရှိ၍ ခေါ်ရသည်ကား မဟုတ်ပေ၊ အဘယ့်ကြောင့်ဟူမူ ၎င်းကံယုံကြည်သော 'ကမ္မဝါဒီ' ပုဂ္ဂိုလ်သည် 'ငါ,ငါ့ဥစ္စာ-ပုဂ္ဂိုလ်,သတ္တဝါ'စသော အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိတို့ကို မပြုတ်မပယ် စွဲကိုင်သုံးသပ်ထားသောကြောင့် ဖြစ်၏။

ငါတို့ကောဘာလဲ ယခု ကျွန်ုပ်တို့အပိုင်း ရောက်ပြီ၊ ကျွန်ုပ်တို့သည် သာသနာတွင်း ပုထုဇ္ဇန်တို့ဖြစ်ကြ၏၊မြတ်စွာဘုရား သာသနာအတွင်း၌ 'ဝိပဿနာသမ္မာဒိဋ္ဌိ,သစ္စာနုလောမိကသမ္မာဒိဋ္ဌိ,မဂ္ဂသမ္မာဒိဋ္ဌိ, ဖလသမ္မာဒိဋ္ဌိ' တို့ဖြင့် လိုရာကိုရယူနိုင်သော ခေတ်အခါ ဖြစ်၏၊ ယင်းသို့သော သမ္မာဒိဋ္ဌိကြီးများနှင့်သာသနာပတွင်ရှိသော သမ္မဿကတသမ္မာဒိဋ္ဌိ ၂-မျိုး ရနိုင်ပေရာ သာသနာပတွင် ဝိပဿနာ သမ္မာဒိဋ္ဌိစသော လောကုတ္တရာသမ္မာဒိဋ္ဌိမျိုး မရနိုင်သောကြောင့်သာ ကံတခုကိုအားထားယုံကြည်နေရသူတို့နှင့် အတူထား၍ ယူမှားက သာသနာတွင်း သမ္မ ဒိဋ္ဌိတို့ လုံးဝရလိုက်တော့မည်မဟုတ်ပဲ သာသနာရှုံးသူသာဖြစ်ပေလိမ့်မည်၊ ကမ္မဿကတသမ္မာဒိဋ္ဌိအကြောင်းပြု၍ပြုအပ်သောဒါန၊ဆောက်တည်အပ်သောသီလတို့နှင့်ရေစက်ချသောအခါ 'ကံကိုရင်း,ကံ၏အကျိုးကိုရင်း သက်ဝင်ယုံကြည်ပါကုန်သည် ဖြစ်၍'ဟုဆိုရသောအဆင့်တွင် ကျေနပ်နေကြသော မိမိတို့၏ သမ္မာဒိဋ္ဌိသည် မည်သည့် အဆင့်အတန်းတွင် ရှိနေကြောင်းကို ဝေဖန်ကြည့်ဘို့ကောင်းနေပြီ။

ဤသာသနာတော် ဆုတ်ယုတ် သည်ထက် ဆုတ်ယုတ် လာသောနောက်ပိုင်းတွင် ကျွန်ုပ်တို့မှာ လောကုတ္တရာသမ္မာဒိဋ္ဌိ, သစ္စာနုလောမိကသမ္မာဒိဋ္ဌိဆို၍ အသံမျှပင် ကြားရဖို့ မလွယ်တော့ပေ၊သို့အတွက် ကိုယ်ရေးကိုယ်တာ ကိုးကွယ်အားထားမှုကို အလေးထားသင့် သည်ဟု အသိပညာဖြစ်သော တချိန် (မသေမီကာလ) တွင် မည်သည့် (သမ္မာဒိဋ္ဌိ) အမြင်မှန်မျိုး ရယူသင့်သည်ကို စဉ်းစားသင့်သည်၊ သို့ရာတွင် မိမိ၏အသက်သည် ဤ

www.dhammaransi.com

သမ္မာဒိဋ္ဌိမျိုးရှာနိုင်ရန် စောင့်မစောင့်ကိုမူ ကျွန်ုပ်တို့မသိနိုင်ပေ၊ အကောင်းဆုံး အချိန်မှာ မသေသေးသော ယခုအချိန်မှာရှာပါဟု တိုက်တွန်းရသည်။

ဗုဒ္ဓဘာသာဝင်များစွာသောသူတို့၏ အာသီသမှာ 'နိဗ္ဗာန်' ဟူသော ပန်းတိုင်ကိုသာ 'သိသိ၊မသိသိ' ဆုတောင်း တတ်ကြလေသည်၊ ထိုအလိုရှိကြသောမဂ်၊ဖိုလ်၊နိဗ္ဗာန်မှာ သစ္စာလေးပါး အမှန်တရားကိုသိမှ ရနိုင်သောကြောင့် ထိုသစ္စာလေးပါးသိအောင် သစ္စာနှင့်လျော်သော (သစ္စာနုလောမိက) သမ္မာဒိဋ္ဌိ ဝိပဿနာအလုပ်ဖြင့် အားထုတ်ရှာဖွေရသည်၊ ဆုတောင်းနေရုံနှင့် ရသည့်တရားမျိုးမဟုတ်၊ ထိုသစ္စာနှင့်လျော်သော ဝိပဿနာသမ္မာဒိဋ္ဌိ၏ လုပ်ငန်းကား-

> သစ္စာနုလောမိကံဝါတိ ဝိပဿနာဉာဏံ၊ တဥှိ စတုန္နံ သစ္စာနံ အနုလောမနတော သစ္စာနုလောမိကန္တိ ဝုစ္စတိ၊ ဣဒါနိဿ ပဝတ္တနာကာရံ ဒဿေတုံ ရူပံ အနိစ္စံဝါတိအာဒိ ဝုတ္တံ။
>
> (သမ္မောအဋ္ဌကထာ-၃၉၄)

သစ္စာနုလောမိကံဝါတိ၊ သစ္စာနုလောမိကသမ္မာဒိဋ္ဌိဟူသည်ကား။ ဝိပဿနာဉာဏံ၊ ဝိပဿနာရှုသောဉာဏ်တည်း။ ဟိသစ္စံ၊ထိုစကားမှန်၏။တံ၊ ထိုဝိပဿနာရှုသောဉာဏ်သည်။ စတုန္နံ သစ္စာနံ၊ သစ္စာလေးပါးတို့အား။ အနုလောမနတော၊ ရဖို့သိဖို့အခြေခံသည် လျော်ကန်လျောက်ပတ်ပေသောကြောင့်။ သစ္စာနုလောမိကန္တိ၊ သစ္စာနုလောမိက သမ္မာဒိဋ္ဌိဉာဏ်ဟူ၍။ဝုစ္စတိ၊ခေါ်ဆိုအပ်၏။ ဣဒါနိ၊ယခုအခါ၌။ အဿ၊ထိုလေးပါးကို မြင်အောင်၊သိအောင်ရှုကြည့်ရသောဝိပဿနာဉာဏ်၏။ပဝတ္တနာကာရံ၊ ဖြစ်ပုံ အခြင်းအရာကို။ ဒဿေတုံ၊ ပြခြင်းငှာ။ ရူပံအနိစ္စံဝါတိအာဒိ၊ ဖောက်ပြန်မှုသည် မခိုင်မမြဲမှု စသည်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အဓိပ္ပာယ်မှာ-သစ္စာနုလောမိက သမ္မာဒိဋ္ဌိဉာဏ်ဆိုသည်ကား သစ္စာလေးပါးကို သိနိုင်၊မြင်နိုင်ဖို့ အခြေခံကြီးစင်စစ် ဖြစ်ပေသည်၊ ခန္ဓာငါးပါး ရုပ်၊နာမ်တရားတို့၏ မခိုင်မမြဲမှု သဘောကိုရင်း၊ ဖြစ်ချုပ်ကြိမ်ဖန် အတန်တန်သဘောတို့ကြောင့် ကောန်ဆင်းရဲမှုသဘောကိုရင်း၊ ငါဟူ၍သိမှတ်စရာ အကောင်အထည် ဘာမျှမရှိသဖြင့် အစိုင်အမာမဟုတ်သော သဘောကိုရင်း၊ ယင်းသဘောတရားတို့ကို ကောင်းစွာ မြင်သိအောင် ရှုကြည့်ရသော ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ကို ဆိုပေသည်၊ယင်းသစ္စာနုလောမိက ဝိပဿနာ

www.dhammaransi.com

သမ္မာဒိဋ္ဌိဉာဏ်အမြင်မျိုးဟူသည် မြတ်စွာဘုရားတို့ ပွင့်တော်မူရာ သာသနာတော်၌သာလျှင် ရနိုင်, သိနိုင်, မြင်နိုင်သော 'သာသနိကသမ္မာဒိဋ္ဌိ' မျိုးဖြစ်ကြောင်း နောက်ကလည်း သံယုတ် အဋ္ဌကထာအရ ပြခဲ့ပြီးဖြစ်သည်။

ဝိပဿနာရှုဉာဏ်သည် သမ္မာဒိဋ္ဌိ

ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ ရုပ်, နာမ်တို့၏ မမြဲသော ဆင်းရဲသော သူ့သဘော စသည် ဉာဏ်ဖြင့် မြင်အောင် ရှုသည်ဆိုရာ၌ ၎င်းတို့၏ သဘောတရားအမှန်ကို မြင်သိသောဉာဏ်ပညာသည် သောတာပတ္တိမဂ်ဉာဏ်အစ အရဟတ္တမဂ်တိုင်အောင် ထွင်းဖောက်မြင်သိနိုင်သည့် ဂုဏ်နှင့်ပြည့်စုံသော သမ္မာဒိဋ္ဌိဟူသောဉာဏ်ပညာအပေါင်းတို့တွင် ဝိပဿနာရှုကြည့်ကာစ လွန်စွာအလိုရှိအပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်လေးခု၌ ပါရှိသောပညာသည် ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်ကြောင်း ဖော်ပြထားသည်။ ၎င်းပြင်....

အနိစ္စတာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ၊ ပညာယေတံ နာမံ။ (ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၁၁၆)

ယာပညာ၊ အကြင်ဉာဏ်ပညာသည်။ အနိစ္စတာဒိဝသေန၊ မမြဲသော အဖြစ်,ဆင်းရဲသောအဖြစ်,ပုဂ္ဂိုလ်-သတ္တဝါ-သူ-ငါ မဟုတ်သောအဖြစ် စသည်တို့၏ အစွမ်းအားဖြင့်။ ဝိဝိဓေဟိအာကာရေဟိ၊ပုထုဇ်နယ်သားလူအများတို့၏ ရှုမြင်မှုတို့နှင့်မတူပဲ အထူးထူးအပြားပြားသောအခြင်းအရာတို့ဖြင့်။ ဓမ္မေ၊ ရုပ်,နာမ်နှစ်ပါး သင်္ခါရ တရားတို့ကို။ ပဿတိ၊ ရှုတတ် မြင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သာပညာ၊ ထိုဉာဏ်ပညာသည်။ ဝိပဿနာ၊ ဝိပဿနာမည်၏။ ဧတံ၊ ထို ဝိပဿနာဟူသော အမည်သည်။ ပညာယ၊ ဟုတ်တိုင်းတိတိ သိမြင်တတ်စွာဉာဏ်ပညာ၏။ နာမံ၊ အမည်တည်း။

ရုပ်,နာမ်ခန္ဓာတွင် သစ္စာသိအောင်ရှုကြည့်ရသော ဉာဏ်ပညာသည် ထို ရုပ်,နာမ်ပရမတ်တို့၏ သင်္ခါရ ဖြစ်,ပျက်ကို အမှန်အတိုင်းသိမြင်နိုင်သော ဉာဏ်ပညာကို ဝိပဿနာသမ္မာဒိဋ္ဌိဟု ခေါ်သည်၊ ရုပ်,နာမ် အမှန်သဘောပရမတ်ကို အမှန်အတိုင်းသိသော ဉာဏ်ပညာ,အမည်ရလေသည်။ ထို ဉာဏ်ပညာသည်'သမ္မာဒိဋ္ဌိ'မှန်ပါမှ လိုအပ်သော မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကိုရနိုင်လေသည်၊ ယင်းသို့ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်မျိုးမှသာလျှင် အနမတဂ္ဂသံသရာကတခါထဲစွဲကပ်လာခဲ့သော သက္ကာယဒိဋ္ဌိတရားယုတ်ကို ပယ်ထုတ်ရှင်းလင်း

www.dhammaransi.com

နိုင်သည့်အတွက် မဂ်, ဖိုလ်, နိဗ္ဗာန် ဟူသော လမ်းခရီးသို့ တဖြောင့်တည်း ရစေ, ရောက်စေတတ်သည့် မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်ကို ရမည်ဖြစ်ကြောင်းကို....

ဝိပဿနာသမ္မာဒိဋ္ဌိယာ အနိစ္စာဒိဝသေန ခန္ဓာဒီသု သောဓိတေသု ပစ္ဆာ ဘူမိလဒ္ဓံ ဝဋ္ဋံ ပရိစ္ဆိန္ဒမာနာ မဂ္ဂသမ္မာဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

(သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ-၈၂)

ဝိပဿနာသမ္မာဒိဋ္ဌိယာ၊ ဝိပဿနာ ရှုကြည့်သော သမ္မာဒိဋ္ဌိဉာဏ်သည်။ အနိစ္စာဒိဝသေန၊ အနိစ္စ စသည်တို့၏အစွမ်းအားဖြင့်။ ခန္ဓာဒီသု၊ ခန္ဓာ စသောတရားတို့ကို၊ ဝါ-ခန္ဓာစသော တရားတို့၌။ သောဓိတေသု၊ ငါ-ငါ ထင်မှားသက္ကာယဒိဋ္ဌိတရားကို ပယ်ရှားသုတ်သင်အပ်ကုန်သည်ရှိသော်။ ပစ္ဆာ၊ နောက်ကာလ၌။ ဘူမိလဒ္ဓံ၊ အသိဉာဏ်၏တည်ရာကိုရသော။ ဝဋ္ဋံ၊ ချာချာလည်ပတ် သံသရာဝဋ်ဇာတ်ကို။ ပရိစ္ဆိန္ဒမာနာ၊ မိမိတို့အသိဉာဏ် အားလျော်စွာ ပယ်ခွာစန့်ပစ်နိုင်သော။ မဂ္ဂသမ္မာဒိဋ္ဌိ၊ မဂ်ဉာဏ်ကို မြင်သိသော မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်ပညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤအဋ္ဌကထာတို့၏ မိန့်ဆိုချက်ကိုလည်း ကောင်းစွာ ဉာဏ်သက်ဝင်ကာ ဆင်ခြင်နိုင်ပါမူ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာမှ မဂ်, ဖိုလ်ရနိုင် ရောက်နိုင်ကြောင်း ကောင်းကောင်းကြီး သိသင့်ပေသည်၊ ၎င်းပြင် ဣတိဝုတ် ပါဠိတော် စသည်တို့၌လည်း ရုပ်, နာမ်, ဓမ္မ, သင်္ခါရတို့၌ ပရမတ် သဘောတရားတို့၏ ပျက်မှု,ဆင်းရဲမှုစသော လက္ခဏာတို့ဖြင့် ကောင်းစွာ ရှုကြည့်မှုဟူသော ဝိပဿနာဉာဏ်ပညာမရှိကြလေသဖြင့် အနမတဂ္ဂသံသရာမှ တခါတည်း စွဲကပ်၍လာခဲ့သော သက္ကာယဒိဋ္ဌိ တရားဆိုး၏ လွှမ်းမိုး နှိပ်စက်မှုကို ယခုတိုင်ခံနေရသည့် သူ-သူ ငါ-ငါ သတ္တဝါတို့ကို သေသေချာချာ ရှုစမ်းကုန်လော့-ဟု သတိပြုကြရန် နှိုးဆော် တိုက်တွန်းခြင်းနှင့်တကွ....

ပညာယ ပရိဟီနေန၊ ပဿလောကံ သဒေဝကံ။
နိဝိဋ္ဌံ နာမရူပသ္မိံ၊ ဣဒံ သစ္စန္တိ မညတိ။
ပညာဟိ သေဋ္ဌာ လောကသ္မိံ၊ ယာယံ နိဗ္ဗေဓဂါမိနီ။
ယာယ သမ္မာ ပဇာနာတိ၊ ဇာတိ ဘဝပရိက္ခယံ။

(ဣတိဝုတ်ပါဠိတော်-၂၁၉)

ဘိက္ခဝေ၊ ချစ်သားတို့။ ပညာယ၊ ဝိပဿနာသမ္မာဒိဋ္ဌိဟူသော ဉာဏ်ပညာမှ။ ပရိဟီနေန၊ အားအန်မထုတ်သည့်အတွက် ဆုတ်ယုတ်လျက် နေကြ

www.dhammaransi.com

ခြင်းကြောင့်။ နာမရူပသ္မိံ၊အကြောင်းသင်္ခါရတွေမချုပ်သမျှ တလှုပ်လှုပ်တရွရွနှင့် ရွေ့ရှား ပျောက်ပျက်နေကြသည့် သင်္ခါရဟူသော ရုပ်,နာမ်နှစ်ပါးထဲ၌။ နိဝိဋ္ဌံ၊ ငါ-သူ-လူ-နတ် အမှားမှတ်သည့် သက္ကာယဒိဋ္ဌိတရားယုတ်၌ နှစ်မြှုပ်စွဲဝင်၍နေကြသော။ သဒေဝကံ၊ နတ်,ဗြဟ္မာနှင့်တကွသော။ လောကံ၊ ရုပ်,နာမ် နှစ်ဖြာ ခန္ဓာငါးခု အပေါင်းအစုမျှသာဖြစ်သော လောကကြီးကို။ ပဿ၊ ဉာဏ်ပညာဖြင့် ကောင်းစွာစေ့ငု ကြည့်ရှုကြစမ်းပါလော့။ ဣဒံ၊ ရုပ်,နာမ် နှစ်ဖြာ ငါးခန္ဓာသည်ငါကောင်ပင်ဖြစ်၏ဟူသော ဤ ငါ၏အယူသည်။ သစ္စံ၊တကယ်မယုတ်ဟုတ်မှန်လှပေ၏။ ဣတိ၊ဤသို့။မညတိ၊ သိ-ထင်-မြင်မှား တရားသုံးဖြာဝိပလ္လာစု ဖမ်းပူးမှုကြောင့် စုစု ရုံးရုံး အုံးအုံးခြိမ့်သဲ အလွဲထင်မှတ်၍နေလေပြီတကား။

လောကသ္မိံ၊ လောကသုံးပါး အပျက်တရား၌။ ပညာဟိ-ပညာဝေ၊ ဝိပဿနာ ဉာဏ်ပညာသည်သာလျှင်။ သေဋ္ဌာ၊ အမြတ်ဆုံးပေတည်း။ ယာယံပညာ၊ အကြင် ဝိပဿနာ ဉာဏ်ပညာသည်။ နိဗ္ဗေဓဂါမိနီ၊ ငါ-ဆိုတာ ဝင်မရှုပ်ရအောင် ရုပ်,နာမ်နှစ်ခုကို ဖောက်ခွဲ၍သွားနိုင်၏။ ယာယ၊ဝိပဿနာ ထိုဉာဏ်ပညာသည် ရုပ်,နာမ်နှစ်ခုကိုဖောက်ခွဲ၍ရှုနိုင်သောကြောင့်။ ဇာတိဘဝပရိက္ခယံ၊အဖြစ်ဟူသမျှငြိမ်း၍ ဇာတ်သိမ်းရာဖြစ်သော နိဗ္ဗာန်တရားမြတ်ကို။ သမ္မာ၊ဖြောင့်မတ်မှန်ကန်စွာ။ ပဇာနာတိ၊ ကောင်းစွာထုတ်ချောက် ပေါက်မြောက်အောင် သိမြင်နိုင်လေ၏။

ဤ ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့်'သမ္မာဒိဋ္ဌိ'ကိုဝေဖန်ပြခဲ့ရာ၌ သာမညနာမည်တပ်ရုံမျှ သမ္မာဒိဋ္ဌိမျိုးမဟုတ်ပဲ ဝိပဿနာသမ္မာဒိဋ္ဌိကို ထင်ရှားပေါ်လွင်စေရန် ဖော်ပြရခြင်းဖြစ်လေသည်၊ ရုပ်,နာမ် ခန္ဓာပေါ်တွင် ပရမတ်အမြင်နှင့် မြင်သိနိုင်ရန်အတွက်....

ဒုက္ခေဉာဏ် ဤ ရုပ်,နာမ်ခန္ဓာသည် ဒုက္ခ(ဆင်းရဲ)တရားဟူ၍ အမှန်သိခြင်း ရုပ်,နာမ်၏ ဆင်းရဲဒုက္ခဖြစ်တတ်သောသဘောတို့ကို သိသည်မှစ၍ အစိတ်စိတ်အလီလီ ပိုင်းခြားသိခြင်းပိုင်ပိုင်နိုင်နိုင်(ပရိညာ)ဖြင့် အစမ်းကုန်အောင်သိခြင်းသည်ဝိပဿနာသမ္မာဒိဋ္ဌိ၏ကိစ္စပင်ဖြစ်သည်၊ဤခန္ဓာကိုယ်ကိုဖောက်ပြန်တတ်သော သဘောစုနှင့် သိတတ်သောသဘောစု(ရုပ်,နာမ်)ဟုသိသည်က စ၍ ဤ ခန္ဓာ၏အပေါ်တွင် မြင်နေကျ,ထင်နေကျ ဖြစ်သော

www.dhammaransi.com

ယောကျ်ား-မိန်းမ-ပုဂ္ဂိုလ်-သတ္တဝါ ဟူသော ပညတ်အထင်, ပညတ်အမြင်တို့ဖြင့် အထင်အမြင် မမှားတော့ပဲ အမှန်ရှိသော ဖောက်ပြန်မှုပရမတ်ကို ပရမတ်အတိုင်း သိနေမြင်နေရကား ထိုသိမြင်တတ်သော ဉာဏ်သည်....

အနိစ္စညေဝ ဘိက္ခဝေ ဘိက္ခု အနိစ္စံ ရူပန္တိ ပဿတိ၊ သာဿ ဟောတိ သမ္မာဒိဋ္ဌိ။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် နန္ဒိယက္ခသုတ်-၄၂)

ချစ်သားတို့ - ပင်ကိုက မမြဲခြင်းကြောင့် ပျက်နေသော ဖောက်ပြန်မှုသဘောကို 'ဖောက်ပြန်မှုသည် ပျက်နေ၏' ဟု အမှန်ကို အမှန်အတိုင်း ရှုမြင်၏၊ ဤ ရှုမြင်မှုသည် ထို ရှုမြင်သောသူ၏ အမှန်ကို အမှန်အတိုင်း သိမြင်မှု (သမ္မာဒိဋ္ဌိ)ဖြစ်၏။

ဝိပဿနာရှုသော သမ္မာဒိဋ္ဌိမျိုးသည် အခြားသောသမ္မာဒိဋ္ဌိမျိုးနှင့် လုံးဝမတူသော ခြားနားချက်တည်း။

ကမ္မဿကတသမ္မာဒိဋ္ဌိ-သည် အရင်းခံဖြစ်သော မိမိ ခန္ဓာကိုယ်၏ အမှန်သဘောကိုအတွင်းသိအနေနှင့်မသိပဲ၊ ဝါ-သိဖို့မကြိုးစားပဲ သတ္တဝါဖြစ်စေတတ်သော ကံနှင့် ထိုကံ၏ပေးရာအကျိုးကိုသာ ယုံကြည်ခြင်း ဖြင့် အပြင်သိအနေပြုလုပ်မှုကြောင့် မိမိခန္ဓာ၏ သဘောမှန်ကို မသိခြင်း။

ဈာနသမ္မာဒိဋ္ဌိ-သည်လည်း ပင်ရင်းဖြစ်သော မိမိ၏ ခန္ဓာ သဘောမှန်ကို မလေ့လာ မသိရှိပဲ၊ ဝါ-သိဖို့မကြိုးစားပဲ ခန္ဓာ၏ အပြင်အပအားဖြင့် ဘဝတဏှာလွှမ်းကဲစွာနှင့် ဈာန်အဘိညာဏ်ရရန် အားထုတ်ပြုလုပ်ခြင်းဖြင့် ဤ ခန္ဓာကောင်းစားရေးကိုသာ အာရုံပြုမှုကြောင့် ခန္ဓာ၏ သဘောမှန်ကို မသိခြင်း။

ဝိပဿနာသမ္မာဒိဋ္ဌိ-ကား ထိုသို့မဟုတ်၊ ဤ ခန္ဓာ၏ ပင်ကိုသဘောသည် မည်သည့်နည်းနှင့်မျှမကောင်းဟုသိထားသဖြင့် ရုပ်,နာမ်ခန္ဓာဖြစ်ရန် ကံကိုအားကို ယုံကြည်၍ပြုသောကမ္မဿကတသမ္မာဒိဋ္ဌိမျိုးနှင့်လုံးဝသဘော ချင်းမတူ၊ သတ္တဝါခန္ဓာ ရုပ်,နာမ်ရရန် ပညတ်အာရုံပြုသော ကံကိုလည်း အားမကိုး၊ ထို ကံကိုပင်ဖြတ်ရန် ပရမတ်ကိုအာရုံပြုသဖြင့် အာရုံပြုပုံချင်း လည်း လုံးဝမတူပေ၊ ထို ခန္ဓာချမ်းသာရန်, အသက်ရှည်ရန်,တန်ခိုး အဘိညာဏ်ရရန် ခန္ဓာအပြင်မှ ပညတ်အာရုံနှင့် ကြိုးစားရသော ဈာန်အလုပ်,

www.dhammaransi.com

ခန္ဓာ၏အမှန်းတင်အလုပ်မျိုးကို မတောင့်တ၊ ဤ ခန္ဓာ၏ အတွင်းသဘော အမှန်သည် 'ဖောက်ပြန် ဖြစ်,ပျက် နေသော ဆင်းရဲစု'ဟု'ဒုက္ခဉာဏ်'အရ သိနေသောကြောင့် ခန္ဓာကောင်းစားရေးကို မကြိုးစားပေ။

အဘယ့်ကြောင့်ဟူမူ- ဤခန္ဓာ၏သဘောသည် မည်သို့မျှ မြဲသော သဘော မရှိ, ချမ်းသာသောသဘောမရှိ, မိမိပိုင်ဖြင့်ရှိရသော သဘောမျိုး မဟုတ်ဟု အမှန်သိထားသောကြောင့်ဖြစ်သည်။ဤအသိမျိုး ခိုင်ခိုင်မာမာ, ပိုင်ပိုင်,နိုင်နိုင် သိထားသောပုဂ္ဂိုလ်များမှာ-'ဤခန္ဓာသည် မည်သည့်ဘုံမှာ မည်မျှ ကပ် ကမ္ဘာကြာရှည်စွာ ချမ်းသာကိုခံစားရမည်'ဆိုစေကာမူ 'ခန္ဓာ ရသမျှဆင်းရဲသာ'ဟု သိထားသဖြင့် ချမ်းသာရမည် ဆိုသည်ကို လုံးဝမယုံ ကြည်တော့ပေ၊ မဖြစ်ချင်ပေ။ ဤသည်ကိုပင်....

'နိဗ္ဗာန နိန္နော' နိဗ္ဗာန်သို့ ညွတ်သည်၊
'နိဗ္ဗာန ပေါဏော' နိဗ္ဗာန်သို့ ကိုင်းသည်၊
'နိဗ္ဗာန ပဗ္ဘာရော' နိဗ္ဗာန်သို့ ရှိုင်းသည်၊
ဟု ဟောတော်မူသည်။

ခန္ဓာပရမတ်ကို ပရမတ်အနေနှင့် မြင်သောအမြင်သည် အရင်းခံ ဖြစ်သော အမှန်ကိုအမှန်ဟူ၍ အခိုင်အမာ ယုံကြည်ချက်ရအောင် သမ္မာ ဒိဋ္ဌိဖြင့်အခြေခံပါမှ သံသရာပြတ်လမ်း နိဗ္ဗာန်ရလမ်းမှန်တော့သည်။ပရမတ် အလုပ်စခန်း ဖြစ်တော့သည်။ သို့အတွက် နိဗ္ဗာန်ရလို ,သံသရာပြတ်လိုသူတို့ အတွက် အလွန် အားကိုးအားထား ပြုထိုက်သောကြောင့် မဂ္ဂင်ရှစ်ပါးတွင် လည်းအမှန်ကိုသိမြင်မှု(သမ္မာဒိဋ္ဌိ)ကို ရှေးဦးစွာ ဟောကြောင်း....

နိဗ္ဗာနာဓိဂမာယ ပဋိပန္နဿ ယောဂိနော ဗဟူပကာရတ္တာ ပဌမံ သမ္မာဒိဋ္ဌိ ဒေသိတာ။

(သမ္မောအဋ္ဌကထာ-၁၀၀။ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၁၅၈)

နိဗ္ဗာနာဓိဂမာယ၊ ခန္ဓာချုပ်ငြိမ်း ငြိမ်းခြင်းဟု ဆိုအပ်သောနိဗ္ဗာန်ကို ရခြင်းငှာ။ ပဋိပန္နဿ၊မဂ္ဂင်ရှစ်ချပ် အကျင့်မြတ်ကိုကျင့်သော။ ယောဂိနော၊ ဝိပဿနာအလုပ်အားထုတ်သောယောဂီအား။ ဗဟူပကာရတ္တာ၊ အလွန်အကျိုးကျေးဇူး များလှ သည် ၏ အဖြစ်ကြောင့်။ သမ္မာဒိဋ္ဌိ၊

www.dhammaransi.com

ပရမတ်အမှန်ကို အမှန်အတိုင်း သိမြင်သောသမ္မာဒိဋ္ဌိကို။ ပဌမံ၊ အခြားသောမဂ္ဂင် ၇-ပါးတို့၏ ရှေးဦးစွာ။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒေသိတာ၊ ဟောကြားတော်မူအပ်၏။

ဒုက္ခသမုဒယေဉာဏံ 'ဆင်းရဲကိုတဏှာသည်ပြု၏'ဟု အမှန်သိခြင်းသည် သမ္မာဒိဋ္ဌိ၏ ကိစ္စပင်ဖြစ်သည်။ ရုပ်, နာမ်, ခန္ဓာကို (ဒုက္ခသစ္စာ)ဆင်းရဲအမှန် ဟု သိထားသော ဉာဏ်သည် ထို ရုပ်,နာမ် ဒုက္ခ ဖြစ်ရာဖြစ်ကြောင်း ပြုလုပ်ခဲ့သော ဘဝတဏှာ သမုဒယသစ္စာ ကိုလည်း အမှန်ပင် သိထားသောကြောင့် ဒုက္ခခန္ဓာ ရုပ်,နာမ် ဖြစ်မှုကိစ္စ အားလုံးကို မပြု မလုပ် အားမပေးပေ။ ထို ဖြစ်ချင်မှု, လိုချင်မှုပြတ်ရန် ကြိုးစားခြင်းသည်ပင် ဝိပဿနာသမ္မာဒိဋ္ဌိအလုပ် ဖြစ်လေသည်။

တဏှာဒုက္ခဿ သမ္ဘဝ၊ လောဘတဏှာသည် ရုပ်,နာမ် ဆင်းရဲဖြစ်ကြောင်းကို ဟောတော်မူ ထားသည်ကို သမ္မာဒိဋ္ဌိ ဝိပဿနာ ဉာဏ် သည် ကောင်းစွာ သဘောပေါက် နားလည်ထားရကား သမုဒယသစ္စာပိုင်းတွင် ဟောထားသော တရားအားလုံးကို ပယ်နိုင်ရန် ကြိုးစားမှုသည် သမ္မာဒိဋ္ဌိပင်။

ဒုက္ခနိရောဓေဉာဏံ 'ဆင်းရဲချုပ်ရာ ချုပ်ကြောင်းနိဗ္ဗာန်ကိုလည်း အမှန်သိခြင်းသည် သမ္မာဒိဋ္ဌိ၏ ကိစ္စပင် ဖြစ်သည်။ ရုပ်, နာမ်ဒုက္ခသည် ဖြစ်ကြောင်း သမုဒယကြောင့် ဖြစ်သည်'ဟု သိပြီးသောကြောင့် ထိုဒုက္ခသမုဒယပြတ်ခဲ့သော်, ချုပ်ငြိမ်းသည်အထိ ပယ်နိုင်ခဲ့သော် 'ဘဝနိရောဓာ, ဇာတိနိရောဓာ' ဟူသော ပဋိစ္စသမုပ္ပါဒ်သဘောအရ ဘဝ ဇာတ်သိမ်း အေးငြိမ်းသည့်သဘောကိုလည်း ဉာဏ်၌သိလာခြင်းသည် ခန္ဓာ ပရမတ်တို့အပေါ်တွင် အမှန်အတိုင်းမြင်သိသော သမ္မာဒိဋ္ဌိ၏ ဉာဏ်ပညာ ပင်ဖြစ်သည်။

ဇာတိဘဝပရိက္ခီဏံ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ၊ 'ရုပ်,နာမ် အဖြစ်ဇာတိ ကုန်ခန်းလေသော ယခုအခါ၌ တဖန် ဘဝအသစ်အဖြစ်သည် မရှိတော့ပေ' ဟု ထေရအဋ္ဌကထာ ပြသောအတိုင်း ရုပ်,နာမ်ဆင်းရဲလည်း မဖြစ်တော့ပဲ ဆင်းရဲဖြစ်ကြောင်း သမုဒယလည်း ချုပ်ပျောက်သွားအောင် ကြိုးစားနိုင်သည်မှာလည်း အမှန်ပရမတ်ကို အမှန်သိသော သမ္မာဒိဋ္ဌိ၏အလုပ်ကြောင့် သာဖြစ်သည်။

www.dhammaransi.com

ဒုက္ခနိရောဓဂါမိနီယာ ပဋိပဒါယဉာဏ်

ရုပ်,နာမ်ခန္ဓာသည် ဒုက္ခဟုသိသည်။ တဏှာသမုဒယသည် ဒုက္ခဖြစ်ကြောင်းဟု သိသကဲ့သို့ ရုပ်,နာမ်ဒုက္ခ ရုပ်,နာမ် ဖြစ်ကြောင်း သမုဒယတို့မဖြစ်ခြင်း,ချုပ်ခြင်းသည် နိရောဓနိဗ္ဗာန်ဟု ဝိပဿနာဉာဏ် သမ္မာဒိဋ္ဌိသည် ကောင်းစွာသိပြီးဖြစ်လေရကား ထိုဒုက္ခသမုဒယတို့ချုပ်ကြောင်း မဂ္ဂသစ္စာ ဘာဝနာလမ်းကို အားကိုးမယုတ် စွမ်းအန်ထုတ်၍ အဟုတ်ကြိုးစားမည် ဖြစ်၏။ ယင်းသည်ပင်လျှင် သမ္မာဒိဋ္ဌိ၏ ပရမတ်ရုပ်,နာမ်အပေါ် အမှန်မြင်မှုပင်ဖြစ်၏။

ထိုကြောင့် မိလိန္ဒပဥှာပါဠိတော်၌ အရှင်နာဂသေနက....

သော အပဝတ္တတ္ထာယ မဂ္ဂံ အာယူဟတိ ဂဝေသတိ ဘာဝေတိ ဗဟုလီကရောတိ။ (မိလိန္ဒပဥှာပါဠိတော်-၃၁၁)

သော၊ ထို ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်အမြင်ရှိသော ယောဂီသည်။ အပဝတ္တတ္ထာယ၊ ဒုက္ခသမုဒယတို့ချုပ်ရာ,မဖြစ်ရာအကျိုးငှာ။ မဂ္ဂံ၊ဝိပဿနာမဂ်ကို။ အာယူဟတိ၊ အားထုတ်၏။ ဂဝေသတိ၊ ရှာမှီး၏။ ဘာဝေတိ၊ ပွား၏။ ဗဟုလီကရောတိ၊ ကြိမ်ဖန်များစွာ ပွားများ အားထုတ်၏။

မီးကြီးတွင်းသို့ ကျရောက်နေသောသူသည် ထို မီးကြီးတွင်း၌ခံစားရသောဆင်းရဲကို အမှန်သိသည်ဖြစ်၍ ထိုမီးကြီးတွင်းမှလွတ်ရန် အားကုန်သွန်၍ အလွန်ပင် ရုန်းထွက် လေသကဲ့သို့ လူကောင်ပုပ်, နွားကောင်ပုပ်, ခွေးကောင်ပုပ်, မြွေကောင်ပုပ်တို့ အပုပ်မျိုးစုံ စုပုံထားသော အတွင်းသို့ ရောက်နေသောသူသည် ထိုအပုပ်တို့၏ စက်ဆုပ်ဖွယ်ရာ, ရွံဖွယ်ရာ အနံ့အသက်တို့၏ မကောင်းပုံကို ကိုယ်တိုင်သိမြင်ရသဖြင့် ထိုအပုပ်မျိုးစုံတို့၏ အန္တရာယ်မှ ကင်းဝေးလွတ်မြောက်ရန် နည်းမျိုးစုံဖြင့် ကြိုးစားကာ ထွက်ပေါက်ကို ရှာဖွေ ထွက်မြောက်သကဲ့သို့ ရုပ်,နာမ်ခန္ဓာ ဖြစ်ရခြင်း၏ ဆင်းရဲဖြစ်ကြောင်းဆင်းရဲတို့ကို ဉာဏ်ဖြင့် ရှုကြည့်သေချာစွာသိသော သမ္မာဒိဋ္ဌိပညာရှိသော ယောဂီသည် ထိုခန္ဓာ ထိုသံသရာမှလွတ်ရန် အားသွန်ခွန်စိုက် ကြိုးစားမှုပြုသည်မှာလည်း သမ္မာဒိဋ္ဌိ၏ကိစ္စပင် ဖြစ်လေသည်။

သမ္မာဒိဋ္ဌိရှေ့ဆောင်၏

လောကတွင် နေထွက်လိုသည်ရှိသော် ရှေဦးစွာ အရုဏ်တက်သည်။ အရုဏ်လာသည်ဆိုလျှင် မကြာမီနေထွက်တော့မည်မှာ သေချာသကဲ့သို့ ပရမတ်ဖြစ်သော ဤရုပ်,

www.dhammaransi.com

နာမ်ခန္ဓာကို ပရမတ်ဟုမသိပဲ အဝိဇ္ဇာအဖုံးအအုပ် ခံနေရသော သတ္တဝါတို့မှာ သန်းခေါင်လကွယ် တောအုပ်အလယ် ၌ရောက်နေသကဲ့သို့ဖြစ်၏။ ဤရုပ်,နာမ်သည် ဖောက်ပြန် တတ်သောသဘော, အာရုံကို သိတတ်သော သဘောတို့သာဖြစ်၏ဟု ဉာဏ်တွေ့နေရသော (တနည်း) ရုပ်,နာမ် ပရမတ်ဟူ၍ သမ္မာ ဒိဋ္ဌိ ဝိဇ္ဇာ ဉာဏ်ဖြင့် သိနေရသော ယောဂီအား ထိုသိမှုသည် ရင့်ကျက်ခိုင်မာ၍ သံသယမရှိဘဲ ယုံကြည်မှု ပြည့်ဝလာသောအခါ သစ္စာလေးပါးသိ၍ မဂ်ဉာဏ်တည်းဟူသော နေထွက်ပေသည်။ စင်စစ် ထိုမဂ်ဟူသော နေထွက်ခြင်းသည် ဝိပဿနာသမ္မာဒိဋ္ဌိ အရုဏ်တက်ပြီးမှ ဖြစ်၏။ ထို့ကြောင့်—

> သူရိယဿ ဘိက္ခဝေ ဥဒယတော ဧတံ ပုဗ္ဗင်္ဂမံ ဧတံ ပုဗ္ဗနိမိတ္တံ၊ ယဒိဒံ အရုဏုဂ္ဂံ။ ဧဝမေဝံ ခေါ ဘိက္ခဝေ ကုသလာနံ ဓမ္မာနံ ဧတံ ပုဗ္ဗင်္ဂမံ ဧတံ ပုဗ္ဗနိမိတ္တံ၊ ယဒိဒံ သမ္မာဒိဋ္ဌိ။
>
> (အင်္ဂုတ္တရပါဠိတော်-ဒသကပုဗ္ဗင်္ဂမသုတ်-၄၄၉)
>
> ချစ်သားတို့- အရုဏ်တက်ခြင်းသည် နေထွက်ပေါ်မည့်ရှေ့သွားတည်း၊ ရှေ့ပြေးနိမိတ်တည်း။
>
> ချစ်သားတို့ - ထို့အတူသာလျှင် အားလုံးသော ကုသိုလ်တရားတို့ ဖြစ်ကြောင်းရှေ့သွားသည်, ရှေ့ပြေးနိမိတ်သည် သမ္မာဒိဋ္ဌိဟူသော အမှန်မြင်ခြင်းပေတည်း။

ဟု ဟောတော်မူရာ အဝိဇ္ဇာ အမှောင်တိုက်အတွင်းမှ ရုပ်, နာမ်, ပရမတ်ဟူ၍ ယုံကြည် လောက်အောင် မြင်ခြင်း, သိခြင်းသည် သမ္မာဒိဋ္ဌိ အရုဏ်တက်ခြင်းပင်ဖြစ်သည်။ ထိုအရုဏ်နှင့်တူသော သမ္မာဒိဋ္ဌိ၏ ရုပ်,နာမ် ပရမတ်ကို ပရမတ်၏ ဖောက်ပြန်မှုသဘော, သိမှုသဘော ဟု အခိုင်အမာ ယုံကြည်ချက်နှင့်သိသောယောဂီအား မဂ်တည်းဟူသောနေဝန်း ပေါ်ထွန်းတော့မည်ဟု ယုံမှားသံသယကင်းစွာ ယုံကြည်အပ်လေသည်။ ပရမတ် ရုပ်, နာမ်ဟု ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် အမြင်ရလာသော ယောဂီ အတွက် မဂ်ရဖို့ သေချာသွားပြီဖြစ်ရကား- ဤခန္ဓာ၏ ရုပ်,နာမ် သဘောကို ပရမတ်ကျကျ ဝိပဿနာ သမ္မာဒိဋ္ဌိနှင့် သိဖို့သာ အရေးကြီးပေသည်။ မဂ္ဂင်ရှစ်ပါးတွင် ဤ သမ္မာဒိဋ္ဌိသည် အဓိက လိုအပ်ပေရကား- ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြနေရခြင်းဖြစ်လေသည်။

www.dhammaransi.com

သမ္မာဒိဋ္ဌိ ပုရေဇဝံ-ဟု ဟောတော်မူသည်မှာလည်း ခန္ဓာပရမတ်ကို အမှန်မြင်းခြင်းသည် သမ္မာဒိဋ္ဌိရှေ့ဆောင်သော မဂ္ဂင်ကိစ္စဖြစ်သည်။ပရမတ် ရုပ်,နာမ်ကို ပညတ်အာရုံ မပါအောင် သဘောတရား သန့်သန့် မြင်နိုင်ဖို့, သိနိုင်ဖို့ ကြိုးစားကြရလေသည်။ သမ္မာဒိဋ္ဌိ ရှေ့ဆောင်မှုအောက်၌ သမ္မာ သင်္ကပ္ပစသော တရားတို့သည်လည်း မိမိတို့ကိစ္စကို မိမိတို့ တာ ဝန် ရှိ သလို ထမ်းဆောင်ရန် အသင့်ဖြစ်နေရသည်။ ထို့မှသာလျှင် အဝိဇ္ဇာ အုပ်ချုပ် လာခဲ့သော သက္ကာ ယ တိုင်းပြည် သို့ သမ္မာဒိဋ္ဌိဝိဇ္ဇာ ခေါင်းဆောင်သော ပြည်သိမ်းတပ်က ဝင်ရောက်တိုက်ခိုက်သိမ်းပိုက် ပြီးသောအခါ ကိုယ့်တာဝန် ပိုင်း ကိုယ်အုပ်ချုပ် ကွပ်ကဲနိုင်စေရန်၊ (တနည်း)မဂ်ဝင်သောအခါ မဂ္ဂင် ရှစ်ပါးတို့ အစုံအညီဗိုလ်ဝင်ခံနိုင်စေရန် တာဝန်အသီးသီး ရှိကြပုံကို ဆက် လက်ဖော်ပြပေအံ့။

သမ္မာသင်္ကပ္ပ-မှန်စွာကြံခြင်း(အမှန်ကိုကြံခြင်း)

ပါဠိတော်တွင် ချစ်သားတို့-အမှန်ကိုကြံစည်ခြင်းဆိုရာ၌....

၁။ ‘နေက္ခမ္မသင်္ကပ္ပ’ အာရုံငါးပါး ကာမ တရားမှ ထွက် မြောက်ရန် ကြံခြင်း၊

၂။ ‘အဗျာပါဒသင်္ကပ္ပ’ မပျက်စီးစေရန် ကြံခြင်း၊

၃။ ‘အဝိဟိံသာသင်္ကပ္ပ’ မညှဉ်းဆဲစေရန် ကြံခြင်း-

ဟူ၍ သုံးပါး ဟောလေသည်၊ တရားကိုယ် အားဖြင့် ‘ဝိတက်’ စေတသိက်ပင်ဖြစ်၏။ သမ္မာသင်္ကပ္ပဟူသည် သမ္မာဒိဋ္ဌိဟူသောဉာဏ်ပညာက ပရမတ်ရုပ်,နာမ် အမှန်တရားကို အမှန်ဟု ရှုနိုင်,မြင်နိုင်စေရန် တွဲဖက် တာ ဝန်ယူရသော်တရားဖြစ်လေသည်၊ ထို့အတွက် သမ္မာဒိဋ္ဌိက ပရမတ်ရုပ်,နာမ် ကို ပရမတ်ရုပ်,နာမ်ဟု ရှုနိုင်,မြင်နိုင်ခြင်းသည် ထို ရုပ်,နာမ်ရသောသတ္တဝါ အား ကာမတရား, ကာမဂုဏ်, ကာမနယ်မှ ထွက်မြောက်နိုင်စေရန် လိုချင် စရာ, ရချင်စရာ,ချမ်းသာစရာ,သာယာစရာမရှိဟု သမ္မာဒိဋ္ဌိကို ညွှန်ပြသည့် အတိုင်း ထိုကာမ,ကာမဂုဏ်မှထွက်မြောက်လို၍ ပရမတ်ရုပ်,နာမ်ကို ရှုမြင် လေသည်။

ထိုအပြင် သူ့သူ-ငါငါ ပညတ်အမှတ်အသားနှင့်သတ္တဝါ၏သဘော သည် ဖျက်ဆီးတတ်သည်၊ ပျက်စီးစေရန် ကြံတတ်သည်၊ ဤ ရုပ်,နာမ်

www.dhammaransi.com

ပရမတ်ကို မြင်သိရာ၌'ဖောက်ပြန်မှု ဖြစ်,ပျက်'တို့ကိုသာရှုနေသော ယောဂီအတွက်မှာ ဤ ဖြစ်,ပျက်နေသော ရုပ်,နာမ် အစုသည် ငါ မဟုတ်သဖြင့် ငါ-မပျက်စီးရန် သူတပါးလည်း မပျက်စီးရန် ဖောက်ပြန် ဖြစ်,ပျက်သော သဘောကိုသာ ရှုနေသိနေရသောကြောင့် ထို အသိသည်, ထို ဉာဏ်သည် မပျက်စီးစေလိုသော'သမ္မာသင်္ကပ္ပ'သာတည်း။

ထိုမှတပါး မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ်, သတ္တဝါထင်မှု ခေါင်း-ကိုယ်-ခြေ-လက်-နားရွက်-မျက်စိ စသော ပညတ်အာရုံ ပြု၍သာ သတ္တဝါ အမှတ်နှင့်ညှဉ်းဆဲခြင်း,ညှဉ်းပန်းခြင်း,နှိပ်စက်ခြင်းစသည်ဖြင့် နိုင်ထက်ကလူ ပြုမူတတ်ကြလေရာ၊ ဤ ခန္ဓာ၏ ပရမတ်ရုပ်,နာမ်၏သဘာဝကို ရှုနေသိနေသော သမ္မာဒိဋ္ဌိ၏ တွဲဖက်သမ္မာသင်္ကပ္ပသည်လည်း ပရမတ် ရုပ်,နာမ် ဟုပင် သိနေရသောကြောင့် ညှဉ်းပန်းနှိပ်စက်တတ်သော ဒေါသတရားကင်းဝေး နေသည်ဖြစ်ရကား ဝိဟိံသာဝိတက် မဖြစ်တော့ပဲ 'အဝိဟိံသာသင်္ကပ္ပ' ဖြစ်လေတော့သည်။

ယင်းကဲ့သို့ထွက်မြောက်ရာကိုကြံစည်ခြင်းသုံးပါးကို(သမ္မာသင်္ကပ္ပ) 'မှန်စွာကြံခြင်း,အမှန်ကိုကြံခြင်း'ဟု ခေါ်ဆိုအပ်၏၊ ထို သမ္မာသင်္ကပ္ပသည်လည်း သမ္မာဒိဋ္ဌိနှင့်တွဲဖက်၍ တာဝန်ယူရသော ပညာမဂ္ဂင်ဖြစ်၍ ရုပ်,နာမ် တရားတို့၏ ဒုက္ခသစ္စာကို သမ္မာဒိဋ္ဌိအနေနှင့် ရှုနိုင်မှုသည် တွဲဖက်ဖြစ်သော 'သမ္မာသင်္ကပ္ပ'အကူအညီကို အများဆုံးယူရလေသည်၊ ထို သမ္မာသင်္ကပ္ပနှင့် စပ်သော သုတ်တသုတ်ကို ထုတ်ဆောင်ပြအံ့။

မာ ဘိက္ခဝေ ပါပကေ အကုသလေ ဝိတက္ကေ ဝိတက္ကေယျာထ ။လ။အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ယောဂေါ ကရဏီယော။
(မဟာဝဂ္ဂသံယုတ်ပါဠိတော် ဝိတက္ကသုတ်-၃၆၆)

ချစ်သားတို့-အကုသိုလ်ဖြစ်၍ ယုတ်မာကုန်သော ကာမတို့ကို ကြံစည်မှု, ပျက်စီးစေရန် ကြံစည်မှု, ညှဉ်းဆဲရန် ကြံစည်မှုတို့ကို မကြံစည်ကြကုန်လင့်၊အဘယ့်ကြောင့်နည်းဟူမူ-ထိုကြံစည်မှုတို့သည် မိမိ၏ကောင်းသော အကျိုးစီးပွားနှင့်လည်းမစပ်၊ မဂ်သို့ရောက်ကြောင်း ကောင်းမြတ်သော အကျင့်လည်းမဟုတ်၊ငြီးငွေ့ရန်,တပ်မက်ကင်းရန်,ချုပ်ငြိမ်းရန်,တရားမှ ထွက်မြောက်ရန်,ကိလေသာမီး-ခန္ဓာမီးတို့ ငြိမ်းရန်လည်းမဟုတ်ကုန်။

www.dhammaransi.com

ချစ်သားတို့-သင်တို့သည် ကြံစည်လိုကြကုန်သော်'ဤကား(ဒုက္ခသစ္စာ) ဆင်းရဲအမှန်တည်း၊ ဤကား(သမုဒယသစ္စာ)ဆင်းရဲဖြစ်ကြောင်းအမှန် တည်း၊ ဤကား(နိရောဓသစ္စာ)ဆင်းရဲချုပ်ရာ အမှန်တည်း၊ ဤကား (မဂ္ဂသစ္စာ) ဆင်းရဲချုပ်ကြောင်း အမှန်တည်း' ဟု ကြံစည်ကြကုန်ရာ သည်၊ အဘယ့်ကြောင့်နည်းဟူမူ- ဤသို့သော ကြံစည်မှုတို့သည် သင်- ချစ်သားတို့အား ကောင်းသော အကျိုးစီးပွားနှင့် စပ်ကုန်၏၊ မဂ်သို့ ရောက်ကြောင်း ကောင်းမြတ်သောအကျင့်လည်း ဖြစ်၏၊ ငြီးငွေ့ရန်, တပ်မက်ကင်းရန်, ချုပ်ငြိမ်းရန်, တဏှာမှထွက်မြောက်ရန်, ကိလေသာမီး- ခန္ဓာမီးငြိမ်းရန်ဖြစ်၏၊ ထို့ကြောင့် ဤသို့သာ ကြံစည်ကြကုန်ရာ၏။

ဟု ဟောတော်မူသည်။

မြတ်စွာဘုရားသည် 'လောကာနုကမ္ပာယ' သတ္တလောက ဟူသော သတ္တဝါတို့ကို အစဉ်သနားတော်မူသောကြောင့် သတ္တဝါတို့၏ သံသရာဝဋ် ဆင်းရဲမှ ထွက်မြောက်ကြောင်း နည်း အထွေထွေ ပရိယာယ် အသွယ်သွယ် တို့ဖြင့် ဟောတော်မူသည့်အပြင် စိတ်ကူးကြံစည်ရာ၌ပင် ယုတ်မာ ညစ်ကျု အကုသိုလ်မှုနှင့် ပတ်သက်၍ဖြစ်သော 'ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံ သာဝိတက်'တို့သို့စိတ်ကူးမရောက်စေပဲ စိတ်ကူးချင်လျှင် ကိလေသာ မဖြစ် သောပရမတ်သစ္စာတို့ကိုသာစိတ်ကူးသင့်ကြောင်း,စိတ်ရောက်သင့်ကြောင်း သို့မှမိမိအတွက် မဂ်,ဖိုလ်အကျိုး ရမည့်သဘောများကို ဟောကြားတော် မူပြီးတဆက်ထည်းမှာပင်- စိန္တသုတ်၌—

စိန္တသုတ် ချစ်သားတို့-'လောကသည်မြဲ၏'ဟူ၍ငင်း၊ 'လောကသည် မမြဲ' ဟူ၍ငင်း၊ 'လောကသည် အဆုံးရှိ၏' ဟူ၍ငင်း, 'လောကသည် အဆုံးမရှိ' ဟူ၍ငင်း၊ 'ထိုအသက်သည် ထိုကိုယ်ဖြစ်၏' ဟူ၍ငင်း၊ 'အသက်တခြား ကိုယ်တခြား' ဟူ၍ငင်း၊ 'သတ္တဝါသည် သေပြီးနောက် ဖြစ်၏'ဟူ၍ငင်း၊ သတ္တဝါသည် သေပြီးနောက် မဖြစ်' ဟူ၍ငင်း၊'သတ္တဝါသည်သေပြီးနောက်ဖြစ်လည်းဖြစ်သည်၊ မဖြစ်လည်း မဖြစ်'ဟူ၍ငင်း၊ 'သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်,'ဟူ၍ငင်း ဤသို့ယုတ်ညံ့သောစိတ်ကို မကြံစည် ရာ၊ထိုသို့မကြံစည်သင့်ခြင်းသည်အဘယ့်ကြောင့်နည်းဟူမူ,ချစ်သားတို့- ဤအကြံအစည်သည် မိမိ၏ကောင်းသောအကျိုးစီးပွားနှင့်မစပ်၊မဂ်သို့

www.dhammaransi.com

ရောက်ကြောင်း ကောင်းမြတ်သောအကျင့်လည်း မဟုတ်၊ ငြီးငွေ့ရန်, တပ်မက်ကင်းရန်,ချုပ်ငြိမ်းရန်,တရားမှထွက်မြောက်ချန်,ကိလေသာမီး ခန္ဓာမီးတို့ငြိမ်းအေးရန်လည်းမဟုတ်ကုန်။

ချစ်သားတို့-သင်တို့သည် ကြံစည်လိုကြကုန်သော် 'ဤကား(ဒုက္ခသစ္စာ) ဆင်းရဲအမှန်တည်း၊ ဤကား (သမုဒယသစ္စာ) ဆင်းရဲ ဖြစ်ကြောင်း အမှန်တည်း၊ ဤကား (နိရောဓသစ္စာ) ဆင်းရဲချုပ်ရာ အမှန်တည်း၊ ဤကား(မဂ္ဂသစ္စာ) ဆင်းရဲချုပ်ကြောင်း အမှန်တည်း' ဟု ကြံစည်ကြကုန်ရာသည်၊ ထိုသို့ ကြံစည်သင့်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ- ချစ်သားတို့-ဤသို့ အမှန်သစ္စာကို ကြံစည်ခြင်းသည် သင်-ချစ်သားတို့ အား ကောင်းသော အကျိုးစီးပွားနှင့် စပ်၏၊ မဂ်သို့ ရောက်ကြောင်း ကောင်းမြတ်သောအကျင့်လည်း ဖြစ်၏၊ ငြီးငွေ့ရန်, တပ်မက်ကင်းရန်, ချုပ်ငြိမ်းရန်, တရားမှ ထွက်မြောက်ရန်, ကိလေသာမီး,ခန္ဓာမီး ငြိမ်း အေးရန်ဖြစ်၏' ထို့ကြောင့် ဤသို့သာ ကြံစည်ကြကုန်ရာ၏။

ဟု ဟောတော်မူသည်။

ဤ ကြံစည်ခြင်းမျိုးကား ဝိတက်သုံးပါးနှင့် ကြံစည်ပုံမျိုး မဟုတ်၊ 'ဒိဋ္ဌိ'နှင့်ကြံစည်ခြင်းမျိုး ဖြစ်လေသည်၊ နိဒါနဝဂ္ဂ, ခန္ဓဝဂ္ဂစသော သံယုတ် ပါဠိတော်တို့တွင်၎င်း,ပဏ္ဏာသ,အင်္ဂုတ္တရစသောပါဠိတော်တို့တွင်၎င်း,ဒိဋ္ဌိနှင့် ပတ်သက်သော ဤသုတ်မျိုး အများအပြား လာရှိပေသည်၊ ထိုသဿတ, ဥစ္ဆေဒတို့တွင် အကျုံးဝင်သော ဤ စကားမျိုးတို့နှင့်ပတ်သက်၍ မေးလာ လျှင် မြတ်စွာဘုရားသည် တိုက်ရိုက်မဖြေပဲ ပရမတ်သဘော ပေါ်အောင် စစ်ထုတ်၍ တရားပြတော်မူသည်၊ တိုက်ရိုက်မဖြေသောကြောင့်'အဗျာကတ သံယုတ်'ဟုပင် တကျမ်းတွင်ခဲ့သည်။

ဤမေးခွန်းတို့သည် အကျိုးမရှိရှိသာမဟုတ်၊စွဲယူထားလျှင် အကျိုး များစွာ ယုတ်လေသောကြောင့် စိတ်ထဲ,နှလုံးထဲတွင် မစွဲ မယူ စေလိုသည် သာမက အကြံအစည်လုပ်၍စိတ်ပင်မကူးအပ်ကြောင်း၊ အကယ်၍စိတ်ကူးမှု ကြံစည်မှုပြုလိုလျှင် 'ဤ ရုပ်,နာမ် ခန္ဓာသည် ဒုက္ခသစ္စာ, သမုဒယ သစ္စာ, နိရောဓသစ္စာ,မဂ္ဂသစ္စာ စသော အမှန်တရားကို အမှန်ကြံစည် စိတ်ကူးခြင်း သည် မိမိအကျိုးရှိပုံကို'ဟောကြားတော်မူခြင်းဖြစ်လေသည်။ ၎င်းနောက်

www.dhammaransi.com

မဟာဝဂ္ဂသံယုတ်ပါဠိတော်တွင်ပင် 'လောကစိန္တာ' သုတ်ဟု အမှတ်-၃၉၀ တွင် ဟောတော်မူပြန်သည်ကား....

လောကစိန္တာသုတ် ချစ်သားတို့ - ရှေးအခါက ဖြစ်ဘူး သည်ကား - ယောကျ်ားတယောက်သည် 'လောကအကြောင်း' ကိုကြံစည်မည်ဟုသဘောထား၍ရာဇဂြိုဟ်ပြည်မှထွက်ပြီးလျှင်သုမာဂဓ မည်သောရေကန်ရှိရာသို့ရောက်၍ ရေကန်ကမ်းစပ်၌ထိုင်လျက် စဉ်းစား နေ၏၊ ချစ်သားတို့-ထိုယောကျ်ားသည် ရေကန်သို့ ကြည့်နေစဉ်တွင် စစ်အင်္ဂါလေးပါးရှိသော စစ်သည်တို့သည် ကြာရင်း ကြာစွယ် အတွင်း သို့ ဝင်သွားကြသည်ကို မြင်ရသောအခါ ' ငါသည်ကား ရူးလေပြီ တကား, ငါသည်ကားစိတ်ပျံ့လွင့်လေပြီတကား,လောက၌ မရှိကောင်း သောအရာကိုငါမြင်၏'ဟူ၍ မြည်တမ်းလျက် မြို့သို့ပြန်ဝင်လာပြီးလျှင် အို-လူများအပေါင်းတို့-ငါသည်ရူးလေပြီ, ငါသည်စိတ်ပျံ့လွင့်လေပြီ, ငါသည် လောက၌ မရှိကောင်းသောအရာကို မြင်၏'ဟုပြောလေသော အခါ လူအများက'အမောင်ယောကျ်ား သင်သည် အဘယ့်ကြောင့်ရူးရ သနည်း,အဘယ့်ကြောင့် စိတ်ပျံ့လွင့်ရသနည်း,သင်မြင်သောအရာသည် လောက၌ အဘယ့်ကြောင့် မရှိရသနည်း'ဟု မေးကြကုန်၏၊ ထိုသို့ မေး ကြသောအခါ ထိုယောကျ်ားသည် သူ မြင်ခဲ့သမျှ ပြန်ကြားပြောဆို သောအခါ လူ များစွာတို့က 'သင်သည် အမှန်ပင်ရူးလေပြီ, အမှန်ပင် စိတ်ပျံ့လွင့်လေပြီ, သင် မြင်သောအရာသည် လောက၌မရှိ' ဟု ဆိုကြ လေသည်။

ချစ်သားတို့-ထိုယောကျ်ားသည် အမှန်ကိုသာမြင်ခြင်းဖြစ်သည်၊ မမှန် သည်ကို မြင်ခြင်းမဟုတ်၊ ဖြစ်ရပုံကား-နတ်နှင့် အသုရာတို့၏စစ်ပွဲသည် အပြင်းအထန်တိုက်ခိုက်ကြ၏၊ ထိုတိုက်ပွဲ၌ နတ်တို့က နိုင်၍ အသုရာတို့ စစ်ရှုံးကြလေသည်၊ စစ်ရှုံးသော အသုရာတို့သည် ကြောက်လန့်ကြကုန် လျက် နတ်တို့ မေ့လျော့နေခိုက် ကြာစွယ်ကြာရင်းတို့မှတဆင့် အသုရာ ပြည်သို့ ပြန်ကြခြင်းဖြစ်လေသည်။

ထို့ကြောင့် ချစ်သားတို့-လောကအကြောင်း ကြံတွေးလျက် 'လောက သည် မြဲ၏-မမြဲ' စသောကြံမှုတို့သည် မိမိကောင်းကျိုးနှင့်လည်း မစပ်၊ မဂ်,ဖိုလ်,နိဗ္ဗာန်ရရန်အတွက် အကျိုးလည်းမရှိလေသောကြောင့် ကြံလို

www.dhammaransi.com

စည်လိုသော် 'ဤကား ဆင်းရဲအမှန်'စသော အမှန်တရားသစ္စာကိုသာ ကြံစည်အပ်ကြောင်း အပြည့်အစုံ ဟောတော်မူလေသည်။

ဤ ကြံစည်ပုံမျိုးလည်း မိမိ၌ အကျိုးတစုံတရာမရပဲ မိမိကိုယ် မိမိလည်း စိတ်ဖောက်ပြန်သူဟု ထင်ရသည်၊ အခြားသူ များကလည်း စိတ်ဖောက်ပြန် ရူးသွပ်သူ ဟု သမုတ်ခံရရုံသာ ရှိ၍ လောက၌လည်း ဆုံးရှုံး, သံသရာ၌လည်းအကျိုးမဲ့ ဆင်းရဲစေသော ကြံစည်မှုမျိုးသာ ဖြစ်လေသည်၊ ထို ကြံမှုတို့ဖြင့် ကြံစည်သောသူသည် အကျိုးမဲ့ အန္တရာယ်ဖြစ်ပုံကို မြတ်စွာဘုရားသည်'အစိန္တေယျသုတ်'၌ ဟောတော်မူထားဟန်ကား....

လောကစိန္တာ ဘိက္ခဝေ အစိန္တေယျာ နစိန္တေတဗ္ဗာ၊ ယံ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ အဿ။

(စတုက္ကအင်္ဂုတ္တရပါဠိတော်-၃၉၂)

ချစ်သားတို့-မကြံစည်သင့်သော လောကရေးရာ လောက အကြောင်းတို့ကို မကြံစည်ကြ ကုန်လင့်၊ အကယ်၍ လောကကို ကြံစည်ငြားအံ့၊ ထို ကြံစည်သူသည် ရူးသွပ်ခြင်း, ဆင်းရဲပင်ပန်းခြင်းတို့ ဖြစ်ရန် အဖို့အစုသာ ဖြစ်၏။

ဟု ဟောတော်မူသည်၊ ထိုသို့ ကြံစည်ခြင်းမျိုးဖြင့် မိမိ၌ ကောင်းကျိုးမရပဲ ရူးသွပ်ခြင်း,ဆင်းရဲပင်ပန်းခြင်းစသော ဆိုးကျိုးများသာ ဖြစ်ရန်ရှိသောကြောင့် ရုပ်,နာမ် ဖြစ်, ပျက် လောကမှ သဘောတရားဖြစ်သော ပရမတ်ကိုသာ ဉာဏ်ဖြင့်ရှုမြင်နိုင်ရန် သမ္မာသင်္ကပ္ပဟူသော ကောင်းစွာအမှန်ပရမတ်ကို အမှန်အတိုင်းသိနိုင်ရန် သမ္မာဒိဋ္ဌိနှင့်တွဲ၍....

ယာစ သမ္မာဒိဋ္ဌိ၊ ယောစ သမ္မာသင်္ကပ္ပော၊ ဣမေဓမ္မာ ပညာက္ခန္ဓေ သင်္ဂဟိတာ။ (မူလပဏ္ဏာသပါဠိတော်-၃၇၅)

ယာစသမ္မာဒိဋ္ဌိ၊ အကြင် ရုပ်,နာမ် တို့၏ ပရမတ် သဘောကို ပရမတ်သဘောအတိုင်း အမှန်မြင်တတ်သောသဘောသည်ငှင်း။ယောစ သမ္မာသင်္ကပ္ပော၊ အကြင်ပရမတ်ရုပ်,နာမ်တို့၏အမှန်သဘောကိုအမှန်အတိုင်း ကြံစည်တတ်သော သဘောသည်ငှင်း။ ဣမေဓမ္မာ၊ ဤ တရားနှစ်ပါးတို့ကို။ ပညာက္ခန္ဓေ၊ ပညာဉာဏ် အစု၌။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။

www.dhammaransi.com

ဤ နေရာ၌ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ တရားနှစ်ပါးတို့သည် ပညာ အစု၌ အတူတကွ ဝန်ယူထားကြ၏၊ သို့ရာတွင် 'သမ္မာဒိဋ္ဌိ'သည် ရှုတတ် မြင် တတ်, ရှုရုံမြင်ရုံသာဖြစ်၍ မိမိ၏သဘောအားဖြင့် ပရမတ်ဖြစ်သော ရုပ်,နာမ် တရားတို့၌ ပျက်တတ်သော(အနိစ္စ)သဘော၊ ဆင်းရဲသော(ဒုက္ခ)သဘော၊ အစိုးမရသော(အနတ္တ)သဘောတို့ဟူ၍ အာရုံသဘောတို့ကို မဖောက်မပြန် ဟုတ်မှန်သည့် အတိုင်း ဆုံးဖြတ်ခြင်းငှာ မစွမ်းနိုင်ချေ၊ 'သမ္မာသင်္ကပ္ပ'ဖြင့် ကြံစည်၍,ကြံစည်၍ ဆောင်နှင်းပေးအပ် ယူစေအပ်သော်သာလျှင် ထို ပရ မတ်အာရုံ၏သဘောကို ဆုံးဖြတ်ခြင်းငှာစွမ်းနိုင်၏၊ ထို့ကြောင့် သမ္မာဒိဋ္ဌိ၏ မဖောက်မပြန်ဟုတ်မှန်သောအတိုင်း သိမြင်ဆုံးဖြတ်စေခြင်းငှာ ကူညီ အား ပေးတတ်သော သမ္မာသင်္ကပ္ပကို ပညာအစု၌ထည့်သွင်းရေတွက်ရခြင်းဖြစ် လေသည်။ ထို့ကြောင့်....

ပညာ အတ္တနော ဓမ္မတာယ အနိစ္စံ ဒုက္ခံ အနတ္တာတိ အာရမ္မဏံ နိစ္ဆေတုံ န သက္ကောတိ၊ ဝိတက္ကေ ပန အာကောဋ္ဌေတွာ အာကော ဋ္ဌေတွာ ဒေန္တေ သက္ကောတိ။ (မူလပဏ္ဏာသ အဋ္ဌကထာ-၂၆၁)

သမ္မာဒိဋ္ဌိဟူသော ပညာသည် ၎င်း၏ ပင်ကိုသဘာဝကား ရုပ်,နာမ် ခန္ဓာတို့၏ အနိစ္စ,ဒုက္ခ,အနတ္တဟူသော ဖြစ်,ပျက်သဘောကို ဟုတ်မှန်သော အတိုင်း မဆုံးဖြတ်နိုင်ပေ၊ သမ္မာသင်္ကပ္ပသည်ကား ထို ထို ရုပ်,နာမ်ခန္ဓာတို့၏ သဘာဝအမှန်ကိုအမှန်အတိုင်းသိနိုင်ရန် စူးစမ်း၍,ကြံစည်၍,ဆောင်နှင်း၍, ရှာဖွေ၍ ပေးအပ်သော်သာလျှင် ထို ရုပ်,နာမ်ခန္ဓာတို့၏ သဘာဝ အမှန် တရားကို သမ္မာဒိဋ္ဌိက အမှန်အတိုင်းမြင်အောင် ရှုနိုင်ပေသည်၊ ထို့ကြောင့် သာလျှင် သမ္မာဒိဋ္ဌိ၏ မှန်သောအမြင်အတိုင်း သိမြင် ဆုံးဖြတ်ခြင်း၌ မြဲမြံ ခိုင်ခံ့စေခြင်းငှာ အားပေး ကူညီသော သမ္မာသင်္ကပ္ပ ကိုလည်း ပညာမဂ္ဂင် နေရာ၌ ထည့်သွင်း၍ထားရလေသည်။

အဋ္ဌကထာက ဆက်လက်၍ ဥပမာ ပြပြန်သည်ကား - လောက၌ ပန်းထိမ်ဆရာသည် ရွှေတုံး ရွှေခဲ တခုကို လက်ပေါ်၌ ထား၍ ထိုရွှေတုံး ရွှေခဲ၏ အရည်အသွေး အရောင် အနှစ်သာရကို စစ်ဆေး ကြည့်ရှုလိုလတ် သော် မိမိမျက်စိမျှဖြင့် ထိုရွှေတုံးရွှေခဲ၏အရည်အသွေးကို အထက်အောက် လှန်လှော၍ ကြည့်ခြင်းငှာ မတတ်နိုင်ရာချေ၊ တဖက်သောလက်၏ လက် ချောင်းတို့ဖြင့်သာလျှင် အထက်,အောက် ကိုင်တွယ်လှန်လှော၍ ထိုမှဤမှ

www.dhammaransi.com

မျက်စိဖြင့်ကြည့်နိုင်ရာသည်၊ ယင်းသို့ကြည့်မှ ရွှေတုံးရွှေခဲ၏ အရည်အသွေး အရောင် အနှစ်သာရကို ဟုတ်မှန်သောအတိုင်း သိနိုင်ရာသကဲ့သို့၊ ထို့အတူ သမ္မာဒိဋ္ဌိ၏ ပင်ကိုသဘောမှာ ရုပ်,နာမ်ခန္ဓာတို့၏ အမှန်သဘာဝ ဖြစ်သော မမြဲသော သဘော, ဆင်းရဲသော သဘော, အစိုးမရသော သဘောတို့ကို တိုက်ရိုက်မရှုမြင်နိုင်ချေ၊ သမ္မာသင်္ကပ္ပသည် ထို ရုပ်,နာမ်ခန္ဓာတို့၏ အမှန် သဘောကိုမမြင်နိုင်မချင်း အဖန်ဖန်အထပ်ထပ်လေ့လာစူးစမ်းကြံစည်လျက် ဆောင်းနှင်းပေးမှသာလျှင် အမှန်သဘော ဖြစ်,ပျက်ကို မြင်နိုင်,သိနိုင်ပေရာ တရားအားထုတ်သူယောဂီတို့သည် ပရမတ်သဘောဖြစ်သော ရုပ်,နာမ်ခန္ဓာ တို့၌ဖြစ်,ပျက်မြင်လာပါက 'သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ'(ပညာမဂ္ဂင်)တို့စုံညီစွာ ပါဝင်နေကြောင်း သတိပြုကုန်ရာသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် တရားအားထုတ်သော ယောဂီတို့ အတွက် အလွန်ပင် ကျေးဇူးများလှပေသောကြောင့် သမ္မာဒိဋ္ဌိ၏ အခြား မဲ့၌ သမ္မာသင်္ကပ္ပကို ဆက်လက်၍ ဟောတော်မူလေသည်။

'သမ္မာဝါစာ-မှန်စွာပြောခြင်း'(မှန်သောနှုတ်မှု)

ပါဠိတော်တွင် 'မှန်စွာပြောခြင်း'ဟူရာ၌....

၁။ 'မုသာဝါဒါ ဝေရမဏီ'-မမှန်မကန်ချွတ်ယွင်းသောစကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ 'ပိသုဏာယဝါစာယဝေရမဏီ'-ချောပစ်ဂုံးတိုက်သော စကား ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ 'ဖရုသာယဝါစာယ ဝေရမဏီ'-ကြမ်းထမ်းစွာ ဆဲဆို ရေရွတ် သောစကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၄။ 'သမ္ဖပ္ပလာပါ ဝါစာယဝေမရဏီ'-မဂ်, ဖိုလ်မှ ဖီလာဖြစ်သော ပြိန်ဖျင်းသောစကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

ဟူ၍ ၄-ပါးပြလေသည်၊(ယင်းရှောင်ကြဉ်ခြင်းသည် 'ဝိရတီ' ဖြစ် သည်၊ ရှေ့၌တွေ့လတ္တံ့)။

ယင်းသို့သော'နှုတ်ထိန်းသိမ်းမှု'မျိုးကိုအသက်မွေးခြင်းအကြောင်း မရှိပဲ ပြောဆိုအပ်သော ဝစီ ဒုစ္စရိတ်လေးပါးကို ကြဉ်ရှောင်ခြင်းသည် (သမ္မာဝါစာ)မှန်သော,ကောင်းသော နှုတ်မှုဟု ခေါ်ဆိုအပ်၏။

www.dhammaransi.com

(ဤဝစီကံ နှုတ်ထိန်းသိမ်းမှုသည်မဂ္ဂင်ထိုက်သော'သီလက္ခန္ဓ'တွင်ပါဝင်နေသဖြင့် မဂ္ဂင်အလုပ်ကိုအားထုတ်သောယောဂီတို့သည် အပြောအဆိုအထူး သတိထားအပ်လေသည်၊ ကမ္မဋ္ဌာန်းခွင်သို့ အလုပ်ဝင်နေသောယောဂီတို့အတွက် တရားအစစ်ဆေးခံသောအခါမှ လွဲ၍ လုံးဝ စကားမပြောလျှင် သာ၍ကောင်းသည်၊ မြတ်စွာဘုရားသည်လည်း'န ဘဿာရာမတာ' ဟု ပညတ်ထားတော်မူသောအတိုင်း ဤ နှုတ်မှု စောင့်ထိန်းအပ်သော ဝစီကံသီလသည် တရားအားထုတ်ဆဲတွင် အထူးပင် စောင့်ထိန်းအပ်လေသည်၊ စကားပြောဆိုမှုသည် အပြင်အာရုံသို့သာ ရောက်သွားလေသောကြောင့် ဖြစ်သည်၊ မင်္ဂသို့ ရောက်မှသာလျှင် သီလကိစ္စလုံးခြုံမှု စိတ်ချရလေသည်။)

ထို နှုတ်ဖြင့်ပြောဆိုအပ်သော ဝစီကံ ၄-ပါးကို လူ့လောကတွင်လူကျင့်ဝတ် သိက္ခာကို ထိန်းသိမ်းသော သူတိုင်း ရှောင်ကြဉ်အပ်သော'ဝိရတိ'မျိုးဖြစ်ပေသည်၊ ဝိရတိ-ဟူသည် ပြောဆိုခြင်းမဟုတ်၊ ရှောင်ကြဉ်ခြင်း,ထိန်းသိမ်းခြင်း ဖြစ်ပေသည်၊(သီလမဂ္ဂင်စုံမှ အကျယ်ပြအံ့)။

'သမ္မာကမ္မန္တ-မှန်စွာပြုခြင်း' (မှန်သောကိုယ်အမှု)

ပါဠိတော်တွင်'မှန်စွာပြုအပ်သောကိုယ်မှု'ဟူသည်....

၁။ 'ပါဏာတိပါတာဝေရမဏီ'-သတ္တဝါ၏အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ 'အဒိန္နာဒါနာဝေရမဏီ'-ပိုင်ရှင်သည် ကိုယ်-နှုတ်ဖြင့် မပေးအပ်သောဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ 'ကာမေသုမိစ္ဆာစာရာဝေရမဏီ'-ကာမဂုဏ်တို့၌ မှားယွင်းစွာလွန်ကျူး၍ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း။

ဟူ၍ ၃-ပါး ပြလေသည်။

ယင်းသို့-ကိုယ်နှင့်ပတ်သက်သော ထိန်းသိမ်းမှုမှရှောင်ကြဉ်မှုမျိုးကိုအသက်မွေးခြင်းအကြောင်းမရှိပဲ ပြုလုပ်အပ်သောကာယဒုစ္စရိုက်မျိုးဖြစ်၍သီလက္ခန္ဓမဂ္ဂင်စုတွင် ပါဝင်နေသောကြောင့်ရင်း, လူကျင့်ဝတ် ဝတ္တရားဖြစ်သောကြောင့်ရင်း ကောင်းစွာ ရှောင်ကြဉ်အပ်ပေသည်။

www.dhammaransi.com

'သမ္မာအာဇီဝ-မှန်စွာအသက်မွေးခြင်း'(မှန်သောသက်မွေးမှု)

ပါဠိတော်တွင်'မှန်သောအသက်မွေးမှု'ဟူသည်....

'ချစ်သားတို့- အဘယ်မည်သော တရားသည် (တနည်း) အဘယ်ကဲ့သို့သော အသက်မွေးခြင်းသည်မှန်သောအသက်မွေးမှုဖြစ်ပါသနည်းဟူမူ-'ဤ ငါဘုရား၏ အဆုံးအမ သာသနာတော်၌ မြတ်သော အရိယာ၏ တပည့်သည် နှုတ်ဖြင့် မကောင်းသဖြင့် ပြောဆိုအပ်သော 'ဝစီဒုစ္စရိုက်' ၄-ပါး၊ ကိုယ်ဖြင့် မကောင်းသဖြင့် ပြုလုပ်အပ်သော 'ကာယဒုစ္စရိုက်' ၃-ပါး၊ဒုစ္စရိုက် ၇-ပါး အကုသိုလ်တရားတို့နှင့်အသက်မွေးဝမ်းကြောင်းခြင်းကို မပြုမူ၍ ထို တရားတို့မှ ရှောင်ကြဉ်လျက် အသက်မွေးခြင်းကို (သမ္မာအာဇီဝ)မှန်သော အသက်မွေးခြင်းဟု ခေါ်ဆိုအပ်၏။

ဟု ဟောတော်မူထားသောအတိုင်း သီလမဂ္ဂင်သုံးပါးတွင် သမ္မာဝါစာမဂ္ဂင်၌ ဝစီဒုစ္စရိုက် ၄-ပါး၊သမ္မာကမ္မန္တမဂ္ဂင်၌ ကာယဒုစ္စရိုက် ၃-ပါး ဤ ၇-ပါးကို ရှောင်ကြဉ်ထားပြီးသော မြတ်သော အရိယာ တပည့်သည် ထို ဒုစ္စရိုက် ၇-ပါးနှင့် အသက်မွေးမှုမပြုပဲ ရှောင်ကြဉ်ထားသောကြောင့် 'သမ္မာအာဇီဝမဂ္ဂင်'ပါ ရသွားလေရကား မဂ္ဂင်အားဖြင့် (သမ္မာဝါစာ-သမ္မာကမ္မန္တ-သမ္မာအာဇီဝ) သီလမဂ္ဂင်ပြည့်စုံသည်နှင့် သိက္ခာပုဒ်အားဖြင့် သမ္မာအာဇီဝ အပါအဝင် ၈-ပါး ဖြစ်လေသောကြောင့် ၎င်းသီလကို အာဇီဝလျှင် ရှစ်ခုပြည့်မြောက်၍ 'အာဇီဝဋ္ဌမက' သီလဟု ခေါ်သည်၊ ၎င်း အာဇီဝဋ္ဌမက သီလသည် မဂ္ဂင်ပါသောသီလ ဖြစ်ခြင်းကြောင့် မဂ္ဂင်အလုပ်အားထုတ်သူတိုင်း မပျက်မကွက် စောင့်ထိန်း ဆောက်တည်အပ်၏၊ ထို့ကြောင့်....

> စတုဗ္ဗိဓံ ပန ဝစီဒုစ္စရိတံ၊ တိဝိဓဉ္စ ကာယဒုစ္စရိတံ ပဟာယ ဥဘယံ သုစရိတံ ပူရေန္တဿေဝ ယသ္မာ အာဇီဝဋ္ဌမကံ သီလံ ပူရတိ၊ န ဣတရဿ။ (သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ-၂၀၁)

ဝစီဒုစ္စရိုက် ၄ ပါး၊ ကာယဒုစ္စရိုက် ၃-ပါး၊ ထို ၇-ပါးသော ဒုစ္စရိုက်မှုများကို ပယ်၍,ကြဉ်၍ ကာယ - ဝစီနှင့် ပက်သက်သော သုစရိုက်ကိုပြုမှသာလျှင် အာဇီဝဋ္ဌမကသီလကိုပြည့်စုံအောင် စောင့်ထိန်းသည်မည်၏၊ ထို ၇-ပါးမှ မထိန်းလျှင် အာဇီဝဋ္ဌမကသီလ မဟုတ်ပေ။

www.dhammaransi.com

လူပြောသူပြော မှန်သလော

သမ္မာ အာဇီဝကို 'ကောင်းသော အသက် မွေးခြင်း, ကောင်းစွာစီးပွားရှာခြင်း' ဟူ၍ အနက်ပေးထားသော ကြောင့် 'ကျုပ်တို့တော့ ကောင်းသော ကုန်သွယ်ခြင်း, ကောင်းသောလယ်လုပ်ခြင်း သမ္မာအာဇီဝ အလုပ်ပါပဲ'ဟု ပြောကြသည်၊ 'သမ္မာအာဇီဝ'ကောင်းရောင်းကောင်းဝယ်လုပ်နေပါတယ်'ဟူ၍ လောကဌ် သုံးစွဲကြသော စကားများသည် 'သမ္မာအာဇီဝ' ကို ဟောသော မြတ်စွာ ဘုရား၏ အလိုဆန္ဒ, ထို သမ္မာအာဇီဝ၏ အဓိပ္ပာယ်သရုပ်တို့ကို အဋ္ဌကထာ တို့က ဖော်ထုတ်ထားသောအတိုင်း သိမှတ် နားလည်ရန်လိုသည်။

ယခုခေတ်ကာလတွင် 'ကောင်းရောင်းကောင်းဝယ်ဟူသောစကား, ကောင်းသော ကုန်သွယ်ခြင်း, ကောင်းသော လယ်လုပ်ခြင်း' စသည်တို့ ရှားပါးလှသည်၊ သို့ကြောင့် မှားသော သက်မွေးမှု (မိစ္ဆာဇီဝ)၊ မှန်သော သက်မွေးမှု(သမ္မာအာဇီဝ)တို့ကို သိနားလည်ကြစေရန်....

> အာဇီဝဟေတု ပန ပဝတ္တိတာ ပါဏာတိပါတာဒယော သတ္တ ကမ္မပထ စေတနာပိ မိစ္ဆာအာဇီဝေါဝ။ တာသံယေဝ သတ္တန္နံ စေတနာနံ ပဒပစ္စေဒံ သမုဋ္ဌါတံ ကုရုမာနံ မဂ္ဂင်ံ ပူရယမာနာ ဥပ္ပန္နာ ဝိရတိ သမ္မာအာဇီဝေါ နာမ။ (ဥပရိပဏ္ဏာသဋ္ဌကထာ-၉၄)

ပန၊ မမှန်သော အသက်မွေးခြင်း, မှန်သော အသက်မွေးခြင်း တို့ကို ခွဲခြား၍ ဆိုလိုက် ဦးအံ့။ အာဇီဝဟေတု၊ အသက်မွေးခြင်း ဟူသော အကြောင်းကြောင့်။ ပဝတ္တိတာ၊ ဖြစ်စေအပ်သော။ ပါဏာတိပါတာ ဒယော၊ သူ့အသက်သတ်ခြင်း အစရှိသော။ သတ္တကမ္မပထစေတနာပိ၊ ခုနစ်ပါးသော အကုသိုလ်ကံဖြစ်ကြောင်း စေတနာသည်လည်း။ မိစ္ဆာ အာဇီဝေါဝ၊ မိစ္ဆာ အာဇီဝ သာလျှင်တည်း။ ဝါ မှား ယွင်း သော ဒုစရိုက်နှင့် အသက်မွေးခြင်းသည် သာလျှင်တည်း။ တာသံယေဝ၊ ထို ပါဏာတိပါတာ စသော အကုသိုလ်ဖြစ်ကြောင်း သာလျှင် ဖြစ်သော။ သတ္တန္နံ၊ ခုနစ်ပါးကုန်သော။ စေတနာနံ၊အကုသိုလ်ကံစေတနာတို့ကို။ ပဒပစ္စေဒံ၊အကြောင်းကိုဖြတ်သောအားဖြင့်။သမုဋ္ဌါတံ၊ပယ်နုတ်ခြင်း ကို။ ကုရုမာနံ၊ပြုလျက်။ မဂ္ဂင်ံ၊ ပွားများအပ်သော မဂ်လမ်းကြောင်း ကို။ ပူရယမာနာ၊ပြည့်စေလျက်။ ဥပ္ပန္နာ၊ဖြစ်သော။ ဝိရတိ၊ဝိရတိသည်။ ဝါ-အထူးသဖြင့် ရှောင်ကြဉ်ခြင်းသည်။ သမ္မာအာဇီဝေါ နာမ၊ သမ္မာ

www.dhammaransi.com

အာဇီဝမည်၏။ ဝါ-သူ့အသက်သတ်ခြင်း စသော ဒုစရိုက်နှင့် အသက်မွေးခြင်းကို ရှောင်ကြဉ်၍ မှန်သောအသက်မွေးခြင်း မည်၏။

အဋ္ဌကထာဆရာက သရုပ်ခွဲပြသွားသည်။ သူ့အသက်သတ်ခြင်း, သူ့ဥစ္စာခိုးခြင်း, မသွားလာ မလွန်ကျူး အပ်သော (အဂမနီယ) ဝတ္ထုတို့၌ သွားလာလွန်ကျူးခြင်းဟူသော ကာယကံ ၃-ပါး၊ မမှန်မကန် လိမ်လည်၍ ချွတ်ယွင်းသော စကားကို ပြောဆိုခြင်း, နှစ်ဦးသားတို့ ချစ်ခင် ရင်းနှီးမှု ပျက်ပြားစေရန် ဂုံးတိုက်ခြင်း, ကြမ်းထမ်းသော စကားတို့ဖြင့် ဆဲဆိုရေရွတ်ခြင်း မဂ်, ဖိုလ်, နိဗ္ဗာန်နှင့် ဖီလာကန့်လန့်ဖြစ်သော ပုံပြင်, ဒဏ္ဍာရီ စသော လုပ်ကြံပြောဆိုသော အပြိန်အဖျင်း စကားတို့ကို ပြောဆိုခြင်း ဟူသော ဝစီကံ ၄-ပါး၊ ဤခုနစ်ပါးသောအကုသိုလ်ဒုစရိုက်ဖြစ်ကြောင်း ကံစေတနာနှင့်အသက်မွေးခြင်း၊ အသက်မွေးဝမ်းကြောင်းပြုခြင်းသည် (မိစ္ဆာအာဇီဝ) မှားယွင်းသော မမှန်ကန်သော အသက်မွေးမှုဖြစ်၏။

မှန်သောအသက်မွေးမှုဟူသည်ကား-ယင်းဖော်ပြခဲ့သော ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ ပေါင်း ၇-ပါးသော ဒုစရိုက်အကုသိုလ်ဖြစ်ကြောင်း ဖြစ်သော ကံစေတနာကို ပယ်ဖြတ်လျက် ပွားများ အားထုတ် အပ်သော ဝိပဿနာ မဂ်လမ်းကြောင်းကို ပြည့်အောင် ပွားစေလျက် ဖြစ်သော ထိုစေတနာကံတို့ကို ပယ်ဖြတ်လျက် အထူးသဖြင့် ရှောင်ကြဉ်ခြင်းသည် (သမ္မာအာဇီဝ) မှန်ကန်သော အသက်မွေးမှု ဖြစ်၏။

သမ္မာအာဇီဝဖြစ်အောင် အသက်မွေးလိုပါမူ-ဖော်ပြပါ ပါဏာတိပါတစသော သိက္ခာပုဒ် ၇-ပါး ဒုစရိုက်များနှင့်အသက်မွေးမှုကို ငါမပြုတော့ဟု ဆို၍ ရှောင်ကြဉ်လိုက်မှု ကောင်းပေ၏၊ လွန်ခဲ့သောအခါများ၌ ပါဏာတိပါတ စသော ဒုစရိုက်များနှင့် ရင်းနှီးရှာဖွေ၍ ရရှိ ထားသော ပစ္စည်းဝတ္ထုများကို အသုံးအဆောင်မပြုပဲနေနိုင်လျှင် သာ၍ကောင်းသည်ဟု ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဆိုသည်။ ထိုကဲ့သို့မှ မတတ်သာ၍ သုံးဆောင်မှု ဖြစ်မည်ဆိုလျှင် ဆောက်တည်သောနေ့မှ စ၍ အသက်မွေးမှု အတွက်နှင့် ဒုစရိုက် အဖြစ်မခံ၊ လွတ်ကင်းအောင် ရှောင်ကြဉ်နိုင်ပေလျှင်လည်း ထိုသီလမတည်ဟု မဆိုသာပေ။ စင်စစ်မှာ ဤသီလသည် မကောင်းမှု ဒုစရိုက်ကို ရှောင်ကြဉ်ရသော ဝိရတီမျိုးဖြစ်ပေ၍ တနေ့ ရှောင်နိုင်လျှင် တနေ့အကျိုးရှိသော သီလမျိုး ဖြစ်၏။

www.dhammaransi.com

လောက၌ လူသူတော်ကောင်း ဖြစ်ကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ကမ္မာဦးမှစ၍ရှင်း, ဘုရားပွင့်တော်မူသည်မှစ၍ရှင်း....

၁။ သူ့အသက်ကို မသတ်အပ်၊

၂။ သူ့ဥစ္စာကို မယူအပ်၊

၃။ သူ့အိမ်ယာကို မပြစ်မှားအပ်၊

၄။ မုသား မဆိုအပ်၊

၅။ ချောပစ်ဂုံးတိုက်မှုကို မပြုအပ်၊

၆။ အမျိုးဇာတ်စသည်ကို ထိပါး၍ မဆဲရေးအပ်၊

၇။ ပစ္စုပ္ပန်အကျိုးစီးပွား၌လိမ္မာရာလည်းမဟုတ်,သံသရာအကျိုးစီးပွား၌ လိမ္မာရာလည်း မဟုတ်၊အကျိုးမရှိ၊ သက်သက်သာ ဖြစ်သော ရာမ,အိနောင်,ငွေတောင်, ဘာရတ အစရှိသော နိရတ္ထက ဒဏ္ဍာရီ, ပုံပြင်, ဇာတ်, ဝတ္ထု များကို လေ့ကျက်ပြောဟောမှုများကို မပြုအပ်။

၈။ မတရားသောအသက်မွေးမှုကို မပြုအပ်—

ဟု မိရိုးဖလာ ဆရာစဉ်ဆက် ဟောမြွက် ထုတ်ဖော် ထားကြလေသည်။

အလောင်းတော်၏ သမ္မာအာဇီဝ

ကမ္ဘာဦးမှစ၍ ကိုယ်ကျင့်တရား ရှိကြကုန်သော သူတော်သူမြတ်တို့သည် မိမိ၏ ကိုယ်ကျင့်တရားကို စောင့်ထိန်းလိုကြသော်'သမ္မာအာဇီဝမှုကိုသာလျှင်' အထူးပြု၍ စောင့်ရှောက်ဆောက်တည်ကြလေကုန်သည်။

မြတ်စွာဘုရားအလောင်းတော်သည် 'ငါ့အား အိမ်ရာထောင်သောလူဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်းလှ၏၊ ရာဂစသောမြူတို့၏ ထကြွရာ လှည်းလမ်းနှင့် တူ၏၊ရဟန်း၏ အဖြစ်သည် ဟင်းလင်းလဟာပြင်ကဲ့သို့ ကျယ်ပြန့်လှ၏'ဟု အကြံဖြစ်လျက် တောသို့ ထွက်ပြီးသော် အနောမာ အမည်ရှိသောမြစ်၏ ကမ်းနား၌ သံလျက်ဖြင့် ဆံကိုဖြတ်၍ မုတ်ဆိတ်တို့ကို ပယ်၍ ဃဋိကာရဗြဟ္မာကြီးသည် ကပ်လှူအပ်သော သင်္ကန်းကို ဆင်မြန်းလျက် ရဟန်းပြုလေသည်၊ရဟန်းပြုပြီးသော်....

www.dhammaransi.com

ပဗ္ဗဇိတွာန ကာယေန၊ ပါပကမ္မံ ဝိဝဇ္ဇယိ။
ဝစီဒုစ္စရိတံ ဟိတွာ၊ အာဇီဝံ ပရိသောဓယိ။

(သုတ္တနိပါတ်ပါဠိတော် ပဗ္ဗဇ္ဇသုတ်-၃၄၀)

အဟ်ၤဝါသည်။ ပဗ္ဗဇိတွာန၊ ရဟန်းပြုပြီး၍။ ကာယေန၊ ကိုယ်ဖြင့်။ ပါပကမ္မံ၊ ပါဏာတိပါတစသော ဒုစ္စရိတ် ၃-ပါးကို။ ဝိဝဇ္ဇယိ၊ ရှောင်ကြဉ်၏။ ဝစီဒုစ္စရိတံ၊ နှုတ်ဖြင့်ပြုအပ်သော မုသာဝါဒစသော ဒုစ္စရိတ် ၄-ပါးကို။ ဟိတွာ၊ ပယ်စွန့်၍။ အာဇီဝံ၊ သမ္မာအာဇီဝကို။ ပရိသောဓယိ၊ သုတ်သင်၏။

ဤ ပါဠိတော်၌ ဘုရား အလောင်း တော်သည် ဘုရား အဖြစ်သို့ ရောက်ရှိရန် တရားရှာဖို့အတွက် တောသို့ ထွက်ခဲ့သည် မှန်၏၊ သို့ရာတွင် အားထုတ်ရမည့် တရား၏ အစကား....

ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ။

(ဥပရိပဏ္ဏာသပါဠိတော်-၃၃၇)

အဿ၊ တရားအားထုတ်လိုသော ထိုရဟန်းအား။ ပုဗ္ဗေဝခေါ၊ တရားအားမထုတ်မီ ရှေ့အဖို့ကပင်လျှင်။ ကာယကမ္မံ၊ ကာယဒုစ္စရိတ် သုံးပါးသည်။ သုပရိသုဒ္ဓံ၊ စင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။ ဝစီကမ္မံ၊ ဝစီဒုစ္စရိတ် လေးပါးသည်။ သုပရိသုဒ္ဓံ၊ စင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။ အာဇီဝေါ၊ သမ္မာအာဇီဝသည်။ သုပရိသုဒ္ဓေါ၊ ကောင်းစွာစင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။

ဟု ဟောတော်မူထားပေရာ အလောင်းတော်သည်လည်း တရားအားမထုတ်မီ ရှေးဦးစွာ ရဟန်းပြုပြီးလျှင်ပြီးချင်း ကာယဒုစ္စရိတ် ၃-ပါး၊ ဝစီဒုစ္စရိတ် ၄-ပါး၊ ထို ၇-ပါးသော ဒုစ္စရိတ်ကိုရှောင်ကြဉ်၍ အသက်မွေးမှု သမ္မာအာဇီဝကိုလည်း စင်ကြယ်အောင် သုတ်သင်လေသည်၊ သို့ကြောင့်-

ကာယေန ပါပကမ္မံ ဝိဝဇ္ဇယီတိ တိဝိဓံ ကာယဒုစ္စရိတံ ဝဇ္ဇေသိ၊ ဝစီဒုစ္စရိတန္တိ စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ၊ အာဇီဝံ ပရိသောဓယီတိ မိစ္ဆာဇီဝံ ဟိတွာ သမ္မာဇီဝမေဝ ပဝတ္တယိ။

(သုတ္တနိပါတဋ္ဌကထာ-၁၁၁)

ကာယေန ပါပကမ္မံ ဝိဝဇ္ဇယီတိ၊ ကိုယ်ဖြင့်ပြုအပ်သော မကောင်းမှုကို ရှောင်ကြဉ်၏ ဟူသည်ကား။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ ကာယ

www.dhammaransi.com

ဒုစ္စရိတံ၊ ကိုယ်ဖြင့် မကောင်းသဖြင့် ပြုကျင့် အပ်သော သူ့အသက် သတ်ခြင်းစသည်ကို။ ဝဇ္ဇေသိ၊ ရှောင်ကြဉ်၏။ ဝစီဒုစ္စရိတန္တိ၊ နှုတ်ဖြင့် ပြုအပ်သော မကောင်းမှု ဟူသည်ကား။ စတုဗ္ဗိခံ၊ လေးပါး အပြားရှိသော။ ဝစီဒုစ္စရိတံ၊မုသားပြောခြင်းစသော မကောင်းသောနှုတ်ပြုကျင့်မှုကို။ ဝဇ္ဇေသိ၊ရှောင်ကြဉ်၏။အာဇီဝံပရိသောဓယိတိ၊သမ္မာအာဇီဝကို ကောင်းစွာ သုတ်သင်၏ ဟူသည်ကား။ မိစ္ဆာဇီဝံ၊ သူ့အသက်သတ်၍ အသက်မွေးခြင်းစသော မှားယွင်းသော အသက်မွေးခြင်းကို။ ဟိတွာ၊ ပယ်စွန့်၍။ သမ္မာအာဇီဝမေဝ၊ ကာယ,ဝစီ ဒုစ္စရိုတ်ကို ရှောင်ကြဉ်၍ ကောင်းမွန်သောအသက်မွေးခြင်းကိုသာလျှင်။ပဝတ္တယိ၊ဖြစ်စေလေပြီ။

ဤသို့လျှင် အလောင်းတော်၏ရှေးအဖို့ကပင်လျှင် ကိုယ်နှင့်နှုတ်နှင့် ပတ်သက်သော မကောင်းသဖြင့် အသက်မွေးခြင်းဒုစ္စရိတ်တို့ကို ရှောင်ကြဉ်၍ ‘သမ္မာအာဇီဝ‘ စင်ကြယ်ပုံကို ဝေဖန်မိကြပါမူ ယင်းသို့သော သမ္မာအာဇီဝဆိုသည်ကို သဘောပေါက်လောက်ပြီ၊ရှေ့တွင်လည်း ရှုပေဦး။

ဝိရတိ သီလ

မဂ္ဂင်ရှစ်ပါး အကျင့်တရားတွင် ‘သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ’ ဟူသော မဂ္ဂင် ၃-ပါးသည် ရှောင်ကြဉ်အပ်သော ဝိရတိသီလ မည်၏၊ ၎င်း ၃-ပါးကို သီလအစု၌ ရေတွက်အပ်သောကြောင့် ‘သီလက္ခန္ဓ’ မဂ္ဂင်‘အဓိသီလသိက္ခာ’ဟုလည်း ခေါ်ဆိုအပ်၏၊ ယင်းဝိရတိမျိုး ဖြစ်သော ဤသီလသည်....

ပါဏာတိပါတာဒီဟိ ဝေရမဏိမတ္တံ ဝိရတိသီလံ။

ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာအဆိုအရ‘သူ့အသက်သတ်ခြင်း အစရှိသည်တို့မှ ကြဉ်ရှောင်ကာမျှ ဖြစ်သောကြောင့် ဝိရတိသီလမည်၏’၊ထိုဝိရတိမှ ကြွင်းသော စေတနာ အစရှိသည်တို့ဖြင့် ဆောက်တည်သော သီလသည် ‘စေတနာသီလ’(တနည်း) ‘အဝိရတိသီလ’မည်၏။

ဝိရတိဟူသည်‘ရှောင်ကြဉ်ခြင်း’ဖြစ်သည်၊မရှောင်ကြဉ်က ဖြစ်တတ်သော အပြစ်တို့ကို သိ၍ ထိုအပြစ်တို့ မဖြစ်စေခြင်းငှာ ကောင်းစွာရှောင်ကြဉ်လေလျှင် ထိုအပြစ်တို့ မဖြစ်တော့ပေ၊ထို့ကြောင့် မြတ်စွာဘုရားသည် ယင်းရှောင်ကြဉ်မှုကို သီလက္ခန္ဓမဂ္ဂင်သီလအစုသို့ သွင်းလျက်-

www.dhammaransi.com

၁။ ပါဏာတိပါတာ ဝေရမဏီ
၂။ အဒိန္နာဒါနာ ဝေရမဏီ
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ } သမ္မာကမ္မန္တဝိရတိ၊
၄။ မုသာဝါဒါ ဝေရမဏီ
၅။ ပိသုဏာဝါစာယ ဝေရမဏီ
၆။ ဖရုသဝါစာယ ဝေရမဏီ
၇။ သမ္ဖပ္ပလာပါ ဝေရမဏီ } သမ္မာဝါစာဝိရတိ၊
၈။ မိစ္ဆာဇီဝါ ဝေရမဏီ — သမ္မာအာဇီဝဝိရတိ၊

ဟူ၍ ဟောတော်မူထားသည်၊ ၎င်းသိက္ခာပုဒ်ရှစ်ပါးသည် မရှောင်ကြဉ်လျှင် အပြစ်ချည်းသာဖြစ်၍ ရှောင်နိုင်သဖြင့် ရှောင်၍ကျင့်က မဂ်,ဖိုလ်နိဗ္ဗာန်ထိအောင် အကျိုးရလေသည်။

ထိုသိက္ခာပုဒ်တို့ကို ရှောင်ကြဉ်ရာ၌လည်း-

၁။ 'သမာဒါနဝိရတိ' ခံယူဆောက်တည်၍ကျင့်ခြင်း၊
၂။ 'သမ္ပတ္တ ဝိရတိ' ခံယူဆောက်တည် မ ထား သော်လည်း အတွေ့ကိုလွတ်အောင်ရှောင်ခြင်း၊
၃။ 'သမုစ္ဆေဒဝိရတိ' အရိယာပုဂ္ဂိုလ်တို့၏ အမြစ်ပြတ်ရှောင်ကြဉ်ခြင်း။

ဟူ၍ သုံးမျိုးရှိရာ အမှတ် ၁-နှင့် ၂-သာ ကျင့်သုံးရှောင်ကြဉ်ရသည်၊အမှတ် ၃-မှာ အရိယာမဂ်နှင့် တပြိုင်နက် အမြစ် ပြတ်သွား သဖြင့်ကျင့်သုံးဖွယ်မလိုသော ဝိရတိ ဖြစ်သည်၊ယင်းသုံးမျိုးတို့တွင်-

၁။ **သမာဒါန ဝိရတိ**-ဆိုသည်မှာ 'ပါဏာတိပါတာ ဝေရမဏီ' စသည် ဖြင့်၎င်း၊ 'သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ် ပါ၏' ဟူ၍၎င်းနှုတ်မြွက်၍ ခံယူဆောက်တည်သော ကာလတို့၌၎င်း, ထိုထက် အလွန်ဖြစ်သော ကာလတို့၌၎င်း,မိမိအသက်ကိုလည်းစွန့်၍ ဆောက်တည်သောသူတို့၌ဖြစ်သော ဝိရတိ'သမာဒါနဝိရတိ'ဖြစ်ခဲလသည်၊ ပုံစံမှာ-

ဥတ္တရဝဍ္ဍမာန အမည်ရှိသော ရွာတရွာ၌ နေသော ကိုယ်ကျင့်တရားကောင်းသော သီတင်းသည် တယောက်သည် အမ္ဗရိယကျောင်း၌ သီတင်းသုံး နေတော်မူသော 'ပိင်္ဂလဗုဒ္ဓရက္ခိတ' မထေရ်၏ အထံ၌ သိက္ခာ

www.dhammaransi.com

ပုဒ်ကို ခံယူဆောက်တည် ပြီးလျှင် လယ်ထွန်လျက် နေရာ ထမင်းစားချိန် ထွန်ဖြုတ်ရာမှ နွားပျောက်သွားလတ်သော် နွားရှာရန်အတွက် ဥတ္တရဝဍ္ဍမာနတောင်သို့ တက်ရာ ထိုတောင်တွင်ရှိနေသော စပါးကြီးမြွေကြီးသည် ထိုသီတင်းသည်ကို ဖမ်း၍ ပတ်ထားသောအခါ သီတင်းသည်သည်-

ဣမာယဿ တိခိဏဝါသိယာ သီသံ ဆိန္ဒာမိ။

ဤထက်စွာသောပဲခွပ်ဖြင့် ဤစပါးကြီးမြွေ၏ဦးခေါင်းကိုဖြတ်အံ့-

ဟု ကြံစည်ပြီးမှ မိမိခံယူဆောက်တည်ခဲ့သော သီလကိုသတိရကာ-

ယောအဟံ၊အကြင်ငါသည်။ ဂရုနော၊ အလေးအမြတ် ပြုအပ်သော။ ဘာဝနိယဿ၊ပွားစေအပ်သောအရှင်မြတ်၏။သန္တိကေ၊ အထံတော်၌။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ ဂဟေတွာ၊ ယူခဲ့၍။ ဘိန္ဒေယျံ၊ ဤစပါးကြီးမြွေကို သတ်ဖြတ်ခြင်းဖြင့် သီလကိုဖျက်ငြားအံ့။တော၊ဤသီလပျက်မှုသည်။မေ၊ငါ့အား။နပတိရူပံ၊မသင့်မတော်ချေ။

ဤသို့လျှင် သုံးကြိမ်တိုင်အောင် ကြံပြီးမှ-

ဇီဝိတံ ပရိစ္စဇာမိ၊ န သိက္ခာပဒံ။

'အသက်ကို အသေခံ၍ စွန့်အံ့၊သိက္ခာပုဒ်ကို မစွန့်အံ့'။

ဟု ဆုံးဖြတ်ပြီးလျှင် ပခုံးပေါ်၌ ထားအပ်သော ပဲခွပ်ကို တောထဲသို့ ပစ်လွှင့် လိုက်လေသည်၊ထိုခဏ၌ပင်လျှင် မြွေလည်း လွတ်၍ သွားလေသည်၊ဤကား မိမိခံယူဆောက်တည်ထားသော သီလသိက္ခာပုဒ်ကိုလေးစားရိုသေစွာ စောင့်သုံးခြင်းဖြင့် ကျူးလွန်အံ့သော ဒုစ္စရိုက်မှ ရှောင်ကြဉ်ခြင်း သမာဒါနဝိရတိပေတည်း၊ ၎င်းအကြောင်းကို (သမ္မောဟဝိနောဒနီအဋ္ဌကထာ ၁၄၆ နှင့်မူလပဏ္ဏာသ၊နိဒါနဝဂ္ဂသံယုတ်၊ခုဒ္ဒကပါဌ၊ဣတိဝုတ္တက အဋ္ဌကထာ) စသည်တို့တွင် လာရှိပေသည်။

၂။ သမ္ပတ္တဝိရတိ-ဆိုသည်မှာ မိမိ၏အမျိုးအနွယ်၊ဂုဏ်သိက္ခာ၊အသက်အရွယ်၊အကြားအမြင် စသည်အားဖြင့်ဆင်ခြင်၍ 'ငါ၏ ဂုဏ်သိက္ခာအားဖြင့်သော်၎င်း၊ အမျိုးအနွယ်အားဖြင့်သော်၎င်း၊ အသက်အရွယ် အားဖြင့်သော်၎င်း၊အကြားအမြင် ဗဟုသုတ ရှိသူအနေအားဖြင့်သော်၎င်း၊ ဤသို့သူတပါးအသက်ကို သတ်ခြင်း' စသော ဒုစ္စရိုက်မျိုးကို ပြုလုပ်၍ မသင့်မတော်'ဟု ဆင်ခြင်၍ 'သမာဒါန'အနေနှင့် ခံယူဆောက်တည်၍ပင် မထား

www.dhammaransi.com

သော်လည်း မိမိရှေးမှောက် ရောက်ရှိနေသော ဒုစ္စရိုက်မျိုးကို လက်တွေ့ကျင့်သုံးသောသဘောအရ ရှောင်ကြဉ်ခြင်းသည် 'သမ္ပတ္တဝိရတိ' ဖြစ်လေသည်၊ ပုံစံမှာ-

သီဟိုဠ်ကျွန်း၌ 'စက္ကန'မည်သော သီတင်းသည် တယောက်သည် ငယ်ရွယ်စဉ်အခါကလျှင် မိခင်အား မရောဂါတခုသည် ဖြစ်လေ၏၊ ဆေးကုသောဆရာက ယုန်သားအစိုကိုရမှ ရောဂါပျောက်မည်ဟု ဆိုသောအခါ စက္ကန၏ အစ်ကိုဖြစ်သူသည် ညီ-စက္ကနကိုခေါ်၍-

ဂစ္ဆ တာတ ခေတ္တံ အာဟိဏ္ဍာဟိ။

'ငါ့ညီ လယ်တောသို့ ယုန်သားရရန် လှည့်လည်ပါလော့'၊

ဟု ဆို၍ လွှတ်လိုက်လေသည်၊စက္ကနလည်း လယ်တောသို့ သွားလေသည်၊ အတန်ကြာသော် ယုန်တကောင်သည် ကောက်ပင် အနုကို စားအံ့သောငှာ လယ်သို့လာလေလျှင် စက္ကနကို မြင်သောကြောင့်၊လျင်မြန်စွာ ခုန်ထွက် ပြေးသွားလေသော် နွယ်ပင်နှင့်ငြိ၍ 'ကိရိကိရိ'ဟူသော အသံဖြင့် အော်လေသည်ကို ကြား၍ စက္ကနသွားလေပြီးလျှင်-

မာတုဘေသဇ္ဇံ ကရောမိ။

'အမိအတွက် ဆေးဝါးခတ်စာပြုအံ့'-ဟု ဖမ်းပြီးမှ—

ယောအဟံ၊ အကြင်ငါသည်။ မာတုဇီဝိတကာရဏာ၊ အမိ၏ အသက်မသေရာသော အကြောင်းကြောင့်။ ပရံ၊ တပါး တခြားသောသူကို။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေယျံ၊ ချရာ၏, သတ်ရာ၏။ တေံ၊ မိမိဟူသော အကြောင်းကြောင့် သူတပါး အသက်ကို သတ်ရာသော ထိုသဘော ထိုအပြုအမူသည်။မေ၊ငါ့ကဲ့သို့သော သီတင်းသီလစောင့်ထိန်းတတ်သူအား။ နပတိရူပံ၊ မသင့်မတော်ချေ။

ဟု ကြံ၍ ယုန်ငယ်အား....

ဂစ္ဆ၊ သွားပေတော့ ယုန်ကလေး။ အရညေ၊ သင်တို့ပျော်ရာ တောရပ်သာ၌။ သသေဟိ၊ အခြားသော အပေါင်းအသင်း ယုန်အချင်းချင်းတို့နှင့်။သဒ္ဓိံ၊အတူတကွ။တိဏောဒကံ၊မြက်-ရေနှစ်ဖြာ အစာရေစာကို။ ပရိဘုဉ္ဇ၊ ချမ်းချမ်းသာသာ စားသောက်နေပါတော့။

ဟု ပြောဆို၍ လွှတ်လိုက်လေသည်၊ စက္ကနလည်း နောက်ထပ်မရှာတော့ပဲ အိမ်သို့ပြန်လာသောအခါ၊ အစ်ကိုက ယုန်သားရ-မရ မေးလေလျှင်

www.dhammaransi.com

စက္ကနလည်း အကြောင်းစုံပြန်ကြားပြောလိုက်သဖြင့် အစ်ကိုသည် စိတ်လက်ဆိုး၍ ပြောဆို ရေရွတ်လေလျှင်၊ ညီ-စက္ကနသည် ရောဂါရနေသော အမိအထံသို့ သွား၍ 'ငါသည်-အကြင် သိတတ်သော အခါမှစ၍ သူတပါး၏ အသက်ကို မသတ်စဖူးပါ' ဟု သစ္စာဆိုသောအခါ အမိ၏ ရောဂါသည် ထိုခဏ၌သာလျှင် ပျောက်ကင်းလေသည်။

ဤကား - ခံယူဆောက်တည်မှုပင် မရှိသော်လည်း မိမိရှေးမှောက်ရောက်နေသော ကျူးလွန်စရာ ဒုစ္စရိုက်ဝတ္ထု ရှိနေစေကာမူ အတွေ့ရှောင်သော သဘောနှင့် ကျင့်သုံးလျှင်လည်း 'သမ္ပတ္တ ဝိရတိ' ဖြစ်လေသည်၊ ဤ သမ္ပတ္တဝိရတိသည် စောင့်ထိန်းလိုသူတိုင်းအတွက် အရေးကြီးပေသည်၊ သတိပဋ္ဌာန်အလုပ် အားထုတ်သော ယောဂီတို့မှာ သာ၍ပင် အရေးကြီးပေသည်။

(ဤကား-သမ္မောအဋ္ဌကထာ ၁၄၆-နှင့် မူလပဏ္ဏာသစသောအဋ္ဌကထာများ)

၃။ **သမုစ္ဆေဒဝိရတိ**-ဆိုသည်မှာ 'သမာဒါန'သဘောမျိုးနှင့်လည်း ခံယူရသည်မဟုတ်၊ 'သမ္ပတ္တဝိရတိ'သဘောမျိုးနှင့်လည်း တွေ့လာမှ ရှောင်ရသည် မဟုတ်၊ အရိယမဂ်ကို ရသည်နှင့်တပြိုင်နက် ထို ဒုစ္စရိုက်မျိုးပြတ်၍ ကျူးလွန်ချင်သော စိတ်မျိုး လုံးဝပေါ်မလာတော့ပဲ မဂ်က အမြစ်ဖြတ်လိုက်သော 'အရိယမဂ္ဂ သမ္ပယုတ္တာ ပန ဝိရတိ သမုစ္ဆေဒဝိရတိနာမ' မူလပဏ္ဏာသ ဋ္ဌကထာပြအတိုင်း အရိယမဂ် ရသည်နှင့် တပြိုင်နက် ထိုဒုစ္စရိုက်အနုသယမျိုး ပြတ်လေတော့သည်၊ ထိုအရိယာသည်....

အဟံ၊ငါသည်။ ပါဏံ၊သတ္တဝါ၏အသက်ကို။ ဃာတေဿာမိ၊သတ်အံ့။ ဣတိ၊ ဤသို့။ အရိယပုဂ္ဂလာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ စိတ္တမ္ပိ၊ စိတ်သည်လည်း။ နုဥပ္ပဇ္ဇတိ၊ မဖြစ်လာ။

ဟု သမ္မောအဋ္ဌကထာကလည်း ဆိုသည်။

အရိယာ တို့၏ သမုစ္ဆေဒ ဝိရတိသည် အကုသိုလ် ဒုစ္စရိုက် တို့ကို အမြစ်မှတူး၍ ပယ်သတ်လိုက်သောကြောင့် ထိုသိက္ခာပုဒ်တို့နှင့်ပတ်သက်၍ ကျူးလွန်လိုစိတ်လုံးဝမပေါ်တော့ပေ၊အောင့်အည်း စောင့်စည်းနေရသော သဘောမျိုး မဟုတ်ကုန်၊ အကုသိုလ် အပုညာဘိသင်္ခါရကို သောတာပတ္တိမဂ်ကပင် ပယ်လိုက်သဖြင့် အကုသိုလ်နှင့်ပတ်သက်သော 'အဘိသင်္ခါရ'ကို အောင်လေသည်။

www.dhammaransi.com

အာဇီဝဋ္ဌမကသီလ အဓိသီလ-ဟူသော သီလက္ခန္ဓ ဝိရတိမဂ္ဂင် သုံးလုံးကို ပေါင်းလိုက်လျှင် သမ္မာအာဇီဝလျှင် ရှစ်ခုမြောက်သော 'အာဇီဝဋ္ဌမက' သီလ ဖြစ်လေသည်၊ ထို အာဇီဝဋ္ဌမက သီလသည်လည်း ငါးပါးသီလကဲ့သို့ မစောင့်မထိန်းလျှင် အပြစ်ချည်းသာ ဖြစ်သည်၊ အကုသိုလ် ဖြစ်၍ မကောင်း သဖြင့် ပြုအပ်သော ဒုစ္စရိုက် ဆယ်ပါးတွင် (အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ) မနောဒုစ္စရိုက်ကို ဖယ်၍ ကာယသုစရိုက် ၃-ပါး၊ ဝစီသုစရိုက် ၄-ပါး၊ ပေါင်း သုစရိုက် ၇-ပါးတွင် သမ္မာအာဇီဝ ဝိရတိကို ထည့်၍ 'အာဇီဝဋ္ဌမက' သီလဟု ခေါ်လေသည်။

ထို အာဇီဝ ဋ္ဌမက ဝိရတိ သီလသည် မဂ္ဂင်သုံးလုံး ပါနေသဖြင့် မဂ္ဂင်ရှစ်ပါး တရားအလုပ် အားထုတ်သော ယောဂီတို့အတွက် အထူးပင် ဆောက်တည် အပ်ပေသည်၊ မဂ္ဂင်အလုပ် အားထုတ်သော ယောဂီအား ဤ သီလမစောင့်မှု၍ ချွတ်ယွင်းခဲ့လျှင် မဂ္ဂင်ချွတ်ယွင်းမည် ဖြစ်၏၊ မဂ္ဂင် ချွတ်ယွင်းလျှင် ကောင်းစွာ ဆင်းရဲ၏ ကုန်ရာ နိဗ္ဗာန် မရနိုင် တော့ချေ၊ ထို့ကြောင့် တရားအားထုတ်သောယောဂီသည် သမာဒါနဝိရတိ အနေနှင့် ခံယူစောင့်ထိန်းသည် ဖြစ်စေ၊ သမ္ပတ္တဝိရတိ အနေနှင့် မခံမယူသော်လည်း အတွေ့ကို ရှောင်ကြဉ်ခြင်းဖြင့် စောင့်ထိန်းသည် ဖြစ်စေ၊ တနည်းနည်းနှင့် စောင့်ထိန်းရမည်သာ ဖြစ်၏၊ မြန်မာဘာသာနှင့် စောင့်ထိန်းလိုသောသူတို့ သိနိုင်-မှတ်နိုင်ရန်မှာ....

၁။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊

၂။ သူတပါးပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏၊

၃။ သူ့သားမယားကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ပါ၏၊

၄။ လိမ်လည်၍ ချွတ်ယွင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏၊

၅။ သူနှစ်ဦးတို့ ကွဲပြားစေရန် ကုံးတိုက်ခြင်းမှ ရှောင်ကြဉ်ပါ၏၊

၆။ ကြမ်းထမ်းစွာ ဆဲရေးရေရွတ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊

၇။ မဂ်ဖိုလ်မှ ဖီလာဖြစ်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၈။ ထိုဒုစ္စရိုက်မျိုးနှင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်ပါ၏။

www.dhammaransi.com

ဤကား - ခံယူဆောက်တည်သော 'သမာဒါန ဝိရတိ' မျိုးတည်း၊ သို့တည်းမဟုတ် မိမိ ရှောင်ကြဉ်ရမည့် တရားစုကို သိထားလျှင် ခံယူဆောက်တည်မှု မပြုနိုင်က တွေ့ကြုံတိုင်း ရှောင်နိုင်လျှင် 'သမ္ပတ္တဝိရတိ' ဖြစ်လေသည်၊ ၎င်းကိုသိထားရန် အောက်ပါဆောင်ပုဒ်ကို အရကျက်ထားပါ။

၁။ သူ့အသက်ကို သတ်ဖြတ်ခြင်းမှ ဝေးစွာရှောင်ကြကင်းပါစေ၊
၂။ သူများဥစ္စာ ဘာပစ္စည်းမှ တိတ်တိတ်ယူခြင်းမရှိပေ၊
၃။ သူ့သား မယားကို ကျူးလွန်ခြင်းလဲ ရှောင်ကွင်း ပါလို့ ကောင်းအောင်ဧ၊
၄။ လိမ်လည်လှည့်ဖြား ဆိုစကား ရှောင်ရှားပယ်ပါလေ၊
အဲဒါမှ ယောဂီစောင့်ရ သီလခေါ်ပါပေ။
၅။ နှစ်ဦးကွဲအောင် ဂုံးတိုက်ခြင်းလဲ ယောဂီအမြဲ ရှောင်ကြလေ၊
၆။ ကြမ်းထမ်းယုတ်မာ ဆိုစကားလဲ ရှောင်မြဲရှောင်မှ ကောင်းမြတ်ပေ၊
၇။ မင်္ဂ,ဖိုလ်,နိဗ္ဗာန် ဗီလာဖြစ်တဲ့ လောကစကား ရှောင်ပါလေ၊
၈။ အကုသိုလ်များ ၎င်းကာထား စီးပွားမရှာချေ၊
အဲဒါမှ ယောဂီစောင့်ရ သီလခေါ်ပါလေ။

၎င်း ဝိရတိသီလ-ဟူသော ရှောင်ကြဉ် ရမှုသည် ကာယကံ, ဝစီကံနှင့်သာ သက်ဆိုင်သည်၊ မနောကံ၏ ဆိုင်ရာမဟုတ်ပေ၊ သို့ရာတွင် အချို့ဆရာတို့သည် မနောကံ ၃-ပါးကို ထည့်၍....

၈။ အဘိဇ္ဈာယ ဝေရမဏီ၊
၉။ ဗျာပါဒါ ဝေရမဏီ၊
၁၀။ မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီ၊

ဟု ဒုစ္စရိုက် ၁၀-ပါးလုံး သီလအဖြစ် ဆောက်တည် စေကြသေးသည်၊ ဆယ်ပါးသီလဖြစ်၍ အာဇီဝဋ္ဌမကသီလ မဟုတ်ပေ၊ ၂၂၇-ပါးသော ဝိနည်းသိက္ခာပုဒ်တော်များသည်ပင်လျှင် 'ကာယကမ္မံ,ဝစီကမ္မံ-ကာယ,ဝစီကမ္မံ'ဟု ပါဠိတော်တွင် ဟောထားသည်။

မနောဒွါရေ အနာပတ္တိ။
'မနောဟူသောစိတ်ကြောင့်ကား အာပတ်မသင့်,အပြစ်မရောက်ဟူ၏'။

www.dhammaransi.com

သို့ကြောင့်လည်း မည်သည့် သီလ ဖြစ်စေ၊ ကာယကံ, ဝစီကံသာ စောင့်ထိန်းရသည်ချည်း ဖြစ်၏။

သီလတီတိ သီလံ၊ ကာယဝစီကမ္မာနိ သမာဒဟတိ၊ သမ္မာထပေ တီတိ အတ္ထော။ (ဋီကာကျော်-၁၄၂)

သီလတိ၊ စောင့်ထိန်း၍ ထားတတ်၏။ ဣတိ၊ သို့ကြောင့်။ သီလံ၊ သီလ မည်၏။ ကာယဝစီကမ္မာနိ၊ ကိုယ်ဖြင့်ကျူးလွန်မှု(ကာယကံ)၊ နှုတ်ဖြင့် ကျူးလွန်မှု (ဝစီကံ)တို့ကို။ သမာဒဟတိ သမ္မာထပေတိ၊ ကောင်းစွာ စောင့်ရှောက်၍ ထားဘတ်၏။ ဣတိအယံအတ္ထော၊ ဤသို့သောအနက် ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ဟု ဖော်ပြထားပေရာ၊မနောကံ၏ကိစ္စ လုံးဝမဟုတ်ပေ။ ၎င်းပြင်....

အာဇီဝေ ါ နာမ ဘိဇ္ဇမာနော ကာယဝစီဒွါရေသုယေဝ ဘိဇ္ဇတိ၊ မနောဒွါရေ အာဇီဝဘေဒေါနာမ နတ္ထိ၊ ပူရယမာနောပိ တသ္မိံ ယေဝ ဒွါရဒွယေ ပူရတိ၊ မနောဒွါရေ အာဇီဝပူရဏံနာမ နတ္ထိ၊ ကာယဒွါရေ ပန ဝီတိက္ကမော အာဇီဝဟေတုကောပိ အတ္ထိ၊ န အာဇီဝဟေတုကောပိ၊ တထာ ဝစီဒွါရေ။ (အဋ္ဌသာလိနီ အဋ္ဌကထာ-၂၆၅)

သမ္မာအာဇီဝ မည်သည် ပျက်ခွင့်ကြုံ၍ ပျက်ရလျှင် ကာယဒွါရ, ဝစီ ဒွါရတို့၌သာလျှင် ပျက်၏၊မနောဒွါရ၌ အာဇီဝ၏ ပျက်ခြင်းမည်သည် မရှိပေ၊ ပြည့်စုံလျှင်လည်း ထို ကာယဒွါရ, ဝစီဒွါရ နှစ်ခု၌ သာလျှင် ပြည့်စုံ၏၊ မနောဒွါရ၌ အာဇီဝ၏ပြည့်စုံခြင်းမည်သည် မရှိပေ၊ အသက် မွေးခြင်း အကြောင်းရှိသည် ဖြစ်စေ, မရှိသည် ဖြစ်စေ ကျူးလွန်လျှင် ကာယဒွါရ၌သာ ကျူးလွန်၏၊ ထို့အတူ ဝစီဒွါရ၌သာ ကျူးလွန်၏။

ဟု ညွှန်ပြထားရာ မည်သည့် တကျမ်းတဖွဲ့မျှ မနောဒွါရဖြင့် ကျူး လွန်သည်မရှိ၍ စောင့်ထိန်းအပ်၏-ဟု မဆိုမမိန့်ကြချေ။

ဤနေရာတွင် ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီး၏ အဆိုအမိန့်ကို ကြည့်ဦးစို့။

သုစရိုက်ဆယ်ပါးတွင် နောက်ဖြစ်သော မနောသုစရိုက် (အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ) သုံးပါးသည် သီလ, ကုသိုလ်မျိုးပင် မဟုတ်၊ ဝေရမဏီ တရားမျိုးပင် မဟုတ်၊ဝိရတိသီလတရားမျိုးပင် မဟုတ်၊

www.dhammaransi.com

အနဘိဇ္ဈာဆိုသည်ကား -အလောဘတရားတည်း၊
အဗျာပါဒဆိုသည်ကား -အဒေါသတရားတည်း၊
သမ္မာဒိဋ္ဌိဆိုသည်ကား -အမောဟတရားတည်း။

မိမိအဇ္ဈတ္တသန္တာန်၌ ပွားများစေတတ်သော မနောသံဝရ တရားမျိုးသာ ဖြစ်သည်၊ ဝေရမဏီဆို၍ ဆောက်တည် ရသော ကာယသံဝရ, ဝါစာသံဝရတရားမျိုး မဟုတ်၊ဆောက်တည်ခဲ့သော် အပြစ်ရှိသလော ဆိုမူ အကုသိုလ် အပြစ်ကား မရှိ၊ ကုသိုလ် ရသော အမှုပင် ဖြစ်၏၊ သို့သော်လည်း သာသနာ၌ အစဉ်ထာဝရလာခဲ့သော ဂဟဋ္ဌသီလ တိမ်မြုပ်ရန်ရှိသော အပြစ်၊ ဝေရမဏီသီလမျိုး မဟုတ်သော မနော သုစရိုက်သုံးပါးကို သီလဆို၍ဝေရမဏီသဒ္ဒါနှင့် ခံယူကြသည့်အတွက် ဓမ္မတန္တိ ဓမ္မပဝေဏီ တို့၌ မကျွမ်းကျင်ရှာလေဟု ပညာရှိ ပုဂ္ဂိုလ်တို့ ပြောဆိုရန် အပြစ်ရှိသတည်း။

(ဤကား လယ်တီဆရာတော်၏ သီလဝိနိစ္ဆယ ၁၀၆-မှ ကူးထည့်သော စာဖြစ်သည်)။

အရေးအကြီးဆုံးသော သီလ

လောကစည်းကမ်း လူ့ယဉ်ကျေး မှုသည် လူမှု ဆက်ဆံ ရာတွင် အလွန် အရေးကြီး ပေသည်၊ လူသည် လောကအတွင်းတွင် ပတ်ဝန်းကျင်နှင့် ကင်း၍မရ၊ပတ်ဝန်းကျင်သည် မိမိ၏ စည်းကမ်း ယဉ်ကျေးမှု စသည်တို့ကို ကြည့်၍ ဆက်ဆံလာသည်၊မိမိအတွက် လူ့လောကအတွင်း လူ့စည်းကမ်း ယဉ်ကျေးမှုအရ လောကအကျိုး သံသရာအကျိုးကို ဆောင်ရွက်နိုင်သည်၊ ၎င်းသည် ကိုယ်ကျင့်တရား စောင့်ထိန်း မှု 'သီလ' ဖြစ်လေသည်၊ ယင်း ကိုယ်ကျင့်တရား စောင့်ထိန်းမှုပြုရာတွင် အရင်းခံတရားသည် 'ကိုယ်ချင်း စာမှု'ဖြစ်သည်၊မြတ်စွာဘုရားသည်လည်း—

အမျိုးသားတို့-မိမိတို့ကိုယ်၌ အမြဲမပြတ်ဆောင်ထားအပ်သော တရား ဟူသည် အဘယ်နည်းဟူမူ-အမျိုးသားတို့-'ငါသည် အသက် ရှင်နေလို၏၊ မသေလိုပေ၊ ချမ်းသာချင်၏၊ ဆင်းရဲမဖြစ်ချင်ပေ၊ အကြင် တစုံ တယောက်သော သူသည် အသက် ရှင်နေ လိုသော, မသေချင်သော, ဆင်းရဲမဖြစ်ချင်သော ငါ့အား ဇီဝိတိန္ဒြေဟူသော အသက်ကို သတ်မည် ပြုငြားအံ့၊ငါသည် ထိုသတ်မည်ပြုသော အပြုအမူကို မနှစ်သက်နိုင်၊

www.dhammaransi.com

သဘောမကျနိုင်ဘကဲ့သို့ ငါကလည်း မသေချင်လို၊ အသက် ရှင်နေချင်လိုသောသူအား သူ၏ အသက်ကို သတ်မည် ပြုငြားအံ့၊ ထိုသူသည် သတ်မည် ပြုသော ငါ့အား မနှစ်သက်နိုင်၊ သဘော မကျ နိုင် ပေ ရာ၊ သို့ကြောင့် ငါမနှစ်သက်သော ထိုတရားနှင့် သူတပါး၏ အသက်ကို အဘယ့်ကြောင့် သတ်ချင်ဘိသနည်း-ဟု နှလုံးသွင်း ဆင်ခြင်ရာ၏။

* သူတပါး၏ ဥစ္စာပစ္စည်းကို ခိုးယူမှု၌ရှင်-....၊
* သူ့အိမ်ရာကို ကျူးလွန်မှု၌ရှင်း ၊
* မဟုတ်မမှန် ပြောဆိုခြင်း၌ရှင်း....၊
* ချောပစ် ဂုံးတိုက်ခြင်း၌ရှင်း....၊
* ကြမ်းထမ်းသောစကားကို ပြောဆိုခြင်း၌ရှင်း....၊
* ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း၌ရှင်း....။

စသောအားဖြင့် မိမိနှင့် နှိုင်းယှဉ်၍ သူ့အသက်သတ်ခြင်း စသော ဒုစ္စရိုက်မှုမျိုး ကို ရှောင်ကြဉ်ခြင်း မလွန်ကျူးခြင်းသည် လူ့ယဉ်ကျေးမှု ဖြစ်ကြောင်း မဟာဝဂ္ဂသံယုတ်ပါဠိတော် ဝေဠုဒွါရေယျသုတ်တွင် ဟော တော်မူလေသည်။

သို့အတွက်ဘာသာယဉ်ကျေးမှုသာမဟုတ်၊ လူ့ယဉ်ကျေးမှုဖြစ်သော ဤဒုစ္စရိုက်မှုတို့ကို မည်သည့် လူမျိုး မည်သည့် ဘာသာဝင် မဆို ကျင့်သုံး အပ်သော ကမ္ဘာ့ယဉ်ကျေးမှု ဖြစ်သည့် ဤသီလကို ကောင်းစွာ ကျင့်သုံး အပ်ပေသည်။

ကိုယ်ကျင့်တရားဖြစ်သော လူ့စည်းကမ်း လူ့ယဉ်ကျေးမှု ဖြစ်သော ဤသီလကို လွန်ကျူးချိုးဖောက်လျှင် ကမ္ဘာလောကကြီး တခုလုံးသည် အဘယ်ကဲ့သို့ ဖြစ်မည်ကို ကမ္ဘာ့အခြေအနေကို ထင်ဟပ်ကြည့်က သိမည်ပင်။

ယင်းသီလ ကိုယ်ကျင့်တရားတို့ ပျက်ယွင်းသောသူတို့၏ အဖြစ်ကို သိတန်သမျှ ဖော်ပြပေအံ့။

မတကဘတ္တ ဆိတ်သတ် ဝတ္ထု

စောင့်ထိန်း အပ်သော တရား ၈-ပါးတို့တွင် ပါဏာတိပါတဟူသော သူ့အသက် သတ်ခြင်းအမှု ပြုသောဝတ္ထု ကား-ရှေးအခါက ဗာရာဏသီပြည်တွင် ဒိသာပါမောက္ခ ဆရာပုဏ္ဏားတဦးသည် ဆိတ်တကောင်ကိုသတ်၍(မတကဘတ္တ)မသာဆွမ်း ကျွေးခဲ့၏၊ ထိုပုဏ္ဏားသည် ထိုပါဏာတိပါတကံကြောင့် ၄၉၉-ဘဝတို့၌

www.dhammaransi.com

ဆိတ်ဖြစ်၍ လည်ပင်းဖြတ် အသတ်ခံခဲ့ရလေရာ နောက်ဆုံး-၁၀ ငါးရာမြောက်တွင် ပုဏ္ဏားတဦး၏အိမ်၌ ဆိတ်ဖြစ်လေသည်။

တနေ့သောအခါ ပုဏ္ဏားသည်လည်း ထိုဆိတ်ကိုသတ်၍ မသာဆွမ်းကျွေးမည် ဖြစ်သောကြောင့် ဆိတ်ကို သတ်မည်ပြုစဉ် ဆိတ်သည် မိမိပြုခဲ့သော ပါဏာတိပါတကံကို ဇာတိဿရဉာဏ်ဖြင့် သိ၍ ရယ်ခြင်း, ငိုခြင်းကို ပြု၏။

ထိုအခါ ပုဏ္ဏားသည် မေးလတ်သော် မိမိပြုခဲ့သောကံကို ပြောဆို၍ 'ယနေ့ ငါသည် အသတ်ခံရသဖြင့် သေလေသောအခါ ငါ့ကံ အကျိုးပေးခြင်းမှ လွတ်ပေပြီ၊ ၁၀ ငါးရာ အသတ်ခံရမှု ကုန်ဆုံးပြီကို သိရသဖြင့် ရယ်ခြင်းဖြစ်၏'ဟု ဆိုလေသော်....

ငိုခြင်းကား-အဘယ်အကြောင်းနည်းဟု ပုဏ္ဏားက မေးပြန်သောအခါ ဆိတ်က ဤပုဏ္ဏားသည်လည်း ငါ့ကိုသတ်၍ ငါကဲ့သို့ ၁၀ ငါးရာတိုင်တိုင် ခေါင်းဖြတ် အသတ်ခံရဦးတော့မည်ကို သိသောကြောင့် သင်-ပုဏ္ဏားအား သနားသဖြင့် ငါငို၏'ဟု ပြောလေသော်....

ပုဏ္ဏားက 'အသင်ဆိတ် မကြောက်လေနှင့်၊ ငါသည် သင့်ကိုမသတ်တော့အံ့'ဟု ဆိုရာ ဆိတ်က 'ပုဏ္ဏား-သင်မသတ်သော်လည်း ယနေ့ ငါသည် သေအံ့သောဘေးမှ လွတ်မည်မဟုတ်'ဟု ဆိုပြန်သော် ပုဏ္ဏားသည် ဆိတ်ကို လွှတ်၍ ၎င်း၏ တပည့်များအားလည်း 'ဤဆိတ်ကို မည်သူမှ မသတ်ရ'ဟု ဘေးမဲ့ပေးကာ သွားလေလည်း။

ဆိတ်သည်လည်း လွတ်သော ခဏ၌ပင် တခုသော ကျောက်ဖျာအနီးတွင်ရှိသော ချုံတခုကိုလည်ပင်းမော့၍ အရွက်များ စားနေစဉ် ထိုကျောက်ဖျာပေါ် မိုးကြိုးကျ၍ ကျောက်လွှာချပ်သည် လွင့်စင်လာကာ ဆိတ်၏ဆန့်ထားသောလည်ကို ဖြတ်သဖြင့် ဆိတ်သေလေသည်။

(ဧကနိပါတ်-ဇာတကဋ္ဌကထာ-ပ-၁၀၂)

၎င်းပြင် ဓမ္မပဒဋ္ဌကထာလာ စုန္ဒဝက်သတ်သမားဝတ္ထု,နန္ဒနွားသတ်သမားဝတ္ထုစသည်တို့ ရှိသေး၏၊ ကျယ်ဝန်းလှပြီ ဖြစ်၍ မထည့်လိုက်တော့ပေ၊ သူ့အသက် သတ်ခြင်း အမှုကို ပြုသူသည် ကာယကံ ကိုယ်ကျင့်သီလချွတ်ယွင်းပျက်စီးလေရကား လောက,သံသရာ ၂-ဖြာစလုံး နစ်နာဆုံးရှုံးလေသည်။

www.dhammaransi.com

ကုဟက ဝတ္ထု၊ သူ့အသက်သတ်ခြင်း ကာယကံ ကိုယ်ကျင့်သီလ ပျက်ယွင်းသည့် အဲကုသိုလ်ကဲ့သို့ သူ့ဥစ္စာရှင်သည် ကိုယ်နှုတ်ဖြင့်မပေးအပ်သည်ကို ခိုးယူရာ၌လည်း ကိုယ်ကျင့်တရား ပျက်ပြား ကြောင်းကား- လွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် သူဌေးတဦးသည် ဆောက်လုပ်အပ်သော တောကျောင်း၌ ရသေ့စဉ်းလဲတဦး နေလေသည်၊ ထိုရသေ့သည် နေ့စဉ် သူကြွယ်၏အိမ်၌ ဆွမ်းစားလေသည်၊ ကြည်ညိုဖွယ် ဟန်ဆောင်နေသော ရသေ့အား သူကြွယ်သည် အလွန်ကြည်ညိုရကား-

'ဤရသေ့သည် သီလရှိ၏၊ အကျင့်ကောင်း၏၊ ကြည်ညိုဖွယ်လည်း ရှိ၏၊အားကိုးရအံ့'ဟု ကြံ၍ တနေ့သောအခါ လူဆိုးသူဆိုးတို့ ဘေးရန်မှ လွတ်လို သောကြောင့် ရွှေစင် နိက္ခ တရာကို ယူ၍ ရသေ့ကို ပြပြီး လျှင် ကျောင်းအောက်၌ မြှုပ်လျက် 'အရှင်ဘုရား-ဤဥစ္စာကို ကြည့်လိုက်ပါ'ဟု သူကြွယ်က ပြောသောအခါ ရသေ့က....

'တကာ-ရဟန်းတို့မည်သည်ကား ဤသို့ တိန်းသိမ်း ကြည့်ရှု ခြင်းငှာ မအပ်၊ငါတို့အား ဥစ္စာပစ္စည်း၌ တပ်မက်သော လောဘသည် မရှိ'

ဟု ဆိုသဖြင့် သူကြွယ်လည်း 'ကောင်းပါပြီ' ဆို၍ ပြန်သွားလေသည်။

အံ့ဖွယ်သရဲကို ပြုလုပ်တတ်သော ထိုရသေ့စဉ်းလဲသည်....

'ယခု မြှုပ်ထားသော ဤမျှလောက်ရွှေဖြင့် ငါ့အား အသက် မွေးနိုင်လောက်ပြီ'

ဟု နှစ်ရက် သုံးရက် ကြံ ပြီး နောက် မှ ထိုရွှေတို့ကို တူး ဖော် ၍ ၎င်းသွားမည့် ခရီးလမ်း၌ ရွှေပြောင်းမြှုပ်နှံ ထားလိုက်လေသည်၊ နောက်တနေ့ နံနက်တွင် ဆွမ်းစားရန် သူကြွယ်အိမ်သို့ ရောက်လာလျက် ဆွမ်းစားခြင်းကိစ္စ ပြီးလတ်သော်....

'တကာ—ငါသည် သင်တို့ကိုမှီ၍နေခဲ့သည်မှာ နှစ်ကာလ အတော်ပင် ကြာခဲ့လေပြီ၊ တနေရာ၌ အလွန်ကြာမြင့်စွာ နေကုန်သော ရဟန်းတို့အား လူတို့နှင့် ရောနှော ခြင်းသည် ဖြစ်၏၊ လူတို့နှင့် ရောနှောခြင်းမည်သည်ကား- ပညာရှိတို့၏ အညစ်အကြေးတည်း၊ ထို့ကြောင့် ငါ-သွားတော့အံ့'။

www.dhammaransi.com

ဟု ဆိုသောအခါ၊ သူကြွယ်သည် အထပ်ထပ်အခါခါ လျှောက်ထားပါသော်လည်း မရတော့သည့်အဆုံး၌ ဝမ်းနည်းစွာ လွှတ်လိုက်လေသည်။

ရသေ့လည်း အတန်ငယ်သွားပြီးကာမှ ပြန်လာသောအခါ၊ သူကြွယ်က 'အဘယ်အကြောင်းကြောင့် ပြန်လာပါသနည်း' ဟု မေးရာ၊ ရသေ့က....

'တကာ-သင့်အိမ်မှ ငါ ထွက်သွားသောအခါ သင်၏ အိမ်အမိုးမှ မြက်သက်ငယ်တချောင်းသည် ငါ၏ ဆံကျစ်၌ ငြိကပ်၍ ပါလာကြောင်း လမ်းတွင်စမ်းမိ၍ သိရသည်၊ (အဒိန္နာဒါန) သူတပါးပစ္စည်းမည်သည် ကား ရဟန်းတို့အား မအပ်သဖြင့် ယခု-ငါ ပြန်လာ၍ထား၏'

ဟု မာယာဖြင့်ပြောလေရာ၊ သူကြွယ်သည်....

'အရှင်ဘုရား-မြက် သက် ငယ် ချောင်း ကို စွန့်၍ ကြွတော်မူပါ' ဟု ပိုမိုကြည်ညိုကာ ဧကန် ရဟန်းကောင်း ဖြစ်သည်၊ သူများ ပစ္စည်း ဆို၍ မြက်သက်ငယ်တပင်မျှမယူ၊ ငါ့အရှင်သည် အလွန်သီလရှိပေသည်'

ဟု ယုံကြည်လေသည်။

ဘုရားအလောင်းသည် ရသေ့နှင့်သူကြွယ် ပြောဆိုကြသောစကားသံကို ကြားသောအခါ၊ 'ဤ ရသေ့သည် ဧကန် သူကြွယ်၏ တစုံတခုသော ဥစ္စာပစ္စည်းကို ယူသည် ဖြစ်လတ္တံ့' ဟု ကြံ၍ သူကြွယ်ကို မေးသော အခါ ထိုအကြောင်းကို ပြောပြလေလျှင် ဘုရားအလောင်းက....

'ထိုသို့ဆိုလျှင် လျင်မြန်စွာသွား၍ ထိုရွှေတို့ကို တူးဖော်ကြည့်လော့'

ဟု ဆိုရာ၊ သူကြွယ်လည်း တောကျောင်းသို့ လျင်မြန်စွာ သွား၍ တူးဖော်ကြည့်ရာ ရွှေတို့ကိုမတွေ့သောကြောင့် အမြန်ပြန်လာလျက် ဘုရားအလောင်းအား ပြောသောအခါ၊ ဘုရား အလောင်းလည်း သူကြွယ်ကို ခေါ်၍ ရသေ့နောက်သို့ အမြန်လိုက်လျက် ကောက်ကျစ် စဉ်းလဲသော ရသေ့အား ဖမ်းပြီးလျှင် လက်တို့ဖြင့်ရင်း,ခြေတို့ဖြင့်ရင်း ပုတ်ခတ်ရိုက်နှက်ကြကာ ရွှေတို့ကိုမေး၍ ယူဆောင်ပြီးသော်၊ ဘုရားအလောင်းက....

'ကောက်ကျစ်စဉ်းလဲသောရသေ့ - သင်သည် တခုသော မြက်သက်ငယ် တပင်၌ ငြိကပ်သည်ကိုပူ၍ ဤ ရွှေစင် နိက္ခတရာကို ခိုးယူသောအခါ မငြိကပ်သည်ဖြစ်၏'

ဟု ကဲ့ရဲ့ပြစ်တင်ပြီးလျှင် နောင်ကို ဤသို့ မပြုရန် ဆုံးမ၍ လွှတ်လိုက်လေသည်။ (ကေနိပါတ်ဇာတကဋ္ဌကထာ-ပ-၃၉၀)

www.dhammaransi.com

ဒု-သ-န-သော ဝတ္ထု ကိုယ်ကျင့်တရား ပျက်ပြားမှုတွင် လူစည်းကမ်း ဖောက်ဖျက်သော (ကာမေသု မိစ္ဆာစာရ) သူ့အိမ်ရာ လွန်ကျူးမှုသည် အလွန်ဆိုးဝါးကြောင်းကိုပြသော ဒု-သ-န-သော သူဌေးသားလေးယောက်ဝတ္ထု (ဓမ္မပဒဋ္ဌကထာ အညတရပုရိသဝတ္ထု-၂၈၂) တွင် ရှိ၍ လူသိများသဖြင့် ချန်ခဲ့သည်။

ကဏ္ဍရဇာတ် ကိုယ်ဖြင့် ပြုလုပ် ကျူးလွန်သော ကာယကံ ဒုစ္စရိုက်ကို ပြပြီး၍၊ နှုတ်ဖြင့်ကျူးလွန်သော ဝစီကံဒုစရိုက်ကိုလည်း စတုက္ကနိပါတ် ကဏ္ဍရဇာတ်ဖြင့်ရှင်း၊

ပဏ္ဍရနာဂရာဇဇာတ် တိံသနိပါတ် ပဏ္ဍရနာဂရာဇဇာတ် အဋ္ဌကထာ ၇၈-ဖြင့်ရှင်း ဟောကြားထားပေသည်၊ ရှင်းပြင်-

စိဉ္စမာဏဝိက မြတ်စွာဘုရားအားလိမ်လည်၍ စွပ်စွဲသော စိဉ္စမာဏဝိက ဝတ္ထု (ဓမ္မပဒဋ္ဌကထာ-၁၁၉)ဖြင့်ရှင်း သူတပါးအကျိုး ပျက်စီးထိခိုက်စေသော သိလျက်နှင့် မုသာ ပြောဆိုသော ပုဂ္ဂိုလ်သည် မစင်ကဲ့သို့ မကောင်းသောအနံ့ရှိသော စကားကိုဆိုတတ်သော 'ဂူထဘာဏီ' ပုဂ္ဂိုလ်မည်ကြောင်း....

> ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော။ လ။ အယံ ဝုစ္စတိ ဘိက္ခဝေ ပုဂ္ဂလော ဂူထဘာဏီ။ (တိက်အင်္ဂုတ္တရပါဠိတော်-၁၂၅)

ချစ်သားတို့-ဤလောက၌ ပွဲသဘင်၌သော်ရှင်း, ပရိသတ်၌သော်ရှင်း, ဆွေမျိုး အသင်းအပင်းတို့၏ အလယ်၌သော်ရှင်း တည်နေသော အချို့သော ပုဂ္ဂိုလ်ကိုခေါ်၍ "အချင်းယောကျ်ား - သင် သိသည်ကို ပြောပါလော့" ဟု သက်သေအရာ၌ ထားလျက် မေးအပ်၏၊ ထိုသူသည် 'မသိသည်ကို သိ၏'ဟူ၍ရှင်း၊ 'သိသည်ကို မသိ'ဟူ၍ရှင်း၊ 'မမြင်သည်ကို မြင်၏'ဟူ၍ရှင်း၊ 'မြင်သည်ကို မမြင်'ဟူ၍ရှင်း ဤသို့ မိမိ အကြောင်းကြောင့် သော်ရှင်း, သူတပါး အကြောင်းကြောင့် သော်ရှင်း, တံစိုးလက်ဆောင် အစားအစာ ဟူသော အကြောင်းကြောင့် သော်ရှင်း သိလျက် မမှန်သော စကားကို ပြောဆို၏၊ ချစ်သားတို့-ဤ ပုဂ္ဂိုလ်ကို မစင်ကဲ့သို့ မကောင်းသော အနံ့ရှိသော စကားကို ပြောတတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

www.dhammaransi.com

ပါဠိတော်တွင် မြတ်စွာဘုရားဟောတော်မူရာ၌ မိမိအတွက်ဖြစ်စေ၊ သူတပါးအတွက် ဖြစ်စေ၊ တံစိုးလက်ဆောင် အတွက်ဖြစ်စေ၊ မမှန်သည်ကို သိလျက် မှန်သည်၊ မသိကို အသိ၊ မမြင်ကို အမြင် စသော သိလျက်နှင့် ချွတ်ယွင်းဖောက်ပြန် လိမ်လည်ဉာဏ်ဖြင့် ပြောဆိုခြင်း၊ မုသားသက်သေ ခံခြင်းစသည်တို့သည် သူတပါးအား အလွန်ထိခိုက်နစ်နာစေသောသဘော ရှိသောကြောင့်....

ဧကဓမ္မံ အတီတဿ ဘိက္ခဝေ။ပ။ နာဟံ တဿ ကိဉ္စိ ပါပကမ္မံ အကရဏီယန္တိ ဝဒါမိ၊ကတမံ ဧကဓမ္မံ၊ယဒိဒံ ဘိက္ခဝေ သမ္ပဇာန မုသာဝါဒေါတိ။ (ဣတိဝုတ် ပါဠိတော် ၂၀၇)

ချစ်သားတို့-တခုသောတရားကို လွန်ကျူး၍တည်သော ပုဂ္ဂိုလ်အား တစုံတခုသော မကောင်းမှုကိုမပြုလုပ်ဟူ၍ ငါဘုရားမဟော၊တခုသော တရားဟူသည် အဘယ်နည်း၊ ချစ်သားတို့ - သိပါလျက် ချွတ်ယွင်း ဖောက်ပြန် မမှန်ကန်သောစကားကို ပြောဆိုမှု မုသာဝါဒ တရားပင် တည်း။

ဟု ဟောတော်မူသည်။

မိမိသည် မုသာဝါဒ အားဖြင့် လိမ်လည် ပြောဆို သောကြောင့် သူတပါးအကျိုး ပျက်စီးစေရကား 'မုသားစကား ပြောဝံ့သူသည် မပြု မလုပ်ဝံ့သော မကောင်းမှုဟူ၍ မရှိတော့ပေ'ဟု အဋ္ဌကထာ တွင်လည်း ဖော်ညွှန်းထားပေသည်။

သုတ္တနိပါတ် ပါဠိတော် ပရာဘဝသုတ်တွင် 'မုသားပြောခြင်းသည် ပျက်စီးခြင်း၏အကြောင်း'ဟူ၍ရင်း၊ ဝသလသုတ်တွင်'မုသားပြောသူသည် သူယုတ်မာ'ဟူ၍ရင်း ဟောတော်မူသည်။

သို့ဖြစ်သောကြောင့် ဝစီကံကျူးလွန်၍ ဒုစ္စရိုက်ဖြစ်သော မုသာ ဝါဒကို စောင့်ထိန်းအပ်ပေသည်၊တမလွန်နောင်ရေးတွင်လည်း....

သူဌေးကတော် ရေဝတီသည် ရဟန်း,ပုဏ္ဏားတို့အား မုသားစကား ဖြင့် လှည့်စားသောကြောင့် မစင်ဘင်ပုပ်ရေသို့ ကျခံရကြောင်း-

(ဝိမာနဝတ္ထုအဋ္ဌကထာ-၂၁၀)

www.dhammaransi.com

လင်ငယ်နေသော သီတင်းသည်မအား သူ၏လင်ယောကျ်ားက စစ်မေးသောအခါ လိမ်လည်၍ကျိန်တွယ်ပြောသောကြောင့် ခွေးနက်အစား ခံရသော ငရဲသို့၎င်း၊ ထိုအမျိုးသမီး၏စကားကို ထောက်ခံကျိန်တွယ် ပြောဆိုကြသော အပေါင်းအဖော် အမျိုးသမီး ငါးရာတို့ သည်လည်း သေကြသောအခါ ထိုခွေးစားခံရသောမိန်းမ၏ ကျွန်မတွေဖြစ်၍ ငရဲ ခံနေရကြောင်းကို- (ပေတဝတ္ထုအဋ္ဌကထာ-၁၄၀)

တွင်၎င်း အလွန်ကြောက်မက်ဖွယ်ရာ လောက,သံသရာ မိမိသူတပါး နှစ်ဦးစလုံး နစ်နာဆုံးရှုံးစေသော မုသာဝါဒကို စောင့်စည်း ထိန်းသိမ်း သင့်ကြပေသည်။

ချောပစ် ဂုံးတိုက်ခြင်း ချောပစ်ဂုံးတိုက်ခြင်းသည် လူ့လောကတွင် အလွန် စက်ဆုပ်ဖွယ်ရာဖြစ်သည်၊သူတပါးအကျိုးပျက်စီး စေရန်, တဦးနှင့်တဦး ချစ်ခင်ရင်းနှီးရှိကြသည်ကို မေတ္တာပျက်၍ကွဲအောင် လိမ်လည်၍ပျက်စီးအောင် ဖျက်ဆီးသောစကားမျိုးဖြစ်၍ မုသာဝါဒထက် ပို၍ ဆိုးသည်၊ ဂုံးတိုက်စကား ပြောသူ၏ ရည်ရွယ်ချက်ကို ကပင် 'ဘေဒါ ပုရေက္ခာရတာ' ကွဲပျက်ခြင်းကို ရှေ့ရှု၍ ကွဲစေ,ပျက်စေရန်သာ အဓိကထား သောကြောင့် အလွန် ယုတ်ညံ့သော စိတ်ထားမျိုး ရှိသောသူ ဖြစ်၏။ ထို့ကြောင့်(ပေတဝတ္ထု)အဋ္ဌကထာတွင်....

ပရေသံ ဂုဏပရိဓံသကဝစနော။
သူတပါးတို့ကျေးဇူးဂုဏ်ကို ဖျက်ဆီးသောစကား။
အတိဒုက္ခဝါစော။
အလွန်ဆိုးရွားသောစကား။

ဟု ဖွင့်ပြထားရာ 'နှုတ်ကြောင့်သေ'နိုင်သော စကားမျိုး ဖြစ်လေသည်၊ကျွန်ုပ်တို့၏ ကမ္ဘာလောကအတွင်းတွင် ဖြစ်,ပျက်နေသော ဆိုးဝါး ကြမ်းထမ်းသည့် ဖြစ်ရပ်ကြီးတို့မှာ (ပိသုဏဝါစာ) ချောပစ်ဂုံးတိုက်သော စကားများကြောင့် ကမ္ဘာသူ-ကမ္ဘာသားတို့ များစွာသေကြေ ဒုက္ခရောက် ကြရသည်ကို နိုင်ငံရေးသမားတို့ သိကြမည် ဖြစ်သည်။

သူစိလောမသုတ် သူတပါးအကျိုးပျက်စီး သူနှစ်ဦးမေတ္တာစိတ်ကင်း၍ စိတ်ကွဲ,လူကွဲ ဆင်းရဲစေသော ချောပစ်ဂုံးတိုက်မှုပြုသူ မှာ တမလွန်အတွက် ရင်းခံစားရချက်ကို လေ့လာသိရှိနိုင်ရန်-

www.dhammaransi.com

ဣလ္လခါဟံ အာဝုသော ဂိဇ္ဈကူဋာ ပဗ္ဗတာ ဩရောဟန္တော အဒ္ဒသံ သူစိလောမံ ပုရိသံ ဝေဟာသံ ဂစ္ဆန္တံ။ လ။ ဧသော ဘိက္ခဝေ သတ္တော ဣမသ္မိံယေဝ ရာဇဂဟေ သူစကော အဟောသိ။

(နိဒါနဝဂ္ဂသံယုတ်ပါဠိတော်-၄၄၉)

ငါ့ရှင်-လက္ခဏ ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ ပျံသွားသော အပ်အမွေးပေါက်သော ပြိတ္တာကို မြင်ရ၏၊ ထိုပြိတ္တာအား ထိုအပ်အမွေးတို့သည် ဦးခေါင်းမှ ဝင်၍ ခံတွင်းမှ ထွက်ကုန်၏၊ ခံတွင်းမှ ဝင်၍ ရင်မှထွက်ကုန်၏၊ ရင်မှဝင်၍ ဝမ်းဗိုက်မှ ထွက်ကုန်၏၊ ဝမ်းဗိုက်မှ ဝင်၍ ပေါင်မှ ထွက်ကုန်၏၊ ပေါင်မှ ဝင်၍ ခြေသလုံးမှ ထွက်ကုန်၏၊ ခြေသလုံးမှ ဝင်၍ ခြေဖဝါးမှ ထွက်ကုန်၏၊ ထိုပြိတ္တာသည် အလွန် နာကျင်သော အသံကို ပြု၏-ဟု အရှင်မောဂ္ဂလ္လာန်က ပြန်၍ရှင်းပြသောအခါ မြတ်စွာဘုရားက....

ရဟန်းတို့-ထိုပြိတ္တာသည် ဤရာဇဂြိုဟ်ပြည်၌ ပင်လျှင် ချောပစ်ဂုံးတိုက်ခဲ့သူ ဖြစ်ဘူးပြီ ဟု မိန့်တော်မူလေသည်၊ လောကတွင် သူတပါးဆင်းရဲအောင် ဂုံးတိုက်ကွဲစေလျက် တမလွန်တွင် မိမိပြုခဲ့သောကံက မိမိကိုယ်စိတ်ကို ဆင်းရဲအောင် ပြုပေသည်၊ထို့ကြောင့်....

တသ္မာ ယထာ တေန သူစေတွာ မနုဿာ ဘိန္နာ၊တထာ သူစိဟိ ဘေဒနဒုက္ခံ ပစ္စနုဘောတုံ ကမ္မမေဝ နိမိတ္တံ ကတွာ သူစိလောမ ပေတော ဇာတော။ (ငုင်းအဋ္ဌကထာ-၂၀၂)

အကြင်သို့သောသဘောအားဖြင့် ချောပစ်ဂုံးတိုက်၍ လူတို့ကိုကွဲစေ၏၊ ထိုသူပြုသောကံသည် ပြုသူအား ထိုကံ၏သဘောအတိုင်း အပ်အမွေးပေါက်သောပြိတ္တာ ဖြစ်ရလေသည်။

* တောကျောင်းနေ ဝါတော် ၆၀-ရှိသောမထေရ် ၂-ပါး ချစ်ခင်စွာသီတင်းသုံးနေသော ကျောင်းသို့ ရဟန်းငယ်တပါး ရောက်လာလျက် ကျောင်းကို လိုချင်သောကြောင့် မထေရ် ၂-ပါးကို ဂုံးချောရန်တိုက်သဖြင့် မထေရ်ကြီးတို့ ကွဲပြားသွားပြီးနောက် ထိုရဟန်းငယ်သေသောအခါ အဝီစိငရဲ၌ ကျခံရပြီးနောက် ၃-ဂါဝုတ်မျှရှိသော လူကိုယ်နှင့် ဝက်ခေါင်းဖြစ်ပြီးလျှင် ပါးစပ်က အမြီးပေါက်လျက် ပိုးလောက်တို့ ထွက်ကျနေကြောင်း.... (ဓမ္မပဒဋ္ဌကထာ၊သူကရပေတဝတ္ထု-၂၅၈)

www.dhammaransi.com

* အလားတူ မထေရ်ကြီး ၂-ပါးကို ကွဲပြားအောင် ဂုံးတိုက်ပြီး ကျောင်းလုသောရဟန်းမှာ သေသောအခါ အစီစိုင်ရဲသို့ကျပြီး လွတ်သောအခါ ကိုယ်က ရွှေအဆင်း ရှိပြီး ပါးစပ်က ပိုးလောက်တို့ ထွက်ကျလျက် အဝေးကပင် အလွန်ပုပ်သောအနံ့ရှိသည့် ပြိတ္တာဖြစ်ရကြောင်း (ပေတဝတ္ထုအဋ္ဌကထာ-၁၁)တွင် ရှိကြောင်း။

စသော များစွာသော မကောင်းမှုတို့ ပွားစီးရာဖြစ်သောကြောင့် လောက,သံသရာ ၂-ဖြာအကျိုးမဲ့စေသော ချောပစ်ဂုံးတိုက်မှုကိုရှောင်ကြဉ်ကြကုန်ရာသည်။

ဖရုသဝါစာ ရုန့်ရင်းကြမ်းထမ်းသောစကားကိုပြောဆိုခြင်း၊ကြမ်းထမ်းသော စကားကို ပြောဆိုသူသည် မိမိကိုရင်း, သူတပါးကိုရင်း ကြမ်းထမ်းသော စကားသံကြောင့် မိမိ စကားကို မိမိသည်ပင်လျှင် နားမချမ်းသာ, စိတ်မချမ်းသာ၊ ယင်းကိုပင် ဖရုသဝါစာ ခေါ်သည်။

ဖရုသဝါစာသည် ကြမ်းထမ်းသော စကားမျိုးကို ဆိုသော်လည်း စိတ်ထားနှင့်လည်း သက်ဆိုင်ပေသည်၊

ပုံစံတခုမှာ တောရွာတရွာ၌ သားတယောက်သည် တောထဲသို့သွားမည်ဟု မိခင်ကို ပြောသည်၊မိခင်သည် သား၏သွားခြင်းကို မနှစ်သက်သဖြင့် တားမြစ်၏၊သားသည် မိခင်၏စကားကို လုံးဝနားမထောင်ပဲ အတင်းပင် ထွက်သွား၏၊တားမြစ်၍မရသောမိခင်သည် သားဖြစ်သူ မသွားနိုင်အောင် မတတ်နိုင်ရကား 'တောထဲတွင် ကျွဲရိုင်းကြီးလိုက်ခတ်ပါစေ'ဟု ဆဲရေး၏၊ ရေရွတ်၏။

သားသည် အတင်းပင် ထွက်သွား၏၊တောထဲရောက်သော် ကျွဲရိုင်းကြီးသည် တကယ်ပင် ၎င်းကို လိုက်လေသော် သားသည်....

ယံ မမ မာတာ မုခေန ကထေသိ၊တံ မာ ဟောတု။

'ငါ့မိခင်သည် အကြင်သို့သော နှုတ်ဖြင့် ဆဲရေး၏၊ ထိုစကားအတိုင်း မဖြစ်ပါစေနှင့်'

ယံ စိတ္တေန စိန္တေသိ၊ တံ ဟောတု။

'ငါ့အပေါ်မှာ ထားသော အမိ၏စိတ်သည် ဖြစ်၏၊ ထိုအတိုင်းဖြစ်ပါစေ'

www.dhammaransi.com

ဟု သစ္စာပြု၍၊ထိုခဏ၌သာလျှင် ကျွဲရိုင်းသည် ထိုနေရာ၌ကြိုးဖြင့် တုပ်ထားသကဲ့သို့ ဖြစ်၍ မလှုပ်တော့ပေ။

ဤသို့လျှင် နှုတ်ကပင် ကြမ်းထမ်းစွာ ပြောဆိုပါသော်လည်း မိခင်၏ စိတ်နှလုံးဟူသည်မှာ သိမ်မွေ့နူးညံ့လှသောကြောင့် အမိ၌ 'ဖရုသ ဝါစာ မဖြစ်ပေ'၊ မိဘတို့ဟူသည် သား‌သမီးတို့အပေါ်၌ နှုတ်အားဖြင့်....

စောရာ ဝေါ ခဏ္ဍာခဏ္ဍိကံ ကရောန္တု။

'လူဆိုးတို့သည် သင်တို့အား အပိုင်းပိုင်း ဖြစ်အောင် သတ်လိုက်ကြပါစေ'

ဟု ဆိုလိုက်စေကာမူ စိတ်ထဲနှလုံးထဲတွင်မူကား....

ဥပ္ပလပတ္တမ္ပိစ နေသံ ဥပရိ ပတန္တံ နဣစ္ဆန္တိ။

'သားသမီးတို့၏ ဦးခေါင်းပေါ်သို့ ကြာရွက်ကလေးတခုမျှပင် မကျစေချင်ကြကုန်'

ဆရာသမား စသည်များလည်း မိမိထံ ပညာသင်သော တပည့်တို့အား တခါတရံ စိတ်အခန့်မသင့်သဖြင့်....

'အရှက်အကြောက်မရှိသော ဤသူတို့ကို နှင်ထုတ်လိုက်ကြ'

ဟု နှုတ်အားဖြင့်ဆိုစေကာမူ စိတ်ထဲတွင်ကား 'တပည့်များများလာကြပါစေ၊ပညာများ တတ်မြောက်ကြပါစေ' ဟုသာ ထားကြကုန်သည်။

ယထာစ စိတ္တသဏှတာယ ဖရုသဝါစာ နဟောတိ။

'ယင်းသို့ ဆိုစေ ပြောစေကာမူ စိတ်ထားသိမ်မွေ့သောကြောင့် ဖရုသဝါစာမဖြစ်'

ဟု ဖော်ပြသည်။

သို့ရာတွင် တိုင်းပြည်အုပ်ချုပ်သော မင်းတို့သည်၎င်း, ထိုမင်းတို့၏ အမိန့်အာဏာ လွှဲအပ်ထားသောအာဏာပိုင်တို့သည်၎င်း သတ်စေလိုသော ရာဇဝတ်သား အပြစ်ကျူးလွန်ထားသူအား နှုတ်အားဖြင့်၎င်း....

ဣမံ သုခံ သယာပေထ။

'ဤသူ ချမ်းသာစွာ အိပ်ပါစေ'

ဟု ဆိုလိုက်လျှင် အာဏာသား တို့သည် 'သတ်မိန့်'ဟု သိသဖြင့် သတ်လိုက်ကြသည်။

www.dhammaransi.com

ဤ၌ နှုတ်ထွက်သည် မကြမ်းထမ်းသော်လည်း....
စိတ္တဖရုသတာယ ပနေသာ ဖရုသာဝါစာဝ။
'စိတ်ထား ကြမ်းထမ်း သောကြောင့် ထိုစကားသည် ဖရုသဝါစာပင် ဖြစ်၏'။

ဤကား....(အဋ္ဌသာလိနီအဋ္ဌကထာ ၁၄၆-နှင့် မူလပဏ္ဏာသ, ခုဒ္ဒကပါဌ, ဣတိဝုတ္တက, သုတ္တနိပါတ, ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတို့ လာသော အတိုင်း ဖော်ပြလိုက်သည်)။

ဝင်းပြင်....'မြတ်စွာ ဘုရား လက်ထက်တော်၌ ကောကာလိက မည်သော ရဟန်းသည် အဂ္ဂသာဝကကြီးများ ဖြစ်ကြကုန်သော အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်တို့အား ကြမ်းထမ်းစွာ ဆဲရေးသောကြောင့် ပဒုမငရဲသို့ ကျသွားကြောင်း။(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်-၁၅၂-ကောကာလိက သုတ်တွင်ရင်း၊ ၁၅၀-တုရူဗြဟ္မာ သုတ်တွင်ရင်း၊ ရင်းအဋ္ဌကထာ ၁၉၈-တွင်ရင်း)ကြည့်နိုင်၏။

ရင်းပြင်....(ဓမ္မပဒ ဋ္ဌကထာ-ဒု-၃၃။ ထေရဂါထာ အဋ္ဌကထာ ပ-၇၉။ အပဒါနဋ္ဌကထာ-ဒု-၅၀။ ကောဏ္ဍဓာန မထေရ်ဝတ္ထု) တွင် မြတ်စွာဘုရား ဆုံးမပုံကို ကြည့်နိုင်သည်။

ယင်းကဲ့သို့-မိမိ-သူတပါးဆင်းရဲစေသော ဖရုသဝါစာကို ရှောင်နိုင်အောင် ကြိုးစားကြပါကုန်။

သမ္ဖပ္ပလာပ အနက်အဓိပ္ပာယ်ကို သိစေတတ်သော ကိုယ်အမူအရာ နှုတ်အမူအရာကို ဖြစ်စေတတ်သော အကုသိုလ် စေတနာသည် 'သမ္ဖံ နိရတ္ထကံ ပလပတိ ဧတေနာတိ သမ္ဖပ္ပလာပေါ'ဟူသော ဝစနတ္ထနှင့် အညီ....

ဧတေန၊ထိုစေတနာဖြင့်။သမ္ဖံ၊ပြိန်ဖျင်းသော။နိရတ္ထကံ၊အကျိုးမဲ့စကားကို။ပလပတိ၊ ပြောဆိုတတ်၏။ ဣတိတသ္မာ၊ ထိုသို့ အကျိုးမဲ့စကားကို ပြောဆိုကြောင်း ဖြစ်သောကြောင့်။ သော၊ ထိုစေတနာသည်။ သမ္ဖပ္ပလာပေါ၊သမ္ဖပ္ပလာပ မည်၏။

ယင်း လောကီ, လောကုတ္တရာ အကျိုးမရှိ မူဘဲ အပြိန်အဖျင်း စကားမျိုးကို ပြောဆိုခြင်းသည် 'သမ္ဖပ္ပလာပ'မည်၏၊ ဝစီကံဒုစ္စရိုက် ဖြစ်လေသည်၊ထိုစကားတို့ဟူသည်....

www.dhammaransi.com

ဘာရတ ယုဒ္ဓ သီတာ ဟရဏာဒိ နိရတ္ထက ကထာ။

(မူလပဏ္ဏာသဋ္ဌကထာ ၂၀၄-နှင့်သမ္မောဟဝိနောဒနီ အဋ္ဌကထာများ)

ဘာရတညီနောင် စစ်ထိုးခန်း, သီတာ မိဖုရား ဆောင်ခန်း, သုမန မင်းသားကိန္နရီဖမ်းခန်း စသော ဒဏ္ဍာရီပုံပြင် အချည်းနှီးသောစကား မျိုးကို ပြောဆိုခြင်း။

အဘိဓမ္မတ္ထဝိဘာဝိနီမည်သော ဋီကာကျော်၌ကား....

သံသုခံ ဟိတဉ္စ ဖလတိ ဝိသရတိ ဝိနာသေတီတိ သမ္ဖံ၊ အတ္တနော ပရေသဉ္စ အနုပကာရံ ယံကိဉ္စိ၊ တံ ပလပတိ ဧတေနာတိ သမ္ဖပ္ပလာပေါ။ (ဋီကာကျော်-၁၄၁)

ချမ်းသာကိုရင်း၊ အကျိုးစီးပွါးရှိသည်ကိုရင်း ပျံ့နှံ့၍ ဖျက်ဆီးတတ်သော ထိုစေတနာသည် မိမိ၏ရင်း, သူတပါး၏ရင်း အားလုံးတို့အား ကျေးဇူးမများသော, အကျိုးမဲ့ပြောဆိုခြင်း တည်းဟူသော စေတနာ သည် သမ္ဖပ္ပလာပ မည်၏။

သီတာမိဖုရားခိုးခန်းစသော အကျိုးမဲ့သော အနက်အဓိပ္ပာယ်ဖြင့် သိစေအပ်သော (သံကိလိဋ္ဌစေတနာ)ညစ်နွမ်းသော စေတနာဖြင့် ပြောဆို ခြင်းကြားနာသူတို့ကလည်းထိုအနက်အဓိပ္ပာယ်ကိုမှတ်ယူမှုပြုလျှင် ကမ္မပထ မြောက်၍ အပြစ်ကြီးသည်ဟု ဋီကာကျော်က ဆက်၍ပြသည်၊ ပဏ္ဏာသ ဋီကာကလည်း ရှင်းနည်းပင်ပြသည်။

သမ္ဖပ္ပလာပဝါစာစကားမျိုးဟူသည်မဂ်,ဖိုလ်,နိဗ္ဗာန်နှင့်မစပ်သော, ဖီလာဖြစ်သော စကားမျိုးဖြစ်ကြောင်းကို တနည်းပြပုံမှာ—

တတ္ထ ဗဟုံ သမ္ဖပ္ပလာပံ ပလပတိ၊ သေယျထိဒံ၊ ရာဇကထံ, စောရကထံ-စသည်တည်း။ (စူဠနိဒ္ဒေသပါဠိတော်-၂၆၀)

မိမိ၏ရင်း,သူတပါးတို့၏ရင်း မဂ်,ဖိုလ်မှ ဖီလာဖြစ်သောစကားမျိုး ကို ပြောခြင်း, အနက်အဓိပ္ပာယ်ကို သိစေခြင်း, နားထောင်သူ ယုံကြည် လောက်အောင် တန်ဆာဆင်၍ပြောခြင်းစသည်သည် သမ္မာဝါစာဟူသော မဂ္ဂင်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သောကြောင့် ကောင်းစွာစောင့်ထိန်းသင့် လှပေသည်။

www.dhammaransi.com

အာဇီဝ — သမ္မာအာဇီဝဖြစ်ရန်အတွက် သီးသန့်စောင့်ထိန်းရသော သိက္ခာပုဒ်သည် မရှိပေ၊ 'အာဇီဝဋ္ဌမကံ သီလံ' ဟူသော အဋ္ဌသာလိနီအဋ္ဌကထာအဆိုအရရှင်း၊ 'သုပရိသုဒ္ဓါနိ တီဏိ ကာယကမ္မာနိ့,စတ္တာရိဝစီကမ္မာနိ့, သုပရိသုဒ္ဓေါအာဇီဝေါတိ ဣဒံ အာဇီဝဋ္ဌမကံ' ဟူသော ဝိသုဒ္ဓိမဂ်မဟာဋီကာအဆိုအရရှင်း၊သမ္မာအာဇီဝဟူသည်- ကာယဒုစ္စရိုက် ၃-ပါး၊ ဝစီဒုစ္စရိုက် ၄-ပါး၊ ပေါင်း၇-ပါးနှင့် အသက်မွေးမှု မပြုသော် သမ္မာအာဇီဝလျှင် ရှစ်ခု မြောက်သော အာဇီဝဋ္ဌမက သီလ ဖြစ်လေသည်။

မင်းသား-အမတ်စသော အသက်မွေးဝမ်းကြောင်း မလုပ်သောသူတို့သည် အပျော်သဘောအားဖြင့်ရှင်း, သတ္တိရှိသူ, ရဲရင့်သူဟု သူတပါး အထင်ရောက်စေလိုသော သဘောအားဖြင့်ရှင်း ပြုလုပ်အပ်သော တောလည်၍ သမင်-စိုင်-ဆတ်စသော သားကောင်ကိုပစ်ခြင်း, လိုက်ခြင်း, လမ်းခရီး၌ ရပ်ဖျက်၍ လုယက်တိုက်ခိုက်ခြင်း, သူ့သားအိမ်ရာကို ကျူးလွန်ခြင်းစသည်ကို ပြုကြသည်ကား....

ဣဒံ အကုသလံ ကာယကမ္မံနာမ၊ တတော ဝိရတိ သမ္မာကမ္မန္တော နာမ။

'ဤသို့ ပြုလုပ်မှုသည် အကုသိုလ် ကာယကံ ဖြစ်၏၊ ရှောင်လျှင် သမ္မာကမ္မန္တဝိရတိဖြစ်သည်'

ဟု အဋ္ဌကထာ ဖော်ပြသည်၊ ထို့အတူ အသက်မွေး ဝမ်းကြောင်း မဟုတ်သော မုသားပြောမှု,ချောပစ်ဂုံးတိုက်မှု, ကြမ်းထမ်းစွာဆဲဆိုရေရွတ်မှု, အပြိန်အဖျင်း ပြောမှု ဝစီဒုစ္စရိုက်မျိုးတို့ကို အပျော်ထမ်း ဆိုစေကာမူ ဤ ဝစီကံမျိုးသည် အကုသိုလ်ဖြစ်၏၊ ရှောင်လျှင် သမ္မာဝါစာဝိရတိ ဖြစ်လေသည်။

အသက်မွေး ဝမ်းကြောင်းအတွက် ပြုလုပ်ကြသော မုဆိုး-တံငါစသည်တို့၏ သူ့အသက်သတ်မှု,သူ့ဥစ္စာခိုးယူမှု, သူ့သားအိမ်ရာ ကျူးလွန်မှုတို့သည်ကား....

အယံ မိစ္ဆာဇီဝေါနာမ၊ တတော ဝိရတိ သမ္မာအာဇီဝေါနာမ။

'ဤလွန်ကျူးမှုသည် မှားသောအသက်မွေးမှု မည်၏၊ ရှောင်လျှင် သမ္မာအာဇီဝ ဝိရတိဖြစ်၏'

www.dhammaransi.com

ဟု အဋ္ဌကထာပြသည်၊ ထိုအတူ အကြင်သူတို့သည် တံစိုးလက်ဆောင် ငွေကြေးရသဖြင့် မုသားဆို၏၊ ဂုံးတိုက်၏၊ ကြမ်းထမ်းစွာ ဆဲဆိုရေရွတ်၏၊ အဖျင်းအတင်းပြော၏၊ ထိုသူတို့သည်....

အယမ္ပိ မိစ္ဆာဇီဝေါ နာမ၊ တတော ဝိရတိ သမ္မာအာဇီဝေါ နာမ။

'ဤ ပြောဆိုမှုသည်လည်း မှားသော အသက်မွေးမှု မည်၏၊ ရှောင်လျှင် သမ္မာအာဇီဝ ဝိရတိတည်း'

ဟု အဋ္ဌကထာ ဖော်ပြသည်။

အဋ္ဌကထာကပင် မဟာသီဝမထေရ်ကြီး၏ဝါဒကို ဖော်ပြရာ၌....

'ကာယ ဒုစ္စရိုက် ၃-ပါး, ဝစီ ဒုစ္စရိုက် ၄-ပါး ကျူးလွန်ခြင်းမှန်လျှင် အသက်မွေးခြင်း အကြောင်းရှိသည် ဖြစ်စေ,မရှိသည်ဖြစ်စေ ကာယကံ အကုသိုလ်, ဝစီကံ အကုသိုလ်တို့ ဖြစ်၍ ထို ဒုစ္စရိုက်တို့မှ ရှောင်လျှင် 'သမ္မာကမ္မန္တဝိရတိ,သမ္မာဝါစာဝိရတိ' တို့ဖြစ်သည်ဟု မိန့်ဆိုရာ သို့ဖြင့် 'သမ္မာအာဇီဝ' အဘယ်မှာနည်း ဟု စောဒကတို့က လျှောက်ကြရာ မထေရ်က—

တီဏိ ကုဟနဝတ္ထူနိ နိဿာယ စတ္တာရော ပစ္စယေ ဉပ္ပါဒေတွာ တေသံ ပရိဘောဂေါ။

အဋ္ဌကထာ အဆိုအရ-

'လာဘ်ပူဇော်သကာ အကျော်အစောကို မှီသော, ယုတ်မာသော အလိုရှိသော,ယုတ်မာသော အလိုဆိုးသည် နှိပ်စက်အပ်သော,ရဟန်း၏ ပစ္စည်းလေးပါးကို မှီဝဲခြင်းဟုဆိုအပ်သော အံ့သြဖွယ်ကို ဖြစ်စေခြင်း 'ပစ္စယ ပဋိသေဝန ကုဟန'။

ဈာန်,မဂ်,ဖိုလ်တရားထူးကို ရသလိုလို၊ ဈာန်နား,မဂ်နားသို့ သီကာရိပ်ကာ စကားပြောခြင်းဟူသော 'သာမန္တ ဇပ္ပန ကုဟန'။

ဣရိယာပုထ်ကို ကောင်းစွာ ကြည်ညိုဖွယ်ရာ ပြုပြင်၍ထားခြင်းဟု ဆိုအပ်သော အကြင် မျက်မှောင်တကုပ်ကုပ် ပြုခြင်း, အကြင် အံ့သြခြင်းကိုဖြစ်စေခြင်း စသော ဣရိယာပုထ် အမူအရာ ပြုပြင်ခြင်းဟူသော 'ဣရိယာပထ ကုဟန'။

တည်းဟူသော ကုဟနဝတ္ထုတို့ကိုအကြောင်းပြု၍ ပစ္စည်းလေးပါးတို့ကို ရအောင်,ဖြစ်အောင်ပြု၍ ထို ပစ္စည်းတို့ကို သုံးဆောင်ခြင်းသည်-

www.dhammaransi.com

အယံ ပန ကောဋ္ဌပ္ပတ္တော မိစ္ဆာဇီဝေါ၊ တတော ဝိရတိ သမ္မာ အာဇီဝေါ နာမ။

ဤ ရဟန်း၏ ဤ အပြုအမူသည် အထွဋ်အထိပ်ရောက်သော(မိစ္ဆာဇီဝ) မှားသောအသက်မွေးမှုမည်၏၊ ရှောင်လျှင် 'သမ္မာအာဇီဝဝိရတိ' ဖြစ်လေသည်။

(ဤ စကားစုအားလုံးအဋ္ဌသာလိနီအဋ္ဌကထာ ၂၆၅-မှ လာသော စကားရပ်တည်း)။

ထို့အပြင် ယင်းသုံးပါးသော'ကုဟန'ဝတ္ထုနှင့်စပ်၍....

အထဝါ တိဝိဓ ကုဟနဝတ္ထု သန္နိဿယတော မိစ္ဆာဇီဝတော ဝိရတိ ကောဋ္ဌံ ကတွာ ဝုတ္တော အာဇီဝေါ သုပရိသုဒ္ဓေါတိ။
(ဝိသုဒ္ဓိမဂ် မဟာဋီကာ-၃၃)

'တနည်းကား-ကုဟနဝတ္ထု ၃-ပါးကို အမှီသဟဲအစွဲပြု၍မှားသော အသက်မွေးမှုမှ ရှောင်ကြဉ်ခြင်းသည် ပင်လျှင် ဝါစာ-ကမ္မန္တ-အာဇီဝ ဝိရတိတို့ကို တပေါင်းတည်းပြု၍'အသက်မွေးစင်ကြယ်ခြင်း'ဟု ဟော တော်မူသည်'။

ရဟန်းယောဂီ သတိထားစရာ

တရားအားထုတ်သောလူယောဂီတို့ အာဇီဝဋ္ဌမကသီလကို သတိထားရသကဲ့သို့ ရဟန်းယောဂီတို့ အာဇီဝပါရိသုဒ္ဓိ သီလ ဖြစ်စေရန်လည်း အထူး သတိထားအပ်လေသည်၊ (မိစ္ဆာဇီဝ)မှားသောအသက်မွေးခြင်းနှင့်ပတ်သက်၍ မြတ်စွာဘုရား ဟော ထားတော်မူသည်မှာ....

ယထာ ဝါ ပနေကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာ ဇီဝေန ဇီဝိတံ ကပ္ပေန္တိ။လ။ မူလဘေသဇ္ဇာနံ အနုပ္ပဒါနံ ဩသဓီနံ ပဋိမောက္ခော ဣတိ ဝါ။ (သီလက္ခန္ဓဝဂ္ဂပါဠိတော်-၈၊၁၁)

ထို့ပြင်လည်း အချို့သော သမဏ ဗြာဟ္မဏတို့သည် ပြည်သူတို့သည် ယုံကြည်၍လှူသော ဆွမ်းစသည်တို့ကိုသုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သောမဂ်,ဖိုလ်မှဖီလာအတတ်ဖြင့်အသက် မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်းဟူမူ....

www.dhammaransi.com

၁။ အင်္ဂဝိဇ္ဇာအတတ်, နိမိတ်ဖတ်အတတ်, မိုးကြိုးကျခြင်း-လျှောင်လှုပ်ခြင်း ဟောသောအတတ်,အိပ်မက်ကျမ်း-လက္ခဏာကျမ်းအတတ်,မီးပူဇော်ခြင်းအတတ်,မင်းမှုရေးရာအတတ်,မြေကြွန်အတတ်,ဘုတ်တစ္ဆေအတတ်, မြွေဆိပ်အတတ်,ကျီးသာနိမိတ်အတတ် စသည်ရှင်း....

၂။ ကျောက်မျက်လက္ခဏာ,အဝတ်အထည်လက္ခဏာ,တုတ်-ဒါး-သံလျက်လက္ခဏာ, လက်နက်-မိန်းမ-ယောကျ်ား လက္ခဏာ, သတို့သား-သတို့သမီးလက္ခဏာ, ဆင်-မြင်း-နွား-ကျွဲ-ဆိတ်-သိုး-ကြက်-ဝက်-ငုံး-ဖွတ်-လိပ် စသော သားကောင် လက္ခဏာအတတ်ရှင်း-

၃။ စစ်ဆင်-စစ်တက်-စစ်အောင်-စစ်ရှုံး စသော အတတ်တို့ရှင်း-

၄။ လကြတ်လတ္တံ, နေကြတ်လတ္တံ, လ-နေ-နက္ခတ်တို့ လမ်းမှန်သွားလတ္တံ,လမ်းလွဲသွားလတ္တံ,ဥက္ကာကျလတ္တံ,ကြိတ်ထွက်လတ္တံ, လျှောင်လှုပ်လတ္တံ, မိုးထစ်ကြိုးလတ္တံ,လ-နေ-နက္ခတ်တို့ တက်ခြင်း-သက်ခြင်း-မှေးမှိန်ခြင်း -တောက်ပခြင်း ဖြစ်လတ္တံ,လ-နေ-နက္ခတ်တို့ကို အကြောင်းပြု၍ ဤသို့ အကျိုးအပြစ်တို့ ဖြစ်လတ္တံ စသော အားဖြင့် အကျိုး အပြစ်ကို ဟောသောအတတ်တို့ရှင်း-

၅။ မိုးကောင်းလတ္တံ,မိုးခေါင်လတ္တံ, ဝပြောလတ္တံ,ခေါင်းပါးလတ္တံ,ငြိမ်းချမ်းလတ္တံ,ဘေးများလတ္တံ,ရောဂါများလတ္တံ, ရောဂါကင်းလတ္တံ စသော အတတ်များ၊ ဂဏန်းအတတ်, သင်္ချာအတတ်,ကဗျာအတတ်, လောကာယတ ကျမ်းအတတ် စသော အတတ်တို့ရှင်း-

၆။ သတို့သား,သတို့သမီး စေ့စပ်ခြင်း,ထိမ်းမြားခြင်း,ကွာရှင်းပေးခြင်း, ဥစ္စာထိန်းသိမ်းစေခြင်း, ဖြန့်ဖြူးစေခြင်း,ကိုယ်ဝန်တည်စေခြင်း, လက်ဟန် မန္တန်စုတ်ခြင်း, နားပင်း မန္တန်စုတ်ခြင်း, နတ်သွင်း၍မေးခြင်း,နတ်မေးခြင်း,နေကို-ဗြဟ္မာကိုလုပ်ကျွေးခြင်း, ခံတွင်းမှမီးတောက်စေခြင်း, သီရိနတ်သမီးကို ပင့်ခေါ်ခြင်းစသော အတတ်တို့ရှင်း-

www.dhammaransi.com

၇။ နတ်ကိုးခြင်း, နတ်ပူဇော်ခြင်း, ဘုတ်-တစ္ဆေ အတတ်ကို လေ့ကျင့်ခြင်း, ပျို့အန်စေခြင်း, ဝမ်းသက်စေခြင်း, သလိပ်ဒေါသတို့ကို အထက်သို့ အန်စေခြင်း, အောက်သို့ သက်စေခြင်း, နားဆီချက်ခြင်း, မျက်စဉ်းချက်ခြင်း, နှာနှပ်ခြင်း, တိမ်သလ္လာကိုဆေးကုခြင်း, ခွဲစိတ်ကုသခြင်း, သူငယ်နာဆေးပေးခြင်း, ဆေးပေးခြင်း, ဆေးကပ်ခြင်း, ခွာခြင်းစသောအတတ်တို့ရှင်း-

ဤသို့စသော များစွာသောအတတ်တို့ဖြင့် အသက်မွေးခြင်း မပြုသော ရဟန်းသည်သာ 'အာဇီဝပါရိသုဒ္ဓိသီလ' ဝါ- ရဟန်း တို့၏ မဂ္ဂင်ထိုက်သော အဓိသီလ ဖြစ်ပေသည်။

အတုယူစရာ အရှင်သာရိပုတ္တရာ

ရဟန်းတို့ ကျင့်ဆောင် အပ်သော သီလကြီးလေးပါးတို့တွင် အသက်မွေးဝမ်းကြောင်း(စား-ဝတ်-နေ)ရေးနှင့် ပတ်သက်၍ စင်ကြယ်စေရန် 'အာဇီဝ ပါရိသုဒ္ဓိ' သီလလည်း တပါးအပါအဝင် ဖြစ်သည်၊ ပစ္စည်းလေးပါး တပါးပါရမှုအတွက် မြတ်စွာဘုရားသည် သဒ္ဓါတရားမရှိ၍ ဖြစ်စေ, ဝတ္ထုပစ္စည်း မလွယ်ကူ၍ ဖြစ်စေ မလှူရသောသူများ, မလှူနိုင်သောသူများအတွက် အနှောင့်အယှက်မဖြစ်စေလို၊ နှလုံးမသာမယာမဖြစ်စေလိုသောကြောင့်....

၁။ လှူလိုသူတို့၏ သဒ္ဓါစေတနာအလျောက် မဟုတ်လျှင် အိမ်စဉ်လှည့်လည်၍ ရပ်မှုရသောဆွမ်းကို နှစ်သက်သည်, ခွင့်ပြုသည်။

၂။ လှူလိုသူတို့၏ သဒ္ဓါစေတနာအလျောက် မဟုတ်လျှင် သုသာန်အမှိုက်ပုံစသော နေရာများမှ လူတို့စွန့်ပစ်ထားသော အဝတ်စုတ် စသည်တို့ကို ချုပ်, ဆိုး ဝတ်ရသည့် ပံ့သကူ သင်္ကန်းကို နှစ်သက်သည်, ခွင့်ပြုသည်။

၃။ လှူလိုသူတို့၏ သဒ္ဓါစေတနာအလျောက်မဟုတ်လျှင် သစ်ပင်ရင်း တည်းဟူသော ကျောင်း၌ နေခြင်းကို နှစ်သက်သည်, ခွင့်ပြုသည်။

၄။ လှူလိုသူတို့၏ သဒ္ဓါစေတနာ အလျောက် မဟုတ်လျှင် နွားကျင်ငယ်, သဖန်းခါး တို့ဖြင့် စိမ်အပ်သော ဆေးကို သုံးရန် နှစ်သက်သည်, ခွင့်ပြုသည်။

www.dhammaransi.com

မြတ်စွာဘုရားသည် ဤသို့ သားတော်တို့အား စင်ကြယ်တော်မူစေလိုသည်၊ ကိုယ်တော်တိုင်လည်းကျင့်သုံးသည်၊ သားတော်တို့အားလည်း ထပ်တူစင်ကြယ်စေရန် ပစ္စည်းလေးပါးနှင့်ပတ်သက်၍ ရှာမှီးရာတွင် အပြစ်ကင်းစွာ တရားသဖြင့် ရှာမှီးရန် သိက္ခာပုဒ် ၆-ပါး ပညတ် ထားတော်မူသည်။

၁။ အသက်မွေးခြင်းဟူသော အကြောင်းကြောင့် ယုတ်မာသော အလိုရှိသည်ဖြစ်၍ အလိုဆိုးဟူသော လောဘ,ရမ္မက် နှိပ်စက်သည် ဖြစ်၍ မိမိ၌ထင်ရှားမရှိသော မဟုတ်မမှန်သော ပုဂ္ဂိုလ်သူမြတ်တို့၏ တရားဖြစ်သော ဈာန်,မဂ်,ဖိုလ် တရားကို ပြောဟောငြားအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏။

၂။ အသက်မွေးခြင်းဟူသော အကြောင်းကြောင့် အောင်တမန် သွားလာခြင်းသို့ ရောက်ငြားအံ့၊ သံဃာဒိသေသအာပတ်သို့ ရောက်၏။

၃။ အသက်မွေးခြင်း ဟူသော အကြောင်းကြောင့် 'အကြင် ရဟန်းသည် ထိုကျောင်း၌ နေ၏၊ ထိုရဟန်းသည် ရဟန္တာ တည်း' ဟု ပြောဆို၏၊ သိလျက် ဝန်ခံငြားအံ့၊ ထုလ္လစ္စယ အာပတ်သို့ ရောက်၏။

၄။ အသက်မွေးခြင်းဟူသောအကြောင်းကြောင့် မနာမဖျားပါပဲ လျက် ရဟန်းသည် မိမိ၏အကျိုးငှာ မွန်မြတ်သော ဘောဇဉ် အာဟာရကိုတောင်း၍သုံးဆောင်ငြားအံ့၊ပါစိတ်အာပတ်သို့ ရောက်၏။

၅။ အသက်မွေးခြင်းဟူသော အကြောင်းကြောင့် ရဟန်းမိန်းမသည် မနာဖျားပါပဲလျက် မိမိ အကျိုးငှာ မွန်မြတ်သော ဘောဇဉ် အာဟာရကို တောင်း၍ သုံးဆောင်ငြားအံ့၊ ပါဋိဒေသနီယ အာပတ်သို့ ရောက်၏။

၆။ အသက်မွေးခြင်းဟူသောအကြောင်းကြောင့် မနာမဖျားပါပဲ ဟင်းကိုဖြစ်စေ,ထမင်းကိုဖြစ်စေ၊ မိမိအကျိုးငှာ တောင်း၍ သုံးဆောင်ငြားအံ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။

(ပရိဝါပါဠိတော်-၁၇၈)

www.dhammaransi.com

မိမိ၏ အသက်မွေးခြင်းအကြောင်းကြောင့် ရှာမှီးရသော ပစ္စည်းလေးပါးတို့ ရရာရကြောင်း အရိပ်နိမိတ် လက္ခဏာများပင် မပြရန် ကုဟန-လပန စသည်ဖြင့်လည်း ဟောထားသေး၏၊ အသက်မွေးမှု အကြောင်းပြု၍ ပစ္စည်းလေးပါးရှာဖွေရာတွင် စင်ကြယ်သောပုဂ္ဂိုလ် အများအပြား ရှိသည့်အနက် အရှင်သာရိပုတ္တရာ၏ ပစ္စည်း၌ စင်ကြယ်မှုသည် မှတ်တမ်းတင်ကြရပေသည်။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်တို့သည် တောအုပ်တခုအတွင်း ဖလသမာပတ်ချမ်းသာဖြင့် သီတင်းသုံးနေကြလေသည်၊ တနေ့သော် အရှင်သာရိပုတ္တရာအား လေနာရောဂါ နှိပ်စက်သဖြင့် လဲလျောင်းနေရာသို့ အရှင်မောဂ္ဂလ္လာန်ရောက်လာလျက် အကြောင်းကိုမေးသောအခါ လေနာရောဂါဖြစ်ကြောင်း အမိန့်ရှိလေရာ 'ရှေးအခါက ဤသို့ ဖြစ်သော် အဘယ် ဆေးဝါးများ နှင့် ပျောက်ဘူးပါသနည်း' ဟု မေးသောအခါ ထောပတ်,ပျား တို့နှင့် ရောချက်သော 'နို့ဃနာထမင်း' နှင့် ပျောက်ဘူးကြောင်းပြောလေသော်အရှင်မောဂ္ဂလ္လာန်က 'သင်၏ဉာဏ်၊ ငါ၏ဉာဏ်တန်ခိုးကံသည် အကယ်၍ရှိငြားအံ့၊ နက်ဖြန်ကျွင် နို့ဃနာဆွမ်း ရပါလိမ့်မည်မသိ' ဟု ဆို၏၊ ထို မထေရ်ကြီးနှစ်ပါး ပြောကြသောစကားကို စင်္ကြံဦး၌ နေသော သစ်ပင်စောင့်နတ်သည်ကြား၍ 'နက်ဖြန် အရှင်နှစ်ပါးအား နို့ဃနာဆွမ်း ရစေအံ့' ဟု ကြံ၍ အရှင် သာရိပုတ္တရာ၏ အလုပ်အကျွေး တကာအိမ်ရှိ သားကြီးအား ဝင်ပူးနှိပ်စက်လေသည်။

ထိုအခါ သူငယ်အား ဆေးကုရန် လူစု၍ တိုင်ပင်ကြသောအခါ နတ်က 'အကယ်၍ သင်တို့သည် နက်ဖြန်တွင် အရှင် သာရိပုတ္တရာအား နို့ဃနာဆွမ်းလှူငြားအံ့၊ ထို သူငယ် ပျောက်စေအံ့'ဟုဆိုရာ လူအများတို့က 'သင် မပြောသော်လည်း ငါတို့သည် မထေရ်ကို လှူနေကျဖြစ်သည်' ဆို၍ နောက်နေ့ နံနက်တွင် အရှင်မောဂ္ဂလ္လာန် ဆွမ်းခံသောအခါ အရှင်မောဂ္ဂလ္လာန်ကိုလည်း ကပ်၍ အရှင်သာရိပုတ္တရာအတွက်လည်း သပိတ်တွင် ထည့်၍ လှူလိုက်လေသည်။

အရှင်မောဂ္ဂလ္လာန်လည်း နို့ဃနာဆွမ်းကိုယူဆောင်၍ အရှင် သာရိပုတ္တရာထံ ရောက်လာပြီးလျှင် 'အို-ငါ့ရှင် သာရိပုတ္တရာ ယခုပင်သုံးဆောင်တော်မူလော့'ဟုသပိတ်ကိုအပ်၏၊ အရှင်သာရိပုတ္တရာလည်း နို့ဃနာဆွမ်း၏

www.dhammaransi.com

အနံ့သည် အလွန်ပင် ကောင်းပေသည်၊ အဘယ် အကြောင်းကြောင့် ဖြစ်သနည်းဟု ဆင်ခြင်သော အခါ သစ်ပင်စောင့်နတ် တိုက်တွန်းမှုကြောင့် ဖြစ်လာသည်ဟု မြင်ရကား.... 'အို-ငါ့ရှင်မောဂ္ဂလ္လာန် ဤ ဆွမ်းသည် သုံးဆောင်ခြင်းငှာ မထိုက်' ဟု ဆိုလေသောအခါ အရှင် မောဂ္ဂလ္လာန်လည်း 'ငါကဲ့သို့သောသူ ဆောင်ယူလာသော ဆွမ်းကို မသုံးဆောင်တကား' ဟု စိတ်မျပင်မဖြစ်ပဲ သပိတ်ကိုယူ၍ သင့်လျော်ရာ မြေတွင် သွန်မှောက်လိုက်လေတော့သည်။

နို့ဃနာဆွမ်း မြေသို့ကျသည်နှင့် အရှင်သာရိပုတ္တရာ၏ လေရောဂါသည် ယူပစ်သကဲ့သို့ ပျောက်ငြိမ်းလေရာ လေးဆယ့်ငါးဝါ ပရိနိဗ္ဗာန်ပြုသည်အထိ နောက်ထပ် လေနာ တခါမျှမပေါ်တော့ပေ၊ ထို့နောက် အရှင်မောဂ္ဂလ္လာန်ကို မိန့်ဆိုသည်မှာ 'အို-ငါ့ရှင်မောဂ္ဂလ္လာန် ဝစီဝိညတ်ဟူသော နှုတ်မြွက်၍ ဖြစ်ပေါ်လာသော နို့ဃနာဆွမ်းကို စားချင်လွန်းလှသော အူမအခွေတို့သည် ငါ၏ဝမ်းဗိုက်ကိုခွဲထွက်၍ အစာရှာထွက်ပါစေ၊ငါသည် ထို နို့ဃနာဆွမ်းကိုစားခြင်းဖြင့် ငါ့အာဇီဝကို ငါမဖျက်'ဟုဥဒါန်းကျူးရင့်လေသည်။

ဝစီဝိညတ္တိဝိပ္ဖါရာ၊ ဥပ္ပန္နံ မဓုပါယာသံ။

စသော ၃-ဂါထာတို့ကို ရွတ်၏၊ (ဤကား - ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ ပ-၄၀ လာ စကားရပ်တို့တည်း)။

ယင်းကဲ့သို့ ကာယဒုစ္စရိုက်, ဝစီဒုစ္စရိုက်တို့နှင့်အသက်မမွေးမှုဟူသော အခြေခံသီလလုံခြုံမှ မဂ္ဂင် သုံးလုံး ပါသော အဓိသီလသိက္ခာ ဖြစ်မည်မှန်သောကြောင့်အထူးသဖြင့်ဝိပဿနာအလုပ်အားထုတ်သောရဟန်းယောဂီ, လူယောဂီတို့သည် ဒုစ္စရိုက်ကိုရှောင်ကြဉ်၍ အသက်မွေးကာမျှနှင့် မဂ္ဂင် သုံးလုံး လက်ကိုင်ရအောင် စွမ်းဆောင် အားထုတ်နိုင်ကြ ပါစေကုန်။

သမ္မာဝါယာမ-မှန်စွာလုံ့လပြုခြင်း

ပါဠိတော်တွင် 'သမ္မာဝါယာမ'မှန်စွာလုံ့လပြုခြင်းကို ဟောတော်မူပုံကား....

ချစ်သားတို့-အဘယ်တရားသည် (တနည်း) အဘယ်ကဲ့သို့သော အားထုတ် လုံ့လရှိခြင်းသည် မှန်ကန်သောအားထုတ်မှု ဖြစ်ပါသနည်းဟူမူ-ဤ ငါ့ဘုရား အဆုံးအမသာသနာ၌ အကြွင်ပုဂ္ဂိုလ်သည်....

www.dhammaransi.com

၁။ မဖြစ်ကုန်သေးသော, ဆိုးဝါးညစ်ညမ်းကုန်သော,အကုသိုလ် ဖြစ်ကုန်သောတရားတို့ကို မဖြစ်စေခြင်းငှာရင်း-

၂။ ဖြစ်ကုန်ပြီးသော, ဆိုးဝါး ညစ်ညမ်းကုန်သော, အကုသိုလ် တရားတို့ကို ပယ်ဖျောက်ခြင်းငှာရင်း-

၃။ မဖြစ်ကုန်သေးသော ကုသိုလ်ကောင်းမှု ဖြစ်သည့် တရားတို့ကို ဖြစ်ပွားစေခြင်းငှာရင်း-

၄။ ဖြစ်ကုန်ပြီးသော ကုသိုလ် ကောင်းမှုဖြစ်သည့် တရား တို့ ကို အရှည်တည်တံ့စေခြင်းငှာ, အလွန်ပြန့်ပွားစေခြင်းငှာ အလို ဆန္ဒကို ဖြစ်စေ၏၊ လုံ့လကို ပြု၏၊ အားထုတ်၏၊ စိတ်ကို ချီး မြှောက်၏၊ စိတ်ကို ဆောက်တည်၏။

ယင်းသို့ သမ္မပ္ပဓာန် ၄-ပါးနှင့်ညီစွာ 'လုံ့လကိုပြုခြင်း, အလိုဆန္ဒကို ဖြစ်စေခြင်း, စိတ်ကိုချီးမြှောက်ဆောက်တည်ခြင်းတို့ကို ပြုတတ်,အားထုတ် တတ်သော လုံ့လဝီရိယသည်(သမ္မာဝါယာမ)မှန်သော အားထုတ်မှုဖြစ်၏။

ခန္ဓာကိုယ်ဟူသော သတိပဋ္ဌာန် ရုပ်,နာမ်ပရမတ်ကို ပရမတ္ထသဘာဝ အမှန်ကို အမှန်အတိုင်း သိနိုင်,မြင်နိုင်ရန် မှန်ကန်သော လုံ့လ ဝီရိယသည် အမှန်တကယ်ပင် လိုအပ်ပေသည်၊ တရားအားထုတ်သူ ယောဂီတို့အတွက် ပြည့်စုံအပ်သော 'သမ္မာဝါယာမ'ဟူသည်-

ယာထာဝ နိယျာနိကာ ကုသလဝါယာမတာယ သမ္မာဝါယာမော။

(မဟာနိဒ္ဒေသဋ္ဌကထာ-၃၆၁)

'သံသရာမှ ထွက်မြောက်ရာအမှန်ဖြစ်သော ကုသိုလ်နှင့်ဆိုင်ရာ လုံ့လပြုမှု သည်'သမ္မာဝါယာမ'ဖြစ်ပေသည်။

သံသရာမှ ထွက်မြောက်ရန်အတွက် တရားအားထုတ်သော ယောဂီ တို့ လိုက်နာရန် စည်းကမ်းအင်္ဂါရပ် ငါးချက်ကိုဟောထားသော ပဓာနိယ တရားတွင် အရေးကြီးသောအင်္ဂါတပါးမှာ-

အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။

(အင်္ဂုတ္တရပါဠိတော် ပဓာနိယင်္ဂသုတ်-၅၈),

www.dhammaransi.com

အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ဓမ္မာနံ၊တရားတို့ကို။ ဥပသမ္ပဒါယ၊ ပြည့်စုံစေခြင်းငှာ။ အာရဒ္ဓဝီရိယော၊ ထက်သန်သောလုံ့လရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ထာမဝါ၊ အားအစွမ်းနှင့်ပြည့်စုံ၏။ ဒဠှပရက္ကမော၊ မြဲမြံသောလုံ့လရှိ၏။ အနိက္ခိတ္တဓုရော၊ တာဝန်ကိုပစ်ချထားခြင်းမရှိ။

ဟူ၍ ဟောတော်မူထားရာ တရားအားထုတ်သော ယောဂီ၏ စိတ်သည် အာရုံဖြစ်သော ရုပ်,နာမ်ခန္ဓာပေါ်တွင် ဉာဏ်ပညာ၏ ရှုမြင်မှုအားရှိစေရန် လုံ့လပြုသော 'သမ္မာဝါယာမ'မဂ္ဂင်သည်၊ ၎င်း၏ကိစ္စကို ဆောင်ရွက်ရမည့်တာဝန်သာရှိသည်၊ အရှုခံဖြစ်သော ရုပ်,နာမ်ခန္ဓာနှင့်မဆိုင်ပေ။

သမ္ပဓာန် လုံ့လဝီရိယကို ပြရာ၌ ၄-ပါး ညွှန်ပြသည်၊ ၎င်းသည် တရားလုပ်ငန်းစသည်နှင့်တပြိုင်နက် ကျရောက်လာလေသည်။

'ငါသည် ဤအလုပ်အထမြောက်အောင်မြင်ပါမှ သံသရာဘဝအနန္တက ပါလာသော အကုသိုလ်တို့ကိုလည်း အကျိုးပေးခွင့် မရအောင် မဂ်က သတ်မည်၊ မပြု မလုပ်ရသေးသော အကုသိုလ်မှုတို့ကိုလည်း မပြုဖြစ်အောင် မဂ်ကတားဆီးမည်၊ မရဘူးသေးသော လောကုတ္တရာ ကုသိုလ်ထူးကိုလည်း ရမည်၊ ရပြီး ပြုပြီးသော ဝဋ္ဋ,ဝိဝဋ္ဋ ကုသိုလ်မျိုးကိုလည်း လောကုတ္တရာမဂ်က ပွားများစေမည်၊ ထို့အတွက် ငါသည် ဤအလုပ် အထမြောက် အောင်မြင်မှ သံသရာတွင် သက်သာရာရမည် ဖြစ်သောကြောင့် ခန္ဓာနာမ်,ရုပ်၏ သဘောကို များများမြင်ဖို့ ရှုမည်။'

ဟူ၍ သမ္မာဝါယာမက ခန္ဓာသံသရာ၏အပြစ်ကို ကြောက်သောကြောင့် ရှုဉာဏ် (သမ္မာဒိဋ္ဌိ)ကို သံသရာပြတ်အောင် ရှုနိုင်ဖို့ တိုက်တွန်း အားပေးသော 'မဂ္ဂင်'သဘောသာ ဖြစ်၍ အရှုခံရမည့် အနတ္တဖြစ်သော ရုပ်,နာမ်နှင့်မဆိုင်ချေ၊ယင်းသို့ ခန္ဓာသံသရာမှလွတ်မြောက်ရန် ပြင်းပြသောစိတ်ကို 'အာတာပီ'ဟု ခေါ်သည်၊ ပူပန်စေတတ်, နှိပ်စက်တတ်သော ကိလေသာတို့ကို ပြင်းစွာပူပန်စေတတ်သော လုံ့လဝီရိယ သမ္မာဝါယာမပင်တည်း။

www.dhammaransi.com

အာတာပီတိ၊ အာတာပီဟူသည်ကား။ စေတသိကော၊စိတ်၌ဖြစ်သော။ ယောဝီရိယာရမ္ဘော၊အကြင်ဝီရိယဟူသော အားထုတ်ခြင်းသည်။ လ။ ယော သမ္မာဝါယာမော၊ အကြင် မဖောက် မပြန် ဟုတ် မှန် သော အားထုတ်ကြောင်းလုံ့လသည်၊ ဝ ါ-အကြင်သံသရာဝဋ်မှ ထုတ်ဆောင် လျက် သွားတတ်သော အားထုတ်ကြောင်း လုံ့လသည်။ အတ္ထိ၊ ရှိ၏။ ဣဒံသဗ္ဗံ၊ဤအလုံးစုံကို။အာတာပံ၊အာတာပဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

(မဟာဝဂ္ဂဋ္ဌကထာ-၃၅၀)

အမှန်အတိုင်း မြင်ကြပါ တရားအားထုတ်ရာတွင် ထားအပ် ရအပ်သော သံသရာ ထွက်လိုစိတ် ပြင်းစွာထား၍ မရမနေ မသိမနေ အနေနှင့် ထားရ ဆောက်တည်ရသည်ကား 'စိတ်'ပင် ဖြစ်သည်၊ဤ မဟာဝဂ္ဂသတိပဋ္ဌာန် အဋ္ဌကထာစကားမှာလည်း ပြင်းစွာ ထားအပ်သော လွတ်မြောက်လိုစိတ်ကို အတိအကျ ဆိုထားသည်၊ 'မဆုတ်မနစ် ပြင်းပြင်း ထန်ထန် စိတ်အားသန်လျက်' ဟူသောအတိုင်း စိတ်ကိုပင် ခိုင်ခံ့အောင် ထားရမည်ဟူ၍....

ဣမိနာ အာတပေန၊ ဤ ကိလေသာကို ပြင်းစွာ ပူပင်စေတတ်သော သမ္မပ္ပဓာန်လုံ့လနှင့်။ဥပေတော၊ပြည့်စုံသည်။ သမုပေတော၊ကောင်းစွာ ပြည့်စုံသည်။ ဥပဂတော၊ကပ်ရောက်သည်။ သမုပဂတော၊ကောင်းစွာ ကပ်ရောက်သည်။ ဥပပန္နော၊ ပြည့်စုံသည်။ သမ္ပန္နော၊ ပြည့်စုံသည်။ သမန္နာဂတော၊ ကောင်းစွာ လျော်စွာယှဉ်သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ထို့ကြောင့်။အာတာပီတိ၊အာတာပီဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ရှုမြင်တတ်သောဉာဏ်ကို ရှုအားသန်ရန်အတွက် အားပေးသော လုံ့လဝီရိယ သမ္မာဝါယာမဟူသော 'ဝီရိယစေတသိက်' သည် 'အာတာပီ' မည်၏၊ရင်းပြင်....

အာတာပီတိ အာတာပံ ဝုစ္စတိ ဝီရိယံ၊ယော စေတသိကော။

(မဟာနိဒ္ဒေသပါဠိတော်-၂၉၅)

မဆုတ်မနစ် ပြင်ပြင်း ထန်ထန် စိတ်အား သန်လျက် ကိလေသာကို ပူပန်စေတတ်သော အာတာပဟူသည် လုံ့လဝီရိယပေတည်း၊ ထိုလုံ့လ ဝီရိယသည် စေတသိက်တရား ဖြစ်ပေသည်။

www.dhammaransi.com

သို့စင်လျက် တရားအားထုတ်သည် ဆိုလျှင် 'မလှုပ်မပြင် ပေတေ ထိုင်နိုင်မှု ဖြစ်သည်' ဟူသော အစွဲမှား များသည် ဤ သာသနာတော် နောက်ပိုင်းဝယ် အရာကျယ်စွာ နေရာများများ ဝင်ယူလာသည်၊ရှုညဏ်ကို အားပေးရမည့်အစား အရှုခံ ရုပ်,နာမ် အနုတ္တခန္ဓာကို အတ္တအနေနှင့် စိုးမိုးလာသည်။

မြတ်စွာဘုရား၏ တရားတော်ကို အားထုတ်သည်မှန်လျှင် မြတ်စွာဘုရား၏ ဟောကြားညွှန်ပြမှုကို နားမလည်၍ မဖြစ်၊ 'ငါမှ စာမတတ်ပဲ' ဟု ဆင်ခြေကန်၍ လုံးဝမရ၊ နားမလည်လျှင် လမ်းလွဲသွားမည်၊ နားလည် အောင် ညွှန်ပြရှင်းပြတတ်သူကို ဆည်းကပ်ချန် ဝန်မလေးလေနှင့်၊ ဘုရား ဗျာဒိတ်ရှိသည်၊ဆက်ပြီး ပါဠိတော်ကို လေ့လာရန် မြန်မာပြန်ရေးမည်။

ငါသည် လာလတ္တံ့သော(အနာဂတ်) ဘေးငါးမျိုးတို့တွင် တမျိုးမျိုး နှင့်ကြုံခြင်းကြောင့် ငါ့အား သေခြင်းသည် ဖြစ်ရာ၏၊ တရားမရသေး သောငါ၏ ပုထုဇ္ဇန်အဖြစ်နှင့် သေရခြင်းသည်၊ နတ်ပြည်၏ သော်ငှင်း, မင်္ဂ၏သော်ငှင်း တားသော အန္တရာယ်သည် ဖြစ်ရာ၏၊ ယခုအခါ၌ ငါသည် မရောက်သေးသည့် မဂ်,ဖိုလ်သို့ ရောက်ရန်, မရသေးသည့်မဂ်, ဖိုလ်ကိုရရန် မျက်မှောက်မပြုရသေးသည့် မဂ်,ဖိုလ်ကို မျက်မှောက်ပြုရန် လုံ့လဝီရိယထား၍ အားထုတ်တော့အံ့။

ဟု လာမည့် ကျရောက်မည့်ဘေးကို မြင်စေရန်ပြ၍ ဤလိုစိတ်ထား ဖြင့် ရှုညဏ်ကို အားတင်းပေးရန် (ပဉ္စကအင်္ဂုတ္တရပါဠိတော်-ပဌမအနာဂတဘယသုတ်-၈၈)တွင် ဟောထားသည်။

၎င်းနောက် ဒုတိယသုတ်ကို ဆက်လက်၍ ရှုချဉ်းလော့....

ယခုအခါ ငါသည် ငယ်ရွယ်စဉ်, မအိုမီ, မနာမီ, ထမင်းမငတ်မီ, လူတို့ ညီညွတ်စဉ်,ကိုးကွယ်သောရဟန်းတို့ ညီညွတ်စဉ် အခါကောင်း၌ မရ-မရောက်-မျက်မှောက် မပြုရ သေးသည့် မဂ်,ဖိုလ်ကို ရအောင်-ရောက် အောင်-မျက်မှောက်ပြုနိုင်အောင် မမေ့မလျော့ မပေါ့ဆပဲ လုံ့လဝီရိယ ပြင်းစွာထား၍ အားထုတ်တော့အံ့။

ဟု စိတ်ကိုထား၍ အားထုတ် အပ်ကြောင်း ဟောတော် မူသည့် အပြင် တတိယသုတ်,စတုတ္ထသုတ်တို့၌လည်း 'ဝါယမိတဗ္ဗ' လုံ့လကြိုးကုတ် အားထုတ်ရမည်ဟု ဟောတော်မူရကား မဂ်,ဖိုလ်ရမှုအတွက်ချည်း တိုက်

www.dhammaransi.com

တွန်းတော်မူသောကြောင့် 'သမ္မာဝါယာမ'မဂ္ဂင်ချည်းသာ ဖြစ်လေသည်၊ ရုပ်,နာမ်,ခန္ဓာနှင့် ရင်နှီးရန် တလုံးမျှ ဟောတော်မမူခဲ့ပေ။

မြတ်စွာဘုရား၏ တိုက်တွန်းချက်မှာ-သတ္တဝါ, ဝေနေယျ တို့၏ အကျိုးကို အလွန်လိုလားတော်မူကြောင်း ထင်ရှားသည်၊ သို့အတွက်....

ချစ်သားတို့-ငါသည် သဗ္ဗညုတ ဉာဏ်တော်ဖြင့် ကောင်းစွာ သိမြင်ပြီး ဖြစ်သောတရားကို ထင်ရှားအောင်,ပေါ်လွင်အောင်, သိသာအောင်, အမျိုးမျိုးဟောခဲ့သည်၊ သို့ဖြစ်၍ ငါဘုရားသာသနာကို ပင်ကိုစိတ်ရင်းနှင့် ယုံကြည်သူ အမျိုးကောင်း သား,သမီးမှန်သမျှသည် လုံ့လဝီရိယ ကြီးမားစွာ ထား၍ မရမနေ အရေ-အသွေး ခန်းခြောက် စေကာမူ အားထုတ်အပ်သော ငါ၏ သမ္မပ္ပဓာန်,သမ္မာဝါယာမလုံ့လကို မလျှော့ဟူ၍ စိတ်ထားရမည်။

စသည်ဖြင့် ဟောတော်မူပြီး အဆုံးသတ်တွင်....

ချစ်သားတို့-ပျင်းရိသောသူသည် ဆိုးယုတ်ကုန်သော အကုသိုလ်တရားတို့နှင့် ရောပြွမ်းသည် ဖြစ်၍ ဆင်းရဲစွာ နေရ၏၊ ကြီးမားလှစွာသော မိမိအကျိုးကိုလည်း ဆုတ်ယုတ်စေ၏၊ချစ်သားတို့-ထက်သန်သောလုံ့လ ရှိသူသည်ကား-ဆိုးယုတ်ကုန်သော အကုသိုလ် တရားတို့မှလည်း ကင်းဆိတ်သည်ဖြစ်၍ချမ်းသာစွာနေရ၏၊ကြီးမားလှစွာသောမိမိအကျိုးကိုလည်း ပြည့်စုံစေ၏၊ ချစ်သားတို့ ယုတ်နိမ့် ညံ့ဖျင်းသော လုံ့လဖြင့် မြင့်မြတ်သောအရဟတ္တဖိုလ်ကိုမရနိုင်၊ အားထုတ်သဖြင့်မြတ်သောလုံ့လ ဖြင့်သာလျှင် မြင့်မြတ်သော အရဟတ္တဖိုလ်ကို ရနိုင်၏၊ ချစ်သားတို့- ထို့ကြောင့် ဤငါဘုရားအဆုံးအမသာသနာတော်၌ မရမနေ ဟူသော သမ္မပ္ပဓာန် လုံ့လဝီရိယကို ပြင်းစွာထား၍ အားထုတ်ကြကုန်လော့၊

(နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဒု ဒသဗလသုတ် ၂၆၇-မြန်မာပြန်ချက်)

လူပျင်းသာသနာ မဟုတ်

မိမိအကျိုး လိုသူသည် မပျင်းအပ်၊ ပျင်းလျှင်, အားမထုတ်ချင်လျှင် မိမိစိတ်သည် အကုသိုလ်နှင့် ရောနှော နေမည်ဖြစ်၍ မိမိအကျိုးဆုတ်ယုတ်မည်၊ အားမထုတ်ချင်၍ ပျင်းနေသောသူအား မြင့်မြတ်သော အရဟတ္တဖိုလ်ကို လုံးဝမရနိုင်၊ အရဟတ္တဖိုလ်ကဲ့သို့ မြတ်သောတရားကို မြင့်မြတ်သော လုံ့လဝီရိယရှိသူတို့သာ ရနိုင်ကြောင်း၊ ထို့ကြောင့် 'ချစ်သားတို့-သင်တို့သည် လုံ့လဝီရိယ

www.dhammaransi.com

ရှိသော ငါဘုရား၏ သာသနာတော်တွင် အပျင်းမထူပဲ သမ္မပ္ပဓာန်လုံ့လ ဝီရိယဖြင့် အားထုတ် ကြကုန်လော့-ဟု ကိုယ်တော်တိုင် ပါဠိတော်တွင် ဟောတော်မူသည်၊ထိုဟောတော်မူချက်ကို အဋ္ဌကထာကရှင်းပြသည်မှာ....

ဣမသ္မိံ သာသနေ ယော ကုသီတော ပုဂ္ဂလော၊ သော ဒုက္ခံ ဝိဟရတိ။

ဗာဟိရသမယေ ပန ယော ကုသီတော၊သော သုခံ ဝိဟရတိ။

အာရဒ္ဓ ဝီရိယော ပုဂ္ဂလော ဣမသ္မိံ ယေဝ သာသနေ သုခံ ဝိဟရတိ။

ဗာဟိရသမယေ ပန ယော အာရဒ္ဓဝီရိယော၊ သော ဒုက္ခံ ဝိဟရတိ။ (နိဒါနဝဂ္ဂဋ္ဌကထာ ၄၇)

ဣမသ္မိံသာသနေ၊ ဤ ဗုဒ္ဓမြတ်စွာ သာသနာတော်၌။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ကုသီတော၊ တရားအလုပ်အားမထုတ်ပဲ ပျင်း၏။ သောပုဂ္ဂလော၊ထိုလူပျင်းသည်။ဒုက္ခံ၊ပင်ပန်းဆင်းရဲစွာ။ဝိဟရတိ၊နေရ၏။ ပန၊ အားမထုတ်လိုပဲ ပျင်းသဖြင့် ဆင်းရဲစွာ နေရသည်မှ တပါး အားမထုတ်လိုပဲ ပျင်းသဖြင့် ချမ်းသာစွာနေရသည်ကိုပြဦးအံ့။ဗာဟိယ သမယေ၊ဗုဒ္ဓမြတ်စွာသာသနာမှအပြင်အပ တိတ္ထိယတို့၏နေရာဌာန၌။ ယောပုဂ္ဂလော၊ တိတ္ထိဂိုဏ်းသား ပရိဗိုဇ် အများသည်။ ကုသီတော၊ စွမ်းအင်မထုတ် လုံ့လဆုတ်၍ ဉာဏ်ယုတ်ချွတ်ယွင်း အလွန်ပျင်း၏။ သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။သုခံ၊လုပ်သမျှလျှင် ဒုက္ခပင်ဟု လူတွင် ဝေါဟာ ပျင်းသက်သာစွာ။ ဝိဟရတိ၊နေရ၏။

ဣမသ္မိံယေဝသာသနေ၊ ဗုဒ္ဓမြတ်စွာ ဤ သာသနာတော်၌သာလျှင်။ ယောပုဂ္ဂလော၊ ဦးမဲ့-ဦးဖြူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ အာရဒ္ဓ ဝီရိယော၊တသာသနာ ကြုံကြိုက်ခါတွင် သံသရာဒုက္ခချုပ်ပြတ်ရအောင် ကြံဆောင်မယုတ် လွန်အားထုတ်၏။ သောပုဂ္ဂလော၊ လသာခိုက်တွင် ဗိုင်းငင့်ချင်လို ထိုပုဂ္ဂိုလ်သည်။ သုခံ၊ လောကသံသရာ ထိုနှစ်ဖြာတွင် ပူစရာနတ္ထိ ဘေးမရှိ၍ပကတိချမ်းသာစွာ။ ဝိဟရတိ၊ နေရ၏။ပန၊အား ထုတ်မမှန်ဆင်းရဲဟန်ကား။ဗာဟိရသမယေ၊ သာသနာပ ဗာဟိရတိတ္ထိ တို့၏ဝါဒတည်ရာ သာသနာ၌။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အာရဒ္ဓဝီရိယော၊ ခရင့်ပံ့မီးလှုံ့တုံးခုန့်ဇယ်ချ ငါးဝအပူ ကိုယ်မှုညှဉ်း

www.dhammaransi.com

ပန်း နှိပ်စက်ခဏ်းဖြင့် အရမ်းဉာဏ်ကင်း အားထုတ်ပြင်း၏။ သော ပုဂ္ဂလော၊ ခွေးကျင့်နွားကျင့် ခြိုးခြံကျင့်တိုင်း အကျင့်ဟူက နိဗ္ဗာန်ရဟု ပညာချွတ်ယွင်း အသိကင်းသော ထိုပုဂ္ဂိုလ်သည်။ ဒုက္ခံ၊လောကတွင်လဲ လွန်ဆင်းရဲလျက်သေမြဲနေခဲ့သည်လည်း ဆင်းရဲကြီးစွာ။ ဝိဟရတိ၊နေရ၏။

ဤကဲ့သို့အဋ္ဌကထာပြရာတွင် သတိထားအပ်သည်ကား လုံ့လဝီရိယရှိတိုင်း နေရာတကာတွင် ကောင်းသည်မဟုတ်ကြောင်း အသိပညာ ကင်းသော လုံ့လပြုမှုသည် အကျိုးယုတ်ဖို့ချည်းဖြစ်ကြောင်း ဖော်ပြထားသည်၊ မြတ်စွာဘုရားသည် ဤ မဂ္ဂင်လမ်းကို တီထွင်ဟောကြားရာ၌ အင်္ဂါရှစ်ပါး ရှိသော အရိယာမဂ်တခုစီတွင် 'သမ္မာ'ဟူသောပုဒ်ကို ထည့်၍ ထည့်၍ သာလျှင် ဟောတော်မူသည်ကား....လုံ့လဝီရိယ သာမန်မဟုတ်၊'မှန်သောလုံ့လဝီရိယ'ဖြစ်စေရန် ပညာပါရန် ဟောတော်မူခြင်းဖြစ်သည်။

အလောင်းတော်၏ ပညာကင်းသောလုံ့လ

ပညာကင်းသော,အသိအမှန် မပါသော လုံ့လမျိုး,ဝီရိယမျိုးသည် 'သမ္မာဝါယာမ'မဂ္ဂင်မဟုတ်ပေ၊သမ္မာဝါယာမမဂ္ဂင်မဖြစ်က လောကုတ္တရာမဂ်မရနိုင်ပေ၊အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် တောထွက်၍ သင်္ကန်းဝတ်လျက် ဥရုဝေလတောအရပ်တွင် ၆-နှစ် တိုင်တိုင် ပဲနောက်ရည် တင့်စာမျှ အထိ အစာဆို၍စားသည်ဆိုရုံစား၍ မအိပ်မနေ လက္ခဏာတော်များ ပျောက်အောင် အကြီးအကျယ် ဆင်းရဲပင်ပန်းစွာ သူတကာတို့ ပြုနိုင်ခဲသော'ဒုက္ကရ'အကျင့်မျိုးကို ကျင့်ခဲ့သည်။

သို့ရာတွင် ကျင့်လမ်းမမှန် မှန်ကန်စွာသိရမည့် အသိပညာ ကင်းသဖြင့် တမဂ်,တဖိုလ်မှမရပဲ....

ဒုက္ကရကာရိတာယ အနုတ္တသံဟိတာယ။

'ဆင်းရဲခံ၍ ကျင့်သမျှ ငါ့အား အကျိုးမဲ့ အချည်းနှီးပါတကား'

ဟုပင် ညည်းညူခဲ့ရလေသည်။

ရင်းနောက် ဥရုဝေလတောမှဖဲခွာခဲ့၍ သေနာနိဂုမ်းသို့ ရောက်ပြီး အားထုတ်ပြန်သော်လည်းထွက်လေ,ဝင်လေသွားနိုင်သည့်အသက်ရှူပေါက်အားလုံးကို ပိတ်ဆို့လျက် ပြင်းထန်စွာ အားထုတ်လေသည်၊ ထိုအခါတွင် ထွက်လေ, ဝင်လေတို့သည် ပေါက်ထွက်, လေ ၎င် မရနိုင်သဖြင့် (ဦးခေါင်းဝမ်းဗိုက်စသော)အတွင်းသို့ အတင်းဝင်ရောက် ထိုးလေတော့ရာ ပြင်းထန်

www.dhammaransi.com

စွာ'ခေါင်းကိုက်ခြင်း,ဝမ်းဗိုက်ကွဲမတတ်လေထိုးခြင်း'စသော ဆင်းရဲတို့သာ တွေ့ကြုံခံစားရသောအခါ....

'ငါ့အား အသိပညာကင်းသော အားထုတ်ခြင်းဖြင့် ငါ သိလိုသော တရားကို အရိပ်အရောင်မျှပင် မသိရသည့်သာမက ထို အားထုတ်ခြင်း ကြောင့်ဖြစ်သော ခါးစပ်ကြမ်းထမ်းသော(ဒုက္ခဝေဒနာ)ဆင်းရဲခံစား မှုသာ တွေ့ကြုံခံစားရသည်'

ဟု ညည်းညူရပြန်လေသည်။

(ဤကား မဇ္ဈိမပဏ္ဏာသပါဠိတော် ဗောဓိရာဇသုတ် နှင့် သင်္ဂါရဝ သုတ်တို့တွင်ဟောထားသည်ကို အနည်းငယ်ထုတ်နုတ်ပြခြင်းဖြစ်ပါသည်)။

ဤနမူနာကိုလေ့လာကြည့်ပါ၊ ယခုဘဝတရားရပြီး ဘုရားဖြစ်မည့် အလောင်းတော်သည်ပင်လျှင် အသိပညာ အခြေမခံသော အားထုတ်မှု မျိုးဖြင့် မည်သည့်မဂ်,ဖိုလ်တရားမှ မရနိုင်လေသောကြောင့် လုံ့လဝီရိယ ထား၍ အားထုတ်ရာတွင် 'သမ္မာဝါယာမ'သည် အထူးပင် အရေးကြီးပေ သည်၊ အားထုတ်သည်ဆိုတိုင်း, ဆင်းရဲဒုက္ခ ပေတော၍ ခံနိုင်သည်ဆိုတိုင်း သမ္မာဝါယာမ မဟုတ်ပုံကို သတိထားရာသည်။

ပစ္စည်း လေးပါး ခွင့်ပြုခြင်းမှာ သတိပဋ္ဌာန်အဋ္ဌကထာတို့ တိုက်တွန်းချက်မှာ-ဤ သာသ နာတော်၌ ပျင်းရိသောပုဂ္ဂိုလ်သည် လောကုတ္တရာတရား ကိုးပါးကိုရခြင်းငှာ မတတ်ကောင်း၊ အားထုတ်အပ်သော လုံ့လဝီရိယရှိသော ပုဂ္ဂိုလ်သည်သာ လောကုတ္တရာတရားကိုးပါးကို ရခြင်း ငှာ တတ်နိုင်ကောင်း၏၊ ဤကိုးပါးသော လောကုတ္တရာတရားသည် လုံ့လ ဝီရိယ၏ ချီးမွမ်းအပ်သော အကျိုးပေတည်း၊ ဤသို့ လုံ့လ ၏ ချီး မွမ်း အပ်သော အကျိုးကို ရှုမြင်တတ်သော ယောဂီအား ဝီရိယသမ္ဗောဇ္ဈင် သမ္မာဝါယာမ မဂ္ဂင်တို့သည်ဖြစ်ကုန်၏၊ သင်သည် အလုံးစုံသော မြတ်စွာ ဘုရား,ပစ္စေကဗုဒ္ဓါ, မဟာသာဝကတို့သည် သွားရောက်အပ်သော ခရီးသို့ သွားရောက်အပ်, သွားရောက်သင့်, သွားရောက်ထိုက်၏။

ထို အလုံးစုံသော မြတ်စွာဘုရား, ပစ္စေကဗုဒ္ဓါ, မဟာသာဝကတို့ သွားရောက်အပ်သော ခရီးသည်လည်း ပျင်းရိသောပုဂ္ဂိုလ်သည် သွား ရောက်ခြင်းငှာ မတတ်ကောင်း၊ ဤသို့ ယောဂီသည် ဝဋ်ဆင်းရဲမှ ထွက် မြောက်ခြင်းငှာ သွားရောက်အပ်သော ပုဗ္ဗဘာဂနှင့်တကွသော ဝိပဿနာ

www.dhammaransi.com

အရိယာမဂ်အစဉ်ကို ဆင်ခြင်သော ယောဂီအားလည်း ဝီရိယသမ္ဗောဇ္ဈင်, သမ္မာဝါယာမ မဂ္ဂင်တို့သည် ဖြစ်ကုန်၏။

ယေ တံ ပိဏ္ဍပါတာဒီဟိ ဥပဋ္ဌဟန္တိ။လ။မဟပ္ဖလတံ ပစ္စာသီသမာနာ ဒေန္တိ။

ယေမနုဿာ၊အကြင်လူတို့သည်။ တံ၊ သင့်ကို။ ပိဏ္ဍပါတာဒီဟိ၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး တို့ဖြင့်။ ဥပဋ္ဌဟန္တိ၊ လုပ်ကျွေး လှူဒါန်းကြကုန်၏။ တေမေမနုဿာ၊ ဤလူတို့သည်။ တေ၊ သင်၏။ နေဝဉာတကာ၊ ဆွေမျိုးလည်း မဟုတ်ကြကုန်။ နဒါသကမ္မကရာ၊ ကျွန်အမှုလုပ်လည်း မဟုတ်ကြကုန်။ မယံ၊ ငါတို့သည်။ တံဘိက္ခုံ၊ ထိုရဟန်းကို။ နိဿာယ၊ အမှီပြုကုန်၍။ ဇီဝိဿာမ၊ အသက်မွေးကြကုန်တော့အံ့။ ဣတိမနသိကတွာ၊ ဤသို့နှလုံးသွင်းကုန်၍။ တေ၊သင့်အား။ ပဏီတာနိ၊မွန်မြတ်ကုန်သော။ စီဝရာဒီနိ၊ သင်္ကန်းအစရှိသည်တို့ကို။ နာပိဒေန္တိ၊ ပေးလှူကြသည်လည်း မဟုတ်ကုန်။ အထခေါ၊ အဟုတ်အမှန် သော်ကား။ အတ္တနော၊ မိမိ၏။ ကာရာနံ၊ ပြုအပ်သော ကောင်းမှုတို့၏။ မဟပ္ဖလတံ၊ များသောအကျိုးရှိသည်တို့၏အဖြစ်ကို။ ပစ္စာသီသမာနာ၊ မြော်လင့်တောင့်တကြကုန်သည်။ ဟုတွာ၊ဖြစ်၍။ ဒေန္တိ၊ ပေးလှူကြကုန်၏။

အဋ္ဌကထာဆရာသည် သံသရာဝဋ္ဋ်ဆင်းရဲမှထွက်မြောက်ရန် ရဟန်းပြုလျက် ပြည်သူတို့၏ ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး ပစ္စည်းလေးပါးတို့ကို သင့်အား ပေးလှူကြသည်မှာ တကာ,တကာမတို့သည် သင်၏ ဆွေရင်းမျိုးချာ မကင်းရာမကင်းကြောင်းတို့လည်းမဟုတ်၊ သင်ရဲ့ ကျေးကျွန်အလုပ်အကျွေးတို့လည်းမဟုတ်ကြကုန်ဘဲလျက် သင့်ကိုအမှီသဟဲပြု၍,အကြောင်းပြု၍ အသက်မွေးဝမ်းကြောင်းပြုကြမည်ဟု နှလုံးသွင်းသဖြင့် ဤ မွန်မြတ်သော ပစ္စည်းလေးပါးတို့ကို ပေးလှူနေကြသည်လည်း မဟုတ်ပေ။

တကယ်အဟုတ်အမှန်ကား လှူဒါန်းကြသော မိမိတို့၏ပြုအပ်သော ကောင်းမှုတို့ အကျိုးကြီးမားသည်ကို တောင့်တ၍, မြော်လင့်၍ လှူဒါန်းကြခြင်းသာ ဖြစ်ရကား သင်တို့ကလည်း အကျိုးပေးသန်သော မြတ်သော အလှူခံမြတ်'ဒက္ခိဏေယျ'ဖြစ်အောင် လုံ့လဝီရိယထား၍ကြိုးစားအားထုတ်သင့်ပုံကို အမှန်သဘောအတိုင်း တိုက်တွန်းပြီးမှ ဆက်လက်၍ မြတ်စွာဘုရားကလည်း....

www.dhammaransi.com

အယံ ဣမေ ပစ္စယေ ပရိဘုဉ္ဇိတွာ ကာယဒဠှိဗဟုလော သုခံ ဝိဟရိဿတီတိ န ဧဝံ သမ္ပဿတော တုယှံ ပစ္စယေ အနုညာတာ ။လ။အာရဒ္ဓ ဝီရိယဿေဝ ဟိ ပိဏ္ဍပါတာပစာယနံနာမ။

အယံဘိက္ခု၊ ဤရဟန်းသည်။ ဣမေဝပစ္စယေ၊ ဤ ပြည်သူတို့၏ပစ္စည်းတို့ကို။ ပရိဘုဉ္ဇိတွာ၊ သုံးဆောင်၍။ ကာယဒဠှိဗဟုလော၊ များသော ကိုယ်ကို မြဲမြံတည်တံ့ အရှည်ခံအောင်ပြုခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ သုခံ၊ ချမ်းသာစွာ။ ဝိဟရိဿတိ၊ နေရလိမ့်လတ္တံ့။ ဣတိဧဝံ၊ ဤသို့။ သမ္ပဿတော၊ ကောင်းစွာမြင်သည်ဖြစ်၍။ တုယှံ၊ သင့်အား။ ပစ္စယာ၊ ပစ္စည်းလေးပါးတို့ကို။ နအနုညာတာ၊ ခွင့်ပြုတော်မူအပ်သည်မဟုတ်ခဲ့။ အထခေါ၊ အဟုတ်အမှန်သော်ကား။ အယံဘိက္ခု၊ ဤရဟန်းသည်။ ဣမေပစ္စယေ၊ ဤ ပစ္စည်းလေးပါးတို့ကို။ ပရိဘုဉ္ဇမာနော၊ သုံးဆောင်လျက်၊ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကတွာ၊ ပြု၍။ ဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်မှ။ မုစ္စိဿတိ၊ လွတ်လိမ့်လတ္တံ့။ ဣတိမနသိကတွာ၊ ဤသို့ နှလုံးသွင်း၍။ တေ၊ သင့်အား။ ပစ္စယာ၊ ပစ္စည်း လေး ပါး တို့ကို။ အနုညာတာ၊ ခွင့်ပြုတော်မူအပ်ကုန်၏။ ဒါနိ၊ ယခုအခါ၌။ သောတွံ၊ ထို သင်သည်။ ကုသီတော၊ ပျင်းသည်။ ဟုတွာ၊ ဖြစ်၍။ ဝိဟရန္တော၊ နေသည်ရှိသော်။ တံပိဏ္ဍပါတံ၊ထိုပြည်သူတို့၏ဆွမ်းကို။ နအပစာယိဿတိ၊ လုပ်ကျွေး ပူဇော် နိုင်လိမ့်မည် မဟုတ်။ ဟိ၊ အဟုတ်အမှန်ကား။ အာရဒ္ဓဝီရိယဿေဝ၊ အားထုတ် အပ်ပြီးသော ဝီရိယရှိသည်သာလျှင် ဖြစ်သော။တေ၊သင်၏။ ပိဏ္ဍပါတာပစာယနံနာမ၊ပြည်သူတို့၏ဆွမ်းကို ပူဇော်ခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိဧဝံ၊ ဤသို့။ ပိဏ္ဍပါတ ပစာယနံ၊ ပြည်သူတို့၏ ဆွမ်းပူဇော်ခြင်းကို။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင် သော။ဘိက္ခုနောပိ၊ရဟန်း၏လည်း။အယျမိတ္တထေရဿဝိယ၊အယျမိတ္တ ထေရ်၏ ကဲ့သို့တည်း။

(မဟာဝဂ္ဂဋ္ဌကထာ-၃၇၉။ မူလပဏ္ဏာသဋ္ဌကထာ—၂၉၇။ သမ္မောဟဝိနောဒနီအဋ္ဌကထာ- ၂၆၅)မှ လုံးဝ မြန်မာပြန်သည်။

အမွေကို ယူတတ်သူ အဋ္ဌကထာဆရာက တနည်းတဖုံညွှန်ပြ၍ တိုက်တွန်း ပြန်သည်၊အရိယာတို့၏ ဥစ္စာတို့သည် ခုနစ်ပါးရှိပေ သည်၊ထိုအရိယာတို့၏ဥစ္စာခုနစ်ဖြာဟူသည် မြတ်စွာဘုရား၏ပေးအပ်သော

www.dhammaransi.com

အမွေဖြစ်ပေသည်၊ ထိုအမွေကို ပျင်းရိသောပုဂ္ဂိုလ်သည် မခံယူထိုက်ပေ၊ ဥပမာအားဖြင့် မိဘတို့၏မျိုးရိုးဂုဏ်သိရ်ကို ညှိုးမှိန်အောင်ပြုသော အကျင့်ပျက်ပြားသားဆိုးသားမိုက်အားမိဘတို့က 'အယံ အမှာကံ အပုတ္တော'ဤသူသည် ငါတို့၏သားမဟုတ်-ဟူ၍ အမွေပြတ်ကျေညာ၍ ကြဉ်ဖယ်ထားသကဲ့သို့ မိဘတို့ သေလေသောအခါ၌လည်း 'ဒါယဇ္ဇံ နလဘတိ' အမွေကိုမရတော့ပေ၊ ထို့အတူ ဤ သာသနာတော်၌ မြတ်စွာဘုရား တည်းဟူသော မိဘ၏ အမူအကျင့်စရိုတ်ကို မလိုက်မပ၊ ပျင်းရိနွဲ့ချာသောသားအား အရိယာ အဖြစ်ရောက်မှုရအပ်သော ဘုရားအမွေတော်ကို လုံးဝရပိုင်ခွင့်, ခံစားပိုင်ခွင့် မရှိပေ၊ မိဘတည်းဟူသော မြတ်စွာဘုရား၏ အမူအကျင့် စရိုတ်တူသော အားထုတ်လုံ့လဝီရိယရှိသော သားလိမ္မာသည်သာ အရိယာတို့၏ ခံစားအပ်သော,မြတ်စွာဘုရားပေးအပ်သောအမွေကို ယူတတ်သောပုဂ္ဂိုလ်မြတ်ဖြစ်စေရန် သမ္မပ္ပဓာန် လုံ့လ, သမ္မာဝါယာမဖြင့် ကြိုးစားထိုက် ပေကြောင်း။

ကြီးမြတ်သောဘုရား၏ တပည့် ထို့ပြင်တနည်း သင်၏ဆရာ မြတ်စွာဘုရားသည် ကြီးကျယ်များမြတ် ပူဇော်အပ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပေတည်း၊ သင်၏ဆရာ ဘုရားမြတ်စွာသည် မယ်တော်ဝမ်း၌ ပဋိသန္ဓေတည်နေတော်မူရာအခါ၌ရင်း, တောထွက်တော်မူရာ အခါ၌ရင်း, သစ္စာလေးပါး သိတော်မူရာအခါ၌ရင်း, ဓမ္မစကြာတရား ဟောတော်မူရာ, ရေမီးအစုံ တန်ခိုးပြာဋိဟာပြတော်မူရာ, တာဝတိံသာနတ်ပြည်မှ သင်္ကာသပြည်သို့ သက်ဆင်းတော်မူရာ, အာယုသင်္ခါရ လွှတ်တော်မူရာ, ပရိနိဗ္ဗာန်စံတော်မူရာ အခါကာလတို့၌ တသောင်းသောလောကဓာတ်သည် တုန်လှုပ်ခဲ့ရလေပြီ၊ သင်သည် ဤသို့သော ဘုရားမြတ်၏ တပည့်ဖြစ်ပါလျက် ဘုရားမြတ်၏ အဆုံးအမ သာသနာတွင် နာခံလိုကြောင်း ခွင့်ပန်တောင်းကာ ရှင်ရဟန်းပြုခဲ့ပါလျက် ပျင်းရိနေ၍သင့်မြတ်မည်မဟုတ်၊ ဘုရားမကြိုက်ပေ၊ ဤသို့ဆရာဖြစ်သော မြတ်စွာဘုရား၏ ကြီးကျယ်မြင့်မြတ်သောဂုဏ်တော်ကို ဆင်ခြင်သော အားဖြင့်လည်း သမ္မာဝါယာမ ကြီးလုံ့လဖြင့် ကြိုးစားအားထုတ်သင့်ပေကြောင်း။

www.dhammaransi.com

မြင့်မြတ်သော အမျိုးဇာတ်

သင်သည် ယခုအခါ၌ အမျိုးဇာတ်အားဖြင့်လည်း ယုတ်ညံ့ အောက်ကျသော အမျိုးဇာတ် မဟုတ်ပေ၊ တပါးသော မင်းတို့နှင့် မရောနှောသော မဟာသမ္မတမင်း၏ အဆက်မှ လာသော ဥက္ကာကမင်းမျိုး၌ ဖြစ်၏၊ သင်သည် သုဒ္ဓေါဒနမင်းနှင့် မဟာမာယာမိဖုရားတို့၏ မြေးတော်ဖြစ်၏၊ အရှင် ရာဟုလာ၏ ညီတော်ဖြစ်၏၊ သို့ဖြစ်၍ သင်သည် ဤသို့သဘောရှိသော မြတ်စွာဘုရား၏ သားတော် ဖြစ်ပါလျက် ပျင်းရိသဖြင့် သာသနာအလုပ် အားမထုတ်ဘဲနေ၍ သင့်လျော်ပါမည်လော၊ ယင်းသို့ အမျိုးဇာတ်ကို ဆင်ခြင်သောအားဖြင့်လည်း သမ္မာဝါယာမ ကြီးလှုံ့လဖြင့် ကြိုးစားအားထုတ်သင့်ပေကြောင်း။

မြတ်သော သီတင်းသုံးဖော်

သင်၏နောင်တော် အရှင်သာရိပုတ္တရာ-အရှင်မောဂ္ဂလ္လာန်တို့သည်၎င်း, ရှစ်ဆယ်သော မဟာသာဝကတို့သည်၎င်း ကြီးစွာသောလှုံ့လဝီရိယဖြင့်သာလျှင် လောကုတ္တရာတရားတို့ကို ထိုးထွင်း၍သိကြကုန်ပြီ၊ ဤ နောင်တော်ဖြစ်သောအရှင်သာရိပုတ္တရာစသည်တို့သည် သင်၏ မြတ်သော သီတင်းသုံးဖော်တို့ပင်တည်း၊ ထို အရှင်တို့၏သွားရာမဂ်လမ်းခရီးသို့ သင်သည်သွားနိုင်အံ့လော, မသွားနိုင်အံ့လော၊ ဤသို့ စဉ်းစားဆင်ခြင်လျက် သမ္မာဝါယာမဖြင့် လှုံ့လမယုတ် ကြိုးစားအားထုတ်သင့်ပေကြောင်း။

ဤသို့စသော နည်းမျိုးစုံအားဖြင့် အထက်ပါ အဋ္ဌကထာဆရာ၏ တိုက်တွန်းသတိပေးချက်တို့ကို တဆက်ထည်းပင် လေ့လာနိုင်ရန် မြန်မာပြန်၍ ဖော်ပြပါသည်။

တရားအလုပ်အားထုတ်ရာတွင် ဝတ်ကျေတန်းကျေအနေနှင့် အားထုတ်၍ မရ၊ မိမိသည် လောကပညတ်နယ်မှ လုံးဝလွတ်၍ လောကုတ္တရာ ပရမတ်နယ်သို့ရောက်ရန်[တနည်း]ပညတ်လောကသိမှုပရမတ်လောကုတ္တရာ အသိသို့ပြောင်းရန်အလုပ်ဟု,သဘောပေါက်ရန်လိုသည်၊ထိုအသိရမှုအတွက် ခန္ဓာနှင့် ရင်းနှီးရသည် မဟုတ်၊ ဉာဏ်အသိနှင့် ရင်းနှီးရသောကိစ္စဟုလည်း အမှန်သိရန် လိုသည်၊ ထို အသိမှန်သိနိုင်ရန်,ပြောင်းနိုင်ရန် မိမိမှားယွင်းစွာ အမှတ်မှားမှု, အသိမှားမှု, အစွဲမှားမှုတို့ လုံးဝ ကျွတ်လွတ် စေရေးသည် ခန္ဓာကိုသိသော ဉာဏ်၏ အရေးသာ ဖြစ်၏၊ ခန္ဓာရုပ်,နာမ်သည် ဉာဏ်၏ လေ့ကျင့်ခဏ်းဆင်းရာ 'လေ့ကျင့်ကွင်း' သာ ဖြစ်လေသည်။

www.dhammaransi.com

ထိုဉာဏ်ရင့်အောင် လေ့ကျင့်ရာ၌ 'ပညတ်သိမှ-ပရမတ်သိ' ဖြစ်ရန် (ဝါ) ပရမတ်အသိ ပြောင်းရန် ကိစ္စသည်- သေးငယ်သောအသိဉာဏ်နှင့် ပြောင်းနိုင်သည်မဟုတ်၊ ရုပ်နာမ်ပရမတ်သဘောတရားကွင်းသို့အကြိမ်ကြိမ် အလီလီ လေ့လာကွင်းဆင်းထားသော ဉာဏ် အသိများအောင်, ရင့်အောင် လေ့ကျင့်ပြီး၍အ... ...ာစွာပြောင်းသွားရန် အားကြီးသောသမ္မပ္ပဓာန် သမ္မာဝါယာမ...ကြ... ...အပ်လေသည်၊ ယင်းသို့သောသဘောမျိုးကို-

> အပ္ပကေန ဝီရိယဗလေန နယိဒံ နိဗ္ဗာနံ အဓိဂန္တဗ္ဗံ၊ မဟန္တေနေဝ ပန စတုဗ္ဗိဓသမ္မပ္ပဓာနဝီရိယေန ပတ္တဗ္ဗံ။
>
> (ထေရဂါထာအဋ္ဌကထာ-၄၉၁)

အပ္ပကေန၊ လူမြင်ကောင်းရုံအနည်းငယ်မျှသော။ ဝီရိယဗလေန၊ လုံ့လ အားဖြင့်။ ဣဒံနိဗ္ဗာနံ၊ ဤ ခန္ဓာ ဇာတ်သိမ်း ငြိမ်းသောသဘောကို။ နအဓိဂန္တဗ္ဗံ၊ မရသင့် မရထိုက် မရကောင်းပေ။ ပန၊ မရသည်မှတပါး ရသည်ကို ဆိုဦးအံ့။ မဟန္တေနေဝ၊ ကြီးသည်သာလျှင် ဖြစ်သော။ စတုဗ္ဗိဓသမ္မပ္ပဓာန ဝီရိယေန၊ အင်္ဂါလေးပါးရှိသော သမ္မပ္ပဓာန် လုံ့လ ဝီရိယဖြင့်။ ဣဒံနိဗ္ဗာနံ၊ ဤ ခန္ဓာဇာတ်သိမ်း ငြိမ်းသောသဘောကို။ ပတ္တဗ္ဗံ၊ ရအပ် ရောက်အပ်သည်။ ဟောတိ၊ ဖြစ်၏။

အလောင်းတော်၏ လုံ့လဝီရိယ

မြတ်စွာဘုရားသည် တပည့် သား သာ ဝ က တို့ကိုသာ သမ္မာဝါယာမအားဖြင့် သမ္မပ္ပဓာန် လုံ့လဝီရိယထားရှိရန် ဟောညွှန်သည်မဟုတ်၊ကိုယ်တော်တိုင်လည်း လုံ့လ ဝီရိယကြီးစွာထား၍ အားထုတ်သဖြင့် ဘုရားဖြစ်လာရကြောင်း သိရန်မှာ အလောင်းတော်သည် မှားယွင်းစွာကျင့်ခဲ့သော ဒုက္ကရအကျင့်ကိုစွန့်ခွါကာ သေနာနိဂုမ်းသို့ရောက်ပြီးနောက် သုဇာတာသူဌေးကတော်သည် ကပ်လှူအပ်သော နို့ဃနာဆွမ်းကိုဘုဉ်းပေးတော်မူပြီးလျှင် သမထအားဖြင့် သမာပတ် ရှစ်ပါးကိုဝင်စားတော်မူပြီးနောက် နေ့အချိန်လွန်မြောက် ညချမ်းအချိန်သို့ ရောက်လတ်သော် မဟာဗောဓိမဏ္ဍိုင်သို့ရွေးရှုကြွတော်မူလျက် သောတ္ထိယ လှူအပ်သော မြက်ရှစ်ဆုပ်ကို ထိုင်ရန် နေရာအတွက် ကြဲဖြန့်တော်မူသော အခါ ထိုင်ရန်ပလ္လင်တော်ကိုရသဖြင့် ထိုပလ္လင်ထက်၌ထိုင်နေတော်မူလျက်-

www.dhammaransi.com

နတွေဝ ပါဟံ သမ္မာသမ္ဗောဓိံ အပ္ပတွာ ဣမံ ပလ္လင်္ကံ ဘိန္ဒိဿာမီ'တိ
အသနိသတ သန္နိပါတေနပိ အဘေဇ္ဇရူပံ အပရာဇိတ ပလ္လင်္ကံ
အာဘုဇိတွာ နိသီဒိ။

(အပဒါနဋ္ဌကထာ-ပ ၇၅)နှင့် အလားတူ (သုတ္တနိပါတဋ္ဌကထာ-၁၁၉) အဟံ၊ငါသည်။ သမ္မာသမ္ဗောဓိံ၊အရဟတ္တမဂ်ဉာဏ်၊သဗ္ဗညုတဉာဏ်ကို။ အပ္ပတွာ၊ မရ-မရောက်ပဲ။ ဣမံပလ္လင်္ကံ၊ ဤ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေမှုကို။ နတုဧဝ ဘိန္ဒိဿာမိ၊ မည်သည့်နည်းနှင့်မျှ ဖျက်ဆီးလိမ့်မည်မဟုတ် သည်သာလျှင်တည်း။ ဣတိ၊ဤသို့။ အသနိသတသန္နိပါတေနပိ၊မိုးကြိုး အကြိမ်တရာပစ်ချသော်လည်း။ အဘေဇ္ဇရူပံ၊ မပြိုမကွဲနိုင်သော ကိုယ် တော်ကို။ အပရာဇိတပလ္လင်္ကံ၊ ရန်သူတို့သည် မအောင်နိုင်ရာသော တင်ပလ္လင်ကို။ အာဘုဇိတွာ၊ ဖွဲ့ခွေ၍။ နိသီဒိ၊ ထိုင်နေတော်မူပြီ။

ဤသို့လျှင် ညဦးယာမ်၌ ဒေဝပုတ္တမာရ်ကို အောင်တော်မူလျက် မိုးသောက်ယာမ်တွင်ဘုရားဖြစ်ကြောင်း (အားလုံးသိရှိပြီးကြပြီဖြစ်သည်)။

အလောင်းတော်၏ လုံ့လဝီရိယကို ကြည့်ပါ၊ 'ဘုရား မဖြစ်မချင်း ဤနေရာက ငါမထ'ဟူသည်မှာ သာမန်အားဖြင့်ကြည့်လျှင် 'မထသည်မှာ ခန္ဓာကိုယ်ဖြစ်သည်' ဟု ယူဆရန်ရှိသော်လည်း စင်စစ် 'ဘုရားဖြစ်အောင် ငါအားထုတ်မည်'ဟုဆိုလိုသည်၊ဘုရားဖြစ်ရန် ထက်သန်သောစိတ်၊ခန္ဓာ၏ သဘောမှန်ကိုသိရန် အားထုတ်သောလုံ့လဝီရိယ၊ အမှန်ပရမတ္ထသဘာဝကို သိနေသော ဉာဏ်တို့၏ ကိစ္စသာဖြစ်၍ ရုပ်,နာမ်ခန္ဓာ၏ ထိုင်ခြင်း, ထခြင်း မှာ အဓိကမဟုတ်ပေ၊အမှန်အတိုင်းအပြည့်အစုံပြောလိုက 'ဘုရားမဖြစ်လျှင် ဤနေရာက ငါမထ၊ ဘုရားဖြစ်အောင် လုပ်မည်'ဟုသာ ပြောရမည်၊ အဓိပ္ပာယ် မှန်ကန်အောင် ညှိနှိုင်းယူတတ်ဖို့ အလွန် အရေးကြီးပေသည် တကား။

ဘုရားရှိခိုးနည်း မြတ်စွာဘုရားသည် လုံ့လဝီရိယရှိခြင်းကို အလွန်နှစ်သက် တော်မူသည်၊ လုံ့လဝီရိယမရှိသူ, ပျင်းသူတို့ကို စက်ဆုပ် တော်မူသည်၊တခါတော့ မိထွေးတော်မဟာပဇာပတိဂေါတမီ ထေရီမကြီး သည် မြတ်စွာဘုရား၏ ကျေးဇူးတော် ဂုဏ်တော်တို့ကို တစိမ့်စိမ့်အောက်မေ့ တော်မူလျက် အလွန်ကြည်ညိုသောစိတ်တို့ဖိုဖိတ်လာသည်ဖြစ်၍ စိတ်နှလုံး ထဲတွင် ဖြစ်ပေါ်လာသော ပီတိအဟုန်ကြောင့် မြတ်စွာဘုရား ရှေ့တော် မှောက်သို့ သွားရောက်၍ အကြိမ်ကြိမ် ရှိခိုးဦးချပြီးသော် နှုတ်ကလည်း....

www.dhammaransi.com

စိရံ ဇီဝ မဟာဝီရ၊ ကပ္ပံ တိဋ္ဌ မဟာမုနိ။

'ကြီးသောလုံ့လ ရှိတော်မူသော မြတ်စွာဘုရား-အသက်ကြာရှည် တည်တော်မူပါစေ၊ မုနိဘွဲ့တင် ရှင်ပင်ဘုရား-အာယုကပ်တိုင်အောင် တည်တော်မူနိုင်ပါစေ'

ဟု ရှိခိုးဆုတောင်းလေသည်၊ ထိုအခါ မြတ်စွာဘုရားက....

နခေါ ဂေါတမိ တထာဂတာ ဧဝံ ဝန္ဒိတဗ္ဗာ။

'မိထွေးတော်-ငါတို့ကဲ့သို့သော ဘုရားကို ဤကဲ့သို့ ရှိမခိုးအပ်'

ဟု ပယ်မြစ်သောအခါ မိထွေးတော်က အဘယ်ကဲ့သို့ ရှိခိုးအပ်, ရှိခိုးသင့်သည်ကို မိန့်တော်မူပါဟု လျှောက်လေသော် မြတ်စွာဘုရားက....

အာရဒ္ဓဝီရိယေ ပဟိတတ္တေ၊နိစ္စံ ဒဠှပရက္ကမေ။

သမဂ္ဂေ သာဝကေ ပဿ၊ ဧသာ ဗုဒ္ဓါနဝန္ဒနာ။

အာရဒ္ဓဝီရိယေ၊ ထက်သန်သော အားထုတ်လုံ့လ ရှိကုန်သော။ ပဟိတတ္တေ၊ နိဗ္ဗာန်ရရန် ပြင်းထန်သော စိတ်ရှိကုန်သော။ နိစ္စံ၊အမြဲ။ ဒဠှပရက္ကမေ၊ ခိုင်ခံ့သော အားထုတ်မှုဝီရိယရှိကုန်သော။သမဂ္ဂေ၊အားထုတ်မှု၌ညီညွတ်ကုန်သော။သာဝကေ၊ တပည့်သာဝကတို့ကို။ ပဿ၊ရှုတော်မူစမ်းပါလော့။ဧသာ၊ဤသို့လုံ့လဝီရိယရှိသော သာဝကတို့ကို ရှုကြည့်တော်မူပါဟု ရှိခိုးခြင်းသည်။ ဗုဒ္ဓါနဝန္ဒနာ၊ လုံ့လဝီရိယ ဦးစားပေးထားသော မြတ်စွာဘုရားအား ရှိခိုးခြင်းမည်၏။

(အပဒါနပါဠိတော်-၂၁၂။ထေရီဂါထာပါဠိတော်-၃၉၇)

ဤသဘောကို ကြည့်လျှင် မြတ်စွာဘုရားသည် လုံ့လ ဝီရိယကို အဘယ်မျှ ဦးစားပေးထားသည်ကို ရှုမြင်နိုင်ကြသည်။

လုံ့လဝီရိယ ထူးချွန်သူများ မြတ်စွာဘုရား လက်ထက်တော်တွင် ကာဠစမ္ပါပြည်တွင် ဥပသူဌေးကြီး၏ သားသည် မွေးစကပင် ရွှေအဆင်းကဲ့သို့ နိဝင်းသော အသားအရေရှိလျက် လက်ဖဝါး, ခြေဖဝါး အပြင်တို့၌ လက်လေးသစ်ခန့် အမွေးရှည်များပေါက်လျက် အလွန်နူးညံ့သော သလေးစပါးခင်းကိုပင် ထိုသူဌေးသား သောဏ အတွက် သီးသန့်စိုက်ပျိုးထားရလေသည်၊ယင်းသောဏ၏ နူးညံ့သိမ်မွေ့သော အသားအရေရှိပုံတို့ကို ဗိမ္ဗိသာရမင်းပင် ကိုယ်တိုင်လာ၍ ကြည့်ရှုရလေသည်။

www.dhammaransi.com

တနေ့သော် ဗိမ္ဗိသာရမင်းသည် ကုဋေရှစ်ဆယ်စီ ကြွယ်ဝသော သူဌေးအပေါင်းခြံရံသျက်,မြတ်စွာဘုရားထံတရားနာလာရာ သောဏလည်း ပါလာသဖြင့် မြတ်စွာဘုရား တရားဟောသောအဆုံး၌ ရဟန်းပြုလိုသဖြင့် မိဘများထံ ခွင့်ပန်ပြီး ရဟန်းပြုကာ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူလျက် သီတဝန အမည်ရသော သုသာန်တွင် အလွန်ကြမ်းထမ်းသော မြေပေါ်၌ စင်္ကြံသွား၍ တရားအားထုတ်လေသည်။

ထိုအခါတွင် ရဟန်းတို့အား ဘိနပ်ခွင့်မပြုသေး၊ နူနယ်သော ခြေအစုံတို့သည် ပေါက်ကွဲကုန်လျက် သွေးချင်းချင်းနီသည့်တိုင်အောင် လုံ့လဝီရိယမလျှော့ပဲခြေတို့ဖြင့်မသွားနိုင်သောအခါ ဒူးထောက်,လက်ထောက်၍ စင်္ကြံသွားလျက် တရားအားထုတ်လေသည်။

နောက်အလွန်မတတ်နိုင်သော အခါမှ ထိုင်၍နေရာသို့ မြတ်စွာဘုရား ရောက်လာပြီးသော် 'ငါဘုရား၏ တရားတော်ဟူသည် ဤမျှဆင်းရဲခံ၍ ကျင့်ရသည်မဟုတ်၊ 'ဝီဏောဝါဒ'စောင်းကြိုးညှိတီးရသကဲ့သို့ မလျှော့လွန်း,မတင်းလွန်းသော မဇ္ဈိမပဋိပဒါ တရားတော်နှင့် ပြကာမှ တရားထူးရသွားလေသည်၊ နောင်အခါတွင် ဘွဲ့ထူး,ဂုဏ်ထူး ချီးမြှင့်ရာတွင်....

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အာရဒ္ဓဝီရိယာနံ ယဒိဒံ သောဏော ကောဠိဝိသော။

(အင်္ဂုတ္တရပါဠိတော်-ကေနိပါတ်-၂၄)

ချစ်သားတို့-အားထုတ်လုံ့လ ရှိကြကုန်သော ငါဘုရား၏ တပည့်သား သာဝက ရဟန်းတို့တွင် အကြင် သောဏကောဠိဝိသသည် ရှိ၏။ ထို သောဏကောဠိဝိသသည် အမြင့်အမြတ် အထူးချွန်ဆုံးတည်း။

ဟု လုံ့လဝီရိယထူးချွန်ဘွဲ့ ပေးတော်မူသည်။

ဝှင်းပြင် သာဝတ္ထိပြည်တွင် သူဌေးကြီးတဦး၏ ဇနီးသည်'သောဏာ' ဟု နာမည်ရှိသော်လည်း သားသမီးများသောကြောင့် 'ဗဟုပုတ္တိကာ' ဟု ခေါ်ကြလေသည်၊နောက်အခါတွင် သူဌေးကြီး ကွယ်လွန် သွားပြီးနောက် သားသမီးများက ရိုပစ္စည်းများကို အမွေတောင်းသဖြင့် အားလုံးခွဲဝေပေး ပြီးလျှင် နောက်ပိုင်း၌ သားသမီးများက မိခင်တယောက်ကိုပင် ထမင်း ကျွေးမွေးမထားချင်သော အခြေအနေရောက်သဖြင့် ဘိက္ခုနီမတို့ကျောင်း

www.dhammaransi.com

သွား၍ ဘိက္ခုနီလုပ်ပြီးလျှင် အလွန်အသက်အရွယ်ကြီးပြီဖြစ်ရကား ဆွမ်းခံပင် မလိုက်နိုင်သော အခြေအနေတွင် ဆွမ်းခံကြသော ဘိက္ခုနီမတို့၏ ဝတ်ကြီးဝတ်ငယ်ကိုပြုရန် ကျောင်း၌နေလျက် ရေခပ်ခြင်း, ရေနွေးတည်ခြင်းကိစ္စများကို ဆောင်ရွက်ရလေသည်၊ ညအခါ၌သာ တရားအားထုတ်ခွင့် ရလေသည်။

တနေ့သော် ရေတွင်းမှ ရေခပ်ပြီး ရေအိုးနှင့်သယ်လာရာ မောပန်းသဖြင့် လဲကျသွား၍ မထနိုင်သော်လည်း မြတ်စွာဘုရား၏ တရား သတိပေးသံကိုကြား၍ ခန္ဓာတွင်ဉာဏ်မလွတ်ပဲအားထုတ်လေရာ အဘိညာဏ်နှင့်တကွ ရဟန္တာဖြစ်လေသည်၊ ထို့ကြောင့် မြတ်စွာဘုရားသည်....

ယောစ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီန ဝီရိယော။
ကောဟံ ဇီဝိတံ သေယျော၊ ဝီရိယမာရဘတော ဒဠှံ။
(ထေရီအပဒါန် ပါဠိတော်-၂၅၈)

အကြင်သူသည် ပျင်းရိခြင်း, လုံ့လဝီရိယညံ့ဖျင်းခြင်းတို့ဖြင့် အနှစ်တရာ အသက်ရှည်ငြားသော်လည်း မြဲမြံခိုင်ခံ့သော အားထုတ် လုံ့လ ဝီရိယ ရှိသူ၏ တနေ့တရက် အသက်ရှည်ရခြင်းက မြတ်၏။

ဟု ချီးမွမ်းထောမနာတော်မူလျက် မြင့်မြတ်ထူးချွန်ဘွဲ့ အပ်နှင်းရာတွင်....

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ အာရဒ္ဓဝီရိယာနံ ယဒိဒံ သောဏာ။ (အင်္ဂုတ္တရပါဠိတော်-ဧကနိပါတ်-၂၆)

ချစ်သားတို့-အားထုတ် လုံ့လ ရှိကြကုန်သော ငါဘုရား၏ တပည့် သာဝိကာ ဖြစ်ကြကုန်သော ဘိက္ခုနီမတို့တွင် သောဏာထေရီသည် ရှိ၏၊ ထိုသောဏာထေရီသည် အမြင့်အမြတ် အထူးချွန်ဆုံးတည်း။

ဟု ဘွဲ့ထူးချီးမြှင့်တော်မူသည်။

မုဒိတထေရ် မြတ်စွာဘုရားသာသနာတော်နှင့် ကြုံကြိုက်ဆဲတွင် ဆင်းရဲသံသရာမှ လွတ်မြောက်ရန် အမျိုးမျိုးသော လုံ့လဝီရိယထား၍ အားထုတ်ကြရာတွင် 'မုဒိတထေရ်'လည်း တပါးအပါအဝင် ဖြစ်ပေသည်၊ ကောသလတိုင်း သူဌေးမျိုးတွင် မုဒိတမည်သော သူဌေးသားတယောက် ရှိလေသည်၊ တခါသော် ၎င်းသူဌေးမျိုး၌ ဘုရင်က တစုံတခု

www.dhammaransi.com

သော အကြောင်းနှင့်အနှောင့်အရှက်တခုဖြစ်၍ ဖမ်းဆီးမှုပြုရာတွင် မုဒိတသည် ကြောက်ရွံ့သောကြောင့် တောထဲသို့ ထွက်ပြေးတိမ်းရှောင် လာလေရာ ရဟန္တာမထေရ်တပါး သီတင်းသုံးရာ ကျောင်းသင်္ခမ်းသို့ ရောက်၍ ဆည်းကပ်လေသည်၊ မထေရ်လည်း ကြောက်၍ပြေးလာကြောင်း သိသဖြင့် မကြောက်လေနှင့်၊ ဤနေရာသည် လောကဘေးရန်သာမက သံသရာဘေး အတွက်ပါ ကြောက်ရသော နေရာမဟုတ်၊ ဘေးကင်းသော နယ်မြေဖြစ်ကြောင်း ပြောဆိုနှစ်သိမ့်လေသည်။

မုဒိတက 'အရှင်ဘုရား-ဤဘေးသည် ဘယ်အခါမှ ငြိမ်းအေးပါမည်နည်း' ဟု လျှောက်သောအခါ 'ခုနစ်လ,ရှစ်လ လွန်မှ ငြိမ်းအေးမည့်အကြောင်း' ပြောသောအခါ 'ဤမျှ ကာလကြာအောင် စိတ်ဆင်းရဲမခံနိုင်ပါ၊ ရဟန်းပြုပေးပါ' ဟု လျှောက်သဖြင့် အသက်အန္တရာယ် အကာအကွယ်ပြုသည့်အနေနှင့် ရဟန်းပြုပေးလေသည်။

ရဟန်းဖြစ်ပြီးသော မုဒိတထေရ်အား ရဟန္တာမထေရ်သည် သနားသောအားဖြင့် လောကဘေးရန်တွင်မက သံသရာဘေးဒုက္ခအေးရန် တရားပြသ ဆုံးမလေသည်၊ မုဒိတထေရ်လည်း 'သံသရာဒုက္ခအေးရန် ကြိုးစားအား ထုတ် ရာ တွင် တရား မရသေး သောကြောင့် လောကဘေးတို့ ငြိမ်းအေးသော်လည်း လူမထွက်တော့ပဲ တရားအားထုတ်ရန် အဓိဋ္ဌာန်ဖြင့်....

အရဟတ္တံ အပ္ပတွာ ဣမသ္မာ ဝသနဂဗ္ဘာ ဗဟိ နနိက္ခမိဿာမိ။

'အရဟတ္တဖိုလ်သို့ မရောက်ပဲ ဤနေရာအခန်းမှ အပြင်ဖက်သို့ မထွက်'

ဟု အဓိဋ္ဌာန်ပြုပြီး အားထုတ်လေသောအခါ မကြာမီပင် ရဟန္တာဖြစ်လေသည်။

ဤ မုဒိတထေရ် တရားအားထုတ်ရာတွင် သမ္မပ္ပဓာန် လုံ့လဝီရိယ ထား၍ 'တရားမရလျှင် ဤ တိုက်ခန်းမှမထွက်အံ့၊ ရအောင်ပင် အားထုတ်မည်'ဟု အဓိဋ္ဌာန်ပြုပြီး အားထုတ်လေသည်။ တရားအားထုတ်သူများသည် ရှေးဦးစွာ-

(သံသာရေ အာဒီနဝေါ)

'လောကသံသာရာ၏ အပြစ်ကိုမြင်ခြင်း'

ဟူသော အင်္ဂါတချက်သည် အရေးကြီးပေသည်၊ မဂ်, ဖိုလ်, နိဗ္ဗာန် ရခြင်းသည် ရှုဉာဏ်၏ကိစ္စ ပြီးဆုံးခြင်းဖြစ်ရာ ရှင်းရှုဉာဏ်သည် ရင့်လောက်

www.dhammaransi.com

သော အခြေရောက်၍ အလွန်ရင့်သန်ကာမှ ရှုညာဏ်လမ်းဆုံးသို့ ရောက်၍ သက်ဆိုင်ရာ ကိလေသာသတ်သောမဂ် ဖြစ်လေသည်၊ ဤ ခန္ဓာ သံသရာ၏ အမှန်ဆုံးသောအပြစ်ကို သံဝေဂဉာဏ် ရလောက်သော ရင့်ကျက်မှု ဖြင့် သိရန် ခန္ဓာ့သဘောကိုရှုကြည့်ရလေသည်၊ရုပ်,နာမ်ခန္ဓာသည် အို,နာ,သေ, ဒုက္ခ, လောကဒုက္ခအားဖြင့် အလွန်လျှင်ထိတ်လန့်ဖွယ်ရာဟူသော အပြစ်ကို ရှေးဦးစွာမြင်ထားပြီးသူသာ....

(သင်္ခါရာနုဋ္ဌ သဘာဝေါ သုဒိဋ္ဌော)

'ခန္ဓာ ရုပ်,နာမ်သင်္ခါရတို့၏ ပရမတ်သဘော ဖြစ်,ပျက်ကို ကောင်း စွာ မြင်နိုင်မည်'ဖြစ်ရာ သံဝေဂဉာဏ် အခြေမခံသော ဝိပဿနာရှုမှုသည် ခရီးမတွင်ပေ။

မုဒိတ ထေရ်သည် ရှေးဦးစွာ လောကဒုက္ခ မင်းဘေးကြောက်မှု သည် သံဝေဂဉာဏ်ဖြစ်သည်၊ ထို သံဝေဂဉာဏ် အခြေခံလည်း ပါသည်၊ တရားမရလျှင်အပြင်မထွက်တော့ဟူသောသမ္မာဝါယာမလည်းပါ၍ သမ္မာ ဒိဋ္ဌိအမြင်လည်း အားကောင်းလေရာတွင် ရဟန္တာဖြစ်လေတော့သည်။

သပ္ပဒါသထေရ် ထိုနည်းတူစွာ သာဝတ္ထိပြည်သား အမျိုးကောင်းသား တယောက်သည် သဒ္ဓါတရားနှင့် ရဟန်းပြုသူဖြစ်လျက် နောင်အခါတွင် လူထွက်ချင်လောက်အောင် ငြီးငွေ့လာသဖြင့် သူစဉ်းစား သည်ကား 'ငါသည် တဖန်လူထွက်လျှင်လည်း မတော်, ရဟန်းအဖြစ်နှင့် ဆက်လက်လည်း မနေလို၊ သေရခြင်းကကောင်းမည်' ဟု စဉ်းစားဆုံးဖြတ် ပြီးလျှင် သေဖို့ကိစ္စသာ ရှာကြံနေလေသည်။

တနေ့သောအခါ ရဟန်းငယ်များနှင့် သာမဏေတို့တစုသည် မီးဖို အနီးတွင် စုရုံးဆုံညီနေရာသို့သွားမေးရာ သာမဏေတို့က'မြွေကြီး-မြွေကြီး' ဟု ဆို၍အိုးတလုံးထဲသို့ထည့်လျက် အခြားနေရာတွင်သွားလွှတ်မည်ပြုသော အခါ မထေရ်က'ငါ့ရှင်တို့ ငါသွားလွှတ်မည်'ဟု ဆိုလျက် မြွေထည့်ထား သောအိုးကိုယူကာ တနေရာသို့ရောက်လျှင်'နေရာကျပြီ၊ ဤမြွေအကိုက်ခံ၍ သေအံ့'ဟု ကြံ၍ မြွေရှိရာအိုးအတွင်းသို့ လက်ကိုသွင်းပြီး မွှေလေသည်၊ မြွေလည်း မကိုက်သဖြင့် အပြင်ဖက်သို့ ယူထုတ်လျက် မြွေ၏ပါးစပ်ထဲသို့ လက်ကိုထည့်၍ အကိုက်ခံလေသည်။

www.dhammaransi.com

သို့သော်လည်း မြေသည် မည်သည့်နည်းနှင့်မျှမကိုက်သောကြောင့် မြေကိုတနေရာတွင်လှတ်၍ပြန်ခဲ့ပြီးလျှင် 'ငါ့ရှင်တို့-သင်တို့မြေသည် အဆိပ်မရှိသော, မကိုက်တတ်သော ရေမြွေဖြစ်သည်'ဟု ဆိုရာ အခြားရဟန်းတို့က 'အဆိပ်ပြင်းသော မြွေဟောက်ဖြစ်သည်၊ ငါတို့ဖမ်းစဉ်က အလွန်ကြီးသော ပါးပြင်းထောင်ထားသဖြင့် ခဲယဉ်းစွာဖမ်းယူရသောမြွေဟောက်အစစ်ပါ' ဟု ဆိုကြသောအခါ သူကို ဘယ်လိုကိုက်အောင်လုပ်၍မှ မကိုက်ကြောင်း ပြောလျက် ရေချိုးရန် ရေဆိပ်သို့ သွားသောအခါ ခေါင်းရိတ်နေသော ကိုယ်တော်တွေနှင့်တွေ့၍ ချထားသော သင်တုန်းဒါးတချောင်းကိုယူလျက် သစ်ပင်တပင်ကို အကာအကွယ်ယူပြီးလျှင် လည်းပင်း(ရေမြို)ကို လှီးသတ်ရန် အားထုတ်လေသည်၊ ထိုအခါ ထုံးစံအတိုင်း-

ဥပသမ္ပဒါမာဠတော ပဋ္ဌာယ အတ္တနော သီလံ အာဝဇ္ဇန္တော။

'ရဟန်းဖြစ်သည်မှစ၍ မိမိ၏စောင့်ထိန်းအပ်သော ရဟန်းတို့၏သီလကို စင်ကြယ်,မစင်ကြယ် ဆင်ခြင်သည်ရှိသော်'

စင်ကြယ်သော လပြည့်ဝန်းကဲ့သို့ရင်း,ကောင်းစွာဆေးကြောသုတ်သင်အပ်ပြီးသော ပတ္တမြားကဲ့သို့ရင်း စင်ကြယ်သောသီလရှိသည်ကို သိမြင်ရလျှင် တကိုယ်လုံး နှစ်သက်ဝမ်းမြောက်သော ပီတိတွေ ဖုံးလျက်နေပြီးနောက် ထိုပီတိကို ခွာ၍ ဝိပဿနာရှုသည် ရှိသော် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေသည်၊ ရဟန္တာဖြစ်ပြီးနောက် သင်တုန်းဒါးနှင့်တကွ ကျောင်းတွင်းသို့ ဝင်သွားရာ ရဟန်းတို့က မေးသောကြောင့် အကျိုးအကြောင်း ပြောဆိုလေသော် '၎င်းမထေရ်သည် အရဟတ္တဖိုလ် စကားကို ပြောကြားပါသည်'ဟူ၍ မြတ်စွာဘုရားကို လျှောက်ထားရာတွင် မြတ်စွာဘုရားက အရဟတ္တဖိုလ်ရောက်ကြောင်း ဝန်ခံ မိန့်ကြားရာမှ ရဟန်းတို့က ၎င်းမျှ လည်ပင်းလှီးကာမတ္တ အနည်းငယ်သောကာလခဏအတွင်း ရဟန္တာဖြစ်ရသည်ကို အံ့သြနေကြသောကြောင့် မြတ်စွာဘုရားက....

အာမ ဘိက္ခဝေ အာရဒ္ဓဝီရိယဿ ဘိက္ခုနော ပါဒံ ဥက္ခိပိတွာ ဘူမိယံ ဌပေန္တဿ ပါဒေ ဘူမိယံ အသမ္ပတ္တေယေဝ အရဟတ္တမဂ္ဂေါ ဥပ္ပဇ္ဇတိ၊ ကုသီတဿ ပုဂ္ဂလဿ ဟိ ဝဿသတံ ဇီဝနတော အာရဒ္ဓဝီရိယဿ ခဏမတ္တမ္ပိ ဇီဝိတံ သေယျော။

(ဓမ္မပဒဋ္ဌကထာ ပ-၄၃၇)

www.dhammaransi.com

'ချစ်သားတို့-ရဟန္တာဖြစ်သည်မှာ မှန်၏၊ အားထုတ်လိုသော ယောဂီ၏ အားထုတ်ဆဲဖြစ်သောကာလ၌ ခြေကိုချိကြွ၍မြေ၌ထားစဉ် ထိုမြေခြောက်ကြွသောခြေသည် မြေသို့မရောက်မီပင် အရဟတ္တမဂ်သည်ဖြစ်နိုင်ပေ၏၊ ထိုစကား မှန်၏၊ သံသရာမှ လွတ်လိုသောစိတ်မရှိသဖြင့် ပျင်းရိနေသောသူ၏ အသက်တရာ နေရခြင်းထက် အားထုတ်လုံ့လဝီရိယနှင့် သမ္မာဝါယာမလက်ကိုင်ရှိသောသူ၏တခဏ ဘာမျှအသက်ရှည်ရခြင်းက သံသရာရပ်ခန္ဓာပြတ်သဖြင့် မြတ်သည် သာတည်း'

ဟု ဟောတော်မူသည်။

(ပဌမမုဒိတထေရ်မှာ ထေရဂါထာအဋ္ဌကထာ ၃၃-တွင် လာရှိပြီး၊ ယခု သပ္ပဒါသထေရ်မှာ ဓမ္မပဒဋ္ဌကထာ ပ-၄၃၅-တွင်လာရှိသည်ကိုဖော်ပြခြင်းဖြစ်ပေသည်)

သံသရာဘေး တွေးပါ ကျွန်ုပ်တို့သတိပဋ္ဌာန်လုပ်ငန်းကိုအားထုတ်ကြရာတွင် လုံ့လဝီရိယသည် အလွန်လိုအပ်သည်ဟု ကျွန်ုပ်တို့ ယူဆသည်၊ အဘယ့်ကြောင့်ဟူမူ တရားမရနိုင်သော ပုဂ္ဂိုလ်၆-မျိုးတွင် ဉာဏ်ပါရမီရှိပါလျက် လုံ့လဝီရိယလျော့ချထားသဖြင့်-

ကတ္တုကမျတာ ဆန္ဒရဟိတာ။

ဟု အဋ္ဌကထာတို့အဆိုအရ 'ပြုလိုလုပ်လိုသော အလိုဆန္ဒကင်းသူ, ပျင်းသူ' ဖြစ်နေသဖြင့် တရားမရနိုင်ဟု ဆိုထားရာ ထိုပျင်းမှုကို စစ်ဆေးသောအခါ သံသရာ၏အပြစ်ကို အထိုက်အလျောက် သံဝေဂ မဖြစ်သဖြင့် ပြုလိုမှုမရှိ ပျင်းရိခြင်းဖြစ်လေသည်။

မိမိတို့၏ ခန္ဓာသံသရာလေ့လာကြည့်ပါ....

အပရာပရိယ ကမ္မရဟိတော ဟိ သံသာရေ သံသရမာနော သတ္တော နာမ နတ္ထိ။ (ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-ဒု-၄၅)

'အကျိုးမပေးရသေးသောကံကင်း၍ သံသရာတွင်ကျင်လည်နေရသော သတ္တဝါဟူသည် မရှိ'

ဟု ဆိုသည်။

သတ္တဝါတိုင်း မိမိအတွက် အကျိုးပေးရန် ကံကြွင်းသည် အမြဲရှိနေသည်၊ ထို ကံဟူသည် ကောင်းသောကုသိုလ်ကံဖြစ်စေ, မကောင်းသော အကုသိုလ်ကံ ဖြစ်စေ၊ ရုပ်,နာမ်ဒုက္ခသစ္စာ ခန္ဓာရပြီး သေတွင်းသို့ ပို့မည်

www.dhammaransi.com

ချည်းတည်း၊ ဝိပဿနာအားထုတ်မှုသည် ထို ဒုက္ခပေးမည့် ကံကြွင်းတို့ကို ဖြတ်တောက်သောတရား, အကျိုးမပေးရအောင် သတ်တတ်သော တရားဖြစ်၍ ထို ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ရအောင်, ဖြစ်အောင်' သမ္မာဝါယာမ' လုံ့လဝီရိယ ထောက်ခံတိုက်တွန်း ပေးရလေသည်။

သမ္မပ္ပဓာန် လုံ့လဝီရိယဟူသည် ဖြစ်ပြီး, ပြုခဲ့ပြီးသော အကုသိုလ်များကို ပယ်သတ်သည်ဟူရာ၌....

အနမတဂ္ဂေ ဟိ သံသာရေ အနုပ္ပန္နာ အကုသလာ နာမ နတ္ထိ၊
ကုသလာ ပန အတ္ထိ။ (ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၂၉၄)

သံသရာတွင် ကျင်လည်လာရသော သဟ္တဝါတိုင်းတွင် မပြုဘူး,မလုပ်ခဲ့ဘူးသော အကုသိုလ်မကောင်းမှုဟူ၍ မရှိ၊ အကုသိုလ်မှန်သမျှ လုပ်ဘူးသည်၊ ပြုဘူးသည်ချည်း ဖြစ်၏၊ ကုသိုလ်နှင့်ပတ်သက်၍ကား မရဘူး; မပြုဘူးသော မဂ်ကုသိုလ်မျိုး မရဘူးသည်, မပြုဘူးသည် အမှန်ပင် ဖြစ်၏။

သို့ကြောင့် ပြုဘူး,လုပ်ဘူးသော အကုသိုလ်တွေရှိပါလျက် မရဘူး, မပြုဘူးသော လောကုတ္တရာကုသိုလ်,မဂ်ကုသိုလ်ရရန် လောကီမဂ်,ပုဗ္ဗဘာဂမဂ်ဟူသော သတိပဋ္ဌာန်မဂ်ရရန် ဝိပဿနာသမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်ဖြင့်ရုပ်,နာမ် ပရမတ် ရှုမှတ်နိုင်ရန် မိမိ၏ သံသရာနောင်ရေး စိတ်အေးမှုရနိုင်ဖို့အတွက် သမ္မာဝါယာမ လုံ့လဝီရိယ ပြင်းစွာထားလျက် ဤ အလုပ်ထမြောက်အောင်မြင်မှ သံသရာအဆက်ဆက်က မရဘူး,မသိဘူးခဲ့သောလောကုတ္တရာကုသိုလ်မဂ်အတွက် ကြိုးစားအားထုတ်နိုင်ကြ ကုန်ရာသတည်း။

သမ္မာသတိ-မှန်စွာအောက်မေ့ခြင်း,ဂရုစိုက်ခြင်း

သတိပဋ္ဌာန်လုပ်ငန်းသည် အောက်မေ့မှု, ဂရုစိုက်မှု သတိလုပ်ငန်း ဖြစ်လေသည်၊ ထိုအောက်မေ့ခြင်း,ဂရုစိုက်ခြင်းဟူသည် 'သမ္မာ' အမှန် ဖြစ်သော ပရမတ္ထဓမ္မ၌(သတိ)အောက်မေ့ခြင်း, အဖန်တလဲလဲနှလုံးသွင်းခြင်း, ဂရုစိုက်ခြင်းသည် မဂ္ဂင်ဝင်သော 'သမ္မာသတိ' ဖြစ်လေသည်၊ ဝိပဿနာ တရားအလုပ် အားထုတ်ရာတွင် 'သမ္ပဇာန' ဉာဏ်ပညာနှင့် ရှုရသည်မှန်၏၊ ရှေးဦးစွာ သတိအခြေမခံသောအခါ ပညာသည်ရှုရမည့်'ပရမတ်ရုပ်,နာမ်' ကို သိ,မှတ်ထားခြင်းမရှိရကား ကောင်းစွာမရှုနိုင်ပေ၊မြတ်စွာဘုရားသည်-

www.dhammaransi.com

သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော အယံ ဝေါ အမှာကံ အနုသာသနီ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်-၁၂၃)

ဘိက္ခဝေ၊ ချစ်သားတို့။ ဘိက္ခု၊ သံသရာကို ဘေးဟုမြင်တတ် ယောဂီ မြတ်သည်။ သတော၊ မလစ်စေမှု၊ အောက်မေ့မှု၊ ဂရုစိုက်မှုရှိသည်ဖြစ်၍။ သမ္ပဇာနော၊ အပြားအားဖြင့် သိတတ်သောဉာဏ်ပညာရှိသည်ဖြစ်၍။ ဝိဟရေယျ၊ နေရာ၏။ အယံ၊ ဤ သတိပညာ သာသနာ ဟူသည်။ ဝေါ-တုမှာကံ၊ သင်ချစ်သားတို့အား။ အမှာကံ၊ ငါဘုရားတို့၏။ အနုသာသနီ၊ သံသရာပြတ်ရန် ကောင်းမြတ်သော အဆုံးအမပေတည်း။

မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်သည် မမေ့အပ်သော၊ အောက်မေ့အပ်သော၊ ဂရုစိုက်အပ်သော 'သတိ'ကို အရင်းခံထား၍ အမှန်အကန် ပရမတ်ဖြစ်သော ရုပ်၊ နာမ်ကို အမှန်မြင်ခြင်း၊ အမှန်သိခြင်းဟူသည့် 'ပညာ'ဉာဏ် သမ္ပဇဉ်နှင့် တွဲစပ်ထားသော သာသနာဖြစ်လေသည်၊ ဆိုလိုသော အဓိပ္ပာယ်မှာ ရှေးဦးစွာ ဤခန္ဓာကိုသတိအားဖြင့် ရုပ်၊ နာမ်ပရမတ်ကို ကွဲပြားစွာ သိမှတ်ထားပြီးမှ ဉာဏ်ပညာနှင့် ဖြစ်၊ ပျက်သဘောကို ဝိပဿနာ ရှုရလေသည်၊ သတိမှရှေးဦးစွာ ပရမတ်ရုပ်၊ နာမ်ဟု သိမှတ် မထားလျှင် ဤ ခန္ဓာကိုယ်ဟူသော ပညတ်ကို အနုပဿနာ မရှုနိုင်ပေ။

အယံ ပန ယသ္မာ သတိယာ အာရမ္မဏံ ပရိဂ္ဂဟေတွာ ပညာယ အနုပဿတိ၊ န ဟိ သတိ ဝိရဟိတဿ အနုပဿနာ နာမ အတ္ထိ။

(မဟာဝဂ္ဂအဋ္ဌကထာ-၃၄၉။ သမ္မောအဋ္ဌကထာ-၂၀၉။ မူလပဏ္ဏာသဋ္ဌကထာ-၂၄၀)

အယံ၊ ဤယောဂီသည်။ ယသ္မာ၊အကြင့်ကြောင့်။ သတိယာ၊ ဂရုစိုက်မှုဖြင့်။ အာရမ္မဏံ၊ ရုပ်၊နာမ်ဟူသော ပရမတ်အာရုံကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း၍။ ပညာယ၊ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့်။ အနုပဿတိ၊ ရှု၏။ ဟိယသ္မာ၊ အကြင့်ကြောင့်။ သတိဝိရဟိတဿ၊ သတိကင်းသူအား။ အနုပဿနာနာမ၊ ပရမတ်ကို ဝိပဿနာရှုသော အနုပဿနာမည်သည်။ နအတ္ထိ၊ ရှိသည်မဟုတ်။ တသ္မာ၊ ထိုကြောင့်။ သတိယာ၊ သတိဖြင့်။ အာရမ္မဏံ၊အာရုံကို။ပရိဂ္ဂဟေတွာ၊သိမ်းဆည်း၍။ ပညာယ၊ပညာဖြင့်။ အနုပဿတိ၊ ရှု၏။

www.dhammaransi.com

သတိဆို ပိုသည်မရှိ

မြတ်စွာဘုရားဟောတော်မူခဲ့သော ဤ သတိပဋ္ဌာန်ပါဠိတော်တွင်မက မည်သည့်တရားမဆို သတိသည် အမြဲလိုလျက်ရှိနေသည်၊ 'ပညာလွန်သည်၊ သဒ္ဓါလွန်သည်၊ ဝီရိယလွန်သည်' စသည်ဖြင့် ရှိ၏၊ သတိသည် လွန်သည်ဟူ၍ မရှိခဲ့ချေ၊ သတိပဋ္ဌာန် လုပ်ငန်းတွင် (ကာယနှင့် ပတ်သက်၍ ၁၄-မျိုး၊ ဝေဒနာနှင့်ပတ်သက်၍ ၉-မျိုး၊ စိတ္တနှင့် ပတ်သက်၍ ၁၆-မျိုး၊ ဓမ္မနှင့်ပတ်သက်၍ ၅ မျိုး) အားလုံး သတိ လိုအပ်သောတရားချည်းဖြစ်၍ သတိပဋ္ဌာန်ဟု ခေါ်သည်။

သတိ ပန သဗ္ဗတ္ထိကာ၊ သာ သဒါ ဗလဝတိယေဝ ဝဋ္ဋတိ။
(ဆက္ကာအင်္ဂုတ္တရအဋ္ဌကထာ.၁၂၄)

နေရာတကာတွင် သတိကိုလိုအပ်၏၊ ထိုသတိသည် အခါခပ်သိမ်း အားကောင်းနေမှ သင့်တော်လေသည်။

(တနည်း) သတိဟူသည် မမေ့အပ်သော 'အပ္ပမာဒ' တရားဖြစ်သည်၊ အားလုံးသော အကုသိုလ်တရားတို့ကို သတိဟူသော အပ္ပမာဒတရားသည် သာလျှင် အုပ်ချုပ်ကွပ်ကဲလေသည်၊ အရင်းခံလည်း ဖြစ်လေသည်၊ ယင်း ကုသိုလ်တရားတွင်မက မမေ့အပ်သော အပ္ပမာဒသည်....

အပ္ပမာဒေါ အမတံ ပဒံ။
'မမေ့ခြင်းသည် နိဗ္ဗာန်ရရန် အကြောင်းဖြစ်၏'။

ဟု ထုတ်ဖော်မိန့်ကြားတော်မူထားသည်မှလည်း အထင်အရှားပင်၊ ထို သတိဟူသောတရားသည်....

'လောဏဓူပနံဝိယ'- 'ဟင်းခပ်ဆားနှင့်တူ၏ (တနည်း)
'သဗ္ဗကမ္မိက အမစ္စောဝိယ'-'မင်းတိုင်ပင်အမတ်ကြီးနှင့်လည်းတူ၏'

ဟူ၍ သမ္မော စသော အဋ္ဌကထာပေါင်း များစွာတို့က ဆိုကြ၏၊ ထိုစကား မှန်၏၊ စားဖွယ်၊ သောက်ဖွယ် ဟူသမျှသည် ဆားမပါလျှင် ပေါ့ပျက်၍ အရသာ မလေးနက်ပေ၊ သားသည် ပင်ကိုအချိုကို ပို၍ချိုစေ၏၊ ပင်ကိုအချဉ်ကို ပို၍ ချဉ်စေ၏၊ ဤသို့ စသောအားဖြင့် လေးနက်သော အဓိပ္ပာယ်ကိုဆောင်ပေသည်၊ ထို့အတူ သတိသည်ကုသိုလ်ကောင်းမှုတို့တွင် ဦးစီးမိပါက အလွန်လေးနက်သောအကျိုးတရားကို ဖြစ်စေ၏၊ သတိပဋ္ဌာန် လုပ်ငန်းတွင် သတိသည် လုံးဝ ဦးစီးနေသည်ကို တွေ့ရှိနိုင်သည်။

www.dhammaransi.com

(တနည်း)အလုံးစုံသော အမှုကိစ္စအထွေထွေကို ဆောင်ရွက်ရသော မင်းတိုင်ပင်အမတ်ကြီးနှင့်တူသည်ဟု အဋ္ဌကထာတို့ကဆိုပြန်သည်၊ မှန်လှသည်၊ မင်းတိုင်ပင်အမတ်ကြီးသည် တိုင်းပြည်အုပ်ချုပ်ရေးကိစ္စ, စစ်တိုက်ခြင်းကိစ္စ, တရားစီရင်ရေးကိစ္စ စသော ဘုရင်၏တာဝန်ရှိသော ကိစ္စရပ်အားလုံးကို စီမံခန့်ခွဲရသောတာဝန် ပေးထားရကား အထွေထွေကို အုပ်ချုပ်ကွပ်ကဲရလေသကဲ့သို့ သတိသည်လည်း နေရာတကာတွင် တာဝန်ယူရလေသည်။ သတိကွပ်ကဲမှုပါလာလျှင် မကောင်းမှုကိုရှောင်ကြဉ်လာရသည်၊ ကောင်းမှုတို့ တိုးပွားလာရသည်၊ သတိသည် စိတ်တို့၏ တွန့်တိုဆုတ်နစ်ရာ ပျံ့လွင့်ရာ စသော ကိစ္စအားလုံးအတွက် အလိုရှိအပ်ပေသောကြောင့်....

သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။

ဟူ၍(မဟာဝဂ္ဂသံယုတ်ပါဠိတော် ၁၀၀·တွင်)ဟောတော်မူသည်၊ သတိသည် အလုံးစုံသော စိတ်အမှုကိစ္စတို့တွင် ထိရောက်အောင် ပါဝင်နိုင်က နိဗ္ဗာန်နှင့်နီးပေသည်၊ နိဗ္ဗာန်နှင့်ဝေးသူသည် သတိအစောင့်အရှောက်လွတ်သောသူသာ ဖြစ်ကြောင်းကို-

မာလုကျပုတ္တသုတ် မာလုကျပုတ္တ မည်သော ရဟန်းကြီးသည် တနေ့သ၌ မြတ်စွာဘုရားသို့ကပ်၍လျှောက်ထားသည်ကား 'မြတ်စွာဘုရား-တပည့်တော်အား တရားအကျဉ်းချုပ်တပုဒ်လောက် ဟောတော်မူပါ၊ တရားတော်ကိုကြားနာရပြီးသော် တပည့်တော်သည် တယောက်ထီးတည်း ဆိတ်ငြိမ်ရာသို့ကပ်၍ နိဗ္ဗာန်တရားရအောင်အားထုတ်နေလိုပါသည်' ဟု လျှောက်၏၊ ထိုအခါ မြတ်စွာဘုရားက မြင်မှု,ကြားမှု စသော အာရုံ ၆-ပါးတို့၌ မြင်ရုံ,ကြားရုံ စသော (ဒိဋ္ဌေဒိဋ္ဌမတ္တံ) တရားကို အရဟတ္တဖိုလ်ရအောင် အားထုတ်ရပုံ တို့ကို ဟောတော်မူပြီးသောအခါ မာလုကျပုတ္တရဟန်းကြီးက သူ သဘောပေါက်သည့်အတိုင်း လျှောက်ထားပုံကား....

ရူပံ ဒိသွာ သတိမုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ။
တဿ ဝဍ္ဎန္တိဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။
အဘိဇ္ဈာစ ဝိဟေသာစ၊ စိတ္တမဿူ ပဟာညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။

www.dhammaransi.com

အဆင်းကိုမြင်သော် နှစ်သက်ဖွယ်အာရုံဟု နှလုံးသွင်းသောသူအား သတိလွတ်ခြင်း, သတိ မေ့ပျောက်ခြင်းရှိသည် ဖြစ်၍ ပြင်းစွာစွဲလမ်း တပ်မက်သောစိတ်နှင့် ခံစား၏၊ ထိုအဆင်း, ထိုအာရုံကိုလည်း လွှမ်းမိုး၍တည်၏၊ ထို သတိလွတ်သောသူအား အဆင်းအာရုံကြောင့် ဖြစ်ကုန်သော များစွာသော ခံစားမှုတို့သည် တိုးပွားကုန်၏၊ တပါးသူ စည်းစိမ်ကို ရှေးရှုကြံစည်မှု အဘိဇ္ဈာသည်၎င်း, ညှဉ်းဆဲနှိပ်စက်သဖြင့် စိတ်ပင်ပန်းမှုသည်၎င်း သတိလွတ်သူ၏စိတ်ကို ကပ်၍ ညှဉ်းဆဲအပ်၏၊ ယင်းသို့ ဆင်းရဲကို ရှာဖွေဆည်းပူးနေသောသူအား နိဗ္ဗာန်မှဝေးလှ၏။

ဟု ဆိုအပ်လေသည်။

သတိအုပ်ချုပ်ကွပ်ကဲမှု မရှိသောသူတို့၏ ဖြစ်စဉ်သည် ဤအတိုင်းပင် ဖြစ်၏၊ နောက် အသံ,အနံ့,အရသာ,အတွေ့,အသိတို့လည်း ဤ အတိုင်းပင် ဖြစ်၏၊ တဖန် သတိ အုပ်ချုပ် ကွပ်ကဲလာသော အခါ၌ကား....

န သော ရဇ္ဇတိ ရူပေသု၊ ရူပံ ဒိသွာ ပဋိဿတော။

။ လ ။

ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ။

ထို သူသည် အဆင်းကို မြင်လတ်သော် အုပ်ချုပ် ကွပ်ကဲသော သတိရှိသည်ဖြစ်၍ အဆင်းတို့၌ စွဲမက်ခြင်းမရှိ၊ စွဲမက်မှုကင်းသော စိတ်ရှိသည်ဖြစ်၍ ခံစား၏။ ထိုအဆင်း၌ လွှမ်းမိုး၍မတည်၊အကြင် သို့သောသဘောအားဖြင့် အဆင်းကို ရှုကြည့်သော်၎င်း,ခံစားမှုကို မှီဝဲသော်၎င်း,ထိုသူအား ဆင်းရဲသည်ကုန်ခန်း၏၊ တိုးပွားခြင်းမရှိ။ ထိုသို့သော သဘောအားဖြင့် ထိုသူသည် သတိဦးစီးသည် ဖြစ်၍ အားထုတ်၏၊ ဤသို့ ဆင်းရဲကို မရှာဖွေ မဆည်းပူးသော သူအား နိဗ္ဗာန်နှင့်နီး၏ဟု ဆိုအပ်၏။

(ဤကား-သဠာယတနသံယုတ် ပါဠိတော် မာလုကျပုတ္တသုတ် ၂၈၆-မှ ထုတ်နုတ်ဖော်ပြချက်တည်း)။

သမ္မာသတိ သတိသာမညသည်ပင်လျှင် အလုံးစုံသောကုသိုလ်စိတ်တို့၏ အရင်းခံဖြစ်ကြောင်း ဟောတော်မူထားသည်။ ပရမတ် အာရုံဖြစ်သော ရုပ်,နာမ်ဟုသိသော သတိသည် အမှန်ကိုသိသော သတိ

www.dhammaransi.com

ဖြစ်သောကြောင့် သမ္မာသတိဟု ခေါ်သည်။ ၎င်းသမ္မာသတိသည် ပရမတ် ဝိပဿနာပညာနှင့်တွဲသောသတိ ဖြစ်သောကြောင့် 'အားရှိသော အောက်မေ့မှု,ဂရုစိုက်မှု'ဖြစ်လေသည်။

ပညာဝိပ္ပယုတ္တာ ဟိ သတိ ဒုဗ္ဗလာ ဟောတိ၊ သမ္ပယုတ္တာ ဗလဝတီ။
(မဏိမဉ္ဇူသာဋီကာ-၂၀)

ပညာမပါသောသာမညသတိသည် အားနည်း၏။ ဝိပဿနာပညာ ပါသောသတိသည် အားရှိ၏ဟုဆိုထားသဖြင့် ပရမတ်ဖြစ်သော ဝိပဿနာ အလုပ် အားထုတ်ရန် အစပျိုးအပ်သော သတိသည် (တနည်း) သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်ဖြင့် ပရမတ်ရုပ်နာမ်ကို ရှုမြင်ရန် ဂရုစိုက်မှုသတိသည် ပညာ ပါသောကြောင့် အားကောင်းပေသည်။ ပရမတ် ရုပ်,နာမ်ကို ရှုမြင်ခိုက် အလုပ်မဂ္ဂင် ငါးလုံးအတွဲတွင်ပါသော 'သမ္မာသတိ' သည် အလွန် အားကောင်းစွာ ရှုမြင်နိုင်လေသည်။

သမ္ဘူတထေရ် သတိတည်းဟူသော အစောင့်ရှိသူသည် အခြားသော အစောင့် မျိုးကို မလိုအပ်ပေ။ မြတ်စွာဘုရားသည် အာရုံငါးပါးကာမဂုဏ်တရားတို့၌ ယိုစီးတတ်သောစိတ်ကို ထိုထိုအာရုံတို့သို့ မကျမရောက်ရန် သတိကိုအရေးတကြီးနှင့် အမျိုးဆုံးအသုံးပြု ဟောကြား လေသည်။ မြတ်စွာဘုရား လက်ထက်တော်တွင် သမ္ဘူတဟူသော မထေရ် တပါးမှာ မြတ်စွာဘုရားထံမှ ကာယဂတာ သတိကမ္မဋ္ဌာန်းကိုယူခဲ့၍ အမြဲ မပြတ် စိမ့်စမ်းပေါသော'အအေးတော' ၌ နေလေ့ရှိသောကြောင့် 'သီတ ဝနိယထေရ်'ဟုပင် အမည်တွင်လေသည်။

တခုသောညတွင် မထေရ်သည် တောအတွင်း လွင်ပြင်၌ထိုင်လျက် တရားအားထုတ်နေစဉ် ဝေဿဝဏ်နတ်မင်းကြီးသည် တစုံတခုသော အကြောင်းနှင့် ဇမ္ဗူဒိပ်တောင်ပိုင်းသို့ ကောင်းကင်ဗိမာန်နှင့်လှည့်ရာ လွင် ပြင်တွင်တရားအားထုတ်နေသောမထေရ်ကိုတွေ့၍ ကောင်းကင်မှဆင်းသက် ပြီးလျှင် ဗိမာန်မှထွက်၍ ဖူးမျှော်ပြီးနောက်....

'အကြင်အခါ၌ မထေရ်သည် သမာဓိမှထ၏။ ထိုအခါ ငါ့စကား ဖြင့် ဝေဿဝဏ် နတ်မင်းကြီးက ရှိခိုးကြောင်း လျှောက်ပြပါ၊ အစောင့် အရှောက်လည်းထားပေးကြောင်း လျှောက်ပြပါ'

www.dhammaransi.com

ဟု နတ်ဘီလူး ၂ ယောက်ကို အစောင့်ထားကာ မှာကြားရှိသွားလေသည်။ မထေရ်လည်း တရားအားထုတ်ရာမှ ထလေသော် နတ်ဘီလူး ၂-ယောက်တို့က ဝေဿဝဏ်နတ်မင်းကြီး မှာကြားသော စကားတို့ကို လျှောက်ထားပြီး သူတို့ကိုလည်း အစောင့် ထားခဲ့ကြောင်းပါ လျှောက်လေသည်။ ထိုအခါမထေရ်က....

'တုမှေ၊ သင်တို့သည်။ မမဝစနေန၊ ငါ ပြောလိုက်သော စကားဖြင့်။ ဝေဿဝဏမဟာရာဇဿ၊ ဝေဿဝဏ် နတ်မင်းကြီးအား။ ကထေထ၊ ပြောကြားလိုက်ကြပါကုန်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အတ္တနော၊ မိမိ၏။ သာသနေ၊ သာသနာတော်၌။ ဌိတာနံ၊ တည်ရှိကုန်သောသူတို့အား။ သတိအာရက္ခာနာမ၊ သတိတည်းဟူသောအစောင့်အရှောက်သည်။ ဥပိတာအတ္တိ၊ ထားရှိအပ်ပြီ။ သာယေဝ၊ ထိုသတိဖြင့်သာလျှင်။ ဝါ၊ ထိုသတိသည်သာလျှင်။ မာဒိသေ၊ ငါတို့ကဲ့သို့သော တရားအားထုတ်သူတို့ကို။ ရက္ခတိ၊ စောင့်ရှောက်၏။ တံ၊ သင်သည်။ တတ္ထ၊ ထိုအရပ်၌။ အပ္ပေါသုက္ကော၊ ကြောင့်ကြမဲ့တာဝန်မရှိသကဲ့သို့ သက်သာစွာ။ ဟောဟိ၊ ဖြစ်လော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သြဝါဒေ၊ အဆုံးအမ၌။ ဌိတာနံ၊ တည် ကုန် သော ပုဂ္ဂိုလ် တို့အား။ ဒေိသာယ အာရက္ခာယ၊ ဤသို့ အပြင်ဖက်က အစောင့်အရှောက်ဖြင့်။ ကရဏီယံ၊ ပြုလုပ်ဆောင်ရွက်ဖွယ်သည်။ နတ္ထိ၊ မရှိ'

ဟု မိန့်တော်မူပြီးသော် ထိုနတ်ဘီလူးတို့အား လွှတ်လိုက်၍ ဝိပဿနာကိုတက်၍ ရှုရာတွင် ဝိဇ္ဇာသုံးပါးရသော ရဟန္တာဖြစ်လေသည်။

(ဤကား-ခုဒ္ဒကပါဌအဋ္ဌကထာ ၅၅-မှလာသောဝတ္ထုအကျဉ်းတည်း)

မထေရ်သည် တောထဲတွင်နေလျက် မြတ်စွာဘုရား၏သတိဟူသော အစောင့်ကိုသာယူ၍ နတ်မင်းကြီးပေးထားသောအစောင့်တို့ကိုပင်မယူပေ။ ကျွန်ုပ်တို့၏မျက်မှောက် ဝိပဿနာနယ်ပယ်တွင်ကား မြို့ကျင်းမှာအားထုတ်နေပါလျက် အချို့ယောဂီ တို့မှာ စည်းချခြင်း, အဖျက်အဆီး အနှောင့်အယှက်‐ ရှိစေခြင်းငှာ အစောင့်အရှောက် များပင် ထားခြင်းစသော မြတ်စွာဘုရား၏ အလိုတော်နှင့် ဆန့်ကျင်စွာ ပြုလုပ် ဆောင် ရွက် နေသူ တို့ ကို တွေ့ရသောအခါ ယုံကြည်ချက်ချင်းကွာခြားပုံကို သတိရမိပေသည်။

www.dhammaransi.com

သမ္မာသတိဟူသည် သတိပဋ္ဌာန်တရား အားထုတ်ရာတွင် ရှုဉာဏ် မဂ္ဂင်၏ အဖွဲ့အစည်းဝင်ဖြစ်ပေသောကြောင့် ပရမတ်အာရုံကို ကောင်းစွာ ထင်မှု ရှေးရှုထင်မှုစသော ပညတ်မပါသော သတိဖြစ်ပေ၍ ပရမတ် သဘောတရားကိုသာ အောက်မေ့မှု ဂရုစိုက်မှုဖြစ်စေရန် အားထုတ်အပ်ပေ သတည်း။

သမ္မာသမာဓိ-မှန်စွာတည်ငြိမ်မှု

လှုပ်ရှားနေသောစိတ်ကို ငြိမ်သက်တည်ကြည်စွာထားခြင်း, အာရုံ အမျိုးမျိုးသို့ မကူးမပြောင်းစေရန် ကောင်းစွာထားခြင်းကို သမာဓိဟု ခေါ်သည်။ 'ကုသလစိတ္တေကဂ္ဂတာ' ကုသိုလ်စိတ်ဖြစ်ရန် တည်ငြိမ်ခြင်း ဖြစ်ပေသည်။ ဤမဂ္ဂသစ္စာတွင်ပါသော သမာဓိကား 'သမ္မာသမာဓိ' အမှန် တရားဖြစ်သော ပရမတ်ရုပ်, နာမ်တို့ အပေါ်တွင် 'မှန်စွာ တည်ငြိမ်မှု' (တနည်း) 'အမှန်တရားအပေါ်တွင် အမှန်တရားအတိုင်း တည်ကြည်ငြိမ် သက်မှု'ဖြစ်ပေသည်။

> သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-၁၂)

ဘိက္ခဝေ၊ချစ်သားတို့။ သမာဓိံ၊တည်ကြည်ငြိမ်သက်မှုကို။ ဘာဝေထ၊ ပွားကြကုန်လော့။ ဘိက္ခဝေ၊ချစ်သားတို့။ သမာဟိတော၊ တည်ကြည် ငြိမ်သက်မှုရှိသော။ ဘိက္ခု၊တရားအလုပ်အားထုတ်သော ယောဂီသည်။ ယထာဘူတံ၊ ဟုတ်မှန်သောသဘောတရားကို။ ပဇာနာတိ၊ သိ၏။

စိတ်ဟူသည် သာမန်အားဖြင့် လှုပ်ရှားနေသည်၊ ပြေးသွားနေ သည်ဖြစ်ရကား....

'မက္ကဋံ ဝိယ ဘောဝ စိတ္တ၊ သဗ္ဗဋ္ဌာနေသု ဓာဝတိ'ဟူသောအတိုင်း မျောက်ကဲ့သို့ အမြဲပြေးလွှားနေသည်။ ၎င်းကို ငြိမ်သက်မှုရရန် အာရုံတခုခု ပေးထားရလေသည်။ မိမိကအာရုံတခုခုရှာဖွေမပေးလျှင် စိတ်သည် ၎င်း၏ သဘောအတိုင်း အာရုံ ၆-ပါးတွင် တပါးပါးသို့ ရှာဖွေရောက်ရှိသွား လေသည်။

ငြိမ်သက်မှုရရန် 'အနုဿတိ, ကသိုဏ်း, အသုဘ' စသော အာရုံ ရှာဖွေပေးထားခြင်းကို 'သမထ'ဟုခေါ်သည်။ ကာမစ္ဆန္ဒစသော နီဝရဏ တရားတို့ ခေတ္တဖြစ်စေ, အတော်ကြာအောင် ဖြစ်စေ, ခွာထားနိုင်အောင် စိတ်လေ့ကျင့်မှုပေးခြင်းသဘောဖြစ်လေသည်။ ယင်းကဲ့သို့ ကသိုဏ်းစသော ပညတ်ကို အာရုံပြု၍ စိတ်လေ့ကျင့်မှုပြုထားသောသမာဓိသည် ဈာန်ကိုရင်း အဘိညာဏ်ကိုရင်း ဖြစ်စေလေသည်။

ဤသုတ်၌ဟောတော်မူအပ်သော သမာဓိသည် လောကုတ္တရာမဂ္ဂင် ဝင်သော 'သမ္မာသမာဓိ'ဖြစ်ပေသောကြောင့် ပရမတ်ကိုအာရုံပြုရကား- 'ရူပဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ပဇာနာတိ' ဖောက်ပြန်တတ်သော ပရမတ် (ရုပ်)၏ ဖြစ်ခြင်း,ပျက်ခြင်းကို သိလေသည်။

ပရမတ်အာရုံနှင့် လေ့ကျင့်မှု ပေးထားသော စိတ်သည် ပရမတ် သဘောတရားနှင့် ရင်းနှီးမှုရသောကြောင့် ထိုပရမတ် သဘောတရားတို့၏ ဖြစ်တတ်, ပျက်တတ်သော သဘောတို့ကို ယထာဘူတ ကျန မှန်ကန်စွာ သိလေသည်။ ပညတ်နှင့် လေ့ကျင့်မှုပေးထားသောစိတ်သည် ပညတ်နိမိတ် ကိုသာ သိခွင့်,ရင်းနှီးခွင့် ရသကဲ့သို့တည်း။

ဥပမာအားဖြင့်(အာနာပါန)ကျွန်ုပ်တို့ အသက်ရှူနေသော 'ထွက် လေ-ဝင်လေ'ကို ထွက်လျှင်'ထွက်တယ်' ဝင်လျှင် 'ဝင်တယ်'ဟု လေဟူသော ထွက်မှု,ဝင်မှုပညတ်ကိုသာအာရုံပြုပါက စိတ်သည် ပညတ်၏ထုံးစံအတိုင်း ငြိမ်သက်လာသည်နှင့်တပြိုင်နက်'နေ-လ-နက္ခတ်-ဥယျာဉ်-ပန်းမာလ်-ရွှဲလုံး-ပုလဲကုံး'စသော ပညတ်နိမိတ်တို့သာ ထင်လာကုန်၏၊ ထို ထွက်လေ,ဝင် လေကိုပင် ထွက်သည်, ဝင်သည်ကို ပမာနမထား အမှတ်အသား မပြုပါပဲ လေတို့၏ နှာသီးဖျားတွင် တိုး၍,တိုက်၍သွားသည်ကိုသာသိနေက ပညတ် နိမိတ် အရိပ်အရောင်မပါသော ပရမတ်အာရုံဖြစ်သဖြင့် ထို တိုး၍, တိုက်၍ ဖြစ်သွားသော သဘောကိုရင်း, ဖြစ်ပြီးနောက် ဘာမျှမရှိသော သဘောကို ရင်း သိနေရလေရာ 'သမာဟိတော ယထာဘူတံ ပဇာနာတိ' 'ပရမတ် အာရုံနှင့်လေ့ကျင့်လာသော ငြိမ်သက်သည့်စိတ်သည် ပရမတ်ရုပ်နာမ်တို့၏ ဖြစ်မှုကိုရင်း,ပျက်မှုကိုရင်း အမှန်အတိုင်းပင် သိလေသည်။

www.dhammaransi.com

အသိ၅-မျိုး ထိုမျှမကသေး၊ လေ့ကျင့်မှုရသဖြင့် ရင့်ကျက် တည်ငြိမ်လာသော(သမာဓိ)ကြောင့် ထိုငြိမ်သက်မှု၏ရအပ်သောအကျိုး ၅-မျိုးတို့ကိုလည်း....

သမာဓိံ ဘိက္ခဝေ ဘာဝေထ အပ္ပမာဏာ နိပကာ။လ။ပစ္စတ္တညေဝ ဉာဏံ ဥပ္ပဇ္ဇတိ။ (ဝဇ္ဇကနိပါတ် အင်္ဂုတ္တရပါဠိတော်-၂၀)

ချစ်သားတို့ - ပရမတ်အသိ လေ့ကျင့်မှု ရှိသဖြင့် ရင့်ကျက်သော ပညာနှင့် သတိရှိကုန်သည်ဖြစ်၍ မနိုင်းယှဉ် အပ်သော သမာဓိကို ပွား ကြကုန်လော့၊ ယင်းသို့ ပရမတ်အာရုံကြောင့် ရလာသောသမာဓိရှိသူတို့အား ဉာဏ်ငါးမျိုးတို့သည် မိမိသန္တာန်၌ ဖြစ်ပေါ်ကုန်၏။

၁။ 'ဤသမာဓိသည် ယခုလက်ငင်းလည်းချမ်းသာ၏၊နောင်အခါလည်း ချမ်းသာကျိုးရှိ၏'ဟု မိမိသန္တာန်၌ပင် (အသိဉာဏ်) ဖြစ်ပေါ်၏။

၂။ 'ဤသမာဓိသည် မြတ်၏၊ တပ်မက်မှုဖြင့် သုံးဆောင်အပ်သည် မဟုတ်'ဟု အသိ (ဉာဏ်) ဖြစ်ပေါ်၏။

၃။ 'ဤ သမာဓိကို ယောကျ်ားမြတ်တို့သာ မှီဝဲအပ်၏'ဟု အသိ (ဉာဏ်)ဖြစ်ပေါ်၏။

၄။ 'ဤ သမာဓိသည် ငြိမ်သက်၏, မွန်မြတ်၏, (ကိလေသာ)အပူအလောင် အေးငြိမ်းခြင်းဖြင့် စိတ်၏တည်ငြိမ်မှု သမာဓိ ပွားများမှုကိုရ၏၊ ပြုပြင်ခြင်း လှုံ့လပယောဂ ကြောင့် လုပ်ယူ၍ ရလာသော သမာဓိ မဟုတ်'ဟု အသိ(ဉာဏ်) ဖြစ်ပေါ်၏။

၅။ 'ငါသည် သတိရှိလျက် ဤသမာပတ်ကို ဝင်စားအံ့၊ သတိရှိလျက်သမာပတ်မှထအံ့'ဟုမိမိသန္တာန်၌ပင်လျှင်အသိ(ဉာဏ်) ဖြစ်ပေါ်၏။

ဤ၌ ဤသမာဓိကြောင့်ဖြစ်လာသောအသိဉာဏ်တို့သည် ငြိမ်သက် တည်ကြည်သောစိတ် ဖြစ်လာသည် နှင့် ကိလေသာနီဝရဏတို့နှင့် အပူအလောင်ခံနေရသော ဤ[illegible] လက်ငင်း (ပစ္စုပ္ပန်) ချမ်းသာမှုကို ရလေသည်၊ ရှေ့ရှေ့ချမ်းသာ[illegible]တို့[illegible] ဆက်၍-ဆက်၍ နောက်နောက် ချမ်း သာကျိုးဖြစ်လာသည်ကို အဋ္ဌကထာ[illegible]....

www.dhammaransi.com

သော ဟိ အပ္ပိတပ္ပိတက္ခဏေ သုခတ္တာ ပစ္စုပ္ပန္နသုခေါ။
ပုရိမေ ပုရိမေ ပစ္ဆိမဿ ပစ္ဆိမဿ သမာဓိသုခဿ ပစ္စယတ္တာ အာယတိံ သုခဝိပါကော။ (အင်္ဂုတ္တရဋ္ဌကထာ—၁)

နီဝရဏတို့ကွာ၍ ကိလေသာတို့ ဖြစ်ခွင့်မရချိန် ရအပ်သော လက်ငင်းချမ်းသာမှုသည် နောက်ဆက်၍ငြိမ်းအေးမှုကို အဆင့်ဆင့် ကျေးဇူးပြုသောကြောင့် လက်ငင်းနှင့် နောက်ကာလ ၂-ပါးလုံး ချမ်းသာကျိုးရသည်ဟု ဉာဏ်ဖြင့် သိလေသည်။

ထိုသမာဓိကို အမြင့်ဆုံးအားဖြင့် 'အရဟတ္တဖလသမာဓိ အဓိပ္ပာယ်တော'ဟု အဋ္ဌကထာ မိန့်ဆိုချက်အရ အရဟတ္တဖိုလ်သမာဓိ-ဟု အဓိပ္ပာယ်ကောက်ယူရလေသည်၊ သို့ရာတွင် အချို့ကလည်း....

မဂ္ဂသမာဓိတိပိ ဝဒန္တိယေဝ။

ဟု ဆိုကြပြန်သောကြောင့် မဂ္ဂသမာဓိဟု ဆိုချင်လည်းဆိုနိုင်သည်၊ မည်သို့ဆိုစေ, မည်သည့်သမာဓိဖြစ်စေ, ထိုမဂ်, ထိုဖိုလ်နှင့်ဆိုင်ရာ နီဝရဏကိလေသာတို့ ငြိမ်းအေးမှုအတွက်ကား သူ့မဂ်နှင့် သူ့ငြိမ်းမှုအကျိုးတရားတို့ ငြိမ်းအေးမှုချမ်းသာကို ခံစားရမည်ချည်းတည်း၊ စင်စစ် ထိုထို ကိလေသာတို့ကို သတ်ဖြတ်သောမဂ်ဖြစ်ပြီးနောက် ဖိုလ်က ကိလေသာသေကျိုးခံစားရပြီးနောက်မှ ဆင်ခြင်၍သိရသော 'ပစ္စဝေက္ခဏာဉာဏ်'ဟု အဋ္ဌကထာက ဆိုလေသည်။

သစ္စာသိရန် အကြောင်းခံ သံသရာတခွင်တွင် ပြေးချင်တိုင်းပြေး, သွားချင်တိုင်းသွား၍ ကိလေသာအာရုံအဖုံဖုံတို့နှင့် ဖြစ်ချင်တိုင်းဖြစ်နေသော စိတ်ကို ပရမတ်အာရုံနှင့် လေ့ကျင့်မှုပေးကာ ယဉ်ပါးငြိမ်သက်စေသောအားဖြင့် ပရမတ်ရုပ်နာမ်တို့၏ ဖြစ်ခြင်း,ပျက်ခြင်းကို အမှန်အကန်သိရှိတွင်မက သံသရာဝဋ်မှ ထွက်မြောက်အောင် သိသော (သစ္စာ) လေးပါး အမှန်တရားတို့ကိုပင် သိနိုင်ကြောင်း မြတ်စွာဘုရားသည်....

သမာဓိံ ဘိက္ခဝေ ဘာဝေထ ။လ။ ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်၊သမာဓိသုတ်-၃၆၃)
ဟု ဟောတော်မူလေသည်။

www.dhammaransi.com

'ချစ်သားတို့-ငြိမ်သက်တည်ကြည်မှု (သမာဓိ) ကို ပွားကြကုန်လော့၊ ချစ်သားတို့ - ငြိမ်သက်တည်ကြည်မှု ရှိသောသူအား ဟုတ်မှန်စွာသော သဘောတရားကိုသိ၏၊ အဘယ်သို့လျှင် ဟုတ်မှန်သော သဘောတရားတို့ကို ဟုတ်မှန်စွာ သိသနည်းဟူမူ....

'ဤကား-ဆင်းရဲအမှန်တည်း'ဟု ဟုတ်မှန်သောအတိုင်း သိ၏၊

'ဤကား-ဆင်းရဲဖြစ်ကြောင်း အမှန်တည်း' ဟု ဟုတ်မှန်သောအတိုင်း သိ၏။

'ဤကား-ဆင်းရဲချုပ်ရာအမှန်တည်း' ဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား-ဆင်းရဲချုပ်ကြောင်း အမှန်တည်း' ဟု ဟုတ်မှန်သောအတိုင်း သိ၏။

ချစ်သားတို့-ငြိမ်သက်တည်ကြည်မှု (သမာဓိ)ကို ပွား ကြ ကု န်လော့၊ ချစ်သားတို့-ငြိမ်သက်တည်ကြည်မှု ရှိသောသူအား ဟုတ်မှန်စွာသော သဘောတရားတို့ကို သိ၏၊ ချစ်သားတို့-ထို့ကြောင့် 'ဤကား-ဆင်းရဲအမှန်တည်း'ဟု သိရန် အားထုတ်ရမည်၊ 'ဤကား-ဆင်းရဲဖြစ်ကြောင်း အမှန်တည်း' ဟု သိရန် အားထုတ်ရမည်၊ 'ဤကာ း- ဆင်းရဲမှုချုပ်ရာ အမှန်တည်း'ဟု သိရန်အားထုတ်ရမည်၊ 'ဤကား-ဆင်းရဲချုပ်ကြောင်း အမှန်တည်း'ဟုသိရန် အားထုတ်ရမည်ဟု ဟောတော်မူသည်။

အလုပ်ဟူသော 'ပဋ္ဌဂ်ိကမင်' တွင် ပါသော သမ္မာသမာဓိသည် သဘောတရားတခုကို ရှုမြင်ရာ၌ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပနည်းတူ အချိုးကျ ပါဝင်ပေသည်၊ ရှုဉာဏ် သမ္မာဒိဋ္ဌိဉာဏ်ရင့်သန်သည်နှင့်အမျှ ပရမတ်တရားကို ရှုမြင်ရာ၌ သမာဓိသည်လည်းကြီးထွားရင့်သန်လာလေသည်၊ ထို အရဟတ္တ မဂ်နှင့်ယှဉ်သော သမာဓိဖြစ်လာလျှင်ကား-

ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊ သမာဓိမာနန္တရိကညမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ။ (ရတနသုတ်ပါဠိတော် ၅)

'သစ္စာလေးပါးကို သိတော်မူတတ်သဖြင့် ဗုဒ္ဓဟု အမည်ရသော ပုဂ္ဂိုလ် အပေါင်းတို့ထက် အထူးသဖြင့် မြတ်တော်မူသော ဘု ရား မြတ် သည် လောကီစျာန်သမာပတ်ဖြစ်သော ပညတ် သမထသမာဓိလမ်းမှတပါး

www.dhammaransi.com

တခြားသော သက်သက်မဂ်လမ်း, ဖိုလ်လမ်း, နိဗ္ဗာန်လမ်းဖြစ်၍ စင်ကြယ်စွာသော အကြင်လောကုတ္တရာဖြစ်သော(အရဟတ္တ)မဂ်နှင့် ယှဉ်သော သမာဓိကို လောကတွင် ရှိရှိသမျှ သမာဓိတို့ထက် မြတ်၏ဟူ၍ ချီးမွမ်းတော်မူ၏၊ မဂ်၏နောက်တွင် ဖိုလ်ကို အခြားမရှိ အကျိုးပေးတတ်၏ဟူ၍ မြတ်စွာဘုရား တို့သည် ဟောတော်မူကုန်၏၊ ထို လောကုတ္တရာဖြစ်၍ မဂ်နှင့်ယှဉ်သော သမာဓိတရားနှင့်တူသော တစုံတခုသောတရားသည် မရှိချေ။

ဟု ဟောတော်မူသည်၊ လောကီ ရူပ,အရူပ ဈာန်သမာဓိမျိုးတို့နှင့် မနှိုင်းယှဉ်နိုင်လောက်အောင်မြတ်သော လောကုတ္တရာအရဟတ္တမဂ်နှင့်ယှဉ်သော, မဂ္ဂင်ပါသော သမ္မာသမာဓိဖြစ်သောကြောင့်....

ဧသေဝ မဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ။

'ဤမဂ္ဂင်ရှစ်ပါး အကျင့်တရားသည်သာလျှင် နိဗ္ဗာန်ကို သိမြင်နိုင်ရန် စင်ကြယ်သော ဉာဏ်အမြင်ဖြစ်၏၊ ဤမဂ္ဂင်တရားမှလွဲ၍ နိဗ္ဗာန်ရရန် တခြားတပါးသောလမ်းသည် မရှိချေ'။

ဟူ၍(ဓမ္မပဒပါဠိတော်-၅၂)တွင်ရင်း....

အဋ္ဌင်္ဂိကောဝ မဂ္ဂါနံ၊ ခေမံ နိဗ္ဗာန ပတ္တိယာ(ခေမံ အမတဂါမိနံ)

'အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်လမ်းသည် ဘေးကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၏'။

ဟူ၍(မဇ္ဈိမပဏ္ဏာသပါဠိတော်-၁၇၆)တွင်ရင်း-

အရိယံ ဝေါ ဘိက္ခဝေ သမ္မာသမာဓိံ ဒေသေဿာမိ သဥပနိသံ သပရိက္ခာရံ။

'ချစ်သားတို့အကြောင်းနှင့်တကွ,အခြံအရံနှင့်တကွသောဖြူစင်၍အပြစ်ကင်းသော သမ္မာသမာဓိကို သင်တို့အား ဟောကြားပေအံ့'

ဟူ၍ (ဥပရိပဏ္ဏာသ ပါဠိတော်-၁၁၆)တွင်း အလုံးစုံသော တရားအပေါင်းတို့ကိုသိသော 'သုတဗုဒ္ဓ,အနုဗုဒ္ဓ' စသော'ဗုဒ္ဓတို့ထက် ကဲလွန်မြင့်မြတ်တော်မူသော ဘုရားမြတ်သည် အနည်းနည်းအဖုံဖုံ ချီးမွမ်းဟောကြားတော်မူသည်။ အဘယ့်ကြောင့် ချီးမွမ်းအပ်သနည်းဟူမူ....

www.dhammaransi.com

ကသ္မာ ေတသံ ဘာဝိတတ္တာ တတ္ထတတ္ထ ဗြဟ္မေလာေက ဥပပန္နဿာပိ ပုန နိရယာဒီသုပိ ဥပပတ္တိသမ္ဘဝေတာ၊ ဝဠမဿစ အရဟတ္တ သမာဓိဿ ဘာဝိတတ္တာ အရိယပုဂ္ဂလဿ သဗ္ဗူပပတ္တိ သမုဃ္ဃာတ သမ္ဘဝေတာ။ (ခုဒ္ဒကပါဌ အဋ္ဌကထာ-၁၅၂)

အဘယ်ကြောင့်မြတ်စွာဘုရားသည် ဤသမာဓိကို ချီးမွမ်းအပ်သနည်းဆိုသော်-ထိုလောကီစျာန် အဘိညာဏ်အားထုတ်ကြကုန်သော ပုထုဇ္ဇန်တို့မှာ ထိုထိုသမထသမာဓိ၏ အရှိန်အဟုန်ကြောင့် ထိုစျာန်အားလျော်သော ဗြဟ္မာ့ဘုံအရပ်ရပ်သို့ သွားရောက်ရပါကုန်သော်လည်း ထိုစျာန်အစွမ်းကုန်က ငရဲအစရှိသော အပါယ်ဘုံတို့၌ ဖြစ်ကြရလေကုန်သည်။ ဤအရဟတ္တမဂ်နှင့်ယှဉ်သော သမာဓိသည်မူကား - လေ့ကျင့်ပွားများအားထုတ်သော အရိယာပုဂ္ဂိုလ်အား အလုံးစုံ ဘုံဘဝတို့၌ ဖြစ်တတ်သော တဏှာသေသည်၏ အဖြစ်ကြောင့် ဇာတိရခြင်းမရှိတော့ပေ'။

လောကီစျာန်လမ်းဖြစ်သော သမထသမာဓိဟူသည်ကား- သမထလေးဆယ်တို့တွင် တပါးပါးသော သမထကို ပွားများ အားထုတ်သဖြင့် စိတ်၏ တည်ကြည်ငြိမ်သက်ခြင်းသို့ရောက်သော သမာဓိမျိုးကို ဆိုလိုသည်။ ထိုလောကီသမာဓိ အားကောင်းသောသူတို့သည် အပ္ပနာသို့ ရောက်လျှင် တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း, မြေလျှိုးမိုးပျံနိုင်ခြင်း စသော လောကီအဘိညာဏ်တို့ကို ရနိုင်ကုန်၏။

သို့ရာတွင် ထိုသမာဓိမျိုးသည် ကိလေသာတပါးပါးကိုမျှ အမြစ်ပြတ်ရန်, မျိုးပြုတ်ရန် မသတ်ဖြတ် မဖျက်ဆီး နိုင်သည့် အတွက် ထိုတန်ခိုး, ထိုစျာန်အဘိညာဏ်တို့သည် ဆန့်ကျင်ဖက်ဝိသဘာဂအာရုံနှင့် တွေ့ကြုံသည်ရှိသော် ချက်ချင်းပင် စျာန်လျှော ပျက်စီးတတ်သည် ဖြစ်လေသည်။

သာမန်လောကီစျာန်လမ်း သမာဓိမျိုးနှင့် မဆိုင်သော မဂ်လမ်း, ဖိုလ်လမ်း, နိဗ္ဗာန်လမ်းသို့ ပို့ဆောင်တတ်သော လောကုတ္တရာမဂ်နှင့် ယှဉ်သော သမာဓိမျိုးဟူသည်ကား- အစွဲအလမ်း၏ အာရုံဖြစ်သော လောကီခန္ဓာငါးပါး ရုပ်, နာမ်ပရမတ် သဘောတရားတို့၏ ခဏမစဲ, တသဲသဲ, တသုတ်သုတ်, တလှုပ်လှုပ်, တရွရွအားဖြင့် မျက်စိတမှိတ်ခန့်ကာလ ခဏအတွင်းမှာပင် ကုဋေပေါင်းများစွာ ပျက်စီးချုပ်ပျောက် နေသဖြင့် 'ဖြစ်တတ်,ပျက်တတ်'သော သဘောတို့ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကောင်းစွာ

www.dhammaransi.com

ပိုင်ပိုင် ရှုနိုင်ပွားနိုင်အားထုတ်နိုင်သော ယောဂီအား လောကုတ္တရာမဂ်၏ ရှေ့အဖို့ဖြစ်သောခဏ၌ ထို ဝိပဿနာအာရုံမှတပါး ပျံ့လွင့်ခြင်းမရှိ၊ ငြိမ် သက်စွာသိစေနိုင်သော ဝိပဿနာအာရုံ၌ မတုန်မလှုပ် စိတ်ငြိမ်ခြင်း သို့ ရောက်သော သမာဓိသည် လောကုတ္တရာ'သမ္မာသမာဓိ' မည်၏။

ထို သမာဓိမျိုး ရင့်ကျက် အားကောင်းသော သူတို့ သည်သာ လောကုတ္တရာမဂ်ကို ရနိုင်သောကြောင့် ဘုရားမြတ်တို့သည် ကောင်းစွာ ချီးမွမ်းတော်မူကြလေသည်။ ရင်းပြင်-ထိုသမာဓိသည်....

န ဟိ မဂ္ဂသမာဓိမှိ ဥပ္ပန္နေ တဿ ဖလုပ္ပတ္တိနိသေဓကော ကောစိ အန္တရာယော အတ္ထိ။ (ခုဒ္ဒကပါဌ အဋ္ဌကထာ-၁၅၁)

မဂ္ဂသမာဓိသည် ဖြစ်သည်ရှိသော် ထိုမဂ်၏နောင် အကျိုး ဖိုလ် မဖြစ် အောင် တားဆီးပိတ်ပင်တတ်သော တစုံတခုသောတရားမျှ မရှိ။

လေသောကြောင့် 'အာနန္တရိကသမာဓိ' ဟု မိန့်တော်မူသည်။ ထို့ ကြောင့် အရိယာမဂ်ကို ဖြစ်စေတတ်သော 'မဂ္ဂသမာဓိ' ရင်း၏အခြားမဲ့၌ အကျိုးရစေသော'ဖလသမာဓိ'မျိုးသည်'သမ္မာသမာဓိ'မဂ္ဂင်ဖြစ်လေသည်။ ဤသို့လျှင် သမ္မာဝါယာမ, သမ္မာသမာဓိတို့သည် အဓိစိတ္တသိက္ခာ ဟူသော သမာဓိအဘို့ ဖြစ်လေသောကြောင့် ပညာဖြင့် ဝိပဿနာရှုရာတွင် ရုပ်,နာမ် ခန္ဓာအစဉ်၌ သမ္မာဒိဋ္ဌိသည် ပရမတ်အမှန်သဘောကို အမှန်အတိုင်းသိမြင် သည်နှင့်တပြိုင်နက် သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟူသော သမာဓိမဂ္ဂင်တို့သည်လည်း အသီးသီး မိမိတို့တာဝန်ရှိရာ အလုပ်ခွင်သို့ဝင် ရောက်ပြီး ဘားဖြစ်လျက် သီလ မဂ္ဂင် တို့ သည် လည်း အခြံအရံ အစောင့် အနေ ... ဖြစ် တာဝန်ယူပြီးရကား မဂ္ဂင်ရှစ်ပါးစုံလေသောကြောင့် မဂ္ဂ ... ဖြစ် ... ဘာသည်။ (ဤသမာဓိအကြောင်းကို ဖော်ပြရာ၌ ပါဠိ တော် ... တွင် ဈာန်သမာဓိကို အခြေခံ၍ ဟောတော်မူသည်။ သို့ရာတွင် ယခု သာသနာတော်နောက်ပိုင်းကာလ၌ သမထဈာန်သမာဓိမျိုးနှင့် ဝိပဿနာ အားထုတ်သော (ယုဂနန္ဓ)နည်းများဖြင့် ရရှိနိုင်တော့သည်ကို မကြားမသိ မရှိဖြစ်နေသောကြောင့် ဝိပဿနာသို့ တိုက်ရိုက်ရှုနိုင်သော 'သမ္မာ သမာဓိ' သဘောကိုသာ ရေးသား ဖော်ပြအပ်ပါသည်)။

ဈာန်သမာဓိမျိုးကို စုံအောင် လေ့လာလိုသော ပညာရှိများအား နောက်ပါကျမ်းများတွင် ကြည့်တော်မူကြရန်....

www.dhammaransi.com

၁။ ပဉ္စအင်္ဂုတ္တရပါဠိတော်-၂၀။ သမာဓိသုတ်နှင့် ၎င်းအဋ္ဌကထာ-၈။
၂။ ဆက္ကအင်္ဂုတ္တရပါဠိတော်-၃၇၁။ သမာဓိသုတ်နှင့် ။ ၁၃၈။
၃။ သတ္တအင်္ဂုတ္တရ ။ ၄၂၈။ သမာဓိပရိက္ခာရသုတ် ။ ၁၆၅။
၄။ ဒသအင်္ဂုတ္တရ ။ ၂၆၂။ သမာဓိသုတ် ။ ၂၈၇။
၅။ ဆက္ကအင်္ဂုတ္တရ ။ ၂၇၅။ ဟိမဝန္တသုတ် ။ ၁၀၀။
၆။ ကောဒသအင်္ဂုတ္တရ ။ ၅၅၁။ ပဌမသာမာဓိသုတ်မှ ၅၅၅-ထိ။
၇။ စတုကအင်္ဂုတ္တရ ။ ၃၅၃။ သမာဓိဘာဝနာသုတ်နှင့်၃၀၃။
၈။ မူလပဏ္ဏာသဋ္ဌကထာ-ပ ၃၀၁။ ဒု-၁၈၇။
၉။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ၁၂။ သမာဓိသုတ်နှင့်
၎င်းအဋ္ဌကထာ ၂၄၁။
၁၀။ ။ ။ ၂၂၄-မှ၊ ၂၃၅-ထိ ဈာနသံယုတ်။
၁၁။ သဠာယတန ။ ၃၀၂။ သမာဓိသုတ်နှင့်
၎င်းအဋ္ဌကထာ ၃၁။
၁၂။ ။ ။ ၄၀၇။ ။ ။ ၁၁၅။
၁၃။ မဟာဝဂ္ဂ ။ ၁၇။ ။ ။ ၁၆၈။
၁၄။ ။ ။ ၃၆၃။ ။ ။ ၃၂၄။
၁၅။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် ၉၁။ အာနန္တရိကသမာဓိဉာဏ
နိဒ္ဒေသ ၂၇၉။
၁၆။ ။ ။ ၅၂၃။ ဣန္ဒြိယသမောဓာနနှင့် ဒု ၁၄၄။
၁၇။ သုတ်မဟာဝါ ။ ၁၇၅။ သတ္တသမာဓိပရိက္ခာရ ၂၃၈။
၁၈။ နေတ္တိပါဠိတော်- ၅၀။ ၇၄။ ပညတ္တိဟာရဝိဘင်္ဂနှင့်
၁၂၂။ ၁၅၁။
၁၉။ မိလိန္ဒပဥှာပါဠိတော်၃၇။ သမာဓိပဥှာနှင့်ပါဠိတော် ၉၀။
၂၀။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ပ-၈၂။ ၃၃၆။ ၃၆၉။
၂၁။ မဟာနိဒ္ဒေသဋ္ဌကထာ ၂၁၃။ ၃၄၁။
၂၂။ အဋ္ဌသာလိနီအဋ္ဌကထာ ၁၆၁။ ၁၆၅။ ၁၈၈။
၂၃။ သမ္မောဟဝိနောဒနီအဋ္ဌကထာ ၂၇၀။

www.dhammaransi.com

ၑင်းတို့တွင် မဂ္ဂသမာဓိ(သမ္မာသမာဓိ) မဂ္ဂင်ရောက်အောင် ရှုချက် မရပါသောကြောင့် ချန်လှပ်ထားပြီး မဂ္ဂင်သမ္မာသမာဓိ အလုပ်ဖြစ်သော ဝိပဿနာဆိုင်ရာကိုသာ အကိုးအကား ပြုထားပါသည်။ ပြခဲ့သော ပါဠိတော်အဋ္ဌကထာတို့မှာ သမထယာနိကလမ်းမှတဆင့် အရဟတ္တဖိုလ်ရောက် ဟောတော်မူထားရာ ယခုပညာဝိမုတ္တ သုက္ခဝိပဿက ယောဂီများအတွက် ဝိပဿနာယာနိကအားဖြင့် ရှုမှတ်အားထုတ်နိုင်ရန် ညွှန်ပြ ရေးသားသည် ဖြစ်ပါကြောင်း သဘောပေါက်ကြပါရန်။

ဤသို့လျှင် မဂ္ဂသစ္စာနိဒ္ဒေသ၌ ဟောတော်မူအပ်သော မဂ္ဂင်ရှစ်ပါးကို မိမိစွမ်းအားရှိသမျှ ထုတ်ပြပြီး၍ ထို မဂ္ဂင် ရှစ် ပါး တို့ သည် တပါးစီ, သဘောတမျိုးစီ သရုပ်အားဖြင့် ကွဲပြားစေကာမူ 'သမ္မာဒိဋ္ဌိ ပုရေစရံ' ဟု ဟောတော်မူသောအတိုင်း မဂ္ဂင်ခေါင်းဆောင် (သမ္မာဒိဋ္ဌိ) ပရမတ် ရုပ်, နာမ်ကို အမှန်သိ,အမှန်မြင်ဖြစ်ခဲ့သော် ကျန်သောမဂ္ဂင်တို့ သုကိစ္စသူဆောင် ရွက်သောအားဖြင့် ပါဝင်ကြကြောင်း။ သဘောမှာ ပရမတ် ရုပ်,နာမ်၏ ဖေါက်ပြန်သဘောတို့ ပျက်နေသည်ကို သမ္မာဒိဋ္ဌိဉာဏ်မြင်ခိုက် ကျန်သော မဂ္ဂင်တို့လည်း သူ့ကိစ္စသူ ဆောင်သောအားဖြင့် ပါဝင် နေသောကြောင့် ပရမတ်ရုပ်,နာမ်ကိုမြင်လျှင် မဂ္ဂင်စုံပြီဟု သိမှတ်ရပေသတည်း။

> ဣတိ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။လ။ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယ သစ္စေသု။

ဣတိ၊ဤသို့။ အဇ္ဈတ္တံ ဝါ၊မိမိ၏အတွင်းသန္တာန်၌မူလည်း။ ဓမ္မေသု၊ သစ္စာတရားတို့၌။ဓမ္မာနုပဿီ၊ ပရမတ္ထသဘောတရားတို့ဟူ၍ အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။ ဗဟိဒ္ဓါဝါ၊ သူတပါးဟူသော အပြင်အပသန္တာန်၌မူလည်း။ ဓမ္မေသု၊ သစ္စာတရားတို့၌။ ဓမ္မာနုပဿီ၊ ပရမတ္ထ သဘောတရားတို့ ဟူ၍ အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ မိမိဟူသောအတွင်း သန္တာန်, သူတပါး ဟူသော အပြင်အပ သန္တာန်၊ ဝါ-တခါတရံ မိမိသန္တာန်၌မူလည်း။ ဓမ္မေသု၊တို့၌။ဓမ္မာနုပဿီ၊ဖြစ်၍။ဝိဟရတိ၊နေ၏။

www.dhammaransi.com

ဓမ္မေသု၊သစ္စာလေးပါး အမှန်တရားတို့၌။ သမုဒယဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုလေ့ရှိသည် ဖြစ်၍မူလည်း။ ဝိဟရတိ၊ နေ၏။ ဝယဓမ္မာနုပဿီဝါ၊ပျက်ခြင်းသဘောကို အဖန်ဖန်ရှုလေ့ရှိသည် ဖြစ်၍မူလည်း။ဝိဟရတိ၊နေ၏။သမုဒယဝယဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍မူလည်း။ ဝိဟရတိ၊ နေ၏။

ဓမ္မာ၊သစ္စာလေးပါး တရားတို့သည် သာလျှင်။ အတ္ထိ၊ရှိ၏။ဣတိ၊ ဤသို့။အဿ၊သဘောတရားကို ရှုသောထိုယောဂီ၏။ သတိ၊ အမှတ်ရမှုသည်၊ဝါပန၊ တနည်းတဖုံအားဖြင့်လည်း။ ပစ္စုပဋ္ဌိတာ၊ညာဏ်၌ရှေးရှု ထင်လာမှုသည်။ ဟောတိ၊ဖြစ်၏။ သာသတိ၊ ထိုထင်လာမှုသတိသည်။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ အာရုံကို သိခြင်း၏ တိုးပွားမှု အလို့ငှာသာတည်း။ ပဋိဿတိမတ္တာယ၊ သဘောတရားကို တဖန်ထပ်၍ တိုးပွားစေမှု အလို့ငှာသာတည်း။

သောဘိက္ခု၊ဖြစ်,ပျက်ကာမျှ သဘာဝဟု ဓမ္မရှုတတ် ယောဂီမြတ်သည်။ အနိဿိတောစ၊ ဖြစ်မှု,ပျက်မှုသဘောတရားစုကို ငါ,ငါ့ဥစ္စာဟု ဒိဋ္ဌိတဏှာ ထိုနှစ်ဖြာဖြင့် မမှီမူ၍လည်း။ ဝိဟရတိ၊နေ၏။ လောကေ၊ အစွဲအလမ်း၏ အာရုံဖြစ်သော သင်္ခါရမှု အပျက်စုကို။ကိဉ္စိ၊ တစုံတခု သော(ခန္ဓာ)အစုအပုံကိုမျှ။ နစဥပါဒိယတိ၊ ငါ,ငါ့ဥစ္စာဟူသော ဒိဋ္ဌိ တဏှာထိုနှစ်ဖြာဖြင့်ဖွဲ့ရှာမြဲမှန်းမစွဲလမ်း။ဘိက္ခဝေ၊ချစ်သားတို့။ဧဝမ္ပိ၊ ဤသို့လည်း။ဘိက္ခု၊ဤခန္ဓာကို ဘေးဟုရှုတတ် ယောဂီမြတ်သည်။ဓမ္မေသု၊သစ္စာလေးပါး သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သဘောတရားတို့ဟူ၍ အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။

အဓိပ္ပာယ် ရှင်းချက် ဤသစ္စာပိုင်းသည် သတိပဋ္ဌာန်လေးပါးစလုံး၏ အချုပ်ဖြစ်ပေသည်၊ သတိပဋ္ဌာန်တရားအလုပ် အားထုတ်သော ယောဂီသည် သတိပဋ္ဌာန် တပါးပါးကို အားထုတ်စေကာမူ အားထုတ်မှု ပန်းတိုင်ကား'သစ္စာ'ပင် ဖြစ်လေသည်၊သစ္စာလေးပါးတွင် နောက်ဆုံး ပြခဲ့သော မဂ္ဂသစ္စာသည် 'အလုပ်သစ္စာ'(တနည်း) မြတ်စွာဘုရား သာသနာ၏ ပင်ရင်းလမ်းစဉ်'မဇ္ဈိမပဋိပဒါ'ဖြစ်ပေသောကြောင့်တည်း။

www.dhammaransi.com

မဂ္ဂသစ္စာဘာဝနာအားဖြင့် ဤ ရုပ်,နာမ်ခန္ဓာသည် မည်သည့် သတိပဋ္ဌာန် ရှုဒေါင့်ကကြည့်ကြည့် မြင်ရသမျှ,သိရသမျှသည်'ဒုက္ခသစ္စာ'ဆင်းရဲအမှန်ဟု သိဖို့ချည်းသာတည်း၊ ထို ရုပ်,နာမ်သည် ဒုက္ခသစ္စာ ဖြစ်သည်မှာ ဤခန္ဓာစတင်ဖွဲ့စည်းစ'ကလလရေကြည်'(သန္ဓေတည်စ)ကပင်ဖြစ်ပေသည်၊ ရုပ်,နာမ်ရပြီး၍ (တနည်း) တရားအားထုတ်သည်ဆိုကာမှ ညောင်းသဖြင့်, ကိုက်သဖြင့်,နာသဖြင့် ဒုက္ခသစ္စာဖြစ်လာသည်မဟုတ်။

ရုပ်,နာမ်ခန္ဓာနှင့် ပတ်သက်၍ မြတ်စွာဘုရားသည်....

ပုဗ္ဗေစာဟံ အနုရာဓ ဧတရဟိစ ဒုက္ခဉ္စေဝ ပညပေမိ ဒုက္ခဿစ နိရောဓံ။

'ချစ်သားအနုရာဓ - ငါဘုရားသည် ဤ ခန္ဓာငါးပါးကို ရှေးကလည်း (ဒုက္ခ ဆင်းရဲဟု ပညတ်သည်၊ချုပ်ခြင်းသည်လည်း ဆင်းရဲချုပ်သည်ဟု ပညတ်သည်၊ ယခုလည်း ဆင်းရဲဖြစ်၍ ဆင်းရဲပင်ချုပ်သည်'ဟု ခန္ဓဝဂ္ဂ ပါဠိတော်တွင်ရှင်း....

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

'အကျဉ်းအားဖြင့် ခန္ဓာငါးပါးအပေါင်းသည် ဒုက္ခသစ္စာ'ဟု ဓမ္မစကြာတွင် ဟောတော်မူသဖြင့်ရှင်း- သစ္စာနှင့် ပတ်သက်သော အထူးသဖြင့် ဒုက္ခသစ္စာနှင့် ပတ်သက်သော နေရာတိုင်းတွင် ခန္ဓာငါးပါးကို ဟောတော်မူသည်။

ဆိုလိုသည်မှာ ခန္ဓာငါးပါး ဖြစ်စေ, ခန္ဓာလေးပါး ဖြစ်စေ, ခန္ဓာတပါးဖြစ်စေ၊ 'ခန္ဓာ'ဟူသော အစုအပုံ, အလုံးအခဲ, အဖြုန်းအမှုန့် တခုခုသည် ဖြစ်ခြင်း, ပျက်ခြင်းရှိသောကြောင့် ဒုက္ခသစ္စာဟု ဟောတော်မူသည်၊ ဤခန္ဓာ'ကလလရေကြည်'ဖြစ်စကပင် ကျွန်ုပ်တို့ ခန္ဓာ ဖြစ်လာသည်၊ ခန္ဓာဖြစ်သဖြင့် ဒုက္ခသစ္စာ ပါလာလေသည်၊ ဤ ခန္ဓာသည်ပင် ဒုက္ခသစ္စာခန္ဓာဖြစ်လေသည်။

တရားအားထုတ်သော ယောဂီသည် ဤ ရုပ်,နာမ်ခန္ဓာ၏ အမှန်သဘော,အရှိသဘောတို့ကို အမှန်အတိုင်းသိရန်, အရှိအတိုင်းသိရန် အားထုတ်ခြင်းဖြစ်လေရာ ဤ ခန္ဓာ၏ပင်ရင်းအရှိသဘောတရားက 'ဖြစ်လိုက်, ပျက်လိုက်,ဖြစ်လိုက်,ပျက်လိုက်'နေသည်၊ ဤခန္ဓာ၏ပင်ကိုသဘောအမှန်ကို

www.dhammaransi.com

အမှန်အတိုင်း,အရင်းအတိုင်းသိလို၍ ခန္ဓာကွင်းကို ဆင်းကာ လေ့လာသော ဉာဏ်သည် ခန္ဓာ၏ အမှန်သဘော ဖြစ်,ပျက် ကို ဖြစ်,ပျက် ဟု သိမည်၊ ကြာကြာသိလာလျှင် 'အပျက်စု,ဆင်းရဲစု'ဟု သိလာမည်၊ ဤသည်ပင်လျှင် ယောဂီ၏ဉာဏ်သည်'ယထာဘူတဉာဏ်'(တနည်း)'အဟုတ်အမှန်ကိုအဟုတ် အမှန် သိသည်'ဟု ဆိုရ၏၊ ၎င်းမှအဆင့်ဆင့် အသိဉာဏ် ရင့်၍လာသော အခါ (ဒုက္ခသစ္စာ) ဆင်းရဲအမှန်ပဲ,တကယ်ဆင်းရဲပဲဟု သစ္စာကိုသိသော ဉာဏ်ဖြစ်လာသည်။

အချို့တို့ကား ပင်ရင်းခန္ဓာ၏ သဘောတရားအမှန်ကို မရှာ မဖွေ သိအောင်မလုပ်ပဲ ကြာကြာထိုင်သဖြင့် ညောင်းလာ, ကိုက်လာ မခံသာသော သဘောတွေကို ဒုက္ခသစ္စာထင်၍ အားထုတ်သည်၊ ၎င်း ဒုက္ခသစ္စာသည် ထ၍လမ်းလျှောက်သည်နှင့် ပျောက်တော့သည်၊ဒုက္ခလက္ခဏာနှင့် ဒုက္ခသစ္စာ မကွဲမှုပင်တည်း၊ ဗမာစကားအရ အဓိပ္ပာယ်ရှင်းရှင်း နှင့် သိရန်ကား လောကတွင် အလွန်ချမ်းသာနေသည်ဟု မှတ်ယူဆဲ, မှတ်ထင်ခိုက် ခန္ဓာ၏ အတွင်းသဘောမှာ'ဒုက္ခသစ္စာ'ဆင်းရဲအမှန်ပင်ဖြစ်နေသည်၊ ၎င်းကို သူသိ, ငါသိ,နာမ်သိ အသိမျိုးနှင့် မရ မသိ၊ ဉာဏ်နှင့်သာ သိရသော ပရမတ်မြင် ဒုက္ခသစ္စာဟု သိလေသည်။

ယင်းသို့ ခန္ဓာ၏ပင်ရင်း အတွင်းသဘောကို သိခြင်းသည် 'အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ' ဟု ပါဠိတော်တွင် ဟောလေသည်၊ ထိုနည်းအတူ ရုပ်,နာမ်ခန္ဓာဟူသည် အားလုံးသောသက်ရှိ,သက်မဲ့ သဘောတရားတို့သည် ဖြစ်လိုက်,ပျက်လိုက်နေသောကြောင့်'တကယ်ပင် ဆင်းရဲပါတကား'ဟု အသိဉာဏ်ဖြစ်လာအောင် ရှုနေခြင်းသည် 'ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ'ပင်တည်း။

ဤသို့ အရင်းခံဖြစ်သော ရုပ်,နာမ်လောက၏ သဘောတရားအမှန်ကို အမှန်အတိုင်းသိသောဉာဏ်၏ လေ့လာအကဲခပ်မှု ရင့်ကျက်, ရင့်ကျက်လာသောအခါ မိမိဉာဏ်နှင့် လေ့လာသိရှိနေသော ပရမတ် ရုပ်,နာမ်တို့ အပေါ်၌ တပ်မက်မှု, တွယ်တာသာယာမှုတို့ လျော့ပါးအားနည်းလာကာ 'ငါ ဟူ၍၎င်း, ငါ့ဥစ္စာ ဟူ၍၎င်း, ငါ၏အခိုင်အမာ' ဟူ၍၎င်း သိမှတ်စရာ, စွဲလမ်းစရာ မရှိလောက်အောင် 'ပရမတ္ထ သဘာဝတို့ပေတကား' ဟု အစွဲ

www.dhammaransi.com

အလမ်း လွတ်တော့သည်သာမက သုံးဆယ့်တဘုံ ဩကာသလောက နယ်ကြီးတခုလုံးကိုပါ စွဲလမ်းတွယ်တာမှု လွတ်လိုသောအသိဉာဏ်ဖြင့် 'နစ ကိဉ္စိ လောကေ ဥပါဒိယတိ' ဖြစ်လာလေသည်။

ယင်း အသိဉာဏ်သည် 'တဏှာ, ဒိဋ္ဌိ' တို့ အမှီအတွယ်ကင်းသောဉာဏ်ဖြစ်ကာ သံသရာအဆင့်ဆင့်ကို အစွဲအလမ်းလွတ်လာသည်နှင့်အမျှ ပုဂ္ဂိုလ်သတ္တဝါ, အကောင်အထည်တို့ အပေါ်တွင် သဘောထား ပြောင်းကာ ပညတ်နယ်က သိလာမှတ်လာရသော အမှတ်အသား, ယုံကြည်ချက်တို့သည် မဟုတ်မမှန်သည်ကို အဟုတ်အမှန်ထင်လောက်အောင် အမှတ်မှားမှု, အသိမှားမှု, အစွဲအမြင်မှားမှုတို့ ပေတကားဟု ပညတ်သိနေရာတွင် ပရမတ်အမှန်သိ အစားထိုလာသော သဘောတို့ကိုလည်း သဘောပေါက် နားလည်လာကာ အသိဉာဏ် ရှင်းလေတော့သည်။

ယင်းသို့ အသိဉာဏ်ရှင်းလာသည်ကစ၍ ပညတ်အာရုံကြောင့် ဖြစ်သော ကိလေသာ, အာသဝ, သံယောဇဉ် စသော တရားတို့သည် ပရမတ်သိနေသောယောဂီအား မကပ်ရောက်မနှိပ်စက်နိုင်သည့်အတွက် ကိလေသာ အဆင့်ဆင့် သံယောဇဉ် အတန်တန်တို့ မဂ်အားလျော်စွာ ပြတ် တောက်လေရကား ကိလေသာ သံယောဇဉ် စသော သံသရာ ဒုက္ခပေးတတ်သည့် တရားတို့သည် ပရမတ်ကို လေ့ကျင့်သဘောပေါက် အားထုတ် နေသော ယောဂီအား သံသရာဆင်းရဲမပေးနိုင်သောကြောင့် ကိလေသာ မကပ် မနှိပ်စက်နိုင်သော ပရမတ်သာ ရှုရသည့် ဓမ္မာနုပဿနာကို ပွားများအားထုတ်ပါကုန်။

သစ္စာရှုသောအပိုင်း ပြီး၏။

www.dhammaransi.com

သတိပဋ္ဌာန် အကျိုးပြ စကားတော်

၂၈-ပါဠိတော် ယောဟိကောစိဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ ။လ။ ဆ ဝဿာနိ ။လ။ ပဥ္စဝဿာနိ ။လ။ စတ္တာရိ ဝဿာနိ ။လ။ တီဏိ ဝဿာနိ ။လ။ ဒွေ ဝဿာနိ ။လ။ ဧကံ ဝဿံ ။လ။ သတ္တ မာသာနိ ။လ။ ဆ မာသာနိ။လ။ ပဥ္စမာသာနိ။လ။စတ္တာရိမာသာနိ၊ တီဏိ မာသာနိ၊ဒွေ မာသာနိ၊ ဧကံမာသံ။လ။ အဍ္ဎမာသံ ။လ။သတ္တာဟံ၊တဿဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိဝါ ဥပါဒိသေသေ အနာဂါမိတာတိ။

၂၈-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ ယောဟိကောစိ၊ အကြင်အမှတ်မရှိ တစုံတယောက်သော သူသည်။ ဣမေစတ္တာရောသတိပဋ္ဌာနေ၊ ဤလေးပါးသောသတိပဋ္ဌာန်တရားတို့ကို။ ဧဝံ၊ ဤဟောတော်မူခဲ့ပြီးသောအတိုင်း။ သတ္တဝဿာနိ၊ခုနစ်နှစ်တို့ပတ်လုံး။ ဘာဝေယျ၊ ပွားများငြားအံ့။ဆ ဝဿာနိ၊ခြောက်နှစ်တို့ပတ်လုံး။ ပဥ္စဝဿာနိ၊ ငါးနှစ်တို့ပတ်လုံး။ စတ္တာရိဝဿာနိ၊ လေးနှစ်တို့ပတ်လုံး။ တီဏိ ဝဿာနိ၊ သုံးနှစ်တို့ပတ်လုံး။ ဒွေဝဿာနိ၊ နှစ်နှစ်တို့ ပတ်လုံး။ ဧကံဝဿံ၊တနှစ်ပတ်လုံး....။ သတ္တမာသာနိ၊ ခုနစ်လတို့ ပတ်လုံး။ ဆမာသာနိ၊ ခြောက်လတို့ပတ်လုံး။ပဥ္စမာသာနိ၊ငါးလတို့ပတ်လုံး၊ စတ္တာရိမာသာနိ၊ လေးလတို့ပတ်လုံး။ တီဏိမာသာနိ၊သုံးလတို့ပတ်လုံး။ ဒွေမာသာနိ၊ နှစ်လတို့ပတ်လုံး။ ဧကံမာသံ၊ တလပတ်လုံး။ အဍ္ဎမာသံ၊လခွဲ။သတ္တာဟံ၊ခုနစ်ရက်ပတ်လုံး။ ဘာဝေယျ၊ပွားများငြားအံ့။တဿ၊သတိပဋ္ဌာန်အလုပ်အားထုတ်သော ထိုယောဂီအား။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက် လက်ရှိ အဖြစ်၌သာလျှင်။ အညာဝါ၊ အရဟတ္တဖိုလ်သည်မူလည်း။ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဥပါဒိသေသေ၊ စွဲလမ်းမှုကျန်သေးသည်။ သတိ၊ရှိသော်။ အနာဂါမိတာဝါ၊အနာဂါမ်၏ အဖြစ်သည်မူလည်း။ ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဒွိန္နံဖလာနံ၊ ၂-ပါးသော ဖိုလ်တို့တွင်။ အညတရံဖလံ၊ တပါးပါး

www.dhammaransi.com

သာဖိုလ်ကို။ ပါဠိကာနိ် အလိုရှိအပ်၏။ ဝါ-ရနိုင်၏၊ ရကောင်း၏။ ဣတိ ဤတွင်ပြီး၏။

၂၀-အဓိပ္ပာယ် ရှင်းချက်

မြတ်စွာဘုရားသည် 'ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ' ကစ၍ ဤ ဟောအပ်လတ္တံ့သော ၂၁-ပါးသော အခြင်း အရာရှိသော သတိပဋ္ဌာန်တရား လေးပါးသည် နိဗ္ဗာန်သို့ ရောက်ရန် တဖြောင့်တည်း၊တကြောင်းတည်းသောမဂ္ဂင်လမ်းခရီး ဖြစ်သော ကြောင့် သတ္တဝါတို့ ကိလေသာမှ စင်ကြယ်စေခြင်းငှာ, သောကပရိဒေဝ စသည်တို့မှ လွန်မြောက်စေခြင်းငှာ, ဒုက္ခဒေါမနဿတရားတို့ ချုပ်ငြိမ်းစေ ခြင်းငှာ,ဝိပဿနာဉာဏ်အဆင့်ဆင့် ရင့်ကျက်စေခြင်းငှာ, ကိလေသာငြိမ်း-ခန္ဓာငြိမ်း၍ အေးငြိမ်းသောနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်စေခြင်းငှာ အားထုတ်ရန်သတိပဋ္ဌာန်တရားလေးပါးကို ဟောတော်မူကြောင်း နိဒါန်းတွင် ဝန်ခံထားတော်မူသည်။

၎င်းနောက် ကာယာနုပဿနာ ၁၄-မျိုး၊ဝေဒနာနုပဿနာ ၁-မျိုး၊ စိတ္တာနုပဿနာ ၁-မျိုး၊ ဓမ္မာနုပဿနာ ၅-မျိုး၊ အားလုံးပေါင်း ၂၁-မျိုး တို့ကို အစီအစဉ်အတိုင်း ဟောတော်မူပြီးနောက် တဖန် အားထုတ်သော ပုဂ္ဂိုလ်တို့ ကာလအတိုင်းအတာ, မဂ်အတိုင်းအတာတို့ကိုနိဂုံးချုပ်အနေနှင့် ဟောတော်မူပြန်လိုရကား....

'ချစ်သားတို့-ရဟန်းဖြစ်စေ, ရဟန်းမ ဖြစ်စေ, လူ ယောက်ျားဖြစ် စေ, လူ မိန်းမ ဖြစ်စေ၊အကြင်အမှတ်မရှိ မည်သူမဆို ဤဟောကြား ညွှန်ပြ ခဲ့သည့်နည်းအတိုင်း ကျနမှန်ကန်စွာအားထုတ်ကြပါမူ ၇-နှစ်အားထုတ်က အထက်တန်းဖြစ်သော အနာဂါမ်,ရဟန္တာဖြစ်နိုင်သည်၊အကယ်၍ ဥပါဒါ နက္ခန္ဓာအပေါ်တွင် အမြင်မပြတ် အစွဲအလမ်းကပ်နေက အနာဂါမ်အဖြစ် မလွဲပေ၊ အောက်တန်းဖြစ်သော သောတာပန်,သကဒါဂါမ်တို့ကား ပြော ဖွယ်ရာပင် မရှိ၊ လွယ်လွယ်နှင့်ပင် ဖြစ်နိုင်၏။

ခုနစ်နှစ်တာကာလကြာအောင် အားထုတ်ပါမှရမည်လားဟု စော ဒကတက်ချင်သူများအတွက် ဖြည့်စွက်ဟောကြားထားပုံမှာ 'သတ္တဝဿာနိ တိဋ္ဌန္တု' ခုနစ်နှစ်ဆိုသည်မှာ များသည်ဆိုလျှင် ထားလိုက်ပါဦး၊ ၆-နှစ်၊ ၅-နှစ်၊ ၄-နှစ်၊ ၃-နှစ်၊ နှစ်နှစ်၊ တနှစ်ပတ်လုံး အားထုတ်ရင် ရနိုင်, ဖြစ်နိုင် ပေသည်။

www.dhammaransi.com

ထိုတန္ဒစ်ပင် များသည်ထင်က ၇-လ၊ ၆-လ၊ ၅-လ၊ ၄-လ၊ ၃-လ၊ ၂-လ၊ တလ၊ ၁၅-ရက်၊ နောက်ဆုံး ၇-ရက်မျှ အားထုတ်ရလျှင် အထက်တန်း ၂-မဂ်, ၂-ဖိုလ်ကို ရနိုင်ပေသည်၊ အောက်တန်း မဂ်,ဖိုလ်တို့မှာ ဆိုစရာမရှိပင်ဖြစ်သည်။

သို့ဖြစ်လျှင် မြတ်စွာဘုရား၏ တရားတော်သည် အကန့်အသတ် တမျိုးတည်းမထားပဲ အဘယ့်ကြောင့် ကာလအမျိုးမျိုးထား၍ မဂ်အမျိုးမျိုး ကွဲရပါသနည်းဟု စောဒကဝင်ခဲ့သော် တရားတော်၏ သဘာဝကား ဤခန္ဓာသဘာဝ ပရမတ္ထကို ဤဉာဏ်အမြင် ဖြစ်၏၊ ထိုဉာဏ် ရင့်သန်က မဂ်သို့ ရောက်၏။

ဧဝံ တီဏိ လက္ခဏာနိ အာရောပေတွာ ပဋိပါဋိယာ ဝိပဿနံ ပဝတ္တေန္တော သောတာပတ္တိ မဂ္ဂံ ပါပုဏာတိ။

(မူလပဏ္ဏာသဋ္ဌကထာ-၇၆)

ဧဝံ၊ဤသို့။ပဋိပါဋိယာ၊အစဉ်အတိုင်း။ တီဏိလက္ခဏာနိ၊ပျက်သဘော, ဆင်းရဲသဘော, ငါမဟုတ်သော သူ့သဘောလက္ခဏာတို့ကို။ အာရောပေတွာ၊ပရမတ်သဘောအပေါ်တွင် ဉာဏ်ကိုတင်၍။ ဝိပဿနံ၊ ပရမတ်ရုပ်,နာမ်ဝိပဿနာရှုမှုကို။ပဝတ္တေန္တော၊ဖြစ်စေသည် ရှုစေသည်ရှိသော်။ သောတာပတ္တိမဂ္ဂံ၊ သောတာပတ္တိမဂ်သို့။ ပါပုဏာတိ၊ ရောက်၏။

ဤကား တရားတော်၏အမှန်သွားရာလမ်းကြောင်း 'မူ'ဖြစ်သည်ကို အဋ္ဌကထာ ပြသည်။ အဋ္ဌကထာ ဆရာတို့သည်သာ ပြသည် မဟုတ်သေး၊ ကိုယ်တော်တိုင်လည်း အနတ္တလက္ခဏာသုတ် စသည်တို့တွင်-

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ။

(ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်-၅၆)

ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝံ၊ ဤ ငါဟောကြားညွှန်ပြသောအတိုင်း။ ပဿံ၊ အမြင်ဉာဏ်ရသော။ သုတဝါ၊ ပရမတ်တရား၌ အကြားအမြင်ရှိသော။ အရိယသာဝကော၊ အရိယာတပည့်သည်။ ရူပသ္မိံပိ၊ ဖောက်ပြန်မှုသဘော၌လည်း။ နိဗ္ဗိန္ဒတိ၊ငြီးငွေ့၏။ နိဗ္ဗိန္ဒံ၊ ငြီးငွေ့ခြင်းကြောင့်။ ဝိရဇ္ဇတိ၊တပ်မက်ကင်း၏။ ဝိရာဂါ၊တပ်မက်ကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ ကိလေသာမှ လွတ်မြောက်၏။

www.dhammaransi.com

တရားသဘောသည် ဖြောင့်စင်း၏၊ ထို လမ်းဖြောင့်ကို သိတော်မူမြင်တော်မူသော မြတ်စွာဘုရားသည် ထိုလမ်းဖြောင့်သို့လိုက်၏၊ သာဝက တို့ကိုလည်း လမ်းဖြောင့်ကို လိုက်ရန်ညွှန်၏။

မြတ်စွာဘုရား ညွှန်ပြသော လမ်းဖြောင့်သို့ လိုက်သော သာဝက တို့ကမူ ဣန္ဒြေအနုအရင့်, ပါရမီအဆင့်အတန်း, ဉာဏ်အမြင် ကျယ်မကျယ် ခြားနားချက်ရှိလေသည်၊ ထို ခြားနားချက်ရှိနေသော ပုဂ္ဂိုလ် အစားစား တို့အတွက် ဉာဏ်တော်ကျယ်ဝန်းတော်မူသော မြတ်စွာဘုရားသည် ဉာဏ် နုံ့သူ၊ အလယ်အလတ်ရှိသူ၊ ဉာဏ်ထက်သူစသောဝေနေယျတို့အတွက်တဦးစီ ခွဲခြား၍ မထားတော့ပဲ မိမိဉာဏ်လုပ်အားနှင့် ပြဋ္ဌာန်းထားသော စည်း ကမ်းချက်များအရ မိမိဉာဏ်ရောက်သည့်အတိုင်း ကာလ အပိုင်းအခြား မဂ် အပိုင်း အခြား ထား၍ ဟော တော် မူလေသည်၊ သည်ကို ရည်၍ အဋ္ဌကထာ၌....

သဗ္ဗမ္ပိ စေတံ မဇ္ဈိမဿ ဝေနေယျပုဂ္ဂလဿ ဝသေန ဝုတ္တံ၊ တိက္ခပညံ ပန သန္ဓာယ ပါတော ဝ အနုသိဋ္ဌော သာယံ ဝိသေသံ အဓိ ဂမိဿတိ၊ သာယံ အနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတီတိ။

(မဟာဝဂ္ဂအဋ္ဌကထာ-၃၉၅)

သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ စေတံဝစနံ၊ ၇-နှစ်မှအောက် ၇-ရက်မှ အထက် အားထုတ်ပြောအံ့ စသော ဤစကားကို။ ဘဂဝတာ၊မြတ်စွာ ဘုရားသည်။ မဇ္ဈိမဿ၊ ဉာဏ် အလယ်အလတ် ရှိသော။ ဝေနေယျ ပုဂ္ဂလဿ၊ ကျွတ်ခွင့် လွတ်ခွင့်ရှိသော ဝေနေယျပုဂ္ဂိုလ်၏၊ ဝသေန၊ အစွမ်းအားဖြင့်။ ဝုတ္တံ၊ဟောတော်မူအပ်ပြီ။ ပန၊ဂရုတော်၏တကယ် စွမ်းအားမှာမူကား။ တိက္ခပညံ၊ ထက်သောပညာရှိသော။ ဝေနေယျ ပုဂ္ဂလံ၊ကျွတ်လွတ်ခွင့်ရှိသောဝေနေယျပုဂ္ဂိုလ်ကို။ သန္ဓာယ၊ရည်ရွယ်၍။ ပါတော ဝ၊ နံနက်အခါ၌သာလျှင်။ အနုသိဋ္ဌော၊တရားရ၍ ဆုံးမအပ် ပြီးသော။ ဘိက္ခု၊ယောဂီသည်။သာယံ၊ ညနေချမ်းအခါ၌။ ဝိသေသံ၊ မဂ်,ဖိုလ် တရားထူးကို။ အဓိဂမိဿတိ၊ ရလတ္တံ့။ သာယံ၊ ညနေချမ်း အခါ၌။ အနုသိဋ္ဌော၊ တရားပြ၍ ဆုံးမအပ်ပြီးသော။ ဘိက္ခု၊ ယောဂီ သည်။ ပါတော ဝ၊ နံနက်အခါ၌သာလျှင်။ ဝိသေသံ၊ မဂ်,ဖိုလ် တရား ထူးကို။ အဓိဂမိဿတိ၊ ရလတ္တံ့။ ဣတိ၊ ဤသို့တည်း။

www.dhammaransi.com

သတိပဋ္ဌာန်အလုပ်, ဝိပဿနာအလုပ်ဟူသည် အပြင်က ဝေဖန်၍ မရ၊ အားထုတ်သူ၏ ဉာဏ်ပေါ်မှာသာ ဖြစ်သောကြောင့် ထိုဉာဏ်ရသော သူ၏ အသိမှာသာဖြစ်သည်၊ နောက်ဆုံးကာလ အပိုင်းအခြား ဟူသော ၇-ရက်အားထုတ်ရသော ပုဂ္ဂိုလ်ပင်လျှင် ဉာဏ်အလယ်အလတ်စား ပုဂ္ဂိုလ် မျိုးကို ရည်ရွယ်၍ ဟောတော်မူကြောင်း၊ အမှန်တကယ် တရားတော်၏ အစွမ်းသတ္တိကို လိုက်မှီနိုင်သော ဉာဏ်ပညာ ထက်မြက်သူများ အတွက်မူ 'နံနက်ကတရားပြလျှင် ညနေချမ်းတွင်ရသည်၊ ညနေချမ်းက တရားပြလျှင် နံနက်တွင် ရသည်'ဟု မြတ်စွာဘုရားက ဟောကြောင်းသက်သေ ထူလိုက် သည်၊ မှန်၏။

ဗောဓိ ရာဇကုမာရ ဗောဓိမင်းသားသည် မြတ်စွာဘုရားနှင့်တကွ သံဃာတော်များ အား နန်းတော်သို့ပင့်လျက် ဆွမ်းကပ်လုပ်ကျွေးပြီးသောအခါ မြတ်စွာဘုရားအား 'မယှံ ခေါ ဘန္တေ ဧဝံ ဟောတိ၊ နခေါ သုခေန သုခံ အဓိဂန္တဗ္ဗံ၊ ဒုက္ခေန ခေါ သုခံ အဓိဂန္တဗ္ဗံ' 'မြတ်စွာဘုရား တပည့်တော်၏ယုံကြည်ချက်မှာ ချမ်းသာစွာနေ၍ ချမ်းသာသောနိဗ္ဗာန်ကို မရနိုင်၊ စင်စစ်မှာမူ ဆင်းရဲဖြင့်သာလျှင် ချမ်းသာသောနိဗ္ဗာန်ကို ရနိုင်ပါ မည်'ဟု ခံယူထားကြောင်း လျှောက်လေသည်၊ ထိုအခါ မြတ်စွာဘုရားက 'ငါသည်လည်း ဘုရားမဖြစ်မီ,တရားမရမီ,တရားသဘောမသိမီကသင်ကဲ့သို့ ပင် ယုံကြည်ထားသည်'

စသည်ဖြင့် စကားပလ္လင်ခံပြီးလျှင် ဤယုံကြည်ချက်ဖြင့်ဆင်းရဲခံ၍, ဆင်းရဲနှင့် ရင်းနှီး၍ ချမ်းသာသောနိဗ္ဗာန်ကို ရှာဖွေရန် တောထွက်ခဲ့ပုံ အာဠာရ,ဥဒကတို့အထံမှာ တရားရှာခဲ့ပုံ, ဆင်းရဲပင်ပန်းခံ၍ ဒုက္ကရစရိယာ ကျင့်ခဲ့ပုံ, ဆင်းရဲနှင့် ရင်း၍ တရားရှာခဲ့သော်လည်း တရားမရပဲ မသေရုံ ကျန်ပုံ, နောက် ဗောဓိမဏ္ဍိုင်ရောက်၍ (မဇ္ဈိမပဋိပဒါ) အလယ် လမ်း ကြောင်းအကျင့်နှင့် အစွန်းလွတ်သက်သာစွာ ဉာဏ်ရောက်မှ တရားရပုံတို့ကို အကျယ်တဝင့် ဟောတော်မူပြီးနောက် တရားရှာခြင်းဆိုသည်မှာ ဆင်းရဲ စွာကျင့်ခြင်း, ချမ်းသာစွာကျင့်ခြင်းသည် ပဓာနမဟုတ်၊ ဉာဏ်မှန်မှန် ကျ ရောက်မှုအပြင် လိုအပ်သောစည်းကမ်းချက်နှင့် ညီညွတ်လာလျှင်....

www.dhammaransi.com

ဣမေဟိ ပဉ္စဟိ ပဓာနိယင်္ဂေဟိ သမန္နာဂတော ဘိက္ခု တထာဂတံ ဝိနာယကံ လဘမာနော သာယ မနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတိ၊ ပါတမနုသိဋ္ဌော သာယံ အဓိဂမိဿတိ။

(မဇ္ဈိမပဏ္ဏာသပါဠိတော်-၁၀၀)

ဤပဓာနိယတရား၅-ပါးနှင့်ပြည့်စုံသော မြတ်စွာဘုရား၏အဆုံးအမကို ကောင်းစွာရယူအားထုတ်သော ယောဂီသည် ညချမ်းအခါ တရားပြ၍ ဆုံးမအားထုတ်စေလျှင် နံနက်တွင် မဂ်,ဖိုလ် တရားအထူးကို ရနိုင်လေသည်။နံနက်အချိန် တရားညွှန်ပြဆုံးမအားထုတ်စေရလျှင် ညချမ်းတွင် မဂ်,ဖိုလ် တရားအထူးကို ရနိုင်လေသည်။

ဟု ဟောတော်မူသည်။

အဓိပ္ပာယ်မှာ လိုအပ်သောပဓာနအင်္ဂါ၅-ပါးနှင့်ပြည့်စုံ၍ မြတ်စွာဘုရား၏ အဆုံးအမ ညွှန်ကြားမှုကိုလည်း လိုက်နာ အားထုတ်သူ မှန်လျှင် ညနေအားထုတ်က နံနက်မိုးသောက်က တရားရမည်၊ နံနက် အားထုတ်က ညနေချမ်းတွင် တရားရမည်ဖြစ်ရကား တရားတော်၏(အကာလိက)ကာလ မခြား အကျိုးပေးတတ်သော ဂုဏ်တော် မြောက်ကြောင်း ယုံကြည်အပ်ပေသည်။

ပဓာနိယတရား ငါးပါး

ဗောဓိမင်းသားအား မြတ်စွာဘုရားဟောသော ပဓာန စည်းကမ်းချက် ၅-ခုကို အကျဉ်းအားဖြင့် သိထားရန် လိုသည်၊ ထိုပဓာနစည်းကမ်းချက်တို့ မပြည့်စုံ၍သော်၎င်း, မသိ၍သော်၎င်း,စည်းကမ်းချက်နှင့်မညီသောယောဂီအား မြတ်စွာဘုရား၏ အာမခံချက်ရမည် မဟုတ်ပေ၊ ထိုစည်းကမ်းချက် အကျဉ်းချုပ်မှာ....

၁။ 'သဒ္ဓေါဟောတိ'- မြတ်စွာဘုရား၏ အရဟံ အစ ဘဂဝါ အဆုံးရှိသော ဂုဏ်တော်တို့နှင့်တကွ သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်ခြင်း။

၂။ 'အပ္ပါဗာဓောဟောတိ'- တရားအားထုတ်မည့်သူသည် သင့်တင့်သော ကျန်းမာမှုရှိရန် လိုသည်၊ အချမ်း-အပူ စသော ဥတု၏ ညီမျှခြင်း ခံနိုင်ရည်ရှိခြင်း ဖြစ်သည်။

www.dhammaransi.com

၃။ 'အသဌော ဟောတိ'- မစဉ်းလဲ မကောက်ကျစ်ခြင်း, အပြစ် ရှိလျှင် ရှိသည့်အတိုင်း မဖုံးမကွယ်ပဲ တတ်သိနားလည်သော ဆရာသမားထံတွင် ဝန်ခံကုစားခြင်း။

၄။ 'အာရဒ္ဓဝီရိယော ဟောတိ'- မိမိအားထုတ်မည့် တရား၌ မရမနေ မြဲမြံခိုင်ခံ့သော လုံ့လအားနှင့်တကွ စိတ်ဓာတ်အကျမခံဘဲ အားထုတ်မှုရှိခြင်း။

၅။ 'ပညဝါ ဟောတိ'- ပရမတ်, ရုပ်,နာမ် တို့၏ ဖြစ်တတ်, ပျက်တတ်သော မူလသဘာဝကို သိနိုင်, မြင်နိုင်စွမ်းသော ဉာဏ်, ပညာနှင့်ပြည့်စုံခြင်း။

(၎င်းကို ပဥ္စကအင်္ဂုတ္တရပါဠိတော် ပဓာနိယင်္ဂသုတ် ၅၇။အဋ္ဌကထာ ၂၆။ ပါထိကဝဂ္ဂဋ္ဌကထာ-၂၁၂) စသည်တို့တွင်လည်း တွေ့ရှိနိုင်သည်။

ကျွန်ုပ်တို့သည် မဟာသတိပဋ္ဌာန်၏အကျိုးပြတရားကို ဟောသော ကထာနှင့်ပတ်သက်၍ ကာလအပိုင်းအခြားနှင့် ပတ်သက်နေ၍သာ ဝေဖန်ရေသားနေရသည်။ တကယ့်ဖြစ်ရပ်တို့ကား....

ဗာဟိယ ဒါရုစီရိယမည်သော ဗာဟိယသည် မြတ်စွာဘုရား မြို့ထဲတွင် ဆွမ်းခံနေဆဲ တရားဟောရန် တောင်းပန်သဖြင့် 'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ'စသော အကျဉ်းပြ ဒေသနာဟောတော်မူရာ ဗာဟိယလည်း တရားနာရင်း ဉာဏ်သွင်း၊ အားထုတ်လျက်နေလေရာ တရားဆုံးသည်နှင့် ရဟန္တာဖြစ်လေသည်။ နောက် ရဟန်းတော်များ၏ မေး လျှောက် ချက် ကြောင့် မြတ်စွာဘုရားက....

ကိံ ဘိက္ခဝေ မမ ဓမ္မံ အပ္ပံဝါ ဗဟုံဝါ တိ မာ ပမာဏံ ဂဏှထ။

(ဓမ္မပဒဋ္ဌကထာ ၄၁၂)

ချစ်သားတို့-ငါဘုရား၏ တရားတော်ကို 'နည်းသည်၊များသည်' ဟူ၍ အဘယ့်ကြောင့် အတိုင်းအတာနှင့် ပြောဆိုနေကြဘိသနည်း။

တရားတော်ဟူသည် လေ့လာအားထုတ်သူ၏ ဉာဏ်အသိတွင် ယုံကြည်ချက်ပြည့်ဝစွာ ခံယူမိပါက ရရှိနိုင်ပေသည်။

(ဤကား- ဓမ္မပဒဋ္ဌကထာ ၄၀၈-နှင့် ဥဒါနကထာတို့၌လာသော ဗာဟိယဝတ္ထုလာစကားတည်း)။

www.dhammaransi.com

ထိုမျှသာမက သေကာနီးဆဲဆဲတွင်မှ ရဟန္တာ ဖြစ်သွားသော ဓမ္မပဒဋ္ဌကထာလာ ပူတိဂတ္တထေရ် မမာမကျန်းဖြစ်၍ သေကာနီးတွင် တရားရသော သဋ္ဌာယတနသံယုတ်ပါဠိတော်လာ ဂိလာနသုတ်မှ မထေရ်တပါး၊ သေကာနီးတွင် တရားပြလိုက်၍ သေသည်နှင့် အနာဂါမ်ဖြစ်သော ဆက္က အင်္ဂုတ္တရပါဠိတော်လာ ဖဂ္ဂုနထေရ်စသော အများအပြား တရားရကြသည်မှာ ဖော်ပြ၍မဆုံးနိုင်အောင် ရှိပေသည်။

သို့ကြောင့် မြတ်စွာဘုရား၏ဝင့်မှထွက်ခြောက်ရာနှိယျာနိကသာသနာတော်တရားကို မိမိတို့၏ဉာဏ်ပါရမီအနုအရင့် စသည်တို့ကို တွက်ဆမနေပါဘဲ မြတ်စွာဘုရား၏ အစ,အလယ်,အဆုံး, တာဝန်ယူဟောကြားတော်မူသော သတိပဋ္ဌာန် တရားတော်ကို သူတော်ကောင်း ဖြစ်ကြကုန်သော ယောဂီတို့သည် မဆုတ်မနစ်ကြိုးအားသစ်၍ ရှင်ချစ်သာသနာ ပြုစုနိုင်ကြပါစေကုန်သတည်း။

သတိပဋ္ဌာန် အကျိုးပြစကားတော် ပြီး၏။

---

www.dhammaransi.com

နိဂမကထာ (အပြီးသတ်စကား)

၂၉-ပါဠိတော် ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ။ လ။ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

၂၉-အနက်။ ဘိက္ခဝေ၊ ချစ်သားတို့။ သတ္တာနံ၊ ရုပ်, နာမ် နှစ်ဖြာ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ အမျိုးမျိုးသော ကိလေသာ အညစ်အကြေးတို့မှ အထူးသဖြင့် စင်ကြယ်ခြင်းငှာ။ သောကပရိဒေဝါနံ၊ စိုးရိမ်ခြင်း,ငိုကြွေးမြည်တမ်းခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်ခြင်းငှာ။ ဒုက္ခဒေါမနဿာနံ၊ ကိုယ်၏ဆင်းရဲခြင်း,စိတ်နှလုံးမသာယာခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်းခြင်းသို့ ရောက်ခြင်းငှာ။ ဉာယဿ၊ အရိယာမဂ်ကို။ ဝါ၊ဝိပဿနာဉာဏ်ကို။ အဓိဂမာယ၊ ရခြင်းငှာ။ နိဗ္ဗာနဿ၊ ကိလေသာငြိမ်းခြင်း, ခန္ဓာငြိမ်းခြင်းဟု ဆိုအပ်သော နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှာ။ ပဝတ္တော၊ဖြစ်သော။ ကောယနော၊ မြတ်သောသဗ္ဗညုဘုရား၏သာလျှင် သွားရာလမ်းဟောင်း တကြောင်းထည်း ဖြစ်သော။ အယံမဂ္ဂေါ၊ နိဗ္ဗာန်ရောက်ရန် လမ်းကြောင်းမှန်သော ဤမဂ္ဂင်ရှစ်ပါး အကျင့်တရားသည်။ စတ္တာရော၊ လေးပါးကုန်သော။ ယဒိဒံယေဝူမေသတိပဋ္ဌာနာ၊ အကြင် သတိပဋ္ဌာန်လေးပါး တရားတို့ပင်တည်း။ ဣတိ၊ ဤသို့။ ယံတံဝစနံ၊ အကြင် သတိပဋ္ဌာန်၏ အကျိုးပြသောစကားကို။ မယာ၊ ငါဘုရားသည်။ ဝုတ္တံ၊ ရှေးဦးအစ ပဋ္ဌမက အာမခံစကား မိန့်ကြားခဲ့ပြီ။ တံဝစနံ၊ ထိုသတိပဋ္ဌာန်၏ အကျိုးပြသောစကားကို။ ဣဒံ ပဋိစ္စ၊ ဤ ဟောအပ်ပြီးသော သတိပဋ္ဌာန်တရား လေးပါးကိုပင် အစွဲပြု၍။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူပြီ။ တေဘိက္ခူ၊ သတိပဋ္ဌာန်တရား နာကြားနေကြကုန်သော ထိုရဟန်းတို့သည်။ အတ္တမနာ၊ နှစ်သက် ဝမ်းမြောက်သော စိတ်ရှိကြကုန်သည်ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော သတိပဋ္ဌာန်တရားတော်ကို။ အဘိနန္ဒုံ၊ ရှိသေစွာ ဦးညွှတ်ခံယူကြကုန်ပြီ။ ဝါ၊ သာဓု-သာဓု သုံးကြိမ်ပြု၍ နှုတ်မှုကောင်းချီး ဘဝဂ်တိုင်အောင် သဘောကျ၍ အားရနှစ်သက်ကြ

www.dhammaransi.com

လေကုန်ပြီ။ ဣတိ၊ ဤသည်လျှင် မဟာသတိပဋ္ဌာန သုတ်တော် အပြီးသတ်တည်း။

ဒေသနာ ပရိယောသာနေ၊ မဟာသတိပဋ္ဌာနသုတ် ဒေသနာတော်ကို ဟောတော်မူရာ အပြီး သတ်သော အခါ၌။ တိံသ ဘိက္ခုသဟဿာနိ၊ သုံးသောင်းသော ရဟန်းတို့သည်။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌဟိံသု၊တည်တော်မူကြကုန်ပြီ၊ အဋ္ဌကထာ။

၂၉-အဓိပ္ပာယ် ရှင်းချက် မြတ်စွာဘုရားသည် ဤမဟာသတိပဋ္ဌာန သုတ်တော်ကို မဟောမီ နိဒါန်းစတင်သည်နှင့် အကျိုး ငါး ပါးပြ၍ ထို အကျိုးတို့ကို လိုချင်သူ, ရချင်သူတို့သည် သဗ္ဗညု မြတ်စွာဘုရားတို့၏ သွားရာလမ်းကောင်း တကြောင်းတည်းသော ခရီးကို သွားကြရန် ကာယ,ဝေဒနာ,စိတ္တ,ဓမ္မလမ်းလေးသွယ်ပြ၍ ဟောတော် မူပြီး နောက် ထိုလေးပါးသောတရားတို့ကို အဘယ်မျှကြာအောင် အားထုတ်မှ ရပါမည်နည်း-ဟု သံသယဝင်ကာ နှောင့်နှေးမှုမဖြစ်စေခြင်းငှာ 'ယောဟိ ကောစိ ဘိက္ခဝေ'စသော အပြီးသတ် အကျိုးပြစကားဆက်လက်၍ ဟော တော်မူသောကြောင့် အစ,အလယ်,အဆုံး, သုံးပါးလုံး ပြည့်စုံသော တရား တော်ကြီးဖြစ်ပေသည်။ ဤ မဟာသတိပဋ္ဌာနသုတ်တော်ကြီး ဟောတော် မူ၍ ပြီးဆုံးသောအခါ တရားတော်ကိုယုံကြည်ချက်နှင့် နာယူနေကြသော ကမ္မာသဒိဂုံးမှ ရဟန်းမြတ် သုံး သောင်း တို့သည် ရုပ်, နာမ် သတိပဋ္ဌာန် ဟူသော ပရမတ္ထသဘာဝ၌ တပ်မက်မှု, စွဲလမ်းမှု မ ရ မ ရှိ ကြ လေ သော ကြောင့် အရဟတ္တဖိုလ်၌တည်၍ ရဟန္တာဖြစ်တော်မူကြပါသတည်း။

မဟာသတိပဋ္ဌာန် အဖွင့်ကျမ်း

ဤတွင် ပြီးပြီ။

www.dhammaransi.com

ကျမ်းပြီးနိဂုံးသံပေါက်

☆

တောင်းပန်ခြင်းနှင့် ဝန်ခံခြင်း

သစ္စဒီပကာ၊ ဖွဲ့တည်ရာ၊ မြို့မှာမင်းလှတွင်။
သတိပဋ္ဌာန်၊ ဖွင့်ကျမ်းဂန်၊ ကျင့်ဟန်ရေးစီရင်။
ပရမတ်မှန်၊ သိရှိရန်၊ ဧကန်ဖော်စေ့ချင်။
ကျမ်းဂန်ထောက်ဆ၊ သဘာဝ၊ ကျနစေရလျှင်။
ယောဂီအများ၊ လေ့လာအား၊ ပွားများစေဘို့ပင်။
အကျိုးတော်ဆောင်၊ ဦးအေးမောင်၊ ရှေ့ဆောင်တောင်းပန်အင်။
တောင်းပန်သူမှာ၊ သာသနာ၊ မှန်စွာတင့်စေချင်။
ဒေသနာချင့်၊ လုပ်ငန်းနှင့်၊ လေ့ကျင့်နေသူပင်။
ဗုဒ္ဓဟောမြွက်၊ ရည်ရွယ်ချက်၊ အနက်ဖော်ရလျှင်။
ပရမတ္ထ၊ သဘာဝ၊ သိမှုနိဗ္ဗာန်ဝင်။
ထိုထိုပရမတ်၊ သိစေတတ်၊ ကျမ်းမြတ်ထုတ်ကာပင်။
ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာမြဲစေချင်။
ယထာဘူတာ၊ မှန်ကန်စွာ၊ ပြုရာရောက်မည်ပင်။
ဤသို့သတိ၊ ရလေဘိ၊ အသိဉာဏ်မှာဝင်။
ရေးမည့်ပြုမည်၊ ဝန်ခံသည်၊ စိတ်ရှည်စွဲလေလျှင်။
တရားဟောရင်း၊ ပြသရင်း၊ ကျန်ကြွင်းအချိန်တွင်။
တနှစ်ကြာမျှ၊ ဤကာလ၊ ရေးထပြီးအောင်မြင်။

www.dhammaransi.com

မွေးနေ့တွင် ကျမ်းပြီးခြင်း

နှစ်ထောင့်ငါးရာ၊ ဆယ့်ခြောက်မှာ၊ သာသနာ ပေါ်သည့်နှစ်။
ထောင့်သုံးရာပေါ်၊ သုံးဆယ်ကျော်၊ လေးနော် မြန်မာနှစ်။
တပေါင်းချိန်ညီ၊ မိန်ရာသီ၊ တိတိဆယ့်ငါးဖြစ်။
ဥတ္တရာဘရဂုဏီ၊ စန်းနှင့်ညီ၊ ယှဉ်မှီလပြည့်စစ်။
ဆောင်းပေါမန္တ၊ ရက်ကုန်မှ၊ နွေလမကူးလစ်။
ညစက်နာရီ၊ ဆယ့်တစ်မည်၊ စွန်းသည်ဆယ်မိနစ်။
ဤသည့်ကျမ်းမြတ်၊ အပြီးသတ်၊ ကြီးလတ်အောင်ပွဲဖြစ်။
ထို လ,ရက်မှာ၊ ကျမ်းဆရာ၊ ဖွားလာရက်မြတ်စစ်။
ဆ ပညာသ၊ အသက်ရ၊ တွက်ဆေ သက္ကရာဇ်။
ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ တည်ရာအကျိုးဖြစ်။
ကျမ်းလည်း‌ပြီးမြောက်၊ မွေးနေ့ရောက်၊ ထွန်းတောက်စေကုန်ရစ်။

အာသီသနှင့် အမျှဝေ

အဖွင့်ကျမ်းမြတ်၊ ပြီးတုံလတ်၊ စိတ်ဓာတ်ရွှင်ကြည်စွာ။
ဘယာနတ္တိ၊ မှုတစ်၊ မရှိကင်းလွတ်ကွာ။
ကိုယ်စိတ်မနွမ်း၊ လွန်အေးချမ်း၊ ရွှင်လန်း ဝမ်းမြောက်စွာ။
မွေးနေ့ကြုံလတ်၊ သံဃာမြတ်၊ ဆွမ်းကပ်လှူဒါန်းကာ။
ကုသိုလ်ဒါန၊ မြတ်သီလ၊ ပွားကြဘာဝနာ။
ဤကျမ်းရေးရ၊ ကုသလ၊ ပုရပတ္တနာ။
လူဖြစ်,နတ်ဖြစ်၊ ဗြဟ္မာဖြစ်၊ စင်စစ်ဒုလ္လဘာ။
သုံးဆယ့်တဝ၊ ဘုံဌာန၊ ဖြစ်ကြပျက်ကြကာ။
ဇာတိသန္ဓေ၊ ဘုတ်ကိုဖွေ၊ အနေဆင်းရဲစွာ။
ဖြစ်သုဘောမှန်၊ ဆင်းရဲပြန်၊ ဒုက္ခံဤသစ္စာ။

www.dhammaransi.com

အို,နာ,သေလည်း၊ ၎င်းနည်း၊ အပြီးဆင်းရဲစွာ။
ဇာတိစ,ပင်၊ မဖြစ်ချင်၊ အေးလျှင်နိဗ္ဗူတာ။
ဇာတိချုပ်မှု၊ အားထုတ်ပြု၊ ယခုဘဝသာ။
သတိပဋ္ဌာန်၊ နည်းလမ်းမှန်၊ ကျင့်ရန်ငါ့ဝန်တာ။
ကိလေသာစက်၊ သုံးထောင်ဝက်၊ ဆက်ဆက်ချေမှုန်းကာ။
အောင်ပွဲကိုရ၊ ခုဘဝ၊ ဒိဋ္ဌပစ္စက္ခာ။
အများဝေဏော၊ သတ္တဝါတွေ၊ ကျင့်စေနိုင်ဘို့ရာ။
ကျင့်နည်းမှန်၍၊ အားထုတ်လေ့၊ ချမ်းမြေ့နိဗ္ဗူတာ။
ရကြပါစေ၊ အမျှဝေ၊ ငါလေ ရတိုင်းသာ။
တိုင်းပြည်နယ်မြေ၊ အေးငြိမ်းစေ၊ ဆုချွေတောင်းလိုက်ကာ။
မိုးကလည်းမှန်၊ သီးကောက်နှံ၊ ပြည့်လျှံ ဝေဖြိုးစွာ။
ဆန်ရေစပါး၊ လွန်ပေါများ၊ တိုးပွားစည်ပင်ကာ။
သောကဒုက္ခ၊ ပရိဒေဝ၊ ကင်းကြစေလိုပါ။
ဒါန,သီလ၊ သမထ၊ ပြုကြကုသလာ။
ရုပ်,နာမ်ဓမ္မ၊ သဘာဝ၊ ရှုကြဝိပဿနာ။
အားထုတ်ကြစေ၊ ယောဂီတွေ၊ ငြိမ်းပေကိလေသာ။
ကိလေသာဖျက်၊ ခန္ဓာပျက်၊ အေးချက်ကိလေသာ။
ဤတွင်ပြီးဆုံး၊ ကမ္ပတ်ဖုံး၊ နိဂုံး နိဋ္ဌိတာ။

ဦးကြည်
၁၃၁၄-ခု၊ တပေါင်းလပြည့်နေ့။ (၁၈-၃-၅၃)
စမ်းချောင်း-ရန်ကုန်။

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

www.dhammaransi.com

ပညာရောင်ခြည် စာပေပင်မ-မှ ထွက်ပေါ်ပြီး - ထွက်ပေါ်ဆဲဖြစ်သော အနဂ္ဃရတနာ အမြုတေစာပေများ

★

ထွက်ပေါ်ပြီးကျမ်းစာများ

- မစိုးရိမ် ရှုပသိဒ္ဓိအဖြေ
- မစိုးရိမ် ဋီကာကျော်အဖြေ
- ဝိသဇ္ဇနာဝရဇိန် (ပ-ဒု)
- အဘိဓမ္မာညဝါလရောင်
- သုတ္တတ္ထဝိဘာဝိနီ
- သဒ္ဒါဉာဏ်ရောင်
- အဘိဓမ္မာဉာဏ်ရောင်
- ဝိနယဉာဏ်ရောင်
- ကူညီရေးရှုပသိဒ္ဓိ
- လျှပ်စစ်ကန်ါ
- လျှပ်စစ်ရှုပသိဒ္ဓိ
- ဆန်းအလင်္ကာရောင်ခြည်
- ကျမ်းရင်းသုံးကျမ်း ပါဠိတော်လင်းရောင်ခြည်
- ဓမ္မရံသီတရားစာ (ပ-ဒု)
- ဓမ္မဂီတိတရားစာ
- သာယာဝတီတရားပေါင်းချုပ်
- ဓမ္မမာလာပဒေသာ ခေတ်မှီတရားစာ
- သိမ်မျိုးစုံဘာသာဋီကာ
- ဝိနည်းဓိုရ်နှင့်ကျောင်းထိုင်လက်စွဲ
- အခြေခံပဒ္ဓမာလာ
- နိပုဏဓမ္မပဒေသာညောင်လွန့်တရားအဘိဓာန်ချုပ်
- တရားသဂြိုဟ်ကျမ်း

www.dhammaransi.com

အနဿရတနာ အမြုတေစာပေများ

- မြင်းခြံအုပေးကျမ်း
- ပညာရောင်ခြည်ဘုရားရှိခိုး
- ပညာရောင်ခြည်ဆယ်စောင်တွဲ
- စိန်ရောင်ခြည်ဘုရားရှိခိုး
- ကြာပန်းအိုင်ပဗ္ဗာဇနီယကမ္မဝါစာ
- ဥပုသ်သည်ကြေးမုံ
- သုတမဥ္ဇူရီကျမ်း
- နရသုခိအင်္ဂဝိဇ္ဇာခြောက်စောင်တွဲ
- မဟာမောဂ္ဂလာန်
- ပရိမိတ္တဇာလသုတ်နှင့်ရှင်အရဟံပုတီးစိတ်နည်း
- ဓာရဏပရိတ်တော်
- ဓမ္မဝိနယ ရှင်ကျင့်ဝတ်
- ပစ္စေကဗုဒ္ဓဝင်
- အောင်ခြင်းဓမ္မစကြာ
- မိမ္မလိမ္မာ
- မိမ္မလိမ္မာတရားစာ
- နိဂြောဓာရုံရှင်ကျင့်ဝတ်
- မဟာသတိပဋ္ဌာန်အဖွင့်ကျမ်း

ထွက်ပေါ်လာတော့မည့်ကျမ်းစာများ

- ဝေဒဥသျှောင်ကျမ်း
- လျှပ်စစ်ဋီကာကျော်
- လျှပ်စစ်သဒ္ဒါအမြုတေ
- ပညာရောင်ခြည်ရှင်ကျင့်ဝတ်
- အခြေခံစာချလက်စွဲ
- အခြေခံသဒ္ဒါကြီး
- အနုစိတ်စာချနည်း
- အခြေပြုဝါကျကျမ်း
- ဇင်းမယ်ဝတ္ထုတော်ကြီး

---

www.dhammaransi.com

မဟာသတိပဋ္ဌာန သုတ်တော်ကို နာကြားရခြင်းအကျိုး

☆

* သီဟိုဠ်ကျွန်း၌ ကုမ္ဗိလတိဿ အမည်ရှိသောတောကျောင်းဝယ် တခုသော တောင်ဝှမ်းလိုဏ်ဂူသည်ရှိ၏၊ ထို လိုဏ်ဂူ၌ လင်းနို့သား ငါးရာတို့ နေကြလေသည်။
* ထို လိုဏ်ဂူ၌သီတင်းသုံးသော ရဟန်းတပါးသည် မဟာသတိပဋ္ဌာနသုတ်ကို မပြတ်ရွတ်အံသရဇ္ဈာယ်လေသည်။
* လင်းနို့သား ငါးရာတို့သည် ထိုရဟန်း သရဇ္ဈာယ်သော မဟာသတိပဋ္ဌာန် တရားသံ၌ ဓမ္မအာရုံကို ဖြစ်စေကြလေသည်၊ သဒ္ဓါပသန္နစိတ် ပွားစေကြလေသည်။
* လင်းနို့သားငါးရာတို့သည် ဤ ဘဝမှ သေလွန်သည်ရှိသော် ထိုကျောင်း၏ ဂေါစရဂါမ်ဆွမ်းခံရွာ၌လူ့ဘဝကိုရကြလေသည်။
* လင်းနို့သားဘဝမှ လူ့ဘဝကိုရကြသော ထိုအမျိုးသားတို့သည် မိမိတို့ဘဝဟောင်းက နေခဲ့ဘူးသောကျောင်းသို့ပင်သွား၍ မဟာသတိပဋ္ဌာန် တရားကို နာယူကြလေသည်။ သဒ္ဓါပသန္န စိတ်ကိုဖြစ်စေကြလေသည်။
* ထို အမျိုးသားငါးရာတို့သည်မဟာသတိပဋ္ဌာနသုတ်ကိုကြားနာရ၍လူ့ဘဝကို ငြီးငွေ့ပြီးရဟန်းအဖြစ်ကိုရယူကာ မိမိတို့၏ဘဝဟောင်းကနေခဲ့ဘူးသော အလေ့ဝါသနာဖြင့် ထို တောင်ဝှမ်းလိုဏ်ဂူ၌ပင် သီတင်းသုံးကြလေသည်။
* တနေ့သ၌ထိုရဟန်းငါးရာတို့တွင်တပါးသောရဟန်းသည်ဤသို့စကားဆို၏။
"အရှင်ဘုရားတို့-ဤလိုဏ်ဂူကား လင်းနို့နံ့ စွတကား"
* သံဃာ့ထေရ်သည် ထိုရဟန်းအား ဤသို့ပြန်၍ဆို၏။
"ငါ့ရှင်တို့-ငါ့ရှင်တို့သည်ရှေးရှေးသောကိုယ်၏အဖြစ်၌ လင်းနို့သားဘဝကို ရခဲ့ကြဘူးပြီ၊ ထိုအခါက ဤလိုဏ်ဂူသည် ငါ့ရှင်တို့နေထိုင်ခဲ့ရာ လိုဏ်ဂူ ဖြစ်သတည်း။"
* သံဃာ့ထေရ်၏စကားကိုကြားရသောရဟန်းငါးရာတို့သည် သတိသံဝေဂကို ဖြစ်စေကြကုန်၏။
* ဤမှ နောက်အဘို့၌ ရဟန်းငါးရာတို့သည် မဟာသတိပဋ္ဌာနသုတ်ကို ကြားနာရ၍ သောတာပန်တည်ကြလေသည်။ တဖန် နောက်တနေ့၌ မဟာသတိပဋ္ဌာနသုတ်ကိုပင် နာကြားပြန်၍ အထက်မဂ်သုံးခုကို ရကြလေသတည်း။

(သဟဿဝတ္ထုကျမ်း)